နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၁)

အခုခေတ်မှာ ကျွန်တော်တို့ မြန်မာတွေ နိုင်ငံခြားသွားတာ သိပ်ခေတ်စားလာပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံခြားကို သွားကြတာပေါ့နော်။ အလည်အပတ်၊ အလုပ်လုပ်ဖို့။ ကျောင်းသွားတက်ဖို့၊ အရောင်းအဝယ်၊ စတဲ့ ကိစ္စမျိုးစုံပေါ့လေ။ အဓိက အများစုသွားကြတာကတော့ တိုးတက်ဖို့၊ ကြီးပွားဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့။ လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်လောက်တုန်းကဆိုရင် မြန်မာပြည်ကိုဆိုက်တဲ့ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းဟာ ထိုင်းလေယာဉ် တစ်ပတ်ကို (၂)ရက်ပဲ လာတာရှိတယ်။ အခုတော့ မြန်မာတွေ နိုင်ငံခြားသွားလွန်းလို့ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း၊ ထိုင်း၊ တရုတ်၊ ဆစ်ကပ်အဲယား (Silk Air) ၊ အင်ဒီးယား မရေမတွက်နိုင်အောင်ကို နိုင်ငံခြားသွားဖို့ လေယာဉ်တွေ ရှိနေပါပြီ။ လူကြီး လူငယ် မရွေး နိုင်ငံခြားကို သွားကြပါတယ်။ ဒီလို နိုင်ငံခြားကို စွန့်စား သွားကြတာ ကောင်းပါတယ် သွားကြတဲ့သူ အများစုကတော့ လူငယ်တွေပဲဖြစ်တယ်။ စိတ်ဓါတ်ရေးရာ အပိုင်းမှာ လူငယ်နဲ့ လူကြီး ကွာခြားပါတယ်။ လူငယ်တွေဟာ တက်ကြွတယ်၊ လူငယ်တွေမှာ အားမာန် ရှိတယ်၊ လူငယ်တွေမှာ စွန့်စားချင်စိတ်ရှိတယ်။ အဲဒီတော့ မရောက်ဘူး၊ မတွေ့ဘူး၊ မမြင်ဘူးတဲ့ နိုင်ငံခြား ဆိုတဲ့အရပ်ကို သိပ်သွားချင်တာပေါ့။ ပြီးတော့ ဘဝရဲ့ တိုးတက်ရာတိုးတက်ကြောင်း ကြီးပွားရေး လမ်းအသွယ်သွယ်လည်းပွင့်မယ်လေ၊ ဥစ္စာ၊ပညာ၊ အကုန်ရမယ်၊ ကံကောင်းရင် ကြင်ရာတောင်ရဦးမယ်။ အဲဒီတော့လူငယ်တွေ နိုင်ငံခြားသွားချင်တာကို ကျွန်တော်တို့တတွေ နားလည်ပေးရမယ်၊ လက်ခံပေးရမယ်။ ဒီနေ့ခေတ်၊ ဒီနေ့အခါကြီးမှာလည်း ခရီးသွားလာမှု၊ ဆက်သွယ်မှု I.T နဲ့ Internet တွေ သိပ်ပြီး ခေတ်ထ လာတော့ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလိုဖြစ်နေပြီ "The world is becoming a global village" လို့ တင်စားပြီးတောင် ပြောကြတယ်။ အဲဒီတော့ နိုင်ငံခြားသွားမယ်ဆိုတာ ဘာမှ မဆန်းတော့ဘူးဆိုတဲ့ အခြေ အနေကို ရောက်လာပြီ။ ကျွန်တော် ပြင်သစ်နိုင်ငံ အသည်းအစားထိုး ဆေးရုံကြီးမှာ ၁၉၉၁ခုနှစ် ပညာ သင်ခဲ့တုန်းကဆိုရင် အနားတဝိုက် ဘယ်လ်ဂျီယမ်၊ နယ်သာလန်၊ လူဆင်ဘတ်၊ ဆွစ်ဇာလန်၊ ဂျာမနီ စတဲ့ ဥရောပနိုင်ငံစုံကို ခရီးသွားခဲ့ပါတယ်။ အဲလို ခရီးသွားတာတွေဟာ အခုကျွန်တော်တို့ မြန်မာပြည်မှာ ပြောပုံ မျိုးနဲ့ဆိုရင် နိုင်ငံခြားတွေကို အခေါက်ခေါက်သွားခဲ့တယ်လို့ ပြောရမှာပေါ့။ တကယ်တော့ ပြင်သစ်မှာနေပြီး ကျွန်တော် အဲလိုလျှောက်သွားခဲ့တာဟာ မြန်မာပြည်မှာ ရန်ကုန်ကနေ ပဲခူး၊ ပုသိမ်၊ မော်လမြိုင် သွားသလို ပါပဲ။ EU နိုင်ငံတွေဖြစ်နေတော့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကြားမှာ ဘာမှသိပ်ပြီး အစစ်အဆေးလည်းမရှိ၊ ကား နဲ့မောင်းပြီး နိုင်ငံစုံသွားနေတာလေ၊ လွယ်မှလွယ်ပဲ။ နိုင်ငံခြားသွားတယ်ဆိုတာ ဂျိုနဲ့လားလို့ မေးရမလို

တောင် ဖြစ်နေတယ်။ အခုလိုပြောတော့ နိုင်ငံခြားသွားတာဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကူးတာဟာ ထမင်းစား၊ ရေသောက် သိပ်ကို လွယ်တယ်လို့ ပြောပေမယ့်လို့ ကျွန်တော်မမေ့ရမယ့် အချက်တွေ ရှိပါသေးတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေ အရင်က နိုင်ငံခြားသွားခဲ့ပါတယ်။ သွားတဲ့အကျင့်ဟာ အခုခေတ် စျေးကွက်စီးပွားရေးပုံစံလုပ်မှ စတာပါ။ ဒါကြောင့် ကျွန်တော်တို့ မြန်မာတွေဟာ နိုင်ငံခြားသွားကျင့် မရှိသေးတော့ ရောက်ရာနိုင်ငံမှာ ကိုယ့်နိုင်ငံနဲ့ လူမှုရေး၊ စီးပွားရေး၊ ဆက်သွယ်မှု၊ ပုံစံခြင်း မတူတော့ အခက်အခဲတွေ တွေ့နိုင်ပါတယ်။ ဒုက္ခတွေ ရောက်နိုင်ပါသေးတယ်။ မသမာသူ စီးပွားရေးသမားတွေရဲ့ အလိမ်အလှည့် မျိုးစုံကို ခံရနိုင်ပါသေးတယ်။ အထူးသဖြင့် နိုင်ငံခြားမှာ အလုပ်သွားလပ်မယ်၊ ဟိုမှာ အလုပ်လုပ်ရင်တော့ ဒီမှာရတဲ့ လခထက် အများကြီးများမယ်၊ ငါတော့ကြီးပွားတော့မယ် ဆိုတဲ့ အတွေးတွေ တရှိန်ရှိန်တက်၊ အိပ်မက်မျိုးစုံမက်၊ ရှိသမျှငွေ ပုံအောပြီး နိုင်ငံခြားထွက်ဖို့ လုပ်လိုက်ဦးမယ်ဆိုတဲ့ လောဘဇောလေးက ရှိနေတော့ လူလိမ်၊ လူညာနဲ့တွေ့ပြီး ဒုက္ခတွေ့သွားနိုင်ပါတယ်။ နိုင်ငံခြားသွားမယ်ဆိုရင် နောက်တစ်ချက် ဂရုစိုက်ပြီး ပြင်ဆင်ထားရပါဦးမယ်။ အဲဒါကတော့ နိုင်ငံခြားရောက်ရင် တွေ့ရမယ့်၊ ရင်ဆိုင်ရမယ့် အခက်အခဲပြဿနာတွေပါပဲ။ ကျွန်တော့်တပည့် ဆရာဝန်တစ်ယောက်ဟာ ရန်ကုန်မှာ နေတုန်းက မနက်မိုးလင်းရင် ပန်းဆိုးတန်းဆိပ်ကနေ ဒလကိုကူး၊ ဒလမှာ ဆေးခန်း(၁)နာရီ ဖွင့်ပြီးတော့ ကားနဲ့ သွားပြီး ဒလ-တွံတေးကြားမှာ ရတဲ့ ရွာ သုံးလေးရွာမှာ ဆေးခန်းတွေဖွင့်၊ နေ့လည် (၁)နာရီလောက်မှာ ပြန်လာ၊ အပြန်လမ်းမှာ အဲဒီရွာတွေပြန်ဝင်၊ ဒလမှာလည်း ခဏပြန်ဝင်၊ လူနာရှိသေးရင် ထပ်ကြည့်၊ သင်္ဘောနဲ့ ကူးပြီး ရန်ကုန်ကို နေ့လည် (၂)နာရီလောက် ပြန်ရောက်၊ တစ်ရေးတမောအိပ်ပြီး ညနေ (၅)နာရီလောက်ရောက်မှ ရန်ကုန်က သူ့အိမ်မှာ ဆေးခန်းဖွင့်တယ်။ သူဟာဝင်ငွေလေးလည်းမျှတတယ်၊ နေရေး၊ထိုင်ရေး၊ စားရေး အားလုံးလည်း အဆင်ပြေတယ်။ ဒီလိုနဲ့ မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်နေလာတာ လေးနှစ်လောက်ရှိတော့ အမေရိကန်မှာ ရောက်နေတဲ့ မိန်းမရဲ့ ညီအစ်ကိုမောင်နှမ အားလုံးနဲ့ အဖေအမေတွေက လိုက်လာခဲ့ကြလို့ ခေါ်တယ်။ မိန်းမကလည်းသွားချင်တယ်၊ ကလေးတွေ ပညာရေးအတွက်ပေါ့လို့ ပြောတယ်။ ကျွန်တော့်တပည့် ဆရာဝန်လေး ဆုံးဖြတ်ရခက်ခက်နဲ့ နောက်ဆုံးအားလုံးကို စွန့်ပြီး အမေရိကန်ကို ထွက်သွားတယ်။ ဟိုရောက်သွားတော့ တော်တော်လေးကို အခြေအနေဆိုးပုံပေါ်ပါတယ်။ ရောက်ပြီး(၁)နှစ်လောက်ကြာတော့ ကျွန်တော့်ဆီကို လေးမျက်နှာတောင်ရေးထားတဲ့၊ ငိုမတတ် ညည်းချင်ရှည်ကြီးတစ်စောင် ရောက်လာပါတယ်။ အဲဒီစာကို သေချာသိမ်းထားပြီး "နိုင်ငံခြားမှာ ဒုက္ခ ပင်လယ်ဝေ" ဆိုပြီး ပုံနှိပ်ထုတ်ဝေဖို့တောင် ကောင်းတယ်။ အခု ကျွန်တော်ပြောတဲ့ တပည့် ဆရာဝန်ဆိုတာ နိုင်ငံခြားမှာ ယောကျ်ားမ၊ ဆွေမျိုး အသိုင်းအဝန်း အခံရှိပြီးသား၊ အစိမ်းသက်သက် နိုင်ငံခြားသွားမယ်ဆိုရင် တွေးတောင် မတွေးဝံ့လောက်အောင်ပဲ။ ဘာလို့လဲဆိုတော့ သူ့အပြောအရ "ဆရာရယ် နိုင်ငံခြားမှာ တောင်မင်း၊ မြောက်မင်း၊ မကယ်နိုင်ပါဘူး၊ ကိုယ့်ရှိမှ ကိုယ်စားရတာပါ။ ကျွန်တော့်မိန်းမ အမျိုးတွေ

ရှိတယ်ဆိုပေမယ့်လည်း သူတို့အလုပ်၊ သူတို့ပြဿနာ၊ သူတို့ဒုက္ခတွေနဲ့ပဲလေ။ အားပေးနှစ်သိမ့်ရုံကလွဲလို့ ကျွန်တော်တို့ တစ်မိသားစုလုံးကို သူတို့ ဘယ်လို ကူနိုင်မှာလဲ၊ ကျွန်တော်တို့ မငတ်ရုံတမယ်ဘဲ စားရတယ်။ ဒါတောင်ကျွန်တော်ရောက်ပြီး (၆)လ အကြာမှာ အခက်အခဲမရှိ အမေရိကန်စာမေးပွဲ အောင်လို့ အလုပ်ရှာနိုင်တဲ့ အဆင့်ရောက်တာ။ ဒါပေမယ့် အလုပ်ရှာတာကလည်း ချာချာလည်ပါပဲ။ စာမေးပွဲတောင် မအောင်သေးတဲ့သူတွေဆိုရင် ဘယ်လောက်ဆိုးလိုက်မလဲ မသိဘူး။ ကျွန်တော့်အနေနဲ့ အခုစာရေးပြီး ဆရာ့ဆီက အကူအညတောင်းချင်တာကတော့ ကျွန်တော်အလုပ်လျှောက်ဖို့ ဆရာ့ရဲ့ ထောက်ခံစာလေးတစ်စောင်လောက် ကျွန်တော့်ဆီကို ပို့ပေးပါဆရာရယ်၊ ဆရာ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး။ အားလုံးပြောလိုက်ပါ ဆရာရယ်၊ အမေရိကန်ဆိုတာ ရွှေထွက်တဲ့ နိုင်ငံ မဟုတ်ပါဘူး၊ အမေရိကန်ရောက်တဲ့လူတိုင်း မချမ်းသာပါဘူး။ အမေရိကန်မှာ ငတ်နေတဲ့လူတွေ အများကြီးပါ။ ဒါကို ကျွန်တော်တို့ မြန်မာတွေ သိအောင် ပြောပေးပါဆရာရယ်"။ အဲဒီလို ရေးထားတဲ့ စာရှည်ကြီးပါ။ အခုတော့ အဲဒီ ဆရာဝန် ဘယ်ဘဝကို ရောက်နေသလဲ မသိတော့ပါ။ အဆက်အသွယ်ပြတ်သွားပါပြီ။ နိုင်ငံခြားသွားတဲ့လူတွေနဲ့ ပတ်သက်လို့ နောက်ထပ် ကျွန်တော့်အတွေ့အကြုံတစ်ခုကို ပြောချင်ပါသေးတယ်။ ၁၉၉၁ခုနှစ်က ကျွန်တော် အမေရိကန်နိုင်ငံ တက်ဆက်စ် (Texas) ပြည်နယ် ဒါးလပ်စ် (Dallas) မြို့ကို အပြည်ပြည်ဆိုင်ရာ အသည်းရောဂါ အစည်းအဝေးသွားတက်တော့ ဟိုလည်းရောက်ရော ကျွန်တော် မြန်မာပြည်ကို တော်တော်လွမ်းပါတယ်။ လေယာဉ်ကလည်း ရန်ကုန်၊ ဗန်ကောက် ဆီယာတယ် (Seattle) အဆင့်ဆင့် လေယာဉ်တွေ ပြောင်းစီးရတော့ စုစုပေါင်း ရန်ကုန်ကနေ တက်ဆက်စ်မြို့ ဟိုတယ်ကို ရောက်တဲ့အထိ (၂၈)နာရီလောက် ကြာသွားပါတယ်။ လေယာဉ်ပေါ်မှာလည်း အနောက်တိုင်းစာ၊ ဂျပန်၊ ယိုးဒယားစာတွေချည်းစားလာရတော့ ညီစော်နံ့၊ ထောပတ်နံ့နဲ့ ဘာမှကို စားလ့် မရတော့ဘူး။ နောက်ဆုံးရေတောင် မသောက်နိုင်တော့ဘူး။ ဟိုတယ်ရောက်သွားတော့လည်း ည (၁၁)နာရီထိုးနေပြီ။ မောမောနဲ့ အိပ်လိုက်ပြီး မနက်နိုးတော့ မြန်မာပြည်ကို လွမ်းတယ်၊ မြန်မာတွေကို လွမ်းတယ်၊ မြန်မာလို ပြောသံကြားချင်တယ်၊ မိသားစုကိုသတိရတယ်၊ မြန်မာစာ စားချင်တယ်။ ဒါတောင ကျွန်တော်ဟာ အင်္ဂလန်၊ ဥရောပမှာ နှစ်နဲ့ချည်ပြီး နေခဲ့တဲ့ လူနော်။ အစည်းအဝေးကလည်း တစ်ပတ်ပဲ တက်တာ။ ဒါပေမယ့် မြန်မာပြည်ကို သတိရတာဟာ မြန်မာတွေရဲ့ မြန်မာပြည်လွမ်းတတ်တဲ့ သဘောတရား အခြေခံကို ကြုံတုန်း ပြောရတာပါ။ ကျွန်တော့်အထင် မြန်မာတွေဟာ ဘယ်လူမျိုးနဲ့မှ မတူအောင်ကို ကိုယ့်တိုင်းပြည် ကိုယ်ချစ်ကြတယ်လို့ ထင်ပါတယ်။ နိုင်ငံခြားသွားမယ့် လူငယ်တွေ ကြုံတင် စဉ်းစားနိုင် အောင်လို့ပါ။ နိုင်ငံခြားမသွားခင် မြန်မာပြည်မှာ ရှိတုန်းတော့ ငါဟာ တော်တော်စိတ်ခိုင်တဲ့လူပါ။ ဟိုရောက်လည်း ဘာမှ ဖြစ်မှာမဟုတ်ပါဘူး၊ နေတတ်မှာပါလို့ တွေးကြတယ်။ တကယ်လည်း တိုင်းတပါးရောက်သွားရော မြန်မာတွေ ဆွေ့ဆွေ့ခုန်၊ မြန်မာပြည်နဲ့ ပတ်သက်ရင် အကုန်လုံးကို သတိရကြတာ၊ လွမ်းကြတာပါပဲ။ ဒါနဲ့ ဆက်ပြောရရင် အမေရိကန်ကိုလည်း ပထမဦးဆုံး အကြိမ်ရောက်တာ။ ကျွန်တော့်မိတ်ဆွေတွေကလည်း

အမေရိကန် အနောက်ဘက်ကမ်းက (West Coast)မှာ နေကြတာ။ ကျွန်တော်ရောက်တဲ့ ဒါးလပ်စ်မြို့က အရှေ့ဘက်ကမ်းခြေ (East Coast) မှာ။ မြန်မာကိုလွမ်းတဲ့ ကျွန်တော် မြန်မာဟာ ဘယ်လိုနည်းနဲ့ မြန်မာတွေနဲ့ တွေ့အောင်လုပ်ရမလဲဆိုတာ စဉ်းစားလိုက်တော့ အလွန်ကောင်းတဲ့ အကြံဉာဏ်တစ်ခုကို တွေးမိတယ်။ အဲဒါကတော့ ဟိုတယ်အခန်းထဲက လမ်းညွှန် (Yellow Pages)စာအုပ်တွေထဲက ဖုန်းဒါရိုက်ထရီ (Phone directory) ကို လိုက်ပြီး လှ (Hla) တို့၊ သန်း(Than)တို့၊ ထွန်း (Tun) တို့ အဲလို မြန်မာဆန်တဲ့ နာမည်တွေကို လိုက်ရှာတော့ မြန်မာနာမည် နှစ်ခုလောက်ကို တွေ့တယ်။ အဲဒီ ဖုန်းတစ်လုံးကို ခေါ်လိုက်တော့ တစ်ယောက်က ပျဉ်းမနားကနေ အမေရိကန်ရောက်နေတာ (၂၅)နှစ် ရှိပြီဆိုတဲ့ မြန်မာတစ်ယောက်နဲ့ သွားတွေ့တယ်။ သူက ထိုင်းအမျိုးသမီးနဲ့ ရပြီး တက်ဆက်စ်မှာ ထိုင်းမြန်မာ ထမင်းဆိုင် (Thai- Myanmar Restaurant) ဆိုပြီး ဖွင့်ထားတာတဲ့။ နှစ်အစိတ်ကျော် အမေရိကန် ရောက်နေလည်း မြန်မာစကားက ဝဲလည်းမဝဲ၊ မြန်မာစိတ်ဓါတ်ကလည်း အပြည့်ရှိတုန်းပဲ။ သူကလည်း မမျှော်လင့်ပဲ မြန်မာသံကြားလိုက်ရတော့ တော်တော်လေး ပျော်သွားပါတယ်။ ဒါ မြန်မာတွေရဲ့ မြန်မာစိတ်ဓါတ်ပါပဲ။ ဘယ်ရောက်ရောက် ဘယ်လောက်ကြာကြာ၊ မြန်မာစိတ်က မပျောက်ကြပါဘူး။ ဟန်ဆောင်ပြီး ဘိုလိုဝဲ၊ ဘိုစာပဲကြိုက်တော့တယ် ပြောရင်တော့ ဘိုကိုအထင်ကြီးပြီး ညာတာပါလို့ ပြောချင်ပါတယ်။ အဲဒီ အမေရိကန်ရောက် ပျဉ်းမနားသား က ကျွန်တော်လည်းဖုန်းဆက်လိုက်ရော ချက်ချင်းပဲ "ဆရာ ကျွန်တော်လာခဲ့မယ်၊ မြန်မာပြည်ကနေ အမေရိကနရောက်နေတဲ့ အဆိုတော် တစ်ယောက်လည်း ရှိတယ်၊ သိလား" လို့မေးတယ်။ ကျွန်တော်က လည်း "ဘယ့်နှယ်မသိဘဲနေမလဲဗျာ၊ ကျွန်တော်တို့ ဆေးကျောင်းသားဘဝက အရမ်းနာမည် ကြီးတာပဲဗျ။ သူ့သီချင်းတွေက ကျွန်တော်တို့ နားထဲ စွဲနေတာ၊ အခုအထိ ကျွန်တော်တို့က သတိရနေတာ၊ မြန်မာ ခေတ်ပေါ် စတီရီယိုလောကကို တစ်ခေတ်ဖွင့်သွားတာဗျ။ အတော်ပဲ သူ့ကို တွေ့ချင်လိုက်တာ" လို့ ပြော မိတယ်။ အဲဒါနဲ့ ညနေမှာ ကျွန်တော်ရယ်၊ ပျဉ်းမနားက ကမြင့်လွင်ရယ်၊ အဲဒီ အမေရိကန်ရောက် မြန်မာ အဆိုတော်တို့ ဆုံဖြစ်ကြပါတယ်။

ဆက်လက်ဖော်ပြပါမည်

ပါမောက္ခခင်မောင်ဝင်း (အသည်း)

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၂)

(နိုင်ငံခြားကိုသွားဖို့ ပြင်ဆင်နေကြတဲ့ မြန်မာလူငယ်တွေအတွက် နိုင်ငံခြားသွားရင် တွေ့ကြုံရမယ့်၊ ရင်ဆိုင်ရမယ့် ပြဿနာ၊ နိုင်ငံခြားသွားသင့်၊ မသွားသင့် အချက်အလက်တွေကို ကိုယ့်ဘာသာ ချင့်ချိန်နိုင်အောင် ရေးနေပါတယ်။)

အမေရိကန်ရောက် စတရယိုအဆိုတော်နဲ့ အမေရိကန်မှာ ရောက်နေတာ(၂၅)နှစ်လောက် ကြာပြီဖြစ်တဲ့ ပျဉ်းမနားသား ကိုမြင့်လွင်တို့ဟာ ကျွန်တော်တည်းခိုနေတဲ့ အမေရိကန်နိုင်ငံ ဒါးလက်စ်မြို့က ဟိုတယ်ကို ရောက်လာကြပါတယ်။ ကျွန်တော်ကို ထမင်းလိုက်ကျွေးမလို့ လာခေါ်ကြတာပါ။ "ဆရာ ဘိုစာ စားချင်တာလား၊ အာရှစာစားချင်တာလား" လို့မေးပါတယ်။ ကျွန်တော်ကလည်း မြန်မာပြည်ကနေ ဒါးလက်စ်အရောက် (၂၈)နာရီလောက် လေယာဉ်လေးဆင့် စီးလာခဲ့တာဆိုတော့ "ဘိုစာတော့ တော်ပါပြီဗျာ၊ အာရှအစားအစာ စားချင်တယ်။ ခင်ဗျားရဲ့ ထိုင်းမြန်မာစားသောက်ဆိုင်မှာပဲ ကျွေးပါ" လို့ပြောလိုက်ပါတယ်။ ဒါနဲ့ပဲ ကိုမြင့်လွင်ဆိုင်ကို ရောက်သွားကြပါတယ်။ ဆိုင်ကိုရောက်တော့ ကိုမြင့်လွင်က သူ့ရဲ့ဇနီး ထိုင်းအမျိုးသမီးနဲ့ မိတ်ဆက်ပေးပါတယ်။ ပြီးတော့စားပွဲမှာ ထိုင်ပြီး "ဘာမှာမလဲ ဆရာ" ဆိုတော့ ကျွန်တော်လည်း သူ့ရဲ့ဆိုင်က မီနူးကတ်ကို ကြည့်လိုက်တယ်၊ ပြီးတော့ ငါးဟင်း (ထိုင်းစတိုင် ငါးကိုအနှစ်နဲ့ ချက်ထားတာ)၊ ကန်စွန်းရွက်ကြော်၊ ယိုးဒယားဟင်းချိုနဲ့ ငါးပိထောင်းမှာလိုက်ပါတယ်။ မှတ်မှတ်ရရ ပြောရမယ်ဆိုရင်တော့ ငါးပိထောင်းက အမေရိကန် ငါးဒေါ်လာယူထားပါတယ်။ ဒါ (၁၉၉၁)ခုနှစ်တုန်းက စျေးကိုပြောတာ။ အခုဆိုရင် ဘယ်လောက်ဖြစ်နေမလဲ မသိဘူး။ နိုင်ငံခြားသွားရင် ဒီလို ဒေါ်လာနဲ့ စျေးနှုန်းတွေကို မြန်မာကျပ်နဲ့ တွက်ကြည့်လိုက်တော့ ကျွန်တော်တို့ မြန်မာတွေ စားလို့မျိုမကျဘူး ဖြစ်နေတာပေါ့။ သူတို့ အမေရိကန်တွေကတော့ သူတ့ဝင်ငွေနဲ့ သူတို့အသုံးစရိတ် ကိုက်ညီနေတော့ ဒီလောက်စျေးတွေဟာ ပြဿနာမရှိဘူးပေါ့။ ကိုမြင့်လွင်ရဲ့ဆိုင်မှာ လူကလည်းအပြည့် ကြည့်လိုက်တော့ စားနေလိုက်ကြတာ အမေရိကန်တွေချည်းပဲ အာရှတိုက်သားတွေ မပါဘူး။ လူ့သဘောက ဒီလိုပဲထင်ပါရဲ့။ အမေရိကန်တွေက အရှေ့တိုင်းဆိုင်လာစား၊ အရှေ့တိုင်းသားတွေက အမေရိကန်ဆိုင်တွေ သွားစားကြ။ အင်္ဂလိပ်စကားပုံ ရှိတယ်လေ တစ်ဘက်ခြံက မြက်ကပိုစိမ်းတယ်(The grass is greener on the other side of the fence)။ ဆိုလိုတာက လူ့ရဲ့သဘောတရားဟာ ကိုယ့်မှာရှိတာကို တန်ဖိုးမထားတတ ကြဘူး။ သူများမှာရှိတာက ကိုယ့်ထက်ပိုကောင်းတယ်လို့ ထင်ကြတယ်။ ကိုယ့်တိုင်းပြည်ရဲ့ အလှအပ

သယံဇာတ၊ လူနေမှုစရိုက်၊ ယဉ်ကျေးမှုစတဲ့ ကောင်းတဲ့ အချက်တွေကို မမြင်ဘူး။ တခြားနိုင်ငံက ဟာတွေကို အကုန်အကောင်းချည်းမြင်တယ်။ ဟိုဘက်ခြံကမြက် ပိုစိမ်းတယ် ဆိုတာဟာ ဒီသဘောတရားတွေပဲ။

ဒါနဲ့ပဲ ကျွန်တော်ရယ်၊ ကိုမြင့်လွင်နဲ့ အဆိုတော်တို့ ထမင်းစားပွဲမှာ ရောက်တတရာရာ စကားဝိုင်းဖြစ်သွားပါတယ်။ "ကိုမြင့်လွင် ခင်ဗျား အမေရိကန်မှာ ရောက်နေတာ (၂၅)နှစ်ကျော် ကြာပြီဆိုတော့ မြန်မာစကားလုံးတွေ မေ့ကုန်ပြီလား။ ကျွန်တော်တို့ အင်္ဂလန်သွားတုန်းက ကျွန်တော်တို့ ပညာသင်ကျောင်းသားထဲက တစ်ယောက်က နိုင်ငံခြားရောက်ပြီး ခြောက်လအကြာမှာ မြန်မာလို ခရမ်းချဉ်သီးလို့ ခေါ်တာကို မေ့သွားလို့ မင်းတို့ဟင်းချက်ရင် အနှစ်လုပ်တဲ့ အသီးကွာ၊ နီနီလေး၊ ဘာခေါ်တယ်၊ အင်္ဂလိပ်လို တမာတိုး(Tomato) လေကွာလို့ မေးယူတယ်တဲ့ဗျာ။ ခင်ဗျားရောဘယ်လိုလဲ ဗမာစကားတွေ မေ့ကုန်သေးလားဗျ" လို့မေးလိုက်ပါတယ်။ ကိုမြင့်လွင်က "အလကားပါဆရာရယ် (၁၀)တန်းအောင်ပြီး ဘွဲ့ရပြီးမှ မြန်မာပြည်က ထွက်လာတဲ့လူ ဘယ်လိုလုပ်ပြီး မြန်မာစကားကို မေ့လို့ရမလ၊ ကျွန်တော့်သူငယ်ချင်း တစ်ချို့ရှိတယ်၊ ဒီကောင်တွေ မြန်မာပြည်ကို ဘက်ကန် ကန်ချင်တယ်၊ ဒါမျိုး ကျွန်တော်မကြိုက်ဘူး" လို့ပြောပါတယ်။ ဒီလိုပြောလိုက်တော့ ကိုမြင့်လွင်ကို ကျွန်တော် တော်တော် လေးစားသွားတယ်။ အမေရိကန်မှာ (၂၅)နှစ်ကြာနေပြီးတာတောင် "ဘက်ကန်ကန်တယ်"ဆိုတဲ့ မြနမာစကားလုံး အသုံးအနှုန်းကို ပြောနိုင်သေးတယ်ဆိုတော့ ဒီလူဟာ ခြီးကျူးဖို့ကောင်းတယ်။ တော်တော်လည်း မြန်မာစိတ်ဓါတ် ရှိသေးလို့ပေါ့လေ။ ဒီနေရာမှာ ဖြတ်ပြီး အတွေ့အကြုံတစ်ခု ပြောရမယ်ဆိုရင်တော့ မြန်မာပြည်က ဆရာဝန်ဘွဲ့ရပြီး အင်္ဂလန်ရောက် (၃)နှစ်အကြာ မြန်မာဆရာဝန် တစ်ယောက် အကြောင်းပါ။ ကျွန်တော်တို့တတွေ အင်္ဂလန်ကို ပညာတော်သင်တွေအဖြစ် ရောက်သွားကြပြီး တစ်လလောက်အကြာမှာ အင်္ဂလန်ရောက်နေနှင့်တဲ့ မြန်မာဆရာဝန်တစ်ယောက်က ထမင်းဖိတ်ကျွေးပါတယ်။ အဲဒီမြန်မာမိတ်ဆွေ ဆရာဝန်က ကျွန်တော်တို့ကို ထမင်းဖိတ်ကျွေးပြီး ပြန်ခါနီးတော့ "တွေ့ကြသေးတာပေါ့ဗျာ" လို့ မြန်မာလိုပြောပြီး နှုတ်ဆက်တာက ဘိုသိပ်ဆန်လွန်းနေတော့ ကျွန်တော်တို့ နားမလည်အောင် ဖြစ်မိပါတယ်။ နိုင်ငံခြားရောက် မြန်မာတွေရဲ့ ဖြစ်ရပ်တွေဟာ လူပေါ်မူတည်ပြီး ဖြစ်ချင်သလိုဖြစ်၊ အယူအဆတွေ ပြောင်းချင်သလို ပြောင်း၊ အဲ့သြဖို့လည်းကောင်းပါတယ်၊ နားလည်းမလည်နိုင်အောင် ဖြစ်ရပါတယ်။ နိုင်ငံခြားရောက် မြန်မာတွေ ဘိုဆန်၊ မြန်မာဆန်၊ ဆန်ချင်ရာဆန၊ လူတစ်ကိုယ်စိတ်တစ်မျိုးဆိုတော့ မျိုးစုံတွေ့ရပါလိမ့်မယ်။ နိုင်ငံခြားသွားချင်တဲ့ မြန်မာတွေကို ကြိုတင်သတိပေးထားတဲ့သဘောပါ။ ကိုယ်ကတော့ နိုင်ငံခြားရောက်ခါစ အားကိုးတကြီးနဲ့ "ဟိုကောင် ငါတို့အရပ်သား အမေရိကန်နိုင်ငံ------ မြို့မှာ ကြီးပွားနေတယ်။ ဒီကောင်နဲ့ ငါနဲ့က သုံးတန်းကတည်းက အတူတူ၊ ဆယ်တန်းအောင်တဲ့အထိ၊ ဒီကောင် ငါ့နာမည်ပြောလိုက်ရင် ချက်ချင်းပြေးလာမှာ"၊ ဒီလိုအတွေးတွေနဲ့ ကိုယ့်ရဲ့မြန်မာနိုင်ငံသားချင်း ပေါင်းသင်းဆက်ဆံမယ့် ယုံကြည်ချက်အပြည့်နဲ့ စိတ်ကူးတွေယဉ်ပြီးတော့မှား သွားပြီး မဆက်ဆံလိုက်ပါနဲ့၊ မှန်းချက်နဲ့ နှမ်းထွက်

လွဲပါလိမ့်မယ်။ နိုင်ငံခြားရောက်တာ နှစ်အစိတ်ကျော်ပြီး မြန်မာစိတ်မပျောက်တဲ့လူ ရှိပေမယ်လို့ ဟိုရောက်တာ (၃)နှစလောက်နဲ့ မြန်မာဆိုတာ ဘယ်မှာလဲလို့ မေးချင်ချင်ဖြစ်နေတဲ့၊ ဘိုအရမ်းဆန်ချင်တဲ့ စိတ်ဓါတ်ရှိတသူတွေလည်း အများကြီး တွေ့ခဲ့ဘူးပါတယ်။ မြန်မာနိုင်ငံက ငါးတန်းအောင်ပြီးမှ သွားတာ၊ အင်္ဂလန်ရောက်ပြီး တစ်နှစ်လောက်လည်းကြာရော ''သားလေးက မြန်မာစာ မတတ်တော့ဘူး'' လို့ မိဘတွေက ဂုဏ်ယူပြီး ပြောတဲ့ ဖြစ်ရပ်တွေ ကိုယ်တွေ့ တွေ့ခဲ့ဘူးပါတယ်။ အဲဒီလိုဖြစ်ရပ်တွေ တွေ့ခဲ့ရသလို အင်္ဂလန်ရောက်မှ မွေးတဲ့ကလေး ရှစ်တန်းရောက်ပြီး မြန်မာလိုပဲ မွှတ်နေအောင် ပြောတတ်တာလည်း တွေ့ရတယ်။ အဲဒီတွေ့ခဲ့တဲ့ ကလေးမလေးဟာ မြန်မာလို ပြောတတ်ရတင်မကဘူး မိဘတွေက အိမ်မှာ သင်ထားပေးလို့ မြန်မာစာလည်းရေးတတ်တယ်။ လူကြီးတွေရှေ့ ဖြတ်သွားလို့ ခါးလေးကုန်းပြီး ရှိရှိသေသေ မသွားဘူးဆိုရင် ''ဟဲ့ ကောင်မလေးနှယ်၊ ဦးဝင်းရှေ့မှာ ခါးကုန်းပြီး မသွားဘူးလား၊ ပါးကျိုးအောင် အရက်ခံချင်လို့လား'' လို့ ပြောဆိုဆုံးမတဲ့ မိဘတွေလက်ထဲမှာ ကြီးပြင်းလာတဲ့ ကလေးတွေလည်း တွေ့ဘူးပါတယ်။ ကျွန်တော် ဝါရှင်တန်မြို့ကို တစ်ခါရောက်သွားတုန်းက ကျွန်တော့်မိတ်ဆွေ မြန်မာဆရာဝန်တစ်ယောက်က ပြောဘူးပါတယ်။ သူ့အိမ်နားက ထိုင်းဆရာဝန်ရဲ့ (၁၆)နှစ်အရွယ်သမီးက တစ်နေ့မှာ ပါတီတစ်ခုကိုသွားချင်တာ၊ သူ့မိဘတွေက မသွားရဘူးဆိုပြီး တံခါးပိတ်ထားတယ်တဲ့။ အဲဒီတော့ ထိုင်းအမျိုးသမီးလေးက အမေရိကန်ရဲတွေဆီကို ဖုန်းဆက်ပြီး တိုင်တယ်တ။ သူ့ကို သူ့မိဘတွေက မတရားချုပ်နှောင်ထားပါတယ်လို့ ပြောတယ်တဲ့။ (၁၅)မိနစ်အတွင်းမှာ ရဲတွေရောက်လာပြီး မိဘတွေကို စစ်ဆေးမေးမြန်းတော့ ထိုင်းသမီးငယ်လေးက ငိုယိုပြီး ရဲတွေကို ထပ်ပြီး တိုင်တယ်တဲ့။ သူ့မိဘတွေက သူ့ကို အဓမ္မချုပ်နှောင်ထားပြီး အိမ်ပြင်ထွက်ခွင့်မပေးဘဲနဲ့ သူ့ရဲ့ လူ့အခွင့်အရေးတွေကို ပိတပင်ထားပါတယ် လို့ပြောပြီး အမေရိကန်ရဲတွေကို သူ့မိဘနှစ်ယောက် မကောင်းကြောင်းတွေကို တိုင်ပါတယ်တဲ့။ အဲဒီမှာတင် ရဲတွေက မိဘနှစ်ယောက်ကို အမှုစစ်ချက်ယူတယ်။ ပြီးတော့ သူတို့ရဲ့သမီး ထိုင်းသူငယ်မလေးကို ခေါ်သွားပြီး၊ လူမှုဝန်ထမ်းဌာနမှာ အပ်နှံလိုက်တယ်တဲ့။ ကျော်မကောင်းကြားမကောင်း ဇာတ်လမ်းပါ၊ နောက်ထပ် ကျွန်တော်တွေ့ခဲ့ရတဲ့ အမေရိကန်ရောက် ဝါရှင်တန်က ကျွန်တော့်မိတ်ဆွေ ဆရာဝန်မိသားစု တစ်စုအကြောင်း ပြောချင် ပါသေးတယ်။ သူတို့မှာ အရွယ်ရောက်သမီးလေးနဲ့ ကလေးနှစ်ယောက် ရှိပါတယ်။ သူတို့ ကျွန်တော့်ကို ထမင်းဖိတ်ကျွေးလို့ သွားတော့ အဲဒီကလေးတွေဟာ တော်တော့်ကို ယဉ်ကျေးသိမ်မွေ့တာကို တွေ့ရပါတယ်။ သူတို့ရဲ့အဖေ ကျွန်တော့်မိတ်ဆွေ ဆရာဝန်က ''ဆရာ ကျွန်တော် အမေရိကန်ရောက်တာ (၁၂)နှစ် ရှိပြီ၊ ဒီကလေးတွေကို ကျွန်တော် တစ်ခါတည်း ပြောထားတယ်။ အခြေအနေအရပ်ရပ်ကြောင့်သာ တို့စီးပွားရေးဝင်ငွေအတွက် အမေရိကန်ကို ရောက်နေရတာ၊ မင်းတို့ဟာ မြန်မာတွေပဲ၊ မင်းတို့ မြန်မာအကျင့်၊ မြန်မာစရိုက်၊ မြန်မာ့ယဉ်ကျေးမှုတွေကို မေ့လို့မရဘူး၊ မင်းတို့ဟာ မြန်မာဆိုတာကိုလည်း ဘယ်တော့မှ မမေ့နဲ့လို့ အမြဲတမ်း သွန်သင်ဆုံးမတယ်'' လို့ ပြောပါတယ်။

နိုင်ငံခြားရောက် ကလေးသူငယ်တွေရဲ့ ဖြစ်ကြောင်းကုန်စင်ပါ။ လူအမျိုးမျိုး စိတ်အထွေထွေ၊ နိုင်ငံခြားကို အထင်ကြီး၊ မြန်မာဆိုတာကိုမေ့၊ ကိုယ့်ကိုယ်ကို တကယ့် သူတို့နိုင်ငံသားလို့ထင်။ သူတို့နိုင်ငံသား တွေကလည်း ကိုယ့်ကိုဘယ်တော့မှ သူတို့နိုင်ငံသားလို့ အသိအမှတ် မပြုဘူး၊ ကိုယ်ဟာ သူများနိုင်ငံမှာ ဘယ်တော့မှ ပထမတန်းစား နိုင်ငံသား (First class citizen) အဆင့်တော့ ရောက်မှာမဟုတ်ဘူး။ သူများနိုင်ငံမှာ သွားနေပြီဆိုကတည်းက ကိုယ်ဟာ ဒုတိယတန်းစားနိုင်ငံသား (Second class citizen) ပဲပေါ့။ ဒါကို နိုင်ငံခြားသွားမယ့် မြန်မာတွေ သဘောပေါက်ရမယ်။ မင်းဟာ ဘယ်တော့မှ သူတို့နိုင်ငံသား ပထမတန်းစား နိုင်ငံသားလို့ အသိအမှတ်ပြုခံရမှာ မဟုတ်ဘူး။ You will never become first class citizen လို့ပဲ ပြောရမှာပေါ့။ ဒါကြောင့် နိုင်ငံခြားသွားပြီး၊ ''ဘိုဆန် မြန်မာမေ့'' နဲ့ ''မြန်မာဆန် ဘိုမဖြစ်'' လူတန်းစားနှစ်ခုကို တွေ့နိုင်ပါတယ်လို့ ပြောချင်ပါတယ်။ ဒါနဲ့ပဲ အမေရိကန်ရောက် အဆိုတော်ရယ်၊ အမေရိကန်မှာ (၂၅)နှစ် ကြာနေပြီဖြစ်တဲ့ ကိုမြင့်လွင်ရယ်၊ ကျွန်တော်နဲ့ ထမင်းစားတဲ့ စကားဝိုင်းမှာ နိုင်ငံခြားရောက် မြန်မာတွေအကြောင်း ရောက်တတ်ရာရာ သောင်းပြောင်းထွေလာ ပြောမိကြပါတယ်။ အဲဒီမြန်မာအဆိုတော် အမေရိကန်ရောက်တော့ အမေရိကန်အမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး အခုတော့ တင်းနစ်ကွင်း တစ်ခုမှာ ကွင်းလုံခြုံရေးအစောင့် လုပ်နေတယ်တဲ့၊ အဆင်ပြေပါတယ်တဲ့။ ကျွန်တော် တွေးကြည့်တာ ပေါ့နော်။ မြန်မာနိုင်ငံမှာဆိုရင် သူဟာလျှမ်းလျှမ်းတောက် နာမည်ကြီး အဆိုတော်၊ တစ်နိုင်ငံလုံးကလည်း သိမယ်။ ဘယ်သွားသွား ဟိုလူကမိတ်ဆက်၊ ဒီလူကမိတ်ဆက်နဲ့ ဝိုင်းဝိုင်းလည်ပဲ။ ကိုယ်ဝါသနာပါတဲ့ ဂီတနဲ့ ပတ်သတ်တာတွေပဲ လုပ်ရမယ်။ လူ့ဘဝမှာ လူရယ်လို့ ဖြစ်လာရင် ကိုယ့်ရဲ့ရပ်တည်မှု၊ ပတ်ဝန်းကျင်က အသိအမှတ်ပြုတဲ့ ရပ်တည်မှုတစ်ခုတော့ လိုတာပေါ့။ အင်္ဂလိပ်လိုတော့ (identity) လို့ခေါ်ရပါလိမ့်မယ်။ အလုပ်အကိုင်ကြဲရာ ဝါသနာမပါတာတွေလုပ်၊ အသက်ရှင်ရုံ ရှင်နေတယဆိုရင်တော့လည်း မဟုတ်သေးဘူးလေ။ ငါဟာဂီတအနုပညာရှင် အဆိုတော် တစ်ယောက်ဆိုပြီး အဓိပ္ပါယ်ရှိတဲ့ ဘဝတစ်ခုနဲ့ ရပ်တည်ရတာဟာ ပိုပြီး မက်မောဖို့ ကောင်းပါတယ်။ အမေရိကန်မှာတော့ ရောက်နေတယ်၊ ဒါပေမယ့် တင်းနစ်ကွင်းမှာ ကွင်းစောင့်လုပ်နေရတယ်။ ကျွန်တော် စဉ်းစားလို့ မရဘူး။ ကိုယ်နှစ်သက်တဲ့ အဆိုတော်ဘဝနဲ့ အမေရိကန်က တင်းနစ်ကွင်းအစောင့် ဘယ်ဟာလုပ်မလဲ၊ ကျွန်တော့်အတွေး၊ ကျွန်တော့်အမြင်ကို ပြောရမယ်ဆိုရင်တော့ အဓိပ္ပါယ်ရှိတဲ့ဘဝဟာ တန်ဖိုးရှိတဲ့ဘဝပဲ။ အသက်ရှင်ရ နေရတဲ့ဘဝကို မလိုချင်ဘူး။ ရည်ရွယ်ချက်မဲ့တဲ့ ဘဝမျိုးကို မတည်ဆောက်ချင်ဘူး။ ဦးတည်ချက်ရှိတ၊ တန်ဖိုးရှိတဲ့၊ သိက္ခာရှိတဲ့ အနေနဲ့လည်း နေချင်သေးတယ်။ ထမင်းစားရင်းနဲ့ ကျွန်တော် အတွေးတွေ ပျံ့ကုန်တာပါ။ ဒါကြောင့် အဆင်ပြေနေတဲ့ ဘဝကနေ နိုင်ငံခြား ဆိုတာကိုများ ရောက်ရင်ပြီးရော ဆိုပြီး သွားကြမယ့် လူငယ်တွေ စဉ်းစားကြည့်ကြပါ။ ဘဝအခြေအနေအရပ် ငွေတွေပိုရမှာမို့လို့ တိုးတက်ရာ တိုးတက်ကြောင်း နိုင်ငံခြားသွားချင်တယ် ဆိုတာတော့ လက်ခံပါတယ်။

လူတစ်ကိုယ် စိတ်တစ်မျိုး ဆိုတာမို့လို့ နိုင်ငံခြား သွားမယ်ဆိုရင် ကြိုတင်ပြီး အကြိမ်ကြိမ်ဘက်ပေါင်းစုံက စဉ်းစားလေ့လာ ပြီးမှ ဆုံးဖြတ်ပါလို့။

ဆက်လက်ဖော်ပြပါမည်

ပါမောက္ခဒင်မောင်ဝင်း (အသည်း)



ဟောလီးဝုဒ်ထဲက JAWS ဇာတ်ကားရိုက်တုန်းက သုံးတဲ့ ငါးမန်းရုပ်ကြီး



အမေရိကန်နိုင်ငံ ဟောလီးဝုဒ်ရှေ့မှာ

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၃)

(နိုင်ငံခြားကိုသွားဖို့ ပြင်ဆင်နေကြတဲ့ မြန်မာလူငယ်တွေအတွက် နိုင်ငံခြားသွားရင် တွေ့ကြုံရမယ့်၊ ရင်ဆိုင်ရမယ့် ပြဿနာ၊ နိုင်ငံခြားသွားသင့်၊ မသွားသင့် အချက်အလက်တွေကို ကိုယ့်ဘာသာ ချင့်ချိန်နိုင်အောင် ရေးနေပါတယ်။)

ဂျင်းရှောတို့ပျော်ရာမြေ

ဂျင်းရှောဆိုလို့ ကချင်ပြည်နယ်က တိုင်းရင်းသား ဂိုန်းဖောအမျိုးအနွယ်တွေများလို့ မတွေးလိုက်ပါနဲ့။ ပြီးခဲ့တဲ့အပတ်က အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့မှာ ကျင်းပတဲ့ အမေရိကန် အသည်းရောဂါအဖွဲ့ နှစ်ပတ်လည်ညီလာခံ သွားတက်ရင်းနဲ့ ကျွန်တော် တွေ့ခဲ့ရတဲ့ ဂျင်းရှော အမေရိကန်သူတွေကို ပြောတာပါ။ ဂျင်းဘောင်းဘီကို အောက်ကို တအားလျှောချပြီး ဝတ်ထားကြတဲ့ အမေရိကန်သူတွေကို တင်စားပြီး ကျွန်တော် ခေါ်လိုက်တာပါ။ သူတို့တတွေ ဝတ်တဲ့ ဂျင်းဘောင်းဘီဟာ အောက်ကိုသိပ်လျှောလွန်းလို့ သူတို့ကို ဂျင်းရှော လို့ ခေါ်လိုက်မိပါတယ။ ခါးအောက်ကို တအားလျှောပြီး ဝတ်တဲ့ ဂျင်းဘောင်းဘီကို စူပါလိုး (Superlow) လို့ ခေါ်ပါတယ်။ Superlow Jeans ဆိုရင်အများ သိကြပါတယ်။ စူပါလိုးဝတ်ထားရင် နောက်မှာ တင်ပါးတစ်ဝက်နီးပါး အကွဲကြောင်းအစလောက်အထိ မြင်ရတယ်။ အဲဒီလို မြင်ရတဲ့ တင်ပါးပေါ်မှာ ဆေးမှင်ကြောင်အရုပ်မျိုးစုံကို ထိုးထားတယ်။ ဥပမာ- အသဲပုံ၊ ဒါမှမဟုတ် Love ဆိုတဲ့ စာတန်းလေးတွေပေါ့။ ဂျင်းရှောလေးတွေ လမ်းလျှောက်တာကို နောက်ကကြည့်ရင် ရုပ်ပျက်ဆင်းပျက်ဆေးမှင်ကြောင်တွေ ဆိုးထားတာ တင်ပါးတစ်ဝက်နီးပါးပေါ်နေတာကို တွေ့ရပါလိမ့်မယ်။ စူပါလိုးဂျင်းရှောတွေကို ရှေ့ကကြည့်တော့ ပိုတောင်ဆိုးသေးတယ်။ အောက်ကိုလျှောလိုက်တာ ဆီးစပ်ရောက်မတတ်ဘဲ။ ဂျင်းရှောတွေဟာ ရှေ့ဘက်မှာရောက်တော့ ဆီးစပ်အထက်နားလေးမှာ နားကွင်းလို သံကွင်းလေးတွေကို အရေပြားဖောက်ပြီး ခွိတ်ထားတတ်ပါတယ်။ ဂျင်းရှောတို့ပျော်ရာမြေ ယူအက်စ်အေ အမေရိကန်နိုင်ငံမှာ (၅) ရက်ကြာနေခဲ့ပြီး အမေရိကန် အသည်းရောဂါ အစည်းအဝေးကြီးကို တက်ခဲ့ပါတယ်။ အဲဒီကာလမှာ တွေ့ခဲ့ရတဲ့ အမေရိကန်ရောက် မြန်မာတွေအကြောင်း ပြောပြချင်ပါတယ်။

ဖုန်းပြောကြတဲ့ မြန်မာတေ

အမေရိကန်မှာ ရောက်တုန်းမှာ အပေါင်းအသင်း အသိမိတ်ဆွေ တပည့်ပေါင်းစုံနဲ့ ခဏတွေ့ခဲ့ရပြီး သူတို့ရဲ့ ခံစားချက် ရင်ဖွင့်တာတွေကို တဝကြီး နားထောင်ခဲ့ရပါတယ်။ ဟိုတယ် ပြန်ရောက်လို့ အခန်းထဲကို ဝင်လိုက်ရင် တယ်လီဖုန်းက မက်ဆိတ်(ချ်) (message) ဆိုတဲ့ မီးလေးက လင်းနေပြီ။ message ဆိုတာက လူတစ်ယောက်ယောက်ဆီကို ဖုန်းဆက်လို့ အဲဒီလူက မရှိဘူးဆိုရင် စက်ထဲကိုကိုယ်ပြောချင်တာ ပြောထားပြီး မှာခဲ့တာကို ခေါ်တာပါ။ ကျွန်တော်မရှိတုန်း ကျွန်တော့်အခန်းကို ဖုန်းဆက်ကြတဲ့ လူတွေက သူတို့ ပြောချင်တာတွေကို စက်ထဲကို ပြောပြီး မှာခဲ့ကြပါတယ်။ အဲဒီလို သတင်းစကား မကဆိတ်(ချ်) တွေက အခန်းပြန်ရောက်ရင် တသီကြီးစီပြီး ကြိုနေပါတယ်။ အဲဒါတွေကို ဖွင့်ပြီး နားထောင်၊ ပြီးတော့ တစ်ယောက်ချင်းဆီကို ဖုန်းပြန်ဆက်ရင်းနဲ့ပဲ မနက်ဉနာရီလောက် ရောက်သွားရော။ အမေရိကန် ရောက်တိုင်း ဒီလိုချည်းပါပဲ။ တစ်ခါတလေ အမေရိကန်ကို ဖုန်းပြောဖို့ လာသလားလို့တောင် ထင်ရပါတယ်။ အမေရိကန်ရောက် မြန်မာတွေ ခံစားမှုအပြည့်နဲ့ ပေါက်ကွဲမတတ် ဖြစ်နေတဲ့ သူတို့ရဲ့ စိတ်ထဲမှာ ဖိစီးထားတာတွေကို ပြောချင်ကြသလို၊ မြန်မာပြည်က လူတစ်ယောက်နဲ့ စကားပြောရတာကို အရမ်းအရသာရှိ ပြီး အားပါးတရ ပြောလည်း ပြောချင်ကြတယ်ထင်ပါရဲ့။

ဒီဗီ DV ပေါက်တဲ့မြန်မာတွေ

အမေရိကန်ရောက် ကျွန်တော် မိတ်ဆွေတွေ၊ တပည့်တွေထဲမှာ အောင်မြင်သူတွေရှိသလို၊ ရန်းကန်ပြီး လှုပ်ရှားနေရတဲ့ သူတွေကလည်း အများကြီးပါ။ တော်တော်လေးကို ဒုက္ခပေါင်းစုံနဲ့ တွေ့ပြီး အံကြိတ်လို့ ကုန်းရန်းလုပ်နေတဲ့ တပည့် ဆရာဝန်တော်တော်များများကိုလည်း တွေ့ရပါတယ်။ ဒီဗီ DV ပေါက်ပြီး မကြာသေးခင်က အမေရိကန်ရောက်နေတဲ့ တပည့်ဆရာဝန် တစ်ယောက်နဲ့လည်း တွေ့ခဲ့ရပါတယ်။ ဒီဗီဆိုတာက အမေရိကန်နိုင်ငံကို ပြောင်းရွှေ့နေထိုင်ခွင့် နှစ်စဉ် မဲနှိုက်တာကို ပြောတာပါ။ ရန်ကုန်မှာဆိုရင် အခကြေးငွေယူပြီး ဒီဗီလျှောက်လွှာ တင်ပေးမယ်ဆိုတဲ့ ကြော်ငြာတွေ နေရာတော်တော်များများမှာ တွေ့ရပါလိမ့်မယ်။ တစ်ကမ္ဘာလုံးက အမေရိကန်ကို သွားပြီး အခြေချ နေချင်ကြတဲ့ လူတွေဟာ တစ်နှစ်မှာ တစ်ခါ၊ ဒီဗီလျှောက်လွှာတင်လို့ရပါတယ်။ အဲဒီအထဲက ဒီဗီမဲပေါက်တဲ့သူတွေဟာ အမေရိကန်ကို အခြေချ ပြောင်းနေခွင့်ရပါတယ်။ ကျွန်တော့်တပည့် ဒီဗီသမားဟာ ဒီဗီပေါက်လို့ အမေရိကန်ရောက်ပြီး တစ်လလောက်လည်းကြာရော မြန်မာပြည်ပြန်မယ် တကဲကဲနဲ့ ဖြစ်တော့တာပဲ။ အားလုံးက မပြန်ဖို့ ဝိုင်းတားကြရတယ်။ မိန်းမနဲ့ကလေးကို ထားခဲ့ပြီး ခိုင်မာ အခြေကျနေတဲ့ ဘဝကို စွန့်လွှတ် DV ပေါက်၊ အမေရိကန်ကိုရောက်လာတော့ ဘဝခြင်းခြားခဲ့ပြီလေ။ DV ပေါက်ပြီး အမေရိကန်ဗီဇာသွားယူတော့ အမေရိကန်မသွားရမှာကို စိုးရိမ်လွန်းလို့ ရင်တွေတုန် စိတ်တွေလှုပ်ရှားပြီး မောလိုက်ရတာတဲ့။ တကယ့်တကယ် ရောက်လာတော့ အိပ်မက်က လန့်နိုးလာသလို

ပဲတဲ့။ စိတ်ကူးယဉ်ထားတဲ့ နန်းတော်ကြီး ပြိုပျက်သွားပြီး လက်တွေ့ဘဝနဲ့ ရင်ဆိုင်ရပြီကိုး။ ကိုယ့်ရဲ့ မြန်မာရေးရာ သဘောသဘာဝနဲ့ ဘာမှ ကိုက်ညီတာ မတွေ့ပဲ ဂျင်းရှော်တွေပဲ တွေ့နေရတယ်။ အထင်နဲ့အမြင် လားလားမှမတူ ကွဲပြားခြားနားတာတွေက ပြောမပြနိုင်အောင်ဆိုတော့ ဒီဗီသမား စိတ်ညစ်ရပြီ။ ကိုယ်က သူများဒီဗီတွေလို စားစရာမရှိလို့ လာတဲ့သမဟုတ်၊ ဘင်္ဂလားဒေ့(ရှ်)၊ အိန္ဒိယ၊ အာဖရိက က လာကြတဲ့ လူမ ဒီဗီတွေလို မဟုတ်ဘူး။ ကိုယ်က တတ်နိုင်တဲ့ အခြေကျတဲ့ဘဝက လာတာဆိုတော့ မြန်မာဒီဗီတွေက အမေရိကန်ရောက်တာနဲ့ အမြင့်ကနေ အနိမ့်ကို ပြန်ဆင်းရသလို ဖြစ်တော့တာပေါ့။ ကျွန်တော့် တပည့်ကတော့ မြန်မာဒီဗီသမားတွေကို ဘယ်လိုပြောသလဲဆိုတော့ ''ဆရာရယ် ဒီဗီဆိုတာက အမေရိကန်မှာသွားပြီး နွားလုပ်ချည်တော့ ဆိုပြီး တံဆိပ်ရိုက်ပေးလိုက်တဲ့သဘောပါပဲ။ ကျွန်တော်တို့အခု နွားလိုရုန်းရတော့မယ်'' တဲ့။ ဒါပေမယ့် ကျွန်တော့်တပည့်ကြီးဟာ စိတ်ကိုကြံ့ကြံ့ခိုင်ပြီး အောင်မြင်အောင်၊ တိုးတက်အောင် လုပ်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တော့မှ သူခံစားရတာတွေ သက်သာသွားတယ်တဲ့။ သူက ဖောင်ဖျက်ပြီး ဘဝကို တစ်ကပြန်စဖို့ အမေရိကန်ကိုရောက်လာတာ၊ သူ့အနေနဲ့ မြန်မာပြည် ပြန်လို့ကလည်း မဖြစ်တော့တဲ့ဘဝ၊ တော်တော်လေးကို ခက်ပါတယ်။ ဒီနောက် အမေရိကန်ကို ရောက်နေတာ (၆) နှစ်လောက်ရှိပြီး အမေရိကန်မှာနေထိုင်ခွင့် ဂရင်းကဒ် (Green card)လည်း ရထားတဲ့၊ နည်းနည်းလည်း အခြေကျနေတဲ့ မိတ်ဆွေတစ်ယောက်နဲ့ တွေ့ခဲ့ရပါသေးတယ်။ သူကတော့ ဘယ်လို ပြောလဲဆိုရင် ''ဆရာ တပည့်ကတော့ အမေရိကန်ရောက်ခါစ နွားလို့ပဲ ပြောပါစို့ ဆရာရယ်၊ ကျွန်တော်က နွားတော့နွား၊ ဒါပေမယ့် ရောက်တာ နည်းနည်း ကြာသွားတော့ ရေကြည်ရာ မြက်နုရာ ရှာစားသွားတတ်ပြီ'' တဲ့။

<u>ဆူရှိလိပ်တဲ့မြန်မာတွေ</u>

ကျွန်တော်ရောက်ခဲ့တဲ့ ဆန်ဖရန်စစကိုမြို့ ပတ်ဝန်းကျင်မှာရှိတဲ့ မြန်မာတွေဟာ ဂျပန်အစာ ဆူရှိ (Sushi) လိပ်တယ်၊ ဒါမှမဟုတ် စာတိုက်မှာ လုပ်ကြတယ်တဲ့။ ဆူရှိလိပ်တာ ပိုများတယ်တဲ့၊ ကျွန်တော်နားမလည်လို့ ''ဘယ်လို ဆူရှိလိပ်တာလဲ၊ ပြောပါဦး'' လို့ဆိုတော့ ဆူရှိကုမ္ပဏီကြီးတွေ ရှိတယ်တဲ့။ အဲဒီကုမ္ပဏီတွေကနေ ဆူရှိလိပ်တာ လုပ်ချင်တဲ့သူရှိရင် လိုအပ်တဲ့ပစ္စည်း အကုန်ထုတ်ပေးတယ်တဲ့။ ဆူရှိလိပ်တဲ့သူက ဘာမှ အရင်းထုတ်စရာမလိုဘူး။ သူက သူလုပ်ချင်တဲ့နေရာမှာ တွန်းလှည်းလို ဟာလေး တစ်ခုပေါ်မှာ ဆူရှိတွေကို လိပ်ပြီး တင်ရောင်းရပဲ။ ရန်ကုန်မှာ ပရီးမီးယားကော်ဖီ ရောင်းတဲ့ တွန်းလှည်းလေးတွေလိုပေါ့၊ အလုပ်လုပ်ပြီး ရောင်းဖို့နေရာ သေးသေးလေးပဲလိုတယ်။ အဲဒီ လှည်းတွေကို ထားဖို့ စူပါမာကတတွေထဲက စျေးဆိုင်တန်းကြီးထဲမှာ နေရာလေးတစ်နေရာလုပ်ပြီး ရောင်း၊ လကုန်ရင် ကိုယ်ဘယ်လောက် ရောင်းရသလဲပေါ် မူတည်ပြီး ကုမ္ပဏီက ပိုက်ဆံလာရှင်းတယ်။ ကိုယ်ရွေးတဲ့

နေရာလေးကလည်းကောင်း၊ ဆက်ဆံရေးကလည်း ပြေပြေပြစ်ပြစ်နဲ့ ကြိုးကြိုး စားစားလုပ်ရင် တစ်ခဏ အတွင်းမှာ တော်တော်လေး အဆင်ပြေပြီး ကြီးပွားသွားနိုင်တာပေါ့။ ဒီလို ဆူရှိလိပ်တဲ့ နေရာလေးတွေကို ကုမ္ပဏီက အမြဲလိုက်စစ်တယ်တဲ့။ သန့်ရှင်းရဲ့လား၊ ဆူရှိရဲ့ အရသာကရော စံချိန်မီရဲ့လားပေါ့။ ကိုယ်က အဲဒီလို ဆူရှိဆိုင် တစ်ခုအောင်မြင်သွားရင် နောက်တစ်ဆိုင်ထပ်ဖွင့်၊ ထပ်ထပ်ပြီး ချဲ့သွားနိုင်ရင် ကြီးပားသွားနိုင်တယ်တဲ့၊ အဲဒီလို ကိုယ်က အရင်းမထုတ်ရပဲ ကုမ္ပဏီကြီးရဲ့ပစ္စည်းနဲ့ လုပ်ပြီး ငွေရှင်းပေးတဲ့ စနစ်ကို ဖရင်ခိုက် (Franchise) စနစ်လို့ခေါ်ပါတယ်။ ဆူရှိ ဆိုတာကတော့ ဂျပန်စာပေါ့၊ ကောက်ညင်းလို ဂျပန်ဆန် ထမင်းစီးစီးအလုံးလေးတွေကို ငါးအစိမ်း၊ ပုဇွန်၊ ရေညှိ အဖတ်အမည်းလေးတွေနဲ့ လိပ်ထားတာပေါ့။ အမေရိကန်မှာ ဆူရှိဟာ ဘာလို့ ဒီလောက် ပေါ်ပြူလာဖြစ်ရသလဲ ဆိုတော့ အမေရိကန်တွေက သူတို့ရဲ့ အစားအစာတွေဖြစ်တဲ့ ဟော့ဒေါ့ (hotdog)၊ ဟင်ဘာဂါ၊ အာလူးကြော် (French Fries) တို့လိုဟာတွေဟာ ကျန်းမာရေးနဲ့ လုံးဝ မကိုက်ညီဘူး၊ အသက်တိုစေတယ်၊ ဂျပန်စာ ဆရှိကတော့ ကျန်းမာရေးနဲ့ ညီညွတ်တယ်လို့ ယူဆကြတယ်။ ဒါကြောင့် ကျန်းမာရေးအတွက် Healthy Diet ဆိုပြီး အမေရိကန်တွေဟာ တစ်ခါတလေ တစ်ထိုင်တည်း ဆူရှိ (၆)လိပ်၊ (၇)လိပ် လောက် အထိ စားတတ်ကြတယ်တဲ့။ ဒီလို အယူအဆကြောင့် အမေရိကန်တွေ ဆူရှိစားလွန်းလို့ မြန်မာတွေ ဆူရှိလိပ်ပြီး အမေရိကန်မာ ကြီးပွားကြတာတဲ့။ အဲဒီလို ဆူရှိဆိုင်လေး တစ်ဆိုင်ကို လူနှစ်ယောက်လောက်နဲ့ စပြီး အောင်မြင်ရင် အောင်မြင်သလောက် တိုးချဲ့လုပ်ကိုင်သွားကြတယ်တဲ့။ ဒီနည်းနဲ့ ချမ်းသာသွားတဲ့ မြန်မာတွေလည်း တော်တော်များပါတယ်တဲ့။

<u>စာတိုက်မှာ လုပ်ကြတဲ့ မြန်မာတွေ</u>

ဆူရှိပြီးတော့ နောက်ထပ်မြန်မာတွေ အလုပ်ဆုံး အလုပ်ကတော့ စာတိုက်ပဲတဲ့။ ဒါနဲ့ ကျွန်တော်က ''ဘယ်လိုလုပ်ပြီး ဒီလို အီလက်ထရောနစ်၊ အင်ဖော်မစ်တစ် ခေတ်ကြီးမှာ စာတိုက်လုပ်ငန်းက အမေရိကန်မှာ ရှိနေရတာတုန်း။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတောင် စာတိုက်ကို သုံးတဲ့သူ တော်တော် နည်းသွားပြီ။ အမေရကန်မှာ ဘယ်သူတွေကများ စာတိုက်သုံးနေတာတုန်း'' လို့ မေးလိုက်တော့ ''အမေရိကန်မှာက စာတိုက်ဟာ ဆက်သွယ်ရေးမှာ တော်တော် အဓိကကျသေးတယ်'' တဲ့။ အလုပ်ခေါ်စာ၊ ခန့်စာ၊ ကြော်ငြာ၊ စာရွက်စာတန်း၊ ဘဏ်စာရင်းရှင်းတမ်း စတဲ့ ပုဂ္ဂလိက ကိုယ်ရေးကိုယ်တာ၊ ရေးလုပ်ငန်း၊ အစိုးရနှင့် ပတ်သက်တာ၊ ပြောရမယ်ဆိုရင်တော့ ကိစ္စတော်တော်များများမှာ စာရွက်စာတမ်းတွေကို စာတိုက်က ပို့ရတုန်းပဲတဲ့။ အီးမေးလ် (email) တွေ၊ အင်တာနက်တွေ ရှိနေပေမယ့်လည်း စာတိုက်လုပ်ငန်းက တွင်ကျယ်အောင်မြင်ပြီး ကောင်းကောင်းကြီးကို အသုံးချနေသေးတယ်တဲ့။ ''အဲဒါတော့ ဟုတ်ပါပြီ၊ မြန်မာတွေက ဘာလို့စာတိုက်မှာ အလုပ်လုပ်ရတာတုန်း'' လို့ ဆက်မေးတော့ သူတို့အဖြေက

စာတိုက်ဆိုတာ အစိုးရအလုပ်တဲ့။ အစိုးရအလုပ်ဆိုတာက မြဲတယ်၊ သေချာတယ်တဲ့။ ပုဂ္ဂလိကအလုပ်ဆိုတာ အချိန်မရွေး အလုပ်ကထုတ်ပစ်နိုင်တယ်တဲ့။ အလုပ်တစ်ခုမှာ လူပိုနေပြီဆိုရင် ဝန်ထမ်းဦးရေ လျှော့ချပြီး (၁)လ နို့တစ် ပေးထတ်ပစ်တတ်တယ်တဲ့။ ဒီလို လူပိုကို ထုတ်တာကို (Lay off) လို့ခေါ်ပါတယ်။ အဲဒီလို အထုတ်ခံရလို့ အလုပ်မရှိရင်လည်း မဖြစ်ဘူး။ သူတို့ ဂျင်းရှောနိုင်ငံမှာ နေတဲ့အိမ်၊ ကား၊ တီဗီ၊ ရေခဲသေတ္တာစတဲ့ ပစ္စည်းအားလုံးလိုလိုက အရစ်ကျအကြွေးနဲ့ ဝယ်ထားကြတာဆိုတော့ အလုပ်မရှိဘူးဆိုတာနဲ့ လစဉ် အရစ်ကျ ပေးစရာမရှိဘဲ ဖြစ်သွားမယ်။ ချက်ခြင်းဒုက္ခရောက်သွားကြမယ်။ ဒါကြောင့် မြန်မာတွေဟာ သေချာတဲ့ အစိုးရအလုပ်ဖြစ်တဲ့ အမေရိကန်စာတိုက်တွေမှာ ဝင်လုပ်ကြတယ်တဲ့။

အမေရိကန်ရောက် မြန်မာတွေရဲ့ အလွာအမျိုးမျိုး၊ အောင်မြင်မှုအဆင့်ဆင့်နဲ့ လူတန်းစားအစုံရဲ့ အတွေး၊အမြင်၊ ခစားမှုရသစုံကို ဆက်ပြီး ရေးသွားပါဦးမယ်။

ဆက်လက်ဖော်ပြပါမည်

ပါမောက္ခခင်မောင်ဝင်း (အသည်း)





ဂျင်းရှောမယ် တစ်ဦး





DV လက်ကမ်းကြော်ငြာ

၁၄-၁၂-၀၅

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၄)

(နိုင်ငံခြားကိုသွားဖို့ ပြင်ဆင်နေကြတဲ့ မြန်မာလူငယ်တွေအတွက် နိုင်ငံခြားသွားရင် တွေ့ကြုံရမယ့်၊ ရင်ဆိုင်ရမယ့် ပြဿနာ၊ နိုင်ငံခြားသွားသင့်၊ မသွားသင့် အချက်အလက်တွေကို ကိုယ့်ဘာသာ ချင့်ချိန်နိုင်အောင် ရေးနေပါတယ်။)

ပြီးခဲ့တဲ့လကတော့ ဒီနှစ် နိုဝင်ဘာလထဲက အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့မှာ အမေရိကန် အသည်းရောဂါအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးသွားတက်ရင်းနဲ့ တွေ့ကြုံခဲ့ရတဲ့ အမေရိကန်ရောက် မြန်မာ လူငယ်တွေ နိုင်ငံခြားသွားမယ်ဆိုရင် တွေ့ကြုံရမယ် ပြဿနာတွေ၊ အခက်အခဲတွေ မျှော်လင့်ထားရမယ့်၊ တွက်ထားရမယ့် ကျဆုံးမှု၊ အောင်မြင်မှုတွေအကြောင်း ရေးနေပါတယ်။ အထူးသဖြင့် အမေရိကန်ကို သွားမယ်ဆိုရင် ဘယ်လို ဖြစ်နိုင်တယ်ဆိုတာ (၁)အမေရိကန်ရောက်ခါစ၊ (၂)ရောက်ပြီး သုံး၊ လေးနှစ်ကြာ အခြေမကျသေး၊ (၃)ရောက်ပြီး ဆယ်နှစ်ကျော် အခြေကျဆိုတဲ့ အမေရိကန်ရောက် မြနမာသုံးမျိုးသုံးစားကို တွေ့ခဲ့ရပြီး သူတို့ရဲ့ အခြေအနေတွေပေါ် အခြေခံ သုံးသပ်ထားတဲ့ ကျွန်တော့်ရဲ့ ထင်မြင်ချက်တွေပါ။ နိုင်ငံခြားသွားတာ၊ နိုင်ငံခြားရောက်နေတဲ့ သူတွေရဲ့ ဘဝအခြေအနေတွေနဲ့ ပတ်သက်လို့ ကျွန်တော်ရေးနေတာတွေဟာ ကျွန်တော့်ရဲ့ ကိုယ်ပိုင်အယူအဆတွေပါ။ လူတိုင်းရဲ့ အတွေးအခေါ် ခံယူချက်နဲ့တော့ တိုက်ဆိုင်ချင်မှ တိုက်ဆိုင်မှာပါ။ သူတို့တွေအကြောင်း ကျွန်တော် ဆက်ပြီး ရေးသွားပါမယ်။

ဆရာဝန်အလုပ်မလုပ်တဲ့ ဆရာဝန်တေ

အမေရိကန်မှာ မြန်မာဆရာဝန်တစ်ယောက် ဆရာဝန်အလုပ်ကို လုပ်ခွင့်ရဖို့ဆိုတာ တော်တော်လေးကို ခက်ခဲပါတယ်လို့ ပြောချင်ပါတယ်။ အမေရိကန်ရောက်တာနဲ့ အမေရိကန်နိုင်ငံက သတ်မှတ်တဲ့ သူတို့အရည်အချင်းစစ် စာမေးပတွေကို ဖြေရပါတယ်။ အမေရိကန်ကိုသွားတဲ့ မြန်မာဆရာဝန် အများစုကတော့ မြန်မာပြည်ကတည်းက အဲဒီစာမေးပွဲဖြေရမယ့် စာတွေကို ကြိုဖတ်သွား၊ ကြိုပြီး လေ့ကျင့်သွားကြပါတယ်။ အဲဒီလို အမေရိကန်သွားမယ့် မြန်မာဆရာဝန်တွေ အတွက် အမေရိကန် စာမေးပွဲဖြေဖို့ ရန်ကုန်မြို့မှာ ကျူရှင်တွေ အများကြီးရှိပါတယ်။ အလုပ်သင်ဆရာဝန် ဘဝလောက်ကတည်းက စပြီး ကြိုတင်ပြင်ဆင်ကြတဲ့ လူတွေတောင် ရှိကြတယ်။ ဘယ်လောက်ပဲ ပြင်ဆင်သွားသွား၊ ဘယ်လောက်ပဲ ဖတ်သွားသွား၊ သူတို့ရဲ့စနစ်၊ သူတို့ရဲ့အကြိုက်ကို ဖြေရတာဆိုတော့ တော်တော်နဲ့စာမေးပွဲ အောင်ဖို့

မလွယ်ပါဘူး။ ဒီလိုမအောင်လို့ အမေရိကန်တွေ ကိုလည်း အပြစ်တင်လို့ မရပါဘူး။ သူတို့ဆီ ဆရာဝန်လာလုပ်မယ့်လူတွေဆိုတော့ သူတို့ရဲ့ စနစ်ကို နားလည်မှပဲ အအောင်ပေးမှာပေါ့။ အဲဒီလိုနဲ့ ရေးဖြေစာမေးပွဲကိုဖြေရင်း၊ ဖြေရင်း သုံးနှစ်လောက်အထ မအောင်သေးတဲ့ မြန်မာဆရာဝန်တွေကို တွေ့ခဲ့ရပါတယ်။ ရေးဖြေကိုတော့ အောင်ပြီးပြီ၊ လက်တွေ့စာမေးပွဲ မအောင်သေးတဲ့ ဆရာဝန်တွေလည်း အများကြီး ရသေးတယ်။ ရေးဖြေလည်းအောင်ပြီး၊ လက်တွေ့လည်း အောင်ပြီးရင် ဆေးရုံမှာ သုံးနှစ် အလုပ်သင်ရင်းနဲ့ လက်တွေ့ဆင်းရတယ်။ စာမေးပွဲတွေအောင်ပြး လက်တွေ့သုံးနှစ် ဆင်းခွင့်ရဖို့ကလည်း တော်တော်လေး မလွယ်သေးတာ။ ဆေးရုံတကာ လိုက်လျှောက်ရင်း အလုပ်မရသေးတဲ့သူတွေလည်း ရှိသေးတယ်။ အဆင့်ဆင့် စာမေးပွဲ အခက်အခဲတွေကို ဖြတ်သန်းရပါမယ်။ အဲဒီ အလုပ်သင် သင်တန်း သုံးနှစ်ပြီးတော့မှ တကယ့်ပိုက်ဆံရမယ့် ဆရာဝန်ဘဝကို ရောက်သွားတာ၊ အဲဒီအဆင့် ရောက်ရင်တော့ အောင်မြင်သွားပြီ၊ အဆင်ပြေသွားပြီပဲပေါ့။ အမေရိကန်သွားဖို့ ဟန်ပြင်နေတဲ့ ဆရာဝန်တွေ စိတ်ပျက်အောင် ပြောနေတာမဟုတ်ပါဘူး၊ တကယ့်ကို ကျွန်တော်တွေ့ခဲ့တဲ့ ကျွန်တော့် တပည့်ဆရာဝန်တွေ ရုန်းကန်နေရတဲ့ ဘဝ အခြေအနေတွေကို ရေးပြနေတာပါ။ အောင်မြင်တဲ့ဆရာဝနဘဝ ရောက်ဖို့ ဒီလို ခရီးရည်ကြီး ခရီတက်ရာမှာ နေ့စဉ်နေထိုင်စားသောက်နေဖို့ အသက်ရင်သန်နေဖို့ဆိုတာ ပိုက်ဆံရှိဖို့ လိုပါသေးတယ်။ အမေရိကန်မှာ အလုပ်လုပ်မှ ပိုက်ဆံရမှာပါ။ အမေရိကန်မှာ သုံးနှစ်လောက် စာမေးပွဲ တွေဖြေပြီး အလုပ်မလုပ်ဘဲ ထိုင်စားနေဖို့ဆိုတာ လုံးဝမလွယ်တဲ့ကစ္စပါ။ အမေရော၊ အဖေပါ တစ်မိသားစုလုံး အမေရိကန်မှာ ရောက်နှင့်နေတဲ့ လူတွေတောင် ဒီလိုထိုင်ပြီး စာကျက်၊စာမေးပွဲ ဖြေနေရဖို့ဆိုတာ မလွယ်ဘူး။ အမေရိကန်ဆိုတာ ရှုပ်ထွေးတဲ့ Lifestyle နဲ့ နေကြရတာ၊ တောင်မင်း မြောက်မင်း မကယ်နိုင် ဆိုတာလိုပဲ။ ကိုယ့်ဘာသာကိုယ်ရပ်တည်ဖို့ ရုန်းကန်လှုပ်ရှားနေကြရတာ။ မြန်မာပြည်မှာလို လူ(၁၀)ယောက်လောက် အိမ်မှာ တင်ကျွေးထားလို့ ရတာမဟုတ်ဘူး။ အဲဒီတော့ ဆရာဝန်ရယ် ဘာရယ်တွက်နေလို့မရဘူး၊ ရရာဝင်လုပ်ပြီး ကိုယ့်ရဲ့ ဆာဗိုက်ဗယ် (Survival) ရှင်သန်ဖို့အတွက် လုပ်ကြရတယ်။ အဲဒီလို တွေ့ရာအလုပ်ကို လုပ်ရမယ်ဆိုတော့လည်း ဆရာဝန်ဆိုတဲ့ ဂုဏ်သိက္ခာ၊ အသိ၊ ကိုယ့်ရဲ့ အီဂို (Ego)က တော်တော်လေးထိတာ။ ဥပမာပြောရရင် နှစ်ပေါင်းများစွာ အဆင့်မြင့်ဆေးပညာ တက္ကသိုလ်ပညာရေး ကို သင်ကြားခဲ့ပြီး တက္ကသိုလ် အသိုင်းအဝိုင်းမှာ ကျင်လည်ခဲ့တဲ့လူတစ်ယောက်က ရုတ်တရက် အမေရိကန်က ပဲစား၊ မက်ဆီကန် တစ်ယောက်ရဲ့ ကစီနို (Casino) လောင်းကစားရုံမှာ အလုပ် ဝင်လုပ်ရပြီး သူခိုင်းတာ လုပ်ရမယ်ဆိုတော့လည်း အီဂိုထိတာပေါ့။ အီဂို (Ego) ဆိုတာကို အဓိပ္ပါယ်ဖွင့်ရရင်တော့ (Your sense of your own value and importance) ဆိုလိုတာက အီဂိုဆိုတာ လူတစ်ယောက်ရဲ့ ကိုယ်ဟာ ဘာလဲဆိုတာနဲ့ ကိုယ့်ရဲ့ ကိုယ်ပိုင်ဂုဏ်သက္ခာတန်ဖိုးလို့ ဘာသာပြန်ရမှာပေါ့။ အဲဒီတော့ ပြန်ပြောရရင် ဒီလောက်တောင် (Highly trained) လုပ်ထားတဲ့ လူတစ်ယောက်က အရမ်းအဆင့်နိမ့်တဲ့ (very low level) အလုပ်တွေကို

ဝင်လုပ်ရတော့ ခုနကပြောခဲ့တဲ့ အီဂိုဟာ ဒီအလုပ် လုပ်နေသရွေ့ နေ့စဉ် ထိနေမှာပေါ့။ အဲဒီတော့ စိတ်ကျရောဂါ (Depression) ဝင်ဖို့ သိပ်လွယ်ပါတယ်။ အီဂို ဘယ်လောက်နာနာ မျက်စိစုံမှိတ်ပြီး ရရာအလုပ်ကို လုပ်ကြရတော့တာပေါ့။ ဆရာဝန်အလုပ်မှရယ် မဟုတ်ဘူး၊ အစုံလုပ်ကြရတယ်။ ဒါပေမယ့် အနည်းဆုံး ဆေးနဲ့နှီးနွယ်ရင် တော်သေးတာပေါ့။ လွန်ခဲ့တဲ့ငါးနှစ်လောက်က သတင်းစာထဲက မင်္ဂလာဆောင် ကျေးဇူးတင်လွှာတစ်ခုမှာ ဒေါက်တာ -------- Phlebotomist (New York ---Hospital) ဆိုပြီးတော့ ဖတ်မိပါတယ်။ ဖလီဘော်တော်မစ် ဆိုတာက သွေးဖောက်သူလို့ အဓိပ္ပါယ်ရတယ်။ ဖလီဗို (Phlebo) ဆိုတာက သွေးပြန်ကြော၊ တော်မစ်(tomist) ဆိုတာက ဖောက်တဲ့သူ၊ အဲဒီတော့ ဆရာဝန်အလုပ်မရရင် ဆေးရုံကြီးတွေမှာဝင်ပြီး သွေးဖောက်သမား ဝင်လုပ်ကြရတယ်။ တချို့ ကျွန်တော့်တပည့်ဆရာဝန်တွေကတော့ ဓါတ်ခွဲခန်းသင်တန်းတက်ပြီး ဓါတ်ခွဲခန်းတွေမှာ ဝင်လုပ်ကြရတယ်။ အီဂိုထိတာချင်း အတူတူ တွေ့ရာကြုံရာ ကျပန်းလုပ်ရမယ့်အစား ဆေးရုံပတ်ဝန်းကျင်မှာ လုပ်ရတော့ တော်သေးတာပေါ့။ အမေရိကန် ရောက်ပြီးမှ တော မြန်မာပြည်ပြန်လို့ကလည်း မဖြစ်ဆိုတော့ အခက်အခဲမျိုးစုံကို ရင်ဆိုင်ကြရတဲ့ ဆရာဝန်အလုပ် မလုပ်ရတဲ့ အမေရိကန်ရောက် မြန်မာဆရာဝန်တွေ အတော်များပါတယ်။

<u>မြန်မာစားစရာတွေကို လွမ်းကြတဲ့မြန်မာတွေ</u>

နင်ငံခြားသွားတယ်ဆိုတာက အများကြီးကို စွန့်လွှတ်ခဲ့၊ အနစ်နာခံခဲ့ပြီး အစစ၊ အရာရာမှာ တော်တော်လေး ဆကရီဖိုက် (Sacrifice) လုပ်ရတာ။ ကိုယ့်ရဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်း၊ ကိုယ့်မိသားစု အဖေ၊ အမေ၊ ညီအစ်ကို မောင်နှစ်မ ဆွေမျိုးတွေ အားလုံးကို ထားခဲ့ရတာ၊ ကိုယ့်ကြိုက်တဲ့ အစားအစာ၊ အထူးသဖြင့် မြန်မာတွေဟာ ကိုယ့်ရဲ့ရိုးရာ အစားအသောက်ကို မက်မောတာမှာ တော်တော်ကို ကဲပါတယ်။ ကျွန်တော့်မိတ်ဆွေ ဆရာဝန်လင်မယားဆိုရင် အင်္ဂလန်ရောက်နေတာ (၁၅)နှစ်ကျော်ပြီ။ မြန်မာပြည်က စားတော်ပဲပြုတ်ကို မှာတယ်၊ ခဲထားပြီး နည်းနည်းချင်းနွေးစားတယ်။ ချဉ်ပေါင်ရွက်ကို အခြောက် ယူသွားတယ်၊ ချဉ်ရည်ချက်စားတယ်။ မန္တလေးထိုးမုန့်နဲ့ တူအောင် လုပ်စားတယ်။ မြန်မာတိုင်း အထူးကြိုက်တဲ့၊ ဘယ်လိုမှ မဖြတ်နိုင်တဲ့ မုန့်ဟင်းခါးကို အင်္ဂလန်မှာ မြန်မာပြည်နဲ့တူအောင် ချက်စားတယ်။ အဲဒီလိုချက်ဖို့ အင်္ဂလန်မှာ ငှက်ပျောအကိုရအောင် ရှာရတာက အလုပ်တစ်ခု။ ဒါပေမယ့် တော်တော်လေးကို အပင်ပန်းခံပြီး မြန်မာအနံ့ရအောင် ကျိုးစားချက်ကြတယ်။ အဲဒီလို အင်္ဂလန်၊ အမေရိကန် နေတဲ့သူတွေ ပြောမနေနဲ့ စင်္ကာပူလောက် နီးနီးလေးမှာနေပြီး မြန်မာပြည်ကို ဂဒး၊ ဂဒး ပြန်နေကြတဲ့ မြန်မာတွေတောင် မြန်မာစားစရာတွေကို အထူးတမ်းတကြတာ။ ဘာစားစရာကိုပဲ ပြောလိုက်ပြောလိုက် ရန်ကုန်မှာ စားရတာ ပိုကောင်းတယ်ပဲ ပြောကြတယ်။ ဥပမာ စင်္ကာပူမာ လက်ဖက်ရည်ဆို တစ်မျိုးတည်း၊ (၁၀)ခွက်လောက်ဖျော်ထားပြီး လက်ဖက်ရည်လို့မှာတဲ့ လူတိုင်းကို အဲဒီ ပုံသေဖျော်ထားပြီးသားထဲက

တစ်ခွက်ကို ချပေးလိုက်တယ်။ မြန်မာပြည်မှာက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်မှာမယ်ဆိုရင်တော့ ချိုစိမ့်၊ ချိုပေါ့၊ ချိုဖန်၊ ချိုချို စုံလို့ပဲ မျိုးစုံ ကိုယ့်စိတ်ကြိုက် မှာလို့ရတယ်။ ဒါကြောင့် စက်ာပူက မြန်မာတွေက "ငါတို့ရန်ကုန် လက်ဖက်ရည်က ပိုကောင်းတယ်" လို့ပြောကြတယ်။ စက်ာပူဆိုတာ အိန္ဒိယလူမျိုး စစ်စစ်တွေ အများကြီးနေတာ၊ သူတို့က ကျွန်တော်တို့ဒံပေါက်လို့ ခေါ်တဲ့ ဘီရီယာနီ(Biriyani) အော်ရီဂျင်နယ် (Original)ကို ချက်ရောင်းတယ်။ အဲဒီလို အိန္ဒိယဒံပေါက်အစစ်ကို စက်ာပူရောက်မြန်မာတွေက စားလို့ခံတွင်းမတွေ့ဘူး။ ရန်ကုန်က ကြက်လျှာစွန်းဒံပေါက်က ပိုကောင်းတယ် လို့အဆိုရှိတယ်။ စက်ာပူသွားမယ်ဆိုရင် သမီးတွေက ဒံပေါက် (၁၀)ထုတ်ဝယ်ခဲ့ပါဆိုပြီး အမြဲမှာတယ်။ ကိုယ်တွေ့ဒံပေါက်သယ်နည်း ပြောချင်ပါသေးတယ်။ လေယာဉ်ပေါ်ကို ဒံပေါက်ထုပ်ဘူးတွေက တစ်ထပ်ကြီး သယ်သွားရင် အနံ့နံ့လ့ လေယာဉ်ထဲကို အတင်မခံပါဘူး။ ပြီးတော့ ဒံပေါက်ဘူးကြီး(၁၀)ဘူးကို လက်က ဆွဲပြီး ယူသွားဖို့ဆိုတာလည်း မဖြစ်နိုင်ဘူး။ ကျွန်တော်ဇနီး ဒေါက်တာခင်လေးရီ လုပ်လေ့လုပ်ထ ရှိတာတော့ ဒံပေါက်ထုပ်တွေကို ဖေါ်ဘူးတွေထဲကထုတ်၊ ပလပ်စတစ်အိတ်လေးတွေထဲကိုပြောင်း၊ အားလုံးစုပြီး ပလပ်စတစ်အိတ်ကြီးနဲ့ ထည့်လိုက်တယ်။ အဲဒီတော့ အထုပက သိပ်မကြီးတော့ဘူး။ အနံ့မထွက်အောင် ပလတ်စတစ်နဲ့ နှစ်ထပ်လောက် ထပ်ထုပ၊ ပြီးတော့မှာ လက်ဆွဲအိတ်ထဲထည့်၊ လေယာဉ်ပေါ်တက်တော့ လူတွေရှုပ်ရှုပ်နဲ့ ဘယ်သူကမှ ဒံပေါက် ပါလားဆိုပြီး အိတ်ဖွင့်ရှာနေတာ မဟုတ်ဘူး၊ ဒံပေါက်နဲ့ မဆိုစလောက်လေး ထွက်တာကလည်း လေယာဉ်ထဲ ရောက်တာနဲ့ လက်ဆွဲအိတ်ကို ခေါင်းပေါ်က လေယာဉ်အကန့်ထဲထည့်ပြီး အဖုံးကို ဂျောင်းကနဲ ပြန်ပိတ်လိုက် ဇာတ်လမ်းကပြီးရော၊ ဒံပေါက် (၁၀)ထုပ စက်ာပူကို ချောချောမောမော ရောက်သွားမယ်။ ဟိုရောက်တာနဲ့သတင်းရပြီး ကြိုစောင့်နေတဲ့ မြန်မာလူငယ် သူငယ်ချင်းတွေကို ကျွန်တော့် သမီးတွေက ဖုန်းဆက်ပြီး တစ်ယောက်တစ်ထုပ ဝေပေးပါတယ်။ စက်ာပူရောက် မြန်မာလူငယ်တွေ ဒံပေါက်ကို ဘာလက်ဆောင်နဲ့မှမတူအောင် တန်ဖိုးထားပြီး ကျေကျေနပ်နပ်စားကြပါတယ်။ သမီးနှစ်ယောက်က ဒံပေါက်တစ်ထုပကို ချွေတာပြီး တစ်ဝက်စီစား၊ ပိုတဲ့အထုပ်တွေ ရေခဲသေတ္တာထဲ သိမ်းထားပြီး နောက်နေ့မှ အမြတ်တနိုး အာဗင် (Oven)နဲ့ နွေးစားကြတယ်။ ဒီလောက်တောင် ကိုယ့်နိုင်ငံက အစားအသောက်ကို မြတ်မြတ်နိုးနိုး ခုံခုံမင်မင် တွယ်တာကြတဲ့ မြန်မာတွေ။ မြန်မာတွေဟာ နိုင်ငံခြားရောက်တာနဲ့ ကြံုတွေ့ရတဲ့ အခက်အခဲ အကြောင်းအမျိုးမျိုးကြောင့် ငါးတွေ ကုန်းပေါ်ရောက်သလို ဆတ်ဆတ်လူး ဖြစ်တော့တာပဲ။ ဒါကြောင့် ဒီအခက်အခဲတွေကို ရင်ဆိုင်ဖို့ ရုပ်ပိုင်း၊ စိတ်ပိုင်း အားလုံးပြင်ဆင်ပြီးမှ နိုင်ငံခြားကို သွားကြပါလို့။

ဆက်လက်ဖော်ပြပါမည်။
ပါမောက္ခဒေမောင်ဝင်း (အသည်း)




SFW 8563Y

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၅)

(နိုင်ငံခြားကိုသွားဖို့ ပြင်ဆင်နေကြတဲ့ မြန်မာလူငယ်တွေအတွက် နိုင်ငံခြားသွားရင် တွေ့ကြုံရမယ့်၊ ရင်ဆိုင်ရမယ့် ပြဿနာ၊ နိုင်ငံခြားသွားသင့်၊ မသွားသင့် အချက်အလက်တွေကို ကိုယ့်ဘာသာ ချင့်ချိန်နိုင်အောင် ရေးနေပါတယ်။)

ဝန်ထမ်းလုပ်ကြတဲ့ မြန်မာတွေ

နိုင်ငံခြားရောက်မြန်မာတွေဟာ သူများဆီမှာ လခစားဝန်ထမ်းလုပ်ကြတာ များပါတယ်။ ကိုယ်ပိုင်လုပ်ငန်းထောင်ပြီး လုပ်တယ်ဆိုတာ ရှားပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော် ၁၉၉၇ ခုနှစ်က အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ကို အပြည်ပြည်ဆိုင်ရာ အသည်းရောဂါအစည်းအဝေးသွားတက်တုန်းက အတွေ့အကြုံကို ပြောချင်ပါတယ်။ ရန်ကုန်ကထွက် ဘန်ကောက်မှာ ခဏနား၊ ဆက်ထွက်၊ ဂျပန်မှာ ခဏနား ဆက်ထွက်လိုက်တာ ဝါရှင်တန်ကို ရောက်တော့ လေယာဉ်စီးတာ ၂၄နာရီ ကျော်သွားပြီ။ လူလည်း မူးနောက်နေပြီး လေယာဉ်ပေါ်မှာ ဘာကျွေးကျွေး မစားနိုင်တော့ဘူး။ ဂျပန် All Nippon Airline ANA ကို စီးသွားတာ လေယာဉ်ပေါ်မှာလည်း ငါး၊ ပုစွန် အစိမ်းနဲ့တွေနဲ့ ညှီနေပြီး ဘိုစာထောပတန့်ကလည်း မခံနိုင်အောင် ဖြစ်နေတော့ လေယာဉ်ပေါ်ကဆင်းပြီး လေဆိပ်ထဲက လေကို တဝကြီး ရှူလိုက်ရတာ တော်တော်ကို လန်းသွားတယ်။ လေယာဉ်စီးတာ အထက်တန်း Business Class က စီးလာတော့ အင်နာ ANA လေကြောင်းကလူတွေက ဂရုတစိုက်နဲ့ အကောက်အခွန်၊ လူဝင်မှုကြီးကြပ်ရေး ကောင်တာတွေကို လိုက်ပို့တယ်။ လေဆိပ်အဝ တက္ကစီပေါ်အထိလိုက်တင်ပေးပါတယ်။ တက္ကစီကလည်း စျေးကြီးလိုက်တာ လေဆိပ်က ဟိုတယ်အထိ အဲဒီခေတ်တုန်းက ဒေါ်လာ ၅၀ ပေးရပါတယ်။ တက္ကစီပေါ်ကဆင်းတော့ တက္ကစီသမားက အပို တစ်(tips) ကို မျှော်လင့်သေးတယ်။ သူတို့က တက္ကစီခရဲ့ ၁၀%လောက် မျှော်လင့်တာဆိုတော့ (၅) ဒေါ်လာပေးလိုက်ရပါတယ်။ ကျန်တော်တို့ အစည်းအဝေး ကျင်းပတဲ့အဖွဲ့က တကယ့် အကောင်းစား အိမ်ဖြူတော် ဟေလတန်ဟိုတယ် (White House Hilton) မှာ ထားပေးတာပါ။ တစ်ခန်းကို တစ်ရက်ဒေါ်လာ (၃၅၀)တောင် ပေးရပါတယ်။ ဘာလို့ အိမ်ဖြူဟေလ်တန်လို့ ခေါ်တာလည်းဆိုတော့ ဟိုတယ်က လှမ်းကြည့်လိုက်ရင် အမေရိကန် သမ္မတရဲ့ အိမ်ဖြူတော်ကြီးကို မြင်နေရလို့ပါ။ ဟိုတယ်ထဲလည်း ဝင်သွားရော ဧည့်ကြိုကောင်တာမှာ လူမည်းအမေရိကန်နဲ့ တွေ့ပါတယ်။ ကြုံတုန်း လူငယ်တွေဗဟုသုတ ရအောင် ပြောရဦးမယ်။ လူမည်း ကပွလီတွေကို နီဂရိုး (Negro) ဒါမှမဟုတ် အမည်း (Black) တွေလို့ မသုံးကြတော့ပဲ အာဖရိကန္နယ်ဖွား အမေရိကန် (African American) လို့ ခေါ်ရပါတယ်။ လူနီ

ရက်ဒ် အင်ဒီယန်း (Red Indians) တွေကိုလည်း ယဉ်ကျေးတဲ့ အသုံးအနှုန်းနဲ့ ဒေသခံ အမေရိကန် (Native American) လ့ ခေါ်ကြပါတယ်။ ဟိုတယ်ကိစ္စပြန်ပြောရရင် အဲဒီလူမည်းက မပြုံးမရယ်၊ ဆက်ဆံရေး ကလည်း အရမ်းဆိုးပါတယ်။ ငါ အသည်းရောဂါ အစည်းအဝေး လာတက်တာဆိုပြီး ပတ်စပို့ ထုတ်ပြတော့ ကွန်ပျူတာမှာ ကြည့်ပြီး မင်းနာမည်တော့ တွေ့တယ်၊ ဒါပေမယ့် မင်းခရက်ဒစ်ကဒ် (Credit card) ပြပါတဲ့။ ကျွန်တော်က မရှိဘူးပြောတော့ မင်းတည်းလ့ မရဘူးတဲ့။ ဒါနဲ့ ကျွန်တော်နဲ့သိတဲ့ အစည်းအဝေး ကျင်းပရေး ကော်မတီဝင် ညွှန်ကြားရေးမှူး တစ်ယောက်နာမည်ပြောလိုက်တော့ အဲဒီလူရဲ့ အခန်းနံပါတ်ပေးပါတယ်။ ကျွန်တော် ဖုန်းဆက်ပြီး သူ့ကို ကျွန်တော့်ရဲ့ ခရက်ဒစ်ကဒ် ပြဿနာပြောပြလိုက်တော့ သူကိုယ်တိုင် ဆင်းလာပြီး အာမခံလိုက်မှ ပြဿနာရှင်းသွားပါတယ်။ ဒါနဲ့ပဲ အမေရိကန်တွေဟာ တော်တော် ရိုင်းပြပါလား ဆိုတဲ့အတွေးနဲ့ ကိုယ်အိတ်တွေ ကိုယ်ဆွဲပြီး ဟိုတယ်အခန်းကို သွားနေမိပါတယ်။ အဲဒီဟိုတယ်မှာ ပစ္စည်း သယ်တဲ့ ပေါ်တာ (Porter) မရှိပါဘူး။ ကိုယ့်ဟာကိုယ် သယ်ပဲ။ ဘယ်သူမှ လိုက်မပို့ဘူး။ ကွာလိုက်တာ အရှေ့တိုင်းက ဟိုတယ်တွေနဲ့၊ ဘန်ကောက်ဆိုရင် ဝန်ထမ်းတွေကပြုံးပြီး ပစ္စည်းသယ်တဲ့ ကွန်ဆီရာချ (Concierge) ဆိုတဲ့ ကောင်တာရှိတယ်။ ဟိုတယ်အဝကို ရောက်တာနဲ့ အခန်းထဲပို့မယ့် ပစ္စည်းအားလုံးကို ပေါ်တာတွေယူသွားပြီး ကွန်ဆီရာချ်မှာရှိတဲ့ လူကြီး ဘဲလ်ကပ္ပတိန် (Bell Captain) ဆီကို ခေါ်သွားတယ်။ ပြီးတော့ ပစ္စည်းတွေကို ကဒ်ပြားလေးတွေ ချည်လိုက်ပြီး တစ်ဝက်ကို ပြန်ရွေးဖို့ ပေးလိုက်တယ်။ ဟိုတယ် ချက်ကင် (Check in) လုပ်လိုက်ပြီးတာနဲ့ အခန်းနံပါတ် ဘယ်လောက်ဆိုတာ ပြောလိုက်ရင် ပစ္စည်းအားလုံး ကို အခန်းထဲ သွားပို့ထားပေးတယ်။ ကိုယ်က အခန်းကို လူလွတ်သွားယုံပဲ။ ဒါတင်မကသေးဘူး သပ်ရပ်နေ အောင် ဝတ်ထားတဲ့ ဟိုတယ်က အမျိုးသမီးတစ်ယောက်က ဝေါ်ကီတော့ကီ ကိုင်ပြီး လာပါဆိုပြီး ခါတ်လေ့ကား တံခါးဖွင့်ပေးပိတ်ပေး၊ ကိုယ်တည်းမဲ့ အထပ်ရောက်ရင် ရှေ့ကနေ ခေါင်းဆောင်ခေါ်သွားပြီး အခန်းတံခါးကို ဖွင့်ပေးတယ်။ မီးခလုတ်တွေပြတယ်။ အခန်းထဲမှာ ဘာတွေရှိတယ်ဆိုတာ တစ်ခုစီရှင်းပြ တယ်။ အဲယားကွန်း အတိုးအလျှော့၊ နွေးစက်၊ မီနီဘား၊ အာမခံ သေတ္တာ (Safe deposit box) အကုန်ပါပဲ ရှင်းပြတာ။ တစ်ခါက ကျွန်တော့်အစ်ကိုကြီး ဦးတင်နွယ်နဲ့ အတူ ဂရင်းဟိုင်ရပ် ဧရာဝဏ် (Grand Hiyat Arawon) ဟိုတယ်မှာတည်းတော့ ပစ္စည်းတွေ ကွန်ဆီရာချ်အပ်ပြီး ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက် တည်းမယ့် အခန်းသွားတာကို ဟိုတယ်က ကောင်မလေးက အခုနက ပြောသလို လိုက်ပို့ပြီး ရှင်းပြပါတယ်။ အစ်ကိုကြီးက "ငါတို့ ဘာပစ္စည်းမှလည်း မပါဘူး၊ ဘယ်အခန်းတည်းမယ်ဆိုတာလည်း သိနေပြီ၊ ဒီကောင်မလေးက ဘာလို့ လိုက်ပို့ပြီး ရှင်းပြရသလဲ မသိဘူး" ဆိုပြီး ညီးညီးညူညူပြောပါတယ်။ အစ်ကိုကြီး သဘောမပေါက်လိုက်တာက အဲလို ပြုံးပြီး ကိုယ့်ကို လိုက်ပို့ ရှင်းပြတော့ ဧည့်သည်တွေ ကြည်နူး စိတ်ချမ်းသာသွားတောပေါ့။ ကိုယ်ကသာ အမြဲလို ဟိုတယ်ကြီးတွေ တည်းဘူးတာလေ။ ပထမဆုံးအကြိမ် တည်းဖူးတဲ့ လူတွေလည်း ရှိဦးမှာပေါ့။ ဒီလိုလိုက်ပို့ အားလးရှင်းပြတာ တကယ့်ကို ကောင်းတဲ့စနစ်ပါ။

ပြီးတော့ လိုက်ပို့ရှင်းပြတဲ့ လူအတွက်လည်း ကောင်းတယ်လေ။ ဘာလို့လဲဆိုတော့ ကျွန်တော်လည်း ဒီတိုင်းလက်ပိုက်ပြီး "Thank You" ပြောလို့ မရဘူးလေ။ နိုင်ငံကြီးသားအကျင့် ထုံစံဖြစ်တဲ့ တစ်(tips) ထုတ်ပေးရတာပေါ့။ ရွှတ်ဆို အိပ်ကပ်ထဲက ဘတ် ၅၀ ထွက်သွားပြီလေ။ အဲဒီတော့မှ အစ်ကိုကြီးလည်း သဘောပေါက်သွားပါတယ်။ ''ဒါကြောင့် ကောင်မလေး လိုက်ပို့တာကိုး'' လို့ပြောရှာပါတယ်။

မြန်မာတွေ နိုင်ငံခြားမှာ ဝန်ထမ်းလုပ်တဲ့အကြောင်း မပြောခင် ရောက်တတ်ရာရာ နိုင်ငံတကာ အတွေ့အကြုံတွေ ပြောနေတာပါ။ ဒါနဲ့ အမေရိကန်ခရီးအကြောင်း ဆက်ပြောရရင် ဟိုတယ်အခန်းထဲ ရောက်တာနဲ့ ပစ္စည်းတွေ နေရာချ၊ ရေချိုးပြီး မြန်မာပြည်က မိတ်ဆွေတစ်ယောက် မိတ်ဆက်ပေးလိုက်တ မြန်မာသံရုံးက စစ်သံမှူးဆီကို ဖုန်းလှမ်းဆက်လိုက်ပါတယ်။ ကိုယ့်ကိုယ်ကို မိတ်ဆကပြီး ကျွန်တော် အသည်းရောဂါအစည်းအဝေး တက်ဖို့ ဝါရင်တန်ကို ရောက်နေပါတယ်။ အခု White House Hilton ဟိုတယ်မှာ တည်းနေပါတယ်လို့လည်း ပြောလိုက်ရော ''ဆရာ အခု ကျွန်တော်လာခဲ့မယ်၊ ထမင်းသွားစား ရအောင်'' လို့ပြောပါတယ်။ အချိန်ကြည့်လိုက်တော့ မနက် (၁၀း၃၀)၊ ကျွန်တော်က (၂၄)နာရီကျော် လေယာဉ်စီးခဲ့ရတာ၊ အိပ်လည်း မအိပ်ရသေး၊ လေယာဉ်စီးတဲ့ Jet Lag ဒဏ်ကလည်းခံရပြီး ခေါင်းကအုံ၊ အိပ်မှုံစုံမွှားဖြစ်နေတုန်း။ ဒါပေမယ့် စစ်သံမှူးကြီးရဲ့ အရမ်းပျော်မွေ့တဲ့အသံ၊ ချက်ခြင်းကို စိတ်ရောကိုယ်ပါ ထမင်းလိုက် ကျွေးမယ်ဆိုတဲ့ ကမ်းလှမ်းချက်ကို ကျွန်တော် ဘယ်လိုမှ မငြင်းနိုင်တော့ပါဘူး။

(၁၁:၀၀)နာရီလောက်ရောက်တော့ စစ်သံမှူး ဗလမှူးကြီးနဲ့အဖွဲ့ ကျွန်တော့်ဟိုတယ်ကို ရောက်လာပြီး ဝမ်းပန်းတသာ နှုတ်ဆက်ကြပါတယ်။ စစ်သံမှူးကြီးနဲ့ ကျွန်တော်ဟာ တစ်ခါမှ မတွေ့ဘူးပေမယ့်လည်း ကိုယ့်မြန်မာအချင်းချင်း ဖော်ဖော် ရွှေရွှေနဲ့ဆက်ဆံတယ်ဆိုတော့ ကျွန်တော် တော်တော်လေး ပျော်သွားပါ တယ်။ ''ဆရာ၊ ဘာ အစာစားချင်လဲ'' လို့ စစ်သံမှူးကြီးကမေးတော့ ''ကျွန်တော် ဘိုစာ အနံ့တွေ မခံနိုင် တော့ဘူး၊ အရှေ့တိုင်းအစာဆို ပြီးရော၊ တရုပ်ဆိုင်ပဲဖြစ်ဖြစ်၊ ကုလားဆိုင်ပဲဖြစ်ဖြစ် ရပါတယ်'' လို့ပြောလိုက် ပါတယ်။ အဲဒီတော့ စစ်သံမှူးကြီးက ''ကျွန်တော်တို့ ဗီယက်နမ်ဆိုင်ကို သွားကြအောင်ဗျာ'' ဆိုပြီး သွားကြတာပေါ့။ ကျန်တော်ထင်တာက ဗီယက်နမ်ဆိုင်လေးတစ်ဆိုင်ကို သွားတယ်လို့ထင်တာ။ စားသောက် ဆိုင်နေရာကို ရောက်သွားတော့ ထင်တာနဲ့တခြားစီဖြစ်နေတယ်။ သိမ်ဖြူကွင်းလောက်ရှိတဲ့ နေရာကြီး တစ်ခုလုံးမှာ ဗီယက်နမ်ဆိုင်တွေ ပတ်ချာလည် ဆောက်ထားပြီး ဝင်လိုက်တာနဲ့ တကယ့်ကို ဗီယက်နမ် ရောက်သွားသလား အောက်မေ့ရပါတယ်။ အနံ့အသက်က အစ၊ အရှေ့တိုင်းအနံ့ ဗီယက်နမ်အနံ့တွေပဲ။ ဆိုင်းဘုတ်တွေကလည်း ဗီယက်နမ်လို အားလုံးရေးထားတယ်။ စကားပြောသံ တွေကလည်း ဗီယက်နမ်လို တွေချည်းပဲ။ ရွှေဆိုင်တွေ၊ တိုင်းရင်းဆေး အမြစ်၊ အရွက် ရောင်းတဲ့ဆိုင်၊ ဗီယက်နမ်ထွက် တိုလီမုတ်စ ပစ္စည်းရောင်းတဲ့ဆိုင်လေးဆိုင်ကြီးတွေ၊ အမေရိကန် အသုံးအဆောင်ပစည်းကို ရောင်းတဲ့ ဗီယက်နမ်ဆိုင်

တွေ၊ စားသောက်ဆိုင်တန်းကြီးကတော့ ပြောမနေတော့နဲ့၊ တကယ့်ကို ဗီယက်နမ်မှ ဗီယက်နမ် အပီပဲ။ ဘေးပတ်ဝန်းကျင် ဘယ်လိုပဲ ကြည့်လိုက် ကြည့်လိုက်၊ ဘာကိုပဲ ကြည့်လိုက် ကြည့်လိုက အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့လို့ လားလားမှ မထင်ရ၊ အမေရိကန်နဲ့လုံးလုံးမှမတူ၊ စစ်သံမှူးကြီးက အဲဒီ ဗီယက်နမ် ဆိုင်တန်းကြီးထဲက သူတို့စားနေကြ ဆိုင်တစ်ဆိုင်ကို ခေါ်သွားပါတယ်။ ဆိုင်မှာထိုင်ပြီး ဗီယက်နမ် အစားအသောက်တွေကို တဝကြီး မှာတော့တာပဲ။ ကျွန်တော်က တစ်လမ်းလုံး ဘိုနံ့၊ ဂျပန်အညီနံ့ တွေ ခံလာခဲ့ရတာဆိုတော့ ဗီယက်နမ်အစားအစာတွေဟာ ကျွန်တော့်အတွက် အထူးမက်မောစရာပါ။ ဗီယက်နမ် အစာက တရုပ်ထမင်းဟင်းနဲ့ နည်းနည်းတော့ ဆင်တယ်၊ ဒါပေမယ့် ကွာတာတွေ ရှိတယ်။ ကျွန်တော် အကြိုက်ဆုံးကတော့ ရှမ်းခေါက်ဆွဲလိုဟာမျိုးနဲ့ အမဲသားပြုတ်ပဲ။ အဲဒါကို Beef rice noodle soup လို့ ခေါ်ပါတယ။ အဲဒီ ဆန်ခေါက်ဆွဲပြုတ်ကို မှာလိုက်ရင် ဘေးနားမှာ ဘာမှန်းမသိတဲ့ အရွက်စိမ်းတွေ၊ တစ်ဘန်းကြီး လာချပေးတယ်။ ငရုပ်သီးစိမ်း အချဉ်စိမ် လှီးထားတာနဲ့ ကြက်သွန်ဖြူတွေလည်း ချပေးထားတယ်။ ကျွန်တော်ကတော့ ဆန်ခေါက်ဆွဲ ရေစိမ်ထဲကို အရွက်တွေ အကုန်ထည့ ငရုပ်သီးတွေ တစ်ဇွန်း အပြည့်ထည့်၊ ကြက်သွန်ဖြူတွေ လောင်းထည့်ပြီး တရှူးရှူး နဲ့ ခွေးတွေတပြိုက်ပြိုက်ကျအောင် ပူလောင်ပူစပ်နဲ့ တဝကြီး စားပစ်လိုက်တယ်။ (၂၄)နာရီတိတိ ဘိုနံ့တွေ ခံလာခဲ့ရပြီး အရှေ့တိုင်းစာ ငတ်လာသမျှ အတိုးချပြီး အားရပါးရ စားလိုက်တာ စိတ်တိုင်းကျသွားရော။ အဲလို စားပြီးတော့မှ စစ်သံမှူးကြီးနဲ့ စကားစမြည် စပြော ဖြစ်တယ်။ ‘‘ဘယ်လိုလုပ်ပြီး ဒီအမေရိကန်နိုင်ငံသမ္မတ ရုံးစိုက်တဲ့ ဝါရှင်တန်မြို့မှာ ဗီယက်နမ်တွေ ဒီကို ကိုယ်ပိုင်မြို့တစ်မြို့လိုလာပြီး ထူထောင်ထားတာလဲ’’ လို့မေးလိုက်မိပါတယ်။ အဲတော့ ‘‘ဆရာ၊ ဒါ ဘာဟုတ်သေးလဲ၊ ဆရာ့က ဒီနေရာလေးတစ်ခုပဲ ပြတာ၊ ဗယက်နမ်တွေ ကိုးရီးယားတွေ၊ ဒီလိုစုပြီး အုပ်စုဖွဲ့ တည်ထောင်ထားတဲ့နေရာတွေက အများကြီး။ ကိုးရီးယားတွေဆို ပိုတောင် စည်းရုံးတယ်၊ သူတို့ ဆိုင်တွေကို အမေရိကန်တွေလာပြီး စော်ကားရင် သေနတ်နဲ့ပစ်တာ။ ပြီးတော့ ကိုးရီးယားဆိုင်တွေကို ထိပါးတဲ့ အမေရကန်တွေကို ကိုးရီးယားအဖွဲ့တွေ အုပ်စုဖွဲ့ လက်စားချေ လိုက်ပြီးချကြတာ။ ဒါကြောင့် ကိုးရီးယားဆိုင်၊ ဗီယက်နမ်ဆိုင်ဆိုရင် အမေရိကန် အဖြူကော၊ အမည်းကော မတို့ရဲ့ မထိရဲဘူး’’ လို့ပြောပါတယ်။ အဲဒီမှာ တင် ကျွန်တော် သဘောပေါက်လာတာက မြန်မာတွေနဲ့ ဗီယက်နမ်၊ ကိုးရီးယားတွေ ကွာတာတွေပါ။ ‘‘မြန်မာတွေက ကိုယ်ပိုင်စီးပွားရေး လုပ်ဖို့ဆိုတာ မစွန့်စားရဲဘူး၊ လခစားပဲ လုပ်ကြတာ။ သူတို့တတွေကတော့ စုပေါင်းဆိုင်ဖွင့်၊ ကိုယ်တိုင်လုပ်၊ ကိုယ်တိုင်ထောင်၊ သူတို့လုပ်ငန်းတွေ သူတို့ စုပေါင်းလုပ်ကိုင်၊ စုပေါင်း စောင့်ရှောက်ကြတာ အားကျဖို့ ကောင်းလိုက်တာ။ ငါတို့ မြန်မာတွေကတော့ သူများ လခစား ဝန်ထမ်းပဲ လုပ်ကြတာကိုး။ ဝန်ထမ်းလုပ်ကြတဲ့ မြန်မာတွေပါလား’’ လို့ တွေးမိပါတယ်။

ဆက်လက်ဖော်ပြပါမည်။
ပါမောက္ခဒင်မောင်ဝင်း (အသည်း)


ANA


McDonald
open 24 hours

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၆)

(နိုင်ငံခြားကိုသွားဖို့ ပြင်ဆင်နေကြတဲ့ မြန်မာလူငယ်တွေအတွက် နိုင်ငံခြားသွားရင် တွေ့ကြုံရမယ့်၊ ရင်ဆိုင်ရမယ့် ပြဿနာ၊ နိုင်ငံခြားသွားသင့်၊ မသွားသင့် အချက်အလက်တွေကို ကိုယ့်ဘာသာ ချင့်ချိန်နိုင်အောင် ရေးနေပါတယ်။ ပြီးခဲ့တဲ့လက မြန်မာတွေဟာ နိုင်ငံခြားမှာ ကိုယ်ပိုင်လုပ်ငန်းလုပ်တဲ့သူ အလွန်ရှားပါးပြီး ရာထူး အမြင့် အနိမ့် အဆင့်ဆင့် သူ့ဆန်စားတဲ့ ဝန်ထမ်းတွေပဲ လုပ်ကြတာ များတယ်ဆိုတာ ပြောပြနေပါတယ်။)

ချိုင်းနားတောင်း (China Town) လို့ခေါ်တဲ့တရုတ်တန်း

ကမ္ဘာ့နိုင်ငံအသီးသီး မြို့ကြီးတွေမှာ မလွဲမသွေတွေ့ရမှာကတော့ ချိုင်းနားတောင်းလို့ခေါ်တဲ့ တရုတ်တန်းပါပဲ။ ချိုင်းနားတောင်းအကြောင်းမပြောခင် တရုတ်လူမျိုးတွေနဲ့ ပတ်သက်လို့ ကျွန်တော့်ရဲ့ကိုယ်ပိုင်အမြင်တွေကို ပြောချင်ပါသေးတယ်။ တရုတ်လူမျိုးတွေဟာ စွန့်စားရဲတယ်၊ ဘယ်အရပ်၊ ဘယ်ဒေသ ရောကရောက် ရေကြည်ရာ၊ မြက်နုရာ အခြေချပြီး တော်ရာမှာ ပျော်သလိုနေကြတယ်။ နိုင်ငံကလည်းကြီး၊ လူဦးရေကလည်းများဆိုတော့ ကိုယ့်နိုင်ငံမှာ တစ်သက်လုံးနေချင်ပေမယ့် နေလို့မရဘူး ဆိုတဲ့အစွဲ ရှိပါတယ်။ ဘယ်နိုင်ငံ၊ ဘယ်မြို့၊ ဘယ်နေရာဖြစ်ဖြစ် ကြီးပွားမယ်၊ စီးပွားဖြစ်မယ်ဆို သွားနေမယ်၊ သွားအလုပ်လုပ်မယ်ဆိုတဲ့ သဘောသဘာဝရှိပါတယ်။ ပြီးတော့ ရောက်ရာအရပ်မှာ တရုတ်လူမျိုးအချင်းချင်း စုပေါင်းပြီး အလုပ်လုပ်တတ်ကြတယ်။ သူတို့တရုတ်ပြည်မှာ နေခဲ့တဲ့ရွာ၊ မြို့ ဒေသအလိုက်၊ ရောက်တတ်ရာရာ နိုင်ငံတကာမှာ ဘုံကျောင်းဆိုပြီး ဖွဲ့ထားတယ်။ ကိုယ့်ဘုံကျောင်းနဲ့ကိုယ၊ ကိုယ့်အရပ်သားထဲက အကြီးပွားဆုံး၊ အချမ်းသာဆုံးလူကို ဘုံကျောင်းလူကြီး အနေနဲ့ တင်ထားတယ်။ ငွေအရင်းအနှီးတွေ စုပေါင်းမတည်ပြီးတော့ တစ်ဦးတစ်ယောက်ထဲ မလုပ်နိုင်တဲ့ လုပ်ငန်းတွေကို စုပေါင်းပြီး လုပ်ကြတယ်။ တစ်နှစ်ကုန်ရင် ရှယ်ယာတွေ ပြန်ခွဲတယ်။ ဘယ်နိုင်ငံရောက်ရောက် စုပေါင်းနေထိုင်၊ ရပ်တည်၊ ရွာတည်လုပ်ကြတော့ တရုတ်တွေချည်းနေတဲ့ ရပ်ကွက်ကြီး ဖြစ်လာတယ်။ အဲဒီမှာတင် ချိုင်းနာတောင်းလို့ခေါ်တဲ့ တရုတ်တန်းဖြစ်လာပါတယ်။ တစ်ဦးနဲ့တစ်ဦး ကိုယ့်လူမျိုးအချင်းချင်း အရမ်းပဲဖေးမ ကူညီစောင့်ရှောက်ကြတယ်။ မိရိုးဖလာ၊ အလေ့အကျင့်၊ ဘာသာစကားတွေကို စုပေါင်း ထိန်းသိမ်းကြတယ်။ ကျွန်တော်တို့ မြန်မာတွေ အတုယူသင့်တဲ့အချက်တွေပါ။ အထူးသဖြင့် နိုင်ငံခြား ရောက် မြန်မာတွေ မြန်မာစနစ်၊ မြန်မာရပ်ကွက်၊ မြန်မာတောင်း

ထူထောင်နိုင်အောင် ကြိုးစားသင့်ပါတယ်။ အမေရိကန်ကိုရောက်တဲ့ မျိုးဆက်သုံးဆက်မြောက် တရုတလူငယ် (Third generation chinese)တွေက တရုတစကားကို မွတ်နေအောင် ပြောတတ်တယ်။ တရုတစာ ဖတ်တတ်တယ်၊ ရေးတတ်တယ်။ ကျွန်တော့်သားလေးကို ရန်ကုန်က International School Yangon, အမေရိကန်ကျောင်းမှာထားပါတယ်။ ဒါပေမယ့် အိမ်မှာ မြန်မာလိုပဲပြောရတယ်၊ မြန်မာစာဖတ်ရတယ်။ မြန်မာ့ဓလေ့၊ မြန်မာ့အကျင့်တွေကို ထိန်းသိမ်းလိုက်နာခိုင်းထားတယ်။ ဒါပေမယ့်လို့ သူနဲ့တစ်ကျောင်းထဲနေတဲ့ မြန်မာကျောင်းသားအများစုဟာ မြန်မာစာ မတတ်ကြဘူး။ မြန်မာသံစဉ်၊ မြန်မာသီချင်းတွေလည်း နားမထောင်နိုင်၊ မြန်မာလို ဝတ်ရမှာလည်း ရှက်ကြတယ်။ အမေရိကန်က ဟားဗတ် (Harvard) တက္ကသိုလ် မှာ တက်နေတဲ့ အမေရိကန်ရောက် တရုတတက္ကသိုလ် ကျောင်းသားက တရုတနှစ်ကူးမှာ တရုတရိုးရာ တိုးနယား ဝင်ကတယ်။ မိရိုးဖလာမို့ ရှက်စရာလို့ မယူဆဘူး။ ငါးတန်းအောင်ပြီးမှ မြန်မာနိုင်ငံက ထွက်သွားတဲ့ မြန်မာကလေးက အမေရိကန်ရောက်တာ သုံးနှစ်လောက်ကြာတာနဲ့ မြန်မာစာမေ့သွားပြီး မြန်မာလို မပြောတော့ဘူး။ သ့ကိုယ်သူ မြန်မာလို့ ပြောရမှာကို ရှက်နေတယ်။ အိမ်မှာလည်း မိဘနဲ့ အမေရိကန်လိုပဲ ပြောတယ်။ အဖေ၊ အမေကလည်း "သားလေးက မြန်မာစကား မေ့သွားပြီ သူတို့ အမေရိကန်ကျောင်းတွေကလေ ....." ဆိုပြီး မွန်းလိုက်တဲ့ အမေရိကန်ကျောင်းတွေအကြောင်း မြန်မာပြည်မှာ ငါးတန်းအောင်ခဲ့တဲ့သားလေး၊ မြန်မာစာ မြန်မာစကား မတတ်တော့တာကို ဂုဏ်ယူလို့မဆုံးဘူး၊ အံ့ဩဖို့တော့ကောင်းတယ်။ ကိုယ့်ဘာသာ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုဆိုတာကိုလည်း လုံးလုံးအထင်မကြီး၊ မင်္ဂလာဒုံလေဆိပ်ကထွက်တာနဲ့ ကိုယ့်ကိုကိုယ် အမေရိကန်၊ အင်္ဂလိပ်ဖြစ်သွားပြီ ထင်တာ။ ကိုယ်ကသာ သူတို့နိုင်ငံသားလ ဖြစ်ချင်နေတာလေ။ ကိုယ့်ကို သူတို့က လက်ခံတာ မဟုတ်ဘူး။ အင်္ဂလန်မှာ ရောက်နေတဲ့ ကျွန်တော့် သူငယ်ချင်း လန်ဒန်နားမှာ နေနေတာ အနှစ် (၃၀)နီးပါးရှိပြီ။ သူတို့ကို ဘယ်အိမ်နီးနားချင်း အင်္ဂလိပ်ကမှ အဖက်လုပ်ပြီး စကားမပြော၊ မိတ်မဖွဲ့၊ ကိုယ့်မြန်မာချင်းလည်း မပေါင်းဖြစ်ပြန်ဆတော့ အလုပ်သွား၊ အလုပ်ပြန်၊ မိုးလင်း၊ မိုးချုပ်၊ ကိုယ့်အိမ်လေးထဲမှာ ကိုယ့်ဖာသာ ကိုယ့်မိသားစုနဲ့ပဲ နေကြရတာ။ ကိုယ့်ဖာသာ ဘိုဆန်ချင်လွန်းလို့သာ၊ ဘိုကျင့်ဘိုကြံ ဘိုလိုလိုက်နေထိုင်ဖို့ ကြိုးစားပေမယ ဘိုတွေကတော့ ကိုယ့်ကို အသိအမှတ်ပြုမှာမဟုတ်ဘူး။ ဘယ်တော့မှလည်း ကယ့်ကို သူတ့ နိုင်ငံသားအချင်းချင်း ဆက်ဆံသလို တန်းတူဆက်ဆံမှာ မဟုတ်ဘူး။ အဲတော့ တရုတတွေအကြောင်း ပြန်ပြောရရင် တရုတတွေက ကိုယ့်မာနနဲ့ကိုယ်ရှိတယ်။ အမေရိကန် ရောက်နေတာ၊ အနှစ် (၂၀)ကျော်ပြီး အမေရိကန်စကားမတတ်တဲ့ တရုတတွေကို တွေ့ခဲ့ဘူးပါတယ်။ သူတို့ဟာ အမေရိကန်ဘာသာစကားကို တတ်စရာလည်း မလိုဘူးလေ။ ဘာလို့လည်းဆိုတော့ တရုတ်တွေရဲ့ ချိုင်းနားတောင်းဆိုတာ တရုတ်တွေစုပေါင်း ထူထောင်ထားတဲ့

ကိုယ်ပိုင်ကမ္ဘာလေးပဲလေ။ အမေရိကန်နိုင်ငံရဲ့ မြေတစ်စိတ်၊ တစ်ဒေသကို သိမ်းပိုက်ပြီး တရုပ်ပြည်အသေးလေး တည်ထောင်ထားတဲ့ သဘောမျိုးပါ။ အင်္ဂလန်နိုင်ငံမှာလည်း လန်ဒန်မြို့ရဲ့ အနောက်ပိုင်းမှာ အိန္ဒိယလူမျိုးတွေချည်းနေတဲ့ ရပ်ကွက် ရှိပါတယ်။ အင်္ဂလိပ်သံကို တစ်စက်မှ မကြားရပါဘူး။ အနံ့ကိုက အိန္ဒိယအနံ့တွေနဲ့၊ အသံတွေကလည်း အိန္ဒိယအသံတွေ မိုးမွှန်နေပြီး မြင်ကွင်းမှာလည်း အင်္ဂလိပ်ဆိုတာ တစ်ယောက်မှမတွေ့။ ဒါကြောင့် အဲဒီရပ်ကွက်ကို အိန္ဒိယနိုင်ငံသေးလေး (Little India) လို့ ခေါ်ပါတယ်။ ဒီလို ချိုင်းနားတောင်း ဒါမှမဟုတ် အိန္ဒိယနိုင်ငံလေးဆိုတဲ့ ရပ်ကွက်တွေဟာ အမေရိကန်၊ အင်္ဂလိပ် ကရုစိုက်စရာမလိုဘူး။ သူတို့ဖာသာသူတို့ လုံးဝရပ်တည်နိုင်တယ်ဆိုတဲ့ သဘောဆောင်ပါတယ်။ အင်္ဂလိပ်လို ပြောရရင်တော့ (Self sufficient) ပေါ့နော်။ ချိုင်းနားတောင်းမှာ တရုတ်တစ်ယောက်အနေနဲ့ တရုတ ဖြစ်ရတာကို ခေါင်းမော့ ဂုဏ်ယူပြီး လျှောက်သွားနိုင်တယ်။ ဘယ်အမေရိကန်ကိုမှ အထင်ကြီးစရာလည်း မလိုဘူး၊ ချိုင်းနားတောင်း ရှင်သန်ဖို့ အမေရိကန်ရဲ့ယဉ်ကျေးမှု၊ လူမှုစနစ်၊ အမေရိကန်အင်္ဂေ့အသက် လုံးဝမလိုအပ်ဘူး။ အမေရိကန် အကျင့်တွေကိုလည်း တရုတ်တွေက လက်မခံဘူး။ ကျွန်တော် (၂၀၀၅)ခုနှစ် နိုဝင်ဘာလက အမေရိကန်နိုင်ငံ အသည်းရောဂါအဖွဲ့ နှစ်ပတ်လည်ညီလာခံကို သွားပြီးတက်ခဲ့ရင်းနဲ့ ဆန်ဖရန်စစ္စကိုမြို့က ချိုင်းနားတောင်းကို ရောက်ခဲ့ပါတယ်။ ဆန်ဖရန်စစ္စကိုရဲ့ ချိုင်းနားတောင်းဟာ တော်တော်ကို ကြီးပါတယ်။ အဝင်မုခဦးကြီးက တရုတ်နဂါး၊ ကနုတ်ပန်းနဲ့ အကြီးကြီးဆောက်ထားပြီး ဝင်လိုက်ကတည်းက ဘယ်နားကိုပဲကြည့်ကြည့်၊ ဘာကိုပဲကြည့်ကြည့် အမေရိကန် နိုင်ငံမှာ ငါတကယ်ရောက်နေတာမှ ဟုတ်ရဲ့လားလို့ သံသယရှိလောက်အောင်ကို ဖြစ်မိပါတယ်။ ရှေ့မှာ ပြောခဲ့သလိုပဲ အင်္ဂေ့အသက်၊ အနံ့၊ အသံ၊ အမြင်အာရုံအားလုံးဟာ တရုတပဲ။ တရုတမှတရုတ်၊ အစားအသောက်၊ အဝတ်အစား၊ စာအုပ်စာတမး၊ ဆေးဝါး ဘာကိုပဲပြောပြော တရုတပဲ။ ချိုင်းနားတောင်း အလယ်မှာ ဘုံကျောင်းအကြီးကြီး၊ ဘုံကျောင်းရှေ့မှာ ရင်ပြင်လို ဟင်းလင်းပြင် (Open space) နေရာတစ်ခု လုပ်ထားတယ်။ အဲဒီ ကွက်လပ်ရဲ့ပတ်ချာလည်မှာ ကျောက်၊ သစ်သား၊ သံထိုင်ခုံမျိုးစုံကို တရတ် ဒီဇိုင်းနဲ့လုပ်ပြီး ချထားတယ်။အဲဒီဘုံကျောင်းရှေ့က ကွက်လပ်ထဲမှာ တရတ် အဖိုးကြီး၊ အဖွားကြီးတွေ နံနက်မှာ တိုက်ချိုချွမ်အားကစားလုပ်နေတာကို တွေ့ရတယ်။ တချို့က စစ်တုရင်၊ ကျားကစားနေကြတယ်။ တချို့က ခုံလေးတွေပေါ်မှာ အစီအရီထိုင်ပြီး ထွေရာလေးပါး၊ တရုတစကားနဲ့ ဝိုင်းဖွဲ့ပြောနေကြတယ်။ ဘုံကျောင်းကြီး နောက်ခံထားပြီး ဒီမြင်ကွင်းကို တွေ့လိုက်ရတော့ ကျွန်တော် တရုတပြည်သွားခဲ့တုန်းက တရုတဘုံကျောင်းတွေရဲ့ မြင်ကွင်းနဲ့ တစ်ထပ်တည်းဖြစ်နေတယ်။ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့လို့ ထင်စရာလုံးဝမရှိဘူး။ မနေနိုင်လို့ ကျွန်တော့် ကင်မရာနဲ့ အဲဒီဘုံကျောင်းတစ်ခွင် ပုံရိပ်တွေကို မှတ်တမ်းတင်ခဲ့တယ်။ ဓါတ်ပုံတွေရိုက်လွန်းလို့ လိုက်ပို့တဲ့ မိတ်ဆွေကတောင "ဆရာ၊ ဘာစိတ်ဝင်စားလို့

ဒီနားကို ဒီလောက်တောင် ဓါတ်ပုံတွေ ရိုက်နေရတာလဲ" လို့ မေးယူရတယ်။ ကျွန်တော်ကတော့ ကိုယ့်စိတ်ကူးနဲ့ကိုယ်ပေါ့။ အဲဒီတရုတ်တန်းက စားသောက်ဆိုင်ထဲ ဝင်လိုက်ရင်လည်း စားပွဲထိုး တွေထဲမှာ တစ်ယောက်လောက်ပဲ အမေရိကန်စကားကို နည်းနည်းပါးပါးပြောတတ်တယ်။ ထမင်း၊ ဟင်းပန်းကန် လာချပေးတဲ့လူ၊ မီးဖိုချောင်က အကင်ဆရာ၊ အချက်ဆရာတွေကတော့ အင်္ဂလိပ်၊ အမေရိကန် စကားနဲ့ ဝေလာဝေးပဲ။ တတ်စရာလည်း မလိုဘူးလေ။ ချိုင်းနားတောင်းဆိုတာ ကိုယ့်ဖာသာ တရုတလူမျိုး တွေစုပြီး တည်ထောင် ထားတဲ့ တရုတကမ္ဘာလေးပဲ။ ကိုယ့်ကမ္ဘာထဲကို ဝင်လာတဲ့ တရုတတန်းကိုလာပြီး စားသောက်ကြတဲ့ အမေရိကန်တွေကသာ တရုတစာသင်ဖို့၊ တရုတစကားပြောတတ်ဖို့ လိုတယ်ဆိုတာ မျိုးတောင် ဖြစ်လာတယ်။ ကျွန်တော့်မိတ်ဆွေ ပါမောက္ခကြီးတစ်ယောက်က ပြောဘူးတယ်။ သူ့အသိ တရုတ တစ်ယောက်က အမေရိကန် တရုတတန်းမှာစားသောက်ဆိုင်ကြီးဖွင့်ပြီး ကြီးပွားနေပြီတဲ့။ အဲဒီ တရုတဟာ အမေရိကန်ရောက်ကာစက "Let me take care" ဆိုတဲ့ လာပါ၊ ကြွပါ၊ ကျွန်တော် လိုတာ လုပ်ပေးပါမယ်လို့ ကြိုဆိုနှုတ်ခွန်းဆက် အဓိပ္ပါယ် ရှိတဲ့ အင်္ဂလိပ်စကားကို တရုပ်သံဝဲဝဲနဲ့ လမီတိတ်ကဲလို့ ပြောတာတစ်ခုပဲ တတ်တယ်တဲ့။ အမေရိကန်တရုတ်တန်းမှာ စားသောက်ဆိုင်လေးဖွင့်ပြီး သူ့ဆိုင်ထဲကို စားဖို့ဝင်လာတဲ့ အမေရိကန်တွေကို လမီတိတ်ကဲဆိုပြီး နေရာချပြီးတော့ ဟင်းလာ၊ မီနူးကဒ်ထိုးပေးလိုက်တယ်။ အမေရိကန် တွေကလည်း တရုတ်သံဝဲဝဲနဲ့ လမီတိတ်ကဲကို သဘောကျကြတယ်။ အမေရိကန်က မီနူးကဒ်ထဲက စားစရာကို လက်ညိုးနဲ့ထောက်ပြတယ်။ အဲဒီ နံပါတ်ကို သူကမှတ်၊ မီးဖိုသွားပြီး အဲဒါချက်ခိုင်း၊ ဟင်းခွက် ပြန်လာချ။ ဒီလိုနဲ့ လာသမျှလူကို သူတတ်သမျှ၊ မှတ်သမျှ လမီတိတ်ကဲနဲ့ပဲ ကြိုဆိုဧည့်ခံရင်းနဲ့ အမေရိကန်မှာ သူဌေးဖြစ်သွားတယ်တဲ့။ ကျွန်တော်ပြောချင်တာက ကိုယ့်လူမျိုး၊ ကိုယ့်အုပ်စုနဲ့ စုပေါင်းပြီး တည်ဆောက်ထားတဲ့ "တောင်း"လို့ ခေါ်တဲ့ ရပ်ကွက်ဆိုတာ အခြေခံရှိသွားရင် ကိုယ့်လူမျိုးတွေ စီးပွားရေး လုပ်စားလို့ ရသွားပြီပေါ့။ အင်္ဂလိပ်စကား၊ အမေရိကန်စကားတောင် တတ်ဖို့ မလိုဘူး။ ချိုင်းနားတောင်းကြီး ရှိနေတော့ တရုတတစ်ယောက် အလွယ်တကူ စီးပွားရေး တစ်ခုကို ထူထောင်လို့ ရတာပေါ့။ ဆန်ဖရန်စစ္စကို တရုတတန်းကတော့ အံ့မခန်းပါပဲ။ သူတို့ တင်စားပြောကြသလိုပြောရရင် ချိုင်းနားတောင်းမှာ တရုတပစ္စည်း ကို "အပ်ချည်လုံးကနေ ဆင်အထိ" ဝယ်လို့ရတယ်လို့ ပြောရမှာပါ။ သေးသေးမွှားမွှားလေးကနေ အကြီးကြီး၊ တရုတအိမ်တစ်အိမ် ဆောက်နိုင်တဲ့အထိ ပစ္စည်းစုံရှိပါတယ်။ ဘဲကင၊ ကြက်ကင်၊ ဝက်ခေါက်ကင်၊ ဝက်သားကင်တွေကလည်း လမ်းပေါ်ကကြည့်လိုက်ရင် စားချင်စဖွယ် သွားရည်ကျလောက် အောင်ကို အစီအရီ ချိတ်ထားတာကို တွေ့ရပါတယ်။ ဆိုင်ထဲဝင်လိုက်ပြီး ထိုင်လိုက်ရင် တရုတရေနွေးကြမ်း က စချတယ်။ တရုတအရက်မျိုးစုံ၊ ရှင်တောင်လို နာမည်ကြီး တရုတဘီယာမျိုးစုံ။ ကျွန်တော့်ဘေးပတ်လည် မှာ

စားနေကြတဲ့လူတွေကို ကြည့်လိုက်တော့ တရုတ်ကော၊ အမေရိကန်ကောပဲ။ အမေရိကန်အထိမ်းအမှတ် အမှတ်တရပစ္စည်း၊ ဆူဗီးနီးယား (Souvenirs) တွေကိုလည်း တရုတ်တန်းမှာ တရုတ်တွေကပဲ လုပ်ရောင်းတာ။ တိုးဝှေ့ဝယ်နေကြတာက အမေရိကန်တိုးရစ်(Tourist) တွေ။ ကမ္ဘာကျော် ဆန်ဖရန်စစ္စကို ချိုင်းနားတောင်းကို လာကြည့်ကြတဲ့ တိုးရစ်ကလည်း အများသား၊ တရုတ်အကြီးတွေဝယ်ပြီး တစ်ခါတည်းဝတ်၊ တရုတ်ဆိုင်ထဲဝင်၊ တရုတ်အစားအစာတွေမှာပြီး တရုတ်ဘယာတွေသောက်နေကြတဲ့ အမေရိကန်တွေ။ တရုတ်တွေ စုပေါင်းနေထိုင်ပြီး လုပ်ကိုင်စားသောက်နေတာကို တအံ့တသြ လာကြည့်ကြတာ၊ အဲဒီလို လာကြည့်ကြတဲ့ လူတွေထဲမှာ ကျွန်တော်လည်း အပါအဝင်ပါ။ ကျွန်တော်လည်း ချိုင်းနားတောင်း လေ့လာပြီးတာနဲ့ တရုတ်ဆိုင်တစ်ဆိုင်ထဲဝင်ပြီး တရုတ်စားပွဲထိုး လမီတိတ်ကဲနဲ့ ရှေ့မှာထိုးလာတဲ့မီနူးကဒ်ထဲ လက်ညှိုးထိုးပြ၊ ဘဲကင်၊ နံကင်၊ ကန်စန်းရွက်ကျော် မှာစားလိုက်တာ တော်တော်လေး အရသာတွေ့သွားတယ်။ အမေရိကန်တွေ တရုတ်ဆိုင်၊ ဘဲကင် အတန်းကြီးရှေ့မှာ ဓါတ်ပုံ ရိုက်ကြ၊ တရုတ်အဖွားကြီးတွေနဲ့ တွဲရိုက်လိုက်ကြနဲ့ တွေ့ရတော့ မဖြစ်တော့ဘား ငါလည်းလုပ်ဦးမှပဲဆိုပြီး အားကျမခံ တရုတ်တန်းသင်္ကေတတွေ နောက်ခံထားပြီး ဓါတ်ပုံတွေ တစ်ပုံပြီးတစ်ပုံ ရိုက်လိုက်မိပါတယ်။ အဲဒီလိုလုပ်နေတုန်းမှာ ကျွန်တော့်အတွေးတွေ ပျံ့လွင့်နေပါပြီ။ သူတို့တတွေဆီက ငါတို့အများကြီး စံနမူနာယူသင့်တယ်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်စနစ်၊ ကိုယ့်ယဉ်ကျေးမှုဆိုတာကို နိုင်ငံခြားရောက် တရုတ်တွေ၊ ချိုင်းနားတောင်း တရုတ်တန်းထောင်သလို မြန်မာတွေလည်း လုပ်သင့်တယ်။ မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာစာ၊ မြန်မာစကားတွေကို ဒီလို စုပေါင်းထိန်းသိမ်းကြမှ၊ အဝေးရောက်မြန်မာတွေ နိုင်ငံဂုဏ်ကိုဆောင်ပြီး အောင်မြင်ကြီးပွားကြမှာ။ တစ်ဦးချင်း တစ်ယောက်ချင်း ရောက်တတ်ရာရာမှာ သူများလခစား၊ ဝန်ထမ်းတွေ လုပ်နေကြပြီး ကိုယ့်သားသမီးတွေ မြန်မာစာ၊ မြန်မာစကားမတတ်တော့တာကို ဂုဏ်ယူနေကြရင်တော့ နိုင်ငံခြားမှာ မြန်မာတွေ ဘယ်တော့မှ ထိပ်တန်းရောက်မှာ မဟုတ်ပါဘူး။ ချိုင်းနားတောင်းမှာ လမ်းလျှောက်ရင်း ငါတို့မြန်မာတွေလည်း တစ်နေ့ သူတို့လိုဖြစ်အောင် သူတို့ကို နမူနာယူပြီး ကြိုးစားကြရမှာပါလားလို့ တွေးမိပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒင်မောင်ဝင်း (အသည်း)



အမေရိကန်နိုင်ငံချိုင်းနားတောင်းရှိ ဘဲကင်ဆိုင်ရှေ့ စာရေးသူရောက်စဉ်က



အမေရိကန်နိုင်ငံချိုင်းနားတောင်းရှေ့ စာရေးသူရောက်စဉ်က



အမေရိကန်နိုင်ငံချိုင်းနားတောင်းရှေ့ စာရေးသူရောက်စဉ်က

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၇)

(နိုင်ငံခြားကိုသွားဖို့ ပြင်ဆင်နေကြတဲ့ မြန်မာလူငယ်တွေအတွက် နိုင်ငံခြားသွားရင် တွေ့ကြုံရမယ့်၊ ရင်ဆိုင်ရမယ့် ပြဿနာ၊ နိုင်ငံခြားသွားသင့်၊ မသွားသင့် အချက်အလက်တွေကို ကိုယ့်ဘာသာ ချင့်ချိန်နိုင်အောင် ရေးနေပါတယ်။ ပြီးခဲ့တဲ့လက နိုင်ငံတကာမှာရှိတဲ့ ချိုင်းနားတောင်းလ့ခေါ်တဲ့ တရုတတန်းအကြောင်းကိုရေးရင်းနဲ့ တရုတ်လူမျိုးတွေ တစ်ဦးနဲ့တစ်ဦး စည်းစည်လုံးလုံး တိုင်တိုင်ပင်ပင်နဲ့ ရောက်ရာနိုင်ငံမှာ ကိုယ်ပိုင် တရုတ်ပြည်လေးတစ်ခုတည်ဆောက်ပြီး တရုတ်တန်းဆို နေကြတဲ့အကြောင်း ပြောနေပါတယ်။)

စင်္ကာပူသွားမယ့်မြန်မာတွေ

မနက်အစော ကျွန်တော် ဆေးရုံအသွား စင်္ကာပူသံရုံးရှေ့က ဖြတ်သွားတိုင်း စင်္ကာပူဗီဇာ ယူဖို့ တန်းစီနေတဲ့ မြန်မာတွေ အများကြီး တွေ့ရပါတယ်။ စင်္ကာပူကို မြန်မာတွေ တော်တော်လေး သွားကြတာ သိသာပါတယ်။ လွန်ခဲ့တဲ့ (၇)နှစ်လောက်တုန်းကတော့ မြန်မာတွေဟာ ထိုင်းနိုင်ငံကို အသွားများပါတယ်။ အခုတော့ အကြောင်းအမျိုးမျိုးကြောင့် ထိုင်းကို သိပ်မသွားကြတော့ပါဘူး။ စင်္ကာပူနဲ့မလေးရှားကို အသွားများကြပါတယ်။ စင်္ကာပူကို သွားကြတဲ့ မြန်မာတွေမှာ (၂)မျိုးရှိပါတယ်။ အလုပ်လုပ်ဖို့ သွားကြတဲ့သူတွေနဲ့ ကျောင်းသွားတက်တဲ့သူတွေပါ။ စင်္ကာပူကို ကျောင်းသွားတက်ကြတဲ့သူတွေထဲမှာ အများစုက စင်္ကာပူက ပိုလီကျောင်းကို သွားတက်ကြတဲ့သူတွေပါ။ လူငယ်အများစုဟာ ပိုလီကျောင်းကို တက်ကြလို့ ပိုလီဆိုတာဘာလဲ နည်းနည်းပြောချင်ပါတယ်။

စင်္ကာပူက ပိုလီကျောင်း

ကျွန်တော့်သမီး နှစ်ယောက်ဟာ စင်္ကာပူမှာ အလုပ်လုပ်နေကြပါတယ်။ သမီးအကြီးကတော့ ဆရာဝန်ပါ။ စင်္ကာပူအထွေထွေဆေးရုံကြီး (Singapore General Hospital) မှာလုပ်နေပါတယ်။ သမီးအငယ်ကတော့ စင်္ကာပူမှာ ရောက်နေတာ (၇)နှစ်ရှိပါပြီ။ သမီးငယ်ဟာ စင်္ကာပူနိုင်ငံ အစိုးရကဖွင့်တဲ့ ပိုလီတက်ကနစ် (Polytechnic) လို့ခေါ်တဲ့ကျောင်းတက်ပြီး အင်ဂျင်နီယာဒီပလိမာရပါတယ်။ ပိုလီတက်ကနစ်ကျောင်းကို ပိုလီလို့ပဲ အတိုခေါ်ပါတယ်။ ပိုလီတွေမှာ မြန်မာကျောင်းသားတွေ အများကြီး

တက်ကြပါတယ်။ ဒါကြောင့် ပိုလီဆိုတာ ဘာလဲဆိုတာ ပြောပြချင်တာပါ။ ကျွန်တော့်သမီး (၁၀)တန်း အောင်ပြီးခါစက တက္ကသိုလ်တက်မလား၊ စာပေးစာယူပဲ တက်မလား၊ အလုပ်ပဲလုပ်မလား။ ဘာဆကလုပ် ရမှန်းမသိဘဲ ဖြစနေတဲ့အချိန်မှာ စက်ာပူက မိတ်ဆွေတစ်ယောက်က "ခင်ဗျားသမီးကို စက်ာပူက ပိုလီ တက်ခိုင်းပါလား" ဆိုပြီး ပိုလီကျောင်း (၂)ကျောင်း ဝင်ခွင့်လျှောက်လွှာပုံစံတွေ ပို့လိုက်ပါတယ်။ ဒါပေမယ့် ကျွန်တော် ကြားဖူးနားဝ နားလည်ထားတာက ပိုလီဆိုတာ အဆင့်နိမ့်တဲ့ကျောင်း၊ ဒီပလိုမာပဲရတာ သိပ်ပြီးပညာအရည်အချင်း မရှိဘူးလို့ပဲ ထင်ထားတာ။ ဒါနဲ့ ပိုလီလျှောက်လွှာပို့ပေးတဲ့ ကျွန်တော့်မိတ်ဆွေကို ပိုလီလျှောက်လွှာတွေပို့ပေးလို့ ကျေးဇူးတင်တဲ့အကြောင်း ကျွန်တော်သမီးလေးကို ပိုလီ မတက်ခိုင်းတော့ ပါဘူးဆိုတဲ့အကြောင်းပြောပြီး ယဉ်ယဉ်ကျေးကျေးပဲ ငြင်းလက်ပါတယ်။

ဒီလိုနဲ့ပဲ ဘာမှန်းညာမှန်းမသိပဲ ပိုလီဆိုတာကို အထင်သေးမိတဲ့ ကျွန်တောဟာ သမီးငယ်ကို ပိုလီမတက်ခိုင်းပဲ ထားခဲ့မိပါတယ်။ သမီးလေး ဟိုကျူရှင်၊ ဒီကျူရှင်နဲ့ တစ်နေ့စ်လောက် ယောင်တောင်တောင် အချိန်ကုန်သွားပါတယ်။ ဒါနဲ့ ရန်ကုန်မှာရှိတဲ့ ကျွန်တော့်ရဲ့မိတ်ဆွေ စက်ာပူသားတစ်ယောက်ကို "ငါ့သမီးလေး စက်ာပူမှာ ကျောင်းတက်ခိုင်းချင်တယ်။ ဘာကျောင်းတက်ခိုင်းရရင် ကောင်းမလဲ"လို့ မေးလိုက်တော့ "ငါလည်းမသိဘူး၊ နားလည်တဲ့ မိတ်ဆွေကို ခေါ်လာခဲ့မယ်" လို့ပြောပြီး လသာလမ်းမှာ စက်ာပူနိုင်ငံ ကနေလာပြီး ဖွင့်ထားတဲ့ RV ဆိုတဲ့ ကုမ္ပဏီကအကြီးဆုံး မစ္စတာအားကပ်(စ်)ဆိုတဲ့ စက်ာပူသားကို ကျွန်တော ရုံးခန်းကို ခေါ်လာပါတယ်။ မစ္စတာအားကပ်(စ်)ဟာ သူ့လက်ထောက် (၂)ယောက်ပါခေါ်လာပြီး RV ကုမ္ပဏီရဲ့ နောက်ခံသမိုင်းအကြောင်းနဲ့စက်ာပူနိုင်ငံမှာ မြန်မာလူငယ်တွေ ဘာသင်တန်းတွေ တက်နိုင် တယ်ဆိုတာကို အသေးစိတ်ရှင်းပြပါတယ်။ အထူးသဖြင့် စက်ာပူနိုင်ငံမှာဖွင့်ထားတဲ့ ပိုလီကျောင်းတွေ အကြောင်းကို အသေးစိတ်ပြောပါတယ်။ အဲတော့မှ ကျွန်တော် သေချာမလေ့လာဘ ပိုလီတွေအပေါ် ထင်ထားခဲ့တာတွေဟာ လွဲနေတယ်ဆိုတာ သိရပါတယ်။ ပိုလီဆိုတာက အတတပညာ နည်းပညာတွေကို သင်ပေးတဲ့ ကျောင်းတွေပဲ၊ သူနာပြု၊ ဟိုတယ်ပညာ၊ ဘဏ်လုပ်ငန်း၊ အင်ဂျင်နယာမျိုးစုံ၊ စီမံခန့်ခွဲရေးပညာ စုံလို့ပါပဲ။ အဲလို အခြေခံနည်းပညာတတကျွမ်းတဲ့ ပညာရှင်တွေအများကြီးရှိမှ နိုင်ငံရဲ့အခြေခံ အဆောက်အဦး ခိုင်မာပြီး တိုင်းပြည်တိုးတက်မှုအရှိန်အဟုန်ကို မြင့်မားစေမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပိုလီ ကျောင်းတွေကို စက်ာပူအစိုးရက ဖွင့်ထားတာတဲ့။ ပိုလီကျောင်းကဒီပလိုမာဟာ (၃)နှစ်သင်တန်းဖြစပြီး စက်ာပူအစိုးရက ကျောင်းစရိတ် ထောက်ပံ့ကြေးပေးပါတယ်။ စာမေးပွဲဖြေပြီး အင်တာဗျူးတော့ ဝင်ရတာ ပေါ့လေ။ ဝင်ခွင့်အောင်လို့ရှိရင် (၃)နှစ်စာ ထောက်ပံ့ကြေးရပါတယ်။ ဒီပလိုမာရရင်တော့ စက်ာပူနိုင်ငံမှာ အလုပ်(၃)နှစ် လုပ်ပေးရတယ်တ။ အဲလို RV သင်တန်းကပိုလီကျောင်းတွေအကြောင်း အသေးစိတ်အကုန်

ပြောပြရှင်းပြတော့မှ ပိုလီဆိုတာ ဘယ်လိုသဘောတရားရှိတယ်ဆိုတာကို သဘောပေါက်သွားပါတယ်။ အဲတော့မှ ကျွန်တော် သမီးလေးကို စက်ဘူမှာပိုလီတက်ဖို့၊ လွှတ်ဖို့ စစီစဉ်ရတော့တာပဲ။ RV ကအဲလို ပိုလီတက်ချင်တဲ့ သူတွေကို လက်ခံကူညီ ဆောင်ရွက်ပေးနေပါတယ်။ ဒါပေမယ့် RV ကလည်း စည်းကမ်းကြီးပါတယ်။ လူတိုင်းကိုလက်ခံပြီး လုပ်မပေးပါဘူး။ (၁၀)တန်းမှာ အင်္ဂလိပ်စာ၊ မြန်မာစာနဲ့ သချိုင်္အမှတ်တွေကောင်းမှ RV သင်တန်းကို တက်ခွင့်ရပါတယ်။ RV မှာ ပိုက်ဆံသွင်းပြီး သင်တန်း (၆)လလောက်တက်ပြီးမှ စက်ဘူကပိုလီကျောင်းတွေရဲ့ အင်တာဗျူးစာမေးပွဲ ကိုဖြေရတယ်။ RV သင်တန်း (၆)လ ဆိုတာကလည်း အင်္ဂလိပ်စာကိုပဲ အဓိကသင်ရတာ။ စက်ဘူနိုင်ငံမှာ ပိုလီကျောင်းက အဓိက (၄)ကျောင်း လောက်ရှိတယ်။ အဲဒီကျောင်းတွေက တစ်နှစ်ကို (၂)ခါလောက် ရန်ကုန်ကိုလာပြီး ကျောင်းဝင်ခွင့်စစ်ပြီး ကျောင်းသားလာရွေးပါတယ်။ အရွေးခံရပြီဆိုတော့မှ စက်ဘူနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနကနေ စက်ဘူမှာ (၃)နှစ် နေထိုင်ကျောင်းတက် ခွင့်ပြုပြီဆိုတဲ့ စာလာပါတယ်။ တကယ့်ကို စက်ဘူမှာ တရားဝင်နေထိုင်ခွင့်စာပါ။ အဲဒီစာနဲ့ စက်ဘူသံရုံးမှာ ဗီဇာသွားလျှောက်ပြီးမှ စက်ဘူကို သွားရတာ။ တကယ့်ကို ယုံကြည်လောက်တ၊ စနစ်တကျဆောင်ရွက်ပေးတဲ့၊ RV သင်တန်းပါ။ ပိုလီသွားတက်တာနဲ့ ပတ်သက်လို့ လူငယ်တွေ ခဏခဏမေးတဲ့ မေးခွန်းရှိပါတယ်။ အသည်းရောင်အသားဝါဘီရောဂါပိုးရှိရင်ကော ပိုလီသွားတက်လို့ရသလားဆိုတာ တော်တော်လေး မေးကြပါတယ်။ ဘီပိုးရှိပေမယ့်လည်း ပလီတင်မကပါဘူး၊ စက်ဘူမှာ ဘယ်ကျောင်းတကတက် တက်လို့ရပါတယ်။ ပြောစရာတစ်ခုပဲရှိပါတယ်၊ ဘီပိုးရှိရင် ဆေးနဲ့ပတ်သက်တဲ့ သင်တန်းတွေတော့ တက်လို့မရဘူးပေါ့။ ဥပမာ သူနာပြု၊ အကြောအဆစ် ဖိဆီယိုသရာပီလိုသင်တန်းမျိုးတွေမှာတော့ လက်မခံပါဘူး။ နောက်ပြီးတော့ Early Childhood Education လို့ ခေါ်တဲ့ ကလေးငယ်လေးတွေကို စာသင်မယ့် ဆရာဖြစ်သင်တန်းလိုဟာ တွေမှာလည်း ဘီပိုးရှိရင် တက်လို့မရပါဘူး။ ဘီပိုးရှိတဲ့ ကျွန်တော့်ရဲ့ လူနာလူငယ်လေးတွေ စက်ဘူမှာ ပိုလီတို့ တက္ကသိုလ်တို့ တက်နေတာတွေ အများကြီးရှိပါတယ်။ စက်ဘူသွားတာနဲ့ပတ်သက်လို့ ကြုံတုန်း နောက်တစ်ခု ပြောချင်တာ ရှိပါသေးတယ်။ "ဆရာ သားလေးက ဘီပိုးရှိတယ်။ နောက်အပတ် စက်ဘူသွားတော့မှာ၊ လေဆိပ်မှာ ဘီပိုးစစ်ပြီး ရှိရင်လေဆိပ်ကနေ ချက်ချင်းပြန်လွှတ်တယ် ကြားလို့ ဟုတ်လား ဆရာ" အဲလိုမေးတဲ့လူတွေ အများကြီးပါ။ ကျွန်တော်က ဘယ်လိုပြန်ပြောသလဲဆိုတော့ "လေဆိပ်မှာ ဘီပိုးစစ်တယ် ဆိုတာ ဘယ်ဖြစ်နိုင်ပါ့မလဲဗျာ၊ စက်ဘူလေဆိပ်က (၁၀)မိနစ် တစ်စင်းလောက် လေယာဉ်ပျံတွေ ဆိုက်နေတာ၊ တစ်စင်း တစ်စင်းမှာ ခရီးသည်က (၁၀၀)ကျော်၊ လေယာဉ်ဆင်းလာတဲ့ ခရီးသည်တွေကို ဘယ်လိုလုပ်ပြီး ဘီပိုး စစ်မလဲ၊ မဖြစ်နိုင်တာ"လို့ပြောပါတယ်။ ဒါပေမယ့် ကျွန်တော်ပြောတာကို သူတို့ သိပ်ယုံချင်ပုံ မပေါ်ပါဘူး။

နိုင်ငံခြားသွားမယ မြန်မာတွေရဲ့ ဒုက္ခတွေပါ။ မသိနားမလည်တာကို အခွင့်ကောင်းယူ၊ အမြတ်ထုတ်မယ့် သူတွေကလည်း တစ်ပုံကြီးပါ။ ပိုလီအကြောင်း ဆက်ပြောရရင် ကျွန်တော့်သမီးလေး နှင်းနှင်းဝင်းဟာ RV သင်တန်းက စာမေးပွဲအောင်ပြီး နီအန်းပိုလီ (Ngee Ann Poly) က ဝင်ခွင့်စာမေးပွဲနဲ့ လူတွေ့ စစ်တာတွေလည်း အောင်ပြီးတော့ နီအန်းပိုလီမှာ မြို့ပြနဲ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအင်ဂျင်နီယာ (Civil and Environmental Engineer) သင်တန်းတက်ခွင့် ရပါတယ်။ ကျောင်းက လက်ခံတဲ့စာနဲ့အတူ "Dear Miss Hnin Hnin Win ....." လို့ အစချီထားတဲ့ စက်ဘူ Immigration က စက်ဘူမှာ (၃)နှစ် နေထိုင်ပြီး စာသင်ခွင့်ပြုလိုက်တဲ့စာ ပါလာပါတယ်။ ပိုလီကျောင်းဝင်ခွင့်ရပြီးတဲ့နောက် RV က ဘယ်လို ထပ်ပြီး ကူညီပေးဖို့စီစဉ်ထားသလဲဆိုတော့ စက်ဘူလေဆိပ်မှာ လာကြိုပေးရမလား၊ စက်ဘူမှာနေဖို့ အိမ်ရှာပေးရမလား၊ ကျောင်း (၃)နှစ် တက်နေတဲ့ ကာလအတွင်းမှာ RV ကလိုအပ်တဲ့ ကူညီစောင့်ရှောက် အကြံဉာဏ် ပေးရမလားဆိုတဲ့ လုပ်ပေးတာတွေလည်း ရှိပါသေးတယ်။ သူ့အပိုင်းနဲ့သူ လုပ်ပေးသလောက် ပိုက်ဆံတော့ ပေးရတာပေါ့။ မတန်တဆကြီး တောင်းတာ မဟုတ်ပါဘူး၊ သူလုပ်ပေးတဲ့အလုပ်နဲ့ တန်ရုံပဲ တောင်းတာပါ။

ကျွန်တော့်သမီးလေး စက်ဘူထွက်အသွား လေဆိပ်လိုက်ပို့ပြီးပြန်လာကြတော့ တစ်အိမ်လုံး ငိုကြတယ်။ ကျွန်တော့်အမေ အသက်(၇၀)ကျော်လည်း တော်တော်စိတ်ထိခိုက်ပုံပေါ်ပါတယ်။ "မင်းမှာ စားစရာ ပိုက်ဆံ မရှိလို့ ကလေးလေးကို အလုပ်လုပ်ခိုင်းဖို့ လတ်ရတာလား" ဆိုပြီး ဆူပါတယ်။ ကျွန်တော့်ဇနီး ကလည်း တစ်ညလုံး လုံးဝမအိပ်ဘူး၊ ကျွန်တော့်ညီမတွေလည်း စကားမပြောနိုင်ကြဘူး။ သမီးလေး စက်ဘူ လေယာဉ်ဆိုက်သွားပြီး တည်းတဲ့အိမ်ရောက်သွားတော့ ဖုန်းပြောပြီး ငိုလိုက်ကြတာ။ ဖုန်းတွေဆက်ကြရင်းနဲ့ ဟိုကငို၊ ဒီကငို တစ်ပတ်လောက်ဟာ တော်တော်လေး စိတ်ဆင်းရဲဖို့ ကောင်းပါတယ်။ ငါလုပ်တာများ မှားပြီလားဆိုတဲ့ အတွေးတွေတောင် ဝင်လာမိတယ်။ တဖြည်းဖြည်းနဲ့ အချိန်က ကုစားသွားပြီး စိတ်သက်ရာ ရလာတာပေါ့။ တွေးကြည့်ပြန်တော့လည်း တစ်သက်လုံး ကိုယ်က သူ့ကို စောင့်ရှောက်ထားနိုင်မှာ မဟုတ်တာ။ သမီးလေး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ပြီး သွားတတ် လာတတ် ဖြစ်လာဖို့ လိုပါတယ်။ နိုင်ငံတကာ အတွေ့အကြုံတွေရပြီး passport ထိန်းသိမ်းတတ်၊ ငွေကို ကိုင်ပြီးသုံးစွဲတတ်၊ လူတွေ သူငယ်ချင်းတွေနဲ့ အလုပ်ခွင်မှာ ဆက်ဆံတတ်၊ လုပ်တတ်ဖို့ဆိုတာလည်း သိပ်ကိုလိုအပ်တဲ့ အရည်အချင်း တွေပါ။ သမီးလေးကျောင်းစတက်တော့ ပထမနှစ်မှာစာအပြင် ကိုယ်လက်ကြံ့ခိုင်သန်စွမ်းရေးအတွက် လေ့ကျင့်ခန်းတွေ၊ ပြေးတာ၊ ရေကူးတာ အားလုံးလုပ်ရတယ်ဆိုတော့ ကျွန်တော်အံ့သြသွားမိတယ်။ သမီးတက်တဲ့ သင်တန်းတင်မဟုတ်ဘူး၊ ပိုလီမှာရှိတဲ့ သင်တန်းတိုင်းမှာ တက်တဲ့သူတွေအားလုံး ပထမနှစ်မှာ ဒီလိုကိုယ်ခန္ဓာကြံ့ခိုင်ရေးသင်တန်းတွေ တက်ရတယ်၊ ကြံ့ခိုင်ရေးဘာသာရပ်ကို ဆန်းစစ် စာမေးပွဲတွေ

ဖြေရတယ်။ သိပ်ကိုကောင်းတဲ့ စနစ်ပါ။ ကျန်းမာမှ ပညာသင်နိုင်မယ်ပေါ့။ နိုအန်းပိုလီကျောင်းကလည်း စာသင်ကြားရေး အထောက်အကူပစ္စည်းတွေက သိပ်ကိုခေတ်မီတယ်။ လန်ဒန်ကလာတဲ့ တက္ကသိုလ် ကျောင်းသားတစ်ယောက်က ပိုလီကျောင်းကို သွားကြည့်ပြီး အင်္ဂလိပ်တက္ကသိုလ်တွေ၊ ကျောင်းတွေဟာ ခေတ်သိပ်နောက်ကျနေပြီ။ စက်ာပူက ပိုလီတွေလောက် သင်ကြားရေးပစ္စည်းတွေ၊ စာကြည့်တိုက်တွေက မကောင်းဘူးလို့ပြောပါတယ်။ သမီးလေးဟာ တော်တော်ကြိုးကြိုးစားစားနဲ့ သင်တန်းတွေကို လိုက်တက်ရပါတယ်။ အထူးသဖြင့် သူကြိုးစားရတာကတော့ အင်္ဂလိပ်စာနဲ့ သင်တန်းပို့ချတာတွေ နားလည်ဖို့ပဲ။ သင်တန်းဆရာအားလုံးက အင်္ဂလိပ်လိုပဲ ပြောတာ၊ သင်တာဆတော့ မြန်မာပြည်က (၁၀)တန်းအောင်သွားတဲ့ သူတစ်ယောက်အဖို့ ဆရာအင်္ဂလိပ်လိုပြောတာ နားလည်ဖို့ တော်တော်လေးကို ကြိုးစားရတာပေါ့။ Email/Internet တွေကိုလည်း ရောက်ကတည်းက တွင်တွင်ကျယ်ကျယ် သုံးရတယ်။ ပြီးတော့ စက်ာပူရဲ့ လူနေမှုစနစ်နဲ့ အံဝင်ခွင်ကျဖြစ်အောင်လည်း တော်တော်လေး ကြိုးစားနေထိုင်ရတာပေါ့။ ရုတ်တရက်ကြီး လူမှုပတ်ဝန်းကျင်ကြီး ပြောင်းလွဲသွားတော့ သူ့ခမျာ တော်တော် ဒုက္ခရောက်ရှာတာပေါ့။ (၆)လ လောက်ကြာတော့မှ သမီးလေး နေသားကျသွားပါတယ်။ ရန်ကုန်နဲ့စက်ာပူက လူကြုံ အမြဲရှိရင်တော့ အစားအသောက်တွေလည်း မပြတ်ဘူး။ ဖုန်းကလည်း နေ့တိုင်းပြောဆိုတော့ မြန်မာပြည်မှာ မိဘတွေနဲ့ အတူတူ နေတဲ့အတိုင်းပဲ သူ့စိတ်ထဲမှာ ခံစားလာရပါတယ်။ (၆)လလောက် ကြာလာတော့မှ သူငယ်ချင်းတွေလည်း ရလာတယ်။ စက်ာပူ အစားအသောက်တွေကလည်း စားတတ်လာတယ်ဆိုတော့ နည်းနည်းပျော်လာတာပေါ့။ မြန်မာတွေကလည်း များသထက်များလာတော၊ မြန်မာ အသိုင်းအဝိုင်းကြီးနဲ့ နေရတာဆိတော့ အနေချောင်လာပြီး စိတ်မှာ နိုင်ငံခြားမှာနေရတယ်ဆိုတဲ့ ကျဉ်းကျပ်မှုကို မခစားရတော့ဘူး။ ပြီးတော့ ပိုလီတက်ဖို့ (၃)နှစ်နေထိုင်ခွင့်ကဒ် ကိုင်ထားသူတစ်ယောက်ဟာ အချိန်ပိုင်း အလုပ်တွေကို တရားဝင်လုပ်ခွင့်ရှိတယ်တဲ့။ သမီးရဲ့သူငယ်ချင်း အချို့ဟာ ညနေကျောင်းပြီးတာနဲ့ (၄)နာရီက (၈)နာရီ အချိန်ပိုင်းလုပ်တော့ အိမ်ကငွေ မပို့ရတဲ့ အပြင် အိမ်ကိုတောင် ပိုက်ဆံပြန်ပို့နိုင်သတဲ့။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒေါက်တာမောင်ဝင်း (အသည်း)


SFW 8563Y



နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၈)

(နိုင်ငံခြားကိုသွားဖို့ စိတ်ကူးနေတဲ့၊ ကြိုးစားနေတဲ့မြန်မာလူငယ်တွေအတွက် နိုင်ငံခြားသွားရင် ကြုံတွေ့ရမယ့်၊ ရင်ဆိုင်ရမယ့် ပြဿနာအခက်အခဲတွေကို ရင်ဆိုင်ဖို့ရာ ကြိုတင်ပြင်ဆင်ထားနိုင်ဖို့ သိထားသင့်တဲ့ အချက်အလက်တွေကို ရေးနေပါတယ်။ ပြီးခဲ့တဲ့လကတော့ စက်ာပူသွားပြီး ကျောင်းတက်မယ့် မြန်မာလူငယ်လေးတွေအတွက် ရည်ရွယ်ပြီး စက်ာပူကမြန်မာတွေအကြောင်း ရေးခဲ့ပါတယ်။)

<u>စက်ာပူကကျောင်းတွေ</u>

စက်ာပူမှာကျောင်းသွားတက်မယ်ဆိုရင် ကျောင်းတွေအများကြီးရှိတယ်လို့ ပြောရပါမယ်။ ကျွန်တော် သိသလောက စက်ာပူကကျောင်းတွေကို အကြမ်းဖျဉ်းခွဲခြားပြီး ပြောရမယ်ဆိုရင်တော့ အစိုးရကျောင်းနဲ့ ပုဂလိကကျောင်းလို့ (၂)ခုခွဲပြောရပါမယ်။ အစိုးရကျောင်းတွေကတော့ ပိုလီကျောင်းတွေနဲ့ အစိုးရတက္ကသိုလ် National University of Singapore NUS ပေါ့။ ဒီအစိုးရကျောင်းတွေကတော့ ထောက်ပံ့ကြေး Scholarship ပေးလေ့ရှိတယ်။ ဒါကြောင့် အစိုးရကျောင်းတက်ရတာက စရိတ်စက အရမ်းသက်သာတယ်။ ဒီကျောင်းတွေမှာတက်မယ်ဆိုရင် နေထိုင်ခွင့်ဗီဇာအတွက်လည်း ပြဿနာမရှိဘူး။ ဒီကျောင်းတွေက ကျောင်းသားနေထိုင်ခွင့် ဗီဇာကဒ်ပြားလေးရရင် အားလပ်ချိန်မှာ တရားဝင်အလုပ်ဝင်လုပ်လည်း ရတယ်။ ပုဂ္ဂလကကျောင်းတွေကတော့ အများကြီးပဲ။ အဆင့်အတန်းမျိုးစုံ သိပ်ကွဲပြားလွန်းတယ်။ ကျောင်းလခပဲယူပြီး ကျောင်းသားကဒ်လောက်ပဲ ထုတ်ပေးတယ်၊ စာလည်းဟုတ်တိပတ်တိ မသင်ဘူးဆိုတဲ့ကျောင်းတွေက တစ်ပုံတခေါင်း။ အဲလို ကျောင်းတွေကို တက်တဲ့သူတွေကလည်း စာသင်ချင်လို့မဟုတ်ဘး။ စက်ာပူမှာ နေထိုင်ခွင့် ရရင်ပြီးရောဆိုပြီး ကျောင်းလခသွင်း၊ ကျောင်းသားဗီဇာ လျှောက်ရုံ သက်သက်ပဲလေ။ အဲလို ကျောင်းမျိုး တွေ့ရှိသလို တစ်နှစ်ကို ကျောင်းလခ စက်ာပူဒေါ်လာ သောင်းနဲ့ချီပေးရပြီး ဝင်ခွင့်လည်း အရမ်းခက်ခဲတဲ့ ကျောင်းကြီးတွေ ရှိသေးတယ်။ ဥပမာ SMU လို့ခေါ်တဲ့ Singapore Management University နဲ့ SIM လို့ခေါ်တဲ့ Singapore Institute of Management ဆိုရင် ဝင်ခွင့်ရဖို့ကို အရမ်းခက်တယ်။ အင်္ဂလန်၊ အမေရိကန်က တက္ကသိုလ်ကြီးတွေနဲ့ ချိတ်ထားပြီး ဘွဲ့ကိုလည်း အဲဒီနိုင်ငံတွေမှာ သွားယူလို့ရအောင် လုပ်ပေးထားတယ်။ ဆိုလိုတာက စက်ာပူက ပုဂ္ဂလိကကျောင်းဆိုတာရောက်တော့ သေချာမလေ့လာဘဲသွားပြီး ကျောင်းလခသွင်းလိုက်ပြီးတော့မှ မရေမရာလုပ်စားနေတဲ့ကျောင်းက သင်တန်းမျိုးဖြစ်နေရင် မြန်မာလူငယ်တွေ နစ်နာမှာပေါ့။ မြန်မာပြည်မှာလည်း အဲလို နာမည်မျိုးစုံနဲ့ သင်တန်းမျိုးစုံ ရှိတာပဲလေ။ သိတဲ့အတိုင်း ဘယ်နိုင်ငံမှာမဆို ပုဂ္ဂလိက သင်တန်းတွေ၊ ကျောင်းတွေရဲ့အဆင့်တွေက အမျိုးမျိုးကွဲပြားလွန်းတယ်။

ကိုယ့်နိုင်ငံမှာတောင် ကွန်ပြူတာ သင်တန်းတက်ချင်ရင် ဘယ်ကျောင်းတက်ရမှန်း မသိလောက်အောင် များပြားခြားနားလွန်းတယ်။ စက်ပစ္စည်းဆိုရင်တော့ ပြောမနေနဲ့တော့။ ကျောင်းလမ်းညွှန်စာရွက်တွေကို ဖတ်ကြည့်မယ်ဆိုရင် သူ့ကျောင်းကဘွဲ့က စက်ပစ္စည်း အမြင့်ဆုံး၊ အင်္ဂလန်၊ ဩစတြေးလျတက္ကသိုလ်တွေနဲ့ အဆင့်တူ၊ သူ့ကျောင်းကအောင်ပြီးရင် ဘယ်မှာသွားလုပ်လုပ် ရတယ်ဆိုတာမျိုးတော့ ရေးကြတာပေါ့။ ဒါပေမယ့်လို့လည်း ဘယ်လိုပဲ ကျောင်းကောင်းကြောင်းတွေ ရေးထားရေးထား အကျိုးမရှိဘဲ ဖြစ်နိုင်ပါတယ်။ တချို့မြန်မာလူငယ်တေ ရောက်တော့လည်း သိသိကြီးနဲ့ ခပ်ညံ့ညံ့ စျေးချိုချိုကျောင်းတွေမှာ သင်တန်းကြေးသွင်း၊ ကျောင်းသားဗီဇာ လျှောက်ပြီး စက်ပစ္စည်းမှာ နေလို့ရရုံပဲ လုပ်ထားတယ်။ ပြီးတော့မှ ကျောင်းမတက်ဘဲ ဒီပြင် အချိန်ပိုင်း (Part-time) အလုပ်တွေလုပ်တယ်၊ အချိန်ပိုင်းအလုပ်တွေကို လျှောက်တယ်၊ အလပ် အင်တာဗျူးတွေ လိုက်ဖြေတယ်၊ ကျောင်းတက်တယ်ဆိုတဲ့ ဗီဇာလေးနဲ့တည်းပြီး စက်ပစ္စည်းမှာ နေနေတာပေါ့။ အဲလိုရှုန်းကန်ကြိုးစားရင်းနဲ့ အဆင်ပြေသွားတ မြန်မာလူငယ်တွေလည်း အများကြီးတွေ့ဘူးပါတယ်။ ခုနကပြောသလို ပေါပေါပဲပဲ စက်ပစ္စည်းကျောင်းတွေရှိသလို အရမ်းအဆင့်မြင့်တဲ့ ကျောင်းကြီးတွေကလည်း စက်ပစ္စည်းမှာ မနည်းပါဘူး။ အင်ဂျင်နီယာ၊ ဟိုတယ်လုပ်ငန်း၊ ဘဏ်အတတ်ပညာ၊ စီမံခန့်ခွဲရေး လိုင်းပေါင်းစုံမှာ အဆင့်မြင့်ကျောင်းကြီးတွေ ရှိပါတယ်။ စက်ပစ္စည်းမှာ ကျောင်းသွားတက်မယ့် လူငယ်တွေအနေနဲ့ စက်ပစ္စည်းမှာ အမျိုးမိတ်ဆွေအခံ ရှိရင်ရှိ၊ မရှိရင် ကျောင်းသားတွေ အတွက် လုပ်ပေးနေတဲ့ ပွဲစားကုမ္ပဏီတစ်ခုခုနဲ့ ဆက်သွယ်ပြီးကျောင်းရွေးမှ ဖြစ်မှာပါ။ သိပ်နာမည်ကြီးတဲ့ ကျောင်းကြီးတွေ ဥပမာ- SMU လို SIM လို (Big names)တွေကတော့ ရွေးတာ ပြဿနာမရှိဘူး။ အလယအလတ်နဲ့ အောက်ခြေ ပုဂ္ဂလိကကျောင်းလေးတွေက စက်ပစ္စည်းမှာ ပွစိတက်နေတာ။ နိုင်ငံခြားဆိုလို့၊ စက်ပစ္စည်းဆိုလို့ အစစ အရာရာအထင်ကြီးရင မှားသွားပါလိမ့်မယ်။ စက်ပစ္စည်းတင်မကပါဘူး၊ နိုင်ငံခြားဆိုတာတွေမှာလည်း လူလိမ်လူရွှပ်၊ ကလိမ်ကကျစ်တွေက အပြည့်ပါ။ စက်ပစ္စည်းမှာတော့ စနစ်ရှိမှာပ၊ မဟုတ်တာလုပ်မှာ မဟုတ်ဘူးလို့ မအောက်မေ့ပါနဲ့၊ ဘွတ်နဲ့ရွှတ်နဲ့ ဘောင်းဘီ၊ နက်ကတိုင်ဝတ်ထားပြီး အင်္ဂလိပ်လို တွေပြောနေလို့ တအံ့တသြနဲ့ အထင်ကြီးစရာမလိုပါဘူး၊ အဲဒီလူတွေလည်း လူသားတွေပါပဲ လူတွေရဲ့သဘောသဘာဝအတိုင်း ကိုယ့်အပေါ်မှာ လိမ်သွားနိုင်တယ်၊ ညာသွားနိုင်တယ်၊ ညစ်သွားနိုင်တယ်ဆိုတာ အမြဲသတိထားရပါမယ်။ အထူးသဖြင့် ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းပြည်မှာ မဟုတ်တော့ ပိုလို့တောင် ဂရုစိုက်ရပါမယ်။ ဒီလိုပြောလို့ စက်ပစ္စည်းဆိုတာ ကြောက်စရာကြီး လို့ ဆိုလိုတာ မဟုတ်ပါဘူး။ သတိဆိုတာလေးရှိဖို့နဲ့ နိုင်ငံခြားသားကို တအားကြီး အထင်မကြီးဖို့၊ ဂရုစိုက်ဖို့ ပြောတာပါ။

<u>စက်ပစ္စည်းပီအာရ် PR</u>

စက်ပစ္စည်းအစိုးရကျောင်းတွေတက်ရတာ ဘွဲ့ရပြီးလို့ရှိရင် ဘဝရှေ့ရေးလည်း သေချာတယ်လို့ ပြောရ မှာပေါ့။ ဘာလို့လဲဆိုတော့ ဘွဲ့ရပြီးလို့ အလုပ်လျှောက်လိုက်တာနဲ့ အလုပ်ရှင်က တစ်ခါတည်း ပီအာရ် (PR)

ကို ထောက်ခံပြီး တန်းတင်ပေးတယ်။ ပီအာရ်ဆိုတာက စင်္ကာပူနိုင်ငံမှာ အမြဲတန်း နေထိုင်ခွင့်ကို ပြောတာ၊ Permanent Residence ပေါ့။ ပါမင်းနင့် Permanent ဆိုတာက အမြဲတန်း၊ ရဲဆီးဒင့်စ် Residence ဆိုတာက နေထိုင်တာ။ PR ဆိုတော့ စင်္ကာပူနိုင်ငံမှာ အမြဲနေထိုင်ခွင့် ပေးလိုက်တဲ့သဘောပေါ့။ PR ရပြီဆိုရင် PR ကဒ်ပြားလေး ထုတ်ပေးလိုက်ပါတယ်။ PR ကဒ်ပြားလေးမှာတော့ (၅)နှစ် နေထိုင်ခွင့် ပြုတယ်ဆိုတာ ပါတယ်။ (၅)နှစ်တစ်ခါတော့ ကဒ်လဲရတာပေါ့။ ကဒ်လဲတဲ့အချိန်မှာ အလုပ်တစ်ခုခုရှိနေရင် ပြီးတာပဲ။ အဲလို စင်္ကာပူအစိုးရကျောင်းက ပြီးတဲ့သူဟာ အလုပ်တစ်ခုခုလျှောက်လိုက်လို့ရတာနဲ့ အလုပ်ရှင်က PR ထောက်ခံပေးလိုက်ပြီး တစ်လအတွင်းမှာ PR ကျတာဟာ တကယ့်ကို အစိုးရကျောင်းတက်ရတာရဲ့ အားသာတဲ့အချက်ပါ။ PR ကျပြီဆိုတာနဲ့ ဘဝက လုံးဝကို ပြောင်းသွားတာ။ အလုပ်လျှောက်ရတာမှာလည်း အရမ်းလွယ်ကူသွားတယ်။ နည်းနည်းမြင့်တဲ့ အလုပ်တော်တော်များများ ခေါ်တဲ့ကြော်ငြာတွေမှာ Singapore PR only ဆို တဲ့ စကားပူ PR ရပြီးသားသမျှားသာ ဆိုတာက ပါနေတာ။ အင်တာနက်တပ်ဖို့ သွားလျှောက်မယ်ဆိုရင်လည်း PR ရှိမှသာ၊ ဟိုဟာလုပမယ် ဒီဟာလုပ်မယ်ဆို သွားကြည့်လိုက်တိုင်း PR only ဆိုတဲ့စာတွေက ပါပါနေတာ။ PR ရှိမှအလုပ်ကဖြစ်တာ။ ပြီးတော့ အလုပ်တစ်ခုနားပြီး နောက်အလုပ်သစ်ရှာချင်တယ်ဆိုရင်လည်း PR သမားက အေးအေးဆေးဆေးနားနားနေနေ ရှာလို့ရတယ်။ လောစရာမလိုဘူး၊ စိတ်ကြိုက်အလုပ်ကို ထိုင်စောင့်ပြီး ရွေးလို့ရတယ်။ ဗီဇာအတွက် ခေါင်းရှုပ်စရာ မလိုဘူး။ work permit နဲ့ အလုပ်လုပ်တဲ့လူက အလုပ်တစ်ခုပြီးပြီဆိုရင် နောက်အလုပ်မရခင်မှာ စင်္ကာပူမှာ ဆက်နေဖို့က ပြဿနာ၊ စိတ်သိပ်မောရတယ်။ PR သမားက ဒူးနှံ့နေရုံပဲ။ အလုပ်လုပ်ရင် PRသမားတွေမှာ စင်္ကာပူအစိုးရက လခထဲကနေငွေဖြတ်ပြီး ပင်စင်သဘောမျိုး ငွေစုပေးတယ်။ အဲဒီလို ငွေစုပေးတာကို Central Providence Fund (CPF) လို့ခေါ်တယ်။ အတိုကတော့ CPF ပေါ့။ ပင်စင်ယူတဲ့အချိန်မှာ CPF ကို ပြန်ထုတ်လို့ရတယ်။ ကိုယ့်ပိုက်ဆံကိုယ်ပြန်စုတယ်ဆိုပေမယ့်လို့ တချို့ အလုပ်တွေမှာရောက်တော့ အလုပ်ရှင်က ထပ်ဆောင်း ပေးသေးတယ်။ ကိုယ်ရတဲ့ (Allowance) ရဲ့ ဆယ်ရာခိုင်နှုန်းကိုဖြတ်ပြီး အစိုးရက လစဉ် CPF စုပေးတယ်ဆိုပါစို့။ အလုပ်ရှင်က ကိုယ့်ပိုက်ဆံနဲ့ညီမျှတဲ့ ပမာဏကို ကိုယ့်ရဲ့ CPF ထဲက လစဉ်ထည့်ပေးတယ်။ လောလောဆယ် ကိုယ်သုံးဖို့မရပေမယ့် စုမိနေတာ ကိုယ့်ပိုက်ဆံပဲလေ။ PR ရဲ့ အကျိုးကျေးဇူးတွေပေါ့။ PR ဆိုရင် အိမ်၊ မြေ၊ တိုက်ခန်း၊ ဆိုင် ဝယ်ခွင့်ရှိသွားပြီ။ လုပ်ငန်းတွေ လုပ်ခွင့်ရှိသွားပြီ၊ အိမ်ထောင်သည် PR ဆိုရင် ဈေးအရမ်းချိုတဲ့ HDB လို့ခေါ်တဲ့ Housing Development Board စင်္ကာပူအစိုးရ အိုးအိမ်ဖွဲ့ဖြိုးရေးဌာနက ဆောက်ထားတဲ့ တိုက်ခန်းတွေ ဝယ်ခွင့်ရှိသွားပြီ။ ဒါဟာ စင်္ကာပူက အစိုးရကျောင်းတက်လို့ PR ရရင်၊ ရမယ့်အခွင့်အလမ်းတွေကို ပြောပြနေတာပါ။ PR ရရင် ကိုယ်တင်မကဘူး၊ ကိုယ့်ရဲ့အမေ၊ အဖေ၊ အိမ်ထောင်ဖက်ကို စင်္ကာပူမှာ နှစ်ရှည်နေထိုင်ခွင့် ကဒ်ပြားလျှောက်လို့ရသေးတယ်။ ကိုယ့်မိဘတွေ စင်္ကာပူကို ခေါ်လိုက်၊ လိုအပ်တဲ့ ထောက်ခံစာ ကိုယ်ရဲ့ PR ကဒ်မိတ္တူနဲ့ ပုံစံတွေ ဖြည့်ပြီးလျှောက်လိုက်ရင် ဆေးစစ်ဖို့ ပုံစံကို (၂)ပတ်လောက် ကြာရင်ပို့တယ်။ လူဝင်မှုကြီးကြပ်ရေးက အသိအမှတ်ပြုတဲ့ဆေးခန်းတစ်ခုခုမှာသွား၊ စင်္ကာပူ

ဒေါ်လာ (၁၂၀) ပေးပြီး အသည်းရောင်အသား၀ါဘီပိုး၊ HIV ပိုး သွေးစစ်၊ စမ်းသပ်ခံ၊ ဓါတ်မှန်ရိုက်ရတယ်။ အဲဒီလို ဆေးစစ်ပြီး ဆေးလက်မှတ်ရရင် Immigration and Check point Authority (ICA) လို့ခေါ်တဲ့ လူဝင်မှုကြီးကြပ်ရေးရုံးကြီးကို ပြန်ပို့လိုက်၊ နောက် (၂)ပတ်လောက်နေရင် စကာပူမှာ (၅)နှစ်နေထိုင်ခွင့်ကဒ်ပြား ထုတ်ပေးလိုက်တယ်။ အဲဒီကဒ်ပြားက PR နဲ့တော့ ကွာတာပေါ့။ နေထိုင်ခွင့်က Long stay pass ဆိုတဲ့သဘောပေါ့။ အဲလို ကဒ်လေးတွေ ရပြီဆိုရင် ကိုယ့်မိဘတွေ ကိုယ်စီလာလည်တာ လွယ်သွားတာပေါ့။ ဗီဇာတွေဘာတွေလည်း လျှောက်စရာ မလိုတော့ဘူး။ စက်ာပူလေဆိပ်ရောက်တော့လည်း လူတွေ အများကြီး တန်းစီနေတဲ့ လူဝင်မှုကြီးကြပ်ရေးကောင်တာတွေမှာ သူများတွေနဲ့ရောပြီး တန်းစီနေစရာ မလိုဘူး။ စက်ာပူနိုင်ငံသားများနဲ့ နေထိုင်ခွင့်ကဒ်ပြားကိုင်ဆောင်ထားသူ များသာဆိုတဲ့ လူနည်းနည်းလေး ရှိတဲ့လိုင်းကိုသွားလိုက်၊ PR ရဲ့မိဘဆိုပြီး ရထားတဲ့ နေထိုင်ခွင့်ကဒ်ပြားလေးပြလိုက်ရင် သူတို့ ကွန်ပျူတာလေဆာနဲ့ စစ်တဲ့ စက်ထဲထည့်ကြည့်လိုက်ပြီး OK ဆိုရင်ပြီးရော။ ကဒ်ပြားလေးပြန်ယူပြီး အပြင်ထွက်သွားရုံပဲ။ Passport ကို ဟိုလှန်ဒီလှန်၊ ဟိုမေးဒီမေး ပြဿနာ မရှိတော့ဘူး။ အတော့်ကို လွယ်ကူသွားတာ။ PR ရရင် ကိုယ်တင်မကဘူး၊ ကိုယ့်မိဘတွေပါ အဆင်ပြေတဲ့အကြောင်း ပြောပြတာပါ။ အဲလိုကဒ်ပြားလေး ရှိတော့ မိဘတွေကို စက်ာပူခေါ်ပြီး စိတ်အေးလက်အေး နေခိုင်းထားလို့ရတယ်။ ဟိုရုံးသွားရ၊ ဒီရုံးသွားရ တန်းစီပြီး ဗီဇာ၊ သက်တမ်းတိုးဆိုတဲ့ ဒုက္ခတွေ ကိုယ့်မိဘတွေ မခံစားရတော့ဘူးပေါ့။ PR ရဲ့ နောက် အခွင့်အရေးတစ်ခုကတော့ PR (၃)နှစ်ရရင် စက်ာပူနိုင်ငံသား (Citizen) လျှောက်ခွင့်ရှိပါတယ်။ အဲလို စက်ာပူနိုင်ငံသားဖြစ်သွားလို့ စက်ာပူ passport ကို ပြောင်းကိုင်မယ်ဆိုရင်တော့ အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံ (၉၀) ကျော်ကို ဗီဇာမလိုဘဲ သွားခွင့်ရှိပါတယ်။ ဒါကြောင့် စက်ာပူပတ်စ်ပို့ဟာ မက်လောက်စရာပါ။ တရုတ်၊ အိန္ဒိယစတဲ့ နိုင်ငံတကာက လာကြ တဲ့လူတွေဟာ စက်ာပူနိုင်ငံသားအဖြစ်ကို အရမ်းလိုချင်ကြတာ။ စက်ာပူ passport လေးနဲ့ ကမ္ဘာလှည့် ခရီးသွား၊ နေရာအနှံ့အပြားမှာ အလုပ်ရှာချင် ကြတာ။ အဲဒီမှာ မြန်မာတွေနဲ့ကွာတာပဲ။ စက်ာပူမှာ ရောက်ပြီး စက်ာပူ PR ရတာ (၁၀)နှစ်၊ အနှစ် (၂၀)ကျော် မြန်မာတွေ အများကြီးရှိပါတယ်။ ကျွန်တော်သိတဲ့ ကျွန်တော့်အသိုင်းအဝိုင်းကမြန်မာတွေက မြနမာနိုင်ငံသား၊ မြန်မာ passport ပဲ ကိုင်ထားပြီး စက်ာပူမှာ PR အနေနဲ့ပဲ နေကြပါတယ်။ ဘယ်သူမှ စက်ာပူနိုင်ငံသား လျှောက်ဖို့ဆိုတာ စိတ်လည်း မဝင်စားဘူး၊ စိတ်လည်း မကူးကြဘူး။ ဒါဟာ ကျွန်တော်တို့ မြန်မာတွေရဲ့ ထူးခြားချက်ပါ။ ၂၀၀၆ ခုနှစ် မေလထုတ် ကလျာမဂ္ဂဇင်းထဲမှာ လူထုစိန်ဝင်းရဲ့ ဇာတိဆိုတာ ပျောက်ခဲတယ်ဆိတဲ့ ဆောင်းပါးတစ်ပုဒ်ပါတယ်။ သူ့ဆောင်းပါးကို "ထနောင်းရွက်သုပ်ကလေးကို လွမ်းလိုက်တာ ....." ဆိုတာနဲ့ စထားပါတယ်။ သူက ရန်ကုန်မှာရောက်တာ ဘယ်လောက်ကြာကြာ အညာက ထနောင်းပွင့်သုပ်ကို မေ့လို့ မရတဲ့အကြောင်း ရန်ကုန်မှာ အနေကြာလည်း အညာကစိတ်တေ မပျောက်နိုင်တဲ့ အကြောင်း "ဇာတိဆိုတာ ပျောက်ခဲနိုင်သားပဲ" လို့ ရေးထားပါတယ်။ လူထုစိန်ဝင်းဆောင်းပါး ကို ကျွန်တော်လုံးဝ ထောက်ခံပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်လည်း ဒီလိုပါပဲ၊ နှင်ငံခြားမှာ သွားနေဖို့

နေနေသာသာ၊ အညာသားစိတ်က မပျောက်နိုင်တော့ လူကြုံတိုင်း မန္တလေးက နန်းကြီးမုန့်တီကို တကူးတက ဒုက္ခခံပြီး မှာစား၊ မန္တလေးရောက်တိုင်း မေ့မရတဲ့ မန္တလေးမြီးရှည်ကို အပြေးအလွှားသွားစား၊ ကျွန်တော့်ဇာတိ ဝမ်းတွင်းမြို့နယ် တောင်ဘိုရွာက သင်ပုန်းပွင့်သုပ်ကို လှမ်းပြီးမှာစား လုပ်နေတာ၊ ဇာတိမပျောက်နိုင်တဲ့ သဘောတရားတွေပေါ့။ ကျွန်တော်တို့၊ လူထုစိန်ဝင်းတို့တင် ဇာတိမပျောက်တာလား ဆိုတော့ မဟုတ်သေးပါဘူး။ ကျွန်တော်တို့ မြန်မာတွေဟာ တိုင်းပြည်၊ လူမျိုး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ယဉ်ကျေးမှု၊ မြန်မာဓလေ့၊ မြန်မာစရိုက်၊ အစားအသောက် တွေက တမ်းတမ်းတတ စွဲလန်းကြတဲ့သူတွေပါ။ ဒါကြောင့်ပဲ ထင်ပါရဲ့၊ စက်ာပူက မြန်မာတွေဟာ စက်ာပူမှာ PR နဲ့ပဲ နေကြ ထိုင်ကြ လှုပ်ရှားကြပြီး အချိန်တန်ရင် အမိမြန်မာနိုင်ငံကိုပဲ ပြန်လည် အခြေချနိုင်ဖို့ အားယူကြိုးပမ်းနေကြပါတယ်။ ဒါကြောင့် စက်ာပူရောက် မြန်မာတွေဟာ မြန်မာပြည်ကို ချစ်ကြတဲ့၊ လွမ်းကြတဲ့သူတွေလို့ပဲ ကျွန်တော် မြင်မိပါတယ်။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခခင်မောင်ဝင်း (အသည်း)



နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၉)

(နိုင်ငံခြားကိုသွားဖို့ စိတ်ကူးနေတဲ့၊ ကြိုးစားနေတဲ့မြန်မာလူငယ်တွေအတွက် နိုင်ငံခြားသွားရင် ကြုံတွေ့ရမယ့်၊ ရင်ဆိုင်ရမယ့် ပြဿနာအခက်အခဲတွေကို ရင်ဆိုင်ဖို့ရာ ကြိုတင်ပြင်ဆင်ထားနိုင်ဖို့ သိထားသင့်တဲ့ အချက်အလက်တွေကို ရေးနေပါတယ်။ ပြီးခဲ့တဲ့လကတော့ စက်ာပူသွားပြီး ကျောင်းတက်မယ့် မြန်မာလူငယ်လေးတွေအတွက် ရည်ရွယ်ပြီး စက်ာပူကမြန်မာတွေအကြောင်း ရေးခဲ့ပါတယ်။)

နိုင်ငံခြားသွားမယ့်မြန်မာတွေ

အခုခေတ်မှာ မြန်မာတွေဟာ နိုင်ငံခြားကိုသွားပြီး အလုပ်လုပ်ဖို့ တော်တော်လေး စိတ်ကူး လာကြတယ်။ သွားဖို့လည်း တော်တော်လေး အားသန်လာကြတယ်။ အရင်တုန်းက နိုင်ငံခြားသွားတယ်ဆိုတာ ရန်ကုန်၊ မန္တလေးလိုမြို့ကြီးတွေပေါ်က နိုင်ငံခြားနဲ့အဆက်အသွယ်ရှိတဲ့ လူငယ်တွေပဲ ကျောင်းသွားတက်ဖို့၊ အလုပ်သွားလုပ်ဖို့ စိတ်ကူးကြ၊ စီစဉ်ကြတယ်။ ပြီးတော့ ပိုက်ဆံရှိတဲ့ လူတန်းစားတွေထဲကပဲ နိုင်ငံခြားဆိုတာကို သွားနိုင်ကြတာ။ အကြောင်းအမျိုးမျိုးကြောင့်ပေါ့လေ။ ပါတ်စပို့ရဖို့ဆိုတာခက်လို့၊ နိုင်ငံခြားမှာ အလုပ်ရှာပေးဖို့ ကျောင်းတက်နိုင်အောင်စီစဉ်ပေးမယ့်သူတွေမရှိလို့၊ အဲဒီလို အကြောင်းကြောင်းကြောင့် မြို့ကြီးတွေပေါ်က လူတစ်စုသာ နိုင်ငံခြားဆိုတာကို မျှော်မှန်းနိုင်ခဲ့တယ်။ အခုအခါမှာတော့ အဲလိုမဟုတ်တော့ဘူး။ မြန်မာပြည်အနှံ့ တောရောမြို့ပါမကျန် နေရာတကာ အလွှာပေါင်းစုံက လူကြီး၊ လူငယ်တွေ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ နိုင်ငံခြားသွားဖို့ ကြိစည်ကြိုးပမ်းနေကြတာကို တွေ့ရပါတယ်။ ဘာလို့ အဲလိုလူတွေအများကြီး နိုင်ငံတော်အတွက် အကျိုးထူးရှိတဲ့၊ နိုင်ငံခြားဝင်ငွေ ရှာပေးမယ့် ပြည်ပလုပ်သားလူ့စွမ်းအားစုတွေဖြစ်အောင် လုပ်ဖို့ကိုင်ဖို့ အခွင့်အရေးတွေ ရလာတာလဲဆိုတာ ကျွန်တော့်အမြင်ကို ပြောချင်ပါတယ်။ ပထမဆုံးအချက်က ပါတ်စပို့လုပ်ရတာ လွယ်ကူသွားလို့ပါပဲ။ ဟိုအရင်ကနဲ့စာရင် ပါတ်စပို့လုပ်ရ၊ ကိုင်ရတာဟာ သိပ်ကိုလွယ်သွားပါပြီ။ ဘယ်ပွဲစား၊ ဘယ်သူ့ကိုမှမပြောဘဲနဲ့ ပါတ်စပို့လျှောက်လို့၊ ထုတ်လို့ ရနေပါပြီ။ နိုင်ငံရေးကင်းရှင်းတယ်၊ ပြစ်မှုမရှိဘူးဆိုရင် ပါတ်စပို့လျှောက်တဲ့သူတစ်ယောက်ဟာ ဘာမှ ပူစရာမလိုပါဘူး။ ပါတ်စပို့ လျှောက်ထားလိုက်ရင် သူ့အလိုလိုပုံမှန်အတိုင်း သတ်မှတ်တဲ့အချိန်မှာ ရမှာပါ။ အဲလို ပါတ်စပို့ လုပ်ရတာ လွယ်ကူအောင်လုပ်ထားတော့ မြန်မာတွေ နိုင်ငံခြားမှာ အလုပ်သွားလုပ်ပြီး ပိုက်ဆံရှာဖို့ လွယ်ကူသွားတာပေါ့။ မြန်မာတွေကလည်း ရတဲ့ပိုက်ဆံအကုန်နီးပါး ကိုယ့်နိုင်ငံကိုယ် ပြန်ပို့ကြတာပါပဲ။ နိုင်ငံခြားသွားကြတဲ့သူ အကုန်လုံးဟာ ကိုယ့်မိဘ၊ မိသားစု၊ ညီအစ်ကိုမောင်နှမတွေအတွက် ငွေရှာဖို့သွားကြတဲ့သူတွေဆိုတော့ ကုန်းရုန်းလုပ်ပြီး ရသမျှပိုက်ဆံ အိမ်ပြန်

ပို့တာပါ။ ဒါကြောင့် နိုင်ငံတော်ကလည်း ဒီလို မြန်မာတွေ နိုင်ငံတကာမှာ အလုပ်သွားလုပ်နိုင်အောင်လို့ ပါတ်စပို့ကို ပုံမှန်အတိုင်း အခက်အခဲမရှိ ထုတ်လို့ရအောင် စီစဉ်ပေးထားတာထင်ပါရဲ့။ မြန်မာတွေဟာ ပြည်ပမှာ အလုပ်သွား လုပ်တာအပြင် ကျောင်းသွားတက်ကြတဲ့ မြန်မာလူငယ်တွေကလည်း အများကြီးပါ။ ကျောင်းပဲတက်တက်၊ အလုပ်ပဲလုပ်လုပ် နိုင်ငံခြားသွားဖို့ဆိုတာ အဆက်အသွယ်တွေ လိုပါတယ်။ အခုခေတ် သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ ကြည့်လိုက်ရင် နိုင်ငံခြားအလုပ်ရှာပေးမယ့် အေဂျင်စီ(Agency)တွေ ကြော်ငြာတွေက တပုံကြီး၊ ကျောင်းတက်ဖို့ ရောက်တော့လည်း ဩစတြေးလျ၊ စင်္ကာပူ၊ UK၊ နိုင်ငံပေါင်းစုံ၊ ဘယ်မှာတက်ချင်လဲ အားလုံး အစအဆုံး လုပ်ပေးမယ်ဆိုတဲ့ ကုမ္ပဏီတွေက တစ်သီကြီး၊ အဲတော့ နိုင်ငံခြားသွားချင်တဲ့သူတွေ လုပ်ရ၊ ကိုင်ရ ဆက်သွယ်ရတာ အရင်ကနဲ့စာရင် ပိုလွယ်လာတာပေါ့။ ဒါကြောင့် မြန်မာတွေပိုပိုပြီး ပြည်ပကို သွားဖြစ်တာပေါ့။ အဲလို မြန်မာတွေ နိုင်ငံခြားကို ပိုပြီးသွားနိုင်လာကြတဲ့ နောက်အကြောင်းတစ်ချက်ကတော့ သွားဖို့ လုပ်ရကိုင်ရတဲ့ ကုန်ကျစရိတ် ပြဿနာတွေ ပြေလည်သွားလို့ပါ။ ဘယ်လိုစရိတ်စကတွေ ပြေလည်သွားလဲဆိုတာ ပြောပြပါ့မယ်။ နိုင်ငံခြားသွားတယ်ဆိုတာ လွယ်တာ မဟုတ်ဘူးလေ။ ပိုက်ဆံသိန်းနဲ့ချီပြီး အကုန်ခံနိုင်မှ သွားလို့ရတာ။ ပိုက်ဆံမရှိဘဲနဲ့ သွားလို့မရဘူး၊ အရင်းအနှီးမရှိဘဲနဲ့ ဘာမှ မလုပ်နိုင်ဘူး။ ဒါပေမယ့် မနှစ်က ကျွန်တော် စင်္ကာပူရောက်တော့ တွေ့ခဲ့ရတဲ့ ငွေမကုန်ဘဲ နိုင်ငံခြားရောက်လာတဲ့ မြန်မာမိန်းကလေးတစ်ယောက်အကြောင်းကို ပြောပြချင်ပါသေးတယ်။ စင်္ကာပူနိုင်ငံမှာ ကင်ဆာနဲ့ပတ်သက်လို့ အဆင့်မြင့်ဆုံးဌာနကြီးဖြစ်တဲ့ စင်္ကာပူအစိုးရရဲ့ နေရှင်နယ်ကင်ဆာ စင်တာ (National Cancer Centre, NCC) ဆိုတာရှိပါတယ်။ အဲဒီစင်တာရဲ့ ညွှန်ကြားရေးမှူး ပါမောက္ခဆူကီချီး (Prof. Soo Kee Chee) က ကျွန်တော် စင်္ကာပူရောက်တုန်း ထမင်းစားဖိတ်လို့ သူ့အိမ်ကို ကျွန်တော်ရောက် သွားပါတယ်။ ပါမောက္ခ ဆူရဲ့ အိမ်ကို ရောက်တာနဲ့ မြန်မာအမျိုးသမီးလေးတစ်ယောက်က ကြိုဆိုနှုတ်ခွန်းဆက်နေတော့ ကျွန်တော် အရမ်းအံ့သြသွားပါတယ်။ ပါမောက္ခကတော်က အဲဒီ မြန်မာ အမျိုးသမီးလေးဟာ သူတို့အိမ်မှာ အလုပ်လုပ်နေတာလို့ ပြောပြီး ကျွန်တော်နဲ့ မိတ်ဆက်ပေးပါတယ်။ ကလေးမလေးက အင်္ဂလိပ်စကားကို ဆက်သွယ်လို့ရတဲ့ အဆင့်ရှိအောင်ကို မပြောတတ်ဘူး။ နိုင်ငံခြားသား အိမ်ရှင်တွေနဲ့ လက်ဟန်ခြေဟန်နဲ့ပဲ ဆက်သွယ် နေတာတွေ့ရပါတယ်။ ပါမောက္ခဆူးရဲ့အိမ်မှာ အလုပ်လုပ်ပေးဖို့ အကူအမျိုးသမီးတစ်ယောက် အနေနဲ့ ရောက်လာတာတဲ့။ သူဟာ ပုသိမ်နယ်ထဲက ရွာလေးတစ်ရွာကနေ စင်္ကာပူဆိုတာ ဘာမှန်းညာမှန်း မသိဘဲကို ရောက်လာတာတဲ့။ ရွာလေးတစ်ရွာက အမျိုးသမီးလေး ပိုက်ဆံကလည်းမရှိ၊ အင်္ဂလိပ်စာကလည်း မတတ်၊ အဆက်အသွယ်လည်း မရှိ ဘယ်လိုလုပ်ပြီး စင်္ကာပူကို ရောက်လာသလဲ။ အရမ်းစိတ်ဝင်စားသွားလို့ သူ့ဇာတ်လမ်းကို မေးကြည့်မိပါတယ်။ သူပြောပြတာကတော့ သူ့ရဲ့ရွာလေးဟာ တော်တော်သေးတယ်တဲ့။ သူ့မှာ ပိုက်ဆံကလည်း လုံးဝမရှိဘူး၊ မိဘနှစ်ယောက်စလုံးလည်း မရှိဘူး၊ အစ်ကိုတွေနဲ့နေတာတဲ့။ တစ်နေ့တော့ အသိတစ်ယောက်က နိုင်ငံခြား သွားအလုပ်မလုပ်ချင်ဘူးလား၊ သူအားလုံး လုပ်ပေးမယ်လို့ ပြောတယ်တဲ့။ ကလေးမလေးက သူက နိုင်ငံခြားဆိုတာ ဘာမှမသိဘူး၊

သူ့မှာလည်း ပိုက်ဆံလည်း မရှိဘူးပြောတော့ အဲဒီ လူက ကိစ္စမရှိဘူး၊ သူအကုန်လုပ်ပေးမယ်၊ ဟိုရောက်သွားရင် သူ့ကို လခ ..... လစာ ပေးရမယ်လို့ ပြောတော့ ကလေးမလေးက အဲဒါ လုပ်မယ်ဆိုပြီး ပြောလိုက်တယ်တဲ့။ အဲဒီမှာတင် ခုနက ပြောတဲ့လူက အေးဂျင့် (Agent) လုပ်ပြီး ကလေးမ စက်ဘူလေယာဉ်ပေါ်တက်တဲ့အထိ အစအဆုံးလိုက်လုပ်ပေးပြီး သူဒီကို ရောက်လာတာတဲ့။ အခုအဲဒီ အေးဂျင့်ကို လစဉ်သူ့လစာတွေကို အေးဂျင့်က ဖြတ်ယူနေတုန်းတဲ့။ အဲဒီမိန်းကလေးဟာ ကံကောင်းစွာနဲ့ အထူးသဘောထားပြည့်ဝပြီး စိတ်ကောင်းစေတနာအပြည့်ရှိတဲ့ ပါမောက္ခဆူးတို့အိမ်ကို ရောက်လာတာပါ။ သူတို့က လင်မယား နှစ်ယောက်နဲ့ (၁၀)တန်းကျောင်းသားလေးတစ်ယောက်ပဲ နေကြတာ။ ကလေးမလုပ်ဖို့ ဘာမှအလုပ်ရယ်လို့မှ မယ်မယ်ရရမရှိဘူး။ မနက်မိုးလင်း သန့်ရှင်းရေးလုပ်၊ ပန်းပင်တွေ၊ မြက်ခင်းတွေ ရေလောင်း၊ အဝတ်တွေကို အဝတ်လျှော်စက်နဲ့လျှော်၊ တစ်နေကုန်အိမ်မှာ တစ်ယောက်ထဲ ဇိမ်နဲ့ နေရ၊ စားရတယ်။ ကုန်စရာတစ်ပြားမှမရှိ၊ စရိတ်ငြိမ်းပဲ။ သူရသမျှလခ စုရုံပဲ။ ဒီကလေးမလေး နိုင်ငံခြားရောက်သလို ရောက်လာနိုင်အောင် ကူညီဆောင်ရွက်ပေးနေတဲ့ အေးဂျင်းတွေရှိလို့ အဆက်အသွယ်မရှိ၊ ငွေမရှိဘဲနဲ့ မြန်မာတွေ နိုင်ငံခြားကို ရောက်ကုန်ကြတာ၊ သွားလာနိုင်ကြတာတွေလဲရှိပါတယ်။

<u>အိမ်ဖော်လုပ်တဲ့ ဖိလစ်ပီနိုတွေ</u>

နိုင်ငံခြားမှာ သွားအလုပ်လုပ်ကြတဲ့ မြန်မာအမျှားစုကတော့ စက်ရုံ၊ ဆောက်လုပ်ရေး၊ ဆက်သွယ်ရေး၊ စျေးဆိုင်၊ အင်ဂျင်နီယာ၊ ဆရာဝန်အလုပ်တွေ အစုံကိုလုပ်ကြတာပါပဲ။ ဒါပေမယ့် မြန်မာတွေထဲက အိမ်အကူ လုပ်ငန်းကို လုပ်တဲ့သူ အတော်ရှားပါတယ်။ မြန်မာတွေဟာ ကိုယ့်ပညာနဲ့ကိုယ် ဂဟေဆော် ဝယ်လ်ဒါ (Welder)၊ မီးလိုင်းရိုက်တာ၊ လက်သမား၊ ကားမောင်း၊ ဆောက်လုပ်ရေးအင်ဂျင်နီယာ စတဲ့ ကိုယ်တတ်တဲ့ ကိုယ့်ပညာနဲ့ လုပ်ကိုင်စားသောက်ကြတာ များပါတယ်။ ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှားနိုင်ငံက အမျိုးသမီးအများစုကတော့ အိမ်ဖော်၊ အိမ်အကူ၊ မေ့(ဒ်) (Maid) လုပ်ငန်းကို အဓိကထားပြီး လုပ်ကြပါတယ်။ အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံသူတွေဟာ ကမ္ဘာမှာ ကျော်ကြားလောက်အောင်ကို အိမ်ဖော် လုပ်ငန်းကို တွင်တွင်ကျယ်ကျယ် လုပ်ကြပါတယ်။ ဖိလစ်ပိုင်နိုင်ငံရဲ့ အဓိကဝင်ငွေဟာ နိုင်ငံခြားမှာ အလုပ်သွားလုပ်ကြတဲ့ ဖိလစ်ပိုင် အမျိုးသမီးငယ်တွေရဲ့ အိမ်ဖော်လုပ်ငန်းက ပြန်ပို့ကြတဲ့ ပိုက်ဆံတွေပါ။ ဘွဲ့ရပြီးသား၊ M.Sc အောင်ပြီးသား တွေလည်း အိမ်ဖော်လုပ်ကြတယ်။ ဟောင်ကောင်မှာဆိုရင် တနင်္္ဂနွေနေ့တိုင်း ဖိလစ်ပီနို (ဖိလစ်ပိုင်နိုင်ငံသား တွေကိုခေါ်တာ) တွေဟာ သူတို့စုရပ်တွေမှာ အုပ်စုလိုက်ကြီးတွေ့ဆုံ ကြတယ်။ ကျွန်တော် ဟောင်ကောင်ကို အသည်းအစားထိုးတာသွားလေ့လာတုန်းက တနင်္္ဂနွေဆိုရင် အဲလို ဖိလစ်ပီနို အုပ်စုကြီးတွေကို တွေ့ရပါတယ်။ တံတားတွေအောက်၊ လှေကားကွေ့တွေ၊ အရိပ်ရှိတဲ့နေရာတွေမှာ တနင်္္ဂနွေတိုင်း ဖိလစ်ပီနို တွေကို ရာနဲ့ချီပြီး တရုန်းရုန်းနဲ့။ အဲဒီအိမ်ဖော်လုပ်တဲ့ ဖိလစ်ပီနိုတွေဟာ တနင်္္ဂနွေနေ့တိုင်း အိမ်က ထွက်ခွင့်ပေးထားတော့ အဲဒီရက်တွေမှာ အိမ်ကို ငွေပို့ဖို့၊ ပစ္စည်းပို့ဖို့ အားလုံးစီစဉ်ကြရပါတယ်။ အဲဒီလို သူတို့

တတွေ စုရပ်မှာ ဟွန်တီလွှဲမယ့်ပွဲစား၊ ပစ္စည်းတွေကို လိုက်ကောက်ပြီး၊ ပို့ခယူပြီး ဖိလစ်ပိုင်ကို ပြန်ပို့ပေးဖို့ စီစဉ်ပေးတဲ့ပွဲစားတွေကလည်း ခြေချင်းလိမ်နေတာ။ မြွေရေခွံ အိတ်ကြီးအိတ်ငယ်တွေနဲ့ ပစ္စည်းတွေ တောင်ပုံ၊ ရာပုံ ပြီးတော့ သူတို့တတွေ အိမ်ကနေ ဖိလစ်ပိုင် ထမင်းဟင်းတွေ ချက်ပြုတ်လာကြပြီး အဲဒီနေ့မှာ ဆုံပြီး လဲလှယ်စားကြ၊ အတွေ့အကြုံတွေဖလှယ် စကားတွေပြော၊ တဟီးဟီးတဟားဟားနဲ့ တကယ့် ပျော်စရာကြီး ပါ။ တစ်ပတ်လုံးအလုပ်လုပ်လာပြီး အိမ်ရှင်တွေနဲ့ ဆုံတွေ့ဆက်ဆံရတဲ့ စိတ်ပင်ပန်းမှု စထရက်တွေ ပြေပျောက်သွားအောင် ဒီလိုဆုံကြ၊ ရင်ဖွင့်ကြနဲ့ ကိုယ့်ဘာသာရပ်ဝေးမြေခြားမှာ လက်ရှိဘဝကို မေ့ပြီး ပျော်အောင်လုပ်နေကြရတယ်ထင်ပါရဲ့။ သူတို့ တနင်္ဂနွေ ဆုံနေကြအရပ်တွေဟာ ဟောင်ကောင်မြို့ရဲ့ အစည်ကားဆုံးနေရာ၊ လမ်းမကြီး၊ စျေး၊ စူပါမတ်ကက် တွေ တဝိုက်မှာပါ။ တရုန်းရုန်း၊ တထုန်းထုန်းနဲ့ စည်ကားပုံကတော့ အညာဘုရားပွဲကြီး ကျနေတာပါပဲ။ သူတို့ကိုယ်သူတို့ အိမ်ဖော်လုပ်နေရတာကို ဂုဏ်ယတယ်လို့လည်း ထင်ပုံမပေါ်ပါဘူး။ ဒီလိုမြင်ကွင်းမျိုးကို စက်ာပူမှာလည်း တွေ့နိုင်ပါတယ်။ ဖိလစ်ပီနို အိမ်ဖော်တွေဟာ ကမ္ဘာ အနှံ့မှာရှိတာပါ။ လုပ်ငန်းတွေ အဆင်ပြေ၊ ဝင်ငွေတွေရနေကြတဲ့သူတွေ ရှိနေသလို၊ ပြဿနာပေါင်းစုံနဲ့ ရင်ဆိုင်ကြရတဲ့ ဖိလစ်ပီနိုမေ့(ဒ်) တွေအကြောင်း သတင်းစာ၊ မီဒီယာတွေမှာ မကြာမကြာ တွေ့ရပါတယ်။ မနှစ်လောက်က ဆော်ဒီအာရေဗျ နိုင်ငံမှာ ဖိလစ်ပီနိုမေ့(ဒ်)ကို အိမ်ရှင်က မတရားကျင့်ကြံတဲ့ သတင်း၊ စက်ာပူမှာ ဖိလစ်ပီနိုမေ့(ဒ်)က အိမ်ရှင်ကိုသတ်ပြီး ပစ္စည်းလုတယ်ဆိုတဲ့သတင်းတွေ ဖတ်ခဲ့ရပါတယ်။ လုပ်ငန်းသဘော သဘာဝအရ ကိုယ်ရောက်တဲ့အိမ်နဲ့ အိမ်ရှင်တွေရဲ့ စိတ်စေတနာ၊ ဆက်ဆံမှုပုံစံတွေပေါ် အမျှားကြီးမူတည်ပြီး ကံဆိုး၊ ကံကောင်းဖြစ်ချင်ရာ ဖြစ်သွားနိုင်ပါတယ်။ ဒါပေမယ့် အများစုကတော့ အဆင်ပြေကြပါတယ်။ ဘာလို့လဲ ဆိုတော့ ဒီလို မေ့(ဒ်) သွားလုပ်ဖို့ဆိုတာ သီးသန့်အေဂျင်း (Maid Agency) တွေကနေ အဓိက စုစည်းဆောင်ရွက်ပေးတာဆိုတော့ ဆိုးဆိုးဝါးဝါးဖြစ်လေ့မရှိပါဘူး။ ဒီနေရာမှာ မြန်မာတွေနဲ့ ဖိလစ်ပီနိုတွေ သိပ်ပြီး စိတ်ဓါတ်ချင်း ကွာပါတယ်။ မြန်မာထဲက ပညာတတ်၊ ဘွဲ့ရဆိုရင် ကိုယ့်ပညာနဲ့ကိုယ်ပဲ လုပ်စားကြတယ်။ မြန်မာတွေက မေ့ဒ်မပြောနဲ့ ပညာတတ်ရင် အလုပ်ကြမ်းတောင် မလုပ်ဘူး။ မြန်မာတွေဟာ နိုင်ငံခြားမှာ မေ့(ဒ်) အိမ်ဖော်လုပ်တယ်ဆိုတာ မရှိသလောက် ရှားပါတယ်။ မြန်မာတွေဟာ ကိုယ့်မာနနဲ့ကိုယ်၊ ကိုယ်ဘာသာ ကိုယ့်ဒူးကိုယ်ချွန် လုပ်ကိုင်စားသောက်ကြတဲ့သူတွေပါ။ ဖိလစ်ပီနိုတွေကတော့ သူတို့နိုင်ငံရဲ့ အဓိကလုပ်ငန်းဖြစ်တဲ့ အိမ်ဖော်လုပ်တဲ့ စီးပွားရေးကြီးကို ဂုဏ်ယူပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ခုကျွန်တော် သဘောပေါက်တာကတော့ လူတွေဟာ မတတ်သာလို့သာ ရေကြည်ရာမြက်နုရာ တစ်ရပ်တစ်ကျေးကိုသွားပြီး အလုပ်လုပ်ကြရတာ၊ ဘယ်သူမှ ကိုယ့်အိမ်ကိုယ့်ယာ၊ ကိုယ့်မိသားစု၊ အမျိုးအဆွေ၊ အသိုင်းအဝိုင်းကို ခွဲခွာပြီး သွားချင်ကြမှာ မဟုတ်ဘူး။ ကျွန်တော်တို့တတွေဟာ ပျော်ရာမှာမနေရ၊ တော်ရာမှာနေကြရတဲ့သူတွေပါ။ ဒါကြောင့် နိုင်ငံခြားမှာ အလုပ်သွားလုပ်ရတယ်ဆိုတာ မတတ်သာလို့ လုပ်ကြရတာပါ။ ဘယ်လုပ်ချင်ပါ့မလဲ။ ငွေရေး၊ ကြေးရေး ဒါမှမဟုတ် ပညာရေးအတွက်သာ

နိုင်ငံခြားဆိုတာကို သွားကြ လုပ်ကြရတာပါ။ ဘယ်နိုင်ငံသားမဆို ကိုယ့်နိုင်ငံကို စွန့်ခွာပြီး နိုင်ငံခြားကို သွားနေရတာကို ပျော်မယ်မထင်ပါဘူး။



(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခခင်မောင်ဝင်း (အသည်း)

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၁၀)

(နိုင်ငံခြားကိုသွားဖို့ စိတ်ကူးနေတဲ့၊ ကြိုးစားနေတဲ့မြန်မာလူငယ်တွေအတွက် နိုင်ငံခြားသွားရင် ကြုံတွေ့ရမယ့်၊ ရင်ဆိုင်ရမယ့် ပြဿနာအခက်အခဲတွေကို ရင်ဆိုင်ဖို့ရာ ကြိုတင်ပြင်ဆင်ထားနိုင်ဖို့ သိထားသင့်တဲ့ အချက်အလက်တွေကို ရေးနေပါတယ်။)

စက််ပူက "၀" တွေ

ပြီးခဲ့တဲ့ဆောင်းပါးတွေထဲမှာ ဂျင်းရှော်တို့ ပျော်ရာမြေဆိုပြီး ကျွန်တော်ရေးခဲ့ပါတယ်။ ကျွန်တော့် မိတ်ဆွေတစ်ယောက်က "ခင်ဗျားဂျင်းရှော်လို့ရေးတာ ဖတ်လိုက်ရတော့ ပထမ ငါတို့ကြားဖူးတာ ဂျိန်းဖေါပါ၊ ဂျင်းရှော်ဆိုတာ ဘာလူမျိုးပါလဲလို့ တွေးနေတာ၊ နောက်တော့မှ ဂျင်းဘောင်းဘီကို ချက်အောက် ရောက်အောင် လျှော၀တ်ထားတဲ့ စူပါလိုး (super low) ဂျင်းဘောင်းဘီ၀တ်တဲ့ ကောင်မလေးတွေ အကြောင်း ရေးတာ ဖြစ်နေတာကိုး" လို့ ပြောပါတယ်။ အခု ကျွန်တော် စက််ပူက "၀"တွေအကြောင်း ပြောမယ် ဆိုတော့ "၀" လူမျိုးတွေ စက််ပူမှာ ရောက်နေသလားလို့ ထင်ကြလိမ့်မယ်၊ မဟုတ်ပါဘူး။ စက််ပူက "၀" တွေအကြောင်း ကျွန်တော် ပြောပြချင်ပါတယ်။ မနှစ်က စက််ပူသွားတော့ စက််ပူမှာနေတဲ့ ကျွန်တော့် မိတ်ဆွေတစ်ယောက်က စက််ပူက "၀" တွေ အကြောင်းပြောပြပါတယ်။ "ကျွန်တော့်အိမ်မှာ မီးလိုင်းတွေ ပြင်ဖို့လိုတာနဲ့ ကုမ္ပဏီတစ်ခုကို လာလုပ်ပေးဖို့ ဖုန်းဆက်အကြောင်းကြားခဲ့ပြီး ကျွန်တော်က အလုပ်ကို ထွက်သွားခဲ့တာ၊ ညနေစောင်းလို့ အလုပ်က မောမောနဲ့ပြန်လာတော့ ကျွန်တော့် မိန်းမက ဆီးပြောတယ်၊ နေ့လည်က မီးလာပြင်တဲ့ အလုပ်သမားတွေထဲမှာ မြန်မာလိုတွေ ပြောသံကြားတာနဲ့ သွားပြီးကြည့်လိုက်တော့ မြန်မာ (၂)ယောက်ပါတာ တွေ့ရတယ်တဲ့။ အဲဒီ မြန်မာ (၂)ယောက်လုံးက သူတို့ဟာ "၀" တွေတဲ့၊ ကျွန်မဖြင့် အံ့သြလိုက်တာ၊ "၀" တွေတောင် စက််ပူ ရောက်ကုန်ပြီ၊ ကိုးကန့်တွေ၊ ရှမ်းတွေလည်း စက််ပူမှာ အများကြီးရောက်နေမှာပဲလို့ ပြောတယ်ဗျာ။ ဒါနဲ့ ကျွန်တော်က ပြောရတယ်၊ အဲဒီလောက်တောင် တုံးရသလား၊ ၀ဆိုတာ အိုဗာစတေး (overstay) ဗီဇာကုန်လို့ ရက်လွန်ပြီး ခိုးနေကြတဲ့သူတွေကို ပြောတာ ဟဲ့လို့ ပြောလိုက်ရတယ်။ အဲတော့ ကျွန်တော့်မိန်းမက တော်တော်လေး မရှင်းမလင်းဖြစ်သွားပြီး ရှင်ကလည်း ဘာတွေ ပြောနေတာလဲ၊ အိုဗာစတေးနေတဲ့သူနဲ့ "၀" နဲ့ ဘာဆိုင်လို့လဲလို့ ထပ်မေးတယ်ဗျာ။ တော်တော်အ တဲ့ မိန်းမ၊ ဒါနဲ့ ကျွန်တော်က ထပ်ရှင်းပြရတယ်၊ မိန်းမရေ အရင်တုန်းက ဗမာတွေက စက််ပူမှာ

ဗီဇာသက်တမ်းကုန်လို့ တရားမဝင် ဆက်ပြီး အိုဗာစတေးနေရင် အင်္ဂလိပ်လို အဖျားစွတ်ပြီး အို (o) လို့ ခေါ်တယ်။ အဲလို အို တွေဆိုပြီး ပြောဆိုနေထိုင်နေကြတာကနေ စက်ာပူပုလိပ်တွေက အဲဒီ အသုံးအနှုန်းကို နားလည်သွားပြီး မြန်မာအချင်းချင်း အို ဆိုပြီး ပြောသံကြားရင် ဒီကောင် အိုဗာစတေးပဲဆိုပြီး လိုက်ဖမ်းတယ်။ ဒါနဲ့ပဲ စက်ာပူရောက် မြန်မာတွေဟာ အိုဗာစတေးဖြစ်ရင် အိုလို့မခေါ်တော့ပဲ "o" လို့ ဗမာသံနဲ့ထွက်ပြီး ခေါ်လိုက်တော့ "o" လူမျိုးလိုလို ဘာလိုလိုဖြစ်ကုန်တာပေါ့။ တစ်ကယ်တော့ စက်ာပူ ပုလိပ်ကို ရုပ်ဖျက်လှည့်စားဖို့ ဒို့မြန်မာ အိုဗာစတေးတွေက "o"လို့ ခေါ်ကြတာ၊ ရှင်းပြီလားလို့ ပြောလိုက် ရတယ်ဗျာ" လို့ ကျွန်တော့် သူငယ်ချင်းက စက်ာပူက "o" တွေအကြောင်း အရှည်ကြီး ရှင်းပြပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် စက်ာပူကို ရောက်လာပြီး ဗီဇာကုန်သွားတော့ မြန်မာပြည်ကိုလည်း မပြန်ချင် သေးဘဲ စက်ာပူမှာပဲ ဖြစ်သလို အိုဗာစတေးနေနေတဲ့ မြန်မာတွေ ရှိပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော့် ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို ပြောပြချင်ပါသေးတယ်။ လွန်ခဲ့တဲ့ (၈)နှစ်လောက်က ကျွန်တော့် တပည့်ဆရာဝန်မလေးတစ်ယောက်ဟာ စက်ာပူကို သွားမယ်ဆိုပြီး ကျွန်တော့်ကို လာကန်တော့ပါတယ်။ ဘယ်မှာ အလုပ်ရလို့လဲလို့ ကျွန်တော်ကမေးတော့ "အလုပ်က ဟိုရောက်မှ ရှာရမှာဆရာ။ ကျွန်မက အလည်အနေနဲ့ ဗစ်ဆစ်ဗီဇာ (visit visa) တစ်လရလို့ စက်ာပူကိုသွားမှာ၊ ဟိုရောက်တော့မှပဲ ကျွန်မ အဆင်ပြေသလိုကြည့်ပြီး အလုပ်ရှာတော့မယ်"တဲ့။ ကျွန်တော်က "နင့်နဲ့ဟယ်၊ ဖြစ်ပါ့မလား၊ သေချာ စဉ်းစားပါ ဦး၊ သူများနိုင်ငံမှာ အလုပ်ရှာတယ်ဆိုတာ လွယ်တာမဟုတ်ဘူး၊ ဗီဇာကလည်း တစ်လထဲ ရတာ၊ နင်ဒုက္ခ ရောက်နေပါဦးမယ်၊ သေချာမှသွားပါလား" လို့ပြောမိပါတယ်။ သူကလည်း "ဆရာ ကျွန်မက အားလုံး လုပ်ပြီးနေပြီ၊ လေယာဉ်လက်မှတ်လည်း အဆင်သင့်၊ ဒီဖောင်း (D-form) လည်း ထုတ်ပြီးပြီ၊ သူငယ်ချင်းတွေလည်း နှုတ်ဆက်ပွဲတွေ ဘာတွေလုပ်ပြီး ကျွေးမွေးပြီးပြီ၊ မသွားလို့ မဖြစ်တော့ဘူး၊ ကျွန်မ ထွက်မှကို ဖြစ်မှာ" တဲ့။ ဒါဟာ ကျွန်တော်တို့ နိုင်ငံခြားသွားမယ့် မြန်မာတွေ ဖြစ်ရိုးဖြစ်စဉ်ပါ။ အသိ၊မိတ်ဆွေ၊ အပေါင်းအသင်း၊ ရောင်းရင်းဆွေမျိုး၊ မိတ်သင်္ဂဟ အားလုံးကို နှုတ်ဆက်ပြီးပြီဆိုရင် မလျှော့ချင်တော့ဘူး။ နိုင်ငံခြားသွားမယ့်ရက်ကို တစ်ရက်လေးမှ နောက်မဆုတ်ချင်တော့ဘူး။ မသွားဖြစ်သေးဘူးလို့ ပြောရမှာကို ရှက်တယ်၊ ဖြစ်ချင်ရာဖြစ်၊ သွားပစ်လိုက်ချင်တော့တာ။ မင်္ဂလာဒုံလေဆိပ်ကို လိုက်ပို့ဖို့ တာစူထားတဲ့လူတွေကလည်း တစ်ပုံတစ်ခေါင်းဆိုတော့ စကားကျွဲ လက်လွန်နေပြီ။ ဖြစ်ချင်ရာဖြစ် နိုင်ငံခြားကို သွားတော့မှာပဲ။ မစဉ်းစား မဆင်ခြင်နိုင်တော့ဘူး။ အသက်ထက် အရှက်က ပိုကြီးတယ်လို့ ပြောရမယ့်ကိန်းဆိုက်နေပြီ။ ဘယ်နေ့ နိုင်ငံခြားထွက်မယ် ပြောပြီးရင်တော့ မလျှော့တော့ဘူး၊ လုံးဝ မလျှော့တော့ဘူး၊ သွားတော့မယ်တဲ့၊ သွားတော့မယ်ပဲ၊ တစ်စက်ကလေးမှ ရက်မရွေ့တော့ဘူး။

ကျွန်တော့်တပည့်မ ဆရာဝန်မလေးကလည်း ဒီလိုဇာတ်လမ်းပဲ။ အားလုံးကို ပြောပြီးပြီ၊ စက်ာပူ ရောက်မှ ဖြစ်ချင်ရာဖြစ်၊ ဗစ်ဆစ်ဗီဇာ တစ်လနဲ့ ထွက်တော့မှာပဲ။ တားမရဆီးမရ ထွက်သွားပါလေရော။

သူထွက်သွားပြီး (၃)ပတ်လောက်အကြာမှာ ကျွန်တော်ကလည်း အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့မှာ အသည်းရောင် အသားဝါ အီးရောဂါ စာတမ်းသွားဖတ်ရပါတယ်။ ဝါရှင်တန်ကအပြန်မှာ စင်္ကာပူနိုင်ငံ အမျိုးသား ဆေးရုံကြီး (National University Hospital NUH) အသည်းနဲ့ အစာအိမ်လမ်းကြောင်း ဌာနမှူးက ကျွန်တော့်ကို ဧည့်သည်ပါမောက္ခ (Visiting Professor) အနေနဲ့ တစ်ပတ်လာပြီး နေပါလို့ ဖိတ်ထားတဲ့ အတွက် စင်္ကာပူကို ဝင်ပါတယ်။ ကျွန်တော်လည်း စင်္ကာပူဝင်ရင်တော့ တပည့် ဆရာဝန်မလေး အခြေအနေ စုံစမ်းကြည့်ဦးမှပဲလို့ တွေးမိပါတယ်။ ဒါပေမယ့် သိပ်မကြာလိုက်ပါဘူး၊ စင်္ကာပူရောက်ပြီး (၂)ရက်အကြာမှာ ကျွန်တော်တည်းတဲ့ ဟိုတယ်ကို တပည့်ဆရာဝန်မလေး ရောက်လာပါတယ်။ ကျွန်တော့် အခန်းထဲလည်း ရောက်ရော၊ တပည့်မဟာ လုံးဝကို ချုံးပွဲချ ငိုတော့တာပဲ။ သူတော့ စင်္ကာပူ လာမိတာ မှားပြီပေါ့။ အခုဆိုရင် စင်္ကာပူရောက်တာ (၃)ပတ်ကျော်သွားပြီ၊ သူရဲ့ဗီဇာလည်း ကုန်တော့မယ်၊ ပိုက်ဆံလည်း မရှိတော့ဘူး၊ ဘာအလုပ်မှလည်း မရသေးဘူး၊ ဗီဇာကုန်ရင် စတေး (stay) ရှောင်ဖို့ မလေးရှားသွားဖို့ ပိုက်ဆံလည်း မရှိတော့ဘူး။ သူတော့ ဒုက္ခလှလှကြီးရောက်ပြီပေါ့ဆိုပြီး ငိုရှာပါတယ်။ ကျွန်တော်လည်း သူ့အတွက် လုံးဝစိတ်မကောင်းဘူး၊ "နင်ဒီလောက်တောင် အဆင်မပြေဖြစ်နေတာ၊ မြန်မာပြည်ပဲ ပြန်ပေါ့ဟာ" လို့ ပြောတော့ "ဆရာ ကျွန်မ အိမ်မပြန်ချင်ဘူး၊ မြန်မာပြည်ကို လုံးဝ မပြန်ချင်ဘူး၊ မပြန်ရဲဘူး၊ ကျွန်မ အသိုင်းအဝိုင်း ဆွေမျိုးမိဘတွေကို ရင်မဆိုင်ရဲဘူး" တဲ့။ "ဟ ဘာဖြစ်လဲ ကိုယ့်ဖာသာကိုယ် အဆင်မပြေသေးလို့ ပြန်ရတာပဲ နောက်မှ တစ်ခါပြန်ထွက်ပေါ့!" ဆိုတော့ "မဖြစ်ဘူး ဆရာ၊ ကျွန်မက အားလုံးကို နှူတ်ဆက်၊ ဆေးခန်းလည်းပိတ်၊ အပြတ်ဖြတ်၊ ဘုရင့်နောင်ဖေါင်ဖျက်တဲ့ ပုံစံမျိုးလုပ်ပြီး ထွက်လာခဲ့တာ။ ကျွန်မ ပြန်သွားဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ကယ်ပါဦးဆရာ" တဲ့။ ဒီဖြစ်ရပ်မျိုးတွေဟာ တကယ့်နိုင်ငံခြားရောက် မြန်မာတွေရဲ့ ဖြစ်ရပ်မှန်တွေပါ။ ထွက်သွားပြီဆိုမှတော့ ဘာပဲဖြစ်ဖြစ် မြန်မာပြည်ကို ပြန်မလာချင်ကြတော့ဘူး၊ အရမ်းကို ရှက်တတ်ကြတဲ့ မြန်မာတွေပါ။ အလုပ်အကိုင် အဆင်မပြေဘဲ ပြန်ရတယ်ဆိုတာကို လုံးဝ အဖြစ်မခံနိုင်ကြဘူး၊ ကျရာနေရာ၊ ရောက်ရာနေရာမှာ ဖြစ်ချင်ရာဖြစ်၊ မြန်မာပြည် မပြန်ရ ပြီးရောဆိုပြီး ဘဝတစ်ခုလုံးကို နစ်မြုပ်စေလိုက်ချင်တဲ့ သဘောတရားတွေ ရှိပါတယ်။ ဒါဟာ ကျွန်တော့်တပည့် ဆရာဝန်မလေးရဲ့ ဖြစ်ရပ်တစ်ခုထဲပေါ်မှာ မူတည်ပြီး ပြောတာမဟုတ်ပါဘူး။ တခြားကျွန်တော် ကြုံတွေ့ခဲ့ရတဲ့ အဖြစ်တွေလည်း ရှိပါသေးတယ်။ ဥပမာတစ်ခု ပြောရမယ်ဆိုရင် ကျွန်တော် မလေးရှားနိုင်ငံ ကေအယ်လ် (KL) လို့ခေါ်တဲ့ ကွာလာလမ်ပူမြို့ကို ရောက်တော့ ကျွန်တော့် မိတ်ဆွေတွေက ခေါ်သွားတာနဲ့ တရုတ်ဆိုင်တစ်ဆိုင်မှာ ထမင်းသွားစားကြရင်း စားပွဲထိုးမြန်မာလူငယ်တသိုက်ကို တွေ့ရပါတယ်။ အဲဒီ အထဲက ကောင်လေးတစ်ယောက်က ကျွန်တော့်ကို ဆရာဝန်မှန်းသိတော့ "ဆရာ ပါမောက္ခ . . . . . ကိုသိလား" လို့ မေးပါတယ်။ "ဟ သိတာပေါ့၊ ငါနဲ့လည်း ရင်းနှီးတယ်ကွ" လို့ပြောတော့ "ကျွန်တော်က အဲဒီဆေးခန်း ကောင်တာမှာထိုင်ပြီး ဆေးပေးတာ၊ လခလည်းကောင်းတယ်၊ တော်တော်လေးကို

အဆင်ပြေတယ်။ အဲဒီအလုပ်ကို စွန့်ပြီး ကြီးပွားမယ်ထင်တာနဲ့ မလေးကိုထွက်လာမိတာ။ အခုတော့ ခွက်ခွက်လန်အမှားပဲ၊ ကျွန်တော် အခု ဒီစားသောက်ဆိုင်မှာ ပန်းကန်ဆေး စားပွဲသိမ်းပေါ့ ဆရာရယ်၊ ပိုက်ဆံတော့ ရသင့်သလောက် ရပါတယ်။ ဒါပေမယ့် ဗမာပြည်မှာ ရတာနဲ့ ဘာမှ သိပ်မကွာပါဘူး၊ စတိုင်နဲ့ ဆေးကောင်တာမှာ ထိုင်ပြီး လူနာတွေက ဆရာ၊ ဆရာနဲ့အခေါ်ခံရတဲ့ဘဝကနေ အခုတော့ ပန်းကန်ဆေး၊ စားပွဲသုတ်ပေါ့ ဆရာရယ်" လို့ ပြောရှာပါတယ်။ သူ့ကိုကြည့်လိုက်တော့လည်း စွတ်ကျယ်ဂျိုင်းပြတ် ဘောင်းဘီတိုနဲ့ ပန်းကန်တွေ တစ်ထပ်ကြီးကိုင်လို့ "ကျွန်တော်တို့ ညသန်းခေါင်ကျော် ဆိုင်သိမ်းမှ နားရမှာ ဆရာ" လို့ သနားစဖွယ်ပြောရှာပါတယ်။ ကျွန်တော်တို့စားတဲ့ ဝိုင်းကိုလာပြီး ဂရုတစိုက် ဟင်းပွဲတွေ မြန်မြန်ချအောင် လုပ်၊ သိမ်းစရာရှိတာသိမ်းနဲ့ တော်တော်ကြိုးကြိုးစားစား လုပ်ပေးရှာပါတယ်။ ဒါနဲ့ကျွန်တော်က "မင်းဒီလောက်တောင် အဆင်မပြေဖြစ်နေတာ မြန်မာပြည်ပြန်ပါလားကွ၊ မင်းဆရာဝန်မကြီးကလည်း မင်းကို အလုပ်ပြန်ပေးမှာပါ" လို့ ပြောတော့၊ "မလုပ်ပါနဲ့ဆရာရယ်၊ ကျွန်တော်ဒီမှာ သေချင်သေသွားပါစေ၊ မအောင်မြင် မကြီးပွားပဲနဲ့တော့ အိမ်ကို မပြန်ချင်တော့ဘူး၊ ကျွန်တော် မလေးကိုထွက်လာဖို့ အမေက သူ့ဆွဲကြိုးရောင်း၊ ကျန်တဲ့ညီအစ်ကို မောင်နှမတွေလည်း သူတို့ရှိတာတွေ ရောင်းချပေါင်နှံပြီး ထောက်ပံ့လိုက်ကြတာ၊ ကျွန်တော်က အဆင်မပြေဘဲနဲ့ ဘဝပျက်ပြီး အိမ်ကို ပြန်သွားလို့ မဖြစ်ဘူး၊ သူတို့တစ်တွေ ရင်ကျိုးကြလိမ့်မယ်၊ ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံပေါ့ ဆရာရယ်။ တစ်နေ့တော့လည်း အဆင်ပြေချင် ပြေသွားမှာပါ။ အခုတော့ ကျွန်တော်အိမ်ကို စာလည်း မရေးဘူး၊ မအောင်မြင်သေးတဲ့ဘဝမှာ အိမ်နဲ့ အဆက်အသွယ် ဖြတ်ထားလိုက်ဦးမယ်" လို့ ပြန်ပြောတယ်။ ဒါဟာ နိုင်ငံခြားရောက် မြန်မာတွေရဲ့ သဘောထားပါ။ မလေးရှားက အုန်းခြံတွေထဲမှာနစ်ပြီး ဘဝပျက်နေတဲ့မြန်မာတွေ၊ ထိုင်းနိုင်ငံက အပျက်အဆီး မကောင်းမှု နေရာတွေမှာ ကျင်လည်နေရတဲ့ မြန်မာတွေ၊ စင်္ကာပူက ဘဝပျက်နေတဲ့ "ဝ" တွေ မျိုးစုံလို့ပါပဲ။ ဘန်ကောက်လေဆိပ်မှာဆိုရင် အခြေအနေမဲ့ဖြစ်နေတဲ့ မြန်မာတွေ အများကြီးတွေ့နိုင်ပါတယ်။ စင်္ကာပူက ပင်နီစူလာကို သွားမယ်ဆိုရင်လည်း အဆင်မပြေ ဒုက္ခရောက်နေတဲ့ "ဝ" တွေ တစ်ပုံတစ်ခေါင်းပါ။ ကျွန်တော့်တပည့် ဆရာဝန်မလေး ဘာဖြစ်သွားတယ်ဆိုတာ ဆက်ရေးသွားပါမယ်။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခခင်မောင်ဝင်း (အသည်း)


Have A Nice Trip
Departure Gates
VISA



၂၁-၇-၀၆

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၁၁)

(နိုင်ငံခြားကိုသွားဖို့ စိတ်ကူးနေတဲ့၊ ကြိုးစားနေတဲ့မြန်မာလူငယ်တွေအတွက် နိုင်ငံခြားသွားရင် ကြုံတွေ့ရမယ့်၊ ရင်ဆိုင်ရမယ့် ပြဿနာအခက်အခဲတွေကို ရင်ဆိုင်ဖို့ရာ ကြိုတင်ပြင်ဆင်ထားနိုင်ဖို့ သိထားသင့်တဲ့ အချက်အလက်တွေကို ရေးနေပါတယ်။)

စက်ဘူရောက် တပည့်မ

ကျွန်တော့်တပည့် ဆရာဝန်မလေးတစ်ယောက်ဟာ အလုပ်ရှာဖို့ဆိုပြီး စက်ဘူကို ထွက်သွားခဲ့ပါတယ်။ နိုင်ငံခြားဆိုတာဘာမှန်းလည်းမသိ၊ စက်ဘူအကြောင်းလည်း နားမလည်ဘဲနဲ့ နိုင်ငံခြားထွက်ရရင်ပြီးရော ဆိုပြီး စက်ဘူကို အလည်အပတ်ဗီဇာ (၁)လနဲ့သွားလိုက်တာ၊ စက်ဘူရောက်ပြီး (၃)ပတ်လောက် ကြာတဲ့အထိ အလုပ်လည်းမရ၊ ဗီဇာလည်း ကုန်ခါနီး တော်တော်ကြီးကို ဒုက္ခရောက်နေပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် စက်ဘူကိုရောက်သွားလို့ ကျွန်တော်ဆီလာတွေ့ပြီး ချုံးပွဲချငိုတဲ့ အကြောင်းပြောနေပါတယ်။ တပည့်မလေးက သူ စက်ဘူက ဆေးရုံတေ တော်တော်များများကို ရောက်ပြီးပါပြီတဲ့။ ဘယ်ဆေးရုံကမှ အလုပ် မပေးနိုင်ပါဘူးတဲ့။ ပါလာတဲ့ ပိုက်ဆံ လည်း ကုန်ခါနီးပြီ။ ဗီဇာသာကုန်ရင်တော့ သူအဖမ်းခံရမလား၊ ထောင်ကျမလား မသိဘူးတဲ့။ သူတော့ ဘာ ဆက်လုပ်ရမှန်း မသိဘူးဆိုပြီး ပြောလိုက် ငိုလိုက်နဲ့ တော်တော်ကို စိတ်မကောင်းစရာပါ။ စက်ဘူနိုင်ငံရဲ့စံနစ်က အလုပ်တစ်ခုကို လျှောက်လိုက်လို့ အလုပ်ခန့်မယ့် ကုမ္ပဏီက လက်ခံတွေ့၊ အင်တာဗျူးလုပ်ပြီး ကြိုက်တယ်ဆိုရင် အလုပ်ရှင်က အလုပ်ခန့်လိုက်ပြီပေါ့။ ဒါပေမယ့် အလုပ်ရှင်က အလုပ်ကိုသာ ပေးနိုင်တာ၊ ခန့်နိုင်တာ၊ စက်ဘူမှာ နေထိုင်ခွင့် အလုပ်လုပ်ခွင့်ပေးတာက သူနဲ့မဆိုင်ဘူး။ စက်ဘူ လူဝင်မှုကြီးကြပ်ရေးကသာ လူတစ်ယောက် စက်ဘူမှာ အလုပ်လုပ်ခွင့်ရှိ မရှိဆိုတာကို ဆုံးဖြတ်တာ။ အလုပ်ခန့်တဲ့ အလုပ်ရှင်က လူတစ်ယောက်ကို ဗျူးပြီးလို့ ကြိုက်သွားပြီး အလုပ်ခန့်လိုက်တယ်ဆိုရင် သူကနေ အဲဒီလူကို အလုပ်ခန့်ကြောင်း ထောက်ခံစာနဲ့ လူဝင်မှုကြီးကြပ်ရေးရုံးက သူခန့်လိုက်တဲ့သူ စက်ဘူမှာ အလုပ်လုပ်ခွင့်ရဖို့ လျှောက်လွှာ တင်ပေးရတာ။ အဲလို လျှောက်လိုက်တော့မှ စက်ဘူ လူဝင်မှု ကြီးကြပ်ရေးက စာရွက်စာတန်းအထောက်အထားတွေကို ကြည့်ပြီး အဲဒီလူဟာ စက်ဘူမှာ အလုပ်လုပ်ခွင့် ပေးသင့် မပေးသင့် စဉ်းစားတာ။ အဲဒီလူရဲ့ အရည်အချင်းတွေနဲ့ အလုပ်ရှင် ပေးထားတဲ့ လစာနဲ့ ကိုက်ညီလား၊ မကိုက်ညီဘူးလား၊ ဒီလဟာ စက်ဘူနိုင်ငံအတွက် လိုအပ်ရဲ့လား၊ ပေးထားတဲ့ လစာကသိပ်များ များနေသလား၊ အဲလို အချက်အလက်ပေါင်းများစွာကို စဉ်းစားပြီးမှ အလုပ်လုပ်ခွင့် (work permit) ဆိုတာကို ချပေးတာ။ လူဝင်မှုကြီးကြပ်ရေးကို work permit

လျှောက်ထားရင် ခွင့်ပြုမိန့်ကျဖို့ တစ်လကနေ သုံးလလောက်ကြာတတ်တယ်။ အလုပ်ရှင်က ခန့်လို့ အလုပ်သာရတာလေ။ work permit ရ မရဆိုတာက သေချာတာ မဟုတ်ဘူး။ ပြီးတော့ အဲဒီလို အလုပ်ရှင်က သဘောကျလို့ အလုပ်ခန့်ပြီး work permit လျှောက်လွှာတင်ထားတဲ့ကာလမှာ စင်္ကာပူမှာ နေထိုင်ခွင့် မရှိဘူး။ စင်္ကာပူနိုင်ငံက ထွက်ပေးရတယ်။ ဒီသဘောတရားတွေကို တပည့်မက နားမလည်ဘူး။ နောက်ပြီးတော့ ဆရာဝန်အလုပ်လျှောက်တာက ပိုဆိုးသေးတယ်။ ဆရာဝန်ကို စင်္ကာပူမှာ အလုပ်ပေးဖို့ရာက လူဝင်မှု ကြီးကြပ်ရေးက work permit မပေးခင် အရင်ဆုံး စင်္ကာပူနိုင်ငံ ဆေးကောင်စီ (Singapore Medical Council SMC) မှာ မှတ်ပုံတင်ရသေးတယ်။ SMC Registration တင်တယ်ဆိုတာကလည်း တော်တော်ကို ရှုပ်ထွေးပါတယ်။ တောင်းလိုက်တဲ့ ထောက်ခံစာ တစ်ပုံကြီး ဟိုဟာလိုသေးတယ်၊ ဒီဟာပေးဦးနဲ့ တော်တော်လေးကို အရစ်ရှည်တယ်။ အဲလို တောင်းတဲ့စာရွက်စာတန်းတွေ အားလုံးပေးလိုက်တော့မှ SMC အဖွဲ့ဝင် (၁၀)ယောက်လောက်ပါတဲ့အဖွဲ့စီကို လျှောက်လွှာ ရောက်သွားတယ်။ အဖွဲ့ဝင်တစ်ယောက်စီက အဲဒီအထောက်အထားမှတ်တမ်းတွေကို ကြည့်တယ်။ အဲလို SMC လျှောက်လွှာတွေကို အဖွဲ့ဝင်တစ်ယောက်ယောက်က တစ်ဦးစီသီးသန့်စစ်တယ်၊ ကြည့်တယ်၊ ပြီးမှ နောက်အဖွဲ့ဝင်တစ်ယောက်စီကို လက်ဆင့်ကမ်းပြီး စစ်ဆေးကြ ကြည့်ကြတယ်။ နောက်ဆုံးရောက်တော့မှ အားလုံးတိုင်ပင်ပြီး အဲဒီ လျှောက်ထားတဲ့ဆရာဝန်ဟာ SMC Registration ဒါမှမဟုတ် စင်္ကာပူမှာ ဆရာဝန်လုပ်ခွင့် မှတ်ပုံတင်ပေးသင့်တယ်ဆိုရင် ချပေးတယ်။ ဒါမှမဟုတ် မပေးသင့်ဘူးလို့ထင်ရင်လည်း ငြင်းမယ်။ အဲလို SMC Registration ကလည်း စင်္ကာပူနိုင်ငံမှာ တစ်သက်လုံး ဆရာဝန်လုပ်ခွင့်ရှိသည်ဆိုပြီး တစ်ခါထဲ ပေးလိုက်တာ မဟုတ်ဘး။ အလုပ်တစ်ခါလျှောက်တစ်ခါ ဘယ်ဆေးရုံ ဘယ်ဌာနမှာ ဘယ်လောက်ကြာ လုပ်ခွင့်ပြုသည်ဆိုတဲ့ SMC Registration ကိုပဲရတာ။ နောက်အလုပ်၊ နောက်ဆေးရုံပြောင်းရင် တစ်ခါ SMC ကို ပြန်လျှောက်ရပြန်ရော။ အလုပ်အကြောင်းပြန်ပြောရရင် နောက်ဆုံး အဲဒီ SMC Registration ရတော့မှ စင်္ကာပူ လူဝင်မှုကြီးကြပ်ရေးက အလုပ်လုပ်ခွင့် (work permit) ချပေးတယ်။ တော်တော်လေးကို မလွယ်တဲ့ဇာတ်လမ်း။ ပြီးတော့ work permit အကြောင်း ပြောရဦးမယ်။ ကျွန်တော့်မိတ်ဆွေ ဆရာဝန်ကြီးတစ်ယောက်ရဲ့ သားဆိုရင် အင်္ဂလန်ကနေ ဟိုတယ်လုပ်ငန်းဘွဲ့ရလာခဲ့တာ။ စင်္ကာပူမှာ အလုပ်သွားလျှောက်တော စင်္ကာပူက အလုပ်ရှင်က သူ့ကို သိပ်သဘောကျပြီး ချက်ခြင်းကို အလုပ်ခန့်လိုက်တယ်။ နောက်ပြီးတော့ work permit တင်ပေးတယ်။ ဒါပေမယ့် လူဝင်မှုကြီးကြပ်ရေးကတော့ ဘာကြောင့်မှန်း မသိဘူး၊ သူ့ကို အလုပ်ခန့်တာကို သဘောမတူဘူး၊ work permit ကို ရီဂျက် (Reject) လုပ်လိုက်တယ်၊ ငြင်းလိုက်တယ်၊ မပေးဘူးပေါ့။ ဒါတွေကို အသေးစိတ်ဘာဖြစ်လို့ ပြောပြနေရသလဲဆိုတော့ ကျွန်တော့် တပည့်မဟာ ဒီအကြောင်းအရာတွေကို လုံးလုံး နားမလည်၊ စင်္ကာပူရဲ့စံနစ်တွေကို မသိဘဲ အလုပ်ရှာဖို့အတွက် စင်္ကာပူကို ဗစ်ဆစ်ဗီဇာ (visit visa) နဲ့သွားမယ်၊ စင်္ကာပူ ရောက်တာနဲ့ ဆေးရုံတစ်ရုံရုံမှာသွားပြီး အလုပ်လျှောက်လိုက်မယ်၊ သူ့အရည်အချင်းနဲ့ဆိုရင် အလုပ်တန်း ရမယ်၊ ဘာပြဿနာမှ မရှိဘူး၊ အဲတော့ ဗီဇာတစ်လအတွင်းမှာ အားလုံးအဆင်ပြေသွားမယ်လို့ လွယ်လွယ်

လေးကို တွေးထားပြီး စက်ဘူကိုလာခဲ့တာ။ သူ စက်ဘူကို ရောက်တော့မှ သူထင်ထားတာနဲ့ တကယ့် လက်တွေ့က တစ်ခြားစီဖြစ်နေတာကို သိလာတာကိုး။ အဲဒီမှာ တပည့်မ ဒုက္ခရောက်တော့တာပဲ။ ဘာဆို ဘာမှ နားမလည်ဘဲနဲ့ နိုင်ငံခြားရောက်ရင် ပြီးရောဆိုပြီး ထွက်လာခဲ့တာ။ ဒီတပည့်မအကြောင်းနဲ့ စက်ဘူရဲ့ စံနစ်တွေအကြောင်း ပြောပြနေရတာက စက်ဘူရယ် မဟုတ်ဘူး၊ ဘယ်နိုင်ငံကိုပဲသွားသွား နိုင်ငံတကာစံနစ်၊ ကိုယ်သွားမယ့်နိုင်ငံရဲ့ စံနစ်ကို နားမလည်ဘဲ သွားကြတဲ့ မြန်မာတွေ နိုင်ငံခြားရောက်ပြီး ဘယ်လိုဒုက္ခ ရောက်နိုင်တယ်ဆိုတာ သိစေချင်လို့ပါ။ ဒါနဲ့ ဆက်ပြောရရင် ကျွန်တော်လည်း ဟိုတယ်အခန်းထဲမှာ ထိုင်ပြီး တပည့်မရဲ့ ဒုက္ခတွေကို မျှဝေခံစားပေးရင်း "အေးလေ နင်ဘယ်လိုဖြစ်နေတယ်ဆိုတာ ငါလည်း နားလည်ပါ တယ်၊ ငါတတ်နိုင်သရွေ့ ကြိုးစားပြီး နင့်အတွက် လုပ်ပေးပါဦးမယ်" လို့ပြောပြီး သူ့ကို ပြန်ခိုင်းလိုက်ပါတယ်။ အဲဒီတုန်းက ကျွန်တော်က ဧည့်သည်ပါမောက္ခ (Visiting Professor) အနေနဲ့ လုပနေတာ။ ဒါနဲ့ နောက်တစ်နေ့ စက်ဘူအမျိုးသားဆေးတက္ကသိုလ်ဆေးရုံ (National University Hospital NUH) ကို ရောက်သွားတော့ ကျွန်တော် အလုပ်လုပ်နေတဲ့ အသည်းနဲ့အစာအိမ်လမ်းကြောင်းဌာနက ပါမောက္ခ ဌာနမှူး ဒေါက်တာရစ်ချပဂမ် (Richard Guan) ကို "ငါ့ တပည့်မတစ်ယောက် မြန်မာပြည်ကနေ စက်ဘူကို အလုပ် ရှာဖို့ ရောက်နေတယ်။ သူဟာ ငါ ဆေးသုတေသနမှာလုပ်တုန်းက ငါ့ရဲ့ လက်အောက်မှာ သုတေသန လက်ထောက်ဆရာဝန် အနေနဲ့လုပ်ခဲ့တာ၊ အလုပ်တော်တော်ကို ကြိုးစားတဲ့ တပည့်တစ်ယောက်ပါ။ ရိုးလည်းအရမ်းရိုးတယ်၊ ယုံကြည်စိတ်ချရတယ်" ဆိုပြီးစကားစကြည့်ပါတယ်။ ဒီလိုနဲ့ တပည့်မရဲ့ ဂုဏ်ပုဒ် များစွားကို ခီးကျူးဋီကာကြီးဖွင့်ပြီး ကောင်းသတင်းတွေကို ချဲ့လို့ရတာ အကုန်ချဲ့လို့ ပြောရတော့တာပေါ့။ ပြီးတော့မှ "ရစ်ချပ်ရယ်၊ မင်းကူညီနိုင်ရင် ကူညီပြီး ငါ့တပည့်ကို မင်းစီမှာ အလုပ်တစ်ခုပေးပါလား" လို့ပြောရတာပေါ့။ ရစ်ချပ်လည်း နည်းနည်းလေးစဉ်းစားတဲ့ပုံစံ ဝင်သွားပါတယ်။ အဲတော့ ကျွန်တော်လည်း တော်တော် အားရှိသွားတာပေါ့။ မလုပ်ပေးနိုင်ဘူးဆိုပြီး တစ်ခါတည်း ငြင်းမပစ်လိုက်ဘူးဆိုတာကိုက တော်တော်အခြေအနေကောင်းတဲ့ လက္ခဏာကို ပြတာပါ။ ရစ်ချပဟာ ကျွန်တော့်ကို တော်တော်လေး လေးစားတဲ့သူတစ်ယောက်ပါ။ အဲဒီတစ်ခေါက်က ကျွန်တော် စက်ဘူရောကနေတာဟာလည်း စမစ်ကလိုင်း Smith Kline ကုမ္ပဏီက အားလုံးတာဝန်ယူပြီး ဧည့်သည်ပါမောက္ခအနေနဲ့တစ်ပတ်သွားဖို့ စီစဉ်ပေးတာပါ။ စမစ်ကလိုင်းရဲ့တာဝန်ခံ ဗစ်တာတင်း Victor Tang ကလည်း ကျွန်တော်နဲ့ အသည်းရောင် အသားဝါ သုတေသန၊ ကျွန်တော်နဲ့မြန်မာပြည်၊ ကျွန်တော်နဲ့ အသည်းရောဂါဌာန စတဲ့ ကျွန်တော့်အကြောင်းတွေကို ပါမောက္ခရစ်ချပဂမ်ကို သေချာပြောထားပြီးသားဆိုတော့ ရစ်ချပ်က ကျွန်တော့်ကို သိပ်လေးစားပါတယ်။ အဲတော့ ကျွန်တော်ပြောတဲ့စကားဟာ ပေါက်တာပေါ့။ ဆိုလိုတာက ရစ်ချပဂမ်ဟာ ကျွန်တော် Request လုပ်တာကို လေးလေးစားစား စဉ်းစားတယ်၊ အရေးတယူလုပ်ပေးဖို့ စတ်ကူးတယ်ပေါ့။ ရစ်ချပက ဘယ်လို ပြန်ပြောသလဲဆိုရင် "မင်းတပည့်ကို ငါ့ဌာနမှာ MSc ကျောင်းသူတစ်ယောက် အနေနဲ့ တက်ခွင့်ရအောင်

ငါလုပ်ပေးမယ်၊ ဆရာဝန်အနေနဲ့ လူနာတွေကို ကြည့်တဲ့အဆင့်ရောက်ဖို့ကတော့ နောက်မှ ဖြည်းဖြည်းငါစဉ်းစားပြီး လုပ်ပေးပါမယ်" လို့ပြောပါတယ်။ ဒါဟာ တော်တော်လေးကို ကောင်းတဲ့ အခြေအနေပါ။ ကျောင်းတက်တာမကလို့ ဘာပဲလုပ်ရလုပ်ရ စက်ာပူမှာ အိန္ဒြေမပျက်နေရရင် တော်သေးတာပေါ့။ ဒါနဲ့ ဟိုတယ်ပြန်ရောက်တော့ တပည့်မကို ဖုန်းဆက်ခေါ်ပြီး "ရစ်ချက်က အဲလို ပြောတယ်။ နင် MSc သင်တန်းဆက်တက်မလား" လို့မေးတော့ သူတော်တော် ပျော်သွားတယ်။ "တက်မယ၊ ဘာဖြစ်ဖြစ်လုပ်မယ်၊ စက်ာပူမှာဆက်နေလို့ရရင် ပြီးရော" တဲ့။ ကျောင်းတက်တာရောက်တော့ ကျောင်းသူ အဖြစ်နဲ့ စက်ာပူမှာနေခွင့်ရဖို့ဟာ အလုပ်လုပ်ပြီး work permit လျှောက်တာလောက် မခက်ခဲတော့ဘူး။ စက်ာပူမှာ ဆက်နေခွင့်ကျောင်းတက်ခွင့်ဆိုတာက ပါမောက္ခတစ်ယောက်က ထောက်ခံပြီး တက္ကသလ်ကလည်း လက်ခံတယ်ဆိုရင် လွယ်ပါတယ်။ အဲတော့ ကျွန်တော့် တပည့်မကို ဒေါက်တာရစ်ချပဂမ်က တစ်ခါတည်း MSc ကျောင်းသူအဖြစ် လက်ခံလိုက်ပြီး အားလုံးအဆင်ပြေသွားပါတယ်။ သူ့ရဲ့ကုသိုလ်ကံပေါ့။ တပည့်မဒုက္ခရောက်နေတဲ့အချိန်မှာ ကျွန်တော်က ဆိုက်ဆိုက်မြိုက်မြိုက် စက်ာပူကိုရောက်သွားတယ်။ ကျွန်တော်ရောက်သွားတာမှ တကယ့်ကို သူ့ကိုကယ်နိုင်တဲ့ အနေအထားမျိုးနဲ့ရောက်သွားတာ။ တပည့်မအကြောင်း ဆက်ပြောရမယ်ဆိုရင်တော့ သူဟာ စက်ာပူနိုင်ငံက အသည်းကင်ဆာလူနာတွေမှာ အသည်းရောင်အသားဝါ ဘီနဲ့စီရောဂါပိုးဖြစ်နှုန်းကို လေ့လာတဲ့ သုတေသနကို ပြုစုပါတယ်။ အခက်အခဲမျိုးစုံတွေ ကြားထဲကနေ စာတမ်းပြီးသွားပြီး MSc ဘွဲ့ရသွားပါတယ်။ အဲဒီနောက် ကျန်းမာရေးဝန်ကြီးဌာနမှာ အလုပ်တစ်ခုရပြီး (၂)နှစ်လောက်ကြာတဲ့အခါမှာ တပည့်မဟာ စက်ာပူနိုင်ငံသား ခံယူသွားပါတယ်။ အခုတော့ စက်ာပူမှာ စက်ာပူစီတီဇင် (Citizen) တစ်ယောက်အနေနဲ့ သူအဆင်ပြေနေပါပြီ။ ကျွန်တော့် တပည့်မရဲ့ ဇာတ်လမ်းကို ရေးပြရတာက နိုင်ငံခြားသွားမယ့်မြန်မာတေ နိုင်ငံခြားဆိုတာ ဘာလဲဆိုတာ မသိဘဲသွားရင် လုံးဝ ဒုက္ခရောက်သွားနိုင်တယ်ဆိုတာ သိဖို့ သင်ခန်းစာယူဖို့နဲ့ နိုင်ငံခြား ရောက်လို့ ဒုက္ခတွေ၊ ပြဿနာတွေကို ရင်ဆိုင်ရပြီဆိုရင်လည်း မလျှော့တမး ကြိုးစားကြမယ်ဆိုရင် အဆင်ပြေသွားပြီး ကြီးပွားသွားနိုင်တယ်ဆိုတာကို သိစေချင်တာပါ။ ကျွန်တော် ဒီလိုတွေရေးလို့ နိုင်ငံခြားသွားမယ့် သူတွေကို စိတ်ဓါတ်တွေလည်း ကျမသွားစေချင်ပါဘူး၊ မလိုလားအပ်တဲ့ အဓိပ္ပါယ်မရှိတဲ့ မျှော်လင့်ချက်တွေ၊ လက်တွေ့ဘဝကို မသိတဲ့အခြေအနေတွေနဲ့လည်း နိုင်ငံခြားကို မသွားစေချင်ဘူး ဆိုတာကိုပဲ ပြောချင်တာပါ။ ဒီလို အခက်အခဲပြဿနာတွေကို ရင်ဆိုင်နိုင်ဖို့ ပြင်ဆင်သွားစေချင်လို့ပြောပြ ရေးပြနေရတာပါ။ ကျွန်တော်ဟာ ကိုယ့်လူမျိုးတွေ တိုးတက်စေချင်တယ်၊ ကိုယ့်ရဲ့တိုင်းပြည်က လူငယ်တွေ နိုင်ငံခြားသွားပြီး ကြီးပွားတာကို မြင်ချင်တယ်၊ အောင်မြင်တာကိုတွေ့ချင်တယ်၊ ဒီစိတ်ဓါတ်အပြည့်နဲ့ ကျွန်တော် ဒီစာတွေရေးနေတာပါ။

<u>စက်ဘူကိုသွားမယ်ဆိုရင်</u>

စက်ဘူမှာ ဒုက္ခရောက်တဲ့ တပည့်မအကြောင်း ပြောပြီးတော့ စက်ဘူနိုင်ငံရဲ့ လူဝင်မှုကြီးကြပ်ရေး ဒါမှမဟုတ် အီမီဂရေးရှင်းနဲ့ စက်ဘူအစိုးရရဲ့ မူဝါဒတွေကို အကြမ်းသဘောနဲ့ ဆက်ရေးချင်ပါတယ်။ ဘာလို့လဲဆိုတော့ အခုအခါမှာ စက်ဘူကို သွားကြတဲ့လူငယ်တွေက သိပ်များနေတော့ စက်ဘူနိုင်ငံရဲ့ သဘောသဘာဝကို သိသင့်တယ်ထင်လို့ နည်းနည်းလေးပြောချင်ပါတယ်။

စက်ဘူနိုင်ငံရဲ့မူဝါဒက သူ့နိုင်ငံအစိုးရက ဖွင့်ထားတဲ့ကျောင်းတွေက အောင်တဲ့သူတွေကို ဦးစားပေးပါတယ်။ ပုဂ္ဂလိကကျောင်းတွေကိုတော့ သိပ်အလေးမထားပါဘူး။ စက်ဘူအစိုးရကျောင်း၊ တက္ကသိုလ်တစ်ခုခုက ဖွင့်တဲ့ သင်တန်းဒီပလိုမာ ဒီဂရီတစ်ခုခုရပြီဆိုရင် အလုပ်လျှောက်လိုက်တာနဲ့ တစ်လအတွင်းမှာ ပီအာ (Permanent Residence) PR လို့ခေါ်တဲ့ စက်ဘူနိုင်ငံမှာ အမြဲတမ်းနေထိုင်ခွင့်ကို ရပါတယ်။ စက်ဘူမှာရှိတဲ့ ပုဂ္ဂလိကသင်တန်းတွေက အောင်တဲ့သူတွေ အလုပ်လျှောက်ရင်တော့ PR ကို လွယ်လွယ်နဲ့မပေးပါဘူး။ PR ကိစ္စကို ဆက်ပြောချင်ပါသေးတယ်။ ကျွန်တော့် မိတ်ဆွေတစ်ယောက်ဟာ သူ့ကလေး (၃)ယောက်ကို (၅) တန်းလောက်ကတည်းက စက်ဘူမှာ ကျောင်းထားပါတယ်။ အထက်တန်းကျောင်းပြီးတဲ့အထိ သူ့အမျိုးသမီးလိုက်နေပြီးတော့ အုပ်ထိန်းသူအနေနဲ့ ကလေးတွေ ကျောင်းပြီးတဲ့အထိ စက်ဘူမှာ (၁၀)နှစ် ကျော်လောက်နေပါတယ်။ ဒါနဲ့ စက်ဘူမှာ (၁၀)နှစ်လောက်လည်းနေပြီးပြီ ကလေးတွေလည်း စက်ဘူ အထက်တန်းကျောင်းအောင်ပြီးပြီဆိုပြီး PR လျှောက်တယ်၊ မရပါဘူး။ ဆိုလိုချင်တာက စက်ဘူမှာ ဘယ်လောက်ပဲကြာကြာနေနေ၊ အစိုးရရဲ့မူနဲ့ ကိုက်ညီမှသာ PR ပေးတာပါ။ PR ကို စဉ်းစားတာမှာ တရုတလူမျိုးလား၊ ဘာဘွဲ့တွေရထားသလဲ၊ ပညာဘယ်လောက်တတ်သလဲ၊ ဘာတွေ ပိုင်ဆိုင်မှုရှိတာလဲ၊ စက်ဘူနိုင်ငံအတွက် ဒီလူက ဘယ်လောက်အသုံးဝင်မလဲဆိုတာတွေကို လူဝင်မှုကြီးကြပ်ရေးကနေ စဉ်းစားပါတယ်။သူတို့သတ်မှတ်ချက် နဲ့ မကိုက်ညီရင် PR မပေးပါဘူး။ PR နဲ့ ပတ်သက်လို့ နောက်တစ်ယောက် အကြောင်းပြောပါဦးမယ်။ ကျွန်တော့် မိတ်ဆွေ တစ်ယောက် GTI စက်မှုလက်မှုကျောင်းက ဒီပလိုမာရပြီး စက်ဘူမှာ (၁၀)နှစ်ကျော်အလုပ်လုပ်ပြီး PR လျှောက်တာ တော်တော်နဲ့ကို PR မကျနိုင်ဘူး။ လျှောက်လိုက်တင်းရီဂျက်ပဲ။ ဒါပေမယ့် ကျွန်တော့် တပည့်မဆရာဝန် စက်ဘူတက္ကသိုလ် MSc အောင်ပြီးတာနဲ့ PR တန်းရပါတယ်။ ဒလိုပဲ ကျွန်တော့်သမီးကြီးဆရာဝန်အနေနဲ့ စက်ဘူဆေးရုံကြီးမှာ တစ်နှစ်အလုပ်လုပ်ပြီး PR လျှောက်တာ တစ်ခါတည်းကျတယ်။ စက်ဘူအစိုးရဟာ သူတို့ရဲ့အခြေအနေ၊ သူတို့နိုင်ငံတိုးတက်မှုအတွက် စဉ်းစားပြီး PR ကို ပေးတာ။ PR ငါ့မပေးလို့၊ သူ့မပေးလို့ဆိုပြီး အပြစ်တွေတင်၊ ဒေါတွေပွနေလို့ မရပါဘူး။ သူ့နိုင်ငံတိုးတက်ဖို့၊ သူ့နိုင်ငံကြီးပွားဖို့ အကောင်းဆုံးစဉ်းစားပြီး သူ့တို့ဥပဒေတွေကို ရေးထားတာပေါ့။ PR ကျသွားရင် ဘာတွေအကျိုးရှိလဲလို့ မေးမယ်ဆိုရင် PR ရတာဟာ အများကြီးကို အားသာပါတယ်လို့ ပြောရမှာပါ။ ဘာလို့လဲဆိုတော့ PR ရပြီဆိုတာနဲ့ စတေး (stay) ဆိုတဲ့ စက်ဘူမှာ ဘယ်လောက်နေလို့ရမှာလဲ၊ ဘာဗီဇာနဲ့ ဘယ်လိုနေရင်ကောင်းမလဲ၊ ဗီဇာသက်တမ်းတိုးဖို့၊ ပြန်လျှောက်ဖို့ ဒီဇာတ်လမ်းတွေ

မရှိတော့ဘူး။ PR ဆိုတဲ့ကဒ်ပြားကို ရလိုက်တာဟာသိပ်ကို တန်ဖိုးရှိပါတယ်။ မြန်မာပြည်ပြန်ဖို့ စက််ပူ ကနေအထွက်မှာ PR ကဒ်ပြားလေး ထောင်ပြလိုက်ရုံပဲ၊ တစ်ခါတည်းသွားပါလို့ လူဝင်မှုကြီးကြပ်ရေးအရာရှိက ပြောမယ်။ မြန်မာပြည်ကနေ စက််ပူကို ပြန်ဝင်ရင်လည်း သူများတွေနဲ့ ရောပြီးတန်းစီစရာမလိုဘဲ စက််ပူနိုင်ငံသားတွေ တန်းစီတဲ့ စီတီစင် (Citizen) ဆိုတဲ့အတန်းမှာ တန်းစီပြီးတော့ PR ကဒ်ပြားလေးကို အသာလေးပြလိုက်ရုံပဲ။ ကဒ်ပြားကို အီလက်ထရောနစ်ကောင်တာအောက်မာ တစ်ချက်လေးစစ်ပြီးတော့ ရပါပြီ သွားနိုင်ပါပြီဆိုပြီး သွားရုံပဲ။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဒေမောင်ဝင်း (အသည်း)




Please Do N

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၁၂)

(နိုင်ငံခြားကိုသွားဖို့ စိတ်ကူးနေတဲ့၊ ကြိုးစားနေတဲ့မြန်မာလူငယ်တွေအတွက် နိုင်ငံခြားသွားရင် ကြုံတွေ့ရမယ့်၊ ရင်ဆိုင်ရမယ့် ပြဿနာအခက်အခဲတွေကို ရင်ဆိုင်ဖို့ရာ ကြိုတင်ပြင်ဆင်ထားနိုင်ဖို့ သိထားသင့်တဲ့ အချက်အလက်တွေကို ရေးနေပါတယ်။)

စက််ပူကိုသွားကြတဲ့မြန်မာတွေ

ဒီနှစ်ဩဂုတ်လဆန်းတုန်းက ကျွန်တော့် ဇနီးဒေါက်တာခင်လေးရီ ဆေးကုဖို့ စက််ပူကိုသွားတာကို ကျွန်တော်လိုက်သွားဖြစ်ပါတယ်။ ဘွဲ့ရပြီး ဟိုယောင်ယောင်ဒီယောင်ယောင်လုပ်နေတဲ့ ကျွန်တော့်တူမ မိမိန္နယ်ကို နင်လည်း လိုက်ခဲ့ဆပြီး စက််ပူကို ခေါ်သွားဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်လေဆိပ်ကနေ စက််ပူခရီးစဉ်စဖို့ လေဆိပ်ထဲလည်း ဝင်လိုက်ရော ပြည်ပခရီးစဉ်ထွက်ခွာရာဌာန ဒီပါချာ (Departure) နေရာမှာ စက််ပူသွားမယ့် မြန်မာလူငယ်တွေက အပြည့်ပါ။ လိုက်ပို့ကြတဲ့ မိဘဆွေမျိုး မိတ်ဆွေအသိုင်းအဝိုင်းလူတွေကလည်း တစ်သိုက်ကြီး ဖက်ကြ၊ ငိုကြ၊ ရီကြ စကားတွေပြောကြ၊ နှုတ်ဆက်ကြနဲ့ တကယ့်ကို ရသစုံ မြင်ကွင်းကြီးပါ။ ဘယ်လိုပြောရမှန်းတောင် မသိပါဘူး။ စက််ပူသွားမယ့် လူငယ်တွေရဲ့ မျက်နှာတွေမှာတော့ စိုးရိမ်စိတ်တွေ၊ အသစ်အဆန်းကို မျှော်လင့်တက်ကြွတဲ့ပုံရိပ်တွေ ပေါ်နေပါတယ်။ ဘာမှန်းမသတဲ့ စက််ပူကို ရင်ဆိုင်ရတော့မယ်။ မသိတာကိုကြောက်တဲ့ (Fear of unknown) ဆိုတဲ့ စိတ်တွေ ရင်ထဲမှာ ပြည့်လျှံ ထွက်လာနေပြီး တစ်ဖက်ကလည်း ဘဝတဆစ်ချိုး တိုးတက်တော့မယ်ဆိုတဲ့ အားမာန်အပြည့် စိတ်တွေနဲ့ ခံစားချက်မျိုးစုံ ဒီလူငယ်တွေရဲ့ မျက်နှာမှာ ပေါ်လွင်နေပါတယ်။ လိုက်ပို့ကြတဲ့ အဖေ၊ အမေ၊ အမျိုးအဆွေတွေကတော့ တစ်သက်လုံး စုဆောင်းထားတဲ့ပိုက်ဆံနဲ့ ကိုယ့်သားသမီးကို နိုင်ငံခြားလွှတ်လိုက်ရတာ နှစ်ထောင်းအားရ စိတ်မှာ ပီတိတွေကြွပြီး သားကြီး၊ သားလတ်၊ သားလေး၊ အရွယ်မျိုးစုံ။ သားတွေ နိုင်ငံခြားမှာ ကြီးပွားတော့မှာ၊ ပိုက်ဆံတွေ အများကြီးပိုက်ပြီး နိုင်ငံခြားက ပြန်လာတော့မှ ခေါင်းထောင်ပြီး ရွာရိုးလျှောက်ပြောလိုက်ဦးမယ်ဆိုတဲ့ စတိုင်ပုံစံတွေ။ သားလေး နိုင်ငံခြားသွားဖို့ ကုန်တာတွေကို တစ်စက်မှ မနှမြော၊ မတွန့်တို၊ မင်းလိုသလောက်သာပြော၊ ဒို့ထပ်ပို့ပေးမယ်ဆိုတဲ့ပုံမျိုး။ လေဆိပ်ကြီးတစ်ခုလုံးမှာ ဆူညံလို့။ သွားမယ့်လူက ကျန်နေခဲ့တဲ့လူတွေကို မှာစရာတွေ မှာ၊ သွားမယ့်လူကို မိဘ၊ ဆွေမျိုး၊ သူငယ်ချင်းအားလုံးက ကျန်းမာရေး ဂရုစိုက်ဖို့၊ ပိုက်ဆံနဲ့ပါတ်စ်ပို့ သတိထားနော်၊ ဒို့ဆ စာလည်းရေးဦး၊ မင်းအားဆေးသောက်ဖို့လည်း မမေ့နဲ့၊ ပိုက်ဆံစုနော်၊ ဟိုရောက်ရင် လူလိမ်တွေ ဂရုစိုက်၊ မှာတာတွေက စုံလို့။ တွတ်ထိုးလို့ကို မပြီးနိုင်တော့ဘူး။ ကိုယ် နိုင်ငံခြား ပထမဆုံး သွားတုန်းကလည်း ဒီလိုပဲ လိုက်ပို့ကြတဲ့

ဆွေမျိုးမိတ်ဆွေတွေ တစ်ပုံတစ်ခေါင်းကြီးနဲ့ လေဆိပ်မှာ တရုန်းရုန်း။ စင်္ကာပူသွားကြတဲ့ မြန်မာလူငယ်လေးတွေကို ကြည့်လိုက်တဲ့အခါမှာ မြို့ကြီးသားပုံ တစ်ယောက်မှ မပါသလောက်လို့ပဲ ပြောရပါမယ်။ အဲဒီလူငယ် အများစု ပုံစံတွေက ရွာကလာတဲ့၊ တောကလာတဲ့ပုံစ မျက်နှာမျိုးတွေပါ။ အသား ညိုညက်ညက် မဲမဲနဲ့ လယ်ထဲမှာ တောထဲမှာ အလုပ်လုပ်လာခဲ့တဲ့၊ အလုပ်ကြမ်းတွေ မရပ်တန်း လုပ်ခဲ့တဲ့ ပုံစံမျိုးတွေများပါတယ်။ ငွေယားလေး စုမိလို့၊ သူငယ်ချင်း အဆွယ်ကောင်းလို့၊ ပွဲစားအပြောကောင်းလို့၊ အကြောင်းမျိုးစုံနဲ့၊ နိုင်ငံခြားသွားရင် ကြီးပွားမာပဲဆိုတဲ့ အတွေးတွေနဲ့ စင်္ကာပူကို ထွက်ကြမယ့်ပုံပေါ်ပါတယ်။ သိန်းနဲ့ချီပြီး ကုမ္ပဏီကို ပွဲစားကို ပေးထားရပြီး နိုင်ငံခြားမှာ ဘယ်လိုဟာတွေ တွေ့ရမယ်၊ ဘာလုပ်မယ်ဆိုတာ မရေမရာ မသေမချာနဲ့ စင်္ကာပူဆိုတဲ့ နိုင်ငံကို ထွက်ဖို့ ပြင်နေကြတဲ့ သူတွေပါ။ သူတို့တစ်တွေဟာ နိုင်ငံခြား လေယာဉ်မပြောနဲ့၊ ပြည်တွင်းလေယာဉ်တောင် စီးဘူးပုံမပေါ်ပါဘူး။ ရန်ကုန်မင်္ဂလာဒုံက အထွက်မှာတော့ ခရီးသွားဖို့ ကိစ္စတွေက လွယ်တာပေါ့။ ပွဲစားက အစအဆုံး လိုက်လုပ်ပေးလိုက်တော့ လေဆိပ်အခွန် (Airport Tax) ဘယ်လို ပေးရတယ်ဆိုတာလည်း မသိလိုက်၊ မြန်မာပြည်ကထွက်ပြီး လေယာဉ်ပေါ်တက်မယ် ဆိုတာနဲ့ အင်ဘာ(ခ်) ကေးရှင်းစာရွက် (Embarkation form) ကို ဘယ်လိုဖြည့်ရမယ်ဆိုတာလည်း သိစရာမလို၊ အဲယားလိုင်း counter check-in လုပ်တာမှာလည်း ကုမ္ပဏီက လုပ်ပေးလိုက်တာဆိုတော့ ဘယ်လိုမှန်းမသိလိုက်၊ လူဝင်မှုကြီးကြပ်ရေးနဲ့ အကောက်ခွန် ကောင်တာတွေမှာ ဘယ်လိုဖြတ်ရမယ်ဆိုတာလည်း ကုမ္ပဏီက လုပ်ပေးတာဆိုတော့ ဘယ်လို ပြီးသွားမှန်းတောင် မသိလိုက်ဘူး။ အဲတော့ စင်္ကာပူ အလုပ် သွားလုပ်မယ့် မြန်မာလူငယ်တွေအတွက် မြန်မာပြည်က ထွက်တဲ့ ဇာတ်လမ်းမှာတော့ ပြဿနာ လုံးဝမရှိပါဘူး။ ပျော်ပျော်ပါးပါး အေးအေးဆေးဆေးနဲ့ စကားတွေ ဖောင်အောင်ပြောပြီး နောက်ဆုံးအားလုံးကို ဘိုင်ဘိုင် လုပ်ပြီးတော့မှ Immigration နဲ့ Custom ကို ဖြတ်၊ လေယာဉ်ကြီးပေါ်တက်ဖို့ စောင့်ရမယ့် ထွက်ခွာရာခန်းမ ဒီပါချာလောင့်(ချ) (Departure Lounge) ထဲကို ရောက်လာကြရော။ အဲဒီမှာ လူငယ်တွေ ငြိမ်သွားကြပြီ။ ပတ်ဝန်းကျင်က ပြောင်းလွဲသွားပြီကိုး။ စောစောကလို ဆူဆူညံညံမဟုတ်တော့ဘူး။ နိုင်ငံခြားသားတွေလည်း ရှိတယ်။ ခရီးသည်တော်တော်များများကလည်း စကားမပြောကြဘဲ ထိုင်ပြီးနေကြတာ။ နိုင်ငံခြားကို ပထမဆုံး ထွက်တဲ့ သူတွေအဖို့ နောက်ဆုံး လေယာဉ်တက်ရမယ့်အဆင့်ရောက်ပြီဆိုတော့ စိတ်တွေလှုပ်ရှားလို့ လေယာဉ်တက်ဖို့ ဘယ်တော့ခေါ်မှာလည်းဆို စောင့်နေကြတဲ့အချိန်။ အချင်းချင်း စကားပြောတော့ တးတိုးလေးပဲ။ အဲဒီအချိန်မှာ ပါတ်စ်ပို့လေးနဲ့ လေယာဉ်ပေါ်တက်ခွင့်လက်မှတ် ဘိုးဒင်းပါတ်(စ်) (Boarding pass)ကို ကိုင်ထားပြီး ဟိုဟာကျန်သေးလား၊ ဒီဟာကျန်သေးလား၊ အတွေးတွေပျံ့လွင့်စွာနဲ့ လေကြောင်းလိုင်းက ခေါ်သံကို စောင့်နေကြရပါတယ်။ ကျွန်တော်လည်း ဒီခရီးစဉ်မှာ စင်္ကာပူကို အလုပ်လုပ်ဖို့သွားကြတဲ့ မြန်မာလူငယ်တွေကိုကြည့်ပြီး သူတို့အကြောင်းကို စာရေးချင်စိတ်တွေ ပေါ်လာပါတယ်။ စင်္ကာပူကို သွားမယ်ဆိုရင် ဘယ်လ ဘာတွေ ရင်ဆိုင်ရမယ်ဆိုတာ သူတို့တစ်တွေကို ဘယ်သူကမှ စုံစုံလင်လင် အသေးစိပ် ပြောပြထားနိုင်မယ်မထင်ဘူး။ သူတို့လို ငွေကြေးတွေ ရင်းနှီးမြှုပ်နှံပြီး စွန့်စွန့်စားစား နိုင်ငံခြားသွားတဲ့

မြန်မာတွေအတွက် ခရီးသွား အထောက်အကူဖြစ်ဖို့ သိသင့်တဲ့အချက်တွေပြောပြဖို့ ငါစာရေးဦးမှ ဖြစ်မယ်ဆိုတဲ့ စိတ်တွေပေါ်လာပါတယ်။ မြန်မာတွေကို ကမ္ဘာနဲ့အညီ ရင်ဘောင်တန်းစေချင်တယ်။ ကျွန်တော်ဟာ နိုင်ငံခြားခရီးကို အကြိမ်ပေါင်း များစွာ သွားခဲ့ဘူးတဲ့သူဆိုတော့ ဘယ်နိုင်ငံ၊ ဘယ်လဆိပ်၊ ဘယ်လေယာဉ်ကိုပဲစီးရစီးရ သူတို့ရဲ့စနစ်တွေကို နားလည်နေပြီး ခရီးသွားရတာ ဘာအခကအခဲမှ မရှိပါဘူး။ ဒါကြောင့် ကျွန်တော် အတွေ့အကြုံတွေကို နိုင်ငံခြား ပထမဆုံးအကြိမ် သွားမယ့် မြန်မာလူငယ်တွေအတွက် ပြောပြချင်တယ်။ နိုင်ငံခြားသွားတယ်ဆိုတာ ဘာမှအခက်ကြီးမဟုတ်ဘူး။ ခရီးသွားစနစ်ကို နားလည်ဖို့ပဲ။ တစ်ခါလျှောက်ဖူးရင် အဲဒီလမ်းကို နောက်တစ်ခေါက် လျှောက်ဖို့ အခက်အခဲမရှိတော့တဲ့သဘောပေါ့။ ကျွန်တော့်အတွေ့အကြုံတွေကို မြန်မာလူငယ်တွေ မျှဝေခံစားစေချင်ပါတယ်။ Fashion Image မဂ္ဂဇင်း ကတော (၁၅)နှစ်နဲ့ (၄၅)နှစ်ကြား အသက်အရွယ်ရှိတဲ့ လူတွေ အဖတ်များတာဆိုတော့ ရေးလက်စ "နိုင်ငံခြားသွားမယ်ဆိုရင်" ဆောင်းပါးတွေထဲမှာ စက်ာပူသွား ဆောင်းပါးရှည်ကြီး ဆက်ရေးရင်း နိုင်ငံခြား သွားမယ်ဆိုရင် ဘာတွေ သိရမယ်ဆိုတာတွေ ရေးရမယ်၊ အထူးသဖြင့် စက်ာပူကိုသွားရင် ဘာတွေ သိသင့်တယ်ဆိုတာ ပြောရမယ်။ အဲလို ခရီးသွားအချက် အလက်တွေကို လူငယ်တွေ သိပ်ကိုသိရမယ်လို့ တွေးမိပါတယ်။ ဘာလို့လဲဆိုတော့ လက်ရှိအနေအထားအရ မြန်မာလူငယ်တွေ အများဆုံးသွားကြတဲ့ နိုင်ငံဟာ စက်ာပူပဲလို့ ပြောရပါမယ်။ အဲတော့ "စက်ာပူသွားမယ် ဆိုရင်" ဆိုတဲ့ ဆောင်းပါးမျိုး ရေးရမယ်လို့ စဉ်းစားမပါတယ်။ အဲဒီလို အတွေးတွေ ပေါ်နေတုန်းမှာပဲ ဒီပါချာလောင့်(ချ်)ထိပ်က သံကြိုးခတ်ထားတဲ့ မှန်တံခါးနှစ်ချပ်ကို Silk Air လေယာဉ်အမှုထမ်းတွေနဲ့ လေဆိပ်လုံခြုံရေးရဲတွေက ဖွင့်လိုက်ပြီး လေယာဉ်ပေါ် တက်ဖို့ ခရီးသည်တွေကို စခေါ်ပါတယ်။ ခရီးသည်တွေ တစ်ဦးချင်း တန်းစီပြီး အပေါက်ဝမှာ စောင့်ကြ ရပါတယ်။ လေကြောင်းလိုင်းက ဝန်ထမ်းတွေက ပါတ်စ်ပို့နဲ့ လေယာဉ်တက်ခွင့် (boarding pass) တွေကို ကြည့်ပြီး နာမည်၊ ခါတ်ပုံ တူ၊ မတူ စစ်ဆေးပါတယ်။ ပြီးတော့မှ ခပ်ရှည်မျောမျော boarding pass ရဲ့ စကူအရှည်ပိုင်းကို ဆုတ်ယူလိုက်ပြီး ခရီးသည်တွေလက်ထဲကို စက္ကူအပိုင်းအစအတိုလေး ပေးလိုက်ပါတယ်။ အဲဒီ boarding pass အတိုလေး ပေါ်မှာ ထိုင်ခုံနံပါတ် ပါပါတယ်။ ဒါကြောင့် အဲဒါလေး ပျောက်လို့ မရပါဘူး။ သေချာ ကိုင်ထားရမှာပါ။ အဲလို လေကြောင်း ဝန်ထမ်းတွေ ခရီးသည်တွေကို တစ်ယောက်စီ စစ်ဆေးပြီးတာနဲ့ ခရီးသည်တွေ လေဆိပ် အဆောက်အဦး အပြင်ကို ထွက်သွားရပြီး အပေါက်ဝဘက်မှာ ရပ်ထားတဲ့ ဘတ်စ်ကားကြီးပေါ်ကို တက်လိုက် ရပါတယ်။ ဘတ်စ်ကားကြီးပေါ်ရောက်တာနဲ့ ခန်းမတံခါးဝ တုန်းက ထုတ်ပြခဲ့ရတဲ့ ကိယ့်ပါတ်စ်ပို့ကို စနစ်တကျ ပြန်သိမ်းရပါမယ်။ လေယာဉ်ပေါ် တက်တဲ့နေရာမှာ ရောက်တော့ ပါတ်စ်ပို့ပြစရာ မလိုတော့ပါဘူး။ boarding pass ရဲ့ ထိုင်ခုံနံပါတ်ပါတဲ့ စက္ကူအပိုင်းလေးကိုပဲ ပြဖို့လိုတော့မှာ။ အဲဒီလို မင်္ဂလာဒုံလေဆိပ်က ဘတ်စ်ကားကြီးပေါ်တက်ရင် အပေါက်ဝနဲ့နီးတဲ့နေရာမှာယူပါ။ ဒါမှ လေယာဉ်ကြီးနားရောက်တော့ စောစော ဆင်းပြီး လေယာဉ်ပေါ်ကို စောစောတက်ရမှာပါ။ ဒီလေယာဉ်ကြီးနဲ့ အားလုံးအတူတူ ထွက်ကြရမှာပဲ၊ လေယာဉ်ပေါ်တက်တာ လောစရာမလိုပါဘူးလို့

တွေးချင်တွေးမိကြလိမ့်မယ်။ လက်တွေ့မှာ မဟုတ်ဘူး။ ဘတ်စ်ကားကြီးပေါ်က စောစောဆင်း၊ လေယာဉ်ပေါ်ကို အရင်ဆုံးရောကအောင် တက်ထားသင့်တယ်၊ ဒါမှသာ လေယာဉ်ပေါ် စောစောစီးစီး ရောက်ပြီး ကိုယ့်ပစ္စည်းကို လေယာဉ်ထဲက ခေါင်းပေါ်မှာ ဖွင့်ထားတဲ့ ပစ္စည်းထားတဲ့ နေရာလေးထဲမှာ ဘယ်သူမှ မရောက်ခင် ချောင်ချောင်ချိချ ထည့်လို့ရမှာ။ ကိုယ်က နောက်ကျနေရင် ကိုယ့်နေရာရောက်လို့ ခေါင်းပေါ်က ပစ္စည်းထားတဲ့ အကန့်လေးလည်း ဖွင့်လိုက်ရော၊ သူများတွေပစ္စည်းတွေက အပြည့် ဖြစ်နေမယ်။ အဲဒီမှာ ဒုက္ခရောက်ပြီ။ လေယာဉ်မယ်ခေါ်ရ၊ အကူအညီ တောင်းရနဲ့. စာရင်းတော်တော် ရှုပ်ပါလိမ့်မယ်။ အဲဒါကြောင့် ဘတ်စ်ကားပေါ် စတက်ကတည်းက လေယာဉ်ပေါ် အစောဆုံးတက်လို့ ရအောင် ကားပေါ်က အရင်ဆုံး ဆင်းလို့ရတဲ့နေရာကို ရွေးပြီး ယူထားရမယ်။ အဲဒီလေယာဉ်ဆီကိုသွားတဲ့ ဘတ်စ်ကားပေါ်မှာ နိုင်ငံကြီးသား ပီသစွာနဲ့. လုပ်သင့်လုပ်ထိုက်တဲ့ အပြုအမူတစ်ခုအကြောင်း ပြောချင် ပါသေးတယ်။ လေယာဉ်ကြီးစီကို သွားနေတဲ့ ဘတ်စ်ကားပေါ်မှာ ကိုယ်က တစ်နေရာ ဝင်ထိုင်မိပြီဆိုပါစို့။ ကိုယ့်ဘေးနားမှာ မြန်မာဖြစ်ဖြစ် နိုင်ငံခြားသားတစ်ယောက်ဖြစ်ဖြစ် အသက်ကြီးကြီး မနိုင်မနင်းပစ္စည်းတွေနဲ့. လာရပ်နေတယ်ဆိုရင် ချက်ခြင်းမတ်တပ်ရပ်ပြီး နေရာဖယ်ပေးလိုက်ပါ။ ဒါဟာ အထူးဂရုစိုက်ပြီး ပြုမူဆင်ခြင် လုပ်ဆောင်ရမယ့် ကောင်းတဲ့ ကျင့်ဝတ် တစ်ခုပါ။ ကိုယ်လက်အင်္ဂါ ချို့ယွင်းတဲ့သူ၊ သက်ကြီးရွယ်အို၊ ကလေးနဲ့.မိခင် အမျိုးသမီးကြီးတွေစတဲ့ ဦးစားပေးရမယ့် လူတန်းစားတွေကို ကိုယ်က လေးစားတယ်၊ ဂရုစိုက်တယ်ဆိုတာကို နေရာဖယ်ပေးပြီး ပြရပါမယ်။ အဲလို ဘတ်စ်ကားစီးဖို့.အတွက် တံခါးဝမှာ ပါတ်စ်ပို့ ပြပြီး ကားပေါ်ရောက်တာနဲ့. ချက်ခြင်း ပါတ်စ်ပို့၊ လေယာဉ် လက်မှတ်စတဲ့ သိမ်းသင့်တာတွေကို ရှိရှိသေသေ သိမ်းပါ။ အဲဒီနေရာမှာ အမှတ်မထင် ပါတ်စ်ပို့. စာရွက် စာတမ်းတွေ ကျပျောက်တတ်ပါတယ်။ တစ်ခါတလေ ဖြစ်တတ်တဲ့ဟာဆိုပေမယ့်လည်း မဖြစ်သင့်တာ တစ်ခမို့လို့. သတိပေးရတာပါ။ ဒီလိုနဲ့. ကျွန်တော့်ဇနီး၊ တူမလေး မိမိနွယ်နဲ့. ကျွန်တောတို့ဟာ လေယာဉ်ကြီး စီကို ခေါ်သွားတဲ့ ဘတ်စ်ကားကြီးပေါ် တက်လိုက်ပြီး နေရာယူ စီးသွားကြပါတယ်။ ဘတ်စ်ကားကြီးဟာ လေယာဉ်ကြီးပေါ်ကို ထောင်ထားတဲ့ လှေကားခြေရင်း လည်းရောက်ရော ကျွန်တော်တို့မှာ လက်ထဲက ဆွဲလာတဲ့ အိတ်တွေကများတော့ လေယာဉ်ပေါ်မှာသိမ်းဖို့၊ နေရာရအောင်ဦးဖို့. ဘတ်(စ်)ကားပေါ်က အပြေးအလွှား ဆင်းကြပါတယ်။ အလုပ်လုပ်ဖ.သွားကြတဲ့ လူငယ် တွေမှာတော့ ဘာပစ္စည်းမှ လက်ထဲမှာ သိပ်ဆွဲမလာကြပါဘူး။ ကျောပိုးအိတ်၊ တိုလီမိုလီပစ္စည်းအိတ၊ မြန်မာ လွယ်အိတကို လွယ်ထားတဲ့သူ၊ စုံလို့ပဲ။ ဒါပေမယ့် သူတို့မှာ လက်ဆွဲပစ္စည်းအနေနဲ့. ဘာမှ သိပ်ပါမလာဘူး။ ဒါနဲ့. စကားမစပ် လေကြောင်း ခရီးသည်တွေရဲ့. ပစ္စည်းတွေကို ဘယ်လိုခေါ်တယ်ဆိုတဲ့ အသုံးအနှုန်းတွေ ပြောချင်ပါသေးတယ်။ ခရီးသည်တွေ လေကြောင်းလိုင်းကောင်တာမှာ check-in လုပ်ပြီး လေယာဉ်ကြီးရဲ့. ကုန်ပစ္စည်းသယ်တဲ့ အခန်းထဲမှာ သယ်သွားဖို့. ကောင်တာမှာ အပ်လိုက်ရတဲ့ပစ္စည်းတွေကို ချက်ခ်(ဒ) ဘက်ဂိတ်(ချ်) checked baggage လို့. ခေါ်ပါတယ်။ အဲလို ကိုယ်ကိုတိုင် မသယ်ရပဲ အပ်တဲ့ပစ္စည်းတွေဟာ ကီလို (၂၀)ထက် မပိုရပါဘူး။ ကီလို (၂၀)ကျော်သွားတာနဲ့. မတန်တဆ အပိုကြေး အိတ်(က)ဆက်(စ်)

ဘက်ဂိတ်(ချ်) (excess baggage) ဖိုးပေးရပါတယ်။ အဲလို ကောင်တာမှာ ပစ္စည်းအပ်ပြီးတဲ့နောက်၊ လေယာဉ်ပေါ်ကို ကိုယ်နဲ့အတူ လက်ထဲဆွဲယူလာတ ပစ္စည်းကို ဟန်းကယ်ရီ (hand carry) ဒါမှမဟုတ် ကယ်ဘင်ဘက်ဂိတ်(ချ်) (cabin baggage) လို့ခေါ်ပါတယ်။ ပစ္စည်းတွေနဲ့ လေယာဉ်ပေါ်တက်တဲ့အကြောင်း ပြန်ပြောရရင် ကယ်ဘင်ဘက်ဂိတ်(ချ်) လို့ခေါ်တဲ့ လက်ဆွဲပစ္စည်းတွေ များတဲ့သတွေဟာ မင်္ဂလာဒုံလေဆိပ် လေယာဉ်ပေါ်အတက်မှာ ဒုက္ခရောက်ရပါတယ်။ တော်တော်လေးတဲ့ ပစ္စည်းတွေကို ဟန်းကယ်ရီ လက်ဆွဲအနေနဲ့ ယူလာရင် လေယာဉ်ပေါ်တက်တဲ့ လှေကားကြီးပေါ်မှာ မနိုင်မနင်းဆွဲပြီး လှေကား တစ်ထစ်စီကို အားယူကြိုးစား၊ ခက်ခက်ခဲခဲ တက်ရပါလိမ့်မယ်။ ကျွန်တော် ဒီတစ်ခါခရီးသွားတာကတော့ ဇနီးသည် ဆေးကု သွားတာဆိုတော့ လိုအပ်နိုင်တဲ့ ပစ္စည်းမျိုးစုံ သမီးတွေအတွက် အစားအသောက်တွေ၊ လေးတာတွေ အကုန်လုံးကို လေကြောင်းလိုင်းမှာ မအပ်ဘဲ လက်ဆွဲယူလာတာဆိုတော့ ကျွန်တော့်အဖို့ လှေကားအတက်မှာ တော်တော်လေး ခံစားရပါတယ်။ လေယာဉ်ခရီးသွားတဲ့နေရာမှာ ပစ္စည်းများမယ်ဆိုရင် စာအုပ်၊ ချောကလက်ဗူးလို အလေးဆုံးဟာတွေကို လက်ဆွဲနဲ့ သယ်ရပါတယ်။ အဲလို လေးတဲ့ပစ္စည်းတွေကို checked baggage ထဲ သွားထည့်လိုက်ရင် ကိုယ့်ပစ္စည်းလေကြောင်းလိုင်း ကောင်တာမှာ ချိန်ရင် ဝိတ်တက်ပြီပေါ့။ ကိုယ့်ပစ္စည်း ဝိတ်က လေကြောင်းလိုင်းက ထုံးစံအတိုင်း ခွင့်ပြုတဲ့ ကီလို (၂၀) ထက်ပိုသွားမယ်ဆိုရင် ခုနက ပြောခဲ့သလို အပိုကြေး(excess) ပေးရတော့မှာ။ ပြန်ပြောရမယ်ဆိုရင် လေးမယ်ထင်သမျှ ပစ္စည်းအားလုံးကို လက်ဆွဲပစ္စည်းအနေနဲ့ သယ်ကြပါ။ ပေါ့တဲ့ပစ္စည်းတွေကို checked baggage ထဲထည့်ပါ။ ဒါမှ ချိန်တဲ့ ပစ္စည်းတွေ ကီလို (၂၀) မကျော်ဘဲ အပိုကြေးမပေးရမှာပါ။ အလုပ်သွားလုပ်ကြမယ့် မြန်မာလူငယ်တွေကတော့ လက်ဆွဲပစ္စည်းမပါဘဲ ပေါ့ပေါ့ပါးပါး လှေကားကို တက်သွားကြပြီး လှေကားတစ်ဝက်လောက်လည်း ရောက်ရော လေဆိပ်ဘက်ကို လှမ်းကြည့်ကြတယ်။ လေဆိပ်ဝရန်တာပေါ်က လက်တွေ့ ဝှေ့ရမ်းပြနေကြတဲ့ ဝိုးတဝါးလူအုပ်ကြီးကို ကြည့်ပြီး ကိုယ့်အဖေ၊ အမေ၊ ချစ်သူ၊ မိတ်ဆွေတွေကို မှန်းမျှော်ရမ်းရော်ပြီးတော့ အားရပါးရ လက်ကို ရမ်းပြကြပါတယ်။ ကျွန်တော်လည်း သူတို့ကို အားကျမခံ လှမ်းကြည့်လိုက်တော့ လေဆိပ်ပေါ်က လူအုပ်တစ်သိုကဟာ သိပ်ကို အဝေးကြီးမှာ မှုန်ဝါးဝါးနဲ့ ဘယ်သူက ဘယလိုကို ဝတ်ထားလို့ဆိုပြီး ဘယ်ဟာက ဘယ်သူဆိုတာ ကျွန်တော် ဘယ်လိုမှ မခွဲခြားနိုင်ပါဘူး။ ဒါပေမယ့်လည်း ကျွန်တော့်ရှေ့က မြန်မာ လူငယ်တစ်သိုက်ကတော့ လှေကားတစ်ဝက်လောက်မှာ စိတ်အေးလက်အေး ခဏရပ်ပြီး စိတ်ကူးထဲမှာ လူတွေကို မှန်းမျှော်ပြီး အားရပါးရ လက်တွေ ရမ်းကြပါတယ်။ ပြီးတော့မှ လက်တွေ ဆက်ပြရင်းနဲ့ လှေကားတစ်လျှောက်မှာ လေဆပ်ဝရန်တာကို လည်ပင်းကျိုးမတတ် လှည့်ကြည့်ရင်း မရေရာတဲ့ အနာဂတ်ကို ရင်ဆိုင်ဖ့ စက််ပူသွား Silk Air လေယာဉ်ကြီးပေါ်ကို ရောက်အောင် တက်သွားကြပါတယ်။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဒင်မောင်ဝင်း (အသည်း)


for the
BEST DEAL


PERLINI'S

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၁၃)

(နိုင်ငံခြားကိုသွားဖို့ စိတ်ကူးနေတဲ့၊ ကြိုးစားနေတဲ့မြန်မာလူငယ်တွေအတွက် နိုင်ငံခြားသွားရင် ကြုံတွေ့ရမယ့်၊ ရင်ဆိုင်ရမယ့် ပြဿနာအခက်အခဲတွေကို ရင်ဆိုင်ဖို့ရာ ကြိုတင်ပြင်ဆင်ထားနိုင်ဖို့ သိထားသင့်တဲ့ အချက်အလက်တွေကို ရေးရင်းနဲ့ ပြီးခဲ့တဲ့ ဩဂုတ်လတုန်းက စက်ပျက်ကိုသွားရင်း တွေ့ရတဲ့ မြန်မာလူငယ်တွေ အကြောင်းတွေ ရေးနေပါတယ်။)

စက်ပျက်ကို သွားကြတဲ့မြန်မာတွေ (အဆက်)

Silk Air လေယာဉ်ကြီးအထဲကို ဝင်လိုက်တာနဲ့ လေယာဉ်တံခါးဝမှာ တစ်ယောက်တစ်ဖက် ကြိုပြီး စောင့်နေတဲ့ စက်ပျက်သူ လေယာဉ်မယ်လေးနှစ်ယောက်က ကြိုဆိုနှုတ်ခွန်းဆက်ကြပါတယ်။ နိုင်ငံခြားခရီးသွားဖို့ ပြင်နေတဲ့လူငယ်တွေ သိထားဖို့ရာက လေဆိပ်ထဲက လေယာဉ်ပေါ်တက်မယ့်ဂိတ်ဝမှာ လေယာဉ်တက်ခွင့်လက်မှတ် ဘိုဒင်းပါတ်စ် (boarding pass) ခပ်ရှည်ရှည်လေးကို ပြလိုက်ရင် ဂိတ်က အရှည်ပိုင်းကို ဖျက်သိမ်းလိုက်ပြီး အပိုင်းသေးလေးကို ခရီးသည်ကို ပေးလိုက်ပါလိမ့်မယ်။ အဲဒီ အပိုင်းသေးလေးပေါ်မှာ ကိုယ်ရဲ့ လေယာဉ် ထိုင်ခုံနံပါတ် ပါတယ်။ လေယာဉ်ပေါ်ကို တက်လာပြီဆိုရင် ပါတ်စ်ပို့၊ လေယာဉ်လက်မှတ် ဘာမှ မလိုတော့ပါဘူး။ အဲဒီထိုင်ခုံနံပါတ်ပါတဲ့ ဘိုးဒင်းပါတ်စ် ဖြတ်ပိုင်းလေးကို အလွယ်တက ထုတ်ပြလို့ရအောင် ကြံစည်ထားရမယ်။ အဲဒါလေးကို လက်ကကိုင်ထားတာ အကောင်းဆုံးပဲ။ ဘာလို့လဲဆိုတော့ လေယာဉ်ထဲဝင်တာနဲ့ လေယာဉ်မယ်လေးတွေက ကိုယ့်ထိုင်ခုံနံပါတ်ကို မေးတော့တာ။ တစ်ခါတစ်လေ ဘယ်တစ်ထုပ်၊ ညာတစ်ထုပ အထုပတွေဆွဲပြီး လေယာဉ်ပေါ် တက်လာမယ်ဆိုရင် လေယာဉ်ပေါ်ရောက်မှ ဟိုအတကပ်၊ ဒီအိတ်ကပ် လျှောက်နိုက်ပြီး အဲဒီထိုင်ခုံနံပါတ် ဖြတ်ပိုင်းကို ရှာနေရရင် မဟုတ်တော့ဘူး၊ ကိုးရိုးကားရား ပုံပျက်ပန်းပျက်ဖြစ်နေမယ်။ ကိုယ့်နောက်မှာလည်း တန်းစီစောင့်နေတဲ့ ခရီးသည်တွေက တသီကြီး။ အဲဒီ ခုံနံပါတ်ဖြတ်ပိုင်းလေးပြလိုက်မှ သူတို့က ကိုယ့်ထိုင်ခုံ နံပါတ်ဖြတ်ပိုင်းလေးကိုကြည့်ပြီး ကိုယ့်ကို ဘယ်နားလောက်အထိသွားပါဆိုပြီး လမ်းညွှန်နိုင်မှာ။ စက်ပျက် သွားတဲ့ Silk Air ကတော့ အလယ်ခေါင်လျှောက်လမ်း အိုင်းလ် (aisle) က တစ်ခုထဲရှိတာ။ ဂျပန်၊ အမေရိကန်လို ခရီး ဝေးသွားတဲ့ လေယာဉ်ကြီးတွေရောက်တော့ အိုင်းလ်က နှစ်ခုနဲ့ ထိုင်ခုံက (၃)တန်းရှိတာ။ လေယာဉ်တံခါးပေါက်ထဲဝင်လိုက်ကတည်းက ကိုယ်က အိုင်းလ်နှစ်ခုထဲက ဘယ်အိုင်းလ်ထဲမှာ ဆက်သွားရမယ်ဆိုတာ သိဖို့က အရေးကြီးတာ။ အိုင်းလ်မှားဝင်သွားပြီး ဟိုနောက်တော်တော်လေး ရောက်သွားမှ ထိုင်ခုံနံပါတ် မှားနေတယ်ဆိုရင် တစ်ပတ်ကြီး ပြန်ပြီးလျှောက်ရမှာ။ စက်ပျက်သွားတဲ့ လေယာဉ်တွေမှာတော့ ခရီးတိုသွားတာဖြစ်လို့

လေယာဉ်လေးတွေက သေးတယ်။ အဲတော့ အိုင်းလ်က တစ်ခုထဲ။ အိုင်းလ်ဘေး၊ ဘယ်၊ ညာမှာ ထိုင်ခုံနှစ်တန်းပဲရှိတယ်။ လေယာဉ်အဝင်မှာ ကိုယ့်ရဲ့ ဘိုးဒင်းပါတ်စ်အပိုင်းလေး ပြလိုက်ရင် လေယာဉ်မယ်က ခုံနံပါတ်လေး ဖတ်ကြည့်ပြီး ဘယ်လောက်အထိ သွားပါဆိုပြီး ညွှန်ပါလိမ့်မယ်။ စက်ပူသွားလေယာဉ်တွေဟာ အိုင်းလ်တစ်ခုထဲ ရှိတယ်ဆိုပေမယ့်လို့ လေယာဉ်က အရှည်ကြီးဆိုတော့ ဘယ်လောက်အထိ လျှောက်ရမလဲ ဆိုတာကို လေယာဉ်မယ်လေးတွေက အကြမ်းပြောပြတဲ့အတိုင်း သွားတာက ခုံရှာရတာ ပိုလွယ်ပါလိမ့်မယ်။ ထိုင်ခုံနံပါတ်ဆိုတာမှာ 28A, 37B, 25C စသဖြင့် ရှေ့ကဂဏန်းနဲ့ နောက်က အင်္ဂလိပ်စာ အက္ခရာနဲ့ ရေးထားပါလိမ့်မယ်။ ရှေ့က ဂဏန်းကတော့ ခုံအတန်း ရိုး (row) ကို ပြတာပါ။ နံပါတ်နောက်က အက္ခရာ အေ၊ ဘီ၊ စီကတော့ အဲဒီ ခံတန်းမှာ ကိုယ်က ဘေးလား၊ အလယ်လား၊ ဘယ်ဘက်လား၊ ညာဘက်လား ဆိုတာကို သိဖို့ ပြောထားတာပါ။ ပြူတင်းပေါက်နဲ့ကပ်လျက ထိုင်ခကိုတော့ ဝင်းဒိုးဆိ(တ်) (window seat) လို့ ခေါ်ပါတယ်။ အလယ်ခေါင်က လျှောက်လမ်းအိုင်းလ်နဲ့ ကပလျက်ထိုင်ခံကိုတော့ အိုင်းလ်ဆိ(တ်) (aisle seat) လို့ ခေါ်တယ်။ လေယာဉ်စီးဖို့ လေကြောင်းလိုင်းကောင်တာမှာ check-in လုပ်ကတည်းက ဘယ်လို နေရာက ခုံမျိုးလိုချင်တယ်ဆိုတာ တောင်းလို့ရပါတယ်။ ဆိုကြပါစို့ ကိုယ်က လေယာဉ်အတက်မှာ ရန်ကုန်မြို့ကြီးကို လေယာဉ်ကြီး ဝင််ပြီး ပျံတက်သွားတုန်း ရန်ကုန်ရဲ့ ပတ်ဝန်းကျင်ဖြစ်တဲ့ အင်းစိန်၊ လှိုင်မြစ်၊ ပန်းလင်မြစ်၊ လှိုင်သာယာ၊ ပန်းလှိုင်ဂေါက်ကွင်းနဲ့ လယ်ကွင်း စိမ်းစိမ်းစိုစိုလေးတွေကို အလွမ်းပြေ ကြည်သွားရင်း ရင်ထဲမှာ လှိုက်ခံစားပြီး သွားချင်တယ်ဆိုပါစို့။ အဲဒါဆိုရင် လေကြောင်းလိုင်းကောင်တာမှာ check-in လုပ်ကတည်းက "ကျွန်တော် ထိုင်ခုံနံပါတ်ကို ဝင်းဒိုးဆိ(တ်) (window seat) ပေးပါ" လို့ တောင်းရမယ်။ အဲလိုမဟုတ်ဘဲ ကိုယ်က အပေါ့အပါး မကြာမကြာသွားတတ်တယ်၊ ဒါမှမဟုတ် လေယာဉ် ဆိုက်တာနဲ့ အလောတကြီး ပစ္စည်းတွေချ၊ လေဆိပ်အပြင်ကို အရင်ထွက်ချင်တယ်၊ ဒါမှမဟုတ် လူနှစ်ယောက်ရဲ့ အလယ်ခေါင်မှာ ညှပ်မထိုင်ချင်ဘူး၊ ကိုယ့်ဖာသာ ဘာလုပ်လုပ် လွတ်လွတ်လပ်လပ် ထိုင်လိုက်၊ ထလိုက်၊ လမ်းလျှောက်လက် လေယာဉ်ထဲမှာ လှုပ်ရှားသွားလာချင်တယ်ဆိုရင် ဝင်းဒိုးဆိ(တ)လို အတွင်းထိုင်ခုံမျိုးကို မယူဘဲနဲ့ အလယ်ခေါင်လျှောက်လမ်း အိုင်းလ်နဲ့ကပ်လျက်ထိုင်ခုံ အိုင်းလ်ဆိ(တ်) (ailse seat) ပေးပါလို့ တောင်းရပါမယ်။ ခရီးတိုတွေသွားတဲ့အခါမှာ ဘယ်လိုနေရာမျိုး ထိုင်ရထိုင်ရ သိပ်ပြဿနာ မပေါ်ပေမယ့်လို့ လေယာဉ်ကို (၁၀)နာရီကျော်လောက်စီးရတဲ့အခါမျိုးရောက်တော့ အလယ်ခုံမှာ ညှပ်ပြီး ထိုင်နေရရင် နေရထိုင်ရတာ သိပ်ခက်ခဲပါတယ်။ အဲလိုအလယ်မှာ နေရပြီဆိုရင် ဘေးလူက အိပ်ပျော်၊ ကိုယ့်အပေါ် ခေါင်းကြီးမှီလာလိုက်၊ တွန်းထုတ်လိုက်ရ၊ တရှူးရှူးနဲ့ဟောက်ပြီး ကိုယ်လုံးကြီး ကိုယ့်ပေါင်ပေါ် ကျမတတ် ဖြစ်လာလိုက်၊ ကိုယ်က တွိုင်းလက်သားချင်ရင် ဘေးလူကို ကျော်ထွက်လို့လည်း မရဆိုတော့ သူ့ကို ထပေးဖို့ နှိုးရတာ တစ်ဒုက္ခ၊ တစ်ချို့က တော်တော်နဲ့ကို နှိုးလို့ မနိုး။ အဲတော့ ကျွန်တော်ကတော့ လေယာဉ်စီးရင် အိုင်းလ် ထိုင်ခုံမှာပဲ ထိုင်ရတာ သဘောကျတယ်။ အလယ်လမ်းလျှောက် လမ်းထဲကို ထသွားမလား၊ တွိုင်းလက်သွားမလား၊ ဘေးလူကို အားနာစရာမလိုဘဲ လုပ်ချင်တာ လုပ်လို့ရတယ်။

လေယာဉ်ပေါ်မှာ ကိုယ့်ထိုင်ခုံ ရှာတွေ့ပြီးတာနဲ့ နည်းနည်းကြီးတဲ့ လက်ဆွဲပစ္စည်းတွေကို ခေါင်းပေါ်က အကန့်ထဲကို အဖုံးဖွင့် ထည့်လိုက်ပြီး ခါးပတ် အတင်း အလျော့ချည် ပတ်ပြီး ထိုင်လိုက်ပါတယ်။ ကွန်တော် စက်ဘူသွားတဲ့နေ့က လေယာဉ်တစ်စီးလုံးလိုလိုမှာ မြန်မာတွေချည်းပဲ။ လူငယ်လေးတွေပေါ့။ လေယာဉ်ပေါ်မှာ ထိုင်လိုက်ကြပြီးပြီဆိုတာနဲ့ စကားလည်း ကျယ်ကျယ် မပြောရဲကြဘူး။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေပြီး ဘာတွေ ဆက်တွေ့ ရမလဲဆိုတာ ရင်တထိတ်ထိတ် စောင့်မျှော်နေပုံပေါ်ပါတယ်။ လေယာဉ်ကြီး ပြေးလမ်းကနေ အရှိန်ယူပြီး တက်ခါနီးမှာ လေယာဉ်မှူးကြီးက "Cabin crew at your seat" လေယာဉ် အမှုထမ်းအားလုံး ကိုယ့်နေရာကိုယ် ထိုင်ကြပါလို့ ပြောလိုက်ပါတယ်။ အဲလို လေယာဉ်အင်ဂျင်တွေကို အားယူပြီး တအားစက်ရှိန်မြင့်ပြီး တက်ခါနီးမှာ လေယာဉ်ထဲက မီးတွေအားလုံး ပိတ်လိုက်ပါတယ။ စာဖတ်ချင်ရင ကိုယ့်ခေါင်းပေါ်က မီးခလုတ်လေးကို နှိပ်လိုက်ရင် တစ်ယောက်စာ မီးလေး လင်းလာပါလိမ့်မယ်။ လေယာဉ်တက်ခါနီးမှာ လျှပ်စစ် အီလက်ထရောနစ် ကိရိယာမှန်သမျှ ဘာမှ သုံးလို့မရပါဘူး။ လက်တော့ ကွန်ပျူတာ၊ ကက်ဆက်၊ ကင်မရာ၊ လက်ကိုင်ဖုန်းတွေ အကုန်လုံး ပိတ်ထားရပါတယ်။ ဘာလို့လဲဆိုတော့ ဒီ အလက်ထရောနစ် ကိရိယာတွေကို သုံးလိုက်ရင် လျှပ်စစ်လိုင်း ဆစ်ကနယ် (signal) တွေဟာ လေယာဉ်ကြီးထဲမှာ ပြန့်သွားပြီး လေယာဉ်ကြီးရဲ့ ဆက်သွယ်ရေးလမ်းကြောင်း အီလက်ထရောနစ် ကိရိယာတွေကို ထိခိုက်ပြီး လေယာဉ်စက် ချို့ယွင်းသွားမှာ စိုးလို့ပါ။ အဲလို လေယာဉ်ကြီးတက်တာကို တိတ်(ခ်)အော်(ဖ်) take off လို့ ခေါ်ပါတယ်။ ကြုံလို့ပြောရရင် လေယာဉ်ဆင်းတာကို လင်းဒင်း (landing) လို့ခေါ်ပါတယ်။ လေယာဉ်နဲ့ခရီးသွားတာမှာ ကြောက်စရာ အကောင်းဆုံးအချိန် နှစ်ချိန်ကတော့ လင်းဒင်းနဲ့တိတ်(ခ်)အော့(ဖ်)ပါပဲ။ မိတ်ဆွေတစ်ယောက်က ပြောဖူးပါတယ်။ လေယာဉ် တိတ်(ခ်)အော့(ဖ်)မှာ နာရီကိုကြည့်ထား၊ စက္ကန့် (၃၀)အတွင်းမှာ လေယာဉ်ကြီးဟာ လေထဲကို လေယာဉ်ဘီး (landing gear) တွေကြွပြီး တက်သွားရမယ်၊ လေထဲကို ရောက်သွားရမယ်ပေါ့။ အဲလိုလေယာဉ်ကြီး မြေကြီးပေါ်ကနေ လေထဲကို တက်သွားတာကို (air borne) ဖြစ်သွားပြီလို့ ပြောလေ့ရှိပါတယ်။ လေယာဉ်တွေ ပျက်တယ်၊ ပလိန်းကရပ်(ရှ်) (plane crash) ဖြစ်တယ်ဆိုတာဟာ အများအားဖြင့် ဒီလို လင်းဒင်းနဲ့ တိတ်(ခ်)အော့(ဖ်)မှာ ဖြစ်လေ့ရှိပါတယ်။ လေယာဉ်ကြီးပျံနေတုန်း စက်ပျက်ပြီး ထိုးကျတယ်ဆိုတာ ရှားပါတယ်။ ပျံနေတုန်း ပျက်ကျ ရင်တော့ ဗုံးကွဲလို့ပဲဖြစ်တာ များပါတယ။ ဒါကြောင့် လေယာဉ်တက်တဲ့အချိန်ဟာ သိပ်အရေးကြီးပါတယ်။ လေယာဉ်ဆင်းတာနဲ့တောင် မတူပါဘူး။ တက်တာဟာ လေယာဉ်အင်ဂျင်ကို အစွမ်းကုန်မြင့်ပြီး တအား ရုန်းခိုင်းရတာဆိုတော့ လေယာဉ်စက်တစ်ခုခု ချို့ယွင်းသွားနိုင်ပါတယ်။ ဒါကြောင့် အရေးပေါ် အခြေအနေ တွေ ရင်ဆိုင်နိုင်ရတဲ့အချိန်ဖြစ်လို့ လေယာဉ်တက်မယ်ဆိုတာနဲ့ လေယာဉ်ရဲ့ နောက်ကနေ ပိုင်းလော့တွေ နေတဲ့ လေယာဉ်ဦးခန်းအထိ ဘာလိုက်ကာမှ ကာမထားရပါဘူး။ ထိုးပိုပေါက်မြင်နေအောင် လုပ်ထားရပါတယ်။ ဒါမှ အရေးပေါ်ဆိုရင် လေယာဉ်ကြီး ဘယ်နေရာမှာ ဘာဖြစ်နေတယ်ဆိုတာ ခရီးသည်အားလုံး မြင်နေမှ ဘယ်ပြေးလို့ ဘာလုပ်ရမယ်ဆိုတာ သိမှာပါ။ လေယာဉ်မယ်တွေအနေနဲ့လည်း လေယာဉ်ကြီး

တစ်ခုလုံးကို အစ အဆုံးမြင်ရမှ အရေးပေါ် အသက်ကယ်ဆယ်ရေး အလုပ်တွေကို လုပ်နိုင်မှာ။ နောက်တစ်ခုက လေယာဉ်ထွက်ခါနီးရင် အရေးပေါ်တံခါး ပေါက်နဲ့တည့်တည့်ထိုင်တဲ့သူတွေကိုလာပြီး လေယာဉ်မယ်တွေက သတိပေးတတ်ပါတယ်။ "ဒါ အရေးပေါ် တံခါးပေါက်နော်၊ အရေးဟဲ့ အကြောင်းဟဲ့ ဆိုရင် တံခါးပေါက်ကို ကူဖွင့်ပေးပါနော်၊ တံခါးပေါက်ရှေ့မှာ ဘာပစ္စည်းမှ မထားရပါဘူး"။ အဲလို လေယာဉ်မယ်တွေက ပြောတတ်ပါတယ်။ အမေရိကန်က လေယာဉ်မယ်တွေကတော့ တုံးတိပဲ။ အရေးပေါ် တံခါးပေါက် (emergency exit) ရှေ့ကခုံမှာ ထိုင်မိပြီဆိုရင် လေယာဉ်မယ်က တစ်ခါထဲလာပြီး "ရှင အရေးပေါ်ဆိုရင် တံခါးဖွင့်နိုင်လား" လို့ မေးတော့တာ၊ မဖွင့်ပေးနိုင်ဘူးလို့ပြောရင် "ဒါဆိုရင် ဒီထိုင်ခုံမှာ မထိုင်ပါနဲ့၊ နေရာပြောင်းပေးပါ" ဆိုပြီး ဒဲ့ဒိုးကြီးပြောပါလိမ့်မယ်။ အင်မာဂျန်စီအိတ်ဆစ် ရှေ့မှာထိုင်ရတာ ကောင်းတဲ့အချက် တစ်ချက်ကတော့ အဲဒီနေရာဟာ ခြေထောက်ချရတာ ကျယ်ကျယ်ဝန်းဝန်းရှိပြီး အတော်ကို ကိုယ်လက်ဆန့်လို့ လှုပ်ရှားလို့ ရတယ်ပေါ့။ ဒါတွေဟာ လေယာဉ်စီးခရီးသည်တွေ သိထားသင့်တဲ့ အချက်တွေမို့လို့ ပြောပြနေရတာပါ။ ပြေးလမ်း ရန်းဝေး (runway) ထိပ်ကို ရောက်သွားရင် လေယာဉ်ကြီး စတက်ဖို့ စက်ရှိန်တွေကို တအားမြှင့်ပြီး အသံဆူဆူညံညံနဲ့ တအားပြေးတော့တာပဲ။ စက္ကန့် (၂၀)လောက် လည်း ရောက်ရော အေးကနဲဖြစ်သွားပြီး လေယာဉ်ကြီး လေထဲတက်သွားတာကို ခံစားလိုက်ရတယ်။ ကျွန်တော်ကတော့ ခရီးသွားတိုင်း လေယာဉ်ကြီး ပြေးသွားနေရာကနေ လေထဲရောက်သွားတယ်ဆိုရင် စိတပေါ့သွားပါတယ်။ လေယာဉ်ကြီး လေထဲရောက်ပြီး ခဏကြာရင် "ဂလုတ်" ဆိုအသံတွေမြည်ပြီး လေယာဉ်ဘီးတေခေါက်ပြီး ဝင်သွားသံကို ကြားရပါမယ်။ ပိုပြီး စိတ်ချမ်းသာဖို့ပါ။ မနှစ်က အမေရိကန်မှာ လေယာဉ်ကြီးတစ်စီးတက်ပြီး ဘီးတွေရုတ်လို့မရလို့ ချာချာလည် ဒုက္ခတွေရောက်ရတာ တီဗီသတင်းမှာ တွေ့ရဖူးပါတယ်။ ဒါကြောင့် လေယာဉ်တက်သွားပြီဆိုရနဲ့ မပြီးသေးဘူး၊ လေယာဉ်ဘီးတွေ အောင်အောင်မြင်မြင်နဲ့ ခေါက်ဝင်သွားသံကြားရမှ စိတ်ကို ဒုံးဒုံးချပြီး နေသာထိုင်သာ ရှိသွားပါတယ်။ အဲဒီလိုနဲ့ လေယာဉ်ကြီး တစ်ရိပ်ရိပ်တက်နေတုန်းမှာ ရန်ကုန်ရဲ့ ပတ်ဝန်းကျင်မြင်ကွင်းတွေဟာလည်း ခပ်ဝါးဝါးဖြစ်လာပြီး တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားပါတယ်။ လေယာဉ်ကြီး အပေါ်အမြင့်ကို တော်တော်လေးရောက်သွားပြီး အောက်ကို ကြည့်လိုက်ရင် ကမ္ဘာမြေကြီးကို မတွေ့ရတော့ဘဲ တမ်တိုက်တွေ၊ တိမ်ထုတွေပဲ မြင်ရပါတော့တယ်။ အမြင့်ပေသုံးသောင်းကျော်လောက်ရောက်တော့မှ လေယာဉ်ကြီးဟာ အပေါ်ကို ဆက်မတက်တော့ဘဲ ပုံမှန်တည့်တည့် ပျံသွားပါတော့တယ်။ အဲဒီအချိန်မှာ လေယာဉ်ဘဲလ်သံလေး "တိမ်" ဆိုမြည်ပြီး ခါးပတ် ပတ်ထားရမယ်ဆိုတဲ့ ဆီ(တ်)ဘဲလ်(တ်)ဆိုင် (seat-belt sign) မီးလေးပျောက်သွားပါတယ်။ ဆေးလိပ်မသောက်ရ သင်္ကေတ (no smoking sign) မီးကတော့ ဆက်လင်းနေပါတယ်။ အဲလို အသံလေးမြည်ပြီး ခါးပတ်ပုံပြထားတဲ့ ဆီ(တ်)ဘဲလ်(တ်)ဆိုင်း (seat-belt sign) ပျောက်သွားတဲ့အချိန်မှာ လေယာဉ်မယ်လေးက ဘာပြောသလဲဆိုတော့ "ကျွန်မတို့ လေယာဉ်ကြီးဟာ အခုဆိုရင် အမြင့်ပေ သုံးသောင်းကျော်မှာ ပျံသန်းနေပြီဖြစ်လို့

ဆီ(တ်)ဘဲလ်(တ်)ဆိုင်းကို မီးမှိတ်လိုက်ပါပြီ၊ ဒါပေမယ့် သင့်ရဲ့ အန္တရာယ်ကင်းရှင်းရေး ဆေ့ဖတီ (safety) အတွက် ထိုင်ခုံခါးပတ် ဆီ(တ်)ဘဲ့လ်ကိုတော့ အမြဲတမး (at all time) ပတ်ထားပါ" လို့ ကြေငြာပါတယ်။။ အဲလိုလည်း ကြေငြာပြီးရော လေယာဉ်မယ်လေးတွေ သူတို့ ထိုင်နေရာကနေထပြီး ခရီးသည်တွေကို ကျွေးမွေးဖို့ လှုပ်ရှားကြတော့တာပါပဲ။ အဲဒီအချိန်မှာ ခရီးသည်တော်တော်များများဟာ ထိုင်ခုံခါးပတ်တွေ ချွတ်လိုက်ကြပါတယ်။ ကျွန်တော်ကတော့ ဘယ်မှာ ဘယ်ကိုသွားသွား ထိုင်ခုံမှာ ထိုင်နေသရွေ့ကတော့ ထိုင်ခုံခါးပတ် ဆီ(တ်)ဘဲ့လ်ကို ဘယ်တော့မှ မချွတ်ဘူး၊ အမေရိကန်သွားတဲ့ နာရီ (၂၀)လောက် စီးရတဲ့ ခရီးစဉ်ကြီးမှာတောင် တစ်လျှောက်လုံးမှာ ခါးပတ်ကို မချွတ်ခဲ့ဘူး။ အိပ်လည်း ခါးပတ်တပ်လျက်ပဲ အိပ်တယ်။ ကျွန်တော့်စိတ်ထဲမှာ စွဲနေတာ တစ်ခုက (၁၉၇၆)ခုနှစ်လောက်က မြန်မာ့လေကြောင်းလေယာဉ်တစ်စင်း လေယာဉ်အတက်မှာ အင်ဂျင်ပါဝါကျသွားပြီး စစ်ကိုင်းတောင်ရိုးဘေး၊ ဧရာဝတီမြစ်ကမ်းဘေး သောင်ခုံပေါ်မှာ ထိုးဆင်းလိုက်ရတယ်။ အဲဒီတုန်းက လေယာဉ်မယ်ရယ်၊ ခရစ်ယာန်ဘုန်းကြီးတစပါးနဲ့ တခြားခရီးသည် နှစ်ယောက် ကွယ်လွန်ခဲ့တယ်။ ကျန်တဲ့ လေယာဉ်တစ်စင်းလုံးက ခရီးသည်တွေ နည်းနည်းပါးပါး ပွန်းတာ ကလွဲလို့ ဘာမှမဖြစ်ဘူး။ သူတို့ အသက်ဆုံးရှုံးသွားတဲ့သူတွေ အားလုံးဟာ လေယာဉ်ထိုးဆင်းတဲ့အချိန်မှာ ဆီ(တ်)ဘဲ့တ်တွေကို ပတ်မထားကြဘူး။ အဲဒီတော့ သူတို့ဟာ လေယာဉ်ထိုးဆင်းပြီး သောင်ခုံနဲ့ ဆောင့်ပြီး ထိတဲ့အချိန်မှာ ခါးပတ်ပတ်မထားလို့ အပေါ်ကို မြောက်တက်သွားပြီး လေယာဉ်အမိုးနဲ့ဆောင့်မိပြီး အသက်ဆုံးရှုံးကြတာ။ ဒါကြောင့် ကျွန်တော်ကတော့ ဘယ်တော့မဆို ထိုင်ခုံပေါ်ထိုင်နေသရွေ့ ဆီ(တ်)ဘဲ့တ်ကို ပတ်ထားပါတယ်။

(စက််ပူအသွားလေယာဉ်ပေါ်မှာ ဘာတွေတွေ့မယ်၊ အီမီဂရေးရှင်းပုံစံတွေ ဘယ်လိုဖြည့်ရမယ်ဆိုတာ ဆက်ရေးသွားပါ မယ်)။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခခင်မောင်ဝင်း (အသည်း)





နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၁၄)

(နိုင်ငံခြားကိုသွားဖို့ စိတ်ကူးနေတဲ့၊ ကြိုးစားနေတဲ့မြန်မာလူငယ်တွေအတွက် နိုင်ငံခြားသွားရင် ကြုံတွေ့ရမယ့်၊ ရင်ဆိုင်ရမယ့် ပြဿနာအခက်အခဲတွေကို ရင်ဆိုင်ဖို့ရာ ကြိုတင်ပြင်ဆင်ထားနိုင်ဖို့ သိထားသင့်တဲ့ အချက အလက်တွေကို ရေးရင်းနဲ့ ပြီးခဲ့တဲ့ ဩဂုတ်လတုန်းက စင်္ကာပူကိုသွားရင်း တွေ့ရတဲ့ မြန်မာလူငယ်တွေ အကြောင်းတွေ ရေးနေပါတယ်။)

<u>စင်္ကာပူကို သွားကြတဲ့မြန်မာတွေ</u> (အဆက်)

Silk Air လေယာဉ်ကြီး ရန်ကုန်လေဆိပ်က ထွက်လာပြီး မကြာခင်မှာပဲ လေယာဉ်မယ်တွေ သွားလာ လှုပ်ရှားပြီး ခရီးသည်တေကို ကျွေးမွေးဖို့ အစားအသောက်တင်တဲ့ တွန်းလှည်းလေးတွေနဲ့ ထွက်လာပါ တယ်။ တွန်းလှည်းတစ်ခုကို လေယာဉ်မယ် (၂)ယောက်က လေယာဉ်ရဲ့ ရှေ့ကနေ နောက်ကို တွန်းလာ တယ်။ နောက်လေယာဉ်မယ်(၂)ယောက်က နောက်တွန်းလှည်းတစ်စီးကို နောက်ကနေ ရှေ့ဘက်ကို တွန်းလာ တယ်။ လူတစ်ရာကျော်ကို ဧည့်ခံစကားပြော ကျွေးမွေးရတယ်ဆိုတာ မလွယ်ပါဘူး။ သူတို့ကိုကြည့်ပြီး ကျွန်တော် တော်တော်စိတ်မောပါတယ်။ ရန်ကုန်က စင်္ကာပူကို လေယာဉ်ပျံသန်းချိန်က (၂)နာရီ (၄၅)မိနစ လောက် ရှိပါတယ်။ လေယာဉ်မယ်တွေ တကယ် စပြီး ကျွေးတော့ လေယာဉ်ရန်ကုန်က ထွက်လာတာ နာရီဝက်ကျော်နေပြီ။ ထိုင်ခုံက တစ်ဖက်ကို (၃)ယောက်ဆိုတော့ တစ်တန်းမှာ ခရီးသည် (၆)ယောက်ရှိတယ်။ လေယာဉ်မယ်လေးတွေဟာ ခရီးသည်တိုင်းရဲ့ ရှေ့မှာ စားစရာတွေတင်ဖို့ အပြားလေးကို လှန်ချပေးရတယ်။ ပြီးတော့ အဲဒီအပြားလေးပေါ်မှာ လက်သုတ်ပုဝါလို စားပွဲခင်းသေးသေးလေး ခင်းပေးရတယ်။ ပြီးတော့မှ ခရီး သည်တွေကို ဘာစားမလဲမေးရတယ်။ အလိုမေးတဲ့ နေရာမှာ အတိုပဲမေးပါတယ်။ ဥပမာပြောရရင် " What would you like to have? Chicken or Pork?" ပေါ့။ ဘာများ သုံးဆောင်ချင်ပါသလဲရှင်၊ ကြက်လား၊ ဝက်လားလို့ မေးပါတယ်။ ကြက်သားကို ထမင်းနဲ့ ဘာအရွက်နဲ့ ဘယ်လိုလုပ်ထားတယ်၊ ဝက်သားက ခေါက်ဆွဲနဲ့ ကြော်ထားပြီး ဘာလုပ်ထားတယ် အဲလို အသေးစိတ်မပြောတော့ပါဘူး။ လေယာဉ်မယ်လေး တွေက ခရီးသည်တွေကို ဘာစားမလဲမေးပြီးတော့မှ စားစရာအစုံပါတဲ့ လင်ပန်းအပြားလိုက်ကို ရှေ့မှာလာချ ပေးပါတယ်။ ပြီးတော့ တစ်ခါထပ်ပြီး ဘာသောက်မလဲလို့ မေးပြန်ပါတယ်။ Silk Air ဟာ ဝိုင်တို့ ဝီစကီတို့ကို တွန်းလှည်းပေါ်မှာ ပြမထားပါဘူး။ ဝိုင်သောက်ချင်တယ်လို့ ပြောလိုက်တော့မှ ဝိုင်ပုလင်းသေးသေးလေး တွေကို ထုတ်ပေးပါတယ်။ ပုံမှန်အားဖြင့် တော့ Coke, Sprite, လိမ္မော်ရည်နဲ့ ဘီယာသံဗူးလေးတွေကိုပဲ

ပြထားပါတယ်။ ခရီးသည်က ဘာသောက်ချင်တယ်လို့ ပြောလိုက်တော့မှ လိုတာကို ပလပ်စတစ်ခွက်လေးထဲ ထည့်ပြီး ရှေ့ချပေးပါတယ်။ ပြီးတော့မှ ကော်ဖီလား၊ လက်ဖက်ရည်လား ထပ်မေးပြီး တိုက်ရပါသေးတယ်။ ဒီကြားထဲမှာ ခရီးသည် ဂျီဂဂျောင်နဲ့ တွေ့ရင် ငါက ဒါမျိုးမစားဘူး၊ ဘာရှိသေးလဲ ဟိုဟာပေးဦး၊ ဒီဟာပေးဦး ဟိုတောင်း ဒီတောင်း။ သောက်စရာတွေကိုလည်း ဟိုဝီစကီ၊ ဒီဘီယာမျိုးစုံ လိုချင်တာအကုန်လိုက်မေး၊ ကွန်ပလိန်းမျိုးစုံတက်တဲ့ ခရီးသည်တွေနဲ့ တွေ့ရင် လေယာဉ်မယ်လေးတွေ နာပြီသာ အောက်မေ့ပေတော့။ ဒါပေမယ့် သူတို့ဟာ ဒီလိုအလုပ်တွေ လုပ်ဖို့ လေ့ကျင့် သင်တန်းပေးထားတာဆိုတော့ ခရီးသည် ဘယ်လိုပြောပြော အပြုံးမပျက် လုပ်နိုင်တာတွေ အကုန်လုပ်ပေးတဲ့ အံ့မခန်း လေယာဉ်မယ်တွေပါ။ ကျွန်တော်လည်း ခရီးသည်တွေနဲ့ လေယာဉ်မယ်လေးတွေ ဆက်ဆံမှုကို စိတ်ဝင်စားတာနဲ့ သူတို့ လုပ်တာကိုင်တာကို ကြည့်နေရင်းနဲ့ ဒီလေယာဉ်မယ်တွေ ရင်ဆိုင်ရတဲ့ နောက်ပြဿနာ တစ်ခုတွေ့ရပါသေးတယ်။ အဲဒါကတော့ မြန်မာခရီးသည် လူငယ်ပါဆင်ဂျာတွေပါပဲ။ Silk Air လေယာဉ်ပေါ်က မြန်မာလူငယ် အများစုဟာ ဧင်ငံခြားကို ထွက်တဲ့ ပထမဆုံး အခေါက်ဖြစ်ကြတယ် ထင်ပါရဲ့။ လေယာဉ်မယ်က ဘာစားမလဲ မေးလိုက်လဲ No ပဲ။ လေယာဉ်မယ် မေးတဲ့ မေးခွန်းကိုလည်း နားလည်ဟန် မတူပါဘူး။ ဘာသောက်မလဲ မေးလဲ No ပဲ။ တစ်နိုး နိုးနဲ့ ငြင်းနေကြတာ။ လာချတာတွေကို ဘယ်လို ဘယ်ပုံစ စားရမလဲဆိုတာ တွေးပြီး လန့်နေပုံ ပေါ်ပါရဲ့။ ဘီယာလေး အချိုရည်လေး ရောက်တော့လည်း၊ သောက်ချင်ကြမှာပါ။ ဒါပေမယ့် မှာလိုက်ပြီးမှ ပိုက်ဆံပေးရမလားဆိုတာလဲ စိတ်ပူနေပုံပေါ်ပါတယ်။ လေယာဉ်ပေါ်က တချို့မြန်မာလူငယ်လေးတွေဟာ ဇတပေပြီးတော့ကို ဘာမှ စားစရာလဲမယူ၊ သောက်စရာလဲ မယူ၊ ဒီတိုင်း ငူငူကြီးတွေ ထိုင်နေတာတွေ့ရပါတယ်။ ခဏနေတော့မှ သူတို့ အချင်းချင်း စားသောက်စရာတွေကို ဘာမှ ပေးစရာ မလိုဘူးဆိုတဲ့ သတင်းပြန့်သွားသလားမသိ။ Beer, Coke တွေတောင်းကြပါလေရော။ ဒီလို ဖြစ်တာလည်း အံ့သြစရာ မဟုတ်ပါဘူး။ ကျွန်တော်တို့ မြန်မာတွေ နိုင်ငံခြားသွားမယ်ဆိုရင် ဝတ်စားဆင်ယင်မှုကစလို့ ဒီလိုလေယာဉ်ပေါ်မှာ ကြုံတွေ့ရမယ့် ကိစ္စတွေ၊ လေဆိပ်ထဲမှာ ဘာတွေ့လို့ ဘယ်လိုဖြစ်မယ် ဆိုတာတွေကို ဘယ်သူကမှ ပြောပြမထားတာကိုး။ အထူးသဖြင့် အောက်ခြေသိမ်းအလုပ်တွေ လုပ်ဖို့ စက်ာပူကို သွားကြတဲ့ မြန်မာတွေမှာ အဆိုးဆုံးပေါ့။ ဒီကြားထဲမှာ ဟိုလူဒီလူက ခြိမ်းခြောက်ထားတာတွေကလည်း အများကြီး။ ဥပမာ တစ်ခုပြောရမယ်ဆိုရင် ဒီနေ့အထိ ကျွန်တော့်ဆေးခန်းမှာ ဘီပိုးရှိလို့ လာပြကြပြီး စက်ာပူသွားဖို့ ပြင်ထားတဲ့ သူတွေ ပြောတာ၊ ကျွန်တော့်ကို မေးကြတာကို ပြန်ပြောပြချင်ပါတယ်။ "ဆရာ စက်ာပူ လေဆိပ်မှာ ဘီပိုး စစ်ပြီးတွေ့ရင် ပြန်လွှတ်တယ်ဆို" ဒါဟာ မကြာမကြာမေးကြတဲ့ မေးခနးပါ။ ကျွန်တော်က ပြန်ပြောပါတယ် "မင်းမို့လို့ ယုံတယ်ကွာ၊ ငါးမိနစ်ကို လေယာဉ် တစ်စင်းလောက် ဆင်းနေတဲ့ စက်ာပူ လေဆိပ်ကွ၊ လေယာဉ်တစ်စင်းမှာ ခရီးသည် (၁၀၀)ကျော် (၂၀၀)လောက်ပါတယ်၊ ဘယ်လိုလုပ်ပြီး ဒီခရီးသည်တွေ အားလုံးကို ဘီပိုးစစ်နိုင်မလဲကွ" အဲလိုရှင်းပြ၊ ပြောပြပါတယ်။ ဒါပေမယ့် ကျွန်တော်ပြောတာကို သူတို့

သဘောမပေါက်ကြပါဘူး။ လက်လည်းလက်မခံနိုင်ပါဘူး။ သူတို့ အသိုင်းအဝိုင်းနဲ့ အေးဂျင့်ပြောတာကိုပဲ လက်ခံကြပါတယ်။ နိုင်ငံခြားသွားမယ့် လူငယ်တွေကို ကျွန်တော်ပြောချင်တာက နိုင်ငံခြားအကြောင်း သူများပြောတိုင်းလည်း အကုန်လုံး ယုံမနေကြပါနဲ့၊ ဖြစ်နိုင် မဖြစ်နိုင် ချင့်ချိန်ပြီးမှ စဉ်းစားပြီး လက်ခံကြပါလို့။ နိုင်ငံခြားသွားမယ့်အကြောင်း သင်ပေးမယ့် ကျူရှင်လည်း မရှိ၊ အဲတော့ ငါသိသလောက် တတ်နိုင်သရွေ့ လူငယ်တွေအတွက် နိုင်ငံခြားသွားမယ့် သူတွေ သိသင့်တာတွေကို ရေးမှပဲဆိုပြီး ကျွန်တော် ဘက်ပေါင်းစုံက စဉ်းစားပြီး ရေးနေတာပါ။ ကျွန်တော် Silk Air လေယာဉ်ကြီး ပေါ်မှာတွေ့ရတဲ့ အတွေ့အကြုံတွေကို ဆက်ပြောချင်ပါသေးတယ်။ ခရီးသည်တွေရဲ့ ထိုင်ခုံရှေ့မှာ အပြားလေးပေါ်ကို စားစရာလင်ပန်းလေး လာချပြီးတဲ့နောက် ဘာတွေ ဆက်ဖြစ်တယ်ဆိုတာဟာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ အဲဒီ လင်ပန်းလေးပေါ်မှာ ငွေရောင် အလူမီနီယံဖွိုင် (foil) လေးအုပ်ထားတဲ့ အဓိက စားစရာ မိန်းဒစ် (ရှိ) (main dish) ပါမယ်။ ပလပ်စတစ်အကြည် ထုတ်ထားတဲ့ အချိုမုန့်တစ်ခုပါမယ်။ အရွက်လေးတွေထည့်ထားတဲ့ ဆလပ် (Salad) ဘူးလေးတစ်ခုလည်း ရှိမယ်။ ကော်ဖီပန်းကန်တစ်စုံနဲ့ ရေဗူးလေးတစ်ဗူးလည်း တွေ့ရမယ်။ ပြီးတော့မှ သကြားထုပ်၊ ငရုတ်ကောင်းထုပ်၊ ဆားထုပ်နဲ့ ခါး၊ ခက်ရင်း၊ ဇွန်းတွေပါမယ်။ ဒီနေရာမှာ စကားမစပ် ကျွန်တော့်အမျိုးသမီးရဲ့ တပည့်ဆရာဝန် လင်မယား စက်ပူကို Silk Air စီးသွားရင်း လေယာဉ်ပေါ်မှာ ကြုံရတဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းလေးတစ်ပုဒ် ပြောပြချင်ပါသေးတယ်။ အဲဒီ ဆရာဝန်ပေါက်စ လင်မယား လေယာဉ်စီးပြီး စက်ပူသွားတော့ ခုနက ပြောသလို စားစရာလင်ပန်းလာ ချတယ်တဲ့။ ဒါနဲ့ စားသောက်ပြီးလို့ ကော်ဖီသောက်ကြတော့ အမျိုးသားကနေ သူ့ဇနီးကို "ဒီလေယာဉ်ပေါ်က ကော်ဖီကြီးကလည်း သောက်ရတာ ဆိုးလှချည့်လား။ ဘာအရသာကြီးမှန်းကို မသိဘူး" လို့ ပြောပါတယ်တဲ့။ အဲဒီမှာတင် သူ့မိန်းမက ကျွန်မကော်ဖီကတော့ ဘာမှ မဖြစ်ဘူး။ ရှင့်ကော်ဖီ ဘာဖြစ်တာလဲ။ သောက်ကြည့်ဦးမယ် ဆိုပြီး သူ့ယောကျ်ားရဲ့ ကော်ဖီခွက်ကို ယူသောက်ကြည့် လိုက်တော့ သကြားထည့်ရမယ့်အစား ငရုတ်ကောင်းတွေ ထည့်ဖျော်ထားတဲ့ ကော်ဖီ ဖြစ်နေတယ်တဲ့။ "ရှင် ငရုတ်ကောင်းနဲ့ သကြား မခွဲခြားနိုင်ဘူးလား" လို့ မိန်းမကပြောတော "ငါလည်း မသိဘူးလေဟာ။ ငရုတ်ကောင်းကို အဲလိုစက္ကူလေးနဲ့ထုတ်ထားတာမှ မတွေ့ဘူးတာကိုး" လို့ ပြောပါတယ်တဲ့။ ဒါလည်း မှတ်ထားရမယ့် အချက်ပါ။ လေယာဉ်ပေါ်က စားစရာလင်ပန်းထဲမှာ စက္ကူထုတ်လေးတွေပါရင် ဘယ်ဟာက သကြား၊ ဘယ်ဟာကဆား၊ ဘယ်ဟာက ငရုတ်ကောင်းဆိုတာ သေချာရေးထားတာပါ။ စက္ကူထုပ်တွေ့တိုင်း သကြားမဟုတ်ဘူးဆိုတာ သိထားမှ ဖြစ်မှာပါ။ လေယာဉ်ပေါ်မှာ ကျွေးမွေးတာနဲ့ပတ်သက်လို့ နောက်ဆုံးထပ်ပြောချင်တာကတော့ လေယာဉ်ပေါ်မှာ ကျွေးတာတွေ၊ တိုက်တာတွေ အားလုံးဟာ ပိုက်ဆံ လုံးဝမပေးရပါဘူး ဆိုတာပါပဲ။ ခရီးသည်တွေ စားသောက်ပြီး ခဏနေတော့ လေယာဉ်မယ်တွေဟာ လင်ပန်းတွေကို စိတ်ရှည်လက်ရှည် တစ်ခုချင်း လိုက်သိမ်းပါတယ်။ အဲဒီနောက်တော့ လေယာဉ်မယ်တွေ အခွန်မဲ့ ကျူတီဖရီး (duty free) ပစ္စည်းတွေကို

လိုက်ရောင်းပါတော့တယ်။ လေယာဉ်ပေါ်မှာ ဝယ်တာဟာ ပစ္စည်းစိတ်ချရတယ်။ စျေးမှန်တယ်လို့ ပြောရပါမယ်။ ဒါပေမယ့် လေဆိပ်ထဲက ဂျူတီဖရီးဆိုင်လောက်တော့ စျေးမချိုပါဘူး။ ကျွန်တော့် အတွေ့အကြုံအရတော့ မြန်မာလူငယ်လေးတွေ ဂျူတီဖရီး ဝယ်ဖို့ နေနေသာသာ၊ ကိုယ့်ဖာသာကိုယ် စက််ပူရောက်ရင် ဘာတွေရင်ဆိုင်ရမလဲဆိုတာ တွေးလို့မပြီးနိုင်ဘဲ အတွေးရေယာဉ်ကြောထဲမှာ နစ်မြောနေရတာပါ။ အဲလို စားလိုက်သောက်လိုက် အချိန်အတွင်းမှာ ကျွန်တော်လည်း အပေါ့အပါးသွားချင်တာနဲ့ထပြီး တွိုင်းလက်ဆီကို သွားလိုက်ပါတယ်။ တွိုင်းလက်ဆိုတဲ့ စကားလုံးနဲ့ပါတ်သက်လို့ ဒီနေရာမှာ ကျွန်တော် ပြောချင်တာကို ပြောရပါဦးမယ်။ မြန်မာတော်တော်များများဟာ အိမ်သာကို လက်ထရိန်ဆိုပြီး ပြောလေ့ရှိပါတယ်။ ကျွန်တော့်ရဲ့ စစ္စတာကြီး ဒေါ်ဝင်းမေဆိုရင် ကျွန်တော် အပေါ့သွားဖို့ တွိုင်းလက်ဝင်နေတုန်း ကျွန်တော့်ဖုန်းလာရင် "ဆရာကြီး လက်ထရိန် တက်နေပါတယ်" လို့ ဖုန်းဖြေလေ့ရှိပါတယ်။ ဒါကြောင့် စက််ပူသွားခရီးစဉ်အကြောင်း ပြောရင်းကနေ ကြားထဲမှာ ကြော်ငြာဝင်ပြီး ကျွန်တော်ပြောချင်တဲ့ လက်ထရိန်နဲ့ တွိုင်းလက်အကြောင်း ပြောချင်ပါသေးတယ်။ ခုနကပြောခဲ့သလိုပဲ ကျွန်တော်တို့မြန်မာတွေဟာ လက်ထရိန်ဆိုတာနဲ့ တွိုင်းလက်ကို မရှင်းလင်း မကွဲပြားကြပါဘူး။ ကျွန်တော်တို့ပြောနေတဲ့ လက်ထရိန်ဆိုတာဟာ latrine ကို ပြောတာပါ။ အင်္ဂလိပ် အသံထွက်မှန်ကတော့ လက်ထရင်းပါ။ လက်ထရင်းရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ကတော့ A toilet in a camp, especially one made by digging a hole in the ground လို့ Oxford Advanced Learning Dictionary က ပြောပါတယ်။ ဆိုလိုတာက လက်ထရင်းဆိုတာဟာ လူတွေအများကြီးနေတဲ့နေရာမျိုးမှာ ပေါင်းသုံးရတဲ့ အိမ်သာတစ်မျိုးပါ။ အထူးသဖြင့် ပြောရမယ်ဆိုရင်တော မြေကြီးထဲမှာ တွင်းတူးထားတဲ့ မြေစိုက်အိမ်သာမျိုးကို လက်ထရင်းလို့ ခေါ်ရမှာပါ။ တွိုင်းလက် toilet ဆိုတာကိုရောက်တော့ A large bowl for urinating (ယူရီနိုတ်တင်း- ဆီးသွားတာ) or defecating (ဒီဖီကိတ်တင်း- ဝမ်းသွားတာ) into, typically plumbed into a sewage system လို့ ပြောပါတယ်။ အဓိပ္ပါယ်ကတော့ တွိုင်းလက်ဆိုတာ ဆီးသွား၊ ဝမ်းသွားလုပ်လို့ရတဲ့ ခွက်ကြီးလိုဟာကြီးတစ်ခွက်ကို ပိုက်တွေနဲ့ မိလာစနစ်ဆီ ဆက်ထားတာလို့ အဓိပ္ပါယ်ရပါတယ်။ ပြန်ပြီးအတိုချုပ်ပြောရမယ်ဆိုရင်တော့ လက်ထရင်းဆိုတာ တွင်းအိမ်သာကို အဓိက ပြောပါတယ်။ တွိုင်းလက် ဆိုတာကတော့ ကြွေခွက်နဲ့အိမ်သာမျိုးကို ပြောတာပေါ့။ ဒီလောက်ဆိုရင် လက်ထရင်းနဲ့ တွိုင်းလက် ရှင်းပြီထင်ပါရဲ့။ ကျွန်တော် လေယာဉ်ပေါ်က တွိုင်းလက်သွားတဲ့ ဇာတ်လမ်းကို ပြန်ပြောရမယ်ဆိုရင် ကျွန်တော် တွိုင်းလက်ရှေ့ရောက်သွားပြီး လေယာဉ်တွိုင်းလက်တံခါး ကိုကြည့်လိုက်တော့ တံခါးပေါ်မှာ ဗေးကင့် vacant ဆိုတဲ့ အစိမ်းရောင်ပေါ် အဖြူနဲ့ရေးထားတဲ့ စာတန်းလေး ပေါ်နေပါတယ်။ ဗေးကင့် ဆိုတာက အားတယ်၊ လူမရှိဘူးပေါ့။ ဒါနဲ့ ကျွန်တော်လည်း တွိုင်းလက်တံခါးကို ဆွဲဖွင့်လိုက်တော့ မြန်မာလူငယ်တစ်ယောက် တွိုင်းလက်ထဲက ဘိုထိုင်ကမုခ (commode) ပေါ်မှာ ဘောင်းဘီတွေလျော့ပြီး အခန့်သားထိုင်လျက်ကို တွေ့ရပါတယ်။ သူလည်းလန့်၊ ကိုယ်လည်းဘယ်လိုဆိုတာ မပြောပြနိုင်တဲ့ အံ့သြမှု အပြည့်နဲ့ဖြစ်သွားပြီး ဝုန်းကနဲတံခါးကို

ပြန်ပိတ်လိုက်ရပါတယ်။ ဒါဟာအခုနောက်ဆုံးခေါက် စက်ပျံသွား Silk Air ပေါ်က တကယ့်ဖြစ်ရပ်မှန်ပါ။ ဘာလို့ အဲလိုဖြစ်ရတာလဲဆိုတော့ လေယာဉ်ပေါ်က တွိုင်းလက်ထဲ ဝင်လိုကပြီးရင် အတွင်းတံခါးဂျက်လေး ထိုးပြီး ပိတ်ရပါတယ်။ အဲဒီတံခါးဂျက်လေးပေါ်မှာ ဂျက်လေးကို သေချာမိမိရရ ကျအောင်ထိုးပါဆိုပြီး စာရေး ထားပါတယ်။ ဘာလို့လဲဆိုတော့ ခေါက်တွန့်တွိုင်းလက် တံခါးလေးကို တွန်းဝင် လိုက်ပြီး အတွင်းရောက်တော့ ပြန်တွန်းပိတ်၊ ပြီးတော့ဂျက်ကလေးကို မိမိရရ အဆုံးအထိဝင်အောင် ထိုးပိတ်လိုက်မှ ပထမဆုံး တွိုင်းလက်ထဲက မီးပွင့်လာမယ်။ အရေးအကြီးဆုံးက အဲလိုဂျက်ကို အဆုံးအထိပိတ်လိုက်မှ တွိုင်းလက် အပြင်ဘက်တံခါးပေါ်မှာ လူမရှိဘူး၊ အားနေတယ်ဆိုတဲ့ ဗေးကင့် အစိမ်းရောင်စာတန်းလေး ပျောက်သွား မယ်။ ပြီးတော့ အနရောင် လူရှိသည် အော်ကူပိုင်း(ဒ်) occupied ဆိုတဲ့ စကားလုံးပေါ်လာမယ်။ ဒါမှ အပြင်ကလူက တံခါးကို မဖွင့်ရဲဘဲ ရပ်စောင့်မှာပေါ့။ ဒါပေမယ့် ဂျက်ကို သေချာထိုးပါဆိုတဲ့ စာတန်းကိုလည်း အဓိပ္ပါယ်နားလည်ဦးမှ၊ ပြီးတော့ ဂျက်ထိုးမှ အပြင်မှာ လူရှိသည်စာတန်းပေါ်မယ်၊ အပြင်ကနေ တံခါးဖင့် လို့မရဘူးဆိုတာ သိဦးမှ။ ခုနကပြောခဲ့တဲ့ ကျွန်တော် ကြုံခဲ့တဲ့ဖြစ်ရပ်ဟာ အဲလို ဂျက်အဆုံးအထိ ထိုးရမယ် ဆိုတာ မသိလို့ ဖြစ်တာပေါ့။ ဒါနဲ့ ကျွန်တော်လည်း ကိုယ့်ထိုင်ခုံပြန်ထိုင်ပြီး တွိုင်းလက်ထဲက မြန်မာ လူငယ်ထွက်သွားမှ တွိုင်းလက်ကို ပြန်သွားပါတယ်။ တံခါးဖွင့် ဝင်လည်းဝင်လိုက်ရော အိမ်သာကမုခ်ထဲမှာ မစင်အတုံးတွေ ပေါလောပေါ်လို့ မြင်မကောင်းရှုမကောင်း။ ဒါနဲ့ လေနဲ့စုပ်ယူတဲ့ခလုပ်ကို နှိပ်လိုက်တော့မှ ရှူးဆိုပြီး အဲဒီမစင်တုံးတွေ ရှင်းသွားပါတယ်။ လေယာဉ်ပေါ်က ကမုခ်မှာ အိမ်တွေက တွိုင်းလက်တွေလို ရေဆွဲချလို့ မရပါဘူး။ ခလုပ်နှိပ်လိုက်ရင ကမုခ်အောက်ခြေပိုက်ကနေ အရမ်းပြင်းတဲ့ လေစုပ်အားနဲ့ မစင် တွေကို စုပ်ယူသွားတဲ့ စံနစ်ပါ။ အဲဒီခလုပ်လေးဟာ သာမန်တွိုင်းလက် ခလုပ်လို ဖုကြီးထနေတာ မဟုတ်ပါ ဘူး။ တွိုင်းလက်ရဲ့ နောက်က လေယာဉ်နံရံမှာ လက်ညှိုးပုံလေးနဲ့ FLUSH ဆိုတဲ့ ရေဆေးသန့်ရှင်းလိုက်ပါ ဆိုတဲ့ စာပါတဲ့နေရာလေးပဲ ရှိပါတယ်။ အဲဒီနေရာလေးကို လက်နဲ့နှိပ်လိုက်တော့မှ လေစုပ်အားနဲ့ ကမုခ် တစ်ခုလုံး ပြောင်သွားအောင်ကို အညစ်အကြေးအားလုံးကို စုပ်ယူသွားမှာပါ။ အဲလိုတွိုင်းလက်ကို ဖလပ်(ရ) လုပ်ရတယ် ဆိုတာ ကိုသိဖို့လိုတယ်လေ။ အဲတော့ ဂျက်ကိုအဆုံးအထိ ထိုးရမှန်းမသိ၊ လေစုပ်အား ခလုပ် နေရာကို နှိပ်ရမယ်ဆိုတာ မသိတဲ့ မြန်မာလူငယ်လေးကိုကြည့်ပြီး ဒို့လူငယ်တွေ နိုင်ငံခြားမျှားသွားမယ်ဆိုရင် သိထားရမယ့်အချက်တွေ အများကြီးရှိပါသေးလား၊ ဒါတွေကို ငါမှတ်မိသရွေ့တော့ ရေးပြပြောပြရဦးမယ်လို့ တွေးရင်းနဲ့ စက်ပျံလေယာဉ်ခရီးကို ဆက်ခဲ့ပါတယ်။

(လေယာဉ်ပေါ်မှာ အီမီဂရေးရှင်းပုံစံတွေ ဘယ်လိုဖြည့်ရမယ်ဆိုတာ ဆက်ရေးသွားပါမယ်။)

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခခင်မောင်ဝင်း (အသည်း)





နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၁၅)

(နိုင်ငံခြားကိုသွားဖို့ စိတ်ကူးနေတဲ့၊ ကြိုးစားနေတဲ့မြန်မာလူငယ်တွေအတွက် နိုင်ငံခြားသွားရင် ကြုံတွေ့ရမယ့်၊ ရင်ဆိုင်ရမယ့် ပြဿနာအခက်အခဲတွေကို ရင်ဆိုင်ဖို့ရာ ကြိုတင်ပြင်ဆင်ထားနိုင်ဖို့ သိထားသင့်တဲ့ အချက်အလက်တွေကို ရေးရင်းနဲ့ ပြီးခဲ့တဲ့ ဩဂုတ်လတုန်းက စက််ပူ၊ မလေးရှားကိုသွားရင်း တွေ့ရတဲ့ မြန်မာလူငယ်တွေ အကြောင်းတွေ ရေးနေပါတယ်။)

နိုင်ငံခြားသွားကြတဲ့မြန်မာတွေ

အလုပ်လုပ်ဖို့ နိုင်ငံခြားကို ပထမဆုံးအကြိမ် သွားကြတဲ့မြန်မာလူငယ်တွေဟာ ရန်ကုန်လေဆိပ်က လေယာဉ်ကြီးစထက်ပြီဆိုတာနဲ့ ဘယ်လို ဘာမှန်းမသိတဲ့ နိုင်ငံခြားဆိုတာကြီးကိုတွေးပြီး တစိမ့်စိမ့်စိတ်ထဲမှာ တွေးရင်းတွေးရင်းနဲ့ ကြောက်စိတ်တွေတဖြည်းဖြည်း ဝင်လာနေတတ်ကြပါတယ်။ ဟိုတွေးဒီတွေးနဲ့အချိန်တွေ ဘယ်လို ကုန်သွားမှန်း မသိလိုက်ဘဲ လေယာဉ်ကြီးဆိုက်ပြီး စက််ပူ၊ မလေးရှားဆိုတဲ့ နိုင်ငံတွေကို ရောက်သွားရော။ အဲဒီမှာ မြန်မာလူငယ်တွေ ပြဿနာတက်တော့တာပဲ။ ဘယ်သူကမှ ဘာမှလည်း ပြောမပြလိုက်၊ မမှာလိုက်၊ လေဆိပ်ထဲရောက်ရင် ဘယ်သွားလို့၊ ဘာလုပ်ရမလဲဆိုတာ လုံးဝကို အိုင်ဒီယာကမရှိ၊ ပြဿနာမှ တကယ့်ပြဿနာပဲ။ အဲလို ဒုက္ခရောက်ရတာတွေ မကြာမကြာကိုယ်တွေ့တွေ့ခဲ့ရတာတွေကြောင့် လူငယ်တွေကို ပညာပေး ဗဟုသုတတွေ ရထားစေချင်လို့ ကျွန်တော် ဒီဆောင်းပါးတွေကို ရေးနေရတာပါ။ ကျွန်တော် ဒီလိုပြောတော့ "ဆရာကလည်း မြန်မာလူငယ်တွေ ဒီလိုပဲ မလေးရှား၊ စက််ပူ၊ ဘန်ကောက်သွား အလုပ်လုပ်နေကြတာပဲ၊ သူ့ဟာသူဖြစ်သွားမှာပါ၊ နိုင်ငံခြားသွားတာ ဘာကိစ္စမှအထူးရှိမယမထင်ပါဘူး" လို့ တွေးမိကောင်း တွေးမိကြပါလိမ့်မယ်။ တကယ်တော့ သူတို့တစ်တွေမှာ တကယ်ကို အခက်အခဲတွေရှိကြပါတယ်။ မြန်မာလူငယ်တွေ နိုင်ငံခြားလေဆိပ်ကို ရောက်ပြီဆိုကတည်းက ရောဂါတက်ကြတော့တာပါ။ ဒါနဲ့ပတ်သက်လို့ ကျွန်တော် ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို ပြောပြပါရစေ။ ၂၀၀၆ နိုဝင်ဘာလဆန်းတုန်းက ကျွန်တော့် မိသားစု စက််ပူကနေ မလေးရှားကို လေယာဉ်နဲ့သွားလည်ကြပါတယ်။ အားလုံး (၉)ယောက်ဖြစ်နေတာနဲ့ (၆)ယောက် တစ်သုတ်၊ (၃)ယောက်တစ်သုတ်ခွဲပြီးသွားကြပါတယ်။ ဘာလို့တုန်းဆိုတော့ ကျွန်တော်တို့က အညာသားတွေဖြစ်ပြီး နှစ်စဉ် မိရိုးဖလာကိုးမြို့ရှင်ကို ကိုးကွယ်နေကြတာဆိုတော့ (၉)ယောက် ခရီးမသွားချင်လို့ နှစ်သုတ်ခွဲ သွားကြတာပါ။ ကျွန်တော့်ညီမ အေးအေးခိုင်နဲ့ သူ့အမျိုးသား ကိုကျော်ဉာဏ်ထွန်း (MOGE)၊ သူတို့သမီးလေး နှင်းအိခင်၊

ကျွန်တော့်သမီးကြီး ဒေါက်တာမင်းမင်းဝင်း၊ သူ့အမျိုးသား ဒေါက်တာ မိုးဇော်ဟိန်းနဲ့ သူ့ဖခင်ကြီးဦးစန်လှ၊ စုစုပေါင်း(၆)ယောက်က ပထမသုတ်(၇း၀၀)နာရီလေယာဉ် စီးကြပါတယ်။ ကျွန်တော်ရယ်၊ ကျွန်တော်ဇနီး ဒေါက်တာခင်လေးရီနဲ့ ညီမောင်ဌေးကိုတို့ (၃)ယောက်က ဒုတိယအသုတ် လေယာဉ်နဲ့သွားကြပါတယ်။ မနက် (၁၀း၀၀)နာရီ ထွက်တဲ့ မလေးရှားအဲယားလိုင်းလေယာဉ်နဲ့ စင်္ကာပူလေဆိပ်ကနေ သွားကြတာပါ။ လေယာဉ်ထွက်မယ့် ဂိတ်ထဲလည်းဝင်လက်ရော မြန်မာပုံပေါက်တဲ့ လူငယ်(၁၀)ယောက်လောက်ထိုင်နေတာကို တွေ့ရပါတယ်။ တောင်ကြည့်မြောက်ကြည့်နဲ့ အဝေးကနေ ပုံသဏ္ဌာန်ကိုကြည့်လိုက်ရင် မြန်မာတွေလို့ ထင်ရတဲ့ လူငယ်တစ်စုပါ။ ဒီလိုပြောလို့ ကိုယ့်မြန်မာအချင်းချင်း နှိမ့်ချပြီးပြောတယ်လို့တော မအောက်မေ့ပါနဲ့။ ကျွန်တော်တို့ မြန်မာလူငယ်တွေဟာ နိုင်ငံခြားအတွေ့အကြုံနည်းကြတော့ နိုင်ငံခြား၊နိုင်ငံတကာ လူမှုဆက်ဆံရေး၊ ဆက်သွယ်ရေး၊ သွားလာမှုစံနစ်၊ စက်ကရိယာ နည်းစံနစ် ကွာခြားမှု တွေကြောင့် အစစအရာရာ နိုင်ငံခြားလေဆိပ်မှာတွေ့တာတွေက စိမ်းနေတာပေါ့။ ပြီးတော့ နိုင်ငံခြားက လေယာဉ်ကွင်းမှာက လေယာဉ်အကြီးကြီးတွေကိုတွေ့ရတာ၊ လေယာဉ်တွေကလည်း ရာနဲ့ချီပြီး အစီးပေါင်းများစွာ တက်လက်၊ ဆင်းလိုက်၊ လေဆိပ်ကြီးတွေကလည်း ဟိန်းနေပြီး လူတွေ ထောင်နဲ့သောင်းနဲ့ သွားကြလာကြဆိုတော ကျွန်တော်တို့ မြန်မာတွေ အမြင်တွေဆန်း၊ အတွေးတွေ ပျံ့၊ ဘာလုပ်လ. ဘာကိုင်ရမှန်းမသိ၊ ဟိုကြည့်လိုက မသိတာဖြစ်၊ ဒီကြည့်လိုက် မတွေ့ဘူးတာဖြစ်၊ အဲတော့ မြန်မာလူငယ်တွေအဖို့ ဟို ဒီ တွေ့ရာ လိုက်ကြည့်နေကြတဲ့ သဘောသဘာဝ ရှိနေတယ်ဆိုတာကို ပြောတာပါ။ ဒါကြောင့် စင်္ကာပူလေဆိပ်ထဲမှာ အဝေးကကြည့်လိုက်ကတည်းက ပြူးတူးကြောင်တောင် လူငယ်တစ်သိုက်က တွေ့လိုက်ရတဲ့အခါ မြန်မာတွေ ဖြစ်မှာပဲလို့ တစ်ထစ်ချ တွေးမိလိုက်တာပါ။ ကျွန်တော့်ညီ မောင်ဌေးကိုကလည်း "ကိုဝင်း ဟိုဟာ မြန်မာတွေသေချာတယ်" လို့ ပြောပါတယ်။ သူတို့ကို သွားပြီး စကားစမြည်တော့ ပြောချင်ပါရဲ့၊ ဒါပေမယ့် သူတို့က ဘယ်ကိုသွားလို့ ဘာလုပ်ကြမယ်မှန်းကိုလည်း မသိဆိုတော့၊ ကိုယ့်အလုပ် မဟုတ်ပါဘူးလေလို့ တွေးပြီး ကျွန်တော်တို့ လေယာဉ်ထဲကို ဝင်လိုက်ကြပါတယ်။ ကျွန်တော်တို့ထိုင်ပြီး တော်တော်ကြာတဲ့အထိ အဲဒီမြန်မာလို့ ထင်ထားတဲ့ လူငယ်တစ်သိုက် လေယာဉ်ထဲကို ဝင်မလာကြပါဘူး။ နောက်ဆုံးရောက်တော့ သူတို့တစ်တွေ လေယာဉ်ထဲကို ရောက်လာကြပါတယ်။ လေယာဉ်စီးခွင့် ဘိုးဒင်းပါတ်(စ်) (boarding pass) ဖြတ်ပိုင်းလေးတွေကိုင်ပြီး ရှေ့သွားလိုက် နောက်သွားလိုက်နဲ့ သူတို့ထိုင်ရမယ့်ထိုင်ခုံကို တော်တော်နဲ့ ရှာမတွေ့ကြပါဘူး။ နောက်ဆုံးမှ လေယာဉ်မယ်တစ်ယောက်က လာကူပြီး နေရာရှာပေးလိုက်မှ အဆင်ပြေသွားတာကို လှမ်းမြင်နေရပါတယ်။ ကျွန်တော်လည်း သူတို့ မြန်မာလူငယ်တွေများဖြစ်နေမလားဆိုပြီး တော်တော်လေး စိတ်မကောင်းဖြစ်မိ ပါတယ်။ "ဒါပေမယ့်လည်းလေ စင်္ကာပူကနေ မလေးရှားကို လေယာဉ်နဲ့သွားတာဆိုတော့ သူတို့တတွေဟာ မြန်မာတွေ ဟုတ်ချင်မှလည်း ဟုတ်မှာပါ။ မလေးရှား အလုပ်သွားလုပ်မယ့်လူတွေဆိုရင်တော့ ရန်ကုန် မလေးရှား တိုက်ရိုက်ပဲစီးမှာပေါ့။ စင်္ကာပူလှည့်ပြီး

သွားစရာအကြောင်းတော့ မရှိပါဘူး" လို့တွေးမိပြီး ကိုယ့် စိတ်ကို ပြန်ဖြေရပါတယ်။ ဒီလိုနဲ့ မလေးရှား လေယာဉ်ကြီးဟာ စက်ပျံကနေ မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူ (ကေအယ်လ် KL လို့ အတိုကောက်ပဲ ခေါ်လေ့ရှိပါတယ်)ကို ပျံသန်းချိန် (၅၅)မိနစ်အကြာနဲ့ ရောက်သွားပါတယ်။ ကျွန်တော် ကေအယ်လ်လေဆိပ် ကို ပထမဆုံးအကြိမ်ရောက်ဖူးတာ (၁၉၈၅)ခုနှစ် ဆိုတော့ အခုဆိုရင် (၂၁)နှစ် ရှိသွားပါပြီ။ အဲဒီတုန်းက ကေအယ်လ် လေဆိပ်နဲ့ အခုလေဆိပ်ဟာ တခြားစီပါ။ လေယာဉ်ဆိုက်လို့ လက်ရှိ ကေအယ်လ်လေဆိပ် ကြီးထဲကို ဝင်လက်ရင်ကိုပဲ သိပ်ကြီးကျယ် ခမ်းနားတဲ့အဟန့်ကြောင့် တော်ရုံတန်ရုံ နိုင်ငံခြားမရောက်ဖူးတဲ့ လူ တစ်ယောက်အဖို့ လန့်သွားစရာပါ။ ကျွန်တော်တို့က စိတ်အေးလက်အေးနဲ့ လေယာဉ်ထဲကထွက်၊ လေဆိပ်ထဲကို ခပ်ဖြည်းဖြည်း လျှောက်ပြီးလာကြပါတယ်။ ခုနကပြောခဲ့တဲ့ လူငယ်တစ်သိုက်ဟာ ကျွန်တော်တို့နောက်ကနေ ငြိမ်သက်စွာနဲ့ လိုက်လာကြပါတယ်။ လေဆိပ်အရှိန် ကြောက်လန့်ပြီး စကားမပြောကြတာ ထင်ပါရဲ့။ သူတို့လက်ထဲမှာလည်း လေယာဉ်ပေါ်မှာ ဝေထားတဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ အကောက်ခွန်ကိစ္စတွေပါတဲ့ လေယာဉ်ဆိုက်ကဒ်ပြား အရိုက်ဘယ်ကဒ် (arrival card) အဖြူလေးတွေ ကိုင်ထားတာကို တွေ့ရပါတယ်။ သူတို့ကဒ်ပြားတွေပေါ်မှာလည်း စာတစ်လုံးမှ ရေးထားတာ ဖြည့်ထားတာ မတွေ့ရပါဘူး။ လေဆိပ်ထဲဝင်ပြီး နည်းနည်းလောက်ရောက်တာနဲ့ သူတို့တစ်တွေ ပစ္စည်းတွေ၊ အိပ်တွေ ကြမ်းပေါ်ချပြီး ပလပ်စတစ်အောက်မှာ သူတို့နာမည် ရေးထားတဲ့ နာမည်ကဒ်ပြားလေးတွေ အကျီအိပ်ကပ်ပေါ်မှာ ကလစ်လေးတွေ တွယ်လိုက်ကြပြီး ရပ်နေတာကို တွေ့ရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် စကားလည်း တစ်လုံးမှ မပြောကြဘဲ ခပ်ယောင်ယောင်တွေ လုပ်နေတာ မြင်ရတော့ ကျွန်တော်လည်း မနေနိုင်တော့တာနဲ့၊ "ဟေ့ မင်းတို့ မြန်မာတွေ မဟုတ်လား" လို့မေးလိုက်ပါတယ်။ တစ်ယောက်က "ဟုတ်ပါတယ်ခင်ဗျ" လို့ဖြေပါတယ်။ ကျွန်တော်ကဆက်ပြီး "မင်းတို့ arrival card တွေ ဖြည့်ပြီးပြီလား၊ အခု မင်းတို့ ဘယ်သွားကြမလို့တုန်း" လို့မေးလိုက်ပါတယ်။ အဲတော့ ခုနက ဖြေတဲ့တစ်ယောက်ကပဲ "ကျွန်တော်တို့ မလေးကို ကောလင်းနဲ့ အလုပ်လုပ်ဖို့လာတာပါ၊ အေးဂျင်းက လာကြိုမှာ ခင်ဗျ၊ အဲဒါ စောင့်နေကြတာပါ" တဲ့။ သူတို့တစ်တွေ ထင်တာက သူတို့ကို စီစဉ်ပေးတဲ့ အေးဂျင်း ဆိုတဲ့လူက လေဆိပ်ထဲဝင်လာ လေယာဉ်အဝထိလာပြီး သူတို့ကို ကြိုဆိုနှုတ်ခွန်းဆက်၊ လိုရာကို အရောက်ပို့ပေးမယ်လို့ အားကိုးတကြီး ယူဆပြီး စောင့်နေကြတာ။ အရိုက်ဘယ်ကဒ်ဆိုတာကို ဖြည့်ရကောင်းမှန်းလည်း မသိ။ ဘယ်သွားလို့ ဘယ်လာရမှန်း လုံးဝကို မသိကြတာ။ သူတို့အဖြစ်ကို တွေ့မိတော့ တော်တော်လေးကို စိတ်မကောင်း ဖြစ်မိတယ်။ ကျွန်တော်ကို လာကြိုဖို့ စောင့်နေကြတဲ့သူတွေ၊ လေဆိပ်ကနေ ဂေါက်ကွင်းကို တစ်ခါတည်း တန်းသွားပြီး ဂေါက်သီးရိုက်ဖို့ ချိန်ထားတာတွေအားလုံးကို ကျွန်တော်မေ့သွားပါတယ်။ ငါ မြန်မာလူမျိုး တစ်ယောက်အနေနဲ့ ဒုက္ခရောက်နေတဲ့မြန်မာတွေ မဖြစ်မနေ ကူညီရမယ်ဆိုတဲ့ အတွေးတွေက ခေါင်းထဲမှာ ပြည့်လျှံသွားပါတယ်။ သူများတွေ ပြောကြတဲ့ "မလေးရှားမှာ

ရွှေတွေ့ရင် ဂရုစိုက် လှည့်ကိုမကြည့်နဲ့၊ ကိုယ်လုပ်စရာရှိတာကိုယ်ဆက်လုပ်၊ ရှောင်သွားရမယ်နော်" ဆိုပြီး မှာလိုက်တာတွေလည်း ခေါင်းထဲမှာ မရှိတော့ဘူး။ ကျွန်တော်တို့မိသားစု သူတို့ကို ကူညီမှကိုဖြစ်တော့မယ်လို့ တွေးမိပြီး ကျွန်တော်က "ဟေ့ ဒီလေဆိပ်ကြီးထဲ မင်းတို့ အေးဂျင်းက ဘယ်ဝင်လာလို့ရမလဲ၊ ပြီးတော့ မင်းတို့ ဒီကဒ်ပြားလေးတွေ မဖြည့်ဘဲ လေဆိပ်အပြင်လည်း ထွက်လို့မရဘူးလေ၊ မင်းတို့ ဒီကဒ်တွေ ဖြည့်ပြီးမှ အီမီဂရေးရှင်းလို့ခေါ်တဲ့ လူဝင်မှုကြီးကြပ်ရေး ကောင်တာကို သွားရမှာ၊ အဲဒီကောင်တာ ဖြတ်၊ ပစ္စည်းရွေးပြီးမှ အကောက်ခွန် ကပ်စတန်ကောင်တာကြားကနေ မင်းတို့အပြင်ကို ထွက်လို့ရမှာ" လို့ စိတ်ရှည်လက်ရှည် ရှင်းပြလိုက်မိပါတယ်။ ဒါတောင် သူတို့ ဇဝေဇဝါဖြစ်နေပါသေးတယ်။ တစ်ယောက်က "မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်တို့ကို အေးဂျင်းက လာကြိုမယ်လို့ သေချာမှာလိုက်တာ" လို့ ထပ်ပြောသေးတယ်။ ကျွန်တော်က လေယာဉ်ကွင်းထဲက ထွက်ရမယ့် အပြည်ပြည်ဆိုင်ရာ နည်းစနစ်တွေကို သေသေချာချာ ထပ်ပြီး ရှင်းပြရပါတယ်။ ကျွန်တော့်ညီ မောင်ဌေးကိုက မနေနိုင်တော့ဘူး။ "ငါ့ညီတို့ အခုမင်းတို့ကို ရှင်းပြနေတာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးက အသည်းပါမောက္ခ ဒေါက်တာဦးခင်မောင်ဝင်းကွ၊ မင်းတို့ကို ကူညီဖို့ ရှင်းပြနေတာ။ မင်းတို့ကို ဒို့က တတ်နိုင်သရွေ့ ကူညီပေးဖို့ ပြောနေတာပါကွာ" လို့ဝင်ပြောလိုက်တော့မှ နောက်ဆုံး သူတို့ သဘောပေါက်သွားပြီး ဒီလိုဆရင် ကျွန်တော်တို့ကို ကယ်ပါဦး ဆိုတဲ့ပုံစံမျိုးဖြစ်သွားပါတယ်။ ကျွန်တော်တို့ (၃)ယောက်က သူတို့တစ်တွေကို အရက်ဘယ်ကဒ်ပြားလေးတွေ ဖြည့်ရအောင်လာကြဆိုပြီး ဖြည့်ခိုင်းမယ်လုပ်တော့ အမျှားစုက ရေးစရာဘောပင် ပါမလာကြဘူး။ ကျွန်တော်ရော ကျွန်တော့်ဇနီးနဲ့ ညီတော်မောင်ပါ ကျွန်တော်တို့ အတ်တွေထဲက ဘောပင်တွေထုတ်ပေးပြီး ကဒ်တွေ ဖြည့်ခိုင်းရပါတယ်။ ဒါပေမယ့် သူတို့ တစ်တွေက အရိုက်ဘယ်ကဒ် ဘာကစလို့ ဘာကိုဖြည့်ရမယ်ဆိုတာကို မသိဘူး။ ကျွန်တော်ကနေ "ကဲ မင်းတို့ သုံးလေးယောက်စီ လူခွဲလိုက်၊ ငါ့ဆီ (၄)ယောက်လာ၊ ဒေါ်ခင်လေးရီဆီ (၃)ယောက်သွား၊ မောင်ဌေးကို မင်းက (၃)ယောက် တာဝန်ယူဖြည့်" ဆိုပြီး ကျွန်တော်တို့ ဝိုင်းဖြည့်ပေးကြပါတယ်။ ယုံချင်ယုံ မယုံချင်နေ ကျွန်တော်တွေ့ရတဲ့ ဖြစ်ရပ်မှန်ကို ပြောရမယ်ဆိုရင်တော့ ကျွန်တော် တာဝန်ယူ ဖြည့်ပေးရတဲ့ တစ်ယောက်ကို နေရပ်လိပ်စာမှာ "မင်းရန်ကုန်လို့ ဖြည့်လိုက်" ဆိုတော့ ကျွန်တော့်ကို ပြန်လှည့်ကြည့်ပြီး "ကျွန်တော် ရန်ကုန်ကို အင်္ဂလိပ်လို မပေါင်းတတ်ဘူးခင်ဗျ" တဲ့။ ကျွန်တော်လည်း တော်တော်စိတ်ဓါတ် ကျသွားပါတယ်။ ဒါနဲ့ "ပေး ပေး မင်းကဒ် ငါပဲ ဖြည့်ပေးပါတော့မယ်ကွာ" ဆိုပြီး သူ့ကဒ်ပြားလေးကို အစ အဆုံး ဖြည့်ပေးလိုက်ပါတယ်။ ကျွန်တော့်ဇနီး ကြုံရတဲ့ဖြစ်ရပ်က ပိုဆိုးပါတယ်။ သူ့နားက လူငယ်လေးကို ကဒ်ပြားမှာ ပထမဆုံးတွေ့ရတဲ့ နာမည်ဆိုတဲ့အကွက်မှာ ဖြည့်ဖို့ "မင်းနာမည် ဘယ်သူလဲ" လို့ မေးလိုက်တော့ "စိုးမောင်" လို့ဖြေတယ်တဲ့၊ အဲဒါဆို ဖြည့်လေဆိုတော့ "ကျွန်တော် စိုးမောင်ကို အင်္ဂလိပ်လို မရေးတတ်ဘူးခင်ဗျ" လို့ပြောလိုက်တယ်တဲ့။

ကျွန်တော့်ဇနီးလည်း တော်တော်လေးကို မယုံကြည်နိုင်အောင် စိတ်ပျက်လက်ပျက် ဖြစ်သွားပြီး "မင်းနှယ်ကွယ် ကိုယ်နာမည်ကိုယ်တောင် မရေးတတ်ဘဲ နိုင်ငံခြား ဘယ်လို ရောက်သလဲ" ဆိုတော့ "အေးဂျင်းလုပ်ပေးတယ်ခင်ဗျ" လို့ ပြန်ဖြေတယ်တဲ့။ အော် သူတို့တစ်တွေရဲ့ ဘဝဟာလည်း သနားစရာပါ။ မြန်မာပြည်အနှံ့အပြား တောရော၊ မြို့ပါ နေရာအစုံကနေ ဘဝကို တိုးတက်ဖို့ ကြိုးပမ်းဖို့ဆိုပြီး ရန်ကုန်ကို တက်လာ၊ မလေး၊ စင်္ကာပူ နိုင်ငံခြားအလုပ်လုပ် ငွေရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ထွက်ဖို့ လုပ်ကြရတာ၊ မိဘဆွေမျိုးတွေကတော့ ရှိသမျှ ရောင်းချပေါင်နှံပြီး သားလေးအဆင်ပြေရင် ပြီးရောဆိုပြီး ပုံအော ပေးလိုက်တာ။ အေးဂျင်းဆိုတဲ့သူက ဦးဆောင်ပြီး အကုန်လုပ်ပေးတာ။ အေးဂျင်းပြောသမျှယုံ၊ ကောလင်းကိုမျှော်၊ ကောလင်းဆိုတာ စစ်ကိုင်းတိုင်းက မြို့မဟုတ်ပါဘူး။ မလေးသွားဖို့ လုပ်နေကြတဲ့ လူငယ်အသိုင်းအဝိုင်းရဲ့ အသုံးအနှုန်းအခေါ်အဝေါ် စကားလုံးတစ်ခုပါ။ ကောလင်းဆိုတာ မလေးကခေါ်စာ (calling) ကိုပြောတာပါ။ ဒါပေမယ့် သူတို့ အသိုင်းအဝိုင်းမှာ ကောလင်းဆိုရင် လူတိုင်းနားလည်ပါတယ်။ ကောလင်းရပြီဆိုတာနဲ့ စိတ်တွေလှုပ်ရှား တထိတ်ထိတ တပြာပြာဖြစ်တော့တာပါပဲ။ သတင်းတွေကလည်း မျိုးစုံ၊ လေဆိပ်မှာရောက်တာနဲ့ ဘီပိုးရှိမရှိ စစ်တယ်၊ တွေ့တာနဲ့ တန်းပြန်လွှတ်တယလို့ အေးဂျင်းက ပြောတယ်လို့ပြော၊ ကျွန်တော်တို့ သတင်းကြားတာ ၂၀၀၇ခုနှစ် ဩဂုတ်လကစပြီး မလေးအစိုးရက အလုပ်လုပ်ခွင့် (work permit) လျှောက်ရင် စီပိုးပါစစ်မယ်ကြားတယ်လို့လည်း တချို့ကပြောကြသေးတယ်။ မလေးရှားကျန်းမာရေးဝန်ကြီးတောင် သိဉီးမှာ မဟုတ်ဘူး၊ မလေးရှားသွားမယ့် ကျွန်တော်တို့ မြန်မာလူငယ်တွေနဲ့ အေးဂျင်းတွေကတော့ ရန်ကုန်မှာ ဟိုပြော ဒီပြော ပြောနေကြပြီ။ ဒီလိုလူငယ်တွေ ယောက်ယက်ခတ်ဖြစ်နေတာကို အခွင့်ကောင်းယူပြီး ပစ်စလက်ခတ်လုပ်၊ ပိုက်ဆံယူပြီး နိုင်ငံခြားရောက်ရင် ပြီးရောဆိုပြီး လွှတပစ်လိုက်တဲ့အေးဂျင်းတွေ ရှိသလို အမှန်အကန်စနစ်တကျ အလုပ်ရှာပြီး နိုင်ငံခြားမှာ အလုပ်လုပ်ဖို့ မြန်မာလူငယ်တွေကို ပို့ပေးနေတဲ့ ကုမ္ပဏီတွေလည်း အများကြီးရှိပါတယ်။ လူငယ်တွေ ပါးစပ် ဖျားက မထွက်တဲ့ အေးဂျင်း အေးဂျင်းဆိုပြီး တသသပြောနေတဲ့သူတွေရဲ့ အစီအမံအချယ်အလှယ်တွေနဲ့ ရွှေမြန်မာတွေ နိုင်ငံခြားကို ရောက်လာကြရတာပါ။ ကံဆိုး ကံကောင်းပဲပေါ့လေ။ အခုနကပြောနေတဲ့ မြန်မာလူငယ်တွေအကြောင်း ပြန်ပြောရရင် သူတို့ဟာ ကျွန်တော်တို့ မလေးရှားသွားမယ့်နေ့ အရင်တစ်နေ့ ညနေကတည်းက စင်္ကာပူလေဆိပ်ကို ရောက်နေတာတဲ့။ တစ်ညလုံး လေဆိပ်ထဲမှာထိုင်ပြီး နေကြတာ၊ ဘာမှလည်း မစားမသောက်ရသေးဘူးတဲ့၊ သူတို့ အေးဂျင်းက မလေးရှားတိုက်ရိုက်လေယာဉ်နဲ့ တင်မပေးလိုက်ဘဲ စင်္ကာပူကတစ်ဆင့် လွှတ်ပေးလိုက်တာတဲ့။ ဘာလို့ အဲလို စင်္ကာပူကတစ်ဆင့် လွှတ်သလဆိုတာတော့ သူတို့လည်း မသိဘူးတဲ့။ ဒါနဲ့ ကျွန်တော်တို့လည်း သူတို့ ကဒ်ပြားတွေကို အားလုံးဖြည့်ပေးလိုက်ကြပါတယ်။ ဒါပေမယ့် (၂)ယောက်က လေယာဉ်ပေါ်မှာ ကဒ်ပြားယမလာကြဘူးတဲ့၊ လေယာဉ်ပေါ်မှာ ကဒ်ပြားလေးတွေဝေတုန်းက ဘာအတွက် ဝေမှန်းမသိလို့ မယူခဲ့ကြဘူးတဲ့၊ ဒါနဲ့ ကျွန်တော်က ဆောင်းပါးရေးရင်းထည့်ရေးဖို့ဆို ယူလာတဲ့ ကဒ်ပြားအပိုတစ်ခုကို ထုတ်ပေးလိုက်ပြီး

နောက်တစ်ယောက်ကိုတော့ "မင်းကတော့ အီမီဂရေးရှင်းရောက်မှ တောင်းယူပြီး ဖြည့်တော့ကွာ" လို့ပြောလိုက်ရတယ်။ ကဒ်ပြားတွေအားလုံး ဖြည့်ပြီးတော့မှ "လာကြ ငါ့နောက်ကို လိုက်ခဲ့ဆိုပြီး" ဘက်ဂိတ်ချ်ကလိမ်း (Baggage Claim) ပစ္စည်းရွေးရန်ဆိုတဲ့ ဆိုင်းဘုတ်နဲ့ မြားနောက်ကို လိုက်ဖို့ ခေါ်လာခဲ့ပါတယ်။ သူတို့ကိုလည်း ရှင်းပြရပါတယ်။ "မင်းတို့ နောက်လေယာဉ်ဆက်ပြီး စီးမယ်ဆိုရင် ထရန်စဖါ (Transfer) ဆိုတဲ့ မြားနောက်ကို လိုက်၊ အဲလိုမဟုတ်ပဲ ကိုယ်က ခရီးမဆက်တော့ဘူး လေဆိပ်ရောက်ပြီး အပြင်ကို ထွက်တော့မယ်ဆိုရင် ဘက်ဂိတ်ချ်ကလိမ်း ဒါမှမဟုတ်ရင် အီမီဂရေးရှင်း (immigration) ဆိုတဲ့မြားနဲ့ ဆိုင်းဘုတ်နောက်ကိုလိုက် ၊ဒီမြားတွေနောက်ကို လိက်ရင် အပြင်ထွက်ဖို့ပဲ။ ပြန်ပြောရမယ်ဆိုရင်ကွာ၊ မင်းတို့ ဘယ်နိုင်ငံသွားသွား ဘယ်လေဆိပ်ရောက်ရောက် လေဆိပ်အပြင်ထွက်မယ်၊ ပစ္စည်းရွေးတော့မယ်ဆိုရင် ဘက်ဂိတ်ခ၊ကလိမ်းနဲ့ အီမီဂရေးရှင်းလို့ ဆိုင်းဘုတ်ရေးထားတဲ့ မြားနှစ်ခုနောက်သာလိုက်၊ မင်းတို့ အီမီဂရေးရှင်းကောင်တာကို ရောက်သွားမယ်" လို့ ရှင်းပြရင်းနဲ့ သူတို့ကို ခေါ်သွားလိုက်ပါတယ်။ ကေအယ်လ်လေဆိပ်ထဲက ဘက်ဂိတ်ချ်ကလိမ်း မြားတွေဟာ တစ်နေရာရောက်တော့ ဆုံးသွားရော၊ ဘယ်ဆက်လိုက်ရမှန်း ကျွန်တော်လည်း မသိတော့ဘူး။ ဒါနဲ့ ကျွန်တော်က စုံစမ်းရန်ဆိုတဲ့ အင်ဖေါ်မေးရှင်း (information) ကိုသွားမေးတော့ အခုမြားဆုံးတဲ့ နေရာမှာ စောင့်နေပါလွန်းပျံရထားရှပ်တယ်(လ်)ထရိန်း (shuttle train) လာလိမ့်မယ်တဲ့၊ အဲဒီရထားကို စီးသွားတော့မှ နောက်လေဆိပ်အဆောက်အဦး တာမီနယ် (terminal) ကိုရောက်သွားမယ်၊ အဲဒီမှာမှ အီမီဂရေးရှင်းကို တွေ့ရမယ်တဲ့၊ တော်တော်ကို ရှုတ်တဲ့ ကေအယ်လ်လေဆိပပါ။ သူပြောတဲ့အတိုင်းဘေး ဘယ်ညာလေ့လာကြည့်လိုက်တော့မှ ရထားစောင့်ရမယ့် နေရာကို တွေ့ရတယ်။ ဒီရထားဟာ ဟိုဘက်ဒီဘက် တာမီနယ်(၂)ခုကြားမှာ ခေါက်တုန့်ခေါက်ပြန် ပြေးနေလို့ လွန်းပျံရထား ရှပ်တယ်လ်ထရိန်း (shuttle train)လို့ ခေါ်တယ်ဆိုတာ ကိုလည်း လူငယ်တွေကို ရှင်းပြလိုက်ပါတယ်။ ခန နေတော့ တွဲ (၅)တွဲပါတဲ့ ရထားဆိုက်လာပြီး မှန်တံခါးတွေ ပွင့်သွား ပါတယ်။ ရထားပေါ်တက်လိုက်ပြီး တစ်မိနစ် လောက်ကြာတော့ တံခါးတွေပိတ်သွားပြီး ရထားထွက်ပါတယ်။ (၅)မိနစ်လောက်ပဲစီးလိုက်ရပြီး ကေအယ်(လ်)လေဆိပ်ကြီးရဲ့နောက် တာမီနယ်တစ်ခုကို ရောက်သွားပါတယ်။ အဲတော့မှ ကျွန်တော် ခေါင်းဆောင်တဲ့ မြန်မာလူငယ်အဖွဲ့ဟာ ရထားထဲက ထွက်လိုက်ကြပါတယ်။ အပြင်ရောက်တာနဲ့ အီမီဂရေးရှင်းကောင်တာကို တန်းတွေ့ရပါတယ်။ ဒါနဲ့ လူငယ်တွေကို "ငါလည်း မင်းတို့ကို တတ်နိုင်သရွေ့ ကူညီပြီးပြီ မင်းတို့ ကဒ်မရှိသေးတဲ့သူတွေ ကဒ်လေးတွေယူဖြည့်၊ ပြီးတော့ အီမီဂရေးရှင်းကောင်တာမှာ တစ်ယောက်စီ တန်းစီပြီး ဝင်ကြ။ တစ်ယောက်ကောင်တာမှာ ဝင်နေရင် နောက်လူက သူတို့တားထားတဲ့ မျဉ်းကြောင်းကို မကျော်ဘဲ စောင့်ရမယ်။ အဲဒီ အီမီဂရေးရှင်းမှာ မင်းတို့ ပါတ်စပို့နဲ့ ကဒ်ပြားလေးကိုပြ၊ အီမီဂရေးရှင်းကမင်းတို့ကို ဗီဇာထုပေးလိမ့်မယ်။ အဲဒီကထွက်တော့မှ ပစ္စည်းရွေးတဲ့ ဘက်ဂတ်ချ် ကလိမ်းနေရာကို ရောက်မယ်၊

ကရပ်ဆယ်လ် (carousel) လို့ခေါ်တဲ့ လည်နေတဲ့ဟာကြီးပေါ်ကနေ မင်းတို့ ရွေးစရာပစ္စည်းတွေက ထွက်လာလိမ့်မယ်။ ဒို့ မင်္ဂလာဒုံလေဆိပ်မှာတော့ကရပ်ဆယ်လ်က တစ်ခုထဲပေါ့ကွာ၊ ဒီမှာတော့ လေယာဉ်တွေက အများကြီး တစ်ပြိုင်ထဲ ဆိုက်နေတာဆိုတော့ ကရပ်ဆယ်လ်တွေက အများကြီးပဲ။ အဲတော့ ကရပ်ဆယ်လ်တွေရဲ့ အပေါ်ကတိုင်မှာ မီးလင်းတဲ့ လေယာဉ်အမှတ်ကို ဖတ် ရမယ်။ အခု ဒို့စီးလာတာက မလေးရှားလေယာဉ်အမှတ် (MH 604) ဆိုတော့ အဲဒီနံပါတ်နဲ့ မီးလင်းနေတဲ့ ကရပ်ဆယ်လ်ကိုရှာပြီး မင်းတို့ ပစ္စည်းတွေကို စောင့်ရွေး အဲဒီပစ္စည်းရွေးပြီးတော့မှ မင်းတို့ ကပစတန်ကို ဖြတ်ရမယ်။ ကပ်စတန်ကောင်တာ ရောက်ရင် မင်းတို့မှာ အကောက်ခွန်ပေးစရာ ဘာမှ မပါဘူးဆိုရင် အစိမ်း ရောင်ကောင်တာ ဂရင်းချင်နယ် (Green Channel) ရှေ့ကနေဖြတ်။

ကပစတန်လည်းဖြတ်ပြီးရော လာကြိုတဲ့လူတွေနဲ့ စောင့်နေတဲ့နေရာ မီတင်ပွိုင့် (meeting point) ဆတဲ့နေရာတွေက ရောက်မယ်။ အဲဒီမှာ မင်းတို့အေးဂျင်းနဲ့တွေ့မှာပေါ့ကွာ။ တချို့ကုမ္ပဏီတွေက အေးဂျင်းတွေရောက်တော့လည်း လေဆိပ်ထဲ အီမီဂရေးရှင်းမဝင်ခင်မှာ လာကြိုတတ်တယ်၊ မင်းတို့အေးဂျင်း ကိုလည်း ရှာကြည့်ဦးလေ၊ ငါတို့ သွားတော့မယ်နော်" ဆိုပြီး သူတို့လေးတွေ အဆင်ပြေကြပါစေလို့ ဆုတောင်းရင်းနဲ့ ကေအယ်လ်လေ ဆိပ်အပြင်ဘက်ကို ကျွန်တော်တို့ ထွက်လာခဲ့ကြပါတယ်။

(ဒီလို အရှိုက်ဘယ်ကဒ်ခေါ် ဝိုက်ကဒ်လေးတွေ မဖြည့်တတ်တဲ့ မြန်မာတွေကို လေယာဉ်ပေါ်မှာ တွေ့ရတဲ့အကြိမ် တော်တော်များပါပြီ၊ ဒါကြောင့် အခုလ ဒီစာအုပ်ထဲက အင်္ဂလိပ်စာအတိုအထွာ ဆောင်းပါးထဲမှာ ဝိုက်ကဒ်ဘယ်လိုဖြည့်ရမယ်ဆိုတာကို ရေးထားပါတယ်။ နိုင်ငံခြား ပထမအကြိမ်သွားမယ့် မြန်မာလူငယ်တွေ ဖတ်ကြည့်ကြပါလို့ တိုက်တွန်းလိုက်ပါရစေ။)


<u>မှတ်သားဖို့ရာ စကားလုံးတွေ</u>

- Immigration - ပါတ်စပို့ ပြရမယ့်နေရာ။
- Baggage Claim - ပစ္စည်းရွေးရန်။
- Transfer - ခရီးဆက်ရန်။
- Terminal - လေဆပ်အဆောက်အဦး။
- Arrival Card / White Card - လေယာဉ်ပေါ်မှာ ဖြည့်ပြီး အီမီဂရေးရှင်းမှာ ပြရမှာ။
- Carousel ကရပ်ဆယ်(လ်) - ပစ္စည်းတွေ ပတ်ချာလည်ထွက်လာတဲ့ ကိုယ့်ပစ္စည်း သွားယူရမယ့် အဝိုင်းကြီး။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခခင်မောင်ဝင်း (အသည်း)


AIRCASE 4-


LAVATORY SERVICING



Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၁၆)

(နိုင်ငံခြားကိုသွားဖို့ စိတ်ကူးနေတဲ့၊ ကြိုးစားနေတဲ့မြန်မာလူငယ်တွေအတွက် နိုင်ငံခြားသွားရင် ကြုံတွေ့ရမယ့်၊ ရင်ဆိုင်ရမယ့် ပြဿနာအခက်အခဲတွေကို ရင်ဆိုင်ဖို့ရာ ကြိုတင်ပြင်ဆင်ထားနိုင်ဖို့ သိထားသင့်တဲ့ အချက်အလက်တွေကို ရေးရင်းနဲ့ ပြီးခဲ့တဲ့ ဩဂုတ်လတုန်းက စက်ာပူ၊ မလေးရှားကိုသွားရင်း တွေ့ရတဲ့ မြန်မာလူငယ်တွေ အကြောင်းတွေ ရေးနေပါတယ်။)

<u>ကေအယ်လ်က ကိုစိုးမြင့်</u>

မလေးရှားသွားပြီး အဆင်မပြေ ဒုက္ခမျိုးစုံနဲ့ ပြန်လာကြတဲ့ မြန်မာလူငယ်တွေကို အများကြီးတွေ့ဘူးပါတယ်။ နည်းမျိုးစုံနဲ့ အလိမ်ခံရ၊ အညစ်ခံရတဲ့ဇတ်လမ်းမျိုးစုံကိုလည်း မကြာမကြာ ကြားရပါတယ်။ မလေးရှားမှာ ကလိမ်ကကျစ်တွေနဲ့တွေ့ပြီး ဘဝပျက်လာတဲ့ မြန်မာလူငယ်လေးတွေရဲ့ အဖြစ်တွေကလည်း ရင်ထုမနာ ဝမ်းနည်းစရာပါ။ အဲလိုပြောလို့ မလေးသွားတဲ့ မြန်မာတိုင်း ဒုက္ခရောက်ကြရတယ်လို့တော့ မထင်လိုက်ပါနဲ့။ မလေးရှား ရောက်ပြီး အောင်မြင်အဆင်ပြေနေတဲ့ မြန်မာတွေလည်း အများကြီးရှိပါတယ်။ ကျွန်တော် မလေးရှားကို အခေါက်ခေါက်ရောက်လို့ ကေအယ်လ်ကိုသွားတိုင်း ကျွန်တော့်ကို လာကြို၊ လိုက်ပို့တဲ့ ကေအယ်လ်က ကိုစိုးမြင့်ကတော့ မြန်မာတွေ စံနမူနာထား အတုခိုး အားကျလောက်တဲ့ မလေးရောက် အောင်မြင်သူ တစ်ယောက်ပါ။ အရင်လတွေက ကျွန်တော် ရေးခဲ့တဲ့ နိုင်ငံခြားသွားမြန်မာတွေအကြောင်း ဆောင်းပါးတွေကိုဖတ်ကြည့်ရင် အဆင်မပြေနိုင်တာ၊ ဒုက္ခရောက်နိုင်တာဆိုတာတွေကိုပဲပြောသွားပြီး နိုင်ငံခြားသွားမယ်ဆိုရင် တွေ့ရမယ့် ကြုံရမယ့် အခက်အခဲပြဿနာတွေ၊ အကြောင်းတွေပဲ တွေ့ရပါလိမ့်မယ်။ ဒီတစ်ပတ်တော့ ကေအယ်လ်မှာ အောင်မြင်နေတဲ့ ကိုစိုးမြင့်အကြောင်းပြောပြချင်ပါတယ်။ ကိုစိုးမြင့်ဟာ လွန်ခဲ့တဲ့ (၁၅)နှစ်လောက်က ကျွန်တော့်အစ်ကို ဦးခင်မောင်တင့်သဘာဝဓါတ်ငွေ့သုံးဓါတ်အားပေးစက်ရုံ (ရွာမ)မှာ စက်ရုံမှူးလုပ်နေတုန်းက အဲဒီစက်ရုံက အနိမ့်ဆုံးအဆင့် ဂရိတ်ဖိုး လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းပေါက်စလေးတစ်ယောက်ပါ။ ကျွန်တော့်အစ်ကို ကျွန်တော်တို့အိမ်လာတိုင်း သူ့တပည့်လေး ကိုစိုးမြင့် ပါလာတတ်ပါတယ်။ သူဟာ အရမ်းကို လိမ္မာယဉ်ကျေးပြီး အလိုက်တသိ ရိုရိုကျိုးကျိုး အလုပ်လုပ်တတ်၊ နေတတ်တဲ့သူတစ်ယောက်ပါ။ အတန်းစာကတော့ အထက်တန်း အဆင့်ပါပဲ။ ဒါပေမယ့် ကျွန်တော့်တို့ အိမ်၊ ကျွန်တော့်ဆေးခန်းလာတိုင်း ဘယ်သူနဲ့တွေ့တွေ့ အဂလိပ်လိုပဲ ပြောပါတယ်။ ကျွန်တော်နဲ့ စကားပြောလည်း အင်္ဂလိပ်လိုပဲပြောပါတယ်။ မြန်မာလို လုံးဝ

မပြောပါဘူး။ အားလုံးက သူ့ကို "ဘိုရူး" လို့ခေါ်ကြတယ်။ တော်တော်ကြောင်တကောင်၊ တစ်ချိန်လုံး အင်္ဂလိပ်စကားပဲ ပြောနေတာပဲပေါ့။ ဒါ ကျွန်တော်တို့ မြန်မာတွေအင်္ဂလိပ်စကားပြောတဲ့ သူတွေကို တွေ့တိုင်း ပြောကြစကြတဲ့ မြန်မာလေ့ထုံးစံပဲ။ မြန်မာတစ်ယောက်ယောက် အင်္ဂလိပ်လို စကားပြော လိုက်ရင် "အခုပဲ လေယာဉ်ဆိုက်လာသလား" "အင်္ဂလိပ်ကြီးလား" ဆိုပြီး အချင်းချင်း နောက်ကြ ပြောင်ကြ ပြောကြတဲ့အကျင့်က ရှိကြပါတယ်။ အဲတော့ ကျွန်တော့်ဆေးခန်းက လူတွေက ကိုစိုးမြင့်ကို တွေ့တိုင်း သူ အင်္ဂလိပ်လိုပြောတာကို ဟားကြပြီး နှိပ်ကွပ်လေ့ရှိကြတယ်။ ဒါပေမယ့် ကိုစိုးမြင့်ကတော့ ဘာမှ ဂရုမစိုက်ဘူး၊ ဘယ်သူ ဘာပြောပြော သူကတော့ အဂလိပ်လိုပဲပြောတယ်။ အဲဒီတုန်းက သူအလုပ်လုပ်တဲ့ ရွာမစက်ရုံမှာလည်း စက်အသစ်လာဆင်တဲ့ အင်္ဂလိပ်အင်ဂျင်နီယာတွေရှိတော့ ကိုစိုးမြင့် အင်္ဂလိပ်စာ လေ့ကျင့်ပြောဆိုဖို့ ပိုအဆင်ပြေတာပေါ့။ ပြီးတော့ ကိုစိုးမြင့်က အရမ်းကြိုးစားပြီး ဘဝတက်လမ်းကို အမြဲတန်း ရှာနေတဲ့သူတစ်ယောက်ဆိုတော့ လေ့လာမှုတွေ မရပ်မနားလုပ်၊ အားထုတ်မှု အပြည့်နဲ့ သူ့ဘဝကို သူမြင့်တင်နေပါတယ်။ သူလုပ်နေတာတွေကို တစက်မှမလျှော့ပါဘူး။ အင်္ဂလိပ်လို အပြောကျင့်တာကိုလည်း ကြိုးစားပြီး အမြဲလုပ်တယ်။ အင်္ဂလိပ်စာတွေကို ဖတ်တယ်။ သူ့ပတ်ဝန်းကျင်က လူတွေကတော့ သူ့ကို ဟားကြတာပေါ့။ ဒါပေမယ့် ကိုစိုးမြင့်ဟာ လုံးဝက မလျှော့တဲ့ စိတ်ဓါတ်နဲ့ သူလုပ်စရာရှိတာ သူ အမြဲလုပ်တယ်။ အထွေထွေဗဟုသုတနဲ့ အင်္ဂလိပ်စာကို မရပ်မနား လေ့လာတယ်ပေါ့။ ကျွန်တော့်တပည့်တစ်ယောက် ပြောသလို ဘယ်သူဘာပြောပြော လှည့်မကြည့်နဲ့၊ ကိုယ်လျှောက်ရမယ့်လမ်းကို ဖြောင့်ဖြောင့်တန်းတန်းလျှောက်၊ ဘေးလူတွေ ပြောကြတာ မှန်သမျှသာ လိုက်နားထောင်နေပြီး စဉ်းစားတွေဝေနေရင် ကိုယ်လျှောက်နေတာတွေ ယိမ်းယိုင်ပျက်ပြားပြီး ပန်းတိုင်ကို မရောက်နိုင်ဘူးတဲ့၊ သိပ်ကို မှန်တဲ့စကားတွေပါ။ ကိုစိုးမြင့်ဟာ အဲဒီအတိုင်းပဲ ဘယ်သူ ဘာပြောပြော သူ့လမ်းကိုပဲသူ မမှိတ်မသုန်လျှောက်ပါတယ်။ စဉ်းစားကြည့်မယ်ဆိုရင် ရွာမ သဘာဝဓါတ်ငွေ့သုံး ဓါတ်အားပေးစက်ရုံ အလုပ်သမားတန်းလျားက အခန်းလေးမှာနေတဲ့ မောင်စိုးမြင့်ဆိုတဲ့ ဂရိတ်ဖိုး အလုပ်သမားလေးဟာ ဘယ်လောက်ပဲကြိုးစားနေနေ သူ့ဘဝမှာ ဘာမှ ထူးခြားတိုးတက်ပြီး ဖြစ်လာနိုင်စရာမရှိဘူးလို့ပဲ အားလုံးက ထင်ကြမှာ။ အဲတော့ မောင်စိုးမြင့်လေး ဒီလို ဝန်ထမ်းအိမ်ခန်း ကျဉ်းကျဉ်းလေးထဲမှာ အဂလိပ်စာတွေ၊ ကမ္ဘာ့အရေး၊ မြန်မာ့အရေးတွေကို လေ့လာနေတာဟာ အားလုံးရဲ့ အမြင်မှာ ရယ်စရာပေါ့။ ကျွန်တော်ကတော့ ကိုစိုးမြင့်လာတိုင်း သူ အင်္ဂလိပ်လို ပြောတာကို အင်္ဂလိပ်လိုပဲ ကောင်းကောင်းမွန်မွန် ပြန်ပြောတယ်။ သူ စကားပြောတဲ့ အင်္ဂလိပ်စာ အသံထွက်လေးတွေ မှန်အောင် ပြင်ပေးတယ်။ ဘယ်တော့မှ သူ့ကို ဟာသမလုပ်ဘူး။ သူ အင်္ဂလိပ်လိုပြောတာကို ရှုံ့ချတယ်၊ သရော်တယ်၊ ပျက်ချော်ချော် နောက်တောက်တောက် ဆိုတာမျိုး လုံးဝမလုပ်ဘူး။ သူ့ကို ပေါ်ပျက်ပျက် ဘယ်တော့မှ မဆက်ဆံဘူး၊ သူ့ကို ကြိုးစားဖို့ အမြဲအားပေးတယ်။ ကျွန်တော်ဟာ မြန်မာလူငယ်တွေ အင်္ဂလိပ်စာ တိုးတက်အောင်လုပ်ဖို့ လိုတယ်ဆိုတာကို အမြဲတန်းပြောနေတဲ့သူတစ်ယောက်ဆိုတော့ ကိုစိုးမြင့်လို ကြိုးစားနေတဲ့ လူငယ်

တစ်ယောက်ကို မြေတောင်မြောက်ပေးပြီး ကူညီနိုင်တဲ့အပိုင်းက ကူညီရမှာပေါ့လို့ တွေးမိပါတယ်။ နောက်တော့ ကျွန်တော့်အစ်ကို ရွာမကနေ သထစက်ရုံကို အလုပ်ပြောင်းသွားပြီး ကိုစိုးမြင့်နဲ့ မတွေ့ဖြစ်တော့ပါဘူး။ ဒါပေမယ့် ရွာမစက်ရုံကလူတွေနဲ့ ကျွန်တော်နဲ့က အရမ်းရင်းနှီးပြီး ကျွန်တော့်ဆေးခန်းမှာ ရွာမစက်ရုံကလူတွေ အမြဲလိုလာပြနေကြတာဆိုတော့ ရွာမက သတင်းတွေက မပြတ်ကြားနေရပါတယ်။ ဒီနေရာမှာ ဖြတ်ပြီး ကျွန်တော်နဲ့ ရွာမလျှပ်စစ်စက်ရုံအကြောင်း ပြောပြချင်ပါသေးတယ်။ ကျွန်တော် အင်္ဂလန်ကို တော်ဝင် ဘုရင့်သမားတော်ကြီးများ ဆေးပညာဘွဲ့ အမ်အာရ်စီပီသွားယူဖို့ ပြင်ဆင်နေတုန်းက ကျွန်တော့် အစ်ကို ဦးခင်မောင်တင့်က ရွာမစက်ရုံမှာ အထက်တန်း လက်ထောက်အင်ဂျင်နီယာပါ။ စက်ရုံကြီး စပြီး တည်နေတဲ့ကာလပေါ့။ စက်ရုံက အင်ဂျင်နီယာတွေကို တစ်ယောက်ပြီးတစ်ယောက် အင်္ဂလန်ကို လွှတ်ပေး နေတဲ့အချိန်ပါ။ ကျွန်တော်က မန္တလေးကတက်လာပြီး ရန်ကုန်ဆေးရုံကြီးမှာ သင်တန်းတက် အင်္ဂလိပ်ဆေးပညာ စာမေးပွဲကိုဖြေဖို့ ပြင်ဆင်နေတဲ့အချိန်။ ကျွန်တော်က နိုင်ငံခြားမှာလည်း အဆက်အသွယ် ဘာမှမရှိ၊ တောကနေ မျက်စေ့သူငယ်နဲ့ ရန်ကုန်မှာ ယောင်လည်လည်ဖြစ်နေတဲ့ အမ်အက်စ်စီအောင်ပြီးကာစ ဆရာဝန်ပေါက်စပေါ့။ အဲဒီလိုအချိန်မှာ ရွာမစက်ရုံက အင်ဂျင်နီယာတွေဟာ ကျွန်တော့်အပေါ်မှာ တော်တော်လေး ကောင်းကြတယ်။ ကျွန်တော် နိုင်ငံခြားသွားဖို့ ငါးသိန်းတန် အာမခံစာချုပ် (၁၉၈၂ ခုနှစ်လောက်က ငါးသိန်းဆိုတာ နည်းတဲ့ ပိုက်ဆံမဟုတ်ပါဘူး) လက်မှတ်ထိုးခိုင်းလိုက်ရင်လည်း ရတယ်ဆိုပြီး ဘာမှမမေးမစမ်း မည်သူမည္ရ တစ်ခါတည်းပဲ လက်မှတ်ထိုးပေးလိုက်ကြတာပဲ။ ပြီးတော့ ပြောသေးတယ် "ခင်ဗျားလုပ်မှပဲ ကိုယ့်ကိုကိုယ် ငါးသိန်းလောက်တောင် တန်တယ်ဆိုတာ သိသွားပြီဗျာ" တဲ့။ အဲဒီတုန်းက အင်္ဂလန်ကို ပညာသင် သွားရတဲ့ အစ်ကို့သူငယ်ချင်း ရေဦးသား ရွာမစက်ရုံက အင်ဂျင်နီယာ ကိုဘအုပ်က "ကိုခင်မောင်ဝင်း အင်္ဂလန်ကို ဘာမှာမလဲ ပြော၊ လုံးဝ အားမနာနဲ့" တဲ့။ ဒါနဲ့ ကျွန်တော်က "ကျွန်တော်ဖြေမယ့် အမ်အာရ်စီပီ MRCP စာမေးပွဲနဲ့ ပတ်သက်တဲ့ စာအုပ်တစ်အုပ် ဝယ်ခဲ့ဗျာ" လို့ ပြောလိုက်ပါတယ်။ ကျွန်တော် စာမေးပွဲဖြေကာနီး (၃)ရက် အလိုလောက်မှာ ကိုဘအုပ် အင်္ဂလန်က ပြန်ရောက်လာပြီး "ခင်ဗျားမှာတဲ့စာအုပ်ပါလာပြီ၊ (၁၂)ပေါင်တောင် ပေးရတယ်ဗျ" ဆိုပြီး ကျွန်တော်နေတဲ့ ပုဇွန်တောင်အိမ်ကို လာပို့ရှာပါတယ်။ စာအုပ်ဖိုးကို မြန်မာငွေနဲ့ တွက်ပေးမယ်လုပ်တော့ "ခင်ဗျားကလည်းဗျာ၊ လုပ်မနေစမ်းပါနဲ့၊ အချင်းချင်းတွေဟာကို" လို့ပြောပြီး စာအုပ်ဖိုး လက်မခံပါဘူး။ ကျွန်တော်ကလည်း မန္တလေးမှာနေတဲ့သူဆိုတော့ အဆက်အသွယ်မရှိ၊ သတင်းမရနဲ့ အမ်အာရ်စီပီစာမေးပွဲဝင်ခွင့် ဖြေရမယ်ဆိုတာကို (၂)ပတ်ပဲ ကပ်သိပြီး ဖြေရတာ။ မနည်းကိုဖတ်ပြီး အစွမ်းကုန် ကြိုးစားဖြေလိုက်လို့ ဝင်ခွင့်အောင်သွားတာ။ စာအုပ်စာတန်း ကလည်း မပြည့်မစုံနဲ့ ရန်ကုန်မှာ တွယ်စရာ ကပ်စရာ ဆရာခေါ်စရာလည်း မရှိ၊ စိုင်းခမ်းလိတ်ရဲ့ "မန္တလေးရောက်


ရှမ်းတစ်ယောက်" သီချင်းထဲက ရှမ်းကလေးရဲ့ဒုက္ခတွေကို သတိရမပြီး "ရန်ကုန်ရောက် မန္တလေးသား တစ်ယောက်" လို့ အော်အော်ပြီးသာ ဆိုလိုက်ချင်ပါတော့တယ်ဆိုတဲ့ အခြေအနေမျိုးဖြစ်နေတာပါ။ အဲဒီအချိန်မှာ ကိုဘအုပ် အင်္ဂလန်က ဝယ်လာတဲ့ စာမေးပွဲမေးခွန်းနဲ့ အဖြေစာအုပ်လေးဟာ ကျွန်တော့် အတွက် တကယ့်ကို တစ်တပ်တအား အထောက်အကူပြု အားကိုအားထားဖြစ်ရပါတယ်။ ပြီးတော့ သူ့စာအုပ်လေးက အင်္ဂလန်က နောက်ဆုံးပေါ် စာအုပ်လေးဆိုတော့ ဖတ်ရတာ တော်တော်ကို စိတ်ထဲမှာ အားလည်းရှိတယ်၊ ကွန်ဖီဒင့်(စ်)လည်း တက်တယ်ပေါ့။ စာမေးပွဲ မဖြေခင်ညမှာ အဲဒီ စာအုပ်လေးကို မိုးလင်းဖတ်တာ။ ည (၁၂း၀၀)နာရီလောက် ပုဇွန်တောင် ပန်းခြံအရှေ့ဘက်က မိုးလင်းဖွင့်တဲ့ လွှက်ရည်ဆိုင်သွားတာတောင် စာအုပ်ကို လက်ကမချဘဲ ဖတ်တာ။ မနက်လင်းလို့ စာမေးပွဲသွားဖြေရတော့ အဲဒီစာအုပ်ထဲကအတိုင်း "၈။ သည်မလွဲ" မေးခွန်းနှစ်ပုဒ်တည့်တည့် တိုးပါတယ်။ ကျွန်တော်အမှတ်က တိန်တိန်မြည် ကောင်းသွားပြီး မြန်မာနိုင်ငံရဲ့ နောက်ဆုံးအဆင့်စာမေးပွဲကို အောင်သွားပါတယ်။ အင်္ဂလိပ်တွေကိုယ်တိုင် အင်္ဂလိပ်သံရုံးမှာ လာစစ်မယ့် စာမေးပွဲမှာဖြေဖို့ ကျန်းမာရေး ဝန်ကြီးဌာနရဲ့ လက်ရွေးစင် (၁၅)ယောက်ထဲမှာ ကျွန်တော် ပါသွားပါတယ်။ ကိုဘအုပ်ရဲ့ စာအုပ်လေးသာ မရလိုက်လို့ အဲဒီ နောက်ဆုံးဆင့် စာမေးပွဲသာ မအောင်ခဲ့ရင် ကျွန်တော် ဒီဘဝကို ရောက်လာမှာ မဟုတ်ပါဘူး။ ဒါကြောင့် အကြောင်းဆုံတုန်း လောကကြီးမှာ အရေးကြီးတဲ့ ခဲသုံးခဲနဲ့ ဆက်စပ်ပြောချင်ပါသေးတယ်။ လူတွေဟာ "ကျေးဇူးသိတတ်ဖို့ ခဲယဉ်းတယ်၊ "ကျေးဇူးတော့သိတယ်၊ လူပုံအလယ်မှာ ကျေးဇူးရှိတယ် ဆိုတာကို ထုတ်ဖော်ပြောဖို့ ခဲယဉ်းတယ်"။ "ကျေးဇူးလည်း သိတယ၊ လူအလယ်မှာလည်း ပြောပြီးပြီ၊ ကျေးဇူးပြန်ဆပ်ဖို့ ခဲယဉ်းတယ်" ဆိုတဲ့ "ခဲ" သုံးခဲပါ။ အဲဒီသုံးခဲထဲက ပထမတစ်ခဲဖြစ်တဲ့ ကိုဘအုပ်ရဲ့ ကျေးဇူးဟာ ငါ့အပေါ်မှာ ရှိပါလားဆိုတဲ့ အတွေးလည်းရှိပြီ၊ အဲဒီလို ကျေးဇူးရှိတယ်ဆိုတာကို အခု လူပုံအလယ်မှာ အခုထုတ်ဖော်ပြောလိုက်ပြီး ဒုတိယတစ်ခဲလည်း လုပ်ပြီးပါပြီ။ ဒါပေမယ့် နောက်ဆုံးတစ်ခဲ ဖြစ်တဲ့ လက်တွေ့မလုပ်ဖြစ်ကြတဲ့၊ လုပ်ဖို့ခဲယဉ်းလှတဲ့ သူ့ကျေးဇူးကို ပြန်ဆပ်ရမယ်ဆိုတဲ့ တစ်ခဲကိုတော့ ကျွန်တော် လုပ်မပေးရသေးပါဘူး။ တစ်နေ့ အခါအခွင့်ကြုံလာရင်တော့ ကိုဘအုပ်ရဲ့ ကျေးဇူးပြန်ဆပ်ချင် ပါသေးတယ်။ အဲဒီ ရွာမစက်ရုံမှာ စက်ရုံမှူးက ရွှေဘိုသား ဦးသန်းအောင်၊ အင်ဂျင်နီယာတွေက ကိုဘအုပ် (ယခုအငြိမ်းစား)၊ ကိုသန့်ဇင် (ယခုစက်ာပူမှာ ကြီးပွားနေတယ်)၊ ကိုသန်းနိုင်တာ (ယခု လက်ထောက် အင်ဂျင်နီယာချုပ်)၊ ကတင်မောင်ဝင်း (ယခုစက်ာပူ)၊ ကိုရဲမြင့်အောင် (ကွယ်လွန်၊ ဆုပန်ထွာရဲ့အဖေ)၊ ဒေါ်မြမြငွေး (ယခု MEPE)၊ ဒေါ်ခင်မာညို (ယခု MEPE) တို့နဲ့ ကျွန်တော်နဲ့ဟာ တရုန်းရုန်းပါ။ စက်ရုံရှေ့က မြက်ခင်းပြင်မှာ လွတ်လပ်ရေးနေ့ ပွဲလုပ်လိုက်၊ ပြည်ထောင်စုနေ့ ပွဲလုပ်လိုက်နဲ့ ပွဲကြီးပွဲကောင်းတွေမှာ ကျွန်တော်တို့တစ်တွေ ပျော်လိုက်ကြတာ။ အဲဒီတုန်းက ကိုစိုးမြင့်အဖေက စက်ရုံက ဖိုမင်၊ ကိုစိုးမြင့်က ကျောင်းသားပေါက်စပဲ ရှိသေးတယ်။ ကျွန်တော်နဲ့ ရွာမစက်ရုံဟာ အဲလို စက်ရုံ

စတည်ကတည်းက အစဉ်အလာ ရင်းနှီးလာခဲ့တာပါ။ ကျွန်တော် ယူကေကပြန်ရောက်လို့ ရန်ကုန်ဆေးရုံကြီး အသည်းဌာနမှာ အသည်းပါရဂူဖြစ်ပြီး ဆေးခန်းတွေ ဘာတွေဖွင့်တော့ အစ်ကို ဦးခင်မောင်တင့်က စက်ရုံမှူး ဖြစ်နေပြီ။ အဲတော့ ကျွန်တော့် ဆေးခန်းကို ရွာမစက်ရုံ ယာဉ်မောင်းကနေ စက်ရုံမှူးအထိ အဆင့်ပေါင်းစုံ လာကြတယ်။ ရွာမစက်ရုံကဆိုရင် ကျွန်တော့်ဆေးခန်းမှာ တိုကင်ယူစရာ မလိုပါဘူး။ ပြီးတော့ စမ်းသပခလည်း မပေးရပါဘူး၊ ဖရီးပဲ။ တခါတလေ ဆေးခန်းလာပြတဲ့ တခု့စက်ရုံဝန်ထမ်းတွေက ပြောသေးတယ် "ဆရာကြီးတင့်က မှာလိုက်တယ်၊ ဆေးလည်း အလကားပေးလိုက်ပါ" တဲ့။ ဒါတင်မက သေးဘး၊ ရွာမစက်ရုံက ဝန်ထမ်းတစ်ယောက် ဘာရောဂါဖြစ်လို့ ဘယ်မှာ ဆေးရုံတက်တယဆိုရင်လည်း ကျွန်တော့်တာဝန်ပဲ။ နောက်ကလိုက်ပြီး အကုန်ဆောင်ရွက် ပေးရတာ။ ရွာမစက်ရုံမှာ ဆွမ်းကျွေးကို တစ်နှစ်တစ်ခါ တာဝန်လည်း ယူထားရသေးတယ်။ အခါအားလျော်စွာ ဟိုဟာထောက်ပံ့ရ၊ ဒီဟာ ဖြည့်ဆည်း ရတာလည်း အများကြီး။ တစ်ခါတလေ ကျွန်တော့်အစ်ကိုက "ငါ့စက်ရုံက ကားပျက်နေလို့ မင်းကား တစ်စင်းလောက် ပို့ပေးပါဦး" လို့ ဆိုတာကတစ်မျိုး။ "VIP လာမယ်တဲ့ကွ၊ မင်းဟန်းဖုန်းတစ်လုံးလောက် ခန ငှားထားပါဦး" ဆိုတာကတစ်ဖုံ။ ဒီလိုနဲ့ ကြာလာတော့ ကျွန်တော်ဟာ ရွာမ လျှပ်စစ်စက်ရုံအပေါ်မှာ သံယောဇဉ်တွယ်လာမိပါတယ်။ ရွာမက လူတွေကို ကလေးဘဝကနေ အလုပ်ရ၊ အိမ်ထောင်ကျတဲ့အထိ ဆွေစဉ်မျိုးဆက် စပြီး သိလာပါတယ်။ ဒါကြောင့် အစ်ကို သထုံ စက်ရုံကို ပြောင်းသွားပေမယ့် ရွာမစက်ရုံ သတင်းကတော့ အမြဲရလျက်ပါပဲ။ ကိုစိုးမြင့်အကြောင်း ဆက်ပြောရမယ်ဆိုရင်တော့ ကျွန်တော့်အစ်က ရွာမက ပြောင်းသွားတဲ့နောက်မှာ ရွာမစကရုံက လူငယ်တစ်ချို့ မလေးရှားကိုသွားဖို့ စလုပ်ကြပါတယ်။ ပထမဆုံးသွားတဲ့သူကတော့ ကျွန်တော့်ရဲ့ညီဝမ်းကွဲ၊ ရွာမစက်ရုံ ငွေစာရင်းဌာနက မောင်ချစ်ညိုပါ၊ သူ မလေးမှာ အဆင်ပြေတယ်ပေါ့။ နောက် ကိုစိုးမြင့်တစ်ယောက်လည်း မလေးကို ရောက်သွားတယ။ ကိုစိုးမြင့် ဟိုရောက်သွားတော့ ပထမ စက်ရုံတစ်ရုံမှာ လုပ်ရတယ်၊ နောက်တော့ သတင်းအတိအကျတော့ မရဘူး။ အဆင်ပြေတယ်ဆိုတာပဲ သတင်းရပါတယ်။ လူကြုံနဲ့ ကျွန်တော့်အတွက် အမှတ်တရပစ္စည်းလေးတွေ ပို့ပို့ပေးတယ်။

(နောက်လမှာ ကိုစိုးမြင့် မလေးရှားမှာ ဘယ်လို အောင်မြင်ကြီးပွားသွားတယဆိုတာ ဆက်ရေးသွားပါမယ်။)

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခခင်မောင်ဝင်း (အသည်း)


malaysia
LAVATORY SERVICING
1219



Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၁၇)

(ကျွန်တော့်အစ်ကို ဦးခင်မောင်တင့် စက်ရုံမှူးလုပ်ခဲ့တဲ့ ရွာမ သဘာဝဓါတ်ငွေ့သုံး ဓါတ်အားပေးစက်ရုံက ဂရိတ်ဖိုး လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ကိုစိုးမြင့် မလေးရှားနိုင်ငံ ကေအယ်လ်မှာ အလုပ်သွားလုပ်တအကြောင်း ရေးနေပါတယ်။)

ကေအယ်လ်ကကိုစိုးမြင့် (အဆက်)

ကိုစိုးမြင့် မလေးရှား ထွက်သွားပြီး (၈)နှစ်လောက်အကြာမှာ ကျွန်တော် ကေအယ်လ်ကို အစည်းအဝေးတစ်ခုတက်ဖို့ ရောက်သွား ပါတယ်။ မလေးရှားမှာရှိတဲ့ မြန်မာအသိုင်းအဝိုင်းကလည်း ကျဉ်းကျဉ်းလေးဆိုတော့ ကေအယ်လ်ကို ကျွန်တော်လာမယ်ဆိုတဲ့ သတင်းပျံ့နေပြီး ကျွန်တော့်မိတ်ဆွေတွေက ဟိုလူကြိုမယ်၊ ဒီလူကြိုမယ်နဲ့ပေါ့။ အဲဒီ လူတွေထဲမှာ ကိုစိုးမြင့်က ထိပ်ဆုံးကပါ။ ကျွန်တော်လည်း ကိုစိုးမြင့်နဲ့ကွသွားတာ (၁၀)နှစ်လောက်ရှိပြီဆို တော့ သူနဲ့ပြန်တွေ့ရမှာကို တွေးပြီး တော်တော်လေး ဝမ်းသာမိပါတယ်။ ကိုစိုးမြင့် သိပ်ကြီးပွားနေပြီဆိုတာ ဟိုလူကပြော ဒီလူကပြောနဲ့ သိရပါတယ်။ ကားလည်းရှိတယ်၊ မလေးလိုလည်းပြောတတ်တယ်ဆတော့ ကိုယ့်လူကြီး အောင်မြင်နေတာတွေကို တွေးပြီး ဂုဏ်ယူဝမ်းမြောက်မိ ပါတယ်။ ရွာမစက်ရုံက ဂရိတ်ဖိုး ဝန်ထမ်းလေး ကိုစိုးမြင့်၊ ကျွန်တော့် အစ်ကို စက်ရုံမှူး မြို့ထဲလာတိုင်း မာဇဒါဂစ်ကားနောက်မှာ အမြဲပါလာပြီး အင်္ဂလိပ်လို အမြဲပြောလေ့ကျင့်ရာက နေ တိုးတက်အောင် ကြိုးစား ဝရိယလုံ့လထုတ်လို့ အခုလို နိုင်ငံခြားရောက်ပြီး အောင်မြင်နေတာပေါ့လို့ တွေးမိပါတယ်။ ဘယ်သူဘာပြောပြော သူဂရုမစိုက်ပဲ ကြိုးစားလို့ သူတိုးတက်တာပေါ့။ ဒီလို အောင်မြင်နေတဲ့ မိတ်ဆွေ ဟောင်းတစ်ယောက်ကို တွေ့ရမယ်ဆိုတော့ စိတ်လှုပ်ရှားမိပါတယ်။ ကျွန်တော်ရယ်၊ သမီးကြီး ဒေါက်တာ မင်းမင်းဝင်းရယ် (၂)ယောက် စက်ာပူကနေ ကေအယ်လ်ကို ဘတ်စ်ကားနဲ့ သွားဖို့စီစဉ်ကြပါတယ်။ ကျွန်တော်တို့ ကေအယ်လ်သွားတဲ့အချိန်က အစ္စလမ်ဘာသာဝင်တွေရဲ့ ဥပုသ်လဖြစ်ပြီး အစ်နီးတဲ့အချိန်၊ နောက်ပြီး ဟိန္ဒူတွေရဲ့ ဒေဝါလီပွဲတော်ကာလလည်း ဖြစ်နေပါတယ်။ ကေအယ်ကို သွားမယ့် ဘတ်စ်ကားလိုင်းတွေမှာ ဘာကားလက်မှတ်မှ ဝယ်လို့ မရတော့ပါဘူး။ အခါကြီး ရက်ကြီးဆိုတော့ လက်မှတ်တွေ အကုန်ကုန်နေပါပြီ။ အဲဒါနဲ့ ကျွန်တော်ရယ် သမီးကြီးရယ် စက်ာပူကနေ မလေးရှား တစ်ဖက်ကမ်း ဂျဟိုးဘာရူး (Jahorbaru) ကို တက္ကစီစီးပြီး သွားမယ်၊ ဂျဟိုးရောက်မှရရာကားနဲ့ ကေအယ်လ်ကို ခရီးဆက်ကြမယ်ဆိုပြီး စီစဉ်လိုက်ပါတယ်။ တကယ်တော့ မလေးရှားနဲ့ စက်ာပူဟာ

ရေလက်ကြားလေးပဲ ခြားထားတာ။ နီးနီးလေး။ ဒီဘက်ကမ်းက စက်ာပူ၊ ဟိုဘက်ကမ်းက မလေးရှားက ဂျဟိုးဘာရူးမြို့။ အင်္ဂလိပ်တွေက စက်ာပူဆိပ်ကမ်းကို အောင်မြင်ကြီးပွားစေချင်တော့ စက်ာပူနဲ့ မလေးရှား ဂျဟိုးဘာရူး ရေလက်ကြားကို တံတားထိုးပြီး ပိတ်လိုက်တယ်လို့ ပြောကြပါတယ်။ အဲဒီမှာတင် အပြည်ပြည်ဆိုင်ရာသွား ပင်လယ်ကူးသင်္ဘောကြီးတွေဟာ ဂျဟိုးဘာရူးကို မဝင်နိုင်တော့ဘဲ စက်ာပူမှာပဲ သွားရပ်ကြတယ်။ အဲတော့ စက်ာပူဆိပ်ကမ်း တိုးတက်ကြီးပွားပြီး အောင်မြင်ကျော်ကြား ထင်ရှားတဲ့ ဆိပ်ကမ်းတစ်ခုဖြစ်သွားတယ်လို့ မလေးတွေက ရင်နာနာနဲ့ ပြောကြတယ်။ ဒီလိုပြောကြတာ ဟုတ်သင့် သလောက်လည်း ဟုတ်မယ်လို့ ထင်ပါတယ်။ ဒါကြောင့် လက်ရှိဂျဟိုး ဘာရူးဘုရင်ခံက ဒီတံတားကို ဖျက်ပစ်ရမယ်လို့ လူထုပရိတ်သက်ရှေ့မှာ မိန့်ခွန်းပြောပြီးပါပြီ။ ဒါပေမယ့် ဒီတံတားဟာ အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုစာချုပ်တွေနဲ့ ဆောက်ထားတာဆိုတော့ သူလုပ်ချင်သလို လုပ်လို့ မရဘူးလို့သိရပါတယ်။ ဒါနဲ့ ကျွန်တော်တို့ ဂျဟိုးကို သွားတဲ့အကြောင်း ဆက်ပြောရမယ်ဆိုရင် တော့ စက်ာပူကနေ ဂျဟိုးကို (၁)နာရီမပြည့်တပြည့်လောက်ပဲ ကားမောင်းရပါတယ်။ တကစီစတင်းမှာ ကားတွေဟာ တန်းစီနေပြီး ရှေ့တစ်ယောက် နောက်သုံးယောက် လူပြည့်တာနဲ့ တစ်စီးပြီး တစ်စီးတန်းပြီးထွက်ကြပါတယ်။ ကိုယ်က လူပြည့်အောင် မစောင့်ချင်ဘူးဆိုရင် (၄)ယောက်စာ တက္ကစီဖိုးပေးလိုက် အဲဒါဆိုရင် တစ်ယောက်ထဲဖြစ်ဖြစ် နှစ်ယောက်ဖြစ်ဖြစ် တက္ကစီ ချက်ခြင်းထွက်ပေးပါတယ်။ စက်ာပူကဂျဟိုး တက္ကစီခ တစ်ယောက်ကို့မှ စက်ာပူ (၁၅)ဒေါ်လာလောက်ပဲပေးရပါတယ်။ ကျွန်တော်နဲ့ ကျွန်တော့်သမီးကြီး (၂) ယောက်ထဲပဲ စီးချင်တာနဲ့ (၄)ယောက်စာပေးမယ်လို့ ပြောပြီး တက္ကစီတစ်စီးကို ကျွန်တော်တို့ (၂)ယောက်ထဲ သီးသန့်စီးပြီး ဂျဟိုးကို ထွက်ခဲ့ကြပါတယ်။ နာရီဝက်လောက်မောင်းလိုက်တာနဲ့ စက်ာပူနဲ့ ဂျဟိုးကူးတဲ့ တံတားကို ရောက်သွားပါတယ်။ အဲဒီတံတားကို ကော့စ်ဝေး (causeway) လို့ ခေါ်ပါတယ်။ ကော့စ်ဝေးဆိုတာက ခပ်တိုတို ဖြတ်ထားတဲ့တံတား ခပ်သေးသေးကို ခေါ်တာပါ။ အခု စက်ာပူ ဂျဟိုးကော့စ်ဝေး တံတားဟာလည်း သိပ်အရှည်ကြီး မဟုတ်ပါဘူး။ သန်လျင်တံတားရဲ့ တစ်ဝက် လောက် ပဲရှိမှာပေါ့။ စက်ာပူဆိုတဲ့ ကျွန်းကလေးနဲ့ မလေးရှားနိုင်ငံဟာ အဲလောက်ပဲ ဝေးပါတယ်။ တကယ်တော့ မလေးရှား စက်ာပူဆိုတာ ၁၉၆၃ ခုနှစ်လောက်အထိ အတူတူပဲလေ။ စက်ာပူရဲ့ ခေါင်းဆောင်ကြီး လီကွမ်ယူက အမော်အမြင်ကြီးစွာနဲ့ စက်ာပူကို မလေးရှားကနေ ခွဲထွက်ပြီး အကောက်အခွန်မဲ့ ဆိပ်ကမ်းကို တည်ထောင်ခဲ့လို့ စက်ာပူဆိုတဲ့ နိုင်ငံဖြစ်လာတာပါ။ ကျွန်တော်တို့ စီးလာတဲ့ စက်ာပူ တက္ကစီ ဟာ အဲဒီ ဂျဟိုးကော့စ်ဝေး တံတားကို ဖြတ်လိုက်ပြီး ဂျဟိုးတစ်ဘက်ကမ်းကို ရောက်တာနဲ့ စက်ာပူနဲ့ မလေးရှား အီမီဂရေးရှင်းဂတ်တွေကို တန်းတွေ့ရပါတယ်။ ကျွန်တော်တို့က ပုံစံလေးတွေဖြည့် ပါတ်စပို့နဲ့တွဲပြီး တက္ကစီဒရိုင်ဘာကို ပေးလိုက်ရုံပါပဲ။ သူ့ဖာသူသွားပြီး အကုန်လုပ်ပါတယ်။ ကျွန်တော်တို့က တက္ကစီပေါ်ကမဆင်းဘဲ စက်ာပူ၊ မလေးရှား အီမီဂရေးရှင်းတွေကို ဖြတ်လို့ရပါတယ်။ ဘတ်စ်ကားနဲ့ဂျဟိုးကို သွားမယ်ဆိုရင်တော့ စာရင်းက ပိုရှုပ်လာတယ်။ ဂျဟိုးအီမီဂရေးရှင်းကိုရောက်တာနဲ့ ဘတ်စ်ကားပေါ်က ဆင်းရပါတယ်။ ပြီးတော့


အီမီဂရေးရှင်း အဆောက်အဦအမြင့်ကြီးပေါ်တက်ပြီး အီမီဂရေးရှင်းကောင်တာမှာ တန်းစီရပါတယ်။ အဲဒီ အဆောက်အဦကြီးပေါ်တက်ပြီး အီမီဂရေးရှင်းဝင်ရပါတယ်။ ပထမ စက်ာပူအီမီဂရေးရင်းကို အရင်ဖြတ်ပြီးတော့ မလေးရှားအီမီဂရေးရှင်းကို ဝင်ပြီးတော့မှ တစ်ခါအောက်ကို ပြန်ဆင်းရတယ်။ ဘတ်စ်ကားကြီးတွေက မလေးရှားဘက်မှာသွားရပ်ပြီး စောင့်နေပါတယ်။ အဲဒီမှာ ကိုယ့်ကားကို သေချာမှတ်ထားပြီး ကားမလွဲအောင် လိုက်ရှာရတာအလုပ်တစ်ခုပါ။ အစကတည်းက ကိုယ်စီးတဲ့ ဘတ်စ်ကားကြီးကို သေချာကြည့်မထားလိုက်ဘူးဆိုရင်တော့ ပြဿနာတက်ပြီသာမှတ်တော့။ အီမီဂရေးရှင်း ဂိတ်အလွန်မှာ ဘတ်စ်ကားတွေက စီပြီ အစီးသုံးလေးဆယ် ရပ်ထားတာ။ ကိုယ့်ကား ကိုယ်လိုက်ရှာရတာ စိတ်မောစရာပါ။ ခုနကပြောခဲ့သလိုပဲ ကျွန်တော်တို့က တက္ကစီနဲ့သွားတာဆိုတော့ ဘတ်စ်ကားစီးတဲ့ လူတွေလို ဇတ်လမ်းမရှုပ်ဘဲ အငြိမ့်သား ကားပေါ်မှာထိုင်ရင်းနဲ့ အီမီဂရေးရှင်းကိုဖြတ်ပြီး ဂျဟိုးထဲကို ဝင်ခဲ့ပါတယ်။ ဂျဟိုးရောက်တအခါ "ဒို့ကို ကေအယ်လ်သွားတဲ့ ဘတ်စ်ကားဆိပ်ကို လိုက်ပို့ပါ" လို့ ပြောတော့ တက္ကစီသမားက "OK" ဆိုပြီး မောင်းချသွားပါလေရော။ ကိုယ်ကလည်း ဂျဟိုး မရောက်ဖးတော့ သူ ဘယ်မောင်းလို့ ဘယ်ခေါ် သွားတယ်ဆိုတာ မသိ၊ ရင်တထိတ်ထိတ်ဖြစ်ရပြန်ပါတယ်။ တက္ကစီကို ဒို့ပြင် ခရီးသည်တွေနဲ့ ရောစီးမယ်ဆိုရင်တော့ အများနဲ့စီးရတာဖြစ်လို့ အခုလို ဘယ်များခေါ်သွားသလဲဆိုတဲ့ စိုးရိမ်စိတ်တွေ ပေါ်ရမှာမဟုတ်ဘူး။ ကိုယ့်ဖာသာ (၂)ယောက်ထဲ တက္ကစီ စီးလုံးပြတ်ငှားစီးလာခဲ့တော့ သီးသန့်စီးရတာတော့ ဟုတ်တယ်၊ အခုလိုမလေးရှားထဲ ဝင်လိုက်တဲ့အခါ ကြောက်ရ လန့်ရပြဿနာက ရှိပြန်ရော။ စက်ာပူမှာတုန်းကတော့ တက္ကစီ စီးရတာက ဘာဆိုဘာမှ စိုးရိမ်စရာ မရှိဘူး။ ဘယ်အချိန်စီးစီး၊ ဘယ်လိုစီးစီး အစစအရာရာ စိတ်ချရတယ်။ မလေးရှားဆိုတာကတော့ အရာရာကို လန့်နေရတာ။ ဟိုဟာခိုး၊ ဒီဟာခိုး လုကြယက်ကြနဲ့ ဒုစရိုက်လည်း တော်တော်လေးပေါတယ်လို့ ပြောကြပါတယ်။ အခုနောက်ဆုံး ခေတ်စားနေတာကတော့ motorcycle pickpocketing တဲ့၊ မော်တော်ဆိုင်ကယ်နဲ့ ခါးပက်နိုက်တာကို ပြောတာ။ ကေအယ်လ်လိုမြို့လယ်ခေါင်မှာတောင် အဲလို မော်တော်ဆိုင်ကယ်နဲ့ ခါးပိုက်နိုက် တာဖြစ်တယ်တဲ့။ ကိုယ့်ပိုက်ဆံအိတ၊ ဗီဒီယိုကင်မရာ၊ မျက်မှန်၊ ဟန်းဖုန်း အဲဒါတွေကို ခပ်လွယ်လွယ် လက်ထဲမှာ ကိုင်ထားရင် ခါးပိုက်နှိုက်သမားက ဆိုင်ကယ်နဲ့ အနားကပ်လာပြီး ကိုယ့်လက်ထဲကနေဆွဲပြီး မောင်းပြေးတာတဲ့။ အဲဒါ ဆိုင်ကယ် ခါးပိုက်နှိုက်ပဲ။ မလေးရှားမှာ ခေတစားတယ်တဲ့။ ပြီးခဲ့တဲ့အပတ်က မလေးရှားနိုင်ငံသားတစ်ယောက်က ဒင်နာဖိတ်ကျွေးတာနဲ့ ထရိတ်ဒါးဟိုတယ်မှာ စားကြပါတယ်။ ကျွန်တော်က ပိုက်ဆံအိတ် ဝေါလက်လေးကို စားပွဲပေါ်မှာ တင်ထားတာမြင်တော့ မလေးရှားမိတ်ဆွေကြီးက တအံ့တသြကြည့်ပြီး "ငါတို့ကေအယ်လ်မှာ ဘယ်တော့မှ ဝေါလက်ကို အဲလို စားပွဲပေါ်မှာ တင်မထားကြဘူး" တဲ့။ အဲဒါမျိုးတွေ့လို့ကတော့ ဖြတ်ကနဲ ယူပြေးသွားကြမှာတဲ့။ မင်းတို့နိုင်ငံဟာ အရမ်းကို အေးချမ်းစိတ်ချပြီး ဆေ့(ဖ်) safe ဖြစ်တယ်တဲ့။ ငါတို့နိုင်ငံက ကေအယ်လ်မြို့လယ်မှာဆို ခါးပိုက်နိုက် ဒုစရိုက်မျိုးစုံတယ်တဲ့၊ ဒို့ဆီမှာ ကြောက်ဖို့

ကောင်းတယ်ကွာတဲ့။ အဲလို မလေးရှားနိုင်ငံမှာ စိတ်မချရတဲ့ အန္တရာယ်ရှိနိုင်တဲ့အကြောင်း သတင်းပေါင်းစုံကို အကြိမ်ကြိမ်ကြားဖူထားတော့ သမီးနဲ့ ကျွန်တော် (၂)ယောက်ထဲ ကိုယ်မရောက်ဖးတဲ့ ဂျဟိုးမြို့ထဲမှာ တကစီလျှောက်စီးသွားရတဲ့အခါ တထိတ်ထိတ်နဲ့စိုးရိမ်ရတာပေါ့။ သမီးကြီးကြောက်မှာစိုးလို့ ဘာမှ သူ့ကို မပြောပေမယ့်လို့ စိတ်ထဲမှာကတော့ တက္ကစီသမားတစ်ခုခုလုပ်လို့ ပြဿနာပေါ်လာရင် ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ မျိုးစုံစဉ်းစားထားရတာပါ။ တက္ကစီကားဟာ လှည့်ပတ်မောင်းပြီး နောက်ဆုံးတော့ ဘတ်စ်ကားဂိတ်ကို ချောချောမောမောဘဲ ရောက်သွားပါတယ်။ တက္ကစီကို ဟိုဒီလှည့်မောင်းနေတာဟာ ဘာရည်ရွယ်ချက်မှမရှိဘဲ တက္ကစီမီတာတက်အောင် မောင်းတဲ့သဘောပဲ ရှိပါတယ်။ ဘတ်စ်ကားဂိတ်ရောကတအခါ ဒေဝါလီနေ့ဖြစ်နေတော့ လိုင်းကားကြီးတွေ မရှိပါဘူး။ ကြားကားတွေပဲ အများကြီးတွေ့ရပါတယ်။ မူစလင်တို့ရဲ့ ဥပုသ်ကာလနဲ့ ဟိန္ဒူတွေရဲ့ ဒေဝါလီတိုက်နေတော့ ခရီးသွားတွေက သိပ်များနေပြီး ကားတွေ ပြတ်ကုန်တာပေါ့။ ကြားကားတွေရဲ့ သဘောတရား ကတော့ မြန်မာပြည်လိုပါပဲ။ ခရီးသည်တွေကို လာဆွယ်၊ ကားကိုပြ။ ဒီကားအခုထွက်မှာ။ စီးလို့ကောင်းတယ်။ ဘယ်မှ မရပ်ဘူး၊ ကေအယ်လ်ကို ချောချောမောမောရောက်မှာ။ အဲလိုမျိုးစုံပြောပြီး ကားလက်မှတ်တွေကို လက်ထဲမှာကိုင်ပြး လိုက်ရောင်းကြပါတယ်။ ကျွန်တော်တို့လည်း စွန့်ပြီး နည်းနည်း သန့်တယ်ထင်တဲ့ ဘတ်စ်ကားတစ်စီးပေါ် တက်ထိုင်ပြီး လက်မှတ်ဖြတ်လိုက်ပါတယ်။ ကြားကားဆိုတော့ ထွက်မယ့်အချိန်လည်း သေချာမရှိဘူး၊ လူပြည့်ရင် ထွက်မယ်ဆိုပြီး ခရီးသည်တစ်ယောက်ရလိုက်၊ ကားပေါ် လာပို့လိုက်၊ ပြန်ဆင်းသွားပြီး ခရီးသည် လိုက်ရှာလိုက်နဲ့ တစ်နာရီလောက်ကြာတော့မှ ခုံအပြည့်နီးပါး ခရီးသည်တွေထိုင်ပြီးသားဖြစ်သွားပါတယ်။ အဲတော့မှ ကျွန်တော်တို့ စီးတဲ့ ဘတ်စ်ကားစထွက်ပါတယ်။ ကြားကားဆိုတော့ မြန်မာပြည်မှာ နယ်တွေက ကားတွေလိုပဲ ထိုင်ခုံတွေကို များများရအောင် လူထိုင်တဲ့ အတန်းတွေကိုနီးအောင် စေ့ထားတော့ ခြေထောက်ချရတာ သိပ်ဟန်မကျပါဘူး။ တကယ့်စက်ာပူ ကေအယ်လဘတ်စ်ကားကြီးတွေဆိုရင် ခြေထောက်ကို တဝကြီးဆန့်လို့ရတယ်။ အဲလို ခြေထောက် ဆန့်စရာနေရာကို လက်(ခ်)ရွန်းမ် (leg room) လို့ ခေါ်ပါတယ်။ room ဆိုတာ အခန်းဆိုတဲ့ အဓိပ္ပါယ်အပြင် နေရာဆိုတဲ့ သဘောတရားလည်း ပါပါတယ်။ ဒါကြောင့် leg room ဆိုတာ ခြေထောက်ဆန့်ထားဖို့ နေရာကို ပြောတာပါ။ leg room ကောင်းတယ်ဆိုရင် ခြေထောက်ဆန့်ရတာ ကျဉ်းကျဉ်း ကြပ်ကြပ်လေး မဟုတ်ပါဘူးဆိုတဲ့ သဘောပေါ့။ ကွန်တော်တို့စီးတဲ့ ဘတ်စ်ကားဟာ ကြားကားဆိုပေမယ့် တော်တော်ကိုသစ်ပြီး ထိုင်ခုံတွေလည်းကောင်း၊ အဲယားကွန်းလည်းကောင်းပါတယ်။ ခြေထောက်ချစရာနေရာ ကျဉ်းတာကလွဲလို့ တခြားပြောစရာမရှိပါဘူး။ ဒါနဲ့ ကားစထွက်ပြီး သိပ်မကြာခင်မှာပဲ ဟိုင်းဝေး (highway)လို့ခေါ်တဲ့ လမ်းမကြီးပေါ်ကို ရောက်သွားပါတယ်။ ဟိုင်းဝေးလမ်းမကြီးဟာ အသွား (၃)လမ်း အပြန် (၃)လမ်း ရှိပါတယ်။ အသွားလမ်းနဲ့အပြန်လမ်းကြားမှာ ပန်းရံကြီးတွေနဲ့ ခြားထားပါတယ်။ တချို့ နေရာတွေမှာ အသွားနဲ့အပြန်လမ်းတွေဟာ လုံးဝ မမြင်ရပါဘူး။ ဟိုင်းဝေးလမ်းမကြီးတွေရဲ့ အတွင်းရော အပြင်မှာပါ သံပြားကြီးတွေနဲ့ လုံးဝကာထားတဲ့အတွက် လမ်းထဲကို

ဘယ်သူမှ ဝင်လာလို့ မရပါဘူး။ ကေအယ်လ်သွားတဲ့ ဟိုင်းဝေးကြီးပေါ်မှာ ဘတ်စ်ကားကြီးဟာ လွတ်လွတ်လပ်လပ်ကြီးကို မောင်းနေလို့ ရပါ တယ်။ နွားများဝင်လာမလား၊ ကလေးဖြတ်ပြေးမလား၊ စက်ဘီးများဖြတ်စီးသွားမလားဆိုတာတွေကို စိုးရိမ်စရာ မလိုပါဘူး။ ဟိုင်းဝေးလမ်းမကြီးထဲမှာ လမ်းကြောင်းလိန်း (lane) သုံးခုရှိပါတယ်။ အနှေးဆုံးက အတွင်းဆုံးကမောင်း၊ အမြန်ဆုံးက အပြင်ဆုံးကနေ၊ အလယ်အလတ်နှုန်းနဲ့မောင်းတဲ့သူက အလယ်မှာပဲနေ။ ကိုယ့်လိန်းနဲ့ကိုယ်မောင်းနေရုံပဲ။ ဟိုဟာ ဒီဟာ ဝင်လာမှာကို စိတ်ပူနေစရာ မလိုပါဘူး။ ပြီးတော့ ဟိုင်းဝေးကြီးဟာ ဘယ်မြို့ဘယ်ရွာကိုမှ မဖြတ်ပါဘူး။ သူ့ဖာသာသူ သီးသန့်ကြီး လုံးဝသွားနေတာပါ။ ဟိုင်းဝေးလမ်းမ ကြီးပေါ်မှာ အရှိန်လည်း လျှော့စရာမလိုပါဘူး။ သတ်မှတ်မိုင်နှုန်း မကျော်အောင် မောင်းနေရုံပဲ။ ကိုယ်က ဒီဟိုင်းဝေးကြီးထဲက ထွက်ချင်ပြီဆိုတော့မှ ထွက်ပေါက် အိတ်ဆစ် (Exit) တွေကနေ ထွက်ရုံပဲ။ ထွက်ပေါက်တွေမှာ နံပါတ်တွေ ရှိပါတယ်။ ဥပမာ Exit 47 ဆိုတာမျိုးပေါ့။ ပြီးတော့ ဟိုင်းဝေးကြီးတွေပေါ်မှာ ခွပြီးဆောက်ထားတဲ့ လမ်းညွှန်ဆိုင်းဘုတ်တွေ ရှိပါတယ်။ အဲဒီ လမ်းညွှန်တွေမှာ ဘယ်မြို့ကို ဘယ်လို သွားရမယ်ဆိုတာ သေချာရေးထားပါတယ်။ ဘယ်မြို့ကို သွားရင် အိတ်ဆစ်ဘယ်လောက်မှာ ထွက်ပါ၊ အိတ်ဆစ်ဘယ်လောက် ရောက်ဖို့ ကီလို ဘယ်လောက်လိုတော့တယ် စတဲ့ ယာဉ်မောင်းတွေ သသင့်တဲ့အချက် အလက်တွေကို သေချာရေးပေးထားပါတယ်။ ပြီးတော့ ဟိုင်းဝေးကြီးရဲ့ လမ်းအခြေအနေပြတဲ့ မီးထွန်းစာလုံး ဖေါ်စာတွေ ကလည်း ရှိပါသေးတယ်။ ဥပမာ ရှေ့ဘယ်လောက် ကီလိုမှာ ကားတိုက်မှုဖြစ်နေတယ် ဆိုတာမျိုးပေါ့။ အဲလို ထရာဖစ်အင်ဖေါ်မေးရှင်း (Traffic information) လမ်းသတင်းတွေကိုလည်း သုံးလေးမိုင်လောက်မှာ တစ်ခါတစ်ခါ ပြထားပါတယ်။ ဟိုင်းဝေးမှာ မိုင်နှုန်း ဘယ်လောက်ထက်ကျော်မမောင်းရဘူးဆိုတာရှိသလို ဘယ်နှစ်မိုင်ထက် နှေးမမောင်းရဘူး ဆိုတာလည်း ရှိပါတယ်။ လမ်းတွေကလည်း တကယ်ကို ချောမွေ့ပြီး ချိုင့်ခွက်ရာ တစ်ခုမှ မရှိအောင်လို့ ထိန်းသိမ်းပြုပြင်ထားပါတယ်။ အဲတော့ ကျွန်တော်တို့ စီးလာတဲ့ ဘတ်စ်ကားကြီးဟာလည်း ငြိမ်နေတာပေါ့။ ကားစီးရတာ မြန်လို့မြန်မှန်းမသိဘူး။ ကေအယ်လ်က ဟိုင်းဝေးကြီးရဲ့ ဘေးဘယ်ညာကြည့်လိုက်ရင် မြင်ကွင်းဟာ တစ်မျိုးတည်းပါပဲ။ အဲဒါကတော့ မျက်စေ့အဆုံးအထိ တမျှော်တခေါ် ဆီအုန်းစိုက်ခင်းတွေပါပဲ။ ဟိုင်းဝေးကြီးဟာ မြို့ရွာတွေကို ရှောင်ပြီး ဖောက်ထားတာဆိုတော့ အိမ်တွေ လူတွေ လုံးဝမတွေ့ရပဲ ဘယ်ဘက်ကြည့်ကြည့်၊ ညာဘက်ကြည့်ကြည့် ဆီအုန်းပင်တွေချည်းပဲ တွေ့ရပါတယ်။ စိတ်ထဲမှာလည်း "အော်ငါတို့ နိုင်ငံကို မလေးရှားက စားအုန်းဆီတွေ ပို့တာ ဘာအံ့သြစရာရှိမလဲ။ သူတို့ရဲ့ အဓိကစိုက်ပျိုးရေးဟာ ဆီအုန်းဖြစ်နေတာကိုး။ ဒါကြောင့် ဆီအုန်းခြံတွေမှာ အလုပ်လုပ်ဖို့ မြန်မာအလုပ်သမားတွေကို ခေါ်တာကိုး။ ငါတို့ နိုင်ငံလည်း တနင်္သာရီတိုင်းက ဆီအုန်းခြံတွေ တစ်နေ့ ဒီလိုပုံစံဖြစ်လာမှာပါလို့" တွေးမိပါတယ်။ အဲလို အတွေးတွေ ပျံ့လွင့်ရင်းနဲ့ ဘတ်စ်ကားကြီးစီးပြီး ကိုစိုးမြင့်နဲ့ တွေ့ဖို့ ကေအယ်လ်ကို ခရီးဆက်ခဲ့ပါတယ်။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဒင်မောင်ဝင်း (အသည်း)





Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၁၈)

(ကျွန်တော့်အစ်ကို ဦးခင်မောင်တင့် စက်ရုံမှူးလုပ်ခဲ့တဲ့ ရွာမ သဘာဝဓါတ်ငွေ့သုံး ဓါတ်အားပေးစက်ရုံက ဂရိတ်ဖိုး လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ကိုစိုးမြင့် မလေးရှားနိုင်ငံ ကေအယ်လ်မှာ အလုပ်သွားလုပ်တဲ့အကြောင်း ရေးနေပါတယ်။)

<u>ကေအယ်လ်က ကိုစိုးမြင့်</u> (အဆက်)

ကျွန်တော်နဲ့သမီးကြီး မင်းမင်းဝင်းတို့ ကေအယ်လ်သွားတော့ ဂျီအက်စ်အမ် ဟန်းဖုန်း တစ်ယောက် တစ်လုံးစီ ပါလာကြပါတယ်။ စက်ာပူကနေ ဂျပိုးဘာရူးတံတားကို ဖြတ်လိုက်ပြီး မလေးရှားပိုင်နက်ထဲ ရောက်တာနဲ့ ကျွန်တော်တို့ ဟန်းဖုန်းထဲကို မက်ဆိတ်(ချ်)တွေ တတီတီမြည်ပြီး ဝင်လာပါတယ်။ ဒါနဲ့ ဟန်းဖုန်းထဲက အက်စ်အမ်အက်စ် (SMS) လို့ခေါ်တဲ့ မက်ဆိတ်(ချ်)တွေ ဖွင့်ဖတ်လိုက်တော့ မလေးရှား တယ်လီကွန်းက ကြိုဆိုနှုတ်ခွန်းဆက် ပါတယ်ဆိုတဲ့ စာတွေဝင်နေတာပါ။ အဲဒီ SMS တွေထဲမှာ မင်းဟာ အခုမလေးရှား ပိုင်နက်ထဲမှာ ရောက်နေပြီ၊ မင်းရဲ့ဖုန်းကို မလေးရှားမှာ ဘာတွေသုံးလို့ရတယ်၊ ဘယ်တွေကဆက်လို့ရတယ် စတဲ့ အင်ဖေါ်မေးရှင်းတွေ အားလုံးကို မလေး တယ်လီကွန်းက ပို့လိုက်တာပါ။ SMS ဆိုတာက Short Message Service ဆိုတာကို အတိုခေါ်တာပါ။ ဒီလို ဟန်းဖုန်းကိုသုံးပြီး SMS တွေ တစ်ယောက်နဲ့တစ်ယောက၊ တစ်နေရာနဲ့ တစ်နေရာ ပို့လို့ရတာဟာ သိပ်ကိုအဆင်ပြေပါတယ်။ SMS ပို့တာဟာ ဖုန်းပြောသလို တစ်ယောက်နဲ့တစ်ယောက် မလိုတဲ့ စကားတွေလည်း မပြောရဘူး။ ဖုန်းနဲ့ဆိုရင် ဘယ်လိုပြောကြမလဲဆိုတာနဲ့ SMS ပို့တာနဲ့ ဘယ်လိုကွာတယ်ဆိုတာ ဥပမာပြောပြပါမယ်။ ကျွန်တော်ကနေ ကျွန်တော့်မိတ်ဆွေကြီး အရိုးအထူးကု ဒေါက်တာဦးကျော်ဌေးကို မနက် (၆း၀၀)နာရီ ပန်းလှိုင်ဂေါက်ကွင်းမှာ ဂေါက်ရိုက်ဖို့ ချိန်းချင်တယ်ဆိုပါစို့။ ကျွန်တော်က SMS နဲ့ အကြောင်းကြားမယ်ဆိုရင် လွယ်လွယ်လေး ပို့လိုက်ရုံပဲ။ 6 am Tee off. Pun Hlaing. ပဲပေါ့။ ဒါကိုပဲ တယ်လီဖုန်းနဲ့ဆက်ပြီး ပြောရမယ်ဆိုရင်တော့ ကျွန်တော်က ဖုန်းခေါ်လိုက်လို့ ကိုကျော်ဌေးက ဖုန်းကိုင်လိုက်တာနဲ့ "ပန်းလှိုင် မနက်(၆း၀၀)နာရီ ဂေါက်ရိုက်မယ်" ဆိုပြီး SMS လို ခပ်တိုတို တုံးတိတိ အဲလိုပြောပြီးတာနဲ့ ဂွပကနဲလည်း ဖုန်းချပစ်လိုက်လို့ မရပါဘူး။ ဂေါက်ချိန်းတာ တစ်ခုတည်းလည်း မပြီးပါဘူး။ အာလာပ သလ္လာပ စကားတွေပြောရပါသေးတယ်။ ဆိုကြပါစို့၊ ဖုန်းနဲ့ ပြောမယ်ဆိုရင် ကျွန်တော်က ပထမဆုံးပြောရပါမယ် "ဟေ့ ကိုကျော်ဌေးကြီး ၊ ဆေးခန်းက

ပြန်ရောက်ပြီလား၊ မုန်းမုန်းကော နေကောင်းလား၊ မတွေ့တာကြာပြီနော်။ မနက် ပန်းလှိုင်ဂေါက်ကွင်းမှာ (၆း၀၀)နာရီ Tee off စရိုက်မှာနော်၊ အချိန်မအောင်လာခဲ့"။ အဲလိုပြောရင် သူကလည်း "အေး လာခဲ့ပါမယ်၊ ခင်ဗျား ဟိုနေ့က ဂေါက်ရိုက်မယ် ပြောထားတာ သတိရပါတယ်။ ခင်ဗျားကော အခုတလော အလုပ်တွေ ရှုပ်နေတယ်ထင်တယ်၊ ကျွန်တော်ကတော့ ပုံမှန်ပါပ"။ အဲတော့ တစ်ခါ ကျွန်တော်က ပြန်ပြောတယ်။ "ခင်ဗျားက အရိုးအထူးကု ဆိုပေမယ့် လက်ပဲကုတဲ့ အရိုးအထူးကုကိုးဗျ ဘယ်အလုပ်ရှုပ်ပါ့မလဲ"။ အဲလိုနဲ့ သူနဲ့ ကျွန်တော် ဖုန်းပြောတဲ့ စကားကြောက တော်တော်နဲ့ဖြတ်လို့မရဘဲ ဟိုပြောဒီပြော တော်တော်ကြာအောင်ပြောရမယ့် ဇာတ်လမ်းပါ။ ဒါလောက်ဆိုရင် ခုနက ပြောခဲ့တဲ့ SMS ထဲကလိုတိုရှင်း "မနက်(၆း၀၀)နာရီစရိုက်မယ်၊ ပန်းလှိုင်" ဆိုတာနဲ့ အခုပြောခဲ့တဲ့ တယ်လီဖုန်းနဲ့ဆိုရင် ပြောရမယ့် စကားကြောရှည်တာကြီး ဘယ်လိုကွာတယ်ဆိုတာ သဘောပေါက် လောက်ရောပေါ့။ အဲဒီလို တိုတို သတင်းပို့လို့ရတာအပြင် SMSရဲ့ တခြားအသုံးဝင်ပုံတွေ၊ အားသာချက်တွေက အများကြီးရှိပါသေးတယ်။ ခုနကပြောနေတဲ့ မလေးရှားကို ယူသွားတဲ့ ကျွန်တော်တို့ရဲ့ စက်ဝိုက ဟန်းဖုန်းတွေအကြောင်း ဆက်ပြောရရင် ဒီဖုန်းတွေဟာ အင်တာနေရှင်နယ်ရန်းမင်း (international roaming) ရပါတယ်။ ရန်း (roam) ဆိုတဲ့ အဓိပ္ပါယ်က ခြေဦးတည့်ရာ ရည်ရွယ်ချက်မရှိဘဲ လျှောက်သွားနေတာကို ပြောတာပါ။ ဒါပေမယ့် ရန်းမင်း (roaming) လို့ ပြောလိုက်ရင်တော့ မိုဘိုင်းဖုန်း ဟန်းဖုန်းတစ်ခုဟာ ကိုယ့်ရဲ့ တယ်လီဖုန်းကွန်ရက် နက်ဝတ်(ခ်) network အပြင်ထွက်သွားပြီး သူများဧရိယာ၊ သူများပိုင်နက်ထမှာ သူများရဲ့ ကွန်ရက်ကို အသုံးပြုပြီး ဖုန်းပြောရတာကို ခေါ်တာပါ။ ဥပမာဆိုပါစို့၊ ရန်ကုန်က ဟန်းဖုန်းတစ်လုံးဟာ မန္တလေးမှာ ပြောလို့ရ့ရင် မန္တလေးရန်းမင်းရတယ်ပေါ့။ ဟန်းဖုန်းတွေ စပေါ်ခါစကတော့ ရန်ကုန်တစ်မြို့ထဲမှာပဲ ပြောလို့ရပေမယ်လို့ အခုတော့ မြန်မာပြည်က GSM ဖုန်းတွေဟာ မြန်မာပြည်အနှံ့အပြား မြို့တော်တော်များများမှာ ရန်းမင်းရနေပါပြီ။ ကျွန်တော်သိသလောက် ပြောရရင် ပုသိမ်၊ ငွေဆောင်၊ ချောင်းသာ၊ ပဲခဲ၊ ညောင်ဦး၊ မေမြို့၊ မန္တလေး၊ တောင်ကြီး၊ မြစ်ကြီးနား၊ မြို့တွေမှာ ရန်းမင်းရနေပြီဆိုတော့ တော်တော်လေး အဆင်ပြေပါတယ်။ ရန်းမင်းရဲ့ သဘောတရားက ကိုယ့်တယ်လီဖုန်းကွန်ရက် (network) ကထွက်ပြီး သူများကွန်ရက်ကိုအသုံးချ ရန်းမင်းလုပ်ပြီး ဖုန်းပြောရတာပါ။ အဲတော့ ရွှန်းမင်းလုပ်ပြီး ဟန်းဖုန်းပြောရင် သူများကွန်ရက်သုံးခပိုက်ဆံ အပိုပေးရပါတယ်။ ဥပမာ- ရန်ကုန်ဟန်းဖုန်းတစ်လုံးကို မန္တလေးမှာ သုံးတယ်ဆိုရင် ကိုယ်ရဲ့ကွန်ရက်မဟုတ်တဲ့ မန္တလေးကွန်ရက်ကို ရန်းမင်းလုပ်ပြီး သုံးတာလေ။ အဲတော့ မန္တလေးကွန်ရက်က သုံးခပိုက်ဆံပေးရမှာပေါ့။ ဒီသဘောပဲ မန္တလေးဟန်းဖုန်းက ရန်ကုန်မှာလာသုံးနေရင် ရန်ကုန် ကွန်ရက်ကို ရွှန်းမင်းလုပ်ပြီး ပြောခ ပိုက်ဆံပေးနေရမှာပဲ။ ဒါပေမယ့် မြန်မာပြည်တွင်းမှာ တစ်မြို့နဲ့တစ်မြို့ပြောင်းပြီး တခြားမြို့ကကွန်ရက်တွေမှာ ရန်းမင်းလုပ်ဖုန်းသုံးတဲ့အတွက် ရန်းမင်းလုပ်ခဟာ သိပ်ပြီး စျေးမကြီးလှဘူး။ ဒါပေမယ့် တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကူးပြီး အင်တာနေရှင်နယ်ရန်းမင်းလုပ်ရင်တော့ ဖုန်းပြောခ မတန်တဆကို ပေးရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံက ဟန်းဖုန်းတွေကတော့ ပြည်ပနိုင်ငံတွေ

နဲ့ ရန်းမင်းသဘောတူညီမှု စာချုပ် ချုပ်မထားတဲ့အတွက် ပြည်ပဟန်းဖုန်းတွေ မြန်မာပြည်မှာ ရန်းမင်းလုပ်လို့ မရဘူး။ အဲလိုပဲ မြန်မာဟန်းဖုန်းတွေဟာလည်း ပြည်ပမှာ ရန်းမင်းလုပ်လို့ မရပါဘူး။ ဒါပေမယ့် စက်ာပူက ဖုန်းတွေကတော့ နိုင်ငံတကာမှာ ရွှန်းမင်းလုပ်လို့ ရပါတယ်။ ဒါကြောင့် စက်ာပူ ဟန်းဖုန်းတွေဟာ မလေးရှားနိုင်ငံမှာ ရန်းမင်းလုပ်လို့ ရတဲ့အတွက် မလေးရှားနိုင်ငံရဲ့ ဖုန်းကွန်ရက်ကို အသုံးပြုပြီး နိုင်ငံတကာနဲ့ ပြောလို့ရပါတယ်။ ဆိုကြပါစို့၊ ကျွန်တော်ရဲ့ စက်ာပူဟန်းဖုန်းနဲ့ ကျွန်တော်တို့စီးလာတဲ့ မလေးရှားဘတ်စ်ကားကြီးပေါ်ကနေ စက်ာပူမှာကျန်ခဲ့တဲ့ ကျွန်တော့်သမီးငယ်လေး နှင်းနှင်းဝင်းဆီ ဖုန်းခေါ်လိုက်တယ်ဆိုပါစို့။ ကျွန်တော့်ရဲ့ စက်ာပူဟန်းဖုန်းနဲ့ခေါ်တဲ့ အသံလှိုင်းဟာ မလေးရှားကွန်ရက်ထဲမှာ ရန်းမင်းလုပ်ပြီး ပထမဦးဆုံး မလေးရှားဖုန်းကွန်ရက်စင်တာကို ဝင်မယ်။ အဲဒီကနေ ဂြိုလ်တုကို လွှင့်လိုက်မယ်။ ဂြိုလ်တုကတစ်ဆင့် စက်ာပူဖုန်းကွန်ရက်စင်တာကို ရောက်သွားမယ်။ အဲဒီကမှ သမီးလေး ဟန်းဖုန်းကို ပို့ပေးမယ်။ ကျွန်တော့်ဟန်းဖုန်း မလေးရှားကွန်ရက်ကို သုံးလိုက်တာဟာ အဲလို အသံလှိုင်း ခရီးရှည်ကြီးသွားရတော့ မလေးရှားကွန်ရက်သုံးခကို နှင့်နေအောင်ပေးရတာပါ။ နိုင်ငံကူးသွားတော့ ရွှန်းမင်းလုပ်ဖို့ သူများကွန်ရက်က ဂြိုလ်တုတွေသုံးရတဲ့အတွက် ဖုန်းပြောခစရိတ်တွေ တက်လာတာပါ။ ကျွန်တော့် သမီးကြီး ဒေါက်တာမင်းမင်းဝင်းဟာ ဒီသဘောတရားတွေကို မသိဘဲနဲ့ လွန်ခဲ့တဲ့ လေးနှစ်လောက်က စက်ာပူရောက်ခါစမှာ မလေးရှားသွားလည်ရင်းနဲ့ သူ့ရဲ့စက်ာပူဟန်းဖုန်းနဲ့ ဖုန်းတွေ လျှောက်ဆက်တာ ရွှန်းမင်းလုပ်ခတွေကြောင့် ဖုန်းဘီလ်လာတော့ ဖုန်းပြောခ စက်ာပူဒေါ်လာ တစ်ထောင်ကျော် ကျသွားရှာပါတယ်။ အဲဒီလို စက်ာပူဟန်းဖုန်းကို မလေးရှားယူသွားရင် ဖုန်းခေါ်တိုင်း မလေးရှားကွန်ရက်ကို သုံးနေရတဲ့အတွက် ကေအယ်လ်မှာနေရင်းနဲ့ မလေးရှားပြင်ပ တခြားနိုင်ငံကို ခေါ်မှရယ်မဟုတ်ဘူး၊ စက်ာပူဖုန်းသုံးပြီး မလေရှားပြည်တွင်း ကေအယ်လ်ထဲပြောလည်း ဖုန်းခက တအားကျတာပဲ။ မလေးရှားဟန်းဖုန်းကို စက်ာပူမှာပြောရင်လည်း ဒီစနစ်အတိုင်းပဲရှိမယ်။ ဟန်းဖုန်းကို ကိုယ့်နိုင်ငံအတွင်း မဟုတ်ဘဲ တခြားနိုင်ငံမှာ ရွှန်းမင်းလုပ်ပြီးသုံးတိုင်း ဖုန်းခတွေသိပ်ကို ကုန်ပါမယ်။ နောက်ပြီးတော့ အဲလို ရွှန်းမင်းလုပ်နေတုန်း ကိုယ့်ဟန်းဖုန်းကို ကိုယ်ကစသုံးပြီး (outgoing calls) ပြောမှရယ် မဟုတ်ဘူး။ ကိုယ် စက်ာပူဟန်းဖုန်းကို မလေးရှားယူသွားတုန်း သူများက ကိုယ့်ဆီခေါ်လည်း မလေးရှား ကွန်ရက်ကနေတဆင့် ခေါ်ရတဲ့အတွက် အဝင်ဖုန်းခေါ်တာတွေ (incomming calls) အတွက်လည်း အပိုကြေးတွေတအား ပေးရပါသေးတယ်။ စက်ာပူဖုန်းကို မလေးရှားလို နီးနီးနားနား နိုင်ငံမဟုတ်ဘဲ UK တို့၊ ပြင်သစ်တို့၊ အမေရိကန်တို့ ယူသွားပြီး ရွှန်းမင်းနဲ့ သုံးမယ်ဆိုရင် ပိုက်ဆံပိုတောင် ကျပါဦးမယ်။ ဟန်းဖုန်းတွေရဲ့ ရန်းမင်းသဘောတရားကို နားလည်အောင် ပြောပြနေတာပါ။ ဒါကြောင့် ကျွန်တော်ကတော့ ဘယ်နိုင်ငံကိုပဲ ခရီးသွားသွား စက်ာပူဟန်းဖုန်းနဲ့ဆိုရင် စေးအရမ်းသက်သာတဲ့ SMS ကိုပဲ သုံးတယ်။ သိပ်ကိုမဖြစ်မနေ အရေးကြီးတယ်ဆိုမှပဲ ဖုန်းနဲ့စကားပြောတယ်။ SMS ပို့တာရောက်တော့ တယ်လီဖုန်း စကားပြောတာထက် စျေးအရမ်းပိုပြီးချိုပါတယ်။ ရှေ့မှာပြောခဲ့သလိုပဲ SMS ဟာ အပိုဆာဒါးတွေ ပြောနေစရာမလိုဘဲ


ကိုယ်ပြောချင်တာလေးပဲ တိုတိုပို့လေ ပ့ခစရိတ် သက်သာလေပဲ။ SMS ပို့ခက သတ်မှတ်တဲ့ စကားလုံးအရေအတွက်နဲ့ တွက်ပြီး SMS တစ်မျက်နှာ၊ နှစ်မျက်နှာ SMS1 SMS2 ဆိုပြီး ပို့ခယူတာဆိုတော့ လိုသလောက်ပဲ ခပ်တိုတိုစာရေးပို့ရင် ပိုက်ဆံသိပ်မကုန်ဘဲနဲ့ အလုပ်ဖြစ်တာပေါ့။ ဒါကြောင့် SMS တွေမှာ စကားလုံးအတိုတွေ သုံးရတယ်။ ဥပမာ for ဆိုရင် 4 ပေါ့၊ to ဆိုရင် 2၊ you ဆိုရင် u၊ your ဆိုရင် ur တတ်နိုင်သရွေ့ အတိုချုံ့ကျတယ်။ ကျွန်တော်ပြင်သစ်သွားတုန်းက SMS အတွေ့အကြုံပြောရမယ်ဆိုရင် ကျွန်တော်တို့ သားအဖနှစ်ယောက် လေယာဉ်ပေါ်ကဆင်းပြီး ပဲရစ်လေဆိပ် ထဲရောက်လို့ ဟန်းဖုန်း ဖွင့်လိုက်တာနဲ့ ပြင်သစတယ်လီဖုန်းရဲ့ Welcome SMS တွေ ဝင်လာတော့တာပဲ။ ပြီးတော့ အဲဒီ SMS တွေထဲမှာ ပဲရစ်ကို ချောမောစွာရောက်ကြောင်း အိမ်ကို SMS ပြန်ပို့ဖို့စာက စီပြီသား၊ send ဆိုတဲ့ ခလုပ်နှိပ်လိုက်ပြီး SMS ကို မိသားစုဆီ ပို့လိုက်ရုံပဲ။ သူသူ ကိုယ်ကိုယ် ဘယ်သူမဆို ချောချောမောမောရောက်ကြောင်း အိမ်ကလူတွေဆီ သတင်းပို့ချင် ပြောချင်တဲ့ သဘောထားကိုသိလို့ ပြင်သစ်တယ်လီကွန်းက ဒီလိုကြိုတင်စာစီထားတာထင်ပါရဲ့ SMS တွေ မပေါ်ခင်ကာလကတုန်းက မြန်မာပြည်ကို လာနေကျ ဂျပန်သိပ္ပံပညာရှင် မစ္စတာ ဟာမာရှီမား ကျွန်တော့်ကို တစ်ခါပြောဖူးပါတယ်၊ သူဟာဂျပန်ကနေ အမေရိကန်ရောက်သွားရင် သူ ကောင်းကောင်းမွန်မွန် ရောက်တယ်ဆိုတာ သူ့မိန်းမ သိစေချင်တယ်။ အဲတော့ အမေရိကန်ကနေ သူ့အိမ်ကို ဖုန်းခေါ်တယ်။ ဖုန်း (၃)ခါ မြည်ပြီးရင် ဖုန်းကိုချပစ်လိုက်တယ်။ အဲဒါဆိုရင် သူ့မိန်းမက သူ့ယောကျ်ား အမေရိကန်ကို ချောချောမောမော ရောက်ကြောင်း အချက်ပေးဖုန်း (၃)ခါမြည် သကေတကို သဘောပေါက်တယ်တဲ့။ အမေရိကန်ဟိုတယ်တွေရဲ့ စနစ်က ကိုယ်က ဖုန်းခေါ်ပြီး တစ်ဖက်က မကိုင်မချင်း ပိုက်ဆံပေးစရာမလိုဘူးတဲ့။ ဆိုလိုတာက သူချောချောမောမော ရောက်သွားပြီဆိုတာကို ပိုက်ဆံမကုန်ဘဲ သူ့ဇနီးသိသွားတယ်တဲ့။ အဲတော့ သူအမေရိကန် ရောက်လောက်မယ့် အချိန်လောက်မှာ ဖုန်းမြည်ရင် သူ့မိန်းမက ချက်ချင်းမကိုင်ဘဲ စောင့်ကြည့်တယ်တဲ့ (၃)ခါမြည်ပြီးရပ်သွားရင် ဒါ သူ့ယောကျ်ား OK တယ်ဆိုတာကို ပြောတာပဲလို့ နားလည်လိုက်တယ်။ မစ္စတာ ဟာမာရှီမားပြောတဲ့ ဖုန်း (၃)ခါ မြည်တဲ့နည်းဟာ သိပ်ကို ကောင်းတဲ့ ပိုက်ဆံမကုန် သတင်းပို့နည်းပါ။ အခုခေတ်မှာတော့ SMS တွေ ပေါ်နေပြီဖြစ်လို့ အဲလိုလုပ်စရာမလိုတော့ပါဘူး။ ပြင်သစ် က SMS တွေအကြောင်း ဆက်ပြောရမယ်ဆိုရင်တော့ ဝဲလ်ကမ်း SMS အပြင် အရေးကြီးဖုန်းနံပါတ်တွေ၊ ဆေးရုံ၊ ရဲ၊ အရေးပေါ်၊ တိုးရစ်အကူအညီပေးဌာန ဖုန်းနံပါတ်အစုံပဲပါတယ်။ ပြီးတော့ ကြော်ငြာတွေလည်းဝင်တယ်၊ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေက ဖုန်းနံပါတ်တွေအကုန် SMS နဲ့ ဝင်လာတယ်။ ပြင်သစ်တယ်လီကွန်းနဲ့ ချိတ်ဆက်လုပ်ထားတဲ့ ကုမ္ပဏီတွေ၊ ဟိုတယ်တွေနေမှာပေါ့လေ။ ကျွန်တော်ကတော့ ရိုးရိုးလေးပဲ Arrived Paris ဒီလိုပဲရေးပြီး သမီးတွေဆီကို SMS ပို့လိုက်တယ်။ ဟိုတယ်ရောက်တာနဲ့ Checked in. Room No. 4109. အဲလ ဟတယ်မှာ ချက်အင်လုပ်ပြီးပြီ၊ အခန်းနံပါတ်က ဘယ်လောက်ဆိုပြီး SMS ပို့လိုက်တယ်။ အဲလို ကျွန်တော်တည်းတဲ့

ဟိုတယ်ရဲ့ဖုန်းနံပါတ်တွေ၊ အခန်းနံပါတ်တွေ သိထားတော့ သမီးတွေစက်ပူကနေ ကျွန်တော့်ဆီ ဖုန်းဆက်လို့ရအောင်လို့ပါ။ စက်ပူဖုန်းနဲ့ စက်ပူကနေ ဆက်မယ်ဆိုရင် မလေးရှားလို နီးတဲ့နိုင်ငံကိုပဲ ဆက်ဆက်၊ ပြင်သစ်၊ အမေရိကန်လိုဝေးတဲ့ နိုင်ငံကိုပဲ ဆက်ဆက်၊ ဈေးအရမ်း သက်သာ ပါတယ်။ ဘာလို့လဲဆိုတော့ စက်ပူဟန်းဖုန်းဟာ ကိုယ့်ရဲ့ စက်ပူကွန်ရက်ကိုပဲ အသုံးပြုပြီးခေါ်တဲ့အတွက် တခြား ဘယ်သူ့ကိုမှ ပိုက်ဆံ ပေးစရာမလိုတော့ ဖုန်းပြောခ အရမ်းသက်သာပါတယ်။ တခြားကွန်ရက်ကို ရန်းမင်းမလုပ်ရဘဲ ကိုယ့်ကွန်ရက်ကို ကိုယ်သုံးပြီး ဖုန်းပြောတာကိုး။ ရွှန်းမင်းလုပ်တာနဲ့ မလုပ်တာ ဈေးအရမ်းကွာပါတယ်။ စက်ပူကနေ စက်ပူဟန်းဖုန်းနဲ့ မလေးရှားကိုပြောမယ်ဆိုရင် လိုကယ်ပြောတာ (local call) လို့ပဲ သတ်မှတ်ပေးထားပြီး စက်ပူပြည်တွင်းသုံးတဲ့နှုန်းနဲ့ပဲ ပေးရတယ်။ ဒါနဲ့ တဆက်တည်း စက်ပူက ဖုန်းကုမ္ပဏီတွရဲ့ အပြိုင်အဆိုင် စံနစ်တွေအကြောင်း နည်းနည်းလေး ပြောချင်ပါသေးတယ်။ ဖုန်းကုမ္ပဏီတွေဟာ သူတို့ဖုန်းတွေကို သုံးချင်အောင် နည်းမျိုးစုံနဲ့ မြှူဆွယ်တယ်။ ကျွန်တော့်သမီးကြီး ဖုန်းဆိုရင် အမေရိကန်နိုင်ငံကို ခေါ်တာကို လကယ်ကောလို့ သတ်မှတ်ပေးထားတယ်။ ဒါပေမယ့် တခြား တနေရာရာမှာ တစ်နည်းနည်းနဲ့တော့ ဖုန်းခကို ပြန်တင်ထားတာပေါ့။ သမီးလေးဖုန်းရောက်တော့ (incoming free) အဝင်ဖုန်းကို တပြားမှ မပေးရဘူး။ သူတို့အိမ်မှာတပ်ထားတဲ့ လိုင်းဖုန်းရောက်တော့ ဖုန်းပြောတဲ့ယူနစ် ဘယ်လောက်ကျော်ရင် ရေခဲသေတ္တာ ၊ အာဗင်မီးဖို၊ တီဗီကြိုက်ရာယူဆိုပြီး ဖုန်းများများ သုံးတဲ့လူတွေကို ဆုပေးတတ်သေးတယ်။ အဲလို နည်းမျိုးစုံနဲ့ သူတို့ဖုန်းတွေသုံးအောင် ကြော်ငြာတယ် အခွင့်အရေးတွေပေးကြတယ်။ ဒါနဲ့ SMS အကြောင်း ဆက်ပြောရရင် ကျွန်တော်က ဘယ်နိုင်ငံသွားသွား ရောက်ပြီ၊ အိပ်တော့မယ်၊ ထမင်းစားတော့မယ်၊ ရာသီဥတုအခြေအနေ၊ ငွေဘယ်လောက်ကုန်တယ်၊ ဘာဝယ်တယ်၊ ဘာလို့ချင်လဲဆိုတဲ့ SMS လေးတွေကို သမီးတွေကိုဆီကို နေ့စဉ်ပို့တယ်၊ သမီးတွေက တစ်ခါ SMS ပြန်ပို့နဲ့ ၊ ဘယ်နိုင်ငံကို ရောက်နေရောက်နေ၊ သမီးတွေနဲ့ မကင်းကွာဘဲ အတူနေရသလို ခံစားရတယ်။ အဲလိုဆိုတော့ လွန်ခဲ့တဲ့အနှစ်(၂၀)ကျော် ကျွန်တော် UK နိုင်ငံမှာ ပညာသင်ဘဝတုန်းက British Telecom ရဲ့ ကြော်ငြာစာသားလေးတစ်ခုကို သတိရမိတယ်။ "It seems so far, but it is so near by British Telecom" တဲ့။ ဆိုလိုတာ မိုင်ပေါင်းများစွာ ခြားနေလို့ သိပ်ကိုဝေးကွာပြီး နေရတယ်လို့ ထင်နေရပေမယ့် ဗြိတသျှတယ်လီဖုန်းရဲ့ ကျေးဇူးကြောင့် တယ်လီဖုန်းနဲ့ စကားတွေ အမြဲပြောနေရလို့ အနီးကပ် အတူတူနေနေရသလိုပါပဲလို့ မြန်မာလို အနီးစပ်ဆုံး အဓိပ္ပါယ်ဖော်ရပါမယ်။ အခုတော့ SMS လေးတွေရဲ့ သတင်းပို့ပေးတာလေးတွေကြောင့် သမီးတွေနဲ့ ရေခြား၊ မြေခြား အဝေးမှာနေနေရပေမယ့်လို့ အမေရိကန်မှာ၊ ပြင်သစ်မှာ၊ မလေးရှားမှာ ဘယ်မှာပဲ ရောက်နေရောက်နေ ကျွန်တော်ဟာ သူတို့တတွေ ဘာလုပ်နေတယ်၊ ဘာစားနေတယ်၊ ဘယ်သွားနေတယ်ဆိုတာကို အကုန်သိနေပြီး သူတို့တတွေနဲ့ အတူတူနေနေရသလို ခံစားရပါတယ်။ အဲသလိုပဲ သူတို့ကလည်း အဖေဘယ်မှာရောက်လို့ ဘာတွေစား၊ ဘယ်လိုနေ ဆိုတာလည်း သိနေရတာပေါ့။ အခုလို SMS တွေပေါ်လာတော့ မြန်မာလူငယ်လေးတွေ

အင်္ဂလိပ်စာတော့ တော်တော်လေး တိုးတက်လာမှာပဲလို့ တွေးမိတယ်။ အင်တာနက်ကနေ ချက်တင် chatting တွေလည်း လုပ်ကြဆိုတော့ ဘာပဲပြောပြော လူငယ်တွေ အင်္ဂလိပ်လို အရေးအသားတွေတော့ ကျွမ်းကျင်လာမှာပဲလို့လည်း ထင်မိတယ်။ ဒါပေမယ့် ကျွန်တော်ခံလိုက်ရပြီ။ ကျွန်တော်ထင်တာတွေ တက်တက်စင်လွဲပြီ။ ကျွန်တော်တို့ ဘတ်စ်ကားကြီး ကေအယ်လ်အသွား ဟိုင်းဝေးကြီးပေါ်မှာ သွားနေတုန်း သမီးလေးဆီက SMS ဝင်လာတယ်။ Phaegyi bar lote တဲ့၊ ရုတ်တရက် ကျွန်တော် နားမလည်ဘူး၊ သေချာဖတ်ကြည့်လိုက်တော့မှ "ဖေကြီးဘာလုပ်" လို့ အင်္ဂလိပ်အက္ခရာ တွေနဲ့ပေါင်းပြီး ရေးတာကိုး နောက်ထပ်ပါသေးတယ်။ "Sar pee be lar" "စားပြီးပြီလား" တဲ့။ ဒါနဲ့ သမီးကြီးကို ဘယ်လိုဖြစ်ရတာတုန်းလို့ မေးကြည့်တော့ "ဖေကြီးကလည်း အဆန်းလုပ်လို့၊ ချက်တင်လုပ်တာတို့၊ SMS ပို့တာတို့၊ သမီးတို့ မြန်မာတွေအချင်းချင်း ဒီလိုပဲ မြန်မာအသံထွက်တွေကို အင်္ဂလိပ်လိုရေးပြီး ပို့ကြတာ။ အင်္ဂလိပ်စာကို ဒီလိုမြန်မာလိုရေးတာ ရှင်းတယ်လေ" လို့ပြောတယ်။ မှတ်ကရောကွလို့ပဲ အော်လိုက်ချင် တော့တယ်။ လူငယ်တွေ SMS ပို့ရင် ချက်တင်လုပ်ရင် တကယ့် အင်္ဂလိပစာတွေနဲ့ ရေးကြတယ်လို့ ထင်ထားတဲ့ ကျွန်တော့်အတွေးတွေ တက်တက်စင်အောင် လွဲနေတာကိုး။ ဒါနဲ့ ကျန်တော်လည်း အားကျမခံ သမီးလေးဆီကို SMS ပြန်ပို့လိုက်ပါတယ်။ "Ait taw mae. Nay kaung aung nae" "အိပ်တော့မယ်၊ နေကောင်းအောင်နေ" လို့ ရေးလိုက်တာပါ။ ဒီလိုတွေသာရေးနေကြရင် မြန်မာလူငယ်တွေရဲ့ အင်္ဂလိပ်စာ အဆင့်အတန်းမျှား ကျသွားမလား။ ကျွန်တော့်အတွေးတွေ ရှုပ်ကုန်ပါပြီ။ အဲဒီလို SMS နဲ့ ဟန်းဖုန်းတွေအကြောင်း ဟိုတွေးဒီတွေးလျှောက်တွေးရင်းကနေ ကေအယ်လ်ရောက်လို့ ကိုစိုးမြင့်နဲ့တွေ့ရင် ဘာတွေပြောမယ်၊ ဘာတွေလုပ်မယ် ဆိုတာစဉ်းစားပြီး ဘတ်စ်ကားကြီးပေါ်မှာ တရေးမှေးလိုက်ပါတော့တယ်။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခခင်မောင်ဝင်း (အသည်း)


malaysia
LAVATORY SERVICING
11219


Please Do

Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၁၉)

မလေးရှားနိုင်ငံ ကေအယ်လ်မှာ အလုပ်သွားလုပ်ပြီး ကြီးပွားနေတဲ့ ကိုစိုးမြင့်ဆိုတာဟာ ကျွန်တော့်အစ်ကို ဦးခင်မောင်တင့် စက်ရုံမှူးလုပ်ခဲ့တဲ့ ရွာမ သဘာဝဓါတ်ငွေ့သုံး ဓါတ်အားပေးစက်ရုံက ဂရိတ်ဖိုး လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းတစ်ဦးပါ။ အခု မလေးရှားက အဲဒီ ကိုစိုးမြင့်ဆီကို သွားတဲ့အကြောင်း ရေးနေပါတယ်။

<u>ကေအယ်လ်က ကိုစိုးမြင့်</u> (အဆက်)

ကျွန်တော်နဲ့ သမီးကြီး မင်းမင်းဝင်းတို့ ကေအယ်လ်က ကိုစိုးမြင့်ဆီသွားနေတဲ့ ဘတ်(စ်) ကားကြီး ပေါ်မှာ မှေးကနည်းအိပ်ပျော်သွားပြီး ရုတ်တရက် ဆူဆူညံညံ အသံတွေကြားတော့ နိုးလာ ကြပါတယ်။ ဘာသံတွေပါလိမ့်ဆိုပြီး ဘေးဘယ်ညာကြည့်လိုက်တော့ ကျွန်တော်တို့စီးလာတဲ့ ဘတ်စ်ကားကြီးက စားသောက်ဆိုင်တွေရှေ့မှာ ရပ်ထားပြီး ခရီးသည်တွေ ဆင်းကြ၊ စကားပြောကြ စားသောက်ဆိုင်တွေက လူတွေကလည်း အပြိုင်အဆိုင် ခရီးသည်တွေကို သူ့ဆိုင်စားပါ၊ ငါ့ဆိုင်စားပါ တကြော်ကြော် အော်ကြဟစ်ကြနဲ့ ပြောနေကြတာ ရွှေတိဂုံဘုရားက ပန်းသည်တွေလိုပါပဲလားလို့ တွေးမိပါတယ်။ ကျွန်တော်တို့လည်း ခြေလက်ဆန့်ပြီး အညောင်းပြေ အညာပြေ လမ်းလျှောက်ကြရအောင်ဆိုပြီး ကားအောက်ကို ဆင်းကြပါတယ်။ သမီးကြီးက "ဖေကြီးနော် အရေးကြီးတဲ့ အတ်တွေ၊ ပါတ်စ်ပို့၊ ပိုက်ဆံပါတဲ့အိတ် အကုန်ယူခဲ့၊ ဘာမှ မထားခဲ့နဲ့၊ ဒီမှာက လုံးဝစိတ်မချရဘူး" လို့ သတိပေးတာနဲ့ ဘာအတ်မှ မထားခဲ့တော့ဘဲ အကုန်လုံး ယူလာခဲ့လိုကတော့တယ်။ မြန်မာပြည်နဲ့စာရင် မလေးရှားနိုင်ငံမှာ လုံခြုံမှုက အရမ်းနည်းတော့ ခရီးသွားတာ သိပ်ဂရုစိုက်ရပါတယ်။ သမီးကြီးရဲ့ ရှင်းလင်းပြချက်ကို ပြန်ပြောရမယ်ဆိုရင်တော့ ဂျပိုးနဲ့ ကေအယ်လ် ဟိုင်းဝေးကြီး အလယ်လောက်မှာ အဲလို စားသောက်ဆိုင် တန်းလေးတွေ ရှိတယ်တဲ့။ ဒီလို ဆိုင်တန်းတွေဟာ ဟိုင်းဝေးဘေး နည်းနည်းလှမ်းလှမ်းမှာရှိတယ်။ စားသောက်ဆိုင်တွေမှာ ရပ်ချင်တယ်ဆိုရင် ကားတွေက ဟိုင်းဝေးထဲက ထွက်ရတယ်။ အဲဒီ ထွက်ပေါက်တွေကို exit လို့ခေါ်တယ်။ စားသောက်ဆိုင်တွေ မရောက်ခင် ခပ်လှမ်းလှမ်း ကတည်းက ရှေ့ကီလိုမီတာ ဘယ်လောက်မှာ စားသောက်ဆိုင်ရှိတယ်ဆိုတာကို ဆိုင်းဘုတ်တွေ ထောင်ထားပါတယ်။ ကြုံတုန်းပြောရဦးမယ်။ အဲဒီဆိုင်းဘုတ်တွေဟာ မလေးလို အကုန်ရေးထားတာဆိုပေမယ့် တချို့စာလုံးတွေက အကြမ်းဖျဉ်း ကျွန်တော်ဖတ်လို့ရနေတယ်။ ဘာလို့လဲဆိုတော့ မလေးစာ မလေးအက္ခရာဆိုတာ မရှိခဲ့ပါဘူး။ မလေးစာဆိုတာ အဂလိပ်စာလုံး အက္ခရာတွေ သုံးပြီးတီထွင်ထားတာ။ အဲတော့

စားသောက်ဆိုင်ကို ရက်စ်တိုရင် (Restoran) ဆိုတဲ့သဘောမျိုး အင်္ဂလိပ်အက္ခရာနဲ့ရေးထားတော့ ဖတ်လို့ရတာပေါ့။ အဲဒါကို တွေးကြည့်လိုက်တော့ ကိုယ့်မြန်မာစာပေဆိုတာ နှစ်ပေါင်း (၈၀၀)ကျော် ကတည်းက ရှိခဲ့တာပါလားလို့ စဉ်းစားမိပြီး ဂုဏ်ယူပီတိ ဖြစ်မိပါတယ်။ ခုနက ပြောခဲ့သလို စားသောက်ဆိုင်ဆိုင်းဘုတ်တွေတွေ့တော့မှ ဟိုင်းဝေးရဲ့ exit ထဲက ထွက်လိုက်ရင် စားသောက်ဆိုင်တန်းကို ရောက်သွားတာပါ။ အဲလို စားသောက်ဆိုင်တန်းတွေ ကို စက််ပူ၊ မလေးရှား အခေါ်အဝေါ်ကတော့ ဖုဒ်ကုတ်တ် (food court) ပေါ့။ ဖုဒ်ကုတ်တ်တွေရဲ့ သဘောသဘာဝကို ပြောရမယ်ဆိုရင် အဆောက်အဦနေရာအကျယ်ကြီး တစ်ခုမှာ ဆိုင်တွေက ပတ်ချာလည်ရှိနေပြီး အလယ်မှာ စားပွဲတွေရှိပါတယ်။ စားမဲ့သူတွေဟာ ဆိုင်တန်းကြီးကို လှည့်ပတ်ကြည့်၊ ဘာစားချင်လဲဆိုတာ လိုက်ကြည့်ရွေး။ ကြိုက်တဲ့ဆိုင်ရှေ့ရောက်ပြီဆိုရင် ဆိုင်ရှေ့မှာထားတဲ့ လင်ပန်းတစ်ခု ဇွန်းခက်ရင်း အချဉ်အငံရည်၊ တစ်လျှူးစက္ကူ၊ သွားကြားထိုးတံ စတာတွေယူ၊ စားချင်တဲ့ဟာကို မှာလိုက်။ အဲလို မှာလိုက်ရင် ကိုယ်စားမယ့်ဟာကို ဆိုင်က လုပ်ပေးပြီး ကိုယ့်လင်ပန်းထဲ လာထည့်ပေးတယ်။ အဲတော့မှ ငွေရှင်း၊ လင်ပန်းလေးနဲ့ စားစရာကို သယ်လာပြီး ကြိုက်တဲ့စားပွဲမှာထိုင်စား၊ ပြီးတာနဲ့ အဲဒီ ဇွန်း ခက်ရင်းနဲ့ ပန်းကန်တွေ ထားခဲ့၊ သန့်ရှင်းရေး အလုပ်သမားတွေက လာသိမ်းသွားလိမ့်မယ်။ အဲလို ဖုဒ်ကုတ်တ်ကြီးတစ်ခုလုံးမှာ လူတကာစားသွားတဲ့ ပန်းကန် ဇွန်း ခက်ရင်း လင်ပန်းအားလုံးသမ်းဖို့၊ စားပွဲတွေ သန့်ရှင်းရေးလုပ်ဖို့ဆိုတာတွေကို ဆိုင်လေးတွေ တစ်ဆိုင်စီက မလုပ်ပါဘူး။ ဖုဒ်ကုတ်ကြီးတစ်ခုလုံးကို သန့်ရှင်းရေး သိမ်းဆည်းရေး တစ်ဖွဲ့ထဲကပဲ တာဝန်ယူ အကုန်လိုက် သိမ်းပြီးတာနဲ့ ပန်းကန် ဇွန်းခက်ရင်းတွေကို သန့်ရှင်းရေးလုပ်ပြီး ဆိုင်တွေကို ပြန်ပို့ပေးပါတယ်။ စားတဲ့လူတွေကလည်း ဘယ်သူကမှ ဇွန်း ခက်ရင်း ပန်းကန်တွေကို ယူမသွားကြပါဘူး။ ပန်းကန်တွေနဲ့ ဇွန်း ခက်ရင်းတွေကလည်း ဖုဒ်ကုတ်တ်ကြီးတစ်ခုလုံးက ဆိုင်တွေမှာ တစ်ပုံစံထဲပါပဲ။ ဆိုလိုတဲ့သဘောက ဖုဒ်ကုတ်တ်ကြီးတစ်ခုလုံးကို အုပ်ချုပ်ရေးအဖွဲ့တစ်ခုတည်းကပဲ ချုပ်ကိုင်ပြီး ခုနက ပြောသလို သန့်ရှင်းရေးနဲ့ အထွေထွေကိစ္စတွေ အားလုံးကိုလုပ်တယ်။ ပြီးတော့မှ ဆိုင်ခန်းလေးတွေကို ဆိုင်ရှင်တစ်ယောက်ဆီကို ငှားလိုက်တယ်။ ဆိုင်လေးတွေက ကိုယ်ဆိုင်၊ ကိုယ့်စားသောက်စရာ ပြင်ဆင်ချက်ပြုတ်ပြီးတော့ ကိုယ့်ဖာသာရောင်း၊ ဒါပေမယ့် ဒီဆိုင်လေးတွေက ပန်းကန်ခွက်ယောက် လိုက်သိမ်းဖို့ဆိုပြီး ဆိုင်တစ်ဆိုင်ဆီက ဝန်ထမ်းတွေ သီးသန့် ခန့်ထားစရာမလိုဘူးပေါ့။ ဒါက မလေးရှား၊ စကာပူက ဖုဒ်ကုတ်တ် စနစ်ပါ။ ဖုဒ်ကုတ်တ်ဆိုင်တွေမှာလည်း စားစရာမျိုးစုံပေါ့။ မလေးအစာ နာစီလမတ်၊ အုန်းနို့ခေါက်ဆွဲ၊ ပင်လယ် စာ၊ ဆန်ပြုတ် အမျိုးကို တော်တော်များပါတယ်။ ဒါပေမယ့် မလေးရှားက မူစလင်နိုင်ငံဖြစ်နေတော့ တရုပ်တန်းမဟုတ်တဲ့ နေရာတွေမှာ ဝက်သားမရောင်းရပါဘူး။ ဟိုင်းဝေးဖုဒ်ကုတ်တ်ကြီးမှာ မလေးစာတွေချည်းပဲ ထားလေ့ရှိပါတယ်။ မလေးအစာကလည်း အဆီအနှစ် အတော်များပါတယ်။ အပေါ်ယံကြည့်လိုက်မယ်ဆိုရင်တော့ မြန်မာအစားအစာတွေနဲ့ တော်တော်တူပါတယ်။ အဓိကကွာတာကတော့ သူတို့က ဟင်းတိုင်းလိုလိုမှာ အုန်းနို့ပါပါတယ်။ မလေးဟင်းတွေမှာ အိန္ဒိယအငွေ့အသက်လည်းပါနေတော့ ငြုတ်သီး၊ မဆလာ၊ ကရဝေးရွက် ဆိုတာတွေလည်း သုံးသေးတယ်။


တချို့ဟင်းတွေဟာ တော်တော်လေးကို စပ်ပါတယ်။ ဒါပေမယ့်လည်း သကြားသုံးချက်တဲ့ မလေးဟင်းတွေ ကလည်းရှိသေးတယ်။ မလေးတွေဟာ ကျွန်တော်တို့ မြန်မာတွေလိုပဲ ထမင်းပန်းကန်ကြီးပေါ်မှာ ဟင်းတွေပုံ အနှစ်တွေဆမးပြီး ထမင်းတွေနဲ့ ရောနယ် အားရပါးရစားကြတာတော်တော်ကို ကြည့်လို့ ကောင်းပါတယ်။ အသားကလည်း ခပ်ညိုညို တချို့မလေးတွေဟာ မြန်မာနဲ့ နည်းနည်းခပ်ဆင်ဆင်ဆိုတော့ ထမင်း အမောက်ကြီးပေါ်မှာ ဟင်းမျိုးစုံ အနှစ်တွေနဲ့ စားနေကြတာ မြန်မာပြည်ပြန်ရောက်နေသလား အောက်မေ့ရ ပါတယ်။ ကျွန်တော်တို့ ကေအယ်လ်သွားတဲ့ ကာလဟာ မူစလင် ဥပုသ်လဖြစ်နေပြီး ကားရပ်တဲ့အချိန်ဟာ ညသန်းခေါင်ကျော်ဆိုတော့ ခရီးသည် မူစလင်တွေဟာ မိုးမလင်းခင်မှာ အဝစားကြတာ ဖုဒ်ကုတ်ကြီး တစ်ခုလုံး ရူတ်ရူတ်သဲသဲပါ။ မလေးရှားနိုင်ငံမှာ မူစလင်ဥပုတ်လအတွင်းဆိုရင် နေ့လည်၊ နေ့ခင်းမှာ မူစလင်တွေဟာ ရေတို့ အစားအသောက်တို့ သောက်သုံးခွင့်၊ စားသုံးခွင့်မရှိပါဘူး။ ကျွန်တော့်မိတဆွေ ကိုစိုးမြင့်က ပြောဘူးပါတယ် "အစ်ကိုရေ ဥပုတ်လမှာ သာသနာရေးပုလိပ် (Religious Police)က လှည့်နေတာ၊ အသားခပ်ညိုညိုနဲ့ တစ်ခုခုစားနေတာ သောက်နေတာမြင်ရင် ဝင်စစတတ်တယ်။ မူစလင်ဆိုရင် တစ်ခါတည်းဖမ်းတာ" တဲ့။ ပြီးတော့ ကိုစိုးမြင့်က ဆက်ပြောသေးတယ် "အစ်ကို တီဗီကို ကြည့်ရင် မူစလင်ဘာသာဝင်တွေ ညနေစာစားလို့ ရတဲ့အချိန်ကို ကြေငြာတာဟာ မိုးလေဝသ ကြေငြာ သလိုပဲ။ နေဝင်ချိန်ကိုတွက်ပြီး မလေးရှား တစ်နိုင်ငံလုံး မြေပုံကြီးနဲ့ ဘယ်မြို့မှာ ဘယ်အချိန် အစာစားလို့ ရတယ်ဆိုတာ နေ့စဉ်ကြေငြာပေးတာ၊ မလေးရှားတစ်နိုင်ငံလုံးအတွက် ဥပုဒ်လအတွင်းမှာ ညစာစားလို့ရတဲ့ အချိန်ဆိုပြီး ပုံသေသတ်မှတ်ထားတာ မဟုတဘူး။ တစ်မြို့မှာ တစ်ချိန်ဆီ နေဝင်ချိန်ကိုလိုက်လို့ နာရီမိနစ်အတိအကျနဲ့ သတ်မှတ်ပေးထားတာ၊ မလေးရှားနိုင်ငံက သူ့ဘာသာရေးအတွက် သူ့စည်းကမ်းစံနစ် နဲ့ ထိန်းသိမ်းတာ ခီးကျူးစရာပါ" လို့ ပြောပြခဲ့ဘူး ပါတယ်။ အဲလို မလေးတွေ စားနေတာကိုကြည့်ပြီး တို့လည်း တစ်ခုခုစားမှဘဲဆိုပြီး ကျွန်တော်နဲ့သမီးကြီး စားစရာတွေ လျှောက်ကြည့်ကြပါတယ်။ ကျွန်တော်ကတော့ ငါးကြိုက်တဲ့သူဆိုတော့ ငါးဟင်းနဲ့ အရွက်ကြော်တစ်ပွဲ မှာလိုက်ပါတယ်။ သမီးကြီး ကတော့ အုန်းနို့ခေါက်ဆွဲလိုဟာမျိုး မှာစားတယ်။ မလေးစတိုင်ချက်ထားတဲ့ ငါးဟင်းက ကြည့်ရတာ တော်တော်ကို စားချင်စရာပါ။ အရောင်အသွေးနဲ့ ငါးကို ပြင်ဆင်ထားပုံက တကယ့်ကို အရသာရှိမယ့်ပုံ။ တကယ်တန်းစားလိုက်တော့ မလေးငါးဟင်းဟာ မြန်မာပါးစပ်နဲ့ နည်းနည်းလေး မကိုက်ဘူးဖြစ်နေတယ်။ မြန်မာချက်ပုံနဲ့ အရသာ ဘယ်လိုကွာတယ်ဆိုတာ အတိအကျတော့ မပြောတတ်ပါဘူး။ ဒါပေမယ့် ကိုယ်ဟမြန်မာဟင်းလို မကြိုက်ဘူးပေါ့နော်။ သမီးကြီးလည်း မလေး အုန်းနို့ခေါက်ဆွဲကို စားကြည့်ပြီး သိပ်မကြိုက်တာနဲ့ ဟိုတို့ဒီတို့ချထားခဲ့ပါရော။ အဲလို မလေးစာတွေ စားမရကြတော့ ကျွန်တော်တို့ နှစ်ယောက်သား ကျွဲကောသီးနဲ့ မာလကာသီးနည်းနည်းဝယ်စား၊ အအေးသောက်ပြီး ဘတ်စ်ကားပေါ် ပြန်တက်ပါတယ်။ ခနနေတော့ လူတွေစုံပြီး ဘတ်စ်ကားကြီး ပြန်ထွက်ပါတယ်။ ဟိုင်းဝေးလမ်းရဲ့

ဘေးဘယ်ညာ ကြည့်လိုက်တော့လည်း ဆီအုန်းစိုက်ခင်းကြီးကိုပဲ တမျှော်တခေါ် တွေ့ရပါတယ်။ ဘာမှ စိတ်ဝင်စားစရာ မရှိပါဘူး။ ဂျဟိုးကနေ ကေအယ်လ်အထိ တစ်လမ်းလုံးမှာ မျက်စေ့တစ်ဆုံး ဆီအုန်းစိုက်ခင်း တွေပဲ တွေ့ရပါ တယ်။ ဒါကြောင့် ထင်ပါတယ်၊ မလေးရှားမှာ ဆီအုန်းလုပ်သား တအားကိုလိုတာ။ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်တုန်းကဆိုရင် မြန်မာပြည်ကနေ မလေးရှားကို ဆီအုန်းအလုပ်သမား သွားလုပ်ကြတဲ့ ဇာတ်လမ်းမျိုးစုံ ကြားဖူးပါတယ်။ သနားစရာ မြန်မာအလုပ်သမားတွေ၊ အေးဂျင့်က ညစ်တာတစ်မျိုး၊ မလေးရောက်တော့ ဆီအုန်းခြံပိုင်ရှင် ကလိမ်ကကျစ်လုပ်၊ ထပ်နှိပ်စက်၊ ရောက်တာနဲ့ ပါတ်စ်ပို့အကုန်လုံး သိမ်းထားလိုက်တော့တာ၊ ဘာလုပ်လို့ ရဦးမလဲ။ ရဲတွေ့လို့ ပါတ်စ်ပို့မရှိဘူးဆိုရင် ဖမ်းပြီပေါ့။ ပြေးစရာ နေစရာမရှိ အဖြစ်မျိုးပေါ့။ အခုနောက်ပိုင်းမှာတော့ အေးဂျင့်တွေက နည်းနည်းပိုပြီး စနစ်ကျလာတယ်။ ဆီအုန်းရယ်မဟုတ်ဘူး၊ ဆောကလုပ်ရေး၊ စက်ရုံ၊ စားသောက်ဆိုင်စတဲ့ အလုပ်အစုံမှာလုပ်ဖို့ မြန်မာတွေကို လုပ်သားအဖြစ်ခေါ်ကြတယ်။ မြန်မာတွေ မလေးရှားသွား အလုပ်လုပ်ပြီး အဆင်ပြေကြ တယ်ဆိုတာတွေ ပိုပြီးကြားလာရတယ်။ ကိုစိုးမြင့်ကတော့ ဟိုးအရင် (၁၀)နှစ်ကျော်လောက် ကတည်းက မလေးကိုရောက်ပြီး စွန့်စားကြီးပွားနေတဲ့သူတစ်ယောက်ပါ။ သူတို့ခေတ်တုန်းက မလေးရောက်မြန်မာတွေက ဒုက္ခမျိုးစုံနဲ့ ရင်ဆိုင်ရတာ။ ခုနကပြောသလို ဒီနှစ်ပိုင်းတွေမှာတော မြန်မာတွေ မလေးမှာလုပ်ငန်းကိုင်ငန်းကောင်းတာနဲ့ မြန်မာပြည်အနှံ့အပြားက လူငယ်လူလတ် တော်တော်လေး မလေးကို သွားကြပါတယ်။ ဒီကိစနဲ့ပတ်သက်လို့ ကျွန်တော့်ကိုယ်တွေ့လေး တစ်ခု ပြောပြချင်ပါသေးတယ်။ ဗဟိုစည်ဆေးရုံမှာ သိုင်းရွိုက်အားနည်း၊ အသည်းအဆီဖုံးရောဂါနဲ့ တက်နေတဲ့ ကျွန်တော့်လူနာ ဒေါ်သန်းဆိုတာ ရှိပါတယ်။ ဒေါ်သန်းဟာ မြင်းခြံနားက ရွာလေးတစ်ရွာကပါ။ အခုတော့ စီးပွားရေး အောင်မြင်ကြီးပွားပြီး ရန်ကန်မှာ တိုက် (၂)လုံး ပိုင်၊ သားသမီးတွေလည်း ရန်ကုန်မှာပဲ အခြေချ အောင်မြင်နေတာပါ။ ဒါပေမယ့် အညာသူ ဒေါ်သန်းဟာ ရန်ကုန်ရောက်နေပြီး အသက် (၇၀)ကျော် ဖြစ်နေပေမယ့် ပုံစံပြောင်းမသွားဘဲ အရမ်းရိုးလျက်ပဲ ရှိပါသေးတယ်။ ကျွန်တော့်လိုပဲ အညာစိတ်က လုံးဝ မပျောက်ပါ။ နှစ်စဉ် သူ့ရွာကို သူပြန်ပြီး ရွာကလူတွေကို ဆန်အိတ်တွေ ဝေတယ်၊ ရွာမှာ ဘာသာရေး၊ သာသနာရေး ကုသိုလ်ကောင်းမှုတွေ လုပ်လေ့ ရှိပါတယ်။ သူ့တို့ တစ်မိသားစုလုံးဟာ ကျွန်တော့်ကို အညာသူ အညာသားအချင်းချင်ဆိုပြီး ခင်မင်ကြတယ်၊ ရင်းနှီးကြတယ်။ ကျွန်တော်က မြင်းခြံမှာ အဖေ ရဲဝန်ထောက်လုပ်တုန်းက အမတ် (၁)ရပ်ကွက်၊ ကျောက်ရုံးကြီးဘေးနားက ပြောင်းပြာရပ်ကွက်ထဲမှာ နေဖူးတယ်ဆိုတော့ ကျွန်တော့်ကို ပိုလို့တောင် ခင်သွားကြတယ်။ ဒေါ်သန်း ဆေးရုံတက်ပြီး တစ်ပတ်လောက်ကြာတော့ တော်တော်ကို သက်သာသွားပါတယ်။ အဲတော့ ဒေါ်သန်း အိမ်ပြန်ချင်ပြီပေါ့။ ကျွန်တော့်ကို သူက မေးပါတယ် "ဆရာ ကျွန်မ ဘယ်တော့ ဆေးရုံဆင်းရမလဲ" တဲ့။ ကျွန်တော်ကလည်း သူ့ကို စချင်တာနဲ့ "ခင်ဗျားကို အရင်ကလည်း ပြောဖူးတယ်၊ ကျွန်တော်စားဖို့ ခင်ဗျားရွာက ပွေး မှာပေး၊ ပွေးရရင် ခင်ဗျား ဆေးရုံက ဆင်းရမယ ကျွန်တော့်ဖို့ ပွေးမရရင်

ခင်ဗျားဆေးရုံ မဆင်းရဘူး" လို့ ခပ်တည်တည်နဲ့ ပြောလိုက်ပါတယ်။ ကျွန်တော်နဲ့အတူ ဆေးရုံ ရောင်းလှည့်တာလိုက်နေတဲ့ တပည့် M.O ဆရာဝန်တွေက ကျွန်တော် "ပွေး" လို့ ပြောတာကို နားလည်ပုံ မပေါ်ပါဘူး။ ကျွန်တော် အညာသား ဝမ်းတွင်းမြို့သားကတော့ အညာမှာ အငယ်တုန်းက စားခဲ့ရတဲ့ ဖွတ်၊ ပဒတ်၊ ပွေး၊ ချိုး၊ ခါ ဆိုတာတွေကို အမြဲသတိရနေတာ။ ပွေးဆိုတာက အကောင်ခပ်သေးသေး ကြွက်ကြီးအရွယ်၊ အရောင်က ဖြူဖြူ။ မျက်လုံးမှေးမှေးနဲ့ အညာမှာ မိုးလေးနည်းနည်းကျလာပြီး မြေကြီးစိုပြီဆိုတာနဲ့ ပွေး တောင်ပို့ လိုက်ရှာပြီး ရွာကလူတွေ ပွေးတူးကြတာ။ ဝမ်းတွင်းဈေးနေ့မှာ အဲလိုအညာသားတွေ စားတဲ့ အကောင်ဗလောင်တွေက ဈေးထဲမှာ ချခင်းထားတာ အပြည့်။ ပွေးကတော့ အစိုရတာနဲ့တယ်။ နည်းနည်းလေး ကြပ်ကင်ထားပြီး ဝါးညှပ်လေးနဲ့ ညှပ်ပြီး ရောင်းကြတာ။ ဆီပြန်ချက်စားရင် အရမ်းအရသာရှိတယ်။ ပွေးအခေါက်က ဝက်ခေါက်လိုပဲ။ မြေတွင်းအောင်းပြီး သစ်ဥသစ်ဖုပဲ စားတာဆိုတော့ ပွေးသားဟာ သန့်စင်တယ်။ အနံ့သင်းတယ်။ လူကျန်းမာရေးအတွက် ကောင်းတယ်လို့ ကျွန်တော်အငယ်က အမေကြီးတို့ ပြောတာကို မှတ်သားဖူးပါတယ်။ အဲဒါတွေကို သတိရလို့ ဒေါ်သန်းကြီးကို စလည်းစချင်တာ၊ တကယ်လည်း ပွေးမှာချင်တာနဲ့ "ခင်ဗျား ကျွန်တော်စားဖို့ ပွေးမှာပေး" လို့ ပြောလိုက်တာပါ။ တော်တော်ကို ရိုးတဲ့ ဒေါ်သန်းကလည်း ကျွန်တော် အဲလို ပြောလိုက်တော့ နည်းနည်းလန့်သွားတယ်။ ပြီးတော့ သူ့မှာ ကျွန်တော့်အတွက်ဆို ဘာဖြစ်ဖြစ်လုပ်ပေးချင်တဲ့ စိတ်ကလည်း ရှိနေတော့ "ဆရာကလည်း ကျုပ်က ဟိုတလောက ဆရာ ပွေးစားချင်တယ်ပြောကတည်းက ရွာကို ပွေးလှမ်းမှာကြည့်ပြီးပြီ။ ရွာက ပွေးတူးတဲ့လူတွေက မလေးရှားရောက်ကုန်ပြီတော့။ ရွာမှာ အရင်တုန်းက ပွေးတူး၊ ပဒတ်လိုက်တဲ့ ယောကျ်ားတွေ အကုန်လောက်နီးပါးဟာ စီးပွားလေးအဆင်ပြေလို့ မလေးရှားသွားကြတယ်။ မလေးရှားပို့တဲ့ ပွဲစားကလည်း ရွာအထိလိုက်လာပြီး ရွာသားတွေကို မလေးသွားဖို့ ဆွယ်တာ။ မလေးမှာ ဝင်ငွေကောင်းတော့ ရွာမှာ နေပြီး နေပူပူနဲ့ တောထဲသွား ပွေးမတူးချင်တော့ဘူးပေါ့။ ပွေးတူးမယ့်အစား မလေးသွားကုန်ကြတာ။ အဲဒါကြောင့် ဆရာ့ကို ကျုပ် ပွေး ရှာမပေးနိုင်တာ။ ရွာမှာ ပွေးတူးတဲ့လူ မရှိတော့ဘူး၊ ဆရာ ဒီပြင်စားချင်တဲ့ အညာစာသာပြောပါ" လို့ ပြောပါတယ်။ ဒေါ်သန်း တကယ့်ကို ရိုးရိုးကြီး ပြောပြလိုက်တာဟာ ဒီနေ့ခေတ် မြန်မာပြည်ရဲ့ လူနေမှုစီးပွားရေး စနစ်ပြောင်းလွဲမှုကို တကယ်သရုပ်ပေါ်စေပါတယ်။ မြင်းခြံအနောက်ဘက် ရွာလေးက ပွေးတူးတဲ့ လူတွေအခု မလေးရှားမှာ အလုပ်သွားလုပ်နေကြပြီ။ သူ့အချိန် သူ့ခေတ်နဲ့လိုက်လို့ တိုးတက်ကောင်းမွန်တဲ့ ပြောင်းလွဲမှုတွေ ဖြစ်လာတာဟာ မြန်မာတွေအတွက် အားတက်စရာပါ။ ဘတ်စ်ကားကြီးပေါ်ကနေ ဟိုင်းဝေးလမ်းဘေးက ဆီအုန်းခင်းတွေကို လှမ်းမျှော်ကြည့်ရင်း အဲဒီမှာ လုပ်နေကြတဲ့ မြန်မာလုပ်သားတွေအကြောင်း စဉ်းစားမိတော့ ဒေါ်သန်းပြောတဲ့ အညာရွာက မလေးရောက် ပွေးတူးသမားတွေအကြောင်း ကျွန်တော်ခေါင်းထဲ ဝင်လာမိပါတယ်။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဒင်မောင်ဝင်း (အသည်း)





Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၂၀)

မလေးရှားနိုင်ငံ ကေအယ်လ်မှာ အလုပ်သွားလုပ်ပြီး ကြီးပွားနေတဲ့ ကိုစိုးမြင့်ဆီကို သွားတဲ့အကြောင်း ရေးနေပါတယ်။

ကေအယ်လ်က ကိုစိုးမြင့် (အဆက်)

ကွန်တော်နဲ့သမီးကြီး မင်းမင်းဝင်းတို့စီးလာတဲ့ ဘတစ်ကားကြီးဟာ မိုးလင်းတော့ ကေအယ်လ် ရောက်ခါနီးလာပါပြီ။ သမီးကြီးက ကွန်တော်တို့ ရောက်တော့မယ်ဆိုတာကို သူ့ဖုန်းနဲ့ ကိုစိုးမြင့်ဆီလှမ်းဆက်လိုက်တော့ ကိုစိုးမြင့်က သူကိုယ်တိုင်ဘတ်စ်ကားဂိတ်ကို လာကြိုမယ်လို့ပြောပါတယ်။ ကွမ်တန်က မနန်စီ (ဒေါက်တာစန်းစန်းလွင်) လည်း ကွန်တော်တို့နဲ့ ကေအယ်လ်မှာ ဆုံဖို့ရောက်နေတယ်၊ သူလည်း ဘတ်စ်ကားဂိတ်ကို လာကြိုမှာလို့လည်း ပြောပါသေးတယ်။ နန်စီက ကွန်တော့်ဇနီး ဒေါက်တာခင်လေးရီနဲ့ အရမ်းရင်းနှီးတဲ့ သူငယ်ချင်းပါ။ သူတို့နှစ်ယောက် ရန်ကုန်ဆေးတက္ကသိုလ်(၁) ခန္ဓာဗေဒဌာနမှာ အတူတူနှစ်ပေါင်းများစွာ လုပ်ခဲ့တာပါ။ နန်စီဟာ တစ်မျိုးလုံးကို ထောက်ပံ့ပေးကမ်းနေရတာ များလွန်းတော့ ပိုက်ဆံပိုရအောင်လို့ဆို အလုပ်ထွက်ပြီး မလေးရှားနိုင်ငံရဲ့ အရှေ့ဘက်ကမ်းမှာရှိတဲ့ ကွမ်တန်ဆိုတဲ့မြို့က ဆေးတက္ကသိုလ် ခန္ဓာဗေဒဌာနမှာ အလုပ်သွားလုပ်နေတာပါ။ နန်စကလည်း ကွန်တော့်လိုပဲ သူ့အတွက်ဆိုဘာမှ မစဉ်းစားဘဲ ညီအစ်ကိုမောင်နှမ အမျိုးအားလုံးကို အားရပါးရ သူရသမျှပိုက်ဆံနဲ့ ထောက်ပံ့ပေးနေတဲ့ သူတစ်ယောက်ပါ။ အိမ်ထောင်လည်း မပြု၊ ငွေတွေစု၊ တူတွေတူမတွေ လိုသမျှကို မတွန့်မတို စိတ်ရှည်လက်ရှည်ကို အကုန်လုပ်ပေးနေတာကို မြင်ရတော့ နန်စီကို ကွန်တော် သိပ်လေးစားမိ ခင်မင်မိပါတယ်။ သူကလည်း ကွန်တော်တို့မိသားစုအပေါ်မှာ သိပ်ကိုတရင်းတနှီး သံယောဇဉ်တွေရှိပြီး ကွန်တော့်သမီးနှစ်ယောက်ကိုလည်း ဆွေမျိုးအရင်းအချာလို ခင်ရှာပါတယ်။ အခုလည်း ကွန်တော်နဲ့ သမီးကြီးတို့ ကေအယ်လ်လာမယ်ကြားတာနဲ့ ကွန်တော်တို့နဲ့ တွေ့ဖို့သက်သက် ကေအယ်လ်ကို လာတာပါ။ ပြီးတော့ သူက ကွန်တော့်ကို သူ့ရဲ့ ကမ်တန်ဆေးတက္ကသိုလ်မှာ အသည်းရောဂါအကြောင်းလည်း လက်ချာတစ်ခုလောက် ပြောပေးဖို့ စီစဉ်ထားတယ်တဲ့။ ကွန်တော် ကေအယ်လ်သွားတာဟာ အပျော်ခရီးလည်ဖို့ပတ်ဖို့ မဟုတ်ဘဲ အလုပ်တာဝန်တွေတသီကြီးနဲ့ပါ။ ဘာလို့လဲဆိုတော့ မိတ်ဆွေတွေဖြစ်တဲ့ ကိုစိုးမြင့်တို့ နန်စီတို့နဲ့တွေ့ဖို့ ချိန်းထားသလို ကေအယ်လ်က အထွေထွေဆေးရုံကြီးက အသည်းနဲ့အစာအိမ်လမ်းကြောင်းဌာနကို သွားလေ့လာဖို့လည်း လုပ်ထားသေးတယ်။ ကေအယ်လ်က

အရမ်းနာမည်ကြီးတဲ့ ဆလိုင်ရာဆေးရုံကိုလည်း သွားရဦးမယ်။ အဲဒီဆေးရုံကြီးဟာ ကွန်ပျူတာတွေကို သုံးထားပြီး လူနာတစ်ယောက် ဆေးရုံတက်တာကနေ ဆင်းတဲ့အထ စက္ကူတစ်ရွက်မှ မသုံးရတဲ့ ပေပါလက်စ် (paperless) ဆေးရုံကြီးပါ။ ဂလက်စ်ဆိုစမစ်ကလိုင်း ကုမ္ပဏီက ဒါရိုက်တာဖြစ်နေတဲ့ ဒေါက်တာ ဌေးဌေးဟန်က အဲဒီဆေးရုံတွေက အသည်းနဲ့အစာအိမ် လမ်းကြောင်း ပါရဂူတွေနဲ့တွေ့ဖို့ အားလုံးစီစဉ်ပေးထားပါတယ်။ ကျွန်တော် အခုပြောသွားတဲ့ ကိုစားမြင့်၊ နန်စီ (ခေါ်) ဒေါက်တာစန်းစန်းလွင်၊ ဒေါက်တာဌေးဌေးဟန်ဆိုတာတွေက နိုင်ငံခြားကို စွန့်စားသွားရောက်ပြီး သိပ်ကို အောင်မြင်နေတဲ့ မြန်မာတွေပါ။ အတုယူရမယ့် အားကျရမယ့် နိုင်ငံခြားရောက် မြန်မာတွေပါ။ သူတို့လို နိုင်ငံခြားမှာ အဆင်ပြေနေတဲ့သူတွေရှိသလို မလေးရှား၊ စကာပူတို့ ထွက်သွားပြီး အဆင်မပြေ ဘဝပျက်နေတဲ့ သူတွေကလည်း အများကြီးပါ။ အဲလို ပြောလို့လည်း နိုင်ငံခြားသွားရမှာကို တွေးကြောက်ပြီး စိတ်အားငယ်စရာ မလိုပါဘူး။ ခုနကပြောခဲ့သလိုပဲ နိုင်ငံခြားမှာ အဆင်ပြေ အခြေချနေနိုင်တဲ့သူတွေ တစ်ပုံကြီးရှိပါတယ်။ အဲလို အောင်မြင်နေတဲ့သူတေကို အတုခိုးနမူနာယူရမှာ။ နိုင်ငံခြားကို ထွက်ပြီ ဆိုကတည်းက အောင်မြင်အောင်လုပ်ရမယ်၊ တစ်စက်မှ မလျှော့ဘူးဆိုတဲ့ ဇွဲ၊ လုံ့လ၊ ဝိရိယနဲ့ သွားရမယ် ဆိုတာကို ပြောချင်တာပါ။ ဒါပေမယ့်လည်း တလွဲဆပင်ကောင်းဆိုတာလို ဖြစ်မနေဖို့လည်း အရေးကြီး ပါသေးတယ်။ ဘာလည်းဆိုတော့ ရန်ကုန်က ထက်သွားပြီဆိုကတည်းက ဇွဲရှိရမယ်၊ မလျှော့ရဘူးဆိုပေမယ့် နိုင်ငံခြားရောက်လို့ အဆင်မပြေသေးလို့ ရှိရင်လည်း ခန မြန်မာပြည် ပြန်လာသင့်ရင် လာရမယ်။ လုပ်သင့်တာကို လုပ်ရမယ်။ အဲလိုမဟုတ်ဘဲ အိမ်ကို လုံးဝမပြန် ချင်လို့ဆိုပြီး ဖြစ်ချင်ရာဖြစ် နိုင်ငံခြားမှာ ဆက်နေမယ်ဆိုတာမျိုးတော့လည်း မလုပ်သင့်ဘူး။ အခြေအနေအရ အချိန်အခါအရ ခနတဖြုတ် ရန်ကုန်ပြန်လာပြီးမှ ပြန်သွားမယ်ဆိုတာမျိုးလည်း စဉ်းစားသင့်ရင် စဉ်းစားရမယ်။ လေဆိပ်မှာ လိုက်ပို့တဲ့သူတွေ တသီကြီးနဲ့ အကြီးအကျယ်နှုတ်ဆက်ပြီး ထွက်လာခဲ့လို့ မြန်မာပြည်ပြန်ရမှာ သိပ်ရှက်တယ်၊ အဲတော့ ခပ်ရှက်ရှက်နဲ့ ဖြစ်ချင်ရာဖြစ်ဆိုပြီး ဘဝကို နိုင်ငံခြား ဇာတ်ရှုပ်ထဲမှာ နှစ်မြုပ်ပစ်လိုက်တဲ့ မြန်မာတွေလည်း အများကြီး တွေ့ခဲ့ဖူးပါတယ်။ အခြေအနေ မကောင်းသေးရင် မီးစင်ကြည့်ကရမယ်။ လုပ်သင့်တာကို လုပ်ရမှာပါဆိုတာကို အလေးအနက်ထားပြီး စဉ်းစားသင့်တယ်ဆိုတာလေး ပြောချင်ပါတယ်။ ဒါကြောင့် နင်ငံခြားသွားမယ့် မြန်မာလူငယ်တွေ အပြည်ပြည်ဆိုင်ရာ ဗဟုသုတရပြီး အစစအရာရာ လိုတာတွေ ပြင်ဆင်နိုင်ဖို့ သိသင့်သိထိုက်တာတွေကို ရေးရဦးမယ်၊ ပြောရဦးမယ်လို့ တွေးမိနေတုန်းမှာ ကျွန်တော်တို့ ဘတ်စ်ကားကြီးဟာ ကေအယ်လ်မြို့ထဲကို ဝင်လာပါတယ်။ မြို့အဝင် မြင်ကွင်းကို ကြည့်လိုကတာနဲ့ ကေအယ်လ်ဟာ တကယ့်ကို အောင်မြင်တိုးတက်ဖွံ့ဖြိုးနေတဲ့ မြို့တော်ကြီးပါလားလို့ ခံစားမိပါတယ်။ ဘာလို့လဲဆိုတော့ ကားတွေကို ကြည့်လိုက်ရင် တကယ့်အကောင်းစား နောက်ဆုံးပေါ် ပုံစံတွေ၊ တိုက်တွေ အိမ်တွေ ဆိုင်တွေ ဟိုတယ်ကြီးတွေရဲ့ ခမ်းနားထည်ဝါမှုဟာလည်း မြင်လိုက်ရတဲ့လူအဖို့ တအံ့တသြဖြစ်စရာ၊ သွားလာ လှုပ်ရှားနေကြတဲ့လူတွေကို ကြည့်လိုက်တော့လည်း

လူပ်ရှားနေကြတဲ့ အလွှာမျိုးစုံ၊ အလုပ်မျိုးစုံနဲ့ ပုံစံတွေကို တွေ့ရတော့ တက်ကြွနေတဲ့ ကေအယ်လ်မြို့ကြီးရဲ့ တဟုန်ထိုးသွားနေတဲ့ အရှိန်အဟုန်ကို ခံစားမိရပါတယ်။ အာရှတိုက်က မြို့ကြီးတိုင်းရဲ့ စတိုင်ဖြစ်နေတဲ့ လမ်းကျပ်တဲ့ ထရပ်ဖစ်ဂျမ်း (traffic jam) ကိုလည်း မြို့ထဲ ဝင်လိုက်တာနဲ့ တွေ့ရတော့တာပဲ။ ဒါပေမယ့် ဘန်ကောက်လောက်တော့ မဆိုးပါဘူး။ ခေါင်းပေါ်မော့ကြည့်လိုက်တော့ ဘတ်စ်ကားတွေအပေါ်မှာ သွားနေတဲ့ မိုနိုရေးလ် (monorail) ပို့ဆောင်ရေး ရထားလေးတွေ ချစ်စရာအရောင်လေးတွေ ချယထားပြီး အရုပ်ကလေးတွေလို သွားနေတာကို တွေ့ရပါတယ်။ ဒါက ထရပ်စ်ဖစ် ပြဿနာကို တစ်တပ်တစ်အားကူညီပြီး ဖြေရှင်းဖို့ စီစဉ်ထားတာပါ။ ကေအယ်လ်မြို့ထဲ ရောက်တော့ စိတ်ဝင်စားစရာတစ်ခု တွေ့ရတာက အင်းစိန်ထောင်လို ထောင်ကြီးတစ်ခုကို မြို့လယ်ခေါင်မှာ တွေ့ရပါတယ်။ ထောင်ကြီးကိုကျော်ပြီး ကွေ့လိုက်တာနဲ့ ဘတ်စ်ကားဂိတ်ကြီး ရောက်သွားပါတယ်။ လက်ပြပြီးကြိုဆိုနေတဲ့ ကိုစိုးမြင့်နဲ့ နန်စီတို့ကို အဝေးကပဲ လှမ်းမြင်ရပါတယ်။ ဘတ်စ်ကားကြီးလည်း ထိုးရပ်လိုက်ရော သမီးကြီးနဲ့ ကျွန်တော် အိတ်ကိုယ်စီဆွဲပြီး ကားပေါ်က ဆင်းလိုက်ကြပါတယ်။ ကိုစိုးမြင့်နဲ့ မတွေ့တာ နှစ်တော်တော်ကြာခဲ့ပေမယ့် ကိုစိုးမြင့်ရဲ့ပုံစံကတော့ ဒီအတိုင်းပါပဲ။ ဝလည်း မလာ၊ ပိန်လည်း မသွား၊ ရှပ်လက်ရှည်နဲ့ ဘောင်းဘီရှည် ဝတ်ထားပြီး ခါးကြားမှာ ဟန်းဖုန်းနဲ့ တကယ့်ကေအယ်လ် မြို့သားပုံစံ ပေါက်နေပါပြီ။ နန်စီကတော့ ခပ်ရိုးရိုးကြီး မြန်မာစတိုင် မြန်မာအကျီ၊ ထမီနဲ့ပဲ။ နင်ငံခြားရောက်လို့ဆိုပြီး စကပ်မဝတ်၊ ဘောင်းဘီမဝတ် သူ့လက်ထဲမှာ အိတ်တစ်အိတ်ဆွဲထားတယ်။ သူလည်း အခုမနက်မှ ကေယ်အယ်ကို ရောက်တာတဲ့။ ကိုစိုးမြင့်က ကျွန်တော်တို့ကို အားရဝမ်းသာ နှုတ်ဆက်ပြီး "လာ ကိုဝင်း ကျွန်တော်တို့ ကားက ကားပါကင်မှာ ရပ်ထားတယ်" ဆိုပြီး ကျွန်တော လက်ထဲက အိတ်ကို ဆွဲယူသွားပြီး ရှေ့က ထွက်သွားပါတယ်။ ကျွန်တော်တို့တတွေ စကားတွေ တပြောပြောနဲ့ ကိုစိုးမြင့် ကားဆီရောက်သွားပါတယ်။ သူ့ကားက ခပ်လပ်လပ် တိုယိုတာ ဆလွန်းကားလေးပါ။ ကိုစိုးမြင့်က ဘာပြောလဲဆိုတော့ "ဒီမှာ ကားခိုးတာ သိပ်များတယ်။ ကားပျောက်သွားရင် ရှာမတွေ့တော့တာ များတယ်။ ပြီးတော့ ကျွန်တော်ကလည်း ကားကို ရပ်ချင်တဲ့နေရာမှာ ရပ်ချင်သလို ရပ်ခဲ့တာဆိုတော့ ကားသိပ် အကောင်းကြီး မစီးဘူး" တဲ့။ ဒါပေမယ့် သူ့ကားက ကျွန်တော်တို့ဆီမှာဆိုရင်တော့ အတော်ကြီး ကောင်းတယ်လို့ ခေါ်ရမှာပါ။ ကိုစိုးမြင့်က "အစ်ကိုတို့လာတဲ့အချိန်က တကယ့်ကို ကျပ်တဲ ပတော်ရက်ဖြစ် နေတယ်။ ဒေဝါလီနဲ့အစ်နဲ့ တစ်ပြိုင်နက်ထဲဖြစ်နေတော့ အခန်းအားတဲ့ ဟိုတယ်ကောင်းကောင်းကို ဘယမှာမှ ရှာလို့မရဘူး။ ဟိုတလောက မခင်လေးရီတို့ လာတုန်းက တည်းသွားတဲ့ ဟိုတယ်ကလည်း လူအပြည့်ပဲ။ နောက်ဆုံးကျွန်တော် ရှာလို့ရတဲ့ဟိုတယ်အသေးလေးတစ်ခုမှာ ကိုဝင်းတို့တည်းဖ. စီစဉ်ထားတယ်။ ဘယ်လိုမှတော့ စိတ်မရှိပါနဲ့၊ ဒီနေ့တစ်ရက် သည်းခံပြီး နေလိုက်နော်၊ နောက်တစ်နေ့ရောက်ရင် ကောင်းတဲ့ ဟိုတယ်ကို ပြောင်းပေးပါမယ်။ အခု ကျွန်တော်လုပ်ထားတာက ဟိုတယ်လေးဆိုပေမယ့် ဟိုတယ်အဆင့်ကို

မရှိဘူး။ ရန်ကုန်အခေါ်ဆိုရင် တည်းခိုခန်းပဲပေါ့။ တစ်ရက်ပဲ ကိုဝင်းရာ နေလိုက်ပေါ့နော်" လို့ ပြောပါတယ်။ ကျွန်တော်ကလည်း "ရပါတယ် ကိုစိုးမြင့်ရာ၊ ဘယ်လိုတည်းရတည်းရ ဖြစ်ပါတယ်" လို့ပြောလိုက်ပါတယ်။ အဲဒီနောက် သူ့ကားလေးနဲ့ သွားလိုက်ကြပါတယ်။ ကျွန်တော်တို့ကို ကေအယ်လ်အကြောင်း ပြောပြရင်း ကိုစိုးမြင့် ကားမောင်းသွားလိုက်တာ ကေအယ်လ် မြို့လယ်ပိုင်းကျတဲ့ ဘူးကစ်ဘင်တန်းလမ်းမကြီးပေါ်က သူပြောထားတဲ့ တည်းခိုခန်းအသေးလေးကို ရောက်သွားပါတယ်။ ရုဆက်ရှင်မှာ ချက်အင်လုပ်ပြီး (၃)ထပ်မှာရှိတဲ့ အခန်းလေးထဲကို ရောက်သွားတော့ တစ်ယောက်အိပ် ကုတင်လေးတစ်လုံးနဲ့ ရေချိုးခန်း၊ အိမ်သာပါတဲ့ သပ်သပ်ရပ်ရပ် ဖွဲ့စည်းတည်ဆောက်ထားတဲ့ အခန်းလေးကို တွေ့ရပါတယ်။ အဲယားကွန်းလည်း ရှိတယ်၊ အခန်းအနားအဆင်အပြင် မသားနားပေမယ့် အဓိက လိုအပ်ချက်တွေ ပြည့်စုံတော့ "ဟိုတယ်လေးက မဆိုးပါဘူး ကိုစိုးမြင့်ရယ်၊ ဖြစ်ပါတယ်" လို့ ကျွန်တော်က ပြောလိုက်ပါတယ်။ အဲလို ကိုစိုးမြင့်က အခန်းလေး ကျဉ်းလို့ အားနာတဲ့အကြောင်း ပြောနေတဲ့အချိန်မှာ နန်စီက ဘယ်လို ပြောလိုက်လဲ ဆိုတော့ "ဒို့ မောင်နှမတွေပဲ ဒီအခန်းမှာ သုံးယောက်အတူ အိပ်ကြရအောင်၊ ကိုခင်မောင်ဝင်းက ကုတင်ပေါ်အိပ်၊ နန်စီနဲ့ မင်းမင်းက ကြမ်းပေါ်မှာ အိပ်မယ်၊ ဒို့ မွေ့ယာတစ်ခု အပိုတောင်းလိုက်မယ်"လို့ ပြောပါတယ်။ သမီးကြီးလည်း "ဟုတ်တယ်၊ အန်တီ နန်စီ ဘယ်မှ သွားမနေနဲ့ သမီးတို့နဲ့ တစ်နေရာထဲ နေရတာကောင်းတယ်၊ ဘယ်သွားသွား စီစဉ်ရတာလွယ်မယ်။ ဖိုးခွားကြီးပါ လှမ်းခေါ်လိုက်ဦးမယ်" တဲ့။ တစ်ယောက်တောင် ကျဉ်းပါတယ်လို့ ကိုစိုးမြင့် ပြောတဲ့အခန်းထဲမှာ လေးယောက်အိပ်ရမယ့် ဇာတ်လမ်းတော့ ဖြစ်သွားပါပြီ။ ဖိုးခွားဆိုတာက ကျန်တော့်ညီ မောင်တင့်လွင် (အင်ဂျင်နီယာချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)ရဲ့ သား၊ မောင်သက်လွင်ဦးပါ။ သူက ကေအယ်လ်မှာ ကျောင်းတက်နေတာ (၂)နှစ်လောက်ရှိပြီ။ သူလည်း ကျွန်တော် ရောက်တယ်ကြားတော့ လာချင်မှာပဲ၊ သမီးကြီးက ချက်ခြင်းပဲ "ဖိုးခွား မင်းလာခဲ့တော့ မကြီးမင်းတို့ ဟိုတယ်အခန်းထဲရောက်နေပြီ၊ အန်တီနန်စီလည်း လာတယ်၊ ဒို့ လေးယောက်တစ်ခန်းထဲ အိပ်ကြတာပေါ့" ဆိုပြီး ဖုန်းဆက်လိုက်တယ်။ ကျွန်တော်တို့ ပစ္စည်းတွေချပြီး တစ်ယောက်တလှည့် ရေမိုးချိုးကြတယ်။ အဲဒီနောက် ကိုစိုးမြင့်နဲ့အတူ ဘရိတ်ဖတ်စ်စားဖို့ ထွက်ခဲ့ကြပါတယ်။ ကိုစိုးမြင့်က "ကိုဝင်း ဘာစားချင်လဲ" လို့မေးတော့ "တရုတ်စာပဲ ကောင်းပါတယ်" လို့ ကျွန်တော်က ပြောလိုက်ပါတယ်။ ကိုစိုးမြင့်က "တရုတ်တန်းက ဒီနားလေးတင် လမ်းလျှောက်သွားလို့ရတယ်၊ အစားလည်း အရမ်းစုံတယ်" လို့ပြောပါတယ်။ သမီးကြီးကတော့ ကေအယ်လ်ကို မကြာမကြာရောက်ဖူးတဲ့သူဆိုတော့ "ဟုတ်တယ်ဖေကြီး၊ ကေအယ်လ်တရုတ်တန်းက စားစရာတွေဟာ စက််ပူထက် အမျှားကြီးပိုကောင်းတယ်၊ သမီးတို့ ပါးစပ်နဲ့အရမ်းလိုက်တယ်၊ ပြီးတော့ ဘယ်ဆိုင်သွားသွား မြန်မာအလုပ်သမားချည်းပဲ၊ မွန်တွေများတယ်" လို့ပြောပါတယ်။ ဒါပေမယ့် အချိန်လည်း


သိပ်မရတာနဲ့ ညရောက်မှ တရုတ်တန်းသွားစားတော့မယ်ဆိုပြီး တရုတ်တန်းအစပ်နားက လှော်ရည်ဆိုင်တစ်ဆိုင်မှာ ကိုယ်ကြိုက်ရာ ကိုယ်မှာစားကြပါတယ်။ ဆီချက်ခါက်ဆွဲ၊ အီကြာကွေး မှာစားကြတာ တော်တော်လေး အရသာတွေ့ပါတယ်။ အဲလို စားပြီးတော့ မလေးရှားက လှော်ရည်မြည်းကြည့်လိုက်ဦးမယ် ဆိုပြီး ကျွန်တော်က လှော်ရည်တစ်ခွက်မှာသောက်ပါတယ်။ မြန်မာပြည် လှော်ရည်နဲ့ နည်းနည်းလေးတူတယ်။ ဒါပေမယ့် ကျွန်တော်တို့ ရန်ကုန်က လှော်ရည်လောက် သောက်လို့မကောင်းဘူး၊ အကျနည်းတယ်လို့ပဲ ပြောရမှာပေါ့။ လှော်ရည်ကို ကျွန်တော်တို့လို သိပ်ကြောကြောနှပ်ထားပုံမပေါ်ပါဘူး။ ပြီးတော့ ကျွန်တော်တို့ဆီမှာလို လှော်ရည်မှာရင် ချိုပေါ့ကျ၊ ပေါ့ဆိမ့်၊ ပေါ့ချို၊ ချိုပြင်း၊ ကျဆိမ့် စတဲ့ ရှုပ်ထွေးလှတဲ့ လှော်ရည်အမျိုးအစားတွေ မရှိဘူး။ လှော်ရည်လို့ပြောလိုက်ရင် တစ်မျိုးပဲ။ ဒါနဲ့စားသောက်ပြီး ပိုက်ဆံရှင်းလိုက်တော့ စက်ာပူက ဆိုင်တွေထက် အများကြီးသက်သာနေတာကို တွေ့ရပါတယ်။ ကြုံတုန်း ပြောရရင် မလေးရှားနိုင်ငံရဲ့ ငွေကို ရင်းဂစ် (ringgit) လို့ခေါ်ပါတယ်။ ငွေကြေးလဲလှယ်နှုန်းကို ပြောရရင် စက်ာပူဒေါ်လာထက် ထက်ဝက်တန်ဖိုး လျော့ပါတယ်။ ဆိုလိုတာက စက်ာပူဒေါ်လာတစ်ရာကို လဲလိုက်ရင် မလေးရင်းဂစ် နှစ်ရာရပါတယ်။ မလေးရှားဟာ စက်ာပူနဲ့စာရင် အစစအရာရာ ဈေးသက်သာပါတယ်။ ဒါပေမယ့် ပစ္စည်းဝယ်မယ်ဆိုရင်တော့ အတုပေါလို့ ဂရုစိုက်ရပါမယ်လို့ ကိုစိုးမြင့်က ပြောပါတယ်။ သူကတော့ ကေအယ်လ်မှာ (၁၀)နှစ်ကျော်ကြာပြီ ဆိုတော့ မလေးရှားအကြောင်းတော့ ကျွမ်းနေပါပြီ။ ကျွန်တော် အအံ့ဩဆုံးကတော့ (၁၀)နှစ်လောက် အတွင်းမှာ ကိုစိုးမြင့်ဟာ တရုတ်လို၊ မလေးလို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်ဆိုနိုင်နေတာပါပဲ။ အင်္ဂလိပ်စကားကတော့ အစကတည်းက ပြောတတ်ပြီးသားဆိုတော့ ကေအယ်လ်မှာ ဒီလောက်နေလာ ပြီးတဲ့နောက် အင်္ဂလိပ်လို အတော်ကို ကျွမ်းသွားပြီပေါ့။ ဒါပေမယ့် ခုနကပြောသလို တရုတ်လိုနဲ့ မလေးလို သွက်သွက် လက်လက်ကြီးကို ပြောနိုင်တာဟာ လူတိုင်းက လက်ဖျားခါလောက်တဲ့ သူ့ရဲ့အရည်အချင်းတစ်ရပ်ပါ။ အခုတော့ ကိုစိုးမြင့်ဟာ မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ မလေး ဘာသာစကားလေးမျိုး ပြောနိုင်ဆိုနိုင်ဖြစ်နေတော့ ကေအယ်လ်မှာ ဘယ်သွားသွား အဆင်ပြေတာပေါ့။ ကိုစိုးမြင့်က ကျွန်တော်တို့ကို ပြောတာက ကေအယ်လ် ရောက်တဲ့သူတိုင်း ပထမဆုံးလုပ်ရမှာကတော့ KLCC မျှော်စင်ကြီးကို တက်ရမှာပါတဲ့။ မလေးရှားနိုင်ငံ ပက်ထရိုနတ်စ်ရေနံ ကုမ္ပဏီက ဆောက်ထားတာပါ။ KLCC တွင်တာဝါကြီးဟာ မလေးရှားနိုင်ငံရဲ့ အင်းမိတ်ချ် (image) ပါ။ မလေးရှားနိုင်ငံရဲ့ ဂုဏ်ယူစရာ (Pride of Malaysia) ပါ။ မလေးရှားနိုင်ငံသွားရင် အမှတ်တရ လက်ဆောင်ပစ္စည်း ဆူဗီနီယာ (souvenir) လေးတွေတိုင်းမှာ KLCC တာဝါပုံပါပါတယ်။ အဲဒါကြောင့် KLCC ကို မသွားမဖြစ်သွားရမှာပါတဲ့။ KLCC တာဝါကို တက်ခွင့် တစ်နေ့ လူဘယ်နှစ်ယောက်ဆို သတ်မှတ်ထားတော့ တာဝါပေါ်တက်ချင်ရင် ဘွတ်ကင်ကြိုလုပ်ရပါတယ်တဲ့။ ပြီးတော့မှ ဘွတ်ကင်နံပါတ်နဲ့ လက်မှတ်ဝယ်ရတာပါတဲ့။ ကိုစိုးမြင့်က သူကြိုပြီးဖုန်းဆက် ဘွတ်ကင်လုပ်ထားတယ်ဆိုပြီး ကျွန်တော်တို့ကို KLCC ကို ခေါ်သွားပါတယ်။ အဲဒီရောက်သွားတော့ အံ့မခန်းကြီးကျယ်

ခန်းနားလှတဲ့ တာဝါရဲ့ မြေညီထပ်မှာရှိတဲ့ ဟောကြီးနဲ့ ရှော့ပင်မောကြီး လုပ်ထားတာကို တွေ့ရပါတယ်။ တာဝါရဲ့ အပေါ်အထပ်တွေကိုမှ ရုံးခန်းတေ လုပ်ထားတာပါ။ ကျွန်တော်တို့က ပထမဆုံး တာဝါပေါ်တက်မယ်ဆိုပြီး လက်မှတ်တန်းစီပြီး တက်လိုက်ကြပါတယ်။ တွင်တာဝါလို့ခေါ်တဲ့ တာဝါတိုင်နှစ်ခုရဲ့အလယ်မှာ တာဝါတိုင်နှစ်ခုကို လူသွားလမ်းလေးနဲ့ ဆက်ထားတဲ့နေရာအထိ တက်ခွင့်ရပါတယ်။ အဲဒီ လူသွားလမ်းစကြိန်လေးဟာ တကယ်တော့ တွင်တာဝါနှစ်ခုကို ခိုင်ခန့်အောင် ထိန်းထားတဲ့ အင်ဂျင်နီယာ တည်ဆောက်မှုတစ်ခုပါ။ အဲဒီနေရာလေးရောက်ရင် အလယ်မှာ လမ်းလျှောက်သွားပြီး ကေအယ်လ်မြို့ရဲ့မြင်ကွင်းကို လှမ်းမျှော်ကြည့်ကြ၊ ဓါတ်ပုံ၊ ဗီဒီယိုရိုက်ကြနဲ့ ကျွန်တော်တို့လို တိုးရစ်တွေ အလုပ်ရှုပ်ကြတာပေါ့။ ခနနေတော့ နောက်တိုးရစ်တစ်သုတ် ပါလာတဲ့ ဓါတ်လှေခါးရောက်လာပြီး အပေါ်ကရှိပြီးသား အသုတ်က ပြန်ဆင်းရတာမို့လို့ ကျွန်တော်တို့ အောက်ကိုပြန်ရောက်လာကြပါတယ်။ တာဝါပေါ်တက်လိုက်ရတယ်ဆိုတာ ဘာမှတော့ မဟုတ်ပါဘူး။ KLCC တာဝါပေါ် တက်ဖူးတယ်ပေါ့။ လူတွေရဲ့သဘောသဘာဝဟာ ဒီလိုပါပဲ။ ဟိုဟာ လုပ်ဖူးတယ်၊ ဒီဟာလုပ်ဖူးတယ်ဆိုတာ ဂုဏ်ယူချင်ကြတယ်၊ ကြွားချင်ကြတယ်။ တစ်ချိန်က ကမ္ဘာပေါ်မှာ အမြင့်ဆုံးလို့ ကျွေးကြော်ခဲ့တဲ့ KLCC ကို ကျွန်တော်တို့ ရောက်ဖူးခဲ့ပြီပေါ့။ မြန်မာပြည်က ကြော်ငြာတွေ သွားရိုက်ကြတဲ့ နေရာဆိုတော့ TV မှာ KLCC ပုံနဲ့ ကြော်ငြာလာရင် "ငါရောက်ဖူးခဲ့တယ်လေ" လို့ ပြောလို့ရပါပြီ။ ကျွန်တော်ကတော့ ကမ္ဘာအနှံ့ ခရီးအတော်များများလေး သွားဖူးတယ်၊ အသက်လေးလည်း ရလာတယ် ဆိုတော့ ဘယ်နိုင်ငံသွားသွား ဟိုဟာကြည့်ချင်တယ်၊ ဒီဟာကြည့်ချင်တယ်ဆိုတဲ့စိတ်တွေ သိပ်မရှိတော့ပါဘူး။ အခုလို လိုက်ပို့တဲ့လူရှိတော့လည်း ထူးထူးခြားခြား နေရာလေးတွေကို ရောက်ဖူးအောင် သွားရတာပေါ့လေ။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခခင်မောင်ဝင်း (အသည်း)


Malaisie © 2004 voyagevirtuel.info


malaysia
LAVATORY SERVICING
11219

Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၂၁)

မလေးရှားနိုင်ငံ ကေအယ်လ်မှာ အလုပ်သွားလုပ်ပြီး ကြီးပွားနေတဲ့ ကိုစိုးမြင့်ဆီကို သွားတဲ့အကြောင်း ရေးနေပါတယ်။

ကေအယ်လ်က ကိုစိုးမြင့် (အဆက်)

KLCC တာဝါကြီးပေါ်ရောက်တော့ အငယ်တုန်းက ကျွန်တော့်ရဲ့ဇာတိ အညာတောက ဝမ်းတွင်းမြို့မှာနေခဲ့တဲ့ ကျွန်တော် ကလေးဘဝအကြောင်းတွေကို စဉ်းစားမိပါတယ်။ အထူးသဖြင့် KLCC မျှော်စင်က မြင်ကွင်းတွေ မြင်ရတော့ မြို့အဝင် သိမ်တောင် တောင်ကုန်းလေးပေါ်က တောရစာသင်တိုက်နားမှာရှိတဲ့ မျှော်စင်လိုလို ဘာလိုလို ဘာမှန်းမသိ ဆောက်ထားတဲ့ နှစ်ထပ်တိုက်အပျက်လေးပေါ် တက်တာကို သွားသတိရမိတယ်။ သိမ်တောင်ကိုသွားပြီး ဘုရားဖူး၊ အလှူလုပ်ကြတဲ့သူတွေဟာ ဘာလဲ့မှန်းမသိဘူး သိမ်တောင်ရောက်ရင် အဲဒီ နှစ်ထပ်တိုက်အပျက်လေးပေါ်ကို တက်ကြပါတယ်။ အဲဒီနှစ်ထပ်တိုက်လေးဟာ အောက်ထပ်မှာပဲ နံရံရှိပြီး အပေါ်ထပ်မှာတော့ ဟင်းလင်းပြင်၊ လေတဟူးဟူးနဲ့ အမိုးလေးတော့ရှိပါရဲ့။ အဲဒီတိုက်ရဲ့ အပေါ် ကပြင်လေးပေါ်ကနေ ကြည့်လိုက်ရင် ဝမ်းတွင်းမြို့ တစ်မြို့လုံးကို မြင်ရတဲ့မြင်ကွင်းဟာ တော်တော်ကို ကြည့်လို့ကောင်းပါတယ်။ သိမ်တောင်ဆိုတာက မိတ္ထီလာကလာရင် ဝမ်းတွင်းမြို့အဝင်မှာ တော်တော်လေးမြင့်တဲ့ တောင်ကုန်းလေးတွေပေါ်မှာရှိတဲ့ နာမည်ကြီး စာသင်တိုက်ပါ။ အဲဒီလို တောင်ကုန်းတွေထဲမှာမှ အမြင့်ဆုံးတောင်ကုန်းလေးပေါ်မှာရှိတဲ့ ခုနကပြောခဲ့တဲ့ နှစ်ထပ်မျှော်စင်တိုက်လေးပေါ်က ကြည့်ရတာဆိုတော့ ဝမ်းတွင်းမြို့တင်မကဘူး ဝမ်းတွင်းမြို့ပတ်ဝန်းကျင်တစ်ခုလုံး (Wundwin and its environs) ကို မြင်ရတာပါ။ နတ်ကန်၊ ရေဆုံးဆိုတဲ့ ရွာလေးတွေကပါ အဝေးက လှမ်းမျှော်ကြည့်လို့ရတာ။ အညာရဲ့ရှုခင်းဆိုတော့ အပင်ကြီးတွေ မရှိဘဲ ချုံပုတ်ငယ်လေးတွေ၊ အင်္ဂလိပ်လို ကကတပ်စ် (Cactus) လို့ခေါ်တဲ့ ရှားစောင်းပင်တွေနဲ့ ပျံ့ပြူးတဲ့ လွင်ပြင်ကျယ်ကြီးကို မြင်ရတာပါ။ ဟိုနား ဒီနားမှာ ကျို့တို့ကျဲတဲ ထနောင်းပင်၊ ထန်းကြီးပင်တွေကို တွေ့ရပါမယ်။ ထန်းပင အုပ်စုလေးတွေကိုလည်း တချို့နေရာမှာ မြင်ရမယ်။ အညာဆိုပေမယ့် ကျောက်ပန်းတောင်းဘက်မှာလို ထန်းတောကြီးတွေတော့ မရှိပြန်ဘူး။။ လယ်ကွင်း စိမ်းစိမ်းစိုစိုတွေလည်း မတွေ့ရဘ ခြောက်သွေ့နေတဲ့ မြေနီအကွက်တွေပဲ တွေ့ရပါမယ်။ မးလေး နည်းနည်း ကျပြီးရင်တော့ ပြောင်း၊ နှမ်း၊ ပဲခင်းစိမ်းစိမ်းလေးတွေ တွေ့ရမှာပေါ့။ ကျွန်တော်တို့ လူငယ်တွေဟာ သိမ်တောင်ရောက်တိုင်း အဲဒီတိုက်ပျက်လေးပေါ်ကို တက်ကြ ပြေးကြဆော့ကြနဲ့ တစ်ခါတလေ

မောသွားတောမှ တိုက်ပေါ်ကမြင်ရတဲ့ တမျှော်တခေါ် ပျံ့ပြူးနေတဲ့ အညာရှုခင်းကို ငေးမော ထိုင်ကြည့်ကြ တယ်။ အမေက နှစ်စဉ် သိမ်တောင်မှာ ဆွမ်းကျွေးတယ်၊ မုန့်တီကို ကိုယ်တိုင်လုပ်ပြီး ကပ်တယ်ဆိုတော့ ကျွန်တော်တို့ ညီအစ်ကိုတွေ အမျိုးတွေ သိမ်တောင်ကို အနည်းဆုံးတစ်နှစ် တစ်ခေါက်လောက် ရောက်ကြပါ တယ်။ အမေတို့ လူကြီးတွေ တရားနာပြီဆိုတာနဲ့ ကျွန်တော်တို့တစ်သိက် ဘုန်းကြီးကျောင်းထဲက လစ်ပြီး အဲဒီတောင်ကုန်းထိပ်က တိုက်ပျက်ဆီကို ပြေးကြပါတယ်။ KLCC တာဝါပေါ်မှာ (၁၀)မိနစ်လောက်နေ KL တစ်မြို့လုံးကို ကြည့် ပြီး အချိန်စေ့တာနဲ့ ဆင်းပါဆိုပြီး ပြန်ဆင်းရတာ။ ကျွန်တော်ပြောနေတဲ့ သိမ်တောင်က ကုန်းမြင့်ပေါ်က တိုက်ပျက်ပေါ်မှာရောက်တော့ ကျွန်တော်တို့တတွေ စိတ်တိုင်းကျ ထိုင်၊ စကားပြော အပေါ်တက် အောက်ဆင်း၊ ဝမ်းတွင်းမြင်ကွင်းကို ဘက်ပေါင်းစုံကြည့်၊ တိုက်လိုက်တဲ့လေကလည်း တဟူးဟူး တစ်ဝုန်းဝုန်းနဲ့ တစ်ခါတလေ အရမ်းကို လေတိုက်ကြမ်းလွန်းတော့ တိုင်တွေကို ကိုင်ထားရတယ်။ ပြီးတော့ KLCC ပေါ်မှာ လုပ်မရပေမယ့်လို့ သိမ်တောင်ကုန်းပေါ်က တိုက်ပျက်လေးမှာ လုပ်ရတာ တစ်ခုရှိသေး တယ်။ မီးသွေး၊ မြေဖြူ။ ခဲတံ၊ ဘောပင်၊ ရရာနဲ့ စာမျိုးစုံရေးကြတယ်။ "၁-၁၂-၆၃ ငါတို့ရောက်ခဲ့တယ်" "အပတ်စဉ် (၁၂) ရဲသင်တန်း" "ကိုယ်ပိုင်နံပါတ်..... တပ်ရင်း.....၊ တပ်သား မောင် ....." "သိမ်တောင်ပေါ်က မောင်လူခေါ" "မချို မင်းကို သိပ်ချစ်တဲ့ မောင်" ... စုံလို့ပါပဲ။ စာတမ်းမျိုးစုံကို တိုက်ပျက်ရဲ့ နံရံအနှံ့၊ ထုတ်တန်း၊ သစ်သားဘောင်၊ တံခါးရွက် အကုန်လုံးမှာ ရေးထားတာတွေကို တွေ့ရတယ်။ (၁၉၆၀) ပတ်ဝန်းကျင်တုန်းက ဝမ်းတွင်းမြို့မှာ သိမ်တောင်စာသင်တိုက်ဟာ နာမည်ကြီးပါ။ သံဃာတော် စာသင်သားအပါး ၁၀၀ကျော်နဲ့ တိုက်အုပ်ဆရာတော်ကြီး ကိယ်တိုင်ခေါင်းဆောင်ပြီး သိမ်တောင်ကနေ ဝမ်းတွင်းမြို့ထဲအရောက် မနက်တိုင်း တန်းစီလှည့်ပြီး ဆွမ်းခံတာ အရမ်းကြည်ညိုစရာပါ။ မြန်မာပြည်အနှံ့အပြားမှာ ဝမ်းတွင်းမြို့နယ် သိမ်တောင်စာသင်တိုက်ဆိုတာ နာမည်ကြီးပါတယ်။ တောင်ကုန်းတွေ၊ လျှိုတွေ၊ ချောင်တွေထဲမှာ ဘုန်းကြီးကျောင်းတွေ အများကြီးရှိတာပါ။ စစ်ကိုင်းတောင်က ချောင်တွေလိုပဲ သံဃာတော်တွေ တောရိပ်တောင်ရိပ်၊ လူတွေမြောင်တွေကြားမှာ တရားအားထုတ် နေကြတာကို တွေ့ရတော့ သိပ်ကို စိတ်ကြည်နူးဖို့ကောင်းပါတယ်။ ဒါကြောင့် သိမ်တောင်တိုက်ကို လာကြတသူတွေဟာ ဝမ်းတွင်းမြို့ကတင် မဟုတ်ဘူး၊ မြန်မာပြည်အနှံ့အပြားက ဒေသပေါင်းစုံ၊ လူပေါင်းစုံ၊ ကုန်သည်၊ ဝန်ထမ်း၊ လက်နကကိုင်အဖွဲ့အစည်း တော်တော်လာကြ၊ တရားအားထုတ်တဲ့အလုပ် လုပ်ကြတာ။ အဲဒါကြောင့် ကျွန်တော်တို့ လူငယ်တစ်သိုက် သိမ်တောင်မှာ စခန်းချတဲ့ တောင်ကုန်းပေါ်က တိုက်ပျက်မှာ အရပ်ပေါင်းစုံကလာတဲ့ လူပေါင်းစုံရဲ့ ခံစားချက်၊ မှတ်တမ်းတင်ချင်တာတွေကို မီးသွေး၊ မြေဖြူ၊ ခဲတံ၊ ဘောပင်နဲ့ ရေးထားတာကို စုံစုံလင်လင် တွေ့ရပါတယ်။ ကျွန်တော်တို့တတွေ အသက်ကလည်း ငယ်သေးတော့ အဲဒီစာတွေကို လိုက်ဖတ်ရတာကိုက ကျွန်တော်တို့အတွက် အရသာပါ။ တစ်ယောက်နဲ့ တစ်ယောက် ငြင်းကြခုန်ကြ "ဒီစာက ဝမ်းတွင်းတောင်ပိုင်းက ကိုငြိမ်းမောင်ကြီးရေးတာ ဖြစ်နိုင်တယ်ကွ"

"ဒီမှာ လာကြည့်စမ်း၊ ငါတို့ သဲတောဝမ်းတွင်းကျောင်း (၉)တန်းက ကိုလှမောင်ကြီး သူကြိုက်နေတဲ့ အတန်းထဲက ကောင်မလေးအတွက် စပ်ထားတဲ့ ကဗျာကွ" စသဖြင့်ပေါ့။ အဲလို KLCC မှာ မတွေ့ရနိုင်တဲ့ ခရီးသည် ကလောင်မှတ်တမ်းတွေကို သိမ်တောင်မှာ တွေ့ရနိုင်ပါတယ်။ ကျွန်တော် ကြီးလာလို့ မြန်မာပြည်အနှံ့အပြား နယ်စုံရောက် ဘုရားစုံဖူးတော့ ဘယ်မှာမဆို ဒီလပဲ ဘုရားဖူးလာကြတဲ့သူတွေဟာ သူတို့ရောက်ခဲ့တာကို မှတ်တမ်းတင်တာရှိသလို ရေးချင်တာလေးတွေ စိတ်ထဲမှာ ခံစားရတာတွေအားလုံးကို ရေးတဲ့အကျင့်ရှိတယ်ဆိုတာ တွေ့ရပါတယ်။ အဲလို ရေးကြတာတွေကို အင်္ဂလိပ်လို အနီးစပ်ဆုံး ဘာသာပြန်ရမယ်ဆိုရင်တော့ ဂရပ်ဖိတီ (graffiti) လို့ခေါ်ရမှာပေါ့။ ဂရပ်ဖိတီဆိုတာ အကြမ်းရေးတာလို့ အဓိပ္ပါယ်ရတဲ့ အီတလီစကား ဂရပ်ဖီယ (graffio) က ဆင်းသက်လာတာပါ။ ဂရပ်ဖိတီဆိုတာက အင်္ဂလိပ်လို အဓိပ္ပါယ်ဖွင့်ဆိုထားတာကတော့ Drawing or writing etc., in a public place especially without permission. ဆိုလိုတာက အများပြည်သူ မြင်သာတဲ့အရပ်တွေမှာ ခွင့်ပြုချက်မရဘဲ စာတွေရေး၊ ပုံတွေဆွဲ လုပ်တာကို ခေါ်တာပါ။ ဘယ်သူက ဘယ်ကစခဲ့တယ် ဆိုတာတော့ မသိပါဘူး။ အမေရိကန်တွေကတော့ ဂရပ်ဖိတီဆိုတာ အမေရိကန်နိုင်ငံက စခဲ့တာလို့ ပြောပါ တယ်။ သူတို့ရဲ့ ပထမဦးဆုံးလို့ အသိအမှတ်ပြုထားတဲ့ ဂရပ်ဖိတီကတော့ Le Roy was here ဒီနေရာမှာ လီရွိုင်ရောက်ခဲ့တယ်ဆိုတဲ့ စာကြောင်းပါ။ ဘာမှသာမဟုတ်ပေမယ့် ဒါဟာ အမေရိကန် ဂရပ်ဖိတီ အစနာမည်ကြီးစာကြောင်းပါ။ ဘယ်က ဘယ်လို ဘာအဓိပ္ပါယ်နဲ့ ဂရပ်ဖိတီပေါ်လာခဲ့သလဲ ဆိုတာတော့ မသိပါဘူး။ တဖြည်းဖြည်းနဲ့ ဂရပ်ဖိတီဟာ ဆိုးသွမ်းတဲ့လူတွေ ဖျက်လဖျက်ဆီး လုပ်ချင်တဲ့လူတွေ သုံးတဲ့စနစ်ဖြစ်လာတယ်။ ကျွန်တော်တို့ မြန်မာတွေ ကျောင်းကန် ဘုရားမှာ ခုနပြောသလို စာလေးတွေ ရေးခဲ့ကြတာဟာ အခုခေတ် အနောက်တိုင်းက ဂရပ်ဖိတီနဲ့ လုံးဝကွဲပြားခြားနားပါတယ်။ မြန်မာတွေရောက်ရာအရပ်မှာ ရေးကြတဲ့ဓလေ့မှာ ဖျက်ဆီးချင်တဲ့ ဆိုးတဲ့စိတ် လုံးဝမရှိဘဲ ကိုယ်မှတ်တမ်းတင်ချင်တာလေးတွေကို အဲလို စာလေးတွေနဲ့ ရေးကြတာပါ။ ဒီလိုရေးလိုက်လို့ နံရံမှာ ညစ်ညမ်းသွားမလား ရုပ်ပျက်သွားမလားဆိုတာကို သေချာမသိ နားမလည်ဘဲ ကိုယ့်စိတ်ထဲ ကိုယ်ရေးချင်တာကို ရေးကြတာပါ။ ကျွန်တော်တို့ မြန်မာတွေ ကျောင်းကန် ဘုရားတွေမှာ စာရေးကြတယ်ဆိုတာ မူလ ဂရပ်ဖိတီရဲ့အဓိပ္ပါယ်ဖွင့်ဆိုချက်နဲ့ ကိုက်ညီပေမယ့် လို့ မြန်မာတွေ ဟိုရေးဒီရေး ရေးကြတာဟာ အခုခေတ် ဂရပ်ဖိတီနဲ့ သဘောတရားတော့ လုံးဝမတူပါဘး။ အခုခေတ်မှာတော့ ဂရပ်ဖိတီဟာ ဗင်ဒယ် (vandal) လို့ခေါ်တဲ့ လူဆိုးတွေရဲ့ လုပ်ရပ်ဖြစ်နေပါပြီ။ Vandal ဆိုတာက a person who deliberately destroys or damages public or private property တဲ့။ ဆိုလိုတာက ပုဂလိကပိုင် ဒါမှမဟုတ် အများပြည်သူပိုင်ပစ္စည်းတွေကို ဒီလီဘရိတ်လီး (deliberately) ဆိုတဲ့ တကယ့်ကို ရည်ရွယ်ချက်နဲ့ မတော်တဆမဟုတ်ဘဲ ထိခိုက်ပျက်ဆီးအောင် လုပ်တဲ့လပေါ့။ အဲလို အဓိပ္ပါယ်မရှိ အရာရာကို လိုက်ဖျက်ဆီးတာကို ဗင်ဒယ်လစ်စင် (vandalism) လို့ခေါ်တယ်။ ဥပမာ- အများသုံးတယ်လီဖုန်းကို ရိုက်ချိုးသွားတယ်၊ ပိုက်ဆံလိုချင်လို့လည်းမဟုတ် ဘာမှမဟုတ်ဘဲ သက်သက်ဖျက်သွားတာ၊ ဒါ ဗင်ဒယ်လစ်စင်

ပေါ့။ အခုခေတ် ဂရုပ်ဖီတီဟာလည်း ဗင်ဒယ်လစ်စင် ဖြစ်နေပါပြီ။ ဘာလို့လဲဆိုတော့ အနောက်နိုင်ငံတွေမှာ ဆိုးသွမ်းတဲ့ ဗင်ဒယ်တွေဟာ လက်နဲ့ကိုင်ပြီး ဖိလိုက်ရင် ကာလာမျိုးစုံပန်းထွက်လာတဲ့ ဆေးပူးတွေကို သုံးပြီး နံရံတွေ အုတ်တံတိုင်းတွေ ရထားတွဲတွေကို အကုန်လုံး ပေကျန်နေအောင် ပုံမျိုးစုံရေး၊ စာတွေရေး၊ ကာလာတွေချယ်ကြတာ တကယ့်ရုပ်ပျက်ဆင်းပျက်ပါ။ လွန်ခဲ့တဲ့ (၂)နှစ်က ကျွန်တော်နဲ့ ကျွန်တော့်သားလေး ထူးခိုင်ဝင်းတို့ ပဲရစ်ကို သွားကြတော့ လေဆိပ်ကနေ မြို့ထဲကို ရထားစီးကြတယ်။ လမ်းဘေးမှာ တွေ့တဲ့ အိမ်တေ၊ ဂိုဒေါင်တွေ၊ ရထားတွဲတွေမှာ နေရာလပ်မကျန်အောင် ဆေးရောင်စုံ ဂရုပ်ဖီတီတွေ ရေးထားကြတာ တွေ့ရတယ်။ သားလေးက တအံ့တသြ။ ပြီးတော့ ပဲရစ် မြေအောက်ရထား ဘူတာတွေနဲ့ ရထားသွားတဲ့ နေရာအားလုံးကို ဆေးရောင်စုံ အကြောင်အကြားနဲ့ အဓိပ္ပါယ်မရှိ ရေးချယ်ထားတဲ့ ပုံပျက်၊ ပန်းပျက် ဂရုပ်ဖီတတွေတွေ့ရတော့ သားလေး ပိုပြီး နားမလည်နိုင်အောင် ဖြစ်သွားတယ်။ ဒါဟာတိုးတက်တယ်ဆိုတဲ့ နိုင်ငံတွေရဲ့ ဆိုးဝါးတဲ့ အကျိုးရလဒ်တွေပဲလို့ သားလေးကို ရှင်းပြရတယ်။ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ် စတဲ့အနောက်နိုင်ငံတွေမှာ အိုးမဲ့၊ အိမ်မဲ့ အခြေအနေမဲ့တဲ့ လူတွေက အများကြီး။ အိမ်မရှိ homeless၊ အလုပ်မရှိ jobless ဖြစ်နေတော့ နိုင်ငံတော်ကနေ လူမှုဖူလုံရေး ထောက်ပံ့ငွေ social security fund ပေးတယ်။ အဲတော့ အဲလို အစိုးရဆီကနေ ပိုက်ဆံအလကားရနေတော့ လူတွေက ပိုပြီးအလုပ် မလုပ်ဘဲနေတယ်။ တနေကုန် အရက်သောက်၊ လုပ်ချင်ရာတွေလုပ် ဗင်ဒယ်တွေ ဖြစ်ကုန်တယ်။ အနောက်နိုင်ငံတွေကို သွားမယ်ဆိုရင် ဂရုပ်ဖီတီ တင်မကပါဘူး ဗင်ဒယ်လစ်စင်ရဲ့ ဆိုးကျိုးဖြစ်ရပ်မျိုးစုံကို နေရာတိုင်းမှာ တွေ့နိုင်ပါတယ်။ ရှေ့မှာ ပြောခဲ့သလိုပဲ တယ်လီဖုန်းအိမ် telephone booth လေးတွေကတော့ အဖျက်အဆီး ခံရဆုံးပေါ့။ တွိုင်းလက်တွေထဲမှာ ရေပိုက်ခေါင်းတွေ ချိုးတယ်။ ပန်းခြံထမှာ ထိုင်ခုံတွေကို ဖျက်ဆီးထားတယ်။ လမ်းညွှန်ဆိုင်းဘုတ်တွေကို ချိုးတယ်။ လမ်းဘေးမှာ ရပ်ထားတဲ့ ကားတွေကို မှန်ခွဲတယ်။ တကယ်တော့ တိုးတက်တယ် ဆိုတဲ့ နိုင်ငံတွေမှာ နေရတာဟာ အစစအရာရာ စိတ်မောစရာပါ။ ကျွန်တော် တနှစ်က အမေရိကန် ဆန်ဖရန်စစ္စကိုမြို့မှာ လုပ်တဲ့ အမေရိကန်အသည်းရောဂါ အစည်းအဝေးသွားတက်တော့ မနက် (၇း၀၀)နာရီလောက် ဆန်ဖရန်စစ္စကို မြို့လယ်ခေါင် ဟိုတယ်ကနေ အစည်းအဝေးခန်းမကို လမ်းလျှောက်ရတာဟာ ကြောက်စရာ၊ လန့်စရာဆိုတာ တွေ့ကြုံခဲ့ရပါတယ်။ ကျွန်တော်သွားတဲ့ ဆန်ဖရန်စစ္စကို မြို့လယ်ခေါင် လမ်းမကြီးတလျှောက်မှာ အိမ်မဲ့ ဟုမ်းမလက်စ် homeless တွေဟာ အများကြီးတန်းစီလို့၊ သတင်းစာရောင်းကြ၊ ပိုက်ဆံတောင်းကြ၊ အရက်နဲ့တထောင်းထောင်း၊ ပိုက်ဆံမပေး ပြန်ရင် ကိုယ့်ကို ဒုက္ခပေးတယ်။ သူတို့ရောင်းတဲ့ သတင်းစာမဝယ်ရင်လည်း ရန်မူချင်သေးတယ်။ တော်တော် ကြောက်ဖို့ ကောင်းပါတယ်။ ဒါကြောင့် မနက်အစည်းအဝေးသွားတိုင်း ဟုမ်းမလက်စ်တွေကို ခပ်ဝေးဝေးက ရှောင်ပြီး သွားရတယ်။ ဆန်ဖရန်စစ္စကိုက နံရံတွေ၊ ပန်းခြံထဲက အထိမ်းအမှတ် ကျောက်တိုင်တွေမှာလည်း ဂရုပ်ဖီတီတွေက ပွစိတက်လို့ပဲ။ ဂရုပ်ဖီတီတွေအကြောင်း ဆက်ပြောရဦးမယ် ဆိုရင် တစ်ခါတလေ ရောက်တော့ တစ်ယောက်ထဲ ဂရုပ်ဖီတီမရေးဘဲ အုပ်စုလိုက် ဆေးပူးအရောင်မျိုးစုံ ရုပ်ပုံကြီးတွေ

ဖော်ကြတယ်။ လူရုပ်အကြီးတွေ၊ ညစ်ညမ်းတဲ့ပုံတွေ အများကြီးကို စုံအောင် ရေးထားကြတယ်။ ပြင်သစ်နိုင်ငံက ရထားတွဲတွေပေါ်မှာ ရေးကြတဲ့ ဂရပ်ဖီတီတွေကို ဖျက်ရတဲ့စရိတ်က တစ်နှစ်ကို ဒေါ်လာသန်းနဲ့ချီပြီး ကုန်တယ်လို့ ပြောပါတယ်။ ဒါပေမယ့် ဘယ်လောက်ပဲဖျက်ဖျက် ဂရပဖီတီဖျက်တဲ့နှုန်းက ရေးတဲ့နှုန်းကို လိုက်မမီပါဘူး။ ခုနက ပြောခဲ့တဲ့ ဗင်ဒယ်လ်လူဆိုးတွေဟာ ဟုမ်းလက်စ်၊ ဂျော့ပ်လက်စ်တွေရှိသလို ဟိုက်စကူးကျောင်းသား၊ တက္ကသိုလ် ကျောင်းသားဗင်ဒယ်လ်တွေလည်း ရှိပါသေးတယ်။ ပြင်သစ်နိုင်ငံမှာ ရောက်တော့ ပြဿနာက ပိုပြီးရှုပ်ထွေး သွားပြန်ရော။ ဘာလဆိုတော့ အာဖရိကတိုက်ကလာပြီး ပြင်သစ်နိုင်ငံမှာ အခြေချတဲ့ အီမီဂရင့် (immigrant) တွေဟာ ပြင်သစ်တွေကို တစ်ချိန်လုံး မကျေမနပ်ဖြစ်နေပြီးတော့ ကားဖျက်၊ ရထားဖျက် တွေ့ရာကို တစ်ချိန်လုံး ဖျက်နေတယ်လို့ ကျွန်တော်ထင်မိပါတယ်။ နယူးယောက်လို နေရာမျိုးမှာဆိုရင်တော့ ဂရပ်ဖီတီန့် ဗင်ဒယ်လစ်စင်ဟာ အဆိုးဆုံးပေါ့။ ဒီလို ဗင်ဒယ်လစ်စင်တွေကို ဘယ်လိုကုစားမလဲဆိုတာ သူတို့ အစိုးရတွေလည်း မျိုးစုံစဉ်းစားလုပ်ကြတာပဲ။ ဒါပေမယ့် ဒီလူမှုရေးဒုက္ခဆိုးဝါးမှု ဆိုရယ်အီးဗေးလ် (social evil) တွေကို မထိန်းနိုင်မသိမ်းနိုင်၊ လက်ဝဲလက်ယာ နိုင်ငံရေးပါတီတွေ၊ သမ္မတ၊ ဝန်ကြီးချုပ်ရွေးခါနီးရင် မဲတွေဆွယ်ကြ၊ စည်းရုံးကြ၊ ဆိုရှယ်အီးဗေးလ်တွေကို တိုက်ဖျက်မယ်၊ ဂျော့ပ်လက်စ်၊ ဟုမ်းလက်စ်တွေ ပပျောက်ရမယ်၊ ဗင်ဒယ်လစ်စင် မရှိစေရဘူးဆိုတဲ့ ကြွေးကြော်သံတွေအပြည့်နဲ့။ ဒါပေမယ့် အခုထိတော့ ဘယ်နိုင်ငံမှာမှ သူတို့ နိုင်ငံရေး ကင်ပိန်း (campaign) လပ်တုန်းကပြောတာတွေကို အောင်မြင်အောင် မလုပ်နိုင် ကြသေးပါဘူး။ ဒါတွေကို တွေးမိတော့ မြန်မာနိုင်ငံမှာမွေး၊ မြန်မာတစ်ယောက်ဖြစ်လာရတာ ဂုဏ်ယူဝမ်းသာစရာပါလားလို့ တွေးမိပါတယ်။ ဝမ်းတွင်းမြို့နယ် သိမ်တောင်က တိုက်ပျက်ပေါ်မှာ စာတွေရေးတာဟာ အခုခေတ် အနောက်နိုင်ငံတွေက ဂရပ်ဖီတနဲ့ နည်းနည်းမှ သဘောသဘာဝ မတူပါလားလို့တွေးမိပါတယ်။ KLCC တာဝါပေါ်က ကြည့်လိုက်တော့ ဝမ်းတွင်း သိမ်တောင်ကုန်းပေါ်က ကြည့်လိုက်လို့ မြင်ရတဲ့ တောတောင် သဘာဝမြင်ကွင်းတွေ မဟုတ်တော့ပါဘူး။ မိုးထိမတတ် တစ်တိုက်နဲ့တစ်တိုက် အမြင့်ပြိုင်နေကြတဲ့ မိုးပျံတိုက်တွေကို မျက်စေ့တဆုံး တွေ့ရပါတယ်။ အဲလို တိုက်မြင့်ကြီးတွေကို စကိုင်းစကရိတ်ပါ (skyscraper) လို့ ခေါ်ပါတယ်။ ကျွန်တော်က အကြောင်းအရာ တစ်ခုခုကို ပြောနေရင်း သုံးနှုန်းသွားတဲ့ စကားလုံးတွေထဲမှာ အင်္ဂလိပ်စာလုံးတွေပါရင် အဓိပ္ပါယ်ပြောတယ်၊ အဲဒီစကားလုံးရဲ့ အသုံးအနှုန်းကို သင်ချင်ပြောချင်စိတ် များနေလို့ ကျွန်တော်ရေးတဲ့ စာတွေထဲမှာ ပြောရင်းကနေ ခဏဖြတ်ဖြတ်ပြီး အင်္ဂလိပ်စာလုံး ရှင်းလင်းသင်ကြားချကတွေ ပါတာတွေ့ရပါလိမ့်မယ်။ အဲလိုကြားဖြတ် အင်္ဂလိပ်စာနဲ့ ဗဟုသုတတွေ ရှင်းပြလိုက်ရတော့ မူလရေးနေတဲ့ စာရဲ့ သင်းမ် (theme) ကြီးခနရပ်သွားရင် ခွင့်လွှတ်ပါ။ ကျွန်တော် ဆေးရုံမှာ ရောင်းလှည့်လို့ လူနာအကြောင်း ဆွေးနွေး စာသင်ရင်းကနေ အင်္ဂလိပ်စကားလုံး အသစ်အဆန်းပါလာရင် ဖြတ်ပြီး အင်္ဂလိပ်စာ သင်ပြန်ရော။ အဲလိုလုပ်တာကို တပည့်တွေက "ကြော်ငြာဝင်" တယ်လို့ ပြောကြတယ်။ အကြောင်းအရာတစ်ခုကို ပြောနေရင်းက ခဏ ရပ်သွားပြီး ကြားဖြတ်အင်္ဂလိပ်စာတွေကို သင်၊ အသံထက်

တွေပြော၊ ကျွန်တော့်ရဲ့ လူငယ်ပရိသတ်အတွက် စေတနာတွေနဲ့ ရေးနေရလို့ အဲလိုဖြစ်တာပါ။ လူငယ်တွေ နိုင်ငံခြားသွားမယ်၊ နိုင်ငံခြားသားတွေနဲ့ တွေ့မယ်၊ လေယာဉ်စီးမယ်၊ အဲလို အပြည်ပြည်ဆိုင်ရာ သွားလာ ဆက်သွယ်ရေးကိစ္စ နေရာတကာမှာ အသုံးဝင်နိုင်မယ့် အင်္ဂလိပ်စကားလုံးတွေရဲ့ အဓိပ္ပါယ် အသံထွက်တွေကို ကျွန်တော် မရပ်မနား ကြော်ငြာဝင်တာပါ။ ပြောရင်းဆိုရင်း ကြော်ငြာအကြောင်း အင်္ဂလိပ်စာ သင်ချင်ပြန်ပြီ။ ကြော်ငြာတာကို အက်ဒ်ဗာတိုက်စ် (advertise) လို့ ခေါ်ပါတယ်။ ကြော်ငြာရောက်တော့ (advertisement)လို့ စာလုံးပေါင်းထားတာကို အက်ဒ်ဗာတိုက်စ်မင့်လို့ အသံထွက်ရင် မှားပါလိမ့်မယ်။ အက်ဒ်ဗာတစ်စ်မင့်လို့ အသံထွက်ရမှာပါ။ စိတ်ကူးတွေက ဟိုရောက်ဒီရောက် ကိုစိုးမြင့်လိုက်ပို့လို့ KLCC တာဝါပေါ်ရောက်ရင်း ပျံ့လွင့်သွားတဲ့ ကျွန်တော့်ရဲ့ အတွေးတွေပါ။ မြန်မာလူငယ်တွေ နိုင်ငံခြားကို သွား ပညာရှာ၊ စီးပွားရှာ၊ တိုးတက်အောင်မြင်တဲ့သူတွေ ဖြစ်အောင် လုပ်ရာမှာ အထောက်အကူပြုဖို့ သိသင့်တဲ့ အချက်အလက်တွေ အင်္ဂလိပ်စာ အဓိပ္ပါယ် အသံထွက်တွေကို ကျွန်တော် တက်အားသရွေ့ ဆက်ရေးသွားပါဦးမယ်လို့။

<u>မှတ်သားစရာ အင်္ဂလိပ်စကားလုံးများ</u>

- Environs - အင်ဗိုင်းရွန်စ်၊ ပတ်ဝန်းကျင် ဒေသ
- Cactus - ကက်တပ်စ်၊ ရှားစောင်းပင်
- Graffiti - ဂရပ်ဖီတီ
- Vandal - ဗင်ဒယ်လ်
- Vandalism - ဗင်ဒယ်လစ်စင်
- Deliberately - ဒီလီဘရိတ်လီး
- Social Evil - ဆိုရယ်အီးဗေးလ်
- Booth - ဘူ(သ်) နေရာလေး
- Campaign - ကင်ပိန်း
- Skyscraper - စကိုင်းစကရိတ်ပါ၊ မိုးမျှော်တိုက်
- Advertise - အက်ဒ်ဗာတိုက်စ်
- Advertisement - အက်ဒ်ဗာတစ်စ်မင့်

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခခင်မောင်ဝင်း (အသည်း)

Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၂၂)

မလေးရှားနိုင်ငံ ကေအယ်လ်မှာ အလုပ်သွားလုပ်ပြီး ကြီးပွားနေတဲ့ ကိုစိုးမြင့်ဆီကို သွားတဲ့အကြောင်း ရေးနေပါတယ်။

ကေအယ်လ်က ကိုစိုးမြင့် (အဆက်)

ကေအယ်လ်မှာ ကိုစိုးမြင့်လိုက်ပို့တာနဲ့ KLCC တာဝါကြီးပေါ်ရောက်ပြီး တွင်တာဝါနှစ်ခုကို ဆက်ထားတဲ့ တံတားလေးပေါ်ကနေ ကေအယ်လ်ရဲ့ရှုခင်းတွေ ကြည့်နေတုန်းမှာ တာဝါကြီးအကြောင်းကို ဂိုက်(guide) တစ်ယောက်က ရှင်းပြပါတယ်။ တာဝါကြီးရဲ့ ဒီဇိုင်းကို ဆွဲတာက တစ်ဖွဲ့၊ အဲလို တာဝါကြီးရဲ့ ဒီဇင်းရပြီးနောက် တာဝါကြီး တစ်ခုစီကို အင်ဂျင်နီယာ တစ်ဖွဲ့စီက ကိုယ့်ကုမ္ပဏီနဲ့ ကိုယ် သပသပ်စီ ဆောက်ကြတယ်။ အဲဒီလို တာဝါ နှစ်ခုကို ကုမ္ပဏီနှစ်ခုက ကိုယ့်ဘာသာကိုယ် တစ်ဖက်စီ ဆောက်လာပေမယ်လို့ ဒီဇိုင်းဆွဲတာနဲ့ ဆောက်လုပ်ရေးစနစ်က သိပ်ကောင်းတော့ တာဝါကြီးနှစ်ခုဆက်တဲ့ တံတားလေးနေရာကိုရောက်လို့ တံတားကိုတပလိုက်တဲ့အခါမှာ ကွက်တိဆက်သွားတာပဲတဲ့။ တံတားလေး ဆိုတာက တာဝါကြီးနှစ်ခုနဲ့ ယှဉ်လို့သာ တံတားလေးလို့ပြောရတာ နည်းတဲ့ စထရပါချာ (structure)ကြီး မဟုတ်ပါဘူး။ ဒီလောက်ကြီးတဲ့ စထရပ်ချာကြီးတွေမှာ တစ်ခုနဲ့တစ်ခုဆက်တာဟာ လက္မဝက် လောက်လွဲလိုက်ရင် ဘာမှလုပ်လို့မရတော့ပါဘူး။ လုံးဝကို တိကျ ကွက်တိဝင်နေမှ ဆက်လို့ဆောက်လို့ ရတာပါ။ အဲလိုသိပ်ကိုကြီးတဲ့ အဆောက်အဦတွေကို အလွဲအမှားမရှိ တိတိကျကျ တည်ဆောက်နိုင်တာ ကတော့ ယခုခေတ် မော်ဒန် အာခီတက်ချာ (modern architecture) နည်းစနစ်တွေကြောင့်ပါ။ နေရာတကာမှာ ကွန်ပျူတာမပါမဖြစ် ဆိုတော့ အခုခေတ်အာခီတက်ချာနဲ့ ဆောက်လုပရေး ကွန်စထရပ်ရှင် (construction) လုပ်ငန်းတွေမှာလည်း ကွနပျူတာတွေကို တအားသုံးလာကြပါတယ်။ ဒီဇိုင်းဆွဲတာမှာ ကွန်ပျူတာတွေ မပါလို့ လုံးဝကို မဖြစ်တော့တာပါ။ KLCC လို အဆောက်အဦကြီးတစ်ခု ဆောက်ဖို့ ဒီဇိုင်းဆွဲတယ်ဆိုရင် ဒီဇိုင်းဖီး(စ်) (design fees) က ဒေါ်လာသန်းနဲ့ချီပြီး ပေးရတာပါ။ ဒီဇိုင်း ဆွဲတာမှာလည်း အာခီတက်မျိုးစုံပါရတာ။ အာခီတက်ဆိုလို့ တစ်ယောက်တည်း တစမျိုးတည်း မပြီးပါဘူး။ အဆောက်အဦပုံစံ၊ အဆောက်အဦအတွက် ခံနိုင်အား၊ မြေကြီးထဲမှာ အခြေခံဖောင်ဒေးရှင်း ဘယ်လိုတည်ဆောက်ရမှာလဲ

ဆိုတာတွေ စတဲ့ အဆောက်အဦနဲ့က ပတ်သက်တဲ့လုပ်ငန်းတွေ အားလုံးအတွက် အာခီတက်တွေ အမျိုးမျိုး၊ သ့လိုင်းနဲ့ သူလိုမှာပါ။ မီးကြိုး၊ ရေလိုင်းတွေ အတွက် စဉ်းစားတဲ့ အာခီတက်တွေက သီးသန့်၊ နောက်ပြီး ပတဝန်းကျင် စိမ်းလန်းစိုပြည် လင်းစကိတ်ပင်း (landscaping) အတွက် လင်းစကိတ် အာခီတက် (landscape architect) က တိုက်နားမှာ ဘာပင်စက်၊ မြက်ခင်းဘယ်လိုထား ကျောက်တုံး ရေပန်းလေးနဲ့ ရော့(ခ)ဂါဒင် (rock garden) လေးတွေ ဘယ်လိုဆောက်မယ်ဆိုတာတွေ စဉ်းစား ရေးဆွဲပေးမှာပါ။ ဆိုလိုတာက အဆောက်အဦတစ်ခုဖြစ်လာဖို့ အာခီတက် မျိုးစုံလိုပါတယ် ဆိုတာပါ။ အခု ဒါတွေပြောနေတာက အာခီတက်ချာ ဆိုတာကို သေချာ နားမလည်တဲ့ လပန်းတစ်ယောက် ဆောက်လုပ်ရေးလောက အပြင်ကလူတစ်ယောက်ဖြစ်တဲ့ ကျွန်တော် မြင်တွေ့ နေရတာတွေ၊ ကျွန်တော့်ရဲ့ကိုယ်ပိုင်အမြင်တွေကို ပြောနေတာပါ။ တကယ့်အာခီတက်တွေကသာ အခု ကျွန်တော်ပြောခဲ့တဲ့ ရှုထောင့်တွေကို ပြောပြမယ် ဆိုရင်တော့ ကျွန်တော်ပြောခဲ့တာတွေထက် အများကြီး နက်နဲရှုပ်ထွေးတဲ့ အာခီတက်ချာ ပညာရပ်ရဲ့ သိမ်မွေ့နူးညံ့တဲ့ အချက်အလက်သိရဦးမှာပါ။ ကျွန်တော်ကတော့ ကျွန်တော့်အတွေး၊ ကျွန်တော့်အမြင်တွေပဲ တင်ပြတာပါ။ အခုခေတ်မှာ အာခီတက်ချာက ပိုလို့တောင် ရှုပထွေးလာတဲ့ သဘောရှိပါတယ်။ အဆောက်အဦတွေဆောက်တာမှာ ပတ်ဝန်းကျင်ကို မထိခိုက်အောင် ပတ်ဝန်းကျင်ကြီးကို စောင့်ရှောက် ကာကွယ်ထိန်းသိမ်းမယ့် ဂရင်းကွန်ဆက်(ပ်)(တ်) (Green concept) တွေအများကြီး ထည့်သုံးလာရတယ်။ ဥပမာ အဆောက်အဦတစ်ခုရဲ့ နေရာ တော်တော်များများမှာ မှောင်နေမယ်၊ မီးတွေကိုဖွင့်ပြီး သုံးနေရမယ်ဆိုရင် လျှပ်စစ်ဓါတ်အားတွေ သုံးရလို့ လျှပ်စစ်ဓါတ်အား ထွက်အောင်လုပ်တဲ့ နျူကလီယား ရီအက်တာ (nuclear reactor) တွေ လျှပ်စစ်ထုတ်တဲ့ စက်ရုံတွေ ပိုအလုပ်လုပ်ရမယ်။ မီးစက်ကြီးတွေ ပိုလည်ရမယ်ဆိုရင် နောက်ဆက်တွဲ အကျိုးဆက်တွေဖြစ်တဲ့ ဓါတုဗေဒ ကွင်းဆက်တွေ အနေနဲ့ မီးခိုးတွေ၊ ဓါတုဗေဒ ညစ်ညမ်းမှုဓါတ်ငွေ့တွေ ပတ်ဝန်းကျင်ထဲကို ပျံ့လွင့်ပြီး သဘာဝကြားကို ထိခိုက်မှာပေါ့။ ဒါကြောင့်အဆောက်အဦကို အာခီတက်က ဒီဇိုင်းစဆွဲကတည်းက နေရာတော်တော်များများမှာ နေ့ခင်း မှာရတဲ့ သဘာဝအလင်းရောင်ရအောင် လုပ်ထားလို့ မီးတွေဖွင့်ဖို့ မလိုဘူးဆိုရင် အင်နာဂျီ ချွေတာရာရောက်မှာပေါ့။ အင်နာဂျီတွေ မသုံးဘူးဆိုရင် ဓါတုဗေဒပစ္စည်းနဲ့ ဓါတ်ငွေ့တွေ ပတ်ဝန်းကျင်ထဲကို အထွက်နည်းမယ်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်ရာရောက်မှာပေါ့။ ဒီလိုလုပ်ထားတာ လေးတွေဟာ သာမန်ကြည့်ရင် အရေးမကြီးဘူးလို့ထင်ရပေမယ့် သေသေချာချာ တွက်ချက်လိုက်မယ်ဆိုရင် KLCC လို အဆောက်အဦကြီးတွေကို နေ့ခင်းမှာ အခန်းတော်တော်များများ မီးမထွန်းရအောင် ဒီဇိုင်းဆွဲထားမယ်ဆိုရင် ကေအယ်လ် တစ်မြို့လုံးမှာ လျှပ်စစ်အင်နာဂျီ အများကြီးကို ချွေတာပြီးသား ဖြစ်မှာပါ။ အဲလိုပဲ အဆောက်အဦတွေ၊ အခန်းတွေထဲက မျက်နှာကျက်ဆီလင်တွေကိုလည်း မလိုအပ်ပဲ အမြင်ကြီးမြင့်နေအောင် လုပ်ထားမယ်ဆိုရင် အဲယားကွန်းတွေ အများကြီးသုံးရမှာပေါ့။ အဲယားကွန်း တွေသုံးတာဟာ ပတ်ဝန်းကျင်ကို ထိခိုက်နိုင်ပါတယ်။ အဲတော့ အာခီတက်က အခန်းပုံစံဆွဲကတည်းက

အဲယားကွန်းချွေတာနိုင်မယ့် သင့်တော်တဲ့ ဆီလင်အမြင့်လောက်ထားပြီး ပုံစံထုတ်ရမှာပေါ့။ ဒါလေးတွေဟာ ကျွန်တော်စဉ်းစားမိတဲ့ Green ဆိုတဲ့ ပတ်ဝန်းကျင်ကာကွယ်ရေး အတွေးအခေါ် အယူအဆတွေထဲက ကျွန်တော်တို့တတွေ လုပ်သင့်တဲ့ ဥပမာလေးတွေပါ။ ဆိုလိုတာက အာခီတက်ဆိုတာ တစ်မျိုးတည်း တသမတ်တည်း လုပ်နေတာမဟုတ်ဘူး။ ခေတ်ကြီးက တိုးတက်ရှုပ်ထွေးလာတာနဲ့အမျှ အာခီတက်ချာ အယူအဆတွေဟာလည်း ပြုပြင်ပြောင်းလဲ လာရမှာပါ။ ကျွန်တော်က အလွန်ရင်းနှီး ခင်မင်တဲ့ မိတ်ဆွေကြီး အာခီတက် ကိုပါစီမျိုးမြင့်နဲ့ ဧစ်ပေါင်းများစွာ အနီးကပ်နေလာတော့ သူ့ရဲ့ အာခီတက်ချာ အတွေးအခေါ် အယူအဆတွေဟာ ကျွန်တော်ထဲကို စိမ့်ဝင်နေလို့ အဆောက်အဦတွေ မြင်တိုင်း သူပြောခဲ့တာတွေ နားထဲကမထွက်ဘဲဖြစ်နေတော့ KLCC တာဝါကြီးပေါ်ကိုတက်ရင်း တွေ့သမျှကို အာခီတက်ချာ သဘောတရားတွေနဲ့ တွေးကြည့်သုံးသပ်ကြည့်နေမိပါတယ်။ မေလမ်းထဲက ကိုပါစီရဲ့အိမ် ဧည့်ခန်းမှာ နေ့လည်နေခင်း မီးဖွင့်စရာမလိုပဲ သဘာဝအလင်းရောင်ရအောင် ခေါင်မိုးပေါ်မှာ မှန်ချပ်ကလေးတွေနဲ့ လုပ်ထားတာကို သဘောသိပ်ကျပါတယ်။ Green တွေ ခေတ်မစားခင်ကတည်းက ကိုပါစီ ဒီလိုဒီဇိုင်းမျိုးတွေ ဆွဲခဲ့တာပါ။ ခေတ်ရှေ့ပြေး အာခီတက် အယူအဆတွေလို့ ပြောရမှာပေါ့။ KLCC တာဝါကြီးကို အာခီတက်က ပုံစံထုတ်ပြီးတဲ့နောက် ဆောက်တဲ့အဖွဲ့ (Construction Co.) တွေက ဆောက်ကြတာမှာ အမှားအယွင်းမရှိ၊ ဒီတာဝါကြီးပြီးသွားတယ်ဆိုတာ အာခီတက်တွေရဲ့ အောင်မြင်မှုလို့ မြင်မိပါတယ်။ ကျွန်တော်ရဲ့ ကိုယ်ပိုင်အမြင်ကို ပြောရမယ်ဆိုရင် ဒီလို ကြီးမားလှတဲ့ အဆောက်အဦ ကြီးတွေကို ဆောက်တာမှာ အာခီတက်က ကွန်စထရပ်စ်ရှင်သမားတွေထက် ပိုပြီး အရေးကြီးပါတယ်။ အာခီတက်ဆိုတာက ပုံစံထုတ်ပြီးရုံနဲ့မပြီးဘူး၊ ကွန်စရပ်စ်ရှင်သမားတွေဆောက်တာဟာ နည်းစနစ်ကျရဲ့လား၊ အာခီတက်တွေ ဆွဲထား၊ ပြောထားတ သတ်မှတ်ချက် စပက်စီဖိကေးရှင်း (specification) တွေနဲ့ ကိုက်ရဲ့လားဆိုတာကို အဆောက်အဦဆောက်နေတဲ့ကာလ စ၊ လယ်၊ ဆုံး ပြီးတဲ့အထိ အဆင့်ဆင့်မှာ ကြီးကြပ်ရပါတယ်။ အာခီတက်ဆိုလို့ ပုံလေးဆွဲပေးလိုက်ရနဲ့ ပြီးမသွားပါဘူး။ ဒါကြောင့် ဒီဇိုင်းဖိုးစံပုံထုတ်ခအပြင် ဆောက်နေတာကို ကြီးကြပ်ခ စူပါဗီးရှင်းဖိုးစံဆိုပြီး သီးသန့်ရှိတာပါ။ အဆောက်အဦပုံစံတွေဟာ ခေတ်တစ်ခေတ်နဲ့တစ်ခေတ်၊ တိုင်းပြည် တစ်ပြည်နဲ့ တစ်ပြည်၊ လူမျိုးစုတဲ့ အချက်အလက်ပေါ်မှာ မူတည်ပြီး သိပ်ကိုကွာခြားလွန်းပါတယ်။ ပြီးခဲ့တဲ့ မတ်လတုန်းက ကျွန်တော် ဗီယက်နမ်ကို အင်ဒိုချိုင်းနား အသည်းရောဂါအစည်းဝေးတက်ဖို့ ရောက်တော့ ဟန္ဒိုင်းမြို့၊ ဒါနန်းမြို့တွေ တလျှောက်မှာ ထူးခြားတာ တစ်ခုတွေ့ရပါတယ်။ အဲဒါကတော့ ဗီယက်နမ်က အိမ်တွေဟာ မျက်နှာစာ သေးသေးနဲ့ နောက်ကို ရှည်ရှည်ပြားပြားလေးတွေပါ။ ပေါင်မုန့်လေးတွေလှီးထားသလိုပဲ အိမ်လေးတွေဟာ မျက်နှာစာ ၁၂ပေလောက်နဲ့ နောက်ကို ပေ၅၀နဲ့ ၈၀ လောက်ရှိပါတယ်။ ထူးခြားတဲ့ ဗီယက်နမ်ရဲ့ အိမ်ဒီဇိုင်းလေးတွေပါ။ အဲလို သူ့ဒေသနဲ့က သူ အဆောက်အဦပုံစံတွေ ကွဲပြားပါလားဆိုတာကို ဗီယက်နမ်က တိုက်လေးတွေကို မြင်တွေ့ရတော့ သဘောပေါက်လာပါတယ်။ တိုင်းပြည်၊ ဒေသ၊ ယဉ်ကျေးမှုအပေါ်မှာ

မူတည်ပြီး လူတွေရဲ့ အဆောက်အဦတွေပေါ်မှာ ခံစားချက် အစ်(စ)သက်တစ် aesthetic ပုံစံတွေမှာ ကွာခြားပါတယ်။ အရှေ့ဥရောပနဲ့ ရုရှားနိုင်ငံတွေမှာ အဆောက်အဦကြီးတွေကို ကြည့်လိုက်ရင် ထုကြီးထည်ကြီး၊ ဆီလင် (ceiling) အမြင့်ကြီးတွေနဲ့ ဧရာမတိုင်လုံးကြီးတွေကို သုံးပြီး ဆောက်လေ့ရှိပါတယ်။ အင်္ဂလိပ်လိုပြောရမယ်ဆိုရင်တော့ ဆောလစ်စထရာပ်ချာ (solid structure) ကြီးတွေ အတုံးလိုက်၊ အတစ်လိုက်ကြီးတွေပါ။ ကျွန်တော့်မိတ်ဆွေ အင်္ဂလိပ်တစ်ယောက် မြန်မာပြည်ကို လာလည်ပြီးတော့ ရန်ကုန် တစ်မြို့လုံးကို လျှောက်ကြည့်ပါတယ်။ ပြီးတော့ သူက မင်းတို့ဆီက အဆောက်အဦးတွေဟာ Very East-European လို့ မှတ်ချက်ချခဲ့ဘူးပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ အဆောက်အဦတွေဟာ အရှေ့ဥရောပမှာ ဆောက်ထားသလိုပဲ ထုကြီးကြီး၊ မြင့်မြင့် ဧရာမတိုင်လုံးကြီးတွေနဲ့ဆိုတဲ့ သဘောပါ။ ရန်ကုန်မှာရှိတဲ့ အဆောက်အဦတွေနဲ့ ပတ်သကလို့ ကျွန်တော်နဲ့ ခင်တဲ့ ဂျာမန်သံအမတ်ကြီးတစ်ယောက်က တစ်ခါက ပြောခဲ့ဘူးတာလေး တစ်ခကိုလည်း ပြန်ပြောပြချင်ပါတယ်။ "မင်းတို့မှာ အလွန်ကို စိတ်ဝင်စားဖို့ ကောင်းတဲ့ ရိုးရာမြန်မာ အာခီတက် ဒီဇိုင်းတွေ ရှိလျှက်သားနဲ့ အဲဒါတွေကို အခြေခံပြီး ဘာလို့ အိမ်ဒီဇိုင်းတွေကို မဆွဲကြတာလဲ။ မြန်မာ အာခီတက်ချာနဲ့ ဆောက်ထားတဲ့ အိမ်တွေဟာ အရမ်းစိတ်ဝင်စားဖို့ ကောင်းတယ်ကွ၊ လေဝင်၊ လေထွက်ကောင်းပြီး နွေမိုးဆောင်း ရာသီဥတုကို ခံနိုင်အောင် ဖွဲ့စည်းထားတာ။ ပြီးတော့မင်းတို့ မြန်မာရှေးရိုးဗိသုကာပညာမှာ တခြား ချီးမွမ်းစရာ အချက်တွေလည်း အများကြီးရှိတယ်" လို့ သူကပြောပါတယ်။ သူတို့ လင်မယားနှစ်ယောက် ရန်ကုန် တစ်မြို့လုံး၊ မြန်မာပြည် တစ်ပြည်လုံးကို လျှောက်သွား၊ မြန်မာ့ရိုးရာ အိမ်တွေကို ဓါတ်ပုံရိုက်၊ မျိုးစုံဝေဖန်မှတ်ချက်ပေးနဲ့ တကယ့်ကို စိတ်ဝင်တစားနဲ့ မြန်မာအာခီတက်ချာတွေကို လေ့လာတဲ့ သူနှစ်ယောက်ပါ။ ဂျာမန်သံအမတ်ကြီးက ဆက်ပြောတာရှိပါသေးတယ်။ "ခင်မောင်ဝင်းရယ် ငါ အခုတလော ရန်ကုန်မြို့မှာ ဘာမှန်းမသိတဲ့ တိုင်ကြီးနှစ်တိုင်ကို တိုက်ရှေ့မှာ ထောင်ပြီး ဆောက်ထားတဲ့ တိုက်တွေ အများကြီးတွေ့နေရတယ်။ ဒီတိုင်ကြီးတွေကို ဘာလို့ထည့်လဲ မသိဘူး။ Functionless ပဲ။ ငါဟာ မြန်မာအာခီတက်ချာကို သိပ်ကြိုက်တဲ့သူဆိုတော့ ရန်ကုန်မှာ ဒီအဆောက်အဦကြီးတွေ တွေ့ရတာ စိတ်မချမ်းသာဘူး။ မင်းက စာရေးနေတာဆိုတော့ ဒီအကြောင်းအရာကို တနေရာရာမှာ ထည့်ရေးပေးစမ်းပါ" လို့ ဆွေးဆွေးမြေ့မြေ့ ပြောဘူးပါတယ်။ သူ့အမျိုးသမီးကတော့ သူ့ယောကျ်ားက မြန်မာတစ်ယောက်ရှေ့မှာ ဒီလိုပြောတာကို အားနာတယ်ထင်ပါရဲ့ "ရှင် အဲလိုလျှောက်ပြောမနေနဲ့လေ။ အဲဒီ တိုင်ကြီးတွေပါတာဟာ ကြည့်လို့ကောင်းပါတယ်" လို့ ဖာဖာထေးထေး ဝင်ပြောရှာပါတယ်။ ကျွန်တော် အာခီတက်ချာအကြောင်း သူတို့လို အသေးစိတ် နားမလည်ပါ။ ဂျာမန်သံအမတ်ရဲ့ ရန်ကုန်မြို့ ခေတ်ပေါ်တိုက်တွေအပေါ် ဝေဖန်ချက်ကို တကယ့်ဖြစ်ရပ်မှန် သူပြောတဲ့အတိုင်း တင်ပြတာပါ။ သူနဲ့ ကိုယ်နဲ့ အစ်(စ်)သက်တစ ဗဲလူး (aesthetic value) ခံယူချက်ခြင်း မတူဘူးဆိုတော့ သူ့အမြင် ကိုယ့်အမြင် ကွာဟမှုတွေလို့ပဲ ယူဆပါတယ်။

ခုနကပြောခဲ့သလို KLCC တာဝါကြီးဆောက်တာမှာ ဒီဇိုင်း စထရပ်ချာ၊ မီး၊ ရေ၊ စိမ်းလန်းဆိုတဲ့ အာခီတက်တွေ မျိုးစုံ ပါပါလိမ့်မယ်။ ဒါပြင် အာခီတက်ချာရဲ့ ထူးခြားတဲ့ အချက်တစ်ခုကို ပြောရမယ်ဆိုရင် လံးချင်းအိမ်ဆောက်တဲ့ အာခီတက်နဲ့ အထပ်(၄၀)တိုက်ဆောက်တဲ့ အာခီတက် သဘောသဘာဝချင်း မတူပြန်ပါဘူး။ စူပါမတ်ကက်ဒီဇိုင်းဆွဲတာနဲ့ ဆေးရုံဒီဇိုင်းဆွဲမယ့် ဟော်စပီတယ်(လ်) အာခီတက် လုံးဝ ကွဲပြားပါတယ်။ ဆေးရုံတွေရဲ့ သဘောသဘာဝကို အပြည့်အဝ နားလည်ထားပြီးမှ ဆေးရုံဒီဇိုင်း ဆိုတာကို ဆနိုင်မှာပါ။ သူ့ဘာသာရပ်ကို သူ သီးသန့် စပယ်ရှယ်လိုက်(စ်) လုပ်မှ ကောင်းမွန်တဲ့၊ အောင်မြင်တဲ့၊ ထိရောက်တဲ့ အာခီတက်တွေ ဖြစ်လာပြီး ရှယ်ဒီဇိုင်းတွေ ပေါ်ထွက်လာနိုင်မှာပါ။ ကိုယ်က အလုပ်ရှု၊ အလုပ်ခန်းထဲမှာ ဝင်ထိုင်ပြီး ဒီဇိုင်းဆွဲနေလို့ မရသေးပါဘူး။ အဆောက်အဦတစ်ခုကို ဘယ်သူတွေက ဘယ်လ သုံးမှာလဲ။ အသုံးပြုမယ့်လူတွေအတွက် လွယ်ကူ အသုံးကျ user friendly ဖြစ်ရဲ့လားဆိုတာသိဖို့၊ ယူစာ (user)တွေနဲ့ တွေ့ဖို့၊ ယူစာတွေရဲ့ ခံစားချက်၊ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ လိုပါလိမ့်မယ်။ ရန်ကုန်က ပန်းလှိုင်ဆေးရုံကြီးကို ဒီဇိုင်းဆွဲတုန်းက ဝါရှင်တန်က လာတဲ့ ဒေါက်တလပ် စိုးလင်း အာခီတက်အဖွဲ့နဲ့ ကျွန်တော်တို့ ဆရာဝန်အဖွဲ့ အကြိမ်ပေါင်းများစွာ တွေ့ကြရပါတယ်။ ကျွန်တော်တို့ ဆရာဝန်အဖွဲ့က ကျွန်တော်တို့ လိုအပ်ချက်တွေပြော၊ သူကလည်း သူ့အခန်းအဆောက်အဦ ဖွဲ့စည်းတည်ဆောက်မှုကို တင်ပြ၊ ကျွန်တော်တို့ ပြောတာတွေ လိုချင်တာတွေက အင်ဂျင်နီယာ အာခီတက်တွေဘက်က ဖြစ်နိုင်မဖြစ်နိုင် လိုက်လုပ်ပေးလို့ ရမရ တော်တော်လေးကို ဆွေးနွေးညှိနှိုင်း ရပါတယ်။ ခွဲစိပ်ခန်း၊ ဓါတ်ခွဲခန်း၊ လူနာခန်းတွေရဲ့ သဘောသဘာဝ ကွာခြားချက်တွေ၊ ရောဂါပိုး မပျံ့နှံ့အောင် ထိန်းသိမ်းဖို့၊ လူနာနဲ့ဆရာဝန် အရေးပေါ်ကိစ္စတွေမှာ အလွယ်တကူ တွေ့နိုင်ဖို့၊ နောက်ဆုံးပြောရမယ်ဆိုရင် လူနာတင်တဲ့ ထရော်လီ ဘယ်လိုတွန်းလာရင် တံခါးပေါက်နဲ့ ဓါတ်လှေကား ဘယ်လိုဖြစ်မယ်ဆိုတာက အစ ပြောရပါတယ်။ ငြင်းရ၊ ခုန်ရနဲ့ ဆေးပညာသဘောတရားနဲ့ အင်ဂျင်နီယာ ခံယူချက်တွေ နှစ်ဦးနှစ်ဘက် သဘောတူညီမှု ကွန်ပရိုမိုက်စ် (compromise) ရအောင် တစ်နှစ်နီးပါးလောက် ဆွေးနွေးရပါတယ်။ ပန်းလှိုင်ဆေးရုံဆောက်ဖို့ ဒီဇိုင်းတောင် ဒီလောက်ပြောရဆိုရ ဆွေးနွေးရတယ်ဆိုရင် KLCC ကြီး ဆောက်ဖို့ ဒီဇိုင်း ညှိနှိုင်းပုံစံ ထုတ်တာ ဘယ်လောက်ကြာမယ်ဆိုတာ မတွေးဝံ့စရာပါ။ ဒါပေမယ့် အခုခေတ်မှာ တစ်ခုကောင်းတာကတော့ ကွန်ပျူတာတွေကို အရမ်းသုံးလာတဲ့အတွက် ပုံစံ ဒီဇိုင်းတွေ ထုတ်တာမှာ အာခီတက်တွေအဖို့ သိပ်လွယ် သွားပါပြီ။ ကျွန်တော်တို့ အငယ်တုန်းကတော့ အိမ်ပုံစံဆိုရင် ဘလူးပရင့် (blueprint) ဆိုတဲ့ စက္ကူအပြာလေးပေါ်မှာ လိုင်းအဖြူလေးတွေနဲ့ အာခီတက်တွေ စိတ်ရှည်လက်ရှည် လက်နဲ့အစအဆုံး ဆွဲရတာ။ KLCC လောက်ကြီးတဲ့ အဆောက်အဦးကြီး ပုံစံကို အဲလို လက်နဲ့ ဆွဲပြီး ဘလူးပရင့်ထုတ်မယ်ဆိုရင်တော့ နှစ်တွေနဲ့ ချီပြီးကြာမှာပါ။ အခုခေတ် မော်ဒန်အာခီတက်တွေ ကွန်ပျူတာကို ဘယ်လိုသုံးလို့ ဘယ်လို ပုံစံတွေ ထုတ်တယ်ဆိုတာ သေချာတော့ မသိပါဘူး။ ဒါပေမယ့် ကွန်ပျူတာတွေ ပါလို့သာ ဒီလောက်ကြီးမားတဲ့ အဆောက်အဦ ကြီးတွေကို

ဒီဇိုင်းဆွဲနိုင် ဆောက်နိုင်တာ ဖြစ်မှာပါ။ အခုနက ပြောနေတဲ့ အာခီတက်အမျိုးမျိုးအကြောင်းကို ဆက်ပြောရမယ်ဆိုရင် အာခီတက် တစ်ယောက်ဖြစ်ပြီဆိုတာနဲ့ အခြေခံအားဖြင့် အဆောက်အဦနဲ့ အိမ်ပုံစံတွေကိုတော့ ဆွဲတတ်၊ ပုံထုတ်တတ်တာပေါ့။ ဒါပေမယ့် အဆောက်အဦရဲ့ သဘော သဘာဝကိုလိုက်ပြီး အစ်(စ်)သက်တစ် တွေပေါ် မူတည်ပြီး အာခီတက်တွေ တစ်ဦးနဲ့တစ်ဦး အယူအဆ၊ အတွေးအခေါ်ဒီဇိုင်းနဲ့ ဆောက်တည်မှုပုံစံတွေ ကွဲပြားကုန်မယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့် တံတား အာခီတက်က တစ်မျိုး၊ အိမ်ပုံစံ အာခီတက်က တစ်ပုံစံ၊ သူ့စိတ်ကူးလေးနဲ့သူ ဒီဇိုင်းဆကြမှာပေါ့။ ဆေးရုံဆောက်မယ့်သူကလည်း လူနာနဲ့ ရောဂါတွေကို စဉ်းစားပြီး ပုံတွေထုတ်မှာပေါ့။ ဘာနဲ့တူလဲဆိုတော့ ဆေးတက္ကသိုလ်ကနေ အမ်ဘီဘီအက်စ်ဘွဲ့ရပြီး ဆရာဝန်ရယ်လို့ဖြစ်လာရင် လူနာတွေ ရောဂါတွေကို ကုတော့ ကုတတ်တာပေါ့။ ဒါပေမယ့် နှလုံးရောဂါ၊ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါဆိတ ရောဂါမျိုးစုံကို သူ့ရောဂါနဲ့သူ သီးသန့်ကုလာတော့ အထူးကုဆိုတာတွေ ဖြစ်လာသလိုပေါ့။ ဗန်ကောက်မှာ အသစ်ဖွင့်တဲ့ သုဝဏ္ဏဘုံမိ လေဆိပ်ကြီးဆိုရင် ဟိုအဝေးက ကြည့်လိုက်ရင် အာကာသထဲမှာ ရောက်နေသလို ခံစားရတယ်။ ဂြိုလ်တုတွေ၊ အာကာသယာဉ် တွေရဲ့ ပုံစံ ဒီဇိုင်း အနှစ်သာရကို ဖော်ထုတ်ထားသလိုပဲ။ အဆောက်အဦထဲ ဝင်လိုက်ရင်လည်း စီလင်တွေ အလင်းရောင်ယူထားပုံတွေက သိပ်ကို ထူးခြား ကွဲပြားလွန်းတယ်။ ဒီလိုပဲ ဟောင်ကောင်က Chek Lap Kok အပြည်ပြည်ဆိုင်ရာ လေဆိပ်အသစ်ကြီးဟာလည်း အင်္ဂလိပ်တွေက ဟောင်ကောင်ကို လွတ်လပ်ရေး ပေးခါနီးမှာ ပိုက်ဆံအကုန် အောသုံးပြီး ခေတ်အမီဆုံး ပုံစံနဲ့ ဆောက်သွားတာဆိုတော့ သမားရိုးကျ လေဆိပ်တွေနဲ့ အရမ်းကို ကွာလွန်းပါတယ်။ KL လေဆိပ်အသစ်ကြီးကလည်း ငေးကြည့်ရအောင် သားနားခေတ်ဆန်ပါတယ်။ စင်္ကာပူက ချန်ဂီ၊ တိုကျိုက နာရီတာ၊ LA က LAX လေဆိပ်တွေဟာ ခေတ်တစ်ခေတ်ကျန်နေခဲ့တဲ့ လေဆိပ်ဒီဇိုင်းတွေပါ။ ဒီလိုလေဆိပ်တွေ အဟောင်းနဲ့အသစ် ဘယ်လိုတွေ ဘာတွေ ကွာခြားတယ် ဆိုတာတော့ ကျွန်တော် သေချာမသိပါဘူး။ ဒါပေမယ့် လေဆိပ်အဟောင်းကို ဘယ်လိုပဲ ဟိုပြင်ဒီပြင် တိုးတက်အောင် ပြင်ထားပေမယ့်လို့ ခေတ်မီ အတွေးအခေါ်အယူအဆ ဒီဇိုင်းတွေသုံးပြီး ဆောက်ထားတဲ့ လေဆိပ်တွေရဲ့ အခမ်းအနား အဆင်အပြင် အစ်(စ်)သက်တစ်တွေနဲ့ သိပ်ကိုကွာခြားလွန်းပါတယ်ဆိုတာတော့ သတိပြုမိပါတယ်။ ပြောင်းလွဲနေတဲ့ ခေတ်သစ်ရဲ့ အရှိန်အဟုန်ဟာ နေရာတိုင်းမှာ ဩဇာသက်ရောက်မှု အင်ဖလူးရင့်စ် (influence) ရှိပါတယ်။ စားတာဝတ်တာ၊ နေတာထိုင်တာ၊ ပြောတာဆိုတာ၊ လက်ရေးလက်သား အသံထွက် အကုန်လုံးဟာ မသိမသာခေတ်ရေစီးကြောင်းအရှန်နဲ့ စီးပါ ပြောင်းလွဲနေပါတယ်။ ဥပမာတစ်ခု ပြောပါမယ်။ ကျွန်တော့် တပည့် ဆရာဝန်တွေကို "ဟော့ မင်းဘယ်ကျောင်းက အောင်လဲ" လို့ မေးလိုက်ရင် "အထက (၂) ဗဟန်းကပါ" လို့ ဖြေလိမ့်မယ်။ ဒါပေမယ့် အခုခေတ် ကျောင်းသားလေးကို "သား မင်းဘယ်ကျောင်းမှာ တက်နေလဲ" လို့ မေးရင် "ထ (၂) ဗဟန်း"

လို့ ဖြေပါလိမ့်မယ်။ ဒါအခုခေတ် ကျောင်းသားတွေပြောတဲ့ စတိုင်ပါ။ ထ (၂)၊ ထ (၃) အဲလိုပဲ ပြောလေ့ရှိပါတယ်။ လက်ရေးလက်သားကို ကြည့်လိုက်ရင်လည်း လူတစ်ယောက်ရဲ့ အသက်နဲ့ သူ့ခေတ်ကို မှန်းဆလို့ရပါတယ်။ ကျွန်တော့်အဖေ၊ ကျွန်တော့် ဦးလေးတို့ ဒုတိယကမ္ဘာစစ် မဖြစ်မီခေတ်က လက်ရေးက တစ်ပုံစံ၊ ကျွန်တော့်အစ်ကိုကြီးတို့ လွတ်လပ်ရေး ရပြီးကာစရောက်တော့ လက်ရေးစတိုင် တစ်မျိုးပြောင်းသွားပြီ။ ကျွန်တော် အထက ကျောင်းသား ဖြစ်စမှာတော့ လက်ဝဲစာလုံးဆိုတာ အရမ်းခေတ်စားပါတယ်။ ဒါကြောင့် အဲလို ပြောင်းနေတဲ့ ခေတ်ရဲ့ အစစရာရာနေရာတကာမှာ လွှမ်းမိုးမှုကြောင့် အာခီတက်ချာတွေမှာလည်း ပြောင်းကုန်ပြီး အဆောက်အဦးပုံစံတွေ ပြောင်းကုန်ကြပါတယ်။ ဒါပေမယ့် ကျွန်တော် ဂရူစိုက်မိတာကတော့ အဲလို အာခီတက်ချာတွေ ပြောင်းသွားတာ ရိုးရာယဉ်ကျေးမှု၊ မိုးလေဝသ သဘာဝတွေကိုထည့်သွင်း စဉ်းစားပြီး အတွေးအမြင်ဒီဇိုင်းကို ခပ်သွက်သွက်လေးဖြစ် အောင်ဆွဲထားပြီး ဆောက်ထားမယ်ဆိုရင် ရုံးဖြစ်ဖြစ်၊ အိမ်ဖြစ်ဖြစ် ဒေသနဲ့ဆီလျော်ပြီး ကြည့်လို့လည်း ကောင်း၊ နေလို့လည်းကောင်း ဖြစ်မှာပါ။ နိုင်ငံခြားဒီဇိုင်းကို တိုက်ရိုက် ကော်ပီလုပ်ကူးချပြီး ဆောက်မယ် ဆိုရင်တော့ ကြည့်ရတာလည်း ရုပ်ပျက်ဆင်းပျက် သူများက ဘာမှအဓိပ္ပါယ်မရှိဘူး၊ Functionless လို့လည်း ဝေဖန်ခံရနိုင်ပါတယ်။ ယူဆချက်လည်း မြန်မာ့ဓလေ့နဲ့ ကိုးလို့ကန့်လန့်ဖြစ်နေပြီး အိမ်ကို နေမယ့်သူတွေ အတွက် ဘယ်လိုမှ အဆင်ပြေမှာ မဟုတ်ဘူး။ ဥပမာ မြန်မာအိမ်မှာ မီးဖိုချောင်ကို အခန်းကျဉ်းလေးထဲမှာ သပ်သပ်ရပ်ရပ် အနောက်တိုင်းဆန်ဆန် လေလုံအလှောင်ခန်းလေး သွားဆောက်လို့မရပါဘူး။ ဘာလို့တုန်း ဆိုတော့ မြန်မာတွေက သားငါးတွေကို ခုတ်ကြထစ်ကြ၊ အားရပါးရဆေးကြကြော်ကြ၊ ကြက်သွန်နီဖြူတွေ ကြော်ကြလှော်ကြ၊ ဆီတွေချက်၊ ငါးပိရည်တွေကျို၊ ဆန္ဒင်းနဲ့ ဆီသတ် အနံ့ပေါင်းစုံ ဧည့်ခန်းထဲအထိဝင်လာပြီး အသက်ရှူမဝ၊ ထွက်ပြေးရမယ့်ကိန်း ဆိုက်ပါလိမ့်မယ်။ အဲတော့ ကျွန်တော့်အိမ်မှာဆိုရင် အာခီတက်နဲ့ညှိပြီး အိမ်မကြီးရဲ့အပြင်ကို အိပ်(စ်)တင်းရှင်း extension ထုတ်၊ မြန်မာစတိုင်ချက်ချင်သလိုချက်၊ လုပ်ချင်တာလုပ်၊ အကြော်၊ ငါးပိ၊ ဆချက် အနံ့ပေါင်းစုံထွက်လို့ရတဲ့၊ သားစိုငါးစိုချက်လို့ရတဲ့ မီးဖိုချောင်လို့ခေါ်ရမယ့် wet kitchen တစ်ခုထည့်ရပါတယ်။ အိမ်မကြီးထဲမှာတော့ နည်းနည်းပါးပါး မိုက်ကရိုဝေ့(ဗ်)နဲ့ နွေးမယ်၊ အာဗင်နဲ့ ကင်စားမယ်၊ ပေါင်မုန့်တို့စ်တာလေးတွေ ထားမယ်ဆိုတဲ့ အခြောက်အခြမ်း အနံ့မထွက်တာလေးတွေ လုပ်ဖို့ထားတဲ့ ဒရိုင်း (dry kitchen) ဆိုတာကို ထည့်ထားရပါတယ်။ ဒါကြောင့် အာခီတက်ချာဟာ တိုင်းပြည်၊ လူမျိုး၊ လူတစ်ဦးစီရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီဆီလျော်သင့်ပါတယ်။ အဲလို မကိုက်ညီလို့ ဒုက္ခရောက်ရတဲ့ နောက်ဥပမာတစ်ခု ပြောချင်ပါသေးတယ်။ ဂျပန်အစိုးရရဲ့ထောက်ပံ့ကြေးနဲ့ အဆောက်အဦးတစ်ခု မြန်မာနိုင်ငံကို ဆောက်ပေးထားပါတယ်။ ဂျပန်အာခီတက်က ပုံစံဆွဲ၊ ဂျပန်ဆောက်လုပ်ရေးသမားတွေ ကိုယ်တိုင်လာပြီး ဆောက်ပေးတယ်။ သူတို့က အဲဒီအဆောက်အဦရဲ့ ခေါင်မိုးကို လုံးဝအပြန့်ကြီး ဆောက်ထားတယ်။ မိုးသိပ်များတဲ့ ကျွန်တော်တို့နိုင်ငံမှာ မြန်မာအာခီတက်ချာရဲ့ သဘောအရ မိုးရွာ လိုက်တာနဲ့ ရေတွေစီးသွားအောင် ခေါင်မိုးဆိုတာဟာ ခေါင်အမြင့်နဲ့ အမိုးနှစ်ဘက် လျှောထားကြပါတယ်။

ခေါင်မိုးအပြန့်ဆိုတာ မြန်မာအိမ်တွေ၊ မြန်မာအဆောက်အဦတွေမှာ မရှိပါဘူး။ ခုနကပြောခဲ့တဲ့ ဂျပန်အဆောက်အဦအမိုးက အပြန့်ဆိုတော့ မုတ်သုန်မိုးတွင်းကာလ မြန်မာရာသီဥတုနဲ့ ထိပ်တိုက်တွေ့တော့တာပဲ။ မိုးရွာလိုက်တာနဲ့ အမိုးပေါ်မှာ ရေလျှောင်ကန်ကြီးလိုဖြစ်ပြီး ကြာတော့ မိုးရေတွေအောက်ကို တစက်စက် စိမ့်ကျတော့တယ်။ ခွက်တွေနဲ့ ဟိုနားခံရ ၊ဒီနားခရ နောက်ဆုံး အဲဒီ ဂျပန်ဆောက်အဦရဲ့ အမိုးပေါ်မှာ တာလပတ်စကြီးခင်း ဟိုဖာ၊ ဒီဖာလုပ်လို့ကို မပြီးနိုင်ဘူး။ အဲဒီ ဂျပန်အာခီတက်တွေလိုပဲ ဒုက္ခရောက်ရတဲ့ မြန်မာပြည်ရောက် အမေရိကန် အာခီတက်ချာတေရှိပါသေးတယ်။ ရန်ကုန်မြို့မှာ အမေရိကန်အစိုးရကဆောက်ပေးတဲ့ အဆောက်အဦတွေမှာလည်း ခေါင်မိုးတွေက အပြန့်၊ အဲတော့ မိုးတွင်းရောက်တိုင်း မိုးယိုတဲ့ပြဿနာနဲ့ ရင်ဆိုင်ရတော့နောက်ဆုံး ဘယ်လိုမှလုပ်မရတော့ အဲဒီ အမိုးပြန့်ပေါ်မှာ မြန်မာစတိုင် ခေါင်ချိုးထားတဲ့ သွပ်မိုးတစ်ထပ် ထပ်ပြီး မိုးလိုက်တော့မှဘဲ အိုကေသွားတော့တယ်။ အာခီတက်ချာဟာ ကာလဒေသ ဆီလျော်ကိုက်ညီဖို့ လိုတယ်ဆိုတာ ထပ်ပြောလိုက်ပါရစေ။ ဆက်ပြောရဦးမယ်ဆိုရင် မြန်မာအိမ်ဆိုတာမှာတောင် အောက်ပြည်နဲ့ အညာ တည်ဆောက်မှုသဘောတရားက ကွာပါသေးတယ်။ အောက်ပြည်မှာ မိုးများဗတ်ထူတော့ မြေစိုက်အိမ်ဆောက်တာနည်းတယ်။ ခြေတံရှည်၊ ဒါမှမဟုတ် ခါးလောက်အမြင့်လေးထားပြီးမှ လှေခါးတက် ဖိနပ်ချွတ်ထားကြတယ်။ အညာအိမ်တွေက မြေစိုက်၊ ခေါင်မိုးကတော့ အညာနဲ့ အောက် သိပ်မကွာဘူး။ လေဝင်လေထွက်ကောင်းအောင် ပြူတင်းပေါက် ဝရန်တာ တည်ဆောက်တာတွေလည်း အထက်အောက် တူပါတယ်။ အညာမှာပူတော့ အညာအိမတွေက အောက်ပြည်ကအိမ်တွေထက် ခေါင်မိုးနည်းနည်းပိုမြင့်တယ်။ ဒီလို KLCC တာဝါကြီးပေါ်က အာခီတက်ချာတွေအကြောင်း အတွေးတွေပျံ့တော့ အညာက ကျွန်တော့်မြို့ဝမ်းတွင်းမှာ အမေတိုက်ဆောက်ခဲ့တာကို သတိရပါတယ်။ အမေဟာ ရန်ကုန်ရောက်လို့ ဦးဝိစာရလမ်းမှာ ကားစီးသွားတိုင်း လမ်းဘေးတလျှောက်မှာရှိတဲ့ လေးဒေါင့်ကျကျ ခေါင်မိုးမြင့်မြင့် ဆင်ဝင်နဲ့ ဝရန်တာလေးထားပြီး ဆောက်ထားတဲ့လုံးချင်း နှစ်ထပ်တိုက်တွေကို သိပ်သဘောကျပါတယ်။ ဒါနဲ့ အဖေရဲဝန်ထောက် ပင်စင်ယူခါနီးတော့ အဖေကို အင်းစိန် CID မှာ တစ်ယောက်ထဲထားခဲ့ပြီး ကျွန်တော်တို့တစ်မိသားစုလုံး ဝမ်းတွင်းကိုပြောင်း၊ ကျွန်တောတို့တတွေလည်း ကျောင်းတွေပြောင်းပြီး အမေ တိုက်ဆောက်ဖို့ ဝမ်းတွင်းမှာ တစ်နှစ်သွားနေရတယ်။ အဲဒီတုန်းက ဝမ်းတွင်းမြို့မှာ အာခီတက်ဆိုတာ မရှိ၊ ဘလူးပရင့်ဆိုတာက မကြားဘူး၊ လင်းစကိတ်ဆိုတာ ဝေလာဝေး၊ အမေ တိုက်ဆောကပုံကိုပြောရမယ်ဆိုရင် အမေ့ရွာတောင်ဘိုက နာမည်အကြီးဆုံး လက်သမားဆရာ ဆရာပုကို ငှားလိုက်တယ်။ ပန်းရံကတော့ ဝမ်းတွင်းမြို့မှာ ဒိတ်ဒိတ်ကြဝိုင်းဝိုင်းလည်လုပ်နေတဲ့ ပန်းရံဆရာ ဆရာဟိန်ကို အပ်လိုက်တယ်။ ရှေ့မှာကျွန်တော် ပြောခဲ့တဲ့ မော်ဒန်အာခီတကတေ KLCC တာဝါကို ဆောက်တာနဲ့ အမေတိုက်ကို ဆရာပု၊ ဆရာဟိန် ဆောက်တာ ဘယ်လို ကွာတယ်ဆိုတာပြောပြချင်ပါတယ်။ အမေက ဆရာပုကို သူရန်ကုန် ဦးဝိစာရလမ်းဘေးမှာ တွေ့ခဲ့တဲ့ တိုက်ပုံစံကို ပြောပြပြီး အဲဒါမျိုးဆောက်ပေးပါလို့ပြောတယ်။ ဆရာပုက ဝမ်းတွင်းမြေကွက်ပေါ်မှာ

လေးထောင့်ကြကြ အလျား၊ အနံကို ဘေးတစ်ဖက်တချက်မှာ (၆)ပေ လောက်ချန်ပြီး ပန္နက်ချတယ်။ ပန္နကချတယ်ဆိုတာက မြေပုံတွေဘာတွေ ဆွဲနေတာမဟုတ်ဘူး။ ပန္နကချတဲ့ မနက်မှာဘဲ လက်သမားဆရာ ဆရာပုက ခေါင်းဆောင်ပြီး ပန္နကတိုင်လေးတွေ စရိုက်တော့တာ။ ဘလူးပရင့်မပါ၊ မြေကြီးပေါ်မှာ စိတ်မှန်းနဲ့ ရိုက်၊ ပြီးတော့ဟုတ်ပြီ၊ ဒီ ပန္နကတိုင်နှစ်ခု ကြိုးနဲ့ဆွဲဆိုပြီး ထောင့်လေးထောင့်မှာ ပန္နကရိုက်တယ်။ ဆရာပုပြီးတာနဲ့ ပန်းရံဆရာဦးဟိန်က တိုက်နံရံဆိုတာ အုတ်တလျားတန်တော့ ထုရှိရမယ် ဆိုပြီး မြေကြီးပေါ်မှာ ထုံးမှုန့်တွေနဲ့ ဆရာပု ပန္နကကြိုးကို အခြေခံပြီး အုတ်တလျားတန် အကျယ်လိုင်းတွေ ဆွဲတယ်။ ပြီးတော့ ဆရာဟိန အဖွဲ့ပန်းရံတွေက အဲဒီ ထုံးမှုန့်လိုင်းတွေအတိုင်း မြေတွေ စတူးတော့တာပဲ။ ဆရာဟိန်က သူ့တပည့်တွေကို အနက် (၆)ပေ တူးကွာဆိုပြီး ပါးစပ်နဲ့ပဲ ခိုင်းတယ်။ သူကြိုက်တဲ့ အနက်အထိ တူးပြီးတာနဲ့ အဲဒီမြေကြီးပေါ်မှာ အုတ်တွေစစီပြီး အုတ်နံရံတက်လာတယ်။ အုတ်နံရံ (၄)ပေလောက် အမြင့်ရောက်တော့ ဆရာပုက ဒီနေရာမှာ ပြတင်းပေါက်တွေ ထည့်မယ်ဆိုပြး သစ်သားကျည်းပေါင် တွေထည့်တယ်၊ အုတ်နံရံဆက်တက်သွားပြီး ဆရာပုက ရပ်ဆိုတဲ့နေရာမှာ ဆရာဟိန ကရပ်တယ်။ အဲဒီမှာတင် ဆရာပုက သစ်သားတန်းတွေထည့်ပြီး အပေါ်ထပ်ကြမ်းခင်း စလုပ်တယ်။ နောက် အုပ်ချောတယ်၊ ပြတင်းပေါက်တွေထည့်၊ ဆရာပု၊ ဆရာဟိန်ပါးစပ်နဲ့ ဟိုဟာထည့်၊ ဒီဟာဖြုတ်၊ သစ်သားတိုင်ကြီးတွေကိုလည်း ဟိုနားဖြတ်၊ ဒီနားဆက်၊ ဆရာပုရဲ့သားအရင်း သူ့လက်ထောက် ကိုသောင်းနဲ့ လက်သမား အဖွဲ့ကို တရစပ်ခိုင်းသွားတာ။ ခြောက်လလောက် ကြာတော့ ခေါင်မိုးကြီးတပ်ပြီး ဝရန်တာတွေနဲ့ တိုက်ကြီးအကြမ်းပြီးသွားရော။ နောက်တော့ ဟိုချောဒီချော၊ ကြမ်းတွေခင်း၊ ရေပေါ်ထိုး၊ တံခါးပေါက်တွေတပ်၊ ခေါင်မိုး၊ သွပ်မိုး မိုး၊ လက်သမား၊ ပန်းရံတွေဟာ သီချင်းတကြော်ကြော်နဲ့ တစ်ယောက်နဲ့တစ်ယောက် စလိုက်နောက်လိုက် မိုးလင်းမိုးချုပ်ဆောက်လိုက်ကြတာ တစ်နှစ်မပြည့်ဘူး၊ ဝမ်းတွင်းတိုက်ကြီး ပြီးသွားရော။ အောက်ထပ်မှာ အိပ်ခန်းတစ်ခုနဲ့ ဧည့်ခန်း၊ အပေါ်ထပ်မှာ အခန်းဖွင့် ကြမ်းပြင်ကျယ်ကြီးနဲ့ အိပ်ခန်း၊ အဲလို အပေါ်ထပ်ကြမ်းပြင်ကျယ်ဟာ အညာအိမ်တွေတိုင်းမှာ ရှိပါတယ်။ အခမ်းအနား၊ အကျွေးအမွေး ဘာလုပ်လုပ် လုပ်လို့ရတဲ့ multipurpose မာလ်တီပါပို့(စ်) နေရာပါ။ ဆွမ်းကျွေး၊ ဘုရားအနေကဇာတင်၊ လုပ်ချင်တာလုပ်၊ သင်ဖြူးဖျာ၊ ကော်ဇောခင်း၊ စားပဝိုင်း (၅)ဝိုင်း (၆)ဝိုင်းလောက် ချပြီးကျွေးလို့ရတဲ့ နေရာကြီးပါ။ အဲလို တိုက်ကြီးတစ်လုံးကို ဆရာပုနဲ့ ဆရာဟိန် စကားတပြောပြောနဲ့ ဆောက်သွားကြပုံကတော့ အံ့မခန်းပါ။ လက်သမားအဖွဲ့က တိုက်ဆောက်တဲ့နားမှာ တဲလေးထိုးပြီး အဲဒီနားမှာပဲ မီးဖိုလေးတည်၊ ချက်ပြုတ်စားသောက်နေပြီး သစ်တွေဖြတ်၊ ရေပေါ်ထိုး၊ ကျည်းပေါင်ခွေ၊ ပြတင်းပေါက်တွေလုပ်နဲ့ မိုးလင်းမိုးချုပ်ပဲ။ ဆရာပုက လုပ်ရင်းကိုင်ရင်းနဲ့ တစ်ဆင့်ပြီးတစ်ဆင့် ပါးစပ်နဲ့ပဲပြောပြီး ဆောက်သွားတာပါ။ မြန်မာတွေဟာ ဘာလုပ်လုပ် ဒီလိုပဲ ခေါင်းထဲမှာ တွက်ချက်ပြီး အလုပ်လုပ်သွားကြတယ်ထင်ပါရဲ့။ ကြက်သားဟင်းချက်၊ မုန့်ဟင်းခါး၊ မုန့်တီလည်း ဒီလိုပဲ၊ ချက်နည်းရီစီပီ (recipe) တွေမပါဘဲ ချက်ကြတယ်။ မြန်မာဆိုင်းဝိုင်းကြီးတွေဟာလည်း ဘာမှတ်တမ်းမှတ်ရာ မြူစီကယ်နုတ်(musical

notes) မပါဘဲ သံစုံကိရိယာတွေအားလုံးကို တီးမှုတ်ကြတယ်။ တစ်ခါက ယူကေနိုင်ငံ လန်ဒန်မြို့မှာ နိုင်ငံတော်ဆိုင်းဝိုင်းကြီးသွားပြီး ဖျော်ဖြေတာ ဆိုင်းဝိုင်းကြီးမှာပါတဲ့ တူရိယာအားလုံးကို နှုတ်(စ်)တွေ မပါဘဲတီးတာကို အင်္ဂလိပ်တွေက တအံ့တသြဖြစ်ကြတယ်လို့ မှတ်သားဘူးပါတယ်။ KLCC တာဝါပေါ်မှာ အဲလိုတွေ တွေးမိရင်းနဲ့ မြန်မာတွေ ခေတ်နဲ့အညီ ရိုးရာစနစ်တွေကို အခြေခံပြီး ပြောင်းသင့်တာ တွေပြောင်း၊ ကိုယ့်ရဲ့ မိရိုးဖလာ ပညာရပ်တွေ မပျောက်ပျက်သွားအောင် တိုးတက်တဲ့ စနစ်တွေနဲ့ ကွန်ပျူတာတွေသုံးလို့ မှတ်တမ်းတင်ဖို့ဆိုတဲ့အလုပ်တွေကို နောင်ခေတ် မြန်မာလူငယ်တွေ ဆက်လက် ထိန်းသိမ်း လုပ်ဆောင်သွားကြရမှာလို့ စဉ်းစားလိုက်မိပါတယ်။

(ဒီဆောင်းပါးထဲမှာပါတဲ့ အင်္ဂလိပ်စာလုံးတချို့ရဲ့ အဓိပ္ပါယ်အသုံးအနှုန်းတွေကို ဒီလထုတ်မဂ္ဂဇင်းထဲက ကျွန်တော့်ရဲ့ "အင်္ဂလိပ်စာအတိုအထွာ" ဆောင်းပါးထဲမှာ ရှင်းလင်းရေးသားထားပါတယ်။)

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဒင်မောင်ဝင်း (အသည်း)



Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၂၃)

မလေးရှားနိုင်ငံ ကေအယ်လ်မှာ အလုပ်သွားလုပ်ပြီး ကြီးပွားနေတဲ့ ကိုစိုးမြင့်ဆီကို သွားတဲ့အကြောင်း ရေးနေပါတယ်။

ကေအယ်လ်က ကိုစိုးမြင့် (အဆက်)

KLCC တာဝါကြီးပေါ်က ဆင်းလာပြီးတော့ တာဝါကြီးအောက်ခြေမှာ ဖွင့်ထားတဲ့ ရှောပင စင်တာ (Shopping Centre)ကြီး ထဲမှာ လျှောက်ကြည့်ကြပါတယ်။ တာဝါကြီးရဲ့ အောက်ခြေမြေညီထပ်ကစပြီး အထပ်လေးငါးထပ်လောက်ကို ရှောပင်စင်တာကြီးဖွင့်ထားတာပါ။ ကိုစိုးမြင့်ကတော့ ကျွန်တော်နဲ့ သမီးကြီး မင်းမင်းဝင်းကို လုံးဝတာဝန်ယူ စောင့်ရှောက်ပြီး အဲဒီစင်တာကြီးတစ်ခုလုံးထဲက ဆိုင်တွေအားလုံးကို အနှံ့လိုက်ပို့ပါတယ်။ မြန်မာပြည်ကသွားတုန်းက မလေးစကား၊ တရုတ်စကားလုံးဝမတတ်တဲ့ ကိုစိုးမြင့်ဟာ အခုကျွန်တော်တို့နဲ့ တွေ့တဲ့အချိန်မှာ တရုတ်လို၊ မလေးလို သွက်သွက်ကြီးကို စကားပြောနိုင်နေပါပြီ။ သူကပဲ ခေါင်းဆောင်ပြီး ဆိုင်တွေမှာ ဈေးနှုန်းပစ္စည်းတွေအကြောင်း မလေးလ မေးတော့တာပဲ။ "အင်္ကလိပ်လို မေးရင် အစ်ကိုတို့ကို တိုးရစ်ထင်ပြီး မတန်တဆဈေးတွေ ပြောမှာပေါ့။ မလေးလို ပြောလိုက်တော့ သူတို့မဟုတ်တာတွေ မတော်မတန်ဈေတွေ မပြောရဲတော့ဘူးလေ" လို့ ကိုစိုးမြင့်ကရှင်းပြပါတယ်။ သူကတော့ တကယ့်ကို KL အိတ်စ်ပါတ်ဖြစ်နေတော့ ဘယ်ဆိုင်က ဘယ်ဟာကောင်းတယ်၊ ဘယ်ဟာမကောင်းဘူး။ ဒီပစ္စည်းတွေက အတုနဲ့ တူတယ်၊ ဟိုဟာတွေက အပေါစားတွေဆိုပြီး တကယ့် KL ဈေးဝယ်လမ်းညွှန် ဂိုက်(guide) ပါပဲ။ မလေးရှားမှာ ဈေးဝယ်ရတာမှာ စိတ်ညစ်ဖို့ကောင်းတာတစ်ခုက ဈေးဆစ်ရတာပါ။ စူပါမားကကြီးထဲက ဆိုင်တွေမှာလည်း ဈေးကဆစ်ရတာပဲ။ တချို့နေရာတွေ ရောက်တော့ဈေးကို မတန်တဆတင်ထားတာပါ။ မဆစ်တတ်ရင် တစ်ခါတည်း ခံသွားရမှာပါ။ ဈေးဆစ်တာကို အင်္ကလိပ်လိုတော့ ဘားဂိန်း bargain လုပ်တယ်လို့ ခေါ်ပါတယ်။ မလေးတွေကို bargain လုပ်နိုင်မှ တော်ရုံကျတာပါ။ မလေးရှားမှာ ဈေးဝယ်ရတာမှာ စိတ်ညစ်စရာ နောက်တစ်ခုက အတုတွေပေါတာပါ။ အဲလို အတုတွေ ရှိတဲ့အထဲမှာ နာရီတွေကိုတော့ ကျွန်တော်တော်တော်လေး သဘောကျပါတယ်။ တကယ်အစစ်ဆိုရင် ဒေါ်လာတစ်သောင်း လောက်တန်တဲ့ ရိုးလက်(စ်) နာရီကို အတုဆိုရင် ဒေါ်လာ

(၃၀)လောက်နဲ့ ရတယ်။ အတုဆိုပေမယ့် တကယ့်ရိုးလက်(စ်)အတိုင်းပဲ၊ ခွဲလို့ မရလောက်အောင်ကို တူတယ်။ မလေးရှားက နာရီအတုတွေဟာ ကမ္ဘာမှာ နာမည်ကြီးပါ။ တိုးရစ်တွေ အားလုံး မလေးရှားကို ရောက်ရင် နာရီအတုတွေဝယ်ကြတယ်။ ခရီးသွားတဲ့အခါ နာရီအတုဝတ်သွားတော့ တော်တော်လေး အဆင်ပြေတယ်။ လမ်းမှာ အခိုးခံရ၊ ပျောက်ရှတယ်ဆိုလည်း ဘာမှ အရေးမကြီးဘူး၊ တော်ရုံတန်ရုံ ရှုပ်ရည်အဝတ်အစားနဲ့ နာရီအတုကို ဝတ်ထားရင် ဘယ်သူကမှ အတုလို့ ထင်ရဲမှာလည်း မဟုတ်တော့ဘူး။ ဒါကြောင့် မလေးရှားကို ရောက်ရင်တော့ ရိုးလက်စ်၊ အိမီဂါ၊ ဘရက်သလင်၊ တက်ဂဟာ စတဲ့ နာမည်ကြီး နာရီအတုတွေကို စျေးပေါပေါနဲ့ ဝယ်ဖြစ်အောင် ဝယ်ခဲ့ပါလို့ ပြောချင်ပါတယ်။ အဝတ်အစား၊ ရေမွှေး၊ အလှကုန်ပစ္စည်းအတွေလိုချင်ရင်လည်း ပေါမှပေါပါပဲ။ အတုတွေပေါတယ် ဆိုပေမယ့်လည်း ပစ္စည်းတွေက သိပ်စုံတာဆိုတော့ ကောင်းတာသန့်တာလေးတွေကို ရွေးဝယ်တတ်မယ်ဆိုရင် စျေးအရမ်းသက်သာတာ။ အထူးသဖြင့် လျှပ်စစ်ပစ္စည်းနဲ့ ကွန်ပျူတာပစ္စည်းတွေဟာ စက််ပူနဲ့ စာရင် စျေးသပ်ချိုပါတယ်။ မလေးရှားဟာ အာရှတိုက်ရဲ့ နာမည်ကြီး အီလက်ထရောနစ် မာကက်ကြီးပါ။ ကျွန်တော်တို့ကတော့ ကိုစိုးမြင့်ပါနေတော့ စျေးဝယ်ရတာအရမ်း အဆင်ပြေပါတယ်။ အလက်ထရောနစ်ပစ္စည်းတွေဟာ စက််ပူထက် စျေးအများကြီးသက်သာတယ်လို့ ပြောရမှာပါ။ စျေးဝယ်စရာ စင်တာအကြီးကြီးတွေကလည်း ကေအယ်လ်မှာ အများကြီးပါ။ အဲဒီနေ့ကတော့ KLCC ထဲက စူပါမာကကတွေမှာတင်ကို ဟိုကြည့်ဒီကြည့်၊ ဟိုဟာဝယ်၊ ဒီဟာဝယ်နဲ့ တစ်နေကုန်နီးပါးဖြစ်သွားပါတယ်။ KLCC ရှောပင်စင်တာကြီးထဲမှာ စူပါမားကက်အကြီးတွေရှိတယ်၊ ဆိုင်သေးသေးလေးတွေရှိတယ်၊ အစားအသောက်တွေရောင်းတဲ့ ဖုကုတ် (food count) နဲ့ ကော်ဖီဆိုင်တွေကလည်း ရှိသေးတယ်။ လူတစ်ယောက်ဟာ ရှောပင်စင်တာထဲဝင်သွားရင် တစ်နေကုန်ပြန်မထွက်နိုင်အောင်ကို စီစဉ်ထားတာပါ။ ဆိုင်တွေလျှောက်ကြည့်၊ မောရင် အအေးဆိုင်၊ ကော်ဖီဆိုင်ထိုင်၊ တစ်ခါထလျှောက်ကြည့်ပြန်ရော။ ပစ္စည်းကြေငြာတဲ့ အကတွေအဆိုတွေ အတီးတွေ ငေးမော၊ စာအုပ်ဆိုင်ရောက်တော့ စာအုပ်တွေက သန်းနဲ့ချီပြီးရှိနေတာ၊ စာပေအနုပညာ၊ ခေတ်ပေါ်ဝတ္ထု၊ အင်္ဂလိပ်စာ၊ ပြင်သစ်စာ၊ တရုတ်စာ၊ အားကစား၊ ထမင်းဟင်းချက်ပြုတ်နည်း၊ စုံမှစုံ၊ တစ်လလောက်ကြည့်လည်း ကုန်မှာ မဟုတ်ဘူး။ အဲဒီစာအုပ်တွေကို ဟိုလှန်ဒီလှန်နဲ့ (၂)နာရီလောက် အချိန်ကုန်သွားရော။ အဲဒီနောက် ဗိုက်ဆာလာတော့ ဖုကုတ်ကိုသွား၊ စားသောက်ဆိုင်တွေက ဘာရွေးရမှန်းမသိလောက်အောင်များတယ်။ နောက်ဆုံးစိတ်ကူးပေါက်ရာ ရွေးထိုင်ပြီး ဖြေးဖြေးဆေးဆေးစား၊ နား၊ စူပါမားကက်တစ်ခုမှာ ကံစမ်းမဲထည့်ဖို့ ကျန်နေတာပြေးထည့်၊ ရုတ်တရက် ကလေးတွေ ဆူညံနေအောင် အော်နေတာကြည့်လိုက်တော့ ကလေးတွေအတွက် ပြိုင်ပွဲလုပ်ပြီး ပစ္စည်းပရိုမိုးရှင်းလုပ်နေတာကို သွားမော့လိုက်တော့ ညနေ (၅း၀၀)နာရီထိုးသွားရော။ တော်တော်ကို လုပ်လည်း လုပ်နိုင်ကြတဲ့ မာကက်တင်းနည်းပညာ (Marketing Strategy) တွေပါပဲ။ သူတို့ရဲ့ စူပါမာကကတွေမှာ ပစ္စည်းအထားအသို၊ နေရာချထားမှုနဲ့ ပစ္စည်းတွေကို ကြေငြာထားတာဟာလည်း အတုယူစရာပါ။ စူပါမားကကထဲဝင်လိုက်တာနဲ့

သူတို့ရောင်းချင်တဲ့ အသားပေးထားတဲ့ ပစ္စည်းနဲ့ ထိပ်တိုက် မျက်နှာချင်းဆိုင်တွေ့အောင် စီစဉ်ထားတာပါ။ မျက်လုံးနဲ့ ပစ္စည်းတည့်တည့်တွေ့အောင်လုပ်ထားတဲ့ Browsing effect ဘရောက်စင်းအဖက် သိပ်ကောင်းတယ်လို့ ခေါ်ရမှာပေါ့။ ပြီးတော့ ပစ္စည်းတွေကို ကြေငြာရေးထားတာဟာလည်း ပညာတကယ်ပါပါတယ်။ စူပါမားကကထဲမှာ ခြယ်ထားတဲ့ အရောင်တွေကလည်း သေချာကို စဉ်းစားပြီးမှ ဈေးဝယ်သူတွေရဲ့ စိတ်နှလုံးကို ညှို့စွဲယူအောင် ချယ်သထားတာပါ။ ဒီလို စူပါမားကက် အရောင်းတက်အောင် လုပတဲ့ နည်းစနစ်တွေဟာ ကျွန်တော်တို့တတွေ အတုယူဖို့ကောင်းပါတယ်။ ကျွန်တော်တို့ ရိုးရာမြန်မာစတိုးဆိုင်တွေမှာ ဆိုရင် ပစ္စည်းတွေကို ကြုံသလို ထားချင်ရာထား ချိတ်ချင်ရာ ချိတ်နဲ့ ဈေးဝယ်က "ဝမ်းနုတ်ဆေးရှိလား" လို့ မေးလိုက်ရင် ဆိုင်ရှင်က ဟိုရှာဒီရှာ "ငါမနေ့က ဒီနားမှာ ဝမ်းနုတ်ဆေးထုတ်တွေ ချိတ်ထားပါတယ်" ဆိုပြီး ကြုံရာ ကြုံသလိုထားတဲ့ မြန်မာကုန်စုံဆိုင်ပါ။ ခေတ်ကြီးက တိုးတက်ပြောင်းလွဲလာတော့ စူပါမားကကတွေရဲ့ သဘောထားက ဈေးလာဝယ်တဲ့ သူတွေ ဆိုင်ထဲဝင်လာရင် တတနိုင်သရွေ့ ပစ္စည်းတွေ ဝယ်သွားအောင် ပိုက်ဆံတေ သုံးသွားအောင် နည်းမျိုးစုံနဲ့ မြှူဆွယ်ထားတဲ့ သဘောပါ။ ဘာမှမဝယ်ပဲ ပြန်ထွက်သွားတောင် နောက်တစ်ခေါက် ပြန်လာချင်အောင်ဆိုတဲ့ ရည်မှန်းချက်တော့ ရှိသေးတယ်။ အဲလို ဈေးဝယ်တဲ့သူ စိတ်တွေက ကြည်နူးပြီး ပိုက်ဆံတွေ သုံးချင်ဖြုန်းချင်စိတ်တွေ ပေါ်လာအောင် အဝင်ကတည်းက အမျိုးသမီးဝန်ထမ်းလှလှတွေနဲ့ ကြိုမယ်၊ ပစ္စည်းတွေကို စိတ်ဝင်စားအောင် ပြထား စီရီထားမယ်၊ ပစ္စည်းကောင်တာတွေရဲ့ အနားမှာလည်း ပြုံးချိုနေတဲ့ လှပျိုဖြူဝန်ထမ်းတွေက ဒီဟာလေးကြည့်ပါဦး၊ ဟိုပစ္စည်းက ဈေအရမ်းတန်တယ၊ ဝယ်ပါဦးလား၊ ကုန်တော့မယ်နော်ဆိုပြီး ဖော်ဖော်ရွေရွေနဲ့ သူတို့နဲ့ဆိုင်တဲ့ ကောင်တာကပစ္စည်း အရောင်းထွက်အောင် အမျိုးမျိုးပြောကြတယ်။ အမျိုးသားတွေရဲ့ သဘာဝကလည်း အမျိုးသမီးငယ်လေးတွေ အဲလ ကြိုဆိုနှုတ်ခွန်းဆက်ပြောတယ်ဆိုရင် ဘာရယ်မဟုတ်ဘူး ကြည်နူးပြီး စကားတွေ တောင်ပြောမြောက်ပြော လျှောက်ပြောရင်းနဲ့ ခဏနေတော့ အားနာလာပြီး နောက်ဆုံး တစ်ခုခုတော့ ဝယ်ဖြစ်သွားရော။ ဒီသဘောတရားကြောင့် မာကက်တင်း (marketing) မှာ အမျိုးသမီးဝန်ထမ်းတွေကိုပဲ သုံးကြတာထင်ပါတယ်။ ဒကိစ္စနဲ့ ပတ်သက်လို့ ကိုယ်တွေ့ကြုံခဲ့တာလေး ပြောပြချင်ပါသေးတယ်။ ဟိုတလောက ကျွန်တော် ပန်းလှိုင်ဂေါက်ကွင်းကို ဂေါက်သွားရိုက်တော့ Front Office လို့ ခေါ်တဲ့ ကောင်တာရှေ့မှာ ချက်ကင်လုပ်ဖို့ သွားရပ်လိုက်တော့ ကောင်တာက အမျိုးသမီးငယ်လေး တစ်ယောက်ဟာ ထောင့်ကွယ်လေးမှာ ရပ်၊ မန်ကိုကြည့်ပြီး အကြီးအကျယ်ကို မျက်ခုံးမွှေး၊ မျက်တောင်မွှေးတွေ ခြယ်သနေတာ တွေ့ရပါတယ်။ ဒါနဲ့ ကျွန်တော်က "ဟဲ့ ညည်းကလည်း အလှပြင်တာ မလွန်လွန်းဘူးလား" လို့ မေးလိုက်တော့ "ဆရာကလည်း ကျွန်မတို့ က အလှမပြင်မနေရ၊ တာဝန်အရပြင်ရတာ၊ အလှမပြင်ပဲ အလုပ်ဆင်းနေတာတွေ့ရင် ဖိုင်းချပြီး ဒဏ်ငွေ (၂၀၀၀)ပေးရတာ" လို့ ပြန်ဖြေပါတယ်။ ကျွန်တော် လုံးဝကို အံ့ဩသွားပါတယ်။ နောက်မှ သတိရမိတာက

အုပ်ချုပ်သူအမျိုးသမီးက နိုင်ငံခြားသူဆိုတော့ ကျွန်တော်တို့လို သမားရိုးကျ အတွေးအခေါ် တွေနဲ့ အုပ်ချုပ်စီမံတာမဟုတ်ဘ ခေတ်မီ မာကက်တင်းအယူအဆတွေနဲ့ ဝန်ထမ်းတွေကို ထိန်းသိမ်းဖွဲ့စည်းထားတာကိုးလို့ တွေးမိပါတယ်။ ဒီလိုကောင်တာမှာ ချောချောမောမော လှလှပပပြင်ဆင်ထားမှ ဂေါက်သီးရိုက်လာကြတဲ့ အမျိုးသားတွေ ကြည်နူးစိတ်ချမ်းသာပြီး နောက်ကို ဂေါက်သီး ထပ်လာရိုက်ချင်မှာကိုး။ ဒါဟာ အခုခေတ်ရဲ့ မာကက်တင်း အတွေးအခေါ်စနစ်တွေပါ။ KLCC က ဆိုင်တွေကတော့ အခုနက ပြောခဲ့သလိုပဲ အရမ်းကို ခေတ်မီတဲ့ တည်ဆောင်ဖွဲ့စည်းအုပ်ချုပ်မှုတွေနဲ့ ရပ်တည်နေတာကို တွေ့ရပြီး "အော်ငါတို့ နိုင်ငံလည်း တစ်နေ့ ဒီလိုဖြစ်လာအောင် ကြိုးစားကြရမှာပါ" လို့ တွေးမိပါတယ်။ စီးပွားရေးတင်မကပါဘူး၊ အင်ဂျင်နီယာ၊ ဆေးပညာ၊ အနုပညာ၊ ဂီတစတဲ့ အဖက်ဖက်မှာ အရှိန်အဟုန်နဲ့ တိုးတက်နေတဲ့ ခေတ်ဆိုတော့ တိုးတက်နေတဲ့ အယူအဆတွေနဲ့ ကိုက်ညီအောင် ကိုယ့်ကိုယ်ကိုလည်း ခေတ်မီအောင် အမြဲလုပ်နေရမှာပါ။ အဲလို မလုပ်ဘ သမားရိုးကျအတိုင်းသွားနေမယ်ဆိုရင်တော့ ကိုယ်က ခေတ်နောက်မှာ ကျန်နေခဲ့မှာပါ။ ဆေးပညာမှာဆိုရင် တိုးတက်မှုက သိပ်များပြားမြန်ဆန်လွန်းတော့ စဉ်ဆက်မပျက် ဆေးပညာလေ့လာရေး (Continuing Medical Education) တို့ စဉ်ဆက်မပြတ် ပညာရပ်ဆိုင်ရာ တိုးတက်အောင်လုပ်ဆောင်မှု (Continuing Professional Development) တို့ဆိုတာတွေ အမြဲလုပ်နေရပါတယ်။ လေ့လာမှုကို ရပ်လိုက်တာနဲ့ ကိုယ့်ရဲ့ ဆေးပညာအယူအဆ ကုသမှုတွေဟာ ခေတ်နောက်ကျသွားပြီး လူနာကို ကိုယ်ဆေးကုတာဟာ ခေတ်မမီတော့တဲ့အတွက် လူနာမှာ နစ်နာသွားနိုင်ပါတယ်။ ကွန်ပျူတာ အီလက်ထရောနစ်ဆိုတာတွေမှာလည်း တစ်ချိန်လုံး ပြောင်းလွဲတိုးတက်နေပြီး ပစ္စည်းတွေကလည်း မော်ဒယ် တွေ အသစ်တစ်ခုပြီးတစ်ခု ပေါ်နေတာ။ KLCC က အီလက်ထရောနစ်ဆိုင်တွေမှာ ဝင်ကြည့်လိုက်တော့ စိတ်ညစ်လောက်အောင်ကို အသစ်အဆန်းတွေက များလှပါတယ်။ ဒီလိုပဲ အင်ဂျင်နီယာ၊ ဗိသုကာ၊ ဘာသာရပ်တိုင်းမှာ တရှိန်ထိုးတိုးတက်နေတာကို ကေအယ်လ်မြို့ကြီးရဲ့ ဘယ်နေရာကိုပဲ ကြည့်လိုက် ကြည့်လိုက် သိသာထင်ရှားမြင်သာနေပါတယ်။ ဒီလိုပြောင်းလွဲနေတဲ့ ခေတ်ကြီးကို ကေအယ်လ်မှာ မျက်ဝါးထင်ထင် မြင်ရတော့ မြန်မာလူငယ်တွေလည်း ကြိုးစားကြရမယ်၊ ခေတ်နဲ့အမ ညီအောင်နေနိုင်ဖို့ (၂၁)ရာစုရဲ့ ပြောင်းလွဲမှုတွေကို အထူးအားထုတ်လေ့လာကြရမှာပါလို့ တွေးမိပါတယ်။

ဒီလိုနဲ့ ဟိုတွေးဒီတွေး၊ ဟိုမေးဒီမေး KLCC ရှော့ပင်းစင်တာကြီးထဲမှာ လျှောက်သွားနေတုန်း ကိုစိုးမြင့်က "အစကိုရေ မလေးမှာတော့ အိုဖြစ်နေတဲ့ ရွှေတွေကသိပ်များတယ်" လို့ပြောပါတယ်။ အိုဆိုတာ ဗီဇာသက်တမ်းကုန်ပြီး ရက်ကျော်နေရတဲ့ အိုဗာစတေး (overstay) နေနေတဲ့ သူတွေကိုပြောတာပါ။ "ရွှေ"ဆိုတာကတော့ မြန်မာတွေကိုပြောတာ၊ မလေးဆိုရင် "မ"၊ စင်္ကာပူတွေတွေ့ရင် "စလုံး"၊ ထိုင်းလူမျိုးတွေကို ယိုးဒယားရဲ့ အတို "ယပလက်"၊ ကိုးရီးယားကို "ကကြီး"။ ဒါနိုင်ငံခြားမှာ

မြန်မာတွေခေါ်ကြသုံးကြတဲ့ အသုံးအနှုန်းတွေပါ။ စက်ာပူမှာဆိုရင် အို (၀)လို့ ပြောရင် စက်ာပူရဲတွေက အိုဗာစတေးကို ပြောတာလို့ မိနိုင်လို့ '၀' တွေလို့ ပြောပါတယ်။ ကျွန်တော့်မိတ်ဆွေ တစ်ယောက်ရဲ့ အိမ်ကို ဆေးသုတဖို့ စက်ာပူ ကုမ္ပဏီတစ်ခုကို ခေါ်လိုက်တော့ နေ့လည် သူရုံးသွားနေတုန်း ဆေးလာသုတ်သွားပါတယ်။ ညနေရောက်တော့ ကျွန်တော့်သူငယ်ချင်းကို အိမ်မှာကျန်နေခဲ့တဲ့ သူ့အမျိုးသမီးက ဆီးပြောပါတယ်။ "မောင်ရေ နေ့လည်က ဆေးလာသုတ်တဲ့ စက်ာပူ အလုပ်သမားတွေထဲမှာ မြန်မာလေးနှစ်ယောက် ပါလာတယ်။ သူတို့ '၀' တွေတဲ့၊ ထူးထူးဆန်းဆန်း '၀' တွေတောင် စက်ာပူမှာ အလုပ်လာလုပ်နေပြီနော်" လို့ တအံ့တသြ ဆီးပြီးပြောပါတယ်။ ဒါနဲ့ သူ့ယောကျ်ားက "ဟဲ့ ညည်းကလည်း အလိုက်တာ၊ သူ '၀' ဆိုတာ '၀' လူမျိုးကို ပြောတာမဟုတ်ဘူး၊ အင်္ဂလိပ်စကားလုံး အိုကို မြန်မာလိုပြောတာ။ Overstay ကို "အ" လို့ အတိုပြောရင် ဘေးလူသိမှာစိုးလို့ '၀' လို့ မြန်မာလို အသံထွက်လိုက်တာ" လို့ မနည်းရှင်းပြလိုက်ရပါတယ်တဲ့။ နိုင်ငံခြားရောက် မြန်မာလူငယ်တွေရဲ့ ဘ၀ဟာ စိတ်၀င်စားစရာကောင်းပါတယ်။ အလွှာပေါင်းစုံ၊ အရပ်ဒေသပေါင်းစုံကနေပြီး နိုင်ငံခြားသွားဖို့ ကြိုးစားအားထုတ် အခက်အခဲအမျိုးမျိုးတွေကို ဖြတ်ကျော်ပြီး နိုင်ငံခြားဆိုတာကို ရောက်လာကြတာပါ။ ကျွန်တော်တို့မြန်မာတွေ နိုင်ငံခြားသွားတာနဲ့ ဘင်္ဂလားဒေ့(ရှ်)ကလို၊ အာဖရိကတိုက်ကလို လူတွေ နိုင်ငံခြားသွားတာ ကွာခြားပါတယ်။ အဓိက ကွာခြားချက်ကိုပြောပါမယ်။ သူတို့ဆိုတာ အခြားနိုင်ငံက လူတွေ စက်ာပူကို စက်လှေလေးထဲမှာ လူ(၅၀)ကျပ်ညှပ်စီးလာပြီး ခိုးဝင်လာတယ်ဆိုတဲ့ လူမှောင်ခိုပို့တဲ့ သတင်းတွေကို မကြာမကြာကြားရမှာပါ။ သူတို့တတွေ နိုင်ငံခြားသွားတာက စားစရာမရှိ၊ ငတ်ပြတ်နေလို့ သေမထူးနေမထူး ဘ၀ကနေသွားကြတဲ့သူတွေ အများစုပါ။ ကျွန်တော်တို့မြန်မာတွေကတော့ နိုင်ငံခြားသွားပြီဆိုကတည်းက အတော်အသင့် ပိုက်ဆံကို သုံးနိုင်တဲ့ အခြေအနေရှိတဲ့ သူတွေပါ။ မကွေးအနောက်ဘက်က ရွာလေးက၊ ချင်းပြည်နယ် အစွန်မြို့လေးက၊ ရခိုင်ဘူးသီတောင်နားက ရွာလေးတစ်ရွာက စသဖြင့် ဘယ်လို အရပ်ဒေသ၊ ဘယ်လောက်ချောင်ကြတဲ့ နေရာကပဲလာလာ ကျွန်တော်တို့ဆီမှာ နိုင်ငံခြားသွားမယ်ဆိုတ လူတစ်ယောက်ဟာ ငတ်ပြတ်မွဲတေနေတဲ့ လူတန်းစားကတော့ မဟုတ်ဘူး။ မြန်မာတစ်ယောက်ဟာ ပိုက်ဆံ (၁၀)သိန်းအထက်လောက် သုံးနိုင်မှ နိုင်ငံခြားဆိုတာကို သွားလို့ရတာလေ။ ကျွန်တော်တို့ မြန်မာတွေ နိုင်ငံခြားသွားတာ မွဲလို့ ငတ်လို့ (poverty and hunger) ကြောင့် မဟုတ်ဘူး။ ဘ၀မှာ ဒီထကတိုးတက်ကောင်းမွန်အောင် (for better life) ဆိုပြီး သွားကြတဲ့ သူတွေများပါတယ်။ ဘ၀ဆိုတာ တိုးတက်အောင် လုပ်နေရမယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် အခြေအနေနဲ့ အချိန်အခါကိုကြည့်ပြီး လုပ်ရမှာပါ။ လမ်းမလွဲဖို့၊ ရေလိုက်မလွဲဖို့လည်း အရေးကြီးပါတယ်။ နယ်ပေါင်းစုံကနေ နိုင်ငံခြားသားဖို့ဆိုပြီး ရန်ကုန်တက်လာတဲ့အခါ ရန်ကုန်ဆိုတာက ဘာနဲ့တူသလဲဆိုတော့ အဲလိုနယ်ကလာတဲ့လူတွေအတွက် သားရဲတိရိစ္ဆာန်တွေပေါတဲ့ တောကြီးနဲ့ တူပါတယ်။

ပထမဆုံးရင်ဆိုင်ရမှာက ပွဲစားမျိုးစုံပါ။ ပါတ်စပို့စ်ပွဲစား၊ အလုပ်ပွဲစား၊ နိုင်ငံခြားသွားမယ့်လူတွေအခေါ် အေးဂျင်း (agent) ပေါ့။ ပါတ်စပို့စ်ကို စာအုပ်လို့ခေါ်ပါတယ်။ ပထမဆုံးပွဲစားက စာအုပ်တင်ဖို့ လုပ်ပေးပါတယ်။ စာအုပ်တင်တယ်ဆိုတာ ပါတ်စပို့စ် လျှောက်တာကိုပြောတာပါ။ အဲလို နိုင်ငံခြားသွားမယ့်လူတွေထဲမှာ လည်လည်ဝယ်ဝယ်ကြားဘူးနားဝရှိတဲ့ သူတွေကတော့ စာအုပ်မတင်ခင် ဘီပိုး၊ စီပိုး၊ HIV စတာတွေ အရင်စစ်ကြတယ်။ တချို့လည်း စာအုပ်တင်ပြီးမှ စစ်ကြတယ်။ နိုင်ငံခြားသွားဖို့ ပထမဆုံး အခက်အခဲက ဘီပိုးနဲ့စီပိုးမှာ ညိတော့တာပဲ။ ကိုးရီးယားက ဘီပိုး၊ စီပိုး တစ်မျိုးမျိုးရှိတယ်ဆိုရင် အလုပ်လုပ်ဖို့ လုံးဝ လက်မခံပါဘူး။ မလေးရှားကတော့ ဘီပိုးရှိရင် အလုပ်လုပ်ခွင့် work permit မပေးပါဘူး။ စင်္ကာပူကတော့ ဘီပိုး၊ စီပိုး ဘာပိုးရှိရှိ ကျန်းမာရေးကောင်းတယ်ဆိုရင် အလုပ်လုပ်ခွင့်ပြုပါတယ်။ အဲတော့ နိုင်ငံခြားမသွားခင် ဘီပိုး၊ စီပိုးတွေ စစ်ကြရော။ ပြီးတော့ စီပိုးတွေ့တာနဲ့ ကျွန်တော့်ဆီ လာပြကြတယ်။ အဲလိုလာပြတဲ့အခါ "ဟေ့ မင်းပိုက်ဆံတွေ ဘယ်လောက်ကုန်ပြီလဲ" လို့ မေးလိုက်တော့ "သိပ်မကုန်သေးပါဘူး၊ စာအုပ်တင်တာ နည်းနည်းပဲ ကုန်ပါသေးတယ်" လို့ ဖြေချင်ဖြေမယ်၊ တချို့ကတော့ "စာအုပ်ကို မတင်ရသေးပါဘူး၊ မသွားခင် သေချာအောင် စစ်ကြည့်လိုက်တာပါ" လို့ ပြောမယ်။ တချို့ ရင်နာဖို့ကောင်းတဲ့အဖြစ်တွေကတော့ "ဆရာ သားလေးအတွက် ပိုက်ဆံက တစ်ဝကသွင်းပြီးပြီ၊ အခု ဘီပိုးရှိနေပြီဆိုတော့ သွားလို့မရတော့ဘူးတဲ့။ ပိုက်ဆံကလည်း ဟိုဘက် ပို့လိုက်ပြီဆိုတော့ ပြန်ထုတ်လို့ မရတော့ဘူးတဲ့။ "ကယ်ပါဦးဆရာ (၁)လတော့ ကျန်ပါသေးတယ်။ ဒီတစ်လအတွင်းပျောက်အောင် လုပ်ပေးပါနော်။" ဒါမှမဟုတ် "ဆရာ ကျွန်တော်က နောက်အပတ်ထွက်တော့မှာ၊ ကောလင်းလည်းရောက်နေပြ၊ လေယာဉ်လက်မှတ်လည်း လက်ထဲရောက်နေပြီ ဘယ်လိုလုပ်ရမလဲဆရာ" လို့ ပြောတဲ့သူကပြော၊ တချို့ရောက်တော့ ကျွန်တော်ကနေ "မင်း ဘီပိုးပျောက်ဖို့ အနည်းဆုံး သုံးလေးနှစ်တော့ ကြာဦးမှာကွ" လို့ ပြောလိုက်ရင် "ကိစ္စမရှိဘူး ဆရာ၊ ကျွန်တော်သောက်ရမယ့် ဆေးတွေကိုသာညွှန်ပေးလိုက်ပါ။ ကျွန်တော့်အေးဂျင်းက တာဝန်ယူတယ်ပြောပါတယ်။ သူက ဟိုမှာ ညိုပြီးသားတဲ့"လို့ပြောတာရှိသေးတယ်။ အဲဒါ နိုင်ငံခြားသွားမယ့်သူတွေ ပထမဆုံး ရင်ဆိုင်ရတဲ့ ဘီပိုး၊ စီပိုးနဲ့ အခက်အခဲတွေပါ။ ကျွန်တော့်အမြင်ကို ပြောရရင်တော့ အေးဂျင်းတွေဟာ နိုင်ငံခြားသွားမယ့် သူတွေကို ပထမဆုံး ဘီပိုး၊ စီပိုး စတာတွေ ရှိမရှိ စစ်ခိုင်းရပါမယ်။ ပြီးတော့မှ ကျန်တဲ့ ဇာတ်လမ်းကို စသင့်ပါတယ်။ တချို့လူငယ်တွေကို အေးဂျင်းက ပိုက်ဆံလည်း အတော်အသင့်ယူပြီးမှ ဘီပိုး၊ စီပိုး စစ်တယ်။ ပိုးတွေ့ပြီဆိုတော့မှ ဘာပြောသလဲဆိုတော့ "မင်းဆေးသွားကုလိုက်ဦး၊ ဘီပိုး၊ စီပိုးပျောက်တာနဲ့ နိုင်ငံခြားကို ချက်ခြင်းလွှတ်ပေးမယ်"ပေါ့။ အခုတော့ မင်းသွားလို့မရဘူး၊ မင်းပိုက်ဆံကလည်း ပြန်ထုတ်လို့မရတော့ဘူး။ အဲဒီမှာတင် ပိုးရှိတဲ့ လူငယ်လေးဟာ အားကိုးတကြီးနဲ့ ကျွန်တော့်ဆီကို ရောက်လာတော့တာပဲ။ အဲလိုပဲ

အလုပ်သွားလုပ်တဲ့ သူတွေမှာ ဘီပိုး၊ စီပိုးနဲ့ ဒုက္ခရောက်ကြသလို စက််ပူ၊ မလေးရှားမှာ ကျောင်းသွားတက်မယ့် လူငယ်လေးတွေအတွက်လည်း ဒီပိုးတွေဟာ တော်တော်ကို ဦးနှောက်ခြောက်ရတဲ့ ပြဿနာပါ။ မြန်မာလူငယ်တွေ အများစု ကျောင်းတက်ကြတာကတော့ စက််ပူက NUS, NTU, နဲ့ Poly ကျောင်းတွေပါ။ စက််ပူက ပုဂ္ဂလိကသင်တန်းကျောင်း ဒီပလိုမာလက်မှတ် သင်တန်းတွေကို သွားပြီး ကျောင်းတက်ကျတဲ့သူတွေလည်း ရှိပါသေးတယ်။ ဒီလိုကျောင်းသွားတက်ကြတာမှာလည်း ကိုယ့်အစီအစဉ်နဲ့ ကိုယ်သွားတက်ကြတာရှိသလို အေးဂျင်းနဲ့ ကျောင်းလျှောက်ပြီး တက်ကြတာရှိပါသေးတယ်။ စက််ပူကျောင်းသွားတက်မယ့် သူတွေအများစုကတော့ ဘီပိုးကိုပဲ စစ်ကြတာများပါတယ်။ ပြးတော့မှ ပိုးတွေ့လို့ စိတ်ဆင်းရဲပြီး ကျွန်တော့်ဆီကို ရောက်လာကြတာပါ။ ကျွန်တော့်ဆေးခန်းမှာ လာပြတဲ့ သူတွေရဲ့ ၃၀%လောက်ဟာ နိုင်ငံခြားသွား အလုပ်လုပ်ဖို့၊ ဒါမှမဟုတ် ကျောင်းတက်ဖို့ လုပ်ပြီးတော့မှ ဘီပိုး စီပိုးတွေ့လို့ အကြံဉာဏ်လာတောင်းကြတဲ့သူတွေပါ။ သူတို့လေးတွေဟာ ပွဲစားနဲ့ အေးဂျင်းတွေ ဟိုပြော ဒီပြောနဲ့ အရပ်ထဲက လူတွေလျှောက်ပြောကြတဲ့ ဘီပိုး၊ စီပိုး ရှိရင် နိုင်ငံခြားသွားတာကို ဘယ်လိုထိခိုက်နိုင်တယ်ဆိုတဲ့ အကြောင်းတွေ၊ မှန်တာတွေရော၊ မမှန်တာတွေရော လုံးထွေးရှုပ်ရှက်ခက်နေတဲ့ သတင်းစကားကြားထဲမှာ နစ်မြုပ်၊ မဟုတ်မမှန်ပူပင်သောကတွေနဲ့ ချာချာလည်နေကြပါတယ်။ ကိုစိုးမြင့်ပြောတဲ့ "အို" ဖြစ်နေတဲ့ မလေးရှားက မြန်မာတွေထဲမှာလည်း ဘီပိုးရှိလို့ ဝပ်ပါမစ် (work permit) မရတော့လို့ "အို" နေတဲ့ သူတွေ တော်တော်များတယ်လို့ သိရပါတယ်။ အဲလို ကေအယ်လ်က ကိုစိုးမြင့်နဲ့ စကားပြောနေရင်း ဘီပိုး၊ စီပိုးအကြောင်းရောက်သွားတော့ "အစ်ကိုရာ ဘီပိုးကြောင့် ဒုက္ခရောက်တဲ့ မြန်မာလူငယ်တွေအများကြီးပဲ" လို့ ပြောပါတယ်။ သေချာစဉ်းစားကြည့်လိုက်တော့ "နိုင်ငံခြားသွားပြီး အလုပ်လုပ်မယ်၊ ကျောင်းတက်မယ့် မြန်မာလူငယ်တွေဟာ ဘီပိုး၊ စီပိုးရှိရင် နိုင်ငံခြားသွားတာကို ဘယ်လို ထိခိုင်နိုင်တယ်၊ နင်ငံခြားမသွားခင်ဘာတွေ လုပ်ရမယ်၊ ဘာတွေစစ်ရမယ်ဆိုတဲ့ အချက်အလက်အမှန်တွေကို မသိပဲဖြစ်နေပြီး နိုင်ငံခြားသွားမယ့် သူရော၊ သူ့မိဘဆွေမျိုးအသိုင်းအဝိုင်းပါ အရပ်ပြော၊ ပါးစပ်ပြော သတင်းတွေကြားမှာ ချာချာလည်နေကြပြီး ဘာလုပ်ရမှန်း သေချာမသိတာပါလား" လို့ တွေးမိပါတယ်။ ဒါကြောင့် နောက်လမှာ နိုင်ငံခြားသွားမယ့် သူတွေအတွက် သိသင့်သိထိုက်တဲ့ ဘီပိုး၊ စီပိုးအကြောင်းကို သီးသန့် ဆောင်းပါးတစ်ပုဒ်အနေနဲ့ ရေးသွားပါမယ်။ လူငယ်တွေ စောင့်ပြီး ဖတ်ကြပါလို့ တိုက်တွန်းလိုက်ချင်ပါတယ်။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဒင်မောင်ဝင်း (အသည်း)



Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၂၄)

မလေးရှားနိုင်ငံ ကေအယ်လ်မှာ အလုပ်သွားလုပ်ပြီး ကြီးပွားနေတဲ့ ကိုစိုးမြင့်ဆီကို သွားတဲ့အကြောင်း ရေးနေပါတယ်။

ကေအယ်လ်က ကိုစိုးမြင့် (အဆက်)

ကိုစိုးမြင့်လိုက်ပို့လို့ ကေအယ်လ်မြို့ကို အနှံ့ရောက်ပါတယ်။ စျေးဆိုင်တွေ၊ စူပါမားကက်၊ တရုတ်ကုန်းစားစရာသောက်စရာ စျေးတန်းစုံ အကုန်လုံးကို သွားခဲ့ပါတယ်။ ကိုစိုးမြင့်နဲ့ လျှောက်သွားတုန်မှာ ကိုစိုးမြင့်ဟာ တစ်ချိန်လုံးဖုန်းတွေဖြေလိုက်ရ၊ စကားတွေ ပြောလိုက်ရနဲ့ သူပြောတာတွေမျိုးစုံကို ကြား နေပါတယ်။ သူပြောတဲ့အကြောင်းအရာတွေကတော့ စုံလို့ပဲ။ မလေးရောက် မြန်မာလူငယ်တွေရဲ့ ကိစ္စပေါင်းစုံ ပြဿနာအမျိုးမျိုးနဲ့ ဒုက္ခရောက်ပုံအကြောင်းတွေပါပဲ။ ကိုစိုးမြင့် ဖုန်းပြောနေတဲ့အကြောင်းတွေ ကိုသာရေးမယ်ဆိုရင် ဇာတ်လမ်းတစ်ပုဒ် ကောင်းကောင်းရမှာပါ။ ဟိုလူက ပါတ်စ်ပို့ပျောက်လို့၊ ဒီလူက ရဲဖမ်းထားတာ အာမခံလုပ်ဖို့၊ ပါတ်စ်ပို့တွေ ရာဘာခြိုသူဌေးက သိမ်းထားလို့၊ ရန်ကုန်ကငွေလွှဲတာ မရောက်လို့၊ စက်ရုံကထွက်ပြေးလာခဲ့တာ ကေအယ်လ်မှာ အလုပ်လုပ်ချင်လို့၊ ပြဿနာတွေ အစုံမှတကယ့် အစုံပဲ။ ကိုစိုးမြင့်ဟာ အဲဒီကိစ္စကို ဒိုင်ခံဖြေရှင်းပေးနေတဲ့သူ တစ်ယောက်ပါ။ သူက မြန်မာ၊ အင်္ဂလိပ်၊ မလေး၊ တရုတ်၊ ဘာသာလေးမျိုး ပြောနိုင်ပါတယ်။ ကေအယ်လ်မှာအနေကြာတော့ အဆက်အသွယ်တွေလည်း အပြည့်၊ ရဲ၊ ဆရာဝန်၊ သံရုံး၊ စက်ရုပိုင်ရှင်သူဌေးအားလုံးနဲ့ ဝင်ဆန့်အောင်လည်း ပေါင်းနိုင်ပါတယ်။ သံရုံးကလူတွေနဲ့ သိတယ် ဆိုတာက မြန်မာသံရုံးတစ်ခုထဲ မဟုတ်ဘူး၊ ထိုင်း၊ အိုင်ယာလန်၊ နယူးဇီလန် စုံလို့ပဲ။ ဗီဇာအမြဲယူပေးနေကြဖြစ်နေတော့ သံရုံးအားလုံးနဲ့လည်း ရင်းနှီးနေပြီပေါ့။ ဗီဇာယူတာတွေကိုလည်း ဝန်ဆောင်ခယူပြီး လုပ်ပေးပါတယ်။ ကိုစိုးမြင့်ကို ဝန်ဆောင်ခပေးပြီး ဗီဇာယူခိုင်းတာဟာ ကိုယ့်ဘာသာ ကိုယ်လုပ်တာနဲ့ စာရင် အများကြီး စျေးသက်သာပါတယ်။ ဥပမာ အကြမ်းပြောရမယ်ဆိုရင် ထိုင်းဗီဇာယူခကို ကိုစိုးမြင့်က တစ်ယောက်ကို ရင်ဂစ် (၁၀၀) ယူတယ်ဆိုပါစို့။ ကိုယ်ကိုယ်တိုင်သွားယူမယ်ဆိုရင် ထိုင်းသံရုံးက ဘယ်နားမှာလဲ စုံစမ်းရမယ်၊ ဘယ်အချိန်ဖွင့်လို့ ဘယ်လိုဗီဇာလျှောက်ရမှန်းလည်းမသိ၊ သံရုံးကို တက္ကစီးငှား သွား၊ အချိန်မကိုက်ရင် ပြန်လာရ၊ နောက်တစ်ခေါက်သွား၊ ပုံစံမှာ ဘာလိုလို့၊ ဘယ်လိုဖြည့်ရမှန်းမသိ၊ နောက်တစ်ရက်ချိန်း ပြန်သွားရ၊ တော်တော်ကို

ပိုက်ဆံပိုကုန်မယ်။ ကိုစိုးမြင့်အနေနဲ့ကတော့ ပါတ်စ်ပို့ (၁၀)အုပ်လောက်ကို စုပြီး သံရုံးတစ်ခါတည်း သွားလုပ်တာ၊ လုပ်နေကြဆိုတော့ သံရုံးဝန်ထမ်းတွေနဲ့လည်း ရင်းနှီးပြီးသား၊ ဘယ်သူ့ကိုဘယ်လို ဆက်ဆံရမယ်၊ ထိုက်သင့်လဲ လက်ဆောင်လေးဘာလေး ပေးထားတာ ဆိုတော့ ဒီနေ့ဗီဇာလျှောက်လွှာတင် နောက်နေ့ ဗီဇာရမယ်။ အဲတော့ ဗီဇာယူဖို့ ကိုယ်တိုင် လိုက်လုပ်တာက ပိုက်ဆံလည်း ပိုကုန်မယ်။ အလုပ်လည်း ရှုပ်သေးတယ်။ ကိုစိုးမြင့်ဆီ အပ်လိုက်တာက ဇာတ်လမ်းရှင်းတယ်။ ကိုစိုးမြင့်က ဗီဇာလျှောက်လွှာပုံစံတွေ တစ်ခါတည်းယူထားပြီးသားရှိတယ်။ သူ့ဆီသွားလိုက်တာနဲ့ ဒါတွေဖြည့်၊ ဓါတ်ပုံပေး၊ ဗီဇာပေး၊ ဝန်ဆောင်ခပေး နောက်နေ့ညနေ (၅)နာရီ ပါတ်စ်ပို့နဲ့ ဗီဇာပြန်လာယူဆိုတော့ သိပ်ကိုအဆင်ပြေပါတယ်။ ကိုစိုးမြင့် အနေနဲ့လည်း ဒီလိုလုပတာတွေဟာ လုပ်လို့ကောင်းတဲ့၊ ငွေရတဲ့လုပ်ငန်းတစ်ခုပါ။ ကိုစိုးမြင့်ဒီလို ဗီဇာ ကိစ္စတွေ လုပ်တာဟာ ထိုင်းသံရုံးတင် မဟုတ်ပါဘူး။ ကေအယ်လ်မှာ ကိုစိုးမြင့်က မြန်မာပါတ်စ်ပို့တွေကို အိုင်ယာလန်၊ နယူးဇီလန်ဗီဇာတွေ ယူပေးနေတာလည်း တွေ့ခဲ့ရပါတယ်။ ဘယ်လိုလုပ်ပြီး ဘယ်လိုဗီဇာတွေကို ယူပေးနေသလဲဆိုတော့ ကျွန်တော်အသေးစိတ်မသိပါဘူး။ ဒါဟာ သူ့ရဲ့လုပ်ငန်းပဲလေဆိုပြီး သူကျွမ်းကျင်တာ သူလုပ်နေတာဆိုတော့ ဘယ်လိုတွေလုပ်ပြီး ဗီဇာတွေယူနေသလဲဆိုတာ သူ့ကို ကျွန်တော်မမေးခဲ့ပါဘူး။ နောက်ပြီး ကိုစိုးမြင့်လုပ်နေတာတွေထဲမှာ ကုသိုလ်သိပ်ကိုရမယ့် လုပ်ငန်းတစ်ခုတွေ့ခဲ့ပါသေးတယ်။ အဲဒါကတော့ ဒုက္ခရောက်နေတဲ့ မြန်မာလူငယ်တွေကို တယ်တာပါပဲ။ အလုပ်မရှိလို့ ပြဿနာပေါ်တဲ့သူ၊ မြန်မာပြည်ပြန်ဖို့ အခက်အခဲရှိတဲ့လူ၊ ပါတ်စ်ပို့ မရှိတော့တဲ့သူ အဲလို ပြဿနာပေါင်းစုံနဲ့ မြန်မာတွေအားလုံးကို ကိုစိုးမြင့် သူတတ်နိုင်သ၍ ကူညီရှာပါတယ်။ ဒါကြောင့် ကေအယ်လ်မှာရော ဂင်တင်းတောင်ပေါ်စခန်း မှာပါ ဘယ်ကိုသွားသွား၊ ဟိုတယ်၊ စားသောက်ဆိုင်တွေ စူပါမာကက်တွေမှာ သူအလုပ်သွင်းပေးထားတဲ့ မြန်မာတွေအများကြီးရှိပါတယ်။ အဲလို ကူညီတတ်တဲ့၊ စိတ်ရောကိုယ်ပါ အကူအညီပေးတတ်တဲ့ ကိုစိုးမြင့်ဆီက ကျွန်တော် အကူအညီတောင်းဖူးပါတယ်။ ကျွန်တော့်မိတဆွေ အမျိုးသမီး တစ်ယောက်ရဲ့ သားဟာ မလေးရှားမှာ အလုပ်သွားလုပ်ချင်တယ်ဆိုတာနဲ့ ငွေရှစ်သိန်းအကုန်ခံပြီး ပို့လိုက်ပါတယ်။ မလေးရောက်ပြီး (၆)လလောက်အကြာမှာ သူ့ကိုအလုပ်လုပ်ဖို့ ပို့လိုက်တဲ့ ဆီအုန်းခြံထဲမှာ သူအလုပ် မလုပ်နိုင်တော့လို့ ထွက်ပြေးလာပြီး ကေအယ်လ်ကို ရောက်လာပါတယ်။ ဆီအုန်းခြံသူဌေးက ပါတ်စ်ပို့ သိမ်းထားတော့ သူ ဘာလုပ်လို့ ဘယ်သွားရမှန်းမသိဘဲ ယောင်လည်လည်နဲ့ ဒုက္ခတွေ ရောက်နေပါတယ်။ အဲဒီအချိန်မှာ ကိုစိုးမြင့်အကြောင်း ပြောသံကြားနေရတဲ့ ကျွန်တော့်မိတ်ဆွေအမျိုးသမီးက "ဆရာကြီးရယ် ကျွန်မသားလေးကို ကယ်ပါဦး၊ ကေအယ်လ်က ကိုစိုးမြင့်ဆီ ဖုန်းဆက် အကူအညီတောင်းပေးပါဦး" ဆိုတာနဲ့ ကျွန်တော် ကိုစိုးမြင့်ဆီ ဖုန်းဆက်ရပါတယ်။ ကိုစိုးမြင့်က ချက်ချင်းပဲ ကျွန်တော့်မိတ်ဆွေအမျိုးသမီးရဲ့ သားကို ကေအယ်လ်က နိုက်ကလပ်တစ်ခုမှာ အလုပ်သွင်းပေးလိုက်ပါတယ်။ နောက်သုံးလလောက်ကြာတော့ ကျွန်တော့်မိတ်ဆွေ အမျိုးသမီးရဲ့ သားက "ကျွန်တော် မလေးရှားမှာ မနေနိုင်တော့ဘူး၊

မြန်မာပြည် ပြန်ချင်တယ်၊ လုပ်ပါဦး မာမီရယ်" ဆိုပြီး သူ့အမေ ကျွန်တော့်မိတ်ဆွေကို နားပူပြန်တယ်။ သူ့အမေက ပိုက်ဆံငါးသိန်း ထပ်ပို့ပြီး သူ့သား မြန်မာပြည်ကို ပြန်လာဖို့ ကိုစိုးမြင့်ဆီကိုပဲ အကူအညီ တောင်းရတာပေါ့။ ပုံမှန်ဆိုရင်တော့ ပါတ်စ်ပို့လည်းမရှိဘဲနဲ့ မြန်မာပြည်ကို ဘယ်လိုပြန်လာမလဲ၊ ဒါပေမယ့် ဒီလိုကိစတွေ ကိုစိုးမြင့် ဖြေရှင်းနိုင်ပါတယ်။ ဒါကြောင့် နောက်ဆုံး ကျွန်တော့်မိတ်ဆွေ အမျိုးသမီးရဲ့သား မြန်မာပြည်ကို ချောချောမောမော ပြန်ရောက်ပါတယ်။ ကိုစိုးမြင့်ရဲ့ အစွမ်းတွေပေါ့။ ကျွန်တော မိတ်ဆွေရဲ့သားလို ဒုက္ခရောက်နေတဲ့ မြန်မာတွေကလည်း ကေအယ်လ်မှာ တသိုက်ကြီး၊ ဒီလို လူငယ်တွေကို မည်သည်မည္ တတ်နိုင်သ၍ ကိုစိုးမြင့် ကူညီပေးတာပါ။ ကျေးဇူးသိတတ်လို့ ငွေကြေးကန်တော့ရင်လည်း သူရတယ်ပေါ့။ မပေးတဲ့လူနဲ့ တွေ့ရင်လည်း သူပိုက်ဆံမရဘူးပေါ့။ ဒါပေမယ့် အဲလို ကိုစိုးမြင့် ကူညီပေးတဲ့ သူတွေ အများကြီးရှိတော့ သူ့မှာ အင်အားရှိတဲ့ အုပ်စုကြီးတစ်ခုရှိတာပေါ့။ ဒီလိုအပေါင်းအသင်း အဖွဲ့တွေကြောင့် ကိုစိုးမြင့်စွမ်းတဲ့ အကြောင်းတစ်ခုပြောပြချင်ပါသေးတယ်။ ကျွန်တော်ကေအယ်လ်ရောက်ပြီး တစ်ညမှာ ကျွန်တော့်မိတ်ဆွေ ဆရာဝန်တစ်စုက ညစာထမင်းကျွေးဖို့ ဖိတ်ပါတယ်။ သူတို့တတွေဟာ ကေအယ်မှာ ရောက်နေတာ(၁၀)နှစ် (၁၅)နှစ်ရှိတဲ့ ဆရာဝန်ကြီး တွေပါ။ သူတို့က ကျွန်တော်ကို တရုတ်ဆိုင်တစ်ဆိုင်မှာ ကျွေးဖို့ ခိုန်းလိုက်ပါတယ်။ ဒါနဲ့ သူတို့ကို သွားပြီး နှုတ်ဆက်စကားလေး ဘာလေးပြောလိုက်တော့ "ကိုခင်မောင်ဝင်းရေ ဆောရီးဗျာ ခဏတော့ သီးခံပြီး ရပ်စောင့်လိုက်ပါဦး၊ ဆိုင်က စနေနေ့ညဆိုတော့ လူတစ်အားကျနေပြီး ထိုင်စရာစားပွဲမရပဲ ဖြစ်နေပါတယ်" လို့ တောင်းတောင်းပန်ပန် ပြောရှာပါတယ်။ ကိုစိုးမြင့်က "ကျွန်တော် သွားပြောကြည့်ဦးမယ်" လို့ ပြောတော့ ဆရာဝန်ကြီးတွေထဲက တစ်ယောက်က "နေပစေ ဒီဆိုင်က ကောင်တာမှာ အလုပ်လုပ်နေတ့ မြန်မာအမျိုးသမီး တစ်ယောက်ရှိတယ်။ သူ့ကိုပြောပြီးပြီ ဘယ်လိုမှ မရလို့ပါ ခဏစောင့်ပါလို့ ပြောတယ်ဓ လို့ ကိုစိုးမြင့်ကို တားရှာပါတယ်။ ဒါပေမယ့် ကိုစိုးမြင့်က ဆိုင်ထဲက ကောင်တာရှေ့ရောက်သွားပြီး ဆိုင်ရှင် တရုတ်ကို တရုတ်လိုတွေ ဒလစပ်ပြောတော့တာပဲ။ အဲလိုလည်း ပြောလိုက်ရော ဆိုင်ရှင်တရုတ်ဟာ ပြာပြာသလဲ ချက်ချင်းပဲ ဆိုင်ရှေ့က ကော်ရစ်ဒါလေးမှာ စားပွဲတစ်လုံးပြင် ကုလားထိုင်တွေချ ခဏနေတော့ ကျွန်တော်တို့ အားလုံးထိုင်စရာစားပွဲရသွားပါတယ်။ ကျွန်တော့်မိတ်ဆွေ ဆရာဝန်ကြီးတွေ တော်တော် အံ့သြသွားပါတယ်။ ဒါနဲ့ နောက်တော့ ကိုစိုးမြင့်ကို တိုးတိုးမေးရတယ်။ "ဟေ့ ခင်ဗျားဘယ်လိုလုပ်လိုက်တာလဲ" ဆိုတော့ ကိုစိုးမြင့်က "အစ်ကိုရာ ဒီဆိုင်ရှင် တရုတ် ပုလိပ်နဲ့ ပြဿနာဖြစ်တုန်းက ကျွန်တော်ကူထားဖူးတယ်လေ။ ပြီးတော့ ကျွန်တော့်နောက်ကို လိုက်အကူအညီတောင်းနေကြတဲ့ ဒုက္ခရောက်နေကြတဲ့ လူတွေတစ်ပုံကြီးရှိတယ်။ ဒီတရုတ်က အဲလိုလူတွေကို ကြောက်တယ်လေ။ ကျွန်တော့်လူတွေက ပါတ်စ်ပို့လည်းမရှိ၊ အလုပ်မရှိ၊ စားစရာမရှိ၊ ဘဝပျက်နေတဲ့သူတွေ၊ ဒီလူတွေ သူ့ဆိုင်ခဲနဲ့ပေါက်သွားရင် သူ ဒုက္ခရောက်မှာလေ၊ အဲတော့ ဒီလိုလူတွေကို ကယ်နေတဲ့၊ ကူနေတဲ့ ကျွန်တော့်ကို ဒီတရုတ်ကြောက်တာပေါ့

အစ်ကိုရလို့ ပြောပါတယ်။ သူ့ဟာနဲ့သူ တော်တောပိုင်တဲ့သူပါ။ ပြီးတော့ ကျွန်တော်တို့ကေအယ်လ်မြို့လယ်ခေါင်မှာ လမ်းလျှောက်သွားနေရင်းနဲ့ ကိုစိုးမြင့်က "အစ်ကို ဟိုမှာကြည့်လိုက်စမ်း၊ တကယ်စျေးကြီးတဲ့ကား အကောင်းစားကြီး စက်နှိုးထားပြီး ကားထဲမှာ အမျိုးသမီးတစ်ယောက် ထိုင်နေတယ်လေ၊ အဲဒါမကောင်းတဲ့ မိန်းမပဲ။ ကေအယ်လ်မှာ မကောင်းတဲ့မိန်းမတွေ သိပ်များတယ်။ ဟိုဘက်ကို ကြည့်လိုက် အစ်ကို သားသားနားနားနဲ့ လမ်းလျှောက်နေတာ အဲဒါ လူကောင်းမဟုတ်ဘူး။ ခါးပိုက်နှိုက်၊ ကြမ်းပိုးသူခိုးပဲ" လို့ ရှင်းပြပါတယ်။ ကေအယ်လ်က ဒုစရိုက်လောကအကြောင်းအကုန်လုံးကို သိပြီးနေတဲ့ကိုစိုးမြင့်ဟာ ကျွန်တော့်အတွက် စိုးရိမ်လို့ ဟိုဟာဒီဟာ ကျွန်တော်သိသင့်တာတွေ သူသတိပေးရှာပါတယ်။ တစ်ရက်မှာ ကိုစိုးမြင့်က ကျွန်တော်တို့ကို ကေအယ်လ်တရုတ်တန်းမှာခေါ်ပြီး ထမင်းကျွေးပါတယ်။ တရုတ်တန်းက တရုတ်ထမင်းဆိုင်မှာ ထိုင်ပြီး ကျွန်တော်က စားပွဲထိုးကောင်လေးကို ခေါ် မီနူးကဒ်ကို ကြည့်ပြီး ဟင်းတွေမှာပါတယ်။ ကောင်လေးက ကျွန်တော်တို့ကိုကြည့်ပြီး "အစ်ကိုတို့ မြန်မာတွေ မဟုတ်လား၊ ကျွန်တော်ကမွန်ပါ၊ ဒီဆိုင်မှာ လုပ်နေတာ (၃)နှစ်လောက်ရှိပြီ၊ ကောင်းတဲ့ ဟင်းပွဲ ကျွန်တော် ပြောပြမယ်" ဆိုပြီး သူ့ဘာသာ ကျွန်တော်တို့အတွက် စျေးလည်းသင့် စားလဲကောင်းတဲ့ ဟင်းပွဲတွေကို မှာပေးသွားပါတယ်။ အဲဒီဆိုင်မှာ သူ့အပြင် တခြားမွန်အလုပ်သမား နှစ်ယောက်ရှိပါသေးတယ်။ ကိုစိုးမြင့်အဆိုအရ ကေအယ်လ်တရုတ်တန်းက ဆိုင်တော်တော်များများမှာ မွန်အလုပ်သမားတွေ အများကြီးပါတဲ့။ ကော့ဘိန်း၊ ကမာဝက်ဆိုတဲ့ မွန်ပြည်နယ် ရွာတွေကနေ ပထမဆုံး သူတို့က တောင်ကျော်ပြီး ရှမ်းပြည်ကို သွားတယ်။ မွန်တွေက ထိုင်းနိုင်ငံကို ရှမ်းပြည်လို့ ခေါ်တာပါ။ တောင်ကျော်တယ်ဆိုတာ နယ်စပ်ကဖြတ်ပြီး တစ်ဖက်နိုင်ငံကို သွားတာကိုပြောတယ်။ ထိုင်းရောက်တော့မှ ထိုင်းနိုင်ငံတောင်ပိုင်း မလေးရှားရဲ့ နယ်စပ်ကို ဖြတ်ပြီး မလေးရှားနိုင်ငံကို ရောက်ကြတာပါ။ ထိုင်းနဲ့ မလေး ကူးတာကလည်း လွယ်တယ်။ ဗင်ကားလေးတွေကို ပွဲစားနဲ့ စင်းလုံးငှားလိုက်၊ မလေးရှားဘက် အရောက်ဘယ်လောက်လဲ စျေးညှိပြီး ကားမောင်းဝင်သွားရုံပဲ။ ကားပေါ်ကလူတွေကို ပါတ်စ်ပို့တွေ ဘာတွေ ဘာမှကို မစစ်ဆေးတော့ဘူး။ ဒီနည်းနဲ့ မလေးကို သွားပြီး အလုပ်လုပ်နေကြတဲ့ မွန်တွေ ကေအယ်လ်မှာ အများကြီးရှိတယ်လ့ ပြောပါတယ်။ ပါတ်စ်ပို့မရှိလဲ ဘာပြဿနာမှ မရှိဘူး။ ဆိုင်ရှင်က ရဲနဲ့ ညှိထားရင်ပြီးတာပဲ။ ကေအယ်လ်က တရုတ်တန်းမှာ ထူးထူးခြားခြား စိတ်ပုတီးလေးတွေ လိုက်ရောင်းနေတဲ့ မြန်မာဘုန်းကြီးတစ်ပါးကို တွေ့ခဲ့ရပါတယ်။ ဘုန်းကြီးခမျာ မလေးရှားမှာ ရုန်းကန် ရပ်တည်နေရတာပဲလို့ တွေးမပြီး စိတ်ပုတီးတွေ ဝယ်ပြီး အလှူလုပ်ခဲ့ရပါသေးတယ်။ ကေအယ်လ်မှာက မြန်မာတွေကို အံ့သြလောက်အောင် နေရာတိုင်းမှာ တွေ့ရပါတယ်။ ဟိုတယ်ရောက်တော့လည်း ကောင်တာမှာ မြန်မာအမျိုးသမီးလေးတွေ၊ ဟိုတယ်က စားသောက်ခန်းထဲရောက်တော့လည်း စားပွဲထိုးက မြန်မာအမျိုးသမီးတွေ၊ စျေးလမ်းလျှောက်ရင်း ကော်ဖီဆိုင်ထိုင်လိုက်တော့ စားပွဲထိုးမြန်မာလေးတွေ၊ အင်တာနက်ကဖေးမှာ ဝင်ပြီးအီးမေးလ်ဝင်ပို့တော့ မြန်မာဝန်ထမ်းလေးနှစ်ယောက်

တွေ့ရတယ်။ မြန်မာလူငယ်တွေ စွန့်စားပြီး ကြီးပွားရေးလမ်းကြောင်းကို လျှောက်၊ နိုင်ငံခြားရောက် အဆင်ပြေနေကြတာတွေ့ရတော့လည်း စိတ်ထဲမှာ ကျေနပ်ဝမ်းသာ ကြည်နူးမိပါတယ်။ ဒါပေမယ့်လည်း ဒုက္ခရောက်နေတဲ့ မြန်မာလေးတွေကို တွေ့ရတော့ စိတ်မကောင်းပြန်ဘူး။ ကျွန်တော် ကိုစိုးမြင့်နဲ့ ကေအယ်လ်မှာ စတွေ့တာက လွန်ခဲ့တဲ့ (၅)နှစ်လောက်ကပါ။ အဲဒီတုန်းကနဲ့ အခု မြန်မာလူငယ်တွေ ကေအယ်လ်သွား အလုပ်လုပ်ရတဲ့ အခြေအနေတွေ ပြောင်းလွဲကုန်ပါပြီ။ မြန်မာ အလုပ် သမားတွေကို မလေးရှားပို့ခါစ၊ မြန်မာတွေ မလေးကို အလုပ်တွေသွားလုပ်တဲ့ခေတ်စခါစက မြန်မာ လူငယ် တွေ တော်တော်လေးကို အဆင်မပြေ ဒုက္ခသုက္ခတွေ ရောက်ခဲ့ကြပါတယ်။ လူတွေလွှတ်ပေးတဲ့ ကုမ္ပဏီတွေ ကလည်း မကျွမ်းကျင်သေး၊ မြန်မာတွေကလည်း အတွေ့အကြုံ မရှိသေးဆိုတော့ နေရေးထိုင်ရေး သွားရေး လာရေးတွေမှာ ခက်ခဲကြတာပေါ့။ အခုတော့ မြန်မာတွေထဲမှာ ကမ္ဘာလှည့်ခရီးသွား အတွေ့အကြုံရှိတဲ့ လူတွေလည်းတော်တော်များများလာပါပြီ။ နောက်ပြီးတော့ သတင်းစာ စာနယ်ဇင်းဆောင်းပါးတွေ၊ မီဒီယာ တွေရဲ့ အကူအညီတွေနဲ့ လူငယ်တွေဟာ တော်တော်ကြီးကို အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက် တွေကို အကျွမ်းတဝင်ဖြစ်လာကြပြီဆိုတော့ မြန်မာတွေ နိုင်ငံခြားသွားရတာဟာ တော်တော်လေးကို အဆင် ပြေသွားကြပါပြီ။ ဒါပေမယ့် ကျွန်တော့်ဆေးခန်းမှာ နေ့စဉ်တွေ့နေရတဲ့ နိုင်ငံခြားသွားမယ့် အထူးသဖြင့် မလေးသွားမယ့် မြန်မာလူငယ်တွေရဲ့ ပြဿနာတစ်ခုကို ပြောချင်ပါသေးတယ်။ အဲဒါကတော့ အသည်းရောင် အသားဝါဘီပိုးနဲ့ စီပိုးဇာတ်လမ်းပါပဲ။

<u>ဘီပိုး၊ စီပိုးနဲ့ နိုင်ငံခြားသွားမယ့်သူတွေ</u>

နိုင်ငံခြားသွားအလုပ်လုပ်မယ့် မြန်မာတွေကို အလုပ်ရှာပေးတဲ့ အေဂျင်စီတွေက ရန်ကုန်မှာ ဆေးစစ်ကြပါတယ်။ ဘာတွေ အဓိကစစ်လဲဆိုရင်း ဘီပိုး၊ စီပိုး၊ အိတ်(ခ်)အိုင်ဗီပိုး စစ်တယ်။ ပြီးတော့ ရင်ဘတ်ဓါတ်မှန် ရိုက်ပါတယ်။ အဲဒီမှာတင် ဘီပိုးနဲ့ စီပိုးတွေ့ပြီဆိုရင်း ပြဿနာတက်ကြတော့တာပဲ။ မြန်မာနိုင်ငံမှာ ဘီပိုးရှိတဲ့ နှုန်းက ၁၀%လောက်ရှိတယ်။ စီပိုးက ၄%လောက်ရှိတယ်။ အဲတော့ နိုင်ငံခြားသွားဖို့ စစ်တဲ့ လူတွေရဲ့ ၁၀%လောက်က ဘီပိုးတွေ တွေ့နေကြတာပေါ့။ မလေးကို အလုပ်သွားလုပ်မယ့် လူတွေထဲမှာ ဘီပိုးတွေ့တာမှာ ငါးမျိုးရှိပါတယ်။ ပထမတစ်မျိုးက နိုင်ငံခြားသွားဖို့ ရည်ရွယ်ပြီးစစ်တာ၊ ဘာမှ မလုပ်ရသေးဘူး၊ ပိုက်ဆံလည်းတစ်ပြားမှ ကုန်မထားသေးဘူး။ ဒုတိယ တစ်မျိုးကတော့ စာအုပ် (ပါတ်စ်ပို့)လုပ်ထားတဲ့ အဆင့်ပဲရှိသေးတယ်။ စစ်ကြည့်လိုက်တော့ ဘီပိုး တွေ့တယ်ပေါ့။ စာအုပ်လုပ်ခပဲ ကုန်သေးတယ်၊ သိပ်မကုန်သေးဘူး။ တတိယတစ်မျိုးက "ဆရာရယ် ကယ်ပါဦး ကုမ္ပဏီကို ငွေအပြည့်သွင်းပြီးပြီ ပြန်ထုတ်လို့လည်း မရတော့ဘူး ပြောတယ် အခု စစ်ကြည့်လိုက် တော့မှ ဘီပိုးတွေ့လို့ သွားမရဘူးပြောတယ် ဘယ်လိုလုပ်ရမလဲ ဆရာ" ဆိုတ အမျိုးအစား။ စတုတ္ထပုံစံ

ကတော့ တစ်မျိုး "ဆရာ ကျွန်တော် မလေးကို မနက်ဖြန် ထွက်တော့မှာ ဒီနေ့စစ်ကြည့်လိုက်တော့မှ ဘီပိုးတွေ့နေပြီ ဘာဆက်လုပ်ရမလဲဆရာ" ဆိုတဲ့အမျိုး။ နောက်ဆုံးတစ်မျိုးကတော့ "ကျွန်တော် မလေးကို ထွက်တော့မှာ ဆရား အခု ဘီပိုးတွေ့နေတယ်၊ ကျွန်တော့်အလုပ်ရှင်ကတော့ လာသာလာခဲ့ ဘာပြဿနာမှ မရှိစေရဘူး၊ သူကြည့်စီစဉ်ပေးမယ်ပြောတယ်" ဆိုတဲ့ တစ်မျိုး။

ဒီလိုမလေးရှားသွားဖို့ ရည်ရွယ်ထားပြီး ဘီပိုးတွေ့နေတဲ့ အမျိုးအစား (၅)မျိုးအကြောင်းကို တစ်ခုစီ ရှင်းပြီးရေးသွားပါမယ်။ အဲလို ရှင်းမပြခင် ပထမဆုံးပြောချင်တာကတော့ မလေးရှားနိုင်ငမှာ အလုပ်သွားလုပ်တဲ့သူတွေ မလေးရှားရောက်ရင် အလုပ်လုပ်ခွင့် တသမု စနမာငအ တင်ရပါတယ်။ အဲလို work permit တင်ဖို့ ဆေးစစ်တဲ့အခါမှာ အသည်းရောင်အသားဝါဘီပိုးလို့ခေါ်တဲ့ HBsAg ကို စစ်ရပါတယ်။ ပိုးရှိတယ် positive ဆိုရင် မလေးရှားအစိုးရက အလုပ်လုပ်ခွင့် work permit မပေးပါဘး။ ဒါကြောင့် အဲဒီအကြောင်းတွေကို ရှင်းပြချင်ပါတယ်။

<u>၁. သွားဖို့ရာရည်ရွယ်ပြီး စစ်ရင်း ဘီပိုးတွေ့တာ၊ ဘာမှမလုပ်ရသေး</u>

ဘီပိုးဆိုတာ စစ်လိုက်လို့ တစ်ခါတွေ့ရုံနဲ့ တစ်သက်လုံးဘီပိုးရှိမယ် မပျောက်တော့ဘူးလို့ ပြောမရပါဘူး။ (၆)လအတွင်းမှာ ဘီပိုးဟာ ပျောက်သွားနိုင်ပါတယ်။ ဘပိုးတစ်ခါတွေ့တယ်၊ HBsAg (+)ဖြစ်တယ်ဆိုရင် (၆)လကြာ ခြားပြီး နောက်တစ်ခါစစ်ကြည့်ပါ။ အဲလို နောက်တစ်ခါစစ်တဲ့အခါမှလည်း positive ပဲဆိုရင် နာတာရှည် ဘီပိုးသယ်ဆောင်သူလို့ သတ်မှတ်ပါတယ်။ အဲလိုဆိုရင် ဘီပိုးပျောက်ဖို့ နှစ်အတော်များများ ကြာဦးမှာ၊ မလေးသွားဖို့ဘာမှ ဆက်မလုပ်ပါနဲ့။ မလေးရှားသွားဖို့ အစီအစဉ်ကို ရပ်လိုက်ပါတော့၊ နိုင်ငံခြားသွားချင်သေးတယ်ဆိုရင် ဒီပြင် နိုင်ငံတွေသွားဖို့လုပ်ပါ။

<u>၂. စာအုပ် (ပါတ်စ်ပို့) လုပ်ပြီးပြီ၊ အခုမှ ဘီပိုးတွေ့တယ်</u>

ဒီလို အမျိုးအစား မလေးရှားသွားမယ့် သူတွေဟာလည်း နံပါတ် (၁) အမျိုးအစားတွေကို ပြောထားတဲ့ အတိုင်ပဲဖြစ်ပါမယ်။ (၆)လ စောင့်ကြည့်ပြီး ဘီပိုးပြန်စစ်ပါ။ အဲဒီအချိန်မှာ ဘီပိုးရှိနေသေးရင် နာတာရှည်ပိုးသယ်ဆောင်သူဖြစ်နေပြီ။ မလေးရှားသွားဖို့ ဆက်မလုပ်ပါတော့နဲ့။

<u>၃. ဋ္ဌေအားလုံးသွင်းပြီးပြီ၊ ဘီပိုးတွေ့နေတယ်။</u>

ဒါကတော့ တကယ့်ပြဿနာပဲ။ တကယ်ဖြစ်သင့်တာကတော့ နိုင်ငံခြားသွားဖို့ ဘာမှ မလုပ်ခင် ဘီပိုးစစ်ရမှာ၊ အခုဟာက ပိုက်ဆံအားလုံးသွင်းပြီးမှ ဘီပိုးတွေ့နေတာ ဆိုတော့ ဘာလုပ်ရမှန်းမသိဘူး၊ ကုမ္ပဏီကလည်းပြန်ထုတ်ပေးမှာ မဟုတ်ဘူး။ ရှေ့မှာပြောခဲ့သလို ကုမ္ပဏီကို ဆိုင်းခိုင်းလို့ရရင် (၆)လလောက်

ခဏဆိုင်းခိုင်းထားပြီး၊ ဘီပိုးပြန်စစ်ကြည့်၊ ပျောက်သွားပြီဆိုရင်တော့ ဥပဲ။ (၆)လကြာ ပိုးကရှိနေသေးရင် ဘာဆက်လုပ်မလဲ။ (၂)နည်းပဲရှိတယ်။ ကုန်ပြီးသမျှပိုက်ဆံကို အဆုံးခံလိုက်၊ စိတ်ကိုဒုန်းဒုန်ချ၊ ကုန်ထားသမျှပိုက်ဆံ ဆယ်သိန်းလောက်ကို ရေစက်ချလိုက်တော့။ ဒါမှမဟုတ် နောက်တစ်နည်းကတော့ လှေမျောလှေနဲ့လိုက်၊ ငွေမျောငွေနဲ့လိုက်ဆိုသလိုနဲ့ ပိုးရှိရှိ၊ မရှိရှိ ပိုက်ဆံက ကုန်ပြီးသားဆိုတော့ မထူးတော့မယ့် မထူးဇာတ်ခင်း၊ နောက်ထပ် လေယာဉ်လက်မှတ်ဖိုး၊ ခရီးသွားလာစရိတ် အကုန်ခံပြီး မလေးကို သွားကြည့်လိုက်၊ ဟိုရောက်တော့မှ ကုမ္ပဏီပိုင်ရှင်နဲ့ ညှိ၊ ပုလိပ်နဲ့ညှိ၊ work permit ထုတ်တဲ့နေရာနဲ့ညှိ၊ ဆေးစစ်တဲ့သူတွေနဲ့ ညှိ၊ "ညှိ" ပေါင်းစုံလုပ်ပြီး မလေးမှာ နေလို့ရအောင်လုပ်၊ သွားလာလှုပ်ရှား ကုန်ထားသမျှပိုက်ဆံ အရင်းလေး ပြန်ရအောင် တစ်နှစ်လောက်ကြိုးစားလုပ်ကြည့်၊ အဆင်မသင့်လို့ အဆင်မပြေရင်တော့ ပထမကုန်ထားတာအပြင် ပြန်လာဖို့ နောက်ထပ် ငါးသိန်းလောက်ထပ်ပါသွားမယ်။

<u>၄. မနက်ဖြန်ထွက်ဖို့ အားလုံးလုပ်ပြီးပြီ၊ အခုဘီပိုးတွေ့နေလို့</u>

ဘာမှလုပ်လို့မရတော့ဘူး၊ ဘုရင့်နောင် ဖောင်ဖျက်ပြီးပြီ၊ လိုက်ပို့မယ့်သူတွေကိုလည်း အားလုံးပြောပြီးသား၊ သူငယ်ချင်းတွေကို "ဘိုင်ဘိုင်" နှုတ်ဆက်ပွဲတွေ လုပ်ပြီးပြီ၊ လေဆိပ်လိုက်ပို့မယ့်သူတွေက လေဆိပ်သွားရင်ဝတ်ဖို့ အဝတ်တွေတောင် ရွေးပြီးနေပြီ၊ ဘာလုပ်လို့ရမလဲ၊ သွားသာသွားလိုက်တော့၊ ဟိုရောက်သွားတော့မှသာ ခုနကပြောခဲ့သလို "ညှိ"တွေလုပ်ပြီး ပိုက်ဆံကို ရသလောက်ရှာ ပြန်လာခဲ့။

<u>ဘီပိုးရှိလည်းလာသာလာခဲ့၊ အားလုံးစီစဉ်ပေမယ်</u>

ဘီပိုးရှိပြီး မလေးရှားမှာ အလုပ်လုပ်နေတဲ့ ကျွန်တော်လူနာတွေရှိပါတယ်။ သူတို့ဘယ်လိုလုပ်ပြီး နေနေကြတယ်ဆိုတာတော့ ကျွန်တော်မသိပါ။ ဆိုလိုတာက ဘီပိုးရှိပေမယ့်လည်း မလေးရှားမှာ ဖြစ်အောင်နေပြီး အလုပ်လုပ်လို့ရတဲ့ နည်းလမ်းတွေတော့ ရှိပါတယ် ဆိုတာကိုပါပြောချင်တာပါ။ မလေးက ကိုယ့်လူခံက ဘီပိုးရှိလည်း တကယ်တာဝန်ယူတယ်ဆိုရင် သွားသာသွားပါလို့ ပြောချင်ပါတယ်။ ဒါပေမယ့် ပိုက်ဆံရရင်ပြီးရောဆိုပြီး လာသာလာပါပြောတာလား၊ တကယ်ကို ဖြစ်အောင် လုပ်ပေးမယ့်လူလားဆိုတာတော့ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ပါ။

(နောက်အပတ်ရောက်မှ ဘီပိုး၊ စီပိုးနဲ့ နိုင်ငံခြားသွားမယ့်သူတွေ အကြောင်းဆက်ရေးပါဦးမယ်။)

(နောက်လဆက်ဖတပါရန်)

ပါမောက္ခခင်မောင်ဝင်း (အသည်း)

၂၀-၉-၂၀၀၇

Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင်

အပိုင်း(၂၅)

ဘီပိုး၊ စီပိုးနဲ့ နိုင်ငံခြားသွားမယ့်သူတွေ

အခုခေတ်မှာ နိုင်ငံခြားသွား အလုပ်လုပ်ချင်တဲ့ မြန်မာလူငယ်တွေ သိပ်များပါတယ်။ မျက်စိပွင့်၊ နားဖွင့် အိုင်တီ အင်တာနက်ခေတ်ဆိုတော့ အလွှာပေါင်းစုံက လူငယ်တွေဟာ နိုင်ငံတကာမှာ အလုပ်တွေ သွားပြီး လုပ်လို့ရတဲ့ အခြေအနေတွေ၊ ကျောင်းတက်လို့ ရနိုင်တာတွေကို တော်တော်လေး သိလာကြတယ်။ တချို့ကျတော့ အဲဒီအခွင့်အရေးတွေကို ကိုယ်တိုင်သိလို့ အဟုတ်ပဲ အလုပ်ရှာပေးတဲ့ အေးဂျင့်တွေ ကျောင်းတက်ဖို့ စီစဉ်ပေးတဲ့ ကုမ္ပဏီရဲ့ ဆက်သွယ်လုပ်ကိုင်ပေးတာကြောင့်လည်း နိုင်ငံခြားဆိုတာကြီးကို လူတွေ သွားချင်လာချင် ဖြစ်လာကြတယ်။ ဒီလို ပြောင်းလွဲလာတဲ့ မြန်မာလူငယ်တွေရဲ့ လူမှုရေးပုံစံဟာ မြန်မာနိုင်ငံအတွက်ကောင်းတဲ့ အသွင်ကို ဆောင်နေတယ်လို့ ပြောရမှာပေါ့။ မြန်မာတွေ နိုင်ငံခြားသွား ပိုက်ဆံရှာ၊ မြန်မာပြည်ကို ပြန်ပို့ ဆိုတော့ မြန်မာနိုင်ငံကြီးရဲ့ နိုင်ငံခြားဝင်ငွေတွေ တိုးတက်လာမှာပေါ့။

အဲလိုနိုင်ငံခြားသွား အလုပ်လုပ်မယ့်သူတွေ နိုင်ငံခြားသွားဖို့ လုပ်ကြတဲ့အခါမှာ ပါတ်စပို့ လျှောက်တာက စပြီး လုပ်ငန်းစဉ် အဆင့်ဆင့်ကို လုပ်ရပါတယ်။ အဲဒီလိုလုပ်ရတဲ့ အခါမှာ လုပ်ကိုင်ပေးမယ့် အသိမိတ်ဆွေ၊ ပွဲစား၊ အေးဂျင့်တွေနဲ့ ဆိုတော့ ကိုယ်က သူတို့ တောင်းတဲ့ပိုက်ဆံထုတ်ပေး၊ သူတို့ ခေါ်သွားတဲ့ရုံးတကာကို လိုက်၊ တစ်စားပွဲပြီး တစ်စားပွဲဝင်နဲ့ နောက်ဆုံးတော့ သွားဖို့ လာဖို့ စာအုပ်လည်းရပြီး ကိစ္စအားလုံးလည်း အဆင်ပြေသွားကြပါတယ်။ ဒါပေမယ့် ကံဆိုးတဲ့ သူတချို့မှာ ရင်ဆိုင်ရတဲ့၊ ဖြေရှင်းလို့မရတဲ့ ပြဿနာတစ်ခုကတော့ အသည်းရောင်အသားဝါ ဘီပိုးနဲ့ စီပိုးပါပဲ။ ပြီးခဲ့တဲ့ လမှာ ရေးထားခဲ့သလိုပဲ ဘီပိုး၊ စီပိုးတွေကို နင်ငံခြားသွားဖို့ ဘာမှမလုပ်ခင် ဆေးစစ်ရာမာ တွေ့ရင်တွေ့မယ်၊ ဒါမှမဟုတ် ကုမ္ပဏီကို ပိုက်ဆံသွင်းပြီးမှ ပိုးရှိမှန်းသိမယ်၊ ပိုဆိုးတာက မနက်ဖြန်နိုင်ငံခြားထွက်တော့မယ်ဆိုမှ ပိုးရှိ၊ မရှိ စစ်လိုက်မိလို့ ပေါ့ဆတစ် Positive ဖြစ်နေတာကို တွေ့ရကတ်တာလည်းရှိတယ်။ အဲဒီအခါမှာ တကယ့်ကို ရင်မောစရာပါ။ ဒီလိုဘီပိုးတွေ့တဲ့ကိစ္စနဲ့ ပတ်သက်လို့ လူငယ်လေးတွေ ဘယ်လိုစိတ်ဓါတ်တွေ ကျသွားတယ်ဆိုတာ ပြောပြချင်ပါတယ်။ ဖြစ်ရပ်မှန်တစ်ခုကို ပြောပြရမယ်ဆိုရင် လူငယ်တစ်ဦး ရည်မှန်းချက်တွေ အပြည့်နဲ့ အားတက် မာန်တက်ဆောင်ရွက်နေရင်း ဘီပိုးတွေ့လိုက်ရလို့ စိတ်ပျက်လက်ပျက်နဲ့ ကျွန်တော့်ဆီကို ရေးထားတဲ့ စာရှည်ကြီးထဲက စာပိုဒ်တချို့ကို ကောက်နှုတ်

ဖော်ပြချင်ပါတယ်။ "သိသိချင်း ကျွန်တော်အလွန်ပင် စိတ်ဓါတ်ကျကာ ချုံးပွဲချ ငိုခဲ့ရပါသည်။ စာလည်းမဖတ်ချင်၊ စိတ်လည်း မဝင်စားပါ။ သေချာတာ တစ်ခုကတော့ ကျွန်တော်အလွန်ပင် စိတ်ပျက်နေသည် ဆရာ။ လူ့လောကတွင် ပျော်ပျော်ရွှင်ရွှင် အသက်ရှည်ရှည်နေလိုပါသည်။ အခုတော့ ကျွန်တော် ကိုယ်သွားတိုင်း စိတ်မပါချေ။" မျှော်လင့်ချက်တွေ ပျက်သုဉ်းသွားတဲ့ ဘီပိုးရှိတဲ့ လူငယ်လေးတစ်ယောက်ရဲ့ စာထဲက စာသားတွေကို လုံးဝမပြုမပြင်ပဲ အရှိအတိုင်း ထည့်ဖော်ပြထားတာပါ။ သူစိတ်ပျက်မယ်ဆိုရင်လည်း စိတ်ပျက်လောက်ပါတယ်။ သိပ်ကို ရည်ရွယ်ချက်တွေအပြည့်နဲ့ နိုင်ငံခြားဆိုတဲ့ အိပ်မယ်ကမာကြီး တည်ဆောက်ထားခဲ့တာ။ ဘီပိုးကြောင့် ပြိုပျက်သွားခဲ့ရပြီလေ။ အဲဒီလူငယ်လေးလိုပဲ ဘီပိုးတွေ့တဲ့ မကွေးက တကသိုလ်ကျောင်းသား လူငယ်လေးတစ်ယောက်ရဲ့စာထဲမှာ သူ့ရဲ့ခံစားချက်တွေကို ဖော်ထုတ်ထားတာလေး တချို့ကိုလည်း ပြောပြချင်ပါသေးတယ်။ "ကျွန်တော်သည် (၈)တန်း၊ (၉)တန်းလောက်မှ စတင်ကာ မြန်မာနိုင်ငံ ရေကြောင်းပညာတကသိုလ်တက်ရန် ရည်ရွယ်ခဲ့ပါသည်။ သို့ပါသော်လည်း ကျွန်တော့်ရည်မှန်းချက်များ ပျက်သုဉ်းခဲ့ရပါသည်။ ကျွန်တော့်ရည်မှန်းချက်ကို ရိုက်ချိုးခဲ့သော ထိုဘီရောဂါပိုးကို အလွန်စိတ်နာပါသည်"တဲ့။ ရေကြောင်းတကသိုလ်က ဘွဲ့ရပြီး နိုင်ငံခြားသင်္ဘောလိုင်းလိုက်ပြီး ကမာအနှံ့သွားမယ်လို ရည်ရွယ်ထားခဲ့တဲ့ မကွေးက လူငယ်လေးဟာ ဘီပိုးကြောင့် သူလုပ်ချင်တာတွေ မလုပ်နိုင်တော့ပါဘူး။

ဒီလောက်တောင် နိုင်ငံခြားသွားမယ့် လူငယ်တွေကို ဒုက္ခပေးနေတဲ့ အသည်းရောင်အသားဝါ ဘီပိုးအကြောင်း နည်းနည်းတော့ သိဖို့ လိုလာပါပြီ။ အထူးသဖြင့် နိုင်ငံခြားမှာ သွားအလုပ်လုပ်မယ့် သူတွေ၊ ကျောင်းတက်မယ့်သူတွေ၊ နိုင်ငံခြားနဲ့ ဘီပိုး အဆက်အစပ်အခြေအနေရှိတယ်ဆိုတာ သိထားရတော့မှာပါ။

နိုင်ငံခြားနဲ့ ဘီပိုး

ကျွန်တော်ဟာ ဘီပိုးရှိတဲ့ လူတွေကို စမ်းသပ်စစ်ဆေး ကုသပေးတဲ့ အသည်းအထူးကု ဆရာဝန်တစ်ယောက်ပါ။ ဘီပိုးဟာ လူတွေကို ထိခိုက်သလား၊ အသည်းဘယ်လောက်ပျက်ပြီလဲ၊ ဘာဆေးတွေနဲ့ ဘယ်လိုကုမှာလဲ ဆိုတာကိုပဲ အဓိကထား စဉ်းစားပြီး လိုသလိုကုသပေးနေခဲ့ပါတယ်။ နိုင်ငံခြားသွားတာနဲ့ ဘီပိုး ဘယ်လိုမှ အဆက်အစပ်ရှိမယ်လို့ မထင်ခဲ့ပါဘူး။ ဒါပေမယ့် ၁၉၉၃ ခုနှစ်လောက်မှာ မြန်မာနိုင်ငံကနေ တရုတ်ပြည်သူ့သမတနိုင်ငံကို ပညာတော်သင်တွေ လွှတ်လိုက်တာ တရုတ်ပြည်ရောက်ရောက်ခြင်း အသည်းရောင်အသားဝါဘီပိုးရှိ မရှိစစ်တယ်။ ဘီပိုးတွေ့တာနဲ့ နောက်(၁)ပတ်မှာ မြန်မာနိုင်ငံကို ပြန်လွှတ်တယ်။ စာဆက်သင်ပါရစေလို့ ဘယ်လိုမှ ပြောလို့မရဘူးတဲ့။ တရုတ်ပြည်ရဲ့ မူဝါဒပေါ့။ အဲဒီက စပြီး ဘီပိုးနဲ့ နိုင်ငံခြားသွားမယ့်သူတွေ ထိပ်တိုက်တွေ့ရတော့တာပဲ။ ဘာလို့ ဒီလောက်တောင် ဘီပိုးရှိတဲ့သူတွေကို

ခွဲခြား၊ လူတန်းစား သတ်မှတ်ရတာလဲ ဆိုတာကို ကျွန်တော် တွေးလို့ မရခဲ့ဘူး။ ဒါနဲ့ နောက်တော့ တဖြည်းဖြည်းန တရုတ်ပြည်ကို ပညာတော်သင်သွားတဲ သူတွေနဲ့ ဘီပိုးပြဿနာ တော်တော်လေး မြန်မာနိုင်ငံမှာ ဂယက်ရိုက်ပြီး ဘီပိုးရဲ့ မကောင်းတဲ့ ဂုဏ်သတင်းဟာ တော်တော်လေးကို ပျံ့နှံ့သွားတဲ့ အဆင့် ရောက်သွားပါတယ်။ ဒါကြောင့် ကျွန်တော်ဆီကို လာပြ၊ အကြံဉာဏ်တောင်းနေကြတဲ့ နိုင်ငံတကာကို သွားမယ့် မြန်မာလူငယ်တွေ သိသင့်သလောက် ဘီပိုးနဲ့ နိုင်ငံခြားအကြောင်း သိရအောင် မြန်မာတွေ အသွားများတဲ့ နိုင်ငံအလိုက်နဲ့ ဘီပိုးဆက်စပ်ပုံတွေ ပြောသွားချင်ပါတယ်။

<u>မလေးရှားနဲ့ ဘီပိုး</u>

မလေးရှားနိုင်ငံမှာ အလုပ်လုပ်မယ်ဆိုရင် အလုပ်လုပ်ခွင့် ဝပ်ပါမစ် work permit ဆိုတာကို မလေးအစိုးရဆီမှာ တင်ရတယ်။ အဲဒီ ပါမစ်တင်မယ်ဆိုရင် ဆေးစစ်ရပါတယ်။ ဆေးစစ်တဲ့အထဲမှာ အသည်းရောင် အသားဝါ ဘီပိုး ရှိမရှိ ဆိုတာပါပါတယ်။ ဘီပိုးရှိတယ်ဆိုရင် မလေးရှားအစိုးရက ဝပ်ပါမစ် မပေးပါဘူး။ နိုင်ငံခြားသွားရရင် ပြီးရောဆိုပြီး ရန်ကုန်မှာ ဘီပိုးရှိလျှက်နဲ့ မရှိဘူးဆို ဆေးလက်မှတ် အတုလုပ်ပြီး မလေးရှားကို ထွက်သွား၊ ဟိုရောက်တော့မှ ပြန်စစ်တော့ ဘီပိုးတွေ့၊ ဝပ်ပါမစ် မရ ပြန်လာရဆိုတာမျိုးကလည်း အများကြီး။ ဘီပိုး ရှိမှန်းတော့ သိတယ်။ ကုမဏီလည်း ပိုက်ဆံပေးပြီးသား ဖြစ်နေလို့ မထူးတော့ဘူးဆိုပြီး မျက်စိမှိတ်၊ ဇတ်ထွက်သွား၊ မလေးမှာ ဘီပိုးတွေ့၊ ဒုက္ခတွေ့၊ အခက်တွေ့တဲ့ သူတွေက တမျိုး။ မလေးရှားရောက်ပြီး ဘီပးတော့ရှိတယ် မလေးရှားက သက်ဆိုင်ရာအရာရှိတွေနဲ့ ညှိလို့ ရတယ်ဆိုရင် ဘီပိုး မကလို့ ရှိချင်တဲ့ပိုး ရှိနေပါစေ ရပါတယ်။ ပိုက်ဆံပေးနိုင်ရင် မလေးရှားနိုင်ငံမှာ တော်တော်လေးကို ညှိလို့ ရတယ်ဆိုတာ ထင်ကြေးနဲ့ သတင်းကြားနဲ့ ပြောနေတာမဟုတ်ပါဘူး။ ကိုယ်တွေ့မို့လို့ ပြောနေတာပါ။ မကြာသေးခင်က ကြုံခဲ့ရတဲ့ မလေးရှားမှာ ရဲနဲ့ ညှခဲ့ရတဲ့ ကိုယ်တွေ့ ဇာတ်လမ်းလေး တစ်ခုကို ပြောပြချင်ပါတယ်။

<u>ကိုယ်တွေ့မလေးရှား</u>

ကျွန်တော်ပြီးခဲ့တဲ့ လက ကိုးရီးယားနိုင်ငံ ဆိုးလ်မြို့မှာ လုပ်တဲ့ အာရှပစိဖိတ အသည်းရောဂါ ထိပ်သီးအစည်းအဝေးပွဲမှာ အသည်းရောင်အသားဝါ စီရောဂါအကြောင်း ဟောပြော ပို့ချပေးဖို့ အဖိတ်ခံရတာနဲ့ သားပြီး တင်ပြဆွေးနွေး ပေးခဲ့ရပါတယ်။ သားလေး ထူးခိုင်ဝင်းလည်း ကျောင်းပိတ်ထားတာနဲ့ သူ့ကိုခေါ်သွားပြီး သားအဖနှစ်ယောက် ကိုးရီးယားမှာ (၃)ညအိပ်ကြာ ခရီးဆန့်ခဲ့ကြပါတယ်။ ကိုးရီးယားက အပြန် စက်ဘူမှာ ခဏဝင်ကြပါတယ်။ ကျွန်တော်တို့ လေယာဉ်စက်ဘူ ချန်ဂီလေဆိပ်ကို ည (၇း၀၀)နာရီမှာ ရောက်တော့ သမီးကြီး မင်းမင်းဝင်း၊ သူ့အမျိုးသား မိုးဇော်ဟိန်းနဲ့ သမီးလေးနှင်းနှင်းဝင်း၊

မလေးရှားမှာနေတဲ့ ကျွန်တော့်ညီမ မဝေ (ဝေဝေခင်) တို့ လာကြိုနေကြပါတယ်။ သူတို့က လေဆိပ်ကနေ တစ်ခါတည်း ကားနဲ့ ကေအယ်လ်ကိုမောင်းသွားဖို့ စီစဉ်ထားတာပါ။ သမီးလေးနှင်းနှင်းဝင်းက သ့ကျောင်းက ပရောဂျက်ရှိလို့ မလိုက်နိုင်ဘူးဆိုတာနဲ့ သူ့ကို အိမ်ပြန်ပို့ပြီး ကျွန်တော်တို့ ငါးယောက် မလေးရှားနိုင်ငံ ကေအယ်လ်ကို တစ်ခါတည်း တန်းမောင်းသွားကြပါတယ်။ သမီးကြီးက စက်ဘူနဲ့မလေးရှား ကားမောင်းတာကို တော်တော်လေးကို ကျွမ်းနေပါပြီ။ စက်ဘူနဲ့မလေးဖြတ်တဲ့ ဂိတ်သုံးဂိတ်ရှိတဲ့အထဲက စက်ဘူကျွန်းရဲ့ အနောက်ဖက်ဆုံးမှာ ရှိတဲ့ တွ(စ်) Tuas ဂိတ်ကနေ ဖြတ်မောင်းကြပါတယ်။ တံခါးဂိတ်တွေဖြစ်တဲ့ ဝုဒ်လင်းနဲ့ ဂျဟိုးဘာရူးဂိတ်တွေက ကားကြပ်တယ်၊ တန်းစီရတယ်။ ပြီးတော့ ဂျဟိုးဘာရူးမြို့ထဲက ဖြတ်သွား ရတာလည်း ကြာတယ်တဲ့။ အဲဒါကြောင့် သမီးကြီးက မလေးရှားသွားတိုင်း တွ(စ်)ဂိတ်ကပဲ ဖြတ်မောင်းလေ့ရှိတယ်တဲ့။ ကျွန်တော်တို့ တွ(စ်)ဂိတ်ကို ရောက်လာတော့ လမ်းဘေးမှာ သတိပေး ဆိုင်းဘုတ်တွေကို ခပ်စိပ်စိပ် တွေ့လာရပါတယ်။ ဘာကို သတိပေးထားလဲ ဆိုတော့ "စက်ဘူကားများ ဓါတ်ဆီ ၂ /၃ ပြည့်အောင်ဖြည့်ပါတဲ့" မလေးရှားမှာ ဓါတ်ဆီဈေးက စက်ဘူထက် တစ်ဝက် ကျော်ကျော် သက်သာပါတယ်။ အဲတော့ စက်ဘူကားတွေက ကားထဲမှာ ဓါတ်ဆီမရှိပဲနဲ့ မလေးရှားသွား၊ အပြန်မှာ ဆီအပြည့်ထည့်လာခဲ့ရင် တော်တော်လေး ဆီဖိုး ပိုက်ဆံသက်သာမှာလေ။ ပြီးတော့ စက်ဘူသားတစ်ယောက်အဖို့ မလေးရှားနယ်စပ် ဖြတ်တယ်ဆိုတာ ဘာမှခက်တာမဟုတ်ဘူး။ စက်ဘူ နိုင်ငံသားကဒ်လေး ပြလိုက်ရုံပါပဲ။ အီမီဂရေးရှင်း ဂိတ်ကျော် ဆီဖြည့်ပြီး ပြန်ဝင်လာရင် လွယ်လွယ်လေး။ ခုလို စက်ဘူကနေ မလေးရှားသွား၊ ဓါတ်ဆီထည့်တယ်ဆိုလို့ သိပ်ပြီး အကြီးအကျယ်ကြီး လို့တော့ မတွေးလိုက်ပါနဲ့။ ရန်ကုန်မြို့ထဲကနေ အင်းစိန်သွား၊ ဓါတ်ဆီ ထည့်သလောက်ပဲ ရှိတယ်။ ခုနကပြောသလို မလေးရှားသား ဆီထည့်၊ ပြန်လာတာဟာ ဓါတ်ဆီကို အကောက်ခွန်မဲ့ သွင်းလာတဲ့သဘော ဖြစ်နေပါတယ်။ ဒါကြောင့် စက်ဘူအစိုးရက အဲလိုလုပ်ရပ်မျိုးတွေ မလုပ်အောင် တားမြစ်တဲ့အနေနဲ့ စက်ဘူကားတွေ မလေးရှားသွားမယ်ဆိုရင် ဓါတ်ဆီကို အပြည့်နီးပါး အနည်းဆုံး သုံးပုံနှစ်ပုံ ထည့်ထားရမယ်ဆိုတဲ့ စည်းကမ်းထုတ်ထားတာပါ။ မလေးရှားထွက်ဖို့ အီမီဂရေးရှင်းဂိတ် နီးလာတာနဲ့ ဓါတ်ဆီဖြည့်ထားဖို့ သတိပေးဆိုင်းဘုတ်တွေဟာ စိပ်သည်ထက် စိပ်လာပါတယ်။ ဒါနဲ့ ကျွန်တော်က စိတ်ဝင်စားလို့ "သမီးကြီးရယ် ကားဓါတ်ဆီပြည့်မပြည့်ကို စစ်ရောစစ်ရဲ့လား" လို့ မေးတော့ သမီးကြီးက "အဖေရေ စက်ဘူကတော့ စည်းကမ်းအရမ်းကြီးတယ်၊ ဆီဖြည့်ထား၊ မထား ကားတိုင်းကို မစစ်ပေမယ့်လို့ ကြိုကြားကြိုကြား ရင်ဒမ်စစ်တတ်တယ်။ သမီးတစ်ခါ အစစ်ခံရဘူးတယ်။ ကားစက်နှိုးထားခိုင်းပြီး ဓါတ်ဆီဂိတ်ကို ကြည့်တာပေါ့ အဖေရဲ့" လို့ ပြောပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ ကားမောင်းလာကြတာ တွ(စ်)က စက်ဘူအီမီဂရေးရှင်းဂိတ်ကို အရင်ရောက်ပါတယ်။ သမီးကြီးက စက်ဘူ၊ မလေးရှားဖောင်တွေ

ကြိုယူထားတော့ ကားပေါ်မှာတင် ဖေါင်တွေ တစ်ခါတည်းဖြည့်ပြီး စက်ာပူဖောင်တွေကို ပါတ်စ်ပို့တွေ ကြားထဲထည့်ပြီး ပါတ်စ်ပို့ငါးခုကို တစ်ခါတည်း အထပ်လိုက် ပေးလိုက်ပါတယ်။ ကားပေါ်ကတော့ ဘယသူမှဆင်းစရာမလိုပါဘူး။ ညဆိုတော့ ကားပေါ်က လူတွေ မြင်အောင် ကားထဲကမီးတွေကိုတော့ ဖွင့်ထားပေးရပါတယ်။ ခဏကြာတော့ အီမီဂရေးရှင်းအရာရှိက ပါတ်စ်ပို့တွေပေါ် တံဆိပ်တုံးတွေ တဒုန်းဒုန်းထုပြီး ပြန်ပေးပါတယ်။ ဒါနဲ့ စက်ာပူ၊ မလေးရှား ဖြတ်ဆောက်ထားတဲ့ တံတားကိုဖြတ်ပြီး မလေးရှားဘက် ရောက်သွားပါတယ်။ မလေးရှားအီမီဂရေးရှင်း ကောင်တာလေးရှေ့ ကားရပ်၊ ကားမှန်လေးချ၊ ပါတ်စ်ပို့တွေကို လက်လှမ်းပြီးပေးလိုက်ပါတယ်။ ခုနကလိုပဲ ကားပေါ်က ဆင်းစရာမလိုပါဘူး။ ပါတ်စ်ပို့တွေစစ်ဆေး၊ ခဏနေတော့ တံဆိပ်တုံးတွေထုပြီး ပါတ်စ်ပို့တွေ ပြန်ပေးပါတယ်။ စက်ာပူ၊ မလေးရှားသွားရလာရတာ သိပ်ကိုလွယ်ကူပါတယ်။ အီမီဂရေးရှင်းဂိတ် ကျော်ပြီးတာနဲ့ ဂျပိုးဘာရူးမြို့ထဲမဝင်ဘဲ ဟိုင်းပေးကြီးပေါ်ကို တန်းတက်ပါတယ်။ ကေအယ်လ်ကိုသွားတဲ့ (၆)လမ်းသွား ဟိုင်းဝေးလမ်းမကြီးပါ။ ဟိုင်းဝေးကြီးပေါ်ရောက်သွားရင် လွဲစရာမရှိတော့ပါဘူး။ ကေအယ်လ် မရောက်မချင်း တောက်လျှောက်သာ မောင်းပေတော့ပဲ။ လမ်းမကြီးတစ်လျှောက်မှာ မီးတိုင်တွေတော့ မရှိပါဘူး။ မှောင်မဲနေတာ။ ဟိုင်းဝေးလမ်းမကြီးကနေ ထွက်တဲ့အပေါက် (exit) လေးတွေနီးမှ လမ်းမီးတိုင်လေးတွေ ရှိပါတယ်။ လမ်းဘေးတလျှောက်မှာ ကီလို(၇၀)လောက်မောင်းပြီးတိုင်း စားသောက်ဆိုင်၊ နားစရာ၊ တွိုင်းလက်၊ ရေချိုးခန်းရှိသည်ဆိုတဲ့ ဆိုင်းဘုတ်လေးတွေ ရှိပါတယ်။ ကိုယ်နားချင်ရင် အဲလို ဆိုင်းဘုတ်တွေ့တဲ့နေရာမှာ ဟိုင်းဝေးကထွက်ပြီး ခဏနားပေါ့။ မလေးရှားဘက်ကိုဝင်ပြီး ဟိုင်းဝေးပေါ် ရောက်တော့ သမီးကြီးကပြောပါတယ် "အဖေ ရဲတားရင် မကြောက်နဲ့နော်၊ ရင်းဂစ် ၅၀ ပေးလိုက်ရင် ပြီးတာပဲ။ ပြီးခဲ့တဲ့အခေါက်က သမီးတို့ မလေးရှားရဲ အတားခံရတာ။ သမီးတို့ကလည်း အတွေ့အကြုံ မရှိတော့ ဘာဖြစ်တာလဲ၊ ဟိုမေးဒီမေးနဲ့ ကြာနေတာ၊ နောက်ဆုံး အဲဒီမလေးရှားရဲက "You pay 50, you go." တဲ့ "မင်း ငါ့ကို ပိုက်ဆံ ၅၀ ပေးရင် မင်းသွားနိုင်ပြီ" လို့ ပြောတော့မှ သမီးတို့က ရင်းဂစ် ၅၀ ထုတ်ပေးလိုက်တော့ OK ဆိုပြီး သမီးတို့ကို သွားခွင့်ပေးလိုက်တာ။ အခုတော့ လည်သွားပြီ။ မလေးရှားရဲတားရင် ၅၀ ထုတ်ပေးလိုက် တစ်ခါတည်း ကိစ္စပြီးရော။ ပြီးခဲ့တဲ့လတုန်းကလည်း သမီးတို့ အဲလို အတားခံရတာ ၅၀နဲ့ ဇာတ်လမ်းရှင်းသွားတာ။ သမီးတို့ နောက်က စက်ာကူသား ကားတစ်စင်းက အဲလို အထာမျိုးမသိဘူးထင်ပါတယ်။ ရဲတားတော့ ရဲကို ဟိုငြင်းဒိုငြင်းနဲ့ ကျန်နေခဲ့လေရဲ့" လို့ သမီးကြီးက ရှင်းပြပါတယ်။ ဒါနဲ့ ကျွန်တော်ကလည်း မယုံတယုံနဲ့ "ဟုတ်ရဲ့လားသမီးရယ" လို့ မေးတော့ "ဟုတ်တယ် အဖေရဲ့ သေချာတယ် သမီးတို့ ကိုယ်တွေ့" လို့ ပြောပါတယ်။ ကျွန်တော်တို့ တတွေစကားတပြောပြောနဲ့ မောင်းလာကြတာ အချိန်ဘယ်လိုကုန်သွားမှန်း မသိဘူး။ ဟိုင်းဝေးက သတ်မှတ်ထားတာက တစ်နာရီကို

ကီလို ၁၁၀၊ ကျွန်တော်တို့က ၁၄၀ ကျော်မောင်းခဲ့တာ။ ဒါပုံမှန်စပိ(ဒ်)လို့ပဲ ပြောရမယ်။ ကျွန်တော်တို့ထက် မြန်ပြီး ကီလို ၁၈၀ ကျော်မောင်းတဲ့ ကားတွေချည်းပဲ သမီးကြီးတို့က ခါတိုင်း စက်ဘူနဲ့ မလေးရှားပုံမှန်မောင်းရင် (၃)နာရီပဲကြာတယ်တဲ့၊ လမ်းမှာလုံးဝ မနားဘူးတဲ့။ ကျွန်တော်က သားလေးထူးခိုင်ဝင်း (၅)တန်းတုန်းက ပြောတာသွားသတိရမိပါတယ်။ တစ်ခါက ညကြီး ကျွန်တော်တို့ ချောင်းသာကနေ ရန်ကုန်ပြန်လာတော့ လမ်းမှာ မနားပဲ တောက်လျှောက်မောင်းလာတာ သားလေးက "အဖေ သားကျောင်းမှာ စာသင်ရတယ်၊ ဟိုင်းဝေးပေါ်မှာ ၂ နာရီ မောင်းပြီးရင် တစ်ခါနားသင့်တယ်လို့ ဖတ်ဖူးတယ်။ မောင်းတဲ့သူလည်း အနားရ၊ ကားလည်း အနားရတယ်" တဲ့။ ဒါနဲ့ နောက်ခရီးသွားရင် ၂ နာရီမောင်းပြီး တစ်ခါနားလေ့ ရှိပါတယ်။ အဲဒါကြောင့် ၂ နာရီလောက်မောင်းပြီးတော့ "သမီးကြီးရယ် ဆိုင်းဘတ်လေး ဘာလေး ကြည့်ပါဦး။ စားသောက်ဆိုင်၊ တွိုင်းလက်တွေ့ရင် ခဏ နားရအောင်လို့" ပြောရတယ်။ သိပ်မကြာခင်မှာပဲ စားသောက်ဆိုင်နဲ့ တွိုင်းလက်ပုံတွေ့တာနဲ့ ဟိုင်းဝေးကထွက်ပြီး အဲဒီဆိုင်မှာ ခဏနားပါတယ်။ ဘုရင်အထိမ်းအမှတ် မာဒေးကား ပွဲပြီးခါစဆိုတော့ ဆိုင်တွေမှာ မလေးရှားအလံတေက အပြည့်နဲ့ ည (၁၂း၀၀)နာရီလောက် ဖြစ်နေပေမယ်လို့ ကျွန်တော်တို့လို ကားနဲ့ ခရီးသွားတဲ့ လူတွေ နားကြ၊ စားကြတာဆိုတော့ မီးတထိန်ထိန်နဲ့ စည်စည်ကားကား လှုပ်လှုပ်ရှားရှားပါ။ ကျွန်တော်တို့လည်း မလေးလက်ဖက်ရည် တစ်ခွက်သောက်၊ အာလူးကြော်ဝါးနဲ့ (၁၅)မိနစ်လောက်နေတော့ ကားပြန်ထွက်ပါတယ်။ စားသောက်ဆိုင်ကြီးတွေတိုင်းမှာ ဆိုင်ရှေ့က ကားထွက်တာနဲ့ ဂိတ်ဝထိပ်နားမှာ ဓါတ်ဆီဆိုင် ရှိပါတယ်။ ဓါတ်ဆီဆိုင်ရပ်ပြီး ဆီထည့်ကြပါတယ်။ ဓါတ်ဆီပန့်မှာ ပန့်ကိုင် မရှိပါဘူး။ ကိုယ့်ဖာသာကိုယ် ပန့်ကိုကိုင်၊ ခလုတ်နှိပ်ပြီး ကားထဲ ဓါတ်ဆီအပြည့်ထည့်ရုံပဲ။ ဓါတ်ဆီက လျှံထွက်သွားတယ်ဆိုတာ မရှိဘူး။ ဆီပြည့်ပြီဆိုတာနဲ့ သူ့ဘာသာသူ ပန့်ကအလိုလိုရပ်သွားတာ။ ဓါတ်ဆီဖိုး ပိုက်ဆံပေးနည်းက နှစ်နည်းရှိပါတယ်။ တစ်နည်းကတော့ ပန့်မှာ ခရက်ဒစ်ကဒ်လေး ထိုးပြီးပေးတဲ့နည်း၊ နောက်တစ်နည်းကတော့ ဆီဖြည့်ပြီးတာနဲ့ ဆိုင်ထဲက ကောင်တာမှာ ပိုက်ဆံဘယ်လောက်ကျတယ်ဆိုတာ ပေါ်နေတယ်။ ကိုယ်က ဆိုင်ထဲအထိသွားပြီး ပိုက်ဆံရှင်းလိုက်ရုံပဲ။ သမီးကြီးတို့ကတော့ မလေးရှားမှာ သူတို့ ခရက်ဒစ်ကဒ်တွေ သုံးရမှာကြောက်တာနဲ့ စက်ဘူမှာထဲက လဲလာတဲ့ မလေးပိုက်ဆံတွေနဲ့ပဲ တိုက်ရိုက် ငွေချေပါတယ်။ ဓါတ်ဆီ ဈေးသက်သာလွန်းလို့ဆိုပြီး သူတို့တွေ သဘောကျနေပါတယ်။ သမီးနဲ့ မတွေ့ရတာလည်းကြာဆိုတော့ စကားကလည်းပြောကောင်း၊ လှောက်ရည်လေးလည်း သောက်ထားဆိုတော့ မျက်လုံးပြူးနေပြီး လုံးဝမအိပ်ချင်ဘူး။ ကျွန်တော်က ကားရှေ့ခန်း၊ ငါတာဝန်ပဲ ဆိုပြီး သတ်မှတ်ထားတော့ ပိုပြီးတောင် မအိပ်ချင်ဘူး။ အဲလို ည ဟိုင်းဝေးကားမောင်းတာမှာ ကားမောင်းနေတဲ့ သမီးကြီးဘေးက ထိုင်လိုက်လာတော့ ပြီးခဲ့တဲ့လက နေပြည်တော်ကနေ ရန်ကုန်အပြန် ဘတ်စ်ကားပေါ်က စပယ်ယာတွေကို သတိရမိပါတယ်။ ကျွန်တော်တို့

နေပြည်တော်မှာ အစည်းအဝေးတက်ပြီး ညနေလေယာဉ်မရှိတာနဲ့ ဘတ်စ်ကားကြီးနဲ့ ပြန်လာတော့ ဘတ်စ်ကားဒရိုင်ဘာ ဘေးမှာ စပယ်ယာနှစ်ယောက်ပါတာကို တွေ့ရပါတယ်။ ကားထွက်ကတည်းက စပယ်ယာနှစ်ယောက်က မြန်မာ့အသံ ဦးလှဝင်း ဘောလုံးပွဲ ကြေငြာ သလိုပဲ လမ်းခြေအနေတွေကို မနားတန်း တောက်လျှောက်ပြောတော့တာ။ Running commentary လို့ ပြောရပါမယ်။ မရပ်မနားပြောတာက ကားလမ်းပေါ်ကားလမ်းပေါ်တင်မက လမ်းဘေးအကြောင်းတွေကိုပါ သူတို့ရဲ့မှတ်ချက်၊ ထင်မြင်ချက်၊ ဝေဖန်ချက်တွေနဲ့ စပယ်ယာနှစ်ယောက် ပြောကြတာ၊ နေပြည်တော်ကနေ ရန်ကုန် ရောက်တဲ့အထိပါပဲ။ သူတို့တတွေ ဘာတွေကို ဘယ်လိုပြောသလဲ ဆိုတာ နမူနာပြောပြရမယ်ဆိုရင် "ရှေ့မှာ ကားကြီးလာတယ်၊ ကားကြီးပြီး ဆလွန်းအဖြူ။ အဲဒါပြီးရင် ရပြီ။ မီးထိုး၊ မီးကြီးထိုး၊ ရှေ့မှာ ချိုင့်ကြီး အရုန်လျှော့၊ ထော်လာဂီလာတယ်၊ ဘေးမှာ ဝါးတန်းတွေနဲ့ လွတ်အောင်မောင်း၊ လမ်းကူးကလေး ဂရုစိုက်၊ မဖြတ်ဘူး၊ နွားတွေ နွားတွေ၊ လျှော့ လျှော့ ရပြီ၊ ဆက်မောင်း၊ စက်ဘီးလာတယ်၊ မလွတ်ဘူး၊ ရပြီ စက်ဘီး လမ်းဘေးချသွားပြီ၊ ကောက်ရိုးလှည်း ညာဘက်မှာ၊ လမ်းပေါ်တက်မလာဘူး၊ သစ်ကားနှစ်စင်း ရှေ့နောက်ကျော်မယ်၊ လမ်းဘေးဖောင်းနက်တယ်၊ လျှော့လျှော့ ၊ မြေညီပြီ၊ ကျော်တော့" ဆိုတာမျိုးတွေ။ တကယ်ကို စိတ်ဝင်စားစရာကောင်းတဲ့ ဟိုင်းဝေး စပါယ်ယာတွေရဲ့ လမ်းကြောင်းပြောပုံပါ။ သူတို့ကို စိတ်ဝင်စားလို့ မေးကြည့်တော့ သူတို့ ဒီလိုပြောတာ နေ့ရယ်၊ ညရယ် မဟုတ်ဘူး၊ ဒရိုင်ဘာဘေးကနေထိုင်ပြီး အမြဲပြောပေးနေရတယ်တဲ့။ ကားကလည်းကြီး၊ စပီ(ဒ်)ကလည်း များဆိုတော့ အဲလို ပြောပေးတာဟာ ဒရိုင်ဘာအတွက် သိပ်ကို အထောက်အကူပြုတယ်တဲ့။ အဲလိုပြောကြတာကို သတိရတာနဲ့ မြန်မာပြည်က ဟိုင်းဝေး စပယ်ယာတွေကို အားကျမခံ သမီးကြီးဘေးကနေ ထိုင်ပြီး ကျွန်တော်လည်း ပြောတော့တာပဲ။ "နောက်ကားပါလာတယ်၊ ဘေးချပေး၊ ရှေ့ကားနီးတယ်၊ မီးကြီးမထိုးနဲ့၊ ကားလေးကိုကျော်၊ ကျော်ပြီးရင်ပြန်ဝင်၊ ရပြီ ဆက်မောင်း၊ စပီ(ဒ်)နှေးလွန်းတယ်၊ စပီ(ဒ်)နည်းနည်းတင်" ပေါ့။ တကယ်တော့ ပြောလို့သာပြောတာပါ၊ မလေးရှားက ဟိုင်းဝေးကတော့ လမ်းဖြတ်ကူးမယ့်လူ၊ ခွေး၊ နွား၊ ဘာမှမရှ၊ ရှင်းလင်းနေပြီး လမ်းသုံးလမ်း ကိုယ့်စပီ(ဒ်)နဲ့ကို မောင်းနေကြတာ။ ဒါပေမယ့် ညမောင်းတာဆိုတော့ မောင်းတဲ့သူ ငိုက်မသွားအောင် ဘေးက တစ်ယောက် ပြောပေးနေတာဟာ ကေအယ်လ်နဲ့ ကီလို (၅၀)လောက်လည်းရောက်လာရော ကေအယ်လ်ကိုစိုးမြင့်ဆီက ဖုန်းဝင်လာပါတယ်။ "အစ်ကိုတို့ ဘယ်နားရောက်ပြီလဲ၊ ကေအယ်လ်အဝင် တိုးလ်ဂိတ် ဖြတ်ပြီးရင်ပြောနော်၊ ကေအယ်လ်ထဲမောင်းဖို့ လမ်းညွှန်ပေးမလို့" တဲ့။ သမီးကြီးဟာ ဟိုင်းဝေးမှာ မောင်းတာတော့ ပြဿနာမရှိပေမယ့်လို့ ကေအယ်လ် အထဲမှာ ရောက်တော့ လမ်းနည်းနည်းရှုပ်လို့ မျက်စိလည်ချင်တယ် ပြောလို့ ကိုစိုးမြင့် မအိပ်ဘဲ လမ်းညွှန်ဖို့ စောင့်နေတယ်ဆိုတာကို လှမ်းပြောတာပါ။ ကျွန်တော်လည်း သမီးကြီးပြောတဲ့

မလေးရှားရဲ့ ဘယ်အချိန်တွေ့မလဲဆိုတာ တထိတ်ထိတ် စောင့်ရင်းနဲ့ မနက်(၂း၀၀)နာရီလောက်မှ ကေအယ်လ်အင်ဝင်က တိုးလ်ဂိတ်ကြီးကို ရောက်ပါတော့တယ်။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခခင်မောင်ဝင်း(အသည်း)



Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင်

အပိုင်း(၂၆)

မလေးရှားခရီးစဉ်(အဆက်)

လမ်းရှုပ်တဲ့ကေအယ်လ်

ကျွန်တော်တို့ ကေအယ်လ်အဝင်က တိုးလ်ဂိတ်ကို ဖြတ်ပြီးတော့ မနက်(၂း၀၀)နာရီကျော်နေပါပြီ။ လမ်းတစ်လျှောက်လုံးမှာ မှောင်မဲနေပေမယ့် ကေအယ်လ်မရောက်ခင် (၁၀)ကလိုလောက်ကတည်း စပြီး မြို့ထဲရောက်တဲ့အထိ ဟိုင်းဝေးကြီးတစ်ခုလုံးဟာလမ်းမီးတွေနဲ့ထိန်ပြီး လင်းနေပါတယ်။ ကျွန်တော်တို့က ကေအယ်လ်ရောက်ရင် ကျွန်တော့်ညီမ မဝေအိမ်မှာ တည်းကြဖို့ သွားနေတာပါ။ သမီးကြီးက ကေအယ်လ်မြို့ထဲမှာ ကားမောင်းတာ ကေအယ်လ်ကလမ်းတွေကို မကျွမ်းသေးတော့ ကေအယ်လ်နားနီးတာနဲ့ ကိုစိုးမြင့်ဆီကို ဖုန်းလှမ်းဆက်ရပါတယ်။ ကိုစိုးမြင့်က မအိပ်သေးဘဲစောင့်နေပြီး ကေအယ်လ်ထဲက လမ်းတွေမှာ မဝေအိမ်သွားဖို့ ဘယ်လမ်းကနေ ဘယ်လိုမောင်းရမယ်ဆိုတာ လမ်းညွှန်ပေးပါတယ်။ ဥပမာ ပြောရမယ်ဆိုရင် "အခု ဘယ်နားမှာလဲ၊ ဓါတ်ဆီဆိုင်တွေ့ပြီလား ----၊ ဒါဆိုရင ညာဘက်ကို ချိုးလိုက်၊ ဟုတ်ပြီ တည့်တည့်သွား၊ KFC တွေ့လိမ့်မယ် -----၊ ဘယ်မချိုးနဲ့ တည့်တည့်ဆက်လာ ----၊ ညာဘက်မှာ စူပါမားကက်ကြီးတွေ့လား ----၊ အဲဒါဆိုရင် ရောက်တော့မယ်" ဆိုတာမျိုးတွေပြောပြီး ကေအယ်လ်ထဲက ရှုပ်ယှက်ခပ်နေတဲ့လမ်းတွေမှာ ဘယ်လမ်းလိုက်လို့ သမီးကြီး ဘယ်လိုမောင်းရမယ်ဆိုတာ အဆင်ပြေပြီး နောက်ဆုံး မဝေအိမ်ရောက်တဲ့အထိ ကိုစိုးမြင့်နဲ့ သမီးကြီးဘေးမှာ ထိုင်နေတဲ့ သမီးကြီးအမျိုးသား မိုးဇော်ဟိန်းတို့ အပြန်အလှန်ဖုန်းပြောကြရင်း မရပ်မနား လမ်းညွှန်ပေးသွားပါတယ်။ ညဉ့်နက်သန်းခေါင် မနက်(၂း၀၀)နာရီ၊ ထိုးနေပေမယ့် ကေအယ်လ်ထဲက လမ်းတွေက မီးတွေထိန်လင်းပြီး နေ့ခင်းအတိုင်းပဲ ဖြစ်နေပါတယ်။ အဲလို မီးတွေလင်းပြီး လမ်းတွေ ရှုပ်နေပေမယ့် လမ်းတွေက ဖလိုင်းအိုဗာ (flyover) လို့ခေါ်တဲ့ လမ်းတွေ တစ်ခုနဲ့တစ်ခု အပေါ်က ကျော်လိုက်၊ ဖြတ်လိုက်တွေကလည်း အများကြီးနဲ့ဆိုတော့ ကေအယ်လ်ထဲမှာ မမောင်းဘူးတဲ့ လူတစ်ယောက်အတွက ဘယ်ကဘယ်လို မောင်းရမယ်ဆိုတာ မသိလောက်အောင် မျက်စေ့လည်လောက်တဲ့ အထိ ရှုပ်ပါတယ်။ ကေအယ်လ်ထဲကိုဝင်လာတော့ မနက်(၂း၀၀)နာရီဆိုပေမယ့် သွားလာနေတဲ့ကားတွေ ကတော့ တော်တော်လေးရှိပါသေးတယ်။ လူပ်ရှားသွားလာနေတဲ့လူတွေ၊ တဝီဝီမောင်းနေတဲ့ကားတွေ၊ KFC လို မိုးလင်းဆိုင်တွေနဲ့ တက်ကြွရင်သန်နေတဲ့ ကေအယ်လ်မြို့ကြီးပါ။ အိပ်မောကျနေတဲ့ ကေအယ်လ် မဟုတ်ပါဘူး။

ကေအယ်လ်ထဲမှာ နေ့စဉ်ကားမောင်းနေကြ လူတွေ ရောက်တော့လည်း ကေအယ်လ်ဟာ ဘာမှ မထူးဆန်း၊ နေ့စဉ်သွားလာနေတဲ့ လမ်းတွေ ဖြစ်နေလို့ ဘာအခက်အခဲမှမရှိ ဖြစ်မှာပါ။ ဒါပေမယ်လို့ ကေအယ်လ်ထဲကို နှစ်ခေါက်သုံးခေါက်လောကပဲ ကိုယ့်ကားနဲ့ကိုယ် ရောက်ဘူး၊ မောင်းဘူးတ သမီးကြီးရောက်တော့ ကေအယ်လ်လမ်းတွေနဲ့ မရင်းနှီးသေးဘူးပေါ့။ အဲတော့ ဘေးက သူ့အမျိုးသား မိုးဇော်ဟိန်းက ကိုစိုးမြင့်ကို ဖုန်းဆက်မေးလိုက်၊ လမ်းညွှန်ပေးလိုက်နဲ့ တစ်နေရာမှာ ခဏလေး လမ်းမှားသွားတာက လွဲလို့ ဘာပြဿနာမှမရှိဘဲ ညီမ မဝေရဲ့အိမ်ကို ချောချောမောမော ရောက်ခဲ့ပါတယ်။ ကေအယ်လ်မြို့ကြီးက အကြီးကြီးပါ၊ ခုနကပြောခဲ့သလို လမ်းတွေကသိပ်များပြီး သိပ်ရှုပ်တာဆိုတော့ လမ်းမသိ လမ်းညွှန်မရှိဘဲ မြေပုံစာအုပ်ကလေးကို ကြည့်ရှုနဲ့ ကေအယ်ထဲမှာ ကားမောင်းလို့ ဘယ်လိုမှ မရနိုင်ပါဘူး။ ကေအယ်(လ်)ရယ်မဟုတ်ပါဘူး။ အပြည်ပြည်ဆိုင်ရာမြို့ကြီးတွေမှာ လမ်းတွေ ရှုပ်တာက ဒီလိုပဲထင်ပါရဲ့။ ဒါကြောင့် အခုခေတ်ကားတွေမှာ အဲလို မြို့ကြီးတွေမှာ သွားချင်တဲ့နေရာကို ဘယ်လမ်းကဘယ်လို သွားရမယ်ဆိုတာ လမ်းညွှန်ပေးတဲ့ GPS လို့ ခေါ်တဲ့ Global Positioning System ကို တတ်ထားပါတယ်။

Global Positioning System

GPS ဆိုတာကတော့ ဂြိုလ်တုတွေကို သုံးပြီး လူ၊ ဒါမှမဟုတ် ပစ္စည်းတစ်စုံတစ်ခုဟာ တကမ္ဘာလုံးမှာ ဘယ်နားမှာ ရောက်နေတယ်၊ ရှိနေတယ်ဆိုတာကို ရှာဖွေထောက်လှမ်းတဲ့ စနစ်ပါ။ ဒါကြောင့် GPS တတ်ထားတဲ့ ကားတစ်စင်းဟာ ဘယ်နားကို ရောက်နေတယ်ဆိုတာ ဂြိုလ်တုကနေတဆင့် ထောက်လှမ်းပြီး နေရာ အတိအကျပြောနိုင်တာပါ။ အခုခေတ် အင်တာနေရှင်နယ်မြို့ကြီးတွေမှာတော့ GPS ကို အသုံးပြုပြီး ကားတွေကို လမ်းညွှန်ပေးတဲ့ စနစ်ရှိလို့ ရှုပ်ထွေးတဲ့ မြို့ကြီးတွေမှာ ကားမောင်းရတာ သိပ်လွယ်သွားပါတယ်။ ကားတွေကို ဘယ်လိုဘယ်ကိုသွား ဘယ်လိုလာဆိုပြီး သွားလိုရာရောက်အောင် GPS နဲ့ လမ်းညွှန်ပေးတယ် ဆိုတာ ကွန်တော့်ကိုယ်တွေ့ပါ။ အဲလိုကား GPS အတွေ့အကြုံလေးကို ပြောချင်ပါသေးတယ်။ ၂၀၀၅ခုနှစ်က အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့မှာ ကျင်းပတဲ့ အမေရိကန်အသည်းရောဂါအဖွဲ့ (AASLD) ရဲ့ နှစ်ပတ်လည်အစည်းအဝေးတက်ဖို့ ကွန်တော် ရောက်ခဲ့ပါတယ်။ အဲဒီတုန်းက ကွန်တော့်နဲ့ အရမ်းရင်းနှီးတဲ့ ဆန်ဖရန်စစ္စကိုက မိတ်ဆွေ ကိုရဖီရယ်နဲ့ ဂေါက်သွားရိုက်ပါတယ်။ ညနေမှာ ကွန်တော်က ဒင်နာရှိနေလို့ ဂေါက်ရိုက်ပြီးတာနဲ့ ကိုရဖီရယ်က ဒင်နာဖိတ်ထားတဲ့ စားသောက်ဆိုင်ကို လိုက်ပို့ဖို့စီစဉ်ပါတယ်။ ကိုရဖီရယ်က ဘယ်ကိုလိုက်ပို့ရမှာလဲလို့ ကွန်တော့်ကို မေးပါတယ်။ ကွန်တော်က ဆန်ဖရန်စစ္စကို မြို့လယ်ခေါင်က First Class ဆိုတဲ့ စားသောက်ဆိုင် ရက်(စ်)တော့ရွမ့် ပါလို့ ပြောလိုက်တော့ ကိုရဖီရယ်က "ဆရာခင်မောင်ဝင်း ခဏလေးစောင့် ကွန်တော့်ကား GPS ကွန်ပျူတာထဲက မြေပုံမှာ အဲဒီဆိုင် နာမည်ပါလားကြည့်လိုက်ဦးမယ်" လို့ပြောပြီး သူ့ကားကြီးထဲမှာ ရှိတဲ့ တီဗီစကရင်လေးပေါ်ကို လက်နဲ့ တထောက်ထောက်နှိပ်နေပြီး နောက်ဆုံးရောက်တော့မှ "တွေ့ပြီတွေ့ပြီ ဆရာခင်မောင်ဝင်းရေ ဘာမှမပူနဲ့

ဒီကားထဲက GPS က အဲဒီဆိုင်ရောက်အောင် ဘယ်လိုမောင်းသွားရမယ်ဆိုတာ ကျွန်တော့်ကို လမ်းညွှန်သွားပါလိမ့်မယ်" လို့ ပြောပါတယ်။ ဒါနဲ့ ကျွန်တော်က နားမရှင်းလို့ "GPS က ကျွန်တော်တို့ သွားမယ့်နေရာကို ဘယ်လိုလမ်းညွှန်မှာလဲ၊ ကျွန်တော်နားမလည်ဘူး" လို့ ပြောတော့ သူက စိတ်ရှည်လက်ရှည် ရှင်းပြပါတယ်။ "ဒီလိုဗျာ ဒီကားထဲမှာ အင်တီနာတိုင်လေးနဲ့ ဂြိုလ်တုဆီကို အချက်ပြ ဆစ်ခနယ်လ် (signal) လွှတ်ပေးတဲ့ GPS စက်ကလေးပါတယ်။ အဲတော့ ကားစက်နှိုးလိုက်တာနဲ့ ကား GPS စက်က ပို့တဲ့ ဆစ်ခနယ်လ်လေးတွေ ဂြိုလ်တုဆီကို လွှင့်ထုတ်ပါတယ်။ ဒီ GPS ဆစ်ခနယ်လ်တွေဟာ ကားစက်နဲ့ ဆက်သွယ်ထားတဲ့ ဂြိုလ်တုဆီကို တောက်လျှောက်ရောက်နေပါတယ်။ အဲတော့ ကိုယ့်ကားဘယ်နားရောက် နေပြီဆိုတာကို ဂြိုလ်တုက အမြဲကို သိနေပါတယ်။ အဲလို GPS နဲ့ ကားရဲ့ နေရာကို သိနိုင်တဲ့ စနစ်ရှိနေတော့ ဒီကားသွားမယ့်နေရာတဝိုက်ရဲ့ လမ်းတွေ နေရာတွေပါတဲ့ မြေပုံတွေကို ပရိုဂရမ်သွင်းထားတဲ့ စီဒီအပြားကို ကားထဲ ထည့်လိုက်ရင် အဲဒီ မြေပုံထဲက နေရာတွေကို ဘယ်နားသွားချင်သွားချင် လက်နဲ့ ပွိုင့်လုပ်ပြီး ထောက်လိုက်တာနဲ့ ကားထဲက စက်ကနေ GPS ကို သုံးပြီး ဘယ်ကို မောင်းရမယ်ဆိုတာ မရပ်မနား အသံထွက်ပြီး လမ်းညွှန်တော့တာပဲ။ အမေရိကန်နိုင်ငံ အနေနဲ့ ပြောရမယ်ဆိုရင် အမေရိကန် တစ်နိုင်ငံလုံးရဲ့ မြေပုံတွေကို GPS အတွက် စီဒီ ၁၀ ချပ်နဲ့ ခွဲပြီး သွင်းထားတယ်။ ကျွန်တော်က ဆန်ဖရန်စစ္စကိုမှာနေတာဆိုတော့ ဆန်ဖရန်စစ္စကိုနဲ့ အနီးအနားတဝိုက် ကာလီဖိုးနီးယား ပြည်နယ်ကြီး တစ်ခုလုံးပါတဲ့ စီဒီပြား ကားထဲမှာ ထည့်ထားတယ်။ အဲတော့ စီဒီပြားထဲမှာပါတဲ့ ဘယ်နေရာသွားချင်သွားချင် GPS ကွန်ပျူတာပေါ်မှာ နှိပ်လိုက်ရုံပဲ။ ဆရာခင်မောင်ဝင်းသွားမယ့် First Class စားသောက်ဆိုင်ဆိုတာက နာမည်ကြီး။ အဲဒါမျိုးရောက်တော့ ကွန်ပျူတာပရိုဂရမ်ထဲမှာ နာမည်နဲ့ တစ်ခါတည်းပါတယ်။ အဲတော့ ပိုတောင်လွယ်သေးတယ်။ အဲဒီဆိုင်နာမည်ကို နှိပ်လိုက်ရုံပဲ။ စီဒီပြားတွေကို ဘယ်လိုသုံးရမလဲဆိုတာ ဆက်ပြောရမယ်ဆိုရင် ကျွန်တော်က နယူးယောက်ဘက်သွားမယ်ဆိုရင် နယူးယောက်က စီဒီပြားကို ထည့်ပေါ့။ တကယ်လို့ ဆရာခင်မောင်ဝင်းက ဂျပန်မှာ ကားမောင်းနေရင် ဂျပန်နိုင်ငံထဲက မြေပုံစီဒီ ထည့်ပေါ့။ စက််ဘူမှာမောင်းရင် စက််ဘူ မြေပုံစီဒီထည့်ပေါ့" လို့ အရှည်ကြီးပြောပြပါတယ်။ အဲလို ပြောပြပြီးတာနဲ့ "ကား GPS ကနေ ဘယ်လိုလမ်းညွှန်သွားမယ်ဆိုတာကို ရှင်းပြနေရတာက ရှုပ်သေးတယ်။ ဆရာခင်မောင်ဝင်း လာသွားကြရအောင် ကားပေါ်တက် တစ်ခါတည်းလက်တွေ့ပြမယ်၊ အဲတော့ ဘယ်လိုလဲ ဆိုတာ သဘောပေါက်သွားလိမ့်မယ်" ဆိုပြီး ကျွန်တော်တို့ ကားမောင်းထွက်ခဲ့ကြပါတယ။ ကားစထွက် ကတည်းက သူက ပြောပါတယ် "အခု ဆရာခင်မောင်ဝင်း သွားမယ့် စားသောက်ဆိုင်ကို GPS ချိန်ထားတယ်။ ကားထဲက GPS စက်က ဘာပြောမယ်၊ ကားထဲက တီဗီထဲမှာ မြေပုံက ဘယ်လိုပြမယ်ဆိုတာ လက်တွေ့ကြည့်ပေတော့" လို့ ပြောပါတယ်။ ကားစက်နှိုးလိုက်ကတည်းက ကားထဲက တီဗီလေးမှာ လမ်းတွေနဲ့ မြေပုံလေးပေါ်လာပြီး

ကျွန်တော်တို့ ကားရဲ့ ပုံလေးကိုလည်း လမ်းမပေါ်မှာ တွေ့ရပါတယ်။ ကားရွှေ့တာနဲ့ ကားပုံလေးဟာ ရွှေ့ပြီး GPS စက်ထဲက အသံသွင်းထားတဲ့ အမျိုးသမီးလေးရဲ့ အသံပေါ်လာပါတယ်။ "Go straight" "ရှေ့တည့်တည့်သွား" လမ်းဆုံရောက်ခါနီးတာနဲ့ "Turn right at the traffic light " "မီးပွိုင့်ရောက်ရင် ညာချိုး" အဲလို ကားသွားနေတာနဲ့အမျှ ကားပုံလေးဟာလည်း မြေပုံထဲမှာ မရပ်မနားသွားနေတာကို တိုက်ရိုက်တွေ့ရပါတယ်။ အဲ့မခန်း GPS ဂြိုလ်တုသိပ်ပဉာ တိုးတက်မှုတွေပါ။ ကိုယ်ကမှားကွေ့လိုက်တယ် ဆိုရင် စက်ကပြောမယ် "You made a wrong turn" "မင်းမှားကွေ့တယ်" ဆိုပြီးတော့ဘယ်လမ်းကနေ ဘယ်လိုပြန်သွားရမယ် ဆိုတာကို ပြောတယ်။ စက်က မရပ်မနားပြောတာပါ။ "ရှေ့ ၁ ကီလိုမှာ တံတားရှိတယ်။ သွားချင်တဲ့ နေရာရောက်ဖို့ ၂ကီလိုလိုသေးတယ်။ နောက်၁ကီလိုမှာ လမ်းဆုံရှိတယ်" စသဖြင့် စုံလို့ပဲ။ စက်ထဲက ပြောတဲ့ အသံသွင်းထားတဲ့ စီဒီ (recorded instructions) တွေက ပြောနေတယ်ဆိုပေမယ့် အမျိုးသမီးလေးတစ်ယောက် ဘေးမှာထိုင်ပြီး ပြောနေသလား အောက်မေ့ ရတယ်။ ဘာလို့လဲဆိုတော့ အသံသွင်းထားတဲ့စက်လို ရိုးရိုးလမ်းညွှန်တာဆိုရင်တော့ ဘာမှ မထူးဆန်းဘူး။ အခုဟာက ကိုယ်မောင်းတာ မှားသွားရင် မှားသွားပြီလို့ ပြော၊ ဟိုဟာပြန်လုပ် ဒီဟာပြန်လုပ်၊ ဟိုလိုမောင်း၊ ဒီလိုမောင်းလို့ အကုန်လုံးလိုက်ပြောနေတာဟာ စက်နဲ့မတူဘူး။ ဒါကြောင့် ကျွန်တော့်အတွက် ကား GPS ဟာ သိပ်ကို ထူးဆန်းနေပါတယ်။ ကိုရဖီရယ်ရဲ့ အဆိုအရတော့ ကားထဲမှာ GPS တပ်ထားတာဟာ သိပ်ကို အသုံးဝင်ပါတယ်တဲ့။ အခုခေတ် အဆင့်မြင့်တဲ့ ကားတွေမှာတော့ GPS တွေ အမြဲပါပါတယ်တဲ့။ GPS ဟာ သိပ်အသုံးဝင်ပေမယ်လို့ တစ်ခါတလေ ဖြတ်လမ်းတွေကိုမပြောဘဲ ဝေ့ဝိုက်ပြီးလမ်းညွှန်လို့ သွားရမယ့် ခရီးပိုရည်သွားပြီး မောင်းရတာ တော်တော်လေး ကြာသွားတာတော့ ကြုံဘူးတယ်တဲ့။ ဒါပေမယ့် လုံးဝမသိတဲ့ မြို့တစ်မြို့ကို ကားနဲ့ သွားတယ်ဆိုရင် GPS ပါတာဟာ အထူးအသုံးဝင်တယ်တဲ့။ ကားတွေမှာ GPS တပထားတာရဲ့ အသုံးဝင်ပုံ နောက်တစ်ခုကတော့ ကားဂျက (carjack) လို့ခေါ်တဲ့ ကားခိုးခံရတဲ့အခါမှာ ရဲကို အကြောင်းကြားလိုက်တာနဲ့ ကိုယ့်ကားဘယ်နားမှာ ရောက်နေတယ် ဆိုတာကို ရဲကဂြိုလ်တု GPS သုံးပြီး တစ်ခါတည်း ရှာလို့ရတယလို့ သိရပါတယ်။ ကားခိုးသွားတဲ့လူက ကားကို စက်နှိုးလိုက်တာနဲ့ ကားက GPS ဆစ်ခနယ်လ်တွေ လွှတ်ပါလိမ့်မယ်။ အဲဒါဆိုရင် ဒီကားဘယ်မှာရှိနေတယ်ဆိုတာကို တစ်ခါတည်း အတိအကျ ဂြိုလ်တုက တန်းပြောမှာပါ။

<u>ကျွန်တော်နဲ့ GPS</u>

ကျွန်တော်ပြီးခဲ့တဲ့လက ၂၀၀၇ မော်ဒယ် တိုယိုတာအယ်လ်ဖတ် (Alphard) ကားအသစ်တစ်စီး ဝယ်လိုက်တော့ ကားထဲမှာ GPS ပါလာပါတယ်။ GPS ပါလာပေမယ့် ဂျပန်ကားဆိုတော့ ကားရဲ့ GPS ကွန်ပျူတာထဲမှာ ဂျပန်မြေပုံတွေပဲ ပါလာပါတယ်။ ကားမောင်းပြီဆိုတာနဲ့ ဂျပန်အမျိုးသမီးလေးပြောနေတဲ့

အသံကို တောက်လျှောက်ကြားနေရတော့တာပါပဲ။ ဂျပန်လိုတွေပြော၊ တီဗီစကရင်ပေါ်မှာ ဂျပန်မြေပုံနဲ့ ကားသွားနေတာကို မြင်နေရပါတယ်။ ဂျပန်ပရိုဂရမ်လုပ်ထားတာဆိုတော့ ဂျပန်မလေးဘာပြောနေတယ်ဆိုတာတော့ ကျွန်တော်တို့ နားမလည်ပါဘူး။ ရန်ကုန် GPS ပရိုဂရမ်လုပ်ထားတဲ့ မြေပုံစီဒီသာရှိရင် အဲဒါလေးထည့်မောင်းတာနဲ့ ရန်ကုန်ထဲမှာ ဘယ်လိုသွားရမယ်၊ ဘယ်ကို မောင်းရမယ်ဆိုတာတွေ မြန်မာလို ပြောနေသံကြားရမှာပေါ့လို့ တွေးမိပါတယ်။

<u>ဆေးရုံမှာသုံးတဲ့ GPS</u>

ကား GPS အကြောင်း ပြောရင်းကနေ စက်ာပူက ဆေးရုံတွေမှာ တွေ့ခဲ့တဲ့ GPS အကြောင်း နည်းနည်းပြောချင်ပါသေးတယ်။ ကျွန်တော့်မိတ်ဆွေ တစ်ယောက အသည်းရောဂါနဲ့ ခွဲစိတ်စရာရှိလို့ ကျွန်တော်က သူ့ကို စက်ာပူအထွေထွေဆေးရုံကြီး (Singapore General Hospital- SGH) ကို လွှတ်လိုက်ပါတယ်။ သူသွားပြီး တစ်ပတ်လောက်အကြာမှာ ကျွန်တော်က စက်ာပူကို ရောက်သွားပါတယ်။ ဒါနဲ့ သူခွဲမယ့်နေ့မှာ သူ့ကို သွားစောင့်ပေးပါတယ်။ သူ့အခန်းထဲကနေ ခွဲစိတ်ခန်းကို ထရောလီတွန်းလှည်းလေးနဲ့ တွန်းသွားတော့ ကျွန်တော်ဘေးက လိုက်သွားပါတယ်။ ခွဲစိတ်ခန်း အဝရောက်တာနဲ့ ခွဲစိတ်ခန်းက ဆရာမလေးတွေက သူ့လက်ကို မီးလေးမှိတ်တုတ်မှိတ်တုတ် အဝိုင်းလေးပါတဲ့ လက်ပတ်တစ်ခလာပတ်ပေးပါတယ်။ ဒါနဲ့ ကျွန်တော်က မနေနိုင်လို့ ဆရာမလေးကို "အဲဒါ ဘာလေးလာတတ်တာလဲ" လို့ မေးလိုက်တော့"GPSပါ" တဲ့။ ဒါနဲ့ ကျွန်တော်က GPS က လူနာအတွက် ဘယ်ကို အသုံးကျတာလဲ ဘာလုပ်ဖို့လဲဆိုတာ ဆက်မေးတော့ ဆရာမလေးက အသေးစိတ် ရှင်းပြပါတယ်။ စက်ာပူဆေးရုံကြီးက ခွဲစိတ်ခန်း အော်ပရေရှင်းသီရေတာ operation theatre ဆိုတာက ခွဲစိတ်ခန်းတွေ ၁၂ခန်းကျော် ရှိပါတယ်တဲ့။ အဲတော့ အဲဒီအော်ပရေးရှင်းသီရေတာကြီးမှာ ဆေးရုံကြီးရဲ့ ဌာနမျိုးစုံက လူနာမျိုးစုံတစ်နေကုန် ဝင်လိုက်၊ ထွက်လိုက် လာခွဲကြတာတဲ့။ ခွဲစိတ်ဆရာတွေကလည်း အများကြီး။ လူနာတွေကလည်း နည်းတာမဟုတ်ဘူး။ အော်ပရေးရှင်း သီရေတာကြီး တစ်ခုလုံးကို ရှုပ်ယှက်ခတလို့ပဲတဲ့။ အဲတော့ ဘယ်လူနာဟာ ခွဲခန်းထဲကို ဝင်ရပြီလား၊ ဘယ်အခန်းထဲမှာလဲ၊ ဘယ်ဆရာဝန်ခွဲနေတာလဲ၊ ခွဲခန်းထဲရောက်နေတာ ဘယ်လောက်ကြာနေပြီလဲ၊ ခွဲပြီး ထွက်လာပြီလား၊ မေ့ဆေး ပြေမပြေ စစ်ထားတဲ့ နေရာကို ရောက်ပြီလားဆိုတာတွေကို သိနေဖို့ အထူးလိုပါတယ်တဲ့။ ကျွန်တော်တို့ ဆေးကျောင်းသား ဘဝက ကြားခဲ့ဘူးတာ ခွဲခန်းထဲက လူနာထုတ်လာပြီး ထားခဲ့တာကို နာရီဝက်လောက် မသိလိုက်ကြဘ ဒီတိုင်းထားပြီး မေ့ဆေး ပြေအောင်လုပ်ဖို့ မေ့သွားလို့ လူနာ အသက်ဆုံးရှုံးခဲ့ရဘူးတယ်တဲ့။ စက်ာပူဆေးရုံကြီးကလို ခွဲစိတ်ခန်းတွေ အများကြီး၊ ခွဲမယ့်လူနာတွေကလည်း တစ်နေကုန် ဝင်လိုက်ထွက်လိုက်ဆိုတော့ GPS သာမရှိရင် လူနာတွေ ဘယ်နားရောက်နေမယ်ဆိုတာ မသိရင် ဘယ်လောက်များ ဒုက္ခရောက်မလဲ မတွေးဝင့်စရာပါ။ အခုတော့ အော်ပရေးရှင်းသီရေတာ စစ်စတာ သူတို့အခေါ် Chief Nurse က ခုနကပြောခဲ့သလို ခွဲခန်းထဲဝင်မယ့်

လနာတွေရဲ့လက်မှာ GPS လေး ပတ်ပေးလိုက်ပြီး တီဗီမှန်သားပြင်လေးတွေကို ကြည့်ရုံနဲ့ ဘယ်လူနာ ဘယ်နားရောက်နေပြီဆိုတာကို သိနေပါတယ်။ အဲတော့ စစ္စတာက ဘယ်သူ့ကိုသွင်း၊ ဘယ်သူ့ကို ထုတ်၊ ဘာတွေလုပ်ပေးရမယ် ဆိုတာကို အလွယ်တကူသိပြီး GPS ကြောင့် စီမံခန့်ခွဲရတာလွယ်တာပေါ့။ လူနာတွေရဲ့ အသက်အန္တရာယ် ကာကွယ်စောင့်ရှောက်ရေးမှာ အကူအညီပေး အထောက်အကူပြုတဲ့ မရှိမဖြစ် GPS ပါ။

GPS နဲ့လေယာဉ်တွေ

အခုခေတ် လေယာဉ်စီးမယ်ဆိုရင် ကိုယ့်ရှေ့ကတီဗီလေးပေါ်မှာ ကမ္ဘာ့မြေပုံကြီးပြပြီး လေယာဉ် အရှုပ်လေး သွားနေတာကိုမြင်ရပါမယ်။ လေယာဉ်မတက်ခင် လေယာဉ် ဘယ်ကွေ့ညာကွေ့ လုပ်ရင်တောင် အရှုပ်လေးက လိုက်ကွေ့ပါတယ်။ အဲဒါလေယာဉ်မှာ GPS တတထားလို့ပေါ့။

GPS နဲ့ မြန်မာပြည်

GPS ရဲ့ အသုံးတွေကို မြန်မာပြည်မှာလည်း ကျွန်တော် တွေ့ဘူးပါတယ်။ လွန်ခဲ့တဲ့ (၅)နှစ်လောက်က ရခိုင်ပြည်နယ် စစ်တွေမြို့မှာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပပါတယ်။ အဲဒီပြိုင်ပွဲမှာ ကျန်းမာရေးဝန်ကြီးဌာန ဂေါက်သီးရိုက်အသင်းရဲ့ အဖွဲ့ဝင်အဖြစ် လိုက်သွားရပါတယ်။ ဂေါက်ပွဲမစခင် တစ်ရက် အချိန်ရတာနဲ့ မြောက်ဦးကို ကားနဲ့ သွားပြီး အပြန်မှာ မလိခရေယာဉ်လေးနဲ့ ပြန်လာခဲ့ပါတယ်။ တော်တော်လေးကို ခေတ်မီတဲ့ သဘော်လေးပါ။ ခရီးသည်၁၀၀ ကျော်လိုက်နိုင်ပြီး ဆိုဖာထိုင်ခုံတွေနဲ့ အဲယားကွန်းလည်း တတထားပါတယ်။ ကျွန်တော်တို့က သဘော်လေးကို သဘောကျလို့ စိတ်ဝင်တစားနဲ့ သဘော်မောင်းတဲ့ ဆလင်ရဲ့ အခန်းထဲကို ဝင်ကြည့်ပါတယ်။ သဘော်ဆလင်က မလိခမှာ GPS၊ ရေဒါနဲ့ ဆိုနာပါပါတယ်တဲ့။

ရေဒါ (RADAR)

ကြုံတုန်းပြောရရင် ရေဒါ ဆိုတာက Radio Detecting And Ranging ဆိုတာကို Radar လို့ အတိုကောက်ခေါ်တာပါ။ ဆိုလိုတာက ရေဒီယိုလှိုင်းကို သုံးပြီး အရာဝတ္ထုတွေကို ရှာဖွေတာနဲ့ အကွာအဝေးတိုင်းတာပါတဲ့။ လင်းနို့တွေဟာ မျက်စိ မမြင်ပဲ အသံလှိုင်းလေးတွေ လွှတ်ပြီး ရေဒါစနစ်နဲ့ ပျံကြတယ်လို့ မှတ်သားဘူးပါတယ်။ အစတုန်းကတော့ အတိုကို RADAR ဆိုတဲ့ စာလုံးကြီးတွေနဲ့ သုံးပြီး အခုတော့ အများလက်ခံထားတဲ့ အင်္ဂလိပ်စာလုံးတစ်ခုဖြစ်သွားလို့ စာလုံးအသေးနဲ့ radar လို့ပဲ သုံးပါတော့တယ်။ ရေဒါကတော့ ကယ့်ပတ်ဝန်းကျင်မှာ ဘာပစ္စည်းတွေရှိလဲဆိုတာကို ရှာပေးတာပါ။ ရေဒါဒိုင်ခွက် အစိမ်းရောင်အဝိုင်းလေးမှာ ရေဒီယိုလှိုင်းလေးတွေ လည်နေပြီး အရာဝတ္ထုတစ်ခုခုရှိရင်

တန်းပြီးတွေ့တာ ရုပ်ရှင်ထဲမှာ တွေ့ဘူးမှာပေါ့။ အခုခေတ်မှာ ကွန်ပျူတာတွေ့ရဲ့ အကျိုးကျေးဇူးကြောင့် ရေဒါလှိုင်းနဲ့ အရာဝတ္ထု တစ်ခုကို တွေ့ရင် အဲဒါဟာ ဘယ်လောက်ကြီးသလဲ၊ ရွေ့နေတာလား၊ ရွေ့နေတယ်ဆိုရင် ဘယ်ဘက်ကို ရွေ့နေတာလဲ ဘယ်လောက် အမြန်နှုန်းနဲ့ သွားနေတာလဲ ဆိုတာတွေ အကုန်လုံးသိနိုင်ပါတယ်။ လေယာဉ်တွေအတွက် ရေဒါဟာ သိပ်ကို အသုံးဝင်ပါတယ်။ ရေဒါရဲ့ အကူအညီနဲ့ သွားလာလှုပ်ရှားနေ ရတာပါ။ လေယာဉ်အချင်းချင်း ဆက်သွယ်တာမှာ ရေဒါကို အသုံးပြုရသလို စစ်ရေးအရ ရေဒါကို သုံးတာတွေလည်း ရှိပါတယ်။ မြေပြင်မှာရှိတဲ့ ရေဒါတွေဟာ ကိုယ့်ရဲ့လေပိုင်နက်ထဲကို ဝင်လာတဲ့ လေယာဉ်တွေအားလုံးကို သိနိုင်မြင်နိုင်နေပြီး ကိုယ့်လေယာဉ်လား၊ ရန်သူ့လေယာဉ်လား၊ ဘာအမျိုးအစားလဲ ဘယ်လောက်အမြင့်ကနေ ဘယ်လောက်မြန်မြန်သွားနေသလဲဆိုတဲ့ အချက်အလက်တွေ အကုန်လုံးကို သိနိုင်ပါတယ်။ လေယာဉ်ကွင်းတွေမှာ ရေဒါတိုင်ထိပ်က သံဇကာအကဲ့လို စက်ဝိုင်းခြမ်း သုံးပုံတစ်ပုံလောက် အပြားကြီး ပတ်ချာလည်နေတာကို တွေ့ဘူးမှာပေါ့။ အဲဒီအပြားကြီးဟာ အရပ်လေး မျက်နှာကို လှည့်၊ ရေဒီယိုလှိုင်းတွေ လွှတ်ပြီး ဘယ်လေယာဉ်တွေ ဘယ်နားမှာ ရှိတယ်ဆိုတာကို ရှာနေတာပါ။ အဲလို ရေဒါနဲ့ လေယာဉ်တွေရဲ့ နေရာတွေကို သိတော့ လေယာဉ်ကွင်း တာဝါ (Air Traffic Control Tower) ကနေပြီး လေယာဉ်တွေကို ဘယ်လိုပို့ရမယ်၊ ဘယ်သူကဆင်းလို့ရတယ်ဆိုတာ ညွှန်ကြားနိုင်တာပေါ့။ ဥပမာ ထိုင်းလေယာဉ်ကြီးက အမြင့်ပေ ၂၀၀၀၀ မှာ လှည်းကူးမြို့ပေါ်လောက်မှာ ရှိနေတယ်၊ အဲယားမန္တလေး လေယာဉ်လေးကလည်း အဲဒီအနီးတဝိုက်မှာပဲ ပေ ၉၀၀၀ လောက်မှာ ရှိတယ်ဆိုတာ ရေဒါကနေသိရင် ထိုင်းလေယာဉ် ပတ်ချာလည်ဝဲပြီး ခဏစောင့်၊ အဲယားမန္တလေးလေယာဉ် အရင်ဆင်း၊ အဲလိုပုံစံမျိုးညွှန်ကြားလို့ ရတာပေါ့။ ဒါကြောင့် လေယာဉ်ကွင်းတာဝါတွေမှာ ရေဒါတွေဟာ မရှိမဖြစ် ပစ္စည်းတွေပါ။ ကွန်တော်တို့စီးတဲ့ မလိခရေယာဉ်ကတော့ ရေဒါကိုသုံးပြီး ရှေ့မြစ်ကြောပေါ်မှာ ဘာတွေရှိသလဲဆိုတာကို ကြည့်ရပါတယ်ဆိုပြီး လက်တွေ့ပြပါတယ်။ သဘော်ဆလင်က ရေဒါဖွင့်ပြတော့ ရေဒါမြင်ကွင်းထဲမှာ ကွန်တော်တို့ သဘော်ရှေ့ ပေ ၃၀၀ လောက်မှာ အပျော်လေးနှစ်ခု တွေ့ရပါတယ်။ အတွေ့အကြုံရှိတဲ့ သဘော်ဆလင်က အဲဒါ ငါးဖမ်းလှေ နှစ်စင်းပါလို့ပြောပါတယ်။ မြစ်ထဲမှာ နှင်းတွေမြူတွေ ပိတ်နေရင် သဘော်ချင်း မတိုက်မိအောင် ရေဒါလေးနဲ့ ရှေ့မှာ ဘာရှိလဲဆိုတာ ကြည့်ရပါတယ် လို့ ပြောပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ် လောက်က ကွန်တော့်မိသားစု ဧရာဝတီသွားသဘော်ကြီးတစ်စင်းကိုငှားပြီး ပုသိမ်ကို သွားပါတယ်။ မနက်အစော လမ်းမှာမြူတွေ ပိန်းပိန်းပိတ်လို့ ဘာကိုမှ မမြင်ရတော့ပါဘူး။ သဘော်က မီးကြီးထွန်းလည်း နှင်းကိုမပေါက်ဘူး။ အဲတော့ ရေဒါမပါတဲ့ ကွန်တော်တို့သဘော်ကြီးဟာ မြစ်လည်မှာ ကျောက်ချရပ်ထားရပြီး နင်းကွဲမှ ပြန်ထွက်လို့ရပါတယ်။ ရေဒါမပါဘဲ ဘာမှမမြင်ရတဲ့နှင်းထဲမှာ သဘော်တွေမောင်းကြရင် တိုက်ကုန်မှာပေါ့။ ရေဒါဟာ တော်တော်အသုံးဝင်ပါလားဆိုတာကို သဘောပေါက်မိပါတယ်။

ဆိုနာ (SONAR)

မလိခသင်္ဘောမှာ ဆိုနာပါတယ်ဆိုတာပြောခဲ့ပါတယ်။ ဒါကြောင့် ဆိုနာဆိုတာ ဘာလဲ ဆိုတာကို အရင်ပြောပြပါဦးမယ်။ ဆိုနာဟာ Sound Navigation And Ranging ဆိုတဲ့ စကားလုံးတွေရဲ့ အဖျားဆွတ်အတိုကောက်ယူပြီး SONAR လို့ ခေါ်တာပါ။ အသံလှိုင်းကို အသုံးပြုပြီး ဘယ်လောက်ဝေးတယ် ဆိုတာလည်း ထောက်လှမ်းမယ် ဘာတွေလဲဆိုတာလဲ လမ်းညွှန်တယ်ဆိုတဲ့ သဘောပါ။ ပဲ့တင်သံ အက်ကိုး (Echo)လေးတွေကို ကွန်ပျူတာနဲ့ စီစစ်ပြီး လေ့လာတဲ့စနစ်ပါ။ အသံလှိုင်းဟာ ခပ်ပျော့ပျော့ အရာဝတ္ထုနဲ့တွေ့ရင် တစ်မျိုး၊ ခပ်မာမာနဲ့တွေ့ရင် တစ်ပုံစံ၊ အက်ကိုးမျိုးစုံ ထွက်ပါတယ်။ အဲဒီ အက်ကိုးတွေကိုကြည့်ပြီး အသံလှိုင်းနဲ့ ထိမိတဲ့ပစ္စည်းဟာ ဘာဖြစ်နိုင်တယ်ဆိုတာကို မှန်းဆလို့တွက်ချက်လို့ ရပါတယ်။ သင်္ဘောတွေ၊ ရေငုတ်သင်္ဘောတွေမှာ ဆိုနာကို အသုံးပြုကြရပါတယ်။ ရေထဲမှာ ရေအောက်မှာ ဘာတွေရှိသလဲဆိုတာကို ဆိုနာနဲ့ ကြည့်ရတာပါ။ မလိခသင်္ဘောမှာတော့ ဆိုနာလေးဖွင့်ပြပြီး မြစ်ရဲ့ မျက်နှာပြင်ကို ဆိုနာနဲ့ကြည့်ပြီး ရေအတိမ်အနက် ဘယ်လောက်ရှိတယ်ဆိုတာ မှန်းပါတယ်။ ပြီးတော့ ရေအောက်မှာ ငါးဖမ်းပိုက်တွေ၊ မြုပ်နေတဲ့သစ်တုံးတွေကို ဆိုနာနဲ့ ကြည့်လို့ရပါတယ်။

သင်္ဘောတွေမှာ ဆိုနာအသုံးတွေရှိသလို ဆေးပညာမှာလည်း ဆိုနာကို တွင်တွင်ကျယ်ကျယ် အသုံးချပါတယ်။ ကျွန်တော်တို့ တယ်လီဗီးရှင်းဓါတ်မှန်၊ အယ်ထရာဆောင်း (Ultrasound) လို့ ခေါ်နေတာဟာ တကယ်တော့ ဆိုနာပါပဲ။ လူ့ခန္ဓာကိုယ်ထဲကို နားနဲ့မကြားနိုင်တဲ့ အယ်ထရာဆောင်း အသံလှိုင်းလေးတွေကို ထုတ်လွှတ်လိုက်ပြီး ပြန်လာတဲ့အက်ကိုးတွေကို ကွန်ပျူတာကနေ တွက်ချက်ပြီး ပုံရိပ်ဖော်တာပါ။ အယ်ထရာဆောင်းအသံလှိုင်းလေးတွေ လွှတ်လိုက်လို့ ပြန်လာတဲ့အက်ကိုးတွေဟာ တီဗီဓါတ်မှန်စက်ရဲ့ မှန်သားပြင်ပေါ်မှာ အက်ကိုး အပြင်းအပျော့တွေလို့ မတွေ့ရတော့ဘဲ အသည်း၊ ကျောက်ကပ်၊ သည်းခြေအိတ်ဆို ပုံရိပ်တွေကို အတိုင်းသားမြင်ရတာပါ။ အခုခေတ်မှာ ဆိုနာကို အသုံးပြုတဲ့ နေရာတွေ အများကြီးရှိပါသေးတယ်။

GPS နဲ့ မလိခ

သင်္ဘောဆလင်က ရေဒါတွေ၊ ဆိုနာတွေ ဖွင့်ပြပြီး နောက်ဆုံးရောက်တော့မှ GPS ကို ဖွင့်ပြပါတယ်။ ပထမဆုံး အာရှတိုက်မြေပုံနဲ့ ပြပါတယ။ မြေပုံပေါ်မှာ ကျွန်တော်တို့ စီးနေတဲ့ မလိခသင်္ဘော အစက်လေးရွေ့နေတာကို တိုက်ရိုက်မြင်နေရပါတယ်။ အဲဒီနောက် သူက ရခိုင်ကမ်းမြောင်ဒေသရဲ့ အသေးစိတ် GPS မြေပုံကို ပြောင်းလိုက်တော့ တကယ်ကို အသေးစိတ် မြို့ဟောင်းကနေ ထွက်လာပြီး ကစ္စပနဒီမြစ်ထဲမှာ သွားနေတဲ့ မလိခကို မြင်ရပါတယ။ အဲဒီ GPS မြေပုံကိုကြည့်လိုက်ရင် ကျွန်တော်တို့

သဘော်လေး မြို့ဟောင်းနဲ့ ဘယ်လောက်ဝေးလာပြီ၊ စစ်တွေရောက်ဖို့ ဘယ်လောက် လိုသေးတယ်ဆိုတာ မိုင်နဲ့အတိအကျ သိနိုင်ပါတယ်။ တော်တော်ကို အသုံးဝင်တဲ့ GPS ပါ။

GPS နဲ့ ရန်ကုန်

ရန်ကုန်မှာလည်း GPS ကို အသုံးပြုတယ်လို့ ကြားဘူးပါတယ်။ ရန်ကုန်မှာရှိတဲ့ ကုမ္ပဏီကြီးတစ်ခုဟာ သူ့ဝန်ထမ်းတွေကို မြို့အနှံ့ မော်တော်ဆိုင်ကယ်လေးတွေနဲ့ သွားလာစေလွှတ်ရတဲ့ လုပ်ငန်း ထောင်ထားပါတယ်။ အဲတော့ သူ့ဝန်ထမ်းတွေ ဘယ်နားရောက်လို့ ဘာတွေလုပ်နေလဲဆိုတာ သိအောင် ဝန်ထမ်းတစ်ဦးချင်းကို GPS လေးတွေ တပ်ပေးထားတယ်တဲ့။

ကျယ်ပြန့်လှတဲ့ GPS အသုံးတွေ

GPS ရဲ့ အသုံးလေးတွေကို မြန်မာလူငယ်တွေသိအောင် ကျွန်တော် လက်လှမ်းမီသလောက် နည်းနည်းလေး ရေးပြတာပါ။ တကယ်တော့ GPS ရဲ့အသုံးဝင်ပုံဟာ ကျယ်ပြန့်လှပါတယ်။ တကမ္ဘာလုံးမှာ GPS ကို အသုံးပြုနေကြတာတွေဟာ အများကြီးပါ။ လေ့လာမယ်ဆိုရင် အရမ်းစိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းအရာတစ်ခုဖြစ်လို့ ကေအယ်လ်ခရီးစဉ်ရေးတာကနေ GPS အကြောင်းရောက်သွားတာပါ။ အဲလိုရေးရင်းနဲ့ ရေဒါနဲ့ဆိုနာတွေပါ အကုန်ပါကုန်ပါရော။ မြန်မာလူငယ်တွေ တိုးတက်နေတဲ့ ခေတ်နဲ့အညီ သိသင့်တဲ့ အချက်အလက်တွေကို သိအောင်ဆိုတဲ့ စိတ်စေတနာ သိပ်များသွားပြီး ကေအယ်လသွားတာ ရေးနေတာကနေ ကလောင်ကို ထိန်းမရဘဲ ဟိုရောက်ဒီရောက်ဖြစ်သွားတာကို နားလည်ခံစားပေးကြပါ။ မြန်မာလူငယ်တွေ အပြည်ပြည်ဆိုင်ရာ ခရီးဆန်. ကမ္ဘာ့အလည်မှာ ရင်ဘောင်တန်းနိုင်ကြပါစေလို့။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဒင်မောင်ဝင်း (အသည်း)


SELECTS
TSINGTAO

Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင်

အပိုင်း(၂၇)

မလေးရှားခရီးစဉ်(အဆက်)

မြန်မာအစားအစာ မြန်မာပါးစပ်

သမီးကြီးမောင်းလာတဲ့ ကားလေးဟာ ကိုစိုးမြင့်ရဲ့ ဘယ်ချိုး၊ ညာချိုးလမ်းညွှန်မှုတွေနဲ့ နောက်ဆုံးတော့ ကျွန်တော့်ညီမ မဝေရဲ့ အိမ်ကို ရောက်သွားပါတယ်။ မဝေက စက််ပူလာလည်နေရာကနေ ကျွန်တော်တို့နဲ့အတူ ကားနဲ့ ကေအယ်လ်ကို ပြန်လိုက်လာတာပါ။ သူ့အိမ်မှာ သူ့အမျိုးသားဒေါက်တာ တင်ထွန်းရယ်၊ မလေးရှားမှာ တက္ကသိုလ်တက်နေတဲ့ ကျွန်တော့်တူ သက်လွင်ဦး (ဖိုးခွား)နဲ့ သူ့ရဲ့ girl friend ကောင်မလေး မလေးရှားသူ "ရမ်း"တို့က ကျွန်တော်တို့က မျှော်ပြီး စောင့်နေကြပါတယ်။ ကျွန်တော်တို့ ကားလည်း ထိုးဆိုက်လိုက်ရော သူတို့တတွေ ဝမ်းသာအားရပြေးထွက်လာပြီး ကိုတင်ထွန်းက "ကိုဝင်းတို့ကို မျှော်လိုက်ရတာ၊ ကျွန်တော်တတသမျှ မှတ်သမျှဟင်းတွေ ချက်ထားတယ်။ ပြီးတော့ ကိုဝင်းအတွက် ကောညက် (Cognac)၊ ဖိုးသားတို့ ဖိုးခွားတို့အတွက် ဘီယာတွေ စိမ်ထားတယ်။ လာကြလာကြ" ဆိုပြီး ကြိုရှာပါတယ်။ သမီးကြီးက "သမီးတို့ရောက်ရင် ဒီလို မနက် နှစ်နာရီ၊ သုံးနာရီဖြစ်မှာပဲဆိုတာသိလို့ သမီးတို့ ထမင်းချက်၊ ကြက်သွန်နီဆီချက်နဲ့ နယ်လာတယ်။ ဟင်းတွေလည်း အစုံပါလာတယ်။ ဦးတင်ထွန်းကြိုက်တဲ့ ငါးခြောက်ကြော်လည်း ပါလာတယ်" ဆိုပြီး KL မှာ မနက်လင်းလာပြီး (၃း၀၀)နာရီမှာ ကျွန်တော်တို့ မြန်မာတစ်အိမ်ထဲ ဆူဆူညံညံ သံစုံအော်ပြီး မြန်မာအစားအစာတွေစားဖို့ သောက်ဖို့ ပြင်ကြပါတော့တယ်။ မြန်မာဆိုတဲ့ မြန်မာကလည်း အခက်သား၊ တခြားလူမျိုးတွေနဲ့ မတူ၊ ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်၊ ကိုယ့်အမျိုးအဆွေ၊ ကိုယ့်နိုင်ငံက မြန်မာအစားအသောက်တွေကို သိပ်ချစ်တတ်၊ ခင်တတ်၊ လွမ်းတတ်တဲ့သူတွေပါ။ မြန်မာတွေဟာ နိုင်ငံခြားရောက်ရင် ဟုမ်းဆစ်(ခ်) (homesick) ဖြစ်ပြီး အိမ်ကို သိပ်သတိရကြလွန်းလို့ အိမ်သတိရလူမျိုးလို့တောင် ခေါ်ရမလိုဖြစ်နေပါတယ်။ နိုင်ငံခြားမှာနေတာ ဘယ်လောက်ကြာကြာ မြန်မာပါးစပ်ဟာ မြန်မာအစာကိုပဲ တမ်းတတာ။ ကိုတင်ထွန်းဆိုရင် ဂျပန်မှာ ငါးနှစ်နေပြီး PhD ဘွဲ့ယူ၊ အမေရိကန် နယူးယောက်၊ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒတွေမှာ အလုပ်လုပ်၊ ကမ္ဘာလှည့်နေခဲ့တဲ့ သူပါ။ အဲလိုနိုင်ငံခြားမှာ အကြာကြီးနေပြီး အနောက်တိုင်းဟာတွေကို စားနေရပေမယ့် လည်း သကြိုက်တာဟာ မြန်မာအစာတွေပဲ။ သူဟာ ငါးခြောက်ကြော်၊ ငါးပိချက်လည်း သိပ်ကြိုက်တယ်။

မြန်မာထမင်းဟင်းတွေ့ရင် သူမနေနိုင်တော့ဘူး၊ တအားစားတော့တာပဲ။ သူတင်မဟုတ်ပါဘူး။ ကျွန်တော်တို့လည်း ဒီအတိုင်းပါပဲ။ နိုင်ငံခြားကို တစ်ပတ်လောက် အစည်းအဝေးသွားတက်ရင်တောင် မြန်မာအစားအစာကို လွမ်းလို့၊ သတိရလို့ ပြန်လာမယ့်နေ့ရောက်ရင် ငါကြိုက်တဲ့ဟင်းတွေ ချက်ထားဟေ့ဆိုပြီး အိမ်ကို ဖုန်းလှမ်းဆက်ရတယ်။ ဒါနဲ့ ကျွန်တော်တို့ အမျိုးတစ်စု ကေအယ်လ်မှာ မနက်(၃း၀၀)နာရီလောက် ကဲနေတဲ့အကြောင်း ဆက်ပြောရမယ်ဆိုရင် သမီးကြီးနဲ့ မဝေတို့က ကျွန်တော်တို့စားဖို့ ပြင်ဆင်နေတုန်းမှာ ကျွန်တော်တို့ ယောကျ်ားလေးတစ်သိုက်က ဝိုင်းဖွဲ့တော့တာပေါ့။ ကျွန်တော်ကတော့ ကော့ညက်သောက်နေကျဆိတော့ ကျွန်တော့အတွက် ကိုတင်ထွန်းဝယ်ထားတဲ့ ကော့ညက်ပုလင်းဖွင့်၊ တစ်ခွက်ထည့်ပေါ့။ ကျန်တဲ့သူတွေကတော့ ဘီယာတွေ ရေခဲသေတ္တာထဲ စိမ်ထားတာထုတ်၊ တစ်ယောက်တစ်ဘူး မော့ကြပါလေရော။ အဲဒီအချိန်မှာ သမီးကြီးက "အဖေတို့ မလေးရှားမှာ ကော့ညက်၊ ဘီယာနဲ့မြည်းဖို့ အမေထည့်ပေးလိုက်တဲ့ အမဲခြောက်ကြော်" ဆပြီး လာချပေးပါတယ်။ တူတော်မောင်ဖိုးခွားရဲ့ မလေးရှားကောင်မလေးဟာလည်း ကျွန်တော်တို့တစ်သိုက်ရဲ့ ဒဏ်ကို တော်တော်လေးခံရှာပါတယ်လို့ ပြောရမှာပါ။ မနက် (၄း၀၀)နာရီမှာ မြန်မာလိုတွေ အားရပါးရပြော၊ လုပ်ချင်တာလုပ်နေတာကို ဘေးမှာထိုင်ပြီး ပြုံးနေပါတယ်။ သူယူလာတဲ့ သူ့ရဲ့ အလှမွေးထားတဲ့ယုန်လေး ထည့်ထားတဲ့ သံလျှောင်ချိုင့်လေး ဘေးမှာချ၊ ဘာမှနားမလည်တဲ့ ကျွန်တော်တို့ရဲ့ မြန်မာစကားတွေကို နားလည်သလိုလိုနဲ့ အားစိုက်နားထောင်ရှာပါတယ်။ နာရီဝက်လောက်ကြာတော့ အားလုံးစားလို့ရပြီလို့ မဝေကပြောတာနဲ့ ကျွန်တော်တို့တတွေ ထမင်းစားပွဲကို ရွေ့လိုက်ကြတယ်။ ထမင်းဆီဆမ်း ပူပူနွေးနွေး၊ ကိုတင်ထွန်းချက်ထားတဲ့ ဝက်သားဟင်း၊ ခရမ်းချဉ်သီး ငါးပိချက်၊ ရန်ကုန်ကယူလာတဲ့ အမဲသားနှပ်၊ ရန်ကုန်က ကျွန်တော့်ညီမထည့်ပေးလိုက်တဲ့ ပုဇွန်ဆတ်လေး ငါးပိချက်၊ ငါးခြောက်ကြော်၊ မန္တလေးရွှေတုတ်လက်ဘက်သုတ်၊ မလေးရှားနိုင်ငံ ကေအယ်လ်မြို့မှာ မနက် (၄း၀၀)နာရီမှာ ညစာခေါ်မလား၊ မနက်စာခေါ်မလား ဘယ်လိုခေါ်ရမှန်းမသိတဲ့ အစာကို ကျွန်တော်တို့တတွေ အားရပါးရတွယ်လိုက်ကြတာ တက်တက်စင်ပြောင်တော့တာပဲ။ မြန်မာဟေ့မြန်မာပ၊ ဘယ်နိုင်ငံရောက်ရောက် မြန်မာအစားအစာကိုပဲ စားချင်ကြတဲ့သူတွေပါလားလို့ တွေးလိုက်မိပါတယ်။

<u>မလေးရှားကအနှိပ်</u>

ကျွန်တော်တို့ အိပ်ယာဝင်တော့ မနက်ငါးနာရီထိုးလုနီးပါး ဖြစ်နေပါပြီ။ ဖိုးခွားနဲ့ သူ့ကောင်မလေးကတော့ သူတို့အဆောင်တွေကိုပြန်သွားပြီး ကျန်တဲ့လူတွေ အခန်းတွေနေရာချပြီး အိပ်ကြရတော့တာပေါ့။ မဝေတို့အိမ်က အိပ်ခန်းသုံးခန်းရှိတယ်ဆိုတော့ နေရာခွဲအိပ်ရတာ သိပ်ပြဿနာမရှိပါဘူး။ မနက် (၈း၀၀)နာရီထပြီး ခရီးဆက်ကြမယ်လို့ ပြောထားကြတော့ နည်းနည်းလေး တစ်မှေးရအောင် အိပ်လိုက်ဦးမယ်ဆိုပြီး စကားပြောတာတွေရပ်၊ မီးမှိတ် ဇွတ်အိပ်လိုက်ရပါတယ်။ လက်ဘက်တွေလည်းစား၊

အစားတွေလည်း မဆန့်မပြဲ ဝင်ထားတာဆိုတော့ မျက်လုံးတွေကျယ်နေပြီး အိပ်လို့ရမှရပါ့မလားလို့ ထင်မိကြတယ်။ တကယ်တန်းအိပ်ဖို့ ခေါင်းချလိုက်တော့ တစ်မိနစ်လောက် အတွင်းမှာ အိပ်ပျော်သွားတယ်။ ကော့ညက်လေးသောက်ထားတဲ့ အရှိန်လည်း ပါပုံပေါ်ပါတယ်။ ဆူဆူညံညံနဲ့ ကျွန်တော်လန့်နိုးလာလို့ နာရီကြည့်လိုက်တော့ (၈)နာရီခွဲ ဖြစ်နေပြီ။ နေရောင်တွေ ဝင်းလင်းထိန်နေပါပြီ။ ဒါနဲ့ ကမန်းကတန်းထ ရေချိုးမယ်လုပ်တော့ မဝေက "ကိုဝင်း ရေချိုးပြီးရင် အန့်ပ်ခဲဦးမလား၊ ဟိုဘက်အိမ်မှာ အင်ဒိုနီးရှားကလာပြီး အိမ်ဖော်မေ့(ဒ) maid လုပ်နေတဲ့ ကောင်မလေးက အန့်ပ် သိပ်ကောင်းတာပဲ။ ကျွန်တော်တို့ အမြဲတမး ခေါ်အန့်ပ်ခံနေကြ၊ သူ့အိမ်ရှင်ကလည်း အဲလို ကျွန်တော်တို့ဆီလာပြီး နှိပတာကို ခွင့်ပြုတယ်။ ပြီးတော့ သူ့ကို မုန့်ဖိုး ရင်းဂစ် (၃၀)လောက်ပေးလိုက်ရင် ပြီးရော၊ သူကလည်း ကျေနပ်လို့။ ကိုဝင်းရေချိုးပြီးရင် အဲလိုအန့်ပ်ကလေး ခံလိုကပါလား။ တစ်ညလုံးလည်း ကားစီးလာ၊ အိပ်ရေးတွေလည်းပျက်၊ မနက်လည်း ခရီးဆက်ရဦးမယ်၊ ကျွန်တော် အဲဒီ အင်ဒိုနီးရှား ကောင်မလေးကို ခေါ်လိုက်မယ်နော်" လို့ ပြောပါတယ်။ အညာသူဝမ်းတွင်းသူဖြစ်တဲ့ ကျွန်တော့်ညီမဟာ ကျွန်တော် ကျွန်တော်နဲ့ စကားပြောတတ်ပါတယ်။ သူတင်မဟုတ်ပါဘူး၊ ကျွန်တော့်ညီမငယ် မိအေးလည်း ဒီလိုပဲ ကျွန်တော်နဲ့ပဲ ပြောတာပါ။ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေဟာ တစ်ယောက်နဲ့တစ်ယောက် အရမ်းချစ်ကြတာ၊ အညာဓလေ့ပဲထင်ပါရဲ့။ ပြီးတော့ ကျွန်တော်တို့ညီအစ်ကိုမောင်နှမအားလုံးဟာ အငယ်လေးထဲက အန့်ပ်ခံတာကို သိပ်ပြီး ဝါသနာပါကြတာ။ အမေရော၊ အဖေပါ အန့်ပ်ခံကြတာဆိုတော့ အကျင့်ပါပြီး စွဲသွားကြတာပါ။ ကြုံတုန်းပြောရဦးမယ်။ အညာမှာနဲ့ တော်တော်များများအယူက အန့်ပ်ခံပြီးရင် ရေမချိုးရဘူး၊ ရေချိုးပြီးမှ အန့်ပ်ခံရတယ်တဲ့။ ဒါကြောင့် အန့်ပ်ခံပြီးရေချိုးမယ်ဆိုရင် အညာမှာပြောလေ့ရှိတာက "အေး အန့်ပ်ခံပြီး မင်းရေချိုးရင် မင်းက အရပ်က တစ်ခါ ရေထပ်ချိုးပေး လိမ့်မယ"လို့ ပြောလေ့ရှိပါတယ်။ အရပ်က တစ်ခါ ရေထပ်ချိုးတယ် ဆိုတာက လူတွေသေလို့ရှိရင် ရပ်ကွက်ထဲမှာ အရပ်ထဲကလူတွေက အလောင်းကို ရေချိုးပေးလေ့ရတယ် ဆိုတာကို ပြောတာပါ။ ဆိုလိုတာက အန့်ပ်ခံပြီး ရေချိုးရင် သေတတ်တယ်လို့ ပြောတာပါ။ "အရပ်ထဲက တစ်ခါ ရေထပ် ချိုးပေးလိမ့်မယ" ဆိုတဲ့စကားက နားထဲကမထွက်တော့ မိရိုးဖလာ အညာဓလေ့ကို မချိုးဖောက်ရဲပါဘူး။ ဒါကြောင့် ကျွန်တော်တို့တတွေဟာ အန့်ပ်ခံပြီး ရေမချိုးရဲပါဘူး။ အဲလို အရိုးစွဲအယူအဆရှိလို့ ကျွန်တော် ရေချိုးမယ်လုပ်နေတုန်း မဝေက "ကိုဝင်း ရေချိုးပြီးရင် အန့်ပ်ခံလုက်ပါလား" လို့ ပြောတာပါ။ ကျွန်တော်ကလည်း တော်တော်လေးနွမ်းနယ် ညောင်းကိုက်နေတာ ဆိုတော့ "ကောင်းသားပဲ မဝေရယ်၊ ခေါ်လိုက်ပါလား၊ ငါလည်း အကြောတွေ တော်တော်လေးတက်နေတာ" လို့ပြောလိုက်ပါတယ်။ ခဏနေလို့ ကျွန်တော်ရေချိုးပြီးတော့ ဟိုဘက်အိမ်က အင်ဒိုနီးရှားအမျိုးသမီးလေး ကျွန်တော်ကို နှိပ်ပေးဖို့ ရောက်လာပါတယ်။ ကျွန်တော်လည်း ဘုရားခန်းရှေ့မှာ မြန်မာသင်ဖြူးဖျာကိုခင်းပြီး

ပက်လက်အနှိပ်ခံပါတော့တယ်။ အဲဒီ အင်ဒိုနီးရှားအမျိုးသမီးနဲ့ အနှိပ်ခံရတာဟာ တော်တော်ကို ရယ်စရာလည်း ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ သူက အင်္ဂလိပ်စကားလုံးဝ မတတ်ဘူး။ သူက အင်ဒိုနီးရှားလို မျိုးစုံပြောတယ်၊ ကျွန်တော်ကလည်း သူ့ကိုပြန်ပြီး အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာနဲ့ပြောတယ်။ တစ်ယောက်နဲ့တစ်ယောက် သူ့စကားကိုယ့်စကား နားမလည်ကြဘူးဆိုတာ သိတယ်။ ဒါပေမယ့် သူကလည်း တစ်စက်မှ မလျှော့ဘူး၊ နှိပ်နေတဲ့ တစ်နာရီလုံး အင်ဒိုနီးရှားလို မရပ်မနားပြောတယ်။ ကျွန်တောကလည်း သူတခွန်းပြောရင် ကိုယ်ကမြန်မာလို အင်္ဂလိပ်လိုပြန်ပြောနဲ့ သူလည်း သူပြောချင်ရာပြော၊ ကိုယ်လည်း ကိုယ်ပြောချင်ရာပြောပဲ။ အဲလိုနဲ့ ပက်လက် မှောက်လျက် ခြေလက်၊ ခေါင်း၊ ကိုယ်အနှံ့ အနှိပ်ခံလိုက်တာ တော်လေးကို အကြောပြေသက်သာသွားပြီး နေသာထိုင်သာရှိသွားပါတယ်။ သူ့ရဲ့လက်တွေဟာ တော်တော်လေးပေါက်ပြီး လက်ဖဝါး၊ လက်ချောင်း၊ တံတောင်ဆစ် မျိုးစုံသုံးပြီး နှိပ်တာဆိုတော့ တော်တော်လေးကို အနှိပ်ခံလို့ ကောင်းပါတယ်။ အနှိပ်ခံတာ တစ်နာရီကျော်ကျော်လောက်ဖြစ်သွားတော့ သူ့ကို ခြေဟန်လက်ဟန်နဲ့ နှိပ်တာကို ရပ်ခိုင်းလိုက်ပြီး မုန့်ဖိုရင်းဂစ် (၃၀) ပေးလိုက်တအခါ သူက လက်အုပ်ချီပြီး အရှိအသေပေး အင်ဒိုနီးရှားလိုတွေ တသီကြီးပြောလိုက်တာ ကျေးဇူးတင်ကြောင်းတွေ ထင်ပါရဲ့။ မဝေ အဆိုအရတော့ မလေးရှားမှာလည်း အနှိပ်ခံတာဟာ တော်တော်လေး ခေတ်စားတယ်တဲ့။ သူ့အိမ်နဲ့ မလှမ်းမကမ်းက စူပါမားကတ်မှာ အနှိပ်သည်တွေ အနှိပ်ခန်းတွေ အများကြီးပဲတဲ့။ ကေအယ်လ်ကလူတွေဟာ တော်တော်လေး အနှိပ်ခံကြတယ်လို့ ပြောပါတယ်။ အနှိပ်ခံတာဟာ ကျန်းမာရေးအတွက်ကောင်းတယ်လို့ ယူဆကြတယ်တဲ့။ စင်္ကာပူမှာလည်း အနှိပ်မျိုးစုံရှိတယ်။ အနှိပ်ခန်းတွေမှာ မလေး၊ ဘာလီ၊ အင်ဒိုနီးရှား၊ ဆဟာရှိ ဂျပန်အနှိပ်၊ ဥရောပအနှိပ်စုံလို့ပဲ။ သူတို့ နိုင်ငံတွေမှာ အနှိပ်ခံတဲ့နေရာတွေဟာ သာမန်လူတစ်ယောက် ပုံမှန်သွားလာနိုင်တဲ့ နေရာတစ်ခုလို့ လူတွေကယူဆကြပါတယ်။ အနှိပ်ခန်းတွေဟာ လက်ဖက်ရည်ဆိုင်ထိုင် မုန့်ဟင်းခါးစား ဆိုတဲ့ ပုံမှန် သဘောမျိုးသွားလို့ ရတဲ့နေရာတလို့ပဲ သတ်မှတ်ကြပါတယ်။ မြန်မာနိုင်ငံမှာတော့ "အနှိပ်ခန်းသွားမယ်" လို့ ပြောလိုက်ရင် ဝိုင်းကြည့်ကြလိမ့်မယ်။ "အနှိပ်ခန်း" ဆိုတဲ့ အသုံးအနှုန်းဟာ မြန်မာတွေရဲ့ အမြင်အတွေး မိုင်းဆက် (mind set) ထဲမှာ မကောင်းတဲ့ နေရာ၊ မကောင်းတဲ့ အမျိုးသမီးတွေ နေတဲ့ နေရာလို့ သတ်မှတ်ထားကြတယ် ထင်ပါတယ်။ ပြောရဦးမယ်ဆိုရင် မြန်မာတွေဟာ နှိပ်တယ်၊ အနှိပ်ခံတယ် ဆိုတဲ့ massage ဆိုတဲ့ အင်္ဂလိပ်စကားလုံးကို မာဆပ(ခ်)လို့ အသံထွက်ပြီး ခေါ်ကြတယ်။ တကယ်တော့ မဆပ်(ခ်)လို့ အသံထွက်ရမှာပါ။ အခုတော့ ဘယ်ကိုပဲ သွားသွား အနှိပ်ခံတဲ့ နေရာဆိုရင် မြန်မာနိုင်ငံမှာ မာဆပ်(ခ်)လို့ပဲ ခေါ်ဝေါ်သုံးစွဲသုံးကြတာတွေ တွေ့ရတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းကပဲ massage ဆိုတဲ့ စကားလုံးက သုံးပြီး မာဆပ်ဆိုပြီး ကြော်ငြာထားတာကို တွေ့ရသေးတယ်။ အနှိပ်ခံတဲ့ နေရာတွေမှာ မကောင်းမှု ဒုစရိုက်ရှိတဲ့ ရှုပ်ထွေးတဲ့နေရာတွေလည်း ရှိမှာပါ။ ဒါပေမယ့် ရန်ကုန်မြို့က အနှိပ်ခံတဲ့ နေရာတွေမှာ ကျွန်တော်တို့ မိသားစုလိုက်သွားပြီး အနှိပ်ခံကြတဲ့ ကောင်းတဲ့ သန့်တဲ့ အနှိပ်ခန်းနေရာတွေ

အများကြီးရှိပါတယ်။ မာဆပ်(ချ်) အနှိပ်ခန်းဆိုတဲ့ စကားလုံးကို တစ်နည်းနည်း နားခံသာအောင် ပြင်ဆင်သုံးစွဲပြီး မလေးရှား၊ စင်္ကာပူမှာလို ကျန်းမာရေးအတွက် သီးသန့် သပ်သပ်ရပ်ရပ်သန့်သန့်ရှင်းရှင်း အနှိပ်ခံတဲ့ နေရာလေးတွေပေါ်လာသင့်ပြီလို့ ကျွန်တော်ယူဆမိပါတယ်။

<u>ဂင်တင်းဟိုက်လင်း (Genting Highland)</u>

မလေးရှားနိုင်ငံ ကေအယ်လ်ကိုရောက်လာပြီဆိုရင် မိတ်ဆွေတွေက "ခင်ဗျား ဂင်တင်းဟိုက်လင်း (Genting Highland) ရောက်ပြီးပြီလားဆိုပြီး မေးလေ့ရှိပါတယ်။ ဂင်တင်းဟိုက်လင်းဆိုတာက ကေအယ်လ်နားက ဂင်တင်း ကုန်းမြေမြင့်အရပ်ပေါ့။ ဟိုက်လင်း Highland ဆိုတာက တောင်ပေါ်ဒေသ ကုန်းမြင့်ဒေသလို့ ဆိုတာပါ။ ဂင်တင်းဟိုက်လင်းဆိုတာက ကေအယ်လ်နဲ့ ကီလို (၃၀)လောက်ပဲ ဝေးပါတယ်။ ကေအယ်လ်ကနေ တောင်ပေါ်ကို တဖြေးဖြေးတက်သွားပြီး မိနစ်(၃၀)လောက် မောင်းရင် ရောက်တဲ့ အရပ်ပါ။ ဥပမာ ပြောရမယ်ဆိုရင် ကေအယ်လ်နဲ့ ဂင်တင်းဟိုက်လင်းဟာ မန္တလေးနဲ့ မေမြို့လိုပါပဲ။ ဒါပေမယ့် ဂင်တင်းဟိုက်လင်းနဲ့ မေမြို့ကွာတာကတော့ ဂင်တင်းက မလေးရှားနိုင်ငံရဲ့ လောင်းကစားမြို့တော်ပါ။ မလေးရှားနိုင်ငံရဲ့ ကစီနို Casino ဌာနချုပ်ကြီးလို့ ပြောရမှာပါ။ ကစီနို Casino ဆိုတာက အီတလီစကား ကာဆာ Casa အိမ်ဆိုတာက ဆင်းသက်လာတာပါ။ လက်တင်လိုလည်း Casa ကာဆာဆိုတာ တဲလေးလို့ အဓိပ္ပါယ်ရပါတယ်။ တကယ့် အင်္ဂလိပ်စကား အဓိပ္ပါယ်ဖွင့်ဆိုချက်ကတော့ Casino is an establishment where gambling games are played တဲ့။ ဆိုလိုတာက ကစီနိုဆိုတာ လောင်းကစားတွေ လုပ်တဲ့ အဆောက်အဦ၊ တည်ဆောက်မှု အဖွဲ့အစည်းတစ်ခုပဲလို့ ဆိုပါတယ်။ အဲတော့ ဂင်တင်းဟိုက်လင်းဟာ ကစီနိုရုံကြီးတွေ အကြီးအကျယ်ရှိတဲ့ နေရာပါ။ နောက်ပြီးတော့ ကလေးတွေ ကစားလို့ရတဲ့ ကစားကွင်း အမြူစမင့်ပါတ်(ခ်) Amusement park ကြီး တစ်ခုလည်း ရှိပါသေးတယ်။ မြန်မာပြည် ရန်ကုန်မြို့က Happy World လိုဟာမျိုး အကြေးစားကြီးပေါ့။ ဒီပြင်တော့ ဂင်တင်းမှာ ဘာမှစိတ်ဝင်စားစရာ ဘာမှမရှိပါဘူး။ ကျွန်တော် မလေးရှားမရောက်ခင်တုန်းက မလေးရှားက ပြန်လာတဲ့သူတွေက ဂင်တင်းဟိုက်လင်းအကြောင်း အကြီးအကျယ် ပြောကြတာ နားထောင်ရတာ သွားရည်ကျစရာ အံ့မခန်းပါ။ လွန်ခဲ့တဲ့ (၅)နှစ်လောက်က သမီးကြီးရယ်၊ တူတော်မောင် ဖိုးခွားရယ်၊ ကျွန်တော်ရယ် ဂင်တင်းဟိုက်လင်း ရောက်သွားပါတယ်။ ကိုယ်ထင်ထား တွေးထားတာနဲ့ တကယ်တွေ့ရတာဟာ လုံးဝကွဲပြားခြားနားပြီး ကျွန်တော့်စိတ်ထဲမှာ မြင်ထားတဲ့ ဂင်တင်းနဲ့လက်တွေ့ဂင်တင်း မတူဘဲဖြစ်နေတော့ ကျွန်တော် တော်တော်လေးစိတ်ပျက်ခဲ့ရပါတယ်။ ကျွန်တော်ကတော့ ဂင်တင်းဆိုတာ ပင်လယ်မြေမျက်နှာအထက် ပေ (၃၀၀၀)ကျော်အမြင့်မှာ စိမ်းလန်းစိုပြည်သာယာတဲ့ ရှုခင်းတွေ၊ ပန်းဥယျာဉ်တွေနဲ့ မေမြို့လိုပဲ စိတ်ဝင်စားစရာ သဘာဝပတ်ဝန်းကျင်တွေကို လေ့လာရမယ်၊ တွေ့ရမယ်လို့ ထင်ခဲ့တာပါ။ တကယ်ဂင်တင်းကို ရောက်သွားတော့ ရောက်ရောက်ချင်းပဲ ဂင်တင်းမှာရှိတဲ့ ကစီနိုရုံကြီးတွေဆီ

ခေါ်သွားပါတယ်။ လူတွေအကြီး အကျယ် လောင်းကစားမျိုးစုံ လုပ်နေကြတာကို ဘေးကလိုက်ကြည့်ပြီး စိတ်ပျက်လက်ပျက်နဲ့ ပြန်ထွက်ခဲ့ရပါတယ်။ ပြီးတော့မှ ကျွန်တော်တူကို ခေါ်ပြီး သူ့အရွယ်တွေ မျိုးစုံဆော့လို့ ကမြင်းလို့ရတဲ့ အမြူစ်မင့်ပါတ်(ခ်) ကစားကွင်းထဲကိုသွား၊ တစ်နေကုန်သူဆော့တာကို ကြည့်ပြီး ပြန်လာခဲ့ရပါတယ်။ ဒလို ဂင်တင်းဟာ စိတ်ပျက်စရာဆိုတာက ကျွန်တော့်အမြင်ကိုး။ လောင်းကစားကြဖို့ လာကြတဲ့လူတွေအဖို့ရောက်တော့ တော်တော်လေး ပျော်စရာ၊ နေစရာကောင်းတဲ့ ဂင်တင်းဟိုက်လင်းပါ။ ဒါကြောင့် လောင်းကစားတိုးရစ်တော်တော်များများဟာ ဂင်တင်းဟိုက်လင်းကို လာကြတာပါ။ အဲဒါကို အားကျပြီး စက်ာပူနိုင်ငံက ဝန်ကြီးချုပ် လီစင်လုံးဟာ လွန်ခဲ့တဲ့(၂)နှစ်ကစပြီး စက်ာပူ မရီနာဘေးမှာ ကစီနို ရုံကြီးတွေ ဆောက်နေတာပါ။ စက်ာပူကလူတော်တော်များများက အဲလို စက်ာပူမှာ ကစီနိုဆောက်တာကို ဝိုင်းပြီး ကန့်ကွက်ကြပါတယ်။ ဒါပေမယ့် လီစင်လုံးက ပြောပါတယ် "မလေးရှားနိုင်ငံမှာ ကစီနိုနဲ့ လူတွေတရုန်းရုန်း တိုးရစ်တွေ လာနေတဲ့အချိန်မှာ စက်ာပူက ဒီတိုင်းငြိမ်နေလို့ မရတော့ပါဘူး" တဲ့။ ဒါကြောင့် စက်ာပူ မရီနာဘေးမှာ ကစီနို ရုံကြီးတွေ ဆောက်ခွင့်ပြုဖို့ သူဆုံးဖြတ်တာပါတဲ့။ အရှေ့တောင်အာရှဒေသကြီးတစ်ခုလုံး ပံ့ပြောင်းလွဲနေတဲ့ အချိန်မှာ စက်ာပူက ဘာမှ မလုပ်ပဲ ရပ်နေရင် စက်ာပူနိုင်ငံ နောက်ကျကျန်ခဲ့ပါလိမ့်မယ်။ ဒါကြောင့် တိုးရစ်တွေလာအောင်၊ စက်ာပူနိုင်ငံဖွံ့ဖြိုးအောင် မရီနာဘေးမှာ ကစီနိုတွေ ဖွင့်ခွင့်ပြုရတာပါတဲ့။ ဆိုလိုတဲ့ သဘောက လောင်းကစားတွေ လုပ်ဖို့လာတဲ့ တိုးရစ်တွေလာဖ. မြူဆွယ်ဖို့. ကစီနိုလောင်းကစားကလပ်တွေ လုပ်ထားကြရတာပါ။ အမေရိကန်နိုင်ငံ လပ်စ်ဗေးဂပ်စ် Las Vagas မြို့ဟာလည်း ကစီနိုတွေ လောင်းကစားတွေနဲ့. နာမည်ကြီးတာပါ။ တရုတ်ပြည် မကာအိုဆိုတဲ့ ကျွန်းလေးဟာ သေးသေးလေးပါ။ ကစီနိုလုပ်ငန်းတစ်ခုတည်းနဲ့. မကာအိုရဲ့ နိုင်ငံခြားဝင်ငွေကိုရှာပြီး ကမ္ဘာပေါ်မှာ အထင်ကရ များများမတ်မတ်ရပ်တည်နေတာပါ။ မလေးရှားနိုင်ငံ ကေအယ်လ်နားက ဂင်တင်းဟိုက်လင်းဟာလည်း လောင်းကစားသမားတွေရဲ့ ပျော်ဘွယ်ရာ နေရာလေး တစ်ခုပါ။ ကျွန်တော်အနေနဲ့ကတော့ မလေးရှားပြန်တွေရဲ့ ဂငတင်းဟိုက်လင်းဆိုပြီး အမြဲတန်း နာမည်ကြီးသတင်းကြားခဲ့တဲ့ ဒေသတစခုဟာ ကိုယ်ထင်သလိုမဟုတ်ပ ဘာမှလဲ ကြည့်စရာ၊ ပျော်စရာမရှိ၊ လောင်းကစား ကစီနို ရုံတွေပဲရှိတဲ့ တော်တော်လေး စိတ်ပျက်ဖို့ကောင်းတဲ့ အရပ်ပါပဲလို့. သတ်မှတ်မိပါတယ်။ ဒါပေမယ့် မလေးရှား ကေအယ်လ် ရောက်ခဲ့တယ်ဆိုရင်တော့ "ခင်ဗျား ဂင်တင်းဟိုက်လင်း ရောက်ခဲ့လား" လို့. အမေးခံရမှာ သေချာပါတယ်။ ဒါကြောင့် ဘာမှ ရှိရှိမရှိရှိ မလေးရှားသွားခဲ့ရင် အဲလို အမေးခံရရင် ပြန်ပြောရအောင်လို့. ဂင်းတင်းဟိုက်လင်းကို ရောက်ဖြစ်အောင် ရောက်အောင် သွားကြည့်လိုက်ပါ။ ဘာမှ စိတ်ဝင်စားစရာတော့ တွေ့မှာမဟုတ်ပါဘူး။ ဒါပေမယ့် "ဂင်တင်းဟိုက်လင်းကို ရောက်ခဲ့တယ်" ဆိုပြီး လူတကာကို ပြောလို့ရအောင် သွားကြည့်ဖြစ်အောင်တော့ ကြည့်လိုက်ပါလို့. တိုက်တွန်းလိုက်ပါရစေ။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဒင်မောင်ဝင်း (အသည်း)



Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင်

အပိုင်း(၂၈)

မလေးရှားခရီးစဉ်(အဆက်)

ကင်မရွန်းဟက်လင်း (Cameron Highland)

မိုးလင်းခါနီးမှ အိပ်ကြတဲ့ ကျွန်တော်တို့တတွေ မနက် (၈း၃၀)နာရီရောက်တော့ အကုန်လုံးနိုးလာကြပါပြီ။ ဂင်းတင်း ဟိုက်လင်းကို သွားရတာ သပ်ရိုးနေပြီ။ ဒီတစ်ခါ ကင်မရွန်းဟိုက်လင်းကို သွားမယ်ဆိုပြီး သမီးကြီးက ပြောပါတယ်။ သူရောက်ဖူးတယ်တဲ့။ သွားရတာတော့ နည်းနည်းလေးဝေးတယ်၊ (၂)နာရီကျော်ကျော်မောင်းရတယ်တဲ့။ ဒါပေမယ့် ဂင်းတင်းဟိုက်လင်းနဲ့ စာရင် တခြားစီပဲ ကင်မရွန်းဟက်လင်းဟာ သိပ်လည်း သာယာတယ်၊ နေရထိုင်ရ သွားရတာလည်း အဆင်ပြေတယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ ကလည်း ဂင်းတင်းဟိုက်လင်းကို အကြိမ်ကြိမ်ရောက်ဖူးတော့ မသွားချင်တော့ဘူး။ သမီးကြီးပြောတဲ့ ကင်မရွန်းဟိုက်လင်းကိုပဲ သွားချင်ကြတယ်။ ဒါနဲ့ "ကဲကဲ ရေချိုးကြ၊ ပြီးရင် မြန်မြန်လေး ဘရိတ်ဖတ်စ်စား၊ စောစောလေးထွက်မှနော်၊ သွားရမှာတော်တော်ဝေးတယ်" ဆိုပြီး ကျွန်တော်က လောပေးရပါတယ်။ ဘယ်တော့မဆို ခရီးသွားရင် ကျွန်တော့်အိမ်သားများက ခပ်လေးလေး၊ ကျွန်တော်က ခပ်သွက်သွက်နဲ့ မနည်းကို ပြောရတယ်။ ကျွန်တော်က အချိန်ကို သိပ်လေးစားတဲ့သူ ဆိုတော့ အိမ်ကလူတွေ အချိန်ကို ဂရုစိုက်ဖို့၊ လေးစားဖို့ ပြောရတာ များလွန်းတဲ့အခါ သူတို့ကို အော်ရပါသေးတယ်။ "မင်းတို့က အချိန်ကို ဂရုစိုက်ပါ၊ လေးစားပါလို့ ပြောရင် (၁၉) လမ်းက တရုတ် ဦးချိန်ကို သွားကန်တော့မယ့် သူတွေ၊ ငါပြောတဲ့အချိန်က ဒီဟာကွ" ဆိုပြီး နာရီကိုပြရတယ်။ ကျွန်တော်ကတော့ ကျွန်တော့်ဆရာမကြီး ပါမောက္ခ ဒေါ်မြင့်မြင့်ခင် လက်အောက်မှာ (၁၀) နှစ်ကျော် အလုပ်လုပ်ခဲ့တာဆိုတော့ အချိန်ကို သိပ်ဂရုစိုက် လွန်လွန်းတဲ့ အဆင့်အထိရောက်သွားပါတယ်။ အချိန်ဟာ ကျွန်တော့်အတွက် အော့ဘ်ဆက်ရှင် (obsession) ကို ဖြစ်နေပါတယ်။ အော့ဘ်ဆက်ရှင် ဆိုတာကတော့ စိတ်ထဲက ဖျောက်လို့ မရလောက်အောင်ကို စွဲလမး၊ လွန်းပြီး စိတ်ထဲမှာ တမ်းတမ်းစွဲ ဖြစ်နေတာကို ပြောတာပါ။ ကျွန်တော် အချိန်ကို ဘယ်လို အော့ဘ်ဆက်ရှင်ဖြစ်နေလည်းဆိုတော့ (၁၀း၃၀) နာရီ အိမ်က ထွက်မယ်လ့ပြောရင် အိမ်ကလူတွေ (၁၀)နာရီ (၂၅)မိနစ်မှာ ကားပေါ်ထိုင်ပြီးသား မြင်ချင်တာပါ။ ပန်းလျိုင်ဆေးရုံမှာ လူနာကြည့်ဖို့ ချိန်းတယ်ဆိုရင် ကျွန်တော်ကကျွန်တော်ပြောထားတဲ့ အချိန်အတိုင်း တိနေအောင် ရောက်ပါတယ်။

လူနာကိုလည်း အဲလို အချန်တိတိကျကျလာစေချင်တာပါ။ လူနာဟာ (register) လုပ်ဦးမှာ၊ ပေါင်ချိန်၊ သွေးပေါင်ချိန်တိုင်းဆိုတော့ ကျွန်တော်မရောက်ခင် (၁၅) မိနစ်ကြိုရောက်စေချင်ပါတယ်။ ကျွန်တော်ချိန်းတဲ့ အချိန်အတိုင်း လူနာမရောက်ရင် လုံးဝမစောင့်ပါဘူး။ နောက်နေ့ ပြန်ချိန်းခိုင်းပါတယ်။ ဒါပေမယ့် လူဆိုတာ တစ်ခါတလေ မမျှော်မှန်းနိုင်တဲ့ အခြေအနေ အခက်အခဲလေးတွေ အမ်ဖိုဆီးဆေးဘဲလ်ဆာကမ်စတင့်စစ် (unforeseeable circumstanes) ပေါ်လာနိုင်တတပါတယ်။ ကျွန်တောမှာကော၊ လူနာတွေမှာပါ ဒီလိုပြဿနာလေးတွေ ပေါ်တတ်ပါတယ်။ ဥပမာ ကားသိပ်ကြပ်နေလို့၊ ကားဘီးပေါက်သွားလို့ စတဲ့ အရေးပေါ်ကိစ္စလေးတွေ ကြုံတွေ့ရတတ်ပါတယ်။ အဲလိုကိစ္စမျိုးပေါ်လို့ နောက်ကျမယ်ဆိုရင် ကျွန်တော်က အမြဲတမ်း ဆေးရုံကို ကြိုပြီး ဖုန်းဆက်ပြောလေ့ရှိပါတယ်။ ဆရာ (၁၅)မိနစ် နောက်ကျမယ်၊ နာရီဝက် နောက်ကျမယ် စသဖြင့်ပေါ့။ လူနာတွေမှာလည်းအရေးပေါ် ပြဿနာပေါ်လာလို့ နောက်ကျမယ်ဆိုရင် အဲလို ဖုန်းဆက်ထားစေချင်ပါတယ်။ စည်းကမ်းစနစ်ကျကျနဲ့ နောက်ကျမယ် ဆိုတာကို ဖုန်းကြိုဆက်ထားရင်တော့ ကျွန်တော်က စောင့်ပါတယ်။ကျွန်တော်ဟာ အဲလို စည်းစံနစ်နဲ့ အချိန်ကိုလေးစားတတ်တဲ့သူ တစ်ယောက်ပါ။ ကြုံတုန်း စည်းကမ်းန့ အချိန်ကို အခုခေတ် လူငယ်တွေ လေးစားဖို့လိုတယ် ဆိုတာ တိုက်တွန်းနှိုးဆော်ပြောလိုက်ရတာပါ။ ဒါနဲ့ မလေးရှားခရီးစဉ်ကို ဆက်ပြောရမယ်ဆိုရင် ကျွန်တော်ရဲ့ "ဟိုလူထ၊ ဒီလူပြင်၊ နင်ရေချိုးတော့" စတဲ့ လောဆော်မှုတွေကြောင့် မနက် (၁၀)နာရီခွဲလောက်မှာ ကျွန်တော်တို့အိမ်ကနေ စထွက်ဖြစ်ပါတယ်။ သမီးကြီးက ကားမောင်း၊ ဘေးမှာ ကျွန်တော်ကထိုင်၊ နောက်ခန်းမှာ သားလေး ထူးခိုင်ဝင်း၊ သမီးကြီး အမျိုးသား မိုးဇော်ဟိန်းနဲ့ ကျွန်တော့်ညီမ မဝေတို့ သုံးယောက် ထိုင်ကြပါတယ်။ အိမ်က မထွက်ခင်ကတည်းက ကျွန်တော်တို့ သွားကြမယ့် ခရီးစဉ် ဟိုင်းဝေးမြေပုံကြီးကို ကြည့်ရပါတယ်။ မလေးရှားက ဟိုင်းဝေးကြီးတွေကလည်း ဥရောပလို ဖြစ်နေပါပြီ။ မြေပုံကို ကြည့်၊ ကိုယ်သွားချင်တဲ့ မြို့ကို ဘယ်ဟိုင်းဝေးကနေ သွားရမယ်၊ ထွက်ပေါက် အိုက်ဆစ် (Exit) ဘယ်လောက်ရောက်ရင် ထွက်ရမယ်ဆိုတာ ခရီးမထွက်ခင်ကတည်းက ကြိုပြီး သေချာကြည့်ထားရပါတယ်။ ဟိုင်းဝေးပေါ်မှာ တစ်နာရီ ကီလ (၁၆၀) လောက်မောင်းနေတာ အိုက်ဆစ် တစ်ခုလွတ်သွားတယ် လွဲသွားတယ်ဆိုရင် အကြာကြီး ပြန်ပတ်မောင်းရပြီ။ တစ်နာရီလောက် အချိန်ယူပြီး ဟိုရှာ၊ ဒီရှာ၊ လမ်းပြန်ရှာရပြီလို့သာ တွက်လိုက်တော့။ ဒါကြောင့် ကျွန်တော်တို့ ဟိုင်းဝေး မြေပုံကို ကြိုပြီး ကြည့်ထားရတာပါ။ ကျွန်တော်တို့ သွားမယ့် ကင်မရွန်းဟိုင်းလင်းကို သွားချင်ရင် အီပိုး (Ipoh) ကိုသွားတဲ့ ဟိုင်းဝေးကို လိုက်ရမှာပါ။ အီပိုး ဟိုင်းဝေးဆိုတာကို အဆုံးအထိ လိုက်သွားရင် ကြော်ငြာတွေထဲမှာ အမြဲပါနေတဲ့ လင်ကာဝကျွန်းကို ရောက်သွားပါမယ်။ ကျွန်တော်တို့က အီပိုး မရောက်ခင်မှာ ညာဘက်ကို ခွဲထွက်သွားရင် ကင်မရွန်းဟိုင်းလင်းကို ရောက်မှာပါ။ ပြောရမယ်ဆိုရင် အီပိုး ဟိုင်းဝေးဆိုတာက ကေအယ်လ်ကနေ မြောက်ဘက်စူးစူး ပီနမ်ဘက်ကို သွားနေတဲ့ လမ်းမကြီးပါ။ ကေအယ်လ်ကနေ (၂)နာရီခွဲလောက် ကြာအောင် မောင်းပြီးမှ ညာဘက်ကို ခွဲထွက်သွားရင် ကျွန်တော်တို့သွားချင်တဲ့

ကင်မရွန်းဟိုင်းလင်းကို ရောက်မှာပါ။ ကျွန်တော်တို့ ကေအယ်လ်က မဝေအိမ်ကနေ ကားစထွက်ကတည်းက အီပိုး ဟိုင်းဝေးကို ဘယ်လို သွားရမယ်ဆိုတာ စပြီးကြည့်ရပါတယ်။ ကေအယ်လ်ရဲ့ လမ်းညွှန်စနစ်က သိပ်ကောင်းပါတယ်။ မဝေတို့ အိမ်ကနေ လမ်းမပေါ်တက်လိုက်တာနဲ့ အီပိုးဆိုတ စကားလုံးကို လမ်းညွှန်ဆိုင်းဘုတ်ပေါ်မှာ စတွေ့ပါတယ်။ အဲတော့ အီပိုးစကားလုံးတွေကို မျက်ခြေမပျက် စောင့်ကြည့်ပြီး လိုက်သွားတော့ ပထမ မြို့ထဲက လမ်းတွေကို ရောက်သွား၊ နောက် ကေအယ်လ်မြို့လယ်ခေါင်ကို ဖောက်ထွက်ပြီး နောက်ဆုံးတော့မှ ကေအယ်လ်ထဲက ထွက်သွားပြီး ဖြောင့်ဖြောင့်တန်းတန်း အီပိုး လမ်းမကြီးပေါ်ကို ရောက်သွားပါတယ။ ဟိုင်းဝေးပေါ်မှာ ကီလို (၁၁၀) မကျော်ရဘူးလို့ သတ်မှတ်ထားပေမယ်လို့ လူတိုင်းဟာ ကီလို (၁၆၀) အထက်ပဲ မောင်းကြပါတယ်။ ကျွန်တော်တို့လည်း အဲလိုပဲ ကီလို (၁၆၀) အထက် မောင်းကြတာပါ။ ဟိုင်းဝေးလမ်းမကြီးကလည်း ဖြောင့်နေတာ။ ဟိုင်းဝေးကြီးရဲ့ အတွင်းဘက်ကော အပြင်ဘက်မှာပါ၊ သံတန်းကြီးတွေနဲ့ ကာထားတော့ ခွေးတို့ ကလေးတို့ ဖြတ်ပြေးမှာ၊ နွားတွေ လှည်းတွေ ဝင်လာမှာ ဆိုတာတွေကို ကြောက်စရာမလိုဘဲ စိတ်အေးလက်အေး မောင်းလို့ရပါတယ်။ ဟိုင်းဝေးလမ်းမကြီးပေါ်မှာ လိန်း (lane) ကလည်း သုံးခုဆိုတော့ အလယ်လိန်းလောက် ယူထားပြီး ကီလို(၁၆၀)လောက် ပုံမှန်မောင်းနေရင် အေးအေးဆေးဆေးပါဘဲ။ သားလေးထူးခိုင်ဝင်းက "အဖေ မကြီးမင်းကားက ခရူး(စ်)ကွန်ထရိုးလ် (cruise control) မပါဘူး၊ ရန်ကုန်က ကျွန်တော့်တိုယိုတာဆဲလ်ဆီယာမှာက ပါတယ်။ ခရူး(စ်)ကွန်ထရိုးလ်ဆိုတာက ကိုယ်မောင်းချင်တဲ့ စပီရောက်တဲ့အခါ အဲဒကွန်ထရိုးလ်ခလုပ် နှိပ်ထားလိုက်ရင် ပြီးရော။ ကီလ (၁၆၀) မှာ ခရူး(စ်)ကွန်ထရိုးလ် ခလုပ်နှိပ်လိုက်ရင် ကားဟာ လီဗာနင်းနေစရာမလိုဘဲ ကီလို (၁၆၀) ပုံသေ သွားနေတော့တာ။ ဒီလိုဟိုင်းဝေးမျိုးမှာ ခရူး(စ်)ကွန်ထရိုးလ်ပါရင် သိပ်ကောင်းမှာ။ အဲလို ပုံသေစပိနဲ့ သွားနေပေမယ်လို့ ကားဘရိတ်ကိုနင်းလိုက်တာနဲ့ ခရူး(စ်)ကွန်ထရိုးလ်က ပြုတ်သွားပြီး ရိုးရိုးလီဗာနင်းမောင်းတာ ပြန်ဖြစ်သွားရော။ တော်တော်ကောင်းတဲ့စနစ်" ဆိုပြီး ရှင်းပြတော့မှ ခရူး(စ်)ကွန်ထရိုးလ်အကြောင်း ကျွန်တော်တို့လည်း နားလည်သွားပါတော့တယ်။ ဟိုင်းဝေးကြီးတွေမှာ အဲလို အရှိန်မလျှော့ဘဲ တဟုန်ထိုးမောင်းရတာဟာ ခရီးတွင်ပေမယ်လို့ အငယ်တုန်းက ရန်ကုန်၊ မန္တလေးမောင်းရသလို အရသာမျိုးလေးတွေတော့ မရှိတော့ပါဘူး။ ဘယ်လိုဟာလေးတွေလဲဆိုတာ ပြောပြပါမယ်။ ကျွန်တော် အင်္ဂလန်က (၁၉၈၅) ခုနှစ် ပြန်လာတော့ (၂) နှစ်တိတိ စုလို့ရတဲ့ ပိုက်ဆံနည်းနည်းလေးနဲ့ ဝယ်လိုက်တော့ ပတ်ဘလီကာကားလေးတစ်စင်း ဝယ်လို့ရပါတယ်။ အင်္ဂလန်နေတဲ့ (၂) နှစ်ကာလမှာ သုံးချင်သလိုသုံး၊ ပြတိုက်၊ နန်းတော်၊ ရဲတိုက်လေ့လာရေးခရီးတွေ သွားခဲ့တာ။ အဲတော့ ဘဏ်ကလူက "ဆရာထုတ်နေတာ ပိုက်ဆံဒီလောက်ပဲကျန်တယ်" ဆိုပြီး တအံ့တသြပြောရလောက်အောင်ကို ပိုက်ဆံက နည်းနည်းလေးဘဲ ကျန်တော့ ပတ်ဘလီကာလောက်ပဲ ဝယ်နိုင်တာပေါ့။ အဲဒီတုန်းက ပတ်ဘလီကာလို ကားလေးတွေကို

နောက်အမိုးဖွင့်ပြီး လူတွေတပုံကြီးနဲ့ စီးတာ သိပ်ခေတ်စားပါတယ်။ ကျွန်တော့်ဇနီးရဲ့ တူ မောင်ချိုဟာ တမ်းတမ်းတတနဲ့ "အမိုးဖွင့် ပတဘလီကာလေး စီးချင်လိုက်တာ" လို့ပြောယူရတဲ့ခေတ်ပါ။ အဲလိုအချိန်မှာ ကျွန်တော်က အင်္ကျီလန်ကပြန်ရောက်လာပြီး ပတ်ပလီကာအမိုးဖွင့်လေး ပါလာတော့ တမျိုးလုံး အုတ်အော်သောင်းတင်း ကျွန်တော့်ကားလေးကို စီးချင်ကြတာ၊ ဒါနဲ့ ကျွန်တော်ကိုယ်တိုင်မောင်း၊ နောက်ခန်းမှာ ညီအစ်ကို အမျိုးအဆွေအပြည့်တင်ပြီး ရန်ကုန်ကနေ မန္တလေးခရီးကို ပတ်ဘလီကာလေးနဲ့ ထွက်ခဲ့ကြတာကို သတိရမိပါသေးတယ်။ စထွက်ပြီး သိပ်မကြာခင်မှာဘဲ "ဒို့ လက်ဘက်ရည်ဝင်သောက်ရင် ကောင်းမယ်ကွ" ဆိုတာနဲ့ မင်္ဂလာဒုံက လက်ဘက်ရည်ဆိုင်တစ်ဆိုင်မှာ ဝင်ရပ်၊ လက်ဘက်ရည်၊ ပဲပလာတာ၊ မုန့်မျိုးစုံ အကုန်စား၊ ဘရိတ်ဖတ်ကို တီးကြတာပေါ့။ မင်္ဂလာဒုံကထွက်တော့ "ရွှေညောင်ပင် ခဏ ကားဝင်ပြပါဦး" ဆိုတော့ ဝင်ရပြန်ရော။ အဲဒီကနေ ထွက်လာလိုက်တာ လှည်းကူးကျော်တော့ လမ်းမှာ ဖရဲသီးဆိုင်တွေတွေ့တော့ "ဟိုး ဟိုး" ဆို ဝိုင်းအော်ကြတာနဲ့ ရပ်ပြီး ဖရဲသီး ဝယ်ကြပြန်ပါတယ်။ ပဲခူးရောက်တော့ ညီတွေက တလမ်းလုံး ကားမောင်းသွားရင်း နားထောင်ရမှာဆိုတော့ ကက်ဆက်ခွေတွေ ဝယ်ချင်တယ်။ "စိုးလွင်လွင်အခွေအသစ်ထွက်တယ်" ဆိုပြီး ရပ်ခိုင်းပြန်ရော။ ပဲခူးက နည်းနည်းကျော်လာပြီး ဘုရားကြီးရောက်တော့ ငါးရံ့ခြောက်ဆိုင်တွေတွေ့တာနဲ့ ညီမတွေက မနေနိုင်ကြဘူး။ "ရပ်ပါဦး" ဆိုပြီး ငါးရံ့ခြောက်တွေတပံကြီး ဝယ်လိုက်ကြတာ ဝက်ဝက်ကွဲပဲ။ ဒီလိုနဲ့ဆက်ထွက်လာကြတော့ ညောင်လေးပင်ရောက်ရော။ "ညောင်လေးပင် သံလမ်းဘေးက ကုလားလက်ဘက်ရည်ဆိုင်က ကြက်ဥပလာတာကောင်းတယ်" လို့ ကျွန်တော်ကပြောတော့ အားလုံးက စားချင်တယ်ဆို ဝိုင်းအော်ကြတာနဲ့ ရပ်ရပြန်ရော။ ညောင်လေးပင်မှာ ကြက်ဥပလာတာနဲ့ လက်ဘက်ရည်အဝစားလိုက်တော့ တော်တော် ဗိုက်ပြည့်သွားကြပါတယ်။ အစ်ကိုလတ် ကိုတူးက "ဒို့ ဒီလောက် ဗိုက်ပြည့်သွားရင် လယ်ဝေးနားက ရသေ့တောင်ရောက်မှ ထမင်းစားရအောင်၊ ကားသမားတွေ တော်တော်များများဟာ ရသေ့တောင်မှာ ထမင်းစားကြတာကွ၊ ထမင်း၊ ဟင်း ကောင်းရုံမကဘဲ အကြော်အလှော်တွေကလည်း ကောင်းတယ်၊ အဆင်သင့်ရင် ဆတ်သားအစိုဟင်းတွေတောင် ရတတ်တယ်"လို့ပြောပါတယ်။ ဒီလိုနဲ့လမ်းမှာ တွေ့တဲ့နေရာရပ်၊ မြင်မြင်သမျှစားလိုက်၊ ဝယ်လိုက်နဲ့ ရနကုန်၊ မန္တလေးကားမောင်းသွားရတာဟာ တော်တော်လေးပျော်ဖို့၊ စိတ်ဝင်စားဖို့ကောင်းပါတယ်။ မိုင် ၅၀၀ ကျော်ဝေတဲ့ ရန်ကုန်၊ မန္တလေးခရီးစဉ်ကို မနက် (၇း၀၀)နာရီက ထွက်လိုက်တာ၊ မန္တလေးမြို့ထဲဝင်တော့ ည (၉း၀၀)နာရီကျော် ဖြစ်နေပါပြီ။ ကျွန်တော်တို့ စက််ပူကနေ ကေအယ်လ် ဟိုင်းဝေးပေါ်မှာ မောင်းတာ (၅)နာရီကျော်ကျော်ပဲ ကြာပါတယ်။ ဟိုင်းဝေးကြီးပေါ်မှာ ကားမောင်းရတာ ရှင်းလင်းဖြောင့်တန်းနေပြီး ခရီးတွင်၊ အချိန်ကုန်သက်သာပေမယ်လို့ ခုနပြောခဲ့သလို ရန်ကုန်၊ မန္တလေး ကားလေးမှန်မှန်မောင်းသွား၊ ဟိုရပ်ဒီရပ် ခရီးစဉ်ရဲ့အရသာမျိုးတော့

မရတော့ပါဘူး။ ဟိုင်းဝေးရဲ့ဘေးတစ်ဘက်တစ်ချက်ကို ကြည့်လိုက်ပြန်ရင်လည်း မျက်စိတဆုံး၊ တမျှော်တခေါ် ဆီအုန်းပင်တွေချည်းပဲ တွေ့ရတယ်။ ဟိုင်းဝေးဆိုတော့ လူနေအိမ်ခြေ၊ ရွာတွေ မြို့တွေကို ရှောင်ကွင်းပြီး ဖောက်ထားတာမို့လို့ လူရိပ်လူယောင် ခွေးတစ်ကောင် ကြောင်တစ်မြီး ဘာဆိုဘာမှကို မတွေ့ရဘူး။ ပျင်းဖို့ကောင်းလိုက်တာ၊ သီချင်းတွေဘာတွေ နားမထောင်ရဘဲ ကားရေဒီယိုလေးဖွင့်ပြီး လမ်းအခြေအနေ သတင်းတွေကို နားထောင်နေရတော့ ပိုဆိုးတော့တာပေါ့။ သားလေးတို့လို အိုင်ပေါ့လေး၊ အမ်ပီသရီးပလေးရာလေးနဲ့ နားကြပ်လေးတပ်ပြီး နားထောင်တတ်ရင်တော့ သိပ်မဆိုးဘူးပေါ့။ ကျွန်တော်ကတော့ စိုးရိမ်တတ်တဲသူဆိုတော့ သီချင်းလည်း နားမထောင်၊ စကားလည်း သိပ်မပြောဘဲ အီပိုးဟိုင်းဝေး မြေပုံကြီးကို ဖြန့်ထားပြီး လမ်းမှာဖြတ်သွားတဲ့ အိုက်ဆစ်တွေကို တစ်ခုချင်းလိုက်ပြီး မြေပုံထဲကနဲ့ ကိုက်မကိုက် ချက်ကင်လုပ်ပါတယ်။ မလေးရှာဟိုင်းဝေးကြီးတွေဟာ တော်တော်ကို ကမ္ဘာ့အဆင့်မီနေပါပြီလို့ ပြောရမှာပါ။ လမ်းတလျှောက်လုံးမှာလည်း လမ်းတွေကို ပြုပြင်ထိန်းသိမ်းနေတဲ့ အဖွဲ့တွေကို တွေ့ရပါတယ်။ လမ်းပြင်နေတယ်ဆိုရင် (Roadworks aheard) ရှေ့မှာ လမ်းပြုပြင်ရေးတွေ ရှိနေတယ်လို့ ဆိုင်းဘုတ်ရေးထားတတ်ပါတယ်။ တချို့နေရာတွေမှာ ကားကို နှေးနှေးမောင်းပေးပါလို့ ပြောချင်ရင် လူရုပ်ကြီးတွေ ထားထားပါတယ်။ လမ်းလုပ်သားဝတ်စုံ လူရုပ်ကြီးက စလိုး (slow) ဆိုတဲ့ ဆိုင်းဘုတ်လေးကို ကိုင်ပြီး လက်လေးအပေါ်မြှောက်လိုက်၊ အောက်ချလိုက်နဲ့ တကယ့်လူတားနေတဲ့ အတိုင်းပါဘဲ။ ပြီးတော့ ဟိုင်းဝေးတလျှောက်လုံးမှာ အချက်ပြ သတိပေး ဆိုင်းဘုတ်တွေ၊ မီးလုံးတွေ အများကြီးကို သုံးပါတယ်။ ကီလို တစ်ရာအထက် မောင်းနေတဲ့ ကားတွေဆိုတော့ အဝေးကြီးကနေကြိုပြီး သတိပေးပါတယ်။ကက် (၃၀၀) လောက်ကတည်းက ရှေ့မှာ လမ်းပြင်တာရှိတယ်၊ စလိုး လုပ်ရမယ်၊ ညာကွေ့ရှိတယ်၊ လမ်းတစ်လမ်းပိတ်ထားတယ်၊ စတဲ့ သတိပေးချင်တဲ့ အကြောင်းအရာမျိုးစုံကို ယာဉ်မောင်းတွေ အချိန်မသိပြီး ဂရုစိုက်ဆင်ခြင်နိုင်အောင် လုပ်ထားတဲ့ အတူယူစရာ ဟိုင်းဝေးလမ်းမ နည်းစနစ်တွေပါ။ လမ်းမှာ ဟိုင်းဝေးပက်ထရို ရဲကားတွေကိုလည်း တွေ့ပါတယ်။ ဒီလောက်သတိပေး စနစ်ကကောင်း၊ လမ်းတွေ၊ ကားတွေက ကောင်းပေမယ့် RTA (Road Traffic Accident) လို့ ခေါ်တဲ့ ကားတိုက်တာတွေကတော့ ဟိုနား၊ ဒီနား တွေ့နေရတာပါပဲ။ နည်းနည်းပါးပါးတိုက်တာဆိုရင်တော့ လမ်းမပိတ်ဘူးပေါ့။ တစ်ခါတလေ ဟိုင်းဝေးကြီးတွေမှာ ကားသုံးလေးစင်းလောက် ဆက်ပြီးတိုက်မိ တတ်ပါတယ်။ အဲလိုတိုကတာကို ကွန်ဆာတီးနား အက်ဆီးဒင့် (concertina accident) လို့ ခေါ်ကြပါတယ်။ ကွန်ဆာတီးနားဆိုတာ လက်ဆွဲဘာဂျာကိုခေါ်တာပါ။ လက်နှစ်ဘက်နဲ့ ကိုင်ပြီး အတွန့်အတွန့်လေးတွေနဲ့ အကော်ဒီယံလို လေပေါက်လေးတွေ ဖွင့်လိုက်ပိတ်လိုက်လုပ်ပြီး အသံထွက်အောင် လုပ်ရတဲ့ ဂီတ တူရိယာ တစ်မျိုးပါ။ ကျွန်တော်တို့ အငယ်တုန်းကတော့ မြန်မာပြည်မှာ ကွန်ဆာတီးနားတွေ သုံးပြီး တေးဂီတတွေ ဆိုကြတာမြင်ဘူးတွေ့ဘးပါတယ်။ အခုခေတ်တော့ တိမ်ကောသွားပါပြီ။ ရရှား၊ စပိန်၊ ပေါ်တူဂီနိုင်ငံတွေမှာ ခေတ်စားတဲ့ တူရိယာတစ်မျိုးပါ။ အလယ်မှာ အတွန့်အတွန့်လေးတွေ ရှိလို့ ကားတွေအများကြီး

ဆင့်တိုက်ပြီး ဖင်နဲ့ ခေါင်းတွေ ရှဲ့ကုန်တာကို တင်စားပြီး ကွန်ဆာတီးနား အက်ဆီဒင့် လို့ ခေါ်တာပါ။ အဲလို အက်ဆီဒင့်မျိုးဖြစ်လို့ကတော့ ဟိုင်းဝေးကြီး ပိတ်သွားပြီသာမှတ်တော့။ ဒါကြောင့် ကားရေဒီယိုလေးကို ဖွင့်ထားပြီး ဘယ်လမ်းတွေမှာ ဘာတွေဖြစ်နေသလဲ ဆိုတာကို နားထောင်ရတာပါ။ အဲလို မသိပဲ စွတ်မောင်းသွားလို အက်ဆီဒင့်ဖြစ်တဲ့နေရာနားကို ရောက်သွားတယ်ဆိုရင် ပိတ်ပြီးပြန်ထွက်လို့ မရတော့ဘူး။ အက်ဆီဒင့်ကားတွေကို လာပြီး မရှင်းမချင်း ဘာမှ လုပ်မရတော့ဘူး။ စိတ်ကို လျှော့ပြီး ကားရပ်စောင့်ပေတော့ပဲ။ ရေဒီယိုနားထောင်လို့ ကိုယ်ကသာ ကြိုသိတယ်ဆိုရင် အဲဒီနေရာမရောက်ခင် ကတည်းက အဲဒီဟိုင်းဝေးကထွက်ပြီးတော့ လမ်းသစ်တွေကို မောင်းပေါ့။ အင်္ဂလန်တို့ အမေရိကန်တို့လို နိုင်ငံတွေရောက်တော့ မော်တော်ပီကယ် ရဟတ်ယာဉ် (traffic police helicopter) ပါ ထားထားပါတယ်။ ဟယ်လီကော့ပ်တာက လမ်းတွေအခြေအနေကို သတင်းပို့ပြီး ဘယ်ဟိုင်းဝေး ဘယ်နားမှာ ကားတန်းကြီး ထရာဖစ် (traffic) သိပ်ရှုပ်နေတယ်။ ဘယ်နားကဖြတ်မောင်းပါ၊ ဆိုတာမျိုးတွေပါ အကြံဉာဏ်ပေးပါတယ်။ ကားတွေသိပ်ရှုပ်လာရင်တော့ အဲလို ရဟတ်ယာဉ်ပါ ကူမှ အဆင်ပြေမှာပါ။ ကျွန်တော်လည်း သမီးကြီးဘေးနားက ထိုင်ပြီး မြေပုံကြီးတကိုင်ကိုင်နဲ့ ကားလိုက်စီးရတာကို ပျော်ပါတယ်။ ကားမောင်းနေတဲ့ သမီးကြီးမဝိုက်အောင် စကားလေးနည်းနည်းပါးပါး ပြောပေးရပါသေးတယ်။ စကားတွေ မဟုတ်တာတွေ လျှောက်ပြောနေရင်လည်း သူကားမောင်းရတာ အနှောက်အယှက်ဖြစ်မှာစိုးလို့ နောက်ခန်းက လူတွေကိုလည်း တားရပါသေးတယ်။ နောက်ပြီး ကျွန်တော်လုပ်ပေးရတာ တစ်ခုရှိပါသေးတယ်။ အဲဒါကတော့ မြန်မာပြည်ကပါလာတဲ့ မန္တလေး မက်မန်းသီးကို သူ့ပါးစပ်ထဲ ထည့်ပေးရတာပါ။ သူအိပ်ချင်ပြေအောင် သူကြိုက်တဲ့ မက်မန်းသီးကို ကျွေးကျွေးပေးရတာပါ။ သမီးကြီးဟာ မြန်မာပြည်က တိုလီမိုလီစားစရာတွေကို သိပ်ကြိုက်တာပါ။ တစ်ခါတလေ ကျွန်တော်နားမလည်နိုင်အောင်ကို ပေါက်တက်ကရမှာတတ်ပါတယ်။ မန္တလေးက မစီမာ ဆီးသီးပေါင်း၊ ပြင်ဦးလွင်က မက်မန်းသီး .....တဲ့ဆိပ်၊ အဲလို တဲ့ဆိပ်နဲ့ကို မှာတာပါ။ ဦးစိန်လွင် (အိမ်က မန်နေဂျာ) ကြော်ပေးတဲ့ ဆိတ်သားအတုံး အတုံးလေးတွေ၊ အန်တီခိုင်ချက်တဲ့ ပုဇွန်စိတ်သေးသေးလေးတွေ၊ ကြက်လျှာစွန်းဒန်ပေါက် (၁၀)ထုတ်လောက် သယ်ခဲ့ပေးပါ ဆိုတာမျိုးလည်း ရှိပါသေးတယ်။ သမီးကြီးမှာတာ တွေကတော့ စုံမှစုံပဲ။ အဆိုးဆုံးကတော့ "အဖေရေ ဒီတစ်ခေါက်လာရင် ဘဲဥ အလုံး (၂၀)လောက် သယ်ခဲ့စမ်းပါ။ စက်ာပူမှာ ဘဲဥက ရွှေထက်ရှားတယ်" တဲ့။ ဟုတ်လဲဟုတ်ပါတယ်။ သူတို့နိုင်ငံတွေမှာ ဘဲဥဆိုတာ မရှိပါဘူး။ ဘဲတွေကို အသားစားဖို့ပဲ မွေးပါတယ်။ ကျွန်တော်တို့လို ဘဲကျောင်းသားနဲ့ ဘဲရာနဲ့ချီပြီး မွေး၊ ဘဲဥကိုကောက်ပြီး ရောင်း ဆိုတာမျိုးမရှိပါဘူး။ ကျွန်တော်တို့ မိသားစုက ဘဲဥခေါက်ကြော်၊ ထမင်းဆီဆမ်းစားရတာကို ဘယ်လိုကြိုက်ကြမှန်းမသိဘူး။ ပြီးတော့ ဘဲဥကိုပြုတ်၊ အခွံခွါပြီး အပေါ်ရံလေး ကျွတ်အောင်ကြော်၊ မကျဉ်းရည်နဲ့ ခရမ်းချဉ်သီးအနှစ်လေးနဲ့ ချက်စားကောင်းမှ ကောင်းပဲ။ အဲဒါကြောင့် သမီးကြီးက ဘဲဥယူခဲ့ပါ ဆိုတော့ ဘဲဥတစ်လုံးစီကို သတင်းစာ စက္ကူနဲ့ သေချာပတ်ထုတ်ပြီး အိတ်ထဲ ထည့်သယ်သွားရတာပါ။ အဲလို မြန်မာပြည်က အစားအစာတွေကို ကြိုက်တဲ့

သမီးကြီး ကားမောင်းရင် မငိုက်အောင် မက်မန်းသီးလေးပါးစပ်ထဲထည့်ပေးလိုက်၊ ခဏနေတော့ ဦးအဝှာ၊ ဒေါ်ကြို့ ဆားငံသီးလေး စားလိုက်ဦး ပြောရ၊ နည်းနည်းကြာလာတော့ မန္တလေး ရည်မန်လက်ဖက်သုပလာတယ်၊ တစ်ဇွန်းစားလိုက်နဲ့. အစားမျိုးစုံကို မရပ်မနား သမီးကြီးကို ကျွေးလိုက်၊ ကားမြေပုံထဲမှာ အီပိုးဟိုင်းဝေးကနေ ကင်မရွန်းဟိုင်းလင်းသွားမယ့် အိုက်ဆစ်လေး ကျော်မသွားအောင်လည်း ကြည့်နဲ့. ကေအယ်လ်ကထွက်ပြီး (၂)နာရီခွဲလောက်မှာ ကျွန်တော်တို့. ဟိုင်းဝေးကထွက်ရမယ့် အိုက်ဆစ်နားကို ရောက်လာပါတော့တယ်။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဒင်မောင်ဝင်း (အသည်း)



Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင်

အပိုင်း(၂၉)

မလေးရှားခရီးစဉ်(အဆက်)

ကင်မရွန်းဟက်လင်း (Cameron Highland)

ကေအယ်လ်ကထွက်သွားပြီး (၂)နာရီခွဲလောက်ကြာတော့ အီပိုးဟိုင်းဝေးကြီးပေါ်ကနေ "ကင်မရွန်းဟိုက်လင်း သွားတဲ့ လမ်းခွဲ အိုက်ဆစ် (Exit) ရေ့ ၃ ကီလိုမီတာမှာ" ဆိုတဲ့ ဆိုင်းဘုတ်ကို စတွေ့ပါတယ်။ ဟိုင်းဝေးကြီးတွေရဲ့အပေါ်မှာခွပြီး ဆောက်ထားတဲ့ လမ်းညွှန်ဆိုင်းဘုတ်ကြီးတွေဟာ တော်တော်ကို အသုံးဝင်ပါတယ်။ ဘယ်နားရောက်ရင် ဘယ်ကိုသွားရမယ်ဆိုတာ ဘယ်သူ့ကိုမှမေးစရာမလိုဘဲ လမ်းညွှန်ကိုကြည့်ပြီး မောင်းရုံပဲ။ "ကေအယ်လ်ကိုသွားမယ်ဆိုရင် ဘယ်ဘက်လမ်းကြောင်းယူပါ။" "အီပိုးကိုတည့်တည့်" "ကင်မရွန်းလမ်းခွဲအိုက်ဆစ်ရှေ့ ၃ ကီလိုမီတာ" စတဲ့ လမ်းညွှန်တွေကိုကြည့်ပြီး ဘယ်လမ်းယူ၊ ညာလမ်းယူ၊ အလယ်ကမောင်း၊ ညာကပ်၊ ရှေ့အိုက်ဆစ်မှာ ထွက်၊ စတဲ့ မောင်းနည်းနဲ့ မောင်းရတာပါ။ ရှေ့မှာပြောခဲ့သလို ကျွန်တော်နဲ့ သမီးကြီး အိမ်ကမထွက်ခင်ကတည်းက ဟိုင်းဝေးမြေပုံကို ကြည့်ပြီး ကင်မရွန်းသွားမယ်ဆိုရင် အီပိုးဟိုင်းဝေးပေါ်က အိုက်ဆစ်ဘယ်လောက်မှာ ထွက်ရမယ်ဆိုတာ သိပြီးသားဆိုတော့ ကိုယ်ထွက်ရမယ့်အိုက်ဆစ် မရောက်ခင်ကတည်းက သမီးကြီးက ကားကို လမ်းညာဘက်ကပ်မောင်းထားပြီး အိုက်ဆစ်လည်းရောက်ရော ဟိုင်းဝေးကြီးက ထွက်လိုက်ပါတယ်။ ကေအယ်လ်က ထွက်ကတည်းက တဝေါဝေါအရှိန်နဲ့ မောင်းလာတာ အိုက်ဆစ်ကထွက်လို့ လမ်းသေးလေးရောက်တော့ ကားအရှိန်နှေးသွားပြီး စိတ်ထဲမှာ ကားသွားတာ တအားနှေးသွားသလို ခံစားရပါတယ်။ ကျွန်တော်တို့ အိုက်ဆစ်ကနေထွက်လိုက်တယ်ဆိုတဲ့ အီပိုးလမ်းမကြီးဆိုတာ ကေအယ်လ်ကနေ ပီနန်ဘက်ကို သွားတာဆိုတော့ မြောက်ဘက်ကို ဦးတည်ပြီး သွားနေတာပါ။ အဲဒီကနေ ကင်မရွန်းဟိုင်းလင်းသွားဖို့ဆိုပြီး ညာဘက်ထွက်လိုက်တော့ အရှေ့ဘက်ကို ဦးတည်ထားတဲ့ လမ်းသေးသေးလေးပေါ် ရောက်သွားပါတယ်။ လမ်းသေးဆိုတာ ကားနှစ်စင်းတော့ ကောင်းကောင်းယှဉ်ပြီး မောင်းလို့ရပါတယ်။ လမ်းကသေးတယ်သာ ပြောရတယ် ကတ္တရာအပြည့်နဲ့ ချိုင့်မရှိ၊ ခွက်မရှိနဲ့ တော်တော်လေးကောင်းတဲ့လမ်းပါ။ ဟိုင်းဝေးကြီးနဲ့ ယှဉ်ပြောလို့သာ သေးတယ်ပြောရတာပါ။ တကယ်တော့ ကားနှစ်စင်း သွားစရာ ရှောင်စရာနဲ့ လမ်းပခန်း ပါတဲ့ လမ်းပါ။ အဲဒီ လမ်းကလေးပေါ်မှာ နည်းနည်းမောင်းလိုက်တာနဲ့ မြို့သေးသေးလေးတစ်ခုကို ရောက်သွားပြီး

အဲဒီမြို့ထဲက ဖြတ်ပြီး မောင်းရပါတယ်။ မြို့လေးကထွက်လိုက်တာနဲ့ ကင်မရွန်းသွားတဲ့ လမ်းပေါ်ကိုရောက်သွားပြီး အရှေ့ဘက်ကို ဦးတည်မောင်းလိုက်တော့ ကင်မရွန်းဟိုက်လင်း တောင်တန်းကြီးတွေကို မြင်နေရပါပြီ။ ဘေး ဘယ်ညာ ကြည့်လိုက်တော့လည်း ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းလန်းစိုပြေနေပြီး သာယာကြည်နူးစရာကောင်းလွန်းလို့ "သာယာလိုက်တာ သမီးကြီးရာ၊ ဗီဒီယိုရိုက်ရင် ကောင်းမယ်ထင်တယ်၊ အဖေကြီး ကင်မရာထုတ်လိုက်ဦးမယ်" လို့ သမီးကြီးကို လှမ်းပြောလိုက်မိပြီး အိတ်ထဲလှမ်းနှိုက်လိုက်တုန်းမှာ "ရွှီး" ဆို ခရာသံကြားရပါတယ်။ ဒါနဲ့ ခေါင်းမော့ကြည့်လိုက်တော့ မလေးရှားပုလိပ်တွေ ကျွန်တော်တို့ကားကို တားထားတာ တွေ့ရပါတယ်။ သမီးကြီးက "အဖေ ဘာမှ မစိုးရိမ်နဲ့၊ ကေအယ်လ်ကထွက်ကတည်းက သမီးပြောပြီးသားပဲ၊ စက်ဘူနံပါတ်ပလိတ်နဲ့ ကားဆိုရင် သူတို့မျိုးစုံအကြောင်းပြပြီး တားတော့မှာပဲ။ မလေးရှားပိုက်ဆံ ရင်းဂစ် ၅၀ ပေးလိုက်ရင် ပြီးသွားမှာပါ"လို့ပြောပါတယ်။ အဲလိုပြောပြီး သမီးကြီးက ကားမှန်ချလိုက်တော့ မလေးရှားရဲက သမီးကြီးကို "မင်းမောင်းတာ စပိလွန်တယ်၊ ဒို့က သတ်မှတ်ထားတာ ကီလို ၆၀၊ မင်းမောင်းတာ ၈၀ ကျော်တယ်" လို့ ပြောပါတယ်။ သမီးကြီးက ဘာမှ ပြန်မပြောပဲ ကားပြတင်းပေါက်အပြင်ကို လက်ထုတ်ပြီး ရင်းဂစ် ၅၀ တန် ပိုက်ဆံတစ်ရွက်ကို ရဲအရာရှိဆီ လှမ်းပေးလိုက်ပါတယ်။ အဲတော့ ရဲအရာရှိက "အင်ဆိုက်၊ အင်ဆိုက်" "inside, inside" လို့ အရေးတကြီးပြောပါတယ်။ ပထမတော့ ရူတ်တရက် သူဘာပြောမှန်း ကျွန်တော်တို့ မသိဘူးဖြစ်နေပါတယ်။ နောက်မှ ကျွန်တော်က သဘောပေါက်သွားပြီး "သမီးကြီး ပိုက်ဆံကိုင်ထားတဲ့လက်ကို ကားထဲပြန်ထည့်လိုက်၊ လူမြင်မှာစိုးလို့ပြောတာ" လို့ ပြောလိုက်တော့ သမီးကြီးက ရင်းဂစ်၅၀တန် ကိုင်ထားတဲ့လက်ကို ရူတ်လိုက်ပြီးတော့ ကားထဲပြန်သွင်းပြီး အပြင်ကမမြင်သာအောင် လက်ကိုအောက်ချလိုက်ပါတယ်။ အဲတော့မှ ကားပြတင်းပေါက် အထဲကို မလေးရှားရဲအရာရှိရဲ့လက်က ဝင်လာပြီး ပိုက်ဆံကိုမြန်မြန်ဆန်ဆန် ဆွဲယူလိုက်ပြီး လက်ကိုပြန်ထုတ်သွားပါတယ်။ ပြီးတော့မှ "ရွှီး" ဆို ခရာမှုတ်ပြီး သွားလို့ရပြီဆို လက်ပြပါတယ်။ ကေအယ်လ်ကအထွက်မှာ သမီးကြီးက ဒီလိုမလေးရှားပုလိပ်တွေက ပိုက်ဆံတောင်းလိမ့်မယ်ဆိုတာ ပြောတုန်းကတော့ ဟတ်မှာ မဟုတ်ပါဘူးလို့ ထင်ခဲ့မိတယ်။ အခုတော့ တကယ်ကို သမီးကြီးပြောတဲ့အတိုင်း ကွက်တိ ဖြစ်တော့တာပါပဲ။ အံ့မခန်း မလေးရှားပါ။ ဒီလို ရင်းဂစ် ၅၀ ပေးရမယ်ဆိုတာကို သဘောမပေါက်ဘဲ မလေးရှားပုလိပ်နဲ့ သွားငြင်းမိလို့ ဒုက္ခရောက်သွားကြတဲ့ စက်ဘူနိုင်ငံသားတွေအများကြီးရှိတယ်လို့ သမီးကြီးကပြောပါတယ်။ ဒီလိုနဲ့ မလေးရှားပုလိပ်နဲ့ စပိပြဿနာရင်ဆိုင်ပြီးတဲ့နောက် ကင်မရွန်းဟက်လင်းပေါ် တက်တဲ့ လမ်းမကြီးပေါ်ကို ကျွန်တော်တို့ကားလေး ရောက်လာပါတယ်။ ကားလမ်းဟာ တဖြေးဖြေးနဲ့ အမြင့်ကိုတက်လာတာ ကားမောင်းတဲ့သူတွေ ဂရုစိုက်နိုင်အောင်လို့ လမ်းဘေးမှာ ဘယ်လောက် အမြင့်ကို ရောက်နေပြီဆိုတဲ့

ဆိုင်းဘုတ်တွေထောင်ထားတာကို တွေ့ရပါတယ်။ တကယ့်ကို ကင်မရွန်းဟိုက်လင်း တောင်ကြီးတွေကြားမှာ ဖောက်ထားတဲ့ ကားလမ်းပါ။ ဒါပေမဲ့ မောင်းနေတဲ့ကားတွေကလည်းကောင်းတော့ ဘယ်လောက်ပဲ တက်ရတက်ရ ပြဿနာမရှိဘူးပေါ့။ တောင်ထိပ်အထိဆိုရင် ပေ၅၀၀၀ ကျော်မြင့်တယ်လေ့ သိရပါတယ်။ ကင်မရွန်း ဟိုက်လင်းမြေပုံကို ကြည့်လိုက်တော့ တောင်ထိပ်မြေပြန့်ပေါ်မှာ မြို့ကလေးတွေ တည်ထားတာကို တွေ့ရပါတယ်။ ပြင်ဦးလွင်မြို့လိုပဲပေါ့။ ပြင်ဦးလွင်ကို သွားရင် တောင်ပေါ်ကိုတက်ရတာ နံရံကြီးတစ်ခုပေါ်ကို တက်သွားရသလိုပဲ။ အထူးသဖြင့် ပြင်ဦးလွင်ကို ရထားနဲ့သွားမယ်ဆိုရင် ရထားကြီးလွန်းထိုးထိုးပြီး တရိပ်ရိပ်နဲ့ တောင်နံရံကြီးကို တက်သွားပြီး တောင်ထိပ်လည်းရောက်ရော မြေပြန့်ကြီးဖြစ်သွားတော့တာပါပဲ။ ကင်မရွန်းဟိုက်လင်းကလည်း ဒီလိုသဘောပါပဲ။ တောင်ပေါ်ကို ကွေ့ပတ် တက်သွားပြီး တောင်ထိပ်ရောက်တော့မှ မြို့လေးတွေကို တွေ့ရတာပါ။ အဒီတောင်တက်လမ်းတလျှောက်မှာ ကြည့်စရာတွေ၊ နားစရာ၊ စားစရာဆိုင်တွေ အများကြီးရှိပါတယ်။ တကယ်တော့ ကင်မရွန်းဟိုက်လင်းဆိုတာ အနီးစပ်ဆုံးပြောရမယ် ဆိုရင် ကျောက်မဲတဝိုက်က လက်ဘက် စိုက်တဲ့တောင်တွေလိုပါပဲ။ ဘယ်ကိုကြည့်ကြည့် တမျှော်တခေါ် လက်ဘက်ခင်းတွေပါ။ ဒါပေမယ့် အဲလို လက်ဘက်စက်တဲ့ တောင်တွေကို အင်္ဂလိပ်တွေက အပန်းဖြေစခန်း ဒေသကြီးအဖြစ် တည်သွားတာပါ။ ကျွန်တော်တို့နဲ့ မလေးရှားနိုင်ငံ ကင်မရွန်းဟိုက်လင်းက လူတွေ ကွာတာက သူတို့က တိုးရစ်ဆင် (tourism) လို့ခေါ်တဲ့ တိုးရစ်ဇည့်သည်တွေလာအောင် ကြည့်အောင် လုပ်စားတဲ့ အတတ်ပညာ တအားတိုးတက်နေတာပါ။ ကျွန်တော်တို့ဆီမှာက ကမ္ဘာလှည့်ခရီးသည်တွေ သိပ်ကို စိတ်ဝင်စားကြမယ့် ဧရာဝတီမြစ်ကြီး၊ အိုကို တိုးရစ်ဆင်(eco- tourism) လုပ်နိုင်တဲ့ တောစခန်း၊ ဆင်စခန်းတွေ၊ ပြောရမယ်ဆိုရင် တိုးရစ်တွေ စိတ်ဝင်စားစရာတွေ အများကြီးပဲရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က တိုးရစ်ဆင်ပညာရပ်မှာ နည်းနည်းလေး အားနည်းနေသေးတယ်၊ သိပ်မဖွံ့ဖြိုးသေးဘူး။ ကင်မရွန်းဟိုက်လင်းတစ်ခုလုံးမှာက တိုးရစ်တွေဆီက ပိုက်ဆံရအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ တိုးရစ်ဆင် ပညာရပ် အပြည့်အစုံနဲ့ ပြင်ဆင်ပြသထားတော့ ခရမ်းချဉ်သီးခင်းကလည်း စိတ်ဝင်စားစရာ၊ ကညွတ်တွေ စိုက်ထားတာကိုလည်း ကြည့်ချင်စဖွယ် ပြင်ဆင်ထားလိုက်ကြတာ၊ နှင်းဆီပန်းရုံနဲ့ လိပ်ပြာလေးတွေ ပြခန်းတွေ ကလည်း ကြည့်ချင်စရာ၊ ပြောရမယ်ဆိုရင် ကင်မရွန်းဟိုက်လင်းတောင်ထိပ် မရောက်ခင်မှာကို တိုးရစ်တွေ ပိုက်ဆံတော်တော်လေး ဖြုန်းပြီးသား ဖြစ်အောင်တိုးရစ်တွေ စိတ်ဝင်စားစရာနေရာတွေ အများကြီး လုပ်ထားတာပါ။ ဥပမာတစ်ခုပြောရမယ်ဆိုရင် စတော်ဘယ်ရီ (strawberry) စိုက်ထားတဲ့ နေရာတစ်နေရာမှာ ဆိုင်းဘုတ်အကြီးအကျယ် တပ်ဆင်ထားပြီး သဘာဝစိုက်ခင်း၊ ရှုခင်းတွေကို ကြည့်ပြီး စားလို့ရတဲ့ စားသောက်ဆိုင်ဆိုပြီး ရေးထားပါတယ်။ ဒါနဲ့ ကျွန်တော်တို့ကား ရပ်လိုက်ပြီး ဝင်လိုက်ကြပါတယ်။ တောင်စောင်းမှာ ကပြင်လေးဆောက်ထားပြီး အဲဒီပေါ်မှာ စားသောက်ဆိုင်ဖွင့်ထားတာပါ။ ဆိုင်ထဲ ဝင်လိုက်တာနဲ့ တကယ့်ကို ဖော်ဖော်ရွေရွေနဲ့ ကြိုဆိုဧည့်ခံပါတယ်။ အင်ဒိုနီးရှားအလုပ်သမားတွေကို ငှားထားပုံပေါ်ပါတယ်။ အင်္ဂလိပ်လိုတော့ လုံးဝမပြောတတ်ဘူး။

နူတ်ဆက်ကြိုဆိုခေါ်သွားပြီး စားပွဲတစ်နေရာ မှာ နေရာချ၊ စားပွဲတွေ သန့်ရှင်းပေးပြီး မီနူးကဒ်တွေ လာချပါတယ်။ ကျွန်တော်တို့ကတော့ အစားအသောက်ကို စိတ်မဝင်စား နိုင်သေးဘူး။ စားသောက်ဆိုင်အပြင်က ပတ်ဝန်းကျင်ကို ကြည့်လိုက်တဲ့ အခါမှာ သိပ်ကိုကြည်နူးစရာ တောတောင်သဘာဝနဲ့ စိမ်းလန်းစိုပြေနေတာကို သဘောတွေကျပြီး ဆိုင်ပတ်ဝန်းကျင်ကို လမ်းလျှောက်ကြည့်ကြပါတယ်။ ဆိုင်လေးရဲ့ဘေးနားမှာ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ရေကညွှတ်စိုက်ခင်းလေးတွေ လုပ်ထားပါတယ်။ စိတ်ဝင်စားစရာအကောင်းဆုံးကတော့ စတော်ဘယ်ရီ စိုက်ခင်းပါ။ အစ္စရေးနည်းပညာကိုယူပြီး စိုက်ထားတယ် လို့ ပြောတာပါပဲ။ မြေဩဇာ၊ ရေ၊ အလေအလွင့် လုံးဝမရှိအောင်လုပ်ပြီး မြေနေရာကျဉ်းကျဉ်းလေးမှာ ရသလောက်စိုက်ထားတာပါ။ ဘယ်လိုစိုက်ထားသလဲ ဆိုတော့ စတောဘယ်ရီ စိုက်လို့ရလောက်အောင် တစ်ပေလောက်အကျယ်ရှိတဲ့ သံဇလားအရှည်လေးတွေ လုပ်ထားပါတယ်။ အဲဒီထဲမှာ မြေကြီးထည့်ပြီး စတော်ဘယ်ရီပင်တွေကို စိုက်၊ အပင်ပေါက်လာတာနဲ့ မြေကြီးတစ်ခုလုံးကို ပလပစတစ်အမဲနဲ့ ဖုံးထားတယ်။ အဲတော့ ပေါင်းပင်ဆိုတဲ့ ပြဿနာမရှိတော့ဘူး။ အဲလိုသံဘောင်တွေကို ပေ ၂၀ လောက် အရှည်တွေ လုပ်ထားတော့ သံဘောင်တလျှောက်မှာ စတော်ဘယ်ရီပင်တွေ အများကြီးစိုက်လို့ရတာပေါ့။ အဲလို သံဘောင်ကြီးတွေကို တစ်ခုနဲ့တစ်ခု အပေါ်၊ အောက် တည့်တည့်ထပ်ပြီး ကျမနေအောင်တပ်ထားပြီး လက်ခုပ တဖောင်လောက်အမြင့် သံဖရိမ်ကြီးမှာ အခုပြောခဲ့တဲ့ စတော်ဘယ်ရီပင်စိုက်ထားတဲ့ သံဘောင်ကြီးတွေ အများကြီးတပ်ထားတယ်။ ပြီးတော့ အပင်တစ်ပင်စီရဲ့ ခြေရင်းမှာ ပလပ်စတစ်ပိုက်သေးသေးလေးတွေ ရေပေးဖို့တပ်ထားပြန်ပါသေးတယ်။ အဲဒီတစ်ပင်ချင်းတပ်ထားတဲ့ ပလပ်စတစ်ပိုက်သေးသေးလေးတွေဟာ အပေါ်ကနေ ရေပေးတဲ့ပိုက်ကြီးနဲ့ သွားဆက်ထားပါတယ်။ ရေပိုက်သေးသေးလေးဆိုတာက လူနာဆေးသွင်းတဲ့ drip set ပိုက်ထက်ကို သေးပါသေးတယ်။ ရေပေးတဲ့အချိန်မှာ ရေလွှတ်လိုက်ရင် တစ်ပင်ချင်းကို ပိုက်သေးသေးလေးနဲ့ ရေပေးတာဆိုတော့ အလေအလွင့်မရှိ၊ ရေ နည်းနည်းလေးပဲ သုံးရတယ်။ အပင်တွေလည်း ရေကို အပြည့်အဝရတယ်။ သိပ်ကိုကောင်းတဲ့စနစ်ပါ။ ပြီးတော့ အပင်တွေကို မှန်လုံအိမ် ဂရင်းဟောက်စ် ထဲမှာစိုက်ထားတော့ ရာသီဥတု သဘာဝဒဏ်ကိုလည်း မကြောက်ရဘူးပေါ့။ အဲဒီအပင်တန်းကြီးတွေ အပေါ်ကမှ ပိုးသတ်ဆေးကို ပန်းပြီးဖြန်းပေးတဲ့ စပရင်ကလာ (sprinkler) လေးတွေ တပ်ထားပါတယ်။ လူတွေကိုယ်တိုင် တကူးတကကြီး ပိုးသတ်ဆေးဖြန်းစရာမလိုဘဲ ခလုပ်ဖွင့်လိုက်ရုံနဲ့ အလုပ်ပြီးသွားမှာပါ။ ကျွန်တော်တို့ ကြည့်ခဲ့တဲ့ ကင်မရွန်းက စတော်ဘယ်ရီစိုက်ခင်းမှာ အဲလို သံဘောင်စိုက်ခင်းတွေ တပ်ထားတဲ့ စင်ကြီးတွေ အများကြီးရှိပါတယ်။ စိုက်ခင်းကြီးက ကြီးသလောက် လူအင်အားကို သိပ်မသုံးဘဲ အလုပ်ဖြစ်တဲ့နည်းစနစ်ပါ။ အင်္ဂလိပ်လိုပြောရမယ်ဆိုရင်တော့ လေဘာအင်တင်းဆစ် (labour intensive) မဖြစ်ဘူးပေါ့။ လေဘာအင်တင်းဆစ်ဖြစ်တယ်ဆိုတာက အလုပ်သမားတွေ အများကြီးလိုတာကို ပြောတာပါ။ အခု စတော်ဘယ်ရီစိုက်ခင်းကြီးက လူတစ်ယောက်လောက်နဲ့ လုပ်သွားလို့ရမယ် ပုံစံမျိုးပါ။ ဒီလို

စနစ်သာမရှိဘဲ မြေကြီးပေါ်မှာတင် စတော်ဘယ်ရီကို စိုက်တယ်ဆိုရင် ပေါင်းပေါက်ဖို့၊ ပေါင်းနှုတ်ဖို့၊ ရေလောင်းဖို့. မြေဩဇာဖြည့်ဖို့. လူတွေကို တသီကြီးလိုမှာ။ အဲဒီ စတော်ဘယ်ရီစိုက်ခင်းကြီးကို ကျွန်တော်တို့တင် မကဘူး၊ စက်ာပူကလာတဲ့ မြို့ပြလူသား တွေလည်း တအံ့တသြနဲ့. ဝိုင်းအုံကြည့်ကြပါတယ်။ ပြီးတော့ အဲဒီစိုက်ခင်းက ခူးထားတဲ့ စတော်ဘယ်ရီသီးတွေကို အားရပါးရဝယ်ကြတော့တာပဲ။ ကျွန်တော် ပြောချင်တာကတော့ ဘာမှမဟုတ်တာလေးကိုပဲ စိတ်ဝင်စားအောင် လုပ်ထားပြီး တိုးရစ်ဆင်ပညာသုံး တိုးရစ်တွေဆီက ပိုက်ဆံရအောင် ယူနိုင်တာ အံ့သြစရာပါ။ အဲဒီလို ပတ်ဝန်းကျင်လေ့လာရေးတွေပြီးတော့မှ ကျွန်တော်တို့တတွေ စားသောက်ဆိုင်က ဟင်းလျာတွေကိုမှာပြီး စားကြပါတယ်။ စားသောက်ပြီး ဆိုင်က ပြန်အထွက်မှာတော့ စတော်ဘယ်ရီတင်မကဘူး၊ ခြံထွက်အသီးအနှံမျိုးစုံကို တပွေ့တပိုက် ဝယ်ကြတော့ တာပါပဲ။ ဒါက စိုက်ခင်းလေးကိုပြပြီး တိုးရစ်ဆင်အလပ်တွေ လုပ်စားကြတဲ့နမူနာတစ်ခု၊ နောက်တိုးရစ်ဆင် ပညာသုံးထားတာ တွေ့ရတာကတော့ လိပ်ပြာမွေးမြူရေးစခန်း (butterfly farm) ပါပဲ။ ဝင်ကြေးရင်းဂစ် (၃၀) တောင်ပေးရတယ်။ အထဲရောက်သွားတော့ လိပ်ပြာနေရာပြထားတာလေးက ကျဉ်းကျဉ်းလေး၊ ကျန်တဲ့နေရာတွေမှာက နှင်းဆီပန်း၊ ဂမုန်းပန်းစတဲ့ ပန်းမျိုးစုံကို အိုးတွေနဲ့စိုက်ထားပြီး ကြည့်ချင်စဖွယ် လုပ်ထားတာပါ။ လိပ်ပြာထားတဲ့ အကန့်လေးမှာတော့ ဂရင်းဟောက်စ်လေးလို လုပ်ထားပြီး လိပ်ပြာတွေ မွေးထား ပါတယ်။ တိုးရစ်တွေကလည်း လိပ်ပြာတွေကို ဓါတ်ပုံတွေ တဖျပဖျပရိုက်၊ ရိုးရိုးနှင်းဆီပန်းတွေ နောက်ခံထားပြီး ရိုက်ကြ၊ ဘာမှသာမဟုတ်တယ် တိုးရစ်တွေ ကျေနပ်ပြီး လိပ်ပြာပုံလေးတွေဝယ်၊ ပို့စကဒ်တွေကြည့်၊ နှင်းဆီပန်းခြောက်တွေယူကြည့်ကြနဲ့၊ တကယ်တော့ အတော်ကိုနာမည်ကြီးတဲ့ ကင်မရွန်းက butterfly farm ဆိုတာ ဘာမှမဟုတ်ပါလားဆိုတာကို သဘောပေါက်လာမိပါတယ်။ ကိုယ့်နိုင်ငံမှာ ဒီထက်လှတဲ့ သဘာဝရှုခင်းတေ၊ တောတောင်ရေမြေသဘာဝတွေ ရှိလျက်နဲ့ကိုယ်က သူတို့လို တိုးရစ်ဆင်ပညာမှာ နည်းနည်းလေး လိုနေသေးတော့ သူတို့လို ပြမစားနိုင်သေးတာပဲလို့ ထင်မိပါတယ်။ ဘာဘဲပြောပြောလေ ကျွန်တော်ကလည်း တိုးရစ်တစ်ယောက်ဖြစ်နေတော့ စိတ်အေးလက်အေး ရောက်တဲ့နေရာ ရပ်ကြည့်ဖို့သင့်တယ်ဆိုတာတွေ ကြည့်နဲ့ စိတ်လွတ်ကိုယ်လွတ်သွားရတာ အရသာတော့ ရှိသားပဲ။ ဟန်းဖုန်းခေါ်မှာ မကြောက်ရ၊ ဧည့်လာမှာလည်း မစိုးရိမ်ရ၊ လူနာလည်း ကြည့်စရာမလိုဆိုတော့ ကင်မရွန်းဟိုက်လင်း အတက်မှာ တစ်နေရာဝင် တစ်နေရာသွား တော်တော်ကို ပျော်ဖို့ကောင်းတဲ့ ဟောလီဒေးပါ။ အဲဒီ ကင်မရွန်းခရီးစဉ်မှာ ထူးခြားတာပြောရမယ်ဆိုရင် တရုတ်စားသောက်ဆိုင် တော်တော်များများမှာကို ဝက်သားမရပါဘူး။ မလေးတွေအစားများတဲ့ဆိုင်တွေဆိုတော့ ဝက်သားကိုရှောင်တာ ထင်ပါရဲ့။ ဒီလိုပဲ စက်ာပူမှာလည်း ယိုးဒယားဆိုင်နဲ့. တချို့တရုတ်စားသောက်ဆိုင်တွေမှာ ဝက်သား မရောင်းပါဘူး။ နောက်တစ်ခု ကျွန်တော် သတိပြုမိတာက စားသောက်ဆိုင်တွေဟာ ဈေးသိပ်မကြီးပါဘူး။ တိုးရစ်တွေလာတဲ့နေရာပဲဆိုပြီး ဈေးတအားတင်မထားပါဘူး။ စားစရာဆိုင်တွေကလည်း ကုလား၊ တရုတ်၊ မလေးဆိုင်တွေ အပြည့်ပါ။ ပြင်ဦးလွင်အတက် (၂၁)မိုင်နားက စားသောက်ဆိုင်တန်းနဲ့. အနီးစခန်းက

အသီးအနှံ၊ ပန်းတွေရောင်းတဲ့ ဆိုင်တန်းတွေကို သတိရမိပါတယ်။ ပြင်ဦးလွင်အတက်နဲ့ ကင်မရွန်းစိုက်ခင်း ခရီးစဉ်ကွာတာကတော့ ကင်မရွန်း အတက် ဆိုင်တွေမှာ တိုးရစ်ကားကြီးတွေ အကြီးကြီးတွေနဲ့ လာလိုက်ကြတဲ့တိုးရစ်တွေ နည်းတာမဟုတ်ဘူး။ တိုးရစ်ကားကြီးတွေက အများကြီးပါ။ ဘယ်ဆိုင်ကြည့်လိုက်ကြည့်လိုက် တိုးရစ်တွေချည်းပါပဲ။ အားရစရာ မလေးရှားက တိုးရစ် အင်ဒပ်စထရီ (Tourist Industry) ပါ။ ဒီလိုနဲ့သူတို့နိုင်ငံက တိုးရစ်တွေများတာကို အားကျပြီး ကျွန်တော်တို့လည်း ငေးမောပြီး ဟိုဝင်ကြည့်ဒီဝင်ကြည့် ထမင်းစားသောက်ပြီး ဆက်ထွက်လာကြတာ နေ့လည် နှစ်နာရီခွဲလောက်ရောက်တော့ ကျွန်တော်တို့ တည်းမယ့် ဟောလီးဒေးအင်း (Holiday Inn) ဟိုတယ်ကို ရောက်ပါတယ်။ သမီးကြီး စက်ဘူကနေ ဖုန်းဆက်ပြီး ဘွတ်ကင်လုပ်ထားတာပါ။ နှစ်ယောက်ခန်း တစ်ခန်းဆိုရင် ရင်းဂစ် (၁၅၀)လောက်ပဲ ကျပါတယ်။ ဟိုတယ် ကားပါကင်မှာ ကားရပ်ပြီး ပစ္စည်းတစ်ပုံတခေါင်းနဲ့ လော်ဘီထဲကို ချီတက်သွားကြတော့ သမီးကြီးက "အဖေကြီးတို့ သမီးနားကို လိုက်မလာနဲ့၊ ဒီမှာထိုင်နေခဲ့ကြ" ဆိုပြီး သူတစ်ယောက်ထဲ ဟိုတယ်က ကောင်တာဖရန့်ဒက်(စ်) Front desk ကိုသွားပြီး ချက်ကင်လုပ်ပါတယ်။ သူ့ရဲ့ ခရက်ဒစ်ကိုသုံးပြီး ချက်ကင်လုပ်ပြီးတဲ့နောက် ဟိုတယ်အခန်းသော့ ကီးကဒ် (key card) ပလပ်စတစ်ပြားလေးတွေ ရလာပြီး ကျွန်တော်တို့ထိုင်နေတဲ့အနား ပြန်လာပါတယ်။ "သမီးတို့က ငါးယောက်လုံး တစ်ခန်းထဲမှာတည်းမှာဆိုတာ သူတို့မသိစေချင်လို့ သမီးနဲ့လိုက်မလာနဲ့ပြောတာ၊ လာ အခုနှစ်ယောက်ခန်းတစ်ခန်းထဲမှာ ကွင်းဆိုက် ကုတင်ကြီးQueen-size double bed ပေးထားတယ်။ သမီးတို့ မြန်မာမိသားစု စတိုင် (၅) ယောက်လုံး တစ်ခန်းတည်းပဲ အိပ်ကြတာပေါ့" လို့ ပြောပါတယ်။ ဒီနေရာမှာ ကြုံလို့ ပြောရမယ်ဆိုရင် ဒါဘယ်လ် ဘက် (double bed) ဆိုတာက နှစ်ယောက်အိပ် ကုတင်လို့ ပြောတာပါ။ ရိုးရိုးနှစ်ယောက်အိပ် ကုတင်ထက်ကြီးရင် ကွင်းဆိုက်(စ်) queen-size လို့ ခေါ်ပါတယ်။ ဒီထက်ကြီးတယ်၊ အကြီးဆုံး ဆိုရင်တော့ ကင်းဆိုက်(စ်) king-size လို့ ခေါ်ပါတယ်။ အဲလို ကွင်း၊ ကင်းဆိုတဲ့ဆိုဒ်တွေက ကုတင်ကိုတင် ခေါ်တာမဟုတ်ဘူး။ အိပ်ယာဖုံး၊ အိပ်ယာခင်းကိုလည်း ကင်းဆိုက်(စ်)၊ ကွင်းဆိုက်(စ်)လို့ ခေါ်ပါတယ်။ ဟိုတယ် ကုတင်အကြောင်း ဆက်ပြောရမယ်ဆိုရင် အခန်းထဲမှာ တစ်ယောက်အိပ် ကုတင်နှစ်လုံး ချထားပေးရင် တွင်ဘက် (twin bed) လို့ ခေါ်ပါတယ်။ အဲလို တစ်ယောက်အိပ် ကုတင်နှစ်လုံးချထားတာကို တွင်ဘက်လို့ ခေါ်တာကိုအစွဲပြုပြီးတော့ တစ်ယောက်အိပ်စောင်၊ အိပ်ယာခင်းဆိုရင်လည်း တွင် (twin) ဆိုတဲ့စကားလုံးကိုပဲ သုံးပါတယ်။ ဒါအမေရိကန်စနစ်ပေါ့။ အမေရိကန်က စူပါမားကက်မှာ တစ်ယောက်အိပ် အိပ်ယာခင်းလို့ ရှာချင်ရင် twin bed sheet ဆိုပြီး ရှာရပါမယ်။ အိပ်ယာခင်း၊ အိပ်ယာဖုံး မွေ့ယာရောင်းတဲ့ ဆိုင်ကြီးတွေမှာ တစ်ယောက်အိပ်ဆိုရင် တွင် twin ဆိုပြီး ရေးထားပါတယ်။ နှစ်ယောက်အိပ်ဆိုရင် ကွင်းဆိုက်(စ်)၊ ကင်းဆိုက်(စ်)ရေးထားလေ့ရှိပါတယ်။ သမီးကြီးက တွင်ဘက် ဆိုပြီး တစ်ယောက်အိပ်ကုတင် နှစ်လုံးပါတဲ့ အခန်းကို တောင်းပေမယ့်လည်း

မရတဲ့အတွက် ဒါဘယ်ဘက် ကွင်းဆိုက်(စ်)ကုတင်ကြီးကို ရတာပါ။ ဒါနဲ့ ဆက်ပြောရမယ်ဆိုရင် ကျွန်တော်တို့ ငါးယောက်က ပစ္စည်းတွေ တစ်ပုံတစ်ခေါင်းနဲ့ ခါတ်လေ့ကားကနေ တက်ပြီး (၆)ထပ်မှာရှိတဲ့ အခန်းကို ရောက်ပါတယ်။ အဲဒအခန်းနဲ့ ပတ်သက်လို့ ပြောစရာရှိပါသေးတယ်။ ဟောလီးဒေးအင်းဟိုတယ်ကြီးဟာ တစ်ဘက်ကတောတွေ တောင်တွေဘက်ကို မြင်သာတဲ့ အခန်းတွေ ဖွဲ့ထားပြီး ကျန်တဲ့ အခန်းတွေကတော့ ကားလမ်းဘက် အတွင်းကို လှည့်ထားပါတယ်။ အဲတော့ အခန်းဘွတ်ကင်လုပ်ကတည်းက သမီးကြီးက မောင်းတိန်ဗြူး (mountain view) ရအောင် တောင်းထားတဲ့ အတွက် ကျွန်တော်တို့ အခန်းထဲဝင်ပြီး ပြတင်းပေါက်က ကြည့်လိုက်တာနဲ့ အတော်ကို သာယာလှပတဲ့ တောတွေတောင်တွေကို တွေ့ရပါတယ်။ မောင်းတိန်ဗြူးလို့ ခေါ်တာလည်းမပြောနဲ့၊ ပြတင်းပေါက် ဖွင့်လိုက်တာနဲ့ ကင်မရွန်းဟိုက်လင်းရဲ့အလှအပ တောင်တန်းကြီးတွေ ကို ရင်သပ်ရှုမောတွေ့ရပါတယ်။ ကျွန်တော်တို့ နေရမယ့် နှစ်ယောက်ခန်းလေးဟာ မဆိုးပါ။ ဒါဘယ်လ်ဘက် တစ်ခုပါတယ်၊ စားပွဲကုလားထိုင်တစ်စုံ၊ တစ်ယောက်ထိုင်ဆိုဖာခုံကြီးတစ်ခုနဲ့ ရေခဲ့ူးခန်း အိမ်သာ တွိုင်းလက် အခန်းတစ်ခုပါတယ်။ ကျွန်တော်တို့ ပါလာတဲ့ ပစ္စည်းတွေချလိုက်တော့ အခန်းကပြည့်သွားရော။ ကျွန်တော်တို့က ဘာတွေယူလာသလဲဆိုတော့ စောင်၊ ခေါင်းအုံးအပို၊ သောက်ရေဘူး၊ ဘီယာဘူး၊ ငါးခြောက်ကြော်၊ အမဲသားအခြောက်ကြော်၊ လက်ဖက်ဘူး၊မက်မန်းသီး၊ မက်မုံသီးနဲ့ တခြားစားစရာတွေ ရိက္ခာအပြည့်အစုံပါ။ ပစ္စည်းတွေ နေရာချပြီးတော့ ဘယ်လိုအိပ်ကြမယ်ဆိုတာ စီစဉ်ရပါတယ်။

ကျွန်တော်၊ သားလေးထူးခိုင်ဝင်းနဲ့ သမီးကြီး အမျိုးသား မိုးကြီး (မိုးဇော်ဟိန်း) တို့က ကုတင်ပေါ်မှာ အိပ်မယ်။ သမီးကြီးနဲ့ ကျွန်တော့်ညီမ မဝေ(ဝေဝေခင်)တို့က ကြမ်းပြင်ပေါ်မှာ အိပ်ကြမယ်ပေါ့။ ကွင်းဆိုက်(စ်)ကုတင်ကြီးပေါ်မှာ ခင်းထားတဲ့ အိပ်ယာခင်း အိပ်ယာဖုံးနဲ့ ဂွမ်းကပ်စောင်တွေဟာ ဖြူဖွေးသန့်စင်နေပြီး ထိရက်စရာတောင်မရှိပါဘူး။ ညကလည်း တစ်ညလုံး စက််ပူကနေ ကားမောင်းလာကြ၊ မနက်လည်း အစောထလာရတာဆိုတော့ ကျွန်တော်တို့က အိပ်ချင်နေပါပြီ။ သားလေးနဲ့ မိုးကြီးတို့ကတော့ ကားခါတ်ဆီထည့်ရင်းနဲ့ အနီးအနားက မြို့လေးတွေကို လျှောက်ကြည့်ချင်တယ်ဆိုပြီး ထွက်သွားကြပါတယ်။ ကျွန်တော်၊ သမီးကြီးနဲ့ မဝေကတော့ ကိုယ်လက်သန့်စင်ပြီး ဂွမ်းကပ်ကြီးအောက်၊ သုံးယောက်သား ဝင်ကွေးပြီး အိပ်လိုက်ကြတာ ခေါင်းချတာနဲ့ တစ်ခါတည်း အိပ်ပျော်သွားပါတော့တယ်။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခခင်မောင်ဝင်း (အသည်း)


BURGER KING
DO
UNDER

Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင်
အပိုင်း(၃၀)

မလေးရှားခရီးစဉ်(အဆက်)

ကင်မရွန်းဟက်လင်းက မြို့လေးတွေ

ကျွန်တော်တို့တတွေ အိပ်ရေးလည်းပျက်၊ ခရီးလည်းပန်းဆိုတော့ နေ့လည်(၂း၀၀)နာရီလောက်ကတည်းက ဟိုတယ်အခန်းထဲမှာ ပစ္စည်းတွေချပြီး တချို့းတည်းအိပ်လိုက်ကြတာ ညနေ(၅း၀၀)နာရီ လောက်မှ နိုးလာကြပါတယ်။ ဟိုတယ်ဘွတ်ကင်လုပ်ကတည်းက မောင်းတိန်းဗြူး (mountain view) ဆိုပြီး အခန်းတောင်းထားတော့ ကျွန်တော်တို့အခန်း ဝရန်တာကို ထွက်တာနဲ့ ကင်မရွန်းဟိုက်လင်းရဲ့ သာယာလှပတဲ့ တောင်တန်းတွေကို တမျှော်တခေါ်ကြီး မြင်ရပါတယ်။ တောင်တွေ အနမ့်အမြင့်၊ လက်ဘက်ခင်း စိမ်းစိမ်းတွေနဲ့ ကျနေတဲ့နေရဲ့အရောင်ဖျော့ဖျော့မှာ မြူတွေဆိုင်းနေတဲ့ ညနေခင်းမြင်ကွင်းကို တွေ့ရတော့ စိတ်ထဲမှာ လွမ်းသလို၊ ဆွေးသလို တမျိုးကြီး ခံစားရပါတယ်။ တကယ်ကို သာယာလှတဲ့ ကင်မရွန်းဟိုက်လင်းပါ။ ၁၈၈၅ ခုနှစ်မှာ အင်္ဂလိပ်မြေတိုင်းဝန် ဝီလီယံကင်မရွန်းဆိုတဲ့လူက စတွေ့လို့ ဒီဒေသကို ကင်မရွန်းဟိုက်လင်းလို့ ခေါ်တာပါ။ အင်္ဂလိပ်တွေက ဒီဒေသဟာ စိုက်ပျိုးရေးအတွက် အရေးပါပြီး လက်ဘက်စိုက်လို့ သိပ်ကောင်းမယ်ဆိုတာကို မှန်းဆတွေးတောမိခဲ့ပါတယ်။ မလေးရှားရဲ့ ဂရင်းဘိုးလ်(Green bowl of Malaysia) လို့ တောင် တင်စားပြီးခေါ်ပါတယ်။ ဂရင်းဘိုးလ်ဆိုတာကတော့ စိုက်ပျိုးရေး လုပ်ငန်းတွေရဲ့ အချက်အချာဒေသဖြစ်တယ်လို့ ပြောချင်တာပါ။ တကယ်လက်တွေ့မှာလည်း ကင်မရွန်းဟိုက်လင်းက ထွက်တဲ့ အသီးအနှံတွေက မလေးရှားနိုင်ငံ တစ်နိုင်ငံလုံးနဲ့ စင်္ကာပူရဲ့ အသီးအနစားသုံးမှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေတာပါ။ အင်္ဂလပ်အစိုးရဟာ ဒလို ကင်မရွန်းဟိုက်လင်းရဲ့ တောင်စောင်းတွေ စိမ်းလန်းစိုပြေတဲ့ ရေမြေအနေအထားနဲ့ စိုက်ပျိုးရေးအတွက် အချက်အချာကျတဲ့ နေရာဖြစ်လာမှာပဲလို့ တွက်ဆပြီး ကင်မရွန်းဟိုက်လင်း ဒေသကို ဖွံ့ဖြိုးအောင်စီမံကိန်းချပြီး စီစဉ်ခဲ့ပါတယ်။ ဒါကြောင့် ကင်မရွန်းဟိုက်လင်းပေါ်မှာ မြို့လေးသုံးမြို့ တည်ပေးခဲ့တာပါ။ အဲဒီမြို့လေးတွေ ကတော့ ရင်းဂလက် (Ringlet)၊ တာနာရာတ (Tanah Rata) နဲ့ ဘရင်ချမ်း (Brinchang) ပါ။ ကင်မရွန်းဟိုက်လင်းဟာ တကယ်တော့ မလေးရှားနိုင်ငံရဲ့ ပဟန်း (Pahang) ဒေသထဲမှာ ရှိပါတယ်။ ဒါပေမယ့် ကင်မရွန်းဟိုက်လင်းကို ဝင်တဲ့ ဝင်ပေါက်တွေကတော့ ပဟန်းဘက်က မဟုတ်ပဲ ပရက် (Parek) ဒေသထဲကနေ ဝင်ရပါတယ်။ ကင်မရွန်းဟိုက်လင်းကို ပရက် ဘက်က ဝင်မယ်ဆိုရင်

ဝင်ပေါက်နှစ်ပေါက်ရှိပါတယ်။ အဲဒါကတော့ တပါ (Tapah) က ဝင်တာရယ်၊ ဆင်ပန်းပူလိုင် (Simpang Pulai) က ဝင်တာရယ်ပါ။ ဆင်ပန်းပူလိုင်ကနေ ဝင်လိုက်ရင် ဘရင်ချမ်းမြို့က အရင်တွေ့မယ်၊ နောက်တော့ တာနာရာတ၊ အဆုံးမှာ ရင်းဂလက်မြို့လေး ရှိပါတယ်။ ကျွန်တော်တို့က ဆင်ပန်းပူလိုင်ဘက်က ဝင်လာတာဆိုတော့ ဘရင်ချမ်းမြို့ကို အရင်တွေ့ပါတယ်။ ကျွန်တော်တို့ ဟိုတယ်က ဘရင်ချမ်းမြို့မရောက်ခင် (၅)မိုင်လောက်မှာ ရှိတာပါ။ မြို့ထဲမှာ မဟုတ်ပဲ တောစပ်တောင်စပ်မှာ ရှိတာဆိုတော့ ဟိုတယ်ရဲ့ အနေအထားက ပိုပြီး သာယာပါတယ်။ ကင်မရွန်းဟိုက်လင်းက မြို့လေးတွေထဲမှာ ဘရင်ချမ်းမြို့က အစည်ကားဆုံးပါ။ ရင်းဂလစ်မြို့ ကတော့ သေးသေးလေး အေးအေးချမ်းချမ်းနဲ့ အပန်းဖြေနားနေဖို့ သိပ်ကောင်းတဲ့ မြို့လေးတစ်ခုပါ။ ကျွန်တော်တို့တတွေ ဟိုတယ်မှာ ချက်ကင်လုပ်ပြီး ဘရင်ချမ်းမြို့ထဲကို မသွားသေးပဲ ဟိုတယ်အခန်း ဝရန်တာကနေ ကင်မရွန်းဟိုက်လင်းရဲ့ ရှုခင်းတွေကို ကြည်နူးခံစားပြီး ဗီဒီယို ကင်မရာရိုက်၊ ရိုးရိုးကင်မရာတွေနဲ့ ရှုခင်းတေကို မှတ်တမ်းတင်နေကြတာ နည်းနည်းလေးကြာသွားပါတယ်။ အဲတော့ တောင်တွေပေါ်ကို ဖြတ်တိုက်လာတဲ့ လေအေးအေးတွေကြောင့် ကျွန်တော်တို့ တော်တော်လေး ချမ်းလာကြပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀၀ ကျော်မှာ ရှိတာဆိုတော့ ဒီလောက်အေးတာ မဆန်းပါဘူး။ ဒါနဲ့ ကျွန်တော်တို့ တတွေ ဝရန်တာဟင်းလင်းပြင်မှာ သိပ်အကြာကြီးမနေနိုင်ကြတော့လို့ အခန်းထဲပြန်ဝင် ဝရန်တာတံခါးပိတ်၊ အနွေးထည်လေးတွေကို ဝတ်၊ စကားလေးဘာလေးပြောနေကြတုန်း သားလေးနဲ့ မိုးဇော်ဟိန်းတို့ ဘရင်ချမ်းမြို့ထဲ သွားလည်တာကနေ ပြန်ရောက်လာကြပါတယ်။ အဲဒီအချိန်မှာ နည်းနည်းမှောင်နေပါပြီ။ သားလေးအခန်းထဲ ရောက်လာတော့ အော်ဟစ်ပြီး ဘရင်ချမ်းရဲ့ ပါဆာမလမ်းအကြောင်း ပြောတော့တာပါပဲ။ ပါဆာမလမ်း (pasar malam) ဆိုတာက မလေးရှားနိုင်ငံရဲ့ မြို့လေးရွာလေးတွေမှာရှိတဲ့ ညစျေးကိုခေါ်တဲ့ မလေးစကားပါ။ သားလေးက ဘရင်ချမ်းပါဆာမလမ်းဟာ သိပ်စိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်း၊ သူနဲ့မိုးကြီးတို့ အကြော်တွေဝယ်စား၊ ပလာတာတွေလည်း ဝိုက်ပေါက်ထွက်မတက် တီးခဲ့တယ်တဲ့။ စျေးတန်း လျှောက်ရတာ အရမ်းကို အရသာရှိတာပဲ၊ တကယ့်ကို ဝယ်စရာချည်းပဲ အဖေရာ- တဲ့။ ပါဆာမလမ်းမှာ ဂျပန်တစ်ယောက်က ပလက်ဖောင်းစျေးဆိုင်လေးမှာ ထိုင်ပြီးတော့ သူကိုယ်တိုင်လက်နဲ့ သားရေပြားတွေကို ဖြတ်ညှပ်ပြီး ပိုက်ဆံအိတ်ဝေါလက် (wallet) လေးတွေလုပ်နေတာ တွေ့ခဲ့ရလို့ အဲဒီ ဂျပန်လုပ်ထားတဲ့ သားရေအစစ် ဂျင်နူအင်းလဲသား (genuine leather) ပိုက်ဆံအိတ်တစ်ခုဝယ်လာခဲ့တာကို ပြပါတယ်။ ကျွန်တော်တို့က ညရောက်မှ ပါဆာမလမ်းကို သွားကြည့်မယ်လို့ စိတ်ကူးလိုက်ပါတယ်။ စကားပြောကြ၊ လက်ဘက်တွေစားကြနဲ့ ဟိုတယ်အခန်းကျဉ်းကျဉ်းလေးထဲမှာ လူငါးယောက် ခြေချင်းလိမ်နေအောင် ရေချိုးကြ၊ အိမ်သာတကကြနဲ့ ရှုပ်ရှက်ခပ်နေတာပဲ။ အားလုံး အဝတ်အစားလဲပြီး ထမင်းစားဖို့ ရယ်ဒီဖြစ်ပြီဆိုတော့ ည(၈း၀၀)နာရီထိုးနေပြီ။ အဲတော့ ဘရင်ချမ်းမြို့ထဲမှာ ဟိုဆိုင်လျှောက်ကြည့်၊ ဒီဆိုင်လျှောက်ကြည့်ပြီး ဒင်နာစားရမယ့်ဆိုင်ကောင်း တွေ့အောင်ဆိုပြီး လိုက်ရှာမနေချင်တော့တာနဲ့ ဟိုတယ်မှာပဲ စားကြရအောင်ဆိုပြီး ဟိုတယ်က

မြေညီထပ်မှာရှိတဲ့ စားသောက်ဆိုင် ရက်စ်ထရွန့် (restaurant) (ရက်စ်တောရင့်လို့ အသံမထွက်ရပါဘူး) ကိုပဲ သွားလိုက်ကြပါတယ်။ ရက်စ်ထရွန့်ထဲ ရောက်တော့ စားသောက်ဆိုင်ဝန်ထမ်း မလေးမလေးတွေက ပြုံးပြုံးရွှင်ရွှင် ပျူပျူငှာငှာပဲ ဝိုင်းကြိုပြီး နေရာချပေးပါတယ်။ နေရာချပေးတယ်ဆိုပေမယ့် ရက်စ်ထရွန့်အကျယ်ကြီးထဲမှာ ကျွန်တော်တို့ပဲ ရှိပါတယ်။ ဟိုတယ်မှာ တည်းတဲ့ မလေးတိုးရစ်တွေက ဟိုတယ်မှာမစားကြဘဲ ဘရင်ချမ်းမြို့ထဲ သွားစားကြပုံပေါ်ပါတယ်။ ဟိုတယ်နဲ့ အပြင်နဲ့ဟာ အစားအသောက်ဈေးနှုန်းက ထက်ဝက်လောက်ကွာပါတယ်။ ရန်ကုန်မှာ ထရိတ်ထားဟတယ် တက်စားတာနဲ့ တရုတ်တန်း (၁၉)လမ်းက ခေါက်ဆွဲဆိုင်မှာ သွားစားသလို ဈေးကွာတာပေါ့။ ဟိုတယ်တွေရဲ့ သဘောသဘာဝအတိုင်း ဟိုတယ်ထဲမှာ စားမယ်သောက်မယ်ဆိုရင် ဝန်ဆောင်ခတွေကို တင်ထားရတဲ့ အတွက်ကြောင့် ဈေးကြီးတာပေါ့။ ဟိုတယ်မှာ ဘီယာသောက်သောက်၊ ကိုကာကိုလာသောက်သောက်၊ ဈေးကအပြင်မှာထက် နှစ်ဆလောက် ပိုကြီးပါတယ်။ ဥပမာပြောရမယ်ဆိုရင် ရန်ကုန်က ဟိုတယ်ကြီးတွေမှာ မြန်မာဘီယာတစ်ပုလင်းကို ၅၀၀၀/- ကျော် ပေးရပါမယ်။ အပြင်ကဆိုင်တွေမှာ တစ်ပုလင်း (၁၈၀၀)ကျပ်လောက်ပဲ ကျပါတယ်။ ဒီထက်ပိုဆိုးတာက ဟိုတယ်အခန်းထဲမှာ ထားပေးလေ့ရှိတဲ့ မီနီဘား (minibar) လို့ခေါ်တ ရေခဲသေတ္တာသေးသေးလေးတွေထဲမှာ ရှိတဲ့ သောက်စရာ ယမကာအချို့ရည်၊ စားစရာချောကလက်၊ မြေပဲလှော် စတာတွေဟာ ရိုးရိုးဟိုတယ်ဈေးထက် ပိုတင်ထားပါသေးတယ်။ ကြုံတုန်း ဟိုတယ်တွေက မီနီဘားအတွေ့အကြုံလေးတစ်ခု ပြောပြချင်ပါတယ်။ ၁၉၈၅ ခုနှစ်မှာ အရေးကြီး ပုဂ္ဂိုလ်တစ်ဦး ပြည်ပဆေးကုသွားတာမှာ ကျွန်တော်က အတွင်းရေးမှူးအနေနဲ့ လိုက်ပါသွားရပါတယ်။ ဆေးကုပြီးအပြန် စင်္ကာပူမှာခနနားတော့ စင်္ကာပူရဲ့ အစည်ကားဆုံး အောချပ်လမ်း (Orchard Road) ပေါ်က မင်ဒရင် (Mandarin Hotel) မှာ တည်းပါတယ်။ ကျွန်တော်တို့ ဟိုတယ်ရောက်ပြီး ညနေပိုင်းမှာ ခေါင်းဆောင်နှစဦးပါတဲ့ လမ်းစဉ်လူငယ် (၂၀) အဖွဲ့တစ်ဖွဲ့ ဂျပန်လေ့လာရေးခရီးကအပြန် စင်္ကာပူမှာဝင်ဖို့ရောက်လာပြီး ကျွန်တော်တို့တည်းတဲ့ မင်ဒရင်ဟိုတယ်မှာပဲ ရောက်လာပြီး တည်းကြပါတယ်။ ကျွန်တော်တို့လည်း ရန်ကုန်ကထွက်လာတာ (၁၀)ရက်လောက်ရှိပြီဆိုတော့ မြန်မာတွေတွေ့ရတဲ့အခါ ဝမ်းသာအားရ နှုတ်ဆက်လိုက်ကြပါတယ်။ နောက်တစ်နေ့မနက် ဟိုတယ်မှာ ဘရိတ်ဖတ်စားတော့ အဖွဲ့ခေါင်းဆောင်တွေနဲ့ ထပ်တွေ့ရပြန်ပါရော။ ဒါနဲ့ ကျွန်တော်တို့က "ဘယ်လိုလဲ အဆင်ပြေကြလား" ဆိုပြီး မြန်မာစတိုင်နှုတ်ဆက် စကားပြောလိုက်တော့ လမ်းစဉ်လူငယ်ခေါင်းဆောင် မျက်နှာတော်တော်ကို ပျက်သွားပါတယ်။ "မပြောချင်ပါဘူးဆရာရယ်၊ ကျွန်တော်တော့ ဒုက္ခလှလှကြီးကို တွေ့တော့တာပဲ။ ကျွန်တော့်လူငယ်တွေက ဟိုတယ်အခန်းထဲက မီနီဘားထဲမှာရှိတဲ့ ကိုကာကိုလာတွေ၊ ချောကလက်တွေကို ဟိုတယ်က အလကားပေးထားတယ်ထင်ပြီး တွယ်ပစ်လိုက်ကြပြီ၊ ကျွန်တော်ကလည်း ပြောမထားမိဘူး၊ မီနီဘားထဲကဟာတွေက ဈေးသိပ်ကြီးတာ ဆရာရယ်။ ဈေးနှုန်းတွေကိုရေးပြီး ရေခဲသေတ္တာပေါ်မှာ ချထားပါတယ်။ ဒါပေမယ့် ကလေးတွေက အတွေ့အကြုံမရှိတော့ မသိဘူးပေါ့၊ ဖရီးအိုင်တင်တွေပဲ

ထင်ကြတာ။ ဒီလိုပဲပေါ့ဆရာရယ်၊ ကျွန်တော်ပဲ အကုန်စက်ရှင်းရတော့မှာပေါ့" တဲ့။ အပြည်ပြည်ဆိုင်ရာ ခရီးသွားအတွေ့အကြုံမရှိတော့ ဒီလိုပြဿနာတွေ ရင်ဆိုင်ရတတ်တာပေါ့။ ဒီလို မိနီဘားနဲ့ ပတ်သက်လို့ နောက်ထပ် ကိုယ်တွေ့တစ်ခု ဆက်ပြောရမယ်ဆိုရင် ၁၉၉၄ ခုနှစ်က အမေရိကန်အသည်းရောဂါ အစည်းအဝေးသွားတက်ရင်းနဲ့ အပြန်မှာ စက််ပူက ဘူးလဗား အောချပ် (Boulevard Orchard) ဟိုတယ်မှာ တည်းပါတယ်။ (Boulevard ဘူးလ်ဗားလို့ အသံထွက်ရပါတယ်။ ပြင်သစ်စကားပါ။ လမ်းမကြီးလို့ အဓိပ္ပါယ်ရပါတယ်။ အထူးသဖြင့် သစ်ပင်တွေ တစ်ဘက်တစ်ချက်မှာ စီတန်းစိုက်ထားတဲ့ လမ်းမအကျယ်ကြီးတွေကို ခေါ်တာပါ။) အဲဒီတုန်းက မလေးရှားမှာ အလုပ်လုပ်နေတဲ့ ကျွန်တော့်ညီဝမ်းကွဲ မောင်ချစ်ညို စက််ပူမှာ ခဏလာလည်တာနဲ့ ကြုံနေတော့ မင်း ငါ့ ဟိုတယ်အခန်းမှာပဲ လာနေကွာ ဆိုပြီး ခေါ်ထားလိုက်ပါတယ်။ တစ်ညနေ ကျွန်တော့်ဧည့်သည်နှစ်ယောက် ဟိုတယ်ကို ပြိုင်ရောက်လာပါတယ်။ ယောကျ်ားလေးဧည့်သည်ကိုတော့ "ချစ်ညို မင်း ငါ့ဟိုတယ်အခန်းထဲခေါ်သွားပြီး ဧည့်ခံထားလိုက်" လို့ပြောခိုင်းလိုက်ပါတယ်။ အမျိုးသမီးဧည့်သည်ကိုတော့ ဟိုတယ်လော်ဘီမှာပဲ ကျွန်တော်က ဧည့်ခံစကားပြောပါတယ်။ အဲဒီအမျိုးသမီးဧည့်သည်ပြန်သွားပြီး ကျွန်တော် ဟိုတယ်အခန်းထဲ ပြန်ရောက်သွားတော့ မောင်ချစ်ညိုနဲ့ ကျွန်တော့် ဧည့်သည် ဘီယာတစ်ယောက်တစ်ဘူးစီ သောက်နေကြတာကို တွေ့ရပါတယ်။ အဲဒီဧည့်သည်ပြန်လည်း ပြန်သွားရော ဒီကောင်တော့ မိနီဘားထဲက ဘီယာတွေ ဘယ်လောက်များ သွားယူသောက်လိုက်လဲလို့ ပြေးကြည့်လိုက်ပါတယ်။ မိနီဘားထဲမှာ ထည့်ထားတဲ့ဘီယာ(၆)ဘူးလုံး တစ်ဘူးမှ မရှိတော့ဘူး။ အဲတော့မှ မောင်ချစ်ညိုက "ကိုဝင်း ကျွနတော် ဧည့်သည်ကို ဘီယာနဲ့ဧည့်ခံလိုက်တာ၊ မိနီဘားထဲမှာရှိတဲ့ ဘီယာအားလုံး ကုန်သွားပြီ" လို့ လှမ်းပြောပြီး ပြုံးဖြီးဖြီးကြီး လုပ်နေပါတယ်။ နဂိုကတည်းက စက််ပူနိုင်ငံမှာ ဘီယာကို အကောက်ခွန်တက်စ်(tax) အရမ်းတင်ထားတာ။ ဟိုတယ်က ဘီယာဆိုတော့ အပြင်ထက် ဈေးအများကြီး ပိုကြီးပါတယ်။ ဟိုတယ်ထဲမှာမှ ဗန်းထဲက ဘီယာထက် မိနီဘားထဲထည့်ထားတဲ့ ဘီယာက ဈေးပိုကြီးတယ်။ ညီတော်မောင်ကတော့ ဒါတွေကို ဘာမှမသိဘ အားရပါးရဧည့်ခံကောင်းလိုက်တာ၊ မိနီဘားထဲရှိသမျှဘီယာ ကုန်ပါလေရော။ အဲဒီတုန်းက ကျွန်တော်ခံသာသွားတာက စပွန်စာ (sponsor) တာဝန်ယူတဲ့သူက ကျွန်တော့်ရဲ့ ဟိုတယ်တည်းခနဲ့ အသုံးစရိတ်အားလုံးကို အကုန်လုံး ရှင်းသွားလို့ပေါ့။ ကိုယ်ဘာသာ ဘီယာဘူးဖိုး ရှင်းရမယ်ဆိုရင်တော့ နှင့်သွားမှာပါ။ ဟိုတယ်တွေမှာ စားရတာ ဈေးကြီးတဲ့အကြောင်းတွေ ပြောရင်းနဲ့ အရင်တုန်းကဖြစ်ရပ်တွေ သတိရလို့ ပြောပြမိတာပါ။ အခု ကျွန်တော်တို့ ကင်မရွန်းဟိုက်လင်းမှာ တည်းတဲ့ ဟိုတယ်ကတော့ သိပ်အကောင်းစားကြီး မဟုတလို့ အခန်းထဲမှာ မီနီဘားတွေဘာတွေ မရှိပါဘူး။ ဟိုတယ် ရက်စ်ထရွန့်ကလည်း ခြောက်ကပ်နေတာ၊ ကျွန်တော်တို့ဝင်သွားမှ ဝိတ်တာတွေ ပျာယာခတပြီး အမောတကော ဧည့်ခံကြတာပါ။ ကျွန်တော်တို့ကလည်း မီနူးကဒ်ကြည့်ပြီး ဟိုမှာဒီမှာပေါ့။

ဘီယာရတယ်ဆိုတော့ ကျွန်တော်နဲ့မိုးကြီးတို့က ဘီယာမှာသောက်ကြပါတယ်။ မီနူးကဒ်မှာ ကြည့်လိုက်တော့ ဝက်သားမရပါဘူး။ သူတို့အဆအရပြောရရင်တော့ ဝက်သားမရတဲ့စားသောက်ဆိုင် (non-pork restaurant) ပေါ့။ မလေးရှားနိုင်ငံက စားသောက်ဆိုင်တော်တော်များများမှာ မရနိုင်တာ နှစ်ခုရှိပါတယ်။ အဲဒါက ဝက်သားနဲ့အရက် အယ်ကိုဟော (alcohol) ပါ။ ကျွန်တော်တို့ ဆနပင်းပလင်ကနေ ကင်မရွန်းဟိုက်လင်းကို တက်လာပြီး လန့်(ခ်)စားမယ်ဆိုပြီး ဝက်သားရတဲ့ဆိုင် လိုက်ရှာ၊ တော်တော်နဲ့ မတွေ့ပါဘူး။ တချို့ဆိုင်တွေက တရုတ်ဆိုင်တွေဖြစ်ပေမယ့် ဝက်သားမရောင်းကြပါဘူး။ စက်ပူမှာလည်း ဒီလိုပါပဲ။ ဆိုင်တော်တော်များများမှာ ဝက်သားမရပါဘူး။ မလေးကတ်စတန်မာတွေ စားလို့ရအောင်လုပ်ထားတာ ထင်ပါရဲ့။ ကြုံတုန်းပြောရမယ်ဆိုရင် မလေးရှားနိုင်ငံရဲ့ အစိုးရအခမ်းအနား၊ အစိုးရအဆောက်အဦတွေမှာ အရက်မရပါဘူး။ (၁၉၉၃) ခုနှစ်က အာရှပစိဖိတ်အသည်းရောဂါအဖွဲ့ အပါဆယ်လ် (Asia Pacific Association for the Study of Liver – APASL) အစည်းအဝေးကို သွားတက်တော့ မလေးရှားဝန်ကြီးချုပ် မဟာသီယာ ကိုယ်တင်တက်ပြီး အဖွင့်မိန့်ခွန်းပြောပါတယ်။ ပြီးတော့ ညစာဆက်ကျွေးတာမှာ အချိုရည်နဲ့ပဲ ဧည့်ခံပါတယ်။ ဘီယာ၊ ဝိုင်၊ ဝီစကီ လုံးဝ မပါဘူး။ နောက်တစ်နေ့ ညရောကတော့ အဲဒီခန်းမကြီးမှာ အပါဆယ်လ် APASL ရဲ့ ဥက္ကဋ္ဌက ဧည့်ခံတဲ့ ညစာစားပွဲကြီး ကျင်းပပါတယ်။ အဲဒီရောက်တော့ မလေးရှားအစိုးရက တာဝန်ယူတဲ့ပွဲ မဟုတ်တော့ဘဲ အပါဆယ်လ်ရဲ့ပွဲ ဖြစ်သွားတော့ ဘားကောင်တာဖွင့်ပြီး အဖျော်ယမကာအစုံအလင်နဲ့ ဧည့်ခံပါတယ်။ နောက်တစ်ခုပြောရပါဦးမယ်။ လွန်ခဲ့တဲ့ (၃)နှစ်လောက်က မလေးရှားနိုင်ငံ ကေအယ်လ်နားက ဂေါက်ကွင်းတစ်ကွင်းမှာ ကျွန်တော်ရယ်၊ သားလေး ထူးခိုင်ဝင်းရယ်ကို မလေးရှားက မိတ်ဆွေတစ်ယောက်က ဧည့်ခံပြီး ဂေါက်သီးရိုက်ကြပါတယ်။ ဂေါက်သီးရိုက်ပြီး မောမောနဲ့ ဂေါက်ကလပ်ထဲရောကလို့ ဘီယာတစ်ခွက်ပေးပါဆိုတော့ ဘီယာမရပါဘူးတဲ့။ အစိုးရဂေါက်ကလပ် ဖြစ်နေလို့ အရက်မရောင်းပါဘူးတဲ့။ မှတ်သားထားရမယ့် မလေးရှားနိုင်ငံရဲ့ ထူးခြားချက်လေးတွေပါ။ အစိုးရနဲ့ပတ်သက်တာအားလုံးမှာ အရက်မရပါဘူး၊ သူတို့ရဲ့စနစ်ပါ။

ဒါနဲ့ ကင်မရွန်းဟိုက်လင်း ဟိုတယ်မှာ တည်းနေတဲ့ အကြောင်းဆက်ပြောရမယ်ဆိုရင် ကျွန်တော်တို့မိသားစု ဟိုတယ် ရက်စ်ထရွန်မှာ ဒင်နာကို အားရပါးရမှာစားလိုက်ကြတာ ဟင်းတွေ မျိုးစုံနေတာပဲ။ ကျွန်တော်နဲ့ မိုးကြီးက ဘီယာ သုံးဗူးလောက်သောက်ဆိုတော့ ဟိုတယ်ဝန်ထမ်းတွေ ရောင်းရလို့ ပျော်နေတာပေါ့။ ဟိုပြောဒီပြော စကားတွေပြော ဒင်နာ စားသောက်ပြီးတော့ ဘေးလ် (bill) တောင်းပြီး ငွေရှင်းလိုက်ပါတယ်။ ပြီးတော့ သူတို့ ဝိတ်တာအဖွဲ့ကို စက်ပူဒေါ်လာ(၃၀) တစ်(ပ်) (tip) ထုတ်ပေးတော့ လက်မခံပါရစေနဲ့တဲ့။ ဒါနဲ့ ကျွန်တော်က ဒီကောင်မလေးတွေ ဟုတ်လှချည်လားလို့ စိတ်ထဲမှာ ချီးကျူးနေတုန်း သူတို့ လက်မခံချင်ဘူးဆိုတာက စက်ပူဒေါ်လာ ဖြစ်နေလို့ လက်မခံချင်တာပါတဲ့။ မလေးပိုက်ဆံနဲ့ပဲ တစ်(ပ်)ပေးပါဆိုပြီး ပြောကြပါတယ်။ သူတို့က စက်ပူပိုက်ဆံကနေ မလေးပိုက်ဆံ လဲမနေချင်ဘူး၊ တစ်ခါတည်း မလေးပိုက်ဆံနဲ့ တစ်(ပ်)လိုချင်တာပါ။ ဒါနဲ့ မလေးပိုက်ဆံပဲ

ပေးလိုက်ပါတယ်။ ဒင်နာစားပြီးတော့ ည(၁၀း၃၀)နာရီလောက် ဖြစ်နေပြီ။ ကျွန်တော်တို့ ဟိုတယ်အပြင်ဘက်ကိုထွက်၊ ကင်မရွန်းရဲ့ အေးစိမ့်စိမ့်အမှောင်ထုထဲမှာ လမ်းလျှောက်ကြပါတယ်။ ဘီယာအရှိန်လေးနဲ့ဆိုတော့ ကျွန်တော်နဲ့မိုးကြီးတို့ သီချင်းဆိုချင်စိတ်တွေ ပေါ်လာပြီး တွဲတေးသိန်းတန်ရဲ့ "ဆောင်းရယ်နှင်းရယ်ကိုယ့်ချစ်သူရယ်" သီချင်းကို အားရပါးရ ဟစ်ကြတော့တာပဲ။ နောက်တော့ ဟိုဆိုဒီဆို ရောက်တတ်ရာရာ သီချင်းတွေကို လျှောက်ဆိုပြီး ကင်မရွန်းညမှာ မြန်မာသီချင်းတွေကို အော်ဟစ်ပြီးဆိုရတာ ဘဝမှာ မေ့မရနိုင်မယ့် ဖြစရပ်တစ်ခုပါ။ နောက်ဆုံးလမ်းလျှောက်ရင်း သီချင်းဆိုရတာ မောသွားတော့ ည(၁၁း၀၀)နာရီကျော်နေပါပြီ။ ကျွန်တော်က "ဒို့ ဘရင်ချမ်းက ပါဆာမလမ်းသွားရအောင်" ဆိုပြီး ဟိုတယ်ကားပါကင်ထဲက ကားထုတ်၊ သမီးကြီးကမောင်းပြီး ကျွန်တော်တို့ ဘရင်ချမ်းကို သွားကြပါတယ်။ အဲဒီအချိန်ဆိုတော့ ဘရင်ချမ်းက ပါဆာမလမ်းဟာ သိမ်းနေပါပြီ။ ဆိုင်တွေ ဘာမှမရှိတော့ပါဘူး။ အဲတာနဲ့ စျေးတန်းကိုကျော်ပြီး ဆက်မောင်းသွားတော့ မက်ဒေါ်နယ်ဆိုင်ကို တွေ့ပါတယ်။ ဆိုင်ဝမှာရေးထားတာကတော့ (၁၁း၀၀)နာရီ ပိတ်ပါမယ်တဲ့၊ ဒါပေမယ့် မေးကြည့်ဦးမယ်ဆိုပြီး ဆိုင်ဝမှာ ကားရပ်ပြီး ဝင်သွားတော့ ဆိုင်က ဝန်ထမ်းတွေက လာပါလာပါဆ ဆီးကြိုကြပြီး ထိုင်ဖို့နေရာချပေးပါတယ်။ ဆိုင်ပိတ်ချိန်ကျော်နေရက်သားနဲ့ ဘာလို့ ငါတို့ကို ခေါ်တာပါလိမ့် ဆိုပြီး သူတို့ကောင်တာကို ကြည့်လိုက်တော့ မရောင်းရသေးတဲ့ ကြော်ထားပြီးသား ကြက်ကြော်နဲ့ ငါးကြော်အတုံးတွေ အများကြီးကို တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကို ဆိုင်ထဲ အဝင်ခံတာထင်ပါရဲ့။ ကျွန်တော်တို့လည်း ဒင်နာစားပြီး ထလာခါစဖြစ်ပေမယ့်လို့ မက်ဒေါ်နယ်ကြက်ကြော်တွေ တွေ့တော့ မနေနိုင်ပဲ ဝယ်ပြီး စားကြပြန်ပါတယ်။ မက်ဒေါ်နယ်မှာ အေးအေးဆေးဆေးထိုင်၊ ကော်ဖီပါ မှာသောက်ပြီး (၁၂း၀၀)နာရီလောက်မှာမှ ဟိုတယ်ကို ပြန်ကြပါတယ်။ ကင်မရွန်းဟိုက်လင်းပေါ်က မြို့လေးတွေ တစ်မြို့နဲ့တစ်မြို့ သွားတဲ့ လမ်းတွေဟာ ညမှာ မီးမရှိဘဲ မှောင်မဲနေပါတယ်။ ဒါပေမယ့် ဒီမြို့လေးတွေ တစ်မြို့နဲ့တစ်မြို့သွားတဲ့လမ်းတွေမှာ တစ်ညလုံး ကားတွေ အသွားအလာရှိပါတယ်တဲ့၊ လမ်းက လုံခြုံရေးစိတ်ချရလို့ တိုးရစ်တွေ ဟိုကူးဒီကူးသွားကြတာပါ။ ကျွန်တော်တို့ ဟိုတယ်ပြန်ရောက်တော့ သန်းခေါင်ကျော် (၁း၀၀)နာရီထိုးခါနီး ဖြစ်နေပါပြီ။ တနေကုန် ပင်ပန်းလာကြတော့ အခန်းကျဉ်းလေးထဲမှာ ကျွန်တော်တို့ငါးယောက် နေရာယူပြီးတာနဲ့ တစ်ခါတည်း မီးပိတ်အိပ်ကြတော့တာပါပဲ။ အဲယားကွန်းမဖွင့်ဘဲကို အေးစိမ့်နေတဲ့ ကင်မရန်းညမှာ ငါးယောက်သား ကျပ်ညပ်ပြီး ကွေးလိုက်ကြတော့ အေးမှန်းမသိတော့ဘူးပေါ့။ စိတ်ထဲမှာတော့ မနက်ကို နေမြင့်အောင် အားရပါးရအိပ်လိုက်မယ် တွေးထားပေမယ့် တကယ်ရောက်တော့ နံနက်(၇း၀၀)နာရီလောက် နေပွင့်လာတာနဲ့ ကျွန်တော်တို့ နိုးလာကြပါတယ်။ ဝရံတာကို ထွက်ကြည့်လိုက်တော့ မနက်နေရောင်နဲ့ တစ်မျိုးလှနေတဲ့ ကင်မရွန်းဟိုက်လင်း တောတွေတောင်တွေ၊ အပင်တွေ၊ ပန်းတွေကို မြင်ရပါတယ်။ ဟိုတယ်အပေါ်က ဆီးကြည့်ရတဲ့ ကြည်လင်တောက်ပနေတဲ့ ကင်မရွန်းဟိုက်လင်း မြင်ကွင်းဟာ မေ့မရစရာပါ။ ဗီဒီယိုရိုက်၊ ခါတ်ပုံတွေရိုက်နဲ့ ကျွန်တော်တို့ အလုပ်ရှုပ်ကြပြန်ပါတယ်။ နောက်ပြီးတော့မှ

အေးအေးဆေးဆေး ရေချိုးကြ၊ အဝတ်လဲကြနဲ့. (၉း၃၀)နာရီလောက်မှ ဟိုတယ်က ဘရိတ်ဖတ်စ်ကို ဆင်းစားကြပါတယ်။ စိတ်ဝင်စားစရာမကောင်းတဲ့ သမားရိုးကျ ဟိုတယ်ဘရိတ်ဖတ်စ်ပါ။ ကြက်ဥကြော်၊ ကြက်အချောင်းကြော်၊ ပေါင်မုန့်ထောပတ်တွေပါတဲ့ အနောက်တိုင်း ဘရိတ်ဖတ်စ်ပါ။ ကျွန်တော်တို့ စားချင်တာက မလေးရှားရောက်တုန်း မလေးစာ ဒါမှမဟုတ် အိန္ဒိယစတိုင် နံပြား၊ ပူရီ၊ ပလာတာနဲ့ပဲကို အားရပါးရ စား၊ မလေးတွေ သောက်လေ့ရှိတဲ့ မြန်မာ လက်ဘက်ရည်ဆိုင်နဲ့. တူတဲ့ တီးတာရက်လို့ ခေါ်တဲ့ မလေး လက်ဘက်ရည်ကို သောက်လိုက်ချင်တာ။ အခုလို ဘိုစာ ဘရိတ်ဖတ်စ်နဲ့. တွေ့တော့ စိတ်မပါလက်မပါ ဝတ်ကျေတန်းကျေ စားပြီး ဟိုတယ်က ချက်အောက်လုပ်ကြပါတယ်။ အခန်းက တစ်ခန်းထဲ၊ တည်းတာက လူငါးယောက် ယူလာတဲ့ ခေါင်းအုံး၊စောင်၊ ဂွမ်းကပ်၊ ပစ္စည်းတွေက တစ်ပုံတစ်ခေါင်း ရှုပ်ပျက်ဆင်းပျက် မနိုင်မနင်းသယ်ပြီး ဆင်းလာကြတာ၊ ဟိုတယ်ကောင်တာက မမြင်အောင် ပစ္စည်းတွေကို တစ်ခါတည်း ဓါတလေ့ကားနဲ့. ဘေ့စ်မင်ကားပါကင်ကို ယူသွားပါတယ်။ ပြီးတော့ ပစ္စည်းတွေကားထဲတင်၊ (၃)ယောက်က ဟိုတယ်ထဲကနေ ကားမောင်းတက်လာပြီး ဟိုတယ်ရှေ့မှာ စောင့်၊ သမီးကြီးနဲ့. မဝေက ဟိုတယ်ကောင်တာမှာ နှစ်ယောက်ထဲ တည်းတဲ့ ပုံစံမျိုးသွားပြီး ချက်အောက်လုပ်ပါတယ်။ ကင်မရွန်းမှာ ဟိုတယ်တစ်ခန်းထဲ ကျွန်တော်တို့. ငါးရောက်နေခဲ့တဲ့ ပုံစံကို သိအောင် ပြောပြတာပါ။ ကျွန်တော်တို့. နောက်ဆုံး ဟိုတယ်က ကားစထွက်လာတော့ မနက် ၁၀နာရီခွဲဖြစ်နေပါပြီ။ သမီးကြီးပဲ မောင်းပြီး ကျွန်တော်က ရှေ့ခန်း သမီးကြီးဘေးက ထိုင်ပါတယ်။ နောက်ခန်းမှာ သားလေး၊ ညီမ မဝေနဲ့. သားသမက် မိုးကြီးတို့. ထိုင်ကြပါတယ်။ ကျွန်တော်က သမီးကြီးကို ကားဘယ်လိုမောင်းသင့်တယ်ဆိုတာကို ပြောပြပါတယ်။ "သမီး၊ အဖေ အင်္ဂလန်ကပြန်လာပြီး ရန်ကုန်ရောက်တော့ တိုက်ခန်းလေးဝယ်ချင်တာနဲ့. နိုင်ငံခြားက ဝယ်လာတဲ့ ပါပလီကာလေးရောင်းပြီး မာဇဒါပရက်စ်တို ဆိုတဲ့ စျေးသိပ်မကြီးတဲ့ ကားလေး ဝယ်စီးလိုက်တယ်။ အဲတော့ ပိုထွက်လာတဲ့ ပိုက်ဆံနဲ့. ရွှေတောင်တန်းလမ်း အမှတ် (၁၃) အပေါ်ဆုံးထပ်မှာ ဝယ်ထားတဲ့ တိုက်ဖိုး ကြွေးတင်နေတာလေး ဖဲ့ဆပ်ရတယ်။ အဲဒီပရက်စ်တိုကားလေးစီးလိုက်တော့ အဖေကား အကြောင်း တော်တော်လေး နားလည်သွားတယ်။ ဘာလို့လည်း ဆိုတော့ ဒီကားလေး က အဖေ့ကို ကားပညာ မျိုးစုံသင်ပေးသွားတယ်။ ဘာလို့လဲ ဆိုတော့ ပရက်စ်တိုလေးက ဒီနေ. မော်တာပျက်တယ်၊ နောက်နေ. ဟွန်းကပ်တယ်၊ ပြီးတော့ ဘရိတ်ရှူးတွေ ညောင်တယ်၊ တစ်ခါ ဆီလိုင်းတွေ ဂျိုးပိတ်တယ်၊ တစ်နေ. တစ်မျိုးမရှိးစေရဘူး။ မျိုးစုံကို ပျက်ပြတယ်။ ဒါနဲ့. အမြဲတန်း ဘိုကလေး စျေးလမ်းက ကားဝပ်ရှော့ဆရာ ကိုအာမက် (ကွယ်လွန)ဆီကို အမြဲလို ရောက်တယ်။ စနေ၊ တနင်္ဂနွေတိုင်း ဝပ်ရှော့မှာ ကားပြင်ရတယ်။ ကြာတော့ ကားဝပ်ရှော့ဆရာ ကိုအာမက်နဲ့. ကျွန်တော်ဟာ ဆွေမျိုးအရင်းတွေလိုကို ရင်းနှီးသွားတာပါ။ ကိုအာမက်ဟာ ဘွဲ့မရပေမယ့်လို့. အင်္ဂလိပ်စာ သိပ်တော်တာ။ ဝပ်ရှော့ဆရာသာလုပ်နေပေမယ့်လို့. အင်္ဂလိပ်စာအုပ်မျိုးစကို ဖတ်တယ်။ အနောက်တိုင်း ယဉ်ကျေးမှုတွေ အားလုံးလည်း နားလည်တယ်။ ကားမောင်းတာနဲ့. ပတ်သက်လို့. သူပြောဘူးတာတစ်ခုကို အဖေမှတ်မိသေးတယ်။ တစ်နေ့တော့

ကားစမ်းရင်းနဲ့ ညနေ(၅း၀၀)နာရီလောက်မှာ အဖေ့ကို လေးထောင့်ကန်ဘက်ကို ကားနဲ့ခေါ်သွားပါတယ်။ အဲဒီတုန်းက လေးထောင့်ကန်၊ ရွာသာကြီးလမ်းဆိုတာ ဘာကားမှမရှိပါဘူး။ ဘေးတစ်ဘက်တစ်ချက်မှာ စိမ်းစိုနေတဲ့ စပါးခင်းတွေက မျက်စေ့တဆုံး၊ ပရက်စ်တိုကားလေးကို မှန်တွေချထားပြီး လေတဝူးဝူးနဲ့ ကားလေးကို တစ်နာရီကီလို ၄၀ လောက်ပဲ ဇိမ်လေးနဲ့ မောင်းသွားတယ်။ ပြီးတော့ သူကပြောတယ်"ဆရာ၊ အခုကားစီးရတာ ဘယ်လောက်အရသာရှိလဲ၊ ကားလမ်းကလည်း ရှင်းလင်းနေတော့ ကားစီးရတာ အရသာခံ၊ ပတ်ဝန်းကျင်သဘာဝအလှတွေကို ကြည်နူးခံစားပြီး ကားကို ဖြည်းဖြည်းလေးမောင်းသွားရတာ ဘယ်လောက်ကောင်းလဲ။ ကျွန်တော်အငယ်တုန်းက အလုပ်လုပ်ဘူးတဲ့ အင်္ဂလိပ်ကြီးက ပြောသွားခဲ့ဘူးတယ်။ ဒီလိုကားကို ဇိမ်ခံပြီး ဖြေးဖြေးလေးမောင်းတာကို ဂွူင်းဒရိုက်ဗင် (joy driving) လို့ ခေါ်တယ်တဲ့။ ကားကိုအရသာခံပြီး ဂွူင်းဒရိုက်ဗင် စီးရတာ ဘယ်လောက်ကောင်းလဲ" တဲ့။ လွန်ခဲ့တဲ့အနှစ်၂၀ကျော်က ကိုအာမက်ပြောသွားတဲ့ ဂွူင်းဒရိုက်ဗင်းကို မမေ့နိုင်ဘူး၊ သမီးကြီးကလည်း အခု ကင်မရွန်းဟိုက်လင်း တလျှောက်မှာ ဂွူင်းဒရိုင်ဗင်းပဲ မောင်းပေါ့။ အဖေတို့ ဘာမှလည်း လောစရာလည်း မရှိဘူး၊ အပို့ငှ်မင့်တွေလည်း မရှိ၊ စိတလွတ်ကိုယ်လွတ် အေးအေးလေးကို ဇိမ်ခံမောင်း၊ သွားချင်တဲ့နေရာသွား၊ ရောက်ချင်တဲ့ နေရာရောက်ပြီး လမ်းမှာ ရပ်ချင်တဲ့ နေရာရပ်၊ စားချင်တာစား၊ ဒါမှတကယ်ဟောလီးဒေးလေ။ စိတ်ထဲမှာ အနှောင်အဖွဲ့ ဘာမှမရှိပဲ စိတ်လွတ်ကိုယ်လွတ် နေရသွားရတဲ့ အပန်းဖြေခရီးစဉ်ဆိုတာကို အဖေတို့ ခံစားကြည့်ကြရအောင်" လို့ အရှည်ကြီး ပြောလိုက်ပါတယ်။ အဲတော့မှ သမီးကြီးက "ဟုတ်တယ်အဖေရေ၊ ဒီလောက်တောတွေ၊ တောင်တွေ၊ နှင်းဆီခင်း၊ လက်ဘက်စိုက်ခင်းတွေနဲ့ သာယာနေတဲ့ ကင်မရွန်းဟိုက်လင်းက နိမ့်မြင့်၊ ကွေ့ကောက်သွားနေတဲ့ ကားလမ်းလေးမှာ ဇိမ်ခံပြီး အဖေပြောသလို ဂွူင်းဒရိုက်ဗင်း ပုံစံမောင်းသွားကြရအောင်နော်" ဆိုပြီး ကျွန်တော်တို့ဟိုတယ်ကထွက် ဘရင်ချမ်းမြို့လေး ဘက်ဆီကို ဦးတည်ပြီး မောင်းခဲ့ပါတယ်။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခခင်မောင်ဝင်း (အသည်း)


Money Changers
Premier Check-In Lounge



Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင် (အပိုင်း - ၃၁)

မလေးရှားခရီးစဉ်(အဆက်)

မလေးရှားနိုင်ငံ ကင်မရွန်းဟိုက်လင်းက ဘရင်ချမ်း၊ ရင်းဂလက်နဲ့ တာနာရာတမြို့လေးတွေကို သွားခဲ့တဲ့အကြောင်း ပြောပြနေပါတယ်။

ဘရင်ချမ်း

ကျွန်တော်တို့ ကင်မရွန်းဟိုက်လင်းမှာ ရှိတဲ့ ဘရင်ချမ်းမြို့လေးနားက ဟောလီးဒေး အင်း ဟိုတယ်မှာ တစ်ညအိပ်ပြီး နောက်တစ်နေ့မှာ ထွက်ခဲ့ပါတယ်။ ကားကို သမီးကြီးကမောင်း၊ ကျွန်တော်က ရှေ့ခန်းဘေးကထိုင်ပြီး ဟိုတယ်ကနေ စိတ်အေးလက်အေးနဲ့ ဘရင်ချမ်းမြို့ကို ဦးတည်ပြီး ထွက်ခဲ့တာပါ။ အစီအစဉ်ကတော့ ဘရင်ချမ်း၊ ရင်းဂလက်နဲ့ တာနာရာတ မြို့လေးတွေကိုဝင်၊ ကင်မရွန်းဟိုက်လင်းကနေ ပြန်ဆင်း၊ ကျွန်တော်တို့နဲ့ အတူလိုက်လာတဲ့ ညီမ မဝေကို ကေအယ်လ်က သူ့အိမ် ခဏဝင် ထားခဲ့ပြီး စက်ဘူပြန်မယ့် အစီအစဉ်ပါ။ ဒါ ကျွန်တော်တို့ အာရှတိုက်သားတွေရဲ့ ပုံမှန် လုပ်ရိုးလုပ်စဉ် စံနမူနာ၊ တိုးရစ်ခရီးစဉ် သွားနည်းပါ။ ဆိုလိုတာက အာရှတိုးရစ်တွေဟာ ဘယ်နိုင်ငံ ဘယ်ကိုသွားသွား၊ နေရာ တစ်နေရာမှာ ခဏလေးနေ၊ ခါတ်ပုံရိုက်ပြန်ထွက် စနစ်ဆိုတော့ အဲဒီ နေရာဒေသကို သေချာကြည့်ရှု လေ့လာမယ်ဆိုတာထက် ရောက်ဘူးတယ်ဆိုတဲ့ နာမည်ကိုပဲ လိုချင်သလို ဖြစ်နေပါတယ်။ ပြီးတော့ ကျွန်တော်တို့တတွေဟာ ဟောလီးဒေးလို့ခေါ်တဲ့ သေသေချာချာ အနားယူ၊ ရက်အားယူတဲ့ အလေ့အကျင့်လည်း မရှိတတ်ကြပါဘူး။ အနောက်တိုင်းသားတွေကတော့ ရက်အား ဟောလီးဒေးကိုလည်း သတ်သတ်မှတ်မှတ်ယူကြတယ်။ ပြီးတော့ ဘယ်နေရာကိုသားသွား ရက်ကြာကြာနေ၊ စနစ်တကျ လေ့လာအနားယူပြီး တကယ့် တိုးရစ် အစစ်တွေလို ကျင့်ကြံနေထိုင်ကြတယ်။ ကျွန်တော်တို့လုပ်နေတာ ရောက်တော့ အဲလို မဟုတ်ဘူး။ အခု ကျွန်တော်တို့ ကင်မရွန်းဟိုက်လင်း လာတာကို ကြည့်လေ။ ကင်မရွန်ဟိုက်လင်းကို ကျွန်တော်တို့ ရောက်တယ်၊ တစ်ညအိပ်တယ်၊ နောက်တစ်နေ့မနက် အစော ပြန်ထွက်လာတယ်။ ကင်မရွန်းဟိုက်လင်းရဲ့ ထူးခြားတဲ့ နေရာလေးတွေ ကြည့်စရာ မှတ်စရာတွေကိုလည်း ဘာမှ မလေ့လာ၊ ကြုံသလို တွေ့တာမြင်တာကို မှတ်ခဲ့တာပဲ။ စဉ်းစားကြည့်တော့ ငါတို့ ကင်မရွန်းဟိုက်လင်းကို ရောက်ဘူးပြီကွလို့ အော်လို့ရရုံလောက်ပဲနေခဲ့တယ်လို့ ပြောရမှာပါ။ ကိုယ့်ကိုကိုယ် ဝေဖန်ရမယ် ပြောရမယ်ဆိုရင်တော့ ဆောင်းပါး ရေးလို့ဖြစ်ရုံလောက် သွားခဲ့တယ်လို့ ပြောရမလားပဲ။ အနောက်တိုင်းသား တိုးရစ်တွေသာဆိုရင် ကင်မရွန်းဟိုက်လင်းဆိုတာ ဘယ်လိုလဲ ဆိုတာကို ကြိုပြီး စာအုပ်တွေ ဖတ်မယ်၊ အင်တာနက်မှာ လေ့လာမယ်၊ ကေအယ်လ်ကနေ ဘယ်လောက်ဝေးလဲ၊ အမြင့်ပေ

ဘယ်လောက်ရှိလို့ ရာသီဥတုက ဘယ်လိုအခြေအနေလဲ၊ ဘာတွေလေ့လာစရာရှိလို့ ဘာတွေကြည့်စရာရှိလ ဆိုတဲ့ "လဲ" ပေါင်းများစွာကို သိအောင်လုပ်ခဲ့မယ်၊ ပြီးတော့ ကျွန်တော်တို့လို ရောက်ပြန်ခရီးစဉ်မျိုး မဟုတ်ဘဲ သုံးလေးရက်ကနေ တစ်ပတ်လောက် ကြာအောင်နေကြမယ်။ နောက်ပြီး သူတို့တွေဟာ လေ့လာရေး သက်သက် မဟုတ်ဘဲ ဟောလီးဒေးအနေနဲ့ စိတရောကိုယ်ပါ အပန်းဖြေဖို့ လာတာ။ ကျွန်တော်တို့ကတော့ အကြောင်းအမျိုးမျိုးကြောင့် အဲဒီလိုအပန်းဖြေ ဟောလီးဒေးပုံစံမျိုးလည်း အကြာကြီး မနေနိုင်ကြပါဘူး။ ဒီနေရာမှာ ကြံကြိုက်တုန်း ဟောလီးဒေး (holiday) ဆိုတဲ့ ကိစ္စကို ပြောပြချင်ပါသေးတယ်။ ဟောလီးဒေးဆိုတာ လပြည့်နေ့၊ သင်္ကြန်ရုံးပိတ်ရက်တို့လို အဓိပ္ပါယ်ရတဲ့အပြင် ဒစ်ရှင်နာရီထဲမှာ တခြားဆိုလိုချင်တာ ရှိပါသေးတယ်။ အဲဒါကတော့ (An extended period of revelation, especially away from home) တဲ့။ ပြောချင်တာက ဟောလီးဒေးဆိုတာ အချိန်ကြာကြာ အပမ်းဖြေတာပါတဲ့။ အထူးသဖြင့် ကိုယ့်အိမ်မှာ မဟုတ်ဘဲ အခြားရပ်ဝေးတစ်နေရာရာကို သွားပြီးနေတာကို ဟောလီးဒေးလို့ ခေါ်ရမှာပါတဲ့။ အဲလို အနားယူ ဟောလီးဒေးမျိုးကို ဥရောပတိုက်မှာ သိပ်ကို အရေးပေး အလေးထားကြတာ တွေ့ခဲ့ရပါတယ်။ ကျွန်တော် ယူကေနိုင်ငံမှာ (၂)နှစ်ကြာ ဘွဲ့လွန်အသည်းရောဂါ ပညာသင်ခဲ့ရတုန်းက အင်္ဂလိပ်တွေနဲ့ အတူသွားအတူလာ နေခဲ့ဖူးပါတယ်။ အင်္ဂလိပ်တွေဟာ ဥရောပတိုက်သားတွေလောက် ဟောလီးဒေးကို အားမပေးပါဘူး။ အင်္ဂလိပ်နဲ့ ပြင်သစ်ဟာ ရေလက်ကြား မိုင် (၂၀)ကျော်ကျော်လေးပဲဝေးပေမယ့် ဟောလီးဒေးစနစ်ကတော့ တော်တော်လေးကို ကွာခြားပါတယ်။ ကျွန်တော်ဟာ ပြင်သစ်တွေနဲ့ တရင်းတနှီး တစ်နှစ်လောက် အတူတူနေခဲ့ဖူးတော့ ပြင်သစ်တွေရဲ့ ဟောလီးဒေးအရေးပေးပုံ၊ အသားပေးပံတွေကို အနီးကပ်သေသေချာချာ တွေ့ခဲ့ရဖူးပါတယ်။ ပြင်သစ်လို ဗားကွန်စ်လို့ခေါ်တဲ့ ဟောလီးဒေးဟာ ပြင်သစ်တွေအတွက် တစ်နှစ်ကို တစ်လ မယူမနေရပါ။ ဒီဟောလီးဒေးကာလအတွင်းမှာ ကိုယ့်အတိုင်းတာနဲ့ကိုယ် အရပ်တကာ၊ နိုင်ငံတကာကို ပြင်သစ်တွေ ဟောလီးဒေးထွက်ကြတော့တာပါပဲ။ ခနက ပြောခဲ့တဲ့ ဒစ်ရှင်နာရီထဲမှာပါတဲ့ ဟောလီးဒေးရဲ့ အဓိပ္ပါယ် ရှင်းလင်းချက်ထဲက away from home ဆိုတဲ့ အတိုင်းပဲ ပြင်သစ်တွေဟာ ဟောလီးဒေးကာလမှာ အိမ်မှာမနေကြတော့ဘဲ ဟောလီးဒေးရီဆော့ (holiday resort) ဆိုတဲ့ အနားယူအပမ်းဖြေဖို့ ပြင်ဆင်ထားတဲ့ နေရာလေးတွေကို သွားကြပါတယ်။ ကျွန်တော် လုပ်ခဲ့တဲ့ ဟင်နရီမွန်ရိုး ဆေးရုံကြီးမှာဆိုရင် ဗားကွန်စ်ဟောလီးဒေးရာသီရောက်ပြီဆိုတာနဲ့ သန့်ရှင်းရေးအလုပ်သမားကနေ ပါမောက္ခတွေအထိ အကုန်လုံးပဲ ခရီးတွေ အလျှိုအလျှို ထွက်ကြတော့တာပါပဲ။ သူတို့ရဲ့ ဟောလီးဒေးလဟာ ဇူလိုင်၊ ဩဂုတ်နဲ့ စက်တင်ဘာလပါ။ အဲတော့ ဌာနတစ်ခုမှာရှိတဲ့ ဝန်ထမ်းတွေဟာ တစ်ယောက်နဲ့တစ်ယောက်ညှိကြပြီး ဘယ်သူက ဘယ်နေ့ကို ရက်အားယူမယ်၊ ခရီးထွက်မယ်ဆိုတာကို တွက်ချက်ပြီး ဌာနကြီး အလုပ်မပျက်အောင် စီစဉ်ကြတယ်။ ဒါပေမယ့် ဟောလီးဒေးဆီဇင် (holiday season) ရဲ့ အမြင့်ဆုံးအချိန် ပီစ် (peak) ကာလ ဇူလိုင်လမှာတော့ ပြင်သစ်နိုင်ငံက အလုပ်ဌာနတွေ အားလုံးမှာ ဘယ်သူမှ

သိပ်အလုပ်မလုပ်ကြတော့ပါဘူး။ ပြင်သစ်တွေ ဟောလီးဒေးသွားကြတဲ့ နေရာတွေကတော့ ပြင်သစ်နိုင်ငံရဲ့တောင်ပိုင်း (South of France) က ကမ်းခြေတွေကိုပါ။ ဆောင်းတွင်းရာသီဥတုရဲ့ ဆိုးဝါးတဲ့ မှောင်မှိုင်းထုံထိုင်း ရာသီဥတုကနေ လွတ်မြောက်ပြီး အရမ်းတမ်းတမြော်လင့်နေတဲ့ နေရောင်ခြည်တွေနဲ့ ဖြူဖွေးနေတဲ့ သဲသောင်ပြင်၊ ပြာလဲ့လဲ့ ပင်လယ်ပြင်ရှိရာ အရပ်တွေကို သွားကြတယ်၊ နားကြတယ်။ ဟောလီးဒေးကာလအတွင်းမှာ အသားတွေ နေထိပြီး ညိုနေတဲ့ ဆန်းတင်း (suntan) ရလာအောင် လုပ်တယ်။ မြန်မာတွေက ဘီ(ချ်) (beach)ကိုသွားရင် အသားညိုမသွားအောင် ဆန်းတင်း (suntan) မရအောင် ကာကွယ်တဲ့ (protection cream) လိမ်းတယ်။ ပြင်သစ်တွေရောက်တော့ အိမ်ပြန်ရင် ဘီ(ချ်)ကပြန်လာတယ်ဆိုတာ လူတိုင်းသိအောင် ညိုမဲမှောင်နေတဲ့ အသားအရေ ဆန်းတင်း (suntan) ရအောင် လုပ်ကြတယ်။ အဲလိုဖြစ်အောင် မြန်မာတွေနဲ့ဆန့်ကျင်ဘက် ဆန်းတင်းကရင် လိမ်းပြီး နေပူထဲမာ နေပူစာလှုံကြတယ်။ ကွာတာကအဲလိုတွေ။ ဟောလီးဒေးပြီးလို့ ကျောင်းတွေဖွင့်၊ ရုံးတွေဖွင့်လို့ တစ်ယောက်နဲ့တစ်ယောက် ပြန်တွေ့ကြရင် ဘယ်သူက ဘယ်လောက် နေရောင် ဆန်းတင်းရှိတယ်ဆိုတာကို ပြိုင်ကြတယ်။ ပိုက်ဆံရှိတဲ့လူက ခပ်ဝေးဝေးပင်လယ်ကမ်းခြေတွေကို သွားနိုင်တော့ ဆန်းတင်းပိုပြီးရတယ်။ သူတို့ရဲ့ ဟောလီးဒေး လူ့အဆင့်အတန်းသတ်မှတ်ချက် ဆိုရှယ်စတေးတပ်စ် (social status) ကို ပြတာဟာ ဆန်းတင်းပဲ။ ဒီလို အတွေးအခေါ်အယူအဆတွေရှိတဲ့ ပြင်သစ်နိုင်ငံမှာ နေရတဲ့ မြန်မာကလေးတွေအဖို့ ဟောလီးဒေးပြီးရင် အခက်အခဲရင်ဆိုင်ရပါတယ်။ ဘာလို့တုန်းဆိုတော့ ကျောင်းဖွင့်ပြီဆတာနဲ့ ကျောင်းသား အချင်းချင်း တွေ့တ့်အခါ "ဟောလီးဒေး မင်း ဘယ်သွားလဲ" ဆိုပြီး သူငယ်ချင်းတွေက ဝိုင်းမေးကြတဲ့ မေးခွန်းနဲ့ မြန်မာကလေးတွေ ရင်ဆိုင်ရတော့တာပဲ။ မြန်မာကလေးတွေက ဟောလီးဒေးလည်း သွားမထား၊ အသားအရေတွေကလည်း ဟောလီးဒေးပြန် ပြင်သစ်ကလေးတွေလို ညိုမဲမှောင်နေတဲ့ ဆန်းတင်း (suntan) လည်းမရှိ၊ အဲတော့ ဟောလီးဒေးမှာ ဘာလုပ်တယ်၊ ဘယ်သွားတယ်ဆိုတာတွေကို တောင်ပြောမြောက်ပြော လျှောက်ပြောရတော့တာပါပဲ။ အဲလောက်တောင် ဟောလီးဒေးကို အလေး ထားကြတဲ့ ပြင်သစ်တွေပါ။ ဒီလို တစ်လ အပြည့်အဝ ဟောလီးဒေးသွားလိုက်ရင် အိုင်ဒီယာ အသစ်တွေပေါ် အလုပ်တွေ ဆထက်ထမ်းပိုး တစ်နှစ်လုံး လုပ်နိုင်တယ်လို့ ယူဆကြပါတယ်။ ဒါဟာ သူတို့ရဲ့ ဟောလီးဒေး အနားယူတဲ့ အယူအဆပါ။

ပြီးတော့ ဥရောပတိုက်သားတွေဟာ ဟောလီးဒေးသွားကြမယ်ဆိုရင် ခရီးသွားမယ့်နေရာအကြောင်းကို ကြိုပြီးစာတွေဖတ်၊ ဟိုမေး၊ ဒီမေး လေ့လာတယ်။ အဲလို လေ့လာတယ်ဆိုတာမျိုးလည်း အာရှတိုက်သား အများစုမှာ လုပ်လေ့လုပ်ထမရှိကြဘူး။ ဥပမာ ကျွန်တော်တို့ မြန်မာတွေ ဘုရားဖူး သွားကြတာကို ပြောရမယ်ဆိုရင် ပုဂံ သွားမယ်ဆိုပါစို့။ အများစုဟာ ပုဂံအကြောင်း၊ ပုဂံဘုရားတွေရဲ့ သမိုင်း၊ ပုဂံခေတ်ရဲ့ ထူးခြားတာတွေ၊ အဲဒါတွေကို ဘာမှ ကြိုတင်မဖတ်၊ မလေ့လာပဲ ဒီတိုင်းသွားကြတာပါ။ မရှက်မကြောက် ဝန်ခံရမယ်ဆိုရင် အရှေ့တိုင်းသား တိုးရစ်တွေ ခရီးသွားပုံက အနောက်တိုင်းသားတွေနဲ့ ပုံစံတော်တော်ကို ကာခြားပါတယ်လို့ ပြောရပါမယ်။ ဘယ်လိုတွေ ကွာတာလဲဆိုတာ ပြောပြပါမယ်။ လွန်ခဲ့တဲ့

(၇)နှစ်လောက်က ကျွန်တော် ပြင်သစ်နိုင်ငံ ပဲရစ်မှာ (၁)နှစ်ကြာ အသည်းရောဂါပညာ သင်ခဲ့တုန်းက ကျွန်တော့်ရဲ့ ဆရာ အသည်းရောဂါ ပါမောက္ခ ဒူးမိုးနဲ့ သ.ရ. ဇနီး မျက်စိပါမောက္ခ မာတင်းတို့ ရန်ကုန်ကို လာလည်ပါတယ်။ ဆရာ့ရဲ့ ဇနီးမာတင်းဟာ ရွှေတိဂုံဘုရားကို (၄)ခေါက်တိတိ ပြန်တက်ပါတယ်။ စာအုပ်လေးဖတ်လိုက် လေ့လာလိုက်နဲ့ စာအုပ်ထဲမှာ ရေးထားတဲ့ သိသင့်ကြည့်သင့်တဲ့ ရွှေတိဂုံဘုရားပေါ်က နေရာတွေ အကုန်လုံးကို လိုက်ကြည့်ပါတယ်။ ကျွန်တော၇နီးက သူ့ကို အဖော်လုပ်ပြီး ရွှေတိဂုံဘုရားပေါ် လိုက်သွားရတော့ မာတင်းက ကျွန်တော့်ဇနီးကို နှစ်ပြားတန်ဆောင်းဇရပ်ရဲ့ သမိုင်းကြောင်းကို သိလားလို့ မေးလို့ ကျွန်တော့်ဇနီးမှာ တော်တော် ဒုက္ခရောက်သွားခဲ့ရဘူးပါတယ်။ သူတို့တတွေဟာ ဘယ်ကိုသွားသွား ဘာကိုပဲ လေ့လာလေ့လာ တကယ်ကို ဂဃနဏ စနစ်တကျ လေ့လာကြတဲ့ တိုးရစ်တွေပါ။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော့်သားလေး ထူးခိုင်ဝင်းနဲ့ ကျွန်တော် ပြင်သစ်နိုင်ငံ ပဲရစ်မြို့ လေ့လာရေး တိုးရစ်ခရီးစဉ်အကြောင်း ပြောပြချင်ပါသေးတယ်။ ၂၀၀၅ခုနှစ် ဧပြလမှာ ကျွန်တော် ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ လုပ်တဲ့ ဥရောပ အသည်းရောဂါလေ့လာရေးအဖွဲ့ (European Association for the Study of Liver EASL) ရဲ့ နှစ်ပတ်လည် အစည်းအဝေးကို တက်ခွင့်ရပါတယ်။ အဲဒီအစည်းအဝေးသွားတက်မည့် အချိန်ဟာ သင်္ကြန်တွင်းကြီး ဖြစ်နေတာနဲ့ ကျောင်းပိတ်ထားတဲ့ သားလေး ထူးခိုင်ဝင်းကို ခေါ်သွားပါတယ်။ ကျွန်တော်က ၁၉၉၁ခုနှစ်မှာ ပဲရစ်ကို အသည်းရောဂါ ပညာသင်ကြားလေ့လာ သုတေသနပြုဖို့ (၁)နှစ် နေဘူးပါတယ်။ အဲဒီတုန်းက ကျွန်တော့်ကို ပဲရစကမြန်မာ သံရုံးရဲ့ တရားဝင် ဆရာဝန်အဖြစ် ခန့်ထားတော့ သံရုံးကို အမြဲရောက်ပါတယ်။ သံရုံးမှာ မြန်မာပြည်က လာတဲ့ အစည်းအဝေးလာတက်တဲ့ သူတွေ၊ လေ့လာရေးအဖွဲ့ ဒယ်လီဂေးရှင်းတွေနဲ့ မကြာမကြာတွေ့ရပါတယ်။ သံရုံးက အကူအညီတောင်းတာနဲ့ အဲဒီ မြန်မာအဖွဲ့တွေ ပဲရစ်မှာ (၁)ညအိပ်လောက် တည်းဖို့ ရောက်လာတယ်ဆိုရင် ကျွန်တော်က ပဲရစ်ကို လိုက်ပြရပါတယ်။ မြန်မာတစ်သိုက်က ကျွန်တော်က ရှေ့က ခေါင်းဆောင်သွားပြီးတော့ လာကြ၊ လာကြ ဒါ အီဖယ်လ် မျှော်စင်၊ တက်မနေနဲ့ ပိုက်ဆံကုန်တယ်၊ မြင်ဘူးပြီးရော၊ ဓါတ်ပုံရိုက်ကြ၊ ပြီးရင် နောက်တစ်နေရာဆက်ရအောင် လာဆိုပြီး ကျွန်တော်က ရှောင်ဆီလဇေးဈေးလမ်းမကြီးဆီကို ခေါ်သွားပါတယ်။ ဒါခင်ဗျားတို့ ရုပ်ရှင်ထဲမှာ ပဲရစ်မြို့အကြောင်းပြရင် အမြဲတမ်းပြလေ့ရှိတဲ့ လမ်းမကြီးလေ။ (Champs Elysees)လို့ စာလုံးပေါင်းထားပေမယ်လို့ ရှောင်ဆီလဇေးလို့ အသံထွက်ရတယ်။ ကင်းဝန်မင်းကြီးကတော့ ရှောင်ဆီလီဈေး လမ်းမကြီးလို့ မြန်မာမှုပြုပြီး ရေးသွားတယ်။ လာ ဓါတ်ပုံတွေ ရိုက်ကြလေ။ အဲလိုနဲ့ ပဲရစ်မြို့ရဲ့ အထင်ကရ နေရာတွေကို တစ်နေရာပြီး တစ်နေရာ ဖျတကနဖျတကနဲ့ လိုက်ပြ၊ ဓါတ်ပုံရိုက်ခိုင်းရပါတယ်။ ပဲရစ်မှာ ခဏရောက်လာတဲ့ မြန်မာတွေကို အဲလို လိုက်ပြရတာ ကိုယ့်ကိုယ်ကို ဘာနဲ့ တူသလဲလို့ တွေးကြည့် လိုက်တော့ "ဩော် ငါလည်း ရန်ကုန်က ဘုန်းကြီး တောကနေ ရန်ကုန်လာလည်တဲ့ ဒကာ၊ ဒကာမတွေကို ရန်ကုန်တခွင် လိုက်ပြတာနဲ့ တူပါလား။ လာကြ၊ မယ်လမုသွားမယ်၊ ရွှေတဂုံဘုရားပေါ်တက်၊ ပြီးတော့ ဆူးလေဘုရား၊ နောက်ဆုံး တိရစ္ဆာန်ရုံ ခေါ်သွား အဲဒီ တိုးဂိုက်ဘုန်းကြီးလို ဖြစ်နေပါလား" လို့ စိတ်ထဲမှာ ထင်လာမိပါတယ်။

ဒီလို ပဲရစ်မှာ မြန်မာတိုးဂိုက်လုပ်ဘူးတဲ့ ကျွန်တော်ဟာ သားလေး ထူးခိုင်ဝင်းကို မိုနာလီဇာပန်းချီကားနဲ့ ဗီးနပ်စ်ရူပ်ထုရှိတဲ့ နာမည်ကြီး 'လူ့(ဗ်)' ပြတိုက်ကြီးကို ခေါ်သွားပါတယ်။ သားအဖနှစ်ယောက် ပြတိုက်ကြီးကို လျှောက်ပြီး ကြည့်တာ နာရီဝက်နဲ့ ပြီးသွားတယ်။ အနောက်တိုင်း တိုးရစ်တွေနဲ့ ကျွန်တော်တို့ကွာတာ တစ်ခု ထပ်ပြောရမယ်ဆိုရင်တော့ ဘယ်နေရာကို သားသွား ကျွန်တော်တို့က အားရပါးရ ကိုယ့်ပုံကို ဓါတ်ပုံတွေ ရိုက်ကြတယ်၊ ရှေးဟောင်းသမိုင်း ပြတိုက်ကြီးကို (၁၀)မိနစ်လောက်နဲ့ လျှောက်ကြည့်တယ်၊ ပြတိုက်ကြီးထဲမှာ ရူပ်ထုတွေ ဘက်ဂရောင်းထားပြီး စတိုင်မျိုးစုံ အမူအရာတွေလုပ် ဓါတ်ပုံတွေ ရိုက်ကြတယ်။ ဒီအကြောင်းနဲ့ ပတ်သက်လို့ ပြောရဦးမယ်ဆိုရင် ကျွန်တော်နဲ့ သားလေး ထူးခိုင်ဝင်း 'လူ့(ဗ်)' ပြတိုက်ကြီးထဲ ဝင်လိုက်တာနဲ့ "လာ ဒို့မိုနာလီဇာ ပန်းချီကားဆီ တန်းသွားရအောင်" ဆိုပြီး တခြားသမိုင်းဝင် ပန်းချီကားနဲ့ ရူပ်ထုတွေကို ကျော်ဖြတ်ပြီး အမောတကောနဲ့ မိုနာလီဇာ ရှေ့ရောက်တယ်။ ကမ္ဘာကျော်မိုနာလီဇာ ပန်းချီကားထဲက အမျိုးသမီးရဲ့ အပြုံးဟာ သိပ်ပြီး လျှို့ဝှက်လွန်းလို့ ဘယ်လို အဓိပ္ပါယ်ဖော်ရမှန်း မသိဘူးဆိုပြီး ဒီပန်းချီကားဟာ နာမည်ကြီးတာပါ။ ဒါကြောင့် လု(ဗ်) ပြတိုက်ကို လာပြီး မိုနာလီဇာ ပန်းချီကားကြီးကို ကြည့်ကြတဲ့ လူတွေဟာ နာရီနဲ့ ချီကြည့်ကြပြီး မိုနာလီဇာရဲ့အပြုံးကို အဓိပ္ပါယ်ဖော်ဖို့ လေ့လာကြိုးစားကြတယ်။ သိပ်ကို နာမည်ကြီးတဲ့ မိုနာလီဇာရဲ့ အပြုံးပါ။ ကျွန်တော်တို့ သားအဖ မိုနာလီဇာ ပန်းချီကားကို ဘယ်လိုလေ့လာတယ် ဆိုတာပြောပြပါမယ်။ ပန်းချီကားရှေ့ရောက်လို့ လှမ်းကြည့်လိုက်တော ပြတိုက်စောင် လုံခြုံရေးအရာရှိတွေက "ဓါတ်ပုံမရိုက်ရပါဘူး၊ အဲလိုဓါတ်ပုံရိုက်ရင် ပန်းချီကားကြီးတွေ ပျက်စီးနိုင်ပါတယ်" ဆိုပြီး အော်နေပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရှေ့ကလူအုပ်ကို ကြည့်လိုက်တော့ ဓါတ်ပုံတွေ တဖျတ်ဖျတ်ရိုက်နေတဲ့ ဂျပန် တိုးရစ်တွေကို တွေ့ရတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း မထူးတော့ဘူးဆိုပြီး "သားလေး မင်း ပန်းချီကားရှေ့ သွားရပ်၊ အဖေ ဓါတ်ပုံ ရိုက်ပေးမယ်" ဆိုပြီး ဖျတခနဲ ရိုက်လိုက်တယ်။ ဒီလိုနဲ့ ကျွန်တော်တို့ရဲ့ ထူးဆန်းလျှို့ဝှက်တဲ့ အပြုံးပိုင်ရှင် မိုနာလီဇာ ပန်းချီကား လေ့လာရေးဟာ (၂)မိနစ်လောက်နဲ့ ပြီးသွားပါတယ်။ အဲလိုဓါတ်ပုံတွေ ရိုက်ပြီးတာနဲ့ ကျွန်တော်တို့ကသောကမျှော ဗီးနပ်စ်ရူပ်ထု ဆီကို ဆက်သွားပြီး ဗီးနပ်စ် ဘက်ဂရောင်းနဲ့ ဓါတ်ပုံမျိုးစုံ တစ်ယောက်တစ်လှည့် ရိုက်ကြပြန်ပါတယ်။ ဒီလို ဓါတ်ပုံတွေရိုက်ရင်းကနေ ဗီးနပ်စ်ရူပ်ထုရှေ့မှာ သားအဖနှစ်ယောက်တွဲပုံ ရိုက်ချင်လာပြန်ပါတယ်။ အနောက်တိုင်းသားတွေကို ဓါတ်ပုံရိုက်ခိုင်းရမှာလည်း အားလည်းနာ၊ ရှက်လည်းရှက်တော့ ဘေးမှာ အာရှတိုက်သားပုံစံပေါက်တဲ့ လူတစ်ယောက်ယောက် ဖြတ်သွားရင် "တို့နှစ်ယောက်ပုံကို မင်း ရိုက်ပေးနိုင်လား" ဆိုမေးပြီး၊ သားအဖနှစ်ယောက် စုံတွဲဓါတ်ပုံ ရိုက်ခိုင်းပြန်ရော။ ကျွန်တော်တို့တတွေဟာ ပန်းချီကားပုံ၊ ရူပ်ထုပုံတွေကို ဦးစားပေးမရိုက၊ ကမ္ဘာကျော် သမိုင်းဝင်တွေကို ဘက်ဂရောင်းပဲထား၊ ကိုယ့်ပုံကို ဦးစားပေး ဓါတ်ပုံတွေ ရိုက်ကြတာပါ။ ခုနကပြောခဲ့တဲ့ ကျွန်တော့်ဆရာ ပါမောက္ခ ဒူးမိုးဟာ ဓါတ်ပုံရိုက်တာကို သိပ်ဝါသနာပါတဲ့သူပါ။ သူ့ရဲ့ကင်မရာကြီးကလည်း အကြီးကြီး။

သူခရီးသွားရင် ဓါတ်ပုံရိုက်တာရောက်တော့ တစ်မျိုးပါ။ လန်ခဲ့တဲ့ အနှစ်(၂၀)လောက်က သူတစ်ယောက်တည်း ပြင်သစ်မြန်မာအစိုးရအချင်းချင်း ပညာရေးပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်နဲ့ ဆေးသုတေသန ဦးစီးဌာနက ကျွန်တော်တို့ရဲ့ဌာနခွဲကို တစ်ပတ်ကြာလေ့လာရေးလာရင်းနဲ့ မြန်မာပြည်ကို တစ်ခါလာဘူး ပါသေးတယ်။ အဲဒီတုန်းက ရွှေတိဂုံဘုရားနားက မဟာဝိဇယ စေတီတော်ကြီးဟာ ဆောက်လျက်တန်းလန်းပါ။ သူက ပထမဆုံး ရွှေတိဂုံဘုရားတက်ပြီး ဓါတ်ပုံတွေရိုက်ပါတယ်။ ရွှေတိဂုံဘုရား ပေါ်မှာ ခေါင်းလောင်းတွေ၊ ထောင့်လေးထောင့်က ဂြိုလ်နဲ့ တိရစ္ဆာန်ပုံတွေ အမျိုးစုံအောင်ကို ရိုက်ပါတယ်။ ကျွန်တော်က မင်း ရွှေတိဂုံဘုရားပေါ်မှာ အမှတ်တရ ဓါတ်ပုံရိုက်ပါလား ဆိုတော့ "မရိုက်ဘူး ငါ့ပုံကိုရိုက်တာထက် ဘုရားပုံ တွေကို မှတ်တမ်းတင်တာက ပိုအရေးကြီးတယ်" တဲ့။ ပြီးတော့ မှတ်လောက်သားလောက် ပြောသွားသေးတာက "ဒီရွှေတိဂုံဘုရားကြီးထက် အခုလောလောဆယ် ငါ ပိုစိတ်ဝင်စားတာက ဟိုဘက်က ဆောက်လက်စ ဘုရားကြီးပဲ" တဲ့။ "အဲဒီမဟာဝိဇယဘရား တည်နေတာကို အခုဓါတ်ပုံရိုက် မှတ်တမ်းတင်မထားရင် နောကနောင်မှာ ဒီလို ဘုရားတည်နေတုန်း ဆောက်လက်စ ပုံတွေရနိုင်တော့မှာ မဟတ်တော့ဘူး။ ရွှေတိဂုံဘုရားကြီးကတော့ ဘယ်အချိန်လာပြီး ဓါတ်ပုံရိုက်ရိုက် ရိုက်လို့ရတယ်။ ဒါကြောင့် အခုအချိန်မှာတော့ ငါ့အတွက် ဆောက်လက်စ ဘုရားကြီးက ပိုပြီးအရေးပါတယ်"တဲ့။ မှတ်ကရောပဲလို့ တွေးလိုက်မိပါတယ်။ အဲလ ရိုက်သင့်တဲ့ပုံတွေကို မရိုက်ဘဲ လူပုံတွေကို ဦးစားပေးပြီး ဓါတ်ပုံရိုက်တတ်လွန်းလို့ လူတွေကိုကြည့်လိုက်ပြီး ဓါတ်ပုံရိုက်ကြတဲ့အတွက် အနောက်တိုင်းသားတွေက အာရှတိုက်သားတွေကို "Japanese tourist" လို့ တင်စားပြီး ပြောလေ့ရှိပါတယ်။ ဘာလို့လဲဆိုရင် ဂျပန်တိုးရစ်တွေလာရင် ဒစ်ဂျစ်တယ်ကင်မရာ၊ ရိုးရိုးကင်မရာ၊ ဆလိုက်တွေထုတ်တဲ့ ကင်မရာ၊ စုစုပေါင်း ကင်မရာသုံးလုံးလောက်ကိုင်ပြီး ရိုက်လိုက်တဲ့ဓါတ်ပုံ၊ ကိုယ့်ဇနီးပုံ၊ သားသမီးတွေပုံ၊ အမျိုးအဆွေတွေပုံ အဲလိုတွေလျှောက်ရိုက်ပြီး အရေးကြီး သမိုင်းဝင်ရုပ်ထုတွေ၊ အဆောက်အဦပုံတွေကိုတော့ စိတ်မဝင်စားဘူး၊ မရိုက်တော့ဘူး။ ဒါကြောင့် အဲလိုလူတွေကို (Japanese tourist) လို့ တင်စား ပြောလေ့ရှိတာပါ။ အာရှတိုက်သားတွေရဲ့ တိုးရစ်ပုံစံတွေကို ဆက်ပြောရဦးမယ်ဆိုရင် ကျွန်တော့်ညီမတွေ ချောင်းသာကို သွားကြတဲ့ကိစ္စ ပြောရပါဦးမယ်။ ကျွန်တော့်ညီမတွေ ချောင်းသာသွားတာက တစ်ညအိပ်ပြီး နောက်တစ်နေ့ပြန်လာတာလေ။ ချောင်းသာကို သွားလိုက်ရတဲ့ခရီးက နည်းတာမဟုတ်၊ ချောင်းသာမှာ နေလိုက်တဲ့အချိန်က အိပ်ချိန် နှုတ်လိုက်မယ်ဆိုရင် ငါးနာရီကျော်ကျော် လောက်ပဲရှိမယ်။ ပင်လယ်ရေနဲ့နီးတဲ့နေရာကို လုံးဝမသွား၊ ခြေထောက်ရေမစို၊ စျေးတန်း လျှောက်၊ လှက်သုပ်၊ ဂျင်းသုပ်ဝယ်၊ အခန်းပြန်လာ၊ ဝေးလားဟားလားဟာသတွေ ပြော၊ ရယ်ကြမောကြပြီး နောက်တစ်နေ့ ပြန်လာခဲ့တော့ တာပါပဲ။ အနောက်တိုင်းသားတိုးရစ်တွေ ချောင်းသာလာတာရောက်တော့ တစ်ပတလောက် နေမယ်၊ မနက်မိုးလင်းတာနဲ့ ကျောပိုးအိတ်လွယ်ပြီး ဟိုတယ်က ထွက်သွားလိုက်တာ မိုးချုပ်မှ ပြန်ရောက်တယ်။

ဘာလပ်တုန်း မေးကြည့်တော့ မနက်နေပူဆာလူတယ်၊ ဆန်းတင်း suntan နေလောင်တဲ့ ခပ်ညိုညို အရောင်လေးရအောင် ပက်လက်လှန်လိုက်၊ မှောက်လိုက်နဲ့ လူတစ်ကိုယ်လုံး နေရောင်ပြ၊ ခဏနေတော့ အဝတ်လဲ၊ ရေထဲဆင်း၊ ပင်လယ်ထဲ ဟိုး အဝေးကြီးရောက်အောင် ရေကူး၊ အားရပါးရ ရေကူးပြီးရင် ခဏပြန်နား၊ ဆာလာရင် ကျောပိုးအိတ်ထဲမှာ ပါလာတဲ့ မုန့်လေးယပြီး ထုတ်စား၊ ဒါနဲ့ တစ်နေကုန်တာပဲ။ အဲလို ပုံစံမျိုးနဲ့ တစ်ပတ်လုံးကို အားရပါးရ အနားယူ၊ ဖတ်ချင်တဲ့စာ ဖတ်၊ စားချင်တဲ့ ပင်လယ်စာ စား၊အနားယူကြတယ်။ ဒီလို ဟောလီးဒေးမျိုးဟာ သူတို့အဖို့ ခြောက်လလောက် မရပ်မနားဆက်တိုက် အလုပ်လုပ်နိုင်လောက်တဲ့ အထိ စိတ်အာရုံတွေ အပန်းပြေရာ ရသွားတယ်လို့ ပြောပါတယ်။

အခု ကျွန်တော်တို့ ကင်မရွန်းဟိုက်လင်း လာတာကတော့ ကင်မရွန်းဟိုက်လင်းကို ရောက်ဘူးတယ် ဆိုရုံပဲပေါ့။ တစ်ညအိပ်ပြီး မနက်ပြန်ထွက်တာပဲလေ။ အနောက်တိုင်းသား တိုးရစ်တွေရောက်တော့ အဲလို မဟုတ်ပါဘူး။ ကင်မရွန်းဟိုက်လင်းမှာ ရက်ကြာကြာနေ၊ စားစရာစား၊ သွားစရာ နေရာတွေကလည်း အများကြီးဆိုတော့ သွားစရာနေရာတွေကို လျှောက်သွား၊ ကြည့်စရာကြည့် အသေအချာ စိတ်ရောကိုယ်ပါ နားကြတယ်။ မှတ်သားလောက်တဲ့ အရှေ့နဲ့အနောက်ကွာခြားတဲ့ တိုးရစ်ပုံစံတွေပါ။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခခင်မောင်ဝင်း (အသည်း)




LA NOUVELLE
SALLE DE
LA JOCONDE
e Denon, 1er étage
e au soutien de
PON TELEVISION

Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင် (အပိုင်း - ၃၂)

မလေးရှားခရီးစဉ်(အဆက်)

မလေးရှားနိုင်ငံ ကင်မရွန်းဟိုက်လင်းက ဘရင်ချမ်း၊ ရင်းဂလက်နဲ့ တာနာရာတာမြို့လေးတွေကို သွားခဲ့တဲ့အကြောင်း ပြောပြနေပါတယ်။

တိုးရစ်မြို့လေးဘရင်ချမ်း

ဟိုတယ်ကနေ ဘရင်ချမ်းမြို့ကိုသွားတဲ့ ကားလမ်းလေးဟာ ကားနှစ်စီး ရှောင်သာရုံပါ။ ဒါပေမယ့် ချိုင့်မရှိ အပေါက်မရှိ၊ ချောမွေ့နေတဲ့ ကတ္တရာလမ်းလေးပါ။ ဟိုင်းဝေးပေါ်က ကတ္တရာလမ်းနဲ့ အရည်အသွေး အတူတူလောက်ပါပဲလို့ ထင်ပါတယ်။ လမ်းလေးသေးနေတာကလွဲလို့ ဘာမှ အပြစ်ပြောစရာမရှိပါဘူး။ လမ်းသေးတယ်ဆိုပေမယ့်လည်း ကားနှစ်စီးလမ်းဘေးချစရာမလိုပဲ ကောင်းကောင်းရှောင်လို့ ရပါတယ်။ ကျန်တော်တို့က ကင်မရွန်းဟိုက်လင်းကို အီပိုးကဝင် ဘရင်ချမ်းဘက်က စပြီး သွားကြပေမယ့် တချို့က တာပါဘက်ကနေလှည့်ပြီး တာနာရာတာ ဘက်ကနေ ပြောင်းပြန်လာကြတဲ့သူတွေလည်း အများကြီးရှိပါတယ်။ အဲတော့ ဒီလမ်းလေးမာ ကားအသွားအလာက မပြတ်ဘူးပေါ့။ အဲဒီလမ်းလေးအတိုင်း ဟိုတယ်ကနေ (၁၀) မိနစ်လောက်မောင်းလိုက်တော ဘရင်ချမ်းမြို့ထဲကို ရောက်သွားပါတယ်။ ဘရင်ချမ်းဟာ မြို့လေးသေးသေးလေးပါ။ မြို့ဆိုပေမယ်လို့ အင်္ဂလန်မှာတုန်းက နယ်တွေကို လျှောက်သွားရင် တွေ့ရတဲ့ ရွာဆိုတာမျိုးလိုဟာလေးပေါ့။ တောင်စောင်းမှာဖောက်ထားတဲ့ ကားလမ်းလေးတလျှောက်၊ တစ်ဖက်တစ်ချက်မှာ အိမ်လေးတွေ၊ ဆိုင်တွေ တန်းစီပြီး ဆောက်ထားတဲ့ မြို့လေးပါ။ မြို့လေးရဲ့ အဓိကစီးပွားရေးကတော့ တိုးရစ်စင(tourism) လို့ ပြောရမယ်ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ဘရင်ချမ်းမြို့ပတ်ဝန်းကျင်မှာ နှင်းဆီစိုက်ခင်းတွေ၊ အသီးအရွက်တွေ စိုက်ထားတာတွေနဲ့ လက်ဘက်ခင်းကြီးတွေ တွေ့ရပေမယ့်လို့ ဒါတွေဟာ ဘရင်ချမ်းမြို့က လူတွေ လုပ်ကိုင်စားသောက်နေတဲ့ လုပ်ငန်းတွေ ဟုတ်ပုံမပေါ်ပါဘူး။ ဘရင်ချမ်းက လူတွေကတော့ အဲလို စိုက်ပျိုးရေးတွေ မလုပ်ဘ ကင်မရွန်းဟိုက်လင်းကို တအံ့တသြ လာကြည့်ကြတဲ့၊ လေ့လာကြတဲ့ ကမ္ဘာအရပ်ရပ်က တိုးရစ်တွေ ဘရင်ချမ်းမြို့လေး ရောက်တုန်းရောက်ခိုက်မှာ တိုးရစ်တွေ ပါလာတဲ့ပိုက်ဆံတွေ ဘရင်ချမ်းမှာ သုံးနိုင်သရွေ့ သုံးသွားအောင် တိုးရစ်တွေဆီက ပိုက်ဆံရနိုင်သရွေ့ရအောင် နည်းမျိုးစုံလုပ်ပြီး တိုးရစ်လုပ်ငန်းနဲ့ စီးပွားလုပ်ကိုင် စားသောက်ကြတယ် ထင်ပါတယ်။ ဘာလို့ဒီလိုပြောရသလဲဆိုတော့ ဘရင်ချမ်း မြို့လယလမ်းတစ်လျှောက်မှာ တိုးရစ်တွေအတွက် ကင်မရွန်းဟိုက်လင်းနဲ့ ပတ်သက်လို့ စိတ်ဝင်စားစရာ ပစ္စည်းတွေရောင်းတဲ့ ဆိုင်တွေကပဲ အဓိက

ဈေးတန်းကြီး ဖြစ်နေပါတယ်။ သူတို့နိုင်ငံက လူတွေဟာ တိုးရစ်တွေဆီက ပိုက်ဆံရအောင် ဘယ်လို လုပ်ရမယ်ဆတာ အရမ်းကျွမ်းကျင်ပါတယ်။ ပြောရမယ်ဆိုရင်တော့ လုပ်စားတတ်နေပြီပေါ့။ ဟိုဟာလေးပြ ရောင်းစား၊ ဒီဟာလေးပြ ရောင်းစား၊ ဘာလေးပဲဖြစ်ဖြစ် စိတ်ဝင်စားစရာဖြစ်အောင် ဟိုပြောဒီပြော အကုန်လျှောက်ပြောပြီး တိုးရစ်တွေဆီက ပိုက်ဆံရရင်ပြီးရောဆိုပြီး နည်းမျိုးစုံလုပ်တတကြ ပိုက်ဆံရှာတတ်ကြပါတယ်။ ဒါဟာ သူတို့ရဲ့ တိုးရစ်ဆင်ပညာပဲပေါ့။ သူတို့ကိုတွေ့တော့ ကျွန်တော် စိတ်ထဲမှာခံစားရတာက ကျွန်တော်တို့ နိုင်ငံမှာ စိတ်ဝင်စားစရာနေရာတွေ၊ သိပ်ကိုလှတဲ့ သဘာဝတောတောင်ရေမြေတွေ၊ အန်းတစ် ရှေးဟောင်းအဆောက်အဦနဲ့ပစ္စည်းတွေ အများကြီးရှိပေမယ့် ကျွန်တော်တို့က တိုရစ်ဆင်မှာ သူတို့လောက် မကျွမ်းကျင်သေးတော့ သူတို့လို တိုးရစ်တွေဆီက ထိထိမိမိ ပိုက်ဆံရအောင် မယူတတ်သေးဘူးလို့ ထင်ပါတယ်။ တခြားနိုင်ငံကလူတွေ တိုးရစ် ကုန်လုပ်ငန်းဆောင်ရွက်မှု (tourist industry) ကို ဘယ်လို ဘယ်ပုံ ဆောင်ရွက်နေတယ်ဆိုတာကို ကျွန်တော်တို့တတွေ ပိုပြီးလေ့လာရမှာပါ။ ဘရင်ချမ်းက တိုးရစ်ဆင် အကြောင်းကို ဆက်ပြောရမယ်ဆိုရင်တော့ ဘရင်ချမ်းမြို့သေးလေးမှာ စားသောက်ဆိုင်တွေကလည်း များလိုက်တာ၊ တရုတ်၊ ချစ်တီး၊ မလေး၊ အနောက်တိုင်း စားစရာမျိုးစုံပါပဲ။ တိုးရစ်တွေအတွက် ရည်ရွယ်ပြီး ဖွင့်ထားတဲ့ ဆိုင်တွေပါ။ ဒါကြောင့် အဲဒီဆိုင်တွေမှာ စားနေကြတဲ့လူတွေကို ကြည့်လိုက်တော့ ဘရင်ချမ်းမြို့က လူတွေ ဟုတ်ပုံမပေါ်ဘဲ တိုးရစ်တွေနဲ့ပဲ တူပါတယ်။ ဘရင်ချမ်းက စားသောက်ဆိုင်တွေထဲမှာ တိုးရစ်တွေ မျိုးစုံကို တွေ့ရပါတယ်။ အနောက်တိုင်းသား အဖြူတိုးရစ်တွေကိုလည်း တော်တော်များများ တွေ့ရပါတယ်။ ဒီလို လမ်းဘေးဆိုင်လေးတွေမှာ တိုးရစ်တွေလာပြီး ထိုင်ကြစားနေကြတာ တွေ့တယ်ပြောလို့ မအံ့သြပါနဲ့။ ဖိုးစတား ဖိုက်စတား ဟိုတယ်ကြီးတွေမှန်သမျှမှာ အစားအသောက်တွေဟာ ဈေးအရမ်းကြီးပါတယ်။ အဲတော့ တိုးရစ်တွေလုပ်လေ့လုပ်ထရှိတာက တည်းတော့ ဟိုတယ်ကြီးတွေမှာ တည်းတယ်၊ ဒါပေမယ့် စားတာကတော့ ဟိုတယ်အပြင်ထွက်ပြီး ဈေးချိုတဲ့ စားသောက်ဆိုင်တွေ၊ လမ်းဘေးက ဆိုင်တွေလိုမှာ စားလေ့ရှိပါတယ်။ ကျွန်တော် နိုင်ငံခြားသွားတော့လည်း အဲလိုပဲလုပ်ပါတယ်။ တိုးရစ်တွေ ဘာလို့ အဲလို ဟိုတယ်ကြီးတွေထဲ မှာ မစားဘဲ အပြင်ထွက် စားကြတာလဲဆိုတော့ တချို့ကလည်း ပိုက်ဆံချွေတာချင်လို့၊ တချို့ရောက်တော့လည်း ပိုက်ဆံကြောင့်မဟုတ်ဘဲ ဒေသဆိုင်ရာဗဟုသုတကို လေ့လာရင်းနဲ့ ဟိုတယ်ထဲကစားစရာတွေ မဟုတ်ဘဲ အဲဒီ အရပ်ဒေသက သက်ဆိုင်ရာ အစားအသောက် (local food) စစ်စစ်တွေကို မြည်းချင်လို့၊ စမ်းချင်လို့လည်း ဖြစ်မှာပါ။ တိုးရစ်တွေ ဟိုတယ်မှာ မစားဘဲ အပြင်မှာ ထွက်စားကြတာဟာ အံ့သြစရာတော့ မရှိပါဘူး။ ဘာလို့လဲဆိုတော့ ဟိုတယ်ကြီးတွေက အစားအသောက်တွေဟာ စားလို့သိပ်မကောင်းပါဘူး။ စက်ာပူ သွားသွား၊ အမေရိကန် သွားသွား၊ ဘယ်နိုင်ငံကိုပဲသွားသွား ဖိုးစတား ဖိုက်စတား ဟိုတယ်ကြီးတွေရဲ့ အစားအသောက်တွေကတော့ တစ်ပုံစံထဲလိုပါပဲ။ သိပ်လည်း အရသာမရှိဘူး၊ ဈေးကလည်း မတန်တဆ ကြီးတယ်။ အဲလို အပြည်ပြည် ဆိုင်ရာ ဟိုတယ်ကြီးတွေမှာ အနောက်တိုင်း အစားအစာတွေအပြင် ဒေသဆိုင်ရာ အစားအသောက်လေး

တွေကိုပါ ပြင်ဆင်ပြီး ကျွေးမွေးပေမယ့်လို့ ဟိုတယ်အပြင်ဘက်က ဆိုင်တွေ လမ်းဘေးက ဆိုင်လေးတွေမှာ စားရတ (local food)က ပိုပြီး အရသာရှိသလိုပါပဲ။ ဘာလို့လဲဆိုတော့ ဟိုတယ်ကြီးတွေရဲ့ စားဖိုမှူး ရှက်(ဖ်) (chef) (ချက်(ဖ်)လို့ အသံမထက်ရပါဘူး) တွေဟာ ဟိုတယ်ကြီးတွေရှိတဲ့ မြို့တွေက ဒေသခံအရပ်သားတွေ မဟုတ်ကြပါဘူး။ ဟိုတယ်ကြီးတွေကလည်း အပြည်ပြည်ဆိုင်ရာ ဟိုတယ်ကြီးတွေဆိုတော့ ကမ္ဘာအနှံ့အပြား မှာရှိတဲ့ သူတို့ရဲ့ ဟိုတယ်ချိန်း (chain) ကြီးတွေဟာ ဆက်သွယ်ယှက်နွယ်နေတာပါ။ အဲတော့ ရှက်(ဖ)တွေဟာလဲ ဟိုပြောင်းဒီပြောင်းပေါ့။ နမူနာပြောရမယ်ဆိုရင် ရှင်ဂရီလာ ဟိုတယ်အုပ်စု (Shangri-La hotel group) လက်အောက်မှာရှိတဲ့ စက်ာပူ ရှင်ဂရီလာ၊ ဘန်ကောက်ရှင်ဂရီလာ၊ အင်ဒိုနီးရှား ရှင်ဂရီလာဆိုသလို ရှိကြတဲ့ ရှင်ဂရီလာဟိုတယ်တွေ အားလုံးဟာ ရှင်ဂရီလာကုမဏီက ပိုင်တာဆိုတော့ စက်ာပူရှင်ဂရီလာက ရှက်(ဖ်)ဟာ ထိုင်း ရှင်ဂရီလာဟိုတယ်ကို ပြောင်းနိုင်တယ်၊ ဂျာမနီက ရှက်(ဖ်)က စက်ာပူ ရှင်ဂရီလာကို ရောက်လာနိုင်တယ်။ အဲတော ဒီရှက်(ဖ်)စားဖိုမှူးကြီးတွေဟာ ကိုယ်ရောက်တဲ့နိုင်ငံ၊ ကိုယ်ရောက်တဲ့မြို့က ဟိုတယ်ရဲ့ ချက်ရေးပြုတ်ရေးဟင်းလျာ ကွိဆင်း(cuisine) တွေကို လေ့လာ စီစဉ်ရပါတယ်။ ကွိဆင်းဆိုတာက ချက်ပြုတ်တဲ့ စတိုင် (style of cooking) ကိုခေါ်တာပါ။ ဆိုကြပါစို့ ဂျာမန်ရှက်(ဖ)တယောက်ဟာ ရန်ကုန်ကို ရောက်နေတုန်း၊ သူ အလုပ်လုပ်တဲ့ဟိုတယ်မှာ အပြည်ပြည်ဆိုင်ရာ ကွိဆင်းတွေကို စီစဉ်ရမယ၊ ပြီးတော့ ရန်ကုန်က ရှင်ဂရီလာဆိုတော့ မြနမာကွိဆင်းတွေကိုလည်း ချက်ပြုတ်ရပါဦးမယ်။ အဲတော့ ဂျာမန်ရှက်(ဖ်)က မြန်မာမုန့်ဟင်းခါး စီစဉ်ပြီး ချက်ပြုတ်ထားတာဟာ ဗိုလ်ဆွန်ပက်လမ်းက "ပြုံးချို" မုန့်ဟင်းခါးလောက် မကောင်းဘဲ ဖြစ်နေပါလိမ့်မယ်။ ဒီလိုပဲ အီတာလီလျံရှက်(ဖ်)က စက်ာပူ ရှန်ဂရီလာဟိုတယ်မှာ ကြက်ဆီထမင်းချက်တော့ ဟိုတယ်က ကြက်ဆီထမင်းဟာ စက်ာပူလမ်းဘေးက စက်ာပူတရုတ် ကိုယ်တိုင် ချက်တဲ့ ကြက်ဆီထမင်းကို ဘယ်မီပါ့မလဲ။ အဲလို အကြောင်းကြောင်းတွေကြောင့် ထင်ပါရဲ့၊ ဘရင်ချမ်းက ဟိုတယ်ကြီးတွေမှာ တည်းကြတဲ့သူတွေဟာ ဟိုတယ်မှာ သိပ်မစားကြဘဲ မြို့လည်စျေးတန်းလေးမှာ လာစားကြတာများပါတယ်။ ကျွန်တော်တို့ တည်းခဲ့တဲ့ ဘရင်ချမ်းနားက ဟောလီးဒေးအင်းဟိုတယ စားသောက်ခန်းမထဲ မှာလည်း စားတဲ့လူ သိပ်မတွေ့ခဲ့ရပါဘူး။ အပြင်မှာ ထွက်စားကြတယ်ထင်ပါရဲ့။ ဘရင်ချမ်း စျေးတန်းလေးက စားသောက်ဆိုင်တွေ အကြောင်းကို ဆက်ပြောရမယ်ဆိုရင် မြို့လေးက သေးသာသေးတယ်၊ Mc Donald, KFC စတဲ့ အမေရိကန်နိုင်ငံရဲ့ တကမ္ဘာလုံးဖွင့်ထားတဲ့ ချိန်း (chain) စားသောက်ဆိုင်တွေ ရှိပါတယ်။ အမေရိကန်စတိုင် စတားဘတ်ကော်ဖီ၊ လက်ဘက်ရည်ဆိုင်တွေကိုလည်း တွေ့ရပါတယ်။ ကျွန်တော်တို့ကတော့ အဲလို အနောက်တိုင်း စားသောက်စရာမျိုးတွေကို စားလည်း မစားချင်၊ စိတ်လည်းမဝင်စားပါဘူး။ အထူးသဖြင့် သမီးကြီးမင်းမင်းဝင်းဟာ ဘိုစာ မကြိုက်တဲ့နေရာမှာတော့ အဆိုးဆုံးပါ။ မင်းမင်းက ချဉ်ငံစပ်ဆိုတဲ့ မြန်မာဆန်ဆန် အစားအစာတွေကို သိပ်ကြိုက်တာပါ။ သူ စက်ာပူမှာရောက်နေတာ လေးနှစ် ကျော်ပြီဖြစ်ပေမယ့် သူ့ရဲ့မြန်မာပါးစပ်က မြန်မာအစားအသောက်ကို သိပ်ကိုလွန်လွန်ကဲကဲ စွဲလန်းပါတယ်။ ဆီသပ်၊ ဆီပြန်ချက်နဲ့ လွန်လွန်ကဲကဲ ငံငံ၊ ချဉ်ချဉ်တွေကို သိပ်ကြိုက်

တာပါ။ ဆီးဖုဒ် (seafood) လို ညှိတဲ့ ဟာမျိုးတွေကိုတော့ ဝေလာဝေး။ ဂျပန်စာလို သားစိမ်းငါးစိမ်းဆိုရင် အနံ့တောင်မခံနိုင်ဘူး။ ချိစ်ကို မကြိုက်၊ ချေ့ကလက်ကို မုန်း၊ သမီးကြီး ပါးစပ်ဟာ အညာတောပါးစပ်လို့ပဲ ပြောရမလို ဖြစ်နေပါတယ်။ အဲလို သဘောတရားတွေ ရှိနေတော့ သမီးကြီးက အဲဒီ မက်ဒေါနယ်နဲ့ ကေအက်ဖ်စီဆိုင်တွေရှေ့လည်း ရောက်ရော "လာ လာ အဲဒါတွေ မကြိုက်ဘူး၊ တရုတ်စာဖြစ်ဖြစ် ကုလားစာ ဖြစ်ဖြစ် သွားစားမယ်" ဆိုပြီး ဆက်ခေါသွားပါတယ်။ ခဏနေတော့ တရုတ်ဆိုင်တန်းတွေရှေ့ ရောက်ပါ တယ်။ မြန်မာပြည်က ထမင်းဆိုင်တွေလိုပဲ "လာပါ လာပါ" တစာစာ အော်ပြီး ဈေးတန်းလျှောက်သွားတဲ့ တိုးရစ်တွေကို သူ့ဆိုင် ကိုယ့်ဆိုင် စားကြဖို့ အလုအယက် အော်ခေါနေတဲ့ ဧည့်ကြိုတွေကို ဆိုင်တိုင်းရှေ့မှာ တွေ့ရပါတယ်။ တရုတ်အစားအစာတွေ ကြည့်လိုက်တော့ ဖြူဖြူဖျော့ဖျော့ သိပ်စိတ်ဝင်စားစရာ မကောင်းတာ နဲ့ ဆက်လျှောက်လာတော့ မလေးဆိုင်တွေ တွေ့ရပါတယ်။ အဲဒီ မလေးဆိုင်တန်းမှာ မလေးဟင်းတွေကို စတီးခွက်ကြီးတွေနဲ့ ထည့်ပြီး အစီအရီချထားပါတယ်။ ကြိုက်တဲ့ဟင်းကို လက်ညှုထိုးပြီး ရွေးလို့ရတဲ့စနစ်ပါ။ ပထမဆုံး ပန်းကန်နဲ့ ဇွန်း ခက်ရင်းကိုယူပြီး ထမင်းထည့်ရတယ်။ ပြီးတော့မှ စိတ်ကြိုက်ဟင်းတွေကို ရွေးထည့်ခိုင်းရပါတယ်။ မလေးဟင်းတွေကို ကြည့်လိုက်တော့ မြန်မာဟင်းတွေနဲ့ တော်တော်တူပါတယ်။ ဆီနှစ်တွေ အများကြီးနဲ့ ဆီတွေဖုံးလို့ ဟင်းတုံးကို မြင်တယ်ဆိုရုံပဲ မြင်ရပါတယ်၊ တချို့ဟင်းတွေက အုန်းနို့ တွေလည်း ပါပါသေးတယ်။ သမီးကြီးက "အဖေကြီး မလေးဟင်းတွေ မစားနဲ့ ဆီလည်းသိပ်များတယ်၊ ဟင်းတိုင်းလိုလိုမှာပဲ အုန်းနို့ပါတယ်၊ စားလို့လည်း သိပ်မကောင်းဘူး။ လာပါ အဖေကြီးရာ၊ ကုလားစာ သွားစားတာ ကောင်းပါတယ်။ မလေးရှားဆိုတာ ဟိန္ဒူ ချစ်တီးကုလားတွေ အရမ်းများပြီး စကာပနဲ့စာရင် သူတို့ အိန္ဒိယနိုင်ငံသားလူဦးရေက ပိုတောင်များသေးတာ။ အဲတော့ မလေးရှားက ကုလားစာတွေဟာ အိန္ဒိယအစစ်နဲ့တူပြီး ပိုတောင်ကောင်းမယ်ထင်တယ်" ဆိုပြီး ကျွန်တော်တို့ တစ်ဖွဲ့လုံးကို သမီးကြီး ခေါင်းဆောင်ပြီး ခေါသွားတာနဲ့ ဘရင်ချမး ဈေးတန်းက ကုလားချစ်တီးဆိုင်တန်း ရှေ့ကို ရောက်ပါတယ်။ ကုလားဆိုင်က သုံးလေးဆိုင် ကပ်လျက်ရှိနေတာ၊ ခေါလိုက်ကြတာ အပြိုင်အဆိုင်။ ကျွန်တော်တို့က လူအစည်ဆုံး ဧည့်သည်တိုးရစ်တွေ အများကြီးစားတဲ့ဆိုင်ကို ရွေးလိုက်ပါတယ်။ ဘာလို့လဲဆိုတော့ ဆိုင်ချင်း ကပ်လျက်သား ဖြစ်နေရက်နဲ့ တစ်ဆိုင်မှာက လူတစ်ယောက်မှ မရှိ၊ ခြောကကပ်နေပြီး နောက်တစ်ဆိုင်က လူတွေအပြည့်နဲ့ဆိုတော့ လူတွေရဲ့ ဆိုက်ကိုသဘောအရ စားမယ့်လူမရှိတဲ့ဆိုင်ဟာ အစားအသောက် မကောင်းလို့၊ လူပြည့်နေတဲ့ ဆိုင်က စားစရာတွေ ပိုကောင်းလို့ပဲ တွက်မှာပေါ့။ အဲတော့ ကျွန်တော်တို့လည်း လူစည်နေတဲ့ ဆိုင်မှာ စားဖို့ စိတ်ပါနေပါပြီ။ ပြီးတော အဲဒီလူပြည့်နေတဲ့ ဆိုင်မှာ စားနေကြတာတွေကို မြင်ရတာဟာလည်း စိတ်ဝင်စားစရာ ဖြစ်နေပါတယ်။ တိုးရစ်အဖြူတွေ စားနေကြတာက ငှက်ပျောဖက်နဲ့ တော့ မဟုတ်ဘူး၊ ဟင်းထည့်စရာ နေရာလေးနှစ်ခွကနဲ့၊ ထမင်းထည့်စရာခွက်ကြီး တစ်ခွက်ပါတဲ့ စတီးပန်းကန်အပြားကြီးတွေနဲ့ စားနေကြတာပါ။ ထမင်းတွေက အမောက်ကြီးနဲ့ ကြက်သား၊ ဆိတ်သား၊

ငါးဟင်းရည်အနှစ်နီရဲရဲလေးတွေနဲ့ စားချင်စရာကို တွေ့ရပါတယ်။ တချို့တိုးရစ်တွေကတော့ အိန္ဒိယအစားအစာ တိုရှည်နဲ့ တို့စားစရာ ဟင်းရည်အဖြူတွေကို စားတယ်။ ဗယာကြော်ကြီး အကြီးကြီး တွေကို အလယ်မှာ ပန်းကန်နဲ့ထည့်ပြီး စားနေကြတာကို တွေ့ရတာလည်း အားရစရာပါ။ အမှန်တကယ် ပြောရရင် အညာသား ကျွန်တော်တို့ မိသားစုဟာ မြန်မာအစားအစာကိုတော့ အကြိုက်ဆုံးပါ။ မြန်မာစာပြီး နောက် ဘာစားချင်သလဲလို့မေးရင် ကျွန်တော်တို့ ဒုတိယ အကြိုက်ဆုံးက ကုလားစာလို့ပ ပြောရမှာပါ။ ကုလားစာမှာ အညာသားတွေကြိုက်တဲ့ ပဲဟင်း ပါမယ်၊ ကြက်၊ ဆိတ်၊ ငါးဟင်းတွေကလည်း အညာသားအကြိုက် ဟင်းနှစ်အပြည့်၊ ဆီနှစ်တွေနဲ့။ အကြော်သိပ်ကြိုက်တဲ့ ကျွန်တော်တို့တတွေက ဗယာကြော်ကြီးတွေမြင်တာနဲ့ စားချင်နေပြီ။ ဒါနဲ့ အဲဒီ ဆိုင်ရှေ့မှာရပ်ပြီး စားမယ့် အရိပ်အယောင်လည်း ပြလိုက်ရော ဆိုင်အလုပ်သမား တစ်ယောက်က "ဒီမှာ ထိုင်ပါ" ဆိုပြီး ဧည့်သည် တိုးရစ်တစ်ဖွဲ့ စားပြီးထသွားလို့ ပေပွနေတဲ့ စားပွဲတစ်ခုကို ကမန်းကတန်း သန့်ရှင်းရေးလုပ်ရင်းနဲ့ ကျွန်တော်တို့ကို ချက်ချင်း နေရာချပေးပါတယ်။ သူတို့ဆီက အတုခိုးစရာ မားကက်တင်းစထရာဂျီ (marketing strategy) ပါ။ ဘာလို့တုန်းဆိုတော့ မတ်တပ်ရပ် စောင့်နေရတဲ့ ဧည့်သည်တွေဟာ ချက်ချင်း ထိုင်စရာနေရာမရရင် စိတ်ပြောင်းသွားမယ်၊ ပြီးတော့ မစောင့်နိုင်လို့ဆိုပြီး ကိုယ့်ဆိုင်မှာ မစားတော့ဘဲ တခြားဆိုင်ကို ရွှေ့သွားနိုင်ပါတယ်။ ဒါကြောင့် ကိုယ့်ဆိုင်ရှေ့ရောက်နေတဲ့ တိုးရစ်တွေကို အလွတ်မပေးဘဲ တစ်ခါတည်း ဆိုင်ထဲဆွဲမသွင်းရုံ တမယ် သူ့ဆိုင်ကောင်းကြောင်းကို ပါးစပ်ကနေ မရပ်မနားတရစပ် ပြောပြီး စားပွဲရှင်း ကုလားထိုင်ခင်း ချက်ချင်းကို နေရာချပေးပါတယ်။ ကျွန်တော်တို့လည်း သူ နေရာချပေးတဲ့ စားပွဲမှာ ထိုင်ပြီးရော သူက ဟင်းတွေ လိုက်ကြည့်ပါဦး ဆိုတာနဲ့ ကျွန်တော်တို့ သူ့ဆိုင်ထဲက မှန်လုံအကာ လှောင်အိမ်လိုဟာလေးတွေထဲမှာ စတီးခွက်ကြီးတွေနဲ့ ပြင်ထားတဲ့ ဟင်းခွက်ကြီးတွေကို လိုက်ကြည့်ပါတယ်။ ကျွန်တော်ကတော့ အညာသားပီပီ ပဲကြိုက်တော့ ဗယာကြော်ကြီး (၃)ခု မှာလိုက်တယ်။ ပြီးတော့ တိုရှည်ကြီးတွေ ကြည့်ရတာ စိတ်ဝင်စားဖို့ ကောင်းတာနဲ့ တိုရှည်တစ်ပွဲပေါ့။ သမီးကြီးနဲ့ သူ့အမျိုးသား မိုးကြီးက ငါးဟင်းနဲ့ ကြက်သားဟင်း၊ သားလေးထူးခိုင်ဝင်းကလည်း ကြက်သားဟင်းပဲ မှာတယ်။ သူက အပိုထပ်ပြီး တန်ဒူရီချစ်ကင်း (tandori chicken) လို့ခေါ်တဲ့ အနှစ်တွေနဲ့နယ်ထားတဲ့ ကြက်ကင်တစ်ပွဲ မှာသေးတယ်။ ညီမ မဝေကတော့ ဆိတ်သားဟင်းဆိုပြီး မှာလိုက်ပါတယ်။ ဟင်းပွဲတွေ လာချတော့ အရောင်အသွေး လှပပြီး တကယ်ကို စိတ်ဝင်စားစရာပါ။ ဟင်း အသားတုံးတွေကလည်း စားချင်စရာ။ ကျွန်တော့်ရဲ့ တိုရှည်အပြားကြီးကလည်း ချလိုက်တာနဲ့ တစ်ခါတည်း ကိုက်စားချင်လိုက်အောင်ကို စားချင်စရာ ကောင်းတယ်။ ဗယာကြော်ကြီးတွေက လက်သီးဆုပ်လောက်ကြီးတေပါ။ ဒါနဲ့ အားလုံး အားရပါးရစားမယ်ဆိုပြီး စားကြတော့ ညီမ မဝေက "ဆိတ်သားဟင်းက ညှီလိုက်တာ၊ စားမရဘူး"ဆိုပြီး စပြောတယ်။ ဒါနဲ့ ကျွန်တော်က ဗယာကြော်ကြီးကို ဖဲ့စားလိုက်တော့ ကုလားပဲ အရသာမျိုးမဟုတ်ဘဲ ဘယ်လိုမှ မကြိုက်နိုင်တဲ့ အရသာတစ်မျိုးကြီး ဖြစ်နေပါတယ်။ တိုရှည်အကြီးကြီးကို ဖဲ့စားလိုက်တော့လည်း

ချဉ်တင်တင် ဆန့်မှုန့် အရသာနဲ့ ဘယ်လိုပြောပြရမှန်းတောင်မသိဘူး။ လမ်း(၃၀) ဆေးခန်းရှေ့ လမ်းဘေးမှာ ရောင်းနေတဲ့ တိုရှည်က မလေးရှား ဘရင်ချမ်းမြို့ ဆိုင်တန်းက တိုရှည်ထက် အများကြီး သာတယ်လို့ ပြောရမှာပါ။ ကျွန်တော်တို့ တော်တော်လေးစိတ်ပျက်သွားပါတယ်။ ကျွန်တော်တို့တတွေ စားတဲ့ဆိုင်ဟာ ဘရင်ခမား ကလားဆိုင်တန်းမှာ အသားနားဆုံး၊ အသပ်ရပ်ဆုံးနဲ့ စျေးအကြီးဆုံးဆိုင်ပါ။ ဒါပေမယ့် အဲဒီ ကုလားဆိုင်က အစားအသောက်တွေဟာ မြန်မာပြည်က ချစ်တီး အိန္ဒယအစားအသောက်တွေရဲ့ ခြေဖျားတောင်မမီပါဘူး။ ဆိတ်သားဟင်းဆိုတာ ကုလားချက်မှ ကောင်းတာ၊ အိန္ဒယလူမျိုးတွေဟာ ဆိတ်သားဟင်းချက်တာကတော့ တကယ့်ကို တော်လို့ အညီနှံ့ကင်းပြီး ဆိတ်သားမှန်းတောင် မသိရဘူးလို့ ယူဆထားခဲ့ကြတာပါ။ ကျွန်တော်တို့ အငယ်ကတည်းက အမေဟာ အိမ်မှာ ဆိတ်သားကို ချက်ခဲပါတယ်။ တစ်ခါတလေ နွေကျောင်းပိတ်ရန်ကုန်ရောက်လို့ ချစ်တီးဆိုင်မှာ ဆိတ်သားဟင်းစားရရင် ကျွန်တော်တို့ ညီအစ်ကိုတတွေ သိပ်ကြိုက်ကြပါတယ်။ အိမ်ပြန်ရောက်တဲ့အခါ "အမေ ကျွန်တော်တို့ ရန်ကုန်က ချစ်တီးဆိုင်မှာ ဆိတ်သားဟင်း စားခဲ့ရတာ သိပ်ကောင်းတာပဲ၊ တစ်ခါတလေလေး အိမ်မှာ ဆိတ်သားဟင်း ချက်ပါဦး" လို့ ပြောရင် အမေက "ဟဲ့ ဆိတ်သားဟင်းဆိုတာ အရမ်းညီတာ၊ ဒို့မြန်မာတွေက မချက်တတ်ဘူး၊ ကုလားတွေကမှ ဆိတ်အညီနှံ့ပျောက်အောင် ချက်တတ်တာ၊ သူတို့က ဆိတ်သားကို ဒိန်ချဉ်နဲ့စိမ်၊ ဆိတ်သားနဲ့လိုက်မယ့် မဆလာကို ရွေး၊ ကရဝေး၊ လေးညင်း၊ ဘာတွေမှန်းမသိပါဘူး၊ အကုန်စုံနေအောင် ထည့်တော့မှ အရမ်းစားကောင်းတဲ့ ဆိတ်သားဟင်းဖြစ်တာ။ ဒို့က ရိုးရိုးပဲ ကြက်သွန်ဖြူ၊ ခရမ်းချဉ်သီးနဲ့ ရောချက်တာဆိုတော ညီလိမ့်မယ်" လို့ပြောပါတယ်။ ဒီလို "ဆိတ်သားဟင်းက ကုလားဆိုင်မှာမှ ကောင်းတယ်" လို့ ဆိုတဲ့ အယူအဆ ခေါင်းထဲစွဲလာခဲ့တဲ့ ကျွန်တော်တို့ဟာ ဘရင်ချမ်း ချစ်တီးဆိုင်မှာ ဆိတ်သားဟင်းနဲ့စားလိုက်တော့ ကျွန်တော်တို့ တစ်သက်လုံး ထင်လာခဲ့တာ လွဲမှားနေပြီ ဆိုတာကို သိရပါတယ်။ မဝေက ဆိတ်သား ညီတယ်ဆိုတော့ သူတို့တတွေက ဂျီး(ချေး) သိပ်များတဲ့ သူတွေမို့လို့ မစားနိုင်ဘဲ ဖြစ်နေတာ နေမှာပါ၊ ငါကတော့ ဘာမဆို စားနိုင်တဲ့သူပဲ၊ ငှဲ့ ပါးစပ်က international ပါးစပ်၊ ဘာစားစား ရတယ်၊ ဂျပန်ဆိုင်မှာ အမဲသားအစိမ်းတောင် စားနိုင်တာ၊ ချက်ထားတဲ့ ဆိတ်သားဟင်း ညီတာလောက်တော့ အပျော့ပဲလို့ စိတ်ထဲမှာ တွေးလိုက်မိပါတယ်။ ဒါနဲ့ မဝေ မစားနိုင်တဲ့ ဆိတ်သားဟင်း ပန်းကန် ငှဲ့ဘက် ပို့လိုက်ဆိုပြီး လှမ်းယူလိုကပါတယ်။ ပြီးတော့ အကြီးဆုံး ဆိတ်သားဖတ်ကို ရွေးယူပြီး စားလိုက်တာ ပါးစပထဲရောက်ပြီး သိပ်မကြာဘူး၊ ချက်ချင်းပြန်ထွေးထုတ်ရပါတယ်။ နှိုင်ငံတကာ ဟင်းစုံ သားစိမ်း၊ ငါးစိမ်းတွေ အမြဲစားလာခဲ့တဲ့ ကျွန်တော်ဟာ ဆိတ်သားဟင်းဖတ်ရဲ့ အညီနှံ့ကြောင့် ပျို့တက်လာပြီး ချက်ချင်းပဲ ထိုင်ရာကထပြီး စက္ကူလက်သုတ်ပုဝါထဲ ထွေးထည့်လိုက်ရပါတယ်။ ဆိုင်မှာ ဧည့်သည်တွေ သိပ်ကျလို့ ဖြစ်သလို ချက်လိုက်ရလို့ ညီတာလားလို့ ထင်မိပါတယ။ ဒါပေမယ့်လည်း ထမင်းဆိုင်ဖွင့်ပြီး ရောင်းနေတဲ့ ချစ်တီးဆိုင်က ဆိတ်သားဟင်းဟာ ဒီလောက် မညီသင့်ပါဘူး။ ရန်ကုန်မြို့မှာ ဘယ်ချစ်တီးဆိုင်သွားစားစား ဆိတ်သားညီနှံ့ မရအောင် ချက်ထားတဲ့ နူးအိနေတဲ့ ဆိတ်သားဟင်းကို

ရနိုင်ပါတယ်။ အခတော့ မလေးရှားနိုင်ငံ ကင်မရွန်းဟိုက်လင်း ဘရင်ချမ်းချစ်တီးဆိုင်က ဆိတ်သားဟင်းဟာ စိုင်းစိုင်းရဲ့ တောင်ဂေါ်လီသီချင်းထဲကလို "အော့ကြောလန်"ပါပဲ။

သားလေးရဲ့ ကြက်သားဟင်းကို မြည်းကြည့်လိုက်တော့လည်း ကိုက်လို့မရလောက်အောင် မာပြီး ဘယ်လိုမှ စားလို့မကောင်းဘူး၊ ဗိုက်တအားဆာနေပြီး ထမင်းနဲ့ ဟင်းသာ ဆိုရင်တော့ အားရပါးရ စားလိုက်မယ်လို့ ကြွေးကြော်ထားတဲ့ သားလေး ထူးခိုင်ဝင်းဟာ ကြက်သားဖတ်ကို တစ်ချက်ဝါးကြည့်လိုက်ပြီးတော့ တော်တော် စိတ်ဓါတ်ကျသွားပုံပေါ်ပါတယ်။ "အဖေရာ ကြက်သားက မာကလည်းမာ၊ အရသာကလည်း မရှိ၊ ဟင်းနှစ်ရောက်တော့လည်း ဆိုးဆေးတွေ ထည့်ထားတာ ကျနေတာပဲ နီရဲပြီး ဘယ်လိုမှ စားမကောင်းဘူး။ တော်သေးတယ်၊ သားက တန့်ဒူရီချစ်ကင်း ကြက်ကင်မှာထားသေးလို့၊ အဲဒါလေး စောင့်စားလိုက်ဦးမယ်" လို့ပြောပါတယ်။ ခဏနေတော့ တန့်ဒူရီချစ်ကင်းလာချပါတယ်။ ဖိုးသားလေး စိတ်ဓါတ်တွေ တက်ကြွပြီး တန့်ဒူရီချစ်ကင်းကို တအားစားလိုက်ပါတော့တယ်။ သားလေး မျက်နှာဟာ ချက်ချင်း ရှုံ့မဲ့သွားပြီး "ကမ္ဘာ့အညံ့ဆုံး တန့်ဒူရီချစ်ကင်းပဲ အဖေကြီးရေ" လို့ အော်ဟစ်လိုက်ပါတယ်။ ဘာမှ အရသာမရှိဘူး၊ ဘယ်လိုမှ မကောင်းဘူးတဲ့။ မဂိုလမ်းက ဗလီကြီး ကြက်ကင်နဲ့ တခြားစီပဲတဲ့။ ဒါနဲ့ သမီးကြီးတို့ မိုးကြီးတို့ကော စားရတာ အဆင်ပြေကြရဲ့လားလို့ လှမ်းမေးလိုက်တော့၊ "အဖေရာ သမီးတို့က ကြကနဲ့ ငါးမှာလိုက်တာ၊ ကြက်သားဟင်းကတော့ အဖေကြီးသိတဲ့အတိုင်းပဲလေ၊ စားလို့မရလောက်အောင်ကို ညံ့တာ။ ငါးဟင်းကတော့ အရိုးများလိုက်တာ ဘယ်လိုမှကို စားမရဘူး။ ဘယ်လို ငါးမျိုးကို ချက်ထားလည်း မသိဘူး။ ပြီးတော့ ဟင်းအနှစ်ကလည်း တစ်ပုံစံတည်း ချက်ထားတယ်ထင်ပါတယ်။ ကြက်ကော၊ ငါးကော၊ ဆိတ်ကော ဒီဟင်းအနှစ် တစ်မျိုးတည်းကို သုံးပြီး ချက်ပုံပေါ်ပါတယ်။ ဘယ်လိုမှ စားမရတဲ့ ငါးဟင်းလေ" လို့ ညည်းညည်းညူညူနဲ့ ပြောရှာပါတယ်။

ပြန်တွက်ကြည့်လိုက်တော့ ကျွန်တော်တို့ (၅)ယောက်လုံး ထမင်း၊ ဟင်းမှာစားရတာ ဘယ်လိုမှ အဆင်မပြေကြပါဘူး။ ဘရင်ချမ်းက ချစ်တီးဆိုင်လေးဟာ လေးဝကို စားလို့ မရလောက်အောင် ညံ့တဲ့ ဆိုင်လေးပါ။ မှာထားတဲ့ စားစရာတွေ ဟိုတို့ ဒီတို့ ဘာမှ စားမရဘဲ အကုန်လုံး ထားပစ်ခဲ့ရပါတယ်။ ကိုယ်တွေ့တကယ့်ဖြစ်ရပ်မှန်ကို ပြောပြတာပါ။ နိဂုံးခြားဆိုတိုင်းလည်း အထင်ကြီးစရာ မဟုတ်ပါ။ စားရတာ အဆင်ပြေချင်မှ ပြေတာပါ။ တိုးရစ်တွေ အလာများတဲ့ ကင်မရွန်းဟိုကလင်း တိုးရစ်စပေါ့က စျေးကလည်းကြီး၊ အရသာလည်း မရှိ၊ တစ်သက်တာ မေ့မရမယ့် ဘရင်ချမ်းက ချစ်တီးဆိုင်လေးပါ။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဝင်မောင်ဝင်း (အသည်း)




CAMERON VALLE
TEA
Cameron
BHARAT
LANTATIONS

Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင် (အပိုင်း - ၃၃)

မလေးရှားခရီးစဉ်(အဆက်)

မလေးရှားနိုင်ငံ ကင်မရွန်းဟိုက်လင်းက ဘရင်ချမ်း၊ ရင်းဂလက်နဲ့ တာနာရာတမြို့လေးတွေကို သွားခဲ့တဲ့အကြောင်း ပြောပြနေပါတယ်။

မြန်မာပြည်ကအိန္ဒိယအစားအစာ

ဘရင်ချမ်းက ချစ်တီးဆိုင်မှာ ထမင်းစားပြီးတဲ့နောက် ကျွန်တော်တို့ သားအဖ (၃)ယောက်လုံး အိန္ဒိယအစားအစာတွေ စားရတာ အရသာမရှိ၊ အဆင်မပြေ မကျေမနပ်နဲ့ ထွက်လာကြပါတယ်။ အိန္ဒိယအစားအစာတွေဟာ မလေးရှားမှာတင်မကပါဘူး၊ စင်္ကာပူမှာလည်း မြန်မာပြည်က အိန္ဒိယ အစားအသောက်တွေကို မမီပါဘူး။ ဒပေါက်ဆိုရင်လည်း မြန်မာပြည်က ဒပေါက်က စားလို့ သိပ်ကို ကောင်းပါတယ်။ ဒါကြောင့် စင်္ကာပူသွားရင် မြန်မာတွေ ရွှေညောင်ပင်၊ ကြက်လျှာစွန်း၊ နီလာစတဲ့ ရန်ကုန်က နာမည်ကြီး ဒပေါက်ထပတွေ ဝယ်ဝယ်သွားကြတာပါ။ စင်္ကာပူက မြန်မာတွေဟာ အဲဒီလို မြန်မာပြည်ကယူလာတဲ့ ဒပေါက်တွေကို တော်တော်လေး တမ်းတမ်းတတ စွဲစွဲလန်းလန်း မက်မက်မောမောရှိကြပါတယ်။ အဲဒါကြောင့် ကျွန်တော့်ဇနီးဆိုရင် ဒံပေါက်အထုပ်(၂၀)လောက်ကို အနုံမထွက်အောင် ထုပပိုးယူသွားပြီး စင်္ကာပူရောက်တာနဲ့ ဖုန်းတွေဆက်ပြီး မိတ်ဆွေတွေကို ဒံပေါက် တစ်ယောက်တစ်ထုပ် ဝေရပါတယ်။ မြန်မာဒံပေါက်တွေက ကောင်းတာကိုး။ မလေးရှားက ဒပေါက်နဲ့ပတ်သက်လို့ ကိုယ်တွေ့တစ်ခုကို ပြောချင်ပါသေးတယ်။ မနှစ်က ကျွန်တော် မလေးရှား ရောက်တုန်းမှာ မလေးရှားက ကျွန်တော့်မိတ်ဆွေ တစ်ယောက်က လိုက်ပြီးကျွေးမွေး ဧည့်ခံပြုစုပါတယ်။ ကျွန်တော်ကို ဂေါက်ရိုက်ဖို့ ခေါ်သွားပြီး ညနေ ဂေါက်ရိုက်ပြီးတာနဲ့ ဂေါက်ကွင်းမှာ ရေချိုးပြီးတော့ "မင်းကို ကေအယ်လ်က အကောင်းဆုံး အိန္ဒိယထမင်းဆိုင်ကို ခေါ်သွားမယ်" ဆိုပြီး ကျွန်တော်တို့ ကေအယ်လ်က အိန္ဒိယဆိုင်ကို သွားစားကြပါတယ်။ အဲဒီဆိုင်ကိုရောက်တော့ အင်္ဂလိပ်စကား လုံးဝမတတ်တဲ့ အိန္ဒိယလူမျိုး ထမင်းချက် ရှက်(ဖ) (Chef ကို 'ချက်' လို့အသံမထွက် ရပါဘူး) ကြီးကလည်း တွေ့ရပါတယ်။ ဝန်ထမ်းတွေကလည်း အိန္ဒိယ လူမျိုးတွေချည်းပါပဲ။ ဒီလို အိန္ဒိယလူမျိုးတွေချည်း ချက်တဲ့ အိန္ဒိယအစားအစာကတော့ တော်တော်ကို စားလို့ကောင်းမှာပဲလို့ စိတ်ထဲမှာ ခံစားမိပါတယ်။ ဆာကလည်း ဆာဆာနဲ့ဆိုတော့ တော်တော်လေးကို စားချင်နေပါပြီ။ စားပွဲထိုးက ဘာမှာမလဲလို့ လာမေးတော့

မီနူးကဒ်ထဲမှာ တွေ့ထားတဲ့ ဆိတ်သားဟင်းနဲ့နံပြား၊ ပြီးတော့ ဒေါက်တစ်ပွဲဆိုပြီး မှာလိုက်ပါတယ်။ ဟင်းပွဲတွေရောက်လာတော့ ဆိတသားဟင်းက အနှစ်တွေ ထူလဖျစ်နဲ့ စားလို့ မကောင်းဘူး၊ နံပြားက မာနေတယ်။ စားရတာအဆိုးဆုံး၊ အရသာမရှိဆုံးကတော့ ဒေါက်ပဲ။ ဘတ်စမာတီဆန်နဲ့ ချက်ထားတဲ့ မလေးရှားက ဒေါက်ဟာ ဆန်စေ့လေးတွေပုံစံ ကြည့်ရတာ အမြင်အားဖြင့် အရမ်းကို လှပါတယ်။ ဒါပေမယ့် ဒေါက်က ဖြူဖွေးနေပြီး အရောင်အဆင်းကလည်း မရှိ၊ စားလိုက်တော့ ဘတ်စမာတီဆန်စေ့ ရည်ရှည်လေးတွေက သွယ်ပြီးတော့ လှလှလေးကော့နေတာကလွဲလို့ ဘာအရသာမှ မတွေ့ရဘူး။ ဒီနေရာမှာကြံုတုန်း ဘတ်စမာတီ ဆန် (Basmati rice) အကြောင်း နည်းနည်းလေး ပြောချင်ပါတယ်။ ကျွန်တော် အင်္ဂလန်မှာ ပညာသင်တုန်းက ကိုယ့်ဖာသာ ဒေါက်ချက်တယ်ဆိုရင် ဘတ်စမာတီဆန်ကိုပဲ သုံးပါတယ်။ ဘတ်စမာတီဆန်ဆိုတာက အိန္ဒိယနိုင်ငံ ဘတ်စမာတီအရပ်ဒေသက ထွက်တဲ့ဆန်ကို အစွဲပြုပြီး အဲဒီလိုပုံစံမျိုးဆန်ဆိုရင် ဘတ်စမာတီ ဆန်လို့ပဲ ခေါ်ကြပါတယ်။ အင်္ဂလန်တုန်းက ကျွန်တော် နားလည်ထားတာက ဘတ်စမာတီဆန်ဆိုတာ အဆီအနှစ်အပြည့်ဆုံးဆန၊ အရသာအရှိဆုံး၊ စားလို့အကောင်းဆုံး၊ ဆန်လုံး အလှဆုံး ဆန်လို့ဆိုလိုတာပါ။ ကျွန်တော် မြန်မာပြည်ပြန်ရောက်လာတော့ မြန်မာပြည်မှာ မြန်မာတွေရဲ့ ဘတ်စမာတီဆန်အပေါ် အတွေးအခေါ်ယူဆချက်ဟာ ပြောင်းသွားပါပြီ။ သူ့အပေါ်မှာ မြန်မာနိုင်ငံသားတွေမြင်တဲ့ တွေးတဲ့ အယူအဆတွေက အင်္ဂလန်က အင်္ဂလိပ်တွေ အတွေးအခေါ်နဲ့ ပြောင်းပြန်ဖြစ်နေပါတယ်။ မြန်မာနဲ့အင်္ဂလိပ် ဘတ်စ်မတီဆန်ပေါ်မှာ ဘယ်လို အယူအဆကွဲပြားနေသလဲဆိုတာ ပြောပြပါမယ်။ တစ်နေ့ကျွန်တော့်ညီငယ် မောင်ဌေးကို ကျွန်တော့်အိမ်ကို ရောက်လာပါတယ်။ ထမင်းစားချိန်ဖြစ်နေတာနဲ့ ကျွန်တော့်ညီကို "ဌေးကို လာ ထမင်း စားကြရအောင်" လို့ ပြောတော့ "ကိုဝင်းတို့ စားကြပါ။ ကျွန်တော်က ဆီးချိုသမားဆိုတော့ ဆီးချိုဆန်နဲ့ ချက်ထားတဲ့ ကျွန်တော့် ထမင်းချိုင့်သပ်သပ်ပါပါတယ်" တဲ့။ မောင်ဌေးကိုဟာ ဆီးချိုဖြစ်နေတာ နှစ်ပေါင်း အတော်ကြာသွားပြီ ဆိုတော့ ထမင်းစားတာတောင် ဆီးချိုဆန်နဲ့ စားတယ်ဆိုတာ သူ့ကိုယ်သူ တော်တော်လေး စောင့်ရှောက်တတ်တဲ့သူပဲလို့ စိတ်ထဲက ကြိတ်ပြီး ခီးကျူးလိုက်မိပါတယ်။ ကြည့်လေ၊ အခုလည်း ကျွန်တော့် စိတ်ထဲမှာတော့ ဒီကောင်ပြောတဲ့ ဆးချဆန်ဆတာ အနောက်နိုင်ငံတွေမှာ တွေ့ခဲရတဲ့ ငစိန်ဆန် လို နီနီရဲရဲ ဖိုင်ဗာ (fiber) တွေအများကြီးပါတဲ့ ဘာအရသာမှ မရှိတဲ့ဆန်နေမှာပဲပေါ့လို့ တွေးလိုက်မိပါတယ်။ ဒါနဲ့ "ပြစမ်းပါဦး ကွ၊ မင်း ဆီးချိုဆန်နဲ့ ချက်ထားတဲ့ ထမင်း" ဆိုတော့ ညီ မောင်ဌေးကိုက သူ့ချိုင့်ဖွင့်ပြီး လာပြပါတယ်။ ကြည့်လိုက်တော့ ဖြူဖွေး သွယ်ကောနေပြီး သိပ်ကို ကြွရွနေတဲ့ ဆန်စေ့လေးတွေနဲ့ စီရီနေတဲ့ ထမင်းတွေကို တွေ့ရပါတယ်။ ဒါနဲ့ "ဟ မောင်ဌေးကိုရ၊ ဆီးချိုဆန်ဆိုတာက ငစိန်ဆန်လို ဆန်ကြမ်းဖြစ်ရမယ်လေ၊ ကြမ်းထော်ပြီး ဖိုင်ဗါတွေ အပြည့်နဲ့ အနှစ်အရသာမရှိ ဆင်းရဲသားဆန် လို ဖြစ်ရမယ်လေ။ အခုတော့ မင်း ဆီးချိုဆန်ထမင်းကလည်း သူဌေးစားတဲ့ ထမင်းလိုဖြစ်နေပြီ၊ ဆန်စေ့တွေ ကြည့်လိုက်တော့လည်း အဆီအနှစ်

အပြည့်အဝပါပုံပေါ်တယ်ကွ၊ မင်းဟာ ဟုတ်မှ ဟုတ်ရဲ့လားကွာ" လို့ ပြောမိပါတယ်။ အဲတော့ မောင်ဌေးကိုက "ဒါ ဘတ်စမာတီ ဆီးချိုဆန်နဲ့ ချက်ထားတဲ့ထမင်း ဟုတ်တယ် ကိုဝင်းရ၊ ကျွန်တော် ကိုယ်တိုင် စူပါမာကက်ကြီးတစ်ခုက အဲဒီဆန်ကို သွားဝယ်ထားတာ။ ဆန်အိတ်မှာ ဘတ်စမာတီ ဆီးချိုဆန်လို့ သေချာရေးထားတယ်။ ကိုဝင်းက မသိလို့၊ အရပ်ထဲမှာ ဆီးချိုသမားတွေ ဘယ်သူ့ မေးကြည့်ကြည့် ဘတ်စမာတီ ဆန်ဆိုတာ ဆီးချိုဆန်မှန်း လူတိုင်းသိတယ်" တဲ့။ အဲတော့မှ ကျွန်တောလည်း ပက်လက်လန်တော့တာပါပဲ။ ကျွန်တောအင်္ဂလန်မှာ နေတုန်းက ဘတ်စမာတီဆန်ဆိုတာ စားလို့ အကောင်းဆုံး အဆီအနှစ်အပြည့်ဆုံးဆန်လို့ မှတ်ထားခဲ့တာ။ ဒါကြောင့် ကျွန်တော် အင်္ဂလန်မှာ ပညာသင်တုန်းက ထောပတ်ထမင်း၊ ဒံပေါက်ထမင်း ချက်မယ်ဆိုတိုင်း စူပါမာကက်သွားပြီး အဆီအနှစ် အပြည့်ဆုံး၊ စားလို့ အကောင်းဆုံးဆိုတဲ့ ဘတ်စမာတီဆန်ကို သွားဝယ်ခဲ့ရတာ။ အခု မြန်မာပြည်မှာ ရောက်တော့ ဘတ်စမာတီဟာ တဖြစ်လဲ ဘဝပြောင်းပြီး အဆီမတက်ဆုံး ဆီးချိုဆန် ဆိုပြီး မြန်မာတွေက ယူဆသတ်မှတ်နေပါတယ်။ ဒါနဲ့ နောက် စုံစမ်းကြည့်လိုက်တော့ ဘယ်သူက ဘယ်လို သတင်းလွှင့် ဖြန့်ချီထားလ မသိဘူး၊ ဘတ်စမာတီဆန်ကို မြန်မာပြည်မှာ အမှန်တကယ် ဆီးချိုဆန်လို့ ဆီးချိုသမားတွေက သတ်မှတ် ထားပြီးသားဖြစ်နေပါပြီဆိုတာ သိရတယ်။ ဘတ်စမာတီရဲ့ ဘဝကို ကြည့်ပြီး အယူအဆတစ်ခု ဆိုတာ စွဲသွားရင် တော်တော်ကို အခြေခိုင် လူထုထဲကို ပျံ့နှံ့နိုင်တယ် ဆိုတာ သဘောပေါက် နားလည်၊ သဝန်းစာတောင် ရသွားပါပြီ။ ဒါကြောင့် ဘတ်စမာတီဆန်ရဲ့ တကယ့်ဖြစ်ရပ်မှန်ကို အခွင့်အရေးလေး ရတန်း စာဖတ်ပရိသတ်ကို ရှင်းပြချင်လို့ ကြားဖြတ်ရေးလိုက် ရတာပါ။ ဘတ်စမာတီဆန်ဟာ ကစီမါတ် လျော့နည်းတဲ့ ဆီးချိုဆန်ဆိုတာ မဟုတ်ပါဘူး၊ စားလို့ကောင်း အဆီအနှစ်ပြည့် ဆန်တစ်မျိုးပါလို့ ပြောပါရစေ။

ကျွန်တော်စားနေတဲ့ မလေးရှားက အိန္ဒိယဆိုင် ဒပေါက်အကြောင်း ဆက်ပြောရမယ်ဆိုရင်တော့ ခုနကပြောခဲ့သလိုပဲ အဲဒီ ဒပေါက်ဟာ ဘတ်စမာတီ ဆန်ဖြူဖြူတွေပဲ တွေ့ရတာ။ အရောင်အဆင်း အနှစ်အရသာ လုံးဝ မရှိပါဘူး။ ဒီမလေးရှား ဒပေါက်ချည်းသက်သက် သူ့ဖာသာသူစားလို့ ဘယ်လိုမှ အရသာ မရှိပါဘူး။ ထမင်းဖြူ စားရတဲ့ အတိုင်းပါပဲ။ သူ့ကို ကျွန်တော် မှာထားတဲ့ ဆိတ်သားဟင်းလေးနဲ့ ရောစားလိုက်တော့မှ နည်းနည်းလေး အရသာ ရှိပါသေးတယ်။ မလေးရှား ကေအယ်လ်က အကောင်းဆုံးထဲမှာပါတဲ့ အိန္ဒိယစားသောက်ဆိုင်က ဒပေါက်စားရတာဟာ ဒပေါက်စားရတာနဲ့ လုံးဝမတူဘဲ ဆိတ်သားဟင်းနဲ့ ရောစားလိုက်တော့ ထမင်းဖြူကို ဆိတ်သားဟင်းနဲ့ စားရသလိုဖြစ်နေတာပေါ့။ နိုင်ငံခြားက ဒပေါက်တွေဟာ အဲလို အရောင်အဆင်း အရသာမရှိကြပေမယ်လို့ ကျွန်တော်တို့ မြန်မာနိုင်ငံက ဒပေါက်တွေကတော့ လေးလေးပင်ပင် အနှစ်လေးနဲ့ အရောင်ကလည်း ဒပေါက်ရောင် ပေါက်နေသေးတာ။ ဒါတောင် အခုခေတ်မှာ ဒပေါက်ချက်နည်းစနစ်တွေ မမှန်ကြတော့လို့လား မသိ သိပ်စားမကောင်းတောပါဘူး။ ကျွန်တော်တို့ အငယ်တုန်းက ဒပေါက် ဖေါက်တယ်ဆိုတာ ဒပေါက်အိုးကြီးထဲမှာ ဆန်ရော ကြက်သားတွေပါ ရောထည့်ပြီးတော့ အဆာပလာအနှစ်၊ ထောပတ်၊ ကုံကုမံ (saffron)၊ လေးညှင်း၊ ဖါလာတွေနဲ့ ရောမွှေပြီးတော့မှ

အိုးကြီးကို မီးဖိုပေါ်တည်၊ မီးအေးအေးနဲ့ ဒပေါက်ဖေါက်တာပါ။ မန္တလေးက ဒေါ်သန်းမူ ကြက်သားစိမ်း ဒပေါက်ဆိုရင်လည်းပဲ ဒီလိုပဲ။ ဒပေါက် ထမင်းတွေ အလွှာလိုက်ကြားထဲမှာ ကြက်သားအတားလိုက်ထည့်ပြီး ပေါင်းထားတာ။ ဒပေါက်ထဲက ကြက်သားထဲမှာ ဒပေါက်ရဲ့ အဆာပလာခါတ်တွေ အကုန်ပျံ့နှံ့သားပြီး ကြက်သားတုံးကို စားရတာဟာ ဒပေါက်ထဲက ကြက်သားဆိုတဲ့ အရသာကို ရပါတယ်။ အခုခေတ် ဒပေါက်တွေကတော့ ဒပေါက်ထမင်းက သတ်သတ် ဖေါက်တယ်၊ ကြက်သားဟင်းကို သတသတ် ချက်ထားတယ်။ ဒပေါကတစ်ပွဲလို့ မှာလိုက်တော့မှ ဒပေါက်ထမင်းတွေကို ကော်ထည့်လိုက်ပြီး ကြက်သား ဟင်းအိုးထဲက ကြက်သားဖတ်ကို ယူထည့်ပြီး ကြက်သားဟင်းအနှစ်ကို ဆမ်းပေးလိုက်ပါတယ်။ ဒါကြောင့် အရင်တုန်းကလို ကြက်သားကို ဒံပေါက်နဲ့ ရောဖေါက်သလို အရသာ မရှိတော့တာပါ။ ဒပေါက်ချက်နည်းတွေ ပြောနေတုန်း ကျွန်တော် အင်္ဂလန်မှာ ကိုယ်တွေ့ ဒပေါက်ဘယ်လို ချက်သလဲဆိုတာလည်း ပြောပြချင် ပါသေးတယ်။ ကျွန်တော်ဟာ အင်္ဂလန်ရောက်တဲ့အထိ တစ်သက်လုံး ထမင်းတစ်ခါမှ မချက်ဖူးဘူး။ ဟင်းဆိုတာတော့ ဝေလာဝေး၊ ကြက်သား၊ ဝက်သား၊ အသားတွေကို လက်နဲ့ တစ်ခါမှ မကိုင်ဖူးဘး။ အင်္ဂလန်ရောက်ပြီး (၂)ပတ်လောက်နေတော့ ဆေးရုံမှာ နေ့တိုင်းစားနေရတဲ့ အင်္ဂလိပ်အစားအစာ ဒဏ်ကို မခံနိုင်တော့ဘူး။ အင်္ဂလန်မသွားခင်တုန်းကတော့ ကိုယ့်ကိုကိုယ် တော်တော်လေး ဘိုစာကြိုက်တဲ့သူ၊ အနောက်တိုင်း အစားအသောက်သာ စားနေရလို့တော့ တစ်သက်လုံး စားနိုင်တယ်လို့ ထင်ခဲ့မိတယ်။ အင်္ဂလန်သွားမယ်ဆိုတော့ အမေ အဖေ၊ ဆွေမျိုးအသိုင်းအဝိုင်းက ငါးပိကြော်၊ ငါးခြောက်ကြော်တွေ ထည့်ပေးတာတောင် "ဒါတွေ မလိုပါဘူး၊ ကျွန်တော်က မြန်မာစာတွေမစားရလည်း ရပါတယ်။ အင်္ဂလိပ် အစားအစာကြိုက်တဲ့သူဆိုတော့ ပြဿနာ မရှိပါဘူး"လို့ ကြွေးကြော်ခဲ့တယ်။ တကယ်တမ်း အင်္ဂလန် ရောက်ပြီး မနက်၊ ည ဘိုစာချည်းပဲ စားရတော့ ကျွန်တော့်ရဲ့ အညာသားပါးစပ်က အနောက်တိုင်း အစားအစာတွေဒဏ် မခံနိုင်တော့ဘူး။ အင်္ဂလိပ်ဆေးရုံတွေမှာ ဆရာဝန်တွေကို ကျွေးတဲ့ ကင်တင်း canteen က အစားအသောက်တွေဟာ Government subsidized ဂါးဗားမင့်ဆပ်(ဘ်)ဆဒိုက်(စ်)ဒ် လို့ခေါ်တဲ့ အစိုးရက ငွေကြေးထောက်ပံ့ ထားတာဆိုတော့ menu ထဲက စားစရာတွေရဲ့ စျေးနှုန်းက အပြင်က ဆိုင်တွေထက် တစ်ဝက်လောက်သက်သာတယ်။ အဲလို စျေးသက်သာပေမယ်လို့ တစ်ရက်က နှစ်ရက်၊ ရက်ကြာလာတော့ ကျွန်တော်က ဆေးရုံ ကင်တင်းက အစားအစာတွေ အနံ့တောင် မခချင်တော့ဘူး။ အင်္ဂလိပ်တွေ ချက်တာပြုတ်တာက အသားတွေကို ရေနဲ့ပြုတ်ထားတ့ သဘောလိုပဲဖြစ်နေတယ်။ ဟင်းချက်တာ နဲ့ မတူဘူး။ ဆီမပါ ပျားမပါ၊ ဖြူဖြူဖျော့ဖျော့၊ ဟင်းနှစ်ရယ်လို့ အသားနဲ့ရောခ်ကထားတာ မရှိဘဲ ဟင်းထဲက ဟင်းအနှစ်အစား၊ အသားအဆီတွေနဲ့ ဂျုံနဲ့ ရောမွှေထားတဲ့ ဂရေဗီ gravy လို့ခေါ်တဲ့ အရည်တွေကို ကြွေခွက်လေးထဲမှာ ထည့်ထားပြီးတော့ ဖြူဖျော့ဖျော့ အသားတုံးပေါ်မှာ ဆမ်းစားရတာပါ။ ဒါကြောင့် ကင်တင်းဟင်းတွေက အရသာက လုံးဝမရှိပါဘူး။ အရွက်တွေ ရောက်တော့လည်း အဂလိပ်တွေက တအားနွမ်းသွားအောင် ရေနဲ့ပြုတ်ပစ်တယ်။ အင်္ဂလိပ်လိုပြောရရင်တော့ over boiled ပေါ့။ ကျွန်တော်

မစားနိုင်ဆုံး အင်္ဂလိပ်အစားအစာတွေကို ပြောပြပါဆိုရင် ရက်ဘစ်ကစဒနီပိုင် rabbit kidney pie ကိုအရင်ဆုံး ပြောရပါလိမ့်မယ်။ ယုန်ရဲ့ကျောက်ကပ်ကို မွှေပြီး အတုံးလေးလုပ် ခက်ထားတာပါ။ ကန်တော့်ပါရဲ့၊ ယုန်ရဲ့ သေးစော်က အရမ်းနံပြီး စားမယ်လုပ်တိုင်း ပျို့ထွက်အောင်ကို အနံ့က ပြင်းလွန်းပါတယ်။ ဒါဟာ အင်္ဂလိပ်တွေ အမြတ်တနိုးထားပြီး စားကြတဲ့ အစားအစာတစ်ခုပါ။ ကျွန်တော့်အတွက်တော့ ဒေါ်လာတစ်ရာပေးမယ်ဆိုတောင် မစားနိုင်ဘူးဆိုတဲ့ ဟင်းလျာမျိုးပါ။ ကျွန်တော် မစားနိုင်တဲ့ အင်္ဂလိပ် ဟင်းလျာနောက်တစ်မျိုးကို ပြောရမယ်ဆိုရင်တော့ သိုးသားပါ။ သိုးသားကို အင်္ဂလိပ်က နှစ်မျိုး ခွဲထားပါတယ်။ သိုးအငယ်လေးအသားကို lamb လို့ခေါ်ပြီး သိုးကြီးသားကို မတ်တန် mutton လို့ခေါ်ပါတယ်။ Lamb က နုတယ်၊ mutton က ရင့်တယ်ပေါ့။ ဒါကြောင့် အသက်ကြီးကြီး အမျိုးသမီးကြီးတွေ မိတ်ကပ်၊ နှုတ်ခမ်းနီတွေနဲ့ ကောင်မလေး ငယ်ငယ်လေးတွေလို ပြင်ဆင်ထားရင် အင်္ဂလိပ်လို mutton dressed as lamb လို့ ပြောလေ့ရှိပါတယ်။ သိုးသားအကြောင်း ဆက်ပြောရရင် သိုးသားရဲ့ဘေးမှာရှိတဲ့ အဆီ အကွင်းလိုက်ကို ရင်းမ်းအော့ဖ်ဖတ rim of fat လို့ခေါ်ပြး အင်္ဂလိပ်တွေဟာ အဲဒီ အဆီကွင်းကို တကယ့် စားကောင်းသောက်ဖွယ် ဒယ်လီကေစီ delicacy အနေနဲ့ စားကြတယ်။ ကျွန်တော်ကတော့ အဲဒီသိုးသားအဆီနဲ့ကို ရတာနဲ့ အန်ချင် ပျို့ချင်၊ ကင်တင်းထဲက ထွက်ပြေးချင်တဲ့ စိတ်ပေါ်လာပါတယ်။ ဒီလို ကိုယ်လုံးဝ မကြိုက်တဲ့ အင်္ဂလိပ်ဟင်းတွေနဲ့ နှစ်ပါးသွားနေရတာ (၁)လလောက်လည်းကြာရော ကျွန်တော် လုံးဝ သည်းမခံနင်တဲ့ အဆုံးမှာ ထမင်းစချက်ရတော့တာပါပဲ။ လန်ဒန်က သူငယ်ချင်း ဇော်မင်းနဲ့ မဝေ ဝယ်ပေးလိုက်တဲ့ ထမင်းချက်အိုး ရိုက်စ်ကွတ်ကာ (rice cooker) ထဲကို ဆန်ထည့်၊ ဇော်မင်းမှာလိုက်တဲ့အတိုင်း ဆန်ပေါ်ကို ရေလက်တစ်ဆစ်ပေါ်အောင်ထည့်ပြီး ထမင်း စချက်ကြည့်တယ်။ ထမင်းချက်တာ အောင်မြင်သွားတာဟာ ကျွန်တော့်ရဲ့ အင်္ဂလန် ပညာသင်ကာလရဲ့ အရေးကြီး သမိုင်းမှတ်တိုင်တစ်ခုပါ။ ဘာလို့လဲဆိုတော့ မြန်မာအစားအစာ ငတ်နေတဲ့ ကျွန်တော့်အတွက် ဘာဟင်းမှမပါဘဲ ထမင်းပူပူကို ဆီနဲ့ဆမ်းပြီးစားရတာကိုက ဘယ်လိုအရသာရှိမှန်း မသိပါဘူး။ အင်္ဂလန်ရဲ့ ရာသီဥတုကလည်း အေးတော့ ရိုက်စ်ကွတ်ကာနဲ့ ထမင်းတစ်ခါ ချကထားလိုက်ရင် တစ်ပတ်လုံး စားလို့ရတယ်။ ဆေးရုံက ပြန်လာလို့ ညစာ စားခါနီတိုင်း ရေလေးဖြန်း၊ ရိုက်စ်ကွတ်ကာကို keep warm မှာထားပြီး ဖွင့်ထားလိုက်ရင် စားလို့ ရပြန်ရော။ နေ့လည်စာကိုတော့ ဆေးရုံ ကင်တင်းမှာ ကြိတ်မှိတ်စားပြီး ညစာကို အခန်းရောက်မှ မြန်မာစတိုင် စားပါတယ်။ အဲလို စားလိုက်ရမှ တစ်နေ့စာအတွက် ဗိုက်ပြည့်ပြီး ညအိပ်လို့ ရပါတယ်။ ထမင်းချက်တာက နေ တဆင့်တက်ပြီး ဒေါ်မြရင် ဝက်အူချောင်းကို ဆီလေးနဲ့ ကြော်၊ ထမင်းနဲ့စား၊ တော်တော်ကို မြန်မာအစားအစာ စားတတ်လာပြီး မြန်မာပြည်၊ မြန်မာအစားအစာ အလွမ်းပြေ၊ အာသာပြေပါတယ်။ ဒီလိုနဲ့ နောက်တဆင့်တက်ပြီး ရိုက်စ်ကွတ်ကာထဲကို ဆန်၊ ရေအပြင် ဝက်အူချောင်းတွေပါထည့်ချက် တော်တော်ကို ဟုတ်လာတယ်။ အဲဒီက နောက်ထပ် အရဲစွန့်ပြီး ကြက်ဥ ကြော်ကြည့်တယ်။ ပထမဆုံး ကြက်ဥကြော်တဲ့နေ့က ဆီပူထဲကို ကြက်ဥဖောက်ထည့်လိုက်တော့ ဟန်းဆိုပြီး မီးတောက်ကြီး ထလာတာနဲ့ ဒယ်ပိုင်းကို

မနည်းဆွဲချလိုက်ရတယ်။ အဲတော့မှ "သြော် ကြက်ဥကြော်တယ် ဆိုတာ သိပ်ပြီးမီးပြင်းကြီး မထားရပါလား" လို့ သဘောပေါက်လာပြီး မီးခပ်အေးအေး နံပါတ်(၃)လောက်နဲ့ ကြက်ဥကြော်တတ်လာတယ်။ တစ်နေ့တော့ ပန်းဂေါ်ဖီစားချင်တာနဲ့ စျေးမှာသွားပြီး အထုပကြီးကို ဝယ်လာပြီး အဖတ်တွေကို တစ်လွှာခြင်း လှန်လှန်ပြီး ခွာလိုက်တာ အထုပသာ ကုန်သွားရော၊ ဂေါ်ဖီပွင့်ကို မတွေ့ရဘူး။ အဲတော့မှ ဂေါ်ဖီထုပ cabbage နဲ့ ပန်းဂေါ်ဖီ cauliflower မတူဘူးဆိုတာ သိလာတယ်။ ဒီလို အဆင့်ကနေ တဖြည်းဖြည်း ဟင်းချက် ထမင်းချက် လက်တက်လာလိုက်တာ ကုလားပဲကို ကျေအောင်ချက်၊ ငါးသေတ္တာ ထည့်မွှေ၊ အင်္ဂလန်ရောက် မြန်မာ မုန့်ဟင်းခါးဟင်းရည်ချက်ပြီး၊ အီတလီ ခေါက်ဆွဲ စပါဂက်တီ spaghetti ကို ရေနွေးဖျော၊ မုန့်ဟင်းခါးဖတ်လုပ်၊ နံနံပင် ၊ ဆီချက်ဆမ်း တကယ့်ကို ကောင်းတဲ့ အင်္ဂလန်က ဒေါက်တာခင်မောင်ဝင်း မုန့်ဟင်းခါးပါ။ နောက်ပြီးတော့ အင်္ဂလိပ်တွေ မစားလို့ လင့်ပစ်တဲ့ ဝက်ခေါင်းကို ကောက်လာပြီး ဝက်ခေါင်းသုပ၊ ဝက်နားရွက်သုပစားတတ်လာတယ်။ အင်္ဂလိပ်ဆိုင်က အလကားရတဲ့ ငါးခေါင်းကို ရှယ်ငါးခေါင်း ဟင်းရည်ချက်၊ တဆင့်ထက်တဆင့် မြင့်လာလိုက်တဲ့ ကျွန်တော့်ရဲ့ ဟင်းချက်စွမ်းပကားဟာ အင်္ဂလန်ရောက်ပြီး တစ်နှစ်လောက်ကြာတော့ ဒေပေါက်ဖေါက်နိုင်တဲ့အဆင့်အထိ ရောက်လာပါတော့တယ်။

ခြေမွှေးမီးမလောင် လက်မွှေးမီးမလောင် ထမင်းမချက်ဘူး၊ ဂေါ်ဖီထပနဲ့ ပန်းမုန်လာ ခွဲခြားမသိတဲ့ ကျွန်တော်ဟာ အင်္ဂလန်မှာ ဒံပေါက်ဖေါက်တဲ့အထိ တိုးတက်လာတယ်ဆိုလို့ မယုံမရှိပါနဲ့။ အင်္ဂလန်ရောက် မြန်မာမျှားဟာ မြန်မာအစားအသောက်တွေကို လွမ်းနေကြတာဆိုတော့ အစားအသောက်ချက်နည်းကောင်း လေးရရင် တစ်ယောက်နဲ့တစ်ယောက် ဖုန်းတွေဆက်ပြီး ဟိုလိုချက်၊ ဒီလိုချက်ရတယ်ဆိုတာတွေ သတင်းဖလှယ်ကြ၊ ကျွန်တော့်လို လူသစ်တစ်ယောက်လောက် ရောက်လာတယ်ဆိုရင် အားလုံးက ဝိုင်းပြီး ကူညီကြ၊ ဖုန်းပြောကြ နဲ့ဆိုတော့ လက်တွေ့ ဟင်းမျိုးစုံချက်နည်းတွေကို ကျွန်တော် ခပ်မြန်မြန်နဲ့ပဲ သိလာတာပေါ့။ ပဲပင်ပေါက် ဖေါက်နည်း၊ ဒိန်ချဉ်လုပ်နည်း၊ ဒိန်ချဉ်နဲ့ကြက်သားစိမ်ပြီး ချက်နည်းတွေကို တတ်သွားလိုက်တာ။ တစ်နှစ် အမြန် ဖုန်းပြော၊ ဖုန်းနားထောင်၊ ထမင်းဟင်းချက်နည်းသင်တန်း တက်လိုက်ရသလပါပဲ။ ဒါကြောင့် ကျွန်တော် ဒံပေါက်ဖေါက်တတ်တာလို့ ပြောရပါမယ်။ ဒံပေါက်ချက်တော့မယ်ဆိုရင် ပထမဆုံး ဒံပေါက်နဲ့ လိုက် ဖက်မယ့် အဆာပလာ စားစရာတွေကို အရင်လုပ်ရပါတယ်။ ကျွန်တော်ကတော့ ပဲပင်ပေါက်အရင်ဆုံး လုပ်ပါတယ်။ ပဲစဉ်းငုံအစေ့လေးတွေကို ဟောလစ်ပုလင်းလို ဖန်ပုလင်းထဲမှာထည့်၊ ဖန်ပုလင်းကို စောင်းစောင်းလေးထား၊ ပဲလေးတွေကို ရေဖျန်းပြီးတော့ ရေစွတ်ထားတဲ့ လက်သုပ်ပုဝါလေးနဲ့အုပ်ထား၊ (၂)ရက်လောက်ကြာလို့ လက်သုတ်ပုဝါလေး အသာလေး မကြည့်ရင် ပဲပင်ပေါက် အညောက်လေးတွေကို တွေ့ရမယ်။ အနေတော်လောက် ပဲပင်ပေါက်လေးတွေရရင် ဖန်ပုလင်းထဲက ဆယ်ယူ၊ ရေစစ်ပြီး ပန်းကန်လေးထဲပြောင်းလှယ်၊ ရေခဲသေတ္တာထဲထည့်ထားလိုက်ပါတယ်။ နောက်ပြီးတော့ ဒိန်ချဉ်လုပ်ပါတယ်။ စူပါမတ်ကက်က နွားနို့ fresh milk ကိုဝယ်၊ အဲဒီနို့ကို မီးဖိုပေါ်မှာ

ပွက်ပွက်ဆူအောင်တည်၊ ပြီးတော့ အအေးခံလိုက်တယ်။ ဆိုလိုတာက နို့ထဲမှာပါတဲ့ ဘက်တီးရီးယားတွေကို သတ်ပစ်တာ။ အဲဒီနို့ လုံးဝအေးသွားပြီဆိုတော့ အဝကျယ်ကျယ် ဖန်ပုလင်းထဲပြောင်း ထည့်၊ အဲဒီနို့ထဲကို ဒိန်ချဉ် ထမင်းစားဇွန်းကြီး တစ်ဇွန်းလောက်ထည့်၊ လေလုံအောင်ပိတ်၊ အင်္ဂလန်က အခန်းထဲက လေက သိပ်အေးတော့ အဲဒီပုလင်းကို ဟီတာပေါ်မှာတင်ထားလိုက်၊ တစ်ဇွန်းထည့်လိုက်တဲ့ ဒိန်ချဉ်ထဲက ဘက်တီးရီးယားတွေပွားပြီး လေးနာရီလောက်ကြာတော့ ဒိန်ချဉ် ဖန်ပုလင်းကြီး အပြည့်ရမယ်။ ဒါတွေစုံတော့မှ ဒံပေါက်ဖေါက်တဲ့ ဇာတ်လမ်းစတယ်။ ကြက်ရင်အုပ်၊ ကြက်ပေါင် ခပ်လှလှလေး ခုတ်ထစ်ထားတဲ့ ကြက်သားအတုံးတွေကို ဒိန်ချဉ်လေး ခပ်ပါးပါးသုတ်ပြီး နယ်ထားလိုက်တယ်။ အဲလို လုပ်တော့ အသားက နူးသွားတာပေါ့။ အင်္ဂလိပ်လို မရီနိတ် (marinade) လုပ်တယ် ခေါ်တာပေါ့။ ကြက်သားထဲကို ဒိန်ချဉ်စိမ့်ဝင်သွားလောက်ပြီဆိုတော့မှ ရိုက်စ်ကွတ်ကာထဲမှာ ဆန်လက်တစ်ဆစ်ထည့်။ အဲဒီအပေါ်မှာ ဒံပေါက်ဖေါက်တဲ့ အနှစ် အင်္ဂလိပ်လို ဘီရီယာနီပေ့စ် (biriani paste) ဆိုတာကို ခပ်ပါးပါး အလာ ခင်းတယ်။ ဒီလို ဘီရီယာနီပေ့စ်အနှစ် ရှိလို့ ဒံပေါက်ဖေါက်ရတာလွယ်တာပါ။ ကိုယ်တိုင် ဒံပေါက်အနှစ်လုပ်ရ မယ်ဆိုရင် ဘယ်လွယ်ပါ့မလဲ။ အင်္ဂလန်မှာတော့ စူပါမာကက်ကနေ အသင့်ပြင်ပြီးသား ဘရီယာနီပေ့စ် ကို သွားဝယ်လိုက်ရုံပါပဲ။

အဲဒီ ဘရီယာနီပေ့စ်အနယ်အလွှာပေါ်မှာ ခုနကပြောတဲ့ ဒိန်ချဉ်စိမ်ထားတဲ့ ကြက်သားနှစ်တုံး လောက်ထည့်၊ အဲဒီပေါ်ကနေ ဘတ်စမာတီဆန် လက်နှဆစ်လောက် တစ်လွှာတင်ပြီးတော့ ဘရီယာနီပေ့စ် ပါးပါးတစ်လွှာ၊ အဲဒီပေါ်မှာ ခုနလိုပဲ ကြက်သားတုံးတွေတင်နဲ့ ရိုက်စ်ကွတ်ကာရဲ့ သုံးပုံနှစ်ပုံလောက်အထိ ဖြည့်လိုက်တယ်။ ပြီးတော့မှ ရေကို ထုံးစံအတိုင်း ဆန်ပေါ်မှာ လက်တဆစ်တင်၊ အဖုံးပိတ်၊ ရိုက်စ်ကွတ်ကာ on လိုက်ရင် ဒံပေါက်ဖေါက်တာ ပြီးရော။ နာရီဝက်လောက်ကြာရင် တစ်ခန်းလုံးမွှေးနေအောင် ဒံပေါက်နံ့တွေ ထွက်လာမယ်။ အဲလို ချက်လိုက်တဲ့အခါမှာ ဘရီယာနီပေ့စ်အနှစ်တွေဟာ ရိုက်စ်ကွတ်ကာအိုးတစ်ခုလုံး အနှံ့ပျံ့သွားပြီး ကြက်သားနဲ့ ဆန်တုံးတွေထဲကို စိမ့်ဝင်သွားတယ်။ ရေခမ်းပြီထင်ရင် အဖုံးလေးဖွင့်၊ ဆန်လုံး အသားအပျော့မြည်းကြည့်၊ ဆန်နည်းနည်းမာသေးရင် ရေလေးနည်းနည်းထပ်ထည့်၊ ရိုက်စ်ကွတ်ကာကို ပြန် on လိုက်၊ ဒီလိုနဲ့ နောက်ဆုံး ရန်ကုန်ဒံပေါက် စံချိန်မီ အသင့်စားနိုင်တဲ့ အခြေအနေကို ရောက်သွားပါတယ်။ ဒီထက် ကွန့်ပြီး ချက်ချင်တယ်ဆိုရင် ကုံကုမံ saffron ၊ လေးညှင်းစတဲ့ အဆာပလာတွေပါ ထပ်ထည့်၊ ရှယ်မှရှယ် ကောင်းတဲ့ ဒံပေါက်ဖြစ်လာပါတယ်။ ဒံပေါက်အိုးတယ်နေတုန်း ဒံပေါက်နဲ့စားဖို အချဉ်လုပ်ရပါ တယ်။ ကြက်သွန်နီကို ရိတ်ရိတ်လေးတွေလှီး၊ ပဲပင်ပေါက်အစိမ်းနဲ့ ကြက်သွန်နီလှီးပြီးသားလေးတွေကို ဒိန်ချဉ်နဲ့ ရောမွှေလိုက်ရင် ဒံပေါက်နဲ့တကယ်လိုက်တဲ့ အချဉ်ပွဲရပါမယ်။ ဒံပေါက်အိုးကို ဖွင့်လိုက်ရင် ဒံပေါက် တစ်လွှာ၊ ကြက်သားတစ်လွှာ၊ လိုသလိုယူပြီး စားနိုင်ပါတယ်။ ဒိန်ချဉ်နဲ့ တစ်မနက်လုံးစိမ်ပြီး မာရီနိတ် လုပ်ထားတဲ့ ကြက်သားက နူးပြီး ရိုက်စ်ကွတ်ကာထဲက ဒံပေါက်ဆန်ကျက်တာနဲ့ ကြက်သားလည်း ကျက်သွားတာပါ။ ကြက်သားကလည်း ဘရီယာနီပေ့စ်အနှစ်တွေ စိမ့်ဝင်နေတော့ ဖြူဖျော့ဖျော့ကြက်သားတုံး

တွေ့ မဟုတ်ဘဲ အရောင်အဆင်းလှပ အရသာရှိတဲ့ ဒံပေါက်ကြော်သားတုံးတွေပါ။ မလေးရှား ကင်မရွန်ဟိုက်လင်း ဘရင်ချမ်းက အိန္ဒိယအစားအစာတွေ ညံ့တာကို ကျွန်တော်တို့တတွေ ပြောကြရင်းနဲ့ မြန်မာပြည်က အိန္ဒိယ အစားအစာတွေ ကောင်းတာကို သတိရပြီး တမ်းတမိပါတယ်။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဒေါက်တာမောင်ဝင်း (အသည်း)





Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင် (အပိုင်း - ၃၄)

မလေးရှားခရီးစဉ်(အဆက်)

မလေးရှားနိုင်ငံ ကင်မရွန်းဟိုက်လင်းက ဘရင်ချမ်း၊ ရင်းဂလက်နဲ့ တာနာရာတမြို့လေးတွေကို သွားခဲ့တဲ့အကြောင်း ပြောပြနေပါတယ်။

ကင်မရွန်းဟိုက်လင်းက လွှက်ခင်း

ဘရင်ချမ်းမြို့ကလေးကနေ ထွက်လိုက်တော့ ကားလမ်းလေးဟာ ဟိုကွေ့ဒီကွေ့နဲ့ တောတွေ တောင်တွေကြားမှာ စိတ်ဝင်စားစရာကောင်းအောင် လိမ်တွန့်ပြီး သွားနေပါတယ်။ ဘရင်ချမ်းကို အလာတုန်းက တချိန်လုံး တောင်ပေါ်တက်လာခဲ့ရတာ၊ အမြင့်ပေ (၅၀၀၀) ကျော်အထိ တက်လိုက်တော့မှ မြေပြန့်လေးတွေ ဖြစ်သွားပြီး ဘရင်ချမ်းမြို့လေး တည်ထားတာတွေ့ရပါတယ်။ ဘရင်ချမ်းမြို့ကထွက်တာနဲ့ တောင်ဆင်းလမ်းပါ။ ကင်မရွန်းဟိုက်လင်းကို တစ်ဖက်ကတက်ပြီး တစ်ဖက်ကပြန်ဆင်းတဲ့သဘောပါ။ ဘရင်ချမ်းကထွက်ပြီး ပြန်ဆင်းတဲ့ ကားလမ်းအဆင်းဟာ ပြေပါတယ်။ ဘေးကရှုခင်းတွေကို အေးအေးဆေးဆေး ကြည့်ပြီး မောင်းသွားလို့ ရပါတယ။ ဘယ်ဘက် ညာဘက် ကြည့်ချင်တဲ့ဘက်ကိုကြည့်၊ လွှက်ခင်းတွေကို တစ်မျှော်တစ်ခေါ်တွေ့ရပါတယ်။ ခါးကျော်ကျော်လောက် အမြင့် တညီတညာတည်း ဖြတ်ထားပြီး (၂)ပေ (၃)ပေလောက်အကျယ် လွှက်ပင်စိုက်ခင်းအတန်းလေးတွေကြားမှာ လွှက်ခူးဖို့ လျှောက်လမ်းလေးတွေ ရှိပါတယ်။ ဘာနဲ့တူလဲဆိုတော့ (maze) မေ့(ဇ)လို့ ခေါ်တဲ့ သစ်ပင်ဝင်္ကပါလေးတွေနဲ့ တူပါတယ်။ ကားလမ်းဘေးက ကင်မရွန်းဟိုင်းလင်းတောင်တန်းကြီးတွေမှာ မျက်စေ့တဆုံးအထိ နေရာလပ်မရှိအောင် စိုက်ထားတဲ့ အဲလို လွှက်ခင်းတွေ တွေ့ရတော့ တကယ့်ကို အံ့သြမိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ အဲလို စနစ်တကျ စိုက်ထားတဲ့ လွှက်ခင်းတွေ ရှမရှိတော့ မသိပါ။ သိပေါ့၊ ကျောက်မဲဘက်မှာ လွှက်တွေ စိုက်ကြတယ်ဆိုတာတော့ သိတယ်။ အဲဒီ မြန်မာပြည်က လွှက်စိုက်ခင်းတွေဆီ အထိတော့ ကျွန်တော် မရောက်ဖူး၊ မလေ့လာခဲ့ဖူးပါ။ ဒါပေမယ့် ကျွန်တော့်အမြင်ကို ပြောရမယ်ဆိုရင်တော့ မလေးရှားက လွှက်စိုက်ခင်းတွေဟာ စီစီညီညီ ညှပ်ထားပြီး အရမ်းကို စနစ်ကျအောင် ခေတ်မီနည်းစနစ်နဲ့ ကိရိယာတွေသုံးပြီး စိုက်ပျိုးထားတယ်လို့ ထင်ပါတယ်။ အင်ဒိုနီးရှားကို သွားတုန်းကလည်း ဂျကာတာမြို့ကနေ ဘန်ဒွန်း (မြန်မာလို အသံထွက် ဘန်ဒေါင်း)မြို့ကို အသွားမှာ လမ်းဘေးက တောတွေ တောင်တွေကို ကြည့်လိုက်ရင် ဒီလိုပဲ စနစ်တကျ လှလှပပစိုက်ထားတဲ့ လွှက်ခင်းတွေကို တွေ့ခဲ့ရဖူးပါတယ်။ ချင်းတောင်က တောင်တန်းကြီးတွေမှာ နိုင်ငံတော်က လွှက်စိုက်ခင်းတွေ လုပ်ဖို့ စီစဉ်နေတယ်ဆိုတာ

သတိရမိတော့ မလေးရှား၊ အင်ဒိုနီးရှားက လွှက်ခင်းတွေလ ကမ္ဘာ့ခေတ်မီ လွှက်စိုက်နည်း တက်ကနော်လော်ဂျီတွေ သုံးပြီး စိုက်နိုင်ရင် သိပ်ကောင်းမှာပဲလို့ တွေးမိပါတယ်။

ကျွန်တော်တို့မှာ ဒီလိုခေတ်မီ လွှက်စိုက်နည်းစနစ်တွေရှိပြီး ကမ္ဘာ့လွှက်ခြောက်စျေးကွက်မှာ မြန်မာတွေဝင်တိုးနိုင်ရင် သိပ်ကောင်းမှာပဲလို့လည်း တွေးမိပါတယ်။ အဲလို ဘေးဘယ်ညာ လွှက်ခင်းတွေကို ကြည့်ရင်းနဲ့ ဇီမ်လေးနဲ့ကားကို ဖြည်းဖြည်းလေးမောင်းလာတာ လမးတစ်နေရာရောက်တော့ တိုးရစ်ကားတွေ အများကြီးရပ်ထားတဲ့ နေရာတစ်နေရာကို တွေ့တာနဲ့ "သမီးကြီး တိုးရစ်တွေ ဘာကိုကြည့်ကြတာလဲ၊ ရပ်လိုက်စမ်း" လို့ပြောပြီး ကျွန်တော်တို့လည်း ကားရပ်ပြီး ဆင်းကြည့်ကြပါတယ်။ အဲတော့မှ လူတွေရပ်ကြည့်နေကြတာဟာ Cameron Valley Tea, Cameron Bharat Plantations ဆိုပြီး ဆိုင်းဘုတ်ရေးထားတဲ့ လွှက်စိုက်ခင်းတွေဆိုတာကို တွေ့ရပါတယ်။ လွှက်စိုက်ခင်းအဝင် တောင်စောင်းကြီး ပေါ်မှာ လွှက်ခင်းတွေ၊ လှပတဲ့ရှုခင်းကို ကြည့်လို့ကောင်းအောင် အမိုးမိုးထားတဲ့ ကပြင်လေးလုပ်ထားပြီး အဲဒီပေါ်မှာ လွှက်ရည်ဆိုင် ဖွင့်ထားပါတယ်။ တိုးရစ်တွေဟာ လွှက်ရည်ဆိုင် ကောင်တာမှာ လွှက်ရည်နဲ့ မုန့်မျိုးစုံမှာပြီး ကပြင်လေးပေါ်က စားပွဲဝိုင်းတွေမှာ ထိုင်ကြတယ်။ အဲလိုထိုင်ပြီးတော့ တစ်မျှော်တစ်ခေါ် လွှက်စိုက်ခင်းတွေကို ငေးမျှော်ကြည့်ရင်း လွှက်ရည်ရဲ့ အရသာကို တစိမ့်စိမ့်မြည်းကြပါတယ်။ အဲဒီဆိုင်မှာ ရောင်းတဲ့ လွှက်ရည် (tea)ဟာ အဲဒီ လွှက်စိုက်ခင်းတွေက ထွက်တဲ့ လွှက်ခြောက်နဲ့ ဖျော်ထားတာပါ လို့ပြောပြီး သူတို့ရဲ့လွှက်ခြောက်မျိုးစုံကို ကြော်ငြာပါတယ်။ အဲဒီ လွှက်ရည်ဆိုင်လေးဟာ တော်တော်ကို နာမည်ကျော်ကြားထင်ရှားတဲ့ တိုးရစ်စိတ်ဝင်စားဖွယ်ရာ (tourist attraction) စပေါ့ (spot) လေး ဖြစ်နေပါတယ်။ ဒီနေရာမှာကင်မရွန်းဟိုင်းလင်း ခရီးအကြောင်း ပြောနေတာဖြတ်ပြီး tea ဆိုတဲ့ လွှက်ရည် အကြောင်း ကျွန်တော်နားလည်သလောက်၊ ကျွန်တော်တို့ ကိုယ်တွေ့ tea အကြောင်းနားလည် ကြုံတွေ့ခဲ့တာ တွေ နည်းနည်းပြောချင်ပါတယ်။

လွှက်

ကမ္ဘာပေါ်မှာ လွှက်စိုက်ကြတယ်ဆိုတာ tea plantation တွေနဲ့ အကြီးအကျယ်စိုက်ပြီး လုပ်ငန်းတွေ လုပ်ကြတာပါ။ အဲဒီ လွှက်ပင်တွေရဲ့ လွှက်ညွှန့်လေးတွေကို ဘာလုပ်ကြသလဲဆိုတော့ လှော်ပြီး လွှက်ခြောက် လုပ်ကြတာပါ။ ဒါပေမယ့် ထူးထူးခြားခြားမြန်မာတွေကတော့ လွှက်စိုကို လုပ်ပြီး လွှက်ကို စားကြပါတယ်။

လွှက်စို

လွှက်ရွက် အညွှန့်လေးတွေကို ခူးပြီး အခြောက်မခံဘဲ အစိုခါတ်မပျက်အောင် လုပ်ထားတာ ရောက်တော့ လွှက်စိုလို့ ခေါ်ရမှာပေါ့။ ကျွန်တော်တို့မြန်မာတွေက အဲလို လွှက်အစိုကို လွှက်လို့ခေါ်ပြီး စားကြပါတယ်။ လွှက်ပင်က အရွက်တွေကို အဲလိုအစိုတည်ပြီး စားတာကို ကျွန်တော်ရောက်ဖူးတဲ့

အနောက်တိုင်း၊ အရှေ့တိုင်း ဘယ်နိုင်ငံမှာမှ မတွေ့ဖူးပါဘူး။ လွှက်ကို အင်္ဂလိပ်လိုအနီးစပ်ဆုံး ဘာသာပြန်ခေါ်ကြတာကတော့ pickled tea leaves လို့ ခေါ်ကြပါတယ်။ တကယ်တော့ ပစ်ကယ်လ် pickle လုပ်တယ်ဆိုတာက ဘရိုင်း (brine) လို့ခေါ်တဲ့ ဆားရည်၊ ဒါမှမဟုတ် (vinegar) ဗနီဂါလို့ ခေါ်တဲ့ ရှာလကာရည်နဲ့ အရွက်တွေကို စိမ်ထားပြီး အချဉ်တည်တာက ပြောတာပါ။ ဒါကြောင့် ပစ်ကယ်လ်ဆိုတာကို မြန်မာလို ပြောရမယ်ဆိုရင် အချဉ်ရည်စိမ်ထားတာပေါ့။ အဲလိုသဘောတရား ရှိတဲ့အတွက် လွှက်ကို pickled tea leave လို့ ခေါ်တာဟာ သိပ်အမှန်ချည်းတော့ မဟုတ်ပါဘူး။ လွှက်အရွက်တွေကနေ လွှက်အစိုဖြစ်အောင် လုပ်တာဟာ ပစ်ကယ်လ်ဆိုပြီး လွယ်လွယ်ရေးထားတဲ့ အချဉ်တည်တာမျိုးမဟုတ်ဘဲ ရှုပ်ထွေးတဲ့ နည်းစနစ်တွေနဲ့ လွှက်ညွှန့်ကနေ လွှက်အစို ဖြစ်သွားရအောင် မြန်မာတွေက လုပ်ထားတာပါ။ မြန်မာတွေ နိုင်ငံခြားရောက်ရင် လွှက်ကို အရမ်းသတိရကြပါတယ်။ ကျွန်တော့်ညီ မောင်တင့်လွင် (အထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေး)ဟာ နိုင်ငံခြားသွားရင် မပါမဖြစ် လွှက်ဘူးလေး ယူသွားလေ့ရှိပါတယ်။ သူဟာ လွှက်ကို ဒီတိုင်းစားချင်စားတယ်၊ ထမင်းစားပြီးလည်း စားတယ်၊ ဒါမှမဟုတ် XO ကော့ညက်နဲ့ မြည်းတယ်။ နိုင်ငံခြားကို အရေးတကြီး ထွက်သွားရလို့ လွှက်ပါမသွားဘူးဆိုရင် သူအရမ်းစိတ်ညစ်တယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ မလေးရှားကင်မရွန်းဟိုင်းလင်းကို သွားတော့လည်း သမီးကြီးက လွှက်နှပ်၊ ပုဇွန်ခြောက် ခပ်သေးသေး စိုစိုလေးတွေ၊ ကြက်သွန်ကြော်၊ ပဲကြော် ပလပ်စတစ်ဘူးကြီးနဲ့ တစ်ဘူးအပြည့်ယူလာပြီး တလမ်းလုံးစားကြပါတယ်။ သမီးကြီးက ကားမောင်းရင်းလည်း "ဖေကြီး သမီးကို လွှက်ခွံ့ပေး" ဆို ပြောလေ့ရှိပါတယ်။ အဲဒါဆိုရင် လွှက်တစ်ဇွန်းလောက်၊ ပုဇွန်ခြောက်၊ ပဲကြော် ကော်ထည့်ပြီး ကားမောင်းနေတဲ့ သူ့ပါးစပ်ထဲကို ထည့်ပေးရပါတယ်။ အဲဒီလောက်တောင် လွှက်ကြိုက်ကြတဲ့ ကျွန်တော်တို့ မိသားစုပါ။ မြန်မာတွေရဲ့ အသည်းစွဲ လွှက်စိုကိုတော့ ကင်မရွန်းဟိုင်းလင်းမှာ မတွေ့ခဲ့ရပါဘူး။ မလေးတွေ လက်အစိုကိုစားကြပုံမပေါ်ပါဘူး။

<u>လွှက်ခြောက်</u>

လွှက်စိုက်ခင်းကြီးတွေက လွှက်အပင်တွေရဲ့ လွှက်အညွှန့်လေးတွေကို ခူးပြီးတော့ လှော်မယ်၊ ပရိုဆက် (process) လုပ်မယ်၊ ပြီးတော့ အချိုခြောက်ခေါ်တဲ့ လွှက်ခြောက်ကို အဓိကလုပ်ပြီး သောက်ကြတယ်။ တရုတ်ပြည်နဲ့ အရှေ့တိုင်းတွေမှာတော့ ဒီလွှက်လေးတွေက အခြောက်ခံပြီး မြန်မာအခေါ် အကြမ်းခြောက်လို့ခေါ်တဲ့ လွှက်ခြောက်လုပ်ပြီး သောက်ကြတယ်။ ဒါကြောင့် ကျွန်တော်တို့ အညာမှာဆိုရင် လွှက်ခြောက်ကို အချိုခြောက်၊ အကြမ်းခြောက်ဆိုပြီး နှစ်မျိုးခွဲပြီးပြောကြတယ်။ ဒီလွှက်ခြောက်တွေ အကြောင်းကို နောက်မှ ထပ်ရှင်းပြပါဦးမယ်။

<u>အကြမ်းခြောက်</u>

ရေနွေးနဲ့ခတ်ပြီး သောက်တဲ့လွှက်ခြောက်၊ ဒါမှမဟုတ် ရေနွေးထဲထည့်ပြီး သောက်တဲ့ လွှက်ခြောက်ကို အကြမ်းခြောက်လို့ ခေါ်တယ်လို့ ပြောခဲ့ပြီးပါပြီ။ ဒီနေရာမှာ ရေနွေးထဲထည့်သောက်တာနဲ့ ရေနွေးနဲ့ ခတသောက်တာဆိုတာကို နည်းနည်းရှင်းပြချင်ပါသေးတယ်။ ကျွန်တော်တို့မြန်မာတေ ရေနွေးကြမ်း သောက်တာကတော့ ရေနွေးပွက်ပွက်ဆူ၊ ရေနွေးကရားထဲကို လွှက်ခြောက်တွေ လက်တစ်ကုပ် လက်တစ်ဆုပ် ထည့်ပြီး သောက်လေ့ရှိပါတယ်။ အညာမှာတော့ ရေနွေးကြမ်းကောင်းတယ်၊ မကောင်းဘူး ဆိုတာကို လက်ခြောက်ခတ်တဲ့ ရေကောင်းမကောင်းပေါ်မှာ အဓိကထားပြီး ပြောလေ့ရှိပါတယ်။ ဘယ်လိုလဲဆိုတော့ အညာကရေတွေက များသောအားဖြင့် ရေငံတွေ၊ ပုစ်ခွေနေတဲ့ရေတွေပဲ များပါတယ်။ ဘယ်လောက်ကောင်းတဲ့ လက်ခြောက်ဖြစ်ဖြစ် အဲလို ရေမျိုးနဲ့ ခတ်သောက်လို့ကတော့ ဘာအရသာမှ ရှိမှာမဟုတ်ဘူး။ ကျွန်တော်တို့ ဝမ်းတွင်းမြို့မှာဆိုရင် ရေချိုတွင်းဆိုတာ သီးသန့်ရှိပါတယ်။ ရေနွေးကြမ်းကောင်းကောင်း သောက်ဖို့ ရေချိုတွင်းကရေကို သီးသန့်ဝယ်ရပါတယ်။ ရေချိုတွင်းကရေထက် ရေနွေးကြမ်းတည်သောက်လို့ကောင်းတာကတော့ မိုးရေပါပဲ။ အညာမှာ မိုးတွင်းမိုးရွာရင် မိုးရေခံပြီး ရာဝင်အိုးကြီးတွေနဲ့ လှောင်ထားကြပါတယ်။ တစ်နွေလုံးခံအောင် ရာဝင်အိုးအဝကို အဝတ်စနဲ့ စည်း၊ ပိတ်ထားပြီး နည်းနည်းခြင်းခပ်သုံးကြပါတယ်။ အဲတော့ ပြန်ပြောရမယ်ဆိုရင် အညာက ရေနွေးကြမ်းဟာ ရေပေါ်ကိုမူတည်ပြီး ရေငံရေနွေးကြမ်း၊ ရေချိုတွင်းကရေနဲ့ခပ်တဲ့ ရေနွေးကြမ်း၊ အကောင်းဆုံးက မိုးရေနဲ့တည်တဲ့ ရေနွေးကြမ်းပေါ့။ အဲသလို ရေက သိပ်ကွာခြားလွန်းတော့ အညာမှာ ရေနွေးကြမ်း ကောင်းမကောင်းကို လွှက်ခြောက်အရည်အသွေးထက် ရေကောင်း မကောင်းနဲ့ စံထားပြီး ပြောလေ့ရှိကြပါတယ်။ ပြီးတော့ ကျွန်တော်တို့မြန်မာလူမျိုးတွေဟာ လွှက်ခြောက်ကို သိပ်ပြီး အဲလောက်ကြီး အလေးထားကြပုံ မပေါ်ပါဘူး။ ရွှေဖိမိုးလွတ်၊ စော်ဘွားနှူတ်ခမ်းမွှေးစတဲ့ နှစ်မျိုးသုံးမျိုးလောက်ကို အကောင်းဆုံး လွှက်ခြောက်တွေလို့ သတ်မှတ်ခဲ့ခြားကြပါတယ်။ ဒါပေမယ့် ခုနက ပြောသလိုပဲ မြန်မာတွေဟာ လွှက်ခြောက်ကို တအားကြီး အသားမပေးကြပါဘူး။ ကျွန်တော်တို့နဲ့ စာရင် နယ်စပ်က ဝ၊ ကိုးကန့်၊ တိုင်းရင်းသားတွေနဲ့ တရုတ်တွေက လွှက်ခြောက်ဆိုရင် အမျိုးအစားတွေကို အများကြီး ခွဲခြားသတ်မှတ်ပြီး ရေနွေးနဲ့ လက်ခြောက်နှပ်ပြီး သိပ်ကို အလေးထားဇိမ်ခံသောက်ကြပါတယ်။ သူတို့တတွေက ကျွန်တော်တို့လို ရေနွေးထဲကို လွှက်ခြောက် ထည့်သောက်တာ မဟုတ်ပါဘူး။ လွှက်ခြောက်နဲ့ ရေနွေးနှပြီး၊ အရသာခံပြီး ရေနွေးကြမ်းကို တစိမ့်စိမ့် သောက်ကြတာပါ။ ဒါကြောင့် တရုတတွေ လွှက်ခြောက်နဲ့ ရေနွေးနှပ်ပြီး သောက်တာကို ရေနွေးကြမ်းလို့ မခေါ်သင့်ပါဘူး၊ ခေါ်လည်းမခေါ်ပါဘူး။ လွှက်ရည် တီး (tea) လို့ပဲ ခေါ်ရမှာပါ။ ဒီလိုရေနွေးနဲ့ လွှက်ခြောက်ရောသောက်၊ ထည့်သောက်ကြတာမှာ မြန်မာနဲ့တရုတဟာ အဓိပ္ပါယ်ယူဆချက်ခြင်း ကွာခြားပါတယ်။ ဘယ်လိုလဲဆိုတော့ ကျွန်တော်တို့က ရေနွေးကရားအပြည့် ရေနွေးပွကပွကဆူထဲ လွှက်ခြောက်တွေ ပစ်ထည့်ပြီး အဲဒီရေနွေးကြမ်းခပ်ပေါ့ပေါ့ကို ရေအစား သောက်ကြတာပါ။ မြန်မာတွေက တစ်နေကုန် တစွတ်စွတ် ရေသောက်မယ့်အစား

ရေနွေးကြမ်း သောက်ကြပါတယ်။ တရုတ်တွေကတော့ ရေနွေးကရားသေးသေးလေးတွေ၊ တစ်ငုံလောက်ပဲ သောက်ရတဲ့ လွှာရည်ခွက်သေးသေးလေးတွေနဲ့ tea ကို တကယ့်ကို ဇိမ်ခံပြီးသောက်ကြပါတယ်။ တရုတ်တွေ လွှာရည်ကို ဘယ်လိုသောက်ကြသလဲဆိုတာ ကျွန်တော့်ကိုယ်တွေ့ ပြောပြပါမယ်။ ကျွန်တော် ဟောင်ကောင်မှာ အသည်းအစားထိုးပညာသင် (၁)လ သွားတုန်းက ရှင်ဘင်ကနေ တရုတ်ပြည်မကြီးက ကွမ်ကျိုးဘက်ကို မကြာမကြာသွားလည်ဖြစ်ပါတယ်။ ကွမ်ကျိုးဘက်က တရုတ်ဆိုင်တွေမှာ ထမင်းစားဖို့ သီးသန့်ခန်း ယူတယ်ဆိုရင် အခန်းထဲမှာ လွှာရည်ဖျော်ဖို့ အမျိုးသမီးတစ်ယောက် သီးသန့်ထားပေးပါတယ်။ အဲဒီအမျိုးသမီးကို အင်္ဂလိပ်လို တီးလေဒီ (tea lady)လို့ ခေါ်ပါတယ်။ တီးလေဒီ အမျိုးသမီးဟာ တရုတ်တိုင်းရင်းသူ ရိုးရာဝတ်စံအကောင်းစားကို ဝတ်ဆင်ထားပြီး ကျွန်တော်တို့စားတဲ့အခန်းရဲ့ နံရံတစ်နေရာမှာ သူ့အတွက်စားပွဲတစ်ခု သီးသန့်ပြင်ပေးထားပါတယ်။ အဲဒီ စားပွဲပေါ်မှာ လွှာရည်ဖျော်ဖို့ရာ ကိရိယာ မျိုးစုံရှိပါတယ်။ အဲဒီလွှာရည်ဖျော်တဲ့ ပစ္စည်းလေးတွေကို ကျွန်တော် မှတ်မိသလောက် ပြန်ပြောရမယ်ဆိုရင် လျှပ်စစ်နဲ့တည်လို့ရတဲ့ ရေနွေးကရားလေးတစ်ခု၊ ပြီးတော့အဓိကအကျဆုံးက ရွှံ့စေးမြေနဲ့ လုပ်ထားတဲ့ လွှာရည်ခပ်တဲ့ကရားသေးသေးလေး၊ ပြီးတော့မှ အဲဒီကရားကိုတင်ဖို့ လုပ်ထားတဲ့ သီးသန့်ခုံလေးပါပါတယ်။ အဲဒီခုံလေးရဲ့ ကြမ်းခင်းဟာ သံချောင်းလေး တွေနဲ့ လုပ်ထားပြီးအောက်မှာ ရေခံတဲ့သခွက်အရှည် ထည့်ထားပါတယ်။ ဘေးနားမှာတော့ တီးသောက်ဖို့ အစီအရီပြင်ပြီးချထားတဲ့ ခွက်သေးသေးလေးတွေကို တွေ့ရပါမယ်။ ဘေးနားမှာ လွှာခြောက်ဘူးမျိုးစုံကို တွေ့ရပါတယ်။ လွှာခြောက်အမျိုးမျိုးထားရတဲ့သဘောက လာစားကြတဲ့ ဧည့်သည်တွေစိတ်ကြိုက် နှစ်သက်တဲ့ လွှာခြောက်တွေကို ရွေးပြုဖျော်ခိုင်းပြီး သောက်နိုင်အောင်လို့ထားတာပါ။ တစ်ခါတလေရောက်တော့ ထမင်းတစ်ခါစားပြီးရင် လွှာခြောက်နှစ်မျိုး၊ သုံးမျိုးပြောင်းပြီးသောက်ကြတာလည်း ရှိပါတယ်။ ဒါကြောင့် လွှာခြောက်ဘူးတွေ အများကြီးရွေးချင်ရာ ရွေးနိုင်အောင်လို့ထားရတာပါ။ တီးလေဒီအမျိုးသမီး လွှာရည် ဘယ်လိုဖျော်လည်း ဆိုတာပြောပြချင်ပါသေးတယ်။ ပထမဆုံးသူက ရေနွေးကရားထဲကို ရေထည့်မယ်၊ ပြီးတော့ခလုတ်ဖွင့်လိုက်ပြီး ရေနွေးပွက်ပွက်ဆူအောင် လုပ်ပါမယ်။ တီးဖျော်တာကို သူတို့ဘယ်လောက်အထိ ဂရုစိုက်တယ်ဆိုတာ အသေးစိတ်ပြောပြရမယ်ဆိုရင်တော့ တစ်ခါတည်ပြီးသား ရေကို နောက်တစ်ခါ တီးဖျောဖို့ ထပ်ပြီးမသုံးပါဘူး။ ဆိုလိုချင်တာက တီးဖျော်ဖို့ ရေနွေးပွက်ပွက်ဆူအောင် လပ်ပြီး တစ်ခါသုံးပြီးရင် အဲဒီရေကို နောက်ထပ် လုံးဝ ပြန်မသုံးတော့ပါဘူး။ နောက်တစ်ခါ တီးဖျော်မယ်ဆိုရင် အဲဒီ ကျိုပြီးသားရေနွေးကို သွန်၊ ရေအသစ်ခပ်ဖြည့်ပြီး ရေနွေးတည်ပါတယ်။ ဆက်ပြောရမယ်ဆိုရင် ရေနွေးပွက်ပွက်ဆူပြီဆိုတာနဲ့ လွှာရည်ခပ်တဲ့ကရားလေးထဲကို လွှာခြောက် အနေတော်ထည့်တယ်၊ ပြီးတော့အဲဒီကရားလေးထဲကို ရေနွေးပွက်ပွက်ဆူကို လောင်းထည့်လိုက်တယ်။ စက္ကန့်(၃၀)လောက်ကြာရင် ကရားလေးကိုကင်ပြီး ရေနွေးနဲ့ လွှာခြောက် နှံ့သွားအောင် ဟိုဘက်ဒီဘက် လှည့်ပြီး ကျင်းလိုက်တယ်၊ ပြီးတော့ အဲဒီရေနွေးကြမ်းတွေကို သွန်ပစ်လိုက်တယ်။ ပထမဆုံး လွှာခြောက်ထဲက အညစ်အကြေးတွေကို ဆေးပစ်လိုက်တဲ့သဘောပါပဲ။ အဲဒီရေတွေကို

ရေနွေးကရားတင်တဲ့ ခုံလေးပေါ်က သံတန်းလေးတွေ ကြားထဲကို သွန်ချလိုက်ပါတယ်။ ခုနကပြောခဲ့သလို အတန်းလေးတွေအောက်မှာ ရေခဲဖို့ ခက်ထည့်ထားပါတယ်။ ပြီးတော့တစ်ခါ အဲဒီလိုပုံစံမျိုးနဲ့ လက်ခြောက်ကို နောက်တစ်ရေ ကျင်းပါတယ်။ တတိယအကြိမ် ရေနွေးရောက်တော့မှ ရေနွေးကို သန့်စင်ပြီး လွှက်ခြောက်နဲ့ ရောထားလိုက်ပါတယ်။ (၁)မိနစ်လောက်ကြာ နှပ်ပြီးတော့မှ တီးကို ခွက်သေးသေးလေးတွေထဲ ထည့်ပြီး တစ်ယောက်စီရှေ့ကို လိုက်ပြး ချပေးပါတယ်။ ကျွန်တော်ကမှတ်မိသလောက် ပြန်ပြောပြတာပါ။ တကယ်တမ်း သူတို့ လွှက်ရည်ဖျော်တာက ကျွန်တော်ပြောပြတာထက်ကို အများကြီးရှုပ်ထွေးပြီး ရေနွေးလေး လောင်းထည့်လက်၊ ရေနွေးကရားလေးကို မွှေပြီးလှုပ်လိုက်၊ ပထမအကြိမ်အကြမ်းရေတွေကို သွန်လိုက် လုပ်နေတာဟာ တကယ့်ကို ကြည့်ကောင်းပါတယ်။ သူတို့လာချတဲ့ လွှက်ရည်ကို တစိမ့်စိမ့်လေး လျှာအရသာ ယူပြီး ဇိမ်ခံသောက်ကြည့်တော့လည်း တော်တော်လေးကို အရသာရှိပါတယ်။ ဘယ်လိုကောင်းမှန်း မသိပါဘူး။ တီးလေဒီအမျိုးသမီးက လွှက်ရည် ဖျော်ခါနီးမှာ ဒီလွှက်ခြောက်ဟာ ဘယ်အရပ်ဒေသက ထွက်လို့ ဘယ်လိုမိုးလေဝသအခါမျိုးမှာ ခူးထားတာ၊ ပြီးတော့ ဒီလိုလွှက်ခြောက်မျိုး ရအောင် ဘယ်လိုလုပ်တယ်၊ ဒီလွှက်ခြောက်ကို ဘယ်လိုသိမ်းဆည်းထားရမယ်၊ သူ့ရဲ့အကျိုးအာနိသင်တွေဟာ ဘယ်လိုဆိုပြီး အရှည်ကြီး ပြောပါတယ်။ ကျွန်တော်တို့ထဲက တရုတမိတ်ဆွေတစ်ယောက်က ဘာသာပြန်ပေးပါတယ်။ အဲလို ပြောပြီး တော့မှ လွှက်ရည်စဖျော်တာပါ။ တီးလေဒီကအဲလို လွှက်ခြောက် အကြောင်း ပြောနေတာကို မြင်ရတော့ ပြင်သစ်နိုင်ငံက ညစာစားပွဲတွေမှာ ဝိုင်တစ်ပုလင်း ဖောက်တော့မယ်ဆိုရင် အဲဒီဝိုင်အကြောင်းရှင်းပြ၊ ပြောပြနေတာကို သတိရမိပါတယ်။ ပြင်သစ်တွေအတွက် ဝိုင်ဟာ အရေးအကြီးဆုံးအရာ ဖြစ်လွန်းလို့ အင်္ဂလိပ်လို (wine is like a bible for the French) ပြင်သစ်တွေအတွက် ဝိုင်ဆိုတာ ဘုရားကျမ်းစာ စာအုပ်လိုပဲလို့ တင်စားပြောလေ့ရှိပါတယ်။ အခု တီးလေဒီ တရုတအမျိုးသမီးလေး အဲလို လက်ခြောက် အကြောင်း အမွှန်းတင်ပြီး ပြောနေတာကို မြင်ရတော့ အဲလိုပဲ (tea is like a bible for the Chinese) လို့ ပြောရမလိုဖြစ်နေပါတယ်။ နောက်ထပ် ကျွန်တော် မြင်တွေ့ကြုံခဲ့ရတဲ့ တရုတတွေရဲ့ တီးအပေါ်အလေးထားတာလေးကို ပြောချင်ပါသေးတယ်။ အဲဒီ ကိုယ်တွေ့ အတွေ့အကြုံကတော့ ကျွန်တောသမီးကြီး မင်းမင်းဝင်း၊ သူ့အမျိုးသားမိုးဇော်ဟိန်း၊ သားလေး ထူးခိုင်ဝင်းနဲ့ ကျွန်တော်တရုတပြည် ဘီဂျင်း (ပီကင်း)မြို့ကို အလည်အပတ်သွားခဲ့တုန်းက တွေ့ခဲ့ရတဲ့ Chinese tea experience တွေပါ။ ကျွန်တော်တို့ရဲ့ တိုးရစ်ဂိုက်က ကျွန်တော်တို့ကို ပီကင်းမြို့က အကြီးဆုံး tea house လွှက်ခြောက်၊ လွှက်ရည်စင်တာကြီးကို ခေါ်သွားပါတယ်။ အဲဒီစင်တာကြီးရောက်တော့ tea guide အမျိုးသမီးလေးတစ်ယောက်က စင်တာကြီးရဲ့ နေရာအနှံ့ကို ခေါ်သွားပြီးရှင်းပြပါတော့တယ်။ တရုတ်အကြီ အနီအရဲလေး ဝတ်ထားပြီး မျက်နှာလေးက ပြုံးပြီး ချိုနေတဲ့ တရုတဂိုက်မလေးဟာ တော်တော်လေးကို ပီတဲ့အင်္ဂလိပ်သံနဲ့ ကျွန်တော်တို့တတွေကို ရှေးရာဇဝင် သမိုင်းကြောင်းက စပြီး chinese tea ပေါ်ပေါက်လာပုံ အမျိုးအစားတွေ ကွဲပြားပုံ၊ tea နဲ့ပတ်သကတဲ့ ပစ္စည်းကိရိယာ အစုံအလင်၊ tea ကို ဘယ်အချိန်မှာ ဘယ်လိုသောက်လို့ ဘယ်လိုအာနိသင်ရှိတယ်ဆိုတာတွေ

အားလုံးအစုံအလင်ရှင်းပြလိုက်တာ ကျွန်တော်တို့တတွေ Diploma in Tea ဆိုတဲ့ လွှက်ခြောက်ပညာဘာသာရပ် ဒီပလိုမာရသလောက်နီးပါး ဖြစ်သွားပါတယ်။ နောက်ဆုံးအဆင် ရောက်တော့မှ tea room ထဲခေါ်သွားပြီး ကျွန်တော်တို့ကို tea ဖျော်နည်းလက်တွေ့ သရုပ်ပြတော့တာပါပဲ။ လွှက်ခြောက်တစ်မျိုး အကြောင်းပြောလိုက်၊ ဖျော်လိုက် တစ်ခွက်စီ တိုက်လိုက်၊ နောက်တစ်မျိုးဖျော်လိုက် တိုက်လိုက်နဲ့ လေးမျိုးလောက်ဖြစ်သွားတော့ ကျွန်တော်တို့ ဆက်မသောက်နိုင်တော့ပါဘူး။ ဘာလို့လည်း ဆိုတော့ သူတို့တီးဟာ တကယ်အဆီအနှစ်ပါပြီး တကယ်ပြင်းပါတယ်။ ကျွန်တော်တို့မြန်မာရေနွေးကြမ်းက တထိုင်တည်း တစ်ကရားလုံးကုန်အောင် သောက်နိုင်ပါတယ်။ သူတို့ရဲ့ tea က ထမင်းစားပြီး တစ်ခါလောက်ပဲ ခံတွင်းရှင်း၊ ဇီမ်ယူပြီး အင်္ဂလိပ်တွေ လွှက်ရည်၊ ကော်ဖီ သောက်သလို နည်းနည်းလေးပဲ သောက်ကြတာပါ။ တရုပ်တီးလွှက်ခြောက်တွေဟာ အစားစားရှိပါတယ်။ တခို့လွှက်ခြောက်တွေဟာ ဟောလစ်ပုလင်း တစ်ပုလင်းလောက်ကို အမေရိကန် ဒေါ်လာ (၁၀၀)ကျော်တန်အထိရှိပါတယ်။ တရုတတွေဟာ လွှက်ခြောက်ကို သိပ်အသားပေးတယ်ဆိုတာ နဂိုကတည်းက သိခဲ့ပေမယ်လို့ ဘီဂျင်း (ပီကင်း)မြို့က tea house ကိုရောက်၊ ကွမ်ကျီးကဆိုင်တွေမှာ လွှက်ရည်သောက်ခဲ့ရမှ တရုတတွေရဲ့ လွှက်ခြောက်၊ လွှက်ရည်ကို အလေးထား၊ အသားပေးပုံနဲ့ သူတို့ရဲ့ Chinese tea ကို ဘယ်လောက်ဂုဏ်ယူ တန်ဖိုးထားတယ်ဆိုတာ နားလည်သဘောပေါက်ခဲ့ပါတယ်။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခခင်မောင်ဝင်း (အသည်း)



Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင် (အပိုင်း - ၃၅)

မလေးရှားခရီးစဉ်(အဆက်)

မလေးရှားနိုင်ငံ ကင်မရွန်းဟိုက်လင်းက ဘရင်ချမ်း၊ ရင်းဂလက်နဲ့ တာနာရာတမြို့လေးတွေကို သွားခဲ့တဲ့အကြောင်း ပြောပြနေပါတယ်။

ကင်မရွန်းဟိုက်လင်းက လွှက်ရည်ဆိုင်

Cameron Valley Tea ကင်မရွန်းဗဲလီတီးလို့ ခေါ်တဲ့ လွှက်စိုက်ခင်းက ဖွင့်ထားတဲ့ လွှက်ရည်ဆိုင်ဟာ တိုးရစ်တွေနဲ့ ကြိတ်ကြိတ်တိုး စည်ကားတဲ့ လွှက်ရည်ဆိုင်ကြီးပါ။ အဲဒီလွှက်ရည်ဆိုင်ဟာ ကျွန်တော်တို့ မြန်မာပြည်က လွှက်ရည်ဆိုင်တွေလိုကို စည်ကားပါတယ်။ စားပွဲတွေမှာလည်း လူအပြည့်။ ရှေ့မှာပြောခဲ့သလိုပဲ ဒီ လွှက်ရည်ဆိုင်ဟာ တောင်စောင်းမှာ ဆောက်ထားတာဆိုတော့ ရှုခင်းဖြူးက တော်တော်ကို ကောင်းပါတယ်။ အနောက်ဘက်ကို မျက်နှာပြုပြီး လုပ်ထားတဲ့ ကပြင်လေးပေါ်ကနေ ကြည့်လိုက်ရင် ကျနေထိုးပြီး နေရောင်တွေအောက်က လွှက်ခင်း အပြည့်နဲ့ တောင်တန်းကြီးတွေကို တမျှော်တခေါ်မြင်နေရတာ တော်တော်လေးကို သာယာပါတယ်။ ကျွန်တော်တို့ အဲဒီဆိုင်ကို ရောက်တဲ့ အချိန်က ညနေ (၂း၃၀)နာရီလောက်ဆိုတော့ နေရှိန်ကတော့ ရှိပါသေးတယ်။ ညနေစောင်း နေဝင်ချိန်မှာမျှား အဲဒီရှုခင်းကို ကြည့်လိုက်ရရင် ကင်မရွန်ဆန်းဆက် (Cameron Sunset)ဟာ ဘယ်လောက်များ ကောင်းလိုက်မလဲလို့ တွေးမိပါတယ်။ အခု ကျွန်တော်တို့ ဆိုင်ကပြင်လေးကိုရောက်တဲ့ အချိန်မှာတော့ နေရောင်က နည်းနည်းစူးနေပါသေးတယ်။ ဒါပေမယ့် တောင်စောင်းတွေကို ဖြတ်ပြီး တိုက်လာတဲ့လေက တဝူးဝူးနဲ့တိုက်ပြီး အအေးဓါတ်ပေးနေတော့ နေပူဒဏ်ခံသာတာပေါ့။ ကျွန်တော်တို့ သားအဖနဲ့ သမီးကြီးတို့စုံတွဲဟာ လွှက်ရည်ဆိုင် လအုပ်ထဲကနေ ဖြတ်တိုးပြီး ကပြင်ဝရံတာရဲ့ အပြင်ဘက်ဆုံး စားပွဲတစ်နေရာကို ရအောင် ယူလိုက်ပါတယ်။ လွှက်ရည်ဆိုင်ထိုင်ရင် မြန်မာပြည်မှာလုပ်တဲ့ အတိုင်းပဲ၊ ကျွန်တော်တို့ယူလိုက်တဲ့ စားပွဲပေါ်မှာရှိတဲ့ သူများသောက်ပြီးသား လွှက်ရည်ကော်ဖီ ပန်းကန်တွေကို ကိုယ့်ဘာသာ မပြီး တစ်ဖက်စားပွဲကို ရွှေ့၊ တစ်ရှူးစက္ကူရွက်တွေကို ယူပြီး စားပွဲကို ကိုယ့်ဘာသာကို သုတ်လိုက်တော့ ကျွန်တော်တို့ အားလုံး ထိုင်လို့ ရတဲ့ စားပွဲတစ်ခု အဆင်သင့် ဖြစ်သွားတာပေါ့။ အဲတော့မှ စားပွဲကို ကျွန်တော်နဲ့ သားလေးက နေရာဦးထားပြီး ညီမ မဝေ၊ သမီးကြီး မင်းမင်းဝင်းနဲ့ သူ့အမျိုးသား မိုးဇော်ဟိန်းတို့က ကောင်တာမှာ သွားတန်းစီပြီး စားစရာ သောက်စရာ ဝယ်ကြပါတယ်။ ကျွန်တော်က ကော်ဖီလို့ မှာလိုက်တော့ မိုးကြီးက " ဦးဝင်း ဒီဆိုင်မှာ လူတွေ ကော်ဖီသောက်တာ မတွေ့ရဘူး၊ အားလုံး

လွှက်ရည်ပဲ သောက်နေကြတာ၊ တီးကို စပါယ်ရှယ်လိုက်စ် လုပ်ပြီး လွှက်ရည်ရောင်းတဲ့ဆိုင်ဆိုတော့ ကော်ဖီမှာလို့ မကောင်းပါဘူး ဦးဝင်းရာ လွှက်ရည်ပဲ သောက်ကြ ရအောင်ပါ" ဆိုပြီး ကျွန်တော်တို့ လွှက်ရည် တစ်ယောက် တစ်ခွက်စီ မှာလိုက်ကြပါတယ်။ လွှက်ရည်မှာတဲ့နေရာမှာ တန်းစီပြီးစောင့်နေတုန်း ရှေ့က မှန်ကောင်တာထဲမှာ စားချင်စရာ ကိတ်မုန့်မျိုးစုံကို တွေ့ရပါတယ်။ ကျွန်တော်တို့ ရောက်သွားပြီး တီးသောက်တဲ့အချိန်က ဟိုက်တီး (high tea) လို့ ခေါ်ပြီး အင်္ဂလိပ်တွေ ညနေပိုင်း လွှက်ရည်သောက်၊ မုန့်စားကြတဲ့အချိန် ဖြစ်နေတော့ လွှက်ရည်သောက်တဲ့လူတွေကလည်း ကိတ်မုန့်တွေမျိုးစုံထဲက ကြိုက်ရာရွေး ပန်းကန်ပြားလေးတွေထဲ အစီအရီ ထည့်ပြီး လွှက်ရည်လေး တစိမ့်စိမ့်သောက်လိုက်၊ ကိတ်မုန့်လေး ကိုက်လိုက်နဲ့ လွှက်ရည်ဆိုင်ထဲမှာ ဟနက္ကနေကြပါတယ်။ ကိတ်မုန့် တွေကလည်း ရန်ကုန် ထရိတ်ဒါးဟိုတယ်ထဲမှာ ရောင်းသလို ချော့ကလက်ကိတ်၊ ချိစ်ကိတ်၊ ဘလက်ဖောရက်တ်ကိတ်တွေ အစုံပါ။ တကယ်ကို စားချင်စရာပါ။ ဘရင်ချမ်းက အိန္ဒိယဆိုင်မှာ ထမင်းစားမကောင်းလာကြတော့ ကျွန်တော်တို့လည်း ကိတ်တွေကိုမြင်တဲ့အခါ တော်တော် သွားရည်ကျပြီး စားချင်စိတ်တွေ ပေါ်လာကြပါတယ်။ ကျွန်တော်ကတော့ ချောကလက်ကြိုက်တဲ့သူဆိုတော့ ငါ့အတွက် ချောကလက်ကိတ် တစ်တုံး ဝယ်ခဲ့ဆိုပြီး မှာလိုက်ပါတယ်။ သမီးကြီးနဲ့ သားလေးကတော့ ချိစ်ကြိုက်ကြတော့ ချိစ်ကိတ်တစ်တုံးစီ ယူလာကြပါတယ်။ ကိတ်မုန့်တွေကို တစ်ယောက်စာစားလို့ရအောင် လှီးထားတဲ့ အတုံးလေးတွေကို ပိစ်(စ်) piece လို့ ခေါ်ပါတယ်။ ကိုယ်လိုချင်တဲ့ ကိတ်မုန့်အတုံးပိစ်(စ်)ကိုပြောပြီး ဝယ်ရပါတယ်။ ဥပမာပြောရမယ် ဆိုရင် ချောကလက်ကိတ်လိုချင်တယ် ဆိုပါစို့။ အဲဒါဆိုရင် "Can I have a piece of chocolate cake" လို့ ပြောရပါမယ်။ အဲလို ကိုယ်ကြိုက်တဲ့ ကိတ်တွေကိုရွေးပြီး ဝယ်ဖို့ကောင်တာက ဝန်ထမ်းကို ပြောရတာကတော့ လွယ်ပါတယ်။ ဒါပေမယ့် လွှက်ရည်မှာတာက ပြဿနာပါ။ ဘာလို့လဲဆိုတော့ လွှက်ရည်တစ်ခွက် "Can I have a cup of tea?" လို့ မှာလိုက်ရင် ဆိုင်ကဝန်ထမ်းက ဘယ်လွှက်ရည်မျိုးသောက်မှာလဲ "Which tea Sir?" ဆိုပြီး စင်အပြည့်တင်ထားတဲ့ လွှက်ရည်ခြောက်ဘူး အတန်းကြီးကို ပြပြီးမေးပါတယ်။ လွှက်ခြောက်တွေက အမျိုးမျိုးရှိတာဆိုတော့ ဘာလွှက်ခြောက်ကို ရွေးရမလဲမသိဘူး။ ပြီးခဲ့တဲ့အပတ်က တရုတ်တွေဟာ လွှက်ခြောက်ကို သိပ်အသားပေးပြီး တရုတ် လွှက်ခြောက်တေကို နည်းမျိုးစုံနဲ့ ပြင်ဆင်ထားတဲ့အကြောင်း ရေးခဲ့ပါတယ်။ တရုတ်တို့ ဂျပန်တို့ဆိုတာ လွှက်ခြောက်ကို သိပ်အသားပေး အလေးထားပြီး အမျိုးပေါင်း စုံလင်အောင် ပြုပြင်ထုတ်လုပ်ပြီး သောက်ကြတယ်ဆိုတာ ပြောခဲ့ပါတယ်။ ကျွန်တော် အခုပြောနေတဲ့ ကင်မရွန်းဟိုက်လင်းက လွှက်ရည်ဆိုင်မှာ တွေ့ရတဲ့ လွှက်ရည်ခြောက်တွေကတော့ အဲလို တရုတ်ဂျပန် မြန်မာတွေသောက်တဲ့ အကြမ်းခြောက်ဆိုတဲ့ လွှက်ခြောက်မျိုး ထုတ်တာတွေ မဟုတ်ပါဘူး။ အနောက်တိုင်း သားတွေ သောက်ကြတဲ့ အချိုခြောက်တွေပါ။ ကင်မရွန်းဟိုက်လင်းက လွှက်စိုက်ခင်းတွေဟာ လွှက်ရည် အချိုခြောက်ထုတ်ကြတာပါ။ ကျွန်တော်တို့ မြန်မာတွေက ကိုယ့်ရဲ့ အာရှတိုက်သားတွေ သောက်တဲ့ လွှက်ခြောက်ကို ခပ်နှိမ်နှိမ်နဲ့ အကြမ်းခြောက်လို့ ခေါ်ပြီး အနောက်တိုင်းစတိုင် နို့ဆီ၊ သကြားနဲ့ သောက်တဲ့

လွှက်ခြောက်ရောက်တော့ မြောက်စားပြီး အချို့ခြောက်လို့ ခေါ်တယ်လို့ ကျွန်တော်ထင်မိပါတယ်။ ဒါပေမယ့် မှုမှုတတ အမြင်နဲ့ ပြောရမယ်ဆိုရင် တရုတ်တွေဟာ ကျွန်တော်တို့ အခေါ် အကြမ်းခြောက် လွှက်ခြောက်ကို ဇာခွဲကြသလိုပဲ အနောက်တိုင်းသားတွေကလည်း သူတို့ရဲ့ အချို့ခြောက် လွှက်ခြောက်တွေကို အမျိုးအစား ကတီဂါရီ (category) တွေစုံနေအောင်ခွဲ၊ အရပ်ဒေသပေါ်မူတည်လို့ နာမည်တွေပေး၊ လွှက်ရည်ကို သောက်တဲ့ အချိန်ပေါ်မှာ တင်စားပြီး နာမည်မျိုးစုံနဲ့ ပေးကြပြီး ဆိုရီလင်ကာတီး Srilanka tea၊ ဒါဂျီလင် တီး Dargilin tea၊ နံနက်ခင်းတီး Breakfast tea၊ ညနေချမ်းတီး၊ ပြောရမယ်ဆိုရင် မဆုံးနိုင်လောက်အောင်ကို များလှတဲ့ အနောက်တိုင်း အချို့ခြောက်တီးတွေရှိပါတယ်။ အဲဒီလို လွှက်ရည်ဆိုင်မှာ လွှက်ရည်မှာတော့ ဘယ်လို လွှက်ရည်ခြောက်ကို ရွေးရမလဲဆိုတာ ပြဿနာဖြစ်နေတော့ ခက်လွယ်လွယ်နဲ့ ကိုယ့်ရှေ့မှာတွေ့တဲ့ လွှက်ရည်ခြောက်ဘူးကို လက်ညှိုးထိုးပြပြီး "This one please" ဆိုပြီး ရွေးခဲ့ရပါတယ်။

<u>တီးကိုသိပ်ကြိုက်တဲ့အင်္ဂလိပ်တွေ</u>

ကင်မရွန်ဟိုက်လင်းက အဲလိုတီးတွေအမျိုးမျိုးကို တွေ့တော့ ကျွန်တော် အင်္ဂလန်မှာပညာသင်ဘဝက တွေ့ခဲ့ရတဲ့ တီးကို သိပကြိုက်တဲ့အင်္ဂလိပ်တွေအကြောင်း သတိရမိပါတယ်။ သေချာတွေးကြည့်မယ်ဆိုရင် တီးဆိုတဲ့ လွှက်ရွကလွှက်ပင်ကို စိုက်တဲ့ ဒေသတွေရဲ့ ရာသီဥတုအခြေအနေနဲ့ အခုတီးက သိပ်ကြိုက်နေကြတဲ့ အင်္ဂလိပ်တွေနေတဲ့ အင်္ဂလန်နိုင်ငံရဲ့ မိုးလေဝသ အခြေအနေချင်းဟာ လုံးဝ မတူတာပါ။ ဒီလို နယ်ခြားရပ်ခြားက ယူလာတဲ့ အရွက်ခြောက်တွေကို ဒီအင်္ဂလိပ်တွေ ဘယ်လိုက ဘယ်လို တီးဆိုပြီး တသသဖြစ်ကြိုက်သွားကြလဲဆိုတာ နားမလည်နိုင်အောင်ပါ။ တီးလပဲ တချို့ စားသောက်စရာ၊ ဟင်းခတ်အမွှေးအကြိုင်ဆိုတာတွေဟာ အင်္ဂလိပ်တွေ သဘော်နဲ့ ကမာပတ်ရင်း နိုင်ငံရပ်ခြား တွေ့ရာ အရပ်ဒေသတွေကနေ အင်္ဂလန်ကို ယူလာပြီးအင်္ဂလိပ်အစားသောက်တွေမှာ သုံးနေတဲ့ဟာတွေ တော်တော်များပါတယ်။ အင်္ဂလန် ကျွန်းလေးဟာ သေးသေးလေးပေမယ်လို့ သူတို့ရဲ့ ရေတပ်အင်အားဟာ အဲဒီခေတ်အခါက ကမ္ဘာပေါ်မှာ တော်တော်ကို တန်ခိုးကြီးမား အင်အားတောင့်တာပါ။ ဒီရေတပ်ကိုအားကိုးပြီး အင်္ဂလိပ်တွေ တစ်ကမ္ဘာလုံးကို နယ်ချဲ့လိုက်တာ နေမဝင် အင်ပါယာကြီး ဖြစ်သွားတဲ့အထိပါပဲ။ ဆိုလိုတာက တစ်ကမ္ဘာလုံး အနှံ့ အရှေ့အနောက် အင်္ဂလိပ် အင်ပါယာတွေ ပြန့်နှံ့ပြီး နေရာမလပ်ရှိနေတဲ့အတွက် ဘယ်အချိန်မှာပဲ ကြည့်လိုက် ကြည့်လိုက် အင်္ဂလိပ်အင်ပါယာ နိုင်ငံ တစ်နိုင်ငံကတော့ နေမဝင်ပဲ အမြဲတမ်း နေ့ဖြစ်နေမှာပါ။ အဲလိုကျယ်ပြန့်လှတဲ့ အင်ပါယာကြီးကြောင့် အင်္ဂလိပ်တွေရဲ့ "နေမဝင်အင်ပါယာ" ဆိုတဲ့ စကားလုံးပေါ်ထွက်လာရတာပါ။ အဲဒီလို အင်္ဂလိပ်တွေ တစ်ကမ္ဘာလုံး လျှောက်သွား၊ သူများနိုင်ငံတွေကို သိမ်းပိုက်၊ ကိုလိုနီလုပ်ရင်းကနေ ပြီးတော့ နေရာတကာက ကျောက်သံပတ္တမြား ရတနာတွေကို သိမ်းယူပြီး အင်္ဂလန်ကို ပို့သလို ယဉ်ကျေးမှု၊ အနုပညာ၊ အစားအသောက် ဆိုတာတွေလည်း တစ်ကမ္ဘာလုံးကနေ အင်္ဂလန်ကို ဝင်ရောက်ပျံ့နှံ့ကုန်တော့တာပေါ့။ အဲလိုနဲ့ပဲ အရင်ကတော့ လုံးဝ မကြိုက်ဖူးဆိုတဲ့ နိုင်ငံခြား အစား

အသောက်တွေကို ကြာတော့ အင်္ဂလိပ်တွေ ကြိုက်လာပုံပေါ်ပါရဲ့။ ကျွန်တော့်အဖေ ပြောခဲ့ဘူးတာကတော့ "အင်္ဂလိပ်ဆိုတာ ဇိမ်သိပ်ခံတတ်တာကွ၊ နေတာ ထိုင်တာ စားတာအကုန်လုံးကို ကောင်းကောင်း ဇိမ်ခံတတ်တာ။ အခုကြည့်လေကွာ၊ အင်္ဂလိပ် ဘုရင်ခံ နေသွားတဲ့အိမ်၊ အင်္ဂလိပ် မြို့တော်ဝန်ရဲ့ စံအိမ်၊ အင်္ဂလိပ်တွေ ဆောက်သွားတဲ့ ခရိုင်ဝန်အိမ်၊ ခရိုင်ရဲမင်းကြီးအိမ် ဆိုတာတွေဟာ အကုန်လုံး ဇိမ်ခံဖို့ စဉ်းစားပြီး ဆောက်ထားတာချည်းပဲ။ အဲဒီအိမ်ကြီးတွေမှာ အခန်းတွေက အကျယ်ကြီးတွေ၊ လေဝင်လေထွက်လည်းကောင်းတယ်။ ညနေစောင်းရင် လေတဖြူးဖြူးနဲ့ ယမကာလေး၊ အမြည်းလေး ထိုင်သောက်သုံးလို့ရအောင် ဆင်ဝင် ပေါ်တီဂိုပေါ်မှာ ကပြင်လေး လုပ်ထားတာကလည်း တော်တော်လေးစတိုင်ကျတယ်။ အဲဒါတွေကို ကြည့်မယ်ဆိုရင် တော်တော်ကို ဇိမ်ယူတဲ့ အင်္ဂလိပ်တွေဆိုတာ သဘောပေါက်လာလိမ့်မယ်" တဲ့။ အဖေပြောတာကို ကျွန်တော် အခု တော်တော်လေး သဘောပေါက်လာပါတယ်။ အဲလိုအရာရာမှာ ဇိမ်သိပ်ခံတတ်တဲ့ အင်္ဂလိပ်တွေဟာ သူတို့ နိုင်ငံမှာ ဘယ်လိုမှ စိုက်လို့ မရတဲ့ ကော်ဖီပင်နဲ့ လွှက်ပင်ထွက် ပစ္စည်းတွေဖြစ်တဲ့ ကော်ဖီနဲ့ လွှက်ရည်ကို လျှာအရသာ ဇိမ်ခံပစ္စည်းတွေအနေနဲ့ တကယ် စွဲစွဲလန်းလန်း နှစ်နှစ်ခြိုက်ခြိုက် ကြိုက်ပြီးသုံးဆောင်နေကြပါတယ်။ ဘယ်လောက်များအကောင်းကြိုက် ဇိမ်ခံကြတဲ့ အင်္ဂလိပ်တွေလည်းဆိုတော့ သူများနိုင်ငံမှာထွက်တဲ့ ကော်ဖီတွေ၊ လွှက်ရည်တွေကိုတောင် သူတို့ကပဲ မျိုးစုံပြုပြင်ပြီး သောက်လိုက်ကြ၊ တန်ဖိုးထားလိုက်ကြတာ။ စိုက်တဲ့ နိုင်ငံတွေထက်တောင် ကော်ဖီနဲ့ လွှက်ရည်ကို ပိုပြီး ဂရုစိုက်၊ အလေးပေး တန်ဖိုးထားကြသလို ဖြစ်နေပါတယ်။ ဒါကြောင့် ကော်ဖီနဲ့ လွှက်ရည်ဆိုတာ အင်္ဂလပ်တွေ ကိုလိုနီနယ်ချဲ့အင်ပါရာ တည်ဆောက်တာကနေ ရလာတဲ့ ဇိမ်ခံ အကျင့်စနစ်တွေပါလို့ ပြောလိုက်ချင်ပါတယ်။

<u>အင်္ဂလန်နဲ့ ဥရောပ</u>

ကျွန်တော့် ကိုယ်တွေ့ကိုပြောရမယ်ဆိုရင် အင်္ဂလိပ်တွေဟာ ကော်ဖီထက် လွှက်ရည်ကို ပိုအသားပေးကြပါတယ်။ အသားပေးတယ်ဆိုတာမှာ လွှက်ရည်ကို တော်တော်လေး အလေးထားကြတာပါ။ ဘာလို့ ကျွန်တော် ဒီလိုပြောနိုင်သလဲဆိုတော့ ကျွန်တော်က တော်ဝင် ဘုရင့်သမားတော်ကြီးများ အဖွဲ့ဝင် (Member of Royal College of Physicians) ဖြစ်ဖို့ ယူကေနိုင်ငံမှာ (၂)နှစ်ကြာ ပညာသင်အဖြစ်နဲ့ နေခဲ့ဘူးပြီး အင်္ဂလပ်တွေနဲ့ တရင်းတနှီး ပေါင်းသင်းဆက်ဆံနေခဲ့ဘူးလို့ အင်္ဂလိပ်တွေ လွှက်ရည်ကြိုက်တဲ့အကြောင်း ကောင်းကောင်းကြီး သိခဲ့လို့ပါ။ ပြီးတော့ တစ်ခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization WHO) ရဲ့ အဆင့်မြင့် သုတေသန ဖဲလိုးရှစ် ပညာသင်ဆုနဲ့ ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ တစ်နှစ်ကြာ အသည်းအစားထိုးပညာရပ်နဲ့ အသည်းရောဂါ အထွေထွေပညာရပ်တွေကို လေ့လာခဲ့ဘူးတော့ ဥရောပမှာ ဘာကြိုက်တယ်ဆိုတာလဲ သိခဲ့ပါတယ်။ ပြီးတော့အဲလို ပြင်သစ်မှာ တစ်နှစ်နေတုန်းက "ဥရောပ တစ်ခွင် ပြဲပြဲဆင်" ဆိုသလို အီတလီ၊ ဂျာမနီ၊ လူဇင်ဘတ်၊ ဟော်လန်၊ နယ်သာလန် နိုင်ငံတွေကို အနှံ့သွားခဲ့ဖူး

ပါတယ်။ ဒါကြောင့် အင်္ဂလန်နဲ့ ဥရောပရဲ့ လွှတ်ရည်၊ ကော်ဖီ ဘယ်လို သောက်ကြ ကြိုက်ကြ၊ အားပေး ကြတယ်ဆိုတာကိုလည်း တစေ့တစောင်း လေ့လာသိရှိခဲ့တာပါ။ လွှတ်ရည်နဲ့ ကော်ဖီကိစ္စ ကျွန်တော့် သုံးသပ်ချက်ကို ပြောရမယ်ဆိုရင် အင်္ဂလန်မှာ လွှတ်ရည်ကို အသားပေး သလောက် ဥရောပက လူတွေဟာ ကော်ဖီကို အထူးအရေးတယူ အားပေးကြပါတယ်။

<u>အင်္ဂလိပ်နဲ့ လွှတ်ရည်</u>

ကင်မရွန်းဟိုက်လင်းက လွှတ်ရည်ဆိုင်အကြောင်းရေးရင်းကနေ ကျွန်တော့်ရဲ့ ယူကေကလူတွေ လွှတ်ရည်ကြိုက်ကြတဲ့ အတွေ့အကြုံလေးတွေ ဆက်ပြောချင်ပါသေးတယ်။ ကျွန်တော် ယူကေနိုင်ငံကို ရောက်သွားတော့ ပထမဆုံး စကော့တလန် နိုင်ငံ ကာကောဒီ (Kirkaldy) မြို့မှာ ရှိတဲ့ ဗစ်တိုရီးယား ဟောစပီတယ်လ် ကာကောဒီ (Vitoria Hosptial Kikaldy) VHK ဆိုတဲ့ ဆေးရုံကို ရောက်သွားပါတယ်။ ကျွန်တော်မရောက်ခင် (၁၀)နှစ်လောက်က အဲဒီဆေးရုံမှာ ဒေါက်တာ ဦးကျော်မြင့် (ယခု ကျန်းမာရေးဝန်ကြီး) အလုပ်လုပ်သွားခဲ့ဘူးပါတယ်။ ကျွန်တော်က VHK ကို ဒုတိယရောက်တဲ့ မြန်မာဆရာဝန် ပေါ့။ ကျန်တော် ရောက်သွားတဲ့ ဆေးပညာဌာနရဲ့ အထူးကု ကွန်ဆာလ်တင့် ဆရာဝန်ကြီးက ဒေါက်တာ အေဒဗလူအမ် စမစ်သ် Dr. AWM Smith ပါ။ သိပ်ကို သဘောကောင်းတဲ့ ဆရာဝန်ကြီးပါ။ ကျွန်တော် VHK ဆေးရုံကို စရောက်တဲ့နေ့က သူက ကျွန်တော့်ကို ဆေးရုံကြီး တစ်ခုလုံး အသေးစိတ် လိုက်ပြပါတယ်။ ဓါတ်လှေကားထဲ ခေါ်သွားပြီး အပေါ်တက်ချင်ရင် ဒီအပေါ်မြားလေးကို နှိပ်၊ အောက်ဆင်းချင်ရင် အောက်မြားလေးကို နှိပ်ဆိုတာက အစ သင်ပါတယ်။ ပြီးတော့ ကျွန်တော့်ကို နောက်ဆုံးနှစ် ဆေးကျောင်းသားတွေနေတဲ့ အဆောင်မှာ ထားပေးပြီး သူ့ရဲ့ စက္ကထရီကို ကျွန်တော့်ကိစ္စလိုသမျှကို အစစအရာရာ အကုန်လုပ်ပေးဖို့ ညွှန်ကြားပါတယ်။ ဒါနဲ့ အလုပ်စဆင်းတဲ့ နေ့မှာပဲ "ခင်" "မင်း ဒီဝဒ် (ward) တစ်ခြမ်းကို တာဝန်ယူ ပေတော့" လို့ ပြောပါတယ်။ ကျွန်တော့်ကို "ခင်"လို့ ဘာလို့ ခေါ်သလဲဆိုတော့ သူတို့က ကျွန်တော်တို့ရဲ့ မြန်မာနာမည်ပေးစနစ်ကို နားမလည်ကြလို့ပါ။ ကျွန်တော့်ရဲ့ နာမည် (Khin Maung Win) ဆိုတာဟာ မြန်မာနိုင်ငံရဲ့ နာမည်ပေးစနစ်အရဆိုရင်တော့ Khin ခင်ဆိုတဲ့ ပထမဆုံးနာမည်ဟာ ကျွန်တော့်ရဲ့ မွေးနေ့ပေါ် မူတည်ပါတယ်။ မြန်မာတွေရဲ့ ပထမနာမည်ကို (က၊ ခ၊ ဂ၊ ဃ၊ င) တနလ်ာ၊ (စ၊ ဆ၊ ဇ၊ ဈ၊ ည) အင်္ဂါ ဆိုတဲ့နေ့အလိုက်သတ်မှတ်တဲ့ အက္ခရာစနစ်နဲ့မှည့်ပြီး ကျန်တဲ့နောက်က Maung တ့ Win တို့ ဆိုတာကတော့ စိတ်ကူးရရင်ရသလို၊ ဒါမှမဟုတ် ဗေဒင်အရ ရှေ့နာမည်က သိပ်စည်းတယ်၊ အဲတော့ နောက်နာမည်နှစ်လုံးက ဘယ်လိုထိန်းဖို့ ဘယ်လိုမှညရမယ်ဆိုတဲ့ သဘောတရားပေါ်မူတည်ပြီး နာမည်တွေကို မှည့်ကြတာပါ။ အနောက်တိုင်းစံနစ်အရ ဆိုရင်တော့ Khin Maung <u>Win</u> ဆိုတာမှာ Win ဆိုတဲ့ နာမည်ရဲ့နောက်ဆုံးအလုံးဟာ ဖင်မလီနိမ်း family name လို့ ခေါ်တဲ့ မိဘမျိုးရိုးနာမည်ပါ။ Khin ခင် ဆိုတာက first name လို့ခေါ်တဲ့ ပထမနာမည်စာလုံးပါ။ အမေ၊ အဖေက မှည့်ထားတဲ့ ပေးထားတဲ့

ကိုယ့်ရဲ့ကိုယ်ပိုင်နာမည်ပေါ့။ အလယ်က Maung မောင် ဆိုတာကတော့ အလယ်နာမည် middle name ဖြစ်ပါတယ်။ အနောက်တိုင်းစံနစ်အရဆိုရင် မရင်းနှီးတဲ့သူ၊ ဒါမှမဟုတ် အထက်လူကြီးကို ခေါ်ရင်ဖြစ်ဖြစ်၊ ရုံးစာအရ တရားဝင် ဖေါ်မယ် formal ရေးတယ်ခေါ်တယ်ဆိုရင် နောက်ဆုံးနာမည် ဖင်မလီ မိသားစုနာမည်ကိုပဲ ခေါ်ရရေးပြောရပါတယ်။ ဥပမာ ကျွန်တော့်ကို ပြောမယ်ဆိုရင် Mr. Win ပေါ့။ ကျွန်တော်က ကျွန်တော့်ဆရာ Dr. AWM Smith ကို ခေါ်မယ်ဆိုရင် ကိုယ့်ရဲ့ဆရာဖြစ်တဲ့အတွက် ဖင်မလီနာမည်ကိုပဲသုံးပြီး Dr. Smith လို့ပဲ ခေါ်ရပါမယ်။ ရင်းနှီးတဲ့သူအချင်းချင်း အလွယ်တကူ ပြောကြဆိုကြခေါ်ကြမယ်ဆိုရင်တော့ ပထမနာမည် first name ကိုပဲ သုံးပြီးခေါ်ကြပါတယ်။ ဥပမာ- ကျွန်တော့်ကို ခေါ်မယ်ဆိုရင် "Khin" "ခင်" ပေါ့။ အလယ်နာမည် middle name ကတော့ သာမန်ခေါ်ဝေါ်သုံးစွဲကြတဲ့နေရာမှာ မသုံးပါဘူး။ ရုံးကနကနား၊ ဘဏ်ဆိုတဲ့ တရားဝင် ကိစ္စတွေဆောင်ရွက်ကြတဲ့အခါရောက်မှသာ အလယ်နာမည်ကို ထည့်ပြီး နာမည်အပြည့် သုံးကြပါတယ်။ ဒါကြောင့် အနောက်နိုင်ငံတွေမှာ အလုပ်လုပ်တုန်းက ကျွန်တော့်ကို အားလုံးက တရင်းတနှီးနဲ့ "Khin" "ခင်" လို့ပဲ ခေါ်ကြတာပါ။ ခုနကပြောနေတာကို ဆက်ပြောရမယ်ဆိုရင် ဒေါက်တာစမစ်ကြီးဟာ VHK ဆေးရုံမှာ ရောက်ရောက်ချင်း ယုံယုံကြည်ကြည်နဲ့ Ward ကြီးရဲ့ တစ်ဝဒလုံးကို ကျွန်တော့်ကိုပုံအပ်လိုက်ပါတယ်။ ပြီးတော့ ကျွန်တော့်ကို အရိပ်တကြည့်ကြည့်နဲ့ ဘာလိုလဲဆိုပြီး သေချာဂရုစိုက်စောင့်ရှောက်ပါတယ်။ ခုနကပြောခဲ့သလို ဒေါက်တာစမစ်က ကျွန်တော့်ကို ဓါတ်လှေကားအပေါ်တက်ရင် ဘယ်လိုနှိပ်ရမယ်၊ အောက်ဆင်းရင် ဘယ်လိုနှိပ်ရမယ်ဆိုတာကိုပါ ပြတယ်ဆိုတာပြောတော့ အခုခေတ် စာဖတ်သူတွေအဖို့ ရယ်စရာလိုဖြစ်ရင် ဖြစ်နေမှာပါ။ "ဒို့လူမျိုးတွေကို ဒီလောက်တောင် အထင်သေးသလားလို့" ကျွန်တော့်ဆရာ ဒေါက်တာစမစ်ကို ဒေါပွချင် ပွကြပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တို့ အဲဒီတုန်းက အင်္ဂလန်သွားခဲ့တဲ့ ၁၉၈၂ ခုနှစ် ပတ်ဝန်းကျင်က ခေတ်ကို နားလည်သဘောပေါက်ရင်တော့ ဓါတ်လှေကားအပေါ် အတက်အဆင်း ဘယ်လိုနှိပ်ရတယဆိုတာကို ကျွန်တော်တို့ အသင်ခံရတာကို စိတ်ဆိုးစရာမဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ အဲဒီတုန်းက ကျွန်တော်တို့ ဓါတ်လှေကားဆိုတာကို ပထမဆုံးစမြင်ဘူးတာက ကမ်းနားလမ်းက ခြောက်ထပ်ရုံးကြီးမှာပါ။ ရန်ကုန်တစ်မြို့လုံးမှာ မိမိရရ ကြီးကြီးမားမား ဓါတ်လှေကားဆိုလို့ ရွှေတိဂုံဘုရားရယ်၊ ခြောက်ထပ်ရုံးရယ်မှာပဲ ရှိပါတယ်။ တယ်လီဗီးရှင်း TV ဆိုတာ လုံးဝ မရှိသေးပါဘူး။ အဲယားကွန်း (air condition) ဆိုတာ ရန်ကုန်တစ်မြို့လုံးမှာ လက်ချိုးရေလို့ရတယ်လို့တောင် ပြောလို့ရမလို ဖြစ်နေတဲ့ခေတ်ပါ။ အဲလိုခေတ်အခါက နိုင်ငံခြားကို ထွက်ခဲ့ရတဲ့ ကျွန်တော်တို့ ယူကေပညာသင်ဘဝဟာ တော်တော်ကို ရင်မောဖို့ကောင်းပါတယ်။ ကျွန်တော်တို့အထဲက မိတ်ဆွေကြီးတစ်ယောက် (ယခုပါမောက္ခကြီးတစ်ဦး)ဟာ ယူကေသွားတဲ့ အဲယားဖရန့်စ်လေယာဉ်ပေါ်မှာ လစ်ပတန်တီး (Lipton tea) အထုပ်လေးကို ဘယ်လိုဖျော်သောက်ရမှန်း

မသိလို့ ကြိုးတွဲလောင်းလေးနဲ့ လွှက်ခြောက်အထုပ်လေးကိုဖောက်၊ လက်ခြောက်အမှုံလေးတွေကို လွှက်ရည်ခွက်ထဲထည့်ပြီး ရေနွေးတွေလောင်းထည့်ပြီး လွှက်ရည်ဖျော်ပါ တယ်တဲ့။ သူ့ကိုကြည့်ပြီး လေယာဉ်မယ်လေးဟာ သိပ်ကို သနားသွားပြီး "Sir" ဆိုပြီး တောင်းတောင်းပန်ပန်နဲ့ နောက်ခွက်တစ်ခွက် လဲပေးပြီး လစ်ပတန်တီးတစ်ခွက်အသစ်ကို စနစ်တကျ ကြိုးတွဲလောင်းအထပ်လေးက ကြိုးလေးကိုကိုင်ပြီး လွှက်ရည်ခြောက်ထုတ်လေးကို ခွက်ထကရေနွေးထစိမ်ပြီး ဖျော်ပေးပါတယ်တဲ့။ အဲဒီလောက်တောင် အခြေအနေဆိုးကြတဲ့ ကျွန်တော်တို့တတွေပါ။ အဲလို အခြေအနေတွေကို သိလို့ထင်ပါရဲ့၊ ဒေါက်တာစမစ်သ်ဟာ ကျွန်တော့်ကို မျက်ခြေမပြတ် သူနဲ့ နေရာတကာခေါ်သွားပါတယ်။ အလို ဒေါက်တာစမစ်သ်နဲ့ သွားခဲ့တာတွေထဲက မှတ်မိနေပြီးမေ့မရတာကတော့ ညနေ (၃း၀၀)နာရီရောက်ရင် ဆရာဝန်တွေအခန်း (Doctor's room) ကိုသွားပြီး လွှက်ရည်သောက်ရပါတယ်။ လွှက်ရည်ပူပူလေးထဲကို နွားနို့လေးအနေတော်ထည့်ပြီး သကြားမပါဘဲ သောက်ရတာဟာ သိပ်ကို အရသာရှိပါတယ်။ အဲဒီဆရာဝန်အခန်းထဲမှာတော့ လွှက်ခြောက်နဲ့ရေနွေး အနေတော်နှပ်ပြီး ထားတာရှိပါတယ်။ အဲဒီခရားကြီးထဲကနေပြီး လွှက်ရည်ကို ယူထည့်သောက်ရတာပါ။ တကယ်လို့ အဲလိုအများအတွက်ဖျော်ထားတဲ့ လွှက်ရည်ခရားကြီး မဟုတ်ဘဲနဲ့ တစ်ယောက်ကို တစ်ထုပ် လွှက်ခြောက်ထုပ်လေးတွေ ပေးထားတယ်ဆိုရင်တော့ ကိုယ့် လွှက်ရည်ပန်းကနလေးထဲကို ရေနွေးပွက်ပွက်ဆူ အရင်ထည့်ပြီးတော့ ကြိုးတွဲလောင်း လွှက်ခြောက်ထုပ်လေး ကို ခနလေးပဲနှစ်ပြီး ပြန်ဆယ်ရတာပါ။ ကျွန်တော့်ဆရာ ဒေါက်တာစမစ်သ် အပြောအရတော့ "ဒို့ သောက်တဲ့တီးက ဝမ်းစက္ကန့်တီး (one second tea) ကွ" လို့ ပြောပါတယ်။ ဆိုလိုတာက လွှက်ရည်ခြောက်ထုပလေးကို ရေနွေးထဲနှစ်တယ်ဆိုရုံနှစ်ပြီး ပြန်ဆယ်လိုက်တယ်ပေါ့။ သူပြောတာလည်း ဟုတ်ပါတယ်၊ ရေနွေးထဲမှာ ခဏလေးပဲစိမ်လိုက်တော့ လွှက်ရည်က ခပ်ပျော့ပျော့လေး သောက်ကောင်းရုံ ပဲပေါ့။ အဲဒီအနေကို အင်္ဂလိပ်တွေက ကြိုက်ကြတာကိုး။ ခုနကပြောခဲ့တဲ့ အများသောက်တဲ့ လွှက်ရည်ခရားကြီးထဲမှာ သူတို့ဖျော်ထားတဲ့ လွှက်ရည်ကလည်း ခပ်ပျော့ပျော့ပါပဲ။ သူတို့တတွေက လွှက်ရည်ကို သိပ်အပြင်းကြီး မသောက်ကြပါဘူး။ သူတို့က လွှက်ရည်ကို ဒီတိုင်းသောက်ရင် သောက်တယ်၊ ဒါမှမဟုတ် သကြားလေး နည်းနည်းထည့်ပြီး သောက်ရင်လည်း သောက်ကြတယ်၊ တချို့ကတော့ နို့ရော၊ သကြားရော အကုန်ထည့်သောက်တယ်။ ကျွန်တောကတော့ အင်္ဂလိပ် လွှက်ရည်ခပ်ပျော့ပျော့ကို နွားနို့နည်းနည်းထည့် သကြားမပါဘဲ ဖျော်သောက်ရတာ သိပ်ကို အရသာတွေ့ပါတယ်။ ဒေါက်တာစမစ်သ်နဲ့ ကျွန်တော် ညနေတိုင်း high tea သွားသောက်ရင် စကော့လူမျိုးတွေစားတဲ့ စကုံး scone လို့ခေါ်တဲ့ ကိတ်မုန့်အဝိုင်းသေးသေးလေးတွေကို စားခဲ့ရတာကို သိပ်သတိရမိပါတယ်။ အဲဒီလိုကာကောလီဆေးရုံမှာ (၆)လ အလုပ်လုပ်ပြီးတဲ့နောက် ကျွန်တော့်ကို ဒေါက်တာစမစ်သ်က ပညာသင်လေ့လာရေး လက်ထောက်ဆရာဝန် ဘဝကနေ လခရတဲ့ အလုပ်မျိုးကို ပေးချင်နေပါတယ်။ အဲဒီ VHK ဆေးရုံဟာ ခရိုင်ဆေးရုံကြီး District General Hospital ပါ။ လုပ်မယ်ဆိုရင်တော်တောလေးကို လုပ်ပျော်တဲ့၊

အတွေ့အကြုံမျိုးစုံရနိုင်တဲ့ ဆေးရုံကြီးတစ်ခုပါ။ ပိုက်ဆံရတဲ့အလုပ်ဆိုရင် ပိုပြီးတောင် လုပ်သင့်တဲ့ နေရာမျိုးပါ။ ဒါပေမယ့် ပညာလောဘကြီးတဲ့ကျွန်တော်က VHK အဆင့်လောက်မှာ လုပ်ရတာလောက်နဲ့ အားမရဘဲ ဒီထက်ကြီးတဲ့ စကော့တလန်မှာ အကြီးဆုံးမြို့တော်ဖြစ်တဲ့ အီဒင်ဘာရာမြို့ (EdinBurgh)ရဲ့ Royal Infirmary Edinburgh ရွှိုင်ရယ်အင်ဖန်မာရီအီဒင်ဘာရာ RIE ဆေးရုံကြီးက အစာအိမ်အူလမ်းကြောင်းနဲ့ အသည်းရောဂါ အထူးကုဌာန GI and Liver Service မှာ အလုပ်လုပ်ပညာသင်ချင်စိတ်တွေ ပေါ်လာ ပါတယ်။ ဒါနဲ့အားနာနာနဲ့ပဲ ဒေါက်တာစမစ်သ်ကို ကျွန်တော RIE ကိုပြောင်းပြီး အလုပ်လုပ်ချင်တဲ့ အကြောင်းပြောတော့ သူက ရှောရှောရှူရှူပဲ ခွင့်ပြုပါတယ်။ ဒီလိုနဲ့ ကျွန်တော် RIE က အစာအိမ်အူလမ်းကြောင်းနဲ့ အသည်းဌာန မှာ ပထမလက်ထောက်ဆရာဝန် ရီဂျစ်စထရာ Registrar အနေနဲ့ တာဝန်ယူအလုပ်စတင် ထမ်းဆောင်ခဲ့ပါတယ်။ ကင်မရွန်းက လွှက်ရည်ဆင်မှာထိုင်ပြီး လွှက်ရည်သောကနေရင်းနဲ့ ယူကေမှာ ပညာသင်တုန်းက ဆေးရုံတွေပြောင်းပြီး လွှက်ရည်တွေ နေရာမျိုးစုံမှာ သောက်ခဲ့ရတဲ့အကြောင်းတွေကို သတိရလာပါတယ်။

(နောက်လမှာ အီဒင်ဘရာ (Edinburgh) မြို့က ကျွန်တော့်ရဲ့ လွှက်ရည်အတွေ့အကြုံကို ဆက်ပြောသွားပါမယ်။)

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဒင်မောင်ဝင်း (အသည်း)



Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင် (အပိုင်း - ၃၆)

မလေးရှားခရီးစဉ်(အဆက်)

မလေးရှားနိုင်ငံ ကင်မရွန်းဟိုက်လင်းက ဘရင်ချမ်း၊ ရင်းဂလက်နဲ့ တာနာရာတမြို့လေးတွေကို သွားခဲ့တဲ့အကြောင်း ပြောပြနေပါတယ်။ အဲလိုရေးနေရင်းကနေ ကင်မရွန်းဟိုက်လင်းက လွှက်ရည်ဆိုင်မှာ ထိုင်ပြီး လွှက်ရည်သောက်ကြရင်းနဲ့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ၊ တစ်နေရာနဲ့ တစ်နေရာ လွှက်ရည်ဖျော်နည်း ဘယ်လိုကွာတယ်ဆိုတာ ပြောပြနေပါတယ်။ အထူးသဖြင့် စကော့တလန်နိုင်ငံ အီဒင်ဘာရာမြို့က ဆေးရုံကြီးမှာ ကျွန်တော်အလုံလုပ်ခဲ့တုန်းက အတွေ့အကြုံတွေကို ရေးနေမိပါတယ်။

(အဆက်)

အီဒင်ဘာရာက တီး (အဆက်)

ယူကေဆိုတာဘာလဲ

အီဒင်ဘာရာမြို့ အထွေထွေဆေးရုံကြီးရဲ့ အစာအိမ်အူလမ်းကြောင်းနဲ့ အသည်းရောဂါအထူးကဌာနမှာ အလုပ်လုပ်ခဲ့စဉ် တီးသောက်ခဲ့ရတဲ့ အတွေ့အကြုံကို ပြောပြချင်ပါသေးတယ်။ အီဒင်ဘာရာတီးကို ပြောရင် အီဒင်ဘာရာ မြို့အကြောင်းကို အရင်ဆုံး ပြောပြရမှာပါ။ အီဒင်ဘာရာ (Edinburgh) မြို့ဟာ စကော့တလန်နိုင်ငံရဲ့ မြို့တော်ပါ။ စကော့တလန်ဆိုတာက ယူကေ (UK) ရဲ့ တစ်စိတ်တစ်ဒေသ နိုင်ငံတစ်ခုပါ။ ကြုံတုန်းမှာ ယူကေဆိုတာ ဘာလဲ ဆိုတာကိုလည်း ပြောပြချင်ပါသေးတယ်။ ဘာလို့လည်းဆိုတော့ အခုခေတ်လူငယ်တွေ ယူကေလို့ ဘာလို့ ခေါ်တာလဲ ဆိုတာ သိစေချင်လို့ပါ။ UK ဆိုတာ ယူနိုက်တက်ကင်းဒန်း United Kingdom ကို အတိုခေါ်ထားတာပါ။ ယူနိုက်တက် (United) ဆိုတာက ပေါင်းစပ်ထားတာလို့ အဓိပ္ပါယ်ရပါတယ်။ ကင်းဒန်း(Kingdom) ဆိုတာ ဘုရင်အုပ်ချုပ်တဲ့နိုင်ငံပါ။ အဲတော့ ယူနိုက်တက် ကင်းဒန်းဆိုတာကို ပြည့်အစုံ ဘာသာပြန်ရမယ်ဆိုရင်တော့ နိုင်ငံတွေပူးပေါင်းထားတဲ့ ဘုရင်အုပ်ချုပ်တဲ့ တိုင်းပြည်လို့ အဓိပ္ပါယ်ရမှာပေါ့။ ယူကေဆိုတာ ဘယ်နိုင်ငံတွေကို ပူးပေါင်းပြီး ဖွဲ့စည်းထားသလဲဆိုတော့ အင်္ဂလန် (England)၊ စကော့တလန် (Scottland) နဲ့ ဝေးလ် (Wales) နိုင်ငံတွေဖြစ်ပါတယ်။ အိုင်ရာလန် (Ireland) ရဲ့ တစစတ်တစ်ဒေသလည်း ယူကေထဲမှာ ပါပါသေးတယ်။ အဲလိုနိုင်ငံ(၃)ခုကို ပူးပေါင်းပြီး ဘုရင်အုပ်ချုပ်လို့ ယူနိုက်တက် ကင်းဒန်းလို့ ခေါ်တာပါ။ အင်္ဂလန်ရဲ့ မြို့တော်ဟာ လန်ဒန်(London) ပါ။ စကော့တလန် (Scotland) နိုင်ငံရဲ့ မြို့တော်ဟာ အီဒင်ဘာရာ (Edinburgh) ပါ။ (အဒင်ဘတ်လို့ အသံမထွက်ရပါ။ ဘောလုံးပွဲတွေမှာ ပြောနေတဲ့ Middlebrough

အသင်းဆိုရင်လည်း မစ်ဒဲလ်ဘရောက်လို့ အသံမထွက်ရပါဘူး။ မစ်ဒဲလ်ဘရာလို့ ပဲ ခေါ်ရမှာပါ။) ဝေးလ် (Wales) နိုင်ငံရဲ့ မြို့တော်ဟာ ကာဒစ(Cardiff)ပါ။ ဝေးလ်ကိုရှေးခေတ် မြန်မာတွေက ဝေလလို့ ခေါ်ကြပါတယ်။ ဒါကြောင့် Prince of Wales ကိုအရင်ခေတ် မြန်မာစာအုပ်တွေထဲမှာ ဝေလမင်းသားလို့ ရေးကြတာကို ဖတ်ခဲ့ရဖူးပါတယ်။ အိုင်ရာလန် (Ireland) နိုင်ငံဟာ အခုအခါမှာ သီးသန့်နိုင်ငံတစ်နိုင်ငံ အနေနဲ့ ရပ်တည်နေပါပြီ။ ဒါပေမယ့် အိုင်ရာလန်ရဲ့ တစ်စိတ်တစ်ဒေသကတော့ ယူကေထဲမှာ ခုချိန်ထိ ပါနေပါသေးတယ်။ အဲဒီအပိုင်းကို မြောက်ပိုင်း အိုင်ရာလန် နော့သင်းအိုင်ရာလန် (Northern Ireland) လို့လည်း ခေါ်ပါတယ်။ ရဲ့ မြို့တော်ဟာ လန်ဒန်ဒါရီ (Londonderry)ပါ။ ဒီလို နိုင်ငံတွေကို ပူးပေါင်း ယူနိုက်လုပ်ထားလို့ ယူကေနိုင်ငံလို့ ဖြစ်လာတာပါ။ ဒါပေမယ့် ကျွန်တော်တို့ မြန်မာတွေအများစုကတော့ ယူကေ UKကို UK လို့သိတာထက် အင်္ဂလန်လို့ပဲ ပိုပြီးမှတ်သား သုံးစွဲခေါ်ဝေါ်တတ်လေ့ရှိပါတယ်။ ကျွန်တော်တို့ မြန်မာအချင်းချင်း လမ်းမှာတွေ့၊ စျေးမှာတွေ့ ပြောကြဆိုကြမယ်ဆိုရင် "ဟေ့ မင်း လန်ဒန်သွားမလို့ဆို" "ဟုတ်တယ်၊ ငါလန်ဒန်မှာ ကျောင်းသွားတက် မလို့" ဆိုပြီး ဒီလိုပဲ ပြောကြပါတယ်။ "ငါယူကေ သွားမယ်" လို့ ပြောလေ့ မရှိပါဘူး။ ပြီးတော့ ယူကေရဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့ စကော့တလန်ကိုပဲသွားသွား ဝေးလ်ကိုပဲသွားသွား ဘယ်သူမှ အတိအကျ ခွဲခြားပြီး ယူကေရဲ့ ဘယ်ဒေသကို သွားတယ်လို့ ပြောမနေတော့ပါဘူး။ "ကျွန်တော် စကော့တလန်သွားမယ်"လို့ ပြောမယ့်အစား ခပ်လွယ်လွယ် "ကျွန်တော် အင်္ဂလန်သွားမယ်" လို့ပဲ ခေါ်ဝေါ်ပြောဆို သုံးစွဲကြပါတယ်။ စကော့တလန်ဆိုတာ စကော့ (Scott)လူမျိုးတွေနေတဲ့ လင်း(Land) မြေကြီးပေါ့။ စကော့တွေဟာ သူတို့ဘာသာသူတို့ အသုံးအနှုန်း၊ သူတို့ယဉ်ကျေးမှုသူတို့၊ အစားအသောက်ဓလေ့ထုံးစံတွေက သီးသန့်ရှိနေတာပါ။ ဒါကြောင့် စကော့တွေဟာ အင်္ဂလိပ်တွေ အုပ်ချုပ်တဲ့ လက်အောက်မှာ နေနေရတာကို လုံးဝမကျေနပ်ကြပါဘူး။ အခုတော့ စကော့တွေဟာ စကော့တလန်နိုင်ငံဆိုပြီး သီးသန့်ကိုယ်ပိုင် အုပ်ချုပ်ရေးနဲ့ သူတို့ရဲ့ ကိုယ်ပိုင် စကော့တလန်ပါလီမန် ဆိုပြီးရနေပါပြီ။ သူတို့ကိုယ်သူတို့လည်း စကော့တလန်ဟာ သီးသန့်နိုင်ငံတစ်ခုလို့ပဲ ယဆခံယူကြပါတယ်။ ကမာ့ဘောလုံးပွဲ၊ ယူရိုဘောလုံးပြိုင်ပွဲလို ဟာမျိုးတွေမှာ စကော့တွေဟာ ယူကေရဲ့ လက်အောက်ခံ အသင်းတစ်ခုလို့ မပါပဲ စကော့တလန်နိုင်ငံ အသင်းဆိုပြီး တစ်သင်း သီးသန့် ထွက်ပါတယ်။ စကော့တလန်ဆိုတာက ယူကေနိုင်ငံတစ်ခုလုံးရဲ့ မြောက်ပိုင်း တစ်ခြမ်းလောက်နီးပါးကြီးပါတယ်။ အင်္ဂလန်နဲ့စာမယ်ဆိုရင် စကော့တလန်ရဲ့ ရာသီဥတုက ပိုအေး၊ ပိုချမ်းပါတယ်။ စကော့တလန်မြို့တော် အီဒင်ဘာရာမှာ တိုက်တဲ့လေက စူးပြီး၊ အသားထဲကို ဖောက်ဝင်မတတ် အေးပါတယ်။ ဩဂုတ်၊ စက်တင်ဘာလို လတွေမှာ အင်္ဂလန်ရဲ့ မြို့တော် လန်ဒန်မှာဆိုရင် နွေရာသီရောက်တာနဲ့ အကျီချွတ်နဲ့ နေပူထဲမှာ နေလို့ရပါတယ်။ စကော့တလန်ဆိုတာကတော့ ပူတယ်ဆိုတာ လုံးဝမရှိပဲ နှစ်ပေါက်ကို အေးတာပါ။ စကော့တလန်ရဲ့ နွေဆိုတာဟာက

အအေးနည်းနည်းလျော့ပြီး ဆီးနှင်းတွေ မကျတာကို ပြောတာပါ။ စကော့တလန်မှာ ပူတယ်ဆိုတာ ဘယ်တော့မှ မရှိပဲ အနည်းဆုံး ဂျာကင်ပါးပါးလေးလောက်တော့ ဝတ်ရပါသေးတယ်။ စကော့တလန်ရဲ့ ဆောင်းမှာတော့ နှင်းတွေတအားကျပြီး နှင်းတောကြီးထဲမှာ ဖြတ်ပြီးလမ်းလျှောက်ရတာဟာ ပျော်စရာပါ။ အညာနွေခေါင်ခေါင် ပူပူလောင်လောင်နဲ့ ၁၀၀ဒီဂရီ ဖာရင်ဟိုက် အထက်မှာ နေခဲ့၊ ကြီးပြင်းခဲ့ရတဲ့ ဝမ်းတွင်းမြို့သား ကျွန်တော်ဟာ စကော့တလန်ရဲ့ ဒူးလောက်အထိ နစ်နေတဲ့ နှင်းတောထဲ ဖြတ်ပြီး နှင်းတွေထဲမှာ ခြေသလုံး တစ်ခုလုံး မြှုပ်နေအောင် သွားရတော့ စိတ်ထဲမှာ တစ်မျိုးကြီး ခံစားခဲ့ရပါတယ။ ရုပ်ရှင်ထဲမှာ သူများတွေ စနိုးမင်း(snowman)နှင်းရုပ်ကြီးတွေ လုပ်တာတွေ့ဖူးလို့ အတုခိုးပြီးလုပ်ကြည့်တာကို သတိရမိပါသေးတယ်။

<u>စကော့တလန်သားနဲ့ အညာသား</u>

စကော့တလန်သား စကော့လူမျိုးတွေရဲ့ ခံစားချက်ဟာ ကျွန်တော်တို့ အညာသား၊ မန္တလေးသားတွေရဲ့ ဖီလင်နဲ့ တူပါတယ်။ ဘယ်လိုလည်းဆိုတော့ အီဒင်ဘာရာမြို့သား စကော့တွေက "ဒို့ အီဒင်ဘာရာမြို့သားတွေဟာ ရိုးတယ်၊ လန်ဒန်က လူတွေလို ဟန်ဆောင်ပန်ဆောင်လည်း မပြောတတ်ဘူး၊ ဒို့ စကော့တွေဟာ သူများကလည်း သိပ်ကူညီတတ်တဲ့သူတွေ၊ စိတ်ရင်းကောင်းတယ်၊ သဘောဖြူအူစင်းဘွင်းဘွင်းပြော လူရိုးတွေ" လို့ ပြောပါတယ်။ သူတို့ဟာ လန်ဒန်မြို့သားတွေနဲ့ စိတ်ဓါတ်ရေးရာမှာ တော်တော်ကြီး ကွာခြား တယ်လို့ ထင်ကြပါတယ်။ ရန်ကုန်သားတွေကို အားနာနာနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ မန္တလေးသားတွေဟာလည်း စကော့တွေထင်ကြသလိုပဲ ရန်ကုန်သားတွေနဲ့ မတူပဲ ကွဲပြားကြတယ်လို့ ထင်မိပါတယ်။ မန္တလေးမှာ မွေးတာမဟုတ်ပေမယ့်လို့ မန္တလေးသားလို့ ကိုယ့်ကိုကိုယ် ယူဆတဲ့ ကျွန်တော့်အကြောင်းကိုလည်း ကြံုတုန်း နည်းနည်းပြောချင်ပါသေးတယ်။ ကျွန်တော်ဟာ မန္တလေးမှာ မွေးတဲ့ မန္တလေးသား မဟုတ်ပေမယ့်လို့ မန္တလေးဆေးကျောင်းတက်တာကနေ မန္တလေးဆေးရုံကြီး ဖျားနာဆောင်(၂) ဆေးပညာ ဌာနမှာ သရုပ်ပြဆရာ လုပ်ပြီး နောက်ဆုံး ယူကေနိုင်ငံကို MRCP ဘွဲ့ယူဖို့ ပညာသင် ထွက်သွားတဲ့အထိ ဆိုရင် အနှစ်(၂၀)ကျော်လောက် မန္တလေးမှာ နေခဲ့တာဆိုတော့ မန္တလေးသားတစ်ပိုင်း ဖြစ်နေပါပြီ။ ဒါကြောင့်လို့ ကိုယ့်ကိုကိုယ်လည်း မန္တလေးသားလို့ပဲ အမြဲတမ်း ယူဆပါတယ်။ ကျွန်တော်ဟာ မန္တလေး ဆေးရုံကြီးမှာ တာဝန်ထမ်းဆောင်နေရာကနေ ယူကေကိုသွား ပညာသင်ပြီးတော့ MRCP လို့ခေါ်တဲ့ Member of Royal College of Physicians တော်ဝင်ဘုရင့် သမားတော်ကြီးများ အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံ အဖွဲ့ဝင်ဖြစ်ပြီး မြန်မာပြည်ကို ပြန်ရောက်လာတော့ ဆေးသုတေသနဦးစီးဌာနနဲ့ ရန်ကုန်ဆေးရုံကြီး အသည်းရောဂါအထူးကုဌာနတို့မှာ တာဝန်နှစ်ခု ပူးတွဲ ထမ်းဆောင်ရပါတယ်။ အဲဒီလို ရန်ကုန်မှာ အခြေချနေရပြီး အလုပ်တွေ လုပ်ရတော့ မန္တလေးသား ကျွန်တော်ဟာ ရန်ကုန်ရဲ့ ပတ်ဝန်းကျင်ထဲကို စမ်းတဝါးဝါး ဝင်ဆန့်ကြည့်ရတော့တာပေါ့။ အဲဒီလို

နေရပြီဆိုတော့ ကျွန်တော်ဟာ ရန်ကုန်ရဲ့ အနေအထားနဲ့ ကိုက်ညီအောင် လိုက်လျောညီထွေ နေတတ်၊ ထိုင်တတ်အောင် ကိုယ့်ကိုကိုယ် တစ်ဖြေးဖြေး ပြုပြင်ပြောင်းလဲ အဒက်ပ်တ (adapt) လုပ်တတ်ဖို့ မနည်းကို ပြင်ယူရပါတယ်။ အဲဒီလို ရန်ကုန်ရဲ့ စနစ်နဲ့ ကိုက်ညီအောင် ပြောင်းရတဲ့အခါမှာ စကော့လူမျိုးတွေ အီဒင်ဘာရာနဲ့ လန်ဒန် မတူဘူးလို့ တွေးသလိုပဲ မန္တလေးနဲ့ ရန်ကုန်ဟာ မတူပါလားလို့ ကျွန်တော် တွေးမိပါတယ်။ "ငါတို့ မန္တလေးသားတွေဟာ တော်တော်ရိုးပါလား၊ ရန်ကုန်ဆိုတာက ရှုပ်ထွေးပွေလီတဲ့ အပြည်ပြည်ဆိုင်ရာ အဆင့်ဝင်ထွက်သွားလာ အဆင့်မြင့် ကော့စမိုပိုလီတန် မြို့တော်ကြီး (Cosmopolitan City) ဖြစ်တယ်။ ဒို့ကတော့ ပရိဝင်စ် (Province) လို့ ခေါ်တဲ့ နယ်တွေမှာ နေတဲ့ နယ်သူ နယ်သား စိတ်ဓါတ် ပရိဝင်ရှယ်လစ်ဆင် (provincialism) ရှိတဲ့သူတွေ၊ ရန်ကုန်သား တွေနဲ့ ဒို့နဲ့ဟာ သဘောသဘာဝချင်း မတူကြပါလား" လို့ တွေးမိပါတယ်။ ရန်ကုန်ရောက် မန္တလေးသား ကျွန်တော်ဟာ ဘယ်လောက်ကို ရိုးရိုးစင်းစင်းတွေးပြီး ဟန်ဆောင်မှုမပါ ရိုးရိုးသားသား လုပ်ခဲ့မိတယ်ဆိုတာ ဥပမာတစ်ခုပြောပြပါမယ်။ ကျွန်တော်ဟာ ယူကေကပြန်လာပြီး ရန်ကုန်ကို ရောက်တော့ ရွှေတောင်တန်းလမ်းထဲမှာ အပေါ်ဆုံးထပ် တိုက်ခန်းလေး တစ်ခန်း ဝယ်လိုက်ပါတယ်။ အဲဒီအခန်းမှာ တယ်လီဖုန်းတစ်လုံး လိုချင်နေပါတယ်။ အခုခေတ်အခေါ် လိုင်းဖုန်းဆိုတဲ့ တယ်လီဖုန်းတစ်လုံး ရဖို့ဆိုတာ အဲဒီတုန်းက အရမ်းကို ခက်ပါတယ်။ အဲဒီအချိန်မှာ မန္တလေးဆေးရုံတုန်းက ကျွန်တော်နဲ့အတူ အလုပ်လုပ်ခဲ့ဖူးတဲ့ ကျွန်တော့်တပည့် ဆရာဝန်မလေးတစ်ယောက်ဟာ ရန်ကုန်မှာ ရှိတယ်ဆိုတာ ကျွန်တော် သိရပါတယ်။ သူ့အစ်ကိုက တယ်လီဖုန်းဌာနမှာ လူကြီးတစ်ယောက်ဆိုတာလည်း သိပါတယ်။ ဒါနဲ့ တပည့်မ ဆီကို ဖုန်းဆက်ပြီး "ငါဆေးရုံနဲ့ ဆက်သွယ်ရတာ ခက်လွန်းလို့ ငါ့တိုက်ခန်းမှာ တယ်လီဖုန်းတစ်လုံး လိုချင်တယ်၊ ကူညီနိုင်ရင် ကူညီပါဦး" လို့ ပြောလိုက်ပါတယ်။ အဲဒီကလေးမလေးဟာ ရက်ပိုင်းအတွင်းမှာပဲ တယ်လီဖုန်း လျှောက်လွှာပုံစံတွေနဲ့အတူ ကျွန်တော့်ဆီ ရောက်လာပြီး လက်မှတ်ထိုးခိုင်းပြီးယူသွားပါတယ်။ တစ်လလောက်ကြာတော့ ကျွန်တော့်တိုက်ခန်းမှာ တယ်လီဖုန်းရပါတယ်။ အဲဒီတုန်းက ကျွန်တော်ဟာ ရန်ကုန်ဆေးရုံကြီးအသည်းရောဂါ အထူးကုဌာနမှာ အသည်းအထူးကု ဆရာဝန်ကြီး ကျွန်တော့်ဆရာ ဒေါက်တာဦးခင်မောင်တင်ရဲ့ ပထမ လက်ထောက် တာဝန်ခံဆရာဝန်အနေနဲ့ တာဝန်ထမ်းဆောင်နေရတော့ တယ်လီဖုန်းက မရှိမဖြစ်ကို လိုနေတာပါ။ ဘာလို့လည်းဆိုတော့ အဲဒီခေတ်က အသည်းရောဂါအထူးကုဌာနမှာ ညနေ(၄)နာရီ နောက်ပိုင်း ဆိုရင် တာဝန်ကျဆရာဝန်တွေ မရှိတော့ပါဘူး။ အသည်းရောဂါ အထူးကုဌာနက အသည်းရောဂါသည်တွေကလည်း သတိလစ်၊ သွေးအန်၊ တက်၊ ကယောင်ကတမ်းဖြစ် ဆိုတဲ့ အသည်းအသန်လူနာတွေချည်းပဲဆိုတော့ ညပိုင်း ဆရာဝန်မရှိတဲ့ အချိန်မှာ တာဝန်ကျ ဆရာမလေးဟာ အရေးဟဲ့ အကြောင်းဟဲ့ဆို ပထမလက်ထောက် တာဝန်ယူထားတဲ့ ကျွန်တော့်ကို ဆက်သွယ်ဖို့ရာ လမ်းကြောင်းရှိဖို့ ကျွန်တော့်အခန်းမှာ တယ်လီဖုန်းရှိဖို့ သိပ်ကိုလိုနေတာပါ။ အဲလို အကြောင်းပြချက်တွေရှိတာကြောင့် ဆေးရုံကြီးက ထောက်ခံချက်တွေနဲ့ ကျွန်တော့်တပည့်မက

သူ့အစ်ကိုဆီကို တင်ပြပြီး ကျွန်တော့်တိုက်ခန်းမှာ ဖုန်းရအောင်လုပ်ပေးသွားတာပါ။ လျှောက်လွှာပုံစံ ယတာကအစ ငွေသွင်းတဲ့အထိ အစအဆုံး သူကိုယ်တိုင်လုပ်ပေးခဲ့တာ မမေ့နိုင်စရာပါ။ ဒါပေမယ့် အဲလိုကူညီပေးတဲ့သူကို ကျွန်တော်က ကျေးဇူးတင်တယ်လို့တောင် မိမိရရ မပြောလိုက်မိပါဘူး။ သူ့ကို လက်ဆောင်ဆိုလို့ ကိတ်မုန့်လေးတောင် မပေးလိုက်မိတဲ့ ကျွန်တော်ဟာ ဒီနေ့ပြန်တွေးကြည့်တော့ တော်တော်ကို 'အ' တဲ့ ကျွန်တော်ပါဆိုတာ သဘောပေါက်လာမိပါတယ်။ ကျွန်တော် ဘာလို့ အဲလို ပြုမူလုပ်ဆောင်ခဲ့သလဲဆိုတော့ ကိုယ့်စိတ်က ရှင်းကို ရှင်းနေလို့ပါ။ ဘယ်လိုတုန်းဆိုတော့ မန္တလေးတုန်းကလည်း ငါ့တပည့်က ငါ့ကိုကူညီတာပ။ ဒို့မန္တလေးသူ မန္တလေးသားတွေ ဆရာတပည့် ပုံမှန်ဆက်ဆံရေးပဲ။ ငါ မှာ ဖုန်းရှိဖို့လိုတယ် ဆိုတာလည်း အမှန် တကယ်ကို လိုလို့တောင်းမိတာပဲ။ အလကားနေရင်း အခွင့်အရေးယူတာလည်း မဟုတ်ဘူး။ ပုံမှန်ဆရာတပည့် လုပ်ရိုးလုပ်စဉ် ကူညီပေးတာပဲလို့ ကျွန်တော့်စိတ်ထဲမှာတွေးမိပါတယ်။ သူ့ကို ကျေးဇူးတော့ တကယ်တင်မိပါတယ်။ ဒါပေမယ့် ကျေးဇူးတင်တယ်ဆိုတဲ့ အကြောင်း အထူးတလည်ပြောရမယ်၊ လက်ဆောင်တွေပေးရမယ်လို့ လုံးဝကို မယူဆခဲ့တဲ့ ကျွန်တော့်ရဲ့ တကယ့် စိတ်ရင်း မှန်ပါ။ အဲဒီ ကျွန်တော့်တပည့်မျှား အခု ဒီဆောင်းပါးကို ဖတ်မိရင် အဲဒီတုန်းက ဆရာ့ရဲ့အလိုက်မသိ မလုပ်တတ် မကိုင်တတ် ကျေးဇူးတင်ကြောင်း ထုတ်ဖော်မပြခဲ့တာကို ခွင့်လွှတ်ပါလ. တောင်းပန်ချင်ပါတယ်။ ပြီးတော့ ဆရာရဲ့ အတွင်းသဘော စိတ်ထဲမှာကိုက အဲလိုကို ခင်မင်ရင်းနှီး နေတဲ့ ဆရာတပည့် ဆက်ဆံရေးပဲ၊ ကျေးဇူးတင်တယ်လို့ ပြောရမယ့် ဆက်ဆံရေးမဟုတ်ဘူးလို့ ထင်မိလို့ မပြောမိတာပါဆိုတာ (၂၃)နှစ် အကြာမှာ ဒီနေရာက ရှင်းပြတောင်းပန်လိုက်ပါရစေ။ ကင်မရွန်းဟိုက်လင်း ခရီးစဉ်ရေးရင်းကနေ အတွေးတွေ ဟိုဒီပျံ့၊ ရောက်ချင်ရာရောက်သွားမိတာပါ။ အဲလို ရောက်လက်စနဲ့ မထူးတော့ပါဘူး။ ကျေးဇူးတင်တာနဲ့ ပတ်သက်တဲ့အကြောင်း ဆက်ပြောချင်ပါသေးတယ်။ ကျွန်တော် အီဒင်ဘာရာမှာ အသည်းရောဂါပညာသင်ဖို့ အီဒင်ဘာရာ RIE ဆေးရုံကြီးမှာ အလုပ်လုပ်နေတုန်းက ရန်ကုန်တက္ကသိုလ် ကနေ အီဒင်ဘာရာကို ပညာလာသင်နေတဲ့ ကိုမျိုးမြင့်ဆိုတဲ့ အင်္ဂလိပ်စာ PhD သင်တန်းတက်နေတဲ့ ကျောင်းသားတစ်ယောက်နဲ့ အတော်ကို ရင်းနှီးခင်မင်ခဲ့ပါတယ်။ ကိုမျိုးမြင့် (ယခု ဒေါက်တာ ဦးမျိုးမြင့်၊ ပါမောက္ခချုပ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်) ဟာ အရမ်းကို ရိုးသားပြီး တအားခင်ဖို့ ကောင်းတဲ့ သူတစ်ယောက်ပါ။ သူနဲ့ကျွန်တော်နဲ့ အီဒင်ဘာရာမှာ တစ်နှစ်လောက် အတူနေအတူသွား အတူစား ဆိုတော့ ညီအစ်ကိုလို ခင်ခဲ့ကြပါတယ်။ သူနဲ့ ကျွန်တော် အဲလိုနေလာခဲ့ပြီး မြန်မာပြည်ပြန်ရောက်တော့ သူ့အတွက် ကျွန်တော်က ကိစ္စတစ်ခု ဆောင်ရွက်ပေးခဲ့ပါတယ်။ သူ့အတွက် ဘာကိစ္စကို ဘယ်လို ကူညီဆောင်ရွက်ပေးခဲ့သလဲဆိုတာတော့ သေချာမမှတ်မိပါဘူး။ တစ်နေ့ မိတ်ဆွေတစ်ယောက်အိမ်မှာ သူနဲ့ကျွန်တော် ဆုံကြတော့ သူက သူ့ရဲ့ထုံးစံအတိုင်း မျက်နှာ ခပ်တည်တည်နဲ့ "ခင်ဗျား ကျွန်တော့်အတွက် လုပ်ပေးတာကို ကျွန်တော် ကျေးဇူးတင်တယ်လို့ မပြောနိုင်ဘူး" လို့ ပြောပါ တယ။ သူက အဲလိုတုံးတိတိကြီး

ပြောချလိုက်တော့ ကျွန်တော်တို့အားလုံး ကြောင်သွားပြီး ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားကြပါတယ်။ ကိုမျိုးစိတ်ဆိုးလို့လားဆိုပြီးလည်း တွေးမိပါတယ်။ ကျွန်တော် လုပ်ပေးတဲ့ကိစ္စ အဆင်မပြေလို့လား၊ ကိုမျိုး ဘာကိုမျှား မကျေနပ်တာလဲဆိုတဲ့ အတွေးတွေနဲ့ ကျွန်တော် တော်တော်လေး စိတ်မကောင်းဖြစ်မိပါတယ်။ အဲဒီအချိန်မှာ ကိုမျိုးက ဆက်ပြောပါတယ် "ကျွန်တော်ခင်ဗျားကို ဘာလို့ ကျေးဇူးတင်တယ်လို့ မပြောနိုင်တာလဲဆိုတော့ 'ကိုဝင်းရာ ကျေးဇူးတင်လိုက်တာဗျာ' လို့ ပြောလိုက်တာနဲ့ ခင်ဗျားနဲ့ ကျွန်တော်ရဲ့ ရင်းနှီးမှုဟာ ပျက်သွားပြီဗျ။ ခင်ဗျားနဲ့ကျွန်တော် ရင်းနှီးခင်မင်မှုဟာ 'ကျေးဇူးတင် တယ' လို့ ပြောရမယ့် အဆင့်ထက် အများကြီးကျော်နေပြီ။ ခင်ဗျားနဲ့ ကျွန်တော်က ညီအစ်ကိုလို ဆွေမျိုးလို နေကြတဲ့သူတွေပဲ၊ ကျေးဇူးတင်တယ်လို့ ထုတ်ဖော်ပြောနေရမယ့် စကားလုံးတွေထက် ခင်ဗျားကို ကျွန်တော်ခင်တာက အဆပေါင်းများစွာပ မြင်တယ်ဗျ။ ဒါကြောင့် ခင်ဗျားကို ကျေးဇူးတင်တယ်လို့ ကျွန်တော်က မပြောနိုင်တာ" လို့ သူ့ရဲ့အယူတွေကို ရှင်းပြပါတယ်။ အဲဒီတော့မှ ကျွန်တော်တို့လည်း သက်ပြင်းချနိုင်ပြီး ကိုမျိုးရဲ့ သဘောထား စိတ်ရင်းကို တအံ့တသြ နားလည်မိကြပါတယ်။ မှတ်လောက် သားလောက် ကိုမျိုးရဲ့ ကျေးဇူးတင်တယ်ဆိုတာနဲ့ ပတ်သက်တဲ့ အယူအဆပါ။ ဒီလိုစိတ်ရိုး၊ သဘောရိုး အတွေးတွေရှိတဲ့ ပတ်ဝန်းကျင်မှာ နေခဲ့ရတဲ့ ကျွန်တော်ဟာ မြို့ကြီးပြကြီးက လူတွေရဲ့ ပတ်ဝန်းကျင်မှာ ကျင်လည်ရတဲ့အခါမှာ စိတ်ရင်းသဘောရိုးအတိုင်း ပြောဆိုနေထိုင်လို့ မရတော့ဘူး ဆိုတာ နားလည်လာပါတယ်။ အင်္ဂလိပ်စကားပုံမှာ "When you are in Rome, you must behave like a Roman" ဆိုတဲ့ ရောမမြို့မှာရောက်ရင် ရောမသားတစ်ယောက်လို နေရမယ်ဆိုတာဟာ သိပ်ကို မှန်ပါလားလို့ သိလာပါတယ်။ မြန်မာစကားမှာလည်း ကာလံ ဒေသံ၊ အင်္ဂတန်ဆိုတာရှိပါတယ်။ နေရာဒေသကာလကို လိုက်ပြီး ပြုပြင်ပြောင်းလွဲ ရမှာပါလို့ ဆလိုတာပါ။ ကိုယ်နေတဲ့ ပတ်ဝန်းကျင်နဲ့ ကိုက်အောင် လိုက်ပြီး ဆက်ဆံနေထိုင်ရမှာပါ။ ရန်ကုန်ရယ် မဟုတ်ပါဘူး၊ လန်ဒန်၊ တိုကျို စတဲ့မြို့တွေကြီးက လူနေမှုစနစ်ပုံစံက ကော့စမိုပိုလီတန် မြို့ပြလူသားပုံစံတွေဖြစ်နေပြီး နယ်လေးတွေ မြို့လေးတွေ၊ ရွာတွေမှာ လူတွေပေါင်းသင်းနေထိုင်ဆက်ဆံတာနဲ့ လုံးဝမတူတော့ပဲ ဖြစ်သွားတော့တာပါ။ မြို့ကြီးမှာ နေပြီး ဒီလိုမြို့ကြီးတွေရဲ့ လူနေမှုစနစ်ကို မကြိုက်ဘူးဆိုပြီး ညည်းနေလို့ မရပါဘူး။ မြို့ကြီးမှာ နေရင် မြို့ကြီးသားလို ကျင့်ကြံ ဆက်ဆံရမှာပါ။ မြို့ကြီးမှာ နေရတဲ့ ဘဝမှာ ရှင်သန်လှုပ်ရှားဖို့ ကိုယ့်ကိုကိုယ် ပြင်ဆင်ရမှာပါ။ မဟာမြို့ငတောရ ဆရာတော် ဦးဇောတိက ဟောကြားခဲ့သလို အခုခေတ်ဟာ ခေအော်တစ်လိုက်ဖ် (chaotic life) ပါ။ ခေအော်စ် (chaos)ဆိုတာ အစစအရာရာ ကသောင်းကနင်းနိုင်ပြီး ရှုပ်ရှက်နေတာကို ပြောတာပါ။ ခေအော်စ်ကို အတိအကျ အဘိဓါန်က အဓိပ္ပါယ်ဖွင့်တဲ့အတိုင်း ရေးပြရမယ်ဆိုရင် "complete disorder and confusion" တဲ့။ လုံးဝကို အစဉ်အတိုင်းစနစ်မရှိ ရှုပ်ရှုပ်ထွေးထွေး အခြေအနေပါ။ ဒါပေမယ့် ဒီနေ့ခေတ်ကြီးဟာ ခေအော်တစ်ဘဝကြီး ဆိုပြီး ညည်းနေလို့ မပြီးပါဘူး။ ဒီခေအော်စ် ကို ရင်ဆိုင်နိုင်ဖို့ ကျွန်တော်တို့

ပြင်ဆင်ထားကြရမှာပါ။ ကင်မရွန်းဟိုက်လင်း ခရီးစဉ်အကြောင်း ရေးရင်းကနေ ကြုံတုန်းပြောချင်ရာတွေ ပြောချ၊ ရေးချလိုက်တာကို သီးခံပြီး ဖတ်ပေးကြပါ။

စကော့တလန်အကြောင်း ဆက်ပြောရမယ်ဆိုရင် အီဒင်ဘာရာမြို့ကြီးကို ကျွန်တော်ရောက်သွားပြီး ကျွန်တော်အလုပ်လုပ်ရမယ့် Royal Infirmary of Edinburgh (အတို RIE လို့ ခေါ်တဲ့) ဆေးရုံကြီးကို သွားရပါတယ်။ အီဒင်ဘာရာမြို့ တော်ဝင်ဘုရင်ဆေးရုံကြီးလို့ အဓိပ္ပါယ်ရပါတယ်။ အင်ဖမ်း infirm ဆိုတာ ဒုက္ခိတ ရောဂါသည်၊ ဒဏ်ရာရတဲ့ လူလို့ အဓိပ္ပါယ်ရပါတယ်။ အင်ဖမ်မာရီ infirmary ဆိုတာက ဒုက္ခသည်တွေထားတဲ့နေရာ၊ ဆေးရုံ hospital ဆိုတဲ့ အဓိပ္ပါယ်ပါ။ Infirmary ဟာ hospital ဆိုတဲ့ စကားလုံးထက် ပိုပြီး ကြီးကျယ်ခမ်းနားသားနားတဲ့ သဘောကို ဆောင်ပါတယ်။ RIE ဆေးရုံကြီးဟာ အီဒင်ဘာရာမြို့မှာ အကြီးဆုံး ဆေးရုံကြီးပါ။ အီဒင်ဘာရာအပါအဝင် လိုသီရမ်ခရိုင် (Lothian Region) တစ်ခုလုံးမှာလည်း ရောဂါပေါင်းစုံကို ကုပေးတဲ့ အကြီးဆုံး ဂျင်နရယ် ဟော်စပီတယ (General Hospital) အထွေထွေရောဂါကု ဆေးရုံကြီးပါ။ RIE ဟာ ရန်ကုန်ဆေးရုံကြီးနဲ့ တစ်ပုံစံတည်းလို့ ပြောရပါမယ်။ ဖွဲ့စည်းပုံ၊ တည်ဆောက်ခဲ့တဲ့ နှစ်ကအစ RIE နဲ့ YGH ဟာ တော်တော်ကို ဆင်ပါတယ်။ ရန်ကုန်ဆေးရုံကြီးအောက်က ကော်ရစ်ဒါလေးမှာ လမ်းလျှောက် သွားရင် ခေါင်းပေါ်မှာ ရေနေငွေ့ပိုက်တွေ ပြေးနေပြီး ဆေးရုံနံ့တွေ အပြည့်နဲ့ ခံစားရတာဟာ ဒီဆေးရုနှစ်ရုံ ခွဲခြားမရလောက်အောင်ကို တူတယ်လို့ ပြောရပါမယ်။

RIE ကိုရောက်တော့ ကျွန်တော်တာဝန်ကျတာက GI and Liver Service လို့ခေါ်တဲ့ အစာအိမ်အူလမ်းကြောင်းနဲ့ အသည်းအထူးကုဌာနမှာပါ။ GI ဆိုတာ ဂက်စထရိုအင်တက်စ်တီနယ် gastro-intestinal လို့ ခေါ်တဲ့ အစာအိမ်ဂက်စ်ထရို (gastro) နဲ့ အူလမ်းကြောင်း အင်တက်စ်တီနယ်(intestinal) ကို အတိုခေါ်ထားတာပါ။ လစ်ဗာ (liver) ကတော့ အသည်းကို ပြောတာပါ။ ကျွန်တော် RIE မှာ အလုပ်လုပ်တဲ့ (၁၉၈၃) ခုနှစ်လောက်တုန်းက RIE မှာ အစာအိမ်ရောဂါဌာနနဲ့ အသည်းရောဂါဌာနလို့ သီးသန့် ခွဲခြားပြီး မရှိသေးပါဘူး။ GI နဲ့ Liver ကို ပေါင်းထားပြီး အစာအိမ်အူလမ်းကြောင်းနဲ့ အသည်းအထူးကု ဌာနဆိုပြီး ပေါင်းထားတုန်းပါပဲ။ GI & Liver ဌာနမှာ ဌာနမှူးကတော့ စကော့လူမျိုး ဒေါက်တာနေးလ်ဖင်လေဆန် Dr. Neil Finlayson ပါ။ သူဟာ အရပ်ပုပု ပိန်ပိနပါးပါး၊ စကားပြော အရမ်း နူးညံ့ပါတယ်။ အင်္ဂလိပ်လိုပြောရရင်တော့ ဆော့ဖ်တ် စပုတ်ကင်း (soft spoken) ပေါ့။ စိတ်သဘောကလည်း အရမ်းကောင်းပြီး အစစအရာရာ ကူညီတတ်တဲ့ ကျွန်တော့်ရဲ့ ဆရာဖင်လေဆန်ပါ။ ကျွန်တော် RIE ကို သွားပြီး သူ့ဆီကို သွား သတင်းပို့လိုက်တာနဲ့ ထိုင်ပါဦး ဆိုပြီး ကျွန်တော်နဲ့ အေးအေးဆေးဆေး မိတ်ဆက်စကားပြောပါတယ်။ ကျွန်တော်နဲ့ သူ့ဌာနက ဆရာမကြီးတွေ၊ စစ်စတာတွေနဲ့လည်း ခေါ်ပြီး တွေ့ပေးတယ်။ GI & Liver ဌာနမှာ ဆရာဒေါက်တာဖင်လေဆန်က ဌာနမှူး၊ ကျွန်တော်က ပထမလက်ထောက်ဆရာဝန်ပေါ့။ အင်္ဂလိပ်ဆေးရုံ အခေါ်အဝေါ်နဲ့ အဲလို ကျွန်တော်တာဝန်ထမ်းဆောင်ရတဲ့

အဆင့်မြင့် လက်ထောက်ဆရာဝန်ကို ရဂျစ်ထရာ (registrar) လို့ခေါ်ပါတယ်။ ရဂျစ်ထရာဆိုတာက ရိုးရိုးလက်ထောက်ဆရာဝန်ထက် အဆင့်မြင့်ပါတယ်။ လစာလည်း ကောင်းပါတယ်။ ဆရာဖင်လေဆန်ဟာ ဌာနမှူးသာပြောတယ်၊ တကယ်တမ်းကျတော့ GI & Liver ဌာနမှာ ဆရာဝန်က သူနဲ့ ကျွန်တော် နှစ်ယောက်ပဲ ရှိတာပါ။ တစ်ဌာနလုံးရဲ့ အောက်ခြေသိမ်းအလုပ်ကို ကျွန်တော်ကပဲ လုပ်ရမှာလို့ ရှင်းပြပါတယ်။ သူကတော့ ကွန်ဆပ်လ်တင့် (consultant) လို့ ခေါ်တဲ့ အတိုင်ပင်ခံ ဆရာဝန်ကြီးဆိုတော့ ညတွေမှာ အရေးပေါ်ရင် သူ့ကိုဖုန်းဆက်နိုင်ပါတယ်တဲ့။ GI & Liver ဌာနရဲ့သဘောသဘာဝ လုပ်ငန်းတွေ အကုန်လုံးကို လည်း ရှင်းပြပါတယ်။ မြန်မာနိုင်ငံ ဘယ်မှာဆိုတာတော့ သေချာသိပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ ဆေးပညာ အဆင့်အတန်းကို သူကောင်းကောင်းသိပုံ မပေါ်ပါဘူး။ စကော့လူမျိုး တော်တော်များများဟာ မြန်မာပြည် ဘယ်နားမှာ ရှိလဲဆိုတာကိုတော့ ကောင်းကောင်း သိကြပါတယ်။ စကော့တွေ ပြောတာကို ပြန်ပြောရမယ် ဆိုရင် "ဒုတိယကမ္ဘာစစ် အတွင်းတုန်းက မြန်မာပြည် စစ်မြေပြင်မှာ ဂျပန်တွေနဲ့ တိုက်တဲ့ ယူကေစစ်တပ်တွေ ဆိုတာထဲမှာ ဒို့ စကော့တပ်ရင်းတွေပဲ များတယ်။ အင်္ဂလိပ်တွေက လူလည်တွေ၊ တကယ်တမ်း သေကြတိုက်ရမယ်ဆိုရင် အသက်အန္တရာယ် ရှိတယ်ဆိုတဲ့နေရာမျိုး၊ စစ်ပွဲတွေမျိုးမှာ အင်္ဂလိပတပ်တွေကို မလွှတ်ဘူး။ ဒို့ စကော့တပ်ရင်းတွေ၊ ဒါမှမဟုတ် နီပေါတပ်တွေကို လွှတ်တိုက်ခိုင်းတာ။ ဒါကြောင့် ဒို့ရဲ့ အဖေ၊ အဖိုးစတဲ့ အမျိုးတွေဟာ မြန်မာပြည် စစ်မြေပြင်မှာ ပါဝင်ခဲ့တဲ့လူတွေဆိုတော့ ဒို့မိသားစုတွေထဲမှာ မြန်မာပြည်ဆိုတာ အမြဲကြားဘူးနေတာ။ ဒါကြောင့် ဒို့က မြန်မာပြည်ကိုသိတာ" လို့ ပြောပါတယ်။ စကော့တလန်မှာ နေခဲ့ပြီး စကော့တွေနဲ့ ပေါင်းခဲ့တော့ စကော့တွေမှာ အဲလိုခံစားချက်တွေ ရှိတယ်ဆိုတာကို ကျွန်တော်သိခဲ့ရပါတယ်။ သူတို့ အဲလို အင်္ဂလိပ်တွေပေါ်မှာ စိတ်နာပြီး ပြောတာလည်း ဟုတ်သင့်သလောက် ဟုတ်မယ်ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော် စကော့တလန်ကနေ အလုပ်ပြောင်းပြီး အင်္ဂလန် ရောက်သွားတော့ အင်္ဂလိပ်တွေက မြန်မာပြည်ဆိုတာကို သိပ်မသိကြပါဘူး။ အင်္ဂလိပ်တွေဟာ မြန်မာပြည်နဲ့ အဆက်အဆက် နည်းကြပါတယ်။ ဒေါက်တာဖင်လေဆန်ဟာ စကော့စိတ်ဓါတ်အပြည့်ရှိတဲ့ စကော့လူမျိုး တစ်ယောက်ပါ။ သူဟာ စကော့လူမျိုးဆိုပေမယ့်လို့ သူပြောတဲ့ အင်္ဂလိပ်စကားကတော့ စကော့သံလုံးဝ မဝဲပါဘူး။ တကယ့် စကော့လူမျိုးတွေပြောတဲ့ အင်္ဂလိပ်စကားဟာ နားလည်ဖို့အတော်ခက်ပါတယ်။ အဲလို စကော့သံဝဲတာကို စကော့အက်ဆင့် (Scottish accent) ရှိတယ်လို့ သူတို့ ပြောကြပါတယ်။ စကော့သံ ဝဲတာ အဆိုးဆုံးကတော့ စကော့တလန်နိုင်ငံရဲ့ ဒုတိယမြို့တော်ဖြစ်တဲ့ ဂလပ်စ်ဂို (Glasgow)မြို့က လူတွေပါ။ အဲလို ဂလပ်စ်ဂိုမြို့သားတွေကို ဂလပ်စဝးဂျီးရင်း (Glaswegian) လို့ ခေါ်ပါတယ်။ ဂလပ်စ်ဝီးဂျီးရင်းတွေ ပြောတဲ့ အင်္ဂလိပ်စကားကတော့ လုံးဝကို နားမလည်နိုင်လောက်အောင်ကို ဝဲပါတယ်။ သူတို့ စကားပြောတာကို အင်္ဂလိပ်အစစ် တစ်ယောက်နားထောင်ရင်တောင် ရုတ်တရက် အကုန် နားမလည်လောက်အောင် ဝဲပါတယ်။ ဘာနဲ့တူလဲ ဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံက မြို့တော်သားတွေ၊ အင်းသားတွေပြောတဲ့စကားကို မြန်မာတွေ

နားမလည် နိုင်သလိုပါပဲ။ ပိုက်ဆံရှိတဲ့ စကော့တွေကတော့ သူတို့ရဲ့သားသမီးတွေကို အဆင့်မြင့်ကျောင်းတွေမှာ ထားနိုင် ကြတော့ အဲဒီလို ကျောင်းတွေကထွက်တဲ့၊ ကျောင်းသားတွေဟာ စကားမဝဲ၊ စကော့သံ မပါပါဘူး။ သူတို့ တတွေဟာ တကယ့်ကို Queen's English လို့ ခေါ်ရမယ့် အင်္ဂလိပ်အစစ်တွေ ပြောတဲ့ ပုံစံမျိုးနဲ့ ပြောနိုင်ကြတာပါ။ ဒါကြောင့် စကော့လူမျိုးတစ်ယောက် စကားပြောလို့ စကော့သံမဝဲဘူးဆိုရင် ဒီလူဟာ ချမးသာတဲ့ မိဘမျိုးရိုးက လာတဲ့သူ၊ ငွေကြေးအဆင့်မြင့်တဲ့ အသိုင်းအဝိုင်းက လာတယ်ဆိုတာ သိနိုင်တာပေါ့။ ဒါကြောင့် စကော့တစ်ယောက်ရဲ့ စကား လေသံဟာ သူ့ရဲ့ လူမှုအဆင့်အတန်းကို ထင်ဟပ်တယ်လို့ ပြောရမှာပါ။ ဒေါက်တာဖင်လေဆန်ရဲ့ စကား ပြောသံကို နားထောင်လိုက်တာနဲ့ သူဟာ ဆွေကြီးမျိုးကြီးက ဆင်းသက်လာတယ်ဆိုတာ ကျွန်တော် တစ်ခါတည်း သိလိုက်ပါတယ်။

(နောက်လမှာ ဒေါက်တာဖင်လေဆန်နဲ့ ကျွန်တော် ဘယ်လို လက်ဘက်ရည် သောက်ကြတယ် ဆိုတာ ဆက်ရေးသွားပါမယ်။)

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဒင်မောင်ဝင်း (အသည်း)



Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင် (အပိုင်း - ၃၇)

မလေးရှားခရီးစဉ်(အဆက်)

မလေးရားနိုင်ငံ ကင်မရွန်းဟိုက်လင်းကို သွားခဲ့တဲ့အကြောင်း ပြောပြနေ၊ ရေးနေရင်းကနေ ကင်မရွန်းဟိုက်လင်းမှာ လွှက်ရည်သောက်ကြတဲ့အကြောင်း ရေးနေမိပါတယ်။ အဲဒီကနေ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ၊ တစ်နေရာနဲ့ တစ်နေရာ လွှက်ရည်ဖျော်နည်း ဘယ်လိုကွာတယ်ဆိုတာ ဆက်ပြောပြမိပါတယ်။ အထူးသဖြင့် စကော့တလန်နိုင်ငံ အီဒင်ဘရာမြို့က ဆေးရုံကြီးမှာ ကျွန်တော်အလုပ် လုပ်ခဲ့တုန်းက လွှက်ရည်သောက်တဲ့အကြောင်းတွေ ပြောရင်းနဲ့ အီဒင်ဘရာ အတွေ့အကြုံတွေကို ရေးနေမိပါတယ်။

လွှမ်းမောဖွယ်ရာ အဒင်ဘရာ

မလေးရှားခရီးစဉ်အကြောင်း ရေးနေရာကနေ ကင်မရွန်းကလွှက်ခင်းတွေ လွှက်ခြောက်တွေ အကြောင်း ရောက်သွားပြီး အတွေးတွေ ပျံ့လွင့်သွား လိုက်တာ လွန်ခဲ့တဲ့ (၂၅)နှစ်ကျော်က ယူကေနိုင်ငံမှာ ပညာသင်သားရင်း စကော့တလန် နိုင်ငံ အီဒင်ဘရာမြို့ RIE (Royal Infirmary Edinburgh) ဆေးရုံကြီးမှာ အလုပ်လုပ်ခဲ့တုန်းက ကျန်တော့်ဆရာ ဒေါက်တာ ဖင်လေဆန် နဲ့အတူ လက်ရည်သောက်ခဲ့တာတွေကို တွေးမိရင်း စိတ်ကူးတွေ နယ်ချဲ့ပြီး အဲလိုကင်မရွန်းအကြောင်း ရေးနေတာကနေ စကော့တလန်အီဒင်ဘရာကို ရောက်သွားမိပါတယ်။ ကျွန်တော် ယူကေနိုင်ငံမှာ အသည်းရောဂါ ပညာသင်ရင်း အင်္ဂလိပ်ဆေးရုံတွေမှာ အလုပ်လုပ်ခဲ့တာဟာ တကယ့်လွမ်းစရာ သတိရစရာ ဖြစ်ရပ်တွေပါ။ ဒါကြောင့်မို့လို့ ကင်မရွန်းခရီးစဉ် အကြောင်း ခဏရပ်ပြီး အင်္ဂလိပ် လက်ခြောက်နဲ့ အင်္ဂလိပ်တွေ လက်ရည်သောက်တဲ့ အကြောင်းရေးရင်း မှတ်တမ်းတင်ရင်းနဲ့ ယခုခေတ် လူငယ်တွေ မှတ်သားထိုက် သိထားထိုက်တဲ့ နိုင်ငံခြား ဆေးရုံကြီးတွေမှာ လုပ်ခဲ့ရတဲ့ အတွေ့အကြုံတွေကို ပြောပြချင်ပါသေးတယ်။ အဲဒီတုန်းက RIE ဆေးရုံကြီးမှာ အလုပ်လုပ်ခဲ့တာတွေ အီဒင်ဘရာမှာ နေခဲ့ရတာတွေ၊ အဲဒီအတွေ့အကြုံတွေကို တွေးမိပြီး တအား လွမ်းမိပါတယ်။ ပြီးတော့ ကျွန်တော့်စိတ်ထဲမှာလည်း တမျိုးကြီးခံစားရပါတယ်။ အဲလိုခံစားရတာတွေကို အင်္ဂလိပ်လို ဘာသာပြန်မယ်ဆိုရင် နောစ်တယ်လ်ဂျီးယား (nostalgia) ဆိုတဲ့စကားလုံးနဲ့ အသင့်တော်ဆုံး၊ အကိုက်ညီဆုံး ဖြစ်မယ်ထင်ပါတယ်။ ဘာလို့လဲဆိုတော့ nostalgia ဆိုတဲ့စကားလုံးကို sentimental longing or wistful affection for the past လို အဘိဓါန်မှာ အဓိပ္ပါယ် ဖွင့်ဆိုထားပါတယ်။ ဒီလိုပြောထားတယ်။ အတိအကျ ဘာသာပြန်လို့မရတဲ့ စကာလုံးတွေအပြည့်နဲ့ နော့စ်တယလ်ဂျီယားကို ရှင်းလင်းထားတယ်လို့ ပြောရပါမယ်။ ဘာလို့တုန်းဆိုတော့ အဲဒီအဓိပ္ပါယ်ဖွင့် ရှင်းလင်းချက်ထဲမှာပါတဲ့ ဆင်တီမင်တယ် (sentimental) ဆိုတဲ့

စကားလုံးကို ဘယ်လို ရှင်းပြပြောပြထားသလဲ ဆိုတာ ဒစ်ရှင်နာရီထဲမှာ ရှာကြည့်လိုက်ပြန်တော့ နူးညံ့သိမ်မွေ့တဲ့ ဖီလင်ခံစားမှု (feeling of tenderness)၊ ဆေးမြေ့စရာ(sadness) လို့ ပြောထားပါတယ်။ ပြီးတော့ တစ်ခါဆင်တီမင်တယ်ဆိုတဲ့ စကားလေးကို အဓိပ္ပါယ်ထပ်ဖွင့်ပြောတာက သတိရစရာ နောဲ့စ်တယ်လဂျီးယား (nostalgia) ခံစားမှုလိုဟာမျိုး လို့လည်း ပြောပြန်ပါသေးတယ်။ နောက်ပြီးတော့ နောဲ့စ်တယ်လ်ဂျီးယားကို အဓိပ္ပါယ်ဖွင့်ဆိုတဲ့ စကားထဲမှာ ပါတဲ့ လောင်းဂင်း (longing) ဆိုတာက ပြင်းပြတဲ့ဆန္ဒကိုပြောတာပါ။ ဆိုလိုတာက အတိတ်ကို ပြန်ပြီး ရောက်ချင်တဲ့ ဆန္ဒတွေပေါ့။ ဝစ်တ်ဖူးလ် (wistful) ဆိုတာကိုရောက်တော့ ဘယ်လိုပြောထားလဲဆိုရင် ရေရေရာရာ ဖော်ပြလို့မရတဲ့ ခံစားမှု၊ ဘယ်လိုပြောရမှန်းမသိတဲ့ ဖီလင်၊ လွမ်းမောသတိရဖွယ်ရာ ဖီလင (feeling of vague or regretful longing) လို့ ပြောပြန်ပါတယ်။ ဆိုလိုတာက နောဲ့စ်တယ်လ်ဂျီးယား အဓိပ္ပါယ်ရှင်းတမ်းထဲမှာ အတိတ်ကဖြစ်ရပတစ်ခုကို ဘယ်လိုပြောရမှန်း မသိတဲ့ လွမ်းစရာ ဆွေးစရာ၊ သတိရစရာ၊ နူးညံ့တဲ့သိမ်မွေ့တဲ့ ခံစားမှုမျိုးနဲ့ အဲဒီဘဝ အဲဒီအတွေ့အကြုံလေးတွေကို ပြန်လိုချင် ပြန်ရောက်ချင်တဲ့ ပြင်းပြတဲ့ တမ်းတမှု ဆန္ဒစိတ်ပါလို့ ပြောထားတာပါ။ အဲလို ရှင်းပြ အဓိပ္ပါယ်ဖွင့်ထားတာကို ကျွန်တော်အရမ်းသဘောကျပါတယ်။ အီဒင်ဘရာမှာ ကျွန်တော် နေခဲ့ထိုင်ခဲ့ RIE ဆေးရုံကြီးမှာ အလုပ်လုပ်ခဲ့တာတွေဟာ ကျွန်တော့်အတွက် တကယ့်ကို နောဲ့စ်တယ်ဂျစ် (nostalgic) ဖြစ်စရာပါလို့ပဲ ပြောရပါမယ်။ ဘာလို့တုန်းဆိုတော့ အဲဒီ အတိတ်ကာလကို သတိရ တွေးမိတိုင်း ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုလဲ ဆိုတာက ဖော်ပြလို့ မရနိုင်အောင်ကို ခံစားမိပြီး စိတ်ထဲမှာ နောဲ့စ်တယ်လ်ဂျီးယားကို အဓိပ္ပါယ်ဖွင့်ထားတဲ့ စကားလုံးတွေလို ခံစားရမိလို့ပါ။ အဲလိုခံစားရတာတွေမှာ ပျော်စရာ၊ သတိရစရာ၊ လွမ်းစရာ၊ နောင်တရစရာ ဆိုတဲ့ အတွေးမျိုးစုံပါပေမယ်လို့ အဓိက ခံစားရတာက အဲဒီတုန်းက အတိတ်ဖြစ်ရပ်လေး တွေကို လွမ်းမိတမ်းတမိတာပါ။ ဒါကြောင့် နောဲ့စ်တယ်လ်ဂျီးယား ဆိုတာကို လွမ်းမောဖွယ်ရာလို့ အနီးစပ်ဆုံး ဘာသာပြန်ကြည့်လိုက်ချင်ပါတယ်။

ကင်မရွန်းမှာ သွားခဲ့လာခဲ့ လွှက်ရည်သောက်ခဲ့တဲ့အတွေ့အကြုံလေးတွေက သိပ်မကြာသေးတော့ နောဲ့စ်တယ်လ်ဂျီးယား ဖြစ်ရလောက်အောင် ခံစားမှု မရှသေးပါဘူး။ အီဒင်ဘရာမှာ နေထိုင်၊ လုပ်ကိုင် သွားလာခဲ့တာတွေက အနှစ်အစိတ် ကျော်သွားပြီဆိုတော့ လွမ်းမောစရာ ခံစားမိရတဲ့ သဘောရှိပါတယ်။ ဘဝသက်တမ်းတလျှောက်မှာ ခရီးတော်တောလေး ပေါက်လာပြီဆိုတော့ ကိုယ့်ဘဝအကြောင်းကို ပြန်တွေးမိတာပေါ့။ အင်္ဂလိပ်လို ပြောရမယ်ဆိုရင်တော့ reflect upon your own life လို့ ဆိုရပါမယ်။ အသက်လေးရလာလေ ဒီလိုအတိတ်ကဖြစ်ရပ်တွေကို ပိုသတိရလေပါပဲ။ အထူးသဖြင့် ဝေးလှတဲ့ အတိတ်က ဘဝဇာတ်ကြောင်းတွေကို ပိုတွေးမိတာပေါ့။ အဲလိုဘာလိုတွေးမိရတယ်ဆိုတဲ့ အကြောင်းကလည်း မျိုးစုံပါ။ အရင်တုန်းက ဖြစ်ခဲ့ပျက်ခဲ့တာတွေကို သတိရလာရင် အဲဒီလို ကာလတုန်းက ကိုယ့်ရဲ့ အောင်မြင်မှု၊ ကိုယ့်ရဲ့ကျရှုံးမှု၊ ကိုယ့်ရဲ့ မှားယွင်းမှုတွေကို တွေးမိပြီး သံဝေဂရစရာ၊ သင်ခန်းစာရစရာ၊ ကြည်နူးစရာတွေ ဆိုတဲ့ အတွေးပေါင်းစုံအကြောင်းအရာမျိုးစုံတွေ ပေါ်လာတာ အများကြီးပါ။ ဒီအတွေးတွေနဲ့ ကိုယ့်ရဲ့လုပ်ရပ်

တွေကို ပြန်လည်ဆန်းစစ်တွေးနေတာမျိုးရှိသလို တစ်ခါတလေရောက်တော့ ဘာမှထွေထွေထူးထူးတွေးမနေတော့ပဲ အဲဒီအတိတ်က အဖြစ်လေးတွေကို သတိရကြည်နူးတသသ ဖြစ်နေရတဲ့ အခါလေးတွေလည်း ရှိပါတယ်။ ဒီလိုခံစားရတာကို အင်္ဂလိပ်လိုတော့ to cherish the memory လို့ ပြောရမှာပေါ့။

<u>အီဒင်ဘရာရဲတိုက်ကြီး (Edinburgh Castle)</u>

သတိရလွမ်းမောစရာ အီဒင်ဘရာမြို့ဟာ ဥရောပမှာ အလှဆုံး စာရင်းဝင် မြို့တစ်မြို့ပါ။ အီဒင်ဘရာမြို့ရဲ့ ဂုဏ်ဆောင် အီဒင်ဘရာ ကာဆယ် (castle) ရဲတိုက်ကြီးက မြို့လယ်ခေါင် တောင်ကုန်းထိပ်မှာ ငွားငွားစွင့်စွင့်နဲ့ တစ်မြို့လုံးကို အုပ်စီးထားပါတယ်။ စကော့တလန်ဘုရင်မျိုး ဘုရင်နွယ်တော်ဝင်မိသားစုတွေ နေထိုင်ခဲ့တာဆိုတော့ အဲဒီ ကာဆယ်ရဲတိုက်ကြီးဟာ အံ့မခန်း ကြီးကျယ်ခမ်းနားလှပါတယ်။ တစ်ခါက ကျွန်တော် ဆွစ်ဇလန်နိုင်ငံကို တိုးဂရုတစ်ခုနဲ့ အလည်အပတ်သွားတုန်းက တိုးဂိုက်က အကြီးအကျယ်လိုက်ပြတဲ့ ဆွစ်ရဲတိုက်ဆိုတာလေးဟာ စကော့တလန် အီဒင်ဘရာရဲတိုက်ကြီးနဲ့စာတော့ စကော့ဘုရင်ရဲ့ တပည့်တပန်းတွေ နေတဲ့ အိမ်လေးတွေလောက်ပဲ ရှိပါတယ်။ အဲဒီလောက်ကို ကြီးကျယ်ခမ်းနားတဲ့ အီဒင်ဘရာ ရဲတိုက်ကြီးပါ။ အီဒင်ဘရာမြို့မှာ နှစ်စဉ်ကျင်းပတဲ့ပွဲတော်ကြီး ရှိပါတယ်။ အဲဒါကို အီဒင်ဘရာဖက်စတီဗယ် (Edinburgh Festival) လို့ခေါ်ပါတယ်။ စာပေ၊ ဂီတ၊ ပန်းချီစတဲ့ အနုပညာနဲ့ပတ်သက်တဲ့ ပွဲတော်ကြီးပါ။ တစ်ကမ္ဘာလုံးက အနုပညာသမားတွေ လာကြပါတယ်။ နှစ်စဉ်ကျင်းပတဲ့ အဲဒီပွဲတော်ရက်အတွင်းမှာ နှစ်စဉ်ဒီရဲတိုက်ကြီးပေါ်ကနေ မီးရှူး၊ မီးပန်းတွေ ဖောက်တာဟာ Edinburgh Fireworks ဆိုပြီး နာမည်ကြီးပါ။ အဲဒီရဲတိုက်ကြီးရဲ့ အောက်ခြေ၊ ရဲတက်ကြီးရဲ့ တောင်ဘက်မှာ ပန်းခြံဥယျာဉ်ကြီး အကြီးကြီးရှိပါတယ်။ အညာသားတွေဆိုတော့ တောင်တွေမြောက်တွေနဲ့ပြောတာကို နားလည်အောင် ကြိုးစားဖတ်ကြပါ။ ကျွန်တော်ကတော့ ရန်ကုန်မှာဖြစ်ဖြစ်၊ နိုင်ငံခြားမှာဖြစ်ဖြစ် အရှေ့အနောက်၊ တောင်မြောက်နဲ့ပဲ ပြောတတ်ပါတယ်။ ဆက်ပြောရမယ်ဆိုရင် ဥယျာဉ်ကြီးရဲ့ တောင်ဘကမှာ အရှေ့အနောက် ပြေးနေတဲ့ နာမည်ကြီး Princess Street ပရင့်ဆက်(စ်) ဆိုတဲ့ လမ်းမကြီး ရှိပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလမ်းကို အစွဲပြုပြီး ဒီဥယျာဉ်ကြီးကို Princess Street Garden လို့ ခေါ်ပါတယ်။

<u>ပရင့်ဆက်(စ်)စထရိဂါဒင်း</u>

ပြန်ပြောရမယ်ဆိုရင် တောင်ကုန်းအမြင့် ထိပ်မှာရှိတဲ့ အီဒင်ဘရာ ရဲတိုက်ကြီးနဲ့ ပရင့်ဆက်(စ်) စထရိလမ်းမကြီးကြားမှာ ကျယ်ပြန့်နေတဲ့ ပရင့်ဆက်(စ်) စထရိ ဂါဒင်းကြီးရှိနေပါတယ်။ ဒီ ဂါဒင်းကြီးထဲမှာ စိုက်ထားတဲ့ ပန်းတွေ၊ သစ်ပင်တွေ၊ မြက်ခင်းတွေဟာ သိပ်ကို လှပါတယ်။ အထူးသဖြင့် မှတ်သားမိတာကတော့ ပန်းပွင့်တွေ အပြည့်နဲ့ လုပ်ထားတဲ့ နာရီကြီးပါ။ နာရီကြီးကို အဲဒီဥယျာဉ်ကြီးရဲ့ အရှေ့တောင်ထိပ် မြေကြီးခပ်စောင်းစောင်းလေးပေါ်မှာ လုပ်ထားပါတယ်။ ၁၅ပေလောက် အချင်းရှိပြီး တကယ့်ကို ရွှေ့လျား

သွားနေတဲ့ နာရီလက်တံကြီးတွေလုပ်ထားတဲ့ ပန်းပွင့်တွေနဲ့. ဒီဇိုင်းဖော်ထားတဲ့ နာရီကြီးပါ။ အဲဒီနာရီလက်တံတွေပေါ်မှာလည်း ပန်းတွေအပြည့်နဲ့ဖုံးထားတော့ နာရီလက်တံမှန်းတောင် မသိရပါဘူး။ နာရီအချိန်ကလည်း တကယ်နာရီတွေနဲ့. ချိန်ကိုက်ထားလို့ တကယ့်ကို အချိန်မှန်ပါတယ်။

အီဒင်ဘရာမြို့ဟာ စကော့တလန်က မြို့တစ်မြို့ဆိုတော့ စကော့တလန် ရာသီဥတုပုံစံအတိုင်းပဲ တစနှစ်ပတ်လုံးလိုလို မှောင်မဲ အုံ့ဆိုင်းနေပြီး တစ်နှစ်မှာ သုံးလေးလလောက်ပဲ ရှိတဲ့ နွေကာလရောက်မှ နေရောင်လေး မြင်ရပါတယ်။ အဲဒီလို စကော့တလန်ရဲ့နွေ (Scotland summer) မှာဆိုရင် နေရောင်မြင်ရတဲ့အခါမှာ စကော့တွေ သိပ်ပျော်ကြပါတယ်။ ဘာလို့တုန်းဆိုတော့ အင်္ဂလိပ်လို ဂလွန်မီ (gloomy) လို့ခေါ်တဲ့ မှုန်မှိုင်းနေတဲ့ရာသီဥတုကြီးနဲ့. သိပ်ကို စိတ်ဆင်းရဲ စိတ်ညစ်စရာကောင်းအောင် နေနေရတာကနေ ပွင်းလန်းလင်းရှင်းသွားတဲ့ နေရောင်ကိုမြင်လိုက်ရတော့ စိတ်တွေကြည်လင်သွားပြီး လူပါတက်ကြွသွားတဲ့ သဘော ရှိတာကိုး။ ဒါကြောင့် သူတို့တတွေဟာ နေသာတာနဲ့. အိမ်တွေထဲက ထွက်လာကြပြီး ပန်းခြံတွေမှာနေပူဆာလှံ၊ လမ်းတွေလျှောက်၊ သီချင်းဆိုကြ၊ ကကြနဲ့. ပရုဇ်ဆက်(စ်)စထရီ ဂါဒင်းကြီး တစ်ခုလုံးဟာ စည်ကားလှုပ်ရှားနေပါတယ်။

အဲဒီလို နွေရာသီမှာ ပန်းခြံထဲမှာ အတွေ့ရဆုံးကတော့ အတွဲတွေပါပဲ။ ဘယ်နားကြည့်လိုက်ကြည့်လိုက် မျက်စိနောက်လောက်အောင်ကို စုံတွတွေ တွေ့ရပါတယ်။ သူတို့ရဲ့ ယဉ်ကျေးမှုနဲ့. သူတို့ဆိုတော့ ပန်းခြံအလယ်ခေါင် မြက်ခင်းပေါ် စကော့တလန်နွေရဲ့ နေပူအောက်မှာ ဖက်ကြ၊ နမ်းကြ၊ ကျွန်တော်တို့. မျက်စိနဲ့. ကြည့်လို့မရတဲ့ အခြေအနေမျိုးစုံကို တွေ့ရပါတယ်။ မြက်ခင်းပေါ်မှာ လူးကြ၊ လှိမ့်ကြ၊ တစ်ယောက်အပေါ် တစ်ယောက် ထပ်လျက ပုံစံအမျိုးမျိုး၊ တကယ့်ကို မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့သဘော သဘာဝနဲ့. တော့ လုံးဝဆန့်ကျင်နေတာပါ။ ကျွန်တော် အခုပြောနေတဲ့ ပရုဇ်ဆက်စ်စထရီဂါဒင်းမြင်ကွင်းဟာ လွန်ခဲ့တဲ့ (၂၅)နှစ်ကျော်က အတွေ့အကြုံပါ။ အခုလို ၂၀၀၈ခုနှစ်လောက်မှာတော့ ဘယ်လိုတွေဖြစ်လို့. ဘယ်လိုတွေသောင်းကျန်းကြမလဲ ဆိုတာ မတွေးရဲစရာပါ။

ပန်းခြံကြီးထဲမှာ တခြားစိတ်ဝင်စားစရာတွေ တွေ့ရတာကတော့ ရပ်ကွက်အလိုက်၊ မြို့လေးတွေအလိုက်၊ စကော့အကအဖွဲ့. အုပ်စုလေးတွေဟာ သူ့အုပ်စုနဲ့. သူ နေရာယူပြီး အတီးအမှုတ်တွေနဲ့. ကကြ၊ ဆိုကြတာ တော်တော်ကို ကြည့်လို့. ကောင်းပါတယ်။ ကစ်လ်တ် (kilt) လို့ ခေါ်တဲ့ သူတို့ရဲ့ စကော့ရိုးရာဝတ်စုံတွေကို ဝတ်ပြီး ကကြတာပါ။ Kilt ဆိုတာကတော့ စကော့တလန်ရဲ့ အထက်ပိုင်း ဟိုက်လင်း (highland) လို့ ခေါ်တဲ့ အရပ်တွေမှာ ရှိတဲ့ အထက်သား ဟိုက်လင်းဒါး (highlander) တွေ အဝတ်များတဲ့ဝတ်စုံတွေပါ။ ဒူးလောက်အထိပဲ ရှိတဲ့ စကတ်(skirt) လို ဝတ်စုံတေပေါ့။ ယောကျ်ားရော မိန်းမတွေပါ ဝတ်ကြတာပါ။ အဲဒီ kilt ကို ဘယ်လိုအဝတ်စတွေနဲ့. ချုပ်ထားသလဲဆိုတော့ အစိမ်းရောင်နဲ့. အနီရောင် အခြေခံ လက်မဝက်လောက် လိုင်းတွေ တစ်လိုင်းနဲ့. တစ်လိုင်း ကန့်လန့်ဖြတ်တဲ့ အကွက်ဆင်ဖော်ထားတဲ့ ကတ္တီပါသားဆန်ဆန် အစတွေပါ။ ကျွန်တော်တို့. အငယ်တုန်းက စကောက်စလို့.

အမေပြောပြောနေတဲ့ အဝတ်စတွေဟာ တကယ်တော့ စကော့ (Scot)တွေ ဝတ်တဲ့ အစတွေပါလားဆိုတာ စကော့တလန် ရောက်မှ သဘောပေါက်ပါတယ်။ အဲလို စကောက်စတွေနဲ့ ချုပ်ထားတဲ့ kilt တွေကို ဝတ်ပြီး အကအဖွဲ့လေးတွေဟာ အုပ်စုလိုက်တွေ ကကြတာပါ။ သူတို့ရဲ့ ဂီတတူရိယာတွေကတော့ ဒရမ်၊ ဂီတာ၊ တယော၊ ဘိုရမ် လို့ခေါ်တဲ့ လက်နဲ့တီးရတဲ့ သားရေပြားလေးတွေ၊ အကော်ဒီယံတွေပါ။ သူတို့တတွေ ဒီလို ကကြ၊ ဆိုကြတာဟာ ပိုက်ဆံ တောင်းဖို့လည်း မဟုတ်ဘူး၊ အလှူခံဖို့လည်း မဟုတ်ဘူး၊ သူတို့ ဖာသာသူတို့ ကချင်လို့ကို လာကကြတာပါ။ သူတို့ကတာကို လူတွေဝိုင်းကြည့်ကြတယ်ဆိုရင် သူတို့ကျေနပ်ကြပါတယ်။ အကစုံ ဂီတစုံနဲ့ ပျော်စရာကြီးမှ တကယ့် ပျော်စရာ ပရင့်ဆက်စ် စထရိဂါးဒင်းကြီးပါ။

အဲဒီထက် စိတ်ဝင်စားစရာကောင်းတာ တစ်ခုရှိပါသေးတယ်။ အဲဒါကတော့ စကော့တွေရဲ့ အမျိုးသားတေးဂီတ ကိရိယာလို့ ဆိုရမယ့် ဘက်ပိုက် (bagpipes) ဆိုတဲ့ ရင်ခွင်မှာ စလွယ်သိုင်းပြီး ပါးစပ်ကလည်း မတ်၊ လက်ကလည်း လေအိတ်တွေလို ပိန်ဖောင်းလုပ်ရတာကြီးတွေကို ကိုင်ပြီး သီချင်းတွေဆို၊ တီးမှုတ်စီတန်း လှည့်လည်ကြတာပါ။ အဲဒီ ဘက်ပိုက်တွေရဲ့ အသံတွေဟာ လွမ်းဆွတ်ဖွယ်ရာ ညည်းသံသာလို့ ပြောရမလို ဖြစ်နေပါတယ်။ ဒါပေမယ့် စကော့တွေအဖို့ကတော့ ဒီဘက်ပိုက် မြူးဆစ်တွေဟာ သိပ်ကို စိတခါတ် တက်ကြွစေတယ်လို့ ယူဆပါတယ်။ ဒါကြောင့် စကော့တွေ စစ်တိုက်မယ်ဆိုရင် ဒီဘက်ပိုက်အဖွဲ့ကို ရှေ့ဆုံးကနေ ချီတက်ခိုင်းပြီး နောက်ကနေ တကယ်တိုက်မယ့် တပ်ရင်းတပ်ဖွဲ့တွေက လိုက်ရပါတယ်။ လူတွေဝိုင်းကြည့်ကြတယ်ဆိုရင် သူတို့ကျေနပ်ကြပါတယ်။ အဲဒီ ဘက်ပိုက်သံကြားရတာနဲ့ စစ်သားရဲမကတွေဟာ စိတ်ဓါတ်တက်ကြွပြီး တိုက်အားပိုကောင်းတယ်လို့ ယူဆကြပါတယ်။ အခုခေတ် အခု စကော့တပ်ရင်းတွေမှာ ဘက်ပိုက်အဖွဲ့တွေ ရှိနေပါသေးတယ်။ ကျွန်တော်တို့ မြန်မာတွေ အဖို့ကတော့ စိတ်ဓါတ်တက်ကြွဖို့ တိုက်ဖို့ ခိုက်ဖို့ ဆိုရင် ဆူဆူညံညံ တက်တက်ကြွကြွဆိုတဲ့ မြူးဆစ်မျိုးကို ကြားဖို့ လိုတာပေါ့။ ကျွန်တော့်မှာ အဲလို မြန်မာစိတ်ဓါတ် သဘောတရားရှိနေတော့ သိပ်ကို စိတ်ကြွစေတယ်ဆိုတဲ့ စကော့တွေရဲ့ ညည်းညည်းညူညူ တအီအီ မြည်နေတဲ့ ဘက်ပိုက်သံဟာ ဘယ်လိုများ စိတ်ဓါတ်တက်ကြွမလဲ ဆိုတာ ကျွန်တော်နားမလည်နိုင်ပါ။

ပရင့်ဆက်(စ်) စထရိ ဂါဒင်းကြီးရဲ့ ချစ်စရာအကောင်းဆုံး အချက်ကတော့ ဒီပန်းခြံကြီးထဲမှာ ဆိုးသွမ်းရမ်းကားတဲ့ လူတွေ မရှိပါဘူး။ ဘီယာဘူး ခြောက်ဘူးတွဲတွေကို အတွဲလိုက်ကိုင်ပြီး တစ်ဘူးပြီး တစ်ဘူး ဖောက်သောက်နေကြတဲ့ သူတွေကို ပန်းခြံထဲမှာ တွေ့ရပါတယ်။ ဒါပေမယ့် ဘီယာ၊ အရက်သောက်ပြီး မူးပြီး ရမ်း၊ သူများကို စော်ကားမော်ကား လုပတယ်ဆိုတာ မတွေ့ခဲ့ရပါဘူး။ စကော့တွေ ကိုယ်တိုင်ကလည်း ယဉ်ကျေးတဲ့ လူတွေ ဆိုတော့ ဘီယာသောက်တာဟာ သောက်တာပဲ၊ မူးမူးရွေးရွေး အဆင့်ရောက်တဲ့လူတော်တော်ရှားပါတယ်။ ဒါပေမယ့်လို့ ဒီစကော့တလန် အီဒင်ဘရာက ဂါဒင်းကြီးနဲ့ လန်ဒန်က ဂါဒင်း ဥယျာဉ်ကြီးတေ ဘယ်လိုကွာတယ်ဆိုတာ ပြောချင်ပါသေးတယ်။ လန်ဒန်မှာဆိုရင် ဟိုကပါတ် (Hyde park) လို ပန်းခြံအကြီးကြီးထဲကို သွားရင် အိုးမဲ့၊ အိမ်မဲ့ အခြေအနေ မရှိ၊ မူးရွေးနေပြီး ပိုက်ဆံလိုက်တောင်းနေတဲ့

သူတွေ သိပ်ပေါပါတယ်။ လန်ဒန်က ပန်းခြံထဲက ထိုင်ခုံမှာ ထိုင်လိုက်ရင် မူးရူးနေတဲ့ အင်္ဂလိပ် သူတောင်းစား က အနားကပ်လာပြီး "Hello boy, I need some money. Could you give me a few coins" ဆိုပြီး ပိုက်ဆံတောင်းတော့တာပါပဲ။ ဆိုလိုတာက "ဟေ့ သူငယ်လေး၊ ငါပိုက်ဆံလိုတယ်။ မင်းမှာ အကြွေလေး တွေများရှိရင် ငှါကိုနည်းနည်းပေးစမ်းပါ" ဆိုပြီး တောင်းတာပါပဲ။ ဒီလူတွေဟာ ပိုက်ဆံရတာနဲ့ တစ်ခါတည်း အရက်ဆိုင်ကို ပြေးပြီး အရက်ဝယ်သောက်တော့တာပါပဲ။ လန်ဒန်မှာ အဲလို လူတွေရှိနေပေမယ်လို့ ကျွန်တော်နေခဲ့တဲ့ ခေတ်အခြေအနေတုန်းက အီဒင်ဘရာမြို့မှာတော့ အဲလိုမူးပြီး အရက်ဖိုးတောင်းတဲ့ လူတွေ မရှိသေးပါဘူး။ အထူးသဖြင့် ပန်းခြံထဲမှာဆို အမူးသမားတွေကို ပိုပြီးတောင် မတွေ့ရပါဘူး။ အခုပြောခဲ့သလို အီဒင်ဘရာရဲ့ နွေမှာ စည်စည်ကားကား ပျော်စရာကောင်းကောင်း ကြည့်စရာ ရှုခင်းမြင်ကွင်းအစုံနဲ့ ပန်းခြံထဲက လူထုပရိတ်သတ်ကြီးကို ကြည့်ရတာဟာ တော်တော်ကို စိတ်ဝင်စားစရာကောင်းတာပါ။ အဲဒီ ပန်းခြံနဲ့ ပတ်သက်လို့ ဆက်ပြီး ပြောရမယ်ဆိုရင် ခုနက ပြောခဲ့တဲ့ အီဒင်ဘရာပွဲတော် Edinburgh Festival မှာ အီဒင်ဘရာ ရဲတိုက်အမြင့်ကြီးပေါ်ကနေ မီးရှူးမီးပန်းတွေ ဖောက်တာကို ပရင့်ဆက်(စ်) စထရိဂါဒင်း ထဲကနေ ထိုင်ပြီး ကြည့်ရင် သိပ်ကို ကြည့်လို့ကောင်းတဲ့ မြင်ကွင်းပါ။ မီးရှူးလွှတ်မယ့်နေ့မှာဆိုရင် ညနေ ကတည်းက နေရာကောင်းရအောင် အစောကြီး ကြိုလာပြီး မီးရှုးကြည့်ဖို့ ဥယျာဉ်ထဲမှာ နေရာဦးကြတဲ့ လူတွေက အများကြီးပါ။ အဲလို မီးရှူးမီးပန်းကြည့်မယ့်သူတွေဟာ ပန်းခြံထဲက မြက်ခင်းပေါ်မှာထိုင်ဖို့ အဝတ်လေး တစ်ခုခုကို ဖြန့်ခင်းထိုင်ကြပါတယ်။ ပြီးတော့ မီးရှူးတွေ ကြည့်ရင်း စားဖို့ သူတို့ရဲ့ အနောက်တိုင်းစတိုင် အတိုင်း ပစ်ကနစ်ဘတ်စကက် (picnic basket) ကြိမ်ခြင်းကြီးထဲမှာ စားစရာ သောက်စရာတွေ အပြည့်ထည့်ယူလာပြီး ဘေးမှာချထားပါတယ်။ မီးရှူးမီးပန်းစောင့်ရင်းနဲ့ အားရပါးရ စားကြ သောက်ကြရင်းနဲ့ ညရောက်မှ ကြည့်ရမယ့် အီဒင်ဘရာ firework မီးရှူးတွေဖောက်မှာကို စောင့်ကပါတယ်။

<u>ဝမ်းတွင်းကဇာတ်ပွဲ</u>

သူတို့ကို တွေ့ရတော့ ကျွန်တော်အငယ် ကလေးဘဝက ဝမ်းတွင်းမြို့မှာ ပွဲကြည့်ဇာတ်ကြည့်တာကို သတိရပါတယ်။ ကျွန်တော်တို့ မြို့ဝမ်းတွင်းမှာ ဇာတ်ကတယ်ဆိုရင် ဝမ်းတွင်းအရှေ့ပိုင်း ဘုရားကလေးနား က ဝမ်းတွင်းမြို့စျေးကုန်း ကွက်လပ်မှာ ဇာတ်စင် ဆောက်လေ့ ရှိပါတယ်။ စျေးကုန်းလို့ ဘာလို့ ခေါ်တာလဲ ဆိုတော့ ဝမ်းတွင်းမြို့ရဲ့ ငါးရကတစ်စျေးဟာ အဲဒီ နေရာမှာ စျေးခင်းလို့ စျေးကုန်းလို့ ခေါ်တာပါ။ စျေးနေ့ မဟုတ်တဲ့ အခါမှာ အဲဒီနေရာကြီးဟာ ပြောင်ချောနေတဲ့ ဘာမှ မရှိတဲ့ ကွင်းပြင်ကြီးပါ။ ကျွန်တော်တို့တတွေ မူလတန်း ဆရာမကြီးဒေါ်စောရင်ကျောင်းမှာ နေတုန်းကဆိုရင် ကျောင်းစာသင်ချိန်အားတာနဲ့ အဲဒီစျေးကုန်း ထဲ ပြေးသွားပြီး ဘောလုံးကန်ကြတာပါပဲ။ ဆိုဗီယက်ပြန်ဦးမောင်မောင် ဆပကပ်လာရင်လည်း ဒီစျေးကုန်းမှာ ပဲ ဆပ်ကပ်တဲကြီး ထိုးပြီး ပြပါတယ်။ ဝမ်းတွင်းမြို့နယ် အသင်းက ဘောလုံးနိုင်လို့ အငြိမ့်ဌားတယ် ဆိုရင်လည်း ဒီဝမ်းတွင်းစျေးကုန်းမှာပဲ ကပါတယ်။ နယ်လှည့် လူထုစည်းရုံးရေး ရုပ်ရှင်တွေ လာပြရင်လည်း

ဝမ်းတွင်း စျေးကုန်းမှာပဲ ပိတ်ကားထောင်ပြီး ရုပ်ရှင်ပြပါတယ်။ ဖဆပလခေတ်က ကွန်မြူနစ် ဆန့်ကျင်ရေး "လူထုအောင်သံ" ဇာတ်ကားကိုလည်း ဝမ်းတွင်းစျေးကုန်းမှာပဲ ကြည့်ခဲ့ရတာပါ။ အဲတော့ ဝမ်းတွင်းစျေးကုန်း ဆိုတာဟာ ဘာပဲလုပ်လပ် လုပ်လို့ရတဲ့ ဝမ်းတွင်းမြို့ရဲ့ မာလ်တီပါပို့တ် (multipurpose) နေရာလေးတစ်ခုပါ။ အဲဒီ ဝမ်းတွင်းစျေးကုန်းမှာ ဇာတ်ပွဲကြည့်တဲ့အကြောင်း ဆက်ပြောရမယ်ဆိုရင် ဇာတ်စင်ကြီး စထိုးကတည်းက ကျွန်တော်တို့က စျေးကုန်းကိုသွားပြီး မော့တာပါ။ ဇာတ်စင်ထိုးပြီဆိုတာနဲ့ ဇာတစင်နဲ့ အနီးဆုံး နေရာကို ရွေးပြီးတော့ သင်ဖြူးဖျာ၊ ဒါမှမဟုတ် ဝါးကပ်၊ ဒါမှမဟုတ် စောင်ကိုချ၊ ထောင့်လေးထောင့်မှာ အုတ်ခဲလေးတွေ ဖိပြီး နေရာဦးကြပါတယ်။ ကိုယ့်နေရာကို ဦးထားတယ်ဆိုတာက အုတခဲချရုံနဲ့ ဖျာခင်းရုံနဲ့ မပြီးသေးပါဘူး။ ကိုယ့်နေရာကို သူများယမသွားအောင် အဲဒီနေရာမှာ ထိုင်ပြီး တစ်နေကုန် စောင့်ရပါသေးတယ်။ နေရာစောရတဲ့သူတွေဟာ တစ်ယောက်တစ်လှည့် ထမင်းပြန်စားပြီးတော့ ဒီဖျာလေးပေါ်မှာ ထိုင်ပြီး တစ်နေကုန်တစ်နေခန်း လူမပြတ်အောင် စောင့်ကြရတာပါ။ ကျွန်တော်တို့ ဝမ်းတွင်းမြို့ကလူတွေ အဖို့ တစ်နှစ်မှာ တစ်ခါနှစ်ခါလောက်ပဲ ရှိတာဆိုတော့ ဒီလို ဇာတ်တစ်ခါလာကတယ်ဆိုတာ ကျွန်တော်တို့ အတွက် တကယ့်ကို အရေးပါ အရေးကြီး ထူးခြားတဲ့ဖြစ်ရပ်ကြီးပါ။ ဇာတ်မလာခင်တစ်လလောက်ကတည်းက ဒီနေ့ဘယ်ဇာတ်လာမှာ၊ အဲဒီဇာတ်ထဲမှာ မင်းသားဘယ်သူနဲ့ ရှေ့ထွက်မင်းသမီး ကောင်းတယ်၊ နောက်ထွက် မင်းသမီး ညံ့တယ်၊ ပြဇာတ်မင်းသားကို ကြိုက်တယ်ဆိုပြီး ပြောကြဆိုကြ ဆွေးနွေးကြရတာအမော။ ဇာတ်မလာခင်တောင် ဒီလောက်စိတ်လှုပ်ရှား နေကြတာ၊ ဇာတ်စင်ထိုးပြီဆိုတာနဲ့ ကျွန်တော်တို့ ဝုန်းဒိုင်းကြဲပြီပေါ့။ ဇာတ်ကား (ဇာတ်သမား၊ ဇာတ်ပစ္စည်းတွေ တင်လာတဲ့ လော်လီကားကြီးကို ခေါ်တာ) ရောက်ပြီဆိုလို့ကတော့ ကျွန်တော်တို့ ကလေးတသိုက် ဇာတ်မင်းသား၊ မင်းသမီးတွေနားက မခွါပဲ ဝမ်းတွင်းစျေးကုန်းမှာပဲ နေကြတော့တာ။ အီဒင်ဘရာ ပရင့်ဆက်(စ်)စထရီ ပန်းခြံထဲမှာ အဝတ်လေးတွေ ခင်းပြီး မီးရှူးမီးပန်း စောင်းကြည်ကြတာကိုမြင်တော့ ဝမ်းတွင်းမြို့ စျေးကုန်းမှာ စွဲစွဲလန်းလန်း ဖျာခင်းနေရာဦးပြီး ဇာတ်ပွဲကြည့်ခဲ့တာကို သတိရ စဉ်းစားမိပြီး တို့ ဝမ်းတွင်းမှာ ပွဲကြည့်ခဲ့တာနဲ့ တော်တော် တူပါလားလို့ တွေးမိပါတယ်။

<u>ပရင့်ဆက်(စ်) စထရီ (Princess Street)</u>

ပရင့်ဆက်(စ်) စထရီ ဥယျာဉ်ကြီးရဲ့ တောင်ဘက်မှာတော့ ပရင့်ဆက်(စ်) စထရီ လမ်းမကြီး ရှိပါတယ်။ အီဒင်ဘရာဂါဒင်းဥယျာဉ်ကြီးဟာ ရဲတိုက်ကြီးနဲ့ ပရင့်ဆက်(စ်) စထရိရဲ့ ကြားချိုင့်ကြီးထဲမှာ ရှိတာပါ။ ဂါဒင်းကြီးထဲကနေ တောင်ဘက်အပေါ်ကို တက်လိုက်တာနဲ့ ပရင့်ဆက်(စ်) စထရိလမ်းမကြီးပေါ်ကို ရောက်သွားမှာပါ။ ဒီလမ်းမကြီးဟာ ဥရောပမှာ အစည်ကားဆုံးနဲ့ ကြည့်လို့ အကောင်းဆုံး အလှဆုံး လမ်းမကြီးလို့ ပြောကြပါတယ်။ တကယ့်ကို နာမည်ကြီးတဲ့ ပရင့်ဆက်(စ်) စထရိပါ။ အဲဒီလမ်းမကြီးပေါ်မှာ တစ်ကမ္ဘာလုံးကလာကြတဲ့ တိုးရစ်တွေ အရှေ့ အနောက် ခေါက်တုန့်ခေါက်ပြန် သွားလာနေကြတာ၊ လမ်းအပြည့်ပါပဲ။ လမ်းဘေး တစဘက်တစ်ချက်မှာလည်း ရောင်စုံပန်းပွင့်တွေ အစီအရီနဲ့ပါ။ နောက်ပြီးတော့

မှတ်လောက်သားလောက်အောင် နာမည်ကြီးပြီး ရာဇဝင်တွင် ဂန္ဓဝင် စကော့လူမျိုး အနုပညာသည်၊ နိုင်ငံရေးသမား၊ သိပ္ပံပညာရှင်တွေရဲ့ ရုပ်ထုတွေကလည်း ဒီလမ်းမကြီးရဲ့ ဘေးတစ်ဘက်တစ်ချက်မှာ တွေ့နိုင်ပါသေးတယ်။ အဲဒီလမ်းမကြီးရဲ့ တစ်ဘက်မှာ ဥယျာဉ်ကြီးရှိပြီး တစဘက်မှာတော့ ဆိုင်တန်းတွေ၊ ကုန်တိုက်တွေ၊ စူပါမားကက်တွေ ရှိပါတယ်။ တစ်ကမ္ဘာလုံးက လာတဲ့ တိုးရစ်တွေ အပြည့်နဲ့ဆိုတော့ လူတွေ ခြေချင်းလိမ် ရှုပ်ရှက်ခပ်နေပြီး လမ်းလျှောက်ရတာကို မလွယ်တဲ့ လမ်းမကြီးပါ။ ဒီလမ်းမကြီးကို ပဲရစ်၊ လန်ဒန်က လမ်းတွေနဲ့ ယှဉ်လိုက်မယ်ဆိုရင် ဘာကွာလဲ ဆိုတော့ အီဒင်ဘရာ ပရင့်ဆက်(စ်) စထရိဟာ လမ်းကြောတလျှောက်မှာ ဟိုဟာတွေ ခင်းပြ၊ ဒီဟာတွေ ခင်းပြ၊ တိုးရစ်တွေဆီက ပိုက်ဆံတွေ လိမ်ယူ၊ ညာယူ၊ မတော်မတရား ယူဖို့ လုပ်ကိုင်နေတဲ့ street hawker ရမ်းကား စျေးသည်တွေ မရှိပါဘူး။ တိုးရစ် တွေဟာ ကိုယ့်ဖာသာကိုယ် စိတ်အေးလက်အေး ငေးချင်ရာငေး၊ သွားချင်သလို သွား၊ ဝယ်ချင်တာတွေ ဝယ်ရုံပါပဲ။

(နောက်လမှာ အင်ဒီဘရာမြို့အကြောင်း ဆက်ရေးပါဦးမယ်။)

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဒင်မောင်ဝင်း (အသည်း)



Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင် (အပိုင်း - ၃၈)

မလေးရှားခရီးစဉ်(အဆက်)

မလေးရားနိုင်ငံ ကင်မရွန်းဟိုက်လင်းကို သွားခဲ့တဲ့အကြောင်းတွေ ရေးနေတာ မပြီးသေးခင်မှာပဲ မလေးရှားနိုင်ငံကို နောက်တစ်ခေါက် ထပ်ရောက်ပြန်ပါတယ်။ တကယ်တော့ ကင်မရွန်းဟိုက်လင်းအကြောင်း ရေးနေတာကလည်း ပြီးသလောက်ဖြစ်နေပါပြီ။ ကျွန်တော်တို့ ကင်မရွန်းဟိုက်လင်းက ပြန်အလာ လမ်းက လက်ရည်ဆိုင်မှာ ဝင်ပြီး လွှက်ရည်သောက်တဲ့အကြောင်း ပြောပြရင်းနဲ့ ကင်မရွန်းဟိုက်လင်းက လွှက်စိုက်ခင်းတွေနဲ့. တီး(Tea) ဆိုတဲ့ လွှက်ရည်တွေအကြောင်း ပြောလာခဲ့တာ ကင်မရွန်းဟိုက်လင်းခရီးစဉ် နိဂုံးချုပ်တော့မယ့်အချိန် ဖြစ်နေပါပြီ။ ဒါကြောင့် ဒီနေရာမှာပဲ ကင်မရွန်းဟိုက်လင်းအကြောင်း ရပ်လိုက်ပြီး မလေးရှားနိုင်ငံ နောက်ထပ်သွားခဲ့တဲ့ ခရီးစဉ်အသစ်ရဲ့ အတွေ့အကြုံ သစ်တွေကို ဆက်ရေးလိုက်ပါမယ်။

အမေရိကန် အသည်းရောဂါပညာရှင်အဖွဲ့ (American Association for the Study of Liver Diseases) (AASLD)

ပြီးခဲ့တဲ့လက (၂၀၀၈ အောက်တိုဘာ) အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့မှာ လုပ်ခဲ့တဲ့ (၅၉)ကြိမ်မြောက် အမေရိကန် အသည်းရောဂါ ပညာရှင်အဖွဲ့ အစည်းအဝေးသွားတက်ပါတယ်။ အမေရိကန်အသွား စက််ပူမှာ ခဏဝင်ပြီး သမီးတွေနဲ့ မလေးရှားကို အပန်းဖြေခရီး ဟောလီးဒေးသွားလို့ မလေးနိုင်ငံကို နောက်တစ်ခေါက်ရောက်ခဲ့တာပါ။ အဲလိုအမေရိကန်ခရီးစဉ်မှာ မလေးရှားကို ဝင်ခဲ့တာကြောင့် မလေးရှား ခရီးစဉ် မရေးခင်မှာ အမေရိကန်အသည်းရောဂါပညာရှင်အဖွဲ့အကြောင်း နည်းနည်း ပြောပြချင်ပါတယ်။ အသည်းရောဂါအထူးကုဆရာဝန်တွေ၊ အသည်းရောဂါကို အထူးပြု လေ့လာနေကြတဲ့ သိပ္ပံပညာရှင်တွေဟာ တစ်စုတစ်စည်းတည်း စုပေါင်းပြီး အသည်းရောဂါနဲ့ပတ်သက်တဲ့ လေ့လာမှုတွေ သုတေသနတွေလုပ်ပြီး ကုသမှုအသစ်တွေ ဖော်ထုတ်ပြီး ပိုမိုသက်ရောက်တဲ့ စမ်းသစ်တဲ့ကုသထုံးတွေနဲ့. အသည်းရောဂါတွေကို ကုသနိုင်အောင်လို့ အသည်းရောဂါပညာရှင်တွေ စုပေါင်းပြီး အဖွဲ့တွေကို ကမ္ဘာပေါ်မှာ ဒေသအလိုက် ခွဲခြားပြီး အဖွဲ့တွေ ဖွဲ့ထားပါတယ်။ အဲဒီအဖွဲ့တွေကို ပြောပြရမယ်ဆိုရင်တော့ အာရှပစိဖိတ်အသည်းရောဂါပညာရှင်အဖွဲ့ (Asia Pacific Association for the Study of Liver APASL) (APASL ကို အပါဆယ်လ်လို့ ခေါ်ပါတယ်)၊ ဥရောပအသည်းရောဂါပညာရှင်အဖွဲ့ (European Association for the Study of Liver EASL) (EASL ကို အီဆယ်လ်လို့ ခေါ်ပါတယ်)၊ အပြည်ပြည်ဆိုင်ရာအသည်းရောဂါပညာရှင်အဖွဲ့ (International Association for the Study of Liver IASL)

နဲ့. အမေရိကန်အသည်းရောဂါပညာရှင်အဖွဲ့. (American Association for the Study of Liver Diseases AASLD) တို့. ဖြစ်ပါတယ်။ အဲဒီအဖွဲ့.တွေထဲမှာ AASLD အမေရိကန်အသည်းရောဂါပညာရှင် အဖွဲ့.ကတော့ တကယ့်ကို အဆင့်မြင့်တဲ့ အဖွဲ့.အစည်းကြီးပါ။ လွယ်လွယ်နဲ့.လည်း အဖွဲ့.ဝင်ဖြစ်ချင်လို့. မရပါဘူး။ အမေရိကန် အသည်းရောဂါပညာရှင်အဖွဲ့.ဝင် ဖြစ်ချင်ရင် AASLD နှစ်ပတ်လည်အစည်းအဝေးကို (၂)ကြိမ် အနည်းဆုံး တက်ဖူးရမယ်။ ပြီးတော့ လွန်ခဲ့တဲ့ လေးနှစ်အတွင်းမှာ ကမ္ဘာပေါ်မှာ ကျော်ကြားထင်ရှားတဲ့ ဆေးဂျာနယ်တွေထဲမှာ သုတေသန စာတမ်းနှစ်ခု အနည်းဆုံး ရေးဖူးရမယ်။ နောက်ဆုံးအချက်အနေနဲ့. AASLD အဖွဲ့.ဝင်နှစ်ယောက်က အသင်းဝင်ဖြစ်သင့်ကြောင်း ထောက်ခံရပါမယ်။ ဒီအချက်အလက်တွေပြည့်စုံမှ AASLD အဖွဲ့.ဝင်ဖြစ်တာပါ။ ကျွန်တော်ကတော့ အပြည်ပြည်ဆိုင်ရာ အသည်းရောဂါပညာရှင်အဖွဲ့. (IASL) နဲ့. အမေရိကန်အသည်းရောဂါပညာရှင်အဖွဲ့. (AASLD)အဖွဲ့. နှစ်ဖွဲ့.လုံးရဲ့. အဖွဲ့.ဝင်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ အမေရိကန်နိုင်ငံ အသည်းရောဂါပညာရှင်များ အဖွ့.ဝင် တစ်ယောက် အနေနဲ့. နှစ်စဉ် နိုဝင်ဘာ လဆန်းရောက်တိုင်း အမေရိကန်နိုင်ငံမှာ ကျင်းပတဲ့ နှစ်ပတ်လည် အစည်းအဝေးကို သွားတက်လေ့ရှိပါတယ်။ နှစ်ပတ်လည် (AASLD) အစည်းအဝေးကြီးဟာ တော်တော်ကို အဆင့်မြင့်ပြီး ကြီးကျယ်တဲ့ အစည်းအဝေးကြီးပါ။ တစ်ကမ္ဘာလုံးက အသည်းရောဂါ ပညာရှင်တွေ တစ်သောင်းလောက်တောင် လာတက်ကြတာပါ။ အသည်းရောဂါနဲ့.ပတ်သက်ရင်တော့ ကမ္ဘာပေါ်မှာ အဆင့်အမြင့်ဆုံး အစည်းအဝေးကြီးလို့. ပြောရမှာပါ။ ကမ္ဘာ့အနှံ့.အပြားမှာ ရှိကြတဲ့ အသည်းရောဂါပညာရှင်တွေဟာ ဒီအစည်းအဝေးက ဆုံးဖြတ်တာတွေ၊ ဆွေးနွေးတာတွေအတိုင်း လိုက်ပြီး နမူနာယူ ကုသကြရတာပါ။ ဥပမာ ပြောရမယ်ဆိုရင် အသည်းရောင် ဘီပိုး ရောဂါကုနည်း ၂၀၀၈ လမ်းညွှန်မှု (2008 Hepatitis B Treatment Guidelines) ဆိုတာမျိုးတွေ ထုတ်ပြန်ပေးပါတယ်။ တကယ့်ကို အံ့မခန်းအောင် ကြီးကျယ်လှတဲ့ အစည်းအဝေးကြီးပါ။ အသည်းရောဂါ ပညာရှင် တစ်ယောက်အနေနဲ့. ခေတ်မီအသည်းရောဂါ ပညာရပ်ဆိုင်ရာ ကိစ္စတွေ သရှိနားလည်း တတကျွမ်းနေဖို့. သိပ်ကို တက်သင့်တဲ့ အစည်းအဝေးကြီး တစ်ခုပါ။ ဒီနှစ်ပတ်လည် (AASLD) အစည်းအဝေးကို အမေရိကန်နိုင်ငံမှာရှိတဲ့ မြို့ကြီးတွေမှာ တစ်လှည့်စီ ကျင်းပလေ့ရှိပါတယ်။ အစည်းအဝေးကြီးက သိပ်ကြီးလွန်းတော့ အစည်းအဝေးတစ်ခါလုပ်မယ်ဆိုတိုင်း တော်တော်လေးကို စုစုစည်းစည်း ဘက်ပေါင်းစုံက စီစဉ်ရတာမို့.လို့. တစ်နှစ်ကို တစ်ခါ နေရာပြောင်းလုပ်မယ်ဆိုရင် အစအဆုံးပြန်လုပ်ရဖို့.ဆိုတာ မလွယ်ပါဘူး။ ဒါကြောင့် မြို့ကြီးတစ်မြို့.မှာ အစည်းအဝေး တစ်ခါလုပ်ပြီးရင် သုံးနှစ်ဆက်တိုက် အဲဒီ မြို့.မှာပဲ လုပ်လေ့ရှိပါတယ်။ ကျွန်တော်တက်ဖူးတဲ့ အမေရိကန် အသည်းရောဂါပညာရှင်အဖွဲ့. နှစ်ပတ်လည် အစည်းအဝေး လုပ်တဲ့ မြို့ကြီးတွေကတော့ တက်ဆပ်စ်ပြည်နယ် ဒါးလပ်စ်မြို့.မှာ သုံးနှစ်၊ ဘော်စတွန်မြို့.မှာ သုံးနှစ်၊ ဆန်ဖရန်စစ္စကိုမြို့.မှာ သုံးနှစ် ဆက်တိုက်လုပ်ခဲ့ပါတယ်။ အခုနှစ် ၂၀၀၈ ခုနှစ်မှာတော့ ဆန်ဖရန်စစ္စကိုမြို့.မှာ နောက်ဆုံးအကြိမ် ကျင်းပတာ ဖြစ်ပါတယ်။

အမေရိကန်ဗီဇာ လျှောက်မယ်ဆိုရင်

ဒီနှစ်မှာ အမေရိကန်အသည်းရောဂါပညာရှင်အဖွဲ့ အစည်းအဝေးကို အောက်တိုဘာ(၃၀)ရက်နေ့ကနေပြီး နိုဝင်ဘာ(၄)ရက်နေ့အထိ ဆန်ဖရန်စစ္စကိုမြို့မှာ လုပ်မှာဆိုတော့ အောက်တိုဘာလကုန်လောက်မှာ ရန်ကုန်ကစထွက် ရမှာပါ။ ဒါနဲ့ ကျွန်တော်လည်း အောက်တိုဘာ လဆန်းလောက်ကစပြီး ခရီးသွားဖို့ ပြင်ဆင်ရတော့တာပေါ့။ သမီးနှစ်ယောက်က စက်ာပူမှာ ရှိနေတော့ ဘယ်နိုင်ငံကိုပဲသွားသွား စက်ာပူကို ဝင်လေ့ရှိပါတယ်။ ဒါကြောင့် ဆန်ဖရန်စစ္စကိုမှာလုပ်တဲ့ AASLD ကို တက်ဖို့ ရန်ကုန် စက်ာပူ၊ စက်ာပူ ဆန်ဖရန်စစ္စကို ဆိုတဲ့ လေကြောင်းခရီးစဉ် လက်မှတ်ကို စက်ာပူအဲယားလိုင်းနဲ့ သွားဖို့ ဘွတ်ကင် လုပ်ရပါတယ်။ လေယာဉ်လက်မှတ်ကို ဘာလို့ အရင်ဆုံး လုပ်ရတာတုန်းဆိုတော့ အမေရိကန် ဗီဇာလျှောက်ရင် လေယာဉ်လက်မှတ်ပြဖို့ လိုချင် လိုမှာမ့လို့ပါ။ ပြီးတော့မှ အမေရိကန် အသည်းရောဂါ ပညာရှင်အဖွဲ့က အဖွဲ့ဝင်တစ်ယောကဖြစ်တဲ့ ကျွန်တော့်ကို နှစ်ပတ်လည်အစည်းအဝေး တက်ဖို့ ဖိတ်တဲ့ ဖိတ်စာ၊ အမေရိကန်နိုင်ငံ ဟူစတန်မြို့က နာမည်ကြီး ဘေလာကောလိပ်ဆေးကျောင်းက ဆေးပညာ ပါမောက္ခ ဒေါက်တာဘလိန်းဟိုလင်ဂါရဲ့ ဖိတ်စာတွေကို ပြင်ဆင်ပြီး ရန်ကုန်မြို့က အမေရိကန်သံရုံးမှာ ဗီဇာသွားလျှောက်ရပါတယ်။

အမေရိကနဗီဇာလျှောက်တယ်ဆိုတာက ပထမဆုံးအင်တာနက်ကနေပြီး ဗီဇာပုံစံဖြည့်ပြီး တင်ရပါတယ်။ အဲတော့မှ ဗီဇာဝင်ဖို့ ကိုယ့်ရဲ့ကိုယ်ပိုင်ဘားကုတ် (bar code) အမှတ်အသားလေး ရပါတယ်။ အဲဒီ ဘားကုတ်လေးကို ဗီဇာဖောင်မှာ ကပ်ပြီးတော့မှ ဗီဇာလျှောက်လွှာကို ပြည့်စုံအောင်ဖြည့်ပြီး သံရုံးမှာ တင်ရပါတယ်။ ဒီနေရာမှာ ကြုံတုန်းပြောရမယ်ဆိုရင်တော့ အမေရိကန်ဗီဇာပုံစံတွေကို အခကြေးငွေယူပြီး ဖြည့်ပေးတဲ့သူတွေ ရန်ကုန်မှာ ရှိပါတယ်။ ပုံစံတစ်စကို ဖြည့်ခ မြန်မာငွေ နှစ်သောင်းလောက်ပေးရပါတယ်။ ဒါကြောင့် အမေရိကန် ဗီဇာဖောင်မှာ ဒီဖောင်ကို ကိုယ်တိုင်ဖြည့်တာလား၊ ကိုယ်တိုင်ဖြည့်တာမဟုတ်ရင် ဖြည့်ပေးတဲ့လူရဲ့ နာမည်ကိုဖော်ပြထားဖို့ လိုပါတယ်။ အဲလိုဗီဇာဖောင်တင်တယ်ဆိုတာမှာလည်း တင်ချင်တိုင်း တင်လို့မရသေးပါဘူး။ အမေရိကန်သံရုံး ဗီဇာဌာနကို ဖုန်းဆက်မေးရပါတယ်။ အဲတော့မှ ဗီဇာဌာနကနေ ဘယ်သူ့အတွက်လျှောက်တာလဲ၊ ဘာကိစ္စနဲ့သွားမှာလဲ၊ ဘယ်တော့သွားမှာလဲ ဆတဲ့ မေးခွန်းတွေ မေးပြီးတော့မှ ဘယ်နေ့ကို လျှောက်လွှာတင်ပါ၊ ဘယ်နေ့ကို အင်တာဗျူးဝင်ပါဆိုတာ ပြောပါတယ်။ များသောအားဖြင့် ဗီဇာဖောင်တင်ရတာနဲ့ အင်တာဗျူးဝင်တာဟာ တစ်ပတ်ခြားပါတယ်။

ကျွန်တော် ဗီဇာဖောင်ကို (၉-၁၀-၂၀၀၈) မှာ တင်လိုက်ရပြီး ဗီဇာအင်တာဗျူး ဒိတ်ကို (၁၆-၁၀-၂၀၀၈) မှာ ရပါတယ်။ အမေရိကန်ဗီဇာတင်ရတယ်ဆိုတာလည်း သည်းထိတရင်ဖိုပါ။ ဘာလို့လည်းဆိုတော့ အမေရိကန်ဗီဇာက ဒို့ပြင်နိုင်ငံက ဗီဇာတွေနဲ့မတူပဲ အထူးခက်ခဲလှတဲ့ ဗီဇာ ဖြစ်နေလို့ပါ။ ဒါပေမယ့် အမေရိကန်ဗီဇာလျှောက်တာမှာ ကျွန်တော့်ရဲ့အားသာချက်ကတော့ အမေရိကန် နိုင်ငံ LA မြို့မှာ

တက္ကသိုလပညာသင်ကြားနေတဲ့ ကျွန်တော့်သားလေး ထူးခိုင်ဝင်းရှိတာရယ် ကျွန်တော်နှစ်စဉ် AASLD အသည်းအစည်းအဝေး တက်ထားတဲ့ မှတ်တမ်းတွေ ရှိတာဟာ ကျွန်တော်ဗီဇာရဖို့ တော်တော်လေး သေချာတဲ့အချက်တေပါ။ နောက်ဆုံးအဆင့်အနေနဲ့ ဗီဇာဝင်ဖို့ ပို့ဆိုင်မှုပစ္စည်းအထောက်အထားတွေ ပြင်ဆင်ပြီး ဗီဇာအင်တာဗျူးဝင်ဖို့ ရင်တထိတ်ထိတ်နဲ့ စောင့်ရပါတယ်။

ဒါနဲ့ အင်တာဗျူးဝင်ရမယ့်နေ့ မနက် (၇း၃၀)နာရီလောက်ကတည်းက ကျွန်တော့်ဇနီး၊ ကျွန်တော့်ညီမ အေးအေးခိုင်၊ သူ့အမျိုးသား ဦးကျော်ဉာဏ်ထွန်း (MOGE) နဲ့ ကျွန်တော့်တပည့်တစ်သိုက် တက္ကသိုလ်ရိပ်သာလမ်းက အမေရိကန်သံရုံးနားမှာရှိတ ဖူဂျီကော်ဖီဟောက်စ်မှာ ရောက်နေကြပါတယ်။ တကယ့်ကို စိတ်လှုပ်ရှားစရာ အင်တာဗျူးစောင့်ရတဲ့ နံနက်ခင်းလေးပါ။

အင်တာဗျူးမဝင်ခင်ဆိုတော့ ဘာမှလည်း သိပ်မစားချင်တာနဲ့ ဘရာဇီးကော်ဖီတစ်ခွက်ကို မှာသောက်နေတုန်းမှာပဲ (၈)နာရီထိုးနေပြီ၊ နာမည်ခေါ်နေပြီ၊ သွားကြရအောင်ဆိုတာနဲ့ သံရုံးအပေါက်ဝဆီကို ကသောကမျော ပြေးခဲ့ရပါတယ်။ သံရုံးဂိတ်ဝရောက်တာနဲ့ လုံခြုံရေးဝန်ထမ်းက ယဉ်ယဉ်ကျေးကျေးနဲ့ ကျွန်တော့်နာမည်မေး၊ နာမည်စာရင်းထဲမှာ စစ်လိုက်ပြီး "ဆရာ့နာမည်ပါပါတယ်၊ ဒီလမ်းလေးအတိုင်း လျှောက်သွားပါ ဆရာ" ဆိုပြီး လမ်းညွှန်လိုက်ပါ တယ်။

ဒါနဲ့ အိမ်ကတည်းက ကျွန်တော့်အမျိုးသမီး ဒေါက်တာခင်လေးရီ ထည့်ပေးလိုက်တဲ့ မှတ်ပုံတင်နဲ့ ဒေါ်လာ ၁၃၁ ကို သေချာပါလာ မလာ စစ်လိုက်ပြီးမှ သံရုံးထဲဝင်ဖို့ အမိုးမိုးထားတဲ့ လျှောက်လမ်းလေးအတိုင်း လျှောက်သွား လိုက်ပါတော့တယ်။ အဲဒီ ၁၃၁ ဒေါ်လာကိစ္စကို နည်းနည်း ရှင်းပြချင်ပါသေးတယ်။

ကျွန်တော်ဇနီးဟာ အလုပ်လုပ်ရင် တော်တော်လေးကို စေ့စပ်သေချာ လုပ်တတ်တဲ့သူပါ။ သူဟာအိမ်မှာကတည်းက ဗီဇာဝင်ဖို့ ကျွနတော့်မှာ ပါသင့်တဲ့ စာရွက်စာတမးတွေ ပါမပါ၊ မှတ်ပုံတင်ကော ပါရဲ့လား၊ ဗီဇာကြေးပေးဖို့ ပိုက်ဆံအိတထဲမှာ ပါပြီလားဆိုတာ အကုန်စစ်ဆေးပြီး သေချာထည့်ပေးထားပါတယ်။ ၂၀၀၈ ဇန်နဝါရီလမှာ သားလေး အမေရိကန်တက္ကသိုလ်တက်ဖို့ သွားတုန်းက ကျွန်တော်သူ့ကို အမေရိကန်ကို လိုက်ပို့ဖို့ အမေရိကန် ဗီဇာဝင်တုန်းက ဗီဇာကြေး (visa fees) အမေရိကန်ဒေါ်လာ ၁၃၀ ပေးရတာဆိုတော့ ဒီတစ်ခေါက် ဗီဇာဝင်ရင်လည်း ဒေါ်လာ ၁၃၀ ယူသွားဆိုပြီးထည့်ပေးလိုက်ပါတယ်။ ပြီးတော့မှ လိုရမယ်ရ တစ်ဒေါ်လာအပို ယူသွားဦးဆိုပြီး တစ်ဒေါ်လာ ထပ်ထည့်ပေးလိုက်ပြန်ပါတယ်။ နောက်ဆုံးမှာ ၁၃၁ ဒေါ်လာနော် သေချာစစ်ပြီး ယူသွားဆိုပြီး ကိုယ်တိုင် ကိုယ်ကျ ဒေါ်လာ တစ်ရာတန်တစ်ရွက်နဲ့ သုံးဆယ့်တစ်ဒေါ်လာကို ကျွန်တော့်ရဲ့ ဝေါလက် (wallet) ပိုက်ဆံအိတ်ထဲမှာ ထည့်ပေးလိုက်ပါတယ်။

ကျွန်တော်လည်း သံရုံးဂိတ်ဝမှာ ပစ္စည်းတွေကို သေချာစစ်ဆေးလိုက်တော့ စာရွက်စာတမ်းတွေ အကုန်လုံး ပြည့်စုံတယ်၊ မှတ်ပုံတင်လည်း ပါတယ်၊ ပိုက်ဆံကို ကြည့်လိုက်တော့လည်း ၁၃၁ ဒေါ်လာ

ပါတယ်ဆိုတော့ ယုံကြည်မှုအပြည့်နဲ့ သံရုံးထဲကို ဝင်သွားလိုက်ပါတယ်။ သံရုံးအဝင် လုံခြုံရေး ဂိတ်ရောက်တော ကျွန်တော့် မှတ်ပုံတင်ကိုပေးရပါတယ်။ ဟိုတနှစ်တုန်းက ကျွန်တော် အမေရိကန်ဗီဇာ သွားတင်တာ မှတ်ပုံတင်ပါမသွားလို့ ဒုက္ခရောက်ခဲ့ရဖူးတာကို သတိရနေပါသေးတယ်။ အဲဒါနဲ့ စာရင်းဖြည့်၊ မှတ်ပုံတင်ပေးပြီးတော့ ဟန်းဖုန်းပါရင် ပိတ်ပြီး ပေးခဲ့ပါဆိုလို့ ဟန်းဖုန်းလည်းထားခဲ့ရပါတယ်။ ပြီးတော့မှ ကိုယ့်မှာပါလာတဲ့ ပိုက်ဆံအိတ်၊ စာရွက်စာတမ်း၊ လက်ထဲမှာကိုင်ထားတဲ့ ပစ္စည်းအားလုံးကို ခါတ်မှန်နဲ့ စစ်ဆေးဖို့ ခါတ်မှန်စက် (X-ray machine) ထဲကို ဖြတ်ဖို့ တင်ပေးလိုက် ရပါတယ်။ လူကိုယ်တိုင်ကတော့ သတ္တုရှာတဲ့ metal detector အကွင်းလေးထဲကနေ ဖြတ်လျှောက်ရပါတယ်။ အိပ်ကပ်ထဲမှာ သော့၊ ဘောပင်၊ ပိုက်ဆံအကြွေတွေလို သတ္တုတစ်ခုခုပါလို့ အဲလိုဖြတ်တုန်း 'တီ' ဆိုပြီး အသံမြည်ရင် သတ်မှတ်တဲ့နေရာမှာ ရပ်ခိုင်းပြီး လုံခြုံရေးဝန်ထမ်းတွေက သတ္တုရှာတဲ့ metal detector အပြားကြီးနဲ့ တစ်ကိုယ်လုံးကို ထပ်ပြီးရှာပါသေးတယ်။ ဒါနဲ့မှ မကျေနပ်သေးရင် တစ်ကိုယလုံးကို လက်နဲ့ စမ်းပြီး body search လုပ်ပါတယ်။ စိတ်ကျေနပ်ပြီဆိုတော့မှ X-ray machine ထဲက ထွက်လာတဲ့ ကိုယ့်ရဲ့ပစ္စည်းတွေကို ကောက်ယူပြီး အင်တာဗျူးဝင်ဖို့ စောင့်ရမယ့် အခန်းထဲကို ဆက်သွားရပါတယ်။ အခု တက္ကသိုလ်ရိပ်သာလမ်းမှာ ဆောက်ထားတဲ့ အမေရိကန်သံရုံးက အသစ်ကြီးဆိုတော့ visa interview waiting room စောင့်ရတဲ့အခန်းက တော်တော်ကို သားသားနားနားကောင်းကောင်းမွန်မွန်ပါ။ ဟိုအရင်တုန်းက ယာယီ အဆောက်အဦလေးထဲမှာ စောင့်ရတုန်းကတော့ တော်တော်လေးဆိုးပါတယ်။

ဗီဇာအင်တာဗျူးစောင့်ရတဲ့ အခန်းရဲ့ အနေအထားကို ပြောရမယ်ဆိုရင် အလျား ပေ၄၀ အနံ ၁၅ပေလောက ရှိပါတယ်။ အခန်းထဲကို ဝင်လိုက်ရင် ဘယ်ဘက်မှာ ကောင်တာတွေရှိပါတယ်။ ပထမဆုံး ကောင်တာက ပိုက်ဆံသွင်းရတဲ့နေရာ၊ နောက် အင်တာဗျူးကောင်တာတွေက ၁၊၂၃ ဆိုပြီး သုံးခုရှိပါတယ်။ သူတို့ကတော့ အဲဒီကောင်တာတွေကို ဝင်းဒိုး window လို့ခေါ်တာပေါ့။ အဲဒီကောင်တာကို မှန်အပြည့်နဲ့ ပိတ်ထားပြီး အတွင်းနဲ့ အပြင်ကို မိုက်ခရိုဖုန်းတွေနဲ့ စကားပြောရပါတယ်။

ဝိတ်တင်းရွှမ်းအကြောင်း ဆက်ပြောရမယ်ဆိုရင် ဘယ်ဘက်မှာ ကောင်တာတွေရှိပြီး ညာဘက်မှာ မှန်သားတွေနဲ့ အပြင်က မြက်ခင်းစိမ်းစိမ်းကို မြင်နိုင်ပါတယ်။ ညာဘက်နံရံအလည်မှာ သောက်ရေသန့်စက်နဲ့ တစ်ခါသုံးရေခွက်လေးတွေချထားပါတယ်။ ဝိတ်တင်းရွှမ်းရဲ့ ထိပ်မှာတော့ တယ်လီဗီရှင်း TV တစ်လုံးတပ်ထားပြီး CNN သတင်းကို အသံမမြည်ပဲ ဖွင့်ပြထားပါတယ်။ ပြီးတော့ဘယ်ဘက်ထိပ်မှာ အမျိုးသမီးအိမ်သာ၊ ညာဘက်ထိပ်မှာ အမျိုးသားအိမ်သာ ရှိပါတယ်။ အိမ်သာကိုတော့ အမေရိကန်က rest room လို့ခေါ်ပါတယ်။ ကြုံတုန်းအိမ်သာကို ဘယ်လိုခေါ်ကြတယ်ဆိုတာ ပြောချင်ပါသေးတယ်။ ကျွန်တော့်တပည့်တွေက အိမ်သာကို လက်ထရိန် (latrine) လို့ ခေါ်ကြပါတယ်။ သူတို့တတွေ ဘယ်လိုပြောကြသလဲဆိုတာ ဥပမာပြောရရင် "လက်ထရိနတက်နေလို့ နောကကျသွားတာပါ ဆရာကြီး" ဆိုတာမျိုးပေါ့။ တကယ်တော့ လက်ထရိန်ဆိုတာ ပွဲလမ်းသဘင်လ နေရာမျိုးမှာ မြေကြီးတွင်းတူးပြီး ယာယီဆောက်ထားတဲ့ အိမ်သာကို

ပြောတာပါ။ မြို့ပြအိမ်ယာတိုက်တာတွေမှာရှိတဲ့ အိမ်သာကို ပြောချင်တယ်ဆိုရင် တွိုင်းလက်(toilet) ဆိုတဲ့ စကားလုံးက ပိုပြီး မှန်မှာပါ။ အမေရိကန်တွေက အိမ်သာကို ရက်စ်ရွမ်း (rest room) လို့ ဘာလို့ခေါ်တာလည်းဆိတာကို အစကတော့ သေချာနားမလည်ခဲ့ပါဘူး။ အမေရိကန်ကို ကိုယ်တိုင် ရောက်တော့မှ တချို့အိမ်သာတွေက အိမ်သာတွေနဲ့မှ မတူပဲ ရက်စ်ရွမ်းဆိုတဲ့အတိုင်း အိမ်သာအိုးမရောက်ခင် အဝင်ဝမှာ ဧည့်ခန်းကျယ်ကြီးနဲ့ ထိုင်စရာ ဆက်တီခုံ တွေ ချထားပြီး နားကြ၊ ဆေးလိပ်သောက်ကြ၊ စားကြ လုပ်ကြတာကိုး။ နည်းနည်းပိုအဆင့်မြင့်တဲ့ (rest room) တွေမှာတော့ ရေချိုးခန်းတောင် ပါပါသေးတယ်။ အဲလောက်ကို သားနားတဲ့ အမေရိကန်က ရက်စ်ရွမ်းတွေပါ။

အမေရိကန်သံရုံးက visa ဝိတ်တင်းရွမ်း rest room ဟာလည်း တော်တော်ကို ကျယ်ကျယ်ဝန်းဝန်း နဲ့ မျက်နှာသစ်စရာ၊ လက်ဆေးစရာ ဘေစင်လေးလည်း ပါတဲ့ အခန်းကျယ်ကြီးပါ။ ဘိုထိုင်ကမုတ် (commode) ကြီးကလည်း အကြီးကြီး၊ တော်တော်ကို သားသားနားနားပါ။

အင်တာဗျူး စောင့်တဲ့လူတွေထိုင်ဖို့ရောက်တော့ လေဆိပ်တွေမှာ ထားလေ့ရှိတဲ့ ပလပ်စတစ် အတန်းလိုက် ထိုင်ခုံမျိုးလေးတွေ စီပြီး (၆)ယောက်တန်း အတန်း(၁၀)လောက်ရှိပါတယ်။ လူတွေ တော်တော်ကို ချောင်ချောင်ချိချိနဲ့ အင်တာဗျူးကို စောင့်နေရုံပါပဲ။ အားလုံးခြုံပြီးပြောရမယ်ဆိုရင်တော့ အင်တာဗျူး စောင့်နေတဲ့ လူတွေ ကြည့်စရာ တီဗီ၊ ဖတ်စရာ စာအုပ်၊ သောက်စရာ ရေ၊ သန့်သန့်ရှင်းရှင်း အသုံးပြုနိုင်တဲ့ တွိုင်းလက်တွေ ရှိတယ်ဆိုတော့ အင်တာဗျူးစောင့်ရတာ မပင်ပန်းဘူးပေါ့။


ကျွန်တော်အခန်းထဲဝင်လိုက်တော့ မနက် (၈း၃၀) လောက်ဖြစ်နေပါပြီ။ အားလုံးကိုယအလှည့် အရောက်ကို ငြိမ်သက်ပြီး ထိုင်စောင့်နေကြတ ဗီဇာဝင်မယ့်သူတွေကို တွေ့ရပါတယ်။ ကျွန်တော်ကတော့ အရင်တခါ ဒီအခန်းထဲမှာပဲ ဗီဇာဝင်ဖို့ စောင့်ဖူးတာဆိုတော့ တော်တော်လေး သဘောပေါက်နေပါပြီ။ ကိုယ်တင်ထားတဲ့ ဗီဇာလျှောက်လွှာရဲ့ ကော်ပီ၊ မှတ်ပုံတင်၊ ဗီဇာဖီး ၁၃၀ နဲ့ အပိုတစ်ဒေါ်လာ၊ လိုအပ်တဲ့ စာရွက်စာတမ်းတွေ၊ ပိုင်ဆိုင်မှု အထောက်အထားတွေ အကုန်ပါနေပြီဆတော့ စိတ်သိပ်မပူတော့ပါဘူး။ တစ်ခန်းလုံးကို မျက်လုံးကစား လေ့လာကြည့်လိုက်ပြီးတော့ လွတ်တဲ့ထိုင်ခုံတစ်ခုမာ ဝင်ထိုင်လိုက်ပါတယ်။ တစ်ခန်းလုံးငြိမ်သက်ပြီး စကားမပြောနိုင်ကြပါဘူး။ ဗီဇာဝင်ကြတဲ့ သူတွေဟာ စိုးရိမ်စိတ်တွေ ပူပန်တဲ့ စိတ်တွေနဲ့ ဆိုတော့ စကားမပြောနိုင်ကြဘူးပေါ့။ ကျွန်တော့်အဖို့ သိပ်ပြီး စိတ်ရှုပ်စရာ မရှိပေမယ့်လို့ အများစုအဖို့မှာ အမေရိကန်မှာ ကျောင်းသွားတက်ဖို့၊ သားသမီးတွေနဲ့တွေ့ဖို့ လိုက်သွားမယ့် မိဘတွေ၊ အဖေအမေနောက်ကို လိုက်မယ့် သားသမီးတွေဆိုတဲ့ အကြောင်းအမျိုးမျိုးနဲ့ ဗီဇာတင်ကြရတဲ့ သူတွေမှာတော့ အမေရိကန် ဗီဇာရဖို့ တော်တော်အရေးကြီး လိုအပ်နေတဲ့ သူတွေဆိုတော့ စကားလည်းမပြောနိုင်၊ အသက်လည်း မရှူနိုင်ကြ၊ တစ်ခုခုပြောစရာရရင်တောင် ခပ်တိုးတိုးလေး လေသံလေးနဲ့ပဲ whisper လုပ်ကြတယ်။ အဲဒီအခန်းထဲမှာ ဘာသံမှမကြား တော်တော်ငြိမ်သက်ပြီး တရားမှတ်ဖို့ ကောင်းလောက်တဲ့ အနေအထားမျိုးတောင် ဖြစ်နေပါတယ်။ ဒီတခေါက် ကျွန်တော်

ဗီဇာဝင်တော့ အဲဒီအခန်းထဲမှာ အင်တာဗျူးစောင့်နေတဲ့သူတွေထဲမှာ ထူးခြားတဲ့ အုပ်စုတွေကို တွေ့ရပါတယ်။ (၆)ယောက် (၇)ယောက် အုပ်စုလိုက် ၊ အတွဲလိုက် ဝင်လာကြတဲ့ မြန်မာ အမျိုးသားလူငယ်၊ လူလတ်တွေပါ။ သူတို့နဲ့အတူ သူတို့ကို ဘေးကနေ တိုးတိုးလေး လမ်းညွှန်ပြောနေတဲ့ လည်လည်ဝယ်ဝယ်ရှိပုံရတဲ့ အမျိုးသား၊ အမျိုးသမီး ခေါင်းဆောင်လို လူတွေလည်း တွေ့ရပါတယ်။ ဘာမှနားတော့မသိဘူး။ ဒီအုပ်စုတွေဟာ ထူးခြားတယ်လို့ တွေးမိပါတယ်။ အဲဒီအချိန်မှာ ဝင်းဒိုးနံပတ် (၂)က "Khin Maung Win, window number-2 please" ဆိုပြီး ကျွန်တော့်နာမည်ခေါ်တာနဲ့ ကျွန်တော်သွားရပါတယ်။ အဲဒီဝင်းဒိုးမှာရှိတဲ့ အမေရိကန်သံရုံးဝန်ထမ်းအမျိုးသားက ကျွန်တော့်ရဲ့ လျှောက်လွှာကို တစ်ခုစီလှန်ကြည့်ပြီး "ဖြည့်ထားတာအားလုံး ပြည့်စုံပါတယ်၊ မင်းရဲ့ ညာဘက် လက်ချောင်းလေးချောင်းကို ဒီအပြားလေးပေါ်တင်ပါ"ဆိုပြီး ကောင်တာပေါ်က မှန်သားလေးထောင့်အတုံးလေးပေါ်ကို တင်ခိုင်းတော့ သူပြောတဲ့အတိုင်း တင်လိုက်ရပါတယ်။ လက်မကိုတော့ မတင်ရပါဘူး။ လက်ဗွေကို ကွန်ပျူတာနဲ့ မှတ်တမ်းတင်တာပါ။ 'တီ' လို့ မမြည်လို့ သူကမကြိုက်ဘူးဆိုရင်တော့ "မင်းလက်က ဆီတွေ ရှိလို့ နေလိမ့်မယ်၊ လက်သုတ်ပြီး ပြန်တင်ပါဦး" ဆိုပြောတာနဲ့ တခါပြန်တင်ရပါတယ်။ အဲလို နောက်တစ်ခါတင်လိုက်တော့ သူ့မှတ်တမ်းထဲမှာ ကျွန်တော့်လက်ဗွေတွေဝင်သွားပြီဆိုတော့မှ O.K ဆိုပြီး နောက်တစ်ဘက်က လက်ချောင်းလေး လေးချောင်းကို ထပ်တင်ခိုင်းပါတယ်။ လက်ဗွေတွေယူပြီးတဲ့နောက်မှ ချိန်ထားတဲ့ ကင်မရာလေးကို ကြည့်ခိုင်းပါတယ်။ ကျွန်တော်က မျက်မှန်တပ်ထားတော့မျက်မှန်ချွတ်ခိုင်းပြီး မျက်နှာရဲ့ ဓါတ်ပုံရိုက်ယူလိုက်ပါတယ်။ ဗီဇာဖောင်ထဲမှာ ဓါတ်ပုံကပ်ထားပေမယ့်လည်း သူတို့ရဲ့ ကင်မရာနဲ့ ဗီဇာတင်တဲ့သူတွေရဲ့မျက်မှန်မပါတဲ့ ပုံနဲ့ ဘယ်ညာလက်လေးချောင်းစီရဲ့ လက်ဗွေတွေကို အင်တာဗျူးမလုပ်ခင် မှတ်တမ်းတင်တဲ့ သဘောပါ။ အဲဒါတွေပြီးတော့မှ စာရွက်လေးတစ်ခု ထုတ်ပေးလိုက်ပြီးတော့ ဝင်းဒိုးနံပါတ်(၁)မှာ ပိုက်ဆံသွားသွင်းပါလ ပြောလိုက်ပါတယ်။ ဒီလို ပိုက်ဆံသွင်းခိုင်းတာဟာ ဗီဇာပေးလိုက်ပြီလို့ ဆိုလိုတာမဟုတ်ပါဘူး။ အင်တာဗျူးမဝင်ခင် ကြိုတင်စစ်ဆေးပြီး စာရွက်စာတမ်းနဲ့ အားလုံးစိစစ်ခ ဒေါ်လာ (၁၀၀)ကို ကြိုတင်သွင်းရတဲ့ သဘောပါ။ ဗီဇာရရ မရရ၊ ဒီသွင်းပြီးသား ပိုက်ဆံကတော့ ပြန်မရပါဘူး။ အဲဒီပိုက်ဆံသွင်းပြီးတော့မှ အင်တာဗျူးခေါ်တာကို ထိုင်စောင့်ရတာပါ။ ဗီဇာအင်တာဗျူးဝင်ပြီး ဗီဇာရပြီဆိုတော့မှ နောက်ထပ်ဗီဇာဖီးဆိုတဲ့ ဗီဇာပေးခ ဒေါ်လာ(၃၀) ထပ်သွင်းရပါတယ်။ လွန်ခဲ့တဲ့ (၉)လက ကျွန်တော်ဗီဇာဝင်တုန်းက အဲလို ဗီဇာကိစ္စအပြီးအစီး ဒေါ်လာ(၁၃၀)ပဲ သွင်းခဲ့ရလို့ အခု အခေါက်မှာလည်း ကျွန်တော့်ဇနီး ဒေါက်တာခင်လေးရီက ဒေါ်လာ(၁၃၀)နဲ့ လိုလို ပိုပို(၁)ဒေါ်လာ ထပ်ထည့်ပေးလိုက်တာပါ။ အခုတစ်ခေါက်မှာတော့ ကျွန်တော် ပိုက်ဆံသွားသွင်းခဲ့တဲ့အခါ ဗီဇာဖီးမပါသေးပဲ စာရွက်စာတမ်းစစ်ဆေးခ (administrative fees)တင်

ဒေါ်လာ(၁၃၀) သွင်းလိုက်ရပါတယ်။ ဒါနဲ့ မေးကြည့်လိုက်တော့ "အခု ဈေးတက်သွားပြီ ကြို့တင်ကြေးတင် ဒေါ်လာ ၁၃၀ သွင်းရမှာ၊ ဗီဇာရရင် နောက်ထပ် (၃၆)ဒေါ်လာ ထပ်သွင်း ရဦးမှာ"တဲ့။ အဲဒီမှာတင် ဗီဇာ ကိစ္စအပြီးအစီးသွင်းဖို့ ဒေါ်လာ (၁၃၀)နဲ့ အပို (၁)ဒေါ်လာပဲ ယူလာခဲ့တဲ့ ကျွန်တော်ဟာ ထွက်ရ ဝင်ရခက်တဲ့ အမေရိကန် သံရုံး ဗီဇာ အင်တာဗျူးစောင့်ရတဲ့ အခန်းထဲမှာ ဒုက္ခ ရောက်တော့တာပေါ့။ ဟန်းဖုန်းလည်း အထဲ ယူလာလို့မရ၊ ပြန်ထွက်ဖို့၊ အိမ်ပြန်ယူဖို့ ဆိုတာလည်း တော်တော်လက်ဝင်တာဆိုတော့ ကျွန်တော်လည်း လိုနေတဲ့ ဒေါ်လာကို ဘယ်လိုနည်းနဲ့ ရအောင် လုပ်ရမလဲဆိုတာ စဉ်းစားပြီး အကြံဉာဏ်တွေ အကုန်ထုတ် ရတော့တာပေါ့။

(မလေးရှားခရီးစဉ်အကြောင်းမရေးခင် မြန်မာလူငယ်တွေ အမေရိကန်သံရုံးမှာ ဗီဇာဘယ်လိုဝင်ရတယ်ဆိုတာ သိစေချင်လို့ အမေရိကန်ဗီဇာ လျှောက်နည်းကို အသေးစိတ် ရေးလိုက်မိပါတယ်။ နောက်လမှာလည်း ဗီဇာဝင်တဲ့အကြောင်း နည်းနည်းဆက်ရေးပြီးမှ မလေးရှားခရီးသွားမှတ်တမ်းတွေ ဆက်ရေးပါတော့မယ်။)

(နောက်လဆက်ဖတ်ပါရန်)
ပါမောက္ခခင်မောင်ဝင်း (အသည်း)


The Liver Meeting 2008
THE AASLD 59th ANNUAL MEETING
AMERICAN ASSOCIATION FOR THE STUDY OF LIVER DISEASES



Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင် (အပိုင်း - ၃၉)

မလေးရှားခရီးစဉ်(အဆက်)

၂၀၀၈ ခုနှစ် အောက်တိုဘာလ (၃၁)ရက်နေ့မှာ ကျင်းပတဲ့ အမေရိကန်အသည်းရောဂါအဖွဲ့ (၅၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသွားရင်းနဲ့ မလေးရှားနိုင်ငံကို သွားလည်တဲ့အကြောင်း ပြောပြမယ်ဆိုပြီး စလိုက်တာ အမေရိကန်ခရီးစဉ်ရဲ့ ပထမဆုံးအဆင်ဖြစ်တဲ့ ရန်ကုန်အမေရိကန်သံရုံးမှာ ဗီဇာဝင်တဲ့အကြောင်း ရေးနေပါတယ်။

အမေရိကန်ဗီဇာအင်တာဗျူးအခန်းထဲမှာ (အဆက်)

(ပြီးခဲ့တဲ့လက ကျွန်တော့်ဇနီး ဒေါက်တာခင်လေးရီက ခါတိုင်းလိုပဲ အမေရိကန်ဗီဇာဖီး (visa fee) ဒေါ်လာ(၁၃၀)ပဲထင်လို့ ဒေါ်လာ (၁၃၀)နဲ့ အပို (၁)ဒေါ်လာ စုစုပေါင်း (၁၃၁)ဒေါ်လာ ထည့်ပေး လိုက်တာ အင်တာဗျူးအခန်းထဲရောက်တော့ ဗီဇာကြေး (၁၆၆)ဒေါ်လာဖြစ်နေလို့ ဒုက္ခရောက်တဲ့ အကြောင်း ရေးနေပါတယ်။)

ကျွန်တော်လည်း စိတ်ပျက်လက်ပျက်နဲ့ (၁၃၁)ဒေါ်လာပဲ ယူလာခဲ့မိတဲ့ ကိုယ့်ကိုကိုယ်ပဲအပြစ်တွေ တင်နေမိပါတော့တယ်။ ဒါနဲ့ပဲ အပြင်ကို ပြန်မထွက်ဘဲ လိုတဲ့ ပိုက်ဆံ ဘယ်သူ့ဆီက ချေးရမလဲဆိုတာ အကြံထုတ်ရပါတော့တယ်။ အင်တာဗျူးအခန်းထဲမှာ ရှိတဲ့ လူတွေကို ကြည့်လိုက်တော့လည်း ကိုယ်နဲ့သိတာ တစ်ယောက်မှမပါ။ ကျွန်တော့်ရဲ့ ပိုက်ဆံအိတ် ဝေါလက် (wallet) ကို အကြိမ်ကြိမ် အိတ်သွန်ဖါမှောက် ရှာကြည့်တော့လည်း တစ်ဒေါ်လာတောင် ထွက်မလာဘူး။ ခါတိုင်းဆိုရင် ဝေါလက်ရဲ့ အတွင်းဖက်လေးမှာ ဒေါ်လာရာတန်လေးတွေ တစ်ရွက်၊ နှစ်ရက် ကပ်ထားပြီး သိမ်းထားလေ့ရှိပါသေးတယ်။ ဒီတစ်ခါတော့ အဲလို ဟိုကပ်ဒီကပ်သိမ်းထားတဲ့ ရာတန်မပြောနဲ့ (၁၀)တန်တောင် မတွေ့ပါဘူး။ တကယ်ဆိုရင လိုတဲ့ပိုက်ဆံက (၃၆)ဒေါ်လာပဲလိုတာ။ ဘယ်တော့မဆို ကျွန်တော့် အိတ်ထဲမှာ အဲလောက်ပိုက်ဆံကတော့ အချိန်မရွေး ရှိတာ။ ဒီတခါ တကယ့်အရေးကြီး ပြဿနာကြုံရတဲ့ အခါရောက်တော့မှ (၃၆)ဒေါ်လာလောက်တောင် မရှိတဲ့အတွက် ကျွန်တော့်မှာ အကြီးအကျယ် ဒုက္ခရောက် နေရတာပါ။ တကယ်တော့ အင်တာဗျူးအခန်းထဲရောက်မှ သိရတာက ဗီဇာဖီးစ်ကို အမေရိကန်ဒေါ်လာနဲ့ ပေးပေး FEC နဲ့ပေးပေး ပေးလို့ရတယ်တဲ့။ ဒါပေမယ့် ဒေါ်လာဆိုရင် ဒေါ်လာချည်းဖြစ်ရမယ်။ FEC ဆိုရင်လည်း FECချည်းပဲ ဖြစ်ရမယ်၊ ရောပေးလို့တော့ မရဘူးတဲ့။ ကျွန်တော်က အဲလိုမှန်းမသိပဲ ဒေါ်လာပဲပေးရမယ်ထင်ပြီး ဒေါ်လာ(၁၃၀)ကို ယူလာလိုကမိပြီး မလောက်ပဲ ဖြစ်နေတာ။ အဲတော့ နောက်ထပ် လိုတဲ့

(၃၆)ဒေါ်လာကိုလည်း ဒေါ်လာနဲ့ပဲ ပေးရမှာပါ။ ဒီနေရာမှာ ဘာကို သဘောပေါက်သွားလဲဆိုတော့ လောကကြီးမှာ ဘယ်အရာမဆို တန်ဘိုးရှိတယ် မရှိဘူးဆိုတာကို ငွေကြေးပမာဏ အနည်းအများနဲ့ တိုင်းတာလို့ မရဘူး၊ သူ့နေရာ သူ့အချိန်အခါကို လိုက်လို့ ဘာမဆို ဘယ်လောက်ပဲ ငွေကြေးအနေနဲ့ တန်ဘိုးရှိရှိ မရှိရှိ သူ့ဟာနဲ့သူ တန်ဘိုးရှိတာပဲလို့ တွေးမိပါတယ်။ တင်မိုးရဲ့ကဗျာထဲမှာ "ဖယောင်းတိုင်လည်း သူ့အဆင်းနဲ့ အလင်းနဲ့" ဆိုပြီး အရာရာတိုင်းမှာ သူ့ဘာသာသူ သူ့နေရာနဲ့သူ တန်ဖိုးရှိကြတယ် ဆိုတအကြောင်း သရုပ်ဖော်ထားတာကို သတိရမိပါတယ်။ ဗီဇာကြေး ပေးဖို့ လိုနေတဲ့ ဘာမှမဖြစ်လောက်တဲ့ (၃၆)ဒေါ်လာဟာ အခုအခါမှာ ကျွန်တော့်အတွက် တော်တော်ကို ပြဿနာဖြစ်နေတာပါ။

ကျွန်တော်လည်း (၃၆)ဒေါ်လာကို ဘယ်လိုရှာရမလဲဆိုတာ ကြံရာမရ ဖြစ်ရင်းနဲ့ ဘေးမှာ ထိုင်နေတဲ့ လူတစ်ယောက်ကို မိတ်ဆက် အာလာပသလ္လာပစကား ပြောကြည့်လိုက်ပါတယ်။ သူ့ကြည့်ရ တာလည်း အမေရိကန်သွားမယ့်ရုပ်မျိုး မဟုတ်ပါဘူး၊ တကယ့်ကို သာမန်လူပုံပါပဲ၊ ခပ်ရိုးရိုးဝတ်စား ဆင်ယင်ထားတဲ့ အသက် (၅၀)ဝန်းကျင်လောက်ပါ။ သူက လွယ်အိတ်တစ်အိတ်လည်း လွယ်ထားသေးတယ်။ လက်ထဲမှာလည်း စာရွက်စာတမ်းတွေ ကိုင်လို့။ ကျွန်တော်ရှေ့မှာ ပြောပြထားတဲ့ (၃)ယောက်တစ်ဖွဲ့၊ (၅)ယောက်တစ်ဖွဲ့ ဆိုသလို လူငယ်အုပ်စုလေးတွေနဲ့လည်း ဒီပုဂ္ဂိုလ်ကြီးက စကားသွားသွားပြောတာ တွေ့ရပါတယ်။

ဒါနဲ့ ကျွန်တော်က ပထမဆုံး သူ့ကို "ဒီတစ်ခါ ဗီဇာဖီးစ်တွေ တက်သွားတယ်နော်၊ ကျွန်တော် ဒီနှစ် ဇန်နဝါရီတုန်းကသွားတော့ ဒေါ်လာ (၁၃၀)ပဲ ပေးရတာ၊ အခု (၁၆၆)ဒေါ်လာတောင် ဖြစ်သွားပြီ" လို့ စကားစလိုက်ပါတယ်။ အဲတော့ သူက "ဟုတ်တယ်၊ သူတို့ ဗီဇာဖီးစ်ကို တအားတင်ပစ်လိုက်တာ" ဆိုပြီး ပြန်ပြောပါတယ်။ ကျွန်တော်ကဆက်ပြီး "ကျွန်တော် ဒေါက်တာခင်မောင်ဝင်းပါ၊ အသည်းအထူးကု ဆရာဝန်ကြီးပါ" လို့ ကိုယ့်ကိုကိုယ်မိတ်ဆက်လိုက်တော့ သူက "ဆရာ့နာမည်ကတော့ ကြားဖူးပါတယ်၊ အခုမှ ဆရာနဲ့တွေ့ရတာကိုး၊ ကျွန်တော်က မရီနာသင်္ဘောကုမ္ပဏီကပါ၊ ကျွန်တော့် ကုမ္ပဏီက သင်္ဘောသား (၅)ယောက် အမေရိကန်ဗီဇာဝင်တာ ငွေလိုက်သွင်းပေးဖို့နဲ့ လိုတာလေးတွေ လုပ်ပေးဖို့ လိုက်လာရတာပါ၊ သူတို့ဗီဇာဖီးစ် ငွေသွင်းခွင့် ရပြီဆိုရင် သူတို့အတွက် ငွေသွင်းပေးပြီးတာနဲ့ ကျွန်တော်က အပြင်ကို ထွက်သွားရမှာ" လို့ ပြန်ပြောပါတယ်။ ဒါနဲ့ ကျွန်တော်ကလည်း "အရင်တုန်းက ကျွန်တော် ဆေးသုတေသနမှာ အလုပ်လုပ်တုန်းက မရီနာလိုင်းက ပိုင်ရှင်ရဲ့သားမက် ကျွန်တော့်ဆီမှာ လုပ်ဖူးတယ်။ အခု လက်ရှိ ကျွန်တော်နဲ့ ဆက်သွယ်နေတဲ့ သင်္ဘော ကုမ္ပဏီက ယူနီတင်း Uniteam ကုမ္ပဏီပါ။ Uniteam မှာ Medical Officer လုပ်နေတဲ့ ဆရာဝန်က ဒေါက်တာဦးမျိုးသိန်းလေ။ ဒေါက်တာဦးမျိုးသိန်းက ဆေးသုတေသနမှာတုန်းက ကျွန်တော့်ဆရာပဲ။ သူကတော့ ဘီပိုး စီပိုးရှိတဲ့ Uniteam က သင်္ဘောသားတိုင်းကို ကျွန်တော့်ဆီလွှတ်ပြီး fit certificate တောင်းတာ" လို့ ပြောလိုက်ပါတယ်။ အဲတော့

အဲဒီလူက ဘေးနားက အမျိုးသမီးငယ်လေး တစ်ယောက်ကို လက်ညှိုး ထိုးပြပြီးတော့ "သူက Uniteam ကုမ္ပဏီကနေ လိုက်လာတာလေ၊ ကျွန်တော့်လိုပဲ သူ့ကုမ္ပဏီက သဘော်သားတွေ အတွက် ငွေလိုက်သွင်းပေးဖို့ လိုက်လာတာ" ဆိုပြီး ကျွန်တော်နဲ့ အဲဒီ ကလေးမလေးနဲ့ မိတ်ဆက်ပေးပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ ဟိုပြောဒီပြော စကားတွေ လျှောက်ပြောပြီး နည်းနည်းလေး ရင်းနှီးသွားပါတယ်။ အဲဒီမှာတင် ကျွန်တော်က ကျွန်တော့်ဇနီး ဒေါက်တာခင်လေးရီ သေချာ တွက်ချက်ပြီး ထည့်ပေးလိုက်တဲ့ ဗီဇာဖီးစ် ဒေါ်လာ(၁၃၀)နဲ့ အပို (၁)ဒေါ်လာ စုစုပေါင်း (၁၃၁)ဒေါ်လာပဲ ပါလာလို့ အခက်ကြုံနေရတဲ့ အကြောင်း ပြောပြလိုက်ရပါတယ်။ "ကျွန်တော့်မှာ အဲလို (၃၆)ဒေါ်လာ လိုနေလို့ ခင်ဗျားဆီက လိုလိုပိုပို ဒေါ်လာ(၅၀)လောက် ခဏမျှားချေးလို့ ရမလား" လို့ အဲဒီလူကို တောင်းတောင်းပန်ပန်နဲ့ အကူအညီတောင်းကြည့်လိုက်ပါတယ်။ အဲဒီမှာတင် သူက "ဒီလိုလုပ်လေ ဆရာလိုသလောက် ဒေါ်လာ ကျွန်တော်ပေးမယ်၊ ဆရာက ကျွန်တော့်ကို မြန်မာငွေနဲ့ ပြန်ပေးပေါ့လို့ ပြောပါတယ်။ ဒါနဲ့ ကိုယ့်ပိုက်ဆံအိတ်ထဲ ကြည့်လိုက်တော့ မြန်မာကျပ်ငွေ သုံးထောင်ပဲ ရှိတာကို တွေ့ရပါတယ်။ ကျွန်တော်လိုနေတဲ့ (၃၆)ဒေါ်လာဆိုတာက အပြင်ပေါက်ဈေး မြန်မာငွေနဲ့ဆိုရင် လေးသောင်းကျော်လောက် ပေးရမှာ။ အခုတော့ ကျွန်တော့်မှာ သုံးထောင်ပဲ ရတော့ မြန်မာငွေနဲ့ (၃၆)ဒေါ်လာ ကို လဲလို့ မရပြန်ပါဘူး။ အဲလိုဖြစ်နေတော့ သူက တစ်ခါ "ဆရာမှာ မြန်မာပိုက်ဆံမပါလို့ FEC ပါရင်လည်း FEC နဲ့လဲယူလေ" လို့ ထပ်ပြောပါတယ်။ FEC ဆိုတာကတော့ Foreign Exchange Currency လို့ခေါ်ပါတယ်။ မြန်မာပြည်ကိုရောက်တဲ့ နိုင်ငံခြားသားတွေ ဒေါ်လာနဲ့လဲပြီး ကိုင်သုံးလို့ရတဲ့ မြန်မာနိုင်ငံအစိုးရက ထုတ်ထားတဲ့ ဒေါ်လာလို တန်ဘိုးထားသုံးရတဲ့ ငွေစက္ကူပေါ့။ FEC ကို နိုင်ငံခြားသားတွေတင်မကဘူး၊ မြန်မာနိုင်ငံသားတွေလည်း တရားဝင်ကိုင်လို့ရပါတယ်။ FEC ဟာ တစ်နည်း ပြောရမယ်ဆိုရင်တော့ မြန်မာနိုင်ငံအစိုးရက ခွင့်ပြုထားတဲ့၊ ဒေါ်လာကိုယ်စားပြု မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ထုတ်ပေးတဲ့ ငွေစက္ကူလို့ပြောရမှာပါ။ FEC က အမေရိကန်ဒေါ်လာနဲ့စာရင် တန်ဖိုး နည်းလေ့ရှိပါတယ်။ ဒီနေ့အပြင်ပေါက်ဈေးကို ပြောရမယ်ဆိုရင် အမေရိကန် ဒေါ်လာက FEC ထက် တစ်ဒေါ်လာကို (၅၀)ကျပ်လောက် ပိုများပါတယ်။ အဲတော့ ကျွန်တော့်ဘေးနားက မရီနာသဘော်ကုမ္ပဏီက ပုဂ္ဂိုလ်ကြီးက "ဆရာ့မှာ FEC ပါရင် ဆရာလိုသလောက်ဒေါ်လာကို FEC နဲ့ လဲပြီး ယူပါ" လို့ပြောတာ ဟာ သူက အနစ်နာခံပြီး ကျွန်တော့်ကို ကူညီတဲ့သဘောပါ။ သူက တန်ဖိုးကြီးတဲ့ အမေရိကန်ဒေါ်လာကို ပေးပြီး ကျွန်တော့်ဆီက တန်ဖိုးနည်းတဲ့ FEC ကို ယူပေးမယ်ဆိုတာ ဒုက္ခရောက်နေတဲ့ ကျွန်တော့်ကို ကူညီတဲ့ အနေနဲ့ အနစ်နာခံပြီး သူ့ဒေါ်လာနဲ့ ကျွန်တော့် FEC ကို လဲယူပေးမယ့်အစီအစဉ်ပါ။ သူက အဲလိုပြောတော့ ကျွန်တော်လည်း တစ်ခါ ကျွန်တော့်ဝေါလက်လေးရဲ့ ဟိုဖက်ဒီဖက် အကန့်တွေ ကြားတွေထဲကို FEC လိုက်ရှာပြန်ပါတယ်။ ကျွန်တော့်မှာ FEC က အမြဲလို ရှိပါတယ်။ ကျွန်တော့်မှာ FEC

ဘာလို့ အမြဲလို ရှိတာလည်းဆိုတော့ ကျွန်တော်ရဲ့ တိုယိုတာအယ်ဖတ် Toyota Alphard ကားဟာ ရိုးရိုးဓါတ်ဆီထည့်လို့ မရပါဘူး၊ FEC နဲ့ပေးရတဲ့ အော့တိန်း (octane) ဓါတ်ဆီပဲ ထည့ရတာ။ အဲတော့ ကျွန်တော့်ကား အရေးပေါ် အော့တိန်းထည့်ဖို့ ကျွန်တော့်ရဲ့ ဝေါလက်ထဲမှာ အမြဲတမ်း FEC (၅၀)လောက် တော့ ဆောင်ထားလေ့ရှိပါတယ်။ အဲဒါနဲ့ ဘေးက မိတ်ဆွေကြီးပြောသလို ကျွန်တော် လိုနေတဲ့ ဒေါ်လာကို FEC နဲ့လဲယူဖို့ဆိုပြီး ဝေါလက်ထဲကို FEC ရှာပုံတော်ဖွင့်တော့ စုစုပေါင်း FEC ဆယ်တန်တစ်ရွက်ပဲ တွေ့ရပါတယ်။ ဒါနဲ့ သူ့ဒေါ်လာနဲ့ ကျွန်တော့်ဆီက FEC လဲဖို့ စီမံကိန်းလည်း မဖြစ်တော့ပဲ စိတ်လျှော့လိုက်ရပါတယ်။ အဲဒီလူလည်း တော်တော် စိတ်ပျက်သွားပုံပေါ်ပါတယ်။ ကျွန်တော်အနေနဲ့ ကလည်း ငွေချေးဖို့ ဆက်ပြောဖို့ တော်တော်လေးခက်တဲ့ အနေအထားမျိုးဖြစ်နေတယ်။ သူကျွန်တော့်ကို ယုံလာအောင် ဘယ်လိုတွေ သူ့ကို ပြောရမလဲဆိုတော့ "ကျွန်တော်ဟာ အသည်းအထူးကု ဆရာဝန် ပါမောက္ခကြီးတစ်ယောက်ပါ၊ တစ်နေ့ကို လူနာတွေ အများကြီးကြည့်နေပြီး ဝင်ငွေလည်း ကောင်းပါတယ်။ လမ်း(၃၀)ဆေးခန်းလည်း ကျွန်တော်ပိုင်ပါတယ်။ ကျွန်တော့်ကို ယုံပါနော်။ ဒေါ်လာ ၅၀ လောက် ချေးပါနော်။ သေချာပေါက် ပြန်ပေးမှာပါနော်" လို့ ပြောရမလို ဖြစ်နေပါတယ်။ အဲလို ပြောဖို့ရာလည်း ပါးစပ်က ဘယ်ပြောထွက်ပါ့မလဲ။ နောက်ဆုံးတော့ အဲလို မပြောယုံတမယ်ပြောပြီး သူ့ဆီက ဇွတ်အတင်း ငွေချေးရတော့တာပေါ့။ "ကျွန်တော့်ကို ဒေါ်လာ (၅၀)လောက် ခဏချေးပါနော်။ သံရုံးအပြင်ဘက် ဖူကျိကော်ဖီဟောက်စ်မှာ ကျွန်တော့်ဇနီး ဒေါက်တာခင်လေးရီ ပိုက်ဆံအပြည့်နဲ့ အိတ်ကြီးကိုင်ပြီး ထိုင်စောင့်နေပါတယ်ဗျာ။ ကျွန်တော့်ညီမ အေးအေးခိုင်လည်း အဲဒီမှာ ရှိတယ်။ သူ့မှာလည်း ပိုက်ဆံတွေပါပါတယ်။ သူ့အမျိုးသားက MOGEက ကိုကျော်ဉာဏ်ထွန်းလည်း ထိုင်နေတယ်။ သူ့ဘေးမှာလည်း အိတ်အကြီးကြီးနဲ့ သူလည်း ပိုက်ဆံတွေ အမြဲပါလေ့ရှိတယ်။ သူတို့မှာလည်း ဟန်းဖုန်းတွေ တစ်ယောက်တစ်လုံးနဲ့ ယုံပါနော်။ ကျွန်တော် အပြင်ရောက်ရောက်ချင်း ဖုန်းဆက်ခေါ်ပြီး ချေးထားတဲ့ပိုက်ဆံ ပြန်ပေးပါမယ်နော်" လို့ မပြောပေမယ့် အဲလို သဘောတရားပါတဲ့ စကားတွေ အရှည်ကြီးပြောလက်တော့ ကျွန်တော့်ကို သူက ဒေါ်လာ(၅၀) ထုတ်ပေးပါတယ်။ "ကျွန်တော် ဆရာ့ကို ကူညီချင်လွန်းလို့ ထုတ်ချေးတာပါ" လို့ ပြောရှာပါတယ်။ ဟုတ်တော့ ဟုတ်ပါတယ်။ လူတစ်ယောက်အနေနဲ့ ငွေထုတ်ချေးဖို့ဆိုတာကို စဉ်းစားကြည့်မယ်ဆိုရင် "ဒီလူပုံကြည့်ရတာ ရိုးသားပုံပဲ၊ ပြန်ပေးမယ် ထင်ပါတယ်၊ ငါ သူ့ကို ဒေါ်လာ(၅၀)ထုတ်ပေးလိုက်မယ်" ဆိုပြီး ဆုံးဖြတ်ရတာဟာ သိပ်တော့မလွယ်ပါဘူး။ လုံးဝမသိတဲ့ လူစိမ်းတစ်ယောက်ကို ဒေါ်လာ(၅၀) ထုတ်ချေးရတာက သူပြောသလို သူ တကယ့်ကို ကူညီချင်တဲ့ စိတ်ဓါတ်ရှိလို့ ကူညီတာဖြစ်မှာပါ။ ကျွန်တော်လည်း တော်တော်လေး ပျော်သွားပြီး သူ့ဆီက ဒေါ်လာ(၅၀)က ယူလိုက်ပါတယ်။ အဲဒီဒေါ်လာကို ယူပြီး လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ဗီဇာအင်တာဗျူးကို စောင့်နေလိုက်ပါတယ်။ ခဏနေတော့ "ဒေါက်တာခင်မောင်ဝင်း window နံပါတ်(၃)ကို လာပါ" ဆိုတော့

ကျွန်တော်ထသွားပြီး အမေရိကန် အမျိုးသမီး ကောင်စစ်ဝန်ရုံ အရာရှိနဲ့ တွေ့ရပါတယ်။ အထဲနဲ့အပြင်က မှန်နဲ့ ခြားထားပြီး မိုက်ခရိုဖုန်းနဲ့ စကားပြောရပါတယ်။

အဲဒီလို အပြင်နဲ့အတွင်းနဲ့ မိုက်ခရိုဖုန်းသုံးပြီး စကားပြောတာကို အတွင်းနဲ့အပြင်ကြားရုံ ပြောလို့ ရသလို စပီကာ (speaker)ကို ဖွင့်ထားပြီး အားလုံးကြားအောင် လုပ်ထားလို့လည်း ရပါတယ်။ ကျွန်တော့်ကို အဲဒ အမေရိကန်သံရုံး ဝန်ထမ်းအမျိုးသမီးက မေးတာရောက်တော့ စပီကာမဖွင့်ဘဲ ဒီတိုင်း အတွင်းအပြင်ကြားရုံပဲ ပြောပါတယ်။ သူက ကျွန်တော့်ကို ခေါ်လိုက်တဲ့အချိန်မှာ ကျွန်တော့်ရဲ့ ဗီဇာလျှောက်လွှာပုံစံနဲ့ တင်ပြထားတဲ့ အထောက်အထားအားလုံးက သူ့ရှေ့မှာ အဆင်သင့်ရောက်နေပါတယ်။ သူက ကျွန်တော့်ရဲ့မှတ်တမ်း စာရွက်စာတမ်းတွေကို တစ်ရွက်ချင်းဆီ လှန်ကြည့်ပြီး "ဒေါက်တာခင်မောင်ဝင်း ဟုတ်ပါတယ်နော်" လို့ စမေးပါတယ်။ ကျွန်တော်က "ဟုတ်ပါတယ်" လို့ပြောလိုက်ပါတယ်။ အဲတော့ "ပရောဖက်ဆာပဲ၊ ဘာအထူးကုတာလဲ" လို့ဆက်မေးပါတယ်။ "အသည်းအထူးကု ပရော်ဖက်ဆာပါ" လို့ ပြန်ဖြေပါတယ်။ သူကဆက်ပြီး "နှစ်စဉ်အမေရိကန်အသည်းရောဂါအစည်းအဝေးကို သွားတက်တယ်နော်" လို့ ပြန်ပြောပါတယ်။ အဲတော့ ကျွန်တော်က "ဟုတ်တယ် ငါဟာ အမေရိကန်အသည်းရောဂါပညာရှင် အဖွဲ့ဝင်တစ်ယောက်ပါ။ ဒါကြောင့် ငါ အမေရိကန်အသည်းရောဂါပညာရှင်အဖွဲ့ဝင်တွေ နှစ်ပတ်လည် အစည်းအဝေးကို နှစ်စဉ် သွားတက်တာ (၇)နှစ်ရှိပြီ။ သုံးနှစ်တစ်ခါ မြို့တွေပြောင်းပြီး ဒီအစည်းအဝေးကို လုပ်တယ်။ ဒီနှစ်တော့ ဆန်ဖရန်စစ္စကိုမြို့မှာ လုပ်မှာလေ" လို့ ပြောလိုက်ပါတယ်။ အဲလိုပဲ တစခွန်း၊ နှစ်ခွန်း ဟိုမေး၊ ဒီမေး၊ ခဏတဖြုတ် မေးပြီးတော့ နောက်ဆုံး "ရပါပြီ၊ ဟိုဘက်ကောင်တာက ခေါ်ရင် ငွေသွားသွင်းလိုက်ပါ" လို့ ပြောလိုက်ပါတယ်။

ကျွန်တော်လည်း အလုံးကြီး ကျသွားပြီး ကျွန်တော့်နေရာကို ပြန်ထိုင်ပြီး ငွေချေးလိုက်တဲ့ မိတ်ဆွေကြီးကို ပြုံးပြလိုက်ရင်း "ဗီဇာတော့ အဆင်ပြေသွားပြီ" လို့ ပြောလိုက်ပါတယ်။ ဘာလို့ အဲလို ဗီဇာရသွားပြီလို့ ကျွန်တော်ပြောရတာလဲ ဆိုတော့ အဲဒလို အငတာဗျူး စကားပြောတာမှာ ဗီဇာ မပေးဘူးဆိုရင် သံရုံးဗီဇာအရာရှိက တစ်ခါတည်း မပေးပါဘူးလို့ ပြောလိုက်တာပါ။ အဲလို ဗီဇာမရဘူး၊ ဗီဇာရီဂျက် (visa reject) ထိတယ်ဆိုရင် ပထမသွင်းထားတဲ့ ဒေါ်လာ ၁၃၀ ကို ပြန်မရတော့ပါဘူး။ ဆုံးပြီပဲပေါ့။ ဗီဇာရပြီ၊ ပေးလိုက်ပြီ ဆိုရင်တော့ အခုဗီဇာအရာရှိ အမျိုးသမီးက ကျွန်တော့်ကို ပြောသလို ဟိုဘက်ကောင်တာမှာ ငွေသွင်းလိုက်ပါ လို့ ပြောလိုက်တာပေါ့။

ခဏနေတော့ cash counter ငွေလက်ခံကောင်တာက နေပြီး "ဒေါက်တာ ခင်မောင်ဝင်း လာပါ" ဆိုပြီး အော်လိုက်ပါတယ်။ ဒါနဲ့ ကျွန်တော် ရောက်သွားတော့ ဗီဇာ ဖီးစ် ၃၆ ဒေါ်လာ ပေးပါလို့ ပြောပါတယ်။ ကျွန်တော်က "ဗီဇာကို ကိုယ်တိုင်လာမယူပဲ လူစားလွှတ်လို့ရလား" လို့မေးတော့ "ဒီငွေသွင်း

ဖြတ်ပိုင်းလေးနဲ့. ကိုယ်စားလှယ်လွှစာလေးရေးပေးပြီး တစ်ယောက်ယောက်လွှတ်ယူခိုင်းရင်လည်း ရပါတယ်" လို့ ပြောပြီး ငွေရရှိကြောင်း လက်ခံဖြတ်ပိုင်းလေးကို ပြန်ပေးလိုက်ပါတယ်။

ကျန်တော်ငွေသွင်းကောင်တာက ထွက်လာတော့ ဒေါ်လာချေးထားတဲ့ မိတ်ဆွေကြီးက "ကျွန်တော် ဆရာနဲ့. တစ်ခါတည်း အပြင်ကို လိုက်ပြီး ဒေါ်လာ(၅၀) ပြန်လိုက်ယူပါမယ်။ ဆရာပြန် ကျွန်တော့်ဆီ ဒေါ်လာ(၅၀) ပြန်လာပို့ရတာက ဝင်ရထွက်ရခက်နဲ့. ဒုက္ခရောက်ပါတယ်။ ကျွန်တော်တို့က လာနေကြ ဆိုတော့ လွယ်ပါတယ်" လို့ ပြောပြီး ကျွန်တော်နဲ့. အတူ ပြန်ထွက်ပြီး လိုက်လာပါတယ်။ သူပြောသလို သူဝင်ရထွက်ရ လွယ်တယ်ဆိုတာ ဟုတ်ပါတယ်။ ဘယ်လိုလဲဆိုတော့ ကျွန်တော်တို့. စီကူရတီ (Security) လုံခြုံရေးဂိတ်ကို ရောက်တော့ သူက သံရုံးဝန်ထမ်းတွေနဲ့. နှုတ်ဆက်စကားတွေပြော ရင်းနှီးပြီးသား ဖြစ်နေတာကိုး။ ကျွနတော်လည်း ကျွန်တော်ထားခဲ့တဲ့ မှတ်ပုံတင်နဲ့. ပိတ်ပြီးထားခဲ့ရတဲ့ ဟန်းဖုန်းကို ပြန်ယူပြီး ဂိတ်အပြင် အထွက်မှာ ဟန်းဖုန်းကိုဖွင့်ပြီး ဖူဂျီကော်ဖီဆိုင်မှာစောင့်နေတဲ့ ကျွန်တော့်အိမ်က လူတွေကို ဖုန်းဆက်ရပါတော့တယ်။ ကျွန်တော့်ညီမအမျိုးသား ကိုကျော်ဉာဏ်ထွန်းနဲ့. ဖုန်း ရတော့ "ငါ ဗီဇာ ရလာခဲ့ပြီ၊ ဗီဇာဖီးစ်က စျေးတက်သွားလို့၊ ငါ ပိုက်ဆံမလောက်လို့. သူများဆီက ဒေါ်လာ (၅၀) ချေးလာခဲ့ရတယ်။ မင်း တစ်ယောက်ယောက်ကို အခုချက်ချင်း သံရုံးဂိတ်ဝကို လွှတ်လိုက်ပြီး ဒေါ်လာ (၅၀) လာပို့ပေး" လို့ ပြောလိုက်ပါတယ်။ အဲလို ပြောရင်းနဲ့. ကျွန်တော်နဲ့. မရီနာသဘော်လိုင်း ကုမ္ပဏီက မိတ်ဆွေကြီးတို့. လျှောက်လမ်းလေးအတိုင်း သွားလိုက်ပြီး ဂိတ်ဝအပြင်လည်း ထွက်လိုက်ရော ဖူဂျီဆိုင်ဘက် အဝေးကနေ ပြေးလာနေတဲ့ ကျွန်တော့်မိတ်ဆွေ ကိုဝဏ္ဏကို တွေ့လိုက်ပါတယ်။ ကိုဝဏ္ဏက " ကိုကျော် လွှတ်လိုက်လို့. ဆရာကြီးဆီ ပိုက်ဆံလာပို့တာ" ဆိုပြီး ကျွန်တော့်ကို ဒေါ်လာ (၅၀)လာပေးပါတယ်။ ကျွန်တော်က ပိုက်ဆံ ချေးထားတဲ့ မိတ်ဆွေကြီးကို ဒေါ်လာ (၅၀)ပြန်ပေးပြီး အကြိမ်ကြိမ် ကျေးဇူးတင်ကြောင်း ပြောဆိုနှုတ်ဆက်ခဲ့ပြီး ထွက်လာခဲ့ပါတယ်။

ကျွန်တော်နဲ့. ကိုဝဏ္ဏ ဖူဂျီ ကော်ဖီဆိုင်ကို ပြန်သွားကြပြီး သီးသန့်.အခန်းလေးထဲကို ဝင်လိုက်ပါတယ်။ အထဲမှာ စောင့နေတဲ့ ဇနီး ဒေါက်တာဒေါ်ခင်လေးရီ၊ ညီမအေးအေးခိုင်နဲ့. သူ.အမျိုးသား ကိုကျော်ဉာဏ်ထွန်း တို့.နဲ့. စကားပြော၊ အမေရိကန်ဗီဇာ အင်တာဗျူး အတွေ့.အကြုံရှင်းလင်းပွဲလုပ်ရပါတော့တယ်။

ကျွန်တော် အမေရိကန်သံရုံးမှာ ဗီဇာဝင်တိုင်း ကွန်တော်တို့.က ဖူဂျီကော်ဖီဟောက်စ်မှာ အခန်းလေး တစ်ခန်း သီးသန့်.ယူထားပြီး အမျိုးအဆွေတွေအားလုံး ထိုင်စောင့်ကြတာပါ။ အဲလို ဗီဇာအင်တာဗျူး စောင့် တာဟာ လသာ (၂)တို့. ဒဂုံ (၁)တို့.လို ကျောင်းကြီးတွေမှာ ကျောင်းသူ ကျောင်းသားတွေ စာမေးပွဲအစန် တွေ ဖြေကြရင် အမေတွေ အဖေတွေ ဝိုင်းဖွဲ့၊ ပလက်ဖောင်းပေါ်မှာ ဖျာခင်း၊ ချိုင့်ကြီး ချိုင့်ငယ်တွေခင်းပြီး စားစရာအစုံအလင်နဲ့. ကလေးတွေ စာမေးပွဲအခန်းထဲ ဝင်သွားတာကနေ စာမေးပွဲပြီးလို့. ကျောင်းပြင် ပြန် ထွက်လာတဲ့အထိ ထိုင်စောင့်နေကြတာနဲ့. အရမ်းကို တူပါလားလို့. တွေးမိပါတယ်။ ကျွန်တော့်အိမ်ကလူတွေ

ဟာ ဗီဇာအင်တာဗျူး ဝင်မယ့်ကျွန်တော်၊ သံရုံးထဲ ဝင်သွားတဲ့အချိန်ကနေ ပြန်ထွက်လာတဲ့အထိ အဲဒီအခန်းထဲမှာ ထိုင်ပြီးစားစရာအစုံအလင်မှာစားကြတော့တာပါပဲ။ ဖူဂျီဟောက်စ်က ဘရိတ်ဖတ်စ် မီနူးထဲက စားစရာတွေကလည်း တော်တော်ကို ကောင်းပါတယ်။ အာလူးပူရီ၊ နန်းကြီးသုတ်၊ အာလူးသုတ်၊ ပဲနံပြားဆိုတဲ့ မြန်မာပါးစပ်နဲ့တွေ့မယ့် နံနက်စာ ဘရိတ်ဖတ်စ် စားစရာတွေ အကုန်ရပါတယ်။ အဲဒါတွေကို တစ်ဝကြီး မှာစားကြရင်း အင်တာဗျူးဝင်သမား ကျွန်တော် ထွက်မလာမချင်း စောင့်ကြတာပါ။ ကျွန်တော့်ဆီက visa O.K. ဖုန်းသံကြားပြီးတော့ သူတို့ ဝမ်းသာသွားကြပြီး စားစရာတွေ ထပ်မှာ၊ ထပ်စားကြပြန်ပါတယ်။ ကျွန်တော်လည်း အခန်းထဲ ဝင်သွား ရော ဆိုဖါဆက်တီတေအလယ်မှာထားတဲ့ စားပွဲအကြီးကြီးနဲ့အပြည့် အစားအသောက်ပန်းကန်တွေကို တွေ့ရ ပါတယ်။ ကျွန်တော်ကတော့ ကော်ဖီကြိုက်တဲ့သူဆိုတော့ ကော်ဖီအမျိုးမျိုးရှိတာ သိပ်ကိုနာမည်ကြီးတဲ့ ဖူဂျီကော်ဖီ ဟောက်စ်ရောက်တိုင်း ကော်ဖီတစ်မျိုးပြီး တစ်မျိုးမှာသောက်လေ့ ရှိပါတယ်။ သံရုံးဗီဇာဝင်တဲသူတွေအတွက် ဖူဂျီမှာ ထိုင်စောင့်ရတာ သိပ်ကို အိန္ဒြေရပါတယ်။ အဲဒီနားတဝိုက်မှာ ထိုင်စောင့်စရာဆိုလို့ ဖူဂျီပဲ ရှိတာပါ။ အမေရိကန်သံရုံးဂိတ်ရှေ့မှာ ယောင်လည် ယောင်လည် နေပူ မိုးရွာထဲမှာ ကြောင်တောင်တောင် ငေါင်တောင်တောင် ရပ်စောင့်နေရတာနဲ့စာရင် ဖူဂျီမှာ ကော်ဖီလေးတစ်ခွက သောက်ပြီးထိုင်စောင့်နေရတာက သိပ်ကို ကောင်းပါတယ်။ ဒီလိုနဲ့ ကျွန်တောကို သံအရာရှိက ဘယ်လိုမေးလိုက်တာ ကျွန်တော်ကဘယ်လိုဖြေလိုက်တာ ဒေါ်လာ (၁၃၀)နဲ့ အပို (၁)ဒေါ်လာ ပါသွားလို့ ဒုက္ခရောက်ရတာဆိုတဲ့ အင်တာဗျူးအခန်းက အဖြစ်အပျက်တွေ ပြောရင်းဆိုရင်းနဲ့ အမေရိကန် LA မှာရှိတဲ သားလေး ထူးခိုင်ဝင်း၊ ဆန်ဖရန်စစ္စကိုမြို့မှာရှိတဲ့အစ်ကို ဦးခင်မောင်တင့်၊ စက်ာပူ မှာရှိတဲ့ သမီး ဒေါက်တာမင်းမင်းဝင်းနဲ့ သူ့အမျိုးသား ဒေါက်တာ မိုးဇော်ဟိန်း၊ သမီးလေး နှင်းနှင်းဝင်းတို့ဆီ "အမေရိကန်ဗီဇာ အဆင်ပြေပြီ၊ လာဖြစ်တယ်၊ ဘယ်တော့ရောက်မယ်" ဆိုတာ ဖုန်းတွေ စီပြီး ဆက်ရပါတော့တယ်။ နောက်ဆုံး နီကိုး လေယာဉ်လက်မှတ်ရောင်းတဲ့ဌာန Nikko Air Tickting ကိုလည်း "အမေရိကန်ကို သွားဖြစ်ပြီ၊ လေယာဉ်လက်မှတ် ကွန်ဖန်း Confirm လုပ်လိုက်တော့"လို့ ပြောရပါတယ်။

တဆက်တည်း ကိုဝဏ္ဏကိုပဲ နောက်တစ်နေ့ ပါတ်စ်ပို့နဲ့ဗီဇာ ယူပေးဖို့ အကူအညီ တောင်းလက်ပါတယ်။ "ကိုဝဏ္ဏ မနက်ဖြန် ခင်ဗျားပဲ အမေရိကန်သံရုံးကို ကျွန်တော့်ဗီဇာနဲ့ ပါတ်စ်ပို့ သွားယူပေးဗျာ" ဆိုပြီး ဗီဇာ ငွေသွင်းဖြတ်ပိုင်း လေးနဲ့ ကိုယ်စားလှယ်လွှဲစာလေး ပေးလိုက်ပါတယ်။ ပြီးတော့မှ စကားတွေ ဟိုပြောဒီပြော အားလုံး အမေရိကန် ဗီဇာရတာကို တွေး၊ ဝမ်းသာပြီး ဆယတစ်နာရီကျော်လောက်မှာ လူစုခွဲလိုက်ပါတော့တယ်။

နောက်တစ်နေ့ညနေ သုံးနာရီခွဲလောက်ရောက်တော့ ကိုဝဏ္ဏက "ဆရာကြီး ကျွန်တော် အခု အမေရိကန်သံရုံးက ဆရာကြီးရဲ့ အမေရိကန်ဗီဇာ၊ ပါတ်စ်ပို့ယူလာခဲ့ပါပြီ" လို့ ဖုန်းဆက်ပြောပါတယ်။

ခဏနေတော့ သူရောက်လာပြီး အမေရိကန်ဗီဇာပါတဲ့ စာမျက်နှာလေး လှန်ပြပြီး ကျွန်တော့် ပါတ်စ်ပို့ကို အပ်ပါတယ်။

ဒီနေရာမှာ ကြုံတုန်း ဗီဇာ (visa) နဲ့ ပါတ်စ်ပို့ (passport) ဆိုတာကို ရှင်းပြချင်ပါတယ်။ ဘာလို့လဲဆိုတော့ တချို့က visa နဲ့ passport မကွဲကြပါဘူး။ Passport ဆိုတာကို မြန်မာလို နိုင်ငံကူးလက်မှတ်လို့ ဘာသာပြန်ထားပါတယ်။ passport ကို အင်္ဂလိပ်အဘိဓာန်က အဓိပ္ပါယ်ဖွင့်ထားတာကတော့ an official document issued by a government, certifying, certifying the holders identity and citizenship and entiting them to travel abroad under its protection. ဆိုလိုတာက ပါတ်စ်ပို့ဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ အစိုးရကနေပြီး လူတစ်ယောက်ကို မည်သူမည်ဖြစ်တယ်ဆိုတာရယ်၊ မည်သည့်နိုင်ငံသား ဖြစ်ကြောင်း ထောက်ခံပေးထားပြီး နိုင်ငံခြားကို သွားတဲ့အခါ မိမိနိုင်ငံသားတွေကို ကာကွယ်စောင့်ရှောက်ပေး နိုင်ဖို့ ထုတ်ထားတဲ့ အထောက်အထား မှတ်တမ်းလို့ ဆိုလိုတယ်။ ပြောချင်တာကတော့ ပါတ်စ်ပို့ဆိုတာ အဓိကအချက် သုံးချက် ပါပါတယ်။

(က) မည်သူမည်ဝါဖြစ်တယ်ဆိုတဲ့ (Indentity)

(ခ) မည်သည့်နိုင်ငံသားဖြစ်သည် (citizenship)

(ဂ) နိုင်ငံတော်ရဲ့ ကာကွယ်စောင့်ရှောက်မှု အရိပ်အာဝါသနဲ့ တခြားနိုင်ငံတွေကို သွားရောက်ခွင့် (protection) အဲဒီလို အချက်သုံးချက်ပါတာဟာ ပါတ်စ်ပို့ပါ။

<u>ဗီဇာ</u>

ဗီဇာကို အဓိပ္ပါယ်ဖွင့်ဆိုချက်က an endosement on a passport which indicates that the holder in allowed to enter, leave, or stay for a specified period if a time in a country.

ဆိုလိုတာက ဗီဇာဆိုတာ နိုင်ငံတစ်နိုင်ငံကနေ လူတစ်ယောက်ရဲ့ နှင်ငံကူးလက်မှတ် ပါတ်စ်ပို့ပေါ်မှာ အဲဒီလူ ဟာ သူ နိုင်ငံထဲကို ဝင်နိုင်တယ်၊ ထွက်နိုင်တယ် ဘယ်လောက်ကြာကြာ နေခွင့်ပြုတယ်ဆိုတာကို ခွင့်ပြုမိန့် ပေးတာကို ခေါ်တာပါ။

အဲတော့ လူတစ်ယောက်ဟာ နောက်တစ်နိုင်ငံကို သွားချင်ရင် သွားမယ့်နိုင်ငံ သံရုံးကနေပြီး ကိုယ့်ရဲ့ ပါတ်စ်ပို့ထဲမှာ ပြည်ဝင်ခွင့်ဗီဇာ ဆိုတာကို တံဆိပ်တုံး ထုပေးတာပါ။ အဲဒီတံဆိပ်တုံးမှာ ဘယ်လောက်ကြာ နေနိုင်တယ်ဆိုတာ အပြင် တခြားအသေးစိတ်အချက်အလက်တွေ ပါပါသေးတယ်။ အရင်တုံးကတော့ သံရုံးတွေက ဗီဇာကို မင်တံဆိပ်တုံးနဲ့ ထုပေးလို့ မြန်မာတွေက ဗီဇာထုတယ်ဆိုတဲ့ အသုံးအနှုန်းကို သုံးခဲ့ပါတယ်။ အခုအခါမှာတော့ နိုင်ငံကြီးတွေဖြစ်တဲ့ အမေရိကန်၊ ပြင်သစ်၊ အီးယူနိုင်ငံတွေက ဗီဇာစာရွက်လေးကို ကိုယ့်ပါတ်စ်ပို့ရဲ့ စာမျက်နှာတစ်မျက်နှာပေါ်မှာ သီးသန့်ပြင်ဆင်ထားတဲ့ ဗီဇာစာရွက်လေး ကပ်ပေးပါတယ်။ မလေးရှား၊ ထိုင်းနိုင်ငံတွေကတော့ ဗီဇာကို မင်တံဆိပ်တုံးနဲ့ ထုတုန်းပါ။ (နောက်အပတ်မှာ အမေရိကန် ဗီဇာအကြောင်း အသေးစိတ်ရေးသွားပါဦးမယ်။)

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဒင်မောင်ဝင်း (အသည်း)





Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင် (အပိုင်း - ၄၀)

မလေးရှားခရီးစဉ်(အဆက်)

၂၀၀၈ ခုနှစ် အောက်တိုဘာလ (၃၁)ရက်နေ့မှာ ကျင်းပတဲ့ အမေရိကန်အသည်းရောဂါအဖွဲ့ (၅၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသွားရင်းနဲ့ စက််ပူကနေ မလေးရှားနိုင်ငံကို သွားလည်တဲ့ အကြောင်း ပြောပြမယ်ဆိုပြီး စလိုက်တာကနေ ရန်ကုန် အမေရိကန်ခရီးစဉ်ရဲ့ ပထမဆုံးအဆင်ဖြစ်တဲ့ ရန်ကုန်အမေရိကန်သံရုံးမှာ ဗီဇာဝင်တဲ့အကြောင်း ရေးနေပါတယ်။

သားသမီးတွေနဲ့ ကျွန်တော်

အမေရိကန်ဗီဇာရပြီဆိုတော့ ကျွန်တော်လည်း တော်တော်လေးကို ပျော်သွားပါတယ်။ ဘာလို့လဲဆိုတော့ ဒီခရီးစဉ် သွားဖြစ်ပြီဆိုရင် ပထမဆုံးစက််ပူမှာ သမီးနှစ်ယောက်နဲ့တွေ့မယ်၊ ပြီးတော့ သမီးကြီးမင်းမင်းဝင်းနဲ့ သူ့အမျိုးသား မိုးဇော်ဟိန်း၊ သမီးငယ်လေး နှင်းနှင်းဝင်းနဲ့ သူ့သူငယ်ချင်းဇေယျာနဲ့ ကျွန်တော်တို့ မလေးရှားနိုင်ငံက တီအိုမင်ကျွန်းကို ဟောလီးဒေးသွားဖို့ စီစဉ်ထားတာလည်း သွားဖြစ်တော့မယ်ပေါ့။ စက််ပူ၊ မလေးရှား ခရီးစဉ်ကနေဆက်သွားလို့ အမေရိကန်ရောက်ရင်လည်း သားလေးထူးခိုင်ဝင်းနဲ့ တွေ့ရမယ်။ အဲဒီမှာ သူနဲ့အတူတူ နှစ်ပတ်လောက်နေပြီး ဂေါက်သီးတွေလျှောက်ရိုက်ဖို့ စီစဉ်ထားတာကို တွေးပြီးအိပ်တောင်မပျော်လောက်အောင် စိတ်တွေလှုပ်ရှား ရင်တွေခုန်ပေါ့။

ကျွန်တော်တို့ မိသားစုဟာ တစ်ယောက်နဲ့ တစ်ယောက်တော်တော်လေးကို ချစ်ကြတာပါ။ သံယောဇဉ် လည်း သိပ်ကြီးကြတယ်။ အဲလို သိပ်ချစ်ကြ၊ သိပ်ပြီးစွဲလန်းကြတဲ့အထဲမှာ သမီးကြီးမင်းမင်းဝင်းကတော့ အဆိုးဆုံးပါ။ အဖေ စက််ပူလာရင် ပျော်ရသလောက် အဖေပြန်မှာကို တွေးပြီး စိတ်ညစ်ရတာက ပိဆိုးတယ်လို့ သမီးကြီးက ပြောပါတယ်။

ကျွန်တော် စက််ပူကနေ ရန်ကုန်ပြန်ဖို့ လေဆိပ်လိုက်ပို့တိုင်း မျက်ရည်လေးစမ်းစမ်းနဲ့ တော်တော်ကို သံယောဇဉ်တွယ်တတ်တဲ့ သမီးကြီးပါ။ ကျွန်တော်က ဘယ်နိုင်ငံ ဘယ်အစည်းအဝေးသွားသွား သမီးတွေနဲ့ တွေ့ရအောင် စက််ပူကို ဝင်ပြီး (၂)ရက်၊ (၃)ရက် လောက်ခရီးစဉ်နားလေ့ရှိပါတယ်။ အဲလို ရန်ကုန်-စက််ပူ-အမေရိကန် သွားတာမျိုးမှာ ရန်ကုန်ကနေ အမေရိကန်ကို တိုက်ရိုက်မသွားပဲ စက််ပူမှာ ခဏနားတာကို အင်္ဂလိပ်လိုပြောရမယ်ဆိုရင်တော့ ဘရိတ်သဂျာနီ (break the journey) လို့ ပြောပါတယ်။ ကျွန်တော်ဟာ ကိုးရီးယားမှာ အစည်းအဝေးတက်လည်း စက််ပူမှာ နားတယ်၊ ဂျပန်သွားလည်း စက််ပူဝင်တယ်။ အီတလီက ဥရောပအသည်းရောဂါအစည်းအဝေး တက်တယ်ဆိုရင်လည်း ဘန်ကောက် ကနေ တစ်ဖြတ်ဖြတ်ပြီး

စက်ာပူကို တစ်ညအိပ်လောက်ဖြစ်ဖြစ် ဝင်လိုက်ပါတယ်။ အဲလောက်တောင် သားသမီးတွေ အပေါ်မှာ သံယောဇဉ်ကြီးတဲ့ ကျွန်တော်ပါ။

<u>သားသမီးတွေနဲ့ နေ့တိုင်းဖုန်းဆက်တာ</u>

ကျွန်တော်ဟာ နေ့စဉ်လို စက်ာပူက သမီးတွေစီကို ဖုန်းဆက်တယ်။ အထူးသဖြင့် ညနေဘက်ဆိုရင် အလုပ်ဆင်းပြီလား၊ အိမ်ပြန်ရောက်ပြီလား၊ ထမင်းစားပြီးပြီလား၊ ဘာဟင်းလည်း ဆိုတာတွေကို အမြဲမေးတယ်၊ သူတို့တတွေနဲ့ စကားအကြာကြီးအမြဲပြောလေ့ရှိပါတယ်။ အဲလို သားသမီးတွေနဲ့ ဖုန်းပြောတဲ့ အကြောင်း ဆက်ပြောရဦးမယ်ဆိုရင် ကျွန်တော် မနက်အစော ဂေါက်သီးထရိုက်တဲ့ အချိန်ဟာ အမေရိကန်နိုင်ငံ အယ်လ်အေက သားလေး ထူးခိုင်ဝင်းဆီမှာ ညနေဖြစ်နေပါတယ်။ အဲတော့ ဂေါက်ရိုက်ပြီးတာနဲ့ သားလေးဆီကို နေကောင်းလား၊ မင်းဘာလုပ်နေလည်း၊ ဒီနေ့ ဘယ်မှာစားလဲ၊ ရာသီဥတုအေးလား၊ ကားကို ဂရုစိုက်မောင်းနော်၊ အန္တေးထည် ထူထူဝတ်၊ အအေးမမိစေနဲ့ ဆိုတာမျိုးတွေ ပြောတော့တာပေါ့။ ကျွန်တော်က သားဆီ ဖုန်းဆက်လိုက်ပြီဆိုရင် သားလေးက "အဖေ ချလိုက် သားဆီကနေ အဖေတို့ဆီကို ခေါ်ရတာ စျေးသက်သာတယ" ဆိုပြီး သူက ပြန်ခေါ်ပါတယ်။ ဘာလို့ အမေရိကန်ကနေ ဖုန်းခေါ်တာ စျေးချိုတာလဆိုတော့ အမေရိကန် LAမှာ ရှိတဲ့ ရွှေမန်းသူ စတိုးမှာ အရမ်းကို စျေးသက်သာတဲ့ ပြည်ပ IDD ဖုန်းခေါ်ဖို့ ဖုန်းခရက်ဒစ်ကို ဝယ်လို့ရပါတယ်။ ဖုန်းခရက်ဒစ်ဆိုတာ ဖုန်းကဒ်မဟုတ်ပါဘူး။ အဲဒီဆိုင်ကိုသွား၊ ကိုယ့်ဖုန်းနံပါတ်ကိုပေးပြီး ကျွန်တော်ဖုန်းထဲက ခရက်ဒစ်ပေါ်က ဘယ်လောက်ဖိုး ထည့်လိုက်ပါလို့ ပြောလိုက်ရုံပါပဲ။ နောက် (၁၅)မိနစ်ဆိုရင် ကိုယ့်ဖုန်းနဲ့ နိုင်ငံခြားကို ပြောလို့ရသွားပါပြီ။ နိုင်ငံခြားကို ဘယ်လိုခေါ်ရသလဲဆိုတော့ အဲဒီဆိုင်ကပေးထားတဲ့ နံပါတ်တစ်ခုကို ဆက်လိုက်ရပါတယ်။ အဲလို ဆက်လိုက်တာနဲ့ မင်းဖုန်းမှာ ခရက်ဒစ်ဒေါ်လာ ဘယ်လောက်ရှိတယ်လို့ ပြောပါလိမ့်မယ်။ နောက်ပြီးတော့ ကိုယ်က မြန်မာပြည်နံပါတ်တစ်ခုကို နှိပ်လိုက်ရင် အခု မင်းမှာရှိတဲ့ခရက်ဒစ်နဲ့ မြန်မာပြည်ကို ဘယ်နှမိနစ်ပြောလို့ရတယ်ဆိုတာ ပြောပြီး ကိုယ့်နံပါတ်ကို ခေါ်ပေးပါတော့တယ်။ တော်တော်ကို လွယ်တဲ့ဖုန်းခရက်ဒစ်စနစ်ပါ။ စျေးကလည်း အရမ်းသက်သာတယ်ဆိုတော့ မြန်မာတော်တော်များများဟာ အဲဒီခရက်ဒစ်ဖုန်းစနစ်ကိုပဲ သုံးကြပါတယ်။ ဆိုင်နဲ့ရင်းနှီးသွားရင် ဆိုင်ကိုတောင် သွားစရာမလိုတော့ဘူး။ "ကိုမောင်မောင်လေးရေ ကျွန်တော်ဖုန်းထဲကို ဒေါ်လာ(၅၀)လောက် ထည့်လိုက်ပြီး ကျွန်တော့်စာရင်းထဲ မှတ်ထားလိုက်ပါနော်၊ ကျွန်တော် နောက်မှလာပေးမယ်" လို့ ပြောလိုက်ရင် ပြီးတာပါပဲ။ အဲဒီဆိုင်မှာ ဝယ်ထားတဲ့ ဖုန်းခရက်ဒစ်နဲ့ ပြောရင် ၅ ဒေါ်လာနဲ့ မြန်မာပြည်ကို ၂၅ မိနစ်လောက် ဖုန်းပြောလို့ ရပါတယ်။ စက်ာပူကို ပြောမယ်ဆိုရင် ၅ ဒေါ်လာနဲ့ ၁ နာရီလောက် ပြောလို့ရပါတယ်။ အဲတော့ သားလေးက တစ်ခါဝယ်ရင် ဖုန်းခရက်ဒစ် ဒေါ်လာ ၁၀၀ဖးလောက် ဝယ်ထားလိုက်ပြီး ကျွန်တော်တို့နဲ့ ဖုန်းပြောတော့တာပါပဲ။ အဲလို အမေရိကန်ကနေ

ဖုန်းပြောရတာ ဖုန်းခ စျေးချိုတာကြောင့် တစ်ခါတလေ သားလေးက အမေရိကန်ကနေ ကျွန်တော်တို့ဆီကို ဖုန်းတစ်ခါပြောရင် နာရီဝက်လောက်ကြာတတ်ပါတယ်။ ဒလို ကျွန်တော်ကနေ သူတို့တတွေဆီကို ဖုန်းဆက်တာရှိသလို ကျွန်တော့်ဇနီး ဒေါက်တာခင်လေးရီကလည်း သားသမီးတွေ ဆီကို ကျွန်တော်ဆက်တဲ့ ပုံစံအတိုင်းပဲ နေ့စဉ်ဆက်ပါတယ်။ နေ့တိုင်း ဒီလို ကျွန်တော်တို့ ဖုန်းဆက်တာနဲ့တင် မပြီးသေးပါဘူး။ ကျွန်တော့်ညီမ အေးအေးခိုင်ကလည်း ကျွန်တော်တို့လိုပဲ နေ့စဉ် ကျွန်တော့်သားသမီးတွေဖြစ်တဲ့ သူ့တူနဲ့တူမတွေ အားလုံးဆီကို ဖုန်းဆက်ရှာပါတယ်။ သူဖုန်းဆက်တာက သူ့တူ၊ တူမတွေအပြင် ပိုတာရှိပါသေးတယ်။ အဲဒါကတော့ အေးအေးခိုင် က မလေးရှားမှာနေတဲ့ သူ့အစ်မ (ကျွန်တော့်ညီမ) ဝေဝေခင်ဆီကိုလည်း ရက်ခြားလို ဆက်ပြန်ပါသေးတယ်။ ဒါ ကျွန်တော် တို့မိသားစု အမျိုးအဆွေတွေရဲ့ တစ်နေ့တာ ရန်ကုန်၊ စင်္ကာပူ၊ မလေးရှား၊ အမေရိကန် LA ဖုန်းဆက်ကြပုံပါ။ တကယ်ကို ကဲကြတဲ့ မိသားစုပါ။ အဲဒီလို နိုင်ငံခြားဖုန်းတွေကို ပြည်တွင်းဆက်သလို ဆက်နေတာမှာ နောက်ဆက်ရမယ့် လူတစ်ယောက် မနှစ်က ထပ်တိုးလာပါတယ်။ အဲဒါကတော့ ကျွန်တော့်အစ်ကို ဦးခင်မောင်တင့် (လျှပ်စစ်အင်ဂျင်နီယာ - ငြိမ်း)ပါပဲ။ သူနဲ့ သူ့ဇနီး ဒေါ်ကြည်ကြည် (သခ်ၤာပါမောက္ခ - ငြိမ်း)ဟာ Green Card ရပြီး ပြီးခဲ့တဲ့နှစ် အောက်တိုဘာလက ဆန်ဖရန်စစ္စကို ရောက်သွားပါတယ်။ အဲတော့ ကျွန်တော်တို့တတွေ အစ်ကို ဦးခင်မောင်တင့် (ကိုတူး)ဆီကို ဖုန်းဆက်ရတာ တစ်ခုပိုလာတာပေါ့။ ကိုတူးကလည်း ကျွန်တော် အာမခံထားပေးတော့ LA ရွှေမန်းသူစတိုးကနေ ဖုန်းခရက်ဒစ်တွေဝယ်ပြီး ရန်ကုန်ကို မကြာမကြာ ဖုန်းဆက်ပါတယ်။

<u>မြန်မာ့ယဉ်ကျေးမှုထိန်းသိမ်းပါ</u>

သားလေးက ပြောတာကတော့ "ကျွန်တော် နေ့တိုင်း မြန်မာပြည်က အဖေနဲ့ အမေဆီ ဖုန်းဆက်တယ်လို့ အယ်လ်အေက သူငယ်ချင်းတွေကို ပြောရင် သူငယ်ချင်းတွေက လုံးဝ မယုံကြဘူးတဲ့။ ဒီကောင် လေပါပဲ ဆိုတဲ့ သဘော မျိုး၊ သိပ်ကို ဇာချဲ့ပြောတယ်ဆိုတဲ့ အကြည့်မျိုးတွေနဲ့ ကြည့်ကြတယ်" တဲ့။ "အဖေရာ သူတို့တတွေက တစ်လ နေလို့ တစ်ခေါက်အိမ်ကို ဖုန်းဆက်ကြတာမဟုတ်ဘူး" လို့ သားလေးက ဆက်ပြောပါသေးတယ်။ အဲလို အိမ်ကို ဖုန်းမဆက်ကြတဲ့ သူ့သူငယ်ချင်းတွေ ဆိုတာက အမေရိကန်တွေ ရှိသလို မြန်မာသူငယ်ချင်း တွေလည်း ပါပါတယ်။ မိဘနဲ့ အနေဝေးပြီး အမေရိကန် စိတ်တွေ ဝင်သွားရင်တော့ ဒီလိုပဲ ဖြစ်မှာပေါ့။ ကျွန်တော်ကတော့ ကျွန်တော့်သားလေးကို အငယ်ကတည်းက မြန်မာ့ယဉ်ကျေးမှု မြန်မာစာပေ မြန်မာဓလေ့ ထုံးစံတွေကို မမေ့အောင် ထိန်းသိမ်းစောင့်ရှောက လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ "သားလေး မင်းနေရတဲ့ အမေရိကန်ကျောင်း International School Yangon (ISY) ဆိုတာ အမေရိကန် သံရုံးကဖွင့်ထားတာ၊ အဲတော့ အမေရိကန် အမူအကျင့်တွေနဲ့ ပတ်ဝန်းကျင်ထဲမှာ မင်းနေရမှာ၊ အဲဒါကြောင့် အဖေ မင်းကိုသတိပေးပြီး ပြောထားချင်တာကတော့ မင်းဟာ စာပေသင်ကြားရေး

အတွက်ကြောင့်သာ အမေရိကန်ကျောင်းမှာ နေရတာ၊ မင်းဟာ မြန်မာတစ်ယောက်ဆိုတာကို လုံးဝ မမေ့ရဘူး။ မင်းဟာ တီတီစီကျောင်းက လေးတန်းအောင်ပြီးမှ ISY ကို ပြောင်းတာပါ။ မင်း မြန်မာစာကို တစ်သက်လုံး မမေ့ရဘူး" ဆိုပြီး အမြဲတမ်း သွန်သင်ဆုံးမပါတယ်။ ဘာလို့လည်းဆိုတော့ ရန်ကုန်မှာ (၅)တန်းလောက် အောင သွားတဲ့ ကလေးတွေ အင်္ဂလန်၊ အမေရိကန်ရောက်ပြီး တစ်နှစ်လောက်မှာ မြန်မာစာ မဖတ်တတ်ကြတော့ပါဘူး။ ပြီးတော့ ကိုယ့်သားသမီး မြန်မာစာ မတတ်တာကို "သားလေးက ဗမာစာ မဖတ်တတ်တော့ဘူး" ဆိုပြီး ဂုဏ်ယူပြောတဲ့ မိဘတွေကို နိုင်ငံခြားမှာ တော်တော်လေးတွေ့ဘူးပါတယ်။ အဲလိုမိဘမျိုးတွေနဲ့ တွေ့ရရင် ကျွန်တော် အရမ်းစိတ်ညစ်ပါတယ်။ ပိုဆိုးတာက အဲဒီလို ကလေးလေးတွေ နိုင်ငံခြားရောက်ပြီး (၃)နှစ်လောက်ကြာရင် မိဘတွေက သူတို့ သားသမီးတွေ မြန်မာစာမတတ်တဲ့အကြောင်း ဂုဏ်ယူပြီး ပြောကြတာကနေ နှစ်အတော်ကြာတော့ တစ်ဆင့်တက်သွားပြီး "သားလေးက ဗမာ စကား မပြောတတ်တော့ဘူး" ဆိုတဲ့ အဆင့်ကို ရောက်သွားပါတယ်။ အဲဒီနောက် ပြည်ပမှာ လေးငါးနှစ်ကြာလောက် နေပြီး နိုင်ငံခြားမှာ ကျောင်းတက် နိုင်ငံခြား ပတ်ဝန်းကျင်မှာ နေထိုင်ပြီးပြီဆိုရင်တော့ နိုင်ငံခြားရောက် မြန်မာလေးတွေရဲ့ နောက်ဆုံး အဆင့်ကို ရောက်သွားပြီလို့ ပြောရပါမယ်။ ဘယ်လိုလဲ ဆိုတော့ သူတို့မိဘတွေက "သားလေးက ဗမာတွေနဲ့ဆို သိပ်မပေါင်းချင်တော့ဘူး၊ သူ့ကျောင်းက အမေရိကန်တွေနဲ့ပဲ အတူတူနေတာလေ၊ အခုဆို သူက အဖေအမေရှိလည်း စားပွဲပေါ်ခြေထောက်တင်ပြီး နေတတ်တာ။ အမေရိကန်တွေလိုပဲ ပြောဆိုနေထိုင်တတ်တာပေါ့။ သူတို့က အမေရိကန် အကျင့်အတိုင်း နေတတသွားကြပြီဆိုတော့ ပွင့်ပွင့်လင်းလင်းဘာမှ ဂရုမစိုက်ပဲနေကြတယ်လေ" ဆိုပြီး အားရပါးရ ဂုဏ်ယူပြောကြပါတော့တယ်။ အဲလို ဆွေမှေ၊ မျိုးမှေ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်စာပေ၊ ကိုယ့်စကား ဆိုတာတွေကိုမှေ၊ မြန်မာလို့ ပြောရမှာ ရှက်တဲ့ အဆင့်အထိ ရောက်ကုန်ကြတဲ့ နိုင်ငံခြားရောက် မြန်မာတွေကို တွေ့ရမြင်ရတဲ့အခါ ကျွန်တော့်ရင်ထဲမှာ ဆို့ပြီး ဝမ်းနည်း ကြေကွဲ၊ ဒေါသထွက် စိတ်ဆိုး အမျိုးစုံ ခံစားရပါတယ်။ ဒါကြောင့် သားလေးကို တီတီစီကျောင်းက နှုတ်ပြီး ISY အမေရိကန်ကျောင်း ပြောင်းကတည်းက "ငါ့သားကို ဒီလို ကိုယ့်လူမျိုး ဘာသာ စာပေ ယဉ်ကျေးမှု ဘဝမှေတဲ့ အဖြစ်မျိုး မဖြစ်စေရဘူး"လို့ ရင်ထဲမှာတေးထား၊ မှတ်ထားလိုက်ပါတယ်။ ဒါပေမယ့် တစ်ခုတော့ပြောချင်ပါသေးတယ်။ ခုနကပြောသလို မြန်မာစာပေ၊ မြန်မာစကားမတတတာကို ဂုဏ်ယူတဲ့မိဘတွေရှိသလို ကိုယ့်မြန်မာဓလေ့ထုံးစံ ယဉ်ကျေးမှုတွေကို ထိန်းသိမ်းကြတဲ့ နိုင်ငံခြားရောက် မြန်မာမိဘတွေလည်း အများကြီးရှိပါတယ်။ ကျွန်တော့်သူငယ်ချင်း ဒေါက်တာဇော်မင်းနဲ့ ဒေါက်တာခင်နှင်းဝေတို့ ဆိုရင် အင်္ဂလန်မှာရောက်နေတာ အနှစ်၃၀ လောက်ရှိပါပြီ။ ဒီနေ့အထိ မြန်မာဆန်ဆန် မြန်မာစိတ်ဓါတ်အပြည့်နဲ့ နေကြတဲ့သူတွေပါ။ သူတို့သားသမီးတွေအားလုံး မြန်မာစကားပြော၊ မြန်မာအလေ့အကျင့်တွေနဲ့ပဲ နေတတ်အောင် ထိန်းသိမ်းအုပ်ချုပ်ထားပါတယ်။ သူ့သမီးအငယ်ဆုံး မီးမီးဟာ အင်္ဂလန်ရောက်မှ မွေးတာပါ။ ဒါပေမယ့်လို့

မြန်မာစကားကို မွှတ်နေအောင် ပြောတတ်ပြီး မြန်မာလေ့ထုံးစံအပြည့်နဲ့ ဗုဒ္ဓဘာသာအကျင့်အကြံ၊ ဘုရားတရားကိုင်းရှိုင်းတဲ့သူတစ်ယောက်ပါ။ ဒါကြောင့် ဘယ်နိုင်ငံ ဘယ်နားမှာ ဘယ်လောက်ကြာကြာပဲ ရောက်ရောက် နိုင်ငံခြားကို အထင်ကြီး၊ ဘိုရူးစိတ်တွေဝင်၊ မြန်မာဆိုရင် အထင်သေးသလိုလို၊ မြန်မာအစားအစာ မစားတတ်၊ ဆင်းဒွစ်(ခ်)၊ ဟင်ဘာဂါ စား၊ မြန်မာစကားမပြောတတ် ဖြစ်ကုန်ကြတယ် ဆိုတာဟာ ထိန်းသိမ်းတဲ့မိဘတွေအပေါ်မှာ လုံးဝမူတည်ပါတယ်။ လူသာအဓိကလို့ပဲ ပြောရမှာပါ။

<u>သားသမီးတွေကို ဘယ်လိုထိန်းသိမ်းအုပ်ချုပ်လမ်းညွှန်မလဲ</u>

ကြုံတုန်းမှာ ကျွန်တော့်သားသမီးတွေကို ဘယ်လိုဆက်ဆံထိန်းသိမ်းပြီး သူတို့စိတ်ဓါတ်တွေကို အကောင်းရောက်အောင် ဘယ်လိုလမ်းညွှန်ပေးတယ်ဆိုတာလေး နည်းနည်းပြောပြချင်ပါသေးတယ်။ အဓိကပြောချင်တာကတော့ ကျွန်တော်နဲ့ International School ကျောင်းသား သားလေးထူးခိုင်ဝင်းတို့ ဆက်ဆံရေးကို ပြောပြချင်ပါတယ်။ ကျွန်တော်ဟာ ဘယ်လောက်ပဲ အလုပ်ရှုပ်ရှုပ် သားလေးအတွက် အချိန်ပေးတယ်၊ သူ့ကျောင်းက ပွဲတွေဖိတ်တိုင်း လိုက်တက်ပေးတယ်။ ISY မှာ ရှိတဲ့ မြန်မာမိဘတွေထဲမှာ များသောအားဖြင့် ကျွန်တော်နဲ့ ကျွန်တော့်ဇနီး ဒေါက်တာခင်လေးရီတို့ပဲ အခမ်းအနားမှန်သမျှ မိစုံဖစုံ ပုံမှန်တက်ပါတယ်။ ကျန်တဲ့ မြန်မာမိဘတွေ၊ အထူးသဖြင့် ဖခင်တွေဟာ ကလေးတွေရဲ့ ISY အခမ်းအနားတွေကို သိပ်မတက်ကြပါဘူး။ တကယ်တော့ ကလေးတစ်ယောက်ရဲ့ ဘဝမှာ အရေးအကြီးဆုံး အချိန်ဖြစ်တဲ့ မူလတန်း၊ အလယ်တန်း ကျောင်းသားအရွယ် ခပ်ငယ်ငယ်ဘဝမှာ သူတို့လေးတွေ အတွက် မိဘတွေဟာ အချိန်ပေး၊ သူတို့နဲ့ အတူ နေပေးရမှာပါ။ သူတို့ ပြောချင်တာလေးတွေကို ဂရုတစိုက် နားထောင်ပေးသင့်ပါတယ်။ ဥပမာပြောရမယ်ဆိုရင် ကျောင်းက ဘောလုံးပွဲမှာ ဘယ်လို ကန်လိုက်တာ၊ ကျောင်းက စာတွေ ဘယ်လိုခက်တယ် ဆိုတဲ့အကြောင်းမျိုးလေးတွေကို အသေးအမွှားလေးတွေလို့ လူကြီးမိဘတွေက ယူဆပေမယ်လို့ ကလေးတွေငယ်စဉ်ဘဝအတွက်တော့ ဒီလိုကိစ္စလေးတွေဟာ သိပ်ကို အရေးကြီးတဲ့ အကြောင်းအရာတွေလို့ ယူဆထားတာတွေမ့လို့ အလေးတယူ၊ ဂရုတစိုက် သေချာနားထောင်ပေးရမှာပါ။ အင်္ဂလိပ်လို ပြောရမယ်ဆိုရင်တော့ lend an ear လို့ ပြောရမှာပါ။ အမေရိကန်တွေကတော့ give ear လို့ သုံးပါတယ်။ Lend an ear ဆိုတာရဲ့ အဓိပ္ပါယ်က listen sympathetically or attentively လို့ ဆိုထားပါတယ်။ စိတ်ဝင်တစားနဲ့ ကိုယ်ချင်းစာနားလည်ပြီး နားထောင်တယ်လို့ ဆိုလိုတာပါ။ သားသမီးတွေငယ်တုန်းမှာ သူတို့ကို မိဘတွေက သူတို့လေးတွေ ပြောချင်တာတွေကို lend an ear လုပ်ပေးရမှာပါ။ ဒါမှသာ မိဘနဲ့ သားသမီး ရင်းနှီးမှုတွေရပြီး တစ်ယောက်နဲ့တစ်ယောက် သူပြောတာ ကိုယ်နားထောင်၊ ကိုယ်ပြောတာ သူနားထောင်ပြီး နှစ်ဦးနှစ်ဖက် ပြောရဆိုရတာတွေ နားလည် သဘောပေါက်ပြီး မိဘနဲ့ သားသမီး ချစ်ကြ၊ ခင်ကြ၊ တွယ်တာကြတဲ့ ဘဝကို ရောက်မှာပါ။ အဲတော့မှ လူကြီးတွေ မိဘတွေဟာ လူငယ်တွေ သားသမီးတွေကို ကိုယ်လိုချင်သလို ပုံသွင်း ပြုပြင်ပဲ့ကိုင် ထိန်းကျောင်းလို့ ရမှာပါ။ မိုးသန်းချစ်

စီစဉ်ထုတ်လုပ်လိုက်တဲ့ "သူတို့ ဒီနေရာကို ဘယ်လိုရောက်လာကြတာလဲ" ဆိုပြီး "လှေကားထစ်များ ရာဇဝင်" စာအုပ်ထဲမှာ မြန်မာနိုင်ငံမှာ အထင်ကရ အောင်မြင်ကျော်ကြားတဲ့ ပုဂ္ဂိုလ်(၁၉)ယောက်ရဲ့ ကိုယ်ရေး အတ္ထုပတ္တိနဲ့ ဒီပုဂ္ဂိုလ်တွေရဲ့ လူငယ်တွေ ဘဝပြုပြင်ပြောင်းလ ကိုင်တွယ်ရေးအယူအဆတွေကို မေးမြန်းဖော်ထုတ်ထားပါတယ်။ အဲဒီလို မိုးသန်းချစ်ရေးလိုက်တဲ့ စာအုပ်ထဲက မြန်မာနိုင်ငံမှာ ကျော်ကြားတယ်လို့ မိုးသန်းချစ်ရွေးခြယ်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ ကျွန်တော်လည်း ပါနေပါတယ်။ လူငယ်တွေရဲ့ စိတ်ဓါတ်ရေးရာ ပြုပြင်ရေးနဲ့ပတ်သက်တဲ့ ကျွန်တော့်ရဲ့ အမြင်တွေ အတွေးတွေကို အဲဒီ စာအုပ်ထဲမှာ ပြောသင့်သလောက် ပြောလိုက်ရပေမယ့် အပြည့်အဝ မပြောလိုက်ရပါဘူး။ ဒါကြောင့် အခု မလေးရှား ၊ အမေရိကန်သွား ဆောင်းပါးထဲမှာ ကြုံကြိုက်တုန်း ကျွန်တော့်ရဲ့ မိဘ သားသမီး ဆက်ဆံရေး၊ မြန်မာကလေးတွေကို မြန်မာစိတ် ပျောက်မသွားအောင် ထိန်းသိမ်းတဲ့ နည်းလမ်းတွေ ကျွန်တော့်ရဲ့ အယူအဆ ဒဿနတွေကို ထည့်ရေးလိုက်ရတာပါ။

<u>အမေရိကန် ဗီဇာ</u>

ကျွန်တော့်ရဲ့ ရန်ကုန်၊ စက််ပူ၊ မလေးရှား၊ အမေရိကန်ခရီးစဉ်အကြောင်း ဆက်ပြောရမယ်ဆိုရင် ကျွန်တော့်မိတ်ဆွေ ကိုဝဏ္ဏက "ဆရာ အမေရိကန်သံရုံးက ဆရာ့ပါတ်စ်ပို့ယူလာခဲ့ပြီနော်၊ ဗီဇာလည်း ပါတ်စ်ပို့ပေါ်မှာ ကပ်ပေး လိုက်ပြီ" ဆိုပြီး ကျွန်တော့်ပါတ်စ်ပို့ကို လာအပ်ပါတယ်။ ဒါနဲ့ ကျွန်တော့်ရဲ့ အမေရိကန်ဗီဇာကို သေချာကြည့်လိုက်မိပါတယ်။ ဒီနေရာမှာ ကြုံတုန်းပြောရမယ်ဆိုရင် ဘယ်နိုင်ငံကို သွားသွား ဗီဇာရပြီဆိုရင် အဲဒီဗီဇာကို သေချာ ဖတ်သင့်ပါတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဗီဇာစာရွက်ပေါ်မှာ အသုံးအနှုန်းတွေ နည်းနည်းပါးပါး ကွဲပြားပေမယ့် အထွေထွေအချက်အလက်တွေကတော့ တူပါတယ်။ အဲဒါကြောင့် ကျွန်တော့်ပါတ်စ်ပို့ပေါ်မှာ ကပ်ထားတဲ့ အမေရိကန်ဗီဇာစာရွက်လေးပေါ်မှာ ရေးထားတဲ့ အချက်အလက်တွေကို အခြေခံပြီး နိုင်ငံခြားကို သွားကြမယ့် မြန်မာလူငယ်တွေ ဗီဇာစာရွက်ပေါ်မှာ ဘာတွေကို ဘယ်လိုကြည့်ရမယ်ဆိုတာ နည်းနည်း ပြောပြချင်ပါတယ်။

အမေရိကန်ဗီဇာစာရွက်ရဲ့ အပေါ်ဆုံးမှာ-

၁. VISA UNITED STATES OF AMERICA လို့ ရေးထားတာကို တွေ့ရပါမယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ဗီဇာဆိုတဲ့ သဘောပေါ့။

၂. ပြီးတော့မှ-

Issuing Post Name (ထုတ်ပေးရာနေရာရဲ့အမည်)

RANGOON (အမေရိကန်တွေဟာ ရန်ကုန် Yangon လို့ ပြောင်းထားတဲ့နာမည်ကို မသုံးသေးပဲ ရှေးတုန်းကအခေါ်အဝေါ် Rangoon နဲ့ပဲ သုံးထားပါသေးတယ်။)

Surname (မိဘမျိုးရိုးနာမည်)			**Control Number** (စီစဉ်ရေး အမှတ်စဉ်)
WIN			**20082841680001**
Given Name (မှည့်ထားတဲ့နာမည်)			**Visa Type / Class**
KHIN MAUNG			**R B1**
Passport Number (ပါတ်စ်ပို့ နံပါတ်)	**Sex** (လိင်)	**Birth Date** (မွေးသက္ကရာဇ်)	**Nationality** (လူမျိုး)
A252290	**M** (ကျား)	**11 Jan 1949**	**BURM**
Entries (ဝင်ခွင့်)	**IssueDate**	**Expiration Date**	
1 တစ်ကြိမ်	(ဗီဇာထုတ်ပေးသည့်နေ့)	(ဗီဇာ အသုံးပြုခွင့်ကုန်ဆုံးသည့်နေ့)	
	16 Oct 2008	**09 Jan 2009**	

Annotation (မှတ်ချက်)

59th ANNUAL MEETING FOR AASLD
SAN FRANCISCO. CA
31OCT2008 TO 04NOV2008

၅၉ ကြိမ်မြောက် အမေရိကန် အသည်းရောဂါအဖွဲ့.
နှဟ်ပတ်လည် ညီလာခံ ဆန်ဖရန်စစ္စကို ကာလီဖိုးနီးယား
(အတို CA လို့ ရေးပါတယ်။)
အောက်တိုဘာ (၃၁) ၂၀၀၈ မှ နိဝင်ဘာ (၄) ၂၀၀၈ နေ့အထိ

<u>ဗီဇာသက်တမ်း</u>

ဗီဇာမှာ အရေးကြီးဆုံးအချက်က ဒီဗီဇာကို ဘယ်နေ့အထိ အသုံးချခွင့်ရှိတယ်၊ expiration date ဗီဇာသက်တမ်းကုန်ဆုံးမယ့်နေ့ကို ကြည့်ရပါမယ်။ အခုပြောထားတဲ့ အမေရိကန်ဗီဇာမှာတော့ ဘယ်နေ့က စသုံးလို့ ရတယ်လို့ မပါပါဘူး၊ ဗီဇာထုတ်ပေးလိုက်တဲ့ နေ့စွဲ (issue date) နဲ့ ဗီဇာသက်တမ်းကုန်တဲ့နေ့ (expiration date) ပဲ ပါပါတယ်။ အခုကျွန်တော့်ကိုပေးလိုက်တဲ့ အမေရိကန်ဗီဇာမှာ သက်တမ်းကုန်ဆုံးရက်ကို 9 Jan 2009 လို့ သတ်မှတ်ပေးလိုက်တဲ့အတွက် ဇန်နဝါရီလ(၉)ရက်ကျော်ရင် ဒီဗီဇာနဲ့အမေရိကန်ကို ဝင်လို့မရတော့ပါဘူး။ ဆိုလိုတာက ဗီဇာရပြီဆိုပြီး ငါဘယ်နေ့သွားသွား သွားလို့မရပါဘူး။ သူသတ်မှတ်ပေးတဲ့ ရက်အတွင်းမှာပဲ သွားလို့ရပါတယ်။ နောက်တစ်ခုအရေးကြီးတာကတော့ ဗီဇာကို ပေးလိုက်ပြီဆိုပေမယ့်လို့ တချို့နိုင်ငံတွေက ဒီဗီဇာကို ဘယ်နေ့ကစပြီး သုံးခွင့်ရှိတယ်ဆိုတာ ပါပါသေးတယ်။ ဘယ်လိုလဲဆိုတာ ပြောပြပါမယ်။ မနှစ်က ကျွန်တော် အီတလီနိုင်ငံ မီလန်မှာကျင်းပတဲ့ ဥရောပအသည်းရောဂါပညာရှင် အစည်းအဝေးသွားတက်တော့ အီတလီဗီဇာကို ဧပြီလ(၂၇)ရကနေ့မှ တစ်လအတွင်း သုံးခွင့်ရှိတယ်လို့ ပါပါတယ်။ ဒါနဲ့ကျွန်တော် အီတလီသွားဖို့ လေယာဉ်လက်မှတ်တွေလုပ်တော့ အီတလီနိုင်ငံ မီလန်လေဆိပ်ကို တိုက်ရိုက်ရောက်မယ့် ကာတာအဲယားလိုင်းနဲ့ သွားဖို့ လက်မှတ်ဝယ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်တော့်ညီမရဲ့အမျိုးသား ကိုကျော်ဉာဏ်ထွန်းက ကျွန်တော့်အတွက် ဘန်ကောက်ကနေ ဧပြီလ(၂၆)ရက် မနက်(၈း၀၀)နာရီထွက်မယ့် ကာတာလေကြောင်းနဲ့ လက်မှတ်ဝယ်ပေးလိုက်ပါတယ်။ ဒါနဲ့ ကျွန်တော် ဘန်ကောက်လေဆိပ်မှာ ချက်ကင်လုပ်ပြီး ကာတာလေယာဉ်ကြီးပေါ်တက်ဖို့ အထဲကဂိတ်ထဲကိုရောက်တော့မှ ကျွန်တော့်ကို ခဏနေပါဦးလို့ တားတော့ပါတယ်။ ဘာဖြစ်လဲလဲဆိုတော့ ကျွန်တော်ဟာ ဒီလေယာဉ်နဲ့လိုက်သွားရင် မီလန်ကို ဧပြီလ (၂၆)ရက်နေ့ည (၈)နာရီမှာ ရောက်သွားပါမယ်။ အဲဒီအချိန်မှာ ကျွန်တော့်ဗီဇာက

အသုံးပြုလို့မရသေးပါဘူး။ အင်္ဂလိပ်လိုပြောရမယ်ဆိုရင်တော့ အက်တီဗိတ် (activate) မဖြစ်သေးပါဘူး။ (၂၆)ရက်နေ့ည (၁၂)နာရီကျော် (၂၇)ရက်ထရောက်သွားမှ ကျွန်တော့်ဗီဇာကို သုံးလို့ရမှာပါ။ အဲတော့ ကျွန်တော်က "ငါ ည(၈)နာရီရောက်ရင် မီလန်လေဆိပ်ထဲမှာပဲ ထိုင်နေမှာပေါ့။ ညသန်းခေါင်ကျော်ပြီး (၂၈)ရက်ဖြစ်သွားမှ ဗီဇာ အက်တီဗိတ်ဖြစ်မှ ငါ အီမီဂရေးရှင်းက ထွက်မှာပေါ့" လို့ ပြောတော့ သူတို့က "ဟုတ်သားပဲ" ဆိုပြီး လက်ခံသွားပါတယ်။ (၁၅)မိနစ်လောက်ကြာတော့ လေကြောင်းလိုင်းအရာရှိတွေ ပြန်ရောက်လာပြီး "ငါတို့ ကာတာအဲယားလိုင်းဌာနချုပ်က မင်းခုနကပြောသလို လေဆိပ်ထဲမှာနေပြီး ညသန်းခေါင်ကျော်မှ ထွက်မယ်ဆိုတာကို လက်မခံဘူးတဲ့၊ ဘာလို့လည်းဆိုတော့ အီမီဂရေးရှင်းက မင်း လေယာဉ်ဆိုက်တဲ့အချိန်ကိုသိပြီး ည(၁၂)နာရီကျော်မှ ဘာလို့ထွက်တာလဲ ဆိုတာမေးရင် မင်းဒုက္ခရောက်မယ်၊ မင်းလိုက်လာတဲ့ ငါတို့အဲယားလိုင်းလည်း ပြဿနာဖြစ်လိမ့်မယ်။ ဒါကြောင့် မင်း နောက်နေ့မှလိုက်ပါ၊ ငါတို့ အခု မင်းရဲ့ ဘက်ဂိတ်ချိတွေ လေယာဉ်ပေါ်က ပြန်ချနေပြီ" လို့ ပြောပါတယ်။ ကျွန်တော့်ခရီးစဉ်ကစောနေပြီး ဗီဇာသုံးခွင့်မရသေးလို့ ဘန်ကောက်-မီလန် ကာတာလေယာဉ်ပေါ်က ပစ္စည်းတွေ ပြန်ချခံရပြီး ကာတာလေယာဉ်ကြီးကို မစီးလိုက်ရတဲ့ ကိုယ်တွေ့ဖြစ်ရပ်မှန်ပါ။ ဒါကြောင့် ဗီဇာရပြီဆိုတာနဲ့ ဒီဗီဇာကို ဘယ်နေ့ကနေ ဘယ်နေ့စသုံးခွင့်ရှိပြီး ဘယ်နေ့အထိပဲသုံးလို့ရတယ်ဆိုတာကို အရင်ဆုံး စကြည့်ရပါမယ်ဆိုတာ သတိပေးပြောပြချင်ပါတယ်။

(နောက်လမှာ ဗီဇာအကြောင်း ဆက်ရေးသွားပါမယ်။)

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဒင်မောင်ဝင်း (အသည်း)






VISA
UNITED STATES OF AMERICA
Issuing Post Name
RANGOON
Control Number
20082841680001
Surname
WIN
Given Name
KHIN MAUNG
OCT 21 2008
Visa Type /Class
R B1
Passport Number
A252290
Sex
M
Birth Date
11JAN1949
Nationality
BURM
Entries
1
Issue Date
16OCT2008
Expiration Date
09JAN2009
1010
Annotation
59TH ANNUAL MEETING FOR AASLD
SAN FRANCISCO, CA
31OCT2008 TO 04NOV2008
89741887
*
VNUSAWIN<<KHIN<MAUNG<<<<<<<<<<<<<<<<<<<<<<<<
A252290<<0MMR4901116M0901093B1RNG00H9E032740

Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင် (အပိုင်း - ၄၁)

မလေးရှားခရီးစဉ်(အဆက်)

၂၀၀၈ ခုနှစ် အောက်တိုဘာလ (၃၁)ရက်နေ့မှာ ကျင်းပတဲ့ အမေရိကန်အသည်းရောဂါအဖွဲ့ (၅၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသွားရင်းနဲ့ စင်္ကာပူကနေ မလေးရှားနိုင်ငံကို သွားလည်တဲ့ အကြောင်း ပြောပြမယ်ဆိုပြီး စလိုက်တာကနေ ရန်ကုန် အမေရိကန်ခရီးစဉ်ရဲ့ ပထမဆုံးအဆင်ဖြစ်တဲ့ ရန်ကုန်အမေရိကန်ဗီဇာရပြီးတဲ့နောက် ဗီဇာစာရွက်ပေါ်မှာ ပါတဲ့ အချက်အလက်တွေကို ကြည့်သင့်တဲ့ အကြောင်းရေးနေပါတယ်။

ဗီဇာ (အဆက်)

ပြီးခဲ့တဲ့လက ဗီဇာရပြီဆိုတာနဲ့ ကိုယ့်ရဲ့ပါတ်စ်ပို့မှာ ကပ်ပေးထားတဲ့ ဗီဇာစာရွက်လေးပေါ်မှာပါတဲ့ အချက်အလက်တွေကို သေချာဖတ်ကြည့်ထားသင့်တယ်ဆိုတဲ့ အကြောင်း ပြောရင်းကနေ ဗီဇာကုန်ဆုံးရက် visa expiration date အကြောင်းပြောခဲ့ပါတယ်။

အခုတစ်ပတ်ဆက်ပြောချင်တာကတော့ ဗီဇာပေါ်မှာ ဗီဇာပေးတဲ့နိုင်ငံကနေ သူ့နိုင်ငံကို ဘယ်နှစ်ကြိမ် ဝင်ခွင့်ပေးတယ်ဆိုတာကို ဂရုတစိုက်ကြည့်ရပါမယ်။ ကျွန်တော့်ရဲ့အမေရိကန် ဗီဇာပေါ်မှာ Entries (ဝင်ခွင့်) ကို တစ်ကြိမ်လို့ပဲ ရေးထားပါတယ်။ ဆိုလိုတာက ဒီဗီဇာကိုသုံးပြီး အမေရိကန် နိုင်ငံထဲကို တစ်ခါဝင်ပြီးရင် နောက်ထပ်ဒီဗီဇာကို သုံးလို့မရတော့ပါဘူး။

ဒီလိုနိုင်ငံတစ်နိုင်ငံက ဝင်ခွင့်ဗီဇာတွေထဲမှာ ဘယ်နှစ်ကြိမ် ဝင်ခွင့်ပေးတယ်ဆိုတာမှာ တစ်ကြိမ်၊ နှစ်ကြိမ်၊ အကြိမ်ကြိမ်ဝင်ခွင့်ဆိုပြီး ဝင်ခွင့် (၃)မျိုးရှိပါတယ်။ နိုင်ငံထဲကိုဝင်ခွင့် ဒီလိုသုံးမျိုးရှိတာကို

- Single entry (တစ်ကြိမ်ဝင်ခွင့်)
- Double entry (နှစ်ကြိမ်ဝင်ခွင့်)
- Multiple entry (အကြိမ်ကြိမ်ဝင်ခွင့်)ဆိုပြီး ခေါ်ဝေါ်သုံးစွဲလေ့ရှိပါတယ်။

ကြုံတုန်းပြောရမယ်ဆိုရင် ဒီလိုဝင်ခွင့်တွေကို ကြည့်ရမယ်၊ ဗီဇာကို သုံးစွဲခွင့်သက်တမ်း ဆိုတာဟာ ဗီဇာပေးတဲ့နိုင်ငံမှာ ဘယ်လောက်နေခွင့်ပေးတယ်ဆိုတာနဲ့ မဆိုင်သေးပါဘူး။ ဗီဇာပေးတဲ့နိုင်ငံမှာ ဘယ်လောက်နေထိုင်ခွင့် ပေးတယ်ဆိုတာကို တချို့သံရုံးတွေက ဗီဇာပေါ်မှာ တစ်ခါတည်း ရေးပေး

လိုက်ပါတယ်။ ဥပမာ စက်ပူနိုင်ငံကို အကြိမ်ကြိမ်သွားဖူးတဲ့ တချို့လူတွေဆိုရင် ဗီဇာလျှောက်လိုက်ရင် အကြိမ်ကြိမ်ဝင်ခွင့်တစ်နှစ် (multiple re-entry visa one year) ဆိုပြီး ပေးလိုက်ပါတယ်။ ဒါပေမယ့် များသောအားဖြင့်တော့ နင်ငံတော်တော်များများဟာ ဗီဇာပေးတဲ့အထဲမှာ ဘယ်နှစ်ကြိမ်ဝင်ခွင့် ပြုလိုက်သည် ဆိုတာပဲရေးပေးပါတယ်။ အဲဒီနိုင်ငံမှာ ဘယ်လောက်နေရမယ်ဆိုတာကိုတော့ ထည့်ရေးပေးမထားပဲ လေဆိပ်ရောက်မှ လေဆိပ်အဝင် အီမီဂရေးရှင်း ကောင်တာမှာ လူဝင်မှုကြီးကြပ်ရေးအရာရှိက သူ့ဘာသာသူ ဆုံးဖြတ်ပြီး အဲဒီနိုင်ငံမှာ ဘယ်လောက်နေခွင့်ဗီဇာ ပေးလိုက်တယ်ဆိုတာကို တံဆိပ်တုံး ထုပြီး ရေးပေး လိုက်ပါတယ်။

ဥပမာပြောရမယ်ဆိုရင် ကျွန်တော်နှစ်စဉ်သွားတက်နေကြ နှစ်ပတ်လည် အမေရိကန် အသည်းရောဂါအဖွဲ့အစည်းအဝေး တစ်ပတ်လောက်သွားတက်တယ်ဆိုရင် အမေရိကန်လေဆိပ်ရောက်တာနဲ့ အီမီဂရေးရှင်း အရာရှိက နှုတ်ဆက်စကားပြော၊ ဟိုမေးဒီမေး မေးပြီးရင် အမေရိကန်မှာ နေထိုင်ခွင့် ဗီဇာကို (၁)လလောက် ပေးလေ့ရှိပါတယ်။ တချို့အရာရှိရောက်တော့လည်း (၃)လပေးပါတယ်။ ဒါပေမယ့် (၂၀၀၈)ခုနှစ် ဇန်နဝါရီလက ကျွန်တော့်သားလေး အမေရိကန်မှာ ကျောင်းတက်တာ လိုက်ပို့တော့ အီမီဂရေးရင်းအရာရှိက မေးစရာတေ မေးမြန်းပြီးတော့ "မင်း အမေရိကန်မှာ ဘယ်လောက်နေမလဲ" လို့ မေးပါတယ်။ ကျွန်တော်က "နှစ်ပတ်နေမယ်" လို့ ပြောလိုက်တော့ သူက နောက်နောက်ပြောင်ပြောင်နဲ့ "မရဘူး၊ မင်း (၆)လနေရမယ်" ဆိုပြီး အမေရိကန်မှာ (၆)လနေထိုင်ခွင့် ဗီဇာကို ပေးလိုက်ပါတယ်။ စက်ပူသွားသွား၊ ဟောင်ကောင်သွားသွား ဒီလိုပါပဲ လေဆိပ်အဝင်ရောက်မှ သူတို့ပေးချင်သလောက် နေထိုင်ခွင့်ဗီဇာကို ပေးတာပါ။

ဗီဇာတွေအကြောင်းပြောရင်းကနေ အခုခေတ်မှာ တိုးတက်ပြောင်းလွဲလာတဲ့ e.visa ဆိုတဲ့ အကြောင်းကို ပြောချင်ပါတယ်။ အခုခေတ်က e လို့ ခေါ်တဲ့ အီလက်ထရောနစ် (electronic) ခေတ်ဆိုတော့ e နဲ့ ပို့တဲ့စာကို အီးမေးလ် email ၊ e နဲ့ ဝယ်တဲ့ လေယာဉ်လက်မှတ်ကို အီးတိကဒ် e ticket၊ e နဲ့ ပေးတဲ့ ဗီဇာကို e - visa ပေါ့။ e - visa ရဲ့ နမူနာတစ်ခုကို ပြောရမယ်ဆိုရင် ရန်ကုန် ထရိတ်ဒါးဟော်တယ်မှာ ရှိတဲ့ နီကိုးခရီးသွားလုပ်ငန်း (Niko Travels and Tours) မှာ သွားပြီး စက်ပူသွားဖို့ လေယာဉ်လက်မှတ် ဝယ်တယ်ဆိုရင် စက်ပူဗီဇာကို e-visa ယူပေးပါတယ်။ ကိုယ့်ဘာသာကိုယ် စက်ပူဗီဇာ လျှောက်မယ်ဆိုရင် စက်ပူသံရုံးကို သွားပြီး ဗီဇာပုံစံတွေကို တောင်း၊ ပုံစံတွေကို ဖြည့်၊ အဲဒီပုံစံထဲမှာ တောင်းထားတဲ့ အချက်အလက်တွေနဲ့ ကိုက်ညီအောင်ပြင်ဆင်ရပါတယ်။ သံရုံးက တောင်းတဲ့ အထောက်အထားတွေကိုလည်း ပေးရပါမယ်။ ပြီးတော့ ပုံစံတွေဖြည့်တာ ပြည့်စုံလား၊ ၊ တောင်းထားတဲ့ စာရွက်တွေစုံပြီလား ဆိုတာ ဟိုလူမေး၊ ဒီလူမေး လိုက်ပြီးမေးရပါမယ်။ နောက်ဆုံး အားလုံးစုံတော့မှ မနက်အစောကြီးထပြီး သံရုံးရှေ့မှာ သွားပြီး တန်းစီရပါမယ်။ အမိုးအကာမရှိ၊ ပလက်ဖောင်းပေါ်မှာ နေပူ၊ မိုးရွာမရွာငှာ တန်းစီရမှာပါ။ အဲလို တန်းစီပြီး ဗီဇာဝင်တော့မှတစ်ခါ တစ်ခုခုလိုတယ်ဆိုရင် နောက်တစ်နေ့ပြန်သွားရပါလိမ့်မယ်။ တကယ်လို့

စုံတယ်ဆိုရင် နောက်တစ်ရက်ပြန်လာပါဆိုပြီး ရက်ချိန်းပေးပါလိမ့်မယ်။ အဲတော့မှ တစ်ခါသွားပြီး ဗီဇာထုပြီးသား ပတ်စ်ပို့စာအုပ်လေးကို သွားယူရပါမယ်။ အဲလို ဟိုဒီ လွန်းထိုးသွားနေရာတာနဲ့ကို တစ်နေရာကတစ်နေရာကို သွားရတဲ့ တက္ကစီဖိုးက အတော်ကို ကျသွားမှာပါ။ ပိုဆိုးတာက မလုပ်တတ်၊ မကိုင်တတ် တောင်လုပ်၊ မြောက်လုပ် တော်တော်လည်း စိတ်မောရပါတယ်။

e-visa ရောက်တော့ နီကို (NIKO)လို စက်ပူ e-visa လုပ်ပေးတဲ့ လက်မှတ်အရောင်းဌာနတစ်ခုခုကို သွားပြီး လက်မှတ်ဝယ်လိုက်တာနဲ့ e-visa လိုချင်ပါတယ်လို့ ပြောလိုက်ရင် e-visa ကိုယူပေးပါလိမ့်မယ်။ အဲလို လက်မှတ်အရောင်းဌာန (air ticketing office) ကနေပြီး လက်မှတ်ဝယ်တဲ့ သူဆီက လိုအပ်တဲ့ အချက်အလက်တွေကို တောင်းပါလိမ့်မယ်။ ပြီးတော့ အင်တာနက်ကနေ visa ကို အွန်လိုင်း (online) လျှောက်ပေးတာပါ။ (၃)ရက်ကြာရင် အီးဗီဇာရပါတယ်။ အဲလို e-visa လုပ်ပေးခ ၆၅ ဒေါ်လာယူပါတယ်။ သံရုံးမှာ ကိုယ်တိုင်ဗီဇာသွားလျှောက်တော့ ဗီဇာခ (visa fees) ဒေါ်လာ ၂၀၀ ပေးရပါတယ်။ အဲတော့ e-visa ယူခက ရိုးရိုးဗီဇာလျှောက်တာထက် ၄၅ ဒေါ်လာ ပိုပါတယ်။ e-visa လုပ်ပေးနိုင်တဲ့ အဲယားတိကက်တင်း (Air Ticketing) ဌာနကနေ e-visa လျှောက်တာဟာ သံရုံးမှာ ဗီဇာလျှောက်တာထက် ၄၅ဒေါ်လာတောင် ပိုတယ်၊ စျေးအများကြီး ကြီးတယ်လို့ ထင်ရပေမယ့် တကယ်တမ်း သေချာတွက်ကြည့်မယ်ဆိုရင် e-visa ယူတာက လုပ်ရကိုင်ရတာ သက်သာတယ်၊ စိတ်မမောရဘူး။ သံရုံးကို ဗီဇာလျှောက်ဖို့သွားရ လာရ၊ တက္ကစီခတွေကို တွက်ကြည့်လိုက်မယ်ဆိုရင်လည်း e-visa က စရိတ်စက အများကြီး ပိုသက်သာမှာပါ။

အဲလို ယူလို့ရတဲ့ စက်ပူ e-Visa တစ်ရွက်ကို နမူနာ ပြထားပါတယ်။ စက်ပူ e-Visa ကို တစ်ကြောင်းစီ မြန်မာလိုဘာသာပြန်ပြီး ရှင်းပြပါရစေ။

e-Visa for Republic of Singapore

စက်ပူသမ္မတနိုင်ငံသို့ ဝင်ခွင့်အီးဗီဇာ

You are required to bring this paper e-Visa with you as the airline requires you to produce it for verification when you check-in.

မင်းဟာ ဒီအီး ဗီဇာစာရွက်ကို ယူလာဖို့ လိုပါလိမ့်မယ်။ လေကြောင်းလိုင်းမှာ မင်း ချက်ကင် လုပ်လို့ရှိရင် မင်းရဲ့ ဗီဇာ မှန်ကန်ကြောင်းစစ်ဆေးဖို့ ဒီစာရွက်လေးကို ထုတ်ပြဖို့ လိုပါလိမ့်မယ်။

e-Visa Number: AA0052217

အီးဗီဇာနံပါတ်

Name: MAUNG HLA AUNG

အမည်

Date of Birth:	21/08/1963
မွေးသက္ကရာဇ်	
Sex:	MALE
လိင် (ကျား/မ)	
Nationality:	MMR
နယ်ရှင်နယ်လတီ (လူမျိုး)	မြန်မာ
Travel Document Number:	678313

ခရီးသွားအထောက်အထားနံပါတ် ဆိုတာဟာ ပါတ်စ်ပို့နံပါတ်ကိုပဲခေါ်တာပါ။

Visa issue date:	20-FEB-2009
ဗီဇာ ထုတ်ပေးသည့် နေ့	
Visa expiry date:	24-APR-2009
ဗီဇာ ကုန်ဆုံးသည့် နေ့စွဲ	
Type of Visa:	MULTIPLE JOURNEY
ဗီဇာအမျိုးအစား	အကြိမ်ကြိမ်ဝင်ခွင့်
Period of Stay:	SHORT VISIT
နေထိုင်မည့် အချိန်ကာလ	ခရီးတို လာရောက်ခြင်း
Remarks:	Not Valid for Employment
မှတ်ချက်	အလုပ်လုပ်ရန် တရားမဝင်ပါ။
Visa Issuing Authority:	IMMIGRARTION & CHECKPOINTS AUTHORITY

ဗီဇာထုတ်ပေးသည့် အာဏာပိုင်အဖွဲ့အစည်း လူဝင်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန

You are required to bring this paper e-Visa with you as the airline requires you to produce it for verification when you check-in.

Important Note
This e-Visa is issued to you based on the information provided in the application VSC076725SA10482009 for which you have truthfully declared to be so or for which you had consented for a proxy to submit on your behalf and are fully aware off the information so provided by your authorised proxy.

မင်းရဲ့ဗီဇာလျှောက်လွှာ နံပါတ် VSC076725SA10482009 မှာပါတဲ့ အချက်အလက်တွေပေါ်မူတည်ပြီး ဒီအီးဗီဇာ ထုတ်ပေး တာပါ။ မင်းပေးထားတဲ့အချက်အလက်တွေဟာ မှန်ကန်ကြောင်း မင်းဝန်ခံထားတယ်။ ဒါမှမဟုတ် ဒီအချက်အလက်တွေကို မင်းရဲ့ ကိုယ်စား တင်ခိုင်းပြီး မင်းရဲ့ကိုယ်စားလှယ်တင်ပြချက်တွေကို မင်းသေချာသိပြီး ဖြစ်မယ်လို့ ယူဆပါတယ်။

အဲတော့ အီးဗီဇာဆိုတာဟာ ပတ်စ်ပို့ပေါ်မှာ ထုထားတာမဟုတ်ပါဘူး။ ဘားကုတ် (bar code) လို့ ခေါ်တဲ့ ကွန်ပြူတာသက်သေအတန်းလေးတွေပါပြီး အင်တာနက်က ထုတ်ယူရတဲ့ ခွင့်ပြုချက်စာရွက်ပါ။

အဲတော့ လေဆိပ်ဆင်းရင် ဒီစာရွက်လေးကို ကိုင်သွားရုံပဲ။ အဲယားလိုင်းကောင်တာမှာ ချက်ကင်လုပ်တာနဲ့ ဒီဗီဇာစာရွက်လေးကို ပြလိုက်ရုံပါပဲ။ အဲယားလိုင်းက ဘားကုတ်လေးကို ကွန်ပြူတာမှာ ပြပြီး စစ်လိုက်ရုံပါပဲ။

အီးဗီဇာရှိသလို လေယာဉ်လက်မှတ်မှာလည်း အီးတီးကက် e ticket ဆိုတာ ရှိပါတယ်။ အီးဗီဇာလိုပါပဲ စာရွက်လေးတစ်ရွက်ပေါ်မှာ ကိုယ့်နာမည်နဲ့ အီးတီးကက် နံပတ်လေးပဲ ပါပါတယ်။ လွန်ခဲ့တဲ့ (၅)နှစ်လောက်က ကျွန်တော့်ရဲ့ မိတ်ဆွေ ပြင်သစ်နိုင်ငံ ဘော်ဒိုးမြို့က ပြင်သစ်ပါမောက္ခ တစ်ယောက်က ကျွန်တော့်ကို သူ့ဌာနမှာ လက်ချာတစ်ခု လာပေးဖို့ ဖိတ်ပါတယ်။ အဲတော့ သူက ကျွန်တော့်ကို အသွားအပြန် လေယာဉ်လက်မှတ် ပို့လိုက်မယ်ဆိုပြီး e-mail နဲ့ နံပါတ်တစ်ခု ပို့လိုက်ပါတယ်။ သူကပြောပါတယ် "အဲဒါ မင်းရဲ့ အီးတီးကက် နံပါတ်ပဲ ၊ အဲဒီနံပါတ်ကို ပြပြီး အဲယားလိုင်းမှာ ချက်ကင်လုပ်လိုက်ရုံပဲ" တဲ့။ ကျွန်တော်တကယ်ခရီးသွားတော့ အဲယားလိုင်းမှာ ကျန်တော့်ပတ်စ်ပို့နဲ့ မိတ်ဆွေကြီးပို့ပေးလိုက်တဲ့ အီးတီးကက်လေးကို ပြလိုက်ရုံပဲ။ အဲယားလိုင်းကောင်တာက အမျိုးသမီးလေးတွေ ကျွန်တော့်နာမည်ကို ကွန်ပြူတာထဲ ရိုက်ထည့်လိုက်တာနဲ့ အီးတီးကက်နံပါတ်နဲ့ ခရီးစဉ်အားလုံး ပေါ်လာတော့တာပါ။ အဲလိုဆိုတော့ လက်မှတ်ပျောက်သွားမှာလည်း မကြောက်ရတော့ပါဘူး။ အီတီးကကနံပါတ်လေး မှတ်ထားရုံပဲ လိုပါတယ်။ လွန်ခဲ့တဲ့(၄)နှစ်လောက်က ကျွန်တော် အမေရိကန်နိုင်ငံ ဘော်စတွန်ကို သွားတော့ အဲယားလိုင်းကောင်တာမှာ ခရီးသည်တွေ လိုင်းနှစ်လိုင်း စီရပါတယ်။ ဘယ်လိုလိုင်းတွေလည်းဆိုတော့ အီးတီးကက်လိုင်းနဲ့ ပေပါတီးကက် (paper ticket)လိုင်းပေါ့။ ပေပါတီးကက်ဆိုတာက ကျွန်တော်တို့ သမားရိုးကျ တွေ့နေကျ စက္ကူနဲ့လုပ်ထားတဲ့ လေယာဉ်လက်မှတ်ပေါ့။ ဒီဆောင်းပါးရေးရင်းနဲ့ နီကိုး (NIKO) တီးကက်တင်းက အမျိုးသမီးတာဝန်ခံ ရင်ရင်စိုးကို လေယာဉ်လက်မှတ်ဝယ်ရင် အီးတီးကက်နဲ့ ပေပါတီးကက် ဈေးဘယ်လိုကွာလည်းလို့ ကျွန်တော လှမ်းမေးလိုက်ပါတယ်။ သူက "ဆရာကြီး အခုတော့ ကျွန်မတို့ တီးကက်တင်းဌာနက လေယာဉ်လက်မှတ်ဝယ်တဲ့သူတိုင်းကို အီးတီးကက်တွေပဲ ထုတ်ပေးတယ်။ ပေပါတီးကက်ဆိုတာ မရောင်းတော့ပါဘူး" လို့ ပြန်ပြောပါတယ်။ ခေတ်တွေပြောင်းကုန်တော့ အစစအရာရာ အကုန်လုံး အီး (e) တွေဖြစ်ကုန်တာကိုး။

မလေးရှားသွားတဲ့ ခရီးစဉ်အကြောင်းရေးဖို့ နိဒါန်းပျိုးလိုက်တာ စိတ်ကူးတွေလွင့်ပြီး ရောက်ချင်ရာကိုရောက်၊ ပြောချင်ရာတွေ ပြောမိနေပါတယ်။ အဲလို လွင့်ပြန့်အတွေးတွေကို ရေးလကစနဲ့ မထူးတော့ပါဘူး ဆက်ပြီး စိတ်ကူးရောက်ရာ မြန်မာလူငယ်တွေ သိသင့်တာတွေ ဆက်ပြောပါဦးမယ်။ အီး (e) အကြောင်းပြောရမယ်ဆိုရင် ဩစတေးလျား၊ အမေရိကန် စတဲ့ အနောက်နိုင်ငံကြီးတွေမှာ ဈေးဝယ်တာဟာ စူပါမားကတ်ကြီးတွေထဲမှာ ယောင်လည်ယောင်လည်နဲ့ တစ်နာရီလောက်ကြာအောင် လျှောက်သွားပြီး ဝယ်ကြတော့တာ မဟုတ်ဘူး။ အင်တာနက်ကနေ အီးစနစ်နဲ့ပဲ အော်ဒါ (order) လုပ်ပြီး ဝယ်ကြတာပါ။ ဒီလို e (အီး) စနစ်နဲ့သမားရိုးကျ အင်တာနက် ရှော့ပင်လုပ်နေရာကနေ တစ်ဆင့်တက်ပြီး e (အီး) နဲ့

ဈေးဝယ်တာ ရိုးရိုးမဝယ်တော့ပဲ လေလံပစ်ပြီး ရောင်းတာတွေကို e (အီး)နဲ့ အပြိုင်အဆိုင် ဝယ်ကြတဲ့အဆင့်ကို ရောက်နေပါပြီ။ ဩစတေးလျားက ကျွန်တော့်မိတ်ဆွေကြီး မစ္စတာခန်းနားဆိုရင် ဘာဝယ်ဝယ် အင်တာနက် ကနေပြီးတော့ ဈေးပြိုင်ပေး အော့ပ်ရှင် (Auction) စနစ်နဲ့ ဝယ်ပါတယ်။ အင်တာနက်ကနေ e (အီး) စနစ်နဲ့ ဈေးပြိုင်ရောင်းတာဟာ ဩစတေးလျားမှာ သိပ်ခေတ်စားတယ်လို့ မစ္စတာခန်းနားက ပြောပါတယ်။ ဘယ်လိုဈေးပြိုင်ရောင်းတာလည်းဆိုတာ သူက နမူနာပြောပါတယ်။ သူကကျွန်တော့်အတွက် ဂေါက်တွန်း လှည်းလေးတစ်ခုဝယ်ဖို့ အင်တာနက်မှာ သွားတွေ့ပါတယ်။ ရောင်းတဲ့ဆိုင်က ဈေးပြိုင်စနစ်နဲ့ အနိမ့်ဆုံးဈေးသတ်မှတ်ပြီး ဈေးခေါ်ထားပါတယ်။ ပြောရမယ်ဆိုရင်တော့ လေလံတင်တာပဲပေါ့။ အဲဒါနဲ့ သူကကြည့်လိုက်တော့ လူတစ်ယောက်က ဒေါ်လာ(၉၀)ပေးထားတယ်တဲ့။ ဒါနဲ့ သူက (၁၂၀) ပေးလိုက် တယ်တဲ့။ နောက်နေ့ အင်တာနက်မှာ ပြန်ကြည့်လိုက်တော့ နောက်လူတစ်ယောက်က (၁၃၀) ပေးထားတယ်တဲ့။ ဒါနဲ့ သူလည်း ကိစ္စပြတ်သွားအောင် ဒေါ်လာ(၂၀၀) ထိပေးချလိုက်တော့ နောက်တစ်ရက် (၂၄)နာရီကျော်တဲ့အထိ ဈေးလိုက်ပြိုင်တဲ့ လူပေါ်မလာတော့ဘူး။ အဲဒီမှာတင် ရောင်းတဲ့ဆိုင်က သူ့ကို ရောင်းလိုက်တယ် လို့ ပြောတော့ သူက အင်တာနက်ကနေ (e) စနစ်နဲ့ သူ့ရဲ့ ဘဏ်နံပါတ်၊ ခရက်ဒစ်ကဒ်နံပါတ်ကို သုံးပြီး ငွေချေလိုက်ပါတယ်တဲ့။ ပြီးတော့မှ နောက်တစ်နေ့ အဲဒီဆင်ကို သွားပြီးပစ္စည်းယူလိုက်ပါတယ်တဲ့။ အဲလို ဈေးပြိုင်နဲ့ ပစ္စည်းဝယ်ရတာဟာ ပုံမှန်ဆိုင်မှာ သွားဝယ်တာထက် ဈေးသက်သာပါတယ်တဲ့။ ဒါကြောင့် သူတို့ကတော့ ဒေါ်လာ လေးငါးဆယ်တန် ပစ္စည်းကိုလည်း ဈေးပြိုင်ရောင်းတဲ့ ဆိုင်တွေက ဝယ်လေ့ရှိတယ်တဲ့။

တော်တော်ကို ပြောင်းလွဲနေတဲ့ ခေတ်ကြီးပါ။ ဒါကြောင့်လိုက်လို့ မမီအောင်ကို တစ်နေ့နဲ့တစ်နေ့ မတူအောင်ပြောင်းနေတဲ့ ဒီနေ့ခေတ် ဒီနေ့ကာလကြီးမှာ မြန်မာလူငယ်တွေ ခေတနဲ့အညီ ရင်ဘောင်တန်းလိုက်နိုင်ဖို့၊ သွားလာပေါင်းသင်း ဆက်ဆံနိုင်ဖို့အတွက် ကျွန်တော်သိထားတဲ့ အချက်အလက်တွေအားလုံးကို ပြောချင်ဇောနဲ့ ရေးလိုက်တော့ အကြောင်းအရာတွေ ရောက်ချင်ရာရောက်သွားတာကို ခွင့်လွှတ်ပါ။

မြန်မာလူငယ်တွေ တိုးတက်အောင်မြင်ကြီးပွားပါစေ။

(နောက်လဆက်ဖတ်ပါရန်)

ပါမောက္ခဒေါက်တာမောင်ဝင်း (အသည်း)

e-Visa for Republic of Singapore

You are required to bring this paper e-Visa with you as the airline requires you to produce it for verification when you check-in.

e-Visa Number:	AA0052217
Name:	MAUNG HLA AUNG
Date of Birth:	21/08/1963
Sex:	MALE
Nationality:	MMR
Travel Document Number:	678313
Visa issue date:	20-FEB-2009
Visa expiry date:	24-APR-2009
Type of Visa:	MULTIPLE JOURNEY
Period of Stay:	SHORT VISIT
Remarks:	Not Valid for Employment
Visa Issuing Authority:	IMMIGRATION & CHECKPOINTS AUTHORITY



You are required to bring this paper e-Visa with you as the airline requires you to produce it for verification when you check-in.

Important Note

This e-Visa is issued to you based on the information provided in the application VSC076725SA10482009 for which you have truthfully declared to be so or for which you had consented for a proxy to submit on your behalf and are fully aware of the information so provided by your authorised proxy.



Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင် (အပိုင်း - ၄၂)

မလေးရှားခရီးစဉ်(အဆက်)

၂၀၀၈ ခုနှစ် အောက်တိုဘာလ (၃၁)ရက်နေ့မှာ ကျင်းပတဲ့ အမေရိကန်အသည်းရောဂါအဖွဲ့ (၅၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသွားရင်းနဲ့ စက််ပူကနေ မလေးရှားနိုင်ငံကို သွားလည်တဲ့ အကြောင်း ပြောပြမယ်ဆိုပြီး စလိုက်တာ ရန်ကုန် အမေရိကန်ခရီးစဉ်ရဲ့ ပထမဆုံးအဆင်ဖြစ်တဲ့ ရန်ကုန်မှာ အမေရိကန်ဗီဇာလျှောက်တာကနေ ဗီဇာရသွားတဲ့အထိ ရေးပြီးပါပြီ။

မလေးရှားအပန်းဖြေခရီးစဉ်

အမေရိကန်ဗီဇာရပြီဆိုတာနဲ့ စက််ပူက သမီးကြီးမင်းမင်းဝင်း သိပ်ကိုပျော်သွားပြီး "အဖေကြားရေ သမီးတို့ မလေးရှားက တီအိုမင်ကျွန်း (Tioman Island) ကို သွားလည်ကြမယ်နော်။ အဲဒီခရီးစဉ် ဟိုတယ် ဘွတ်ကင်တွေ ကွန်ဖန်း (confirm) လုပ်လိုက်တော့မယ်" လို့ ပြောပါတယ်။ ကျနတော်က တစ်ကမ္ဘာလုံး ဘယ်ကိုပဲသွားသွား သမီးတွေရှိတဲ့ စက််ပူကိုတော့ မဝင်မဖြစ်အမြဲဝင်ရပါတယ်။ ဒီတစ်ခေါက်တော့ ကျွန်တော် အမေရိကန်အသွားမှာ တနလ်ာနေ့ စက််ပူမှာ ရုံးပိတ်ရက်နဲ့ ကြုံနေတော့ သမီးတွေ စနေ၊ တနဂ်နွေ၊ တနလ်ာ (၃)ရက် ပိတ်တာနဲ့ ဆုံနေပါတယ်။ အဲတော့ သမီးတွေက အဲလို အခွင့်အရေး ကြုံတုန်း ကျွန်တော်ကို အမေရိကန်ဆက်မသွားခင် စက််ပူမှာ ခဏဝင်ခိုင်းပြီး သူတို့နဲ့အတူမလေးရှားဘက်ကို လျှောက်လည်ကြဖို့ စီစဉ်နေတာပါ။

ကျွန်တော်ကလည်း အဲလို စက််ပူနိုင်ငံရောက်တုန်းသမီးတွေနဲ့ တွေ့ရတာ သိပ်ပျော်ပါတယ်။ ဒါပေမယ့် တစ်နေ့တစ်နေ့ကို လူနာ အများကြီး ကြည့်နေတာဆိုတော့ ရန်ကုန်ကနေ အကြာကြီးခွာပြီး နိုင်ငံခြားကို မသွားချင်ဘူး။ ကျွန်တော့် လူနာတေကို အကြာကြီးထားပစ်ခဲ့ရတာ စိတ်ထဲမှာ တမျိုးကြီးခံစားရပါတယ်။ ကျွန်တော့်မှာ အဲလို လူနာတွေကို ထားခဲ့ရမယ့် အခက်အခဲရှိပေမယ့်လည်း သမီးတွေကလည်း နိုင်ငံခြားလာတုန်းလေး တွေ့ရတဲ့ သူတို့အဖေကို သူတို့နဲ့ နေနိုင်သရွေ့ ကြာကြာနေစေချင်တာပေါ့။ သမီးကြီးက "အဖေကြီးရယ် အဖေကြီးမှာလည်း တစ်နှစ်လုံး တကုန်းကုန်းနဲ့ အလုပ်လုပ်ရတာ သိပ်ပင်ပန်းတာ၊ တစ်ခါတလေလေး နိုင်ငံခြားရောက်တုန်း အနားယူ အပန်းဖြေ ခရီးထွက်ပါဦး၊ အဖေကြီး အမေရိကန်သွားတယ်၊ ပဲရစ်သွားတယ်ဆိုတာတွေကလည်း အစည်းအဝေးတွေ သွားတာလေ၊ အလုပ်တွေလုပ်နေတာလေ၊ အဖေ့မှာ အဲလိုသွားလို့ နားရတာမဟုတ်ဘူး။ မြန်မာပြည်မှာလည်း မနားရ၊ နိုင်ငံခြားမှာလည်း မနားရ၊ တစ်ချိန်လုံး အလုပ်တွေချည်း လုပ်နေတာကိုး။ တစ်ခါတလေလေး သံယောဇဉ်တွေ အကုန်ဖြတ်၊ သမီးတို့နဲ့ လိုက်ပြီး တီအိုမင်အိုင်းလန်းကို ဟောလီးဒေးသွားရအောင်၊

သမီးတို့က မနှစ်က ဖိုးသားလေး လာတုန်းက အဲဒီကိုသွားဖူးတယ်၊ သိပ်ကောင်းတာ၊ ကမ်းစပ်တွေကလည်းလှ၊ ရေကလည်း ကြည်နေတာ၊ ပြီးတော့ အဖေကြီးကို ပြောရဦးမယ်၊ တီအိုမင်အိုင်းလန်းမှာ စနော့ကယ်လင်း (Snorkelling) လုပ်ရတာ သိပ်ကောင်းတာ" လို့ ပြောပါတယ်။ သမီးတွေက ကျွန်တော့်ကိုတင် မကဘူး၊ ကျွန်တော့်ဇနီး သူတို့ရဲ့အမေ ဒေါက်တာခင်လေးရီကိုပါ ဒီခရီးစဉ်ကို လိုက်လာစေချင်တာပါ။

<u>စနော့ကယ်လင်း (Snorkelling)</u>

သမီးတွေဟာ တီအိုမင်အိုင်းလန်းမှာ စနော့ကယ်လ် snorkel လုပ်ရတာကို သိပ်သဘောကျနေပုံပေါ်ပါတယ်။ စနော့ကယ်လ် လုပ်တယ်ဆိုတာကတော့ မျက်လုံးနဲ့ ပါးစပ်ကို အလုံပိတ်ထားပြီး ပါးစပ်နဲ့အသက်ရှူလို့ရတဲ့ ရေပေါ်ကို ပေါ်နေတဲ့ ပိုက်လေးတစ်ခုကို ငုံထားပြီး ရေကူးရပါတယ်။ အဲလို ပိုက်လေးကိုငုံထားလိုက်ပြီး ပိုက်လေးကတဆင့် ပါးစပ်နဲ့ အသက်ရှူပြီးတော့မှ ရေကူးပြီးရေအောက်တစ်ခွင်ကို ကြည့်တာကို စနော့ကယ်လ်လုပ်တယ်လို့ ပြောတာပါ။ ဂျာမန်စကား Schnorchel ဆိုတာကနေ ဆင်းသက်လာပြီး (၁၉၄၀)ခုနှစ် ပတ်ဝန်းကျင်လောက်မှာစပြီး သုံးလာတဲ့ စကားလုံးပါ။ ရေကူးရင်း အသက်ရှူလို့ရတဲ့ ပြွန်လေးလို့အဓိပ္ပါယ်ရပါတယ်။

<u>တီအိုမင်ခရီးစဉ်ပြင်ဆင်</u>

ကျွန်တော် အမေရိကန်ဗီဇာရပြီဆိုကတည်းက စလိုက်တဲ့ တီအိုမင်ခရီးစဉ်ပြင်ဆင်မှုတွေက တော်တော်ကို များပါတယ်။ ပထမဆုံး သမီးကြီး မင်းမင်းဝင်း၊ သမီးကြီးရဲ့အမျိုးသား မိုးဇော်ဟိန်း၊ သမီးလေး နှင်းနှင်းဝင်း၊ သူရဲ့ boy friend သူ့သူငယ်ချင်း ဇေယျာ၊ ကျွန်တော်၊ ကျွန်တော့်ဇနီး ဒေါက်တာခင်လေးရီတို့ အားလုံးအတွက် တီအိုမင်အိုင်းလန်းက ဟိုတယ်ကြီးတစ်ခုမှာ အခန်းလေးခန်း ဘွတ်ကင်လုပ်ရပါတယ်။ ကျွန်တော်နဲ့ဇနီးက တစ်ခန်း၊ သမီးကြီးနဲ့ သ့အမျိုးသားက တစ်ခန်း၊ သမီးလေးက တစ်ခန်း၊ သူ့သူငယ်ချင်း ဇေယျာကတစ်ခန်း စုစုပေါင်း (၄)ခန်းပေါ့။ ဟိုတယ် ဘွတ်ကင်လုပ်ကတည်းက တကယ်လို့ ဟိုတယ်မတည်းဖြစ်ရင်၊ ဟိုတယ်ကို မတည်းဖြစ်တဲ့အတွက် ဘယ်လောက် လျော်ရမယ်ဆိုတာ သတ်မှတ်ပြီး စည်းကမ်းချက်အနေနဲ့ ရေးထားပြီးသားပါပါတယ်။

<u>အင်တာနက်နဲ့ခရက်ဒစ်ကဒ်</u>

ဒါနဲ့ သမီးကြီး အင်တာနက်ကနေ ဟိုတယ်ဘွတ်ကင်လုပ်လိုက်ပါတယ်။ သမီးကြီးက သူ့ရဲ့ ခရက်ဒစ်ကဒ် နံပါတ်ကို ပေးပြီး ဘွတ်ကင်လုပ်ရတယ်လို့ ပြောပါတယ်။ အင်တာနက်မှာ ဟိုတယ်ဘွတ်ကင်ကို ကွန်ဖန်းလုပ်ပြီး O.K. လို့နှိပ်လိုကတာနဲ့ သူ့ကဒ်ထဲက ပိုက်ဆံကို တစ်ခါတည်း နှုတ်ယူသွားပါတော့တယ်လို့ သမီးကြီးက ပြောပါတယ်။ အခုခေတ်မှာတော့ လေယာဉ်လက်မှတ်ဝယ်တာ၊ ဟိုတယ်

ဘွတ်ကင်လုပ်တာ၊ စျေးဝယ်တာ အားလုံးကို အင်တာနက်ကပဲ ခရက်ဒစ်ကဒ်နဲ့ ဝယ်လေ့ရှိကြပါတယ်။ ဒီနေရာမှာ သတိပေးစရာတစ်ခုတော့ ရှိပါတယ်။ အဲဒါကတော့ ဒီလို ခရက်ဒစ်ကဒ်နံပါတ်ကို အင်တာနက်မှာ သုံးတဲ့အခါ အင်တာနက်ထဲမှာ သူခိုးအန္တရာယ်ရှိပါတယ်။ အင်တာနက်ထဲမှာ သူများရဲ့ e-mail တွေ စာသွားစာလာတွေထဲကနေ ခရက်ဒစ်ကဒ်နံပါတ်တွေကို ခိုးယူပြီး အဲဒီနံပါတ်နဲ့ ပိုက်ဆံတွေ သုံးပစ်တတ်ပါတယ်။ အဲလို ကွန်ပျူတာတွေထဲကနေ ခိုးယူသုံးစွဲတာကို ဟက် (hack) လုပ်တယ်လို့ ခေါ်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ အတွေ့အကြုံတစ်ခုကို ပြောရမယ်ဆိုရင် ပြီးခဲ့တဲ့အပတ်က ကျွန်တော့်သားလေး ထူးခိုင်ဝင်း အမေရိကန်နိုင်ငံ LA က စားသောက်ဆိုင်တစ်ဆိုင်မှာ ညစာစားပြီး ပိုက်ဆံကို သူ့ရဲ့ Bank of America Visa Card ခရက်ဒစ်ကဒ်နဲ့ပေးတော့ ဆိုင်က လက်မခံဘူး။ "မင်း ဒီနေ့ ဒေါ်လာ (၂၀၀၀) သုံးထားပြီးပြီ၊ နောက်ထပ်သုံးလို့ မရတော့ဘူး"တဲ့။ ဒါနဲ့ သားလေးက နောက်တစ်နေ့ သူ့ဘဏ် ကိုသွားပြီး သူ ဒေါ်လာ (၂၀၀၀) လုံးဝမသုံးတဲ့အကြောင်းပြောတော့ ဘဏ်က စစ်လိုက်တဲ့အခါ သားလေး နေတဲ့ LA နဲ့ မိုင် (၆၀၀)လောက်ဝေးတဲ့ Las Vegas ဆိုတဲ့မြို့မှာ သားလေးရဲ့ ခရကဒစ်ကဒ်နံပါတ်နဲ့ အဲဒီ ဒေါ်လာ (၂၀၀၀) ကို သုံးထားတာ တွေ့ရပါတယ်။ သားလေးက သူ သုံးမထားဘူးလို့ ပြောတာကို ဘဏ်က လက်ခံပါတယ်။ ဒါနဲ့ သူလုံးဝမသုံးကြောင်း ဘဏ်မှာ ဝန်ခံချက်လက်မှတ်ထိုးပြီး ခရက်ဒစ်ကဒ် အာမခံကနေ ဒေါ်လာ (၂၀၀၀) ပြန်ရခဲ့ပါတယ်တဲ့။ ဒါကြောင့် ခရက်ဒစ်ကဒ်ဆိုတာကို တွေ့ရာနေရာ ဆိုင်သေးသေးလေးတွေမှာ သုံးတာ၊ အင်တာနက်ကနေ on-line ခရက်ဒစ်ကဒ်နဲ့သုံးတာတွေဟာ အန္တရာယ်ရှိနိုင်တယ်ဆိုတဲ့အကြောင်းကို ကြုံတုန်းပြောလိုက်တာပါ။

<u>ခရီးသွားရင် ဗီဇာမမေ့နဲ့</u>

ဟိုတယ်အခန်းတွေအတွက် စိတ်အေးရပြီဆိုတော့ မလေးရှားနိုင်ငံကို သွားဖို့ ဗီဇာကိစ္စကို စဉ်းစားရပါတယ်။ ကျွန်တော်နဲ့ကျွန်တော့်ဇနီး ရန်ကုန်က မလေးရှားသံရုံးမှာ ဗီဇာလျှောက်ရတာအလွယ်တကူပါပဲ။ သမီးတွေအတွက်လည်း မလေးရှားဗီဇာယူရတာ အခက်အခဲမရှိပါဘူး။ ဘာလို့တုန်းဆိုတော့ သမီးကြီး၊ မိုးဇော်ဟိန်း၊ နှင်းနှင်းဝင်းနဲ့ ဇေယျာတို့အားလုံးဟာ စင်္ကာပူမှာ အမြဲတမ်းနေထိုင်ခွင့် PR ရထားတဲ့သူတွေဆိုတော့ မလေးရှားဗီဇာလျှောက်ရတာ လွယ်ပါတယ်။ စင်္ကာပူ PR တွေဆိုတော့ တစ်ခါဗီဇာလျှောက်ရင် တစ်နှစ်ပေးပါတယ်။ ဒါပေမယ့် သူတို့ ဗီဇာတွေ ကုန် မကုန်ဆိုတာလေး စစ်ဖို့ပဲလိုပါတယ်။

<u>ဘယ်လိုကားနဲ့သွားမှာလဲ</u>

ဗီဇာတွေ အကုန်စုံပြီဆိုတော့ မလေးရှားကိုသွားဖို့ ကားစီစဉ်ရပါတယ်။ သမီးကြီးဟာ ကြက်သွေးရောင် ၂၀၀၈ မော်ဒယ် မာဇဒါကား အသစ်စက်စက်ကို ၂၀၀၈ ခုနှစ် နှစ်ဆန်းလောက်တုန်းက ဝယ်ထားပါတယ်။ မိသားစုခရီးဝေးသွားရင် သိပ်ကောင်းမှာပဲလို့ သူအမြဲပြောပါတယ်။ ဒါပေမယ့်

စက်ာပူနိုင်ငံက စလွန်းကားတွေဟာ ရှေ့ခန်းမှာ ကားမောင်းတဲ့သဒရိုင်ဘာနဲ့ သူ့ဘေးမှာ တစ်ယောက်ထိုင်၊ နောက်ကထိုင်ခုံမှာ (၃)ယောက် စုစုပေါင်း (၅)ယောက်ပဲ စီးခွင့်ရှိပါတယ်။ အဲတော့ အခု မလေးရှားခရီးစဉ်မှာ လူအခြေအနေအရ ကျွန်တော်တို့က (၆)ယောက်ဖြစ်နေတော့ (၅) ယောက်ပဲ စီးလို့ရတဲ့ သမီးကြီးကားနဲ့ သွားလို့ မဖြစ်ပါဘူး။ ဒါနဲ့သမီးတွေ မလေးရှားသွားဖို့ ကားရှာရတော့တာပေါ့။ အင်တာနက်မှာ ကြည့်ပြီး ကားငှားတဲ့နေရာတွေကို သူတို့ လိုကစုံစမ်းပါတော့တယ်။

<u>ကားရင်တယ်လ (Car rental)</u>

ကြုံတုန်းပြောရဦးမယ်ဆိုရင် ကားစင်းလုံးငှားပြီး ကိုယ့်ဘာသာကိုယ် မောင်းယူသွားတာကို car rental ကားရင်တယ်လ်လို့ခေါ်ပါတယ်။ ရင့် rent ဆိုတာ ငှားတာ၊ ရတယ်လ် rental ဆိုတော့ ငှားတဲ့ဌာနပေါ့။ ကားရင်တယ်လ်လ်ဆိုတာက ကားကို စင်းလုံးငှားလိုက်တာပါ။

AVIS ဆိုတဲ့ ကားရင်တယ်လ်ကုမ္ပဏီကြီးဟာ ကမ္ဘာပေါ်မှာ နာမည်အကြီးဆုံးပါ။ AVIS ကားငှားတဲ့ကုမ္ပဏီဌာနခွဲတွေဟာ တစ်ကမ္ဘာလုံးနိုင်ငံတော်တော်များများမှာ ရှိပါတယ်။ အဲလို နိုင်ငံတကာ ကူးပြီး ဆက်စပ်အောင် သွားလို့ရတဲ့ ကားရင်တယ်လ်ကြီးဆိုတော့ သူတို့တတွေက ချိန်း (chain) လို့ခေါ်တဲ့ AVIS ဌာနခွဲလေးတွေ နေရာအနှံ့မှာ ရှိနေပြီး တစ်နေရာနဲ့တစ်နေရာ ဆက်စပ်နေပါတယ်။ ဒါကြောင့် AVIS ကားကို ငှါးပြီးရင် ဘယ်နိုင်ငံ ဘယ်မြို့က ကားကိုပဲယူသွားသွား ဘယ်မှာဖြစ်ဖြစ် ထားပစ်ခဲ့လို့ ရပါတယ်။ ဥပမာ-အင်္ဂလန် AVIS ကနေ ကားကို ငှားပြီး မောင်းလာတယ်၊ ပဲရစ်ရောက်တယ်၊ အဲဒီကားကို ပဲရစ် AVIS မှာ ထားခဲ့တယ်၊ နောက်ပြီးတော့ စိတ်ကြိုက်ကားတစ်စင်းကို ပဲရစ် AVIS ကနေ ထပ်ငှားပြီး ဘယ်လဂျီယံကို သွားမယ်၊ ဘယ်လဂျီယံရောက်တော့ အဲဒကားက ထားခဲ့မယ်၊ လေယာဉ်နဲ့ လန်ဒန်ကို ပြန်လာမယ်ပေါ့။ ဒါပေမယ့် AVIS ကစျေးအရမ်းကြီးပါတယ်။ ဒါကြောင့် သမီးတွေ AVIS က ကားမငှါးပဲ ဒီပြင် ကားငှားတဲ့နေရာတွေကို လိုက်ရှာကြရပါတယ်။

အဲလို ကားရင်တယ်လ်စနစ်ကို မသိတော့ တချို့က ကားရင်တယ်လ် (car rental) ကို တက္ကဆီကားလို အငှားကားလို့ ဘာသာပြန်ကြပါတယ်။ အဲဒါ မှားပါတယ်။ ခုနက ပြောသလို ကားရင်တယ်လ်စနစ်က ကိုယ်ကားငှားတဲ့ကုမ္ပဏီရဲ့ ချိန်း (chain) ရှိတဲ့နေရာတိုင်းကို ဘယ်ကိုမဆို ယူသွားလို့ရတဲ့ စနစ်ပါ။ မြန်မာပြည်က မြို့တွေ နာမည်ကို သုံးပြီး ကားရင်တယ်လ်အကြောင်း ဥပမာထပ်ပေးချင်ပါသေးတယ်။ မြန်မာပြည်မှာ ကားရင်တယ်လ်ချိန်းတစ်ခု ရှိတယ်ဆိုကြပါစို့. ရန်ကုန်ကနေ မန္တလေးကို (၂)ယောက်တည်း သွားမှာမို့လို့ဆိုပြီး ရန်ကုန်က အထွက်မှာ အဲဒီ ကားရင်တယ်လ်ကနေ ဆလွန်းကားလေး ငှားသွားမယ်၊ မန္တလေးရောက်တော့ သူငယ်ချင်းတွေဆုံမိသွားပြီး (၁၀)ယောက်လောက် လားရှိုးသွားမယ်လို့ စဉ်းစားလိုက်တော့ ရန်ကုန်က ငှားလာတဲ့ ဆလွန်းကားကို မန္တလေးကားရင်တယ်လ် ဌာနမှာထားခဲ့ပြီး အဲဒီမန္တလေး office ကနေ (၁၀)ယောက်စီး (ten seater) ကားကိုငှားပြီး လားရှိုးကို သွားမယ်၊

လားရှိုးရောက်တော့ စိတ်ကူးပေါက်လို့ လေယာဉ်နဲ့ပြန်မယ်ဆိုရင်လည်း ဒီကားကို လားရှိုးကားရင်တယ်လ်ရုံးမှာ ထားခဲ့ရုံပါ။ အဲဒါ ကားရင်တယ်လ်ရဲ့ အနှစ်သာရပါ။ ဒါကြောင့် ကားရင်တယ်လ်နဲ့ တက္ကဆီဟာ လုံးဝကွဲပြား ခြားနားပါတယ်။

ကားရင်တယ်လ်မှာ ကားငှါးပြီးရင် ကားကို ကိုယ့်ဖာသာမောင်းရပါတယ်။ ဥရောပမှာ (၁၈)နှစ်ပြည့်ရင် ခရက်ဒစ်ကဒ်နဲ့ ယာဉ်မောင်းလိုင်စင်ပြပြီး ကားငှားလို့ရပါတယ်။ အမေရကန်မှာတော့ အသက် (၂၁)နှစ် ပြည့်မှ ကားငှားလို့ ရပါတယ်။ အမေရိကန်တွေက အသက် (၂၁)နှစ်အောက်ကို မိုင်နာ (minor) လို့ခေါ်ပြီး အရက်ဝယ်ခွင့်မရှိ၊ ဆိုင်တွေမှာ အရက်သောက်ခွင့်မရှိ၊ ကစီနို casino ကို ဝင်ခွင့်မပြု၊ ကားရင်တယ်လ်ငှားခွင့် မရှိပါဘူး။ ကျွန်တော် အမေရိကန်ရောက်တုန်းက ကျွန်တော့်သားလေးနဲ့ကျွန်တော် စားသောက်ဆိုင်သွားစားတဲ့အခါတွေမှာ သားလေးက ဘီယာတစ်ဘူးပေးပါလို့ မှာလိုက်ရင် ဝိတ်တာလေးတွေက "Mr. ID Please" ဆိုပြီး တောင်းပါတယ်။ ဆိုလိုတာက “မင်းရဲ့ သက်သေခံကဒ်ပြားလေးပြပါ” လို့ပြောတာပေါ့။ ကြံုတုန်းမှာ အင်္ဂလိပ်စာ အသုံးလေးတွေ ပြောချင်စိတ်ပေါ်လာလို့ ပြောပြပါဦးမယ်။ လူတစ်ယောက်ယောက်ကို နာမည်မသိရင် Mr. (မစ်တာ)လို့ ခေါ်တယ်၊ သုံးကြတယ် ဆိုတာလေးမှတ်ထားပါ။ နောက်ပြီးတော့ အိုင်ဒီ ID ဆိုတာ Identification ရဲ့ အတိုပါ။ မည်သူမည်ဝါဖြစ်တယ်ဆိုတာကို ပြောတယ်၊ ပြတယ်ပေါ့။ ကျောင်းသားကဒ်ဆိုရင် ကျောင်းသား ID ကဒ်ပေါ့။ ဝန်ထမ်းကဒ်ဆိုရင်လည်း ဝန်ထမ်း ID ကဒ်ပေါ့။ ID နဲ့ ပတ်သက်လို့ နောက်ထပ်အသုံးအနှုန်းတစ်ခု ပြောချင်သေးတာကတော့ ဟင်းဖုန်းတွေမှာ ဘယ်သူဆက်တယ်ဆိုတာ ခေါ်တဲ့ လူရဲ့ ဖုန်းနံပါတ်ပေါ်လာရင် အဲဒါကို Caller ID လို့ ခေါ်ပါတယ်။ အမေရိကန်မှာ ရှိတဲ့ လူတွေဟာ အဲလို ID လို့ခေါ်တဲ့ မှတ်ပုံတင်လိုကဒ်ပြားလေးတွေရှိပါတယ်။ အဲဒီ ID ကဒ်ထဲမှာ မွေးသက္ကရာဇ်ပါတဲ့အတွက် အသက်စစ်တာပါ။ ဒါကြောင့် အသက် (၂၁)နှစ်မပြည့်သေးတဲ့ သားလေးထူးခိုင်ဝင်းဟာ အမေရိကန်မှာ ဘီယာသောက်လို့ မရပါဘူး။ အမေရိကန်ရဲ့ ထူးခြားချက်လေး ကြံုတုန်းပြောပြရတာပါ။

သမီးတွေ ကားငှားတဲ့အကြောင်း ဆက်ပြောရမယ်ဆိုရင် ခုနကပြောသလိုပဲ သမီးတွေ AVIS ကားရင်တယ်လ်ဌာနကို မလေးရှားသွားဖို့ ကားငှားမလို့ မေးလိုက်တော့ ဈေးသိပ်ကြီးတာနဲ့ စက််ပူကုမ္ပဏီတစ်ခုက ဖွင့်ထားတဲ့ ကားရင်တယ်လ်တစ်ခုကိုပဲ ကားငှါးဖို့ ရွေးလိုက်ပါတယ်။ အဲဒီ ကားရင်တယ်လ်ကတော့ AVIS လို နေရာအနှံ့ ချိန်း (chain) မရှိပါဘူး။ စက််ပူမှာ ရုံးခန်းတစ်ခုပဲ ရှိတာပါ။ အဲတော့ အဲဒီကားရင်တယ်လ်က ကားကို ယူချင်တဲ့နေရာ ယူသွား၊ တစ်ရက်ကို ဘယ်လောက်ပေးငှားပေါ့။ ဒါပေမယ့် နောက်ဆုံး ခရီးစဉ်ပြီးရင် ဒီစက််ပူက ကားရင်တယ်လ်မှာပဲ ကားကို ပြန်လာအပ်ရပါမယ်။ ဒါပေမယ့် သူတို့က ငှားမယ်လူကို သူတို့ကားကို ဘယ်ယူသွားမှာလည်းဆိုတာ သေချာတော့ မေးတာပေါ့။ စက််ပူနိုင်ငံထဲမှာတင်ဆိုရင် ဘယ်လောက်ဈေး၊ နိုင်ငံခြား မလေးရှားကို မောင်းသွားမယ်ဆိုရင် ဈေးတစ်မျိုးပေါ့။ အဲလို ကားငှားစီးတာကတော့ ချိန်းမဟုတ်တော့ ကားကို ယူသွား၊

ပြန်လာအပ်ပဲ။ AVIS မှာလို ဟိုမှာ ဒမှာ ချိန်းရှိတဲ့ နေရာတွေမှာ ကားကို ထားခဲ့လို့ မရပါဘူး။ ဒါက ရိုးရိုးရှင်းရှင်း တစ်နေရာတည်းမှာ ရုံးခန်းရှိတဲ့ကားရင်တယ်လပါ။

သမီးတွေ အဲဒီ စက်ပူ ကားရင်တယ်လ်ကုမ္ပဏီကနေ (၈)ယောက်စီး တိုယိုတာဗင် ကားတစ်စီးကို စရံငွေ ချေပြီး ငှားလိုက်ပါတယ်။ အဲဒီမှာတင် ခရီးထွက်ဖို့ တော်တော်လေးပြင်ဆင်ပြီးသားဖြစ်သွားတော့ သမီးတွေ တီအိုမင်ကို သွားဖို့ အတော်ကို စိတ်လှုပ်ရှား ပျော်ပါးနေကြပါတယ်။

<u>ဟောလီးဒေးကံမပါတဲ့ ဒေါက်တာခင်လေးရီ</u>

ဒီလိုနဲ့ ဟိုဟာစီစဉ်၊ ဒီဟာစီစဉ် လုပ်လိုက်ကြပြီး နောက်ဆုံး အမေရိကန်အသွား စက်ပူမှာဝင်ပြီး မလေးရှားကို ဟောလီးဒေးသွားဖို့ အားလုံး အဆင်သင့် ဖြစ်နေပါပြီ။ ကျွန်တော်နဲ့ ကျွန်တော့်ဇနီး ဒေါက်တာခင်လေးရီတို့ရဲ့ ပါတ်စ်ပို့တွေ၊ မလေးရှားဗီဇာတွေက အားလုံးအဆင်သင့်ဖြစ်နေပါပြီ။ ကျွန်တော်တို့က သမီးတွေ PR ဖြစ်တဲ့အတွက် သမီးတွေကို မှီပြီး စက်ပူမှာသွားပြီး နေထိုင်လို့ရတဲ့ long-stay pass ရထားလို့ စက်ပူဗီဇာ ယစရာမလိုပါဘူး။ သမီးတွေရဲ့ PR card ရဲ့ သက်တမ်းရှိသလောက် ကျွန်တော်တို့လည်း စက်ပူမှာ နေခွင့်ရှိပါတယ်။ စက်ပူ အဝင်အထွက်မှာ အဲဒီ card လေးကို ပြလိုက်ရုံပါပဲ။ ကျွန်တော်တို့ရဲ့ ပါတ်စ်ပို့ပေါ်မှာလည်း တံဆိပ်တုံး မထုပါဘူး။ တော်တော်လေးကို အဆင်ပြေတဲ့ long-stay pass ပါ။ နောက်ဆုံးတော့ ကျွန်တော်တို့ စက်ပူသွားဖို့ လေယာဉ်လက်မှတ်တွေလည်း အကုန်လုံး ဘွတ်ကင်တင် ကွန်ဖန်း လုပ်ပြီးပြီဆိုတော့ သွားရုံပဲ ကျန်တော့တာပေါ့။

ဒါပေမယ့် ကျွန်တော်တို့ ခရီးထွက်ဖို့ကိစ္စမှာ ပြဿနာတစ်ခုရှိပါတယ်။ အဲဒါကတော့ ကျွန်တော့်ဇနီးရဲ့အဖေ အသက် (၉၃)နှစ်ရှိတဲ့ ဦးကျော်လှိုင်(ဖိုးလေး)ဟာ သိပ်မကြာသေးခင်ကပဲ ဆီးလမ်းကြောင်းကျဉ်းပြီး ပိတ်လို့ ဗဟိုစည်ဆေးရုံတင်ကုပြီး ဆေးရုံက ဆင်းလာတာပါ။ ဆီးလမ်းကြောင်းခွဲဖို့ရာရောက်တော့ နည်းနည်းလေးစောင့်ကြည့်ချင်သေးတယ်လို့ ဆီးကျောက်ကပ် ခွဲစိတပါရဂူ ပါမောက္ခ ဦးတိုးလွင်က ပြောတာနဲ့ မခွဲသေးပဲ ဆီးပိုက်တန်းလန်းနဲ့ ဆေးရုံက ပြန်ဆင်းလာခဲ့တာပါ။ ကျွန်တော့်ယောကမကြီး ဦးကျော်လှိုင်မှာ ဆီးပြဿနာအပြင် သလိပ်ကျပ် မောတတ်တဲ့ ရောဂါကလည်း ရှိပါသေးတယ်။ ဗဟိုစည်ဆေးရုံမှာတုန်းက တော်တော်လေး မောသွားလို့ သမားတော်ကြီး ပါမောက္ခဒေါ်သန်းသန်းအေး တော်တော်လေး ကြုံးစားကုလိုက်ရပါသေးတယ်။ ဒီအပြင် ရောဂါတစ်ခုကတော့ ဟစ်ကပ် (hiccup) လို့ ခေါ်တဲ့ ကြို့ထိုးရောဂါပါ။ ဖိုးလေး ဦးကျော်လှိုင်ဟာ မရပ်မနား (၂၄)နာရီလုံး ကြို့ထိုးရှာပါတယ်။ အဲဒါအတွက်လည်း သမားတော်ကြီး ပါမောက္ခဒေါ်သန်းသန်းအေးက ဆေးမျိုးစုံပေးပြီး ကုလို့ သက်သာသွားပါတယ်။ ဒီလို ဆီးကျောက်ခွဲစိတပါရဂူနဲ့ သမားတော်ကြီးတို့ရဲ့ ထိရောက်ကောင်းမွန်တဲ့ ကုသမှုကြောင့် ဖိုးလေးဟာ သေကောင်ပေါင်းလဲ အခြေအနေကနေ ထူထူထောင်ထောင်ဖြစ်ပြီး အိမ်ကို

ပြန်လာနိုင်တဲ့အဆင့်ကို ရောက်လာတာပါ။ ဒါပေမယ့် ဒီလို အသက်(၉၀)ကျော်အရွယ်ဆိုတာက ဖြစ်ချင်တာ ဖြစ်နိုင်သေးတယ်ဆိုတာကိုတော့ ကျွန်တော်တို့ ခရီးသွားဖို့ စီစဉ်တဲ့အခါ ထည့်ပြီးစဉ်းစားရပါသေးတယ်။

ကျွန်တော်တို့ခရီးမထွက်ခင် (၁)လလောက်အတွင်းမှာတော့ ဖိုးလေးဟာ တော်တော် နေကောင်း နေပါတယ်။ ဒါနဲ့ ကျွန်တော့်ညီမ အေးအေးခိုင်ကလည်း "ကိုဝင်းနဲ့ မမ သွားသာသွားပါ။ ကျွန်မတို့ အိမ်မှာ စောင့်အိပ်ပြီး ဖိုးလေးကို လုံးဝတာဝန်ယူမှာပေါ့။ တစ်ခုခုဖြစလည်း ဗဟိုစည်ဆေးရုံရှိတာပဲ" လို့ ပြောရှာပါတယ်။ ကျွန်တော့်ဇနီးခမျာမှာ ဒီခရီးစဉ်ကို သိပ်လိုက်ချင်ပေမယ့် အဖေသံယောဇဉ်ကလည်း ရှိနေတော့ နောက်ဆံတွေတင်းပြီး စိတ်တွေ ဒွိဟဖြစ်နေရှာပါတယ်။ အားလုံးက လိုက်သွားပါဆိုပြီး ဝင်းတိုက်တွန်းကြတော့ နောက်ဆုံးမှာ သူ မလေးရှားခရီးစဉ်ကို လိုက်ဖို့သဘောတူ လိုက်ပါတယ်။ ဒါပေမယ့် သူက လေယာဉ်လက်မှတ်ကိုတော့ မထုတ်ပဲ ထားပါသေးတယ်။

အဲဒီလို ခရီးထွက်ဖို့ အားလုံးအဆင့်သင့်ဖြစ်နေပေမယ့်လည်း ဒေါက်တာခင်လေးရီ ဘယ်လို ဟောလီးဒေးခရီးစဉ်လိုက်ဖို့ ကံမပါဘူးဆိုတာ ဆက်ပြောပါဦးမယ်။ ခရီးထွက်ဖို့ တစ်ပတ်လောက်အလိုမှာ ဖိုးလေး ချောင်းတွေတအားဆိုး တအားကို မောလာပြီး ရောဂါဖေါက်လာပါတော့တယ်။ ကျွန်တော့်ဇနီး စိတ်တွေပူ၊ စိတ်တွေလှုပ်ရှားဖြစ်ပြီပေါ့။ ဖိုးလေးများတစ်ခုခုဖြစ်ရင်ဆိုတဲ့အတွေးနဲ့ စိတ်မောရပါတော့တယ်။ ဖိုးလေးနေမကောင်းမှာကို ဒေါက်တာခင်လေးရီထက် စိတ်ပူကြတာက ကျွန်တော်လာမှာကို မျှော်နေတဲ့ အမေရိကန် LA က သားလေးထူးခိုင်ဝင်းနဲ့ မလေးရှားခရီးထွက်ဖို့ တာစူထားတဲ့ စက််ပူက သမီးတွေပါ။ ဖိုးလေးများ မပြောကောင်းမဆိုကောင်း တစ်ခုခုဖြစ်လိုက်ရင် ကျွန်တော်လာမယ့် ခရီးစဉ်လည်းပျက်၊ သူတို့တတွေလည်း ရန်ကုန်ကို လာကြရမယ်။ သူတို့ရဲ့ဟောလီးဒေး အိပ်မက်လေးပျက်သွားပါတော့မယ်။

ကျွန်တော့်သားလေး ထူးခိုင်ဝင်းဟာ အဖေလာမယ့်ရက်ကို တစ်ရက်ချင်း တွက်နေပြီး အဖေလာရင် ဘယ်တွေသွားမယ်၊ ဘာတွေလုပ်မယ်၊ ဘာတွေစားမယ်၊ ဂေါက်သီးတွေရိုက်မယ်ဆိုတာ နေ့တိုင်း ကျွန်တော့်ဆီကို ဖုန်းဆက်ပါတယ်။ သူဟာ အဖေလာမှာကို တအားကြီးမျှော်လင့်ထားတာ။ ဖိုးလေးကြောင့် ကျွန်တော့်ခရီးစဉ်များ ပျက်သွားရင် သူ တော်တော်ကြီးကို စိတ်ဓါတ်ကျသွားမှာပါ။

သားသမီးတွေအပြင် ကျွန်တော့်ကို အကြီးအကျယ်မျှော်နေတဲ့သူတွေ ရှိပါသေးတယ်။ အဲဒါကတော့ အမေရိကန်ဆန်ဖရန်စစ္စကိုကို ရောက်နေတဲ့ ကျွန်တော့်အစ်ကိုကြီး ဦးခင်မောင်တင့်(ကိုတူး)နဲ့ သူ့ဇနီး ဒေါ်ကြည်ကြည်ပါ။ ကိုတူးက လျှပ်စစ်အင်ဂျင်နီယာ အငြိမ်းစားယူလိုက် ပြီးတဲ့နောက် သူ့ဇနီး သခ်ၤာပါမောက္ခ (ငြိမ်း) ဒေါ်ကြည်ကြည် ဂရင်းကဒ်ရတာနဲ့ သူတို့ (၂)ယောက် ကျွန်တော်သွားမယ့် အချိန်ထက် (၃)လလောက်စောပြီး ဆန်ဖရန်စစ္စကိုကို ရောက်နေတာပါ။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တက်မယ့် အမေရိကန် အသည်းရောဂါအဖွဲ့နှစ်ပတ်လည်အစည်းအဝေးက ဆန်ဖရန်စစ္စကို မှာဆိုတော့ သူတို့ဆီကို ကျွန်တော် ရောက်လာမှာကိုတွေးပြီး ပျော်နေကြပါတယ်။

အဲတော့ ကျွန်တော်လာမှာကို မျှော်ပြီး အပျော်ကြီးပျော်နေကြသူတွေက အများကြီးဖြစ်နေပြီး ကျွန်တော်သာ သူတို့ဆီကို မသွားလိုက်ရင် သူတို့အားလုံးစိတ်ပျက်လက်ပျက် စိတ်ဓါတ်တွေဗန်းဗန်းကျကြမှာ မြင်ယောင်ပါသေးတယ်။ ဒီအခြေအနေမှာ သိပ်ကိုခွီးကျူးရမယ့် ကျွန်တော့်ဇနီး ဒေါက်တာခင်လေးရီရဲ့ စိတ်ဓါတ်ကို ပြောပြချင်ပါသေးတယ်။ သူ့အဖေ ဖိုးလေးက မောလေ၊ ကျွန်တော့်ဇနီးကလည်း စိုးရိမ်လေပါပဲ။ ဒါနဲ့ သူရဲ့လေယာဉ်လက်မှတ်ကို ကင်ဆယ် (cancel) လုပ်လိုက်ပါတယ်။ ဒါပေမယ့် သူက "ကိုဝင်းကို ပြောရဦးမယ်၊ ဖိုးလေးဘာပဲဖြစ်ဖြစ် ကိုဝင်းသွားမယ့် ခရီးစဉ်ကို မဖျက်ပါနဲ့၊ သားလေးနဲ့ သမီးတွေ သိပ်စိတ်ညစ်သားလိမ့်မယ်" လို့ ကျွန်တော့်ကို ပြောပါတယ်။

အဖေဖြစ်တဲ့ ဖိုးလေးအတွက် သံယောဇဉ်ရှိသလို သားသမီးတွေ စိတ်ညစ်သွားမှာ စိတ်ပျက်သွားမှာ စိတ်ဓါတ်တွေ ကျကုန်မှာကို သူမမြင်ချင် မကြားချင်၊ မတွေးချင်ပါဘူး။ ဖိုးလေးများ တစ်ခုခုဖြစ်နေတဲ့ အချိန်မှာ ကျွန်တော် မရှိရင် သူဒုက္ခရောက်မယ်ဆိုတာ သူကောင်းကောင်း သိပါတယ်။ အဲလို ဒုက္ခရောက်မယ့် အချိန်ကာလမျိုးမှာ ကျွန်တော်ရှိတာ သူ့အတွက် အားတစ်ခုဖြစ်မှာပါ။ ဒါပေမယ့် သူ အခက်အခဲတွေ ရင်ဆိုင်ရမှာထက် ကျွန်တော် ခရီးမသွားဖြစ်လို့ သားသမီးတွေ စိတ်ညစ်သွားမှာကို ပိုပြီးစိုးရိမ်ပါတယ်။ ကျွန်တော်မရှိလို့ နောက်ပိုင်းမှာ ဒုက္ခရောက်မှာကို သူတစ်ယောက်တည်းပဲ ခါးစည်းခံလိုက်မယ်၊ သူ့သားသမီးတွေ ပျော်သွားအောင် ကျွန်တော့်ကိုတော့ စက််ပူ၊ LA ကို မဖြစ်ဖြစ်အောင် သွားစေချင်တဲ့ သဘောပါ။ မိခင်တစ်ယောက်ရဲ့ သားသမီးတွေအပေါ်ထားတဲ့ မေတ္တာဟာ ဘာနဲ့မှ နှိုင်းယှဉ်လို့ မရပါဘူးဆိုတာကို သရုပ်ပေါ်စေတဲ့ ကျွန်တော့်ဇနီးရဲ့စိတ်ဓါတ်ပါ။

ဒီလိုနဲ့ နောက်ဆုံး ကျွန်တော်ခရီးထွက်ခါနီးမှာ ဖိုးလေး တော်တော်လေး သက်သာလာပါတယ်။ ဒါပေမယ့် ကျွန်တော့်ဇနီးဒေါကတာခင်လေးရီဟာ သူမလိုက်တော့ပါဘူးလို့ ဆုံးဖြတ်လိုက်တဲ့အတွက် ကျွန်တော်တစ်ယောက်တည်းပဲ စက််ပူ၊ မလေးရှား၊ အမေရိကန် ခရီးစဉ်ကို ထွက်ခဲ့ရပါတယ်။

(ဆက်လက်ဖော်ပြပါမည်။)

ပါမောက္ခဒေါက်တာခင်မောင်ဝင်း (အသည်း)


ORIENTAL
HOUSE
RESTAURANT



Fashion Image

နိုင်ငံခြားသွားမယ်ဆိုရင် (အပိုင်း - ၄၃)

မလေးရှားခရီးစဉ်(အဆက်)

၂၀၀၈ ခုနှစ် အောက်တိုဘာလ (၃၁)ရက်နေ့မှာ ကျင်းပတဲ့ အမေရိကန်အသည်းရောဂါအဖွဲ့ (၅၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးအသွားမှာ စက်ပျံကို ခဏဝင်ပြီး မလေးရှားနိုင်ငံ တီဟိုမင(Island) ကို သွားလည်တဲ့အကြောင်း ရေးနေပါတယ်။

ရန်ကုန်က စက်ပျံ

ရန်ကုန်ကနေ ညနေ(၅)နာရီထွက်တဲ့ Silk Air လေယာဉ်နဲ့ စက်ပျံကို ခရီးထွက်ခဲ့ပါတယ်။ အထက်တန်းဘိစနက်(စ်)ကလပ်စ် (Business Class) နဲ့သွားတာဆိုတော့ လေယာဉ်စီးရတာ သိပ်ကို သက်တောင့်သက်သာရှိပါတယ်။ နှစ်ယောက်တွဲထိုင်ခုံ အကြီးကြီးတွေပါ။ ဘေးဘယ်ညာလည်း ကျယ်ကျယ်ဝန်းဝန်း၊ လက်(ခ်)ရွန်း legroom လို့ခေါ်တဲ့ ခြေထောက်ဆန့်စရာနေရာကလည်း လွတ်လွတ်လပ်လပ်နဲ့ ခြေတစ်ဆုံးဆန့်လို့ ရပါတယ်။ အထက်တန်းစီးခရီးသည်စာရင်းကို လေယာဉ်မယ်လေးတွေက ကြိုတင်လေ့လာထားပြီးသားဆိုတော့ ဘယ်ခုံမှာ ဘယ်ခရီးသည် ထိုင်မယ်ဆိုတာ ကြိုသိထားပြီး ခရီးသည်အားလုံးရဲ့ နာမည်ကိုလည်း သိနေပါတယ်။ အဲတော့ လေယာဉ်မယ်လေး တွေက ခရီးသည် အားလုံးကို နာမည်နဲ့ပဲ ခေါ်ပါတယ်။ ဥပမာပြောရမယ်ဆိုရင် ကျွန်တော့်ကို "Prof. Khin" လို့ ခေါ်ပါတယ်။ ဒါ စက်ပျံရဲ့ နာမည်ခေါ်တဲ့ စံနစ်ပါ။ အင်္ဂလိပ်လို အနောက်တိုင်းစနစ်အရဆိုရင် Khin Maung Win ဆိုရင် family name ဟာ Win ပါ။ အဲတော့ မရင်းနှီးတဲ့လူတွေက ကျွန်တော့်ကို Prof. Win လို့ ခေါ်ပါတယ်။ စက်ပျံမှာ တရုတ်နာမည်ရေးတဲ့စံနစ်က Khin Maung Win လို့ ရေးထားရင် ရှေ့ဆုံးက ပထမဆုံးရေးထားတဲ့ စကားလုံးဟာ family name ပါ။ အဲတော့ စက်ပျံကလူတွေအားလုံးဟာ ကျွန်တော့်ကို Prof. Khin လို့ ခေါ်ကြပါတယ်။ ဒါကြောင့် Silk Air က လေယာဉ်မယ်လေးတွေက ကျွန်တော့်ကို Prof. Khin လို့ပဲ ခေါ်ကြပါတယ်။

လေယာဉ်ထွက်ပြီး သိပ်မကြာခင်မှာပဲ ဒင်နာ စကျွေးပါတယ်။ ကျွန်တော်က "ငါ ဘာမှမစားတော့ဘူး၊ ငါ့သမီးတွေ စက်ပျံမှာ ငါနဲ့ ဒင်နာအတတူစားဖို့ စောင့်နေတယ်။ သူတို့ချက်ထားတဲ့ ထမင်းတွေက သိပ်ကောင်းမှာ" လို့ ပြောလိုက်တော့ လေယာဉ်မယ်လေးကလည်း အလျှော့မပေးသေးဘူး။ "ဒို့ ဒီနေ့ကျွေးတဲ့ ဆယ်မွန် (salmon) (ဆယ်လ်မွန်လို့ အသံမထွက်ရပါ၊ ဆယ်မွန်က အသံထွက် အမှန်ပါ) ငါးကလည်း သိပ်ကောင်းတာ၊ နည်းနည်းစားကြည့်ပါလား" လို့ ပြောပါတယ်။ ကျွန်တော်က "မစားတော့ပါဘူး၊ ငါ့ကို ဝိုင်အနီတစ်ခွက်ပဲ ပေးပါ" လို့ ပြောလိုက်တော့မှ သူတို့တတွေ လက်လျှော့သွားပြီး

ဝိုင်ခွက်လာချပေးပါတယ်။ ကျွန်တော်လည်း ဝိုင်လေး တစ်ငုံနှစ်ငုံ သောက်လိုက်ရင်းနဲ့ ထိုင်ခုံကို နောက်လှန်ချပြီး နည်းနည်းလေး မှေးပြီး အနားယူလိုက်တာ လုံးလုံးကို အိပ်ပျော်သွားတော့တာပါပဲ။

<u>ကျွန်တော့်ရဲ့ တစ်နေ့တာ</u>

ကျွန်တော်ဟာ ဘာဖြစ်လို့ လေယာဉ်ပေါ်မှာ ခေါင်းချလိုက်တာနဲ့ အိပ်ပျော်သွားရတာလဲ ဆိုတာ နည်းနည်း ပြောပြချင်ပါတယ်။ ပထမဆုံး ပြောချင်တာက ကျွန်တော့်ရဲ့ အိပ်ချိန်ပါ။ အိပ်ချိန်အကြောင်း ပြောရမယ်ဆိုရင် "ယုံချင်ယုံ၊ မယုံချင်နေ" ဆိုတာက စရမယ် ထင်ပါတယ်။ ဘာလို့လဲ ဆိုတော့ ကျွန်တော်ဟာ တစ်နေ့ကို (၃)နာရီလောက်ပဲ အိပ်ချိန်ရှိပါတယ်။ ဒါကြောင့် ဘယ်နားမှာ ဘယ်လိုပဲဖြစ်ဖြစ် ခေါင်းလေးချလိုက်ရရင် တုန်းကနဲ ဆို အိပ်ပျော်တတ်တဲ့ ကျွန်တော်ပါ။

ကြုံတုန်းမှာ ဘာဖြစ်လို့ ကျွန်တော် တစ်နေ့ကို (၃)နာရီလောက်ပဲ အိပ်ရတယ်ဆိုတာ ပြောပြပါရစေ။ ဘာလို့ ဒီလို ဖြစ်နေရတာလဲဆိုတော့ လောကကြီးမှာ ကျွန်တော် လုပ်ချင်တာတွေက သိပ်များနေပါတယ်။ အင်္ဂလိပ်လိုဆိုရင်တော့ " I have my finger in too many pies" လို့ ပြောရပါမယ်။ have a finger in the pie ဆိုတာက ကိစ္စတစ်ခုမှာ ပါနေတာကို ပြောတာပါ။ have finger in too many pies ဆိုတာကတော့ ဟိုဟာမှာလည်းပါ၊ ဒီဟာမှာလည်းပါ ကိစ္စပေါင်းစုံ၊ လုပ်ငန်းပေါင်းစုံမှာ ပါတာတွေသိပ်များနေတယ်ဆိုတာကို တင်စားပြီး ပြောတာပါ။

ကျွန်တော့်လက်ချောင်းတွေ ဘယ်လို pie တွေ အများကြီးထဲမှာ ရောက်နေတယ်ဆိုတာ ပြောပြပါမယ်။ ကျွန်တော်ဟာ လူနာတွေလည်း အများကြီး ကြည့်တယ်။ ဗဟိုစည်၊ ပင်လုံစတဲ့ ဆေးရုံတွေမှာ ဆရာဝန်တွေကို စာလည်းသင်တယ်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ တွဲဖက်ပြီးတော့ သုတေသနလည်း လုပ်တယ်။ စာတွေလည်း အများကြီးရေးတယ်။ တစ်ပတ်ကို (၅)ရက်လောက် ဂေါက်သီး ရိုက်တယ်၊ ကွမ်းခြံကုန်းသွားပြီး ကုသိုလ်ဖြစ် အခမဲ့ ဆေးခန်းဖွင့်တယ်၊ လူနာတွေကို အခမဲ့ ခွဲစိတ်ကုသနိုင်ရေးအတွက် ရံပုံငွေ ရရှိရေး အင်းစိန်သီရိစန္ဒာဆေးခန်းမှာ fundraising ထိုင်တာလည်း ရှိတယ်။ မန္တလေးမှာဖွင့်တဲ့ မန္တလေး စပါယ်ရှယ်လစ်စင်တာ (Mandalay Specialist Centre) ဆေးခန်းအသစ်ကလည်း နှစ်ပတ် တစ်ခါ တနင်္ဂနွေနေ့မှာ လေယာဉ်နဲ့ မနက်သွား ညနေပြန် ဆေးခန်းထိုင်တယ်။ ပြောရမယ်ဆိုရင်တော့ အများကြီးပါ။ ဝါသနာတွေကလည်း အများသား၊ စာဖတ်တာကို အရမ်းဝါသနာပါတယ်၊ Time, Newsweek, Readers Digest နဲ့ ထွက်သမျှမြန်မာမဂ္ဂဇင်း ဂျာနယ် မလွတ်တမ်းဖတ်၊ ကမ္ဘာ့နိုင်ငံရေး ဖြစ်ရပ်တွေ၊ အားကစား၊ ဂေါက်၊ တင်းနစ် သတင်းတွေကိုလည်း ကြည့်၊ ခရီးသွား၊ အစားအသောက်၊ အချက်အပြုတ်လည်း ဝါသနာပါ၊ ဘယ်လိုကနေ ဘယ်လို ဘာတွေကို ဒီလောက်တောင် စိတ်ဝင်စားပြီး လုပ်မိနေလည်း မသိပါဘူး။ ဒါပေမယ့် သေချာတာ တစ်ခုကတော့ ဒီလို လုပ်နေတာဟာ လုပ်ချင်တာတွေကို လုပ်နေတာပါ။

နာမည်ကြီးအောင်လို့၊ ဗဟုသုတတွေ ပြည့်စုံပြီး ပညာတွေ ကြွယ်ဝနေချင်လို့၊ ပိုက်ဆံရအောင်လို့ ဆိုတဲ့ 'တို့'တွေအနှောင်အဖွဲ့ ရည်ရွယ်ချက်တွေ မပါပဲ ဂေါက်ကိုလည်း ရိုက်ချင်လို့ ရိုက်၊ စာကိုလည်း ဖတ်ချင်လို့ ဖတ်၊ သတင်းတွေကိုလည်း ဝါသနာပါလို့ ကြည့်ဆိုတာမျိုး စိတ်လွတ်ကိုယ်လွတ် အချုပ်အချယ်မဲ့ စိတ်ဝင်စားမှုကြောင့် အခုပြောခဲ့တဲ့ လုပ်ချင်တာတွေလုပ်နေတာပါ။

အဲလို ဝါသနာတွေပါတာတွေ လုပ်ချင်တာတွေကများတော့ ကျွန်တော့်ရဲ့တစ်နေ့တာလုပ်ငန်းတွေ ဘယ်လိုဖြစ်ကုန်တုန်းဆိုတာ ပြောပြပါဦးမယ်။ ည ဆေးခန်းပြီးတဲ့အချိန်က စပြောချင်ပါတယ်။ ည (၈း၄၅)နာရီလောကမှာ ကျွန်တော် ဆေးခန်းထိုင် လူနာကြည့်တာ အားလုံးပြီးသွားပါတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော်စာရေးတဲ့ ဇာတ်လမ်းစပါတယ်။ မဂ္ဂဇင်း၊ ဂျာနယ်ပေါင်းစုံမှာ ဆောင်းပါးတွေအများကြီးရေးနေတဲ့ ကျွန်တော်ဟာ တစ်နေ့ စာမရေးရင် တစ်ပတ်စာဆောင်းပါးတွေ လွတ်သွားတာဆိုတော့ ည ဆေးခန်းပြီးချိန်ကစပြီး မရပ်မနားရေးရပါတယ်။ စာရေးတယ်ဆိုတာက ကျွန်တော့်လက်နဲ့ဘောပင်နဲ့ တကယ်ကို စာရွက်ပေါ်မှာ ရေးတာပါ။ ကျွန်တော်ရေးပြီးသား စာရွက်တွေကို တပည့်တွေက ကွန်ပြူတာနဲ့ရိုက်၊ ကျွန်တော်က ပြန်ပြင် သူတို့က ပြန်ရိုက်နဲ့ နောက်ဆုံး ည(၁၁)နာရီကျော်ကျော်လောက်မှာ နားရပါတယ်။ အိမ်ပြန်ရောက်တော့ (၁၂)နာရီကျော်နေပါပြီ။ အဲတော့မှ ထမင်းစား၊ ပြီးတာနဲ့ ခဏထိုင် တီဗီကြည့်၊ (၁)နာရီကျော်တော့ အိပ်ယာဝင်၊ (၄)နာရီ(၄၅)လောက်မှာ ဂေါက်သီးရိုက်ဖို့ အိပ်ယာကပြန်ထဆိုတော့ ကျွန်တော့်အိပ်ချိန်က (၃)နာရီနဲ့ (၄)နာရီကြားလောက်ပဲ ဖြစ်နေတော့တာပေါ့။ တစ်နေ့တာ ဇာတ်လမ်းဖြစတဲ့ ဂေါက်ရိုက်ပြီး မနက်(၈း၃၀)နာရီကနေ စလိုက်တာ လူနာကြည့်၊ စာသင်၊ သုတေသနလုပ်ငန်းလုပ်၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်မှုလမ်းကြောင်းတွေအတွက် စာရေးရ စာတွေပြန်ရနဲ့ ည(၈း၄၅)နာရီကို ရောက်သွားတော့ ဆောင်းပါးတွေရေးရပြန်ပါရော။

ဒီလို တစ်နေ့တာပုံစံမျိုးနဲ့ ကျွန်တော်လူပ်ရှားသွားလာနေတာ လေးငါးနှစ် ရှိနေပါပြီ။ ကျွန်တော်လုပ်နေတာဟာ ပုံမှန် ဇီဝနည်းစနစ်နဲ့ လုံးဝမကိုက်ညီပါဘူး။ ဗဲရီး အန်ဖီဆီရော်လော်ဂျီကယ်လ် (very unphysiological) လို့ ပြောရမှာပေါ့။ မိတ်ဆွေတွေ၊ ဆွေမျိုးတွေကလည်း ကျွန်တော် ဒီလိုတွေလုပ်နေတာဟာ လုပ်သင့်တာ မဟုတ်ဘူး၊ ကျန်းမာရေးကို ဂရုစိုက်ဦးလို့ ဝိုင်းပြောတာတွေ များလှပါပြီ။ ကျွန်တော်လည်း လက်ရှိ တစ်နေ့တာပုံစံကြီးကို ဘယ်လိုပြင်ရမှန်းမသိ၊ ပြင်လို့မရတော့ ဒီလိုပဲ ဆက်လက်လူပ်ရှားနေရတာပေါ့။

ဒါပေမယ်လို့ ကျွန်တော့်ရဲ့ ကျန်းမာရေးနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင်တော့ လွန်ခဲ့တဲ့ ငါးနှစ်အတွင်းမှာ နေမကောင်းလို့ ဆေးခန်းတစ်ရက်ပျက်တယ်ဆိုတာ မရှိပါဘူး။ ကျွန်တော်ဟာ နုပျိုလန်းဆန်း တက်တက်ကြွကြွ လူပ်ရှားနေနိုင်တယ်လို့ ကိုယ့်ကိုယ်ကို သုံးသပ်ရပါမယ်။

ကျွန်တော် ဘာဖြစ်လို့ ဒီလိုအိပ်ချိန်နည်းနည်းလေးနဲ့ ကျန်းကျန်းမာမာ အလုပ်တွေ လုပ်နေနိုင်တာလဲဆိုတာကို စဉ်းစားသံးသပ်ကြည့်မိပါတယ်။ ကျွန်တော့်အထင် ကျွန်တော့်အတွေးကို

ပြောရမယ်ဆိုရင် ကျွန်တော်ဟာ ကိုယ်ဝါသနာပါတာတွေကို၊ စိတ်ဝင်စားတာတွေကို လုပ်နေရလို့ ဒီလိုရှင်သန်နေနိုင်တာလို့ ထင်ပါတယ်။ ဘယ်လိုလဲဆိုတာ ပြောရမယ်ဆိုရင် ည (၉)နာရီလောက်ကနေ ည (၁၂)နာရီအထိ စာရေးတာဟာ ကျွန်တော်ရေးချင်တာတွေကို ရေးကို ရေးချင်လို့ ရေးနေတာပါ။ ရှေ့မှာပြောခဲ့သလိုပဲ ဝတ္တရားအရဆိုတဲ့ နှောင်ဖွဲ့ချုပ်ချယ်တာ တစ်ခုမှမပါပဲ ရေးနေတာပါ။ ကျွန်တော်ဟာ ည(၁၁)နာရီလောက်မှာ တာဝန်အရ လူနာတွေကို ကြည့်နေရတယ်ဆိုရင် စိတ်လည်းညစ်၊ ပင်ပန်းနွမ်းနယ်ပြီး တော်တော်ကို မလွယ်ပဲ၊ အထိနာ ကျန်းမာရေးချို့ယွင်း ရောဂါတွေရမှာပေါ့။ အခုတော့ ကျွန်တော် ည(၁၁)နာရီမှာ စာရေးရတာကို ပျော်နေတာပါ၊ ရေးချင်နေတာပါ။ ဒီလိုပဲ ဂေါက်သီးရိုက်တယ်ဆိုတာကိုလည်း ကျန်းမာအောင်၊ လေကောင်းလေသန့်ရအောင်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ မနက်အစောထပြီး ဂေါက်သီး ရိုက်ရမယ်ဆိုရင် တစ်ပတ်(၅)ရက် ရိုက်နိုင်မှာ မဟုတ်ပါဘူး။ အဲလိုသာ ကျန်းမာရေးအတွက်ဆိုပြီး ဂေါက်ရိုက်ရမယ်ဆိုရင်တော့ မနက် (၄း၄၅)နာရီ ထရမှာဟာ တကယ့်ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေမှာပါ။ "ဟင်း ထရဦးမှာပဲ" ဆိုပြီး ညည်းညူ ဟိုလှည့်ဒီလှည့်နဲ့ တော်တော်ကြီးစိတ်ပင်ပန်းပြီးမှ အိပ်ယာကထလို့ ရမှာပါ။ အခုတော့ ကျွန်တော် ဂေါက်ရိုက်တာမှာ ဒီလိုအဖြစ်မျိုး မဟုတ်ပါ။ ဂေါက်ရိုက်တာက ရိုက်ချင်လို့ ရိုက်တာ၊ ည (၁၂)နာရီကျော်မှ အိပ်ယာဝင်ပေမယ့်လို့ မနက်အစော ဂေါက်ရိုက်ရမယ့်အချိန်ကို ရောက်ချင်လှပြီ။ ဖြတ်ခနဲဆို နိုး၊ နာရီကိုကြည့်လိုက်၊ သုံးနာရီပဲ ဖြစ်နေသေး၊ မိုးရယ် လင်းပါတော့ ဂေါက်ရိုက်ချင်လှပြီဆိုပြီး ဂေါက်ရိုက်ချိန်ကို မျှော်နေရတဲ့သူပါ။ အင်္ဂလိပ်လိုပြောရမယ်ဆိုရင်တော့ I couldn't wait ဂေါက်ရိုက်ဖို့ကို ငါမစောင့်နိုင်တော့ဘူးလို့ ပြောရမလို ဖြစ်နေပါတယ်။

အခုပြောခဲ့တာတွေကို ခြုံပြီးပြန်ပြောရမယ်ဆိုရင် ဘာအလုပ်ကိုပဲ လုပ်လုပ် ကိုယ်လုပ်နေတဲ့အလုပ်ကို လုပ်နေတာဟာ ပျော်နေသရွေ့ OK ပါ။ ခန္ဓာကိုယ်ကြီး ပင်ပန်းနွမ်းနယ်၊ လက်တွေညောင်း ခြေထောက်တွေကိုက်နေတာက အရေးမကြီးဘူး၊ စိတ်ဆိုတဲ့ စိတ်နွမ်းသွားမှာ၊ ပင်ပန်းသွားမှာ မင်တယ်လ်ဖတိ(ဂ်) mental fatigue ရသွားမှာဟာ သိပ်ကြောက်စရာကောင်းပါတယ်လို့ ပြောရမှာပါ။ အင်္ဂလိပ်လိုပြောထားတာ တစ်ခုရှိပါတယ်။ " The day you are tired of what you are doing, that is the beginning of nervous breakdown" တဲ့။ ပြောချင်တာကတော့ လူတစ်ယောက်ဟာ ကိုယ်လုပ်နေရတဲ့အလုပ်ကို ငြီးငွေ့လာပြီဆိုရင် အဲဒါဟာ စိတ်ကျဘဝပျက်မှုရဲ့ ဇာတ်လမ်းအစပဲတဲ့။ ဒါကြောင့် ကိုယ်လုပ်နေတဲအလုပ်ကို တာဝန်အရ၊ ဝတ္တရားအရမဟုတ်ပဲ ပျော်ပျော်ရွှင်ရွှင်နဲ့ လုပ်နိုင်အောင် ကြိုးစားကြပါလို့ ကြံုတုန်းပြောလိုက်ပါရစေ။

<u>စက်ဘူးရောက်ပြီ</u>

လေယာဉ်ပေါ်မှာ ခဏလေးမှေးလိုက်တာနဲ့ တစ်ခါတည်း၊ တစ်ချိုးတည်း အိပ်ပျော်သွားလိုက်တာ "လေယာဉ်ဆိုက်ပါတော့မယ်၊ မိမိတို့ရဲ့ ခါးပတ်လေးတွေကို ပတ်ထားပါ၊ ထိုင်ခုံတွေ တည့်တည့်မတ်မတ်

ပြန်လုပ်ထိုင်ပါ။ လေယာဉ် ပြတင်းပေါက်က ရှိတ် 'window shade' လေးတွေလည်း ဆွဲတင်ပါ။ ဆိုတဲ့ ကြေငြာသံကြားမှ နိုးလာပါတယ်။ မြန်မာပြည်မှာ အိပ်ရေးမဝခဲ့သမျှ လေယာဉ်ပေါ်မှာ အတိုးချ အိပ်လိုက်ရတာပါ။

လေယာဉ်ကြီး ဘီးတွေချပြီး ညင်ညင်သာသာ ပြေးလမ်းပေါ်မှာ ဆင်းလိုက်ပြီး လေယာဉ် အရှိန်သေသွားတော့မှ ဖြေးဖြေးခြင်း လှိမ့်သွားပြီး လေယာဉ်ဆိုက်ရမယ့် ဂိတ်ကို သွားရပါတယ်။ ဒီလို လေယာဉ်ကြီး လေယာဉ်ကွင်းထဲမှာ ဖြေးဖြေးခြင်း လှိမ့်သွားတာကို တက္ကစီ (taxi) လုပ်တယ်လို့ ခေါ်ပါတယ်။ အဲလိုသွားနေတာကို တက္ကစီအင်း taxiing လို့ပြောပါတယ်။ တက္ကစီလုပ်တာကို အဘိဓါန်က ဘယ်လို အဓိပ္ပါယ်ဖွင့်ထားလဲ ဆိုတော့ "move along the ground before take-off or after landing" တဲ့။ လေယာဉ်မတက်ခင်၊ ဒါမှမဟုတ် လေယာဉ်ဆင်းပြီး အချိန်၊ မြေပြင်ပေါ်မှာ လေယာဉ်ကြီး ဖြေးဖြေးလေးသွားတာကို taxi လုပ်တယ်လို့ ခေါ်ပါတယ်။ ဒီလို taxi ဆိုတဲ့ စကားလုံးရဲ့ လေယာဉ်နဲ့ ပတ်သက်တဲ့ အဓိပ္ပါယ်ကို မသိပဲနဲ့ လေယာဉ်ကွင်းက လေယာဉ်တွေ တက္ကစီလုပ်တဲ့အကြောင်း အင်္ဂလိပ်လို ရေးထားတာကို အင်္ဂျာယာဉ်လို့ ဘာသာပြန်လိုက်ရင် လုံးလုံးကြီးမှားသွားပါလိမ့်မယ်။

ကျွန်တော့်ခရီးစဉ်အကြောင်း ဆက်ပြောရမယ်ဆိုရင် လေယာဉ်ကြီး ရပ်သွားတာနဲ့ စက်ာပူ ဟန်းဖုန်းနဲ့ သမီးတွေဆီကို ဖုန်းခေါ်လိုက်ရပါတယ်။ အဲတော့ သမီးတွေက "ဖေကြီး သမီးတို့ အပြင်မှာ ရောက်နေပြီ၊ အန်တီဝေလည်း ပါတယ်။ မိုးကြိုးရော၊ ဇေကြီးရောလည်းပဲ စောင့်နေတယ်။ သမီးတို့ ကားလေး တစ်စင်း ငှားထားတယ်" လို့ ပြောပါတယ်။ ဒါနဲ့ ကျွန်တောလည်း လေယာဉ်ပေါ်က သွက်သွက်လေး ဆင်းလာပြီး အီမီဂရေးရှင်း ကောင်တာတွေဆီကို သွားလိုက်မိပါတယ်။ သမီးတွေက စက်ာပူ ပီအာ PR ဆိုတဲ့ အမြဲတမ်း နေထိုင်ခွင့် ကဒ်တွေ ရထားတော့ ကျွန်တော်တို့က မိဘအနေနဲ့ long stay permit ရေရှည်နေထိုင်ခွင့် ပါတ်စ်ပို့သက်တမ်းရှိသလောက် နေခွင့်ကဒ်ပြားလေးတွေ ရထားတဲ့ အတွက် ကျွန်တော်က ဖော်ရင်းနား (foreigner) ဆိုတဲ့ နိုင်ငံခြားသားလိုင်းမှာ မစီပဲ စက်ာပူနိုင်ငံသား (citizen) ဆိုတဲ့ လိုင်းမှာ သွားတန်းစီလို့ ရပါတယ်။ အဲဒီလိုင်းမှာတော့ လူရှင်းတာပေါ့။ ကောင်တာရောက်တာနဲ့ ကျွန်တော့်ကဒ်ပြားလေးကို ပြလိုက်တယ်ဆိုရင် အီမီဂရေးရှင်း အရာရှိက ကဒ်ပြားလေးယူ လေဆာရောင်ခြည်ဖြတ်စက်ပေါ်မှာ တင်စစ်လိုက်ပြီးရင် သွားလို့ ရပါပြီလို့ ပြောလိုက်ပါတယ်။ ဒီလိုကဒ်လေးတွေ ရထားရင် ပါတ်စ်ပို့ ပေါ်မှာ တံဆိပ်တုံး ထုတာ မလုပ်တော့ပါဘူး။ ဟိုးမေး၊ ဒီမေး အမေးလည်း မခံရပဲ ခပ်မြန်မြန်လေးနဲ့ အီမီဂရေးရှင်း ကောင်တာကနေ ထွက်လို့ ရပါတယ်။ ကျွန်တော်လည်း သမီးတွေစောင့်နေပြီဆိုတော့ ခပ်သတ်သုတ်လေး ထွက်လာပြီး ဂျူတီဖရီးဆိုင်ကို ဝင်လိုက်ပါတယ်။ စက်ာပူရဲ့ ဂျူတီဖရီးက spirit လို့ ခေါ်တဲ့ ဝိစကီ (1 litre) တစ်ပုလင်း၊ ဝိုင် တစ်ပုလင်းနဲ့ ဘီယာသံဗူး (၃)ဗူး ဝယ်ခွင့်ရှိပါတယ်။ စက်ာပူမြို့ထဲက ဝိစကီဈေးက ဂျူတီဖရီးက ဈေးထက် အများကြီးများတော့ စက်ာပူရောက်တိုင်း ဂျူတီဖရီးဝိစကီကို ဝယ်ဖြစ်အောင် ဝယ်ရပါတယ်။

ကျွန်တော်ဝယ်လာတဲ့ ဝီစကီကို မျှော်နေတဲ့ ကျွန်တော့်သမက်တော် မိုးဇော်ဟိန်းနဲ့ သမီးငယ်နဲ့ စေ့စပ်ထားတဲ့ မောင်ဇေယျာတို့ အတွက် မဖြစ်မနေ ဂျူတီဖရီး ဝီစကီကို ဝယ်ရတာပါ။

ဂျူတီဖရီးဆိုင်မှာ ဝင်ပြီးတာနဲ့ ပစ္စည်းရွေးဖို့ ကွန်ဗေရာဘဲလ်ခေါ်တဲ့ ကရပဆယ်ကြီးတွေဆီကို သွားရပါတယ်။ အဲဒီမှာ ကရပ်ဆယ် နံပါတ်ကို ကြည့်ပြီးကိုယ့်လေယာဉ် ဖလိုက်နံပါတ်နဲ့ ကိုက်ပြီး ကိုယ့်လေယာဉ်က ပစ္စည်းချတဲ့ ကရပ်ဆယ်ဆီမှာ ကိုယ့်ပစ္စည်းကို သွားယူရပါတယ်။ ပစ္စည်းတွေ ပါလာတဲ့ လည်နေတဲ့ အပြားကြီးရှေ့မှာ ကျွန်တော့်သေတ္တာတွေကို စောင့်ကြည့်နေတုန်းမှာ ကျွန်တော့်ဘေးက မြန်မာခရီးသည် အမျိုးသမီး တစ်ယောက်ကလာပြီး ကျွန်တော်ကို နူတ်ဆက်ပါတယ်။ "ဆရာ ကျွန်မက ဆရာ့ရဲ့ စာဖတ်ပရိသတ်ပါ။ ဆရာရေးတဲ့ Fashion Image မဂ္ဂဇင်းထဲက ခရီးသွား ဆောင်းပါးတွေက အမြဲစောင့်ဖတ်ပါတယ်။ ကျွန်မ ဆရာစာတွေကို သိပ်သဘောကျတယ်" လို့ လာပြောပါတယ်။ ကျွန်တော်လည်း ကိုယ့်ရဲ့ စာဖတ် ပရိသတ်ကို တွေ့ရတော့ ကျေနပ်သွားတာပေါ့။ အဲဒီနောက် ကျွန်တော်ကလည်း ကျွန်တော့်ရဲ့ ခရီးသွားရင် ယူနေကျ ဆင်မဆိုနိုက် (Samsonite) အိတ်အကြီးနဲ့ အသေးကို မနည်းကြီး မှတ်မိအောင် ကြိုးစားပြီး ရွေးယူလိုက်ရပါတယ်။ ပြီးတော့မှ အဲဒီအိတ်နှစ်အိတ်ကို ထရောလီတွန်းလှည်းပေါ်တင်ပြီး အကောက်ခွန် ပေးစရာ ပစ္စည်းမပါပါဆိုတဲ့ ဂရင်း ချင်နယ် (green channel) ထဲကနေဖြတ်ပြီး လျှောက်ထွက်ခဲ့ပါတယ်။

လေဆိပ်ဟောကြီးထဲကို ရောက်တာနဲ့ ကြိုနေကြတဲ့ သမီးကြီး မင်းမင်းဝင်း၊ သမီးငယ် နှင်းနှင်းဝင်း ကျွန်တော့်ညီမ ဝေဝေခင်၊ မိုးဇော်ဟိန်းနဲ့ ဇေယျာတို့ တန်းစီပြီး စောင့်နေတာကို တွေ့ရပါတယ်။ သူတို့နဲ့ အတူ ကျွန်တော်လက်ဆွဲ သေတ္တာလေးနဲ့ ခရီးသွား အိတ်နှစ်အိတ်ကို ယူပြီး ငှားထားတဲ့ ကားလေးနဲ့ အိမ်ကို ထွက်ခဲ့ပါတယ်။

<u>မရွေးခဲ့မိတဲ့ အိတ်</u>

အိမ်ရောက်လို့ ပစ္စည်းတွေချ သေတ္တာတွေဖွင့်ပြီး စားစရာ ပစ္စည်းတွေ မွှေရှာပြီးတော့ သမီးကြီးက "အမေကလည်း သမီးမှာ လိုက်တဲ့ လက်ဖက်တွေစားစရာတွေ ထည့်မပေးလိုက်ဘူး" ဆိုပြီး ရန်ကုန်အိမ်ကို ဖုန်းလှမ်းဆက်ပါတယ်။ အဲတော့ သူ့အမေက " အိတ်အနီလေးထဲမှာ အမေ သေချာထည့်ပေးလိုက်တယ်" လို့ပြောပါတယ်။ အဲလိုပြောလိုက်တော့ သမီးကြီးက "အဖေကြီး အမေထည့်ပေးလိုက်တဲ့ အိတ်အနီလေးကော" လို့ မေးပါတယ်။ ကျွန်တော်က "အဖေ ဘယ်သိမလဲ၊ အဖေ့ပစ္စည်းတွေကို ကမ္ဘာအေးအိမ်ကနေ လေဆိပ်ကိုကြိုယူသွားပြီး ချက်ကင်လုပ်နှင့်တာ။ အဖေက ဆေးခန်းကနေ လေဆိပ်ကို တန်းလာတာ ဆိုတော့ အမေဘာပစ္စည်းတွေ ဘာအိတ်တွေ ချက်ကင်လုပ်ပြီး တင်ပေးလိုက်တယ်ဆိုတာ အဖေမသိဘူးလေ။ အဲတော့ အဖေက အဖေယူသွားနေကျ အိတ်ကိုပဲ ယူခဲ့တာပေါ့" လို့ ပြောလိုက်ပါတယ်။ အဲလို ရန်ကုန် စက်ပူ စကားတွေပြောရှင်းလင်းပြီးတော့မှ အိမ်က ကျွန်တော့်အတွက် အိတ်သုံးလုံး

တင်ပေးလိုက်တာကို မသိပဲနဲ့ ကျွန်တော်က အိတ်နှစ်လုံးပဲ ကွန်ဗေရာ (conveyer) ဘဲလ်တ်ကြီးပေါ်က ကောက်ယူလာခဲ့တော့ အိတ်တစ်လုံး လေဆိပ်မှာ မရွေးရပဲ ကျန်ခဲ့တယ်ဆိုတာ သိရတော့တာပေါ့။ လေကြောင်းကောင်တာမှာ ပစ္စည်းတွေ ချက်ကင်လုပ်ပြီးရင် ရလာတဲ့ ဘတ်ဂိတ်ချ်တက် (baggage tag) ဖြတ်ပိုင်းလေးတွေကို ကျွန်တော် ခရီးသားတိုင်း အမြဲသိမ်းထားလေ့ရှိပါတယ်။ ဒီတစ်ခေါက်ရောက်မှ ထူးထူးဆန်းဆန်း ကျွန်တော်က ဘက်ဂိတ်ချ်တက် ဖြတ်ပိုင်းတွေကို မလိုတော့ဘူးဆိုပြီး လွှင့်ပစ်ခဲ့မိပါတယ်။ ဖြစ်ချင်တော့ ကျွန်တော်တို့ အစီအစဉ်က မနက်အစောထပြီး မလေးရှားက တီအိုမင်အိုင်လင် ကို သွားကြမှာဆိုတော့ မလေးရှားက ပြန်လာမှပဲ ကျန်ခဲ့တဲ့ အိတ်လေးရွေးရတော့မှာပါ။ ဖြတ်ပိုင်းမပါပဲ အိတ်ကိုရွေးရမယ်၊ ပြီးတော့ လေယာဉ်ဆိုက်ပြီး (၃)ရက်ကြာမှလည်း သွားရွေးရမှာဆိုတော့ ကြည့်ပြောပြီး ရွေးရတော့မှာ၊ ဒါပေမယ့် သေချာရှင်းပြရင်တော့ ရမှာပါလို့လည်း စိတ်ထဲမှာ ကိုယ့်ဘာသာကိုယ် အားပေးလိုက်ရပါတယ်။

<u>တီအိုမင် ကို ထွက်ပြီ</u>

လေဆိပ်ကနေ အိမ်ကိုရောက်တော့ ည ၁၀ နာရီခွဲလောက် ဖြစ်နေပါပြီ။ လေဆိပ်မှာ ကျန်ခဲ့တဲ့ စားစရာတွေ သူ့အမေထည့်ပေးလိုက်တဲ့ အိတ်အကြောင်း သမီးကြီးနဲ့ ပြောကြဆိုကြနဲ့ အိတ်ထဲမှာပါတဲ့ စားစရာတွေ အကြောင်း ဆွေးနွေးလိုက်ကြတော့ ည ၁၁ နာရီ ကျော်သွားရော။ အားလုံး ပြီးစီးတော့မှ ခွက်လေးတွေကိုင်ပြီး စောင့်နေကြတဲ့ မိုးကြီးနဲ့ ဇေကြီးကို ဝီစကီ ထည့်ပေးလိုက်ရပါတယ်။ ဝီစကီလေး တစ်ခွက်လောက် ဝင်သွားတော့ ပွဲဟာ ဆူဆူညံညံ ဖြစ်လာပါတယ်။ မိုးကြီးက ခပ်သွက်သွက်လေးနဲ့ သူမူးရင် ဆိုနေကြ “ပုလုံး ပုလုံးထောင်” အစချီတဲ့ သီချင်း ဆို၊ အော်ဟစ်၊ ဆူညံပြီး ကပါတော့တယ်။ ဇေကြီး ကလည်း တစ်နည်းတစ်ဖုံ၊ သူ့ဟာနဲ့ သူ ဆူဆူညံညံ။ တကယ့်ကို ပျော်စရာကောင်းတဲ့ မိသားစု တွေ့စုံပွဲကြီးပါ။ ပျော်မှ ပျော်ပဲ။

ဒီလိုနဲ့ အမြည်းလေးစားလိုက် ဝီစကီလေး သောက်လိုက်နဲ့ ကျွန်တော်တို့ရဲ့ ပါတီပွဲဟာ မနက် ၁း၀၀ နာရီ ထိုးသွားပါတော့တယ်။ အဲဒီမှာတင် ကျွန်တော့်ညီမ မဝေက မနေနိုင်တော့ပဲ “အားလုံး စားကြတော့ ၁း၀၀ နာရီ ထိုးနေပြီ”ဆိုပြီး ထမင်းပွဲပြင်ပါတော့တယ်။ အဲဒီညက မဝေ ထမင်းဟင်းချက်ထားတာ၊ သိပ်ကောင်းပါတယ်။ သူချက်ထားတဲ့ ငါးဟင်းကလည်း ကျွန်တော်ကြိုက်တဲ့ အနှစ် နှီနှီရဲရဲလေးနဲ့၊ ဝက်သားဟင်းကလည်း စားချင်စရာ၊ ဘဲဥ မန်းကျည်းသီး အချဉ်ချက်က တကယ်ကောင်း၊ ကန်စွန်းရွက်ကြော်၊ ကြက်ဥကြော်ကလည်း ပါသေးတယ်။ အကောင်းဆုံးကတော့ ရုံးပတီသီး ငါးခြောက်နဲ့ ကုလားဟင်း၊ ကျွန်တော်တို့အားလုံး အားရပါးရ စားလိုက်ကြတာ ဗိုက်တင်းကားသွားတော့တာပါပဲ။ ထမင်းဟင်း ပန်းကန်တွေလည်း သိမ်းပြီးရော မနက် ၂း၀၀ နာရီ ဖြစ်နေပါပြီ။

ကျွန်တော်တို့ အစီအစဉ်က မနက် ၄း၀၀ နာရီထ ကားမောင်းပြီး မလေးရှားက တီအိုမင်ကျွန်းကို သွားကြမယ်လို့ စဉ်းစားထားတာ။ အခုတော့ မနက် ၂း၀၀ နာရီ ထိုးဖြစ်နေပြီ ဆိုတော့ “အိပ်မနေတော့ဘူး ဒို့ ပစ္စည်းတွေတင်ပြီး မလေးရှားကို တစ်ခါတည်း ထွက်ကြရအောင်” လို့ ကျွန်တော်က ပြောလိုက်ပြီး တစ်ခါတည်း ကျွန်တော်တို့တတွေ တရုန်းရုန်းနဲ့ ပစ္စည်းတွေ သိမ်းကြ၊ ထုပကြပြီး ငှားထားတဲ့ တိုယိုတာဗင် ကားလေးပေါ်ကို တင်ကြပါတယ်။ သမီးတို့ ငှားထားတဲ့ ဗင် ကားလေးက ရှေ့မှာ မောင်းတဲ့ လူ (driver seat) နဲ့ ဘေးနားက ထိုင်ခုံ၊ နောက်မှာ သုံးယောက် စီးလို့ ရတဲ့ ခုံတစ်တန်း၊ အဒီနောက်က ခုံတစ်တန်းရှိပါသေးတယ်။ ကျွန်တော်တို့ ကားပေါ်ထိုင် နေရာယူ ပြီးတော့ မနက် ၂ နာရီ ခွဲဖြစ်နေပါပြီ။ ဇေယျာက မောင်း၊ ကျွန်တော်က ဘေးကထိုင်၊ မဝေနဲ့ နှင်းနှင်းက နောက်က အတန်း၊ မိုးကြိုးနဲ့ မင်းမင်းက နောက်ဆုံး တန်းမှာ ထိုင်ပြီး တီအိုမင်ကျွန်းဆီ သွားဖို့ စက်ပူကနေ မလေးရှားကိုထွက်ခဲ့ကြပါတော့တယ်။

(ဆက်လက်ဖော်ပြပါမည်။)

ပါမောက္ခခင်မောင်ဝင်း (အသည်း)



နိုင်ငံခြားသွားမယ်ဆိုရင် အပိုင်း (၄၄)

<u>မလေးရှားခရီးစဉ် (အဆက်)</u>

၂၀၀၈ ခုနှစ် အောက်တိုဘာလ (၃၁)ရက်နေ့မှာ ကျင်းပတဲ့ အမေရိကန်အသည်းရောဂါအဖွဲ့ (၅၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး အသွားမှာ စက််ပူကို ခဏဝင်ပြီး မလေးရှားနိုင်ငံ တီအမင် (Island) က သွားလည်တဲ့အကြောင်း ရေးနေပါတယ်။

<u>ဂျဟိုးမြို့လေး</u>

ကွန်တော်တို့ မနက်(၂)နာရခွဲမှာ စက််ပူကထွက်ခဲ့တာ တစ်နာရီလောက်ကြာတော့ မလေးရှားနဲ့ စက််ပူနယ်စပ် ဂျဟိုးတံတားကို ရောက်ပါတယ်။ ပထမဆုံး စက််ပူ အီမီဂရေးရှင်း (လူဝင်မှုကြီးကြပ်ရေး) ဂိတ်ကို ဖြတ်ရပါတယ်။ အဲဒီဂိတ်မှာ ကျန်တော်တို့ ကားပေါ်က ဆင်းစရာမလိုပါဘူး။ ဒရိုင်ဗာနေရာနဲ့ အီမီဂရေးရှင်းကောင်တာ အမျိုးသမီးရဲ့ ကောင်တာ အပေါက်နဲ့ အတည့်လောက်မှာ ကားရပ်လိုက်ပြီး ကားမှန်ကိုချလိုက်ပါတယ်။ ပြီးတော့မှ ကွန်တော်တို့ (၅)ယောက်လုံးရဲ့ ပါတ်စ်ပို့တွေကို အီမီဂရေးရှင်းကောင်တာအမျိုးသမီးရှေ့ကို တင်ပေးလိုက်ပါတယ်။

ကွန်တော်တို့လို ကိုယ်ပိုင်ကားနဲ့ သွားတဲ့သူတွေကတော့ အခုပြောခဲ့သလို ကားပေါ်ကဆင်းစရာမလိုပေမယ့်လို့ ဘတ်စ်ကားနဲ့ သွားတဲ့သူတွေကတော့ ကားပေါ်ကဆင်းပြီး အားလုံး ခြေလျင်လျှောက်ရပါတယ်။ စက််ပူအီမီဂရေးရှင်းကို ဖြတ်၊ ပြီးတော့ တစ်ခါ မလေးရှား အီမီဂရေးရှင်းကို ဖြတ်ရပါတယ်။ ဘတ်စ်ကားကြီးက မလေးရှားအီမီဂရေးရှင်း အလွန်မှာ စောင့်နေပါတယ်။ အဲတော့ ဘတ်စ်ကားစီး ခရီးသည်တွေဟာ မလေးရှားအီမီဂရေးရှင်း ဖြတ်ပြီးတော့မှ ကိုယ့်ဘတ်စ်ကားကို လိုက်ရှာပြီး ပြန်ထိုင်ရပါတယ်။ ဒီနေရာမှာ တစ်ခု သတိပေးချင်တာကတော့ ဘတ်စ်ကားနဲ့ မလေးရှားသွားရင် ဂျဟိုးဂိတ်မှာ ဆင်းလိုက်တာနဲ့ ကိုယ့်ရဲ့ ဘတ်စ်ကားရဲ့ နံပါတ်ကို သေချာမှတ်ထားရမှာပါ။ ဘတ်စ်ကားပေါ်ကဆင်းပြီး ရှုတ်တရက်ကြည့်လိုက်ရင်တော့ ကိုယ့်ဘတ်စ်ကားက အလွယ်လေးမှတ်မိမှာလို့ ထင်ရပါတယ်။ ဒါပေမယ့် တကယ်တန်း မလေးရှားအီမီဂရေးရှင်း ဖြတ်ပြီးလို့ ကိုယ့်ဘတ်စ်ကားကို ပြန်လိုက်ရှာတော့ ထင်ခဲ့သလို မှတ်မိဖို့မလွယ်ဘူး။ ဘာလို့တုန်းဆိုတော့ ဘတ်စ်ကားက တစ်စီး၊ နှစ်စီးထဲ မဟုတ်ပဲ အစီး (၂၀)ကျော်လောက် တန်းစီပြီး ရပ်ထားတာဆိုတော့ တစ်စီးနဲ့တစ်စီးက ခပ်ဆင်ဆင်လိုတွေချည်း အကုန်လုံးဖြစ်နေတာ။ ဘယ်ဟာကို ရွေးရမှန်းကို မမှတ်မိတော့ပဲ

ဖြစ်သွားတတ်ပါတယ်။ ဒါကြောင့် ဘတ်စ်ကားပေါ်ကဆင်းပြီဆိုတာနဲ့ ကိုယ့်ကားရဲ့နံပါတ်ကို မှတ်ထားပါလို့ ပြောရတာပါ။

အခုတစ်ခေါက်တော့ ကျွန်တော်တို့က ကိုယ့်ကားနဲ့ကိုယ်ဆိုတော့ အီမီဂရေးရှင်းဂိတ် ရောက်တော့ ကားပေါ်ကမဆင်းရပဲ စတိုင်နဲ့ ကားပေါ်မှာ အိပ်ပြီးလိုက်ရပါတယ်။ ကျွန်တော်က ရှေ့ခန်းမှာထိုင်တဲ့သူဆိုတော့ ကျွန်တော့် ဘေးမှာထိုင်ပြီး ကားမောင်းနေတဲ့ ဇေယျာ ကားရပ်ပြီး ပါတ်စ်ပို့တွေ ထုတ်ပေးတော့ ကျွန်တော် ခဏနိုးသွားပါတယ်။ ကျန်တဲ့သူတွေကတော့ တခေါခေါနဲ့အိပ်လိုက်ကြတာ၊ တုတ်တုတ်မှ မလှုပ်ဘူး။ အီမီဂရေးရှင်း အရာရှိတွေက ကျွန်တော်တို့ ပါတ်စ်ပို့တွေကို လှန်ကြည့်၊ စစ်ဆေးပြီး တဒုန်းဒုန်းနဲ့ ထုတော့တာပါပဲ။ ဘာမှမေးတာ၊ မြန်းတာ၊ ကားကို မီးထိုးကြည့်၊ လူစစ်တာမျိုးတွေ မလုပ်ပါဘူး။ စက််ာပူ အီမီဂရေးရှင်းအရာရှိက ပါတ်စ်ပို့တွေ ပြန်ပြီးပေးတာနဲ့ ကျွန်တော်တို့ ကားကို နည်းနည်းလေး ဆက်မောင်းလိုက်တော့ မလေးရှား အီမီဂရေးရှင်း ဂိတ်ကို ရောကသွားပါတယ်။

စက််ာပူဂိတ်မှာတုန်းကတော့ စက််ာပူကထွက်တာဆိုတော့ ဘာပုံစံမှ မဖြည့်ရပါဘူး။ ဒါပေမယ့် မလေးရှားအီမီဂရေးရှင်းကို အဝင်မှာတော့ မလေးနိုင်ငံအဝင် အရိုင်ဗယ်ကဒ် (arrival card) တွေကို ဖြည့်ရပါတယ်။ ကျွန်တော်တို့ စက််ာပူကမထွက်ခင် တစ်ရက်ကတည်းက မလေးရှားပုံစံတွေကို ပင်နီဆူလာက ထရားဗဲလ်အင်တိုးဆိုင်မှာ သွားယူပြီး ကြိုဖြည့်ထား ကြပါတယ်။ အဲတော့ မလေးရှားအီမီဂရေးရှင်း ဂိတ်ရောက်တော့ ပါတ်စ်ပို့တစ်ခုစီထဲမှာ ဖြည့်ပြီးသားပုံစံလေးတွေ ညှပ်ပြီး ကားပြတင်းပေါက်မှန်ချ၊ အီမီဂရေးရှင်းကောင်တာပေါ် တင်ပေးလိုက်ရုံပါပဲ။ နောက်ခန်းမှာ အိပ်နေတဲ့သူတွေ အအိပ်မပျက်ဘူးပေါ့။ မလေးရှား အီမီဂရေးရှင်းအရာရှိတွေကလည်း ဘာမှ သိပ်ပြီးမေးမနေပါဘူး။ ဗီဇာလှန်ကြည့်ပြီး ပါတ်စ်ပို့ကို နည်းနည်းပါးပါး ဟိုကြည့်ဒီကြည့်လုပ်ပြီးတော့ တုံးထုပေးလိုက်တော့တာပါပဲ။

မလေးရှားအီမီဂရေးရှင်းကို ဖြတ်လိုက်တာနဲ့ မလေးရှားရဲ့ ပထမဆုံး ဂျဟိုးမြို့ထဲကို ရောက်သွားပါတော့တယ်။ မနက် (၄)နာရီ နီးပါးဖြစ်ပေမယ့်လို့ ဂျဟိုးမြို့လေးဟာ သွက်လက် စည်ကားနေတုန်းပါပဲ။ မီးတွေလင်းထိန်နေပြီးတော့ လက်ဘက်ရည်ဆိုင်လေးတွေကလည်း ဖွင့်ထားတုန်းပါ ။ စိတ်ဝင်စားဖို့ကောင်းတဲ့ ဂျဟိုးမြို့လေးပါ။ အိမ်တွေအစီအရီနဲ့ တော်တော်ကို တိုးတကနေတဲ့ ဂျဟိုးမြို့ပါ။

<u>ဂျဟိုးကအထွက်</u>

ဂျဟိုးမြို့ကို လွန်သွားတော့ ဟိုင်းဝေးကြီးပေါ်ကို ရောက်သွားပါတယ်။ တစ်ဘက်ကို သုံးလမ်းသွားပါတဲ့ ခေတ်မီ ဟိုင်းဝေးကြီးပါ။ ရုတ်တရက်ကြည့်ရင် လေးလမ်းသွားလို့ ထင်ရပါတယ်။ တကယ်တော့ ညာဘက်ဆုံးလမ်းဟာ ကားမောင်းရမယ့် လမ်းမဟုတ်ပါဘူး။ လမ်းပုခုံးလို့ မြန်မာဘာသာပြန်ထားတဲ့ လမ်းရှိုးဒါး (shoulder) ပါ။ အဲဒီ လမ်းရှိုးဒါးက အကြောင်းတစ်စုံတရာကြောင့်

ကားခဏရပ်ချင်ရင် ရပ်ထားဖို့ ထားတဲ့နေရာပါ။ ကားပျက်လို့၊ ဓါတ်ဆီကုန်လို့ ဆိုတဲ့ အကြောင်းကိစ္စတစ်ခုခုကြောင့် အရေးပေါ် ရပ်ချင်ရင် ရပ်ဖို့ထားတဲ့ အပိုလမ်းလေးပါ။ ဒီလိုလမ်းရှိုးဒါးနဲ့ ပတ်သက်လို့ ကျွန်တော်ယူကေနိုင်ငံမှာ တော်ဝင်ဘုရင့် သမားတော်ကြီးများ အဖွဲ့ဝင် စာမေးပွဲဖြေဖို့ ရောက်နေတုန်းက ကျွန်တော့် မိတ်ဆွေတစ်ယောက် ပြောဘူးတဲ့ ဖြစ်ရပ်လေးတစ်ခုကို ပြောပြချင်ပါသေးတယ်။ တစ်ခါက အဲဒီမိတ်ဆွေရဲ့ ယောကျ်မကြီးက ယူကေ သူတို့ဆီကို အလည်လာတယ်တဲ့။ တစ်နေ့တော့ ကားနဲ့ အပျော်ခရီးထွက်ဖို့ စီစဉ်တော့ သူ့ယောကျ်မကြီးက "ငါ့မှာ အင်တာနေရှင်နယ် ကားမောင်း လိုင်စင်ပါတယ်ကွ" ဆိုပြီး ကားတက်မောင်းပါလေရောတဲ့။ ဟိုင်းဝေးပေါ်ရောက်တော့ လမ်းသုံးလမ်းမှာ ကားတွေက အပြည့်ဖြစ်နေပြီး အစွန်ဆုံးလမ်း ရှိုးဒါးပေါ်မှာ ကားတစ်စင်းမှ မရှိဘူးတဲ့။ အဲတော့ သူ့ ယောကျ်မကြီးက "အင်္ဂလိပ်တွေကလည်းကွာ အစွန်ဆုံးလမ်းမှာ ကားတစ်စင်းမှ မရှိတာ၊ အဲဒီလမ်းပေါ်မှာ မမောင်းကြပဲ အလယ်က ကားပြည့်တဲ့လမ်းတွေ ပေါ်မှာပဲ စုပြုံ မောင်းနေ ကြတယ်" လို့ ပြောပြီး တစ်ခါတည်းကားကို ဘေးဆွဲချပြီး လွတ်နေတဲ့ ရှိုးဒါးပေါ်က မောင်းပါလေရောတဲ့။ အင်္ဂလန်က လမ်းရှိုးဒါးတွေက ကားမောင်းတဲ့လမ်း လိန်း (lane) တွေလိုပဲ အကျယ်ကြီးတွေဆိုတော့ မောင်းချင်စရာဖြစ်နေတော့ မိတ်ဆွေရဲ့ ယောကျ်မကြီး ကားတက် မောင်းချင်စရာဖြစ်နေတာပေါ့။ အဲဒါနဲ့ ကျွန်တော့်မိတ်ဆွေလည်း မနေနိုင်တော့ပဲ "အဖေ အဖေ ဒီလမ်းက ကားမောင်းတဲ့လမ်းမဟုတ်ဘူး၊ ကား အရေးပေါ်ရပ်တဲ့လမ်း၊ ပုခုံးလမ်း ရှိုးဒါးပါ။ အဖေ ရှိုးဒါးပေါ်မှာ ကားမောင်းရင် ရဲဖမ်းခံရလိမ့်မယ်" လို့ ပြောပြီး မနည်းတားယူရတယ်တဲ့။ ကြုံတုန်းမှာ အင်တာနေရှင်နယ်အဆင့်မီ ဟိုင်းဝေးလမ်းမကြီးတွေမှာ အဲလို အရေးပေါ် ကားရပ်ဖို့ ကျယ်ကျယ်ဝန်းဝန်း လမ်းရှိုးလဲဒါးတွေ ရတယ်ဆိုတာ ပြောပြတာပါ။

<u>ပျင်းစရာကောင်းတဲ့ ဟိုင်းဝေးကြီးတွေ</u>

ဂျပိုးအထွက် ဟိုင်းဝေးကြီးဟာ လမ်းပြ လမ်းညွှန်တွေနဲ့ တော်တော်လေးကို အဆင့်မြင့်ပါတယ်။ ဟိုင်းဝေးအပေါ်မှာ လမ်းညွှန်ဆိုင်းဘုတ်တွေ အများကြီးရှိပါတယ်။ ကေအယ်လ်ကို သွားချင်ရင် ဘယ်ဘက်လိုက်ပါ။ ကွမ်တန်ကို သွားရင် ထွက်ဖို့ ချိုးဖို့ ဆိုတာမျိုးလို လမ်းညွှန်တွေက ကီလိုမီတာမှာ ဘာလုပ်ပါ ဆိုတာမျိုး အတိအကျ ရေးထားတာပါ။ "မာဆင်းသွားချင်ရင် ရှေ့ (၅) ကီလိုမီတာမှာ လမ်းချိုးပါ" ဆိုတဲ့ လမ်းညွှန်မျိုးတွေပါ။

ဟိုင်းဝေးလမ်းမကြီးတွေပေါ်မှာ သွားရ၊ မောင်းရတာဟာ တော်တော့်ကို မောင်းလို့ ကောင်းတယ်။ လူဖြတ်မှာ၊ ခွေးဖြတ်မှာ၊ နွားဖြတ်မှာ ဆိုတာတွေကို တွေးပြီး ကြည့်စရာမလိုပါဘူး။ ခရီးသိပ်တွင်ပါတယ်။ ဒါပေမယ့် ဟိုင်းဝေးပေါ်မှာ ကားမောင်းရတာဟာ သိပ်ကိုပျင်းစရာကောင်းပါတယ် လို့ ကျွန်တော်ထင်မိ

ပါတယ်။ တမျှော်တခေါ်မှာ လမ်းမကြီးနဲ့ ကီလိုတစ်ရာကျော် မောင်းနေတဲ့ ကားတွေပဲ တွေ့ရတယ်။ ဘေးဘယ်ညာ ကြည့်တော့လဲ လူနေ အိမ်ခြေ အရိပ်အရောင် မတွေ့ရ၊ ဟိုင်းဝေးဆိုတဲ့အတိုင်း မြို့တွေကို ရှောင်ပြီး တောတွေ၊ တောင်တွေကြားမှာ အဖြောင့်ဆုံး လမ်းအူကြောင်းရှာပြီး ဖောက်ထားတာဆိုတော့ ရွာတွေ၊ မြို့တွေနဲ့ အဝေးကြီးမှ အဝေးကြီး၊ တောတွေတောင်တွေကလွဲလို့ ဘာဆိုဘာမှ မတွေ့ရတာပါ။

ကျွန်တော်တို့ ရန်ကုန်ကနေ မန္တလေးကားနဲ့ သွားရင်တော့ အဲဒီလို နိုင်ငံခြားက ဟိုင်းဝေးတွေလို မဟုတ်ပဲ မြို့လေး၊ ရွာလေးတွေကို တစ်ခုပြီးတစ်ခုဖြတ်၊ ရပ်ချင်တဲ့နေရာရပ်၊ တောအကြော်ဆိုင်၊ တောလက်ဘက်ရည်ဆိုင်မှာထိုင်၊ မြို့သေးသေးလေးက တရုတ်ဆိုင်မှာဝင်ပြီး ထမင်းစား၊ ဥပမာပြောရရင် သာဝတ္ထီက မြန်မာထမင်းဆိုင်မှာ စားရတာ သိပ်ကောင်းတယ်။ ဖျူး ချောင်းအဆင်းက တရုတ်ဆိုင်လေးက တကယ်စားလို့ကောင်းတယ်၊ ဧလာအဝင်က ဝက်သားအပြားကြော်က ရှယ်မှရယ်ပဲ။ ပျဉ်းမနားဈေးထဲက မုန့်တီစားလိုက်ရင် လျှာလည်သွားမယ်။ မိတ္ထီလာရောက်ရင်ပေါက်ချောင်းကြော် ဝယ်စား၊ ပါးစပ်ထဲရောက်တာနဲ့ အရည်ပျော်သွားမယ်။ စဉ့်ကိုင်မှာ ပဲကြီးလှော် ဝင်ဝယ်၊ ပုလိပ်က ဇီးသီးက တကယ်ကောင်းဆိုတဲ့ ရန်ကုန်မန္တလေး ကားလမ်းတလျှောက်က စားစရာတွေ၊ စိတ်ဝင်စားစရာ နေရာလေးတွေဟာ တော်တော်ကို ကြည်နူးစရာလေးတွေပါ။

အခုတော့ မလေးရှားဟိုင်းဝေးကြီးပေါ်မှာ ကားတွေ တဝေါဝေါနဲ့ ဘာဆိုဘာမှမတွေ့ တကယ့်ကို အနှစ်သာရမရှိတဲ့ ကားလမ်းခရီးကြီးလို ခံစားရပါတယ်။ အားလုံးက အိပ်ပျော်၊ ကျွန်တော် ကတော့ နိုးလိုက်ပြန်အိပ်ပျော်လိုက်နဲ့ ကားမောင်းနေတဲ့ ဇေယျာတစ်ယောက်ပဲ မရပ်မနား ကားကို ကီလို ၁၂၀ အထက် မောင်းနေပါတော့တယ်။ တောင်တက်တောင်ဆင်း ဟိုကွေ့ဒီကွေ့နဲ့ ဟိုင်းဝေးကြီးကို ဇေယျာတစ်ယောက်ပဲ မောင်းလာလိုက်တာ မနက်(၆)နာရီ လောက်ရောက်တော့ လမ်းဘေးမှာ အိမ်တွေလူတွေကို စတွေ့ပါတော့တယ်။

<u>မာဆင်းမြို့</u>

အဲဒီအချိန်မှာ ဇေယျာက “ဦး ကျွန်တော်တို့ မာဆင်းမြို့ကို ရောက်ပြီ” လို့ ပြောပါတယ်။ မာဆင်းဆိုတာက မလေးရှားနိုင်ငံရဲ့ အရှေ့ဘက်ကမ်းက မြို့လေးတစ်မြို့ပါ။ ကျွန်တော်တို့ သွားမယ့် တီဟိုမင်အိုင်လန်ကျွန်းရဲ့ အနီးဆုံးမြို့လေးပါ။ မြို့ထဲကို ဝင်လိုက်တော့ တိုက်အမြင့်ကြီး တွေကို မတွေ့ရ။ တစ်ထပ်၊ နှစ်ထပ်အိမ်လေးတွေနဲ့ တန်းစီထားတဲ့ လမ်းမကြီးပေါ်ကို ရောက်သွားပါတယ်။ မာဆင်းမြို့ဟာ အိပ်နေတုန်းပါပဲ။ ဒါနဲ့ ကျွန်တော်က “ဇေယျာ မင်းလက်ဘက်ရည်ဆိုင် တစ်ဆိုင်လောက် လိုက်ရှာကွာ” လို့ ပြောလိုက်ပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ မာဆင်းမြို့လယ်က လမ်းမကြီးအတိုင်း ဖြေးဖြေးမောင်းလိုက်တာ မီးတွေ ထိန်လင်းနေတဲ့ လက်ဘက်ရည်ဆိုင်တစ်ဆိုင်ကို သွားတွေ့ပါတယ်။ ကျွန်တော်တို့

လကဘက်ရည်ဆိုင်ရှေ့နားမှာ ကားရပ်လိုက်ပြီး အားလုံးကို နှိုးလိုက်ပါတယ်။ ကျွန်တော်တို့အားလုံး တဝါးဝါးသန်းပြီး ကားပေါ်ကဆင်း၊ အညောင်းအညာဆန့်ပြီး လက်ဘက်ရည်ဆိုင်ထဲ ဝင်ထိုင်လိုက်ကြပါတယ်။ လက်ဘက်ရည်ဆိုင်က တရုတ်လက်ဘက်ရည် ဆိုင် ဖြစ်နေပါတယ်။ စားစရာက ပဲပလာတာ တစ်မျိုးပဲ ရှိပါတယ်။ သောက်စရာကတော့ မလေးရှားလက်ဘက်ရည်ပေါ့။ သူတို့ လက်ဘက်ရည်က ကျွန်တော်တို့ မြန်မာပြည်ကလို လက်ဘက်ခြောက် အချို့ခြောက်ကို ရေနွေးနဲ့ နှပ်ပြီးတော့ နို့ဆီ၊ သကြားထည့်ဖျော်တာပါပဲ။ တီးတာရက်လို့ ခေါ်ပါတယ်။ ကျွန်တော်တို့ လက်ဘက်ရည်နဲ့ တူတယ်ဆိုပေမယ့် သူတို့က ခွက်အားလုံးကို တပုံစံထဲ ဖျော်ပြီး ခွက်(၂၀)လောက်ချထားတာပါ။ ဘယ်သူက လက်ဘက်ရည်မှာမှာ လူတိုင်းကိုအဲဒီခွက်တွေထဲက တစ်ခွက်ကို ယူပေးလိုက်တာပါ။ ကျွန်တော်တို့ မြန်မာပြည်မှာကတော့ အဲလိုမဟုတ်ဘူး၊ တစ်ယောက်ကို တစ်မျိုး လက်ဘက်ရည်မှာကြတာ။ အချို့ပေါ့၊ ချိုဆိမ့်၊ ချိုပြင်း၊ ပေါ့ဆိမ့်၊ ပေါ့ကျ မှာလိုက်ကြတာ လက်ဘက်ရည်တွေ မျိုးကိုစုံလို့ပဲ။ အဲလိုမှာတာတွေကို ကြည့်ပြီး လက်ဘက်ရည်ဆရာက လက်ဘက်ရည်တစ်ခွက်ချင်းကို လိုသလို ပြုပြင်ဖျော်ပေးတာပါ။ ဒါနဲ့ ဆက်ပြောရမယ်ဆိုရင် ကျွန်တော်တို့အားလုံး ကြက်ဥပလာတာနဲ့ လက်ဘက်ရည် မှာကြပါတယ်။ လက်ဘက်ရည်က သောက်ရတာအရသာမရှိ၊ ကြက်ဥပလာတာ လာချတော့လည်း စားကြည့်ကြပြီး အားလုံး နှာခေါင်းရှုံ့ကြပါတယ်။ ပျော့တီပျော့ပြဲ လုံးဝကို မကောင်းတဲ့ ကြက်ဥပလာတာပါ။

<u>မြန်မာပြည်ချစ်တဲ့ မြန်မာတွေ</u>

လက်ဘက်ရည်ကလည်း ဖန်ချိုချည်း သောက်လို့မကောင်း၊ ပလာတာက အရသာမရှိ၊ ဒါဟာ ကျွန်တော်တို့ မြန်မာတွေရဲ့ ပြဿနာပါ။ ဘယ်နိုင်ငံသွားသွား၊ ဘာကိုပဲ စားစား မြန်မာပြည်က အစားအစာတွေကိုပဲ တမ်းတပါတယ်။ စားစရာချင်း အတူတူ တရုတ်စာ၊ ကုလားစာတွေကို ယှဉ်လိုက်ရင် ကိုယ့်မြန်မာပြည်ကဟာတွေကိုပဲ ပိုစားလို့ကောင်းတယ်လို့ ထင်ပါတယ်။ အရင်လတွေက ပြောခဲ့သလိုပဲ မလေးရှားမှာ အိန္ဒိယလူမျိုးအစစ်တွေ ကိုယ်တိုင်ချက်တာဆိုတော့ ဒံပေါက်တွေ၊ ပလာတာတွေ၊ ဆိတ်သားဟင်းတွေဟာ မြန်မာပြည်ထက် ကောင်းမှာပဲလို့ ထင်ခဲ့မိတယ်။ တကယ်တမ်း စားကြည့်တော့ မလေးရှားက ဒံပေါက်တွေဟာ ကျွန်တော်တို့ မြန်မာပြည်က ဒံပေါက်ရဲ့ ခြေဖျားတောင် မမီဘူးလို့ ပြောရမှာပေါ့။ ပလာတာချင်း ယှဉ်လိုက်ရင်လည်း ကိုယ့်ဆီက ပလာတာက သတို့ထက်ပိုကောင်း၊ တရုတ်စာချင်း ယှဉ်ပြန်တော့လဲ စက်ၢပူနိုင်ငံမှာ သိပ်ကောင်းတယ်ဆိုပြီး နာမည်ကြီးတဲ့ Crystal Jade ဆိုတဲ့ ဆိုင်တွေက တရုတ်ထမင်းဟင်းတွေဟာ ကျွန်တော်တို့ မြန်မာပြည် တရုတ်ဆိုင်ဟင်းတွေကို မမီ၊ ပြောရမယ်ဆိုရင် နိုင်ငံခြားက စားစရာတွေဟာ မြန်မာပြည်က စားစရာတွေလောက် ကောင်းတယ်လို့ကို ကျွန်တော်တို့ လုံးဝမထင်မိ၊ စားစရာတင်လား၊ မဟုတ်သေးပါဘူး၊ ဘာကိုပဲပြောလိုက် ပြောလိုက် "ငါတို့

မြန်မာပြည်မှာဆိုရင်” က စပြီး မြန်မာပြည်ကောင်းကြောင်း၊ မြန်မာမျိုးချစ်စိတ်နဲ့ ပြောကြတဲ့သူတွေပါ။ “ပျော်ရာမှာမနေရ၊ တော်ရာမှာ နေရ” ဆိုသလို မြန်မာအများစုဟာ မတတ်သာလို့သာ နိုင်ငံခြားမှာ နေရတယ်၊ မြန်မာပြည်ကို အမြဲ သတိရ လွမ်းဆွတ်တမ်းတနေကြတဲ့ သူတွေပါ။ အခွင့်အခါရတာနဲ့ မြန်မာပြည်ကိုပြန်လာကြမယ့် မြန်မာတွေပါ။ ဒါပေမယ့် နိုင်ငံခြားကို အထင်ကြီး ဘိုရူးရူးနေကြတဲ့ မြန်မာတစ်ချို့တလေတော့ ရှိကြတာပေါ့လေ။ ဒါပေမယ် အဲဒါမျိုးက ရှားပါတယ်။ အမိမြန်မာပြည်မှာပဲ နေချင်ကြတဲ့ နိုင်ငံခြားရောက် မြန်မာတွေက အများစုပါ။

<u>မာဆင်းက သင်္ဘောဆိပ်</u>

လက်ဘကရည်သောက်ပြီးတာနဲ့ (၆)နာရီခွဲလောက်ဖြစ်နေပြီ ဆိုတော့ သင်္ဘောဆိပ်ကို ကားဆက်မောင်းရပါတယ်။ သင်္ဘောက (၇)နာရီခွဲ ထွက်မှာဆိုတော့ နေရာရဖို့ သင်္ဘောအချိန်မီဖို့ နည်းနည်းလေး စောစောသွားရတာပေါ့။ သင်္ဘောဆိပ်နားရောက်တော့ ကားရပ်ဖို့ ကားပါကင်ရှာရပါတယ်။ ကျွန်တော်တို့လို တီအိုမင်ကျွန်းကို သွားမယ့်လူတွေမောင်းလာတဲ့ ကားတွေ ရပ်ထားဖို့ မာဆင်းသင်္ဘောဆိပ်မှာ ကားပါကင် အကြီးကြီးရှိပါတယ်။ မလေးရှားနိုင်ငံမှာ ကားခိုးတတ်တယ်၊ ဂရုစိုက်ပါလို့ စက််ပူက မိတ်ဆွေတွေက မှာလိုက်ပါတယ်။ ဒါပေမယ့်လည်း မတတ်နိုင်ဘူး၊ ကျွန်တော်တို့ ငှားလာတဲ့ ကားကို အဲဒီကားပါကင်ထဲမှာ ရပ်ပြီး စတီယာရင် သော့ခပ်ပြီး ထားခဲ့ရပါတယ်။

ကားပါကင်ထဲမှာ ကားထားခဲ့ပြီး ကျွန်တော်တို့တတွေ အိတ်တွေ၊ ပစ္စည်းတွေ ဆွဲပြီး တီအိုမင်ကျွန်းသွားမယ် မာဆင်းသင်္ဘောဆိပ်ကို ဆင်းကြရပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)


Maran 14 km
Chenor 63 km
Kuala Lumpur 182 km






Airport Information

၁၉-၇-၀၉

နိုင်ငံခြားသွားမယ်ဆိုရင် အပိုင်း (၄၅)

မလေးရှားခရီးစဉ် (အဆက်)

၂၀၀၈ ခုနှစ် အောက်တိုဘာလ (၃၁)ရက်နေ့မှာ ကျင်းပတဲ့ အမေရိကန်အသည်းရောဂါအဖွဲ့ (၅၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး အသွားမှာ စက််ပူကို ခဏဝင်ပြီး မလေးရှားနိုင်ငံ တီအမင် (Island) က သွားလည်တဲ့အကြောင်း ရေးနေပါတယ်။

တီအိုမင်သို့ ဖယ်ရီခရီးစဉ်

မာဆင်း (Mersing) ကနေ တီအိုမင်ကျွန်းကို ဖယ်ရီ သဘော်လေးတွေနဲ့ သွားရင်ရတယ်။ ဒါမှမဟုတ် လူနည်းနည်းနဲ့ ခပ်မြန်မြန်သွားလို့ရတဲ့ စပီဘုတ် (speed boat) လေးတွေနဲ့ သွားလို့ရပါတယ်။ ဒါပေမယ့် ကျွန်တော့်သားလေး ထူးခိုင်ဝင်းနဲ့ သမီးကြီးတို့ ပြီးခဲ့တဲ့ အခေါက် တီအိုမင်ကို သွားတုန်းက ဖယ်ရီလွတ်သွားတာနဲ့ နောက်တစ်ခေါက် ဖယ်ရီလာမှာကို မစောင့်ချင်လို့ မြန်မြန်ရောက်အောင်ဆိုပြီး စပီဘုတ်နဲ့ သွားတော့ မိုးနဲ့ လေနဲ့ ပင်လယ်ကြီးထဲမှာ တော်တော်ကြောက်ဖို့ ကောင်းတယ်လို့ ပြောခဲ့ဖူးပါတယ်။ ဒါနဲ့ ကျွန်တော်က “အဖေတော့ စပီဘုတ်မစီးရဲဘူးနော်၊ ဖယ်ရီသဘော်နဲ့ပဲ သွားမယ်” လို့ ပြောလိုက်ပါတယ်။ ဒီနောက် ကျွန်တော်တို့ ဖယ်ရီဆိပ်ကို ဆင်းပြီး ဖယ်ရီသဘော်လတ်မှတ်ဝယ်လိုက်ပါတယ်။

တီအိုမင်ကို လေယာဉ်နဲ့ သွားတယ်ဆိုရင်

ကျွန်တော်တို့က တီအိုမင်ကို ဖယ်ရီသဘော်နဲ့ပဲ သွားဖို့ စီစဉ်ထားပေမယ်လို့ တကယ်တော့ တီအိုမင်ကို လေယာဉ်နဲ့လည်း သွားလို့ရပါတယ်။ တီအိုမင်ကျွန်းရဲ့ တိကက် (Tekak) လို့ ခေါ်တဲ့ ရွာလေးမှာ လေယာဉ်ကွင်းရှိပါတယ်။ စက််ပူလေဆိပ်တွေက ဒါမှမဟုတ်၊ မလေးရှားလေဆိပ်တွေကနေ ဘဂျားယား အဲယား (Berjaya Air) လို့ ခေါ်တဲ့ လေကြောင်းလိုင်းလည်း သွားလို့ ရပါတယ်။ တောတွေ တောင်တွေထဲမှာ ရှိတဲ့ လေယာဉ်ကွင်းမှာ ဆင်းရမှာကို ကြောက်လို့ ကျွန်တော်က လေယာဉ်မစီးပဲ ဖယ်ရီသဘော်နဲ့ စီးဖို့ ဆုံးဖြတ်လိုက်တာပါ။ ဘယ်လိုပဲ စိတ်ချရတယ်ပြောပြော လေယာဉ်စီးတာထက်စာရင် သဘော်စီးရတာက ပိုစိတ်ချရတယ်လို့ ထင်ပါတယ်။ ပြီးတော့ ပင်လယ်ခရီး သဘော်စီးရတာဟာ လေယာဉ်စီးရတာနဲ့ စာရင် စိတ်ဝင်စားစရာ ပိုကောင်းမယ်လို့ ထင်ပါတယ်။ ဒါကြောင့် ကျွန်တော် ဖယ်ရီစီးဖို့ ဆုံးဖြတ်ပြီး မာဆင်း တီအိုမင် (Mersing - Tioman) ကို သဘော်ခရီးနဲ့ သွားခဲ့တာပါ။

ဖယ်ရီ

ဒီနေရာမှာ ဖယ်ရီဆိုတာနည်းနည်းရှင်းပြချင်ပါတယ်။ တစ်နေရာနဲ့ တစ်နေရာ ပုံမှန်လူတွေ သွားကြလာကြတာကို ပို့ပေးရင် ဖယ်ရီ (ferry) လို့ ခေါ်တာပါ။ ဖယ်ရီဆိုတာဟာ တစ်နေရာနဲ့ တစ်နေရာ ဒေသနဲ့ အခြေအနေတွေကို လိုက်လို့ အကြီးအသေးကွာခြားလွန်းပါတယ်။ ဘယ်လိုလဲ ဆိုတော့ ဝါးတန်းလမ်းကနေ ဒလလိုနေရာမျိုးကို ကူးတဲ့ သာမန်လှေသေးသေးလေးတွေဟာလည်း ဖယ်ရီပ။ အဲဒီထက်ကြီးတဲ့ ပန်းဆိုးတန်း နဲ့ ဒလကူးတဲ့ နှစ်ထပ်ဖယ်ရီသဘော်ကြီးတွေရှိပါတယ်။ အဲလို အသေးအမွှား ဖယ်ရီလေးတွေကနေပြီး ၁၁ ထပ် သဘော် ဖယ်ရီကြီးတွေလည်း ရှိပါတယ်။

၁၉၉၁ ခုနှစ်တုန်းက ပြင်သစ်နိုင်ငံမှာ အထက်တန်း သုတေသန ပညာသင်ဆု ရလို့ အသည်းရောဂါ ပညာသင်အနေနဲ့ တစ်နှစ်တာ နေခဲ့ရပါတယ်။ အဲဒီတုန်းက ကော်စီကာကျွန်းကို နွေရာသီ ဟောလီးဒေးသွားတုန်းက ဖယ်ရီသဘော်အကြီးကြီးကို ပထမဆုံး အကြိမ် စီးခဲ့ဖူးပါတယ်။ အဲဒီတုန်းက ပြင်သစ်နိုင်ငံ တောင်ပိုင်း မာဆေးမြို့ကနေပြီး ကော်စီကာကျွန်းကို ဖယ်ရီသဘော်ကြီးနဲ့ သွားရတာပါ။ ဖယ်ရီလို့သာပြောတယ် ကားအစီး ၃၀၀ ကျော်တင်သွားတဲ့ သဘော်အကြီးကြီးပါ။

အခုနောက်ဆုံး စီးခဲ့ရတဲ့ ဖယ်ရီ သဘော်ကြီးကတော့ ၂၀၀၉ ခုနှစ် ဧပြီလထဲမှာ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့မှာ လုပ်တဲ့ ဥရောပ အသည်းရောဂါ ပညာရှင်အဖွဲ့ အစည်းအဝေးသွားတက်တုန်းက အစည်းအဝေး အားတဲ့ အချိန်လေးမှာ ကိုပင်ဟေဂင်ကနေ နော်ဝေးနိုင်ငံ အော်စလိုမြို့ကို ဖယ်ရီသဘော်ကြီးနဲ့ သွားခဲ့တာပါ။ အဲဒီ သဘော်ကြီးဟာ ဖယ်ရီလို့သာပြောတယ် ၁၁ထပ် ရှိပါတယ်။ ကားတွေလည်း အစီး ၅၀၀ လောက်တင်နိုင်ပါတယ်။ သဘော်ကြီးဟာ အကြီးကြီးမှ တကယ့် အကြီးကြီးပါ။ ကိုပင်ဟေဂင်ကနေ ညနေ (၅)နာရီ ထွက်ပြီး အော်စလို မြို့ကို မနက် (၉)နာရီမှာ ရောက်ပါတယ်။ တကယ့်ကို မဖော်ပြနိုင်လောက်အောင် အံ့သြစရာကောင်းတဲ့ သဘော်ကြီးပါ။ ဒါပေမယ့် အဲဒီသဘော်ကြီးကို သူတို့က ဖယ်ရီလို့ပဲ ခေါ်ပါတယ်။ အဲဒီ ၁၁ ထပ် ဖယ်ရီ သဘော်ကြီးမှာ တစ်ယောက်ခန်း တစ်ခန်းယူပြီး ကိုပင်ဟေဂင်ကနေ အော်စလိုကို ဇိမ်ကျကျ ခရီး သွားခဲ့ရတဲ့ အကြောင်းက နောက် ကြုံတဲ့ အခါမှ သီးသန့် ဆောင်းပါး ရေးသွားပါဦးမယ်။

အခုဒဆောင်းပါးမှာ ပြောချင်တာကတော့ ဖယ်ရီဆိုတာ ဆိုဒ်မျိုးစုံ ရှိတယ်ဆိုတာပါ။ ကျွန်တော်တို့ မာဆင်းကနေ တီအိုမင်ကို သွားတဲ့ ဖယ်ရီသဘော်လေးကတော့ လူ ၅၀ လောက်ဆန့်တဲ့ ၂ ထပ်သဘော်လေးပါ။ သဘော်အောက်ထဲမှာ အဲယားကွန်းအခန်းတွေ ရှိသလို၊ သဘော် အပေါ်မှာ တက်ပြီး လေတဝူးဝူးနဲ့ ပင်လယ် ရှုခင်းကို ကြည့်ပြီး စီးရင်လည်း ရတ ကပြင်အကျယ်ကြီးရှိတဲ့ မာဆင်း တီအိုမင် ဖယ်ရီလေးပါ။

တီအိုမင် ဖယ်ရီဂိတ်

တီအိုမင် ဖယ်ရီဂိတ်ကိုရောက်သွားတော့ မနက် (၇)နာရီလောက်ပါ။ ဖယ်ရီက (၈)နာရီမှ ထွက်မှာပါ။ သမီးကြီးက ဖယ်ရီ လကမှတ်ကို နဂိုကတည်းက ဘွတ်ကင်လုပ်ထားတာပါ။ သူလက်မှတ် သွားဝယ်တော့ ဘွတ်ကင်လုပ်ထားတဲ့အတိုင်း အသွားအပြန် ဝယ်ပါတယ်။ ဒါပေမယ့် လက်မှတ်ရောင်း စာရေးက ဟိုပြောဒီပြော၊ အပြန်က မသေချာဘူး ဆိုပြီး လျှောက်ပြောနေတာနဲ့ နောက်ဆုံး အဲဒီစာရေးအတွက် မုန့်ဖိုးခေါ်ခေါ်၊ လက်ဖက်ရည်ဖိုးခေါ်ခေါ် တစ်ပိ(Tips) ပေးလိုက်တော့မှ လက်မှတ်ဝယ်ရတာ ရှောရှော ရှူရှူ ဖြစ်သွားပါတော့တယ်။

သဘော်လက်မှတ်တွေ ရပြီးတာနဲ့ မာဆင်း ဖယ်ရီဂိတ်မှာ သွားပြီး တန်းစီ နေရာယူ စောင့်ရပါတယ်။ နိုင်ငံခြားသားတွေ မလေးတွေ စင်္ကာပူနိုင်ငံသူတွေ အများကြီး ဂိတ်ဝမှာ ကိုယ့်အထုပ်လေးတွေ ချပြီး တန်းစီထားတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ တတွေကတော့ တန်းစီဖို့ အိတ်တွေပဲ ချထားပြီး မလှမ်းမကမ်းမှာရှိတဲ့ ခုံတွေပေါ်မှာ ထိုင်ပြီး သဘော်အလာကို စောင့်ကြပါတယ်။

မာဆင်း ဖယ်ရီ သဘော်ဂိတ်ဆိုတာ ပင်လယ်ဆိပ်ကမ်းမှာရှိတဲ့ သဘော်ဆိပ်မဟုတ်ပါဘူး။ မာဆင်းမြို့ထဲကို ဝင်လာတဲ့ ချောင်းငယ်လေး တစ်ခုထဲမှာ တည်ထားတဲ့ သဘော်ဆိပ်ပါ။ မနက်(၇း၃၀) နာရီလောက်မှာ သဘော်ဆိုက်လာပါတယ်။ ဒါပေမယ့် ခရီးသည်တွေကို (၈)နာရီ အတိုရောက်မှ ဂိတ်ကို ဖွင့်ပေးပါတယ်။ ကျွန်တော်တို့လည်း ကိုယ့်အိတ်တွေကိုယ်ဆွဲ သဘော်ပေါ် ဝရုန်းသုန်းကား တက်ကြရပါတယ်။ တကယ်တော့ ကျွန်တောတို့ လောလို့သာ လောနေတယ် ခရီးသည်တွေက ဒီလောက်ကြီး မများလှပါဘူး။ ကျွန်တော်တို့ သဘော်ပေါ်တက်ပြီးတဲ့နောက် အောက်ထပ်က အဲယားကွန်းအခန်းထဲမှာ နေရာယူလိုက်ကြပါတယ်။ လေးယောက်ထိုင်ခုံ နှစ်တန်းနဲ့ အလယ်မှာ လျှောက်လမ်းရှိတယ်။ ဘာနဲ့ တူလဲ ဆိုတော့ ရခိုင်ပြည်နယ် မြောက်ဦးကနေ စစ်တွေကို သွားတဲ့ မလိခ သဘော်နဲ့ တစ်ပုံစံတည်းပါ။ တူမှာပေါ့၊ မလိခ သဘော်ဆိုတာလည်း မလေးရှားက သဘော်ကုမ္ပဏီကနေ ငှားထားပြီး စစ်တွေ မြောက်ဦး ဆွဲတာကိုး။ အခုတော့ အဲဒီ စစ်တွေ မြောက်ဦးပြေးတဲ့ မလိခ မရှိတော့ဘူးလို့ သိရပါတယ်။ မာဆင်း တီအိုမင် ဖယ်ရီက စစ်တွေ မြောက်ဦး မလိခထက်ပပြီး ကြီးတယ်လို့ ပြောရပါမယ်။

ဖယ်ရီသဘော်ဆိပ်မှာ

အဲလို မာဆင်းဖယ်ရီ သဘော်ဆိပ်လေးမှာ သဘော်စောင့်နေတုန်း ဒီနားတစ်ဝိုက်မှာ ဘာတွေ စားလို့ရလဲ၊ ဘာတွေလုပ်လို့ ရလဲ ဆိုပြီး လေ့လာကြည့်လိုက်တော့ မာဆင်းမြို့လေးဟာ တိုးရစ်တွေအတွက် အစစအရာရာ ပြင်ဆင်ပြီးသားပါ။ မာဆင်း ဖယ်ရီဆိပ်နားမှာ စားသောက်ဆိုင် ရစ်တောရင့်တွေက အများကြီး၊ ပြီးတော့ ကလပ်တွေလည်း ရှိတယ်။ ၂၄ နာရီပိုက်ဆံထုတ်လို့ရတဲ့ ATM (Automatic Teller

Machine) တွေလည်းရှိပါတယ်။ တိုးရစ်တွေအတွက် သဘော်ဘောင့်နေတုန်း အင်တာနက်နဲ့ အီးမေးလ်တွေ ချက်(ခ်) လုပ်လို့ရတဲ့ အင်တာနက်ကဖေးတွေလည်း အပြည့်၊ စျေးဝယ်ချင်ရင် စူပါမားကတ်တွေလည်းရှိတယ်။ တကယ်လို့ သဘော်မမီရင် အိပ်လို့ တည်းလို့ ရတဲ့ ဟိုတယ်တွေကလည်း အပြည့်၊ တိုးရစ်တွေရဲ့ သဘောတရားကို နားလည်ပြီး တိုးရစ်တွေကို ကျေနပ်အောင်လုပ်၊ မာဆင်းကို လာချင်အောင် မြှူဆွယ်၊ တိုးရစ်တွေကိုပိုက်ဆံတွေသုံးအောင်လုပ်ပြီး တိုးရစ်တွေ အစစအရာရာ အဆင်ပြေအောင်လုပ်ထားတဲ့ မာဆင်းမြို့လေးပါ။

တောင်တရုတ်ပင်လယ် (South China Sea)

South China Sea ကို တောင်တရုတ်ပင်လယ်လို့ အငယ်တုန်းက သင်ခဲ့ရဘူးပါတယ်။ နွေရာသီ ပူပူလောင်လောင်မှာ သဲတောဝမ်းတွင်း အထက (၈)တန်း ကျောင်းသားဘဝ ကမ္ဘာ့ပထဝီ သင်ခဲ့တုန်းက တောင်တရုတ်ပင်လယ်ဆိုပြီး ဖတ်ခဲ့ မှတ်ခဲ့ရဘူးတာ။ အညာနွေပူပူမှာ ပထဝီသင်ရင်းနဲ့ ကြားဖူးခဲ့ရတဲ့ တောင်တရုတ်ပင်လယအော်ကို မျှော်မှန်းကြည့်ပြီး ငါတစ်သက်လုံးလည်း နိုင်ငံခြားရောက်မှာ မဟုတ်ဘူး၊ တောင်တရုတ်ပင်လယ်လည်း မြင်ဖူးမှာ မဟုတ်ဘူးလို့ တွေးခဲ့ပါတယ်။ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့က သဲတော ဝမ်းတွင်းအထကမှာ တောင်တရုတ်ပင်လယ် အကြောင်း သင်ခဲ့ရတဲ့ ကျွန်တော်ဟာ အခုတော့ တောင်တရုတ်ပင်လယ်မှာ ရှိတဲ့ မလေးရှားနိုင်ငံ တီအိုမင်အိုင်းလန်း ကျွန်းကလေးကို သွားတဲ့ ဖယ်ရီကို စီးနေရပါပြီ။ ဘဝမှာ မမျှော်မှန်းတာဟာ ဖြစ်ချင်သလို ဖြစ်နိုင်တယ်ဆိုတာ နားလည်လာပါပြီ။ ကိုယ်က ဘယ်လိုမှ မထင်ခဲ့ပေမဲ့လည်း ဖြစ်ချင်ရာ ဖြစ်တတ်တဲ့ ဒစ်တင်းနီး (destiny) လို့ခေါ်တဲ့ ကံစမံရာ ဘဝဖြစ်စဉ်ဟာ အံ့သြစရာပါ။

မာဆင်း ဖယ်ရီတွေနဲ့ ပတ်သက်လို့ ဂရူစိုက်စရာတွေ

ဒီလို ပင်လယ်ပြင်မှာ ဖယ်ရီစီးစီး၊ စပိဘုတ်စီးစီး စီးတဲ့အခါမှာ ဂရူစိုက်စရာလေးတွေ ရှိပါတယ်။ အဲဒါတွေထဲမှာ ပထမဆုံး သတိထားရမှာကတော့ ပင်လယ်ကို ဖြတ်တဲ့ခရီးစဉ်ဆိုတော့ ပင်လယ်ရဲ့ လှိုင်းတွေ မုန်တိုင်းတွေဟာ အချိန်မရွေး ဖြစ်လာနိုင်တယ်ဆိုတာကို အမြဲသိထားပြီး ပြင်ဆင်ထားသင့်ပါတယ်။

ပြီးတော့ မလေးရှားနိုင်ငံ ဖယ်ရီတွေရဲ့ မသေချာမှု၊ နောက်ကျနိုင်တာတွေကို ထည့်တွက်ထားရပါမယ်။ စပိဘုတ်တွေရော၊ ဖယ်ရီတွေပါ တီအိုမင်အိုင်းလန်း ကျွန်းရဲ့ ရွာလေးတွေကို ဝင်ချင်သလို ဝင်နိုင်တယ်ဆိုတာလည်း သိထားရပါမယ်။ အဲတော့ ကိုယ်သွားမယ့် ရွာဟာ တီအိုမင်ကျွန်းရဲ့ ဘယ်ရွာလဲ ဆိုတာကို သေချာသိထားပြီး ဖယ်ရီ၊ ဒါမှမဟုတ် စပိဘုတ်ဟာ ဘယ်ရွာကို အရင်သွားပြီး ဘယ်ရွာတွေကို ဆက်သွားမယ်ဆိုတဲ့ ခရီးစဉ်ကို သေချာသိထားရပါမယ်။ ဒါမှသာ ကိုယ်ဆင်းမယ့်ရွာကို သေချာသိပြီး ဆင်းသင့်တဲ့ နေရာမှာ ဆင်းရမှာပါ။

တီအိုမင်ခရီးစဉ်နဲ့ ပတ်သက်လို့ ဂရုစိုက်ရမယ့် အချက်တစ်ချက်ကတော့ ဟိုတယ်တွေ ဘွတ်ကင်လုပ်၊ ခရီးစဉ်ကြီး တစ်ခုလုံးကို စီစဉ်ပြီး မာဆင်း တီအိုမင် ဖယ်ရီလက်မှတ်ကို သေသေချာချာ စောစောစီးစီး ဘွတ်ကင်လုပ်မထားရင် ငါးပါးမှောက်သွားပါလိမ့်မယ်။ အထူးသဖြင့် ဟောလီးဒေး ရာသီမျိုးမှာ ဘွတ်ကင်လုပ်မထားပဲ သွားလိုက်လို့ ဖယ်ရီလက်မှတ် မရဘူးဆိုပြီး မာဆင်းမှာတင် သောင်တင်နေရင်တော့ တီအိုမင်ကျွန်းမှာ ဘွတ်ကင် လုပထားတာတွေ အကုန်ရေစုန်မျောတော့မှာပေါ့။

<u>တီအိုမင်ကို ဘယ်ရာသီမှာသွားမလဲ</u>

တီအိုမင်ရောက်ဖို့ ပင်လယ်ခရီးကို ဖယ်ရီသဘော်စီးသွားရတာဆိုတော့ မုတ်သုံရာသီလှိုင်းလေထန်တဲ့ အချိန်တွေကိုတော့ ရှောင်သင့်တာပေါ့။ မလေးရှားနိုင်ငရဲ့ မုတ်သုံရာသီဟာ မြန်မာပြည်နဲ့ အချိန်ကွာပါတယ်။ သတို့ မုတ်သုံက ကျွန်တော်တို့လို ဇွန်ကနေ စက်တင်ဘာမဟုတ်ပဲ နိုဝင်ဘာလမှာ စပြီး မတ်လလောက်အထိ ပါ။ မုတ်သုံလှိုင်းတွေ လေတွေ ကြမ်းနိုင်ပါသေးတယ်။ ဒါကြောင့် နိုဝင်ဘာကနေ မတ်လအတွင်းမှာ မလေးရှားက တီအိုမင်ကို မသွားသင့်ပါဘူး။

အဲဒီလို မုတ်သုံကာလတွေမှာ မာဆင်း တီအိုမင် ထွက်တ ဖယ်ရီတွေလည်း နည်းပါတယ်။ အကြမ်းဖျင်းပြောရမယ်ဆိုရင်တော့ တရုတ်နှစ်ကူးနောက်ပိုင်းမှာ သွားလို့ ကောင်းပါတယ်။ တီအိုမင် အိုင်းလန်း ကို မလေးရှားနဲ့ စင်္ကာပူနိုင်ငံသားတွေက သိပ်စိတ်ဝင်စား သဘောကျကြပြီး ဟောလီးဒေးတွေ သွားကြတာဆိုတော့ မလေးရှားနဲ့ စင်္ကာပူ ရုံးပိတ်ရက်တွေမှာ တီအိုမင်ကို သွားမယ်ဆိုရင် တိုးရစ်တွေ သပ်များမယ်ဆိုတာ တွက်ထားရပါမယ်။ ပြီးတော့ အဲလိုရက်တွေမှာ သွားဖို့ စိတ်ကူးရင် ဖယ်ရီ၊ ဟိုတယ် အစအစအရာရာ ကြိုတင်ဘွတ်ကင်လုပ်ထားဖို့ လိုပါလိမ့်မယ်။ အဲလိုလုပ်မထားရင်တော့ ဟိုတယ်တွေ အပြည့် fully booked ဖြစ်နေပြီး နေရာရတော့မှာ မဟတ်ဘူး။

ကျွန်တော်တို့ တီအိုမင်ကျွန်းကို သွားတဲ့ အချိန်ကတော့ အောက်တိုဘာ လကုန်ပိုင်းဆိုတော့ မုတ်သုံ မဝင်သေးပါဘူး။ အဲတော့ မာဆင်း တီအိုမင်ဖယ်ရီ သဘော်လေးဟာ ငြိမ်သက်နေတဲ့ တောင်တရုတ်ပင်လယ်ထဲမှာ သွားရတာပါ။ မုန်တိုင်းနဲ့ လေလှိုင်းတွေကို စိတ်ပူစရာလည်းမလို၊ လေကောင်းလေသန့်ရှူပြီး ပင်လယ်ပြင်ရဲ့ သဘာဝ ရှုခင်းတွေ အရသာခံစီးလို့ရတဲ့ အချိန်ပါ။ ဒါကြောင့် ကျွန်တော်တို့ မာဆင်းက တီအိုမင်ကို သွားရတဲ့ ပင်လယ်ဖြတ်သန်း ဖယ်ရီခရီးစဉ်လေးဟာ တကယ့်ကို ကြည်နူးစရာကောင်းပြီး မမေ့နိုင်တဲ့ အတွေ့အကြုံလေးတစ်ခုပါ။

တီအိုမင် အိုင်းလန်း

မြန်မာတိုးရစ် ကျွန်တော်တို့ မိသားစု အဖွဲ့ဟာ တီအိုမင်ကျွန်းကို သွားတယ်ဆိုပေမယ့်လို့ တီအိုမင်ကျွန်းအကြောင်း ဘာမှလည်း မလေ့လာ၊ တီအိုမင် စာအုပ်တွေကို မဖတ်၊ ဘာဆို ဘာမှ မလေ့လာ၊ တီအိုမင်ကျွန်းဟာ ပေါ်ပြူလာဖြစ်တယ်ဆိုလို့ သွားကြတယ်၊ ဘာဆို ဘာမှ မသိ၊ ကြုံသလိုသာပျော်ကြဖို့ သွားကြတဲ့ ကျွန်တော်တို့ မိသားစုပါ။

သမီးကြီးက အင်တာနက်မှာ ကြည့်ပြီး အင်တာနက်မှာ ဘွတ်ကင်လုပ်တော့ တီအိုမင်ကျွန်းက ရှိတဲ့ရွာတွေမှာ ရှိတဲ့ ဟိုတယ်တွေကို လိုက်ပြီး ဘွတ်ကင်လုပ်တော့ တိကက် (Tekak) ရွာမှာရှိတဲ့ ဘဂျားယား ရီဆော့ (Berjaya Resort) ဟိုတယ်မှာ ၂ ယောက်ခန်း ၃ ခန်း ဘွတ်ကင်လုပထားပါတယ်။

ဒီနေရာမှာ ကြုံလို့ တီအိုမင်ကျွန်းအကြောင်း ပြောပြရပါဦးမယ်။ တီအိုမင်ကျွန်းဆိုတာဟာ အဝေးကနေ လှမ်းကြည့်လိုက်မယ်ဆိုရင် အိပ်နေတဲ့နဂါး (Sleeping Dragon)လို့ ပြောလေ့ရှိပါတယ်။ ဘာလို့လည်းဆိုတော့ စိမ်းစိုနေတဲ့ တောအုပ်တွေနဲ့၊ တောင်တွေ အနိမ့်အမြင့်တွေနဲ့ဆိုတော့ ကျွန်းလေးဟာ အဝေးကကြည့်လိုက်ရင် အိပ်ပျော်နေတဲ့ နဂါးကြီးနဲ့ ပုံစံတူလို့ပါ။

တီအိုမင်ကျွန်းအကြောင်း ဘိုးစဉ်ဘောင်ဆက် ပါးစပ်ပြော သမိုင်းကို ပြောရမယ်ဆိုရင် တရုတ်ပြည်က နဂါးမင်းသမီးလေးဟာ စက်ဘူကို သားရင်းနဲ့ လမ်းမှာ လှိုင်းတွေလေတွေမရှိပဲ ကြည်လင်သန့်စင်တည်ငြိမ်နေတဲ့ ပင်လယ်ပြင်ကြီးကို တွေ့တာနဲ့ စက်ဘူကို ဆက်မသွားတော့ပဲ ပင်လယ်ထဲမှာ နဂါးပုံကိုယူပြီး နားလိုက်တော့ အဲဒီ တရုတ် မင်းသမီးလေးဟာ တီအိုမင်ကျွန်း ဖြစ်သွားပါတော့တယ်တဲ့။

တီအိုမင်ကျွန်းရဲ့ အဓိကဆွဲဆောင်မှုလို့ ပြောပြော၊ စိတ်ဝင်စားစရာလို့ပဲ ခေါ်ခေါ်၊ တိုးရစ်တွေအတွက် လာချင်စရာ ကောင်းတာကတော့ သဘာဝ တောတောင်ရေမြေ စိမ်းလန်းစိုပြည်၊ စိတ်ဝင်စားစရာ အခြေအနေတွေပါ။

တီအိုမင်ကျွန်းဟာ တောင်နဲ့ မြောက်၊ ရှည်ရှည်မြောမြောလေးပါ။ ကျွန်းရဲ့ အရှေ့ဘက် ကမ်းခြေတလျှောက်ကတော့ တရုတ်ပင်လယ်ရဲ့ ကြမ်းတမ်းတဲ့ လှိုင်းတွေ၊ မုန်တိုင်းတွေကြောင့် နာမည်လည်း မကြီး၊ မဖွံ့ဖြိုး မထွန်းကားပါဘူး။ တီအိုမင်ကျွန်းရဲ့ အနောက်ဘက် ကမ်းခြေတွေကတော့ မုန်တိုင်းမမိ၊ လေမထိဆိုတော့ သာယာလှပတဲ့ ကမ်းခြေတွေဖြစ်လို့ တိုးရစ်တွေ က လာပြီး စည်းကားလှပါတယ်။

အဲဒီလို တိုးရစ် စိတ်ဝင်စားတဲ့ တီအိုမင်ကျွန်းရဲ့ အနောက်ဘက် ကမ်းခြေက ရွာလေးတွေကတော့ ကျွန်းရဲ့ အပေါ်ဆုံး မြောက်ဘက်ထိပ်ကနေ စပြောရမယ်ဆိုရင် ဆလင်း (Salang)၊ ပန်နူဘာ (Panuba)၊ အိုင်ရာ ဘတန် (Ayer Batang)၊ မရင်းပါတ်(ခ်) (Marine Park)၊ တိကက် (Tekak)၊ လာလန်း (Lalang)၊ ပါရာ (Paya)၊ မဲလီနာ (Melina)၊ ဂင်တင် (Genting)၊ လင်တင် (Lanting)၊ နီပါ (Nipah)၊ မီနင်ကို့(ဗ်) (Minang Cove) နဲ့ မူကွတ် (Mukut) တို့ ဖြစ်ပါတယ်။

ကျွန်တော့် အတွေ့အကြုံအရ ပြောရမယ်ဆိုရင်တော့ တီအိုမင်ကျွန်းကို သွားမယ်ဆိုရင် ကျွန်းရဲ့ သိပ် ထိပ်ဖျားလည်း မသွားနဲ့ ကျွန်းရဲ့ အောက်နား တောင်ပိုင်းက ရွာတွေကိုလည်း မသွားနဲ့၊ ကျွန်းရဲ့ အလယ်ပိုင်း အေရာဘတင်း၊ မရင်းပို့(ခ်)၊ တိကက်နဲ့ လာလင်း ထဲက တစ်ရွာရွာကို သွားသင့်ပါတယ်။

ဒီနေရာမှာ သူတို့ပြောတဲ့ တီအိုမင်အိုင်လင်က ရွာ(Village) ဆိုလို့ တကယ့်ကို သေးတဲ့ရွာလေးတွေလို့ မတွေးလိုက်ပါနဲ့။ သူတို့ပြောတဲ့ ရွာဆိုတာက ကျွန်တော်တို့ စိတ်ကူးထဲမှာ မြင်ထားတဲ့ ရွာမျိုးမဟုတ်ပါဘူး။ တိုက်တွေ တာတွေ အိမ်တွေ ဟိုတယ်တွေနဲ့ ကျွန်တော်တ့ တွေးထားတဲ့၊ မြင်ထားတဲ့ မြို့ကြီးဆတဲ့ ပုံစံမျိုးတွေပါ။ သူတို့ပြောတဲ့ ရွာဆိုတာကို မြင်ရတော့ ကျွန်တော့်စိတ်ထဲမှာ ဘာလို့မျှားဒီလိုနေရာတွေကို ရွာလို့ ပြောပါလိမ့် ဒါတွေဟာ မြို့တွေမဟုတ်ဘူးလားလို့ တွေးမိပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)



လူအယောက်(၅၀)လောက်စီးလို့ရတဲ့ ဖယ်ရီသင်္ဘော


[Salang]
[Tulai Island]
[Panuba]
[Ayer Batang]
[Marine Park]
[Lalang]
[Tekek]
[Paya]
[Juara]
[Melina]
[Genting]
[Lanting]
[JapaMala]
[Nipah]
[Minang Cove]
[Mukut]

တီအိုမင်ကျွန်းမြေပုံ


www.bosch.com.sg

နိုင်ငံခြားသွားမယ်ဆိုရင် အပိုင်း (၄၆)

<u>မလေးရှားခရီးစဉ် (အဆက်)</u>

၂၀၀၈ ခုနှစ် အောက်တိုဘာလ (၃၁)ရက်နေ့မှာ ကျင်းပတဲ့ အမေရိကန်အသည်းရောဂါအဖွဲ့ (၅၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး အသွားမှာ စက််ပူကို ခဏဝင်ပြီး ကျွန်တော့်ညီမမဝေ၊ သမီးကြီး မင်းမင်းဝင်း၊ သူ့အမျိုးသား မိုးဇော်ဟိန်း၊ သမီးလေး နှင်းနှင်းဝင်းနဲ့ သူ့ရဲ့ ဖီရင်းဆေး ဇေယျာဝင်းတို့ မလေးရှားနိုင်ငံ တီအမင်ကျွန်း (Tioman Island) ကို သွားလည်တဲ့အကြောင်း ရေးနေပါတယ်။

<u>တီအိုမင်ကိုရောက်ပြီ</u>

မာဆင်းကနေ (၂)နာရီလောက် ဖယ်ရီစီးပြီးသွားတော့ တီအိုမင်ကျွန်းကို ရောက်သွားပါတယ်။ ကျွန်တော်တို့ ဆိုက်တဲ့ သင်္ဘောဆိပ်ကတော့ တီအိုမင်ကျွန်းရဲ့ အနောက်ဘက်ကမ်းမှာ ရှိတဲ့ တိကက် (Tekek) လို့ ခေါ်တဲ့ ရွာကလေးပါ။ ဖယ်ရီသင်္ဘောပေါ်ကနေ ဆင်းလိုက်တာနဲ့ ပင်လယ်ရေနက်ထဲမှာ တည်ဆောက်ထားတဲ့ သင်္ဘောဆိပ်ကနေ ကွန်ကရစ်နဲ့ အကျအနဆောက်ထားတဲ့ သင်္ဘောဆိပ်လေးရဲ့ လျှောကလမ်းလေးပေါ်ကို ရောက်သွားပါတယ်။ အဲလို သင်္ဘောဆိပ်လေးကို ပီးယား (pier) လို့ ခေါ်ရမှာပါ။

ပီးယားအကြောင်းကို ပြောရင်းနဲ့ သင်္ဘောတွေ မော်တော်တွေ ကပ်တဲ့ဆိပ်ကမ်းတမျိုးဖြစ်တဲ့ ကီး (quay) ဆိုတာ ဘာလဲဆိုတာကို ပြောပြချင်ပါသေးတယ်။ ပြောရမယ်ဆိုရင် quay လို့ စာလုံးပေါင်းပေမယ့် 'ကွေး'လို့ အသံမထွက်ရပါဘူး။ စက််ပူမှာရှိတဲ့ ကလပ်(ခ်)ကီး Clarke Quay လို့ ခေါ်တဲ့ ကလပ်(ခ်) သင်္ဘောဆိပ်လေးရှိပါတယ်။ Clarke ဆိုတာက လူနာမည်ပါ။ ကီး quay က သင်္ဘောဆိပ်လေးပေါ့။ အဲတော့ ကလပ်(ခ်)ဆိုတဲ့ လူကို အစွဲပြုပြီး နာမည်ပေးထားတဲ့ ကလပ်(ခ်) သင်္ဘောဆိပ်ပါ။ ပုဇွန်တောင်ဆိပ်၊ ဝါးတန်းဆပ်ဆိုတာမျိုးပေါ့။ အဲလို ကလပ်(ခ်)ကီး လို့ အသံထွက်ရမှာကို မြန်မာတချို့က Clarke ကို ကလပ်(စ်)ကီးလို့ အသံထွက်ပြီး quay ကို ကွေးလို့ အသံထွက်ကြတော့ ကလပ်(ခ)ကီးက ကလပ်ကီးကွေးလို့ အသံထွက် ဖြစ်သွားကြပါတော့တယ်။ ဂရုစိုက်စရာ အင်္ဂလိပ် အသံထွက်လေးကို အခွင့်အရေးရတုန်း ပြောပြလိုက်တာပါ။

ကြံုတုန်းမှာ ပီးယားနဲ့ ကီးဘယ်လို ကွာသလဲဆိုတာလည်း ဆက်ပြောပြချင်ပါသေးတယ်။ ပီးယားဆိုတာက ကျွန်တော်တို့ တီအိုမင်အိုင်လင် တိကက် ဆိပ်ကမ်းက သင်္ဘောဆိပ်မျိုးပါ။ ဘယ်လိုလဲဆိုတော့ ကမ်းစပ်ကနေရေထဲကို တိုင်တွေစိုက်ပြီး လျှောက်လမ်း အကြီးကြီးနဲ့ ရေထမှာ ဆောက်ထားတဲ့

ဆိပ်ကမ်းပါ။ ကီးဆိုတာကတော့ မြစ်ဆိပ် ကမ်းနားဆိပ်နားမှာ ကမ်းနဲ့ ကပ်လျက်နေရာလေးမှာ သဘော်တွေ မော်တော်တွေ ကပ်ဖို့၊ ရပ်ဖို့ လုပ်ထားတဲ့နေရာပါ။ ပြန်ပြောရမယ်ဆိုရင် ပးရားက ဆိပ်ကမ်းကနေ ရေထဲကို ထိုးထွက်ပြီး ဆောက်ထားတာ။ မော်တော်ကဆင်းပြီးရင် လျှောက်လမ်းလေးကနေ ကမ်းပေါ်ရောက်အောင် တော်တော်ဝေးဝေး ပြန်လျှောက်ရပါတယ်။ ဆိုလိုတာက ပီးယားက ရေနက်ထဲမှာ ဆောက်ထားတဲ့ သဘော်ကပ်စရာနေရာပါ။ ကီးကတော့ ဆိပ်ကမ်းလေးတင်ကပ်ပြီး ရပ်လို့ရတဲ့ သဘော်ဆိပ်ပါ။ ရန်ကုန်မြစ်ကမ်းလေးက သဘော်ဆိပ်တွေဟာ ကီးတွေ လို့ ပြောရမှာပါ။

ဟော်တယ်ကို သွားပြီ

တိကက်ပီးယားမှာ ဖယ်ရီကပ်ပြီး ဖယ်ရီပေါ်က ဆင်းလိုက်ပြီး တာနဲ့ လျှောက်လမ်းလေးပေါ်ကနေ ပင်လယ်ကို မျှော်ကြည့်လိုက်တော့ တော်တော်ကိုလှတဲ့ ရှုခင်းပါလားလို့ စိတ်ထဲမှာ ခံစားမိပါတယ်။ နေရောင်ကြည်ကြည် လင်လင် မိုးကောင်းကင်က ဖြူဖြူလွင်လွင်နဲ့ ပင်လယ်ပြင်ပြာပြာကြီးကို မျက်စေ့တဆုံးမာ တွေ့ရပါတယ်။ ကမ်းစပ်ကိုလှည့်ကြည့်လိုက်တော့ စိမ်းစိုညှိုင်းနေတဲ့ တောအုပ်ကြီးတွေနဲ့ မြင့်တက်သွားတဲ့ တောင်တန်းကြီး တွေရဲ့ မြင်ကွင်းဟာ ဘယ်လိုပြောရမှန်း မသိအောင်ကိုလှတာပါ။

ကျွန်တော့်အတွက် အအံ့သြဆုံးကတော့ တိကက်ကမ်းခြေ တလျှောက်လုံးကို ကျောက်တုံးကြီးတွေ အစီအရာချထားပြီး စနစ်တကျ လှိုင်းလေဒဏ် ခံနိုင်အောင် တည်ဆောက်ထားတာပါ။ လှိုင်းတားဖို့ ဆောက်ထားတဲ့ ကျောက်တုံး တာတမံလိုဟာကြီးကလည်း တော်တော်ကိုလှပါတယ်။

ကျွန်တော့်ဇနီးဒေါက်တာခင်လေးရီ

အဲလို ဘယ်ကြည့်ညာကြည့် နောက်ကြည့်ရှေ့ကြည့်နဲ့ ကြည့်လို့ကို မနိုင်အောင် လှတဲ့ ရှုခင်းတွေကို မြင်တော့ လိုက်မလာနိုင်တဲ့ ကျွန်တော့်အမျိုးသမီး ဒေါက်တာခင်လေးရီကို သတိရမိပါတယ်။ သူဟာ ဒီခရီးစဉ်ကိုလိုက်ဖို့ အစအဆုံးပြင်ဆင်တားပြီးမှ (၉၄)နှစ် ရှိနေပြီဖြစ်တဲ့ သူ့အဖေ ဦးကျော်လှိုင် နေမကောင်းလို့ မလိုက်နာနိုင်ပဲ နေခဲ့ရတာပါ။ ကျွန်တော့်ဇနီးကို ဒီလိုရှုခင်းတွေ သာယာလှတဲ့ သဘာဝပတ်ဝန်းကျင်တွေကို ပြချင်ပါတယ်။ ဘာလို့လဲဆိုတော့ သူဟာ သူ့ဘဝမှာ သူ့ယောကျ်ားနဲ့ သူ့သားသမီးတွေ အတွက်ပဲ အမြဲတမ်းလုံးပန်း စိတ်တွေပူ၊ စိုးရိမ်စိတ်တွေအပြည့်နဲ့ ရပ်တည်နေရတယ်လို့ ထင်မိပါတယ်။ အဲဒါကြောင့် သူ့ကို စထရက်(စ်)တွေ လျှော့သွားအောင် တခါတလေ ဒီလို ကြည်လင်အေးချမ်းတဲ့ ပတ်ဝန်းကျင်ထဲကို ခေါ်လာပေး လိုက်ချင်ပါတယ်။

ကျွန်တော့်ဇနီးဟာ မနက်လင်းတာနဲ့ အမေရိကန်က သား ထူးခိုင်ဝင်း၊ သြစတေးလျက သမီးကြီး မင်းမင်းဝင်းနဲ့ သားမက် မိုးဇော်ဟိန်း၊ သမီးလေး နှင်းနှင်းဝင်းနဲ့ သူ့အမျိုးသားဇေယျာနဲ့ ခင်ပွန်းဖြစ်သူ

ကျွန်တော်တို့ အားလုံးရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး တိုးတက်အောင်မြင်စေဖို့ဆိုပြီး ဘုရားမျိုးစုံကို ရှိခိုး ဆုတကာဆုတွေ တောင်းပြီးတော့ တရားခွေဖွင့် အဲဒီနောက်မှ အပြည်ပြည်ဆိုင်ရာ ဖုန်းစင်တာဇာတ်လမ်းစတော့တာပါပဲ။ ပထမဆုံး အမေရိကန် LA က သားလေးဆီကို စဆက်ပါတယ်။ မြန်မာနံနက်ဆိုတော့ သားလေးရဲ့ LA မှာ ညနေစောင်းပေါ့။ "သားလေး မင်းနေကောင်းလား၊ အဆင်ပြေလား" ကစပြီး မနက်စာ ဘယ်မှာ စားလဲ၊ နေ့လည်စာ ဘယ်မှာစားခဲ့လဲ၊ အခုည ဘယ်မှာစားမှာလဲ ဆိုတာတွေကို မေးပါတော့တယ်။ ပြီးတော့မှ နေ့စဉ်ပြောနေကြ ဆုံးမသြဝါဒ တရားရှည်ကြီးကို ပေးပါတော့တယ်။ သားလေးပြီးတော့ သြစတေးလျက သမီးကြီးဆီကို ဖန်းဆက်ပြန်ပါတယ်။ သမီးကြီး အလုပ်လျှောက်ထားတာ အခြေအနေ ဘယ်လိုရှိလဲ၊ ရာသီဥတုက အေးမယ်ထင်တယ်၊ အအေးမိမယ် ရင်ကြပ်မယ်နော် ဂရုစိုက်၊ နွေးနွေးထွေးထွေး ဝတ်ထား၊ မိုးကြီးကော ဘာလုပ်နေလဲ၊ စီးကရက်တေကို အရမ်းမသောက်စေနဲ့ စာတေ ဖတ်ဖြစ်အောင်ဖတ်နော် (AMC II) အောင်အောင်လုပ်ရမယ်၊ အဲဒါအောင်မှ မင်းကအလုပ်သေချာမှာ စတဲ့ ပြောစရာ၊ မှာစရာတွေပြောပြန်ပါတယ်။ အဲဒီအချိန်မှာ စက်ပူက သမီးလေးဆီကို ဖုန်းဆက်လို့ မရတော့ပါဘူး။ ဘာလို့လည်းဆိုတော့ သမီးလေးအလုပ်ထဲ ရောက်နေ လောက်ပါပြီ။ အဲတော့မှ ယောကျ်ားဘက်လှည့်ပြီး လုပ်စရာတွေ လုပ်ပေးပြီး အိပ်ခန်းလေး နည်းနည်းပိုအိပ်၊ ဂေါက်ရိုက်တာလည်း နည်းနည်းလျှော့ဦးလေ ကစပြီး ပြောဆိုမှာကြား စကားရှည်ကြီး ပြောပါတယ်။

အဲဒီလို မိုးလင်းမျက်စိဖွင့်ကတည်းက စလိုက်တဲ့ သူရဲ့ နေ့စဉ်နံနက်ပိုင်း လုပ်ငန်းစဉ်တွေ လုပ်ဆောင်ပြီးသွားတဲ့အချိန်မှာ မနက်(၁၀)နာရီလောက် ဖြစ်သွားပါပြီ။ အတော့မှ "ဟဲ့ သိန်းသိန်းတို့ မြန်မြန်လုပ်ကြ၊ နင့်မကြီးမင်း ယတြာဖယောင်းတိုင်က (၁၀)နာရီ (၅)မိနစ်တိတိမှာထွန်းရမှာ ယတြာအချိန်မီအောင် နင်တို့ အခုသွက်သွက်လက်လက် လုပ်ကြတော့၊ ပြီးတော့ ဒန်းညွှန့်၊ အုန်းညွှန့်လေးတွေလည်း တင်ရမယ်နော်ဆိုပြီး သမီးကြီး သြစတေးလျ ကွင်းစလင် ဟာဗီဗေးဆေးရုံမှာ အလုပ်လျှောက် ထားတာ ရအောင် ဓါတ်ရိုက်ဓါတ်ဆင် ယတြာမျိုးစုံ လုပ်ပါတယ်။ သမီးကြီးအတွက်လုပ်ပြီးတာနဲ့ သားမက် မိုးဇော်ဟိန်းအလုပ်ရရေး စီးကရက် ဖြတ်ရေးအတွက် ဆက်ပြီး ယတြာတွေ လုပ်ပေးပါတော့တယ်။ အဲလို သားသမီးသားမက်တွေအတွက် ယတြာမျိုးစုံပြီးတော့ သူရဲ့ လူမှုရေးလုပ်ငန်းတွေကို စလုပ်ပါတော့တယ်။ ဌာနက စီစီသန်း မွေးနေ့၊ မလေးရှားရောက်နေတ တင်မိုးဆီ ငါးပိကြော်ပို့ဖို့ စတဲ့လုပ်စရာတွေက စုံနေတာပါပဲ။ သူလုပ်ရမယ့် လုပ်ငန်းတွေလုပ်၊ ပြီးတော့ တခါခမည်းခမက် မိုးကြီးအမေ ဒေါ်တင်တင်အေးဘက်ကိုလှည့်ပြန်တော့တယ်၊ တစ်ယောက်တည်း နေရတာ အဆင်ပြေပါ့မလား မသိဘူး၊ လှည့်ပြီးဟင်းဝင်ပို့လိုက်အုံးမယ် ဆိုတာမျိုးပေါ့။

ပြောရမယ်ဆိုရင်တော့ ကျွန်တော့်ဇနီးဒေါက်တာခင်လေးရီဟာ သူ့ဘဝအတွက် အသက်ရှင်သန်နေတာ မဟုတ်ပဲ တခြားလူတွေ အတွက် ကိစ္စအဝဝကို ဆက်လက်လုပ်ဆောင်သွားဖို့ ဘဝခရီးကို လျှောက်သွားနေတယ်လို့ ထင်ပါတယ်။

ဒါကြောင့် သူ့ဘဝအတွက် သူဘာမှ ခစားစံစားမှု လုံးဝမရှိတဲ့ ကျွန်တော့်ဇနီးကို သူ့ရဲ့ နေ့စဉ် ဒွန်းနယားကြီးထဲက ခဏလေးထွက် အပန်းဖြေနားနေပြီး တီအိုမင်အိုင်လင်လို သာယာလှပတဲ့ သဘာဝအလှတွေ ခံစားပြီး ခဏလောက် နားစေချင်တာပါ။

အဲလို တွေတွေးပြီး ပီးယားလျှောက်လမ်းလေးပေါ်မှာ လျှောက်လာလိုက်တာ သဘော်ဆိပ်ရုံးခန်းလေးကို ရောက်လာပါတယ်။ အဲဒီမှာ နောက်တနေ့ ပြန်ထွက်မယ့် သဘော်အချိန်ကို စုံစမ်းပြီး ဘွတ်ကင်ပြန်လုပ်ပါတယ်။ ရုံးခန်းက ထွက်လိုက်တာနဲ့ ဟော်တယ်က ကားလေးစောင့်နေတာကို တွေ့ရပါတယ်။ ဟော်တယကနေ သူ့ဟော်တယ်မှာ တည်းမယ့် ခရီးသည်တွေကို လာကြိုနေတာပါ။ ကားလေးက ဘယ်လိုကားလေးလဲဆိုတော့ ဂေါက်ကွင်းက ဘပ်ဂီ ကားအကြီးစားနဲ့တူတယ်လို့ ပြောချင်ပါတယ်။ အမိုးပါပြီး ကားရှေ့က မှန်ပါတာလွဲလို့ ဘေးဘယ် ညာမှာ ဘာအကာမှ မပါဘူး။ နှစ်ယောက်ထိုင် ထိုင်ခုံလေးတွေ တစ်တန်းပါပါတယ်။ နောက်နားမှာ ပစ္စည်းတွေ တင်စရာနေရာလေး လုပ်ထားပါတယ်။ အဲလို ကားပေါ်ရောက်လို့ ဘေးကခရီးသည်တွေကို ကြည့်လိုက်တော့ ကျွန်တော်တို့တတွေအားလုံး ဘောင်းဘီတိုလေးတွေ ဝတ်ပြီး လာကြသလို ကျန်တဲ့ယောကျ်ားမိန်းမ အားလုံးဟာလည်း ဘောင်းဘီတိုတွေနဲ့ချည်းပါပဲ။ အနားယူအပန်းဖြေ၊ ဟောလီးဒေးမုဒ် (holiday mood) တွေ ဝင်နေပြီး စိတ်လွတ်ကိုယ်လွတ် ဝတ်ဆင်ထားကြတာပါ။

ကျွန်တော်တို့ ဟော်တယ်ကိုရောက်တော့ (၁၀)နာရီကျော်နေပါပြီ။ ဟော်တယ်မှာ အရင်ဆုံး ချက်ကင်ဝင်လုပ် ပစ္စည်းတွေ ချပြီးတဲ့အခါမှာ ဟော်တယ်က ကြိုဆိုနှုတ်ဆက်အချို့ရည် (welcome drink) လေးတွေ သောက်ဖို့ ကမ်းခြေဘက်က ဘားကောင်တာကို လာပါလို့ ပြောပါတယ်။ ကျွန်တော်တို့လည်း ပစ္စည်းအားလုံးချပြီး ကမ်းခြေဘက်မှာရှိတဲ့ ဟော်တယ် ဘားကောင်တာဘက်ကို ရောက်သွားပါတယ်။ ဟော်တယ်ကောင်တာက သောင်ပြင်ပေါ်မှာ သစ်သားပြားကြမ်းခင်းတွေနဲ့ ရိုက်ထားတဲ့ ကပြင်ပေါ်မှာ လုပ်ထားတာပါ။ သဲသောင်ပြင်မှာလည်း ကုလားထိုင်ခင်းထားတဲ့ ထားကြီးတွေ အကြီးကြီးနဲ့ စားပွဲတွေလည်း တွေ့ရပါတယ်။

ကျွန်တော်တို့က သစ်သားကပြင်ပေါ်မှာ မနေတော့ပဲ သောင်ခုံပေါ်ကိုပဲ သွားလိုက်ကြပါတော့တယ်။ ပြီးတော့ ထီးအောက်မှာရှိတဲ့စားပွဲဝိုင်းတစ်ဝိုင်းမှာ ဝင်ထိုင်လိုက်ကြပါတယ်။ အဲဒီမှာတင် သမီးကြီး မင်းမင်းဝင်းရဲ့ စားသောက်ရေးလုပ်ငန်းကို စပါတော့တယ်။ ကျွန်တော်နိုင်ငံခြားသွားမယ်ဆိုလို မန္တလေးက မစန္ဒာပို့လိုက်တဲ့ ပုရစ်ကြော်၊ မန္တလေးက ပပ ပို့ပေးလိုက်တဲ့ ငုံးနဲ့ စနိုက်ကြော်၊ မန္တလေး

ယဉ်မွန်လက်ဖက်သုပ်၊ ကမ္ဘာအေးအိမ်က သိန်းသိန်းရဲ့ အမဲသားအမကြော်၊ ကျွန်တော့်မိတ်ဆွေကြီး ဒေါ်မြင့်မြင့်မြိုင်ရဲ့ ခပ်စပ်စပ် အမဲသားကြော်၊ အဲဒီစားစရာတွေ အားလုံးကို ပလပ်စတစ်ဘူးတွေနဲ့ထည့်ပြီး သေသေချာချာ သယ်လာတာပါ။ စာစရာထည့်ထားတ ပလပ်စတစ်ဘူးတွေကို ထုတ်ပြီး စားပွဲပေါ်မှာ အစီအရီချလိုက်ပါတော့တယ်။

သမီးကြီးဟာ အဲလို စားစရာ ပလပ်စတစ် ဘူးတွေကို စားပွဲပေါ်ချပြီးတာနဲ့ အဖုံးတွေဖွင့်၊ ဇွန်းနဲ့ ကော်ပြီး အားရပါးရ စားတော့တာပါပဲ။ အဲဒအချိန်မှာ (welcome drink) အချိုရည်တွေ လာချပါတယ်။ ဒါနဲ့ ကျွန်တော်က သမီးကြီးအမျိုးသား မိုးဇော်ဟိန်းကို "ဟေ့ မိုးကြီး အခု(၁၀)နာရီခွဲနေပြီ၊ ဒီအချိန် အချိုရည်မသောက်ပဲ ဒို့ဘီယာသောက်ရင် စောလို့ဆိုပြီး ဖမ်းမလားမသိဘူး" လို့ စလိုက်ပါတယ်။ အဲတော့ မိုးကြီးက "ဦးဝင်း ကျွန်တော်ဟော်တယ်အဝင်မှာ မေးခဲ့တယ်။ တီအိုမင် အင်လင်မှာ (၁၀)နာရကျော်ရင် ဘီယာသောက်လို့ ရတယ်တဲ့"လို့ ပြောပါတယ်။ အဲဒီမှာတင် သမီးငယ်ရဲ့ ဖီရင်ဆေး ဇေယျာကလည်း ဝင်ပြီးထောက်ခံပါတယ်။ "ဟုတ်တယ် အန်ကယ်ရေ ကိုမိုးကြီးပြောတာ သေချာတယ်။ ကျွန်တော်လည်း အကြိမ်ကြိမ်မေးခတယ်။ တီအိုမင်အိုင်လင်မှာ (၁၀)နာရီကျော်ရင် ဘီယာသောက်လို့ ရတယ်တ။ ကျွန်တော်တို့ကတော့ ဘီယာသောက်လို့ရပြီ၊ ဖိုးသားလေးကတော့ အသက် (၂၁)နှစ်မပြည့်သေးတော့ သောက်လို့မရဘူးထင်တယ်"လို့ ပြောပါတယ်။ ဒီလိုပြောလိုက်တော့ သားလေးထူးခိုင်ဝင်းက "ကိုဇေယျာကလည်း မဟုတ်တရုတ် အမေရိကန်မှာသာ (၂၁)နှစ်မကျော်ရင် ဘီယာသောက်ခွင့်မရတာ။ မလေးရှား အီမီဂရေးရှင်းဂိတ်အဝင်တုန်းက ကျွန်တော်သေချာမေးခဲ့တယ်။ မလေးရှားက (၁၉)နှစ်ကျော်ရင် ဘီယာသောက်ခွင့်ပြုတယ်တဲ့။ အခုကျွန်တော်က အသက်(၂၀)ထဲမှာဆိုတော့ သောက်လို့ရပါတယ်။" လို့ ပြောပါတယ်။ အဲလိုဟာသလေးတွေ ပြောကြ၊ ပြောင်ကြ၊ နောက်ကြနဲ့ တော်တော်ကို ပျော်စရာ ကောင်းပါတယ်။ တီအိုမင်အိုင်လင်မှာ ကိုယ့်ကိုသိတဲ့သူလည်း တစ်ယောက်မှမရှိဆိုတော့ ပိုပြီး လွတ်လွတ်လပ်လပ် ရှိတာပေါ့။ ဒါကြောင့် မနက်(၁၀)နာရီခွဲမှာ ဘီယာသောက်ဖို့ စိုင်းပြင်းနေကြတာပါ။ နောက်ဆုံးတော့လည်း "ကဲကဲ မင်းတို့အားလုံး သဘောတူတယ်ဆိုရင် ဘီယာလေးခွက်မှာလိုက်မယ် ကန့်ကွက်မယ့်သူရှိလား၊ ရှိရင် လက်ညှိုးထောင်၊ ငါ့ကိုအားမနာနဲ့နော် ဘီယာသောက်ဖို့ သဘောမတူဘူးဆိုရင် မတူဘူး တခါထဲသာအပြတ်ပြော"လို့ ပြောလိုက်တော့ အားလုံးက "မကန့်ကွကပါဘူး။ သဘောတူပါတယ်"လို့ ပြိုင်တူအကျယ်ပြီး ဝိုင်းအော်ကြပါတယ်။ ပျော်စရာမှ ပျော်စရာပါ။ ဒါနဲ့ ကျွန်တော်တို့ အေးစက်နေတဲ့ ကားလ်စ်ဘတ်ဘီယာလေးတွေကို တစိမ့်စိမ့် ဇိမ်ခံသောက်လိုက်၊ မန္တလေးကနေ မလေးရှား၊ တီအိုမင်အိုင်လင်အထိ ခရီးရှည်ကြီးစီးလာခဲ့တဲ့ ပုရစ်ကြော်လေးတွေ၊ ငုံးကြော်၊ စနိုက်ကြော် လေးတွေ စား၊ ဘီယာလေးမော့ လက်ဖက်သုပ်လေးစားနဲ့ ခရီးရောက်မဆိုက်၊ တီအိုမင်အင်လင ကမ်းစပ်မှာ

ပင်လယ်မြင်ကွင်းကို ကြည့်၊ ပင်လယ်အရသာခံရင်းနဲ့ ကျွန်တော်တို့တတွေ ဟောလီးဒေးအရသာကို အပြည့်အဝကို ခံစားနေလိုက်ကြပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)



စာရေးသူ တီအိုမင်ကျွန်းမှာ



စင်္ကာပူနိုင်ငံက Clarke Quay သဘော်ဆိပ်



Tekek pier သင်္ဘောဆိပ်



တီအိုမင်ကျွန်းက သင်္ဘောဆိပ်တစ်ခု

၂၄-၉-၀၉

နိုင်ငံခြားသွားမယ်ဆိုရင် အပိုင်း (၄၇)

<u>မလေးရှားခရီးစဉ် (အဆက်)</u>

၂၀၀၈ ခုနှစ် အောက်တိုဘာလ (၃၁)ရက်နေ့မှာ ကျင်းပတဲ့ အမေရိကန်အသည်းရောဂါအဖွဲ့ (၅၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး အသွားမှာ စက််ပူကို ခဏဝင်ပြီး ကျွန်တော့်ညီမမဝေ၊ သမီးကြီး မင်းမင်းဝင်း၊ သူ့အမျိုးသား မိုးဇော်ဟိန်း၊ သမီးလေး နှင်းနှင်းဝင်းနဲ့ သူ့ရဲ့ ဖီရင်းဆေး ဇေယျာဝင်းတို့ မလေးရှားနိုင်ငံ တီအမင်ကျွန်း (Tioman Island) ကို သွားလည်တဲ့အကြောင်း ရေးနေပါတယ်။

<u>တီအိုမင်ကမ်းခြေ</u>

တီအိုမင်ကမ်းခြေသဲသောင်ခုံဟာ ပြန့်ပြန့်ကျယ်ကျယ် ပြေပြေလေးပါ။ ထိုင်းနှင်ငံ ပတ္တရားကမ်းခြေဆိုရင် ကားလမ်းပေါ်က ဆင်းလိုက်တာနဲ့က ပေ(၂၀)လောက်ပဲ ရှိတဲ့ ခပ်စောက်စောက် သောင်ခုံလေးပြီးတာနဲ့ ပင်လယ်နဲ့ တန်းတွေ့ရပါတယ်။ ပင်လယ်ကမ်းစပ် ကမ်းခြေဆိုပြီး ကျယ်ကျယ်ဝန်းဝန်း လမ်းလျှောက်စရာ သွားစရာ နေရာ သောင်ခုံကြီး မရှိပါဘူး။ အခု တီအိုမင်ကျွန်းက ကမ်းခြေကတော့ သိပ်အကျယ်ကြီး မဟုတ်တောင် အတော်အသင့် ပြေးလွှားဆော့ကစားစရာ နေရာ ရှိပါသေးတယ်။ သောင်စပ်ပြီးတာနဲ့ ကြည်စိမ်းပြာလဲ့နေတဲ့ ပစိဖိတ်သမုဒ္ဒရာပြင်ကျယ်ကြီးကို တမျှော်တခေါ် မိုးကုပ်စက်ဝိုင်းအထိ တွေ့ရပါတယ်။

ကမ်းခြေပေါ်မှာသွားလာနေကြတဲ့သူတွေကတော့ အနောက်တိုင်း နိုင်ငံခြားသား အများစုပါ။ မလေးလူမျိုး နည်းနည်းပါးပါးနဲ့ စက််ပူ၊ ဖိလစ်ပိုင်နိုင်ငံသား တစ်ချို့ကိုလည်း တွေ့ရပါတယ်။

ကျွန်တော်တို့လည်း မန္တလေး ပုရစ်ကြော်၊ မန္တလေးက ပို့တဲ့ စနိုက်ဂ့က်ကြော်လေးတွေ ဝါးပြီး ဘီယာအေးအေးလေးကို ထိုင်ပြီး တစိမ့်စိမ့် သောက်ကြရင်းနဲ့ ဇိမ်ကျနေပါတယ်။ ဒီကြားထဲမှာ မန္တလေး ရည်မွန်လက်ဘက်နဲ့ နှစ်ပြန်ကြော်လေး ဝါးရတာကလည်း အရသာတစ်မျိုး၊ ဟိုစား ဒီစားနဲ့ နေ့လည် (၁၂)နာရီကျော် အထိ ရောက်သွားပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့ အခန်းတွေထဲကို မရောက်သေးပါဘူး။ ဟော်တယ်ရဲ့ ဖရန့်ဒက်(ခ်) front desk ကောင်တာမှာ ချက်ကင်လုပ်ပြုးကတည်းက အခန်းထဲမသွားသေးပဲ သောင်ခုံက ဘားထိုင်ခုံတွေပေါ်မှာ ထိုင်ရင်းနဲ့ အချိန်တွေ ကျော်သွားတာပါ။ ဒါနဲ့ မနက်ပိုင်း လျှောက်လည်မယ့် အစီအစဉ်တွေ ဖျက်ပြီး တစ်ခါတည်း လန့်(ခ်)စားကြရအောင်လို့ ဆုံးဖြတ်ပြီး စားစရာတွေမှာဖို့ ဝိတ်တာကို

ခေါ်လိုက်ပါတယ်။ သူ့ဆီက မီနူးကဒ်ကို ဖတ်လိုက်တော့ ကျွန်တော်တို့ တော်တော်စိတ်ဓါတ်ကျသွားပါတယ်။ ဘာလို့လည်း ဆိုတော့ မလေးရှားနိုင်ငံ တီအိုမင်က ဟော်တယ်မှာ မလေးစာ၊ ထိုင်းစာ၊ အာရှတိုက်သား စားစရာ ဘာမှမရှိပဲ အနောက်တိုင်း စားစရာတွေပဲ ရှိပါတယ်။ ဘာဆိုဘာမှ အာရှသားစားစရာ မတွေ့ရတော့ ကျွန်တော့်ညီမနဲ့ ကျွန်တော့်သမီးကြီးတို့ ဒုက္ခရောက်ရတော့တာပေါ့။ ကျွန်တော့်ညီမ မဝေ (ဝေဝေခင်)ဟာ အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာ တစ်နှစ်နေခဲ့ဖူးတယ်။ အခု မလေးရှားမှာ ရောက်နေတာလည်း (၄)နှစ်ကျော်ပြီ။ ဒါပေမယ့် မြန်မာပါးစပ်မှ မြန်မာပါးစပ်ပါပဲ။ ချဉ်ငံစပ် မြန်မာစာ မဟုတ်ရင် ဘာဆိုဘာမှ စားလို့ခံတွင်းမတွေ့တဲ့ မဝေပါ။ ကျွန်တော့်သမီးကြီး မင်းမင်းဝင်းဟာလည်း သူ့အဒေါ် မဝေလိုပါပဲ။ မြန်မာစာ မဟုတ်ရင် လုံးဝကို မတို့တတ်တဲ့သူ၊ ပေါင်မုန့်မကြိုက်၊ ထောပတ်မုန်းပြီး၊ ငါးပိ၊ ငံပြာရည် ကြိုက်တဲ့သူ။ အဲတော့ မဝေနဲ့ မင်းမင်း တီအိုမင်ဟော်တယ်မှာ နှာခေါင်း ရှုံ့ကြပြီပေါ့။ မီနူးကဒကို ကြည့်လိုက်တော့ စပါဂက်တီ (spaghetti) ၊ ဖစ်(ရှ်) အင် ချစ်(ပ်) (fish & chips) ဆင်းဒွစ်(ရှ်) (sandwich) မျိုးစုံနဲ့ တခြား အီတာလျံ၊ အင်္ဂလိပ်၊ အမေရိကန် စားစရာတွေကိုပဲ တွေ့ရပါတယ်။

ဒီနေရာမှာ ကြံုတုန်း ဟော်တယ်ကြီးတွေ ရောက်ရင် ဘာမှာရမှန်းမသိတဲ့ ဟော်တယ်တွေနဲ့ စိမ်းတဲ့ သူတွေအတွက် ဟော်တယ်မှာ စားစရာမှာတဲ့ စားတဲ့စနစ်ကို နည်းနည်း ပြောပြချင်ပါတယ်။

ဟော်တယ်တစ်ခုက စားသောက်ဆိုင် ရက်(စ်)ထရွမ့်(တ်) (restaurant ရက်စ်တော့ရင့် လို့ အသံမထွက်ရပါဘူး) တစ်ခုကို ဝင်လိုက်ရင် စားစရာစနစ်က အဓိက သုံးနည်းရှိပါတယ်။

<u>ဘူဖေး (buffet)</u>

ပထမဆးစနစ်ကတော့ ဘူဖေး (buffet) (ဘက်ဖက် မဟုတ်ပါ) စနစ်ရှိပါတယ်။ ဘူဖေးစနစ်ကတော့ စားစရာတွေ အကုန်လုံးကို ကောင်တာတွေမှာ တန်းစီချထားပြီး ကိုယ်ကြိုက်တာကို ယူလာပြီး စားပွဲမှာ ထိုင်စားတဲ့ စနစ်ပါ။

<u>ဆက်မီနူး (set menu)</u>

နောက်တစ်ခုကတော့ မီနူးကဒ်ထဲမှာ ရေးထားတဲ့ ဆက်မီနူး (set menu)ဆိုတာက one set တစ်ခါတည်း ဘာပြီး ဘာဆိုတာမျိုး စဉ်ထားပြီးသားပေါ့။ ဆက်မီနူး တစ်ခုလုံးကို ဘယ်လောက်ဆိုပြီး သတ်မှတ်ပြီးသားပါ။ တစ်ခုစီ မှာစားတာထက် သက်သာတယ်။ စားချင်စဖွယ် ဆန္ဒတွေ ပေါ်လာအောင် ဆင်ပေးထားတဲ့ စိတ်ဝင်စားစရာ ပက်ဂိတ်(ချ်) (package) အစီအစဉ်ပါ။ ဆကမီနူးရဲ့ ဥပမာလေးတစ်ခုကို ရေးပြချင်ပါတယ်။

<u>အရည်သောက် (soup)</u>

ပဲနီလေး ဟင်းရည်

(သို့မဟုတ်)

အားလူး ကရင်(မ်) ဟင်းရည်

<u>ဆလဒ် (salad)</u>

ဂေါ်ဖီနဲ့ ပန်းမုန်လာသုတ်

(သို့မဟုတ်)

ငါးသေတ္တာနဲ့ အရွက်မွှေ

နှစ်မျိုးလောက် ရွေးစရာ ရှိပါတယ်။

<u>အဓိက စားစရာ (main meal)</u>

ဒီအဓိက မိန်းမီးလ်မှာတော့ အသားငါး တစ်ခုခုကို ရွေးစရာ ထားပေးပါတယ်။ ဥပမာ -

ဝက်သားအပြားကင်

(သို့မဟုတ်)

ကြက်သားအနှစ်ချက်

(သို့မဟုတ်)

ကကတစ်ငါး ဆီပူလှိမ့်

အချိုပွဲ ဒီဆတ်(ထ်) (dessert- ဒဲဆတ် မဟုတ်ပါ၊ ဒဲဆတ်ဆိုရင် သဲကန္တရထဲ ရောက်သွားပါမယ်)။

အချိုပွဲမှာလည်း ရွေးစရာပါပါတယ်။

အိုကစကရင်

(သို့မဟုတ်)

အသီးမျိုးစုံ

(သို့မဟုတ်)

ကိတ်

<u>ကော်ဖီ (သို့မဟုတ်) လက်ဘက်ရည်</u>

နောက်ဆုံးပိတ်အနေနဲ့ ကော်ဖီ (သို့မဟုတ်) လက်ဘက်ရည် ကြိုက်တာ တစ်ခုခုကို သုံးဆောင်နိုင်ပါတယ်။ ဆကမီနူး လို့ မှာလိုက်ရင် အခုပြောခဲ့သလို ဆလတ်၊ မိန်းမီးလ်၊ ဒီဆတ်(ထ်)နဲ့ ကော်ဖီ အပါအဝင် အားလုံးရပါတယ်။

<u>အလကတ်</u> (à la carte)

ရက်(စ်)ထရွမ့်(တ်)မှာ စားစရာမှာစားတဲ့ နည်းစနစ်တစ်ခုကို ထပ်ပြီးပြောရမယ်ဆိုရင် အလကတ် (à la carte - အလကားတီး လို့ အသံမထွက်ရပါ) စနစ်ပါ။ ပြင်သစ်စကားလုံးပါ။ အဓိပ္ပါယ်ကတော့ ကဒ်ပြားထဲက အတိုင်း လို့ ပြောတာပါ။ မီနူးကဒ်လေးထဲမှာ ပါတာတွေကို ကြည့်ပြီး မှာချင်တာ မှာစားပေါ့။ ဆက်မီနူးလို မီးလ်ကြီး တစ်ခုလုံး တစ်ဆကလုံးကို မှာစရာမလိုပါဘူး။ ကိုယ်ကြိုက်တာ ကိုယ်ရွေးပြီး ဆလပ်တစ်မျိုးတည်း မှာမှာ၊ အရည်သောက် ဆွပ်ပဲမှာစားစား မှာချင်သလို မှာစားတဲ့ စနစ်ကို အလကတ် လို့ ခေါ်တာပေါ့။ အဲလို အစားအစာ မှာနည်းသုံးမျိုးကို ပြောပြီးတဲ့နောက် ဘယ်ဟာကို ဘယ်လိုစားရမယ်ဆိုတာ ဆက်ပြောချင်စိတ်တွေ ပေါ်လာလို့ တီအိုမင်အကြောင်း ခဏရပ်ပြီး ဟော်တယ်မှာ စားနည်းလေးတွေ ဆက်ရေးပါဦးမယ်။

<u>ဘူဖေး (buffet) စားနည်း</u>

ဟော်တယ်ကြီးတွေမှာ ဘူဖေး စားမယ်ဆိုပြီး ရက်(စ်)ထရွမ့်(တ်)ထဲ ဝင်သွားလိုက်ရင် စားနေမကျတဲ့ သူတစ်ယောက်အဖို့ ဘယ်ကဘယ်လို စစားရမယ်ဆိုတာ တကယ့်ကို စိတ်ရှုပ်စရာပါ။ ဒါပေမယ့် ဘယ်ကစလို့ ဘယ်လိုစားရမယ်ဆိုတဲ့ စနစ်ကို သိသွားရင်တော့ လွယ်ပါတယ်။ ဘူဖေးဟာ စားချင်တာကို ကြိုက်သလို ယူစားရတဲ့ စနစ်ဆိုပေမယ့်လို့ ဘယ်ကဘယ်လို စရမယ်ဆိုတဲ့ စနစ်တော့ ရှိပါတယ်။

ဘူဖေး ကောင်တာတွေဟာ ဟော်တယ်အကြီး အသေးပေါ် မူတည်လို့ အမျိုးပေါင်း စုံနေအောင် ရှိတတ်ပါတယ်။ ဥပမာပြောရမယ်ဆိုရင် စက််ဘူက ကြယ်ငါးပွင့် ဟိုင်းရပ် (Hyatt) ဟော်တယ်ကြီးက ဘူဖေးမှာဆိုရင် ဥရောပ European ကောင်တာ၊ အာရှ Asian ကောင်တာ၊ တရုတ်စာ Chinese ကောင်တာ၊ အန္ဒိယ အင်ဒီးယန်း Indian ကောင်တာ စုံနေတာပါပဲ။ ကောင်တာကြီးတွေရှေ့မှာ ဟင်းတွေကို ချက်ပြုတ်တဲ့ ရှက်(ဖ်) (chief- ချက်ဖ် လို့ အသံမထွက်ရပါ၊ ပြင်သစ်စကားဖြစ်ပါတယ်၊ အကြီးဆုံးလူ၊ ခေါင်းဆောင်လို့ အဓိပ္ပါယ်ရပါတယ်။ ဆိုလိုတာက chief cook ဆိုတဲ့ သဘောပေါ့) တွေကလည်း ရပ်နေပြီး ပြုံးနှုတ်ဆက်ဆိတော့ ဘာကစလို့ ဘာကိုင်ရမှန်းမသိ ဖြစ်တတ်ပါတယ်။ အာရှ၊ တရုတ်နဲ့ အိန္ဒိယအစားအစာ ကောင်တာတွေမှာ သွားပြီး ယူစားရတာတော့ လွယ်တယ်။ ကိုယ်ကြိုက်တာ ကိုယ်ယူခဲ့ပြီး စားချင်သလို စားပေါ့။ ဒါပေမယ့် ဥရောပအစားအစာတွေမှာတော့-

ဥရောပ ဘူဖေးမှာ ပထမဆုံး ချက်မထားတဲ့၊ နွေးမထားတဲ့ အအေးစာ (cold meal) နဲ့ စစားသင့်ပါတယ်။ ဥပမာ မီးကျပ်တိုက် ဆယ်မွန်ငါး (smoked salmon ဆယ်လ်မွန်လို့ အသံမထွက်ရပါ) နဲ့ အရွက်လေးတွေ၊ ကြက်သားသုတ်၊ ဝက်သားသုတ်၊ ဆလာမီ (salami) လို့ ခေါ်တဲ့ လှီးထားတဲ့ ဝက်အူချောင်း အကွင်းလေးတွေ၊ အဲလိုဟာမျိုးလေးတွေကို စယူစားပေါ့။ ဆိုလိုတာက အဓိက မိန်းမီးလ်ဖြစ်တဲ့ ချက်ပြုတ်ထားတဲ့ သားငါးတွေကို စမစားပဲ ခံတွင်းလိုက်ရုံ၊ အက်ပီတိုက်ဆာ (appetizer) ၊ ဆလဒ် (salad-ဆလဒ်ဆိုတာ ဆလပ်ရွက်ကို ပြောတာမဟုတ်ပါ၊ အသုတ်လေးတွေကို ခေါ်တာပါ) လိုဟာမျိုးလေးတွေနဲ့ စရပါတယ်။

အဲဒီအချိန်မှာ ဆွပ် (soup) ဟင်းရည် တစ်မျိုးမျိုးကို သွားယူထားပြီးတော့ ပေါင်မုန့်တစ်မျိုးမျိုးနဲ့ ထောပတ်ကိုလည်းယူထားပြီး ပေါင်မုန့်ကို ထောပတ်သုတ်စားလိုက်၊ ဆွပ်သောက်လိုက်၊ အအေးစာ ဒါမှမဟုတ် ဆလဒ်လေးတွေကို ဇိမ်နဲ့စားပေါ့။

ပြီးတော့မှ မိန်းမီးလ် ဟင်းတစ်မျိုးမျိုးကို သွားယူပြီး စားပါ။ အဲလို ပထမစားစရာ စားပြီးတဲ့နောက် နောက်တစ်မျိုးကို သွားယူမယ်ဆိုရင် ဘူဖေး မစားဖူးတဲ့သူတွေက ကိုယ်စားပြီးသား ပန်းကန်ကြီးကို ကိုင်သွားပြီး နောက်ထပ်စားစရာတစ်ခု ထပ်ထည့်ပြီး စားကြပါတော့တယ်။ တကယ်ကတော့ ဘူဖေးစနစ်မှာ တစ်မျိုးစားပြီးရင် စားပြီးသား ပန်းကန်ကို သူ့နေရာမှသူ ဒီအတိုင်း ထားခဲ့၊ ကိုယ်စားချင်တဲ့ ကောင်တာကို သွားပြီး ကောင်တာထိပ်က ပန်းကန်ပြားအသစ်ကိုယူပြီး ကိုယ်ကြိုက်တာ ကိုယ်ယူခဲ့ပါ။ စားပြီးသား ပန်းကန်ကို ဝိတ်တာတွေက သူ့ဘာသာသူ သိမ်းသွားပါလိမ့်မယ်။ အသေးအမွှား အချက်အလက်ကလေး ဖြစ်ပေမယ့်လို့ မသိသေးတဲ့ သူတွေအတွက် အရေးကြီး မှတ်သားထားရမယ့် ဘူဖေးစနစ်ပါ။ ဘူဖေး အကြောင်းဆက်ပြောရမယ်ဆိုရင် မိန်းမီးလ်ဟင်းတွေမှာ ကြက်၊ ဝက်၊ ဆိတ်၊ ငါး၊ အသီးအရွက်တွေ မျိုးစုံ တန်းစီထားတာကို တွေ့ရပါတယ်။ ပန်းကန်ပြားထဲမှာ ရုပ်ပျက် ဆင်းပျက် အပုံကြီး ပုံနေအောင် မထည့်ကြပါနဲ့။ အသင့်အတင့် တစ်ခါစားရုံ ကြည့်ကောင်းရုံ ထည့်ပါ။ နောက်ထပစားချင်ရင် ထပ်ထည့်ပေါ့။ တစ်ခါတည်း အများကြီး ယူလာပြီး မကုန်လို့ ချန်ခဲ့ရင် နှမြောစရာကြီးပါ။ စက်ာပူက တစ်ချို့ဘူဖေးဆိုရင် ဘူဖေးဆိုင်တွေက မကုန်ပဲ ချန်ခဲ့ရင် ပိုက်ဆံ ပြန်လျော်ခိုင်းပါတယ်။

မိန်းမီးလ်စားပြီးတော့မှ အချူပွဲတွေ သွားစားပေါ့။ အိုက်စကရင်၊ ကိတ်၊ အသီးမျိုးစုံထားပါတယ်။ အိုက်စကရင်တွေက ခပ်ထည့်လို့ ရတဲ့ စကူ(ပ်)ညှပ်တွေ ထားပေးလေ့ရှိပါတယ်။ အဲဒီ စကူ(ပ်)လေးနဲ့ အိုက်စကရင်တစ်မျိုး တစ်ခါကော်လိုက်ပြီးရင် စကူ(ပ်)ကိုဆေးဖို့ ရေခွက်လေးတွေ ချထားပေးပါတယ်။ အဲဒီထဲမှာ စကူ(ပ်)ကို စိမ်လိုက်ရုံပါပဲ။ အဲလို အချူပွဲတွေအပြင် ခုံးစ်နဲ့ ဘီစကစ်ပြားလေးတွေ ထားပေးပါသေးတယ်။ ချီးစ်မျိုးစုံ၊ အဆော့တစ် ချီးစ် (assorted cheese) တွေ ထားပေးပါတယ်။ ပြင်သစ်တွေက ချီးစ်ကို ဘက်ဂက် (baguette) လို့ ခေါ်တဲ့ ပေါင်မုန့်နဲ့ ရောစားတယ်။ အင်္ဂလိပ်က ချီစ်ကို

ခရက်ကာ (cracker) လို့ခေါ်တဲ့ ဘီစကစ်ပြားလေးတွေပေါ်မှာ တင်စားလေ့ရှိပါတယ်။ နောက်ဆုံးရောက်တော့မှ ကော်ဖီ ဒါမှမဟုတ် တီးကို မှာသောက်တော့ပေါ့။

<u>ဘူဖေး (buffet) စားနည်း</u>

ဆက်မီနူးတွေကို ပြောရမယ်ဆိုရင် တစ်ချို့ဟော်တယ်မှာကတော့ Today's Set Menu ယနေ့ ဆက်မီနူးဆိုပြီး တစ်မျိုးတည်း ထားတယ်။ သိပ်ကြီးတဲ့ ဟော်တယ်ကြီးတွေကတော့ ဆက်မနူး နှစ်မျိုး၊ သုံးမျိုး ပြတယ်။

ကိုယ်က ဆက်မီနူး တစ်ခုကို ရွေးလိုက်ပြီးရင် ပြီးမသွားပါဘူး၊ ခုနကပြောသလို ဆက်မီနူးထဲမှာ ပါတဲ့ ဆွပ်က ဘယ်ဟင်းရည်၊ ဆလဒ်မှာ ဘာကိုရွေးမယ်၊ မိန်းမီးလ်မှာ ကြက်လား၊ ဝက်လား၊ ငါးလားဆိုတာ ပြောရပါမယ်။ ပြီးတော့ အချိုပွဲ ဒီဆတ်မှာ ဘာစားမှာလဲ၊ နောက်ဆုံးမှာ လက်ဘက်ရည်လား၊ ကော်ဖီလား ဆိုတာ ရွေးပေးလိုက်ရုံပါပဲ။

ဝိတ်တာတွေက တစ်ခုပြီးတစ်ခု ဆက်မီနူးထဲကအတိုင်း အစဉ်လိုက် လာချလာပါလိမ့်မယ်။ စားပွဲပေါ်မှာတော့စကတည်းက ပေါင်မုန့်နဲ့ ထောပတ်ကို ချပေးထားပါတယ်။ စားစရာတွေ စားနေသရွေ့ ပေါင်မုန့်ကို မသိမ်းပါဘူး။ အခုပွဲချပြီးဆိုတာနဲ့က ပေါင်မုန့်နဲ့ ထောပတ်ကို ပြန်သိမ်းသွားပါလိမ့်မယ်။

နောက် တစ်ခုပြောချင်တာက အလကတ်စနစ်မှာ ကြိုက်တာရွေး မှာစားတယ် ဆိုပေမယ့် စားတဲစနစ်တော့ ရှိပါသေးတယ်။ အလကတ်မှာ ပထမဆုံး ဆွပ် (soup မျိုးစုံကို ရေးပြထားပါတယ်)၊ နောက်ပြီးတော့မှာ အက်ပီတိုက်စာ (appetizer) ဒါမှမဟုတ် စတတ်တာ (starter) ဆိုတဲ့ ခေါင်းစဉ်ကြီးနဲ့ စားစရာတွေ စီပြီး ရေးထားပါတယ်။ အဲဒီ ခေါင်းစဉ်အောက်မှာ တော့ ဘူဖေးမှာ စစားတဲ့ ဟာမျိုးတွေလ ဆလဒ်တွေ၊ ဆင်းဒွစ်(ချ်)တွေ၊ cold meat တွေ ပါပါမယ်။

အဲဒီနောက်မှာ မိန်းမီးလ် (main meal) ခေါ်ခေါ်၊ ဒစ်ရှက်(စ) (dishes) ဟင်းပွဲတွေခေါ်ခေါ် အဓိကအစားအစာ အမဲသား၊ ဝက်သား၊ ငါး၊ ကြက်သား ဟင်းလျာ မျိုးစုံကို တွေ့ပါမယ်။

နောက်ပြီးတော့မှာ အချိုပွဲ ဒီဆတ် (dessert) နဲ့ ကော်ဖီပါ။

အလကတ်နဲ့ ဆက်မီနူး ကွာတာက အလကတ်မှာ စားစရာ တစ်မျိုးစီကို ပိုက်ဆံ သီးသန့် ပေးရပါတယ်။ သုံးမျိုးမှာရင် သုံးမျိုးဖိုး ပေးရပါတယ်။

အဲတော့ ကိုယ့်ကို တစ်ယောက်ယောက်က ကျွေးလို့ အလကတ်စနစ်နဲ့ စားမယ်ဆိုရင် ကျွေးတဲ့လူရဲ့ မျက်နှာပေါ်၊ ပြောတာပေါ် ကြည့်ပြီး မှာရပါမယ်။ အလိုက်မသိ၊ ဆွပ်တွေမှာ၊ ဆလဒ်လည်းစားမယ်၊ အမဲသား၊ ဝက်သားတွေလည်းမှာ၊ အချိုပွဲထဲမှာ ပါတဲ့ ကိတ်တွေစားမယ်၊ ကော်ဖီသောက်မယ် ဆိုရင် Bill မှာ တော်တော်လေးကို ကျသွားမှာပါ။

အဲတော့ တော်ရုံ သင့်ရုံ မိန်းမီးလ်ထဲက အသားတစ်မျိုးလောက်ပဲစား၊ ကော်ဖီလေးတစ်ခွက်လောက်ပဲ သောက်ပေါ့။ ဒါမှမဟုတ် ကျွန်တော် မဆာလို့ ဆလဒ်လေး တစ်ပွဲလောက်ပဲ မှာစားလိုက်မယ်ဆိုရင်လည်း ပြီးတာပါပဲ။ ဟော်တယ်ကြီးက ဆလဒ်ဆိတာ မှာတဲ့အပေါ်မှာ မူတည်လို့ ဆယ်မွန်ငါး အဖတ်လေး (၂)ခု လောက်နဲ့ ဆလဒ် စားပွဲ ရှိသလို၊ အရွက်တွေ တစ်ပုံတစ်ခေါင်းကြီး နဲ့ ဗိုက်တင်းသွားမယ့် ဆလဒ်မျိုးလည်း ရှိပါတယ်။ ဟော်တယ်မှာ တော်သလို ကြည့်မှာပြီး စားကြပါလို့ ပြောလိုက်ပါရစေ။

(နောက်လရောက်မှ တီအိုမင်အိုင်လန်း ခရီးစဉ်ကို ဆက်ရေးသွားပါမယ်။)

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒင်မောင်ဝင်း (အသည်း)







၂၀-၁၀-၀၉

နိုင်ငံခြားသွားမယ်ဆိုရင် အပိုင်း (၄၈)

<u>မလေးရှားခရီးစဉ် (အဆက်)</u>

၂၀၀၈ ခုနှစ် နိုဝင်ဘာလမှာ အမေရိကန် ဆန်ဖရန်စစ္စကို မြို့မှာလုပ်တဲ့ အမေရိကန် အသည်းရောဂါ ပညာရှင်အဖွဲ့ အစည်းအဝေး သွားတက်ရင်း စက်ာပူမှာ ခဏဝင်ပြီး သမီးကြီး မင်းမင်းဝင်း (မင်းမင်း)၊ သူ့အမျိုးသား မိုးဇော်ဟိန်း (မိုးကြီး)၊ သမီးလေး နှင်းနှင်းဝင်း၊ သူ့ဖိရင်းဆေး ဇေယျာဝင်းနဲ့ မလေးရှားမှာ နေတဲ့ ကျွန်တော့်ညီမ ဝေဝေခင် (မဝေ) တို့ မလေးရှားနိုင်ငံ တီအိုမင်ကျွန်း (Tioman Island) ကို သွားလည်တဲ့ အကြောင်း ခဲ့ပါတယ်။ တီအိုမင်ကျွန်းကို ရောက်ရောက်ခြင်း ဟိုတယ်ရှေ့က သောင်ခုံပေါ်မှာ ရှိတဲ့ စားပွဲပေါ်မှာ ထိုင်ရင်းနဲ့ မြန်မာပြည်က လာတဲ့ မန္တလေး ပုရစ်ကြော်၊ စနိုက်ကြော်၊ နွားနို့ခဲကြော်၊ ရည်မွန် လက်ဖက်တွေကို အမြည်းလုပ်ပြီး ကျန်တော်၊ မိုးကြီး၊ ဇေယျာတို့ ဘီယာတွေ သောက်ကြတဲ့ အကြောင်းတွေ ပြောခဲ့ပါတယ်။

<u>ဟိုတယ်အခန်းထဲ အပြန်</u>

သောင်ပြင်ပေါ်က ထီးကလေးတွေနဲ့ စားပွဲမှာထိုင်၊ ဘီယာတွေ တစ်ခွက်ပြီး တစ်ခွက်မှာသောက်၊ စားစရာတွေ တစ်မျိုးပြီး တစ်မျိုးမှာစားနဲ့ အားလုံး စားသောက်ပြီး တဲ့အချိန်မှာ နေ့လည် (၂)နာရီလောက် ဖြစ်နေပါပြီ။

ဟိုတယ်အခန်းထဲကို လုံးဝ မဝင်ရသေးတဲ့ ကျွန်တော်တို့ဟာ အဲလို စားသောက်ပြီးတော့မှ အထုတ်အပိုး ပစ္စည်းတွေကို ရီဆက်ပ်ရှင် ကောင်တာကနေ သွားယူပြီး အခန်းတွေဆီကို သွားကြပါတယ်။

ကျွန်တော် နဲ့ဇေယျာက တစ်ခန်း၊ မိုးကြီးနဲ့ မင်းမင်းက တစ်ခန်း၊ မဝေနဲ့ နှင်းနှင်းက တစ်တွဲ အဲလို တည်းကြပါတယ်။

အစက ရည်ရွယ်တာကတော့ မနက်ပိုင်းမှာ မော်တော်ဌားပြီး beach တွေ သွားကြဖို့ စိတ်ကူးထားတာ အခုတော့ မနက် (၁၀)နာရီခွဲကနေ နေ့လည် (၂)နာရီလောက်အထိ သောက်ကြ စားကြ၊ အော်ကြ ဟစ်ကြနဲ့ ကျွန်တော်တို့အဖွဲ့ တအားပျော်လိုက်ကြတော့ ဘယ်လိုမှ သွားလို့ မရတော့ပဲ ညနေစောင်းမှပဲ လည်ကြတော့မယ်ဆိုပြီး အိပ်လိုက်ကြပါတော့တယ်။

ကျွန်တော်တို့ နိုးလာကြတော့ ညနေ ၅နာရီ ကျော်နေပါပြီ။ ဒါနဲ့ ဘယ်မှ သွားမနေကြတော့နဲ့ ဒို့ကမ်းစပ်ပဲ လျှောက်လည်ကြရအောင်ဆိုပြီး ပြင်ကြဆင်ကြပါတယ်။ ကျွန်တော်တို့တတွေ စားစရာရိက္ခာနဲ့ သောက်စရာတွေ လိုနေပြန်ပါတယ်။ ဒါနဲ့ ကျွန်တော်နဲ့ မိုးကြီး ဂျူတီဖရီး ဆိုင်ကို သောက်စရာသွားဝယ်ဖို့ စီစဉ်ရပါတယ်။ ဟိတယ် အပြင်ကို ထွက်လိုက်တာနဲ့ အဌားဆိုင်ကယ်လေးတွေ တန်းစီနေပါတယ်။

ကျွန်တော်နဲ့ မိုးကြီးဆိုင်ကယ်တစ်စီးကို ငှားလိုက်ပါတယ်။ ကျွန်တော်တို့ ဆိပ်ကမ်းကနေ ဟိုတယ်အလာမှာ လမ်းမှာ ဂျူတီဖရီးဆိုင်တစ်ဆိုင်ကို တွေ့ခဲ့ရပါတယ်။ အဲတော့ အဲဒီဂျူတီဖရီးဆိုင်မှာ သွားပြီး သောက်စရာ ဝီစကီ၊ ဝိုင်၊ ဘီယာ၊ ဂျင် ဆိုတာတွေ ဝယ်ရမှာပေါ့။ မလေးရှားနိုင်ငံ ဆိုပေမယ့်လည်း ဒီလို တိုးရစ် စင်တာ ဟော့စပေါ့ (hotspot) တွေမှာတော့ ဂျူတီဖရီးဆိုင်တွေ ဖွင့်ပြီး လွတ်လွတ်လပ်လပ် အရက်တွေ ရောင်းထားတော့ ကျွန်တော်တို့လို တိုးရစ်တွေအတွက် အဆင်ပြေတာပေါ့။

ကျွန်တော်နဲ့ မိုးကြီး ဆိုင်ကယ်သေးသေးလေးကို မကြောက်မလန့် ဦးထုပ် ဟဲလ်မက် (helmet) မပါ စီးပြီး ဂျူတီဖရီးဆိုင်ကို ခရီးဆက်ရပါတယ်။ ဟိုတယ်နဲ့ ဂျူတီဖရီးဆိုင်ဟာ ၂ မိုင်လောက်ပဲ ဝေးတာပါ။ ဒါပေမယ့် တောင်တက် တောင်ဆင်း တကယ့်ကို ကြောက်စရာကောင်းတဲ့ တက်လိုက်၊ ဆင်းလိုက် ကုန်းအမြင့်ကြီးတွေ ကန်းအဆင်းကြီးတွေကို သွားရတာပါ။

အခုပြန်စဉ်းစားကြည့်တော့ မသေကောင်းမပျောက်ကောင်း ဂျူတီဖရီးက အရက်ဝယ်ဖို့ ထွက်ခဲ့တဲ့ ကျွန်တော်နဲ့ မိုးကြီးပါ။ မျက်စေ့ထဲမှာ မြင်ကြည့်လိုက်ပါ။ ဆိုင်ကယ်က သေးသေးလေး မိုးကြီး ဝတုတ်ပြက ဆိုင်ကယ်ကိုမောင်း၊ ကျွန်တော်က ပေါင်ချိန် ၂၀၀ နီးပါး ကိုယ်ခန္ဓာကြီးနဲ့ နောက်ကထိုင်ပြီး မတစောက်နေတဲ့ ကုန်းဆင်းကြီးကို ဆင်းသွားရတာဟာ တကယ့်ကို အသည်းယားစရာပါ။ ဦးထုပ်လည်း ဆောင်းမထား၊ မသေကောင်းမပျောက်ကောင်း ဘာမှ မဖြစ်ခဲ့လို့ တော်သေးတာပေါ့။ တောင်ကုန်းအတက် ရောက်တော့လည်း ဆိုင်ကယ်သေးသေးလေး သနားစရာ ကျွန်တော်တို့ နှစ်ယောက်ကို ရှုန်းပြီး တင်ရတာ တော်တော်ကို စိတ်ဆင်းရဲရပါတယ်။ ဘယ်အချိန် ကုန်းလျှောကြီးမှာ ပြုတ်ကြမလဲ ဆိုတာလည်း တွေးပြီး စိတ်မောရပါတယ်။

နောက်ဆုံးတော့ ကျွန်တော်တို့ ဂျူတီဖရီးဆိုင်ကို ရောက်သွားပါတယ်။ ဂျူတီဖရီး ဆိုင်ကို ရောက်တော့ ဆိုင်ပိုင်ရှင်တွေဟာ တရုတ်တွေပါ။ တကယကို ဖော်ဖော်ရွေရွေနဲ့ စီးပွားရေးကို စောက်ချလုပ်တဲ့ မိသားစု စီးပွားရေးပုံစံပါ။ ဒါနဲ့ ကျွန်တော်နဲ့ မိုးကြီး ဟိုပြော၊ ဒီပြောနဲ့ နောက်ဆုံးမှာ ဂေါ်ဒွန်ဂျင် တစ်ပုလင်း၊ တော်နစ်ဝါးတား (tonic water) နဲ့ ဂျော်နီဝါကား ဘလကလေဘယ် ဝီစကီ တစ်ပုလင်း၊ ဆော်ဒါ ၆ ဗူး ဝယ်လိုက်ပါတယ်။ အဲဒီပုလင်းတွေကို အိတ်ကြီးတစ်အိတ်နဲ့ ထပလိုက်တော့ ဧရာမ အိတ်ကြီး ဖြစ်သွားပါတယ်။ အဲဒီ အိတ်ကြီးကို ကိုင်ပြီး မိုးကြီး မောင်းတဲ့ ဆိုင်ကယ်သေးသေးလေးရဲ့ နောက်က ထိုင်ပြီး ကုန်းတက်၊ ကုန်းဆင်း ဂျူတီဖရီးကနေ ဟိုတယ်အပြန်ခရီးကို ဒီလို ဆိုင်ကယ် စီးခဲ့ရတာဟာ တကယ့်ကို ကြောက်စရာပါ။ အန္တရာယ်တွေ အပြည့်နဲ့ ခရီးကို ဆိုင်ကယ်စီးလာပြီး သောက်စရာအပြည့်နဲ့ ဟိုတယ်ကို ပြန်ဝင်လာတော့ လက်ခုပ်တွေတီး၊ ဆီးကြိုကြပါတယ်။ ကျွန်တော်အခု ပြန်တွေးကြည့်တော့ မကြောက်မလန့်၊ ဒီလောက်တောင် အန္တရာယ်များတဲ့ လမ်းခရီးကို မော်တော်ဆိုင်ကယ် သေးသေးလေးစီးပြီး အရက်သားဝယ်ခဲ့တာ ဘဝတစ်သက်တာမှာ မမေ့စရာပါ။

ပျော်စရာ တီအိုမင်ကမ်းခြေ

ကျွန်တော်တို့ သောက်စရာ ဝီစကီ၊ ဝိုင်၊ ဂျင်တွေအပြည့်အစုံ ရပြီဆိုတော့ ကမ်းစပ်ကို ဆင်းကြပါတယ်။ သောက်စရာတွေကို အခန်းထဲမှာ ချထားပြီး နည်းနည်းစီ အရင်သောက်ကြပါတယ်။ ပြီးတော့မှ သောက်စရာတွေ ပြင်ဆင်ပြီး ကမ်းစပ်ကို ဆင်းကြတာပါ။

မနက်တုန်းက ဖိလစ်ပိုင် လူငယ်တစ်စုကို ဆိပ်ကမ်းမှာ Coke ဘူးအကြီးကြီးထဲကနေ တစ်ခွက်စီငှဲ့ပြီး လူငယ်တွေ သောက်နေကြတာကို တွေ့ရပါတယ်။ ဒါနဲ့ ကျွန်တော်လည်း တော်တော်ကို အံ့သြမိပါတယ်။ ဒီဖိလစ်ပိုင် လူငယ်တွေဟာ ဘာဖြစ်လို့များ တီအိုမင်ကျွန်းက ကမ်းစပ်ကိုလာပြီး Coke တွေ သောက်နေကြပါလိမ့်လို့ တွေးမိပါတယ်။

အဲဒါနဲ့ မနေနိုင်လို့ "ဇေယျာ ဒီ ဖဝထုတ်တွေက ဘာလို့များ ကုတ် (Coke) တွေ သောက်နေတာလဲကွ" လို့ မေးလိုက်တော့ ဇေယျာက "Uncle ရာ၊ ဒီ ဖဝထုတ်တွေ ကုတ် သောက်ပဲ့မလား။ အဲဒီကုတ်ဘူးကြီးထဲမှာ ဝီစကီတို့ ဂျင်တို့ ရောထားမှာပေါ့။ ဒီကောင်တွေ မလေးရှားမှာဆိုတော့ ဆင်ဆင်ခြင်ခြင် လူမသိအောင် သောက်ကြတာပေါ့" လို့ ပြောပါတယ်။ အဲတော့မှ ကျွန်တော်လည်း ဖိလစ်ပိုင်တွေ ဘာလို့ ကုတ်တွေသောက်နေလဲဆိုတာ သဘောပေါက်သွားပါတယ်။

အဲဒီလို အိုင်ဒီယာရခဲ့တော့ ကျွန်တော်တို့ ဘီချ် (beach) ကမ်းစပ်ကို ဆင်းမယ်ဆိုတအခါ ကျွန်တော်တို့ သောက်မယ့် ဂျင်နဲ့ တောနစ်ဝါးတားတွေကို ပုလင်းကြီးထဲမှာ ထည့်ပြီး ကမ်းစပ်မှာ ဆင်းရေစိမ်လိုက်၊ ဂျင်တောနစ်သောက်လိုက်နဲ့ တော်တော်ကို ဇိမ်ကျပြီး ပျော်ဖို့လည်း ကောင်းပါတယ်။

ကျွန်တော်တို့ တတွေ ရေထဲ စိမ်လိုက်၊ သောက်လိုက်၊ ဓါတ်ပုံတွေရိုက်လိုက်နဲ့ အလုပ်တွေ ရှုပ်လို့။ တီအိုမင်ကျွန်းက ရေစပ်မှာ ရေထဲစိမ်လိုက် တီအိုမင် ဆန်းစက်(Sunset) နေဝင်တာ လိုက်ရိုက်နဲ့ တစ်ယောက်တစ်လှည့် ဓါတ်ပုံတွေ ရိုက်ကြပါတယ်။ ပြောရဦးမယ်ဆိုရင် တီအိုမင် ကမ်းစပ်ကရေဟာ ပြာလဲ့စိမ်းကြည်နေပြီး ရေထဲကို ကြည့်လိုက်ရင်လည်း ဖြူဖွေးနေတဲ့ သဲတွေ သောင်တွေကို မြင်နေရတာဟာ တကယ့်ကို ကြည်နူးစရာပါ။

ပင်လယ်ကြီးကို ဖြတ်ကျော်လာတဲ့ လေအေးအေးလေးတွေက တိုက်နေပြီးတော့ ပစိဖိတ် သမုဒ္ဒရာကြီးရဲ့ ရေပြင်ကျယ်ကြီးကို တမျှော်တခေါ်မြင်နေရပြီး ရေထဲမှာ စိမ်ရတဲ့ အရသာဟာ ဘယ်လိုမှ ဖော်ပြလို့ မရအောင်ကို ဇိမ်ကျလှတာပါ။ ကျွန်တော်ဘာတွေရေးလို့ ဘယ်လို ပြောရမှန်းကို လုံးဝ မသိပါဘူး။

တစ်နှစ်ပတ်လုံး လူနာတွေနဲ့ နပန်းလုံးပြီး နေ့မအား ညမနား လူနာပြီး လူနာ၊ ဆေးရုံပြီး ဆေးရုံ၊ ဆေးခန်းပြီး ဆေးခန်းတွေ ကြည့်ပြီး ငြီးစီစီဖြစ်နေတဲ့ ကျွန်တော်ဟာ တီအိုမင်ကမ်းစပ်ရဲ့ အရသာကို ခံစားပြီး စထရက်စ်တွေလျော့၊ စိတ်တွေ ကြည်နူးပြီး အသက်ရှည်ရာ ရှည်ကြောင်း၊ ကိုယ့်ဘဝရဲ့ လမ်းကြောင်းကို

ပေါ့ပေါ့ပါးပါး စိတ်မလှုပ်ရှား စထရက်စ်မရှိပဲ တီအိုမင် ကမ်းခြေမှာ ရေစိမ်ရင်းနဲ့ ယမကာလေးတွေ မော့နေမိပါတော့တယ်။

ဒီလိုနဲ့ ဟိုတွေး ဒီတွေး ပင်လယ်ရေတွေ စိမ်ရင်း စကားတွေပြော ဂျင်လေး၊ ဘီယာလေး၊ ဝိစကီလေးနဲ့ ဆိုတော့ တော်တော်လေးကို မြောက်ပြီး စကားတွေက သွက်လက်ကုန်ကြပါတယ်။

<u>တရားဟောတဲ့ မိုးကြီး</u>

မိုးကြီးဟာ မူးလာရင် အရမ်း ချစ်ဖို့ကောင်းလောက်အောင်ကို စကားတွေ ပြော၊ ဟာသတွေ နှောတတ်ပါတယ်။ မိုးကြီးရဲ့ တရားထောက်ကတော့ ဇေယျာပါ။ မူးနေတဲ့ မိုးကြီးပြောချင်ရာပြော ဇေယျာက ထောက်ခံတယ်။ တကယ့်ကို ပျော်စရာကောင်းတဲ့ ညနေခင်းပါ။

မိုးကြီးက ထုံးစံအတိုင်း မူးပြီ ဆိုတာနဲ့ တရားဟော ဆရာတော်ကြီး အတိုင်း ပြောတော့၊ ဟောတော့တာပါပဲ။ သူ့ရဲ့ တရားဟာ ဇာတ်လမ်းအစမှာ “အိုက်စ်ဝါးတား (ice water) ရေခဲရေကဲ့သို့ အေးသော၊ နာနတ်တော နာနတ်ပင်ပေါက်သောတော၌၊ နူပေ နေပူသော နေ့တစ်နေ့မှာ ” အစချီပြီး သူ့ရဲ့ ဟာသ တရားကို ပြောကြား၊ ဟောကြားတာက သိပ်ကို စိတ်ဝင်စားစရာ ဟာသမြောက်စရာပါ။

မိုးကြီးက မြောက်ပြီဆိုရင် ဇေယျာက ပေါက်ပြီပေါ့။ သူတို့ နှစ်ယောက်ကို လိုက်ထိန်းပြီး နောက်ဆုံးတော့ ကျွန်တော်က တစ်ယောက်စီကို လိုက်ကြီးကြပ်ရတဲ့ အဆင့် ရောကသွားတာပေါ့။

<u>ညစာစားပြီး</u>

ကျွန်တော်တို့တတွေ ဂျင်တွေသောက် တောင်ပြောမြောက်ပြောနဲ့ ကမ်းစပ်က ဟိုတယ် ပေါ်တက် ရေမိုးချိုးပြီးတော့ ည ၇း၀၀နာရီ လောက်ဖြစ်နေပါပြီ။

ကျွန်တော်တို့ အုပ်စုလိုက်ကြီး ခပ်ထွေထွေနဲ့ ဟိုတယ်ကို သွား ဒင်နာစားကြပါတယ်။ ဒင်နာက ဘူဖေး ဒင်နာပါ။ ယောကျ်ားလေး အားလုံး အရှိန်လေးတွေနဲ့ ဆိုတော့ ဘာမှ သိပ်မစားနိုင်ကြပါဘူး။ ဇေယျာဆိုရင် ဟင်းခွက်ထဲကို ခေါင်းစိုက်ကြသွားမတတ် အခြေအနေ၊ မိုးကြီးကတော့ ဟင်းခွက်လည်းမမြင် ဘာဆို ဘာမှ မမြင်တော့တဲ့ ဖြစ်စဉ်၊ ကျွန်တော်ကတော့ သူတို့တတွေကို ထိန်း၊ ကိုယ့်ဘာသာကိုယ်လည်း မလဲအောင်လုပ်နဲ့ နောက်ဆုံးမှာတော့ ဟိုတို့ ဒီတို့နဲ့ ဘာမှ မယ်မယ်ရရ မစားလိုက်ကြပဲ အခန်းကို ပြန်ရောက်လာပြီး တရှူးထိုး အိပ်လိုက်ကြပါတယ်။ အမျိုးသမီးတွေကတော့ ဘာမှ မသောက်၊ ဘာမှ မဖြစ်ဆိုတော့ ကျွန်တော်တို့ကို ကြည့် ဘေးနားမှာ ထိုင်ပြီး စကားပြော ဟိုလုပ် ဒီလုပ်နဲ့ နေကြပါတယ်။

ည(၈) နာရီ ကျော်ကျော်လောက်မှာ အခန်းပြန်ရောက်ပြီး အိပ်လိုက်ကြတဲ့ ကျွန်တော်တို့တတွေ ၁၂ နာရီလောက်ရောက်တော့ နိုးလာကြပါတယ်။ အဲဒီအချိန်မှာ သမီးကြီးတို့က မအိပ်သေးပါဘူး။

မဝေခေါင်းဆောင်တဲ့ အမျိုးသမီးအဖွဲ့ဟာ စကားတွေ ဖောင်ဖွဲ့လို့ ပြောလို့ ဆိုလို့ ကောင်းတုန်းပါ။ ကျွန်တော်တို့ နိုးလာတော့ သူတို့နဲ့ ဝိုင်းပြီး စကားပြောကြရင်းနဲ့ ဒင်နာမှာ ဘာမှ ဟုတ်တိပတ်တိ မစားခဲ့ရတဲ့ ကျွန်တော်တို့ တတွေ တအားဆာလာပါတယ်။

ညဥ့်နက်သန်းခေါင် အဲဒီအချိန်မှာ ကမ်းစပ်မှာ ဘာဆိုင် ဘာမှလည်း စားစရာ မရှိတော့ပါဘူး။ ဟော်တယ်မှာလည်း ဘာမှ မှာမရတော့ပါ။ ကိုယ့်အခန်းထဲမှာ ကိုယ့်ဘာသာကိုယ် စားစရာမရှိရင်တော့ ငတ်တော့မယ့်ပုံဖြစ်နေပါတယ်။

ဟိုတယ်အခန်းထဲက အပြင်ဘက်ကို ကြည့်လိုက်ရင်လည်း မှောင်မဲလို့ လှိုင်းသံတွေ တဝုန်းဝုန်းနဲ့ နေရတာ စိတ်ခြောက်ခြားစရာလို ဖြစ်နေပါတယ်။ ကိုယ့်ဘာသာ တစ်ယောက်တည်း လာတဲ့သူဆိုရင် ဘယ်လောက်များ ဒုက္ခ ရောက်မလဲ ဆိုတာ တွေးတောင် မကြည့်ဝံ့ပါ။

ကျွန်တော်တို့ မိသားစုကတော့ စားစရာအတွက် အရေးမကြီး၊ မြန်မာပြည်က ပါလာတဲ့ စားစရာတွေက အပြည့်၊ လူအပ်ကလည်း တောင့်တော့ အားငယ်စရာ သိမ်ငယ်စရာ မရှိ၊ တီအိုမင်က ညသန်းခေါင်ကျော် ဟော်တယ်ထဲမှာ တဝုန်းဝုန်း ဆော့ကြ စားကြနဲ့ နေခဲ့ရတာ တကယ့် ပျော်စရာပါ။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)






NAUTICA

၂၁-၁၁-၀၉

နိုင်ငံခြားသွားမယ်ဆိုရင် အပိုင်း (၄၉)

မလေးရှားခရီးစဉ် (အဆက်)

၂၀၀၈ ခုနှစ် နိုဝင်ဘာလမှာ အမေရိကန် ဆန်ဖရန်စစ္စကို မြို့မှာလုပ်တဲ့ အမေရိကန် အသည်းရောဂါ ပညာရှင်အဖွဲ့ အစည်းအဝေး သွားတက်ရင်း စက်ာပူမှာ ခဏဝင်ပြီး သမီးကြီး မင်းမင်းဝင်း (မင်းမင်း)၊ သူ့အမျိုးသား မိုးဇော်ဟိန်း (မိုးကြီး)၊ သမီးလေး နှင်းနှင်းဝင်း၊ သူ့ဖိရင်းဆေး ဇေယျာဝင်းနဲ့ မလေးရှားမှာ နေတဲ့ ကျွန်တော့်ညီမ ဝေဝေခင် (မဝေ) တို့ မလေးရှားနိုင်ငံ တီအိုမင်ကျွန်း (Tioman Island) ကို သွားလည်တဲ့ အကြောင်းရေးနေပါတယ်။

မော်တော်ဘုတ်ပေါ်က ကာလ

တီအိုမင်ကျွန်းကို ရောက်ပြီး နောက်တစ်နေ့ မနက်အစောမှာ ကျွန်းတဝိုက်ပင်လယ်ပြင်ထဲကို လျှောက်လည်ဖို့ မော်တော်ဘုတ်လေး ငှားထားပါတယ်။ လူတွေအများကြီးနဲ့ လျှောက်လည်တဲ့ သဘော်ခရီးစဉ်ကို မလိုက်ပဲ ကိုယ့်ဘာသာကိုယ် သီးသန့် ကျွန်တော်တို့ မိသားစုပဲ လည်ချင်တဲ့နေရာတွေ လျှောက်လည်၊ သွားချင်တဲ့ နေရာတွေ သွားလို့ရအောင် လူ(၆)ယောက်လောက် စီးလို့ရတဲ့ စပီဘုတ်လေးကို ကြိုပြီးအော်ဒါမှာထားတာပါ။

မနက်(၁၀)နာရီလောက်မှာ ကျွန်တော်တို့တတွေ ပေါ့ပေါ့ပါးပါး ဘောင်းဘီတိုနဲ့ စပို့ရှပ်တွေဝတပြီး မော်တော်ဘုတ်လေးဆီ ပြေးကြပါတယ်။ မော်တော်ဘုတ်လေးက ပင်လယ်ရေစပ်မှာ ရပ်ထားပြီး ကမ်းပေါ်ကို ဖင်ထိုးထားပါတယ်။ မော်တော်ဘုတ်မောင်းတဲ့သူက စကခန်းဒရိုင်ဘာနေရာမှာ ထိုင်နေပြီး သူ့တပည့်ကတော့ ရေထဲမှာ ရပ်နေရင်း မော်တော်ဘုတ်လေးကို ထိန်းထားပါတယ်။ လှိုင်းတစ်ချက် ပုတ်လိုက်တိုင်း မော်တော်ဘုတ်လေး လူးသွားတာကို တတ်နိုင်သရွေ့ ငြိမ်အောင် သူက လက်နဲ့ အသာလေး ထိန်းထားတာပါ။ ကျွန်တော်တို့တတွေ ဟိုလူး ဒီလူး လူးနေတဲ့ မော်တော်ဘုတ်လေးပေါ်ကို ပင်လယ်ရေထဲက ဖြတ်ပြီး တက်ကြရပါတယ်။ မော်တော်ဘုတ်ပေါ် တက်ဖို့ ခြေတစ်ဖက် ချလိုက်တာနဲ့ မော်တော်ဘုတ်လေးက တစ်ဖက်လူးသွားတာကို သည်းထိတ်ရင်ဖိုဖြစ်ကြ လန့်ကြ ပြုံကြနဲ့ပါ။ ကျွန်တော်တို့ ညီအစ်ကို မောင်နှမ သားအမိ သားအဖတွေဟာ ရေကြောက်ကြတဲ့ သူတွေဆိုတော့ အဲလို ရေထဲကနေပြီး လှုပ်နေတဲ့ မော်တော်ဘုတ်ပေါ်တက်ရတာကို တော်တော် ခက်ခဲနေကြပါသေးတယ်။

ရေကြောက်တဲ့ ကျွန်တော်တို့

ကျွန်တော်တို့ တတွေ ရေကို ဘာလို့ကြောက်ကြတာလဲဆိုတော့ ကျွန်တော်တို့အမျိုးထဲမှာ ရေနစ်သေထားတာ နှစ်ယောက်ရလို့ပါ။ အမေ့ရဲ့အစ်ကို ဦးလေး ဦးမောင်မောင်ဟာ အသက်(၅၀)လောက်မှာ မိတ္ထီလာမြို့နယ် တောင်ပုလုဆည်ကို သူ့ရုံးက လူတွေနဲ့ ပျော်ပွဲစားထွက်ရင်း ဆည်ထဲမှာ ရေကူးရာကနေ ရေနစ်သေခဲ့ပါတယ်။ နောက်တစ်ခါ အဲလိုဖြစ်ပြီး (၃)နှစ်လောက်ကြာတော့ အဲဒီဦးလေးဦးမောင်မောင်ရဲ့သား လေးတန်းကျောင်းသား မောင်သိန်းထိုက်ဟာ ဝမ်းတွင်းက ကျွန်တော်တို့အိမ်ကို လာလည်ရင်းနဲ့ ဝမ်းတွင်းမြို့အထွက်က ဦးဘိုးထွန်း ဆည်ထဲ ရေဆင်းချိုးရာကနေ ရေနစ်သေခဲ့ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့အမျိုးတွေဟာ ရေကို သိပ်ကြောက်ကြပါတယ်။ ကျွန်တော်ဆိုရင် နာမည်ကြီး တိုက်တင်းနစ်ဇာတ်ကားကို လုံးဝမကြည့်ပါဘူး။ ဘာလို့တုန်းဆိုတော့ ရေနစ်တဲ့မြင်ကွင်းကို ဘယ်လိုမှ မမြင်ချင်လို့ပါ။ အဲလို ဦးလေးနဲ့ ညီလေးတို့ ရေနစ်ဆုံးတဲ့ ဖြစ်ရပ်တွေက ကျွန်တော့်တို့ကို တုန်လှုပ်ချောက်ချားစေတဲ့အတွက် ရေဆိုရင် ကြောက်ကြတဲ့ ကျွန်တော်တို့ မိသားစုပါ။

မော်တော်ဘုတ်ပေါ်မှာ

မော်တော်ဘုတ်ပေါ်ရောက်တာနဲ့ တစ်ဖက်ကို သုံးယောက်လောက် ထိုင်နိုင်တဲ့ မျက်နှာချင်းဆိုင် ခုံတန်းလေး နှစ်ခုကို တွေ့ရပါတယ်။ မော်တော်ဘုတ်ရဲ့ နောက်ပိုင်းမှာတော့ မော်တော်အင်ဂျင်ရှိပြီး အင်ဂျင်ဘေးမှာ မော်တော်ဘုတ်ဆရာရဲ့ လက်ထောက် ထိုင်ဖို့နေရာရှိပါတယ်။ ကျွန်တော်၊ မိုးကြီးနဲ့ ဇေယျာက တစ်ဖက်ထိုင်ပြီး သမီးကြီးနဲ့ ကျွန်တော့်ညီမ မဝေနဲ့ သမီးလေးတို့က တစ်ဖက်ထိုင်လိုက်တဲ့အခါ မော်တော်ဘုတ်လေးက တစ်ဖက်စောင်းသွားတော့ အော်လိုက်ကြတာ။ ဒါနဲ့ သမီးကြီး၊ မိုးကြီးနဲ့ မဝေတို့က တစ်ဖက်ထိုင်ပြီး ကျွန်တော်နဲ့ သမီးလေး၊ ဇေယျာတို့က တစ်ဖက်ထိုက်လိုက်တော့မှ ဝိတ်တွေမျှပြီး အဆင်ပြေသွားပါတယ်။

ကျွန်တော်တို့လည်းထိုင်ပြီးရော မော်တော်ဘုတ်သမားလေးက ကျွန်တော်တို့ကို အသက်ကယ်အင်္ကျီ (life-jacket) တစ်ခုစီပေးပါတယ်။ သူတို့ရဲ့ စနစ်ကတော့ ရေပေါ်မှာ သွားတဲ့ယာဉ်မှန်သမျှမှာ လူတစ်ယောက် အသက်ကယ်အင်္ကျီတစ်ထည် မပါမဖြစ်ပါရပါတယ်။ ကျွန်တော်က အားလုံးကို အသက်ကယ်အင်္ကျီတွေကို သေချာအောင် ဝတ်နော်ဆိုပြီး ကြိုးတွေ သေချာအောင်ချည်ဖို့ တပ်ဖို့ ပြောပြီး စနစ်တကျ တပမတပလည်း စစ်ပါတယ်။ အဲလို ကျွနတော်တို့တတွေ အသက်ကယ်အင်္ကျီတွေလည်းဝတ်ပြီးရော မော်တော်ဘုတ်လေးကို ရေထဲတွန်းချလိုက်ပြီး စက်ကိုနှိုးပြီး တစ်ရှိန်ထိုးထွက်သွားပါတော့တယ်။ နောကမှာ ရေတွေပန်းထွက်၊ ရေတွေဖွာနေပြီး စက်သံဆူဆူညံညံနဲ့ စပီဘုတ်ဆိုတဲ့အတိုင်း စပီနဲ့ အရှိန်ပြင်းပြင်း သွားနေတာဟာ တကယ့်ကို အားရစရာပါ။ မော်တော်ဘုတ်ရဲ့ နောက်မှာရေတွေ ပန်းနေသလိုဘေးမှာလည်း

ရေတွေကဖွာပြီးတော့ ကျွန်တော့်တို့ကြောတွေကို ရေပန်းတွေလာစင်နေတာကလည်း တစ်မျိုး သာယာကြည်နူးစရာပါ။ မော်တော်ဘုတ်ပေါ်မှာ ကျွန်တော်က ဗီဒီယိုကင်မရာ တစ်လုံးနဲ့ လူတွေ၊ ဆိပ်ကမ်းဘက်က တောတွေ၊ ရေတွေကို မှတ်တမ်းတင်ရင်းနဲ့အလုပ်တွေရှုပ်နေပါတယ်။ ခါတ်ပုံ ဖိုတိုဂရပ်ဖီကို သိပ်စိတ်ဝင်စားတဲ့ မိုးကြိုးကတော့ ကင်မရာကို အလင်းအမှောင်မျိုးစုံခွိုန်ပြီး မော်တော်ပေါ်က ကျွန်တော်တို့တတွေကို တစ်ယောက်စီ ခါတ်ပုံတွေရိုက်ပါတော့တယ်။

<u>ပင်လယ်ရေပြင်ခရီးစဉ်</u>

ဒီမော်တော်ဘုတ်လေးဟာ ကျွန်တော်တို့က သီးသန့်ငှားထားပြီး ကိုယ်ကြိုက်တဲ့ နေရာကို သွားခိုင်းလို့ ရတာဆိုတော့ မော်တော်ဘုတ်သမားနဲ့ တိုင်ပင်ပြီး ခရီးစဉ်ဆွဲရပါတယ်။ ကျွန်တော်တို့က ပထမဆုံး သဲဖြူကျွန်းကို သွားဖို့ပြောလိုက်ပါတယ်။ အဲဒီကျွန်းလေးဟာ ကမ်းခြေနဲ့ တော်တော်ဝေးပြီး ပင်လယ်ထဲကို တော်တော်လေး သွားရမှာ ကြောက်စရာပါ။ ဒါပေမယ့် အသက်ကယ်အင်္ကျီတွေပါတာပဲဆိုပြီး တွေးလိုက်တော့လည်း စိတ်သက်သာရာရပါတယ်။ သဲဖြူကျွန်းကို ပထမဆုံး သွားခိုင်းရတဲ့ အကြောင်းကတော့ ကျွန်တော်တို့မှာ တီအိုမင် ဟိုတယ်ကနေ မှာထားတဲ့ ခေါက်ဆွဲကြော်နဲ့ စားစရာတွေ အပြည့်၊ ရန်ကုန်က ပါလာတဲ့ လက်ဖက်သုတ်၊ မန္တလေးက ပို့ပေးလို့ ပါလာတဲ့ စနိုက်ကြော်၊ စားဖို့ ရိက္ခာအပြည့်အစုံနဲ့ မနက် (၁၀)နာရီလည်း ကျော်နေပြီဆိုတော့ ရေကူး ရေငုတ်မလုပ်ခင် စားစရာတွေ ထိုင်စားဖို့ နေရာ ကောင်းကောင်းရှိမယ့် သဲဖြူကျွန်းကို ရေးလိုက်တာပါ။ တကယ်တော့ တီအိုမင်ကျွန်း အဓိက နာမည်ကြီးတာဟာ မော်တော်ဘုတ်နဲ့ ကျွန်းတဝိုက် လေ့လာရေးခရီး သွားပြီး ပင်လယ်မျက်နှာပြင်က သာယာလှပတဲ့ ကျောက်ခက် (coral reef) တွေနဲ့ လှပတဲ့ ရောင်စုံငါးမျိုးစုံကို လိုက်ကြည့်တာပါ။

<u>ရေအောက်က အလှအပတွေ</u>

အဲဒီပင်လယ်ရေမျက်နှာပြင်ရဲ့ အလှအပတွေကို ဘယ်လို ကြည့်ရသလဲဆိုတော့ စကူဘာဒိုက်ဗင် (scuba-diving) လို့ ခေါ်တဲ့ အသက်ရှူ ကရိယာ အောက်ဆီဂျင် ဆလင်ဒါတွေကို ကြောပိုးပြီး ရေငုတ်ပြီး ပင်လယ်မျက်နှာပြင်အောက် က ပင်လယ်သဘာဝတွေကို ကြည့်ရတဲ့ နည်းပါ။

နောက်တနည်းကတော့ ရေအောက်အထိ ငုတ်စရာမလိုပဲ အသက်ရှူလို့ ရအောင် စနော်ကယ် (snorkel) လို့ခေါ်တဲ့ အသက်ရှူကရိယာလေး တပ်ထားပြီး ပင်လယ် ရေမျက်နှာပြင်လေးမှာ ကိုယ်ကပေါ်အောင်လုပ်ထား၊ ခေါင်းကို ရေအောက်ငုတ်ထားပြီး ပင်လယ်မျက်နှာပြင်အောက်ကို ကြည့်တဲ့ နည်းပါ။ ဒီလိုလုပ်ပြီး ကျောက်ခက်နဲ့ ငါးတွေကြည့တာကို စနော်ကယ်လင်း (snorkeling) လို့ ခေါ်ပါတယ်။ ဒါကတော့ စကူဗာဒိုက်ဗင်းလို အသက်ရှူ အောက်ဆီဂျင်ကရိယာတွေ မလိုပဲ တကယ့်ကို လွယ်လွယ်လေးနဲ့

စနော်ကယ်လေးသုံးပြီး ပင်လယ်ရဲ့ အလှအပတွေကို ကြည့်လို့ ရတဲ့ နည်းပါ။ စနော်ကယ်ဆိုတာက ရေကာမျက်မှန် အကြီးကြီးနဲ့ မျက်လုံးတွေကို ကာထားပြီး ရေလုံအောင် လုပ်ထားတယ်။ ပြီးတော့မှ နှာခေါင်းကို လုံအောင် စွတ်လို့ရတဲ့ နှာခေါင်းလုံ ရာဘာပြားလေးနဲ့ အုပ်တယ်။ နောက်အရေးအပါဆုံးကတော့ ပါးစပ်ထဲမှာ ငုံထားပြီး ရေပေါ်မှာ ပေါ်နေတဲ့ အတွန့်အတွန့် ပလပ်စတစ် ပိုက်ပျော့လေးပါ။ အဲဒီပိုက်လေးနဲ့ ပါးစပ်ကနေ အသက်ရှူလို့ရပါတယ်။ နှာခေါင်းထဲ ရေမဝင်အောင် ရာဘာပြားနဲ့ ပိတ်ထားပြီး ရေပေါ်ရှပ်ကူးရင်း ရေအောက်ကို ကြည့်တဲ့ နည်းစနစ်ပါ။

အဲလို စကူဘာဒိုက်ဗင်း နဲ့ စနော်ကယ်လင်းတွေလုပ်ဖို့ စီစဉ်ထားထားတဲ့ ပင်လယ်ပြင် ခရီးစဉ်မျိုးတွေမှာ ကျွန်တော်တို့က ရေထဲ အရင်မဆင်း၊ ရေမငုတ်သေးပဲနဲ့ သဲဖြူကျွန်းကိုသွားပြီး အစားတွေ စားဖို့ ကြံနေကြတာ။

<u>သဲဖြူကျွန်းက အံ့ဘွယ်သဲလေးတွေ</u>

တီအိုမင် ကမ်းစပ်ကနေ မော်တော်ဘုတ်လေး တဖြေးဖြေးနဲ့ ထွက်လာလိုက်တာ မိနစ် ၂၀ ကျော်လောက်ကြာတော့ သဲဖြူကျွန်းကို သေချာလေး မြင်လာရပါတယ်။ သဲဖြူကျွန်းဆိုတာက ကျွန်တော်ပေးထားတဲ့ နာမည်ပါ။ တကယ်တော့ သဲဖြူတွေနဲ့ တစ်ကျွန်းလုံး ပြည့်နေတဲ့ ချောင်းသာကမ်းခြေနားက သဲဖြူကျွန်းလိုဟာမျိုးမဟုတ်ပါဘူး။ တီအိုမင်က သဲဖြူကျွန်းကတော့ ကမ်းစပ်လေးတွေမှာသာ သဲဖြူသောင်ခုံ ရှိပြီး ကျွန်းအလယ်ခေါင်မှာတော့ တောကြီး တောင်ကြီးတွေနဲ့ပါ။ ကြံ့တုန်းပြောရမယ်ဆိုရင် တစ်ကျွန်းလုံး သဲတွေနဲ့ ပြည့်နေတဲ့ ကျွန်းကို sand island လို့ ခေါ်ပါတယ်။ ဩစတြေးလျ နိုင်ငံ ကွင်းစလင်ပြည်နယ် ဘရစ်ဘိန်းမြို့နားမှာ ရှိတဲ့ ဖရေဆာကျွန်းကတော့ ကမာအကြီးဆုံး sand island လို့ မှတ်သားဖူးပါတယ်။

ကျွန်တော်တို့မော်တော်ဘုတ်လေး သဲဖြူကျွန်း ကမ်းစပ် တစ်နေရာမှာ ကပ်လိုက်ပြီးတာနဲ့ ယာဉ်မောင်းနဲ့ သူ့ရဲ့ လက်ထောက်တို့ဟာ ရေထဲကို ခုန်ချပြီး မော်တော်ဘုတ်လေးကို ကြိုးတွေနဲ့ ချီထားပြီး နေရာ ရွေ့မသွားအောင် ကျောက်ချထားတဲ့ သဘောမျိုး ဖြစ်အောင် လုပ်ကြပါတယ်။

မော်တော်လေး ကျောက်ချပြီးတာနဲ့ ကျွန်တော်တို့တတွေ ရေထဲကို ခုန်ချပြီး သောင်ပြင်ပေါ်ကို ပြေးတက်သွားကြပါတယ်။ သဲဖြူကျွန်းမှာ ပင်လယ်ရေကတော့ လုံးဝကို ကြည်လင်ရှင်းသန့်နေပြီး ဒိုးယိုပေါက် မြင်နိုင်တယ်လို့ ပြောရမှာပေါ့။ ရေအောက်ကသဲကလည်း ဖြူဖွေးရွှပြီး ခြေဖဝါးနဲ့ နင်းလို့ တကယ် အရသာရှိပါတယ်။ သဲသောင်ပြင်ပေါ်ကို လမ်းလျှောက်ပြီး တက်သွားကြတော့ သဲလို့ ခေါ်ရပေမယ့် တမူထူးခြားနေလို့ သဲလို့ပခေါ်ရမလား၊ ဘာလို့ ခေါ်ရမလဲတောင် မသိပါဘူး။ ဒီသဲတွေက ဖြူဖွေးနုနေပြီး သဲနဲ့ လုံးဝ မတူပါဘူး။ သဲဆိုတာ ကြမ်းတယ်လို့ တစ်သက်လုံး ခံယူခဲ့တဲ့ ကျွန်တော်ဟာ အဲဒီ သဲဖြူကျွန်းက

သဲကို တွေ့ရတော့ ဘယ်လို ပြောရမှန်းကို မသိတော့ပါဘူး ။ ကျွန်တော်တို့ တတွေဟာ အဲဒီသဲဖြူကျွန်းက သဲကို အရသာခံပြီး ခြေထောက်နဲ့ ထိနေတုန်းမှာ မိုးကြီးက "ဦးဝင်း ဒီသဲတွေက ကရေကရာ အမှုန့်တွေနဲ့တူတယ်"လို့ အော်ပြောပါတယ်။ သူ ဘယ်လိုက ဘယ်လို စိတ်ကူးရလဲ မသိပါဘူး။ မိုးကြီးဟာ ရန်ကုန်မွေး ရန်ကုန်ကြီးဖြစ်ပြီး ကရေကရာ ဆိုတာက အညာက လာတာ၊ သူ ဘယ်လိုလုပ်ပြီး ကရေကရာ အမှုန့်တွေကို သတိရလဲ မသိ။ ဒါပေမယ့် သူပြောတာကို လုံးဝ သဘောတူပါတယ်။ သဲတွေဟာ ကရေကရာထဲက ဂျုံမှုန့်တွေနဲ့ တူပြီး နင်းလိုက်ရင် ခြေဖဝါးတစ်ခုလုံး သဲပြင်နုနုလေးထဲကို နစ်သွားတာပါ။

<u>သဲဖြူကျွန်းပေါ်က မိသားစု ပစ်ကနစ်လေး</u>

သဲပြင်ကို ဖြတ်နင်းပြီး နည်းနည်းလေး သွားလိုက်တော့မှ မြက်တွေ ပေါက်နေတဲ့ မြေမာပေါ်ကို ရောက်သွားပါတယ်။ အဲဒီ မြက်ခင်းပေါ်မှာ နေရာ သန့်သန့်လေးကို ရွေးပြီး ပါလာတဲ့ အိပ်ယာခင်းလို မျက်နှာသုတ်ပုဝါကြီးကို ဖြန့်ပြီး စားစရာတွေကို ချနေရာစီရပါတော့တယ်။ အဲဒီ အချိန်မှာ ကျွန်တော်တို့ထဲမှာ အကဲဆုံး မိုးကြီးက "ဦးဝင်း ၁၁ နာရီ ကျော်နေပြီ ဘီယာသောကလို့ ရပြီနော်။ ပြီးတော့ ဘုံဘေက မနီလာဆိုတဲ့ ကုလားမလေးလည်းပါတယ်လေ" လို့ ပြောပါတယ်။ ဘုံဘေက မနီလာဆိုတာက ဘုံဘေဆဖိုင်းရား (Bombay Sapphire) လို့ ခေါ်တဲ့ ပုလင်းပြာလဲ့လဲ့နဲ့ လာတဲ့ ဂျင်ပုလင်းနာမည်ကို တင်စားပြီး ပြောတာပါ။ ဒီနေရာမှာ နည်းနည်းပြောချင်တာက အရင်တုန်းက ဂေါ်ဒွန်ဂျင် (Gordon's Gin) ဆိုတာ သိပ်ကို နာမည်ကြီးတဲ့ လန်ဒန်ဂျင်ပါ။ အခုတော့ ဘယ်က ဘယ်လိုပေါ်လာမှန်းမသိတဲ့ ဘုံဘေဆဖိုင်းရား အပြာရောင်ဂျင်ပုလင်းက တအားကို ပေါ်ပြူလာဖြစ်သွားပြီး ဂေါဒွန်ဂျင်ထက် စျေးလည်း တော်တော်ကို ပိုများပြီး သိပ်ကို ခေတ်စားသွားပါတယ်။

<u>ဂျင်ဆိုတာ</u>

သဲဖြူကျွန်းပေါ်မှာ ဘုံဘေဆဖိုင်းရား ဂျင်ပုလင်းကို မြင်တော့ ဂျင်အကြောင်း အတွေးတွေက ရောက်သွားပြန်ပါတယ်။ ဂျင်ဆိုတာကတော့ မွှေးတေးတေးနဲ့ အရက်တစ်မျိုးပါ။ ကလေးဘဝ ဝတ္ထုတွေ ဖတ်ရင်း ဟိုးအရင် စာရေးဆရာကြီး ဒဂုံတာရာရဲ့ ဝတ္ထုတွေထဲမှာကတည်းက ဂျင်နဲ့ ရင်းနှီးခဲ့တာပါ။ ဂျင်သောက်ထားပြီးရင် လေတိုက်တိုင်း မူးတယ်ဆိုတာက အဲဒီခေတ်က မြန်မာဝတ္ထုတွေထဲမှာ ပါနေကျ အသုံးအနှုန်းအယူအဆပါ။ ဂျင်ဆိုတာက ပျော့တယ်၊ အနံ့မထွက်ဘူး၊ အမျိုးသမီးတွေ သောက်တယ်ဆိုတဲ့ အစွဲလည်း ရှိတယ်။ ကျွန်တော့်အဖေ အင်္ဂလိပ်ခေတ်က ရဲအရာရှိ ဦးဘဂျမ်းပြောခဲ့တာကို ပြန်ပြောရမယ်ဆိုရင် "အင်္ဂလိပတွေက သတ္တိမရှိတဲ့ ယောကျ်ားလို့ ပြောချင်ရင် 'You gin drinker' 'မင်းဂျင်သောက်တဲ့ကောင်လို့ ပြောတယ်' လို့ ပြောခဲ့တာကိုလည်းသတိရမိပါတယ်။ အဲလို တွေးမိရင်းကနေ

ဂျင်နဲ့ ပတ်သက်တဲ့ ကျွန်တော်အင်္ဂလန်မှာ သင်ခဲ့ရတဲ့ ဆေးပညာအယူအဆကိုလည်း သတိရမိပါသေးတယ်။ ကျွန်တော်ယူကေ တော်ဝင်ဘုရင့်သမားတော်ကြီး အဖွဲ့ဝင်ဖြစ်ဖို့ စာမေးပွဲဖြေရင် အဲဒီစာမေးပွဲမှာ မေးနေကျ မေးခွန်းတစ်ခုက "တက္ကသိုလ်ကျောင်းသူတစ်ယောက် ညက ပါတီတစ်ခုကို သွားတယ်၊ အိပ်ယာက ထလို့ နိုးလာတော့ ဆီးသွားလိုက်တဲ့အခါ ဆီးတွေ မည်းမည်းကြီးတွေ သွားတယ်၊ အဲဒါဘာဖြစ်တာလဲ" လို့ မေးလေ့ရှိပါတယ်။ အဖြေကတော့ အဲဒီကလေးမလေးဟာ ညက ပါတီသွားရင်းနဲ့ ဂျင်တောနစ် တစ်ခွက်သောက်ခဲ့လို့ ဖြစ်တာပေါ့။ ဘယ်လိုလည်း ဆိုတာ ရှင်းပြပါမယ်။ ဂျင်တောနစ်ဆိုတာက ဂျင်နဲ့ တောနစ်ဝါးတား (Tonic water) ရောထားတာကို ပြောတာပါ။ ထပ်ရှင်း ပြရဦးမယ်ဆိုရင် ဝီစကီဆိုရင် ဆော်ဒါနဲ့ ရောတယ်၊ ဂျင်ကိုသောက်တယ်ဆိုရင်တော့ တောနစ်ဝါးတားနဲ့ ရောပြီး သောက်လေ့ရှိပါတယ်။ တောနစ်ဝါးတားထဲမှာ ကွီနင်း (Quinine) ပါပါတယ်။ ကွီနင်း ဆိုတာ ငှက်ဖျားဆေး ကွီးနင်းပါပဲ။ ကျွန်တော်တို့ အငယ်တုန်းက အမေပြောလေ့ရှိတဲ့ ငှက်ဖျားဆေးကွီနိုင်ဆိုတာ ကွီနင်းကိုပြောတာပါ။ ဂျင်ကိုသောက်ရင် ချိုချိုခါးခါး တောနစ်ဝါးတားလေးနဲ့ အနေတော်စပ်တယ်။ ပြီးတော့ အဲဒီထဲကို a twist of lime လို့ ခေါ်တဲ့ သံပုရာသီးလေး တစ်စိတ်ထည့်တယ်။ အဲလို ရောထားတာကို ဂျင်တောနစ်လို့ ခေါ်တာပါ။ အဲတော့ ခုနက ပြောနေတဲ့ ပါတီက ပြန်လာတဲ့ တက္ကသိုလ်ကျောင်းသူလေး ဟာ (G6PD) လို့ ခေါ်တဲ့ သွေးနီဥထဲမှာ အင်ဇိုင်းချို့တဲ့တဲ့ ရောဂါရှိပါတယ်။ ဒီလို ရောဂါရှိတဲ့ သူတွေဟာ ကွီနင်းဆေးကို စားလိုက်ရင် သွေးနီဥတွေ ပေါက်ကွဲပြီး ဆီးမည်းမည်းကြီးတွေ သွားတတ်ပါတယ်။ ဒါကြောင့် ကျောင်းသူလေးဟာ ပါတီမှာ ဂျင်တောနစ်သောက်လိုက်တော့ တောနစ်ဝါးတားထဲက ကွီနင်းကြောင့် ကလေးမလေး သွေးနီဥတွေ ပေါက်ကပြီး ဆီးအမည်းကြီး သွားတာပါ။ မှတ်ထားရမှာက (G6PD) ချို့တဲ့တဲ့ ရောဂါရှိရင် ကွီနင်း မသောက်ရပါဘူး။ ကွီနင်းပါတဲ့ တောနစ်ဝါးတားကိုလည်း အမှတ်မထင် မသောက်မိအောင် လုံးဝဂရုစိုက် ရှောင်ရှားကြပါ။

တီအိုမင်အကြောင်းရေးရင်းကနေ အတွေးတွေ ပျံ့သွားပြီး ကွီနင်းနဲ့ ဆေးပညာအကြောင်း ရောက်သွားတာကို နည်းနည်းဆက်ပြောချင်ပါသေးတယ်။ ကျွန်တော်ယူကေကို ပညာတော်သင်သွားရင်းနဲ့ စကော့တလန်က နာမည်ကြီး အီဒင်ဘရာမြို့က အထွေထွေဆေးရုံကြီး (Royal Infirmary Edinburgh RIE) က အသည်းနဲ့အစာအိမ်လမ်းကြောင်းဌာန (GI and Liver service)မှာ အလုပ်လုပ်တုန်းက ကျွန်တော့်ဆရာ ပါမောက္ခ နေးလ်ဖင်လေဆန်က ကွီနင်းနဲ့ ပတ်သက်လို့ သင်ပေးခဲ့ဖူးတာကို ပြန်ပြောပြချင်ပါတယ်။ ကျွန်တော်အဲဒီဆေးရုံကြီးမှာ လုပ်နေရင်း တွေ့ရတာက အသည်းရောဂါသည်တွေ ခြေထောကရောင်၊ ဗိုက်ဖောင်းလို စပိုင်ရှိနိုလက်တုန်း လို့ ခေါ်တဲ့ ဆီးဆေးပေးရင် ခြေသလုံး ကြွက်သားတွေ ကြွက်တက်ပါတယ်။ တစ်ခါတလေဆိုရင် မခံနိုင်အောင်ကိုကြွက်တက်ကြပါတယ်။ အဲဒါနဲ့ ကျွန်တော်က ဘာလုပ်ရမှန်း မသိပဲ ဖြစ်နေတုန်းမှာ ကျွန်တော့်ဆရာ ဖင်လေဆန်က "အဲလို ကြွက်တက်တာကို

အကောင်းဆုံးကတော့ ကွီနင်းပဲကွ၊ ကွီနင်းဆေးပြားတစ်ခြမ်းကို ညအိပ်ယာဝင်မှာ သောက်ထားရင် ကြွက်တက်တာ သက်သာတယ်၊ ဘာကြောင့်ပဲဖြစ်ဖြစ် ကြွက်တက်တယ်ဆိုရင် ကွီနင်းကို သုံးလို့ရတယ်” လို့ ကျွန်တော့်ကို သင်ပေးဖူးပါတယ်။ ကွီနင်းဟာ နှစ်နဲ့ ချီပြီး သောက်လို့ ဆိုးဆိုးဝါးဝါး အန္တရာယ်မရှိနိုင်ဘူးလို့ သူကဆက်ပြောပါသေးတယ်။ ကျွန်တော်တို့ အငယ်တုန်းက ဇေယျဝတီက ထုတ်တဲ့ အာမီရမ် Army Rum မှာ ကွီနင်းပါတယ်လို့ သိခဲ့ရဖူးပါတယ်။

ခုနကပြောခဲ့သလို ယူကေမှာ ဆရာက ကွီနင်းဟာ ကြွက်တက်တာ ပျောက်တယ်လို့ သင်ပေးတော့ တပ်မတော်ရမ်မှာ ကွီနင်းထည့်တာဟာ ပင်ပင်ပန်းပန်း ခရီးရှည် ချီတက်ရတဲ့ တပ်မတော်သားတွေ ကြွက်မတက်အောင်များ တမင်ထည့်ထားပေးတာလားလို့ တွေးမိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တစ်ခါတလေ ခြေသလုံးကြွက်တက်ရင် တောနစ်ဝါးတား သောက်လေ့ရှိပါတယ်။ ခပ်ချိုချို သက်သက် အရသာရှိပြီး အေးစက်နေတဲ့ တောနစ်ဝါးတားထဲကို သံပုရာသီးစိတ်လေး တစ်စိတ် ထည့်သောက်ရတာဟာ သိပ်ကို အရသာရှိပြီး လန်းဆန်း၊ ကြွက်သားတွေ အညောင်းပြေ အညာပြေ ကျန်းမာရေးနဲ့လည်း ကိုက်ညီတယ်လို့ ခံစားရမိပါတယ်။

<u>သဲဖြူကျွန်းပေါ်က စားသောက်ပွဲ</u>

ကျွန်တော်တို့ သဲဖြူကျွန်းပေါ်က ပစ်ကနစ်လေးအကြောင်းကို ပြန်တွေးကြည့်မိရင် တကယ့်ကို ကြည်နူးစရာပါ။ စဉ်းစားကြည့်လိုက်ရင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့မှာ ပညာသင်ကြား ကြီးပြင်းခဲ့တဲ့ ကျွန်တော်ဟာ မလေးရှားနိုင်ငံ အပန်းဖြေ တီအိုမင်ကျွန်းနားက သဲဖြူကျွန်းကို သီးသန့် မော်တော်ဘုတ်လေး ငှားပြီး မိသားစု အပန်းဖြေနေနိုင်တာကို ဂုဏ်ယူမိပါတယ်။ ဘဝမှာ ရုန်းကန်လှုပ်ရှား ကြိုးစား အားထုတ်ပြီး (၁၀)တန်းကျောင်းသား (၂၀)မပြည့်လို့ (၁၀)တန်း မဖွင့်နိုင်တဲ့ သဲတော ဝမ်းတွင်း အထကကျောင်းကနေ မိတ္ထီလာ အထက(၁)မှာ (၁၀) တန်းတက်ဖို့ ကျောင်းပြောင်းနေရပြီး အခုလို အခြေအနေထိ ရောက်လာခဲ့တာကို တွေးမိ ကြည့်မိတော့ ပီတိဖြစ်မိပါတယ်။

ကျွန်တော်တို့ရဲ့ သဲဖြူကျွန်း ပစ်ကနစ်လေးကို ပြောရရင် မြက်ခင်းလေးပေါ် ဖြန့်ခင်းထားတဲ့ အဝတ်ပေါ်မှာ စားစရာတွေ အကုန် စီချထားပြီး စိတ်ဝင်စားစရာ စားချင်ရာတွေ အပြည့်နဲ့ပါ။ မဝေကတော့ ပလပ်စတစ်ဘူးထဲမှာ လက်ဘက်တွေကို ငရုတ်သီး၊ ခရမ်းချဉ်သီးတွေနဲ့ အားရပါးရ နယ်၊ ဇွန်း(၃)ချောင်းလောက် တပ်ပြီးတော့မှ “စားကြနော်” ဆိုပြီး ကျွန်တော်တို့ကို ပေးပါတယ်။ ဟော်တယ်က ဝယ်လာတဲ့ ခေါက်ဆွဲကြော် ဘူးလေးတွေကို ဖွင့်ချ၊ စားစရာတွေ ကြည့်ရတာ ကျွန်းပေါ်ရောက်နေတယ်လို့ မထင်ရပါဘူး။

မိုးကြီးကတော့ သူပြောနေတဲ့ ဘုံဘေစဖိုင်းရားဂျင် သောက်ဖို့ ခွက်တွေချ၊ တောနစ်ဝါးတားဘူးဖောက်၊ သံပုရာသီး အကွင်းလေးတွေ လှီးနဲ့ တော်တော် ပျော်နေပုံ ပေါ်ပါတယ်။ ဇေယျာက "ကိုမိုးကြီး၊ ဂျင် ရယ်ဒီမဖြစ်ခင် ဘီယာ တစ်ဘူးစီလောက် သောက်ကြရအောင်နော်" ဆိုပြီး ဇာတ်လမ်း စပါတော့တယ်။

ကျွန်တော်က ဘေးနားက သစ်တုံးကြီးပေါ် ထိုင်၊ မိုးကြီးက ဂျင်ခွက်ကိုင်ပြီး အော်ဟစ်ဆူညံ၊ ဟိုပြေး ဒီပြေး သဲဖြူလေးပေါ်မှာ၊ ရေတွေပေါ်မှာ ခြေဖဝါး ချ အရသာခံတယ်။ ဇေယျာက ကျောက်ဆောင်နံရံပေါ် တက်ထိုင် ဘီယာသောက်၊ အမျိုးသမီးအုပ်စုကတော့ ခင်းထားတဲ့ အဝတ်ပေါ်မှာထိုင်၊ အချိုရည်သောက်ပေါ့။

ကျွန်တော်တို့တတွေ အားရပါးရ စားလိုက်သောက်လိုက်နဲ့ ဗိုက်လေးလည်း တင်းသွား၊ အရှိန်လေးလည်း ရလာတော့ "လာဟေ့၊ ဒို့ ရေထဲဆင်းကြမယ်" ဆိုပြီး၊ ကြည်လင်နေတဲ့ သဲဖြူကျွန်း ပင်လယ်ရေထဲကို ပြေးဆင်းလိုက်ကြပါတော့တယ်။

(နောက်လမှာ ကျွနတော်တို့ စနော်ကယ်လင်း လုပ်ကြတဲ့အကြောင်း ဆက်ရေးသွားပါမယ်။)

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)






BOMBAY
SAPPHIRE
Distilled
LONDON
DRY GIN
IMPORTED

နိုင်ငံခြားသွားမယ်ဆိုရင် အပိုင်း (၅၀)

<u>မလေးရှားခရီးစဉ် (အဆက်)</u>

၂၀၀၈ ခုနှစ် နိုဝင်ဘာလမှာ အမေရိကန် ဆန်ဖရန်စစ္စကို မြို့မှာလုပ်တဲ့ အမေရိကန် အသည်းရောဂါ ပညာရှင်အဖွဲ့ အစည်းအဝေး သွားတက်ရင်း စက််ပူကို ခဏဝင်ပြီး သမီးကြီး မင်းမင်းဝင်း (မင်းမင်း)၊ သူ့အမျိုးသား မိုးဇော်ဟိန်း (မိုးကြီး)၊ သမီးလေး နှင်းနှင်းဝင်း၊ သူ့ဖိရင်းဆေး ဇေယျာဝင်းနဲ့ မလေးရှားမှာ နေတဲ့ ကျွန်တော့်ညီမ ဝေဝေခင် (မဝေ) တို့ မလေးရှားနိုင်ငံ တီအိုမင်ကျွန်း (Tioman Island) ကို သွားလည်တဲ့ အကြောင်းရေးနေပါတယ်။

<u>သဲဖြူကျွန်းကမ်းစပ်မှာ</u>

ဖြူမွမွသဲသောင်ကို ဖြတ်ပြေးကြတော့ မလိုင် ကရေကရာထဲက ဂျုံမှုန့်ဖတ်လေးတွေလို သဲဖြူဖြူသဲရွရွ လေးတွေထဲမှာ ခြေထောက်တွေနစ်ဝင်သွားပြီး ကျွန်တော်တို့ ခြေထောက်တွေကို ကပ်ပါလာပါတယ်။ အဲဒါကို ကြည့်ပြီး တအံ့တသြနဲ့ ကျေနပ်ပျော်ရွှင် စိတ်လွတ လက်လွတ်နဲ့ ဝူးဝူးဝါးဝါးအော်ရင်း ရေထဲကို ပြေးဆင်းကြပါတယ်။ ဂျင်လေး တစ်ခွက်လောက် သောက်ထားတဲ့ အရှိန်လေးနဲ့ဆိုတော့ ကျွန်တော်တို့ တတွေ ပိုပြီး မြောက်နေကြတယ် ထင်ပါရဲ့။

လူတွေရဲ့ စိတ်တွေကို အသိုင်းအဝိုင်း၊ ဂုဏ်၊ ရာထူး၊ လူပတ်ဝန်းကျင်ဆိုတဲ့ ကန့်သတ်ချက်တွေနဲ့ ထိန်းချုပ်ထားပြီး ကိုယ့်ရဲ့ အခြေအနေကို ကိုက်ညီအောင် နေကြရပါတယ်။ အင်္ဂလိပ်လို ပြောရမယ်ဆိုရင် စိတ်ဆိုတာကို အင်ဟစ်ဘစ် (inhibit) လုပ်ထားလို့သာ လူတွေ ပုံမှန်ဆက်ဆံနေကြတာပါ။ Inhibit လုပ်တယ်ဆိုတာက မလုပ်သင့်တာတွေ မလုပ်အောင်၊ ပတ်ဝန်းကျင်နဲ့ မကိုက်ညီတဲ့ လုပ်ဆောင်ချက်တွေ မလုပ်အောင် တားမြစ်၊ ဖိနှိပ် ချုပ်ချယ်ထားတာကို ပြောတာပါ။ ဥပမာပြောရရင် မင်္ဂလာဆောင်လူကြားထဲမှာ စားပွဲပေါ်မှာ စားစရာတွေ ချထားတာကို ကြည့်ပြီး ကိုယ်က ဗိုက်ဆာနေတဲ့အချိန်ဖြစ်လို့ တစ်ခါတည်း ကိတ်မုန့်တွေယူ၊ ဆင်းဒွစ(ခ်)တွေ ကိုက်စား၊ ကော်ဖီတွေထည့်သောက် လုပ်ချင်နေပြီ။ အရမ်းလည်း ဆာ၊ အရမ်းလည်း ငိုက်ဆိုတော့ ကော်ဖီကလည်း သပ်သောက်ချင်လှပြီ။ ဒါပေမယ့် ခုနကပြောသလို သာမန်လူတစ်ယောက်မှာ အင်ဟစ်ဘင်ရှင် (Inhibition) ကနေပြီး “မင်းမုန့်တွေ စားလို့မရသေးဘူး၊ ကော်ဖီလည်း မသောက်နဲ့ဦး၊ သတို့သား သတို့သမီး ထွက်ပြီး မင်္ဂလာအခမ်းအနားမျူးကနေ ‘ယခု အချိန်ကစပြီး သတို့သားနဲ့ သတို့သမီးက စေတနာသဒ္ဓါတရား အပြည့်နဲ့ တည်ခင်းဧည့်ခံတဲ့ စားစရာများကို မြိန်ယှက်စွာဖြင့် သုံးဆောင်နိုင်ပါပြီ ခင်ဗျာ’ လို့ ပြောမှ မင်းစားလို့ ရမယ်” လို့ အတွင်းစိတ် သနာန်ဆန္ဒတွေကို ချုံးနှိမ် ဖိနှိပ်ထားတဲ့ အင်ဟစ်ဘင်ရှင် ရှိလို့သာ ကျွန်တော်တို့ရဲ့

လုပ်ဆောင်ပြုမူချက်တွေဟာ ပုံမှန်ဖြစ်နေတာပါ။ ဒါပေမယ့် ယမကာလေး ဝင်သွားရင်တော့ ထိန်းချုပ်မှု အင်ဟစ်ဘင်ရှင်းတွေ ကင်းလွတ်သွားတတ်ပါတယ်။ အဲလို အင်ဟစ်ဘင်ရှင်း မရှိတော့တာကို ဒစ်(စ်)အင်ဟစ်ဘင်ရှင်း (disinhibition) လို့ ခေါ်ပါတယ်။ ဒစ်(စ်) dis ဆိုတာ မရှိတော့ဘူး။ ဒစ်(စ်)အင်ဟစ်ဘင်ရှင်း ဆိုတာက အင်ဟစ်ဘင်ရှင်း လို့ ခေါ်တဲ့ ထိန်းချုပ်မှု၊ နှိမ်နင်းမှု မရှိတော့တာကို ပြောတာပေါ့။ ဒစ်(စ်)အင်ဟစ်ဘင်ရှင်း ဥပမာ တစ်ခုကို ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ (၂)လလောက်က ပန်းလှိုင်မှာ ရှိတဲ့ ကျွန်တော့်အိမ်မှာ ကျွန်တော့်တပည့် MO ဆရာဝန်တွေကို ဒင်နာဖိတ်ကျွေးပါတယ်။ ဒင်နာမစားခင် ဝိုင်၊ ဘီယာ၊ ကော့ညက်၊ ဝစကီ ချထားပေးတော့ တပည့်တွေ သောက်ကြပါတယ်။ ဒင်နာမှာ ကာရာအိုကီ ပါ ခင်းထားတော့ သီချင်းပေါင်းစုံ ဆိုကြ၊ ပြုကြနဲ့. မိုက်ကို မလွတ်တမ်း ကိုင်ထားကြတဲ့ မိုက်ခဲတွေ ထိန်းမနိုင် သိမ်းမရနဲ့. ဆိုတာနဲ့. အားမရပဲ ကကြပါတော့တယ်။ ကျွန်တော်လည်း ဟိုသွား ဒီသွား အိမ်ရှေ့ဝင်၊ အိမ်နောကထွက်နဲ့. ခဏနေတော့ အိမ်နောက်က ကျွန်းကပြင်ဟောကြီးထဲမှာ ကနေတဲ့ လူတွေ ကြည့်လိုက်တော့ အင်မတန်မှကို ရှက်တတ်တဲ့ ဒေါ်သန်းရီက လက်တွေ တွဲပြီး ရွှေမန်းတင်မောင်ရှုံးလောက်အောင်ကို ကနေပါတော့တယ်။ ဒါနဲ့. ကျွန်တော်က "ဘယ်လိုဖြစ်တာလည်း အဲဒီလောက်တောင် ရှက်တတ်တဲ့ ဒေါ်သန်းရီ ဘယ်လိုလပ်ပြီး ဒီလိုတွေ ခေါင်းဆောင် ကနေတဲ့ lead dancer ကြီး ဖြစ်နေတာလဲ" လို့ မေးလိုက်တော့ဆရာဝန် MO တစ်ယောက်က "ဆရာကလည်း ဒေါ်သန်းရီ ဝိုင်နှစ်ခွက်တောင် သောက်ပြီး သွားပြီလေ၊ အဲတော့ လွတ်သွားပြီးပေါ့" လို့ ပြောပါတယ်။ အဲဒါ ဒစ်(စ်)အင်ဟစ်ဘင်ရှင်းပေါ့။ ရှက်တတ်တယ် ဆိုတဲ့ စိတ်နဲ့. အင်ဟစ်ဘစ်လို ထိန်းချုပ်မှုတွေကို ယမကာဝိုင်ထဲမှာ ပါတဲ့ အယ်လ်ကိုဟောလ် (alcohol) ကနေ ဖယ်ရှားလိုက်တော့ ဒစ်(စ်)အင်ဟစ်ဘစ်ရှင်း ရသွားပြီး ဒေါ်သန်းရီ ကတော့တာပေါ့။ အဲဒီညက ကျွန်တော့်အိမ်က ဒင်နာမှာ မြန်မာဆင်(မ်)ဖိုနီ အော်ခစ(စ်)ထရာ (Myanmar symphony orchestra) အဖွဲ့သားတွေကိုလည်း ခေါ်ထားတော့ ဂီတသမား (၁၆)ယောက်ပါတဲ့ မီနီအော်ခစ်(စ်)ထရာ (mini orchestra) လေးကလည်း ခေတ်သီချင်း၊ အချစ်သီချင်းတွေကို တယောတွေ၊ ရှဲလိုတွေ ငြိမ့်ငြိမ့်ညောင်းညောင်း ကချင်စဖွယ် သံစုံတွေနဲ့. ဆိုတော့ ဒစ်(စ်)အင်ဟစ်ဘင်ရှင်း ရနေတဲ့ ဒေါ်သန်းရီ ကလိုက်တာ ကလိုက်တာ တကယ့် အံ့မခန်းပါပဲ။ အယ်လ်ကိုဟောလ်ကြောင့် ဒစ်အင်ဟစ်ဘင်ရှင်း ရတာကို လက်တွေ့ သက်သေပြတာပေါ့။ ဒေါ်သန်းရီ အဲလို ကနေတဲ့ အချိန်မှာ MO ကိုအောင်နိုင်က "ဒီညတော့ ထမင်းလုံးဝမစားတော့ဘူး၊ ကော့ညက်လေး သောက်ပြီး တစ်ညလုံး သီချင်းဆိုတော့မယ်" လို့ အော်ဟစ်ကြွေးကြော်ပါတော့တယ်။ ကာရာအိုကီ တစ်ပြားပြီး တစ်ပြားလဲ၊ စက်သာ မောပြီး ရပ်သွားမယ်၊ ကိုအောင်နိုင်ကတော့ ရပ်မယ့်ပုံ မပေါ်တော့ပါဘူး။ ကြုံတုန်းမှာ ကာရာအိုကီ (karaoke) ဆိုတာ ဘာလည်း ဆိုတာကို ပြောပြချင်ပါသေးတယ်။ (၁၉၈၉)ခုနှစ်လောက်က ကာရာအိုကီ ခေတ်စားတဲ့ ကာလမှာ ကျွန်တော် အသည်းရောင် အသားဝါ အီး ရောဂါ အစည်းအဝေး တက်ဖို့. ဂျပန်နိုင်ငံ တိုကျိုမြို့ကို ရောက်ခဲ့ပါတယ်။

ကျွန်တော့်မိတ်ဆွေ အသည်း ရောဂါ ပါမောက္ခ ဒေါက်တာရာနိုက ကျွန်တော့်ကို တိုကျိုက ဂင်ဇာရပ်ကွက်ကို ခေါ်သွားပြီး ကာရာအိုကီဆိုင်တစ်ခုမှာ သူက ကာရာအိုကီ စက်နဲ့ ဂျပန်သီချင်းတွေကို တစ်ပုဒ်ပြီး တစ်ပုဒ် ဆိုပါတော့တယ်။ အဲဒီတုန်းက ကာရာအိုကီ မမြင်ဖူးတဲ့ ကျွန်တော်ဟာ ကာရာအိုကီကို တော်တော်ကို အထူးအဆန်းဖြစ်နေပြီး ဘယ်လိုများ လုပ်ထားပါလိမ့် ဆိုပြီး ဒေါက်တာ ရာနိုကို ကာရာအိုကီ ဆိုတာ ဘာလည်းလို့ မေးလိုက်ပါတယ်။ ဒေါက်တာရာနိုက "ခင်မောင်ဝင်း၊ ဒို့ဂျပန်မှာ ကာရာအိုကီ ပေါ်နေတာ ကြာပြီကွ၊ ကာရာ (kara) ဆိုတာက အတု၊ အင်မီတေးရှင်း (imitation) လို့ အဓိပ္ပါယ်ရတယ်၊ အိုကီ (oke) ဆိုတာကတော့ အော်ခစ်(စ်)ထရာ (orchestra) လို့ ခေါ်တဲ့ သံစုံတီးဝိုင်းကြီးကို အတိုခေါ်တာ။ အဲတော့ ကာရာအိုကီ (Karaoke) ဆိုတာက သံစုံတီးဝိုင်း အတုလို့ အဓိပ္ပါယ်ရတာပေါ့။ တီးဝိုင်းက တီးသလို အသံတွေ ဖြစ်အောင်လုပ်ထားပြီး စာသားတွေကို အောက်ကထိုးပေးထားတော့ အဲဒီစာသားတွေ ကို လိုက်ဆိုတဲ့ အခါမှာ ကိုယ်က တီးဝိုင်းကြီးနဲ့ သီချင်းဆိုသလို ဖြစ်တာပေါ့။ ဒါကြောင့် သံစုံတီးဝိုင်း အတု ကာရာအိုကီလို့ ခေါ်တာပေါ့ကွာ" လို့ အသေးစိတ် ရှင်းပြခဲ့ဖူးတာတွေကို သတိရမိပါတယ်။

ကိုအောင်နိုင်ရဲ့ ဒစ်အင်ဟစ်ဘစ်ရှင်းကို ဆက်ပြောရမယ်ဆိုရင် ကိုအောင်နိုင်ဟာ မိုက်ကို ကိုင်ပြီး အားရ ပါးရ အသံကုန် အော်ပြီး 'တစ်သက်လုံးပဲ ချစ်တော့မယ်' ဆိုပြီး တအားဟဲလိုက်ပါတယ်။ အဲလိုဆိုပြီး ခဏလေးရပ်သွားပြီး မိုက်ကို ကိုင် အသံတိုးတိုးလေးနဲ့ 'အင်း၊ သိပ်တော့မသေချာဘူး' လို့ ထပ်ပြီး စကားပြောလေးနဲ့ ပြောလိုက်ပါတယ်။ သူဆိုတာနဲ့ စကားပြောတာကို ပြန်ပြောရမယ်ဆိုရင် 'တစ်သက်လုံးပဲ ချစ်တော့မယ်' 'အင်းသိပ်တော့မသေချာဘူး' လို့ ရှေ့က တစ်သက်လုံးပဲ ချစ်တော့မယ် ကို အသံကုန် အော်ပြီး နောက်က တိုးတိုးလေး အင်း သိပ်တော့မသေချာဘူး လို့ ဆိုလိုက်တာကို MO ပရိသတ် အဖွဲ့က သိပ်ကျေနပ်သွားကြပြီး လက်ခုပ်တီး အားပေးကြပါတယ်။ အယ်လ်ကိုဟာ ဒစ်(စ်)အင်ဟစ်ဘစ်ရှင်း ရပြီး ဆိုလိုက်တဲ့ ကိုအောင်နိုင်ဟာ နောင်တော့ 'သိပ်တော့မသေချာဘူး ကိုအောင်နိုင်' လို့ တဟုန်ထိုး နာမည်ကြီးသွားပါတယ်။

ကျွန်တော်တို့ရဲ့ သဲဖြူကျွန်းဇာတ်လမ်းကို ဆက်ပြောရမယ်ဆိုရင် ဒစ်(စ်)အင်ဟစ်ဘစ်ရှင်း အတော်အသင့် ရနေတဲ့ ကျွန်တော်တို့ဟာ သောင်ခုံပေါ်ကနေ ရေထဲလည်းရောက်ရော တဗွမ်းဗွမ်းနဲ့ ရေတွေ ကူးကြတော့တာပါပဲ။ သဲဖြူကျွန်းက ရေဟာ ဘယ်လိုကြည်မှန်းမသိပါဘူး။ ကျွန်တော့်ဘဝ တစ်သက်တာမှာ အကြည်ဆုံး မြင်ဖူးတဲ့ ပင်လယ်ရေပါပဲ။ ရေစပ်က သဲဟာ ဖြူဖွေး မွနေပြီး ရေကြည်ကြည်နဲ့ အောက်က သဲဖြူပြန့်ကြီးကို မြင်ရတာက သိပ်ကို လှပါတယ်။ သောင်ခုံက ဖြူဖွေး မွနေတဲ့ သဲ၊ ရေအောက်က ကြည်ရှင်းနေအောင် မြင်ရတဲ့ သဲဖြူဖွေး အပြန့်ကြီး၊ ဘယ်လို လှမှန်းကို မသိအောင်လှတဲ့ တီအိုမင် သဲဖြူကျွန်းက ပင်လယ်ကမ်းစပ်ပါ။ ရေထဲကို ဆင်းလိုကတဲ့အခါ ရေက သိပ်ကြည်ရှင်းနေတော့ အောက်ကို အတိုင်းသား မြင်ရပြီး နင်းလိုက်တော့လည်း ရေအောက်က သဲတွေဟာ ရွှနေတာပါ။ ခရုခွံ၊ ဂုံးခွံ၊

ကျောက်ခဲ အချွန်တွေ မရှိ၊ ညီရှင်းပြန့်ပြီး သဲဆိုမှ သဲဖြူတွေပဲ ရှိတဲ့ ပင်လယ်ကမ်းစပ်ပါ။ ပြီးတော့ သဲသောင်ကြီးဟာ ရေအောက်မှာ တဖြေးဖြေးနဲ့ နိမ့်ဆင်းသွားတာဆိုတော့ ပင်လယ်ရေထဲကို တော်တော် ဝေးဝေးလေး ရောက်အောင်လျှောက်သွားတဲ့အထိ ရေက ဒူးလောက်ပဲ ရှိပါသေးတယ်။ ရုတ်တရက် ဇောက်ထိုးဆင်းသွားတာမျိုး မရှိတော့ အန္တရာယ်ကင်းတာပေါ့။ ကျွန်တော်တို့တတွေ ပင်လယ်ကမ်းစပ်ထဲမှာ ရေငုပ်လိုက်၊ ရေကူးလိုက်နဲ့ တော်တော်ကို အရသာ ရှိပါတယ်။ ရေစပ်နားမှာ ကြိုးချည်ကျောက်ချထားတဲ့ မော်တော်ကလေးကလည်း ရှိဆိုတော့ ခပ်ဝေးဝေးအထိ ရေကူးသွားလိုက်၊ မော်တော်လေးနား ပြန်ကူးလာလိုက်၊ မော်တော်လေးကို လှမ်းဖက်လိုက်နဲ့ တော်တော်ကို ဟုတ်နေကြပါတယ်။ နောက်တော့ ကျွန်တော်က “ဒို့ လိုက်(ဖ်)ဂျက်ကက် (life jacket) အသက်ကယ်အင်္ကျီတွေ ဝတ်ကြကွာ၊ ပြီးတော့ ဒီရေစပ်မှာ စနော်ကယ်လင်း ကျင့်ကြရအောင်” လို့ ပြောလိုက်ပြီး ကျွန်တော်တို့တတွေ မော်တော်ပေါ်ကို ပြန်တက်ကြပါတယ်။ အဲဒီနောက် လိုက်(ဖ်)ဂျက်ကက်တွေ ဝတ်၊ စနော်ကယ်လုပ်မယ့် မျက်နှာဖုံး မှန်ပြားကြီးတပ်၊ ပါးစပ် အသက်ရှူတံတွေတပြီး ရေထဲကို ခုန်ဆင်းချလိုက်ကြပါတယ်။ အဲလို စနော်ကယ်လင်းလုပ်ကြတဲ့အထဲမှာ မပါတာက ကျွန်တော့်ညီမ မဝေပါ။ နဂိုကတည်းက ရေဆိုသိပ်ကြောက်တတ်တဲ့ မဝေ၊ ဘယ်ကမ်းစပ်၊ ဘယ်ဘီ(ချ်) ပဲသွားသွား၊ ရေထဲမဆင်း ခြေထောက်နဲ့ ရေနဲ့မထိ၊ ဘယ်မှာဗေဒင်ဆရာရှိလဲ၊ ဘယ်မှာယတြာဆရာ ရှိလ စုံစမ်း၊ ကမ်းစပ်မှာ ဘုရားရှိရင် နိဗ္ဗာန်ရောက်ကြောင်း တရားလုပ်မယ့် မဝေ၊ ဘုရားမှာ သူ့ယောကျ်ား ရာထူးတက်ဖို့၊ သူ့ကြွေးတွေ ပြန်ရဖို့ ။ ပက်ဆံဝင်အောင် လုပ်ပေးဖို့ ဆိုတဲ့ မဟုတ်တရုတ် ဟာမျိုး ဆုတွေတောင်း၊ ယတြာတွေချေတာတွေ လုပ်၊ ပင်လယ်ကမ်းစပ်က စျေးတန်းကိုသွား အစားအသောက် မျိုးစုံ လျှောက်စား၊ ဟင်းချက်စရာတွေ ဝယ်၊ ထမင်းဟင်း မျိုးစုံ ချက်ပြီး တတ်နိုင်သရွေ့ ပင်လယ်ကမ်းစပ် နဲ့မနီးအောင် အနည်း ဆုံး (၁၀)ပေခွါပြီး လမ်းလျှောက်တတ်တဲ့ မဝေ၊ အဲလိုကို နေတတ်တဲ့ မဝေတော့ သူဘယ်လိုလုပ်ပြီး စနော်ကယ်လင်း လုပ်ပါ့မလဲ။ အခုလို ရေကူးဝတ်စုံ ဝတ်ပြီး ကျွန်တော်တို့နဲ့အတူ လိုက်(ဖ်)ဂျက်ကက်ဝတ်ပြီး ပင်လယ်ထဲကို စပိဘုတ်နဲ့ လိုက်လာတာကို လွန်လှပြီ။ ကျွန်တော့်ကို ကြောက်လွန်းလို့ မဝေက ပင်လယ်ရေစပ်ထဲ ဆင်းတာ၊ စနော်ကယ်လင်း လုံးဝကို လုပ်မှာ မဟုတ်ပါဘူး။ ဒါကြောင့် နောက်ဆုံးတော့ မဝေ စပိဘုတ် မော်တော်လေးပေါ် တက်ထိုင်နေတော့တာပါ။ ကျွန်တော်တို့ကတော့ ပင်လယ်ရေပေါ်မှာ စနော်ကယ်လင်းကို စမ်းကြပါတယ်။ စနော်ကယ်လင်းရဲ့ အဓိက အရေးအကြီးဆုံးကတော့ ပါးစပ်နဲ့ အသက်ရှူတတ်ဖို့ပါပဲ။ နှာခေါင်းကို ရာဘာနဲ့ ပိတ်ထားပြီး ပါးစပ်က ရေပေါ် ပေါ်နေတဲ့ ပိုက်ထဲကနေ အသက်ရှူသွင်း၊ ရှူထုတ်လုပ်ရတာပါ။ မျက်လုံးထဲကိုတော့ ရေမဝင်အောင် မှန်ပြားကြီးနဲ့ ပိတ်ထားပါတယ်။ အဲဒီမှန်ပြားကြီးကနေ ပင်လယ်ရေအောက်ကို ကြည့်ရတာဟာ ခါးသာသာလောက်ပဲ နက်တဲ့ ပင်လယ်ရေထဲမှာ စနော်ကယ်လင်း လုပ်ကြတော့ ကျွန်တော်တို့ တော်တော်ကို အဆင်ပြေပါတယ်။ ရေတိမ်မှာဆိုတော့ လန့်စရာ ကြောက်စရာလည်း မရှိ၊

စိုးရိမ်စိတ်မရှိဆိုတော့ အဆင်ပြေတာပေါ့။ ကျွန်တော်တို့လည်း "ဒို့ စနော်ကယ်လင်း တတ်သွားပြီ၊ ကျွန်းတွေကို လျှောက်ကြည့်ကြပြီး စနော်ကယ်လင်း လုပ်ရမယ့်နေရာတွေ (snorkeling spot) ကို လျှောက်သွားပြီး တီအိုမင် စနော်ကယ်လင်း ခရီးစဉ် စကြရအောင်" လို့ ပြောပြီး အားလုံး မော်တော်ပေါ် တက်ကြပါတော့တယ်။

<u>စနော်ကယ်လင်း ခရီးစဉ်</u>

အားလုံး မော်တော်လေးပေါ် ရောက်တာနဲ့ သဲဖြူကျွန်းကနေပြီး တီအိုမင် အိုင်လန်း ကျွန်းမကြီးဘက်ကို ဦးတည်ပြီး ပြန်ထွက်ခဲ့ကြပါတယ်။ စပိဘုတ်လေးဟာ အသံတွေမြည်ပြီး ရေပေါ်မှာ ရှုပ်ပြေးသွားလိုက်တာ ရေဖြူဖြူတွေ ဖွာပြီး သဲဖြူကျွန်းက တီအိုမင်ကျွန်းဘက်ကို ဦးတည်ပြီး တစ်ရှိန်ထိုး ပြေးသွားပါတော့တယ်။

ပင်လယ်ကြီးထဲကို မော်တော်ဘုတ်လေးနဲ့ သွားရတာဆိုတော့ ကြောက်စရာတော့ နဲနဲ ကောင်းပါတယ်။ ဒါပေမယ့် အသက်ကယ်အင်္ကျီရှိတာပဲလေ ဆိုပြီး စိတ်အားတင်းရပါတယ်။ ကျွန်တော်တို့ရဲ့ လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရေးဟာ ဒီမော်တော်မောင်းတဲ့ လူတစ်ယောက်ရဲ့ လက်ထဲမှာပ ရှိပါတယ်။ အသက်ကယ် အင်္ကျီ ဝတ်ထားတယ်ပြောပေမယ့် ပင်လယ်နက် ရေလည်ခေါင်မှာ သူတို့က စက်ပျက်တယ် ဆိုရင် ကိုယ်ဒုက္ခရောက်ပြီပဲ။ ပြီးတော့ သူတို့က တီအိုမင်ကျွန်းရဲ့ အနောက်ဘက်ကမ်းခြေက ရွာလေးတွေကို တစ်ရွာပြီး တစ်ရွာ ခေါ်သွားမယ်၊ ရွာတွေပေါ် တက်ကြည့်၊ ပြီးတော့ တစ်ခါ ရွာနားက ပင်လယ်ရေနက်ထဲမှာ စနော်ကယ်လင်းလုပ်ပြီး ပင်လယ်အောက်က ကြည့်စရာ စုံတဲ့ နေရာတွေ လိုက်ပို့ပေးရမှာ။ ဘယ်နားမှာ ငါးတွေစုံလို့ ဘယ်နားက ကျောက်ခက်တွေ လှတယ်ဆိုတာ သူတို့ပဲ သိမှာပါ။ ဆိုလိုတာက ကျွန်တော်တို့ရဲ့ တီအိုမင်ကျွန်းပတ် လေ့လာရေးနဲ့ စနော်ကယ်လင်း ခရီးစဉ် အောင်မြင်ရေး၊ အန္တရာယ်ကင်းရေး၊ ချောမော အဆင်ပြေရေး ဆိုတာတွေ အားလုံးအတွက် စပိဘုတ်သမား နှစ်ယောက်ဟာ အရေးကြီးတဲ့ သူတွေပါ။ ဒါကြောင့် ခရီးစဉ် စထွက်ကတည်းက သူတို့နှစ်ယောက်ကို တစ်ယောက်ကို ရင်းဂစ် (၅၀) မုန့်ဖိုး ကြိုပြီး ပေးထားပါတယ်။ အဲဒါကြောင့် အဲဒီနှစ်ယောက်ကလည်း ကျွန်တော်တို့ ဘာပြောပြော ပြာပြာသလဲ လုပ်ပေးပါတယ်။ သူတို့က ကျွန်တော်တို့ သွားရမယ့် ခရီးစဉ်ကို ပြောပြပါတယ်။ ဒါပေမယ့် ကျွန်တော်က တိုးရစ် အင်ဖေါ်မေးရှင်း (Tourist Information) စာတန်းလေးတွေကို ဖတ်ထားပြီး ကျွန်တော်တို့ သွားချင်တဲ့ နေရာတွေကို ရွေးပြီး ကျွန်တော့်ဘာသာ ခရီးစဉ် ဆွဲပါတယ်။ ပြီးတော့မှ ကျွန်တော်သွားချင်တဲ့ လမ်းကြောင်းအတိုင်း မောင်းခိုင်းပြီး စနော်ကယ်လင်း ခရီးစဉ် စလိုက်ပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)




RENGGIS ISLAND 2


CTM 001

၁၇-၀၂-၂၀၁၀

နိုင်ငံခြားသွားမယ်ဆိုရင် အပိုင်း (၅၁)

<u>မလေးရှားခရီးစဉ် (အဆက်)</u>

မလေးရှားနိုင်ငံ တီအိုမင်ကျွန်း (Tioman Island) ကို သွားလည်တဲ့ အကြောင်းရေးနေပါတယ်။

<u>ဆလင်း (Salang)</u>

အရင်လတွေက ရေးခဲ့တဲ့ အတိုင်း တီအိုမင်အိုင်လင်ရဲ့ အနောကဘက်ကမ်းခြေကြီး တစ်ခလုံးမှာ ကမ်းခြေအပန်းဖြေစခန်းလေးတွေ အများကြီးရှိပါတယ်။ မြောက်ဘက်ထိပ်ဆုံး ဆလင်း (Salang) ကမ်းခြေကနေ တောင်ဘက်စွန်း နီပါး (Nipah) ကမ်းခြေအထိ စခန်း ၁၂ ခုလောက်ရှိပါတယ်။ သဲဖြူကျွန်း ကနေ ထွက်လာပြီးတာနဲ့ ကျွန်တော်က ကိုယ့်ဘာသာခရီးစဉ်ကို ဆွဲလိုက်ပြီး တီအိုမင်အိုင်လင် ကျွန်းရဲ့ မြောက်ဘက်ထိပ်က ဆလင်းကမ်းခြေကိုသွားဖို့ မော်တော်ဘုတ်မောင်းတဲ့ မလေးလူမျိုး ဘုတ် ဆရာလေးကို ပြောလိုက်ပါတယ်။

သဲဖြူကျွန်းကနေ ဆလင်းဆိပ်ကို သွားရတဲ့ ခရီးဟာ တကယ်ကို ကျယ်ပြန့်နေတဲ့ ပင်လယ်ပြင်ကြီး ထဲမှာပါ။ အဲလို ပင်လယ်ကြီးအလယ်မှာ မော်တော်ဘုတ်လေးကိုစီးပြီး သွားရတာဟာ ရေကြောက်တတ်တဲ့ အညာသား ကျွန်တော့်အတွက် နည်းနည်းတော့ ရင်တုန်စရာပါ။ ကျွန်တော့်ညီမ ဝေဝေခင်(မဝေ) ဆိုရင် ရေလုံးဝမကူးတတပါဘူး။ ကျွန်တော်ကတော့ ရေ နည်းနည်းပါးပါး ကူးတတ်ပါသေးတယ်။ ဒါပေမယ့်လည်း တကယ့်တကယ် အရေးကြုံလာလို့ ပင်လယ်ကြီးထဲမှာ အဝေးကြီး ကူးနိုင်ဖို့ဆိုတာ ကျွန်တော် ကူးတတ်သလောက်နဲ့ မဖြစ်နိုင်ပါဘူး။ အသက် ကယ်အင်္ကျီ လိုက်ဖ်ဂျက်ကက် (Life jacket) ဝတ်ထားတော့ စိတ်ထဲမှာ နည်းနည်းတော့ အားရှိတာပေါ့။

ကျွန်တော့်သမီးကြီး မင်းမင်းဝင်း၊ သူ့အမျိုးသား မိုးကြီး (မိုးဇော်ဟိန်း)၊ ကျွန်တော့်သမီးလေး နှင်းနှင်းဝင်းနဲ့ သူ့အမျိုးသား ဇေယျာဝင်း (အဲဒီတုန်းကတော့ ဖီရင်းဆေးပေါ့) တို့ကတော့ ရေကို တော်တော် ကျွမ်းကျွမ်းကျင်ကျင် ကူးနိုင် ကြပါတယ်။ နောက်ဆုံး တွက်ကြည့်လိုက်မယ်ဆိုရင် မော်တော်ဘုတ်ပေါ်မှာ ရေလုံးဝ မကူးတတ်တာက ကျွန်တော့်ညီမ ဝေဝေ (ဝေဝေခင်)ပါ။

ကျွန်တော်တို့တတွေ အဲလို ပင်လယ်ထဲမှာ လျှောကသွားနေကြတာကို အမေသာသိရင်တော့ ဘယ်လောက်များပြောမလဲ မသိဘူး။ အမေဟာ ရေကို သိပ်ကြောက်တဲ့သူ၊ ပြီးတော့ သားသမီးတွေကို သိပ် စိတ်ပူတတ်၊ ချစ်တတ်တဲ့သူပါ။ အမေမရှိလို့သာ ကျွန်တော်တို့ ဒီလို ပင်လယ်စာတွေ စား၊ ပင်လယ်ထဲသွား လုပ်နေကြတာပါ။ အမေရှိရင် ကျွန်တော်တို့ကို ဒီလို တီအမင်ကျွန်းကို သွားဖို့ဆိုတာမျိုး လုံးဝခွင့်ပြုမှာ မဟုတ်ပါဘူး။

အခုတော့ ဒေါ်ခင်ခင်ရဲ့ သားသမီးနဲ့ မြေးတွေဟာ ဒေါ်ခင်ခင်မကြိုက်တဲ့ ဟာတွေကို လုပ်ချင်ရာတွေ လျှောက်လုပ်နေတယ်လို့ တွေးမိပြီး အပြစ်ရှိတယ်လို့တောင် ခံစားမိပါတယ်။ ဘာလို့တုန်းဆိုတော့ ကျွန်တော်တို့ဟာ အမေဘယ်တန်းက ဘယ်လိုပဲ ပြောခဲ့ ပြောခဲ့ အမေ ကျွန်တော်တို့ကို ပြောခဲ့တာဟာ အမြဲလိုက်နာရမယ်လို့ ခံယူခဲ့ကြတာပါ။ အမေ ရှိ ရှိ မရှိရှိ အမေစကားဆိုတာကို အမြဲ နားထောင်ရမယ့် တာဝန်ဟာ ကျွန်တော်တို့ တာဝန်ပါပဲ။ အမေမြင်တာ မမြင်တာ အကြောင်းမဟုတ်ပါဘူး။ အမေ ပြောတာကို အမှေ့ရှေ့ဖြစ်ဖြစ်၊ အမှေ့ မျက်ကွယ်ဖြစ်ဖြစ် အမြဲလိုက်နာဆောင်ရွက် လုပ်ပေးဖို့ရာက ကျွန်တော်တို့ သားသမီးတွေရဲ့ အလုပ်ပါ။ ဒါကြောင့် ပင်လယ်ကြီးထဲက တီအိုမင်ကျွန်းကို လာပြီး ပင်လယ်ပြင်မှာ မော်တော်ဘုတ်နဲ့ လျှောက်လည်နေတာဟာ တို့တတွေ အမှေ့ရဲ့ဆုံးမစကားတွေကို ဆန့်ကျင်ပြီး လုပ်နေတာလား လို့ တွေးမိလိုက်ပါသေးတယ်။

သဲဖြူကျွန်းကနေ နာရီဝက်လောက် မောင်းလိုက်တော့ ဆလင်းကမ်းခြေ ဘိ(ချ်)ကို ရောက်ပါတယ်။ ဆလင်းရဲ့ ကမ်းခြေဆိုတာက ရေစပ်မရောက်ခင် ပေ(၄၀)လောက်ရှိတဲ့ သဲသောင်ပြင်လေးပဲ ရှိပါတယ်။ အဲဒလိုကို ခပ်သေးသေးဖြစ်ပေမယ့် ဆလင်းဟာ တီအိုမင်အိုင်လင်းက နာမည်ကြီးကမ်းခြေတစ်ခုပါ။ ဘာလို့နာမည်ကြီးတာလဲ ဆိုတော့ တီအိုမင်က ဆပ်ကမ်း ဘိချ်တွေမှာ သဲသောင်ပြင်မှာ အပန်းဖြေဖို့ ဆိုတာထက် တီအိုမင်ကျွန်းရဲ့ ကမ်းခြေ တစ်လျှောက်ပင်လယ် ထဲမှာ စနော်ကလင်းလုပ်ပြီး ပင်လယ်မျက်နှာပြင်အောက်က ငါးတွေ သန္တာကျောက်တွေကို ကြည့်တာ အတွက် နာမည်ပိုကြီးတာပါ။

ပြီးတော့ တီအိုမင်ကျွန်းရဲ့ တောနက်ကြီးနဲ့ တောင်တွေကလည်း ဘိချ်ရဲ့ နောက်မှာ ကန့်လန့်ကာကြီးလို ကာထားပြီး backdrop နောက်ခံ ကားကြီးလို ဖြစ်နေတာဟာ တကယ့်ကို သာယာစရာပါ။ အဲလို တောတွေ တောင်တွေကြားထဲမှာ အပန်းဖြေ ဘန်ဂလိုလေးတွေကို တောင်စောင်းမှာ ဆောက်ထားတာဟာ သိပ်ကိုလှပါတယ်။

ဒါကြောင့် တီအိုမင်ကို လာတဲ့ တိုးရစ်တွေဟာ ရေထဲကို ဆင်းလိုက်၊ ရေစိမ်လိုက်၊ ပင်လယ်ထဲကို မော်တော်ဘုတ်နဲ့သွား၊ စနော်ကလင်းလုပ်၊ ပြီးတာနဲ့ တောအုပ်ကြီးကို ဖြတ်လျှောက်ပြီး တောင်ထိပ်က ဘန်ဂလိုမှာ တက်ပြီးအနားယူ၊ တကယ့်ကို စိတ်ပျိုကိုယ်နု ဖြစ်ဖို့ relax လုပ်လို့ သိပ်ကောင်းတဲ့ နေရာလေးပါ။

တောင်ထိပ်က ဘန်ဂလိုလေးတွေမှာ သစ်သားကပြင်လေးတွေ ထုတ်ထားတာဟာလည်း တကယ့်ကို စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ညနေစောင်း နေကျချိန်မှာ အဲဒီလိုဘန်ဂလိုက ပြင်ကလေးတွေပေါ်မှာ ထင်ပြီး လေတဝူးဝူးနဲ့ ဘီယာလေး၊ ဝိုင်လေး တစိမ့်စိမ့်သောက်ရင်း ပင်လယ်ကြီး နောက်ထ ကျပြီး ဝင်သွားတဲ့ နေလုံးကြီးကို ကြည့်လိုက်ရရင် ဘယ်လောက်ကောင်းမလဲလို့ တွေးမိပါတယ်။

ခုနက ကျွန်တော်ပြောခဲ့တာကို ပြန်ပြောရမယ်ဆိုရင် တီအိုမင်ရဲ့ ဘိချ်တွေဟာ အကာင်းကြီး မဟုတ်ပါဘူး။ ခပ်တိုတို သဲသောင်ပြင်နဲ့ ကြည်လင်တဲ့ ရေတွေပဲ ရှိတာပါ။ သူတို့ဟာ ဘိ(ချ်)နဲ့ လုပ်စားတာမဟုတ်ပါဘူး။ တီအိုမင်မှာ ကျွန်တော်တို့ဆီက ငပလီ၊ ငွေဆောင်လို ကျယ်ပြန့်တဲ့ သဲသောင်ပြင်ကြီးတွေ မရှိပါဘူး။ ကျွန်တော်တို့တတွေက သောင်ပြင်ကျယ်ကြီးမှာ ပြေးလွှားဆော့၊ သဲသောင်ပြင် ဘောလုံးကစား၊ ညရောက်ရင် မီးပုံပွဲလုပ်၊ ဒီလို သဲသောင်ပြင်ကို အခြေခံဆော့ကစားကြတဲ့ မြန်မာတွေပါ။ မြန်မာတွေအများစုဟာ ရေထဲမှာ စိမ်ရုံလောက်ပဲ စိမ်ကြပြီး ပင်လယ်ကို ကြောက်ကြသူတွေပါ။ ထိုင်းတို့ မလေးတို့လို ပင်လယ်ထဲမှာ ကစားကြတဲ့ sea sport ကို ကြိုက်တဲ့သူ နည်းပါတယ်။

ဒါကြောင့် မြန်မာတွေဟာ ပင်လယ်နဲ့ ရေလမ်းခရီးနဲ့ ပတ်သက်တာတွေမှာ သိပ်မကျွမ်းကျင်ကြပါဘူး။ ရှေးသမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင်လည်း မြန်မာတွေဟာ ခြေလျင်တပ်တွေကို အသုံးပြုပြီး အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ တရုတ်ပြည်၊ အိန္ဒိယနဲ့ ဘင်္ဂလားနိုင်ငံတွေကို သွားရောက်တိုက်ခိုက်နိုင်ခဲ့ပေမယ့်လို့ မြန်မာမင်းတွေရဲ့ ရေတပ်ဟာ ပြင်ပနိုင်ငံတွေကို သိပ်မရောက်ဖူးပဲ ရေတပ်အနေနဲ့လည်း နာမည်မရှိခဲ့ပါဘူး။

မြန်မာတွေ ရေကြောက်တဲ့ အကြောင်းပြောရရင် ကျွန်တော့်ဇနီး ဒေါက်တာခင်လေးရီ၊ ညီမ ဝေဝေခင် (မဝေ)နဲ့ ညီမငယ် အေးအေးခိုင်တို့ အကြောင်း မပါမဖြစ်ပါ။ ကျွန်တော့်ညီမ နှစ်ယောက်ကတော့ တစ်သက်လုံး ရေကူးဖို့ဆိုတာ ဝေးသေးတယ်၊ ရေထဲ ဘယ်တော့မှ မဆင်းတဲ့သူတွေပါ။

တဆက်တည်းပဲ ကျွန်တော့်ဇနီး ဒေါက်တာခင်လေးရီရဲ့ ရေနဲ့ နီးစပ်ပုံကို ပြောပြရပါဦးမယ်။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က ဒေါက်တာ ခင်လေးရီကို ရန်ကုန် ဆီဒိုးနားဟော်တယ် ရေကူးကန်မှာ နာမည်ကြီး ရေကူးသင်ဆရာတစ်ယောက်နဲ့ တစ်နာရီကို (၁၀)ဒေါ်လာပေးပြီး သင်ဖို့စီစဉ်ပါတယ်။ ဒေါက်တာခင်လေးရီ ဘယ်လို ရေကူးပြလိုက်တယ်မသိ၊ ပထမနေ့ ရေကူးသင်ပြီးတဲ့နောက် အဲဒီဆရာက "ဆရာမရယ် သင်မနေပါနဲ့၊ ဆရာမ ဘယ်လိုမှ ရေကူးတတ်မှာ မဟုတ်ပါဘူး" လို့ ပြောပြီး နောက်တစ်နေ့မှာ အဲဒီ ရေကူးသင်ဆရာ လုံးဝမလာတော့ပါဘူး။ ဒါနဲ့ပဲ မဖြစ်တော့ဘူး ဆိုပြီး ရေမကူးတတ်တဲ့ ကျွန်တော်က ရေကူးနည်းစာအုပ် ဖတ်ပြီး နှစ်ယောက်အတူတူ ကိုယ့်ဘာသာကိုယ် ရေကူးသင်ခဲ့လို့ အခုတော့ ကျွန်တော်ရော၊ ဒေါက်တာခင်လေးရီရော ရေနဲ့နဲပါးပါး ကူးတတ်နေတာပါ။

အဲလိုကို ရေကြောက်ကြတဲ့ ကျွန်တော့်ဇနီးနဲ့ ကျွန်တော့်ညီမတတွေဟာ ငွေဆောင်တို့၊ ချောင်းသာတို့ သွားရင် သူတို့ ခြေထောက်နဲ့ ရေနဲ့ လုံးဝမထိအောင် နေပြီး စျေးတန်းသွား၊ အစားစုံဝယ်စား၊ သောင်ပြင်မှာလမ်းလျှောက်၊ လူအုပ်ကြီး ဝိုင်းစုပြီး လက်ဖက်စား၊ စကားတွေပြောကြကာရာအိုကေ ဆိုတာတွေ အကုန်လျှောက်လုပ်ပြီး ဘိချ ဆိုတဲ့ ပင်လယ်ကမ်းခြေကို လာတယ်ဆိုတဲ့ နာမည်သက်သက်ပဲယူပြီး ရေမထိ beach enjoy လုပ်ကြတာပါ။

လွန်ခဲ့တဲ့ (၂)နှစ်လောက်က ကျွန်တော့်သမီးကြီး မင်းမင်းဝင်းဟာ သူ့အမေ ဒေါက်တာခင်လေးရီကို ခေါ်ပြီး စက််ပူကနေ လေယာဉ်နဲ့ မလေးရှားနိုင်ငံက သိပ်ကိုနာမည်ကြီးတဲ့ လင်ကာဝီကျွန်းကို သွားလည်ကြပါတယ်။ စက််ပူ-လင်ကာဝီ လေယာဉ်ခကလည်းကြီး၊ ဟော်တယ်အကောင်းစားမှာ တည်းတဲ့ အခကလည်း တော်တော်ပေးရပါတယ်။ ဒါပေမယ့် သမီးကြီးက သူ့အမေကို လင်ကာဝီကျွန်းနဲ့ ပင်လယ်ကမ်းခြေ အလှအပတွေကို ခံစားပြီး ပင်လယ်ရေမှာ ပျော်ပြီး အပန်းဖြေစေချင်လို့ ငွေကုန်ကြေးကျ ခံပြီး ခေါ်သွားတာပါ။

ဒါပေမယ့်လည်း လင်ကာဝီကျွန်းမှာ (၃)ညအိပ်ခဲ့တဲ့ ဒေါက်တာခင်လေးရီဟာ ခုနကပြောခဲ့သလိုပဲ သူ့ခြေထောက်နဲ့ ပင်လယ်ရေနဲ့ မထိပဲ ဟိုတယ်ခန်းထဲမှာအိပ်၊ မြန်မာပြည်က ယူလာတဲ့ အစားအသောက်၊ လက်ဖက်တွေစားပြီး ပြန်လာခဲ့ပါတယ်။

အဲတော့ လင်ကာဝီ ခရီးစဉ်မှာ ပိုက်ဆံတော်တော်ကုန်သွားတဲ့ သမီးကြီးဟာ သူ့အမေ ရေထဲမဆင်းခဲ့တာကို တပြစ်တောက်တောက် ပြောလို့မပြီးပါဘူး။ “အမေရာ လင်ကာဝီက ပင်လယ်ရေဟာ ဘယ်ပင်လယ်ရေနဲ့မှ မတူဘူး၊ ပြာကြည်ပြီး သန့်နေတာ။ ပင်လယ်ကမ်းစပ်က သဲကလည်း ဖြူဖွေး နုနေတာ။ အမေ လင်ကာဝီကမ်းစပ်မှာ ရေထဲဆင်းပြီး နဲနဲပါးပါး ကူးလိုက်ဖို့ ကောင်းတာ အမေရာ” လို့ အကြိမ်ကြိမ် ပြောရှာပါတယ်။

ခုနက ပြောနေတဲ့ မြန်မာတွေကို ဘိ(ချ)ကမ်းခြေသွားတဲ့အကြောင်း ဆက်ပြောရရင် မြန်မာတွေက သောင်ပြင်အကျယ်ကြီးကို သိပ်ကြိုက်ကြပါတယ်။ ဒါပေမယ့် နိုင်ငံခြားက လူတွေကတော့ သောင်ပြင်ကျယ်တာ မကျယ်တာ အဓိကမဟုတ်ပဲ ပင်လယ်ထဲမှာ မျိုးစုံဆော့ကစားပြီး ပင်လယ်ကြီးရဲ့ သဘာဝ အလှအပတွေကို ခံစားကြတာပါ။

ဒါကြောင့် လွန်ခဲ့တဲ (၁၀)နှစ်လောက်က ကျွန်တော့်ညီမ နှစ်ယောက်နဲ့ သားသမီးတွေကို ထိုင်းနိုင်ငံ ပတ္တရား ကမ်းခြေကို ခေါ်သွားတော့ ပတ္တရားရဲ့ ကျဉ်းကျဉ်းသေးသေး သောင်ပြင်လေးကို ကြည့်ပြီး “ဟင်း ပတ္တရား ပတ္တရား နဲ့ နာမည်ကြီးလိုက်တာ၊ ပြီးတော့လည်း ဘာမှမကောင်းဘူး၊ သောင်ပြင်လေးကလည်း ပေနှစ်ဆယ်လောက်တောင် မပြည့်ဘူး” လို့ ပြောပြီး သောင်ပြင်ပေါ်မှာ လမ်းလျှောက်၊ ကမ်းနားက ဆူဗနီးယားဆိုင်လေးတွေမှာ ဟိုဟာဝင်ဝယ်၊ ဒီဟာဝင်ဝယ်နဲ့ သူတို့ရဲ့ ပတ္တရားကမ်းခြေခရီးစဉ်ဟာ နာရီဝက်လောက်နဲ့ ပြီးသွားပါတယ်။ အဲဒီအချိန်မှာပဲ နိုင်ငံခြားသား တိုးရစ်တွေက ပတ္တရားကမ်းခြေ ပင်လယ်ထဲမှာ မော်တော်ဘုတ်နဲ့ဆွဲတဲ့ လေထီးကိုခို၊ စပီဘုတ် အပြိုင်အဆိုင် လုပ်မောင်းကြ၊ စပီဘုတ်နဲ့ဆွဲပြီး ရေလွှာလျှောစီး ဆိုတာမျိုးတွေ အမျိုးစုံ ဆော့ကစားကြပါတယ်။ ကျွန်တော်တို့ တတွေဟာ ရေကြောက်ကြ၊ ပင်လယ်ကြောက်ကြနဲ့ sea sport တွေကိုလည်း မကြိုက်ကြပါဘူး။

ကျွန်တော်တို့ ခရီးစဉ်အကြောင်း ဆက်ပြောရမယ်ဆိုရင် မောင်တော်ဘုတ်လေးလည်း ဆလင်းကမ်းစပ်ကို ထိုးဆိုက်လိုက်ရော အခုပြောခဲ့သလို ပင်လယ်ကမ်းခြေကို ရေမထိ enjoy လုပ်လေ့ရှိတဲ့ မဝေဟာ "ဒီက စားသောက်ဆိုင်လေးတွေက သပ်ရပ်တယ်တော့၊ လှလည်းလှတယ်၊ ငါကတော့ တစ်ခုခု စားမှဖြစ်မယ်" ဆိုပြီး ဆလင်းကမ်းခြေရဲ့ ဘယ်သဘာဝ အလှအပမှ မကြည့်၊ မလေ့လာပဲ စားသောက်ဆိုင်တစ်ဆိုင်ထဲကို ပြေးဝင်သွားပြီး သူစားချင်ရာတွေ မှာစားတော့တာပါပဲ။

တကယ်တော့ ဆလင်းကမ်းခြေဟာ တီအိုမင်ကျွန်းရဲ့ အလှဆုံး နေရာတစ်ခုထဲမှာ ပါပါတယ်။ ကမ်းခြေက ပင်လယ်ထဲကို မြေဖို့ ကျောက်စီလုပ်ပြီး ထိုးဝင်သွားတဲ့ သဘော်ဆိပ် ကီး (quay) ဟာလည်း တော်တော်လှပါတယ်။ အဲဒီ ကီးတစ်လျှောက်မှာ ပင်လယ်လှိုင်း ဒဏ်ခံနိုင်အောင် ပုံထားတဲ့ ကျောက်တုံးကြီးတွေကလည်း ကြည့်လို့ တော်တော်ကောင်းတာပါ။ ဘယ်လိုမျှားလုပ်ပြီး ဒီကျောက်တုံးကြီး တွေကို ဒီလို လာပုံပါလိမ့်ဆိုတာလည်း တွေးမိရင်း သူတို့နိုင်ငံတွေမှာ နည်းပညာ တက(ခ်)နော်လော်ဂျီတွေ တော်တော်တိုးတက်နေပါလားလို့ တွေးမိပါတယ်။

ဆလင်းဆိပ်ကမ်းရဲ့ နောက်ခံရှုခင်းဖြစ်တဲ့ သစ်ပင်ကြီးတွေနဲ့ စိမ်းစိုနေတဲ့ တောင်မြင့်မြင့်ကြီးတွေကလည်း အံ့မခန်းပါ။ တောင်စောင်းတစ်လျှောက်မှာ ဆောက်ထားတဲ့ ဘန်ဂလိုလေးတွေ အစီအရီကလည်း ရှုခင်းကြီးလှသည်ထက် လှအောင် ဖြည့်စွက် ဖန်တီးထားသလိုပါပဲ။

မဝေကတော့ ဘာရှုခင်းမှာ မခံစားတော့ပဲ စားစရာတွေကို တရစပ် စားတော့တာပါပဲ။ "မဝေရယ် အဲလောက်တောင် စားစရာတွေ မှာထားတော့ မကုန်ပဲဖြစ်နေပါဦးမယ်" လို့ ထပ်မမှာအောင် မနည်း တားယူရပါတယ်။

ဆလင်းက အစားအသောက်ကတော့ သာမန်ပါပဲ။ အကောင်းကြီးမဟတ်လှပါဘူး။ ဒါပေမယ့် မဝေကတော့ ကြက်ဥကြော် သိပ်ကြိုက်လို့ ဆိုပြီး မလေးရှားနိုင်ငံ တီအိုမင်ကျွန်းကိုလာပြီး ကြက်ဥကြော် တစ်ပွဲ ထပ်မှာ အားရပါးရ စားလိုက်ပါသေးတယ်။

စားသောက်ပြီးတာနဲ့ မဝေကခေါင်းဆောင်ပြီး "လာ ဒို့ဆိုင်တွေသွားကြည့်ကြရအောင်" ဆိုပြီး ဆူဗီနီးယား (Souvenir) ဆိုင်ထဲကိုခေါ်သွားပြီး T-Shirt တွေရွေး၊ လကကောက်လက်စွပ်တွေရွေး၊ ပစ္စည်းတွေရွေးဝယ်ပါတော့တယ်။ ကျွန်တော်ကတော့ သဘောပေါက်ပါတယ်။ မဝေတစ်ရောက် ရန်ကုန်ပြန်ရောက်ရင် တီအိုမင် ပင်လယ်ရေနဲ့ ခြေထောက်မထိခဲ့ပေမယ့်လည်း မဝေဟာ "ငါ တီအိုမင်အိုင်လင်မှာ ဆိုရင်" ဆိုပြီး ဂုဏ်ယူ ဝင့်ကြွား လျှောက်ပြောတော့မှာ ပါလားလို့ တွေးမိပါတယ်။

မဝေခေါင်းဆောင်တဲ့ စျေးဝယ်အဖွဲ့ဟာ ပင်လယ်ကမ်းစပ်နဲ့ သဘာဝ လေ့လာ ခံစားရေးကို လုံးဝ စိတ်မဝင်စားပဲ စားသောက်ဆိုင်တွေဝင် ပစ္စည်းတွေဝယ်ပြီးတဲ့နောက် "ကိုဝင်း သွားလို့ရပြီ၊ ဒီကနေ ဘယ်ဆက်သွားကြမှာလဲလို့ " မေးပါတယ်။

ကျွန်တော်ကနေပြီး “ဒို့အခုဆက်ပြီး စနော်ကလင်းလုပ်ကြမယ်”လို့ ပြောလိုက်တော့ မဝေ နည်းနည်း တွန့်သွားပါတယ်။ ဒါပေမယ့် မဝေလုပ်တာတွေကို အဖွဲ့သားတွေ လိုက်လုပ်နေရင်တော့ တို့တတွေ စနော်ကလင်းအဆင့်ကို ရောက်တော့မှာ မဟုတ်ဘူးလို့ တွေးမိလိုက်ပါတယ်။ ဒါနဲ့ ငါတို့ ဇွတ်ထွက်မှ ဖြစ်တော့ မယ်လို့ ဆုံးဖြတ်လိုက်ပြီး “လာကြ လာကြ၊ ဒို့ မရင်းပါတ်(ခ်) Marine Park ကို သွားကြမယ်” လို့ ပြောပြီး အားလုံး မော်တော်ဘုတ်ပေါ်တက်ကြ ထွက်မယ်လို့ အော်ဟစ်ဆူညံပြီး ဝုန်းဒိုင်းဝုန်းဒိုင်းနဲ့ မိုးကြိုး၊ ဇရေကြီး တို့ကို ဆွဲတင်၊ မဝေ၊ မင်းမင်း၊ နှင်းနှင်းတို့ကို မော်တောပေါ်တက်ခိုင်းပြီး မရင်းပါတ်(ခ်) ဆီကို ဦးတည် ထွက်ခဲ့ပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒင်မောင်ဝင်း (အသည်း)



တီအိုမင်ကျွန်းမြေပုံ


Tioman Island

၂၄-၀၆-၂၀၁၀

နိုင်ငံခြားသွားမယ်ဆိုရင် အပိုင်း (၅၂)

တောင်းပန်လွှာ

စာတွေ့မရေးဖြစ်တဲ့ ကျွန်တော်

မလေးရှားနိုင်ငံ တီအိုမင်ကိုသွားတဲ့ ခရီးစဉ်တွေကို ရေးနေတာ ၂၀၀၉ ဒီဇင်ဘာလမှာနောက်ဆုံးရေးခဲ့ပြီး ဆက်မရေး နိုင်တော့ပါဘူး။ ဘာလို့တုန်းဆိုတော့ ကျွန်တော့်ရဲ့ အပြည်ပြည်ဆိုင်ရာ အသည်းရောဂါလုပ်ငန်းစဉ်တွေ အစည်းအဝေးတွေက ၂၀၁၀ ဇန်နဝါရီလက စလိုက်တာ ဇွန်လအထိ ဆက်တိုက်ဆက်တိုက် ဖြစ်သွားလို့ပါ။ တီအိုမင်ခရီးစဉ်အကြောင်း ဆက်မရေးခင်မှာ အဲဒီလို ရှုပ်ထွေးလှတဲ့ ကျွန်တော့်ရဲ့ ခရီးစဉ်တွေအကြောင်းကို သူ့လန့် သူ ခွဲခြားပြီး နည်းနည်းပြောပြချင် ပါသေးတယ်။

၂၀၁၀ ဇန်နဝါရီလ

ဇန်နဝါရီ ၂၈ ရက်နေ့ကနေ ၃၁ ရက်နေ့အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ ကျင်းပတဲ့ ပထမအကြိမ် ထိုင်းနိုင်ငံ အစာအိမ် အူလမ်းကြောင်း အဖွဲ့အစည်းအဝေးကို သွားတက်ရပါမယ်။

ထိုင်းနိုင်ငံက အသည်းနဲ့ အစာအိမ် ပါမောက္ခတွေ ပါရဂူတွေနဲ့ ကျွန်တော်က တော်တော်လေးကို ရင်းနှီးပါတယ်။ ဒါကြောင့် သူတို့ရဲ့ ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ အစည်းအဝေးမှာ ကျွန်တော့်ကို တက်စေချင်တယ် လာဖြစ်အောင် လာပါဆိုလို့ သွားပြီး တက်ရတဲ့မတက်မဖြစ် အစည်းအဝေးကို တက်ရတာပါ။

၂၀၁၀ ဖေဖော်ဝါရီ

ထိုင်း အပြည်ပြည်ဆိုင်ရာ အစာအိမ် အူလမ်းကြောင်းနဲ့ အသည်း အစည်းအဝေး တက်ပြီး ချင်းမိုင်က ဇန်နဝါရီ (၃၁)ရက်နေ့ ပြန်ရောက်ပါတယ်။ နောက်(၅)ရက်အကြာ ၅-၂-၂၀၁၀မှာ စင်္ကာပူ နိုင်ငံ အစိုးရာ ကျန်းမာရေး ဝန်ကြီးဌာနက ဖွဲ့စည်းပေးထားတဲ့ အာရှပစိဖိတ် အသည်းကင်ဆာ သုတေသန အဖွဲ့ (Asia Pacific Hepatocellular Carcinoma Trials Group) ကနေပြီး ကြီးမှူးကျင်းပတဲ့ အသည်းကင်ဆာ ရော ကုဆေးသစ်များ အကြောင်း ထိပ်တန်းလျှို့ဝှက် အစည်းအဝေးကို သွားတက်ရပါတယ်။

စင်္ကာပူ အဲဒီအစည်းအဝေးက ပြန်လာတာနဲ့ မြန်မာနိုင်ငံ ဆရာဝန်အသင်း အစာအိမ် အူလမ်းကြောင်းနဲ့ အသည်းရောဂါအဖွဲ့ရဲ့ ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ အစည်းအဝေးကြီးတစ်ခုကို ဖေဖော်ဝါရီ (၂၆)ရက် နေ့မှာ ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟော်တယ်မှာ လုပ်ခဲ့ပါတယ်။

ဒီအစည်းအဝေးကြီး အတွက် ကျွန်တော် အလုပ်ရှုပ်နေတာ (၁)နှစ် လောက် ရှိပါပြီ။ အရှေ့တောင်အာရှကတင် မကပဲ တစ်ကမ္ဘာလုံးက ထိပ်သီးအသည်း အစာအိမ် လမ်းကြောင်း ပုဂ္ဂိုလ်တွေကို ဒီအစည်းအဝေးမှာ လာပြီး ဟောပြောပို့ချပေးဖို့ ဖိတ်ရတာ စီစဉ်ရတာ ကျွန်တော်နဲ့ ကျွန်တော့်ရဲ့ ရုံးအဖွဲ့သားများ၊ အစာအိမ်နဲ့ အူလမ်းကြောင်း ဥက္ကဋ္ဌပါမောက္ခ ဒေါ်သန်းသန်းဆွေနဲ့ တခြား ပါမောက္ခတွေဖြစ်တဲ့ ဦးသိန်းစော၊ ဒေါ်တင်တင်မေ၊ တွဲဖက် ပါမောက္ခ ဒေါ်သန်းသန်းအေးတို့ဟာ တစ်နှစ်ပတ်လုံး တော်တော်လေးကို မအားမလပ် အလုပ်လုပ်ကြရပါတယ်။

တကယ့် ပွဲကြီး နီးလာတော့ ဖေဖော်ဝါရီလဆန်း ကစပြီး ဆေးခန်းတွေလည်း ပျက်ကွက်၊ ဂျာနယ်ဆောင်းပါး စာရေးတာတွေလည်း မရေးနိုင်၊ မဂ္ဂဇင်း ဂျာနယ်အစောင်စောင်မှာ ပျက်ကွက်ခဲ့ပါတယ်။

ဒါပေမယ့်လည်း နိုင်ငံခြား ပါရဂူ (၃၉)ယောက် ပါဝင်တဲ့ ဟောပြောပွဲကြီး မြန်မာနိုင်ငံမှာ အောင်အောင်မြင်မြင်နဲ့ စည်စည်ကားကား လုပ်ဖြစ်သွားတော့ ကိုယ့်နိုင်ငံအတွက် ကိုယ့်လူမျိုးတွေအတွက် ဂုဏ်ယူပီတိတွေ ဖြာနေပြီး ဆောင်းပါးတွေ မရေးဖြစ်တော့တာကို တောင် မေ့နေပါတော့တယ်။

<u>၂၀၁၀ မတ်လ</u>

ရှေ့မှာ ပြောခဲ့သလို ရန်ကုန်မြို့မှာ လုပ်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ အသည်းနဲ့ အစာအိမ်အူလမ်းကြောင်း အဖွဲ့အစည်းကြီး ပြီးတာနဲ့ မတ်လ (၁၆)ရက်နေ့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့မှာ လုပ်မယ့် အာရှပစိဖိတ် အသည်းရောဂါအဖွဲ့ APASL (Asia Pacific Association for the Study of Liver) နှစ်ပတ်လည် ညီလာခံ အစည်းအဝေး တက်ဖို့ စပြီး ပြင်ရ ဆင်ရပါတော့တယ်။

ပီကင်းမြို့ကို အရင်ကလည်း ရောက်ဖူးပါတယ်။ မဟာအုတ်တံတိုင်းကြီးနဲ့ ကြည့်သင့်တာတွေကို၊ သွားကြည့်ဖူး၊ လည်ဖူးတယ် ဆိုတော့ ပီကင်းခရီးစဉ်ကို တိုနိုင်သရွေ့ တို၊ အလည်အပတ်တွေ ထည့်မစီစဉ်ပဲ ပညာရပ်ဆိုင်ရာအတွက် အစည်းအဝေး တက်ဖို့ သက်သက်ပဲ သွားပါတယ်။ ဒါပေမယ့် မသွားခင် (၁)ပတ်လောက် အချိန်ကုန်၊ ခရီးသွားတာ တစ်ပတ်လောက်၊ ပြန်ရောက်ပြီး တစ်ပတ်လောက် အလုပ်ရှုပ်ရှက်ခက်နဲ့ ဆိုတော့ ပြောရမယ်ဆိုရင် ခရီးစဉ် တစ်ခုသွားရင် တစ်လလောက်တော့ အချိန်ကုန်သွားတာပါပဲ။

<u>၂၀၁၀ ဧပြီလ</u>

ပီကင်း အစည်းအဝေးက ပြန်ရောက်တာနဲ့ ဧပြီလ (၁၃)ရက်နေ့မှာ ဩစတးယား (Austria) နိုင်ငံ ဗီယာနာ (Vienna) မြို့မှာ လုပ်မယ့် ဥရောပအသည်းရောဂါ အဖွဲ့ နှစ်ပတ်လည် အစည်းအဝေး EASL (European Association for the Study of Liver) တက်ဖို့ စပြင်ဆင်ရပါတော့တယ်။

စက်ဘူမှာ နေတဲ့ သမီးလေးနဲ့လည်း တွေ့ရအောင် (၂)ရက်လောက် ကြိုပြီး စက်ဘူကို ဧပြီလ(၁၁)ရက်နေ့လောက်မှာ ထွက်သွားပါတယ်။ သမီးလေးနဲ့ (၂)ရက်လျှောက်လည်၊ ဟိုသွားဒီသွား၊ ဟိုဟာစား ဒီဟာစားနဲ့ ဧပြီလ (၁၃)ရက်နေ့မှာ ဗီယာနာကို ကာတာလေကြောင်း (Qatar Airways) နဲ့ ထွက်ခဲ့ပါတယ်။ အစည်းအဝေးတက်နေတုန်းမှာပဲ အိုက်စလန်နိုင်ငံက မီးတောင်ပေါက်ပြီး မီးခိုးငွေ့တွေ ဥရောပတိုက် တစ်ခုလုံး ဖုံးနေလို့ လေယာဉ်တွေ မထွက်နိုင်ပဲ ခရီးသည်တွေ လေယာဉ်တွေ သောင်တင်ပြီး လေဆိပ်တွေမှာ ဗရူတ်သုက္ခတွေ ဖြစ်၊ ဆူဆူညံညံနဲ့ လူတွေ တော်တော် ဒုက္ခရောက်ကြပါတယ်။

အဲဒီလို သောင်တင်နေတဲ့ အထဲမှာ ကျွန်တော်လည်း ပါပါတယ်။ ကျွန်တော်က ဧပြီလ (၁၈)ရက်နေ့မှာ ပြန်ရမှာ ဖြစ်ပေမယ့် ဗီယာနာ လေဆိပ်က လုံးဝမဖွင့်၊ ဒါနဲ့ အရှေ့ပိုင်း ဟန်ဂေရီ၊ ရူမေးနီးယားကနေ လှည့်သွားမလား ဆိုတော့ အဲဒီလေဆိပ်တွေလည်း မဖွင့်၊ တောင်ဘက် အီတလီ တူရကီ လေဆိပ်တွေလည်း ပိတ်၊ အနောက်ဘက် ဂျာမဏီ ပြင်သစ်က ပိုဆိုးတော့တာပေါ့၊ မီးခိုး အထူဆုံး။

ဒါနဲ့ ကျွန်တော်လည်း ငယ်ငယ်က မဂ္ဂဇင်းထဲမှာ အခန်းဆက် ဖတ်ဖူးတဲ့ ကိုကိုမောင်ရဲ့ "ပါရီတွင် သောင်တင်ခဲ့စဉ်က" ဆိုတဲ့ ဇာတ်လမ်းလို "ဗီယာနာတွင် သောင်တင်ခဲ့စဉ်က" ဖြစ်ရပ်ပါ။

လေယာဉ်တွေ မထွက်ဖြစ်တာနဲ့ ဗီယာနာမြို့ကိုလည်း လည်တာနှံ့နေပြီဆိုတော့ အနီးအနား နိုင်ငံတွေ ဖြစ်တဲ့ ဆလိုဗကီးယား (Slovakia) နိုင်ငံရဲ့ ဘရတစ်(စ်)လာဗာ (Bratislava) မြို့နဲ့ ဟန်ဂေရီနိုင်ငံ ဘူဒါပက်(စ်) (Budapest) မြို့တွေကို လျှောက်လည်မိပါတယ်။ အားနေလို့ စာထိုင်ရေးမယ် ကြံလိုက်ရင်း ငါမြန်မာပြည် ဘယ်တော့ပြန်လို့ ရမှာလဲ ဆိုတဲ့ အတွေးက အမြဲလိုလို တွေးနေမိတော့ စိတ်တွေလေပြီး ဘာမှ လုပမရ ကိုင်မရပါ။

အစည်းအဝေးတက်တုန်းက ဟော်တယ် ဘွတ်ကင်လုပ်ထားတာက ရက်စေ့ပြီဆိုလို့ အကြောင်းကြားတာနဲ့ ဟော်တယ်ကို ဆက်ပြီး နေပါဦးမယ် ဆိုပြီး ဘွတ်ကင်ထပ်လုပ်ရတော့ ပိုက်ဆံလည်း တော်တော်ကုန်သွားပါတယ်။

နောက်ဆုံး ဧပြီး (၂၁)ရက်နေ့မှာ ပထမဆုံး စထွက်တဲ့ လေယာဉ်နဲ့ စွန့်စွန့်စားစား လိုက်ပြီး ပြန်လာခဲ့ပါတယ်။ ထုံးစံအတိုင်း အပြန်မှာ စက်ဘူကို ခဏဝင်လိုက်တော့ ဧပြီလ ကုန်လောက်မှ ရန်ကုန်ကို ပြန်ရောက်ပါတယ်။

<u>၂၀၁၀ မေလ</u>

ဗီယာနာက ပြန်ရောက်တာနဲ့ မေလ (၂၀)ရက်နေ့မှာ ကမောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့မှာ လုပ်မယ့် ပဉ္စမအကြိမ်မြောက် ဒေသတွင်းဆိုင်ရာ အသည်းရောဂါ ညီလာခံ 5th Regional Symposium on Hepatology မှာ "အသည်းရောင်အသားဝါ စီရောဂါ နောက်ဆုံးပေါ် ကုနည်းများ" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောပြော ပို့ချဖို့

ပြင်ဆင်ရပါတော့တယ်။ ဒီအစည်းအဝေးမှာ ကျွန်တော်နဲ့အတူ တွဲပြီး ပြောမှာက အင်္ဂလန်နိုင်ငံက နာမည်ကြီး ပါမောက္ခ ဂရေဟမ်ဖော့(စ်)တာ (Graham Foster) ဖြစ်ပါတယ်။ သူက အသည်းရောင် အသားဝါ ဘီရောဂါကုတာ ပြောပြီး ကျွန်တော်က အသည်းရောင် အသားဝါ စီရောဂါ ကုနည်း ပြောရမှာပါ။ အဲလို နာမည်ကြီး ပုဂ္ဂိုလ်တစ်ယောက်နဲ့ တွဲပြီး ပြောရမှာ ဆိုတော့ အထူးကို ဂရုစိုက်ပြီး အင်တိုက်အားတိုက် နေ့မနား ညမအား ပြင်ဆင်ရပါတော့တယ်။ ဆေးရုံ ဆေးခန်းတွေ ပျက်ကွက်၊ မဂ္ဂဇင်း ဂျာနယ်တွေဆိုတာ လှည့်မကြည့်နိုင်ပါဘူး။

မေလ (၂၀)ရက်နေ့မှာ သွားပြီးတော့ ညီလာခံမှာ အသည်းရောင် အသားဝါ စီရောဂါပိုးအကြောင်း ဟောပြောလိုက်တာ တော်တော်လေးကို အောင်မြင်တယ်လို့ ပြောရမှာပါ။ အစည်းအဝေး တက်လာတဲ့ မလေးရား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနဲ့ မြန်မာနိုင်ငံ အသည်းပါရဂူတွေက စိတ်ဝင်တစားနဲ့ ကျွန်တော့်ဟောပြော ပို့ချချက် အပေါ်မှာ မေးကြတော့လည်း ကျွန်တော် ပြင်ဆင်ရကျိုး နပ်တယ်ဆိုပြီး ပီတိတွေ ဖြစ်မိပါတယ်။ အဲလို ပီတိတွေ များလာသလို ဘယ်မဂ္ဂဇင်းမှာမှ သိပ်မရေးဖြစ်တော့ပဲ ကျွန်တော့်စာတွေ မပါတဲ့ လတွေလည်း သိပ်များလာတာပေါ့။

<u>၂၀၁၀ ဇွန်လ</u>

ဇွန်လမှာတော့ ကျွန်တော်ရဲ့ အလုပ်ရှုပ်တာ အစည်းအဝေးသွားတာတွေ အခြေအနေ တော်တော် ဆိုးရွားလာပါတယ်။ ဇွန်လထဲမှာ သွားရမှာက နှစ်ခု ဖြစ်နေပါတယ်။

ဇွန်လ (၅)ရက်နေ့မှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ (WHO) ရဲ့ အရှေ့တောင် အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ရဲ့ ယာယီ အတိုင်ပင်ခံ ပုဂ္ဂိုလ်အနေနဲ့ သွားပြီး အရှေ့တောင် အာရှ ဒေသတစ်ခုလုံးရဲ့ အသည်းရောင် အသားဝါ ရောဂါ တားဆီးကာကွယ် ကုသရေးလုပ်ငန်း စဉ်တွေ ရေးဆွဲဖို့ အကြံဉာဏ် ပေးရမှာပါ။

ပြီးတော့ ဇွန် (၂၂)မှာ စင်္ကာပူနိုင်ငံမှာ ကျင်းပမယ့် ကမ္ဘာ့ကင်ဆာညီလာခံ (World Congress of Cancer) အစည်းအဝေးကြီးမှာ အသည်းကင်ဆာ နောက်ဆုံးပေါ် ကုနည်းများ အကြောင်း ခေါင်းစဉ်နဲ့ ဟောပြောပို့ချရမှာပါ။

ကျွန်တော် စဉ်းစားလိုက်တယ် ကျွန်တော်ပြည်ပခရီး သွားတာတွေ သိပ်များနေပြီ။ ဆေးခန်းတွေ မထိုင်နိုင်လို့ လူနာတွေ ညီးကြ ညူကြတာ ရှိသလို ဆောင်းပါးတွေ မပါလို့ ပြောကြတဲ့ စာဖတ်ပရိသတ်တွေ ကလည်း အများသား။ အဲတော့ ဖိတ်တိုင်းသာ သွားရမယ်ဆိုရင် သွားရမှာတွေက အများကြီး ရှိတယ်။ အစည်းအဝေးဖိတ်တိုင်း သွားမနေနိုင်တော့ဘူး၊ သွားသင့်တဲ့ အစည်းအဝေးမှပဲ သွားတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဒါကြောင့် ဇွန်လ (၁)လထဲ နိုင်ငံခြား နှစ်ခေါက် သွားရမှာ ဖြစ်နေတော့ တစ်ခေါက်ပဲ သွားမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒါနဲ့ ဇွန်လထဲမှာ သွားရမယ့် အထဲက ကမ္ဘာ့ကျန်းမာရေး အဖွဲ့ အရှေ့တောင်အာရှ ညွှန်ကြားရေးမှူးရဲ့ အတိုင်ပင်ခံ ပုဂ္ဂိုလ်အနေနဲ့ သွားရတာ သိပ်ကို ဂုဏ်ရှိတယ်၊ အဲဒါကိုပဲ ရွေးလိုက်မယ် ဆိုပြီး စက််ပူက ကမ္ဘာ့ကင်ဆာညီလာခံ အစည်းအဝေးကို မလာတော့ပါဘူး လို့ ငြင်းလိုက်ပါတယ်။

ဇွန်(၅)ရက်နေ့မှာ နယူးဒေလီကို သွားပြီး မြန်မာနိုင်ငံရဲ့ အသည်းရောင်အသားဝါ အခြေအနေတွေကို ဆလိုက် (slide) တွေနဲ့ ဝေဝေဆာဆာ တင်ပြ ဆွေးနွေးပြီး အစည်းအဝေး တစ်လျှောက်လုံးမှာ တက်တက်ကြွကြွ ပါဝင်ဆွေးနွေးခဲ့ပြီး (၉)ရက်နေ့မှာ ပြန်ရောက်လာပါတယ်။

အခု (၂၄-၆-၂၀၁၀) နေ့မှာ အခုလို ဒီဆောင်းပါးကို ရေးနေနိုင်တာဟာ စက််ပူက ကမ္ဘာ့ကင်ဆာ အစည်းအဝေးကို မတက်လိုက်လို့ပါ။

<u>အင်တာနေရှယ်မှာ ပါသွားပြီ</u>

ကျွန်တော်ဟာ အပြည်ပြည်ဆိုင်ရာ အစည်းအဝေးတွေမှာ တက်ရင်းတက်ရင်းနဲ့ မြန်မာနိုင်ငံ ကိုယ်စားပြု ဆွေးနွေးမှုတွေဟာ အစည်းအဝေးတက်ရောက်လာတဲ့ သူတွေက ကျေနပ်ကြတဲ့အတွက် ကျွန်တော့်ကို အစည်းအဝေးတက်ဖို့ ဖိတ်တာတွေက များသည်ထက် များလာပါတယ်။

ကျွန်တော် ဒီလိုတွေ ပြောနေတာဟာ ကိုယ်ရည်သွေးနေတာ မဟုတ်ပါဘူး။ ကျွန်တော်ဘယ်လောက် အလုပ်ရှုပ်တယ်၊ ဘာကြောင့် ဆောင်းပါးတွေကို မရေးနိုင်ဘူး ဆိုတာကို ပြောချင်လို့ပါ။ တစ်ချိန်တည်းမှာ မြန်မာတစ်ယောက်အနေနဲ့ ဒီလို အစည်းအဝေးတွေ တက်ရ၊ ဖိတ်ခံရ တယ်ဆိုတာ မြန်မာနိုင်ငံအတွက် အထူး ဂုဏ်ယူစရာပါ ဆိုတာကိုလည်း ပြောချင်ပါတယ်။ ကျွန်တော့်အတွက် နာမည်ကြီးစရာ မလိုတော့ပါဘူး။ ကျန်တော့် ခြေရာကို နင်းပြီး မြန်မာနိုင်ငံ ကိုယ်စားပြု ဆက်လက် တာဝန်ထမ်းဆောင် သွားမယ့် လူငယ် အသည်းရောဂါ ပညာရှင်တွေအတွက် အင်တိုက်အားတိုက် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး မျက်နှာမငယ်ပဲ အင်တာနေရှင်နယ်မှာ မျက်နှာပန်း လှအောင် ဆောင်ရွက်နိုင်ကြဖို့ တိုက်တွန်း လိုက်ချင်လို့ ပြေနေတာပါ။

ဒီလောက်ပြောပြ ရေးပြနေတယ်ဆိုရင် ကျွန်တော် ဆောင်းပါးတွေ မရေးနိုင်တာကို စာဖတ်ပရိသတ်က နားလည် ခွင့်လွှတ်မယ်လို့ ထင်ပါတယ်။

ဒီနှစ်အတွင်းမှာ ကျွန်တော်နောက်ထပ် သွားတက်ရမယ့် အစည်းအဝေးလေးတွေကို ရေးပြရင်းနဲ့ တောင်းပန်လွှာ ဆောင်းပါးကို နိဂုံးချုပ်ပါရစေ။

၂၀၁၀ ဇူလိုင် - ထိုင်းနိုင်ငံ အသည်းရောဂါအဖွဲ့ အစည်းအဝေး

၂၀၁၀ ဩဂုတ် - ထိုင်းနိုင်ငံ အစာအိမ် အူလမ်းကြောင်း နှစ်ပတ်လည် ညီလာခံမာ ဥက္ကဋ္ဌလုပ်ပေးဖို့.

၂၀၁၀ စက်တင်ဘာ -ကနေဒါနိုင်ငံ မွန်ထရီယ မြို့မှာ ကျင်းပမယ့် အပြည်ပြည်ဆိုင်ရာ အသည်းကင်ဆာ အဖွဲ့. (International Liver Liver Association ILCA) တက်ရောက်ဖို့.

၂၀၁၀ အောက်တိုဘာ -အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ကျင်းပမယ့် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ သိပ္ပံပညာရှင်များ အဖွဲ့. (All India Institute of Medical Science) အစည်းအဝေးသွားတက်ဖို့.

၂၀၁၀ နိုဝင်ဘာ - အမေရိကန်နိုင်ငံ ဘော်စတွန်မြို့မှာ ကျင်းပမယ့် အမေရိကန် အသည်းရောဂါ ပညာရှင်များအဖွဲ့. (AASLD) နှစ်ပတ်လည်အစည်းအဝေး တက်ရောက်ဖို့.

၂၀၁၀ ဒီဇင်ဘာ -အိန္ဒိယနိုင်ငံ ဟိုင်ဒရာဘတ်မြို့မှာ ကျင်းပမယ့် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အစာအိမ် အူလမ်းကြောင်းဆိုင်ရာ အဖွဲ့. ညီလာခံတက်ရောက်ဖို့.

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒေါက်တာမောင်ဝင်း (အသည်း)



ချင်းမိုင်



GI Meeting



GI Meeting



APASL ဝိကင်းမြို့



Vienna



Cambodia



India

၂၃-၀၈-၁၀

နိုင်ငံခြားသွားမယ်ဆိုရင် အပိုင်း (၅၃)

<u>မလေးရှားခရီးစဉ် (အဆက်)</u>

၂၀၀၈ ခုနှစ်က အမေရိကန် အသည်းရောဂါအဖွဲ့ နှစ်ပတ်လည် အစည်းအဝေး သွားရင်းနဲ့ စက််ပူကို ခဏဝင်ပြီး သမီးကြီး မင်းမင်းဝင်း (မင်းမင်း)၊ သူ့အမျိုးသား မိုးဇော်ဟိန်း (မိုးကြီး)၊ မလေးရှားမှာ နေတဲ့ ကျွန်တော့်ညီမ ဝေဝေခင် (မဝေ)၊ သမီးလေး နှင်းနှင်းဝင်း၊ အဲဒီတုန်းက သူနဲ့ စေ့စပ်ထားတဲ့ ဇေယျာဝင်း (ဇေကြီး၊ အခုတော့ လက်ထပ်ထားပြီပေါ့) တို့နဲ့ အတူ မလေးရှားနိုင်ငံ တီအိုမင်ကျွန်း (Tioman Island) ကို သွားလည်တဲ့ အကြောင်းရေးနေပါတယ်။

<u>မော်တော်ဘုတ်လေးနဲ့ တီအိုမင်ပင်လယ်ပြင်မှာ</u>

ရှေ့အပတ်တွေက ပြောခဲ့တဲ့အတိုင်းပဲ တီအိုမင်ကျွန်းရဲ့ အနောက်ဘက်ကမ်းခြေတလျှောက်လုံးမှာ (၁)မိုင်ခြား (၂)မိုင်ခြား လောက်မှာ အပန်းဖြေဆိပ်ကမ်းရွာလေးတွေ ရှိပါတယ်။ ကျွန်တော်တို့တတွေ မော်တော်ဘုတ်လေးနဲ့ တီအိုမင်ကျွန်းဆိပ်ကမ်းတစ်ခုပြီး တစ်ခု သွားရင်းနဲ့ မရင်းပါတ်(ခ်) (Marine Park)ဆိပ်ကမ်းဘက်ကို ဆက်ထွက်ကြပါတယ်။

ပင်လယ်ရေပြင်ကြီးက တစ်ဖက် တီအိုမင်ကျွန်းရဲ့ စိမ်းစိုနေတဲ့ တောင်တန်းကြီးက နောက်ခံ တမျိုးတော်တော်ကို သာယာလှပပြီး အံ့မခန်း ကြည့်လို့ ကောင်းလှတဲ့ ရှုခင်းတွေကို ငေးမောကြည့်နေရင်းနဲ့ ကျွန်တော်တို့ စကားတွေဖောင်နေအောင် ကျယ်လောင် ကျယ်လောင်ပြောလာလိုက်ကြတာ ဘယ်နားရောက်လို့ ရောက်မှန်းမသိအောင်ကို ဖြစ်နေပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့ရဲ့ မော်တော်ဘုတ် ဆရာက “ဒီနားလေးက မရင်းပါတ်(ခ်)ရဲ့ နာမည်အကြီးဆုံးနေရာစပေါ့ (spot) ပဲ။ ဒီနေရာမှာ ရေအောက်က ငါးတွေ ပင်လယ်သတဝါတွေ အများကြီးရှိတာဆိုတော့ တိုးရစ်တွေနဲ့ စကူဘာဒိုင်ဗာ (scuba diver) တွေက မရင်းပါတ်(ခ်) ရောက်ရင် မော်တော်ဘုတ်ကို ဒီနေရာမှာပဲ ရပ်ပြီး ရေငုပ်ပြီး စကူဘာနဲ့ ကြည့်ကြတယ်” လို့ပြောပါတယ်။

အဲလိုပြောပြီးတာနဲ့ သူက မော်တော်ဘုတ်လေးကို အဲဒီနေရာမှာပဲ ရပ်လိုက်ပါတယ်။ သူ မော်တော်ဘုတ် ရပ်လိုက်တဲ့ နေရာကနေ ကမ်းခြေဘက်ကို လှမ်းကြည့်လိုက်တော့ ကမ်းခြေနဲ့ အဝေးကြီးမှာ ရှိနေတာကို တွေ့ရပါတယ်။ ဒါနဲ့ တစ်ဖက်ကို လှမ်းကြည့်လိုက်တော့လည်း ပင်လယ်ပြင်ကြီးက တမျှော်တခေါ်ကြီးပါ။ စက်ရပ်ထားတဲ့ မော်တော်ဘုတ်လေးက

ပင်လယ်ပြင်ကျယ်ကြီးထဲမှာ လှိုင်းပုတ်လို့ တလှုပ်လှုပ်နဲ့ လေသံလှိုင်းသံတွေနဲ့ တော်တော်ကို မမှေနိုင်တဲ့ အတွေ့အကြုံပါ။

မော်တော်ဘုတ်ဆရာက "အခုရပ်လိုက်တဲ့ နေရာက ရေအောက်မှာ ငါးတွေကြည့်လို့ အကောင်းဆုံးပဲ။ ကဲ မော်တော်ဘုတ်က ဆင်းကြတော့ အားလုံး ရယ်ဒီဖြစ်ရင် ငါးစာတွေ ချကျွေးလိုက်မယ်။ အဲဒါဆိုရင် ငါးတွေ တပြုံကြီး လာကြလိမ့်မယ်။ ဘာလို့လည်းဆိုတော့ ပင်လယ်ကြီးထဲမှာ ဆိုပေမယ့် ဒီနေရာကို တိုးရစ်တွေက အမြဲလို လာပြီး ငါးစာကျွေးနေကျဆိုတော့ ငါးတွေက ယဉ်နေပြီ။ သူတို့က အစာကျွေးမယ့်သူတွေကို မျှော်နေတာ" လို့ ပြောပါတယ်။

ဒါနဲ့ ကျွန်တော်တို့ ရေထဲဆင်းဖို့ ပြင်ကြ၊ ဆင်ကြနဲ့ လုပ်နေတုန်းမှာ မော်တော်ဘုတ်ပေါ်ကို ကြည့်လိုက်တော့ ရေမကူးတတ်တာ မဝေ တစ်ယောက်ပဲ ရှိပါတယ်။ သမီးကြီး၊ သမီးလေးတို့ကတော့ ကျွန်တော်ပြင်သစ်မှာ ပညာသင်(၁)နှစ် သင်နေတုန်း ပြင်သစ်တွေနဲ့ နေခဲ့တုန်းက ရေမကူးတတ်တဲ့ ဖြစ်ရပ်ကြောင့် အနေရခက် ဒုက္ခရောက်ခဲ့တာမို့ ၁၉၉၁ ခုနှစ် ပြင်သစ်က ပြန်လာကတည်းက ကျွန်တော်ကိုယတိုင် ကြီးကြပ်ပြီး ရန်ကုန် ဆီဒိုးနားဟော်တယ်မှာ ရေကူးသင်ပေးခဲ့လို့ တကယ့်ကို ကျွမ်းကျွမ်းကျင်ကျင် ရေကူးတတ်ကြပါတယ်။ ဇေကြီးနဲ့ မိုးကြီးတို့ကတော့ ဘယ်လိုကနေ ဘယ်လို ရေကူးတတ်ကြလဲ မသိဘူး။ သူတို့လည်း တော်တော်ကို ရေကူးတတ်ကြပါတယ်။

<u>မြန်မာတွေနဲ့ ရေကူးတာ</u>

မြန်မာအများစုဟာ ရေကို ကြောက်ကြပြီး ရေလည်း မကူးတတ်ကြပါဘူး။ ဒီနေရာမှာ ကြုံတုန်း မြန်မာတွေနဲ့ ရေအကြောင်းကို ကျွန်တော့်အတွေး ကျွန်တော့်အမြင် ရာဇဝင် သမိုင်းကြောင်းနဲ့ ချီပြီး ပြောချင်ပါသေးတယ်။ ရှေးယခင် မြန်မာဘုရင်ရဲ့ အင်ပါယာကြီးဟာ တော်တော်ကို ကြီးပါတယ်။ မြန်မာဘုရင်တွေက ကုန်းလမ်းကနေပြီး တော်တော်လေးကို စစ်ရေးတွေ ဆင်ခဲ့တာပါ။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကို ဝင်တိုက်ခဲ့တယ်။ အိန္ဒယနိုင်ငံ အာသံ မဏိပူရ ကသည်း ဒေသတွေကိုလည်း ဝင်သိမ်းခဲ့ပြီး ကသည်းလူမျိုးအုပ်စုတွေလိုက်၊ မနုလေးကို ခေါ်လာခဲ့လို့ မနုလေးမှာ ပုဏားကုန်းဆိုပြီး နာမည်ပေးထားရတဲ့ ကသည်းလမျိုးစု ရပ်ကွက်လေးတောင် ရှိခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံရဲ့ တစိတ်တဒေသဟာလည်း မြန်မာဘုရင်ရဲ့ လက်အောက်မှာ အတော်ကြာ နေခဲ့ရပြီ အခုအခေါ် ချစ်တကောင်း (Shittagong) ဆိုတာဟာ အဲဒီတုန်းက မြန်မာအခေါ် စစ်တကောင်းမြို့ပါ။ ထိုင်းနိုင်ငံ အယုဒယမြို့ဟာ မြန်မာဘုရင်တွေရဲ့ လက်အောက်မှာ (၆)နှစ်လောက်တောင် အုပ်စိုးခံခဲ့ရတာပါ။ လာအိုနိုင်ငံနဲ့ ကမောဒီးယား စတဲ့ နိုင်ငံတွေကတော့ မြန်မာဘုရင်ရဲ့ အုပ်ချုပ်မှုအောက်မှာ

နေခဲ့ရသလားဆိုတာ သေချာမသိပါ။ ဒါပေမယ့် မြန်မာတွေရဲ့ အုပ်ချုပ်မှုနဲ့ ကင်းခဲ့မှာ မဟုတဘူး လို့ ထင်ပါတယ်။

အခုလို သမိုင်းက ဖြစ်ရပ်တေကို ပြန်ကြည့်မယ်ဆိုရင် မြန်မာတွေဟာ ကုန်းပေါ်က စစ်ရေးမှာ ကျွမ်းကျင်တယ်။ အိမ်နီးနားချင်းနိုင်ငံတွေကို ကုန်းလမ်းနဲ့ ချီပြီး တော်တော်လေး ချဉ်းကပ်ဝင်ရောက် နိုင်တယ်ဆိုတာကို သိရပါတယ်။ ကြည်းတပ်စစ်ရေးမှာ တော်တော်ကို တော်တဲ့ ရှေးခေတ်မြန်မာတွေပါ။

ဒါပေမယ့် သမိုင်းတလျောက်ကို ပြန်ကြည့်မယ်ဆိုရင် မြန်မာတွေက ရေလမ်းခရီးသွားလာမှုမှာ တော်တော်ကို နည်းတယ်လို့ ကျွန်တော်သုံးသပ်မိပါတယ်။ အထက်မြန်မာပြည် အောက်မြန်မာပြည် မွန်မြန်မာ အနှစ်(၄၀) စစ်ပွဲမှာ မွန်နဲ့ မြန်မာတွေ ကုန်းကြောင်းတိုက်ပွဲတွေလည်း တိုက်ကြပါတယ်။ ရေကြောင်းတိုက်ပွဲဆိုတာ မကြားခဲ့ဘူးပါ။ ဧရာဝတီမြစ်ကြီးရှိလျက်နဲ့ မြန်မာဘုရင်တွေ မနလေးကနေ ရန်ကုန်ကို မြစ်ကြောင်းနဲ့ လာခဲ့ပြီး တိုက်ပွဲတွေဆင်၊ ရန်သူတွေကို နှိမ်နှင်းခဲ့တယ်ဆိုတာ သမိုင်းမှာ မဖတ်ခဲ့ရပါဘူး။ ရှေးမြန်မာဘုရင်တွေရဲ့ ကြီးကျယ် ခမ်းနား အင်အား တောင့်တင်းလှတဲ့ ရေတပ်မတော်ကြီးဆိုတာလည်း မသိခဲ့ရပါ။ မြန်မာတွေက ရေကြောင်းနဲ့ သွားပြီး တခြားနိုင်ငံတွေကို တိုက်တယ်ဆိုတာလဲ မကြားခဲ့ဖူးပါ။ ဆိုလိုတာက မြန်မာတွေ ရေလမ်းခရီး ရေနဲ့ ပတ်သက်တဲ့ လှုပ်ရှား သွားလာမှုတွေမှာ မကျွမ်းကျင် မတတ်ကျွမ်းပါဘူးဆိုတာကို ပြောချင်တာပါ။ အဲလို ရေလမ်းခရီး သွားလာရေးမှာ မကျွမ်းကျင်တာအပြင် မြန်မာတွေဟာ ရေလည်းကြောက်ကြပါတယ်။ လူများစုက ရေလည်း မကူးတတ်ကြပါဘူး။ အထူးသဖြင့် ကျွန်တော်တို့ အညာသားတွေဟာ လုံးလုံးကို ရေမကူးတတ်ကြတဲ့ သဘောရှိပါတယ်။ ကျွန်တော့်အမေကြီး (အမေ့ အမေ) နဲ့ အမေတို့ဟာ ရေကို သိပ်ကြောက်ကြပါတယ်။

<u>ကျွန်တော်နဲ့ ရေကူးတာ</u>

အဲလို ရေကူးမကျွမ်းကျင်တဲ့ မြန်မာတွေထဲက အညာသား မြန်မာတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ ၁၉၉၁ ခုနှစ် ပြင်သစ်နိုင်ငံကို ကမာ့ကျန်းမာရေး အဖွဲ့ အထက်တန်း သုတေသီ ပညာရှင်အနေနဲ့ (၁)နှစ် ပညာတော်သင် သွားပြီး အသည်းအစားထိုး ပညာဌာနမှာ ပညာသင်နေတုန်းက ရေမကူးတတ်တာကြောင့် ကြုံတွေ့ခဲ့ရတဲ့ ပြဿနာကို တင်ပြချင်ပါတယ်။

အဲဒီတုန်းက ပြင်သစ်နိုင်ငံ ပဲရစ်မြို့က ဟင်နရီမွန်ဒိုး ဆေးရုံကြီးက အသည်းရောဂါပညာဌာနက ပါမောက ဒင်နီရယ်ဒူးမိုးရဲ့ လက်အောက်မှာ ပညာအထက်တန်း အသည်းရောဂါ သိပသုတေသီ တစ်ယောက်အနေနဲ့ ပညာသင် တာဝန်ထမ်းဆောင်နေတာပါ။

ပါမောက ဒူးမိုးရဲ့ လက်အောက်မှာ ဂျွန်ဆိုတဲ့ ပထမ လက်ထောက်ဆရာဝန် (ပြင်သစ်လို Jean လို့ စာလုံးပေါင်းပါတယ်) ရှိပါတယ်။ ကျွန်တော့်ကို ပါမောက ဒူးမိုးကကော ဂျွန်ကကော သိပ်ခင်ကြပါတယ်။

အဲလို ကျွန်တော့်ကို ချစ်ကြတဲ့ ပြင်သစ်ပါမောကနဲ့ လက်ထောက်ဆရာဝန်တွေဟာ ကျွန်တော် ပြင်သစ်မှာ နေတဲ့ တစ်နှစ်တာ ကာလတလျှောက်လုံးနေဖို့ ဆိုပြီး ပဲရစ်မြို့လယ်ခေါင်မှာ တိုက်ခန်း တစ်ခန်းကို အခမဲ့ပေးထားပါတယ်။

ပြီးတော့ ဒင်နီရယ်ဒူးမိုးနဲ့ မိသားစုဟာ တနှစ်ပတ်လုံး စနေ တနင်္ဂနွေတိုင်းမှာ သူ့တောအိမ် (Country House) ကိုသွားတဲ့ အခါတိုင်း ကျွန်တော့်ကိုခေါ်သွားပါတယ်။ ဂျွန်နဲ့ မိသားစုကတော့ ကျွန်တော့်ကို မင်း ပိန်လွန်းတယ် ငါ့အိမ်မှာ တစ်ပတ်တစ်ခါ ကြာသပတေးနေ့တိုင်း ထမင်းလာစားရမယ် ဆိုပြီး ကျွန်တော့်ကို ဇွတ်မရမက ခေါ်ပြီး ကြာသပတေးနေ့တိုင်း တနှစ်လုံး ညစာကျွေးပါတယ်။

အဲလောက်တောင် ကျွန်တော့်ကို ချစ်ကြတဲ့ ပါမောက ဒူးမိုး မိသားစုနဲ့ ဂျွန်မိသားစုတို့က သူတို့ ပြင်သစ် အားရက ရုံးပိတ်ရက် (holiday) ဖြစ်တဲ့ ဇူလိုင်၊ ဩဂုတ်လတွေမှာ သူတို့နဲ့ အတူ ဟောလီးဒေးလိုက်ဖို့ ခေါ်ပါတယ်။

<u>ပြင်သစ်ရဲ့ ဟောလီးဒေး</u>

ကျွန်တော်ဟာ အင်္ဂလန်မှာ ၂နှစ် နေခဲ့ဘူးပါတယ်။ အဲဒီနောက် ၆ နှစ်ကြာတဲ့အခါမှာ ပြင်သစ်မှာ ပညာတော်သင် တစ်နှစ်သွားခဲ့ရပါတယ်။

အဲတော့ အင်္ဂလန်နဲ့ ပြင်သစ်ရဲ့ ကွာခြားချက်တွေကို သေချာ သိခဲ့ရတာပေါ့။ အင်္ဂလန်မှာလည်း တစ်နှစ်တစ်ခါ ရုံးပိတ်ရက် holiday ဆိုတာရှိပါတယ်။ ဒါပေမယ့် အင်္ဂလန် ရုံးပေးရက်ဆိုတာဟာ ဘာမှသိပ်မသိမသာပါဘူး။ ပြင်သစ်နိုင်ငံမှာတော့ ရုံးအားရက်ဆိုတာ တစ်နှစ် တစ်ခါ တစ်လ မယူမနေရခံစားရတဲ့ အခွင့်ထူး တစ်ရပ်ပါ။ ပြင်သစ်တွေဟာ ဟောလီးဒေး (holiday) လို့ ခေါ်တဲ့ ရုံးပိတ်ရက်ကို ဗားကွန့်စ် (Vacance) လို့ ခေါ်ပါတယ်။

ပြင်သစ်တွေဟာ တစ်နှစ်တစ်ခါ ဟောလီးဒေး မသွားမနေရ မသွားမဖြစ်ပါ။ သူတို့ရဲ့ ဗားကွန့်စ်ဟာ ဇူလိုင်ဩဂုတ်ပါ။ အဲတော့ ပြင်သစ်တွေဟာ ဖေဖော်ဝါရီလ လောက်ကတည်းက ဇူလိုင်ဩဂုတ်မှာ ဟောလီးဒေးသွားဖို့ ပြင်ကြ ဆင်ကြ ဘယ်လိုသွားမယ် ဘယ်သူ့ခေါ်မယ် ဆိုတာတွေကို အကြီးအကျယ်ဆွေးနွေးကြပြီး ဗားကွန့်စ် ကို ပြင်ကြဆင်ကြပါတယ်။ အဲလောက်တောင် ဟောလီးဒေး ဗားကွန့်စ်ကို အလေးပေးကြတဲ့ သူတွေပါ။

အဲတော့ ကျွန်တော့် ပါမောက ဒူးမိုးဟာလည်း သူတို့ရဲ့ ဟောလီးဒေးမှာ ကျွန်တော့်ကို သူတို့နဲ့ အတူ ခေါ်သွားဖို့ စီစဉ်ကြပါတယ်။ ပြင်သစ်တွေဟာ ဟောလီးဒေးမှာ ဖြစ်နိုင်ရင် ပင်လယ်ကမ်းစပ်

(beach)တွေကို သွားကြပါတယ်။ မတတ်သာမှသာ တခြားနေရာကို သွားကြတာပါ။ ချမ်းသာတဲ့ တတ်နိုင်တဲ့ ပြင်သစ်တွေကတော့ ဟောလီးဒေးမှ ရပ်ဝေးကျွန်းလေးတွေကို သွားပြီး အပန်းဖြေကြပါတယ်။

မိတ်ဆွေကြီး ဂျွန်ကတော့ လက်ထောက်ဆရာဝန်ဆိုတော့ သိပ်မတတ်နိုင်ဘူးဆိုတော့ ပြင်သစ်နိုင်ငံ တောင်ပိုင်း (South of France)က ပင်လယ်ကမ်းစပ်မြို့လေးမှာ အခန်းလေးတစ်ခန်းပဲ ရှိပါတယ်။ ဟောလီးဒေးရောက်ရင် အဲဒီမော်ပီလီးရေး ဆိုတဲ့ မြို့လေးကို သွားပြီး သူ့အခန်းလေးမာ နေ၊ ပင်လယ်ကမ်းစပ်ကို သွားပြီး (၂)ပတ် လောက် အပန်းဖြေလေ့ ရှိပါတယ်။

ပါမောကဒူးမိုးကတော့ ပိုက်ဆံရှိတဲ့ လူဆိုတော့ မြေထဲပင်လယ်ထဲက ကော်စီကာ ဆိုတဲ့ ကျွန်းကလေးမှာ ကိုယ်ပိုင်အပန်းဖြေအိမ် ရှိပါတယ်။ ကော်စီကာကျွန်းဆိုတာက ရှေးနှစ်ပေါင်းများစွာက ပြင်သစ် ဘုရင်က အီတလီ ဘုရင်ဆီကနေ ရွှေဒင်္ဂါးပြား ၁၆၀၀ နဲ့ ဝယ်ထားခဲ့တဆာပါ။ ဒါကြောင့် ကော်စီကာ ကျွန်းဟာ ပြင်သစ်ပိုင်ဆိုပေမယ့်လည်း အီတလီ နိုင်ငံနားမှာ ရှိတာပါ။ ကျွန်တော့် ဆရာ ဒူးမိုးဟာ အီတလီနယ်စပ် ကော်စီကာကျွန်းက သူ့ရဲ့ အပန်းဖြေအိမ်မှာ သွားပြီး အနားယူလေ့ရှိပါတယ်။

ဒီနေရာမှာ ပြောချင်တာက ပြင်သစ်နိုင်ငံက လူတွေဟာ တပတ်လုံး အပြင်းအထန် အလုပ်လုပ်ကြပြီး စနေ တနင်္ဂနွေမှာ ကောင်းကောင်း အနားယူတယ်၊ ပြီးတော့ တနှစ်လုံး အလုပ်တွေတအားလုပ်ရတဲ့အတွက် နွေရာသီရောက်ရင် summer holiday လို့ သတ်မှတ်ပြီး တစ်လ အနားယူပါတယ်။

ပြင်သစ်တွေ အဲဒီလို အပတ်တိုင်း ဒါမှမဟုတ် တနှစ်တာအနားယူဖို့ ကိုယ်ပိုင်နေရာလေးတွေ ရှိကြပါတယ်။ ငွေကြေးတတ်နိုင်တာပေါ် မူတည်ပြီး အနားယူအပန်းဖြေအိမ် holiday house လေးတွေ ဝယ်ထားကြတာပါ။

<u>တစ်ပတ်တခါအနားယူတာ (weekend holiday)</u>

စနေ တနင်္ဂနွေနေဖို့ကတော့ တောအိမ် (country house)လေးတွေ ရှိပါတယ်။ ကျွန်တော့်ဆရာ ဒူးမိုးကတော့ ပဲရစ်မြို့ရဲ့ အပြင်ဖက် ၅ မိုင်လောက်ဝေးတဲ့ နေရာက ရွာလေးတစ်ရွာမှာ ၃ ဧကလောက် ကျယ်တဲ့ သူ့ရဲ့ တောအိမ်လေးတွေ ရှိပါတယ်။ သူတို့ လင်မယားဟာ သောကြာ ညနေ ဆိုရင် အထုတ်တွေပြင်ပြီး ကားနဲ့ ပဲရစ်က ထွက်၊ တောအိမ်ကို သွားပြီး သောကြာ စနေ အိပ်ပါတယ်။ အဲလိုတောအိမ်ရောက်တော့မှ အားရပါးရ နား၊ ဖတ်ချင်တဲ့ စာလေးဖတ်၊ စားချင်တာလေးတွေ ချက်စား၊ ခြံထဲလမ်းလျှောက် အပင်လေးတွေကြည့်ပြီး တနင်္ဂနွေညနေရောက်တော့ ပဲရစ်ကို ပြန်လာပါတော့တယ်။

အခုပြောခဲ့တဲ့ ကျွန်တော့်ဆရာ ဒူးမိုးမိသားစု စနေ တနင်္ဂနွေမှာ တောအိမ်သွားအနားယူတဲ့ ပုံစံဟာ သူတို့ တင်မကပါဘူး၊ ပိုက်ဆံတတ်နိုင်သူတွေတိုင်း အဲလို အနားယူကြတာပါ။ ဒါကြောင့်

သောကြာညနေဆိုရင် ကားတွေ တသီကြီး ပဲရစ်ကနေပြီး တောအိမ်ကို သွားကြတာတွေ့ရပါလိမ့်မယ်။ တောအိမ်လေးတွေမှာ အနားယူကြပြီးတော့မှ တနင်္ဂနွေညနေရောက်တော့ တောပြန်ကားတန်းကြီးကို တွေ့နိုင်ပါတယ်။ ဒါကြောင့် ပြင်သစ်တွေက ဟာသလုပ်ပြီးပြောကြတာကတော့ 'စနေ တနင်္ဂနွေ ဆိုရင် ပဲရစ်မြို့ကြီးဟာ ပေါ့သွားတယ်' တဲ့။ စနေ တနင်္ဂနွေမှာ ပဲရစ်မြို့သားတွေ တော်တော်များများ တောသွားပြီး အနားယူကြတာကို တင်စားပြောတာပါ။

<u>တနှစ်တခါ နွေရာသီ ဟောလီဒေး</u>

တနှစ်တခါ နွေရာသီဟောလီဒေးထွက်ဖို့ကတော့ ပြင်သစ်လူဂုဏ်တန်တွေဟာ ပင်လယ်ကမ်းစပ်တွေ မှာ ကမ်းခြေအပန်းဖြေအိမ် (beach house)လေးတွေ ရှိကြတယ်။

ရှေ့မှာ ပြောခဲ့သလိုပဲ ပိုက်ဆံ တတ်နိုင်တဲ့ ပါမောက္ခူးမိုးလို ပုဂိုလ်ကြီးတွေကတော့ beach house ကို ပြင်သစ်နိုင်ငံနဲ့ အဝေးကြီးနေရာတွေမှာ ဝယ်ထားကြပါတယ်။ တချို့ဆိုရင် စပိန်၊ အီတလီ၊ ဂရိ တခြားနိုင်ငံတွေမှာတောင် beach house တွေ ကို သွားဝယ်ထားပါတယ်။

ဂျွန်လို အတော်အသင့်ပဲ တတ်နိုင်တဲ့သူတွေကတော့ ပြင်သစ်နိုင်ငံ တောင်ပိုင်း(South of France) ကမ်းခြေတစ်လျှောက်က မြို့လေးတွေမှာ လုံးချင်းအိမ်လေးတွေ ဒါမှမဟုတ် တတ်နိုင်သလောက် တိုက်ခန်းလေးတွေ ဝယ်ထားကြပါတယ်။

<u>ဗားကွန်စ်</u>

နွေရာသီ အနားယူချိန် ဗားကွန်စ် နီးလာတာနဲ့ ပြင်သစ်တွေရူတ်ရူတ်သဲသဲ ဖြစ်လာကြပါတယ်။ ပြင်သစ်တွေ ဘယ်လိုသွားမယ်၊ ဘယ်လိုနားမယ် ဆိုတာတွေကို အကြီးအကျယ် ဆွေးနွေးကြ၊ ပြင်ကြ ဆင်ကြပါတယ်။ beach house ကို ဘယ်သူတွေနဲ့ ဘယ်လိုသွားကြမလဲ၊ ဘယ်သူတွေ လိုက်မလဲ၊ beach house နှစ်လုံး သံးလုံ ရှိရင် ဘယ်နေ့မှာဘယ်အိမ်ကို သွားမယ် ဆိုတာတွေလည်း ပလန် ဆွဲကြပါတယ်။

ဒီလို beach house နဲ့ ပတ်သက်လို့ ပြောပြချင်တာ တစ်ခုရှိပါသေးတယ်။ အဲဒါကတော့ beach house ရှိတဲ့သူ တစ်ယောက်က ဗားကွန်စ် (၁)လလုံး အဲဒီကမ်းခြေ အပန်းဖြေ အိမ်မှာ နေမှာ မဟုတ်ပါဘူး။ အဲတော့ ကိုယ်ပိုင်ကမ်းခြေ အပန်းဖြေအိမ် မရှိတဲ့ ကိုယ့်ရဲ့ အမျိုးအဆွေ ဒါမှမဟုတ် ကိုယ်နဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေကို ကိုယ်မသွားမယ့် ရက်မှာ ကိုယ့်ရဲ့ ကမ်းခြေအပန်းဖြေ အိမ်မှာ သွားနေဖို့ သော့ပေးပြီး သွားနေခွင့် ပေးကြပါတယ်။ တော်တော်ကောင်းတဲ့ စနစ်ပါ။

အဲလို ကိုယ်ပိုင် အပန်းဖြေ အိမ်မရှိတဲ့ သူတွေကတော့ ဗားကွန့်စ်မှာ ဟော်တယ် သေးသေးလေးတွေ ဒါမှမဟုတ် ပင်လယ်ကမ်းစပ်နဲ့ နီးတဲ့ တည်းခိုခန်းလေးတွေမှာ သွားအနားယူကြပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒင်မောင်ဝင်း (အသည်း)







